www.burmeseclassic.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယခံ တပည့်
ပြည်တွင်း ပြည်ပ သာသနာပြု

# အောင်ဆန်းဆရာတော်
# ဘဒ္ဒန္တ သုဒ္ဓမ္မကိတ္တိသာရ

(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)

# ပဋိစ္စသမုပ္ပါဒ် ပြွတ်လမ်း

(၁၀)ရက်စခန်းအထူးသင်တန်း



ကိုရွှေသောင်းဝင်း
စီစဉ်ပူဇော်သည်

စတုတ္ထအကြိမ်

GRAPHIC
NAY WINN AUNG
099061597

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင်

# အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

## အောင်ဆန်းဆရာတော်

## ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ

(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)

# ပဋိစ္စသမုပ္ပါဒ် ပြတ်လမ်း

(၁၀)ရက်စခန်းအထူးသင်တန်း

ကိုရွှေသောင်းဝင်း

စီစဉ်ပူဇော်သည်

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏

မဟာနာယက၊ မိုးကုတ်ဝိပဿနာ ဓနိတာရာမကျောင်းတိုက်ကြီး၏

ဦးစီးပဓာနနာယက၊ နိုင်ငံတော်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ

## ဘဒ္ဒန္တဓနိတာလင်္ကာရ ဆရာတော်ဘုရားကြီး ၏

## အမှာစာ ဩဝါဒကထာ

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိကများနှင့် နယ်အဖွဲ့ခွဲအသီးသီးမှ ကြွရောက်တော်မူလာကြကုန်သော ဓမ္မကထိကဆရာတော်များနှင့် လူပုဂ္ဂိုလ်ဓမ္မကထိက ဆရာကြီးများကို ဆရာတော်အနေနှင့် ဩဝါဒကထာ မြွက်ကြားလိုသည်မှာ စောဒကဆရာတော် ဦးဝိသုဒ္ဓ တင်သွင်းသော စောဒနာလွှာများကိုလည်းကောင်း၊ အဖွဲ့ချုပ်မှ တပည့်တော်ကို တင်သွင်းသော သောဓနာလွှာများကိုလည်းကောင်း၊ နိုင်ငံတော် သီးခြားဝိနည်းမှုရုံးအဖွဲ့ ၁၂ မှ ဝိနိစ္ဆယ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်ကို အရှင်ဘုရားတို့သည်လည်း သိရှိကြပြီးဖြစ်ပါပြီ။

သို့ဖြစ်သောကြောင့် အရှင်ဘုရားတို့သည် **ဝိနိစ္ဆယဆရာတော်များ၏ ဆုံးဖြတ်ချက် ချမှတ်ထားသည့်အတိုင်း တိတိကျကျလိုက်နာ၍ တရားဓမ္မတို့ကို ဟောပြောကြပါဟု** တိုက်တွန်း အပ်ပါသည်ဘုရား။

သို့မဟုတ်မူဘဲ–ဝိနိစ္ဆယဆုံးဖြတ်ချက်အတိုင်း မလိုက်နာဘဲနှင့် ဆက်လက် ဟောပြောနေကြမည်ဆိုလျှင် အဖွဲ့ချုပ်ကြီးနှင့်တကွ အားလုံးသော အဖွဲ့ခွဲများပါ ထိခိုက်နစ်နာသွားနိုင်ပါသည်ဘုရား။

အရှင်ဘုရားတို့ တရားဓမ္မများ ဟောပြောသည့်အခါတွင်လည်း တစ်ပါးသော ရိပ်သာများကိုလည်းကောင်း၊ တစ်ပါးသောပုဂ္ဂိုလ်တို့အားလည်းကောင်း ထိခိုက်နစ်နာစေနိုင်သော စကားအသုံးအနှုန်းများကို ပမာဒလေ၍မျှပင် လုံးဝမသုံးမူဘဲ ဓမ္မလမ်းကြောင်း အစဉ် အတိုင်းသာလျှင် ဟောပြောကြပါဟု တိုက်တွန်းပါသည် ဘုရား။

အတ္တုက္ကံသန–မိမိကိုယ်ကို ချီးမြှောက်ခြင်း မိမိအဖွဲ့ကို ချီးမြှောက်ဟောခြင်း။ ပရဝမ္ဘန–တစ်ပါးသောပုဂ္ဂိုလ်နှင့် တစ်ပါးသောအဖွဲ့များကို ရှုတ်ချ၍ ဟောပြောခြင်းများကို လုံးဝ ရှောင်ကြဉ်ကြရပါမည်ဘုရား။

ယခုကဲ့သို့ စောဒနာလွှာများ ပေါ်ပေါက်လာရခြင်းမှာ တပည့်တော်တို့ မိုးကုတ်ဓမ္မကထိကများ အဟောအပြောလွန်ကဲမှု၊ စကားအသုံးအနှုန်းကြမ်းတမ်းမှု၊ တစ်ပါးသောဆရာများကို စောင်းပါးရိပ်ခြည် ပုတ်ခတ်မှုစသော ဟောပြောမှုများကြောင့် ဤကဲ့သို့ မဖြစ်သင့်သော ကိစ္စကြီးဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပါသည် ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

တပည့်တော်တို့ မိုးကုတ်ဓမ္မကထိကအချို့သည် အသက်ကလည်းငယ်၊ ဝါကလည်း နုသေးသော ပုဂ္ဂိုလ်တွေဖြစ်နေသေးသောကြောင့် မိုးကုတ်ဆရာတော်ကြီးကဲ့သို့ ဌာန်နှင့်မာန်နှင့် ဟောပြောကြလို့ မသင့်တော်သေးပါဘုရား။

နောက်တစ်ချက်က ဓမ္မကထိကဆရာတော်များ နယ်အဖွဲ့ခွဲများသို့ တရားဟောကြွကြသောအခါများတွင်လည်း သက်ဆိုင်ရာအဖွဲ့ခွဲများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်ပုဂ္ဂိုလ်ကြီးများနှင့် အစစအရာရာ ဆက်ဆံရေး ပြေပြစ်မှုရှိအောင် နေထိုင်ဆက်ဆံကြရမည် ဖြစ်ပါသည်။

မိမိတို့ကိုယ်တိုင်ကလည်း ဝိပဿနာဓမ္မကထိက ကမ္မဋ္ဌာနာစရိယပုဂ္ဂိုလ်များဖြစ်နေကြသည့်အားလျော်စွာ ယဉ်ကျေးသိမ်မွေ့ နူးညံ့ပျော့ပျောင်းစွာ နေထိုင်ပြုမူ ပြောဆိုကြရမည် ဖြစ်ပါသည်။

ထို့ပြင် ဓမ္မကထိကများသည် ယောဂီအမျိုးသမီးများနှင့် လွန်လွန်ကဲကဲ ရောနှောဆက်ဆံခြင်းကို အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ကြမှသာလျှင် ဓမ္မကထိကဂုဏ်ပုဒ်နှင့် လျော်ကန်ပါလိမ့်မည်။

တရားဓမ္မများ ဟောကြားကြသောအခါတွင်လည်း ထေရဝါဒ ပိဋကတ်တော်များနှင့်အညီ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း အတတ်နိုင်ဆုံး ဟောပြောကြဖို့ရန် အထူးတိုက်တွန်းအပ်ပါသည်။

ထို့ပြင် မိုးကုတ်ဓမ္မကထိကများသည် လာဘ်လာဘများကို လွန်လွန်ကဲကဲ မျှော်လင့်တောင့်တ၍ ဟောပြောမှုကို အထူးရှောင်ကြဉ်ကြရပါမည်။

တရားဓမ္မများ ဟောပြောကြသောအခါတွင်လည်း သုတ္တန်ဒေသနာအကြောင်းများကို အလေးကဲအမွှန်းတင်ပြီး မဟောမပြောကြဘဲ သာဝကသက်သေသဘောလောက်ရုံမျှသာ ဖော်ပြလျှက် အထူးသဖြင့်ကား ပဋိစ္စသမုပ္ပါဒ် သစ္စာတရား၊ ခန္ဓာဖြစ်စဉ်များကိုသာ တတ်စွမ်းသမျှ ဟောကြပါဟု တိုက်တွန်းပါသည်။

နိဂုံးအားဖြင့် တပည့်တော် ဩဝါဒပေးလိုသည်မှာ ရဟန်း ဓမ္မကထိကဆရာတော်များနှင့် လူဓမ္မကထိကပုဂ္ဂိုလ်များသည် ရောက်လေရာရာ အရပ်ဌာနတိုင်း၌ ရှိသေသင့်ရှိသေထိုက်သော ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ် ထိုထိုကို ဂုဏဝုဍ္ဍပစာယန ရှိရှိသေသေ လေးလေးစားစား ဂါရဝထားကြရန်လည်းကောင်း၊ တရားဓမ္မများ ဟောပြောကြသောအခါတွင်လည်း ဘာသာရေးနှင့် လုံးဝမစပ်ဆိုင်သောစကားများ၊ အထူးသဖြင့် နိုင်ငံရေးနှင့်စပ်သော စကားလုံးများကို မသုံးကြဘဲ ဓမ္မလမ်းကြောင်းအတိုင်းသာ အထူးဝါယမထား၍ ဟောပြောကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည် ဘုရား။

**ဘဒ္ဒန္တဇနိတာလင်္ကာရ**

၂၈-၄-၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းစာဖြစ်ပေါ်လာခြင်းနှင့်ပတ်သက်၍

## ကျမ်းစာအရှင် ၏

## ကျေးဇူးမှတ်တမ်း

**မဟာကုသလ ကိစ္စများမြောင် သောင်းခြောက်ထောင်**–ဟူသောစကားလေးကို ကြားဖူးပါသည်။ ငယ်စဉ် အဘိဓမ္မာ (သင်္ဂြိုဟ်) သင်ယူစဉ်က ဖြစ်၏။ မဟာကုသိုလ်စိတ်အကျယ်ပွားနည်း သင်ကြားရစဉ်က နှုတ်တတ်ရထားသည့် စကားလေးဖြစ်ပါသည်။ ဘုန်းကြီးအနေဖြင့် ၎င်းစကားလေးကို **''ကျောင်းထိုင်ဘုန်းကြီးဘဝ ကိစ္စများမြောင် သောင်းခြောက်ထောင်''** ဟုပင် ဆိုလိုက်ချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိမိသည် သာမန်ကျောင်းထိုင်ဘုန်းကြီးတစ်ပါးမျှသာဖြစ်သော်လည်း ပလိဗောဓ,ကိစ္စဝိစ္စ အတော်များသောကြောင့်ဖြစ်ပါသည်။

ကျောင်းထိုင်ဘုန်းကြီးများ ပလိဗောဓများတတ်ကြောင်း ကျောင်းထိုင်ဆရာတော်တိုင်း နားလည်သဘောပေါက်ပြီး ဖြစ်ပါသည်။ ကျောင်းတိုက်တစ်ခု၏ ဦးစီးဦးကိုင်တစ်ဦးအနေဖြင့် ကျောင်းရှိ ပရိသတ်များကို စီမံအုပ်ချုပ်မှု၊ စားဝတ်နေရေး၊ ပြင်ပပရိသတ် ဒကာ၊ ဒကာမဆက်ဆံရေး၊ ရပ်ရေး၊ ရွာရေး ကရဏီယကိစ္စများ စုံလှသည်။ ထို့ထက်ကား မိမိအနေဖြင့် **''ဝါသနာဘာဂီ ဆက်တိုင်းမှီ''** ဆိုသကဲ့သို့ အထုံဝါသနာလေးရှိသည်နှင့် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကို ခံယူကာ မိမိဉာဏ်မီသမျှ နာယူမှတ်သားမိသမျှလေးများကို ဒါယကာ၊ ဒါယိကာမများအား တစ်ဆင့်ခံ ဟောဖော်ညွှန်ပြသည့်အနေဖြင့် မိမိ၏ကျောင်း၌ တစ်နှစ်လျှင် တရားစခန်းပွဲပေါင်း (၈) ကြိမ်ထက်မနည်း နှစ်စဉ် တရားအားထုတ်စေလျက်ရှိသည့်အပြင် မြန်မာပြည်တစ်နံတစ်လျား ရပ်ဝေး၊ ရပ်နီးမှ ဒါယကာ၊ ဒါယိကာမတို့၏ ပင့်ဖိတ်လျှောက်ထားချက်အရ နယ်တရားစခန်းများလည်း ဖွင့်လှစ်ပေးရပါသည်။

တရားစခန်းဖွင့်သည်ဆိုရာဝယ် သာမန်ယောဂီ အစိတ်သုံးဆယ်မျှသည် ဘာမျှ အပန်းမကြီးသော်လည်း ယောဂီများ ရာထောင်ချီလာသည့်အခါ ကြီးမားသည့် တာဝန်ကြီးတစ်ရပ်ဖြစ်လာပါသည်။ မိမိသည် ယောဂီ အစိတ်သုံးဆယ်မျှဖြင့် စတင်ဖွင့်လှစ်ခဲ့ရာမှ တရားပြသက် ဆယ်စုနှစ် ၂–ခုကျော်အတွင်း ယခု စခန်းတစ်ပွဲလျှင် ယောဂီ (၅၀၀) အောက် လျော့သည့်အခါဟူ၍ မရှိတော့ပေ။ အောင်မြင်မှုတစ်ရပ်အနေဖြင့် ဂုဏ်ယူဖွယ်ဖြစ်သော်လည်း ယောဂီတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစသည့် ဝေယျာဝစ္စတာဝန်များကား လွန်စွာကြီးမားလှသည်။ **သို့ရာတွင် ခံယူထားသည့်ဘဝနှင့် ဆောင်ရွက်ရမည့်တာဝန်များ တွဲစပ်မိသည့်အခါ ဝတ္တရားသဖွယ်ပင် ဖြစ်လာတော့သည်။ ထို့ကြောင့် မိမိအနေဖြင့် ပလိဗောဓများခြင်းမှာ ဝတ္တရားတစ်ခုပင် ဖြစ်နေပါပြီ။**

ဤမျှ ပလိဗောဓများပြားသည့်အကြားမှ မိမိဟောသမျှ တရားများကို ကောင်းနိုးရာရာ ရွေးထုတ်၍ **စာရေးဆရာ ကိုရွှေသောင်းဝင်း၊ မြေလတ်မင်းလွင်၊ ဆရာမြသန်းစံ၊ ဆရာကြီး ဒေါက်တာမင်းလှအောင်ကြီးတို့၏** အကူအညီဖြင့် စာပေမှတ်တိုင်လေးများ စိုက်ထူနိုင်ခဲ့သည်မှာ ယခုဆိုလျှင် (၁၅) အုပ်ခန့်ရှိပေပြီ။ စာပေနယ်တွင် လျှမ်းလျှမ်းတောက် အကျော်ဒေယျ ဖြစ်မသွားသော်လည်း အတိုင်းအတာတစ်ခုအရ အောင်မြင်မှုရသည်ဟု ဆိုနိုင်ပါသည်။ ထွက်ပြီးသမျှ စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



များထဲမှ အချို့ကို ၂–ကြိမ်၊ ၃–ကြိမ် ပြန်လည်ရိုက်နှိပ်ရသည်အထိ အောင်မြင်မှုရရှိပါသည်။ စင်ကာပူနိုင်ငံတွင် ဟောကြားခဲ့သည့် "ဗုဒ္ဓညွှန်ကြား မသေဆေးတရား" ဆိုလျှင် ဆရာကြီး ဒေါက်တာ မင်းလှအောင်ကြီး၏ အကူအညီဖြင့် "Buddha's way of Inmortal medicine" ဟူသော အမည်ဖြင့် အင်္ဂလိပ်ဘာသာသို့ပင် ပြန်ဆိုထုတ်ဝေခဲ့နိုင်ပါသည်။ စာအုပ်အဖြစ် မရောက်ရှိသေးသော်လည်း တပည့်မဖြစ်သူ ဂျာမဏီသီလရှင် "ခရစ္စတာ ဘင်တင်ရီးဒါး" ကလည်း ဂျာမန်ဘာသာ ပြန်ဆိုပြီး ဖြစ်ပါသည်။ တစ်ဖန် တပည့်ဖြစ်သူ ဒိုင်ကိုမြန်မာကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ မစ္စတာစုဇူးကီးကလည်း ဂျပန်ဘာသာသို့ ပြန်ဆိုပြီးဖြစ်သည်။ ထို့နောက် ဆရာ ကိုရွှေသောင်းဝင်းပင် တည်းဖြတ်စီစဉ်သည့် "ရင့်ကျက်စိတ်ထား၊ ဉာဏ်စွမ်းအားဖြင့်" စာစဉ်ကိုလည်း အမေရိကန်နိုင်ငံမှ ပိသုကာပညာရှင် အင်ဂျင်နီယာ ဦးတင်ထွန်း၊ ကွန်ပျူတာပညာရှင် ဦးလှမင်းတို့က ကမ္ဘာ့သာသနာပြုဆရာတော်ကြီးများနှင့် အဓိကအားဖြင့် ဆရာကြီး ဒေါက်တာမင်းလှအောင်ကြီး၏ အကူအညီဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး ထုတ်ဝေရန် အသင့်ဖြစ်နေပါပြီ။

ဤသည်တို့မှာ မိမိ၏ စာပေမှတ်တိုင် တစ်စိပ်တစ်ဒေသ ဖြစ်ပါသည်။ ဤသို့ ဤနှယ် စာစဉ်လေးများ ကြိုကြားကြိုကြားထွက်ပေါ်လာနိုင်ခြင်းမှာလည်း မိမိ၏ တစ်ဦးတစ်ယောက်ကောင်းကြောင့် မဟုတ်ဘဲ စာပေပညာရှင် အသီးသီး၏ ဝိုင်းဝန်းပံ့ပိုး သာသနာပြုမှုကြောင့် ဖြစ်ကြောင်း ဤနေရာမှ မှတ်တမ်းတင် ဂုဏ်ပြုရပါသည်။

ဆိုခဲ့ပါ ထုတ်ဝေပြီး စာစဉ်များမှာ တရားတစ်ပွဲစာ (သို့မဟုတ်) တိတ်ခွေတစ်ခွေ၊ နှစ်ခွေ စာလေးများမှ ကူးယူ၍ ပေါ့ပေါ့ပါးပါး ထုတ်ဝေထားခြင်းဖြစ်ပါသည်။ ယူဆောင်ကိုင်တွယ် ဖတ်ရှုရ လွယ်ကူပါသည်။ သို့ရာတွင် တရားနာယောဂီအချို့က တရားစခန်း (၁၀) ရက်စာအတွက် VCD များရှိနေသလို စာအုပ်စာပေအနေဖြင့် "ခန့်ခန့်ငြားငြား" တစ်အုပ်ဖြစ်စေလိုကြောင်း တောင်းပန် လျှောက်ထားလာပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ယောဂီများ မလျှောက်ထားမီကပင် မိမိနှင့် ကိုရွှေသောင်းဝင်းတို့ အကြိမ်ကြိမ် တိုင်ပင်ဆွေးနွေးခဲ့ဖူးပါသည်။ အချိန်မတန်သေး၍လား မသိ၊ ထမြောက်အောင်မြင်မှု မရှိခဲ့ပါ။ လုပ်ငန်းတစ်ခု ထမြောက်အောင်မြင်ရန်မှာ အတော်အတန် အကြောင်းအပေါင်းပြည့်စုံရုံဖြင့် မပြီးမြောက်ပါ။ တရားတစ်စခန်းစာဆိုလျှင် တိတ်ခွေ ၂၀–ကျော်ပါသည်။ တိတ်ခွေမှ စာရွက်ပေါ်သို့ ကူးထည့်ရသည်။ တည်းဖြတ်သုတ်သင်ရသည်။ ဟောပြောချက်များကို စာပေကျမ်းဂန်နှင့် ညှိနှိုင်းတိုက်ဆိုင်ရသည်။ လိုအပ်ပါက ကျမ်းညွှန်းရှာဖွေထည့်သွင်းရသည်။ ဤသည်မှာ စာပေကိစ္စ။ နောက် ဝတ္ထုငွေကြေးကိစ္စကိုလည်း မစဉ်းစား၍မဖြစ်။ ဘုန်းကြီးအနေဖြင့် စီးပွားရေးသဘောမဟုတ်ဘဲ "စာပေမှတ်တိုင်" သဘောအဖြစ်ဖြင့် ဝတ္ထုကြေးငွေထုထယ်ကြီးမားလွန်းလျှင် (ရိုးသားစွာဝန်ခံရပါမူ) သိန်းဆယ်ချီ၍ ရင်းနှီးမြှုပ်နှံရန် အင်အားမရှိပေ။ ထို့ကြောင့် တရားတစ်စခန်းစာ စာအုပ်ကြီးထုတ်ဝေရန်မှာ စိတ်ကူးအိပ်မက်မျှဖြင့်ပင် ပျောက်ကွယ်ခဲ့ရသည်မှာ အကြိမ်ကြိမ်ပင်။

ယခုမူ ဖြစ်ချိန်တန်၍ ကံကောင်းထောက်မ,သည်ဟုဆိုနိုင်ပါသည်။ ၁၃၆၄ (၂၀၀၂) ခုနှစ် ဝါတွင်းတရားစခန်းမှ တရားခွေများကို ယောဂီတပည့်များဖြစ်သည့် **မမြနန္ဒာ** နှင့် **မမြုမြု** တို့က စိတ်ရှည်လက်ရှည်ရေးကူး၍ မိမိအား ကူညီပါသည်။ သူတို့သည် **စာရေးဆရာကြီး မြသန်းတင့်**၏ ရင်သွေးများပီပီ တကယ့်စာပေစိတ်ဓာတ်အပြည့်ဖြင့် ကူညီပေးခြင်းဖြစ်သည်။ ဗလာစာအုပ် အရွက်

www.burmeseclassic.com

www.burmeseclassic.com



၈၀-ပါ အုပ် ၂၀-ကူးရသည်။ တော်ရုံတန်ရုံ စာပေဝါသနာ စိတ်ဓာတ်ဖြင့် ကူးယူဖို့မလွယ်ကူပါ။

ထို့နောက် စာရေးဆရာ ကိုရွှေသောင်းဝင်းကလည်း ရရှိလာသည့် စာမူကြမ်းများကို တည်းဖြတ်သုတ်သင်ခြင်း၊ ကွန်ပျူတာစက်တင်ခြင်း၊ ပရူဖတ်ခြင်း စသည်များကို ၆-လကျော်ကြာ အချိန်ယူဆောင်ရွက်ခဲ့ပါသည်။

သည်သာမက အမေရိကန်ပြည်ထောင်စုနေ တပည့်မဖြစ်သူ မငွေးငွေးကြည်၏ ဦးဆောင်မှုဖြင့် **ဦးသိန်းဝင်း+ဒေါက်တာစန်းစန်းငွေ၊ ဦးစောမြင့်၊ Harrison ဦးဝင်းလှိုင်+ဒေါက်တာအေးသက်နိုင်** မိသားစုအပါအဝင် တပည့်များ၏ ပင့်လျှောက်မှုဖြင့် အမေရိကန်ပြည်ထောင်စုသို့ ဓမ္မဒူတခရီး ကြွရောက်ရန်အခွင့် ပေါ်လာပြန်ပါသည်။

ယင်း အမေရိကန်ဓမ္မဒူတ ခရီးစဉ်၌ စာအုပ်အဖြစ်ထုတ်ဝေရန် မငွေးငွေးကြည်၏ ဆက်သွယ်ပေးမှုအရပင် နယူးယောက်မြို့နေ **ဦးရွှေနှမ်း+ဒေါ်ရီ** မိသားစုတို့က နဝကမ္မဝတ္ထုငွေများ ဓမ္မဒါနပြုလှူဒါန်းပါသဖြင့် ပထမအကြိမ် အုပ် (၁၀၀၀) ဖြန့်ချိနိုင်ခဲ့ပါသည်။

ငင်းအုပ်ရေ (၁၀၀၀) ရိုက်နှိပ်ပြီး မကြာမတင်မှာပင် ကုန်သွားသဖြင့် ထပ်မံရိုက်နှိပ်ရန် စဉ်းစားရပြန်ပါသည်။ သည်တစ်ခါတွင်မူ တရားဒေသနာများ ပြန့်နှံ့မှုကိုသာ အဓိကဦးစားပေးသည့် အနေဖြင့် မိမိကပင် နဝကမ္မစိုက်ထုတ်ရိုက်နှိပ်ခဲ့ပြန်ရာ ဤတစ်ကြိမ်တွင်လည်း မယုံကြည်နိုင်စရာပင် စာအုပ်များလုံးဝ ပြတ်လပ်သွားခဲ့ပြန်ပါသည်။

ထို့ကြောင့် တတိယအကြိမ် ရိုက်နှိပ်ရန် စွယ်တော်ပုံနှိပ်တိုက်မှ ဒကာလေး ကိုတင်အောင်ကျော်နှင့် တိုင်ပင်နေစဉ် ဖြစ်တောင့်ဖြစ်ခဲ ကြုံကြိုက်ခဲ့စွာ မိမိ၏တပည့်ရင်းဖြစ်သူ ဒါယိကာမလေး မခိုင်ဇော် (Earth Group of Companies) က ဓမ္မဒါနပြု လှူဒါန်းလိုပါကြောင်း လျှောက်ထားလာပါ၍ စာမျက်နှာ ၄၀၀-ကျော်ရှိ စာအုပ်ခန့်ခန့်ထည်ထည်ကြီး တတိယအကြိမ်အဖြစ် ပေါ်ပေါက်ခဲ့ပြီးလျှင် ယခုအကြိမ်တွင် တပည့် ရဟန်းရှင်လူအပေါင်း၏ လျှောက်ထားတောင်းပန်မှုအရ အများကောင်းမှုဖြင့် စတုတ္ထအကြိမ်မြောက်ကို ရိုက်နှိပ်လိုက်ရပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် တိတ်ခွေကူးသည်မှ စာမူချောဖြစ်သည်အထိ ကူညီဆောင်ရွက်ပေးကြသည့် တပည့်ဦးဓမ္မဓဇ၊ မမြနန္ဒာ၊ မမြူမြူ၊ ကိုရွှေသောင်းဝင်း၊ မြေလတ်မင်းလွင်၊ ဆရာမြသန်းစံ၊ ဒီဖိုင်း-နေဝင်းအောင်၊ ဗဂျီလင်းဝဏ္ဏ၊ ရွှေနိုင်ငံပုံနှိပ်လုပ်ငန်းစုနှင့် ဓမ္မဒါန ကုသိုလ်ရှင်အပေါင်းတို့အား ကျေးဇူးမှတ်တမ်းတင်အပ်ပါသည်။

အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဒမ္မကိတ္တိသာရ
(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၇၇)
အောင်ဆန်း၊ အင်းစိန်မြို့နယ်။
ဖုန်း-၆၄၅၆၁၅၊ ၆၄၅၇၉၇၊ ၀၉၅၀-၂၁၄၅၈။

www.burmeseclassic.com

www.burmeseclassic.com



ဤကျမ်းစာနှင့်ပတ်သက်၍-

# အမည်သညာ ခေါ်ဝေါ်ရာကား

ဂမ္ဘီရောစာယံ ဘန္တေ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသော စ၊ အထ စ ပန မေ ဥတ္တာနကုတ္တာနကော ဝိယ ခါယတိ။

မာဟေဝံ အာနန္ဒ အဝစ၊ ဂမ္ဘီရောစာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသော စ တေသဿ အာနန္ဒ ဓမ္မဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဝေမယံ ပဇာ တန္တာကုလကဇာတာ ကုလဂဏ္ဌိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။ (ဒီ၊ ၂၊ ၄၇)

မြတ်စွာဘုရားနဲ့ အာနန္ဒာတို့ အပြန်အလှန်ပြောတဲ့စကားပါ။ ပဋိစ္စသမုပ္ပါဒ်နဲ့ ပတ်သက်ပြီးတော့ ရှင်အာနန္ဒာက ဘုရားကို ဘယ်လိုလျှောက်သလဲဆိုတော့ ''အရှင်ဘုရားတဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ ဂမ္ဘီရောစ – နက်လည်း နက်နဲပါတယ်။ ဂမ္ဘီရာဝဘာသော စ–နက်နဲသယောင်လည်း ရှိပါတယ်။ ဒါပေမဲ့ တပည့်တော် အနေနဲ့တော့ ဥတ္တာနကုတ္တာနကော ဝိယ ခါယတိ– ထင်လွယ်မြင်လွယ် ဖြစ်လှ ပါတယ်ဘုရား''တဲ့။ အာနန္ဒာက ဒီလိုလျှောက်တော့ ဘုရားက –

မာဟေဝံ အာနန္ဒ အဝစ–ဒီလိုမပြောပါနဲ့ အာနန္ဒာတဲ့။ ပဋိစ္စသမုပ္ပါဒ် ဆိုတာ ဂမ္ဘီရော စ–နက်လည်း နက်နဲသကွယ့်၊ ဂမ္ဘီရာဝဘာသောစ–နက်နဲသည့် အသွင်လည်း ဆောင်ပါတယ်တဲ့။

တေသဿ ဓမ္မဿ – ဒီ ပဋိစ္စသမုပ္ပါဒ်ဒေသနာကို၊ အနနုဗောဓာ အပ္ပဋိဝေဓာ– လျော်စွာထိုးထွင်း၍ မသိလို့၊ အယံ ပဇာ–ဒီသတ္တဝါတွေဟာ၊ တန္တာကုလက ဇာတာ–ချည်ခင်ထွေးလို ရှုပ်ထွေးနေတယ်။ ကုလဂဏ္ဌိကဇာတာ – စာပေါင်းသိုက် လို ဖြစ်နေတယ်။ မုဉ္ဇပဗ္ဗဇဘူတာ– ဖြူဆံမြက် ပြိတ်မြက်တွေလိုပဲ–တဲ့။ သည်လိုဖြစ်နေပြီး အပါယံ–ချမ်းသာကင်းသော၊ ဒုဂ္ဂတိံ–မကောင်းသော လားရောက်ရာဖြစ်သော၊ ဝိနိပါတံ–ပရမ်းပတာ ကျရာဖြစ်သော၊ သံသာရံ–သံသရာကြီးကို၊ နာတိဝတ္တတိ–မလွန်မြောက်နိုင်တဲ့။

ပဋိစ္စသမုပ္ပါဒ်ကို မသိလို့ အမေဘုတ်ကဲ့ သို့ချည်ခင်လို ရှုပ်ထွေးနေတာ ဒါကိုမသိလို့ သံသရာမှာ တဝဲလည်လည် မလွန်မြောက်နိုင်ရှိနေတာတဲ့။

(ဝိပဿနာမြင်ကွင်း စာ ၉–၁၀မှ)

www.burmeseclassic.com

www.burmeseclassic.com



ပဋိစ္စသမုပ္ပါဒ်နဲ့ ပတ်သက်လို့ ဒီစကားလေးက မှတ်သားစရာ အတော်ကောင်းပါတယ်။ တကယ်ချစ်စရာကောင်းတဲ့ စကားလေးပါ။ ပဋိစ္စသမုပ္ပါဒ်ကို မသိလို့ သံသရာလည်နေတာပါ တဲ့၊ သိရင် သံသရာမလည်တော့ဘူး၊ ပြတ်တယ်ပေါ့။

ဒီမှာ သံသရာဆိုတဲ့ ဝေါဟာရနဲ့ပတ်သက်လို့ ဘဝတွေ အဖန်ဖန်ကျင်လည်နေရတာ ''သံသရာ'' လို့ပဲ အကြမ်းစား နားလည်ထားမိတယ်။ တစ်ဘဝပြီး နောက်တစ်ဘဝဖြစ်နေတာ ''သံသရာ'' ပေါ့။ စာသဘောကတော့ ခန္ဓာ အာယတန ဓာတ်တရားတွေ မပြတ်ဖြစ်ပျက်နေတဲ့ အစဉ်ကြီးဟာ ''သံသရာ'' တဲ့၊ နားမလည်ပါဘူး။

ဒါပေမယ့် ဆရာတော်ရဲ့ ဒီသင်တန်းတရားကို (တည်းဖြတ်ဖို့) ဖတ်ရှုရင်း နည်းနည်းတော့ ရိပ်မိလာတယ်။ မြင်စိတ်ဖြစ်တော့လည်း ခန္ဓာ ၅–ပါး၊ ကြားတော့လည်း ခန္ဓာ ၅–ပါး၊ **''မြင် ကြား နံ စား ထိ သိ''** အားလုံး ခန္ဓာတွေ အာယတနတွေ ဓာတ်တွေပဲ မဟုတ်လား။ ဒါတွေဖြစ်ပျက်နေတဲ့ အစဉ်ကြီးဟာ ''သံသရာ'' ပေါ့။ ဘယ်မှာ ဘဝကူးလို့လဲ။ ဘဝကူးမှ သံသရာလို့ သိတဲ့အသိက အတော်ကြဲနေပါလား။ ဒီအသိလေး ရလိုက်ပါတယ်။

ပဋိစ္စသမုပ္ပါဒ်မှာ အနုလုံ (အစုန်လမ်း) နဲ့ ပဋိလုံ (အဆန်လမ်း) ဆိုတာရှိပါတယ်။ အနုလုံ–အစုံလမ်းအတိုင်း လိုက်နေရင်တော့ သံသရာမှာ မျောဦးမှာပဲ။ ပဋိလုံ–အဆန်လမ်း (သို့မဟုတ်) ဖြတ်လမ်းကိုလိုက်မှ သံသရာအလည်ရပ်မှာ။ ဝေဒနာနောင် တဏှာလိုက်ရင်တော့ အစုံလမ်းပဲ။ ဝေဒနာနိရောဓဖြစ်မှ **''ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်း''** ဖြစ်မှာ။ ဒီသဘောနဲ့ ဒီနာမည်ပေးထားတာပါ။

နောက်ပြီးတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အင်မတန်နက်နဲ ခက်ခဲတဲ့ သဘောတွေဖြစ်ကြောင်း အထက်က ပြောခဲ့ပါပြီ။ ဒီလောက် ခက်ခဲနက်နဲတဲ့ သဘောတွေကို (၁၀) ရက်ဆိုတဲ့ တရားစခန်း ခွင်လေးထဲမှာ အနက်အဓိပ္ပါယ် ပုဒ်ဓာတ်သဘော သဒ္ဒါအနေအထားတွေကို ဘယ်လိုနည်းနဲ့မျှ သမားစဉ်ကျ သင်ယူလို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယအတိုင်း **''မူလနှစ်ဖြာ သစ္စာနှစ်ခု''** စသည်ဖြင့် စက်ဝိုင်းဒေသနာကြီးကို ထောက်ပြီး ဖြတ်လမ်းနည်းနဲ့ သင်ပြမှသာ (၁၀) ရက်အတွင်း အတော်အတန် တီးမိခေါက်မိ ရှိမှာပါ။ ဒါကို ရည်ရွယ်ပြီးလည်း ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်လမ်းသင်ယူနည်းနဲ့ သင်တန်းပေးထားကာဖြစ်လို့ **''ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်း''** လို့ အမည်ပေးလိုက်တာပါ။

ဒီသင်တန်းတရားမှာ အရင်ထုတ်ဝေပြီး စာစဉ်လေးတွေထဲက ဟောကြားချက်များ၊ ရှင်းလင်းချက်များ၊ သာဓကများအားလုံးလိုလို ပါဝင်နေလို့ ၁–အုပ်နှင့် ၁၀–အုပ်လို့ ဆိုရမလိုပါပဲ။ နောက်ပြီး ၁၀–ရက် တရားစခန်းတစ်ခွင်လုံး စိုးရိုးလိုက် မှတ်တမ်းတင်ထားလို့ (တရားစခန်း မဝင်နိုင်သည့်တိုင်) အိမ်မှာနေရင်း အစဉ်လိုက်ဖတ်ရှုသွားရင် တရားစခန်းဝင်ရသလိုပဲ တရားအသိတွေ ရရှိနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ခန္ဓာအရှိ ဉာဏ်အသိ ဆိုက်ဘိကေန် တရားမှန်။**

*စီစဉ်ပူဇော်သူ –*
*ကိုရွှေသောင်းဝင်း*
***M.A (Buddhism)***

www.burmeseclassic.com

www.burmeseclassic.com

၁

## ဆရာမှီလွတ် ရှုမှတ်ပွားများ အားထားစရာ

# ဤကျမ်းစာ

## ပရိယတ်နှင့် ပဋိပတ်

သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တို့သည် ပရိယတ် ပဋိပတ်,ဟူသော တာဝန်နှစ်ရပ်ကို ရှပ်ရှပ်ချွံချွံ ထမ်းရွက်လျက်ရှိကြပါ၏။

ပရိယတ္တိ စာပေကို သင်ကြားခြင်းသည် သိသင့်သိထိုက်သော လောက၏အကြောင်းအကျိုး၊ ဓမ္မ၏ အကြောင်းအကျိုးတို့ကို ကောင်းစွာ သိရှိသဘောပေါက်နားလည်နိုင်ကြစေရန်ဖြစ်ပါ၏။

လောက၏အကြောင်းအကျိုးတို့ကို သိရှိနားလည်သဘောပေါက်ပါက မကောင်းသောအကြောင်းနှင့် အကျိုးတို့ကို ဖယ်ရှား၍ ကောင်းမွန်လျောက်ပတ်သည့်အကြောင်းနှင့်အကျိုးတို့ကို ပွားများအောင် အားထုတ် ကြရန်သာဖြစ်ပါ၏။

## လူနှင့်ရဟန်း လမ်းကြောင်းနှစ်သွယ်

ပရိယတ္တိဟူသော သာသနာ့တာဝန်ကို လေ့လာကျက်မှတ် ဖတ်ရှုအားထုတ်ကြသော ပုဂ္ဂိုလ်တို့တွင် လူပုဂ္ဂိုလ် သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်, ဟူ၍ နှစ်မျိုးနှစ်စား ရှိကြပါ၏။

ထိုတွင် လူပုဂ္ဂိုလ်တို့သည် ပရိယတ်စာပေကို တတ်သိနားလည်အောင် လေ့လာကျက်မှတ်ကြသလို ကောင်းကျိုးတရားများ တိုးပွားအောင်လည်း ကျင့်ကြံပွားများအားထုတ်ကြပါ၏။

သာသနာ့ဝန်ထမ်း ရဟန်းကော်တို့သည်ကား ယင်းသို့မဟုတ်ကြ။ တတ်သိနားလည်အောင်သည်း သင်ကြားမှတ်သား၏။ တတ်သိနားလည်သမျှတို့ကို ကိုယ်တိုင်လည်း ကျင့်ကြံပွားများအားထုတ်မှုပြု၏။ တပည့် ဒါယကာ ဒါယိကာမတို့ကိုလည်း ကျင့်ကြံပွားများအားထုတ်ကြစေရန် နည်းလမ်းညွှန်ပြ၏။

ဤသည်မှာ ပရိယတ်ကို မှတ်သားသင်ကြားကြသော လူပုဂ္ဂိုလ်နှင့် သာသနာ့ဝန်ထမ်းရဟန်းတော် တို့၏ ကွာခြားချက်ပင်ဖြစ်ပါ၏။

## ရှုနည်းစုံစွာ လေ့လာမှတ်သား ဆရာတော်ဘုရား

တပည့်ဒါယကာ ဒါယကာမများအား ပွားများအားထုတ်စေမှုနှင့်စပ်၍ အနည်းငယ်ဖော်ပြလို၏။

ရောဝတီတိုင်း အင်္ဂပူမြို့နယ်၊ ကျွဲသောင်ရွာဇာတိ ခမည်းတော် ဦးကျင်မောင်၊ မယ်တော်ဒေါ်မြလေးစိန် တို့မှ ဖွားမြင်သော သားသမီး ရတနာများအနက် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရသည် ထူးခြားသော သားရတနာ, ဟု ဆိုရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



အသားကရွှေရွှေ အရေကဝင်းဝင်း အဆင်းက လှပစွာဖြင့် လူ့လောကကြီးတွင် ရှန်းကန်လှုပ်ရှားရင်းဖြင့် လောကီပညာကို (၁၀) တန်းအထိပင် အောင်မြင်ခဲ့ပါ၏။

ယင်းသို့ လောကီပညာ (၁၀) တန်းအောင်မြင်ပြီးခါမှ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ ဟူသော ဘွဲ့အမည်ကို ခံယူကာ မြင့်မြတ်သောရဟန်းဘဝသို့ ရောက်ရှိခဲ့ပါ၏။

ရဟန်းဘဝရောက်သည်နှင့် အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန နာယက ဘဒ္ဒန္တ နန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ) တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) စသော ဆရာတို့ထံတွင် ပရိယတ်စာပေများကို သင်ကြားခဲ့ပါ၏။

ကျမ်းငယ် ကျမ်းကြီး အသီးသီးတို့ဖြင့် ခိုင်ပြီး စည်ပင်လှသော ပရိယတ်စာပင်လယ်ကြီးထဲသို့ နည်းအတန်တန် ဟန်အသွယ်သွယ်တို့ဖြင့် ကျင်လည်စွာ ကူးခတ်တတ်မြောက်ခဲ့ပါ၏။

ယင်းသို့ တတ်မြောက်ပြီးသောအခါ လောကကြီး၏ ကောင်းကျိုးကိုလည်းသိ၏။ ဆိုးကျိုးကိုလည်း မြင်၏။ လောကုတ္တရာ၏ အကြောင်းအကျိုးတို့ကိုလည်း ခွဲခြားဝေဖန်တတ်လာ၏။

ရုပ်ဓမ္မနာမ်ဓမ္မတို့၏ ဖြစ်ခြင်း ပျက်ခြင်း အစိုးမရခြင်း၊ အနှစ်သာရကင်းမဲ့ခြင်း စသည်တို့ကိုလည်း ထင်းထင်းပြက်ပြက် လက်လက်စင်စင် သိမြင်ကာ ခန္ဓာကိုယ်ကြီး၏ ဖြစ်ဒုက္ခ–ပျက်ဒုက္ခ၊ မရှိဒုက္ခ–ရှိဒုက္ခ ကြောင့်ကြအဖုံဖုံ၊ သောကအစုံစုံတို့ကို တွေ့မြင်လာ၏။ တွေ့မြင်လာသည်နှင့်အမျှ လောကမှ လွတ်မြောက်ကြောင်းအကျင့်တို့ကို ကျင့်ကြံပွားများအားထုတ်လိုစိတ်များလည်း တဖွားဖွား ပေါ်ပေါက်လာ၏။

သို့နှင့် မဟာစည်၊ စွန်းလွန်း၊ ချမ်းမြေ့၊ တောင်ပုလု၊ မိုးကုတ် စသော ရိပ်သာများသို့ဝင်ကာ တရားဘာဝနာများ အားထုတ်တော့၏။

## ခွဲခြမ်းဝေငှ ရကြစေရာ ဝိပဿနာ

ဆရာတော်သည် ဝိပဿနာတရားတို့ကို ပွားများအားထုတ်ပြီးသည်နှင့် မိမိ သဘောပေါက်ခံစားရသလို တပည့်ဒါယကာ ဒါယိကာမတို့ကိုလည်း ရှုမြင်ပွားများခံစားစေလိုသော စေတနာသဒ္ဓါတရားများ ဖြစ်ထွန်းပေါ်ပေါက်လာပြန်၏။

ပေါ်ပေါက်လာသည်နှင့်အမျှ အင်းစိန်မြို့နယ်၊ အောင်ဆန်းမြို့၊ စဉ့်ကူရပ်ကွက်၌ **"အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ ရရ"** ဟု အမည်တပ်ကာ ကျောင်းတိုက်ကြီးကို တည်ထောင်တော်မူ၏။

ယင်းကျောင်းတိုက်တွင် ယောဂီ (၂၅–၃၀) ယောက်မှစ၍ စခန်းပွဲများကို ကျင်းပလာခဲ့၏။ စားသောက်နေထိုင်ရေးအတွက် ယောဂီများ လုံးဝကြောင့်ကြစရာမလိုဘဲ ဆရာတော်၏ ရှိရှိသမျှ ဝတ္ထုအနာမာသတို့ ဖြင့် အပ်စပ်အောင်လုပ်ကာ ဆွမ်း ဆွမ်းဟင်းတို့ကို ဆက်ကပ်လှူဒါန်းလာခဲ့၏။ ဤမျှအထိ စေတနာ သဒ္ဓါ တရား၊ မေတ္တာတရား ကြီးမားသော ဆရာတော်ဖြစ်ပါ၏။

ထို့ကြောင့်လည်း ယောဂီ (၂၅–၃၀) ယောက်ခန့်မှစခဲ့သော ဆရာတော်သည် ယခုဆိုလျှင် ယောဂီပေါင်း ထောင်ကျော်အထိပင် တိုးတက်များပြားခဲ့ပါ၏။ ဤသည်မှာ ဆရာတော်၏ ဘက်သန်သောစေတနာ၊ ဖြူစင်သောသဒ္ဓါ၊ အေးမြသောမေတ္တာတို့၏သရုပ်ပင်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဆယ်ရက်စခန်း ဓမ္မစမ်းရေ စီးဆင်းနေ

ယောဂီပရိသတ် များပြားလာသည့်အလျောက် ဆရာတော်၏ သဒ္ဓါတရားတို့ကလည်း တိုး၍ တိုး၍သာ လာခဲ့ပါ၏။ (၁၀) ရက်စခန်းပွဲများတွင် နံနက်ရောနေ့လည်ပါ ပဋ္ဌိစ္စသမုပ္ပါဒ် သင်တန်းတရားတို့ကို ဆရာတော်ကိုယ်တိုင် အားကျိုးမာန်တက် ဟောပြောပြသသင်ကြားပေးခဲ့ပါ၏။

ဆရာတော်၏ သင်တန်းပို့ချမှုတို့သည် ယောဂီသစ်များအတွက် အကွက်စိစိ (စေ့စေ့) နှင့် ဒက်ထိ ဖြစ်ခဲ့သလို ယောဂီဟောင်းတွေအတွက်လည်း မှတ်သားစရာ တစ်ပုံတစ်ပင်နှင့် ခုံမင်မြတ်နိုးမဆုံး ရှိနေကြပါ၏။

ဆရာတော် သင်တန်းပို့ချရာတွင် ပဋ္ဌိစ္စသမုပ္ပါဒ်လည်း နားလည်စေ (တရားမရသေး၍ လောကထဲ ကျင်လည်ရစေကာမူ) လောကရေး၊ ဘာသာရေး၊ သာသနာရေးတို့ကိုလည်း ကျွမ်းကျင်ထိမိသိကျွမ်းလိမ္မာစွာကျင့်သုံးနိုင်စေ ဟူသောရည်ရွယ်ချက်ဖြင့် စေတနာသဒ္ဓါ ထက်သန်စွာ ပို့ချလေ့ရှိပါ၏။

ထို့ကြောင့်လည်း ယောဂီသစ် ယောဂီဟောင်းတို့က ဆရာတော်၏ တရားဓမ္မကို မဝနိုင်အောင် နာကြားနေကြခြင်းပင်ဖြစ်ပါ၏။

## ဤသည့်ကျမ်းစာ ဖြစ်ပေါ်လာပုံ

ဆရာတော်၏တရားတော်ကို နာကြားမှတ်သားလိုကြသော ယောဂီသစ် ယောဂီဟောင်းတို့ကို လည်းကောင်း၊ ပဋ္ဌိစ္စသမုပ္ပါဒ် သင်တန်းနှင့် ဝိပဿနာတရားကို ဖတ်ရှုမှတ်သားပွားများလိုသူများကိုလည်းကောင်း ရည်ရွယ်၍ **'ဤပဋ္ဌိစ္စသမုပ္ပါဒ် (၁၀) ရက်စခန်း အထူးသင်တန်း'** ကျမ်းစာအုပ်ကို ထုတ်ဝေလိုက်ခြင်းဖြစ်ပါ၏။

ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ် (၁၀) ရက်စခန်း အထူးသင်တန်းကို တက်ရောက်ရဘိသကဲ့သို့ လည်းကောင်း၊

ဆရာတော်ဘုရားကိုယ်တိုင် ဟောကြားပို့ချနေသည်ကို နာကြားနေရသကဲ့သို့လည်းကောင်း၊

ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋ္ဌိစ္စသမုပ္ပါဒ်၊ အရှုခံ၊ အရှုဉာဏ်တို့ကို (ပဋ္ဌိစ္စသမုပ္ပါဒ်) စက်ဝိုင်း ညွှန်ပြ၍ မြင်နေရသကဲ့သို့လည်းကောင်း သိရှိနားလည်ကာ ဝိပဿနာတရားတို့ကို (ဆရာလွတ်) ပွားများ အားထုတ်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ပွားများအားထုတ်နိုင်ကြပါစေဟူ၍လည်း မေတ္တာအပြည့်အဝဖြင့် ဆန္ဒပြု ဆုတောင်းလိုက်ပါသည်။

လေးစားလျက်–

မြေလတ်မင်းလွင်
(နိုင်ငံတော်စာပေ ၁၄-ဆုရှင်)

www.burmeseclassic.com

www.burmeseclassic.com



*အမရပူရမြို့ မဂ်လာတိုက်ဟောင်း*

*ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏*

# ထဝဖြစ်စဉ်အကျဉ်း ကို

## ကြည်ညိုပူဇော်ခြင်း

## ဇာတိချက်ကြွေ မွေးရပ်မြေ

မိုးကုတ်ဆရာတော်ဘုရားကြီး၏လောင်းလျာကို မန္တလေးတိုင်း၊ မြစ်ငယ်မြို့နယ်၊ ဥယျာဉ်တော်ရွာတွင် တောင်သူကြီးများဖြစ်ကြသော ခမည်းတော်–ဦးအောင်ထွန်း+မယ်တော် ဒေါ်ရွှေအိမ်တို့မှ ၁၂၆၁–ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၁) ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လည် (၂း၃၀) နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ အမည်မှာ မောင်လှဘော်ဖြစ်သည်။ (ဥယျာဉ်တော်ရွာကား– အမရပူရမြို့တည်၊ နန်းတည် ဗဒုံမင်းခေါ် ဘိုးတော်ဦးဝိုင်းလက်ထက်က သီးပင်ပျိုးပင် စိုက်ပျိုးထားသော (မဟာသိရိနန္ဒဝံ) ခေါ် ဥယျာဉ်နေရာဖြစ်ခဲ့ဖူးသည်ကို အစွဲပြု၍ ဥယျာဉ်တော်ရွာဟု ခေါ်သည်။)

## သန္ဓေလွယ်စဉ် မိခင်ချင်ခြင်း ဖြစ်ပေါ်ခြင်း

မယ်တော်ကြီး ဒေါ်ရွှေအိမ်မှာ ဆရာတော်လောင်းလျာ၏ သန္ဓေကို လွယ်ထားရချိန်မှစ၍–

(၁) ဥပုသ်သီလ စောင့်ထိန်းနေထိုင်လိုခြင်း၊

(၂) စာပေကျမ်းဂန်များ ဖတ်ရှုနာကြားလိုခြင်း၊

(၃) တရားနာလိုခြင်း၊

(၄) တရားစကားပြောကြားလိုခြင်း၊

စသော အာသာချင်ခြင်းများ ဖြစ်ပေါ်လာသည့်အလျောက် ဆရာတော်လောင်းလျာ ဖွားမြင်သည်အထိ ကိုးပါးသီလ စောင့်ထိန်းကာ တရားဓမ္မကွန်များ ဆွေးနွေးမေးမြန်း ဖတ်ရှုနာကြားခဲ့သည်။ ဤသည့်ဆန္ဒအာသီသတို့မှာ ဘုန်းရှင် ကံရှင်တို့၏ ရှေ့ပြေးနိမိတ်များပင် ဖြစ်ကြပါသည်။

## သာမဏေကိုးနှစ်အရွယ်

ဆရာတော်လောင်းလျာသည် ဥယျာဉ်တော်ရွာ မူလတန်းကျောင်းဆရာကြီး ဦးစံရထံမှ လေးတန်းအောင်မြင်ပြီးသည့်နောက်တွင် ဥယျာဉ်တော်ရွာရှိ ဝေ့ပင်တောရကျောင်း ဆရာတော် ဦးဇာဂရကို ဥပဇ္ဈာယ်ပြု၍ သာမဏေဘဝသို့ ရောက်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဝိမလ ဖြစ်သည်။

ရှင်ဝိမလသည် သဒ္ဒါ, သင်္ဂြိုဟ် စသော ပိဋကတ်အခြေခံကျမ်းစာများကို ကြိုးစားကျက်မှတ်သင်ယူခြင်း၊ ဆရာသမား၏ ဝတ်ကြီးဝတ်ငယ်တို့ကို ကျေပွန်စွာ ထမ်းဆောင်တတ်ခြင်း၊ အဟောအပြောကောင်းခြင်းတို့ကြောင့် ဘုန်းကြီးလှသဖြင့် ဆရာတော်နှင့် ရပ်သူရွာသား ဒါယကာ ဒါယိကာမများက "ကိုရင်သီဝလိ" ဟု ခေါ်စမှတ်ပြုကြသည်။

www.burmeseclassic.com

( ည )

## ထူးထူးကဲကဲ ပျားနိမိတ်စွဲ

ရှင်ဝိမလ အသက် ၁၂–နှစ်အရွယ် နေ့တစ်နေ့တွင် ရှင်ဝိမလ၏ သင်္ကန်းများ တန်းပေါ်သို့ ခေါက်တင်ထားရာ ပျားကောင်များလာရောက်၍ ဝိုင်းဝန်းအုံဖွဲ့နေကြသည်။

ပျားများစွဲခြင်းအကြောင်းကို သိသော ငွေးပင်တောရဆရာတော်ဘုရားကြီးက “**ဤသာမဏေသည် နောင်သောအခါတွင် ဘုန်းကံကြီးမားသော အကျော်အမော် ဆရာတော်တစ်ပါးဖြစ်ကာ လူများစွာတို့၏ မှီခိုအားထားရာ ဖြစ်လိမ့်မည်**” ဟု နိမိတ်ဖတ်ကြားတော်မူလေသည်။

## မြို့ကိုတက်ကာ ပညာရှာ

ဆရာတော်လောင်းလျာသည် မိမိ၏ ဆရာဘုန်းတော်ကြီး အရွယ်ရလာ၍ စာသင်စာပြ မပြုနိုင်သောအခါ မြို့တက်၍ ပညာသင်ကြားရန်အတွက် ဆရာသမားနှင့်မိဘများအား သုံးကြိမ်တိုင်တိုင် ခွင့်ပန်ခဲ့သည်။ သို့သော် မြို့သို့သွားခွင့်မရပေ။ သို့နှင့် မည်သူ့ကိုမျှ မပန်ကြားဘဲ အမရ ပူရမြို့သို့ ကိုရင်တစ်ပါးတည်း ကြွချီကာ မင်္ဂလာတိုက်၊ မကုဋ္ဌကျောင်းတွင် နေထိုင်ရသည်။ မိဘများက သတင်းကြား၍ လိုက်ခေါ်ကြသော်လည်း ပြန်မလိုက်တော့ဘဲ တရားဟောကာ ပြန်လွှတ်လိုက်လေသည်။

ရှင်ဝိမလသည် မင်းတုန်း၊ သီပေါ၊ ဗြိတိသျှ ခေတ်သုံးခေတ်၏ အဘိဓမ္မာ အကျော်အမော် ဆရာကြီး ဦးအုန်းထံတွင် အဘိဓမ္မာများကို ကြိုးစားသင်ယူခဲ့သည်။ ဆရာကြီးက ရှင်ဝိမလ၏ ဥပမိနှင့် ဉာဏ်ရည်ဉာဏ်သွေးကို သဘောကျသဖြင့် အထူးအရေးပေးခြင်းကို ခံခဲ့ရလေသည်။

## နှစ်ကြိမ်မြောက်လည်း ပျားများစွဲကြ

၁၂၈၁–ခု၊ ဝါဆိုလဆန်း ၈–ရက်နေ့တွင် မင်္ဂလာတိုက် ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ ဦးဝင်း၊ ဒေါ်ဒေါ်စောတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းဘဝသို့ ရောက်ခဲ့သည်။ ရဟန်းခံသောနေ့ သိမ်မှထွက်အပြီးတွင် သင်္ကန်းများ ချွေးစိုနေသဖြင့် တန်းပေါ်တွင် လှမ်းထားရာ ဒုတိယအကြိမ် ပျားများ ဝိုင်းအုံစွဲလာကြပြန်သည်။

ထိုအကြောင်းကို အမရပူရမြို့၊ အောင်ခြင်းရှစ်ပါး ဆရာတော်ဘုရားကြီး ကြားသိလျှင် “**ယခုဘဝတွင်ပင် တရားထူးရရှိနိုင်သော ပုဂ္ဂိုလ်**” ဟု ဖွင့်ဟနိမိတ်ဖတ်လေသည်။

## စာချဆရာ ဖြစ်၍လာ

ဆရာတော်သည် ရဟန်း ၅–ဝါအရတွင် မင်္ဂလာတိုက်၌ စာချဆရာတော်အဖြစ် တင်မြှောက်ခြင်းခံရကာ မာတိကာ၊ ဓာတုယထာ၊ ယမိုက်၊ ပဋ္ဌာန်း၊ အဘိဓမ္မာတို့ကို တစ်နေ့သုံးကြိမ် ပို့ချလာရာ နှစ်ပေါင်းသုံးဆယ်ကျော်ပင် ကြာခဲ့လေသည်။ စာလိုက်သံဃာ ၁၀၀ မှ ၄၀၀ ကျော်အထိ များပြားလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၆

## တရားလည်းပြ စာလည်းချ

ဆရာတော်သည် သံဃာတော်များအား စာချနေသကဲ့သို့ တစ်ဖက်မှလည်း ဒါယကာ ဒါယိကာမများအား တရားဒေသနာများ ဟောကြားပြသလာခဲ့သည်။ လူအများမှာ ဆရာတော်၏ ဟောပြောချက်တို့ကို သဘောကျ အားမရနိုင်ကြ၍ ရဟန်းများ စာပေပို့ချရာသို့ပင် လာရောက် နာကြားကြတော့သည်။

## ဖျတ်ကနဲပင် သံဝေဂဝင်

ဆရာတော်သည် တရားဟောစာချ နာမည်ကြီးနေချိန်တွင် အောင်ခြင်းရှစ်ပါးဆရာတော် ဘုရားကြီးက **"မောင်ပဥ္စင်း–စာချရတာဟာ ကုသိုလ်ရရုံပဲ ရှိတယ်။ တရားဟောရတာလည်း ကုသိုလ်ရရုံပဲ ရှိတယ်၊ ဝိပဿနာအသိဉာဏ်နဲ့ ကိစ္စပြီးမြောက်အောင် ဆောင်ရွက်လိုက်ပါဦး၊ နောက်ကျ မှ ဟောမှုပြောမှုတွေကို လုပ်ကြတာပေါ့"** ဟု မိန့်ကြားသတိပေးလိုက်ရာ ဖျတ်ကနဲဆို သံဝေဂဉာဏ်ဝင်၍ တရားဟော စာချအလုပ်ကို ရပ်နားပြီး တရားအားထုတ်နည်းစနစ်တို့ကို မန္တလေး မုံရွာ မင်းကွန်း စသော ဒေသများသို့ကြွ၍ ဝိပဿနာအကျော်အမော် ဆရာတော်ကြီးများထံတွင် နိဿရည်းခံကာ တရားဘာဝနာကို အပြင်းအထန် ကြိုးစားအားထုတ်လေတော့သည်။

## စစ်အတွင်းလည်း တရားရှုခဲ့

တရားဘာဝနာ ရှုမှတ်ပွားများအားထုတ်ရာတွင် ဖွဲ့နုပဲကြီးသူပီပီ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေသော စစ်အတွင်းကာလမှာပင် မိုးကုတ်မြို့နှင့် လေးမိုင်ခန့်ဝေးသော ဘော်ဘတန်းကျေးရွာ ကျောက်လိုဏ်ဂူများအတွင်းဝယ် တရားဘာဝနာများ ကြိုးစားအားထုတ်တော်မူခဲ့သည်။

## စစ်မီးငြိမ်းကာ တရားဒေသနာ ဖြန့်ဝေကာ

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသောအခါ ဆရာတော်သည် မိမိ ရှုမှတ်သိမြင်ထားသော ခန္ဓာဉာဏ်ရောက်တရားဒေသနာများကို မြန်မာပြည် အနှံ့အပြားသို့သာမက နိုင်ငံခြား (သီဟိုဠ်) သို့ပင် ဖြန့်ဝေဟောကြားခဲ့လေသည်။ ဒကာ ဒကာမများကလည်း ဆရာတော်ဘုရားကြီး၏ ထိမိလှသော ဟောကွက်ပြောကွက်တို့ကို သဘောသက်ဝင်ကာ လာရောက်နာကြားကြသူများမှာ တရားတစ်ပွဲထက်တစ်ပွဲ တိုးတက်များပြားလာခဲ့သည်။

## နောက်ဆုံးနေ့ထိ တပည့်များအား တရားဟောကြား

ဆရာတော်ဘုရားကြီးသည် ဒုတိယကမ္ဘာစစ်ကြီး ပြီးစအချိန်မှစ၍ တရားဟော တရားပြ ခြင်းဖြင့် အချိန်များကို ကုန်လွန်စေကာ ဝေနေယျသတ္တဝါများ၏ခန္ဓာကို ဉာဏ်နှင့်တွဲယှဉ်၍ ဖော်ပြပေးခဲ့သည်။ ဒါယကာ ဒါယိကာမများသည်လည်း ခန္ဓာကြီး၏ အရှိဖြစ်ပျက်ကို အသိမင် ဖြင့် ကွက်ကွက်ကွင်းကွင်း သိမြင်လာခဲ့သည်။

ယင်းသို့ ဒါယကာ ဒါယိကာမများအား တရားဘာဝနာများ ဟောကြားပြသရင်းဖြင့် ၁၃၂၄–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၄) ရက်၊ နေ့လည် (၁) နာရီ၊ (၂၀) မိနစ်အချိန်တွင် ဘဝဇာတ်သိမ်း ငြိမ်းတော်မူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ တောရတပ်ဦးကျောင်း
မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၇၇) ပဓာန နာယက
အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ၏

# ဘဝဖြစ်စဉ်အကျဉ်း

## ခမည်းတော် မယ်တော်နှင့် မွေးဖွားရာဇာတိ

ဆရာတော်လောင်းလျာကို ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ ကျွဲသောင်ကျေးရွာတွင် ခမည်းတော် ဦးကျင်မောင်၊ မယ်တော် ဒေါ်မြလေးစိန်တို့မှ ၁၃၀၈–ခု၊ တပို့တွဲလဆန်း ၃–ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူပါသည်။ မွေးချင်း ၅–ဦးတွင် အကြီးဆုံးသားရတနာဖြစ်ပါသည်။

## ရှင်/ ရဟန်းပြုခြင်း

အသက် ၁၃–နှစ်အရွယ်တွင် ကျွဲသောင်ကျေးရွာ သီရိထူပါရုံကျောင်းဆရာတော် ဦးရာဇုတ္တမ ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၄၀–ခုနှစ်၊ ဝါဆိုလဆန်း ၈–ရက်နေ့တွင် အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ) ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအမကြီး ဒေါ်ပုဏ္ဏမိနှင့် ဒေါ်ကြင်မြိုင် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် တောရတပ်ဦးကျောင်း ခဏ္ဍသိမ်ဝယ် မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိခဲ့ပါသည်။

## စာပေပရိယတ္တိသင်ကြားခြင်း

ကျွဲသောင်ကျေးရွာ၊ သီရိထူပါရုံကျောင်းဆရာတော် ဦးရာဇုတ္တမ၊ လေးမျက်နှာမြို့ ဒက္ခိဏာ ရုံကျောင်းတိုက် (ပရဟိတ) ဆရာတော် ဦးပညာလောက၊ ဦးဇဋိလ၊ တောရတပ်ဦးကျောင်း ဆရာတော် ဦးအာစရ၊ ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ) ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်)၊ ခြောက်ထပ်ကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇောသာရ တို့ထံတွင် ပရိယတ္တိစာပေများ လေ့လာသင်ယူခဲ့ပါသည်။

စွန်းလွန်းဝိပဿနာရိပ်သာ (မြိတ်) ဦးဓမ္မနန္ဒီ၊ မဟာစည်ဆရာတော်ဘုရားကြီး၊ ရွှေရေး ဆောင်ဆရာတော် ဦးပညာသာမိ၊ ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တ ဇနကာဘိဝံသ၊ (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ မိုးကုတ်ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ဆရာတော် ဦးဇနိတာလင်္ကာရ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၊ ဦးဓမ္မသာရ တို့ထံတွင် ပဋိပတ္တိနည်းနာနိဿယ များကို ခံယူခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

( ၃ )

## ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ကမ္ဘာ့ဌာန်းနည်းပြ ဒုတိယအဆင့် (မဟာကမ္မဋ္ဌာနာစရိယ)၊ ဘွဲ့တံဆိပ်တော်ကို အမိန့်ကြော်ငြာစာအမှတ် ၂/၉၉ ဖြင့် ၁၉၉၉-ခုနှစ်တွင် အလှူခံရရှိပါသည်။

## သာသနာပြုလုပ်ငန်းများ

၁။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင်-

- မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ် နာယကအဖွဲ့ဝင်
- ရပ်ကွက်သံဃနာယကအဖွဲ့ဝင်
- မြို့နယ်သံဃာ့ဝန်ဆောင်

၂။ သာသနာရေး ဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့၏ အစီအစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာထေရဝါဒ သာသနာပြုတက္ကသိုလ်နှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်တို့တွင် တက်ရောက်ပညာသင်ကြားနေသော ပြည်ပနိုင်ငံများမှ ဒီပလိုမာ သင်တန်းသားများနှင့် အမေရိကန်၊ ဆွစ်ဇာလန်၊ ဂျာမဏီ၊ ဂျပန်၊ ကမ္ဘောဒီးယား၊ စင်္ကာပူ၊ မလေးရှား၊ ဟောင်ကောင် စသော ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေတ္တ လာရောက်ကြသည့် ဝိပဿနာ ယောဂီသူတော်စင်များအားလည်း အခါအားလျော်စွာ တရားဟောပြသခြင်း၊ လက်တွေ့ တရား ထိုင်စေခြင်း။ (ထိုတွင် ဂျာမဏီနိုင်ငံမှ ခရစ္စတင်းအမည်ရှိ အမျိုးသမီးသည် ထေရဝါဒ တက္ကသိုလ် မှ ဒီပလိုမာဘွဲ့ယူအပြီးတွင် ဆရာတော်ထံ၌ သီလရှင်ဝတ်ကာ ၃-လကြာမျှ တရား အားထုတ်ပြီး ယခုအခါ ဂျာမဏီနိုင်ငံတွင် သီလရှင်ဝတ်ဖြင့် ဗုဒ္ဓဘာသာအသင်း အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ကာ ပဋ္ဌိစ္စသမုပ္ပါဒ်တရား ကို ထပ်ဆင့်သာသနာပြုနေကြောင်း သိရပါသည်)

၃။ တရုတ်၊ ကိုရီးယား၊ အင်ဒိုနီးရှားနိုင်ငံတို့မှ တရားအားထုတ်ရန် ရောက်ရှိလာသည့် မဟာယာနယောဂီ၊ ရဟန်းတော်များကို ပဋ္ဌိစ္စသမုပ္ပါဒ် သင်တန်းတရားများ (စကားပြန်ဖြင့်)ပို့ချ၍ ဝိပဿနာတရား ပွားများအားထုတ်စေခြင်း။

၄။ ရခိုင်ပြည်နယ် (နစက) မောင်တောမြို့သို့ ကြွရောက်၍ ဘာသာခြားတိုင်းရင်းသားများကို ဗုဒ္ဓဘာသာဝင်ဖြစ်ရန် သာသနာပြုခြင်း၊ တရားဟောပြသခြင်း။

၅။ ဖော်ပြပါကျမ်းစာ ၁၅-အုပ် ရေးသားပြုစု ထုတ်ဝေပြီးခြင်း။

(က) ဝိပဿနာမြင်ကွင်း (၃-ကြိမ်ရိုက်၊ အုပ်ရေ ၁၂၀၀၀)

(ခ) သစ္စာအလင်းဓမ္မမြင်ကွင်း (အုပ်ရေ ၂၀၀၀)

(ဂ) အေးစေတီရင်ပြင်မှ ငြိမ်းချမ်းရေးဓမ္မဒေသနာ (၂-ကြိမ်ရိုက်၊ အုပ်ရေ ၅၀၀၀)

(ဃ) ဗုဒ္ဓညွှန်ကြား မသေဆေးတရား (၃-ကြိမ်ရိုက်၊ အုပ်ရေ ၆၀၀၀)



www.burmeseclassic.com

www.burmeseclassic.com



(င) Buddha's way of immortal medicine (အုပ်ရေ ၂၀၀၀)

(ထိုင်းဘာသာဖြင့်လည်း ဘာသာပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်)

(စ) ဓမ္မသံစဉ် ရွှေသံလွင် ဗုဒ္ဓဘာသာမြင်ကွင်း (၂-ကြိမ်ရိုက်၊ အုပ်ရေ ၆၀၀၀)

(ဆ) မွေ့ခံထိုက်စေ လျှမ္မုဝေ၍ (၂-ကြိမ်ရိုက်၊ အုပ်ရေ ၄၀၀၀)

(ဇ) ဒါနပန်းဆင် လမ်းကောင်းထွင် (ဆ၊ ဇ တစ်အုပ်တည်းပေါင်းရိုက် ၃၀၀၀)

(ဈ) ရင့်ကျက်စိတ်ထား ဉာဏ်စွမ်းအားဖြင့်

( LIVE AND DIE WITH WISDOM) ဟူသောအမည်ဖြင့်
အင်္ဂလိပ်ဘာသာဖြင့်လည်း ထုတ်ဝေရန် စီစဉ်ပြီးဖြစ်ပါသည်။)

(ည) ပဋ္ဌိစ္စသမုပ္ပါဒ် ဖြတ်လမ်း ဆယ်ရက်စခန်းအထူးသင်တန်း

(ဋ) နေရေးဆင်ခြင် သေရေးမြင်

(ဌ) ဓမ္မအတွေး အမေးအဖြေများ

(ဍ) အဝိုင်းပြေးသံသရာ

(ဎ) တီရဏပရိညာ

(ဏ) အလျှမတတ် ဒုက္ခထပ်

၆။ ၁၉၈၄-ခုနှစ်မှစ၍ ဤတောရပ်ဦးကျောင်း၏ ပဓာနနာယကအဖြစ်ဖြင့် နှစ်စဉ်တရားစခန်းပေါင်း (၇) ကြိမ် ပုံမှန်ဖွင့်လှစ်၍ တစ်ကြိမ်လျှင် စခန်းဝင် ရဟန်းယောဂီ၊ လူယောဂီ ၆၀၀-မှ ၂၀၀၀-ဝန်းကျင်ထိ ဝိပဿနာ တရားများ ဟောကြားပြသခြင်း။

၇။ ၁၉၈၄-ခုနှစ်၊ ဆရာတော် ပဓာနနာယကဖြစ်သည့်မှစ၍ ယခုထိ မြန်မာပြည်တစ်ဝန်းလုံးရှိ ပရိဝါသ် ဆောက်တည်လိုသည့် ရဟန်းတော်များအတွက် ကြွရောက်လာသည့် သံဃာတော်အပါး ၁၀၀-ကျော်တို့၏ ဆွမ်းကွမ်းနှင့် သံဃာ့ဝေယျာဝစ္စကို တာဝန်ယူ၍ နှစ်စဉ်ပရိဝါသ် ဆောက်တည်ပွဲကို ကျင်းပပေးခြင်း။

၈။ ၁၉၉၀-ခုနှစ်မှစ၍၊ မွေးနေ့အထိမ်းအမှတ်အဖြစ် ပြာသိုလပြည့်ကျော် ၂- ရက်နေ့တွင် ရှင်ရဟန်းပြုလို သူများ အနည်းဆုံး ၄၅၀-အထိ ပရိက္ခာရစ်ပါး လှူဒါန်းကာရဟန်းအဖြစ် ခံယူစေလျက် ဝိပဿနာတရားပွား များအားထုတ်စေခဲ့သည်မှာ ၁၆-ကြိမ်တိုင်ရှိခဲ့ခြင်း။

၉။ နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်အရာရှိများ၊ အငြိမ်းစားအရာရှိများနှင့် ဇနီးမိသားစုတို့ကို အခါ အားလျော်စွာ သီးသန့်တရားစခန်းဖွင့်လှစ်ကာ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားများ ဟောကြားပြသခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ အနယ်နယ်အရပ်ရပ်မှ တပည့်ယောဂီတို့၏ ပင့်လျှောက်ချက်အရ နယ်တရားစခန်းများကို ဧရာဝတီတိုင်း တွင် ဟင်္သာတမြို့၊ လေးမျက်နှာမြို့၊ အင်္ဂပူမြို့၊ မြန်အောင်မြို့တို့၌လည်းကောင်း၊ ပဲခူးတိုင်းတွင် အုတ်ဖိုမြို့၊ မကွေးတိုင်းတွင် မင်းဘူးမြို့နယ် မှန်တောင်ရွာ၊ တောင်တွင်းကြီးမြို့ တို့၌လည်းကောင်း၊ မန္တလေးတိုင်းတွင် မန္တလေးတောင်ခြေ မိုးကုတ်မြို့၊ တောင်ငူမြို့ အမှတ် (၉၂) ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာတပ်၊ ဆေးတပ်တို့ ၌ လည်းကောင်း၊ မွန်ပြည်နယ်တွင် သထုံမြို့၊ ကျိုက်မရောမြို့၊ တနင်္သာရီတိုင်း မြိတ်မြို့၊ ရန်ကုန်တိုင်းတွင် မြို့နယ်အသီးသီး တို့၌ လည်းကောင်း နယ်လှည့်တရားစခန်းများ ဖွင့်လှစ်ပြသတော်မူခဲ့ခြင်း။ ၂၀၀၁–ခုနှစ်တွင် ဆရာတော် ၏ ဩဝါဒခံအဖြစ် မန္တလေးတောင်ခြေတွင် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတစ်ခု၊ (၂၀၀၄– ၂၀၀၅) ခုနှစ်တွင် သထုံမြို့ မြသပိတ်တောင်ခြေရှိ နဝန်ကျောင်းတိုက်တွင် သိန်း (၁၀၀၀)ကျော်တန် ဓမ္မာရုံ ကြီး တည်ဆောက်၍ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖြစ် ဖွင့်လှစ်ခဲ့ခြင်း။

(ဆရာတော်၏ ဝိပဿနာအလုပ်ပေး တရားများကို MRTV-4 မှ အခါအားလျော်စွာ၊ မကြာမကြာ ထုတ်လွှင့်ပေးလျက်ရှိပါသည်)

၁၁။ မိမိဇာတိ ကွဲသောင်ကျေးရွာတွင် အမြင့် ၅–ပေ၊ အရှည် ၅–မိုင်ခန့် တာဖို့တာပတ်လမ်းကို ကားများ ဝင်ထွက်သွားလာနိုင်သည်အထိ ဦးဆောင်ဖောက်လုပ်ခြင်း၊ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်း၊ ၁–ဂိတ်မှတ်တိုင်မှ အဆုတ်ရောဂါ အထူးကုဆေးရုံကြီး အဝင်ဝအထိ လည်းကောင်း၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ကျောင်းပေါက်ဝအထိလည်းကောင်း၊ လမ်းမကြီးကို မြို့နယ်စည်ပင်၏ အကူအညီဖြင့် ပေ ၃၀၀၀–ကျော် နိုင်လွန်ကတ္တရာလမ်းခင်းခြင်း။

၁၂။ ထိုင်း–စင်္ကာပူ၊ မလေးရှား၊ အိန္ဒိယ၊ တရုတ်၊ နီပေါနိုင်ငံ၊ ဩစတြေးလျ၊ ကနေဒါနိုင်ငံ၊ အင်္ဂလန်၊ အမေရိကန်ပြည်ထောင်စုတို့သို့ ဓမ္မဒူတသာသနာပြုခရီးကြွ၍ ပဋ္ဌိစ္စသမုပ္ပါဒ် ဝိပဿနာ တရားများ ဟောပြောပြသခြင်း၊ (ယင်းတရားတော်များကို 'ဗုဒ္ဓညွှန်ကြား မသေဆေးတရား၊ Buddha's way of immortal medicine' ဟူ၍ အင်္ဂလိပ်+မြန်မာ နှစ်ဘာသာဖြင့် စာအုပ်ထုတ်ဝေပြီးဖြစ်သည်။ ဂျာမန်ဘာသာ၊ ဂျပန်ဘာသာ၊ ထိုင်းဘာသာ သို့လည်း ပြန်ဆိုပြီးဖြစ်ရာ စာအုပ်ရိုက်နှိပ် စီစဉ်နေ ဆဲဖြစ်ပါသည်။

၁၃။ တပ်မတော် ကြည်း–ရေ–လေ မိသားစုများအား ဝိပဿနာတရားများ ပြောကြားပြသ ပေးခြင်း၊ နှစ်စဉ် ပရိတ်, ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပေးခြင်း၊ တပ်မတော် မိသားစုများ၊ ဘဏ္ဍာအခွန် ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနများ၏ ရှင်ရဟန်းခံကိစ္စများ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်ပိုင် အဆောက်အဦများ၊ လမ်းများ၊ တံတားများ၊ ရုံးသစ်များ၊ စက်ရုံအလုပ်ရုံများ၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ စစ်ကိုင်းတိုင်း ဟုမ္မလင်းလေဆိပ် ကဲ့သို့သော အထင်ကရနေရာများတို့တွင် မြေသန့်မင်္ဂလာပြုခြင်း၊ ပရိတ်၊ ပဋ္ဌာန်း၊ မေတ္တာ ဘာဝနာ၊ ကမ္မဝါစာများ ရွတ်ဖတ်သရဇ္ဈာယ်ပေးခြင်း၊

၁၄။ ၁၉၉၈–ခုနှစ်တွင် ဧရာဝတီတိုင်း အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး၏ အစီအစဉ်ဖြင့် ဟင်္သာတ အကျဉ်းထောင်သားများအား တရားဟောပြသခြင်း၊ ပုသိမ်၊ မြောင်းမြ အကျဉ်းထောင်

1B

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသား/အမျိုးသမီး (မွတ်စလင် အမျိုးသမီး ၇–ဦးအပါအဝင်) အကျဉ်းသားများအား တရားဟောပြခြင်း။

၁၅။ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီး တည်ဆောက်ရာတွင်လည်းကောင်း၊ မော်ဘီအမှတ် (၂) သံမဏိစက်ရုံ တည်ဆောက်ရာတွင် လည်းကောင်း၊ မြန်မာပြည် အရပ်ရပ် တပ်စခန်းသစ်များ တိုးချဲ့ဖွင့်လှစ်ရာ တွင် ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိမ်း၏ အစီအစဉ်ဖြင့်–

(က) ဆည်တော်ကြီး စိုက်ပျိုးမွေးမြူရေးတပ်

(ခ) ကူမဲမြို့ စိုက်ပျိုးမွေးမြူရေးတပ်

(ဂ) ပခုက္ကူမြို့ စိုက်ပျိုးမွေးမြူရေးတပ်

(ဃ) ကျောက်ပန်းတောင်းမြို့ ထင်းအစားထိုးလောင်စာ ထုတ်လုပ်ရေးတပ်

(င) မကွေးမြို့ ထင်းအစားထိုးလောင်စာ ထုတ်လုပ်ရေးတပ်

(စ) မော်ဘီမြို့ စိုက်ပျိုးမွေးမြူရေးတပ်

(ဆ) မြောက်ဥက္ကလာပမြို့ ထင်းအစားထိုးလောင်စာထုတ်လုပ်ရေးတပ်

(ဇ) ရွှေပေါက်ကံမြို့သစ် သံဇကာထုတ်လုပ်ရေးတပ်

(ဈ) တောင်ငူဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာတပ်

စသည့် တပ်စခန်းအသီးသီးတို့တွင်လည်းကောင်း၊ ဝိပဿနာတရားများ ဟောကြားပြသခြင်း၊ မြေသန့် မင်္ဂလာပြုခြင်း၊ အန္တရာယ်ကင်းပရိတ်ပဌာန်း၊ မေတ္တာဘာဝနာများ ရွတ်ဖတ်ပွားများပေးခြင်း၊

၁၆။ မိမိဇာတိမြေဖြစ်သော ကျွဲသောင်ကျေးရွာရှိ လွန်ခဲ့သည့်နှစ်ပေါင်း တစ်ရာကျော်က တည်ရှိခဲ့သော 'မြသိန်းတန်' စေတီတော်ကြီးကို အသစ်ပြုပြင်မွမ်းမံ၍ ရွှေထီးတော်အသစ်တင် လှူခြင်း၊

၁၇။ ကျွဲသောင်ကျေးရွာ အစိုးရမူလတန်းကျောင်းကို ငွေကျပ်သိန်း (၅၀၀) အကုန်အကျခံ၍ ကျောင်းဆောင်သစ် အဆောင်(၅)ဆောင်လှူဒါန်းကာ အလယ်တန်းကျောင်းခွဲအဖြစ် တိုးချဲ့ဖွင့်လှစ် နိုင်ရန် ဆောင်ရွက်ခဲ့ခြင်း၊

၁၈။ အင်္ဂပူမြို့နယ်၊ ခြောက်ရွာမှ ကျွဲသောင်ဖီးဖြူန်းအထိ ၅ မိုင်ကျော် ကျောက်ခမ်းလမ်းကို နယ်စပ်စည်ပင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် အကူအညီဖြင့် ဖောက်လုပ်ခဲ့ခြင်း၊ ကျွဲသောင်တံတား အရှည်ပေ ၁၅၀ နှင့် ဖီးဖြူကုန်းတံတား ပေ ၁၀၀ တို့ကို သွယ်တန်းဆောက်လုပ်ခြင်း၊

၁၉။ လေးမျက်နှာမြို့၊ ပရဟိတဂေဟာရှိ ကျောင်းသားလေးများအား (ပရဟိတဂေဟာနှင့်

www.burmeseclassic.com

www.burmeseclassic.com



လေးမျက်နှာမြို့ နယ်အသင်း၏ ဩဝါဒါစရိယအဖြစ်ဖြင့်) နှစ်စဉ် အလှူတော်ငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယခုအခါ သိန်းပေါင်း ၃၀၀ ကျော် လှူဒါန်းပြီးဖြစ်ခြင်း။

၂၀။ လေးမျက်နှာမြို့ဟောင်း မူလွန်ကျောင်းအတွက် ကျပ်သိန်း ၉၀ ကျော်လှူဒါန်းခြင်း၊

၂၁။ မိမိရိပ်သာတွင် ဆင်းရဲနွမ်းပါးသည့် ကလေးများနှင့် ရှမ်း၊ ပအိုဝ်း၊ ဝ စသော တိုင်းရင်းသား နှစ်ဆယ် ဦးတို့အား စားဝတ်နေရေးများကို တာဝန်ယူ၍ ပညာသင်စရိတ်များ ထောက်ပံ့ကာ (မူလတန်းမှ ဘွဲ့ရထိ) ပညာသင်ကြားပေးခြင်း၊

၂၂။ လေးမျက်နှာမြို့သစ် မြို့ဦးစေတီ တည်ထားရာတွင် လေးမျက်နှာမြို့ အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကြီးနှင့် မြို့သူမြို့သားတို့၏ လျှောက်ထားတောင်းပန်ချက်အရ အမြင့် ၄၅–တောင် (၆၇')ရှိ ရွှေတိဂုံပုံတူ စတုမုခဝေယျာသိဒ္ဓိ မြို့ဦးစေတီတော်မြတ်ကြီးကို ကိုယ်တိုင်ကြီးကြပ် ဦးစီးတည်ထားတော်မူခြင်း၊

၂၃။ နိုင်ငံတော် စီမံကိန်းအရ ဥတ္တိုကြာအင်းဒေသ စိုက်ခင်းဧရိယာနှင့် မြို့တော်စည်ပင် မှော်ဘီမြို့နယ် အထရကျေးရွာ ရေပေးဝေရေး စီမံကိန်းများတွင် မြေသန့်မင်္ဂလာပြုခြင်း၊ ပရိတ်ပဋ္ဌာန်း ရွတ်ဖတ်ခြင်း၊ ကမ္မဝါ စာများ ရွတ်ဖတ်ခြင်း၊ မေတ္တာဘာဝနာများ ပွားများခြင်း စသည်များဆောင်ရွက်ခဲ့ခြင်း၊

၂၄။ အကျယ် ၆ ဧကကျော်ရှိသော တောရတပ်ဦးကျောင်းတိုက်အတွင်း ယောဂီပေါင်း ၂၀၀၀– ကျော် တရားအားထုတ်နိုင်ရန် ကာလတန်ဖိုး ကျပ်သိန်း ၂–သောင်းကျော်ရှိ ဓမ္မာရုံ၊ ယောဂီအဆောက်အဦး ၄၀– ကျော်တို့ကို ဆောက်လုပ်ပြီးစီးပြီးခြင်း၊

ရောဝတီတိုင်း၊ လေဘေးသင့်ပြည်သူများအား ပြည်တွင်းပြည်ပရှိ တပည့်ဒကာ ဒကာမတို့၏ လှူဒါန်း ငွေနှင့် ထောက်ပံ့ကယ်ဆယ်ရေး ပစ္စည်းများကို ကိုယ်တိုင်သွားရောက် ဝေငှလှူဒါန်းခြင်း၊

ဤသို့လျှင် အမျိုးဘာသာ သာသနာနှင့် နိုင်ငံတော်အတွက် အဖက်ဖက်မှ စွမ်းအားရှိသမျှ ဆောင် ရွက်ရင်း ပြည်တွင်းမှာသာမက ကနေဒါ၊ အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျကဲ့သို့သော ပြည်ပနိုင်ငံများသို့ပါ ဓမ္မဒူတ သာသနာပြုခရီးများ ကြွရောက်လျက် တစ်ဖက်မှာလည်း ဝိပဿနာတရားများကို ကိုယ်တိုင်လည်း အားထုတ်၊ သူတစ်ပါးကို ဟောပြောပြသအားထုတ်စေ၍ သာသနာပြုလျက်ရှိပါသည်။

◦◦◦◦◦◦◦◦◦

ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနစရိယ)
တောရတပ်ဦးကျောင်းတိုက်
မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ ခွဲ (၇၇)
အောင်ဆန်းမြို့ အင်းစိန်မြို့နယ်၊
ဖုန်း-၀၁-၆၄၅၆၁၅/၆၄၅၇၉၇၊ ၀၉၅၁၀၂၄၄၅။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


- တရားဟောပလ္လင်ဖွင့် ပရိက် ၁
- တရားသိဖို့နဲ့ တရားရှိဖို့ ၅
- ဆန်ကြီးမကြီးပါစေနဲ့ ၁၃
- ရည်ရွယ်ချက်နဲ့လုပ်ဆောင်ချက် ၁၄
- ခန္ဓာရဲ့စကားကိုနားထောင် ၁၇
- လုပ်ဆောင်ချက်တည့်ပါစေ ၁၉
- ဆရာ အရေးကြီး ၂၃
- ဘုရားပွင့်မှ ပေါ်တဲ့အလုပ် ၂၅
- ဒိဋ္ဌိ အရင်ဖြုတ် ၂၉
- ဒိဋ္ဌိဖြုတ်နည်း ၃၃
- မသာကြီးချ မချချင်ပါနဲ့ ၃၇
- ကိုယ့်အကြောင်းကိုယ်သိတဲ့တရား ၄၃
- ကိုယ်မသိတာတွေ ၄၆
- သာသနာပြုဟူသည် ၄၉
- သာသနာပျောက်လျှင် ၅၂
- သာသနာစောင့် ၅၄
- အဆီခပ်စားကြသူများ ၅၆
- ဆိုင်းဘုတ်မတင်သည့် သာသနာပြုများ ၅၇
- အဝတ်အဆင်ထက် စိတ်အရေးကြီး ၅၈
- ကိုယ့်ကိုကိုယ်အားကိုး ၅၉
- သာသနာကိန်းလျှင် လူဖြစ်ကျိုးနပ် ၆၁
- ခန္ဓာအရှိနဲ့ ဉာဏ်အသိ ၆၅
- အဝိဇ္ဇာဟူသည် ၇၁
- ဘဝမမေ့နဲ့ ၇၃
- တရားခံဘယ်သူလဲ ၇၄
- အမြတ်လိုချင်လျှင် အရင်းစိုက် ၇၈
- ဆုတောင်းမမှားစေနဲ့ ၇၉


www.burmeseclassic.com

www.burmeseclassic.com

မာတိကာ


- အရှက်မရှိတဲ့ မျက်နှာတွေ ၈၀
- အရင်းအမြစ် ၈၅
- အရွတ်လောက်နဲ့မကျေနပ်နဲ့ ၈၈
- ကျေးဇူးရှင်ထင်နေ ၉၀
- ကိုယ့်ကိုသတ်တဲ့ရန်သူ ၉၁
- မိုက်လို့ပြန်တွေ့ကြတာ ၉၂
- အဖုံးငါးဖုံး ၉၄
- လက္ခဏာပညာ ၉၈
- ဘုရားပွင့်မှ သိရတယ် ၁၀၀
- ကံသုံးပါး ၁၀၁
- ပဋိစ္စသမုပ္ပါဒ်မှ လွတ်သောတရားမရှိ ၁၀၃
- အကောင်းဆုံးကျေးဇူးဆပ်နည်း ၁၀၄
- ၇-ရက်အတွင်း ချမ်းသာတော့မယ့်အလုပ် ၁၀၉
- ထင်ရာလုပ်လျှင်အရှုံး ၁၁၃
- သတ္တဝါအစ ၁၂၀
- ကြိုတင်လက်မှတ် ၁၂၄
- အကြီးမားဆုံးအပြစ် ၁၂၈
- အိပ်ရာဝင်ရှင်းတမ်းထုတ် ၁၃၁
- ဝိဇ္ဇာမ,တာမဟုတ် ၁၃၃
- အဓိကရန်သူ ၁၃၈
- ဗုဒ္ဓဘာသာစစ်စစ်ဖြစ်လိုသော် ၁၄၀
- ကိုယ့်အသုဘ ကိုယ်ကြည့် ၁၄၃
- ယောဂီတို့တက်ရမည့်လမ်း ၁၄၅
- စိတ်ကောင်းရှိက ချမ်းသာ ၁၅၀
- သောတာပန်ဖြစ်ဖို့အရေးကြီး ၁၅၁
- ဗုဒ္ဓဘာသာမှာ မရှိတဲ့အကျင့် ၁၅၂
- ဗုဒ္ဓဘာသာဝင်အစ ၁၅၃
- ကမ္ဘာငြိမ်းချမ်းရေးတရား ၁၅၅
- အဝိဇ္ဇာအုပ်ချုပ် ၁၅၆
- ဘုရားသာစုခေါ် ၁၅၇
- ဘယ်ကိုသွားမလဲ ယောဂီ ၁၅၉


www.burmeseclassic.com

www.burmeseclassic.com

မာတိကာ


| | |
|---|---|
| အထွတ်အထိပ်ရောက်လိုသော် | ၁၆၁ |
| ယနေ့ သူ့ဒွေးနောက်နေ့ခွေး | ၁၆၅ |
| ဘ၀ရောင်ခြည် | ၁၆၇ |
| ကိုယ့်အကြောင်းကိုယ်သိ | ၁၆၉ |
| ကျောက်ပြားတရားမဖြစ်စေနဲ့ | ၁၇၀ |
| နှလုံးသွင်းမှန်ဖို့ | ၁၇၃ |
| အစွန်းမရောက်ပါစေနဲ့ | ၁၇၅ |
| ယနကျေရဲ့လား | ၁၈၀ |
| တရုတ်ကြီးငါးစွဲဖြုတ်သလို | ၁၈၄ |
| အကြောင်းမဲ့မဟုတ် | ၁၉၀ |
| ၀ိဇ္ဇာမိုရ်ရဲတွေ ခေတ်စား | ၁၉၂ |
| အမှားကိုအမှန်ထင်တာ အနာဆုံး | ၁၉၄ |
| သံသရာသစ်ငုတ် | ၁၉၆ |
| ကိုယ့်ကိုကိုယ်အားနာပါ | ၁၉၉ |
| ခန္ဓာထဲအရောက်ပို့ | ၂၀၄ |
| အ၀ိဇ္ဇာခြေလှမ်းများ | ၂၀၅ |
| အဝိုင်းပြေးသံသရာ | ၂၀၆ |
| မျက်စိကိုမြင်အောင်ကြည့် | ၂၁၀ |
| အစွန်းနှစ်ပါးနှင့်အလယ်လမ်းစဉ် | ၂၁၃ |
| ပုဂ္ဂိုလ်သတ္တ၀ါရှာမရ | ၂၁၆ |
| အခံဓာတ် အတိုက်ဓာတ် | ၂၂၀ |
| ရတနာအစစ် | ၂၂၆ |
| ကိုယ်ပိုင်အလုပ်ကိုလုပ်ပါ | ၂၂၇ |
| ကံပစ်ချရာ | ၂၃၁ |
| ကံကိုနားမလည်ကြ | ၂၃၃ |
| နတ်သည် ကိုးကွယ်ရာလား | ၂၃၄ |
| ဘုရားစင် ကျက်သရေယုတ် | ၂၃၆ |
| အပါယ်ဘေးသင့်မှာစိုးလို့ | ၂၃၆ |
| ကူးတို့ခ | ၂၃၇ |
| နှစ်ခုတိုက် တစ်ခုပေါ် | ၂၃၈ |
| ခန္ဓာအရှိ ဉာဏ်အသိ | ၂၄၄ |


www.burmeseclassic.com

www.burmeseclassic.com

မာတိကာ


- အဝတ်ဝတ်ရင်း ခုနစ်စဉ်တန်း ၂၄၈
- အနာနဲ့ဆေး တည့်အောင်ပေး ၂၅၁
- သတိ–အသင့် ၂၅၂
- ရုပ်နာမ်သိလျှင် ဒိဋ္ဌိပြုတ် ၂၅၃
- ခေါင်းဖြီးတတ်ရဲ့လား ၂၅၅
- အဝိဇ္ဇာမျက်လုံးတွေ ၂၅၈
- သုံးတတ်လျှင်ဆေး ၂၆၀
- မနောပေါက် ၂၆၀
- တရားစောင့်လျှင် ၂၆၂
- အပျက်ကိုမြင်လျှင် ၂၆၄
- လိမ်းဆေးနဲ့မပျောက် ၂၆၅
- လောကွတ်တွေချော် ၂၆၆
- အရှုံးဖာတ်ခင်းရမယ် ၂၆၉
- အချစ်ဘယ်ကစ ၂၇၀
- ရေကန်၏အပြစ်မဟုတ် ၂၇၄
- အောင်နိုင်သူ ၂၇၄
- မသိပြုံး ပြုံးနေ ၂၇၆
- ဘဝစက်ဝိုင်း ၂၇၉
- မိအေးနှစ်ခါနာ ၂၈၀
- ညှော်သည် ၂၈၁
- မနစ်နာစေနဲ့ ၂၈၃
- ဝီရိယစိုက် ၂၈၄
- နိုင်းတာလုပ်နေရတာ ၂၈၅
- အတွင်းအပြင်ညှော်သည် ၂၈၇
- အလောင်းမကျန်တဲ့ခန္ဓာ ၂၈၉
- နားကြီးကြီးထောင် ၂၉၂
- ကံသာလျှင်အမိ ၂၉၃
- ကံနဲ့တင်းတိမ်နေလျှင် ၂၉၄
- ပေါ်တဲ့စိတ်ကိုရှု ၂၉၆
- ကံကောင်းဉာဏ်ကောင်းမည့်အလုပ်လုပ် ၃၀၁
- အသေသင်တန်းတက်နေတာ ၃၀၃


www.burmeseclassic.com

www.burmeseclassic.com

မာတိကာ


- တစ်ယောက်တည်း သွားရမှာ ၃၀၆
- အပြုံးနဲ့အမဲ့ ၃၁၀
- ဝိပဿနာအကျိုး ၃၁၁
- အလုပ်စခန်းဝင်ကြစို့ ၃၁၃
- ငါဘာလိုသေးလဲ ၃၁၈
- ကျေးဇူးဆပ်ခြင်း ၃၂၁
- အသိတစ်ချက် တစ်သက်စာ ၃၂၄
- ပါးစပ်ထဲ မသာချ ၃၂၆
- အိမ်ပြန်ရောက်ရင် ၃၂၉
- သစ္စာသိအောင်အရင်လုပ် ၃၃၁
- အရွတ်နဲ့ မကျေနပ်နဲ့ ၃၃၃
- ပဋ္ဌာန်းနဲ့ ခြိစည်းရိုးခတ်နေတယ် ၃၃၅
- ဓမ္မာဒါသ–တရားကြေးမုံ ၃၃၆
- ဘုရားသာခုခေါ် ၃၃၈
- လ–နေ နှစ်စင်းထွက်သလို ၃၄၅
- မိုးရွာနေတယ် ၃၄၈
- ဘာကြောင့်သာသနာထဲဝင်သလဲ ၃၅၀
- အရှိဖြစ်ပျက်အသိမဂ် ၃၅၉
- အာရုံလာသမျှရှု ၃၆၂
- ဝိပဿနာညစ်ညူးကြောင်းတွေ ၃၆၄
- ဆရာတပည့် တပည့်ဆရာ ၃၆၆
- ဖွတ်ဖမ်းသလိုဖမ်း ၃၇၁
- အမှန်းဉာဏ်ဝင်လာ ၃၇၂
- ခွေးသေကောင်ပုပ်ပမာ ၃၇၅
- ရထားကြီးစီးကြစို့ ၃၇၇
- နိဗ္ဗာန်ရချင်လို့ ၃၇၉
- နိဂုံး ၃၈၁




www.burmeseclassic.com

www.burmeseclassic.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏


## အောင်ဆန်းဆရာတော်၏ ထုတ်ဝေခဲ့ပြီးသော စာအုပ်များ

၁။ ဝိပဿနာမြင်ကွင်း (စတုတ္ထအကြိမ်)
၂။ သစ္စာအလင်းဓမ္မမြင်ကွင်း
၃။ အေးစေတီရင်ပြင်မှ ငြိမ်းချမ်းရေးဓမ္မဒေသနာ (ဒုတိယအကြိမ်)
၄။ ဗုဒ္ဓညွှန်ကြား မသေဆေးတရား (တတိယအကြိမ်)
၅။ Buddha's way of immortal medicine
(ထိုင်းဘာသာဖြင့်လည်း ဘာသာပြန်ဆိုထုတ်ဝေပြီး)
၆။ ဓမ္မသံစဉ် ရွှေသံလွင် ဗုဒ္ဓဘာသာမြင်ကွင်း (ဒုတိယအကြိမ်)
၇။ မွေခံထိုက်စေ လှူမှုဝေ၍ (တတိယအကြိမ်)
၈။ ဒါနပန်းဆင် လမ်းကောင်းထွင် (တတိယအကြိမ်)
၉။ ရင့်ကျက်စိတ်ထား ဉာဏ်စွမ်းအားဖြင့် (ပဉ္စမအကြိမ်)
၁၀။ Live and Die with Wisdom
(ရင့်ကျက်စိတ်ထား ဉာဏ်စွမ်းအားဖြင့် စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုခြင်း)
၁၁။ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြတ်လမ်း ဆယ်ရက်စခန်း အထူးသင်တန်း (စတုတ္ထအကြိမ်)
၁၂။ နေရေးဆင်ခြင် သေရေးမြင်
၁၃။ ဓမ္မအတွေး အမေးအဖြေများ
၁၄။ အဝိုင်းပြေးသံသရာ
၁၅။ တိရဏာပရိညာ
၁၆။ မိဘကျေးဖူးဆပ်ဖူးပြီလား
၁၇။ အလှူမတတ် ဒုက္ခထပ် (ဒုတိယအကြိမ်)
၁၈။ ဗုဒ္ဓအမွေအနှစ် စိန်ကေရာဇ်

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတော်ရှင်
# မိုးကုတ်ဆရာတော်ဘုရားကြီး၏
# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ
## လည်ပုံ ပြတ်ပုံ




**(လင်္ကာဆောင်ပုဒ်)** မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။

အဝိဇ္ဇာနှင့်တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်ဖြစ်ပြန်နည်းအလျှော်၊ ဗြဟ္မာ – သိကြား၊ စသည်များကထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မျှော်။

www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာ (၅) ပါး
- ရူပက္ခန္ဓာ .... .... ဖောက်ပြန်မှု သဘောတရားအစု (ရုပ် – ၂၈ ပါး)
- ဝေဒနာက္ခန္ဓာ .... .... ကောင်း၊ မကောင်း ခံစားမှု သဘောတရားအစု (ဝေဒနာ)
- သညာက္ခန္ဓာ .... .... မှတ်သားမှုသဘောတရားအစု (သညာ)
- သင်္ခါရက္ခန္ဓာ .... .... ပြုပြင်မှုသဘောတရားအစု (စေတသိက် –၅၀)
- ဝိညာဏက္ခန္ဓာ.... .... သိမှု သဘောတရားအစု (စိတ်)

အာယတန (၁၂) ပါး

ဓာတ် (၁၈) ပါး

| အခံဓာတ် (၆) ပါး | အတိုက်ဓာတ် (၆) ပါး | အပွင့်ဓာတ် (၆)ပါး |
|---|---|---|
| ၁။ မျက်စိအကြည် | ၁။ အဆင်း | ၁။ မြင်စိတ် |
| ၂။ နားအကြည် | ၂။ အသံ | ၂။ ကြားစိတ် |
| ၃။ နှာခေါင်းအကြည် | ၃။ အနံ့ | ၃။ နံစိတ် |
| ၄။ လျှာအကြည် | ၄။ အရသာ | ၄။ စားစိတ် |
| ၅။ ကိုယ်အကြည် | ၅။ တွေ့ထိစရာ | ၅။ ယား နာ ကောင်းစိတ် |
| ၆။ စိတ် (ဘဝင်စိတ်) | ၆။ ကြံတွေးစရာ | ၆။ တွေးတောစိတ် |

သစ္စာ (၄) ပါး
- ဒုက္ခသစ္စာ .... ဆင်းရဲခြင်းအမှန်တရား၊ ဖြစ်ဒုက္ခ–ပျက်ဒုက္ခ ပိုင်းခြားသိရမည့်တရား။
- သမုဒယသစ္စာ .... ဒုက္ခဖြစ်ကြောင်းအမှန်တရား၊ (တဏှာ–လောဘ) ပယ်ရမည့်တရား။
- နိရောဓသစ္စာ .... ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် (နိဗ္ဗာန်) မျက်မှောက်ပြုရမည့်တရား။
- မဂ္ဂသစ္စာ .... ဒုက္ခသစ္စာ၏ ချုပ်ကြောင်း၊ သမုဒယသစ္စာကိုပယ်ကြောင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုကြောင်း၊ အကျင့်မှန်တရား (မဂ္ဂင် ၈ ပါး) ပွားများရမည့်တရား။

**လောကီမဂ္ဂင် (၅) ပါး ရှုဉာဏ်တရား**

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | | ပညာမဂ္ဂင် | (၂) ပါး ။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး ။ |

**လောကုတ္တရာ မဂ္ဂင် (၈) ပါး**

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | | ပညာမဂ္ဂင် | (၂) ပါး ။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး ။ |
| သမ္မာဝါစာ | သမ္မာကမ္မန္တ | သမ္မာအာဇီဝ | သီလမဂ္ဂင် | (၃) ပါး ။ |

**စိတ္တာနုပဿနာရှုပွားနည်း**

အပြင်ညဲ့သည်စိတ် (၅) ခု
- ၁။ မြင်စိတ်
- ၂။ ကြားစိတ်
- ၃။ နံစိတ်
- ၄။ စားစိတ်
- ၅။ ယား၊ နာ၊ ကောင်းစိတ်

အတွင်းညဲ့သည်စိတ် (၆) ခု
- ၁။ လောဘစိတ်
- ၂။ ဒေါသစိတ်
- ၃။ မောဟစိတ်
- ၄။ အလောဘစိတ်
- ၅။ အဒေါသစိတ်
- ၆။ တွေးတောစိတ်

၁။ လေကိုထုတ်သောစိတ် ၂။ လေကိုသွင်းသောစိတ် **အိမ်သည်စိတ် ၂–ခု ။**

**ရှုပွားပုံရှုနည်းစနစ်မှာ –** အိမ်သည်စိတ် (၂) ခုကို အရင်းခံထား၍ မည်သည့်စိတ်ပေါ်ပေါ်၊ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်မလွတ်အောင် ရှုရမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဝေဒနာနုပဿနာ ရှုပွားနည်း

စိတ်နှင့် ဝေဒနာသည် ဖြစ်အတူ ပျက်အတူ သဟဇာတ တရားများ ဖြစ်သည်။

### အပြင်ဒြေ့်သည် ဝေဒနာ (၆) ခု

၁။ ဥပေက္ခာ ဝေဒနာသည် ........ မျက်လုံးမှာ ပေါ်သည်။
၂။ ဥပေက္ခာ ဝေဒနာသည် ........ နားမှာ ပေါ်သည်။
၃။ ဥပေက္ခာ ဝေဒနာသည် ........ နှာခေါင်းမှာ ပေါ်သည်။
၄။ ဥပေက္ခာ ဝေဒနာသည် ........ လျှာမှာ ပေါ်သည်။
၅။ သုခ ဝေဒနာသည် ........ ကိုယ်ပေါ်မှာ ပေါ်သည်။
၆။ ဒုက္ခ ဝေဒနာသည် ........ ကိုယ်ပေါ်မှာ ပေါ်သည်။

အထက်ပါဝေဒနာများကို အပြင်ဒြေ့်သည် (၆) ခုဟု ခေါ်သည်။

### အတွင်းဒြေ့်သည် ဝေဒနာ (၃) ခု

၁။ သောမနဿ ဝေဒနာသည် ........ စိတ်မှာ ပေါ်သည်။
၂။ ဒေါမနဿ ဝေဒနာသည် ........ စိတ်မှာ ပေါ်သည်။
၃။ ဥပေက္ခာ ဝေဒနာသည် ........ စိတ်မှာ ပေါ်သည်။

အထက်ပါဝေဒနာများကို အတွင်းဒြေ့်သည် (၃) ခုဟု ခေါ်သည်။

### အိမ်သည် ဝေဒနာ (၃) ခု

၁။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်ပြေနေသောအခါ (ဝင်လေ-ထွက်လေကို) သောမနဿ ဝေဒနာနှင့် ရှုရှိုက်နေသည်။

၂။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်မပြေသည့်အခါ (ဝင်လေ-ထွက်လေကို) ဒေါမနဿ ဝေဒနာနှင့် ရှုရှိုက်နေသည်။

၃။ တစ်ခါတစ်ရံ (ဝင်လေ-ထွက်လေကို) သောမနဿလည်းမဟုတ်၊ ဒေါမနဿလည်း မဟုတ်၊ ဥပေက္ခာဝေဒနာနှင့် အမှတ်မထင် ရှုရှိုက်နေသည်။

အထက်ပါဝေဒနာများကို အိမ်သည်ဟု ခေါ်သည်။

ဝေဒနာနုပဿနာ ရှုရာ၌ ပေါ်သည့်အချိန်၊ ပေါ်သည့်နေရာကို စောင့်၍ ရှုရမည်ဖြစ်သည်။ ဝေဒနာသည် ဒွါရ (၆) ပေါက်၌ အမြဲဖြစ်နေသည်။ မဖြစ်သည့်အခါမရှိ၊ ဖဿ ဖြစ်တိုင်းဝေဒနာ ဖြစ်သည်။ ဝေဒနာကို ရှုရာ၌ နာမှကျင်မှ ဝေဒနာမဟုတ်ပါ။ နာမှု ကျင်မှု မခံသာသည့်ဝေဒနာရှိသလို ၊ နာမှု ကျင်မှု ပျောက်ကင်းပြီး ခံသာသည့် ဝေဒနာလည်း ရှိသည်။ ခံသာသည် လည်းမဟုတ်၊ မခံသာသည်လည်းမဟုတ်၊ အလယ်အလတ် အမှတ်မဲ့ ခံစားမှု ဝေဒနာမျိုးလည်း ရှိသည်။ စိတ်နှင့် ဝေဒနာသည် သဟဇာတ တရားဖြစ်၍ စိတ်ဖြစ်တိုင်း ဝေဒနာဖြစ်သည်။

ဝေဒနာသည် ပေါ်လည်းပေါ်သည်၊ ပျက်လည်းပျက်သည်၊ ဝေဒနာနှင့်ငါ - မရောစေနှင့်၊ ဝေဒနာခွာ၍ အနိစ္စ မြင်အောင်ကြည့်၊ အနိစ္စတွေ့မှ လမ်းမှန်ကျမည်။

(ဤကား အကျဉ်းချုပ်သိရုံမျှသာ ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာနှင့် ပူးတွဲ၍ ကြည့်ရှုလေ့လာပါ။

## ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ
သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊
တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ
ဇရာမရဏံ၊သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ
မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိ

အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရ
နိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ
သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊
ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ
ဘဝနိရောဓော၊ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ၊ ဇရာမရဏံ၊သောက ပရိဒေဝ
ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

၁ မူလနှစ်ဖြာ .... .... အဝိဇ္ဇာ၊ တဏှာ။

၂ သစ္စာနှစ်ခု .... .... သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။

၃ လေးခုအလွှာ .... .... အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ။
ပစ္စုပ္ပန် အကြောင်းတစ်လွှာ၊ အနာဂတ် အကျိုးတစ်လွှာ။

၄ အင်္ဂါတစ်ဆယ့်နှစ်ပါး .... အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,
ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ။

၅ သုံးပါးအစပ် .... .... သင်္ခါရနှင့် ဝိညာဏ်တစ်စပ်၊ ဝေဒနာနှင့် တဏှာတစ်စပ်၊
ကမ္မဘဝနှင့် ဇာတိတစ်စပ်။ ။တစ်နည်း အတိတ်အကြောင်းနှင့်
ပစ္စုပ္ပန် အကျိုးတစ်စပ်၊ ပစ္စုပ္ပန် အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း၊
သို့မဟုတ် အနာဂတ်ဖြစ်ကြောင်း တစ်စပ်၊ ပစ္စုပ္ပန်အကြောင်း၊
သို့မဟုတ် အနာဂတ်ဖြစ်ကြောင်းနှင့် အနာဂတ်အကျိုးတစ်စပ်။

၆ ဝဋ်သုံးဝနှင့် .... .... ကိလေသဝဋ်သုံးပါး .... အဝိဇ္ဇာ တဏှာ ဥပါဒါန်
ကမ္မဝဋ်နှစ်ပါး .... သင်္ခါရ ကမ္မဘဝ
ဝိပါကဝဋ်ရှစ်ပါး .... ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ

ဝေဒနာ ဇာတိ ဥပပတ္တိဘဝ ဇရာမရဏ

မှတ်ချက် (ဖြစ်စဉ် - ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာမရဏ၊ ဟောစဉ် - ဇာတိဇရာမရဏ ဥပပတ္တိဘဝ)

၇ ကာလသုံးဖြာ .... .... လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊
နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလ။

၈ ခြင်းရာနှစ်ဆယ်.... ....
အတိတ်အကြောင်းအခြင်းအရာ ငါးပါး .... (အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ)
ပစ္စုပ္ပန်အကျိုး အခြင်းအရာ ငါးပါး .... (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ)
ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ငါးပါး .... (တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ)
အနာဂတ်အကျိုး အခြင်းအရာ ငါးပါး .... .... (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ)


www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတော်ရှင်
## မိုးကုတ်ဆရာတော်ဘုရားကြီး၏

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ

## လည်ပုံ ပြတ်ပုံ




(လက်ာဆောင်ပုဒ်) မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။

အဝိဇ္ဇာနှင့်တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်ဖြစ်ပြန်နည်းအလျှော်၊ ဗြဟ္မာ - သိကြား၊ စသည်များကထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ညဏ်ဖြင့်ရှု၍မျှော်။

www.burmeseclassic.com

www.burmeseclassic.com

**ခန္ဓာ (၅) ပါး**

- ရူပက္ခန္ဓာ .... .... ဖောက်ပြန်မှု သဘောတရားအစု (ရုပ် – ၂၈ ပါး)
- ဝေဒနာက္ခန္ဓာ .... .... ကောင်း၊ မကောင်း ခံစားမှု သဘောတရားအစု (ဝေဒနာ)
- သညာက္ခန္ဓာ .... .... မှတ်သားမှုသဘောတရားအစု (သညာ)
- သင်္ခါရက္ခန္ဓာ .... .... ပြုပြင်မှုသဘောတရားအစု (စေတသိက် –၅၀)
- ဝိညာဏက္ခန္ဓာ.... .... သိမှု သဘောတရားအစု (စိတ်)

**အာယတန (၁၂) ပါး**

**ဓာတ် (၁၈) ပါး**

| အခံဓာတ် (၆) ပါး | အတိုက်ဓာတ် (၆) ပါး | အပွင့်ဓာတ် (၆)ပါး |
|---|---|---|
| ၁။ မျက်စိအကြည် | ၁။ အဆင်း | ၁။ မြင်စိတ် |
| ၂။ နားအကြည် | ၂။ အသံ | ၂။ ကြားစိတ် |
| ၃။ နှာခေါင်းအကြည် | ၃။ အနံ့ | ၃။ နံစိတ် |
| ၄။ လျှာအကြည် | ၄။ အရသာ | ၄။ စားစိတ် |
| ၅။ ကိုယ်အကြည် | ၅။ တွေ့ထိစရာ | ၅။ ယား နာ ကောင်းစိတ် |
| ၆။ စိတ် (ဘဝင်စိတ်) | ၆။ ကြံတွေးစရာ | ၆။ တွေးတောစိတ် |

**သစ္စာ (၄) ပါး**

- ဒုက္ခသစ္စာ .... ဆင်းရဲခြင်းအမှန်တရား၊ ဖြစ်ဒုက္ခ–ပျက်ဒုက္ခ ပိုင်းခြားသိရမည့်တရား။
- သမုဒယသစ္စာ .... ဒုက္ခဖြစ်ကြောင်းအမှန်တရား၊ (တဏှာ–လောဘ) ပယ်ရမည့်တရား။
- နိရောဓသစ္စာ .... ဒုက္ခချုပ်သိမ်းချုပ်ငြိမ်းရာအမှန် (နိဗ္ဗာန်) မျက်မှောက်ပြုရမည့်တရား။
- မဂ္ဂသစ္စာ .... ဒုက္ခသစ္စာ၏ချုပ်ကြောင်း၊ သမုဒယသစ္စာကိုပယ်ကြောင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုကြောင်း၊ အကျင့်မှန်တရား (မဂ္ဂင် ၈ ပါး) ပွားများရမည့်တရား။

## လောကီမဂ္ဂင် (၅) ပါး ရှုဉာဏ်တရား

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | | ပညာမဂ္ဂင် | (၂) ပါး ။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး ။ |

## လောကုတ္တရာ မဂ္ဂင် (၈) ပါး

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | | ပညာမဂ္ဂင် | (၂) ပါး ။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး ။ |
| သမ္မာဝါစာ | သမ္မာကမ္မန္တ | သမ္မာအာဇီဝ | သီလမဂ္ဂင် | (၃) ပါး ။ |

## စိတ္တါနုပဿနာရှုပွားနည်း

**အပြင်ညှော်သည့်စိတ် (၅) ခု**

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယား၊ နာ၊ ကောင်းစိတ်

**အတွင်းညှော်သည့်စိတ် (၆) ခု**

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၆။ တွေးတောစိတ်

၁။ လေကိုထုတ်သောစိတ် ၂။ လေကိုသွင်းသောစိတ် **အိမ်သည်စိတ် ၂–ခု ။**

**ရှုပွားပုံရှုနည်းစနစ်မှာ –** အိမ်သည်စိတ် (၂) ခုကို အရင်းခံထား၍ မည်သည့်စိတ်ပေါ်ပေါ်၊ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်မလွတ်အောင် ရှုရမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၇)

တရားအလုပ်၊ အားမထုတ်၍
ကျားကုတ်ကျားခဲ၊ ကျွန်ပ်ဆွဲလျက်
ဆင်းရဲတွင်းနက်၊ ကဗျာလက်အား
စိတ်စက်တန်ဖိုး၊ ရက်ဖွယ်နှိုးအံ့
"ရွှေမိုးခြိမ်းသံ"၊ "စည်းဟိန်းသံနှင့်"
နာခံမညည်း၊ ကဗျာထီးနှင့်
ဖွဲ့စည်းပူဇော်၊ ကျေနပ်ပျော်မိ
ချေးညော် မသန့်၊ ရမ္မက်နံ့လည်း
မဆန့်ကိုယ်တွင်း၊ မှောင်မလင်းခဲ့
ဖန်ဆင်း"မြေလတ်၊ မင်းလွင်" ကပ်၍
တပ်ဦးအောင်ဆန်း၊ မိုးကုတ်လှမ်းဖို့
ကြိုးပမ်းဂုဏ်မြောက်၊ "တက်လူ"ရောက်ပေ့ါ
အံ့လောက်ဖူးမြော်၊ ဆရာတော်လည်း
ကျောင်းတော် အောက်မြိုက်၊ တရားကြိုက်တို့
အမြိုက်နိဗ္ဗူ၊ အသံလှူ၍

ကြည်ဖြူစောင့်မျှော်၊ ဇရပ်ပေါ်တည့်
ညှော်တော်ဝတ်ဆင့်၊ "ဒဂုဏ်မြင့်"ကြောင့်
စားခွင့်ကြုံလာ၊ ဝမ်းတောင့်ရှာ၏
ဆရာတော်ကြီး၊ တရားပြီးသော်
ကြိုဆီးညှော်ထောက်၊ ကျောင်းပေါ်ရောက်ခဲ့
ဝမ်းမြောက်နှစ်လို၊ စွန့်ကြဲပို၍
အိမ်ကိုပြန်လမ်း၊ သံဝေခန်းနှင့်
ရေးစွမ်းဂုဏ်ရည်၊ ကဗျာရှည်နှင့်
ဆယ်လီလက်စုံ၊ ကန်တော့ပုံသည်
အာရုံအကြင်နာ ဖြတ်လမ်းကြောင်း
စာဂုဏ်အလင်္ကာ မှတ်တမ်းကောင်း
တရားစစ်အားသစ် ချင်ဘိတောင်း ... ။







www.burmeseclassic.com

www.burmeseclassic.com



(ဂ)

အမြတ်လိုခိုက်၊ အရင်းစိုက်၍
ဆိုက်ပွားသတိ၊ သမာဓိနှင့်
ဆုပြည့်တောင်းလေ၊ မမှားစေနှင့်
ခက်ဖြေတရား၊ မျက်နှာထားနှင့်
အသား အရွတ်၊ ခွဲခြားညွှတ်ကြ
မြတ်ထွတ် ဂုဏ်တင်၊ ကျေးဇူးရှင်ဟု
အယဉ်အကျေး၊ တရားနွှေးလျက်
သတ်ရေးစစ်ခင်း၊ မရဏမင်းနှင့်
ရှောင်ကွင်းမရ၊ မမိုက်ကြဖို့
"လောဘ ဒေါသ၊ မိုက်မောဟဖြင့်
မာန ဆင့်ကမ်း၊ ဒိဋ္ဌိလမ်းသို့
ကြမ်းတမ်းခက်ထန်၊ မစုန်ဆန်နှင့်"
ကံသုံးပါးစုံ၊ စောင့်စည်းလုံသော်
ဝတ်ရုံသီလ၊ အာစာရတည့်

ဘဝချမ်းသာ၊ ဆယ်ရက်တာမို့
ထင်ရာမလုပ်၊ စိတ်တည်းချုပ်လော့
မြုပ်မျောလာကြ၊ သံသာရလည်း
ကယ်မ,သသူ၊ မိုးကုတ်မူတည့်
ဖြူသောစိတ်ရင်း၊ သဒ္ဓါခင်း၍
အလင်းပညာ၊ ဝိပဿနာပေါ့
ခန္ဓာဉာဏ်ဖွင့်၊ ပါရမီရင့်အောင်
ကျင့်ကြစေလို၊ တရားကြိုခဲ့
အဝိုလည်းရပ်၊ အရယ်ရပ်သော်
အမြတ်လမ်းစဉ်၊ ကျွတ်တမ်းဝင်မည်
အထင်အရှား တရားတက်
အမြင်အကြား စကားဝုက်
ဆယ်ရက်စခန်း အောင်လမ်းဆက် ... ။

www.burmeseclassic.com

www.burmeseclassic.com



(၉)


ဗုဒ္ဓမြတ်စွာ၊ အာနန္ဒာတို့
မေးလာသံခိပ်၊ ကမ္ဘည်းနှိပ်သော်
ပဋိစ္စသမုပ္ပါဒ၊ ဂမ္ဘီရတည့်
"ဖွင့်ပြလေးနက်၊ နက်နဲခက်နှင့်
နက်နဲသယောင်၊ ထင်လွှယ်ဆောင်သတဲ့"
ဖြေယောင်တကား၊ "မြတ်ဘုရားမှ"
"ညီဖွား အာနန်၊ ချည်ရှုပ်ဟန်နှင့်
ဖြူဆံမြက်မှိုက်၊ စာပေါင်းသိုက်သို့
ရှုပ်ခိုက်မရှင်း၊ ချမ်းသာကင်းသော
လားခြင်းမကောင်း၊ သံသာချောင်းကို
လှိုင်းခေါင်းရေရှင်၊ ဆောင်အသွင်တဲ့"
ချည်ခင်လိမ်ရှုပ်၊ အမယ်ဘုတ်သို့
မိုးချုပ်နေဝင်၊ ရှင်းမထွင်ဘူး
"အမြင့်ခန္ဓာ၊ အဆင်ရာ၍
အကြင်နာကျွေး၊ ပိုးလိုမွေးကြ
သေဘေးကျရောက်၊ ရုပ်နာမ်ပျောက်လိမ့်"



"ကြောက်တတ်စမ်းပါ၊ ကြည့်စမ်းပါ"ဟု
"ရောက်တတ်စမ်းပါ၊ ရစမ်းပါ"ဟု
ကဗျာတင့်ဆန်း၊ ဖွင့်ပြခန်းနှင့်
အောင်ဆန်းဆရာတော်၊ ပလ္လင်ပေါ်က
ကြွေးကြော်ဟောပြ၊ နာချင်စွတည့်
ရင်မှ ဝေဒနာ၊ စေတနာနှင့်
သဒ္ဓါလွှန်ကဲ၊ သံသရာဝဲမှ
ဆွဲထုတ်ချင်စမ်း၊ တရားစွမ်းသည်
တက်လမ်းကြိုမြင် စိတ်ကြံပေါ် -
မဂ်လုမ်းဖိုလ်ဝင် နိဗ္ဗာန်မျှော် -
တရားပြ အားကျ မျိုးဆွေတော် ... ။

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

ပရိတ် ပဠာန်း၊ မေတ္တာစွမ်းဖြင့်
အေးချမ်းစေရာ၊ ကမ္မဝါစာနှင့်
ဘာဝနာနည်း၊ သစ္စာစည်းနှင့်
ကိုယ်ထီးချမ်းသာ၊ သူချမ်းသာအောင်
ပါရမီဖြန့်၊ ရာသီသန့်၏
ကျန်းခံ့သာရေး၊ အရှင်တွေး၏
"မွေးနေ့ထိမ်းမှတ်၊ ရဟန်းမြတ်တို့
ဝိပဿနာ၊ ပွားတတ်ရာစေ ...
ဖန်ဝါသက်န်း၊ ပရိက္ခရာထမ်း၍
ရဟန်းသုံးရာ(၃၀၀)၊ လှူဒါန်းရာလျက်
ကြံ့လာဒုလ္လဘ၊ မွေခံရ၏"
"ဒါန ပန်းဆင်၊ လမ်းကောင်းထွင်"သို့
ကြည်လင်စိတ်သန်၊ မဂ်လမ်းစံရေး
"မွေခံထိုက်စေ၊ လှူမှုဝေ၍"
စာပေမှတ်တိုင်၊ စိုက်ထူနိုင်၏
ပိုင်ဆိုင်သမျှ၊ ဘာတစ်ခုမျှ
ယုယစရာ၊ မရှိပါဟု
ဆရာတော်ကြီး၊ စိတ်ခရီးဖြင့်
နိဿရည်း ယူလာ၊ သာသနာတည့်
မဟာကမ္မဋ္ဌာနာစရိယ၊ ဘွဲ့ထူးရစေ
လုံ့လ ကြိုးကိုင်၊ တရားထိုင်လျက်
ကြံ့ခိုင်သတိ၊ သမာဓိနှင့်
တပည့်ဆရာ၊ အသိသာအောင်
ရှေ့မှာ သတ်မှတ်၊ ဖြတ်လမ်းရပ်သည့်
ရှုတတ် ပွားတတ် စကားနည်း (နဲ့)
စုအပ် ကြားအပ် တရားပွဲ -
ခန္ဓာ ဉာဏ်ရောက် ဆောက်တည် မြဲ...။



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

သားကောင်းတစ်ယောက် . . .
ကျောက်ကောင်းတစ်စေ့ . . .
ကြည်မွေ့မေတ္တာ၊ မိဘရှာလည်း
ပညာမျက်ဖွင့်၊ ပန်းနယ်ပွင့်သို့
ငှူခွင့် လူရေး၊ ပန်းနယ်မွှေး၏
ပြုရေးရှိက၊ ပြုတတ်စွ ဟု
ကဗျာ့ဝိဒူ၊ သာဓုလှူတည့်
ယူတတ်လျှင်ရ၊ မ,တတ်ကြွမို့
ဗုဒ္ဓသားကျော်၊ ဆရာတော်အား
တော်ခြင်းအစ၊ ကျော်ခြင်းရှုလိမ့်
နည်းဥပဠာယ်၊ ပညာကြွယ်သား
ရွယ်တိုင်းထိခတ်၊ ပဋိပတ်နှင့်
အမြတ်စခန်း၊ မပြတ်လှမ်းရင်း
ရဟန်းမှတ်သိ၊ ပောပြောဘိက
အရိယာနယ်၊ ရွှေ့ရောက်လွယ်၏
ဉာဏ်ကျယ်စုရပ်၊ ကမ္ဘာပတ်လျက်
ဖြတ်လမ်းတရား၊ မှတ်တမ်းထားခဲ့
စွမ်းအား ဉာဏ်သစ်၊ ခဲတစ်ပစ်မှ
ပစ်သည့် အားနောက်၊ တရားရောက်လိမ့်
လျှောက်ထားသံကြည်၊ ကဗျာရည်၍
ခါမှီစာအုပ်၊ ဂုဏ်မဲ့ရှုပ်လိမ့်
ဉာဏ်ထုပ်ကဗျာ၊ ဟန်ရုပ်ပါသော်
ဆရာတော်ဘုရား၊ ခွင့်လွှတ်သနားဖို့
စာသားကြေညာ၊ ဖြတ်လမ်းရှာသည်
အကြင်နာတေး ကြွေးကြော်ဆက်
မင်္ဂလာပေး ဆေးဖော်ရက်
ကြိုးကုတ်နေရေး တွေးပျော်ခက်
မိုးကုတ် ရေဖွေး အေးမျှော်လျက် . . . ။

တက်လူ (အမျိုးသားစာပေကဗျာဆု (၂) ကြိမ်ရ)
နေ့စွဲ ၃၁ -၁၂ -၂၀၀၄ ခုနှစ်၊ နံနက် (၁၁) နာရီ


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းဆရာတော်


# ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ

(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)

# ပဋိစ္စသမုပ္ပါဒ် ပြတ်လမ်း

၁

(၁၀)ရက်စခန်းအထူးသင်တန်း





www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ■ ၃၂၀၃၉၃၀၇၀၉
မျက်နှာဖုံးခွင့်ပြုချက် ■ ၃၂၀၃၄၁၀၇၀၉
ထုတ်ဝေသည့်ခုနှစ် ■ ဇူလိုင်လ၊ ၂၀၀၉ ခုနှစ်
အကြိမ် ■ ပထမအကြိမ်
အုပ်ရေ ■ ၁၀၀၀ အုပ်
တန်ဖိုး ■ -
ဂရပ်ဖစ်ဒီဇိုင်း ■ ကိုနေဝင်းအောင်
စီစဉ် ■ ကိုရွှေသောင်းဝင်း
ဖြန့်ချိရေး ■ မိုးကုတ်ဝိပဿနာဗမ္မရိပ်သာအဖွဲ့ခွဲ (၇၇)၊
အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်၊
စဉ့်ငူရပ်ကွက်၊ အောင်ဆန်းမြို့ဖုန်း- ၆၄၅၇၉၇
ထုတ်ဝေသူ ■ ဦးမောင်မောင်လှ (မြ ၀၅၇၄၅)
အမှတ်-၉၀(စီ)၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
အဖုံးနှင့် အတွင်းပုံနှိပ် ■ ရွှေနိုင်ငံပုံနှိပ်တိုက်
အမှတ်-၉၀(စီ)၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၅၄၈၀၄၂၊ ၅၄၅၂၆၃

"ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း" (CIP)

အောင်ဆန်းဆရာတော် ၂၉၄.၃
ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
ပဋိစ္စသမုပ္ပါဒ်ပြတ်လမ်း / အောင်ဆန်းဆရာတော် ဘဒ္ဒန္တ
သဒ္ဓမ္မကိတ္တိသာရ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)။ ရန်ကုန်။
ရွှေနိုင်ငံစာပေ၊ ၂၀၀၉။
၁၈၂ - စာ၊ ၁၈.၄၂ × ၂၆.၀၄ စင်တီ။
(၁) ပဋိစ္စသမုပ္ပါဒ်ပြတ်လမ်း


www.burmeseclassic.com

F1.B

www.burmeseclassic.com



# ဖြတ်လမ်းတီထွင် တရားရှင်
# ကြည်လင်ရေချိုး မိုးကုတ်မိုး

(၁)

ပဋိစ္စသမုပ္ပါဒ်၊ ဖြတ်လမ်းရပ်သို့
အမြတ်စခန်း၊ မပြတ်လုမ်းရင်း
ဘယ်ကျမ်းနှင့်ညှိ၊ ဘယ်အသိစေ
ဘယ်ဝေဒနာ၊ ဘယ်သစ္စာနှင့်
ဆရာတော်မိုးကုတ်၊ ကိုင်ပြလှုပ်၍
ရုပ်မြင်,နာမ်မြင်၊ ဖြစ်,ပျက်ထင်လျက်
ဆင်ခြင်တိုင်းသိ၊ ဉာဏ်မျက်စိဖြင့်
"ကိတ္တိသာရ၊ သဒ္ဓမ္မ"ဟု
ဉာဏခေါင်ဖူး၊ ပါရမီထူးခဲ့
ရင့်ကျူးနှုတ်စွမ်း၊ မေတ္တာကျွမ်းထင့်
ဝမ်းသာပီတိ၊ ကိုယ်တိုင်သိမှ

လှည့်ခဲ့စက်ဝိုင်း၊ နှိုင်းခဲ့ဥပမာ
နာခဲ့ရွှေနား၊ ပွားခဲ့သမာဓိ
ဝိပဿနာ၊ သိမှတ်ရာကို
ဆရာတစ်ဆူ၊ မိုးကုတ်မှုနှင့်
အယူအဆ၊ ထပ်တူကျအောင်
အပြု,အပြော၊ ဘဝချောအောင်
တောရတပ်ဦး၊ ကျင့်ကြံထူးသို့
မြော်ဖူးကြည်ညို၊ တက်လူအိုလျှင်
စာဆိုစိတ်ပန်း၊ ပူဇော်ခန်းသည်
ရောင်လျှမ်းသဒ္ဒါပေါ် ကြုံမြင်ဖူး
အောင်ဆန်းဆရာတော် ဂုဏ်အင်ထူး•••။

www.burmeseclassic.com

www.burmeseclassic.com



(၂)

ဆရာတော်အောင်ဆန်း၊ ကြည်ညိုခန်းမှ
ဖြတ်လမ်းတရား၊ သစ္စာထားနှင့်
စာပါးဝစေ၊ ဖတ်ရှုစေသော
"ကိုရွှေသောင်းဝင်း"၊ ကောင်းသတင်းနှင့်
အလင်းလမ်းပေါ်၊ "လူတို့"ပျော်အောင်
စာတော်စိတ်ပန်း၊ စိတ်စခန်းတွင်
စိတ်စွမ်းထက်မြက်၊ စိတ်စားကျက်နှင့်
စိတ်စက်တန်ဖိုး၊ စိတ်ကောင်းနိုးကြ
စိတ်ဆိုးစိတ်ယုတ်၊ စိတ်ဖယ်ထုတ်ကြ
စိတ်လှုပ်ရှားရာ၊ ရုပ်အိုနာသော်
ချမ်းသာမမြဲ၊ ဆင်းရဲမလွတ်
မကျွတ်ဝဋ်နှောင်၊ ဒုက္ခကောင်ဟု

စိတ်ဆောင်သောရုပ်၊ အကောင်ပုပ်ဟု
အလုပ်ပေးတရား၊ စာနာကြားခဲ့
"တရားမသိ၊ အားမပြည့်လျှင်
မှားမိသည့်ဝန်၊ လွန်မိသည့်ပြစ်
ချစ်မိသည့်ရင်၊ သံယောဇဉ်တို့
ဝင့်မှျင်မပြတ်၊ ချည်တိုင်ထပ်လိမ့်
ကံဇာတ် အမွေ၊ အိုနာသေလည်း"
"ငွေပေးမရ၊ အိုကြရတည့်"
"ရွှေပေးမရ၊ နာကြရတည့်"
"နေရေးမရ၊ သေကြရတည့်"
ဗုဒ္ဓသားကျော်၊ ဆရာတော်သည်
တောပျော်စွန်ဖျား မြတ်တရားသိ
ဟောဖော်ညွှန်ကြား မှတ်သားမိ။



www.burmeseclassic.com

www.burmeseclassic.com





(၃)

မေတ္တာထုထယ်(ထည်)၊ ခိုင်ခံ့ကြွယ်၍
ရင်ဝယ်ပိုက်ဖွား၊ ရင်သွေးသားသို့
ပွားလေသည့်စိတ်၊ ဖိတ်လေသည့်လက်
မြွက်လေသည့်နှုတ်၊ မေတ္တာသုတ်နှင့်
ချစ်ရုပ်ချိုးငှက်၊ ပခုံးထက်၌
နှုတ်ဆက်ဖုန်းမြတ်၊ မေတ္တာအပ်ခဲ့
တော်စပ်ခဲ့ပေါင်း။ ဘဝဟောင်းလည်း
ပြန်ပြောင်းမြင့်ခက်၊ ကြောင်းကျိုးဆက်တည့်
သက်ရောက်မေတ္တာ၊ ကရုဏာနှင့်
စာနာတတ်သော၊ မြတ်မနောပေ့ါ
တောရပ်ငြိမ်ဆိတ်၊ တရားစိတ်ကြောင့်
အပဟိတ်တိရစ္ဆာန်၊ ယဉ်ပါးဟန်ထင့်
ကျင့်ကြံပွားစီး။ မိုးကုတ်နည်းဖြင့်
ခရီးတမန်၊ အမေရိကန်သို့
မွေ့အမွှေ၊ စံပြစေလျက်
"နေရေးဆင်ခြင်၊ သေရေးမြင်"ဟု
"အရှင်သဒ္ဓမ္မ၊ ကိတ္တိသာရ"လျှင်
ဟောပြခဲ့ပြား။ သံရုံးသွားသော်
ရင်ကြားခိုငှက်၊ ဆရာ့လက်အား
နားလျက်ကြည်ဖြူ၊ မေတ္တာယူ၏
မြင်သူကြည်ညို၊ မေတ္တာကြို၍
ကိုယ်ချင်းစာချစ်၊ မေတ္တာစစ်သည်
မေတ္တာတန်ဖိုး တန်ခိုးထွား
သစ္စာဉာဏ်ကိုး အကျိုးများ ။

www.burmeseclassic.com

www.burmeseclassic.com



(၄)


ခန္ဓာငါးပါး၊ သတိပြားနှင့်
ပစ်ထားဉာဏ၊ အာယတနနှင့်
ဓာတ်ကျမြင့်လွယ်၊ သစ္စာနယ်သို့
ရည်ရွယ်ချက်မှန်း၊ အထူးသင်တန်းဟု
စခန်းဆယ်ရက်၊ အစွမ်းထက်ခဲ့
ဒက်ခနဲသိ၊ ထိခနဲဖြစ်
စစ်ခနဲပျက်၊ လက်ခနဲမြင်
သွန်သင်ဆုံးမ၊ နလုံးလှအောင်
တောရတပ်ဦး၊ မိုးကုတ်ကျူးကြ
ဖြူးသောလမ်းကြောင်း၊ကောင်းသောစိတ်ဓာတ်
မြတ်သောလမ်းစဉ်၊ ကျွတ်တမ်းဝင်လိမ့်
ယဉ်ကျေးထာကျ၊ စွမ်းထာမဖြင့်
လောကနှင့်လူ၊ အဆင်တူလည်း
မြင်မှုကွဲပြား၊ သိဉာဏ်ပွားအံ့
တရားသစ္စာ၊ အားသစ်လာသော်
ဆရာတော်ဘုန်း၊ ဉာဏ်လက်ရုံးသို့
အပြုံးပန်းဝေ၊ အို ･ ･ ･ ဖေမေဟု
ဆွေတော်မျိုးတော်၊ အကျိုးမျှော်၍
ထောင်ကျော်ယောဂီ၊ မြတ်လမ်းချီခဲ့
စည်ပင်ပြန့်ပွား၊ အကျိုးများအောင်
စကားမို့ဆို၊ ပျားသို့ချိုအောင်
“မိုးညိုခြိမ်းသံ”၊ “စည်ဟိန်းသံနှင့်”
“မြင်းခြံစွန်းလွန်း”၊ “ချမ်းမြေ့ယွန်းလျက်”
“ညွှန်းတောင်ပုလု”၊ သစ္စာရှုရင်း
ကရုဏာပေး၊ တရားနွေးသည်
အေးအတိတ်ဆောင်၊ ရောက်အောင်ပို့
ရေးနိမိတ်အောင် နောက်နောင်သို့ ။



www.burmeseclassic.com

www.burmeseclassic.com





(၅)

ဆန်ကြီး မကြီး၊ ဉာဏ်ခေါင်းထိုးနှင့်
ခရီးကြမ်းတမ်း၊ ဒုက္ခလမ်းမှ
ဖြတ်သန်းခန္ဓာ၊ ထောင်နားနာကြ
သာရိပုတ္တရာ၊ နှစ်ဦးခါက
ပွဲလားကြည့်စဉ်၊ သံဝေမြင်သို့
ခင်တွယ်စရာ၊ ရုပ်ခန္ဓာလား ?
ဆရာရှာမှီး၊ အရေးကြီးဟု
ဉာဏ်ကြီးကြီးပန်၊ လက်ဝေခံကြ
"လုံစူးရင်ဝ"၊ "ပြာကျဆံဦး"
"မှားကျူးဒိဋ္ဌိ"၊ ရောင်ကြည်ဘိက
သတိခလုတ်၊ မထိရုပ်ပေါ့
ဆုတ်ပြန်မသာကြီး၊ အချ, နည်းလိမ့်
ဘုန်းကြီးပါးစပ်သုံး၊ လမ်းမဆုံးနှင့်
ရှန်းကန်ဖို့ရာ၊ သင့်ဝန်တာဟု
လာခြင်းကောင်းမျိုး၊ လူတောတိုးဟု
လူမျိုးဘာသာ၊ သာသနာနှင့်
ရောင်ဝါနေစက်၊ ဂယောဆက်ကြ
ဖြစ်,ပျက်,ရုပ်နာမ်၊ မြေသုသာန်နှင့်
မြှုပ်နှံခဲ့ပေါင်း၊ ဘဝညောင်းခဲ့
အလောင်းပြာပုံ၊ ရေတွက်ကုန်ဘူး
ကြုံလမ်းအစွဲ၊ ဆုံးလွှမ်းကွဲ,အဲ့
နက်နဲပညာ၊ ဘာဝနာနှင့်
ဆရာစဉ်ဆက်၊ ဟောပြောကွက်နှင့်
သက်ဝင်ယုံကြည်၊ ဥဒါန်းပီသည်
နေရီချုပ်မိုး ထိန်တကား -
စေတီအုပ်စိုး ငြိမ်တကား ... ။


www.burmeseclassic.com

www.burmeseclassic.com

(၆)

မိုးကုတ်မြတ်ဆရာ၊ ရဟန္တာဟု
သူငါမှတ်စွဲ၊ အသိမြဲကြ
ဖြစ်ဆဲခဏ၊ ပျက်ခဏနှင့်
"အပ္ပမာဒေန သမ္ပာဒေထ"ဟု
မှုလနှစ်ဖြာ၊ သစ္စာနှစ်ခု
လေးခုအလွှာ၊ အလင်္ကာနှင့်
ဆရာစက်ဝိုင်း။ တင်သမိုင်းနှင့်
အနှိုင်းခံပုဒ်၊ နှာမ်နှင့်ရုပ်ပေါ့
အလုပ်ပေးထား။ မြတ်တရားမို့
စပ်ကြားထင်လာ၊ အလင်းရှာရင်း
ခန္ဓာအရှိ၊ ဉာဏ်အသိနှင့်
သတိပဋ္ဌာန်၊ လေးပါးကြံခဲ့
နောက်ဆံမတင်း၊ ဝဋ်ကံငြင်းလျက်
အရင်းထဲမှ၊ အမြတ်ရအောင်
အရှုလည်းခံ၊ အရှုဉာဏ်နှင့်
နက်ဖြန် ယနေ့၊ တရားတွေ့အံ့
"လေ့လာကြာတတ်၊ ဆရာမြတ်လျှင်
ပါးစပ်ဖျားတင်၊ တရားရှင်"ဟု
မြင်နိုင်ကြိုးစား၊ ယိုးမမှားဖို့
ကိုးကားခဲ့ပေါင်း။ ကျမ်းအိုဟောင်းတည့်
ပန်းကောင်းတပည့်၊ ပန်ခဲ့သိ၍
မွေးမိရပ်ခြား၊ နိုင်ငံခြားသို့
တရားဆီနှစ်၊ နားကြပ်ချစ်ခဲ့
ဖြစ်ပျက် မှုချ၊ ရုပ်ဝါဒမှ
ဗုဒ္ဓလမ်းစဉ်၊ လွတ်လမ်းထွင်သည်
အောင်မြင်အောင်ပို့ အောင်ဆန်းမြို့
နောင်လျှင်နောင်ဖို့ ဆောင်စွမ်းစို့ ... ။





www.burmeseclassic.com

www.burmeseclassic.com






ပြည်တွင်းပြည်ပ သာသနာပြု

# အောင်ဆန်းဆရာတော်

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယက၊

မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၇၇)

အောင်ဆန်းတောရတာပ်ဦးကျောင်းတိုက်၏ ဦးစီးပဓာနနာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ

## ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်းကျမ်းပြုဆရာတော်

www.burmeseclassic.com



အမေရိကန်သာသနာပြုခရီးကြွရောက်စဉ် ရန်ကုန်လေဆိပ်၌
လိုက်ပါပို့ဆောင်သူများနှင့်အမှတ်တရ



၂၀၀၆ခုနှစ်၊ အမေရိကန်ရောက်ရှိစဉ် လာရောက်ကြိုဆိုကြသူများ

www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင်းပြည်ပသာသနာပြု

သာသနာပြုခရီး

# အောင်ဆန်းဆရာတော် ၏

# အမေရိကန်နိုင်ငံ သာသနာပြုခရီးမှတ်တမ်း











2006
August






အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ မြန်မာသံရုံး မိသားစုများ၏ နေအိမ်၌ အောင်ဆန်းဆရာတော် တရားရေအေး တိုက်ကျွေးနေစဉ် (ဩဂုတ်-၂၀၀၆ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com



ကုလသမဂ္ဂအဆောက်အဦးတွင်
ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်များ၏
ဓာတ်ပုံများနှင့် အမှတ်တရ




ကုလသမဂ္ဂ (UN)
အဆောက်အဦးတွင်
ကမ္ဘာ့ဗုဒ္ဓပူဇော်ပွဲ




ကုလသမဂ္ဂ (UN) တွင်
မြန်မာနိုင်ငံအလံတော်နှင့် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ချီကာဂိုဆိပ်ကမ်း Paradise
သင်္ဘောကြီးရှေ့တွင် အမှတ်တရ



ချီကာဂိုဆိပ်ကမ်း

ချီကာဂိုမြို့ (U.S.A)
တရားပွဲအပြီး အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



နယူးယောက်မြို့ တရားပွဲအပြီး အမှတ်တရ



အမေရိကန် ဖရက်နို(စ်)



အမေရိကန်နိုင်ငံ၊
မိုးကုတ်ဝိပဿနာအကျိုးဆောင်များ

www.burmeseclassic.com

www.burmeseclassic.com






ကနေဒါနိုင်ငံ၊ တိုရန်တိုမြို့ ဓမ္မဝိဟာရမြန်မာဘုန်းတော်ကြီးကျောင်း ဖွင့်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



သြစတေးလျနိုင်ငံ၊ ကော့ဆာလာမြို့ ပင်လယ်ဆိပ်ကမ်းတွင် အမှတ်တရ



သြစတေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ တရားစခန်းပွဲအပြီး အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

ဩစတေးလျနိုင်ငံ
ပင်လယ်ဆိပ်ကမ်း၊
ဒေါက်တာအောင်တင်ကြည်
မိသားစုနှင့်
အနောက်နိုင်ငံသားများ
တရားပွဲအပြီးအမှတ်တရ





ဩစတေးလျနိုင်ငံ ကင်ဘာရာမြို့ မြန်မာသံရုံး မိသားစုများနှင့် အမှတ်တရ

ဩစတေးလျနိုင်ငံ၊
ဆစ်ဒနီမြို့
ဆရာတော် ဦးနန္ဒိယ၊
မယ်တော်ကြီး ဒေါ်မြသွင်၊
ဒေါက်တာ ဇော်ဝင်းဦးအဖွဲ့နှင့်
တရားပွဲအပြီးအမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



မလေးရှား ကွာလာလမ်ပူမြို့တွင် (K L)
မြန်မာကျောင်းဖွင့်ပွဲ



မလေးရှား Twin Tower ရှေ့၌
အမှတ်တရ

အောင်ဆန်းတောရ တပ်ဦးကျောင်း
ဒုလ္လဘရဟန်းတော်များအား
စင်္ကြံကမ္မဋ္ဌာန်းပြနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

## တရားဟောပလ္လင်ဖွင့် ပရိကံ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အရဟတော = ပြဟ္မာနတ်လူ သုံးဘုံလူတို့ ကြည်ဖြူရွှင်လန်း ပေးလှူဒါန်းသည့် ပစ္စည်းလေးဦး ပူဇော်အထူးကို ခံယူတော်မူထိုက်ပေထသော၊ သမ္မာသမ္ဗုဒ္ဓဿ = သစ္စာလေးချက် ဓမ္မစက်ကို လေးမဂ်ခရီး ရောက်တုံပြီးမှ ဥဿျှငါးတန် မကြွင်းကျန်ဘဲ အမှန်မိမိ ကိုယ်တော်တိုင် ထိုးထွင်း သိတော်မူတတ်ထသော၊ တဿ ဘဂဝတော = ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်သူ မရှိ ဣသရိယ ဓမ္မ စသည့်အပြား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား၊ အဟံ = သစ္စာလေးတန် စိတ်ရည်သန်၍ သိရန်အားထုတ် အကျွန်ုပ်သည်၊ နမော = ဒုက္ခသစ္စာ ဉာဏ်ခန္ဓာ၏ နောင်လာဇာတိ ဖြစ်မရှိရာ နိဗ္ဗုတာသို့ မြန်စွာရောက်မှု အာရုံပြု၍ ဂရုဂါရဝ ပဏာမဖြင့် ဦးချဝန္ဒနာ ရှိခိုးပါ၏ မြတ်စွာဘုရား။

**(သာဓု၊ သာဓု၊ သာဓု ပါဘုရား)**

ဓမ္မဥ္စ = မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်ကုန်သော ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း၊ သံဃဥ္စ = မဂ္ဂဋ္ဌာန် လေးယောက် ဖလဋ္ဌာန် လေးယောက်

**ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း**

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ယောက်သော အရိယာသံဃာတော် အရှင်သူမြတ်တို့နှင့်တကွ ''သုဏာတု မေ ဘန္တေ သံဃော'' ရယ်နှင့် ဉတ်နှင့်သမုတ်တဲ့ သမုတိသံဃာတော်၊ ထိုသံဃာတော်ထေရ် အရှင်မြတ်အပေါင်းကိုလည်းကောင်း၊ အာစရိယဥ္စ=ငယ်စဉ်တောင်ကျေး ကလေးဘဝက ယနေ့ကျအောင် ဆုံးမသွန်သင် ပဲ့ပြင်တော်မူကြကုန်သော ဆရာသခင်ကျေးဇူးရှင်အပေါင်းကိုလည်းကောင်း၊ အာစရိယဥ္စ – ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို ဖျက်ဖြတ်နိုင်ရန် သစ္စာလေးတန် ဓမ္မမှန်တို့ဖြင့် ဝေဖန်သွန်းဖြိုး တရားမိုးတော်ကြီးကို ဟောဖော်ညွှန်ကြား၍ သွားတော်မူခဲ့သော ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးကိုလည်းကောင်း (ဝါ) အာစရိယဥ္စ=မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယတို့ကို တစ်ဆင့်နာခံ မှတ်သားပြီးတော့ အင်းစိန်မြို့နယ် အောင်ဆန်းမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဟု ကမ္ပည်းဆိုင်းဘုတ်တင်ကာ ကျောင်းတော်ကြီးကို ကြွရောက်လာကြတဲ့ တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့ကိုဖြင့် တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေး၍ သွားတော်မူသော ကျေးဇူးရှင် ဘဝနတ်ထံပျံလွန်တော်မူသွားသော တောရတပ်ဦးကျောင်းဆရာတော် အရှင်မြတ်ကိုလည်းကောင်း၊ အဟံ = ဆရာ့ကိုယ်စား မေတ္တာထား၍ ဆရာပြောသမျှ ဆရာဟောသမျှ ဆရာ့ အလိုတော်ကျအောင် ဤနေရာ ဤဌာန ဤ ဓမ္မရိပ်သာကြီး၏ ပဋိပတ်သာသနာတော်မြတ်ကြီးကို ဆက်လက် ထမ်းရွက်နေရပါတဲ့ တပည့်တော်သည်၊ ဝန္ဒာမိ = ဦးနှိမ်ရှိကျိုး မာန်ကိုချိုးကာ ရှိခိုးကန်တော့လိုက်ပါ၏ ဘုရား။

(သာဓု၊ သာဓု၊ သာဓု ပါဘုရား)

အောင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့နှင့်တကွ ဆရာသခင် ကျေးဇူးရှင်အပေါင်းတို့၏ ဂုဏ်တော်ကျေးဇူးတော် တန်ခိုးတော်အနန္တတို့ကိုဖြင့် ဦးနှိမ်ရိုကျိုး မာန်ကိုချိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့၍ ယနေ့ ဤတရားပွဲအခမ်းအနားကြီး စတင်ဖွင့်လှစ်ပြီးတဲ့နောက် ဤ ၁၀–ရက်စခန်း တရားအားထုတ်ပူဇော်ပွဲကြီး ယခုကဲ့သို့ ဖြစ်မြောက်လာရခြင်းမှာလည်းပဲ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် စံဝင်တော်မူပြီးတဲ့နောက် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောကြားသွားတော်မူခဲ့တဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကိုဖြင့် ဘုရားမရှိပြီးတဲ့နောက် ဘုရားသားတော် သံဃာတော်အရှင်မြတ်တို့သည် ၆–ကြိမ်တိုင်တိုင် သင်္ဂါယနာတင်ပြီးတော့ ယနေ့တိုင်အောင် သယ်ဆောင်၍ လာတော်မူခဲ့ကြပါတယ်။

သံဃာတော်အရှင်မြတ်တွေ သယ်ဆောင်လာတော်မူခဲ့တဲ့ ပိဋကတ် ပါဠိတော်တွေကိုဖြင့် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီးသည် ပါဠိတော်တွေကို လေ့လာပြီးတော့ ပါဠိတော်တွေကို ညှိနှိုင်းပြီး မြန်မာနိုင်ငံရှိနေတဲ့ အားလုံးသော တိုင်းရင်းသားတွေ မြန်မာလို နားလည်ရလေအောင် မြန်မာပြန်အားဖြင့် ဟောကြားသွားတော်မူခဲ့ပါတယ်။ ထိုကဲ့သို့ ဟောကြားသွားတော်မူတဲ့ ဒေသနာအစဉ်များကို နာခံမှတ်သားမိသမျှအားဖြင့် ယနေ့ ဤတရားပွဲကြီး ကို ကြွရောက်ပြီး တရားဝင် တရားအားထုတ် တရားနာကြတဲ့ ရဟန်းရှင်လူ ယောဂီသူတော်စင် အပေါင်းတို့အား တစ်ဆင့် ပြန်လည်ဟောဖော်ညွှန်ပြရမှာ ဖြစ်လေသောကြောင့် ဆရာတော်ဘုရား ကြီး၏ အသံတော်၊ ဆရာတော် ဘုရားကြီး၏ ဉာဏ်တော်တို့သည် ဆရာတော်ဘုရားကိုယ်စား ဤဒေသနာအစဉ်ကို ဟောကြားရမည်ဖြစ်တဲ့ –

**ဘုရား တပည့်တော်၏ ဦးခေါင်းထက်၌ တည်တော်မူပါဘုရား။**

**ဘုရား တပည့်တော်၏ လက်ဝဲလက်ယာ ပခုံးများ၌ တည်တော်မူပါဘုရား။**

**ဘုရား တပည့်တော်၏ နှလုံး၌သော်လည်းကောင်း၊ နှုတ်ဖျား၌သော်လည်းကောင်း တည်တော်မူပါဘုရား။**

တည်ပြီးသကာလ မှန်ကန်စွာသော ပဋ္ဌိစ္စသမုပ္ပါဒ် သစ္စာဒေသနာအစဉ်များကို ဟောဖော် ညွှန်ကြားနိုင်ပြီးတော့ တရားနာကြတဲ့ ဒကာ၊ ဒကာမ အပေါင်းသူတော်ကောင်းတို့မှာလည်းပဲ ခန္ဓာအရှိဉာဏ်အသိနဲ့ကိုက်ပြီး ဤတရားပွဲထဲမှာပင် မဂ်ဆိုက် ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်နိုင်ကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com

## ထေရုပ္ပဝတ္တိနှာ

**မဂ်ဆိုက် ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်နိုင်ကြပါစေဟူသော မေတ္တာ စေတနာ အခြေခံထား** ဟောကြားရမှာဖြစ်လေသောကြောင့် ဆရာတော်ဘုရားကြီး၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ပရိယတ်ဂုဏ် ပဋိပတ်ဂုဏ် ပဋိဝေဓဂုဏ်တို့ကိုဖြင့် ဤနေရာ ဤဌာနက တမ်းတမှန်းဆ ကြည်ညို အဓိဋ္ဌာန်တွေ ပြုကြပါဦးစို့ရဲ့---

**သိက္ခာကာမော တိဗ္ဗာစာရော၊ အတိတ္တစိတြဝါစကော။**

**ထေရော မယုံ မုခံ ပါတု၊ မိုးကုတ်နိကာယမာပကော။**

သိက္ခာကာမော = သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးစု ကြီးထွားမှုကို ဂရုစိုက်ကြောင့်ကြ တောင့်တမြတ်နိုးလှသည်ဖြစ်၍၊ တိဗ္ဗာစာရော = ကိုယ်နှင့် အသက် မငဲ့ကွက်ဘဲ ထက်မြက်ပြင်းထန် ကျင့်ကြံအားထုတ်တော်မူပေထသော၊ အတိတ္တစိတြဝါစကော = ကြားနာသသူ ရှင်နှင့်လူတို့ သည်းအူလှိုက်လှဲ ခြင်ဆီစွဲ၍ ရောင့်ရဲမနိုင် မထနိုင်အောင် စွဲနိုင်သည့်စကား ဆန်းပြားကြွယ်ဝတော် မူပေထသော၊ မိုးကုတ်နိကာယမာပကော = မိုးကုတ်ဂိုဏ်းကြီးအဖွဲ့အစည်းကို ဖွဲ့စည်းတည်ထောင် တော်မူပေထသော၊ ထေရော = အဂ္ဂမဟာပဏ္ဍိတ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး သည်၊ မယုံ = မိုးကုတ်နည်းခံ တစ်ဆင့်ပြန်၍ ထပ်မံဖော်ထုတ် အကျွန်ုပ်၏၊ မုခံ = နှုတ်ကို၊ ပါတု = မတိမ်းမချွတ်ရအောင် ထိန်းကွပ်စောင်မတော်မူပါစေသတည်း။ ပါတု = မိုးကုတ်ဟောဟန် သဘောသကံ မတိမ်းမစောင်းရအောင် ထိန်းကျောင်းကွပ်ကဲတော်မူလှည့်ပါ၊ သူသူငါငါ လူတကာ ကြည်ညိုမဆုံးနိုင်တဲ့ တစ်ပြည်လုံး ကျေးဇူးရှင် သမိုင်းဝင် ဆရာတော် အရှင်သူမြတ်ကြီးဘုရား။

( သာဓု၊ သာဓု၊ သာဓု ပါဘုရား )

**အောင်ဆန်းဆရာတော်**

www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄-ခုနှစ် ဝါခေါင်လပြည့်ကျော် ၃-ရက် (၂၆-၈-၂၀၀၂) ညနေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## တရားသိဖို့နဲ့တရားရှိဖို့

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ --

ဂါရဝတရား စိတ်မှာထား၍ ချမ်းသာသော ဣရိယာပုတ်ဖြင့် ချမ်းသာစွာနေထိုင်ပြီး တရားတော်ကို ရိုသေစွာဖြင့် နာကြားတော်မူနိုင်ကြပါတယ်။

ယနေ့ ၁၃၆၄-ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ - ရက်၊ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းမြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲအမှတ် (၇၇)၊ တောရတပ်ဦးကျောင်းတိုက်အတွင်း၌ ဆင်ယင် ကျင်းပသော (၈၆) ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ၁၀ - ရက်စခန်းတရား အားထုတ်ပူဇော်ပွဲကြီးမှာ ရပ်ဝေးရပ်နီးမှ ကြွရောက်ပြီးတရားဝင် တရားအားထုတ် တရားနာကြတဲ့ ဆရာတော် သံဃာတော်အရှင်မြတ်များနှင့်တကွ အားလုံးသော ယောဂီဒကာ၊ ဒကာမ အပေါင်း သူတော်ကောင်းတို့ ---

အနမတဂ္ဂသံသရာက သံသရာမှာ ကျင်လည်လာခဲ့ကြတာ အမျိုးမျိုး ဘဝတွေပြောင်းပြီး ရှည်လျားတဲ့ သံသရာကြီးကို လျှောက်လှမ်းလာခဲ့တာ အားလုံးသော ဘုန်းကြီးတို့ ဒကာ ဒကာမများ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့ တစ်ယောက် မတွေ့မကြုံ မဆုံတဲ့ ဘဝရယ်လို့မရှိဘူး။ တွေ့ခဲ့ ကြုံခဲ့ ဆုံခဲ့ကြရတဲ့ မိဟောင်း ဘဟောင်း ဆွေဟောင်း မျိုးဟောင်းများ ဖြစ်ကြသည့်အားလျော်စွာ ယနေ့ယခု ဤနေရာ ဤဌာန ဤသံသရာတစ်ကွေ့ ယခုလို ပြန်လည်ဆုံတွေ့တဲ့ အချိန်မှာဖြင့် အားလုံးသော ဆွေတော် မျိုးတော် အပေါင်းတို့ကို ကျေးဇူးဆပ်လိုသော မေတ္တာ စေတနာနဲ့

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ညနေပိုင်း ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားသွားတော်မူခဲ့သော ခန္ဓာ ဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာဒေသနာအစဉ်ကို နာခံမှတ်သားမိသမျှ ကျေးဇူးဆပ်သောအားဖြင့် ဟောကြားသွားမှာဖြစ်ပါတယ်။

အဲဒီတော့ ယနေ့ယောဂီများ တရားပွဲ၏ အစနေ့ပါပဲနော်။ ပဋိစ္စသမုပ္ပါဒ် သင်တန်းအနေနဲ့ ဘုန်းကြီး မနက်တစ်ကြိမ် ညနေတစ်ကြိမ် ဘုန်းကြီး ကျေးဇူးပြုမယ်နော်။ ဆရာတော်ဘုရားကြီးရဲ့ အသံတော်က တစ်နေ့ နှစ်ကြိမ်ပေါ့။ ဟုတ်လား။ အဲဒီတော့ ယောဂီတို့ ဉာတပရိညာ ဆိုတဲ့ တရားနာရမယ့်အချိန်က တစ်နေ့ လေးကြိမ်ရှိတယ်ပေါ့။ ဘယ်နှစ်ကြိမ်လဲ။ (လေးကြိမ်ပါဘုရား)။ ဒီတော့ လေးကြိမ်တိတိ ဉာတပရိညာဆိုပြီးတော့ ယောဂီတို့ တရားကို ရှေးဦးစွာသိဖို့ အရေးကြီးတယ်နော်။

ဒီတော့ မိုးကုတ်ဝိပဿနာ ၁၀-ရက်စခန်း တရားပွဲတွေမှာ ဟိုးအရင် အရင်တွေတုန်းက ဆိုရင်တော့ ငါးကြိမ်တိတိ တရားနာရတယ်။ အခု ဒီနှစ်ပိုင်းရောက်လာတဲ့အခါကျတော့ ဘုန်းကြီးဘို့ ဓမ္မသဘင် အစည်းအဝေးကြီးမှာ ဆုံးဖြတ်တော့ မနက်(၄း၃၀) တစ်ချိန်ကို တရားထိုင်လိုက်တဲ့ အတွက် တရားနာတဲ့အကြိမ် အခုလေးကြိမ်ပေါ့။ အဲဒီ လေးကြိမ်ကို ဦးစားပေးပြီး တရားကို နာတယ်ဆိုတော့ ဘုန်းကြီးတို့ စာလိုဆိုတော့ ဉာတပရိညာ လို့ခေါ်ပါတယ်။ ဘာလို့ခေါ်တာလဲ။ (ဉာတပရိညာပါဘုရား)။ ဆရာတော်ဘုရားကြီး မိန့်သွားတဲ့ အင်္ဂုတ္တိုရ်မှာ လာတဲ့အနေနဲ့ ပြောမယ် ဆိုရင် ဒါ ဉာတပရိညာ ပဲတဲ့ ဟုတ်လား။

ဒီတော့ ဒကာ၊ ဒကာမတို့ ဘုန်းကြီးတို့ သိထားရမဲ့ ကိစ္စက ပရိညာ သုံးပါးရှိတယ်နော်။ ဘယ်နှစ်ပါးရှိ။ (၃-ပါးပါဘုရား)။ ဒီတော့ အားလုံးလိုက်ဆိုကြ။

- ဉာတ ပရိညာ၊
- တီရဏ ပရိညာ၊
- ပဟာန ပရိညာ။

ပရိညာ ဘယ်နှစ်ခု။ (၃-ခုပါဘုရား)။ ကဲ-တစ်ခါတည်းရသွားအောင် ဆိုကြည့်ပါ။ ယောဂီဟောင်း တွေက ဒါ ထပ်တလဲလဲ ဘုန်းကြီးတို့စခန်းတိုင်း ဟောထားတော့ နားယဉ်နေပြီ။ ရလည်း ရထားပြီးပြီနော်။ အခု ယောဂီအသစ်တွေကလည်း တိုးတိုးပါလာတော့ ယောဂီအဟောင်းတွေကို ဦးစားပေးပြီးဟောလိုက်ရင် ယောဂီအသစ်တွေအတွက် ဒါတွေက လွယ်သွားမယ်နော်။

ဒီတော့ ယောဂီဟောင်းတွေက နာဖူးထပ်မံ အနေနဲ့ သဘောထား၍ ယောဂီသစ်များကို အခြေခံကျေးဇူးပြုမယ်နော်။ (မှန်လှပါ)။ ဒီတော့ နာဖူးထပ်မံဆိုသော်လည်းပဲ ဒီတရားက အကြိမ်ပေါင်း မြောက်မြားစွာ ဒကာ၊ ဒကာမတွေ နာမှဖြစ်မယ့်တရားတွေ။

ယနေ့ ဘုန်းကြီးတို့ သာသနာ ၂၅၀၀-ဒီဘက်ပိုင်းမှာ လူလာဖြစ်တဲ့ ပုဂ္ဂိုလ်တွေက ဘုရားရှင် လက်ထက်ကလို ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ဘူးနော်။ သာသနာ ၂၅၀၀-ဒီဘက်ပိုင်းမှာ လူလာဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ ပုဂ္ဂိုလ်အတန်းအစားနဲ့ ပြောမယ်ဆိုရင် နေယျပုဂ္ဂိုလ်နဲ့ ပဒပရမ ပုဂ္ဂိုလ်တွေ များကြတယ်လို့ ဒါဗဟုသုတ မှတ်ပါနော်။ (မှန်လှပါ)။



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်က လေးမျိုးလေးစားရှိတယ် –

၁။ ဥဃ္ဃဋိတညူပုဂ္ဂိုလ်

၂။ ဝိပဉ္စိတညူပုဂ္ဂိုလ်

၃။ နေယျပုဂ္ဂိုလ်

၄။ ပဒပရမပုဂ္ဂိုလ် ဆိုပြီး ၄–မျိုးရှိတယ်။

ဥဃ္ဃဋိတညူပုဂ္ဂိုလ်ဆိုတာက ရှေးဘဝက ပါရမီတွေရင့်သန်ပြီး မြတ်စွာဘုရားရဲ့ တရားတော် အကျဉ်း သခေ်ပကို နာကြားရရုံမျှနဲ့ မဂ်ဖိုလ်နိဗ္ဗာန် တရားရသူကိုဆိုပါတယ်။

ဝိပဉ္စိတညူဆိုတာ တရားအကျဉ်းဟောကာမျှနဲ့ တရားမရနိုင်၊ အကျယ် ဝိတ္ထာရအားဖြင့် ဟောကြားမှ တရားရတဲ့ ပုဂ္ဂိုလ်ပါ။

နေယျပုဂ္ဂိုလ်ကတော့ တရားဒေသနာများ နာကြားမှတ်သား၍ ဝိပဿနာ ကျင့်စဉ်အတိုင်း လေ့လာမှတ်သား ပွားများ အားထုတ်မှ မဂ်ဖိုလ်နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်–တဲ့။

ပဒပရမပုဂ္ဂိုလ်ဆိုတာ ဝိပဿနာဉာဏ်အသိဖြစ်ဖို့ ပါရမီမပါရှာလို့ မဂ်ဖိုလ်တရားထူး မရ ထိုက်သေးဘဲ မဂ်ဖိုလ်နိဗ္ဗာန်ရရောက်ဖို့ရန် ပါရမီမျိုးစေ့မျှ ဖြစ်ရုံ ရရုံပုဂ္ဂိုလ်ကိုဆိုပါတယ်။ ဆိုတော့– နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ် ဆိုတာက တရားတွေကို ထပ်တလဲလဲ အကြိမ်ကြိမ် နာပြီးတဲ့ တရားကို ဒီတိုင်းနေလို့ မရဘူးနော်။

တရားနာတော့ အသိ မသိဘူးလား။ (သိပါတယ်ဘုရား) အဲဒီသိတဲ့ အသိလေးကို ထပ် တလဲလဲ ပွားရမယ်။ ဘယ်လောက်ပွားရမလဲဆိုတော့ မရမချင်းကို ဒကာ၊ ဒကာမတွေ ပွားရမယ်။ အဲဒီလို ပွားလိုက်တော့မှ ကိုယ် သိသင့်သိထိုက်တဲ့ တရားတွေရှိ။ သိသင့်သိထိုက်တဲ့ တရားတွေ သိပြီးတော့မှ လိုချင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရနိုင်ပါတယ်နော်။

အဲဒါကြောင့် ဘုန်းကြီးတို့ ယနေ့ခေတ်သည် နေယျပုဂ္ဂိုလ်တွေများသောကြောင့် တရား နာတာကို ယောဂီတို့ အားလုံးသော ဆွေတော်မျိုးတော် ဒကာ၊ ဒကာမတွေ မပျင်းပါနဲ့လို့ သတိပေးပါရစေ။ (မှန်လှပါ)။ အခုလည်း ပျင်းနေလို့ ပြောနေတာ မဟုတ်ပါဘူးနော်။ ဒီတရား ငါနာပြီးပြီလို့ မပေါ့လိုက်ပါနဲ့။ အကြိမ်ကြိမ် အခါခါ အထပ်ထပ် နာရမယ်၊ အခု ဘုန်းကြီး ဆရာတော်ဘုရားကြီးရဲ့ အသံကို နာတာက နှစ်ပေါင်း ၂၅–နှစ် မကတော့ပါဘူး။ ၂၅–နှစ်တုန်းက နာတာလည်း ဒီတရားပဲ၊ မပြောင်းဘူး။ ယနေ့ နာနေတာလည်း ဒီတရားပဲနော်၊ မပြောင်းဘူး။

သို့သော် တစ်ချိန်တစ်ချိန် နာတာနဲ့ တစ်ချိန်တစ်ချိန် နာတာ တူပုံမလား၊ (မတူပါဘူး ဘုရား)။ တရားက ပြောင်းတာမဟုတ်ဘူး။ ဆရာတော်ဘုရားကြီးရဲ့ အသံတော်နဲ့ တိပ်ခွေက တစ်ချက်ကလေးမှ အတိမ်းအစောင်းမရှိဘူး။ သို့သော် မိမိရဲ့ အခံဓာတ်အားဖြင့် တစ်နှစ်နဲ့တစ်နှစ် တူပုံမလား။ (မတူပါဘူး ဘုရား)။ တစ်ရက်နဲ့တစ်ရက် တူပုံမလား။ (မတူပါဘူးဘုရား)။ အဲဒီ မတူတဲ့အပေါ်မှာ မူတည်ပြီးတော့မှ အသိဉာဏ်တွေ ကွာသွားတာနော်။ အဲဒီတော့ ဆိုလိုချင်တာ က ဘုန်းကြီး ဒါတွေကို ဘာဖြစ်လို့ အခြေခံပြောရတာလဲဆိုတော့ တရားနာတဲ့အခါမှာ ''ဟာ ဒီတရားက တို့သိပြီးသားပဲ နာထားပြီးသားပဲ''ဆိုပြီး ပေါ့ပေါ့တန်တန် ဖြစ်မှာစိုးလို့ပါ။ ရှင်းပြီနော်။ (ရှင်းပါပြီ ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ တရားကို နာတဲ့အခါမှာ အထူးသဖြင့် သစ္စာတရား ပဋိစ္စ သမုပ္ပါဒ်တရားတွေ ဆိုတာက တစ်သက်နဲ့တစ်ကိုယ် တစ်သံသရာနဲ့တစ်နား နာရခဲတဲ့တရားဖြစ်သောကြောင့် ထပ်တလဲလဲ နာကြပါလို့ အားလုံး ကိုယ့်မိတွေ ဖတွေ ဆွေတွေ မျိုးတွေကို သတိပေးတယ်နော်။ (မှန်လှပါဘုရား)။ အဲဒါကြောင့် ယနေ့ သာသနာ ၂၅၀၀-ဒီဘက်ပိုင်း ဘုန်းကြီးတို့ လူလာဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ တကယ်တော့ ကျွတ်တမ်းဝင်မယ့် ပုဂ္ဂိုလ်တွေများပါတယ်။ ကျွတ်တမ်းဝင်နိုင်မယ့် ပါရမီရှင်တွေ မှန်သော်လည်းပဲ အိပ်ပျော်နေလို့ ကျွတ်တမ်းဝင်နိုင်ပါ့မလား။ (မဝင်နိုင်ပါဘူးဘုရား)။ အအားနေရင် ကျွတ်တမ်းဝင်နိုင်ပါ့မလား။ (မဝင်နိုင်ပါဘူးဘုရား)။ အလကားနေရင်လည်း (ကျွတ်တမ်း မဝင်နိုင်ပါဘူးဘုရား)၊ အိုး-သားရေး သမီးရေး စီးပွားရေးနဲ့ လောကီထဲမှာ အချိန်ကုန်နေရင်လည်းပဲ ကျွတ်တမ်းဝင်နိုင်ပါ့မလား။ (မဝင်နိုင်ပါဘူးဘုရား)။

ဒီတော့ ကျွတ်တမ်းဝင်နိုင်တဲ့ ပါရမီပါသော်လည်း သစ္စာကို ဟောနိုင်တဲ့ ဆရာနဲ့ကြုံဦးမှ။ (မှန်ပါ့ဘုရား) ဘာနဲ့ကြုံရမယ်။ မိမိကိုယ်တိုင်ကလည်း သစ္စာကို ထောင်နိုင်တဲ့နားပါဦးမှ၊ ဆရာ သမားနဲ့လည်း ဆုံဦးမှ၊ သစ္စာကိုထောင်နိုင်တဲ့ နားလည်းပါဦးမှ။ ကျန်းကျန်းမာမာ ချမ်းချမ်း သာသာလည်း ရှိဦးမှ။ (မှန်လှပါဘုရား)။ မလွယ်ဘူးနော်၊ ကျန်းကျန်းမာမာ မရှိဘဲ အိပ်ရာထဲ ဖျာကပ်လဲနေရင် ယောဂီတို့ ဒီရိပ်သာ ဒီစခန်းပွဲထဲ ရောက်နိုင်ပါ့မလား။ (မရောက်နိုင်ပါဘူးဘုရား)။ ဆေးရုံတင်ဖို့ပဲရှိတော့တာပဲနော်။ အဲဒီတော့ ဒီတရား အားမထုတ်နိုင်ဘူး။

ဩော်-အခု ကျန်းကျန်းမာမာ မရှိဘူးလားဗျာ။ (ရှိပါတယ်ဘုရား)။ ချမ်းချမ်းသာသာဆို တော့ လူ့ဘဝ လူ့လောကကြီးမှာ စားနိုင် သောက်နိုင် ဝတ်နိုင် စသဖြင့်ပေါ့နော်။ ဘာပဲပြောပြော အထိုက်အလျောက်လေး မနက်စာ ညစာတော့ ရှိမယ်ပေါ့၊ ဒါကတော့ အားလုံးသော ဆွေတော် မျိုးတော် ဒကာ၊ ဒကာမတွေ နားလည်ပြီးသားပါနော်။ အဲဒီလိုဘက်ပေါင်းစုံက ဒါတွေညီနေလို့ အခု ယောဂီများ စခန်းပွဲရောက်လာတာနော်။

အဲဒီလို စခန်းပွဲ ရောက်လာခြင်းသည် ပါရမီပြည့်တာလား၊ မပြည့်တာလား။ (ပြည့်တာပါ ဘုရား)။ ဟုတ်ပြီ - ယောဂီတို့ ဘယ်လောက်ဝမ်းသာ စရာကောင်းသလဲနော်။ ငါတို့ ပါရမီတွေပြည့် နေလို့၊ ဘုန်းကံတွေ ထူးလို့။ ဘာတွေ ထူးတာလဲ။ (ဘုန်းကံတွေထူးလို့ပါဘုရား။) ပါရမီတွေ ပြည့် လို့၊ ဘုန်းကံတွေထူးလို့ ဒီလိုတရားပွဲကိုရောက်လာတာပေါ့နော်။ သစ္စာတရားကိုနာနိုင်တာ ဘုန်းကံ မထူးရင် နာနိုင်ပါ့မလား။ (မနာနိုင်ပါဘူးဘုရား)

အေး -- ဘုန်းကံတွေ ထူးလို့ သစ္စာတရားတော့ နာနိုင်ပြီ။ နာပြီးတော့ ပေါ့ပေါ့တန်တန်နဲ့ ပျင်းနေရင် ယောဂီတို့ ဘုန်းကြီးတို့ ကျွတ်တမ်းဝင်နိုင်ပါ့ မလား။ (မဝင်နိုင်ပါဘူးဘုရား)။ ကြီးကြီး ငယ်ငယ် ရွယ်ရွယ် လတ်လတ် အားလုံး ကျွတ်တမ်းဝင်နိုင်တဲ့ ပုဂ္ဂိုလ်တွေလို့ ယောဂီတို့မှတ်။ ယုတ်စွအဆုံး မဂ်ဖိုလ် နိဗ္ဗာန်ရရောက်နိုင်မယ့် ပါရမီမျိုးစေ့ရမယ့် ပဒပရမပုဂ္ဂိုလ်အဖြစ်တော့ အနည်းဆုံး ရမယ်မှတ်ပါ။

အဲဒီတော့ ခုနကပြောတဲ့ ကိုယ့်ကိုယ်ကို ငါ ပါရမီပြည့်သလား၊ မပြည့်လား ဆိုတာ ကိုယ့် ကိုယ်ကိုမေးရင် အဖြေမထွက်ဘူးလား။ (ထွက်ပါတယ်ဘုရား)၊ သစ္စာတရားကိုဟောတဲ့ ဆရာနဲ့ မဆုံဘူးလား။ (ဆုံပါတယ်ဘုရား)။ သစ္စာကို ထောင်နိုင်တဲ့နား မပါဘူးလား။ (ပါပါတယ်ဘုရား)။

www.burmeseclassic.com



ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ မရှိကြဘူးလား။ (ရှိပါတယ်ဘုရား)။ ဒီလိုဖြင့် ယနေ့ ဘက်ပေါင်းစုံ ပြည့်စုံနေရင် ယောဂီတို့ ဝီရိယတင်ပြီး သကာလ မရမနေ ကြိုးစားအားထုတ်မယ် ဆိုတဲ့ သဒ္ဓါတရားနဲ့ အလုပ်လုပ်လိုက်ရင် တရားမရဘဲ မရှိဘူး။ (မှန်လှပါဘုရား)။ ရှင်းပြီနော်။

အဲဒီတော့ တရားပွဲ စ,တိုင်း စ,တိုင်း ဘုန်းကြီး အမြဲတမ်း ဒကာ၊ ဒကာမတွေကို သတိပေးတယ်။ ကိုယ့်ကိုယ်ကို ပေါ့ပေါ့တန်တန်လေး မတွက်ပါနဲ့၊ တကယ့်ကို ကံထူးလို့ ဒီအသိကို သိရတယ်၊ အားထုတ်ရတယ်လို့ မှတ်ပါ။ လူတစ်သိန်း တစ်ယောက် အားထုတ်လို့ လွယ်ပါ့မလား။ (မလွယ်ပါဘူးဘုရား)။

ဒါ မြတ်စွာဘုရားဟောတဲ့ နဒသီဃသုတ်အတိုင်း ဘုန်းကြီးကျေးဇူးပြုတာ။ ဘုန်းကြီး စကားလုံး တစ်လုံးမှ မပါဘူးနော်။ (မှန်လှပါ) ဆရာတော်ဘုရားကြီးလည်း ထပ်တလဲလဲ မိန့်သွားတာ ဟုတ်လား။ လူတစ်သောင်းတစ်သိန်းမှာ တစ်ယောက်အားထုတ်လို့ လွယ်ပါ့မလား။ (မလွယ်ပါဘူးဘုရား)။ မလွယ်ဘူး။ အဲဒီ မလွယ်ကူတဲ့အလုပ်ကို မိမိတို့ ဒီကနေ့ နာခွင့် အားထုတ်ခွင့်ရတာ ကံမထူးလို့လား၊ ကံထူးလို့လား။ (ကံထူးလို့ပါဘုရား)။

ဒါကြောင့်ယနေ့တရားပွဲကို ရောက်လာတဲ့ အားလုံး ဒကာ၊ ဒကာမ ဆွေတော် မျိုးတော်တွေ ဘုန်းကြီးက အားလုံးကိုပဲ မဟာကံထူးရှင်ကြီးတွေလို့ ဒီလိုခေါ်ပါတယ်။ မြှောက်ပြောတာဟုတ်ရဲ့လား။ (မဟုတ်ပါဘူးဘုရား)။ ဒကာ၊ ဒကာမတွေ မြှောက်လို့ မဖြစ်ဘူးနော်။ ဒီဒေသနာစဉ်တွေ မြှောက်လို့လည်းမရဘူး။ ခြောက်လို့လည်းမရဘူး။ သစ္စာဆိုတာ ပိုဟောလို့လည်းမရဘူး။ လျှော့ဟောလို့လည်း မရဘူး။ အမှန်ကို အမှန်အတိုင်း ဟောရတဲ့တရားဖြစ်ပါတယ်။ အေး -- အဲဒါကြောင့်မို့ ယနေ့အားလုံးသော ဆွေတော်မျိုးတော် ဒကာ၊ ဒကာမ တွေဟာ မဟာကံထူးရှင်ကြီးတွေလို့ ကိုယ့်ကိုယ်ကို နှလုံးသွင်းပါ။

ဒီတော့ ကောင်းပြီ၊ မဟာကံထူးရှင်တွေလို့ နှလုံးသွင်းပြီးရင် တင်းတိမ်မနေဘဲနဲ့ အဲဒီကနေ တစ်ဆင့်တက်ရမှာက ဉာဏ်ထူးဖို့ အရေးကြီးတယ်။ ဘာထူးဖို့ အရေးကြီးလဲ။ (ဉာဏ်ထူးဖို့ပါဘုရား)။

ဉာဏ်ထူးဖို့ ဆိုတာကတော့ ဘုရားပွင့်မှထူးမှာ။ ဘုရားမပွင့်ရင် ဉာဏ်ထူးပါ့မလား။ (မထူးပါဘူး ဘုရား)။ အဲဒီ ဉာဏ်စခန်းတွေဆိုတာက ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သိကြား ဘယ်ဝိဇ္ဇာကမှ ဟောနိုင်တာမဟုတ်ဘူး။ သမ္မာသမ္ဗုဒ္ဓ ဘုရားကလွဲလို့ ကျန်တဲ့ဘုရားတွေ ဟောနိုင်ရဲ့လား။ (မဟောနိုင်ပါဘူးဘုရား)။ ကမ္ဘာပေါ်မှာ ရှိသမျှဘုရားတွေ ဘယ်သူမှ မဟောနိုင်ပါဘူး ယောဂီတို့။ သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူကလွဲလို့ ဘယ်သူမှ မဟောနိုင်ပါဘူး။

ဒီလိုဖြင့်ရင် ဗုဒ္ဓရဲ့ တရားတော်ဟာ စိတ်ကူးယဉ်တရားလား၊ လက်တွေ့တရားလား။ (လက်တွေ့တရားပါဘုရား)။ အဲဒီလက်တွေ့တရားကို လက်တွေ့ အားထုတ်နိုင်ဖို့အတွက် ယောဂီတို့ အတွက် အရေးကြီးတယ်ပေါ့။ အဲဒီလို လက်တွေ့ အားထုတ်နိုင်ဖို့ဆိုတာ အရေးအကြီးဆုံးက နည်းလမ်း၊ စည်းကမ်း အရေးကြီးတယ်။ ဘာအရေးကြီးလဲ။ (နည်းလမ်း၊ စည်းကမ်းပါဘုရား)။

နည်းလမ်း၊ စည်းကမ်းအရေးကြီးဖို့အတွက်ကို နံပါတ် (၁)တရားနာပါ။ ဘယ်လို တိုက်တွန်းပါလိမ့်။ (တရားနာပါ)။ အဲဒီ တရားနာတာကို ဉာတပရိညာ လို့ခေါ်ပါတယ်။ စောစောက ဘုန်းကြီး



5A

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစဉ်လေးတွေ တပ်လာခဲ့တယ်နော်။ တရားနာတာကို ဘာ ပရိညာ ခေါ်ပါလိမ့်။ (ဉာတပရိညာ ပါဘုရား)။ ဒါတော့ သိသွားပြီ၊ သိသွားပြီးရင် ဒီအတိုင်းထားလို့ ရပါ့မလား (မရပါဘူးဘုရား)။ သိရုံသိနေရင် အဲဒီပုဂ္ဂိုလ်ကို တရားသိတဲ့ပုဂ္ဂိုလ်လို့ပဲခေါ်ရမယ်။ တရားတွေ အကြိမ်ကြိမ် အခါခါ နာပါလို့ ဘုန်းကြီး ယောဂီတို့ကို တိုက်တွန်းပါတယ်။ မနာလို့တော့မဖြစ်ဘူး။ တရားတွေ နာလိုက်ခြင်းအားဖြင့် တရားတွေ မသိဘူးလား။ (သိပါတယ်ဘုရား)။ သို့သော် အဲဒီ တရားသိရုံလေးနဲ့ ကျေနပ်နေလို့ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား)။

သို့ဖြင့် တရားသိပြီးရင် ယောဂီတို့ နံပါတ် (၂) တရားရှိဖို့ အရေးကြီးတယ်။ နံပါတ်(၂)က (တရားရှိဖို့ပါဘုရား)။ ဒီတော့ အချက်ကြီးနှစ်ချက် ယောဂီတို့ကို ကျေးဇူးပြုပြီနော်။ အားလုံးသော ဆွေတော်မျိုးတော်တွေ-

**နံပါတ် (၁) တရားသိဖို့**

**နံပါတ် (၂) တရားရှိဖို့**

တရားမသိဘဲနဲ့ လူ့ဘဝမှာ တစ်ရက် တစ်လ တစ်နှစ် အသက်ရှင်နေတာ အလကားပဲ။ သိပ်ကြောက်စရာကောင်းပါတယ်။ အသိမသိဘဲနဲ့ အသက်ရှင်နေတဲ့ လူ့ဘဝသည် အလကားဘဝ ဖြစ်တာပေါ့။ ရှင်းပြီနော်။ တန်ဖိုးရှိတဲ့လူ့ဘဝကို ရတဲ့အခါမှာ တန်ဖိုးရှိတဲ့ လူ့ဘဝဖြစ်အောင် နံပါတ်(၁) တရားသိဖို့ အရေးကြီးတယ်။ တရားသိဖို့ အရေးမကြီးဘူးလား။ (ကြီးပါတယ်ဘုရား)။

သို့သော် တရားသိရုံနဲ့ သိနေရုံနဲ့ ဒကာ၊ ဒကာမတွေ လိုရင်းအချက် မရောက်သေးဘူး။ နံပါတ် (၂) အချက်က တရားရှိရမယ်။ ဘာဖြစ်လဲ။ (တရားရှိရမယ်)။ အဲဒီတော့ တရားသိဖို့ အတွက်ကို တရားနာပါ၊ စာဖတ်ပါ၊ လေ့လာပါ၊ ကျက်မှတ်ပါ။ ဉာတပရိညာ။ တရားရှိဖို့အတွက်ကို ဒကာ၊ ဒကာမတွေ ခန္ဓာကို အရင်းတည်၍ ချွေးထွက်ထွက် သွေးထွက်ထွက်ဆိုသလို အရိုးကြေကြေ အရေခန်းခန်း ပွားများအားထုတ်မယ်ဆိုရင် မိမိမှာ သိသင့်သိထိုက် ရသင့်ရထိုက် ရှိသင့်ရှိထိုက်တဲ့ တရားတွေ မရဘူးလား။ (ရပါတယ်ဘုရား)။ ဒါဖြင့် ယောဂီတို့ရဲ့ တာဝန်က တရားသိဖို့ရယ်၊ တရားရှိဖို့ရယ်။ ဘာပါလိမ့်။ (တရားသိဖို့ရယ်၊ တရားရှိဖို့ရယ်)။ အဲ တရားသိဖို့ ကတော့ ဆရာသမားက တာဝန်ယူမယ်။ တရားရှိဖို့ကတော့ ကိုယ့်တာဝန် ကိုယ်ယူရမယ်။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်)။

ယောဂီတို့ ဒီကနေ့အခု ဘုန်းကြီးပြောတဲ့ တာဝန်ကဘယ်နှစ်ခုပါလိမ့်။ (နှစ်ခုပါဘုရား)။ တရားသိဖို့နဲ့ တရားရှိဖို့ပါ။ တရားသိဖို့ကတော့ ဆရာသမားများက ဘုရားဟောဒေသနာအတိုင်း ဒီမှာ အခု ပဋ္ဌစ္စသမုပ္ပါဒ် ထောက်ပြီး ဟောပေးမယ်။ အဲဒီတော့ တရားရှိဖို့အတွက်ကတော့ တခြားလုပ်ရမှာလား၊ အားထုတ်ရမှာလား။ (အားထုတ်ရမှာပါဘုရား)။ အေး -- အဲဒီတော့ သိဖို့အတွက်ကို တရားနာရမယ်ဆိုတော့ အဓိကအားဖြင့် တရားတွေက ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ဒကာ၊ ဒကာမတွေ နာလို့ ဒီတစ်သက်မကုန်ဘူး။ ဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အကုန်လုံး နာနိုင်ပါဦးမလား။ (မနာနိုင်ပါဘူးဘုရား)။ ဘုန်းကြီးတို့လည်း အကုန်လုံး မသိဘူး။ အကုန်လုံးလည်း မဟောနိုင်ဘူး။ ဒကာ၊ ဒကာမတွေလည်း အကုန်လုံး မလေ့လာနိုင်တော့ဘူး။ အဲဒီတော့ ကိုယ်နဲ့ အပ်စပ်တဲ့ တရားလေးတွေ အတိုင်းအတာအားဖြင့်သာလျှင်



www.burmeseclassic.com

www.burmeseclassic.com



လိုရင်းလေးကို ယူပြီးတော့ တရားဟော တရားနာတတ်ကြဖို့ပဲ လိုပါတယ်။ ဖြတ်လမ်းကလိုက်ရမှာပေါ့။

အဲဒီတော့ တရားဟော တရားနာလိုက်ပြီဆိုတော့ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ တရားတော်တွေကို အကျဉ်းချုံးလိုက်တဲ့အခါမှာတော့ သုတ် ဝိနည်း အဘိဓမ္မာပေါ့ဗျာ။ ဘာတဲ့လဲ။ (သုတ် ဝိနည်း အဘိဓမ္မာ)။ ဒါကို တရားကိုယ် ကောက်လိုက်တော့ အဓိသီလ အဓိစိတ္တ အဓိပညာ ၃–ခု ပါပဲ။ အကျဉ်းချုံ့လိုက်တာပေါ့နော်။ အဲဒါကို အကျယ်ချဲ့လိုက်တော့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မရှိဘူးလား။ အေး–– ဒီတော့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အကျယ်ကို အကျဉ်းလေး လုပ်ပြီးတော့ အချိန်တိုတိုနဲ့ လိုရင်းလေးရောက်အောင် ဒကာ၊ ဒကာမတွေကို ကျေးဇူးပြုသွားတယ်။ အဲဒါကို ဘုန်းကြီးတို့က လေ့လာမိသမျှ မှတ်သားမိသမျှ ဒကာ၊ ဒကာမတွေကို ထပ်ဆင့်၍ တိုက်တွန်းရင်းနဲ့ တတ်နိုင်သမျှ ညွှန်းပေးမှာ ဖြစ်ပါတယ်နော်။ (မှန်လှပါဘုရား)။

အဲဒီတော့ ယနေ့ တရားစခန်းပွဲမှာ ယခု စပြီးတော့ ယနေ့ဘုန်းကြီး သင်တန်း စ,ဟောတဲ့နေ့ကနေ (၁၀) ရက်စခန်းပြီးတဲ့အထိတိုင်အောင်တော့ဖြင့် ဘုန်းကြီးတို့ဉာဏ်နဲ့ ဒီလောက်ကျယ်ဝန်းတဲ့တရားကို မဟောနိုင်ဘူး။ ဘုန်းကြီးတို့ ဉာဏ်လည်း မမှီဘူး။ ဘာလို့လဲဆိုတော့ ကျယ်ဝန်းတဲ့ တရားကိုး။ အင်မတန် ကျယ်ဝန်းတဲ့ တရားဖြစ်တယ်။ ရှင်အာနန္ဒာကိုယ်တော်မြတ်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ခပ်လွယ်လွယ်မထင်နဲ့လို့ အတားခံရတဲ့တရားပဲ။ အဲဒါ တခြားမဟုတ်ဘူး။ ပဋိစ္စသမုပ္ပါဒ် တရား။ ဘာတရားပါလိမ့်။ (ပဋိစ္စသမုပ္ပါဒ်တရားပါဘုရား)။

အဲဒီတော့ ယောဂီတို့တရားနာရမယ်ဆိုတော့ ဒါနတရားလည်း နာရမှာပဲ၊ သီလတရားလည်း နာရမှာပဲ၊ သမထ တရားတွေလည်း နာရမှာပဲ၊ ဝိပဿနာ တရားလည်း နာရမှာပဲ။ အဲဒီတရားတွေ အကုန်လုံးနာနိုင်ဖို့အတွက်ကို အခြေခံ အရေးအကြီးဆုံးတရားသည် တခြားတရားလား၊ ပဋိစ္စသမုပ္ပါဒ် တရားလား။ (ပဋိစ္စသမုပ္ပါဒ် တရားပါဘုရား)။ သို့ဖြင့်ရင် ပဋိစ္စသမုပ္ပါဒ် တရားကိုမနာရင် ဒကာ၊ ဒကာမတွေအတွက်က အဆင်မပြေဘူး။ ဘာကြောင့်လဲဆိုတော့ ပဋိစ္စသမုပ္ပါဒ်တရား ဆိုတာဟာ ကိုယ့်အကြောင်း ကိုယ်ပြောတဲ့တရား၊ ကိုယ့်အကြောင်းကိုယ် သိတဲ့တရား။

ပဋိစ္စသမုပ္ပါဒ် ယခုလို သင်တန်းတွေကို နာတယ်၊ ဟောတယ်ဆိုတာက သူများအကြောင်း ပြောတာလား၊ ကိုယ့်အကြောင်းကိုယ်ပြောတာလား။ (ကိုယ့် အကြောင်းကိုယ်ပြောတာပါဘုရား)။ အရပ်သားတစ်ဦးတစ်ယောက် အနေနဲ့–''ဟာ–– ကိုယ့်အကြောင်းကိုယ်သိတာပေါ့၊ လူတိုင်း ကိုယ့်အကြောင်း ကိုယ်သိတာပေါ့။ အရှင်ဘုရား ဟောမှလား'' ဟော– ကိုယ့်အကြောင်းကိုယ် သိတာက အပေါ်ယံကြောသိတဲ့ အသိပဲ။ တကယ့် ဘုရားအလိုတော်ကျသိတဲ့ အသိဟုတ်ရဲ့လား။ (မဟုတ်ပါဘူးဘုရား)။ အလကားပြောတာ။ ကိုယ့်အကြောင်း ကိုယ်သိတယ်ဆိုတာ။ဆရာတော်ဘုရားကြီးပြောတာက ခင်ဗျားတို့က ကိုယ့်ဟာကိုယ်မှန်းတော့ အရပ်ထဲတော့ လူလည်လုပ်နေတယ်တဲ့။ ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ ဖြစ်မှန်းသိတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ဘူးတဲ့။ ဒါလောက် အ,တဲ့ န,တဲ့ ပုဂ္ဂိုလ်တွေတဲ့နော်။ အခုအချိန်ကျမှ ဘုန်းကြီးဆီရောက်လာ၊ ဘုန်းကြီးမို့လို့ ခင်ဗျားတို့ကို ပေဟောနေတာ –– ဟော– ဆရာတော် ဒီလိုဆုံးမတာ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

အဲဒီတော့ ကိုယ့်အကြောင်း ကိုယ်သိတယ် မသိဘူးဆိုတာကို ဆရာတော်ကြီး ဘယ်လိုမိန့်သွားလဲ၊ ဒါ ဘုန်းကြီး ဉာဏ်နဲ့ပြောတာ မဟုတ်ဘူးနော်။ (မှန်လှပါဘုရား)။ ဒကာ၊ ဒကာမတွေ ခင်ဗျားတို့ကို မေးလိုက်မယ်ဆိုရင် ဒါ -- ဆရာတော် ထပ်တလဲလဲပြောတာ ဘုန်းကြီး သတိရတာလေး ပြန်ပြောပြနေတာ။ ဘယ်သူနဲ့နေလဲဆိုရင် တပည့်တော်တို့ဘုရား -- အိုးအိမ်ရှိတဲ့သူက အိုးအိမ်နဲ့ နေတယ်လို့ပြောတာတဲ့၊ သားသမီးရှိတဲ့သူက သားသမီးနဲ့၊ မိဘရှိတဲ့ ပုဂ္ဂိုလ်က မိဘနဲ့၊ ဆွေနဲ့မျိုးနဲ့ ဘယ်သူနဲ့ ဘယ်ဝါနဲ့။ လောက သမုတိ အနေနဲ့ မပြောဘူးလား။ (ပြောပါတယ်ဘုရား)။ မှန်ပါတယ်၊ မမှားပါဘူး။ ကိုယ်က ဒါပဲသိလို့ ဒါပဲပြောတာလေ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)

ဒီလိုဖြင့် မိဘနဲ့နေတဲ့ ပုဂ္ဂိုလ်က မိဘနဲ့တစ်သက်လုံးနေလို့ရရဲ့လား။ (မရပါဘူးဘုရား)။ မရဘူးနော်။ စ,ပြီး အူဝဲဆိုကတည်းက မိဘနဲ့နေတာ။ ဟော--အချိန်တန် အရွယ်ရောက်တော့ သူ့အတောင်အခက်အလက်စုံတော့ မပျံဘူးလား။ (ပျံပါတယ်ဘုရား)။ မိဘနဲ့ နေလို့ရသေးရဲ့လား။ (မရပါဘူးဘုရား)။ တစ်သက်လုံးနေလို့မရဘူး။ ခဏလေးပဲနေတာ။ နေပါဆိုလည်း ဒကာ၊ ဒကာမတွေ နေနိုင်ပါ့မလား။ (မနေနိုင်ပါဘူးဘုရား)။ အခုပဲ ကိုယ့်ဆွေမျိုးတော် ဒကာ၊ ဒကာမတွေ ကိုယ့်ကိုယ်ကိုပဲမေးကြည့်။ မနေနိုင်လို့လဲ မိဘရင်ခွင်က ခွဲထွက်လာကြတာ မဟုတ်ဘူးလား။ နှစ်ပေါင်းကိုမနည်းဘူး။ ဆိုလိုတာက တစ်သက်လုံးနေလို့ မရဘူးလို့ပြောတာ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ မိဘနဲ့တစ်သက်လုံး နေလို့မရတော့ ဟော -- ဒီလိုဖြင့် သားသမီးတွေနဲ့နေပြန်တယ်။ ဆိုကြပါစို့၊ သားသမီးတွေကော တစ်သက်လုံး နေလို့ရရဲ့လား။ (မရပါဘူးဘုရား)။ ကိုယ်လည်းပဲ မိဘရင်ခွင်က အတောင်အခက်အလက်စုံတော့ ထွက်လာပြီးတော့ ကိုယ့်သားသမီးတွေလည်းပဲ အချိန်တန်ကြတော့ မသွားကြဘူးလား။ (သွားပါတယ်ဘုရား)။ သွားတာပဲ။ ဘယ်သူနဲ့မှ ဒကာ၊ ဒကာမတွေ တစ်သက်လုံးတွဲလို့ မရဘူး။ ဟာ -- ဇနီး ခင်ပွန်းတွေ ရှိကြတယ်။ ဟာ-- တော်တော်ကြာ တစ်ယောက်က သေသွားပြန်ပြီ။ တော်တော်ကြာ တစ်ယောက်က သေသွားပြန်ပြီ။ တစ်သက်လုံးနေလို့ရကြရဲ့လား။ (မရပါဘူး ဘုရား)။ ကိုယ်က အရင်သေမလား၊ သူက အရင်သေမလား မသိဘူးပေါ့။

အဲဒီတော့ ဒါတွေကိုပြောတာကတော့ မမှားသော်လည်းပဲ ဒကာဒကာမတွေ လိုရင်းမပြည့်စုံပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒကာ၊ ဒကာမတွေ အဓိက အချက်တစ်ချက် ကျန်နေတယ်တဲ့။ ဒါတွေက ခေတ္တခဏ ယာယီနေတာလေးနော်။ မိဘနဲ့ နေတယ်ဆိုတာ တစ်သက်လုံးနေလို့ရရဲ့လား။ (မရပါဘူးဘုရား)။ ခဏလေးရယ်။ သားသမီး ဇနီး ခင်ပွန်းနဲ့ နေလည်း တစ်သက်လုံး နေလို့ရရဲ့လား။ (မရပါဘူး ဘုရား)။ ခဏလေးရယ်နော်။ အဲဒီလောက်ပဲ ဒကာ၊ ဒကာမတွေက သိပြီးလို့ ပြောတာ။ သူ့အတိုင်းအတာနဲ့သူ ပြောတာကိုး။ တကယ့်တကယ်ကျတော့ တကယ် အတူနေတဲ့ ပုဂ္ဂိုလ်ကို ဘယ်သူမှ မသိဘူး။ ဘယ်သိမလဲ။ သူက ဉာဏ်နဲ့သာလျှင် သိရတဲ့ကိစ္စ ဖြစ်တော့ ဘုရားတစ်ဆူတစ်ဆူ ပွင့်လာမှ ဒကာ၊ ဒကာမတွေသိတာတဲ့။ ကဲ--လွယ်တဲ့အသိ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး) အင်မတန် ခက်ခဲနက်နဲတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ဆရာတော်ဘုရားကြီးက ဘုရားပွင့်လာတဲ့အခါမှ မိမိတို့အတူ နေလာတာ ခန္ဓာကိုပြောမှန်းသိတာတဲ့။ ခန္ဓာဆိုတော့ ဘယ်သူမှ မဟောနိုင်ဘူး။ သမ္မာသမ္ဗုဒ္ဓ ဘုရားကလွဲလို့ ဘယ်သူဟောနိုင်သလဲ။ (မဟောနိုင်ပါဘူး)။ ဘယ်သူမှ မဟောနိုင်ဘူးနော်။ (မှန်လှပါ)။ အဲဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး လောက ပွင့်ထွန်းပေါ်ပေါက်တော်မူတဲ့အခါမှ ခန္ဓာအကြောင်း ဟောတော့တာပဲ။ ဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘဝကို စ,တာ တခြားက စ,တာလား၊ ဇာတိက စ,တာလား။ (ဇာတိက စ,တာပါဘုရား)။

## ဆန်ကြီး မကြီးပါစေနဲ့

အမိဝမ်းထဲမှာ စ,ပြီးဇာတိရတော့ ဒီခန္ဓာနဲ့ မနေရဘူးလား။ (နေပါတယ် ဘုရား)။ ဒီတော့ အမိဝမ်းထဲမှာ စ,ပြီးနေတာလည်း ဘယ်သူနဲ့နေရတာလဲ။ (ခန္ဓာနဲ့ပါဘုရား)။ နောက် အမိဝမ်းကနေ ၉-လ၊ ၁၀-လ နေတော့ ထွက်လာတော့လည်း လသားလေးဖြစ်လာတာ၊ ဘယ်သူနဲ့လဲ။ (ခန္ဓာနဲ့ပါ ဘုရား)။ အို -- အဲဒီကနေ အသက်အရွယ်တွေ ကြီးပြင်းလာတာလည်း ဘယ်သူနဲ့လဲ။ (ခန္ဓာနဲ့ပါဘုရား)။ အိုလာတာလည်း ဘယ်သူနဲ့လဲ။ (ခန္ဓာနဲ့) သေတော့လည်း (ခန္ဓာနဲ့)။ ခွဲတဲ့ အချိန်ရှိလား။ (မရှိပါဘူးဘုရား)။ ဘယ်တော့မှ တစ်သက်လုံး မခွဲတာကို မေ့နေတယ်၊ မသိဘူး။ ဒါ--ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အင်မတန်ကို ပိဋကတ် သုံးပုံကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာတော့ ပေါ်ပြီးတော့ ဘုန်းကြီးတို့ ဟော -- ခုပြောလိုက်တော့သိသွားပြီ။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

ကဲ--ဒီလိုဖြင့် အားလုံးသော ယောဂီများ ဘုန်းကြီးတစ်ခုမေးပါမယ်။ ဘယ်သူနဲ့နေ (ခန္ဓာနဲ့နေ)။ ဟုတ်ပြီ -- ဒါဘုရားပွင့်တဲ့အသံပဲ။ အင်း -- နို့မို့ဆိုရင် တပည့်တော်တို့ဘုရား အိုးနဲ့အိမ်နဲ့နေတယ်၊ ဘာနဲ့နေတယ်၊ ညာနဲ့နေတယ်၊ ရှုပ်ပွနေတာပဲ။ ဟော -- အခု ဘယ်သူနဲ့နေ။ (ခန္ဓာနဲ့နေပါတယ် ဘုရား။) သေတော့လည်း ဘယ်သူနဲ့သေကြမှာလဲ။ (ခန္ဓာနဲ့ပါဘုရား)။ ဟုတ်ပြီ အမြင်မှန်ရသွားပြီ။ ရှင်းကော ရှင်းရဲ့လား (ရှင်းပါတယ် ဘုရား)။

အဲဒီ ခန္ဓာနဲ့နေတယ်ဆိုတော့ ဒါ -- ကိုယ့်အကြောင်း ကိုယ်သိတာ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ အဲဒီခန္ဓာကလည်း ဘယ်ကပါလာတဲ့ ခန္ဓာလဲဆိုတော့ အကြောင်း ကြောင့် ဖြစ်သော အကျိုး ခန္ဓာ။ ဒီလိုဖြင့် အကြောင်း သည်တခြားလား၊ ပဋိစ္စသမုပ္ပါဒ်လား။ အဝိဇ္ဇာ သင်္ခါရ စ,တဲ့ ရှေးရှေးသောအကြောင်းတွေကို ပဋိစ္စသမုပ္ပါဒ်လို့ခေါ်တယ်။ သို့သော် အကြောင်း မှန်လျှင် အကျိုးနဲ့ မကင်းနိုင်လို့ သင်္ခါရဝိညာဉ် စတဲ့ နောက်နောက်အကျိုးတရားစုကိုလည်း ပဋိစ္စသမုပ္ပါဒ်လို့ပဲ ခေါ်ဝေါ်ရတာပဲ။ စာလိုကတော့ **ပစ္စယသာမဂ္ဂိံ ပဋိစ္စ သမံ သဟ စ ပစ္စယုပန္န ဓမ္မေ ဥပ္ပါဒေတီတိ ပဋိစ္စသမုပ္ပါဒေါ** = ဆိုင်ရာအကြောင်းတွေ ပေါင်းဆုံညီညွတ်တာကို အစွဲပြုပြီး အကျိုးတရားတွေဖြစ်စေတတ်တာ ပဋိစ္စသမုပ္ပါဒ် --တဲ့။

ကဲ -- ဒီတော့ ခုနကစကား ပြန်ဆက်မယ်။ ဘုန်းကြီးတို့ယောဂီများ ဘယ်သူနဲ့နေကြ။ (ခန္ဓာနဲ့နေကြတာပါဘုရား)။ ဘယ်သူနဲ့စား (ခန္ဓာနဲ့စားပါတယ်ဘုရား)။ ဘယ်သူနဲ့သွား (ခန္ဓာနဲ့ သွားပါတယ်ဘုရား)။ ဘယ်သူနဲ့သေမယ် (ခန္ဓာနဲ့သေမှာပါဘုရား)။ ဒီလိုဖြင့် အဲဒီခန္ဓာက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကရလာသလဲဆိုရင် အကြောင်းကြောင့်ဖြစ်သော အကျိုး။ တရားက လိုရင်းအချက်ကလေး ပြောတာပေါ့နော်။ သို့ဖြစ်ရင် လက်စသတ် ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ တရားက လား -- လား တို့ကိစ္စ ပြောနေတာပဲ။ ကိုယ့်ဖြစ်စဉ်ပြောနေတာပဲ။ ရှင်းကောရှင်းရဲ့လား။ အဲဒါကြောင့်မို့လို့ ပဋိစ္စသမုပ္ပါဒ်နဲ့ လွတ်သော တရားဟူ၍ လောကမှာမရှိဘူးနော်။ (မှန်လှပါ)

ဒါကြောင့် ဘုရားပြီးရင် ဘုရားလိုကြည်ညိုရတဲ့ အရှင်သာရိပုတ္တရာ လက်ယာရံ ပညာမှာ တောဒဂ်ရတဲ့ ရဟန္တာကြီးက မိန့်သွားတယ်။

**''ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ'' တဲ့။**

- **အကြင်သူသည် ပဋိစ္စသမုပ္ပါဒ်ကိုသိ၏။**
  **ထိုသူသည် တရားသိ၏။**
- **အကြင်သူသည် ပဋိစ္စသမုပ္ပါဒ်ကို မသိ။**
  **ထိုသူသည် တရားကိုမသိ။**

ဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကိုသိရင် ယောဂီတို့ ဘာကိုသိမယ်။ (တရားကိုသိပါတယ်ဘုရား)။ ပဋိစ္စသမုပ္ပါဒ်ကို မသိဘူးဆိုရင် (တရားကိုမသိပါဘူးဘုရား)။ ဩော် ပဋိစ္စသမုပ္ပါဒ်ကို မသိလို့ တရားမသိဘူးဆိုရင် အင်မတန် အဖိုးတန်တဲ့ လူ့ဘဝကြီး အချည်းနှီးဖြစ်သွားတာပေါ့။ (မှန်လှပါ)။ တစ်နေ့လာလည်းပဲ စားရေး၊ နေရေး၊ ဝတ်ရေး၊ သွားရေး၊ သမီးရေး၊ စီးပွားရေးတွေနဲ့ အချိန်တွေကုန်နေတာနော်။ အောင်မလေး -- ကုန်သွားတဲ့အချိန်တွေ နှမြောဖို့ကောင်းလိုက်တာ။ ပဋိစ္စသမုပ္ပါဒ် မသိဘဲနဲ့ အသက်တွေကြီးနေတာ အလကားကြီးပဲပေါ့။

အဲဒါကို ဘုန်းကြီးတို့ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဘယ်လောက် ကရုဏာနဲ့ ဆုံးမသလဲဆိုရင် ဒကာကြွယ်တို့ ဦးလှဘူးတို့။ ခင်ဗျားတို့ အသက်တွေ ၆၀၊ ၇၀-တွေ ရှိလာကုန် ကြပြီတဲ့။ ဒီအသိတွေ ခုမှသိတယ်။ တစ်သက်လုံးကြီးနေတာက ဆန်ကြီး ကြီးနေတာတဲ့။ ဘာကြီး ကြီးလဲ။ (ဆန်ကြီး ကြီးတာပါဘုရား)။ မြန်မာနိုင်ငံမှာ ဆန်ရေစပါးတွေ ပေါတော့ စားချင်တိုင်းစား ကြီးတယ်ဆိုတဲ့အဓိပ္ပာယ်ကို ဆရာတော် မိန့်သွားတာ။ အလကားကြီး ကြီးနေတယ်လို့ပြောတာ။ အပါယ်ကိုသွားမယ့် အကြီးကြီးနေတယ်လို့ပြောတာ။ ဒီလိုဖြင့် ဒီစကားလုံးကို ဆရာတော်သုံးတာ ဒကာ၊ ဒကာမတွေ အပြစ်တင်တာလား၊ ကရုဏာနဲ့ဆုံးမနေတာလား။ (ကရုဏာနဲ့ ဆုံးမနေတာပါ ဘုရား)။ အပါယ်ကျမှာစိုးလို့၊ အပါယ်ကျမှာစိုးလို့။ ရှင်းပြီနော်။

အဲဒီတော့ ဆန်ကြီးမကြီးဘဲနဲ့ ဉာဏ်ကြီးကြီးရင် လူ့ဘဝမှာ တစ်ရက်ကလေးပဲနေရ နေရ မမြတ်ဘူးလား။ (မြတ်ပါတယ်ဘုရား)။ အဲဒီလိုမြတ်ဖို့ဆိုတော့ တခြားသိရမှာလား၊ တရားသိရမှာလား။ (တရားသိရမှာပါဘုရား)။

## ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက်

အဲဒီတော့ ယနေ့ ယောဂီများ ဒီနေရာကိုရောက်လာတဲ့ အဓိက ရည်ရွယ်ချက်က တခြားအတွက် လား၊ နိဗ္ဗာန်အတွက်လား။ (နိဗ္ဗာန်အတွက်ပါ ဘုရား)။ ဟုတ်ပြီ -- ညကတည်းက ပြောခဲ့ပြီနော်။

အခုရိပ်သာကို အဆင်းရဲအပင်ပန်းခံ အိုးပစ်အိမ်ပစ် အချိန်တွေအကုန်ခံပြီး လာတဲ့ရည်ရွယ်



www.burmeseclassic.com

www.burmeseclassic.com



ချက်က တခြားရည်ရွယ်ချက်လား၊ နိဗ္ဗာန်ရည်ရွယ်ချက်လား။ (နိဗ္ဗာန်ရည်ရွယ်ချက်ပါဘုရား)။ နိဗ္ဗာန်ဆိုတဲ့ တရားကတော့ ဗုဒ္ဓဘာသာဝင်တွေ သူတော်စင်တွေ ရင်းနှီးပြီးသားမို့လို့ ဘုန်းကြီးတို့ ပြောရတာ။ အခြားဘာသာခြား တစ်ယောက်ဆိုရင် နိဗ္ဗာန်ဆိုတဲ့စကား ထည့်ပြောလို့မရသေးဘူး။ နိဗ္ဗာန်ကို မပြောသေးဘဲ နိဗ္ဗာန်နဲ့ပတ်သက်တဲ့ ဆီလျော်တဲ့ စကားလုံးလေး ဘုန်းကြီးတို့ တစ်ဆင့်စီ တစ်ဆင့်စီ ဒီလိုကိုပြောရတာ။ ရှင်းပြီနော်။ နိဗ္ဗာန်ဆိုတဲ့ စကားလုံးကို ပြောရင် သူနဲ့ပတ်သက်ပြီး အများကြီး တစ်နေကုန်ကို ရှင်းနေရတာ။ သို့သော် ဒီမှာတော့ အားလုံး ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ ဖြစ်သည့်အတွက်ကြောင့်မို့လို့ အားလုံး နားလည်ထားတဲ့ နိဗ္ဗာန်ဆိုတဲ့ စကားလုံးကို ရွေးပြီးတော့ လိုရင်းလေး ပြောလိုက်တာနော်။ (မှန်လှပါ)။

အဲဒီတော့ နိဗ္ဗာန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ယနေ့ ဒီကိုရောက်လာတယ်။ ဒီတော့ ဘုန်းကြီးတို့ သင်တန်းဆရာများ၊ ဆရာတော်ဘုရားကြီး မိန့်သွားတာက **"ရည်ရွယ်ချက်ရှိရင် ရည်ရွယ်ချက်နဲ့လျော်ညီတဲ့ လုပ်ဆောင်ချက် ရှိရမယ်"**တဲ့။ ဒီတော့ ဘုန်းကြီးတို့အားလုံးသော ယောဂီတွေမှာ နှစ်ချက်ရှိတယ်နော်။ (ရည်ရွယ်ချက်ရယ်၊ လုပ်ဆောင်ချက်ရယ်)။ ရည်ရွယ်တာဟာ ဘာအတွက်။ (နိဗ္ဗာန်)။ ဘုန်းကြီး ညက ယောဂီတို့ကို သတိပေးထားတယ်နော်။ ဒီကိုရောက်လာတာက စားစရာ မရှိလို့လာတာဟုတ်ရဲ့လား။ (မဟုတ်ပါဘူးဘုရား)။ ဝတ်စရာမရှိလို့ လာတာဟုတ်ရဲ့လား။ (မဟုတ်ပါဘူးဘုရား)။ နေစရာထိုင်စရာမရှိလို့ လာတာဟုတ်ရဲ့လား။ (မဟုတ်ပါဘူးဘုရား)။ အိုး -- မိတ်သစ် ဆွေသစ်တွေ ရှာဖို့အတွက်လည်း လာတာဟုတ်ရဲ့လား။ (မဟုတ်ပါဘူးဘုရား)။ ဘာ ရည်ရွယ်ချက်နဲ့လဲ။ (နိဗ္ဗာန်ရည်ရွယ်ချက်ပါဘုရား)။ ဟုတ်ပြီ။ နိဗ္ဗာန်ကို ရည်ရွယ်ရင် တခြားကိစ္စ တွေ အကုန်ဖျောက်ထားလိုက်။

အရေးအကြီးဆုံးအလုပ်က နိဗ္ဗာန်ကို ရောက်ရာရောက်ကြောင်း အလုပ်ကလွဲ၍ တခြား လုပ်ဆောင်ချက်တွေ ဒကာ၊ ဒကာမတို့ လုပ်နေလို့ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား)။ ဒီလိုဖြင့် ရင် နိဗ္ဗာန်ကိုလိုချင်ရင် နိဗ္ဗာန်နဲ့ လျော်ညီတဲ့ လုပ်ဆောင်ချက်ဟာ မဂ္ဂင်ပဲရှိတယ်၊ ဘာပါလိမ့်။ (မဂ္ဂင်ပါဘုရား)။ ဒါကို မဟာသတိပဋ္ဌာန သုတ်မှာ -

**ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ**

မြတ်စွာဘုရား ဟောထားတာ။ ဟေ့ -- နှစ်ခုမရှိဘူး၊ တစ်ခုတည်းပဲရှိတယ် ယောဂီတို့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ (ဝါ) နိဗ္ဗာန်ကို ရနိုင်ဖို့ဟာ နှစ်ကြောင်းရှိတာလား၊ တစ်ကြောင်းတည်း ရှိတာ လား။ (တစ်ကြောင်းတည်းပါဘုရား)။ "ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ"။ အဲဒီလမ်း တစ် ကြောင်းတည်းသွား၊ တခြားမဟုတ်ဘူး။ မဂ္ဂင်လမ်းပဲ။ ဘာလမ်းပါလိမ့်။ (မဂ္ဂင်လမ်းပါဘုရား)။

အဲဒီ မဂ္ဂင်လမ်းဆိုတာ ကဿပ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံပြီးတော့ အဲဒီလမ်းပျောက်သွားတာ၊ လမ်းပျောက်သွားတယ်။ ဘယ်လိုမှကို လမ်းကိုရှာတဲ့ ဒကာ၊ ဒကာမတွေ ပုဂ္ဂိုလ်မပေါ်ဘူး။ သိကြားတွေ ဗြဟ္မာတွေ နတ်တွေ ဝိဇ္ဇာတွေ တန်ခိုးရှင်တွေ ယနေ့လောကနဲ့ ပြောနေတယ်ပေါ့လေ၊ အဲဒီလမ်းရှာနိုင်ရဲ့လား။ (မရှာနိုင်ပါဘူးဘုရား)။ စဉ်းတောင်မစဉ်းစားနိုင်ဘူး။ ရှာဖို့ဆိုတာ မပြောနဲ့။ သို့သော် ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ပွင့်လာတော့မှ အဲဒီ လမ်းကို သူကိုယ်တိုင်ရှာဖွေပြီးတော့ အပင်ပန်းခံပြီး မလျှောက်ဘူးလား။ (လျှောက်ပါတယ်ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလမ်းကို ရှာတာက ချက်ချင်းသွားလို့ ချက်ချင်းတွေ့တာမဟုတ်ဘူး။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ရှာရတာတဲ့ဗျာ။ ဘယ်လောက်ရှာရတာလဲ၊ (လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း)။ ဘုန်းကြီးတို့ အဘဘုရားကိုယ်တော်မြတ်ကြီး ဒီလမ်းကို ရောက်ဖို့ရှာလာတာ ဘယ်လောက်လဲ၊ (လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါဘုရား)။ နည်းနည်းနောနောလား။ ဒီလမ်းကို ရှာလာတာ။ အခု ယောဂီတို့ကကြည့် ဒီ ၁၀-ရက်ထဲနဲ့ ဒီလမ်းဟာ ဒါပါလားလို့ သိရတယ်ဆိုတော့ ခုနပြောသလို ကံမထူးလို့လား၊ ကံထူးလို့လား (ကံထူးလို့ပါဘုရား)။

ဟိုမှာ လေးသင်္ချေ ကမ္ဘာတစ်သိန်းရှာတဲ့ ပုဂ္ဂိုလ်တွေ ဒီလမ်းကို၊ အခု ယောဂီတို့က ဒီလမ်းကို ဘယ်နှစ်ရက်လဲ။ (၁၀-ရက်ထဲပါဘုရား)။ နော် ၁၀-ရက်ထဲနဲ့ အဲဒီလမ်းကို တွေ့ရတယ်ဆိုတော့ ဟာ-- တကယ့်ကံထူးတာပေါ့နော်။ ဆုတောင်းပြည့်လို့ ဒီအလုပ်ကို လုပ်နေရတာနော်။ ဆုတောင်းမပြည့်ရင် ဒီအလုပ်ကို လုပ်နိုင်ပါဦးမလား။ (မလုပ်နိုင်ပါဘူးဘုရား)။ သို့သော် ကိုယ့်ကိုယ်ကို ဆုတောင်းပြည့်မှန်း မသိတဲ့အခါကျတော့ ဘေးနားက ပုဂ္ဂိုလ်ကလည်း ဩော် - ခင်ဗျားတို့ ဆုတောင်းပြည့်နေပြီလို့ မပြောတော့ မသိဘူးပေါ့။ မသိတဲ့အခါကျတော့ ကိုယ့်ကိုယ်ကို မပြည့်သေးဘူး အောက်မေ့ပြီး ဒကာ၊ ဒကာမတွေ -- လျှောက်ပြီး တောင်းတော့တာပါပဲဗျ။ ဝါသနာတော်တော်ကြီးတယ်။ အတောင်းဝါသနာက ကြီးတာကိုး။ ဘယ်နေရာမှာ ဆုတောင်းပြည့်တယ်ဆိုရင် သွားတောင်းပြန်ပြီ - ဟော--မတောင်းဘူးလား။ (တောင်းပါတယ်ဘုရား)။ ဘယ်ဘုန်းကြီး ဘာဖြစ်ပြီဆို သွားတောင်းပြန်ပြီ။ ဟော -- မတောင်းဘူးလား။ (တောင်းပါတယ်ဘုရား)။

ဒီတစ်ပတ် ယောဂီ နည်းနည်းလျော့သွားတယ်၊ ဘုန်းကြီး -- ယောဂီတွေကို သတိပြုမိတယ်။ နည်းနည်းလျော့သွားတယ်။ ဒီရာသီ လျော့လျော့နေတယ်၊ ဘယ့်နှယ့်ကြောင့်ပါလဲလို့ စဉ်းစားနေတယ်။ အင်း -- ခုနပြောတဲ့ဝါသနာ မစွန့်နိုင်တာနဲ့တူတယ်။ ဘာဝါသနာလဲ။ (အတောင်းဝါသနာပါဘုရား)။ အတောင်းဝါသနာတွေ။ အခု အထက်မြန်မာပြည် တောင်ပြုံးပွဲတက်ပြီး တောင်းကြပြီ။ ဩော်- ကိုယ့်မိတွေ ဖတွေ ဆွေတွေ မျိုးတွေ ဝါသနာ မစွန့်ဘူး။ တောင်းတဲ့ ဝါသနာက သံသရာက ပါလာတာကိုးဗျ။ ကိုယ်ပြည့်တာ ပြည့်မှန်းမသိဘူး ယောဂီတို့။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်)။ ဘုန်းကြီးအပြစ်တင်နေတာလား၊ ကရုဏာနဲ့ ကျေးဇူးဆပ်နေတာလား။ (ကရုဏာနဲ့ ကျေးဇူးဆပ်တာပါဘုရား)။ အပြစ်တင်စရာ လည်းမရှိဘူးနော်။ ဘယ်သူ့မှ အပြစ်တင်ဖို့ မလိုဘူး။ အမှန်ကို မြင်စေချင်လို့။ ရှင်းကောရှင်းရဲ့လား။

အဲဒီတော့ ယနေ့ ''ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ''ဆိုတဲ့လမ်းကို ဒီမှာ ၁၀-ရက်လောက်လေးနဲ့ ယောဂီတို့ ဒီတရားနာလိုက်လို့ မိမိတို့ ထိုက်တန်တဲ့ အားနဲ့ပေါ့နော်။ ဒီလူသိပေမယ့် ဟိုလူသိချင်မှ သိဦးမှာပါ။ ဒီလူ ဒီလောက် သိပေမယ့် ဟိုလူအများကြီးသိမယ်။ ဟိုလူ အများကြီးသိပေမယ့် ဒီလူ နည်းနည်း သိချင်သိမယ်ပေါ့။ ကိုယ့်အခံဓာတ်ချင်း မတူဘူးနော်။ အတိုင်းအတာလေး တစ်ခုအားဖြင့် ၁၀-ရက်လောက်နဲ့ယောဂီတို့ မသိနိုင်ဘူးလား။ (သိနိုင်ပါတယ်)။

အဲဒီလိုသိနိုင်တာ ဟိုမှာ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ သိရတဲ့တရားကို အခု ၁၀-ရက်လောက်နဲ့ သိရတယ်ဆိုတော့ ယောဂီတို့ ဆုတောင်းပြည့်လို့လား၊ မပြည့်လို့လား။



www.burmeseclassic.com

www.burmeseclassic.com



(ပြည့်လို့ပါဘုရား)။ ပြည့်နေလို့နော်။ နောက်ထပ်တောင်းဦးမလား။ (မတောင်းတော့ပါဘူးဘုရား)။ အမလေး အဲဒီအသံကြားရတာ အမောပြေလိုက်တာ၊ ဝါသနာပါလို့တောင်းချင်ရင်လည်း တောင်းဦးနော်။ အချို့ကျတော့ တောင်းရုံတင်မဟုတ်ဘူး။ နည်းနည်းပါးပါး မ,တာပြုတာလေးပါရှိသေးတယ်။ ဟော--အဲဒါကလည်း ထပ်တလဲလဲကြဲရင် ဘုန်းကြီးကပြောမိပြောမိနေတယ်--နော်။

ဒါလည်းမပြောလို့မဖြစ်ဘူး။ မကြိုက်လည်း ပြောကိုပြောရတော့မှာကိုးဗျ။ ကိုယ့်ကိုယ်ကို ဖြစ်မှန်းမသိ ဖြစ်နေတဲ့ကိစ္စမို့လို့ပါ။ အဲဒီတော့ တစ်ချို့က မကျေနပ်တဲ့အခါကျတော့ ကျောက်တုံးတွေ့ ကျောက်တုံးတွေ ဝင်မ,သေးတာ။ ကိုယ်ပြည့်လား မပြည့်လားဆိုတာ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ ကျောက်တုံး မ,တော့ ကျောက်တုံးဆိုတာ ပေါ့တာလား။ လေးတာလား။ (လေးတာပါဘုရား) ဘယ်ကျောက်တုံးသွားမ, မ --ဘယ်တော့မှ ပေါ့မပြဘူး၊ လေးတာပဲ။ လေးတယ်ဆိုတာ အထက်တက်တာလား၊ အောက်ဆင်းတာလား။ (အောက်ဆင်းတာပါဘုရား)။ အသက်မရှိတဲ့ ကျောက်တုံးကတောင် စကားပြောမယ် -- နော်။ မ,တဲ့ ပုဂ္ဂိုလ်ကိုပေါ့လေ။ ခင်ဗျား မ,တာက ကျွန်တော် ပြောနေတယ်၊ အဓိပ္ပာယ်--အဓိပ္ပာယ်က ကျောက်တုံးကပြောနေတာ။ သူပြောပြီတဲ့။ ဆင်းလိမ့်မယ်တဲ့။ ဟော--အထက်တက်တာလား၊ အောက်ဆင်းတာလား။ အောက်ဆင်းတာပါ။ ကျောက်တုံးကပြောတယ်။ ဆင်းမှာသေချာတယ်တဲ့။ အောက်ဆိုတာ ဘာလဲ။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် သေချာတယ်တဲ့။ အဲဒါ ကဲ–ကိုယ့်ဆွေတော် မျိုးတော်တွေ သတိသာ ထားတော့။ အဲဒီသေချာတဲ့ အထဲတော့ မပါစေနဲ့နော်။ အဲဒီလိုပါမှာစိုးလို့ ဘုန်းကြီး ကျေးဇူးပြုနေတယ်လို့ ယူပါ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်)။

ပြီးတော့ မြတ်စွာဘုရားက ''ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ'' ဆိုတာက တစ်ကြောင်းတည်းသောလမ်းပဲရှိတယ်။ အဲဒီလမ်းက တခြားလမ်းလား၊ မဂ္ဂင်လမ်းလား၊ (မဂ္ဂင်လမ်းပါဘုရား)။ အဲဒီ မဂ္ဂင်လမ်းဆိုတဲ့ လုပ်ဆောင်ချက်ကို ဒကာ၊ ဒကာမတွေ လုပ်စမ်းပါ။ မနက်အားထုတ်ရင် ညနေမရနိုင်ဘူးလား။ (ရနိုင်ပါတယ်ဘုရား)။ ညနေအားထုတ်ရင် မနက်မရနိုင်ဘူးလား။ (ရနိုင်ပါတယ်ဘုရား)။ ဒီလောက် ဒကာ၊ ဒကာမတွေ နည်းလမ်းစည်းကမ်းရထားတာနော်။ အင်မတန် ဘုန်းကံ ထူးပါတယ်။ အဲဒီတော့ အပြောနဲ့ ကျေနပ်ရမှာလား၊ လက်တွေ့ လုပ်ကြည့်ရမှာလား။ (လက်တွေ့လုပ်ရမှာပါဘုရား)။ သူများပါးစပ်ဖျား လမ်းမဆုံးပါနဲ့ယောဂီတို့။ လက်တွေ့လုပ်ကြစမ်းပါနော်။

## ခန္ဓာရဲ့စကားကိုနားထောင်

အဲဒီ လက်တွေ့လုပ်နိုင်ဖို့ နည်းလမ်းစည်းကမ်းဖြစ်တဲ့ မြတ်စွာဘုရား ဟောတဲ့တရားတော်ကို ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ပါဠိတော်တွေကို ယူပြီးတော့ မြန်မာပြန်မဟောဘူးလား။ (ဟောပါတယ်ဘုရား)။ အဲဒီ မြန်မာပြန်ဟောတဲ့ တရားတော်တွေကို ဘုန်းကြီးတို့ ဆွေတော်မျိုးတော်တွေကို ထပ်ပြီးတော့ တိုက်တွန်းနေတာနော်။ အဲဒီတော့ ရည်ရွယ်ချက်က ဘာပါလိမ့်။ (နိဗ္ဗာန်ပါဘုရား)။ ရည်ရွယ်ချက် နိဗ္ဗာန်မှန်သော်လည်းပဲ လုပ်ဆောင်ချက်မှားနေရင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါ့မလား။ (မပြုနိုင်ပါဘူးဘုရား)။ အဲဒီတော့ လူ့ဘဝမှာ ဘယ်ဟာ တို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးလဲ၊ ဘယ်ဟာ အရေးမကြီးဘူးလဲ။ ဘယ်ဟာ နံပါတ်တစ်လဲ၊ ဘယ်ဟာ နံပါတ်နှစ်လဲ၊ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ဖို့ အရေးကြီးတယ်။ (မှန်လှပါ)။

ဒီတော့ သူသူငါငါ ပုထုဇဉ်မှန်သမျှ ကိုယ်ရော သူရော အကုန်လုံးပေါ့နော်၊ ဘာတွေ အရေးကြီးလဲဆိုတော့ လူရယ်လို့ဖြစ်လာရင် အထက်တန်းကျကျ မျက်နှာပန်းလှလှ အစစအရာရာ လူတန်းစေ့နေနိုင်ဖို့ အရေးကြီးတယ်။ အင်း -- ပထမအရွယ် ပညာသင်ရမယ်၊ ဒုတိယအရွယ် ဥစ္စာရှာရမယ်ပေါ့၊ အေး -- တတိယအရွယ် ကုသိုလ်ရှာကြတာပေါ့။ နီတိဆရာတွေကလည်း ဒီအတိုင်းပဲ ညွှန်းထားတာပဲ။ ဒကာ၊ ဒကာမတို့ ဘုန်းကြီးတို့လည်း တစ်သက်လုံး ဒီတိုင်းပဲ မကျင့်သုံးဘူးလား။ (ကျင့်သုံးပါတယ်)။ အဲဒီတော့ ပညာရှာနေရင်း သေတဲ့သူတွေ တစ်ပုံကြီးပဲ။ နေ့တိုင်း သတင်းစာထဲကြည့်လေ။ နာရေးသတင်းတွေ မတွေ့ဘူးလား။ (တွေ့ပါတယ်ဘုရား)။

ဒုတိယအရွယ်နော်၊ ဥစ္စာရှာတဲ့အရွယ်တွေ သတင်းစာထဲနေ့တိုင်းပါနေတာ။ တတိယအရွယ် မရောက်ဘူး။ အဲဒီပုဂ္ဂိုလ်တွေ ဒီလိုနဲ့ ပထမအရွယ် ဒုတိယအရွယ်မှာ ကုသိုလ်ရေးမလုပ်ဘဲနဲ့များ သေမယ်ဆိုရင် လောဘနဲ့ ဒေါသနဲ့ မောဟနဲ့ မာနနဲ့ ဒိဋ္ဌိနဲ့ သေကြတာပဲ။ အဲဒီလောဘ ဒေါသ တွေဟာ တခြားလား၊ ကိလေသာလား (ကိလေသာ ပါဘုရား)။ အဲဒီပုဂ္ဂိုလ်တွေ အထက်တက် မှာလား၊ အောက်ဆင်းမှာလား။ (အောက်ဆင်းမှာပါဘုရား)။ သေချာပေါက် အောက်ဆင်းတယ် ဆိုတာ ဆုံးဖြတ်ချက်ချပါ။

အဲဒီတော့ အရေးကြီးတာက နီတိဆရာတွေက သူ့ဟာနဲ့သူ ဘဝရဲ့ လောကအကြောင်း အနေနဲ့ ဒကာ၊ ဒကာမတွေ ပြောပြသော်လည်း ဘုန်းကြီး ပယ်တော့ မပယ်ဘူးပေါ့နော်။ အရေးကြီး တာက ခန္ဓာနဲ့ဟပ်တာကို အမှန်ယူပါ။ ခန္ဓာနဲ့ ဟပ်တာကို အမှန်ယူတော့ ငယ်တဲ့သူလည်း ဘာ ဖြစ်မလဲ။ သေမှာပဲ။ မသေနိုင်ဘူးလား။ (သေမှာပါဘုရား)။ ကြီးတဲ့သူလည်း သေမှာပဲ။ လူလတ် တွေလည်း သေမှာပဲ။ အဲဒီတော့ သေတာက ကြီးတယ် ငယ်တယ် ရွယ်တယ်၊ ပထမအရွယ် ဒုတိယအရွယ် တတိယအရွယ်စောင့်ရဲ့လား။ (မစောင့်ပါဘူးဘုရား)။ ယခုသေမင်းက ခေါ်ရင် ယခုလိုက်ရမှာဖြစ်တော့ ဒကာ၊ ဒကာမတို့ ဘုန်းကြီးတို့က အသေက ခေါ်လို့များလိုက်သွားလို့က ဉာဏ်မဦးရင် တခြားသွားမှာလား၊ အပါယ်သွားမှာလား။ (အပါယ်သွားမှာပါဘုရား)။ အဲဒီတော့ နီတိဆရာတွေရဲ့ စကားကို ဒီနေရာမှာ ပယ်တာတော့ မဟုတ်ဘူး။ နားထောင်လို့ကတော့ မဖြစ်ဘူး။ ခန္ဓာရဲ့စကားကို နားထောင်ရမယ်။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ နောက်လ ဒကာ၊ ဒကာမတွေ အသက်ရှင်မယ်လို့ ဘယ်သူ အာမခံမလဲပြော၊ အာမခံလို့မရဘူး။ နောက်စခန်း တရားအားထုတ်ပါမယ်လို့ အာမခံလို့မရဘူး။ ဒါ -- ဘုရား ဟောအတိုင်းနော်။ ကွေးသောလက် မဆန့်မီ ဆန့်သောလက် မကွေးမီ မသေနိုင်ဘူးလား။ (သေနိုင်ပါတယ်ဘုရား)။ အဲဒီလောက် ထိတောင် မြတ်စွာဘုရားက ဟောထားပါလျက်ကယ်နဲ့ ဘုန်းကြီးတို့ဒကာ၊ ဒကာမတွေ ပထမအရွယ် ဒုတိယအရွယ် တတိယအရွယ်လို့ ဒါတွေလျှောက် ရွေးနေရင် ကိုယ့်ကိုယ်ကို တမင်္ဂလာရှောင်ရာမရောက်ဘူးလား။ (ရောက်ပါတယ် ဘုရား)။ ရှင်းပြီ နော်။ အဲဒီတော့ အရေးကြီးဆုံးက ဟောဒီ မဂ္ဂင်အလုပ်ကို ကံကောင်းတုန်း ဉာဏ်ကောင်းတုန်း အရွယ်ကောင်းတုန်း အခါကောင်းတုန်းကို မြန်မြန်ဆန်ဆန် အားထုတ်ထားဖို့အရေးကြီးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှ အားမထုတ်ဘဲနဲ့ နောက်ကျသွားရင် ဒကာ၊ ဒကာမတို့ ဘုန်းကြီးတို့အတွက် ကိုယ်ကျိုးနည်း ပါလိမ့်မယ်။

အဲဒီတော့ ရည်ရွယ်ချက်သည် ဘာပါလိမ့်။ (နိဗ္ဗာန်ပါဘုရား)။ ရည်ရွယ်ချက် နိဗ္ဗာန် မှန် သော်လည်းပဲ စောစောကပြောသလို လူ့ဘဝမှာ အထက်တန်းကျကျ မျက်နှာပန်းလှလှနဲ့ စားရေး၊ နေရေး၊ ဝတ်ရေး၊ ကျန်းမာရေး၊ သားရေး၊ သမီးရေး၊ စီးပွားရေး ဒါတွေကို ဦးစားပေးလို့ ဖျတ်ကနဲသေသွားရင် ဘယ်သွားမလဲ။ (ငရဲပါဘုရား)။ မြေကြီးနဲ့ လက်နဲ့ခတ်လို့ လွဲချင်လွဲမယ်။ အပါယ်ကတော့ မလွဲဘူး။ ရှင်းပြီနော်။ အဲဒီလို မလွဲဘူးလို့သိရင် ဒီနေ့ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အင်မတန်ကံထူးတဲ့ မဟာကံထူးရှင်ဆိုတော့ အခု မဂ္ဂင်လမ်းကို လိုက်ရမှာဗျ။ ဘာလမ်းကိုလိုက်ရမယ်။ (မဂ္ဂင်လမ်းပါဘုရား)။ အဲဒီ မဂ္ဂင်လမ်း လိုက်ဖို့က တခြားလိုတာလား၊ ဆရာလိုတာလား။ (ဆရာလိုတာပါဘုရား)။ ဆရာ သိပ်အရေးကြီးပြီ။ ဒကာ၊ ဒကာမတို့--နော်။

## လုပ်ဆောင်ချက်တည့်ပါစေ

ဘယ်လောက်ထိ ဆရာအရေးကြီးလဲဆိုတော့ ဘုန်းကြီးတို့ရဲ့ ခုနပြောခဲ့တဲ့ အရှင်သာရိ ပုတ္တရာကိုယ်တော်မြတ်ကြီး အလောင်းတော် ဥပတိဿ၊ ဥပတိဿ ဆိုတာက တကယ့်သူတော် ကောင်းကြီး၊ နောက်ဆုံးတော့ ဒကာ၊ ဒကာမတွေ တရားလိုချင်လွန်းလို့ ဟို ရာဇဂြိုဟ်မှာ ပွဲ ကြည့်နေရင်းနဲ့ သံဝေဂရပြီး တောထွက်သွားတာ၊ သူ့ဇာတ်လမ်းကပေါ့နော်။ တောထွက်သွားတာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လိုချင်လို့လား။ (နိဗ္ဗာန်လိုချင်လို့ပါဘုရား)။ ဥပတိဿနဲ့ ကောလိတ သူငယ်ချင်းနှစ်ယောက်၊ ပွဲကြည့်နေရင်းနဲ့ ငါတို့လည်း တစ်နေ့ကျရင် နောင်နှစ်ပေါင်း ၅၀-ရောက်ရင်သေမှာပဲ၊ ဒီပွဲကြည့်ပရိသတ်ကြီးလည်း သေမှာပဲလို့ စိတ်ထဲမှာ သံဝေဂပွားတာ။ ရှင်း ကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

အဲဒီလိုပဲ အခု နောက်နှစ်ပေါင်း ၅၀-၁၀၀ လောက်ကျရင် တရားဟောတဲ့ ဘုန်းကြီး ဒကာ၊ ဒကာမတွေ တွေ့ရပါဦးမလား။ (မတွေ့ရပါဘူးဘုရား)။ ဒီဒကာ၊ ဒကာမတွေလည်း တစ် ယောက်မှမရှိတော့ဘူး။ ဘာဖြစ်မှာလဲ။ (သေမှာပါ ဘုရား)။ မြေကြီးနဲ့ လက်နဲ့ခတ်လို့ လွဲချင် လွဲဦးမယ်။ သေတာကတော့မလွဲဘူး။ ရှင်းပြီနော်။ မသေမှာလား၊ သေမှာလား။ (သေမှာပါဘုရား)။ ဒီလိုဖြင့် သေမှာသိရင် ဘုန်းကြီးတို့ ဒီအချိန်မှ မပြင်ရင် ဘယ်တော့ပြင်မှာတုန်း။ အဲဒီတော့မှ ဟိုမှာ ဥပတိဿက ဟာ -- မြန်းကနဲ ငါသေသွားရင် ငါ့မှာ ဘာမှ အထုပ်အထည် မရှိဘူး၊ အား ကိုးစရာမရှိဘူး ခက်ပြီ။ အဲဒီတော့မှ ဟာ--မဖြစ်ဘူး။ ကမန်းကတန်း တောထွက်မယ်ဆိုပြီး တစ်ခါတည်း တရားအားထုတ်တာ။ ဒကာ၊ ဒကာမတို့ တောထွက်ပြီး ဘာလုပ်တာလဲ။ တရား အားထုတ်တာ။ ဘာလိုချင်လို့။ (နိဗ္ဗာန်လိုချင်လို့ပါ)။ ဪ -- နိဗ္ဗာန်လိုချင်လို့ ဒကာ၊ ဒကာမတွေ တရားအားထုတ်လိုက်တာ။ အားထုတ်တာ တရားရရဲ့လား။ (မရပါဘူးဘုရား)။ ဘယ်ရမလဲ သမထ ပြတဲ့ဆရာတွေနဲ့ တွေ့နေတာ။ သမထသည် နိဗ္ဗာန်ကို မြင်နိုင်ပါ့မလား။ (မမြင်နိုင်ပါဘူးဘုရား)။

အို နာ သေ လွတ်တာကို လိုချင်လို့ သူအားထုတ်နေတာ။ သို့သော်လည်းပဲ တစ်ရက် အားထုတ် တစ်နှစ်အားထုတ် နိဗ္ဗာန်ကိုမြင်ရဲ့လား။ တစ်ရက်၊ နှစ်ရက် မကဘူး၊ သဥ္စယဗေလဋ္ဌ



www.burmeseclassic.com

www.burmeseclassic.com



ပုတ္တ ခေါ်တဲ့ သိဥ္စည်းဆရာကြီးဆီမှာ တစ်လျှောက်လုံးအားထုတ်လာခဲ့တာ၊ နိဗ္ဗာန်ဆိုတာ မြင်ရဲ့လား။ (မမြင်ပါဘူးဘုရား)။ ဘယ်မြင်မလဲ။ သူ့ရဲ့လုပ်ဆောင်ချက်က လွဲတာကိုး။ ဘာလွဲနေတာလဲ။ (လုပ်ဆောင်ချက်က လွဲနေတာပါဘုရား)။ ကျင့်ကြံပွားများ အားထုတ်နေတဲ့ လုပ်ဆောင်ချက်က လွဲနေတာကြောင့် သူသိချင်တဲ့ မြင်ချင်တဲ့ နိဗ္ဗာန်ကို မြင်ရရဲ့လား။ (မမြင်ရပါဘူးဘုရား)။

အဲဒီတော့မှ အားထုတ်နေရင်း အားထုတ်နေရင်း ဘုန်းကြီးတို့ရဲ့ မြတ်စွာဘုရား တပည့်သာဝကဖြစ်တဲ့ ပဥ္စဝဂ္ဂီ ၅–ဦးမှာ ရှင်အဿဇိ ဆိုတဲ့ ရဟန္တာမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ပဥ္စဝဂ္ဂီ ၅–ဦးမှာ အငယ်ဆုံးနော်။ ရှင်အဿဇိ ဆိုတဲ့ ရဟန္တာကဆွမ်းခံပြန်လာတဲ့အခါကျတော့ ရဟန္တာကြီး ဆွမ်းခံပြန်လာတာ သတိမလွတ်ဘူးနော်။

အခု ယောဂီတို့ မနက်က ဘုန်းကြီး စကြံမသင်ဘူးလား။ (သင်ပါတယ်ဘုရား)။ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်နော်။ ကြွတယ် လှမ်းတယ် ချတယ် စသည်ဖြင့်နော်။ အဲဒီပေါ်မှာ ရဟန္တာကြီး ဆွမ်းခံသွားပြီးစကျွန်ချပြီး သူ့ သတိပဋ္ဌာန်လေးနဲ့ မဂ္ဂင်လေးနဲ့ဒီလိုသွားနေတော့ ဘေးကနေကြည့်လိုက်တာနဲ့ ဟာ ဒီပုဂ္ဂိုလ်တရားကိန်းနေပြီ မသိရဘူးလား။ (သိရပါတယ်ဘုရား)။ ဒီလိုဖြင့်ရင် ယောဂီတွေလည်း တခြားအချိန်ကတော့ ထားပေါ့ဗျာ။ စကြံကိုတကယ်ရှုမှတ်ပြီး လျှောက်နေရင် အဲဒီပုဂ္ဂိုလ်မှာ တရားကိန်း မကိန်း။ (ကိန်းပါတယ်ဘုရား)။ ဒီအချိန် ကိန်းနေတယ်။ တခြားအချိန်မှာ ကိန်းချင်မှကိန်းမှာပေါ့။ ရှင်းပြီနော်။ တစ်ခုတော့ သတိပေးမယ်လေ။ စကြံလျှောက်တဲ့အခါမှာတော့ –– စကြံတော့ လျှောက်တယ်။ မျက်စိက ဟိုကြည့်ဒီကြည့် ဟိုစဉ်းစား ဒီစဉ်းစား ဟိုလူ့တွတ်တွတ်၊ ဒီလူ့တွတ်တွတ် ဆိုရင်တော့ ဒါကတော့ မကိန်းနိုင်ဘူး။ ကြည့်လိုက်ရင်ဖြင့် ဟာ–ဟိုယောဂီ ဟန်ဆောင်နေတာဟဲ့။ စကားတိုးတိုးပြောလိုပြော၊ အင်း–– ဒီကနေ အစောင့်အရှောက်ရှိတဲ့ သံဃာတော်တွေက ကြည့်လိုက်တဲ့အခါကျတော့ ဟာ––မဖြစ်ဘူး။ ပြန့်ပြီးတော့ ဣန္ဒြေလေးနဲ့။ ရှင်းကောရှင်းရဲ့လား။ မလုပ်နဲ့နော်။ လုပ်လို့ပြောတာ မဟုတ်ဘူးနော်။ ဖြစ်တတ်တဲ့သဘာဝ။

ဒီနေ့ကစပြီး ဒီယောဂီတွေ လုပ်တာ မတွေ့သေးဘူး။ ဟိုတစ်ပတ် ယောဂီတွေအကြောင်း ပြောပြတာပါ။ ဒီယောဂီတွေအကြောင်း နောက်စခန်း ကျမှပဲပြောမယ်။ စိတ်ချ ဒီစခန်းမှာ ပြောကို မပြောဘူး။ ရှေ့တင်ပြောလို့တော့ ဘယ်ကောင်းမလဲ –– ဟုတ်လား။ အဲဒီတော့ ဆိုလိုတာက အဲဒီလို သတိပဋ္ဌာန်နဲ့ ရဟန္တာကြီးလျှောက်နေတဲ့အခါကျတော့ ကြည်ညိုဖွယ်အဆင်းဖြစ်တာပေါ့၊ ယောဂီတို့နော်။ အဲဒီတော့မှ ဟိုက ဥပတိဿကလှမ်းပြီးတော့ မြင်လိုက်တယ်။ ဟာ––ဣန္ဒြေရင့်ကျက်လိုက်တာ၊ စက္ခုန္ဒြေ မျက်စိကလည်း ဟိုကြည့်ဒီကြည့် တောင်ကြည့် မြောက်ကြည့် မကြည့်၊ ကာယိန္ဒြေ ဖြည်းဖြည်းချင်း သတိပဋ္ဌာန် ကပ်ပြီး သွားနေတော့ ဒကာ၊ ဒကာမတွေ အဲဒီလို စက္ခုန္ဒြေ ကာယိန္ဒြေရဲ့ တည်ငြိမ်မှုဟာ မနိန္ဒြေဆိုတဲ့ စိတ်ရဲ့တည်ငြိမ်မှုကြောင့်မဟုတ်ဘူးလား၊ စိတ်ရဲ့ တည်ငြိမ်မှုရှိတဲ့အခါဟာ ရုပ်ပါလာတည်ငြိမ်တာပါပဲ။

အဝေးကနေ ဒီမျက်နှာကြည့်လိုက်တဲ့အခါ ဟာ––တစ်ခါတည်းမှကို အင်မတန်ကို တည်ငြိမ်ပြီး အေးချမ်းနေတဲ့ တရားကိန်းနေတဲ့ မျက်နှာနော်။ အဲဒါကို မြင်လိုက်ပြီဆိုမှဖြင့် ဥပတိဿရဲ့ စိတ်ထဲမှာ တစ်အားကြည်ညိုသွားတယ်။ ဟာ––ဒီပုဂ္ဂိုလ်တော့ တရားကိန်းနေပြီ။ ငါလိုက်ဦးမှ၊ နောက်ယောင်ခံပြီးတော့ လိုက်သွားတယ်။ တစ်နေရာလည်းရောက်ရော ရှင်အဿဇိကိုယ်တော်

www.burmeseclassic.com



လေးက အသာလေး သပိတ်လေးချပြီးတော့ ဒီမှာ ဆွမ်းဘုဉ်းပေးမှာကိုး။ အဲဒီတော့မှ သူ့ ပါလာတဲ့ အခင်းလေးကိုခင်း၊ ခင်းပြုပြီးတော့ ဂါရဝပြုတာပေါ့။ အဲဒီတော့ အနားမှာ ဝတ်ကြီး၊ ဝတ်ငယ်ပြုပြီး တော့ ဆွမ်းလည်းဘုဉ်းပေးပြီးရော အရှင်ဘုရားတဲ့ တရားလေး တစ်ပုဒ်တော့ ချီးမြှင့်ပါ၊ ဟောပါ ဘုရားတဲ့။ ဒကာ၊ ဒကာမတွေ တရားတောင်းပြီနော်။ (မှန်လှပါ)။

ဒီတော့ ရှင်အဿဇိထံမှာ ဥပတိဿ ဘာလုပ်တာလဲ။ (တရားတောင်းတာပါဘုရား)။ တရားတောင်းပြီ၊ ဟိုက အမူအရာကိုကြည့်လိုက်တာနဲ့ တရားကိန်းပြီဆိုတာသိတာ။ ဒီတော့မှ ရှင်အဿဇိ ရဟန္တာမြတ်ကလည်း အေး--ဟုတ်ပြီ။ မင်းတရားတောင်းတာကတော့ ဟုတ်တယ်။ ငါကလည်း တရားမဟောတတ်ဘူးကွ။ ဟော -- မြှုန်းကနဲကြည့်ရင် ရဟန္တာတရားမဟောတတ်ဘူးဆိုတော့ ဒကာ၊ ဒကာမတွေ မခက်ဘူးလား။ ရဟန္တာက သူ့ခန္ဓာသာသူတတ်တာနော်၊ အများကို နားလည်အောင် ဟောဖို့ဆိုတာကလည်း သူ့ပါရမီကလိုသေးတယ်ဗျ။ ဒီတော့မှ ငါ--တရားမဟောတတ်ဘူးကွ။ ဒါပေမဲ့ ငါတို့မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူခဲ့တဲ့ ဒေသနာကိုတော့ ငါမင်းကိုဟောပြမယ်ဆိုပြီးတော့ --

**ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော-**

**အာဟ တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။**

ဒီ ဒေသနာစဉ်ကိုဟောလိုက်တယ်။ ဒီရဲ့အဓိပ္ပာယ်က ဘာလဲလို့ဆိုတော့ ယေ ဓမ္မာ-တေဘူမက သင်္ခါရ တရားတို့သည်၊ ဟေတုပ္ပဘဝါ- အကြောင်းတရားလျှင် အမွန်အစရှိကုန်၏။ အဲဒီအကြောင်းတရားကိုလည်း ဘုရားရှင် ဟောတော်မူသည်။ အကြောင်းချုပ်တာကိုလည်း ဟောတော်မူသည်။ တို့ဘုရားက ဒီလိုအယူရှိသကွတဲ့။ ဒီတော့- တေဘူမက သင်္ခါရတရားတွေထဲမှာ ဇာတိ ဇရာ ဗျာဓိ မရဏ အစရှိတဲ့ ဒုက္ခသစ္စာတရားတွေဆိုတော့ ဘာကိုစ,ဟောတာလဲ။ (ဒုက္ခသစ္စာပါဘုရား)။ ဇာတိ ဘာသစ္စာ။ (ဒုက္ခသစ္စာပါဘုရား)။ ဇရာ ဘာသစ္စာ။ (ဒုက္ခသစ္စာပါဘုရား)။ ဗျာဓိ ဘာသစ္စာ။ (ဒုက္ခသစ္စာပါဘုရား)။ မရဏ ဘာသစ္စာ။ (ဒုက္ခသစ္စာပါဘုရား)။ အဲဒီတရားတို့သည် သမုဒယသစ္စာလျှင် အကြောင်းရှိတယ်။ ဟော--ယောဂီတို့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီး ကြည့်လိုက်ရင် မထင်းဘူးလား။ (ထင်းပါတယ်ဘုရား)။ ဇာတိ ဇရာ ဗျာဓိ မရဏ အစရှိသော ဒုက္ခသစ္စာတို့သည် မိုးပေါ်က ကျတာလား၊ သမုဒယသစ္စာ အကြောင်းရှိတာလား။ (သမုဒယသစ္စာ အကြောင်းပါဘုရား)။

ဟောဒီမှာကြည့်--စက်ဝိုင်းကြည့်လိုက်စမ်းပါ။ နံပါတ်တစ်နော်။ အဲဒီတော့ သမုဒယသစ္စာသည် တခြားတရားလား၊ အကြောင်းတရားလား။ (အကြောင်းတရားပါဘုရား)။ ဒုက္ခသစ္စာသည် တခြားတရားလား၊ အကျိုးတရားလား။ (အကျိုးတရားပါဘုရား)။ အကြောင်းရှိလျှင် အကျိုးရှိမယ်။ အကြောင်းချုပ်လျှင် အကျိုးချုပ်တယ်။ ပြီးသွားပြီ၊ တရားပြီးသွားပြီနော်။

အဲဒီတရားကို တစ်ဂါထာတည်းဟောတော့ အဲဒီဂါထာတောင်မဆုံးဘူး။ ဟိုမှာ သောတာပန် တည်သွားပြီ။ မမြန်ဘူးလား။ အမလေး--မြန်လိုက်တာ။ ဟာ--ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အဲဒီလိုများတည်ရင် မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။ တည်လည်း တည်စေချင်ပါတယ်ဗျာ။ ဘုန်းကြီးလည်း အဲဒီလို သိပ်ဖြစ်ချင်တာပဲနော်။

**ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း**

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလေး တစ်ဂါထာလေး ရွတ်လိုက်ရုံနဲ့နော် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်သွားရင် မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။ ဒါပေမယ့် ဒီအချိန်အခါမှာ လာပြီးလူဖြစ်တာ အဲဒီလိုတော့မမျှော်နဲ့ မရဘူး။ စောစောကပြောတဲ့ ဘယ်ထဲပါနေလို့လဲ။ ဝေနေယျပုဂ္ဂိုလ်တွေထဲပါနေလို့။ ဟိုက ဥဃ္ဃဋိတညူပုဂ္ဂိုလ်တွေက တစ်လုံး တစ်ပါဒ တစ်ဂါထာလေး သိရုံနဲ့ တစ်ခါတည်း ဒိုင်းဆို ပွင့်သွားတာ၊ ဟိုကပါရမီပြည့်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ ဟုတ်လား။ ဘုန်းကြီးတို့ကတော့ နည်းနည်းကြိုးစားရဦးမှာပေါ့နော်။ ဒကာ၊ ဒကာမတွေ မကြိုးစားရဲလို့ ရပါ့မလား။ (မရပါဘုရား)။ အဲဒီလို တရားလည်း ဟောလိုက်ရော တစ်ခါတည်း ဒီနေရာမှာ သောတာပန် တည်သွားတာပဲ။ အဲဒီတော့ အဲဒီလို သောတာပန် တည်သွားတာဟာ တခြားနဲ့တွေ့လို့လား၊ ဆရာနဲ့တွေ့လို့လား။ (ဆရာနဲ့တွေ့လို့ပါဘုရား)။

အဲဒီတော့ "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ" ဆိုတာ သူသည် တခြားလမ်းပေါ် ရောက်သွားတာလား၊ မဂ္ဂင်လမ်းပေါ်ရောက်သွားတာလား။ (မဂ္ဂင်လမ်းပေါ်ရောက်သွားတာပါဘုရား)။ တစ်ချက်ကလေး သောတာပန်တည်သွားတာ။ စောစောတုန်းက အချိန်တွေ အကုန်ခံပြီး ပွားများ အားထုတ်နေတာ နိဗ္ဗာန်ကို မြင်ရဲ့လား။ (မမြင်ပါဘူးဘုရား)။ အခုတော့ ဘာကိုမြင်သွားတာလဲ။ (နိဗ္ဗာန်) သောတာပန်ဆိုတော့ ပထမဦးဆုံး သောတာပတ္တိမဂ်တို့၏ အာရုံပြုရာဖြစ်သော နိဗ္ဗာန်ကို တစ်ချက်မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ ပုထုဇဉ် အနွယ်ဖြတ်ပြီး အရိယာဖြစ်သွားပြီယောဂီတို့။ အရိယာဖြစ်သွားပြီနော်။

အဲဒီ ရှင်သာရိပုတ္တရာရဲ့ အလောင်း ဥပတိဿသည် အဲဒီကဲ့သို့ သောတာပန်ဖြစ်သွားတာဟာ တခြားကြောင့်လား၊ လုပ်ဆောင်ချက်တည့်လို့လား။ (လုပ်ဆောင်ချက်တည့်လို့ပါဘုရား)။ စောစောတုန်းက လုပ်ဆောင်ချက်တည့်ရဲ့လား။ (မတည့်ပါဘူးဘုရား)။ သို့သော် လုပ်ဆောင်ချက် မတည့်သော်လည်း ရည်ရွယ်တာ ဘာပါလိမ့်။ (နိဗ္ဗာန်)

ဟော အခုတော့ ရှင်အဿဇိရဲ့ ကြောင်းကျိုးပြဒေသနာလေး။ ကြောင်းကျိုးပြ ဒေသနာ ဆိုတာ ပဋိစ္စသမုပ္ပါဒ်ပါပဲ။ သစ္စာ ၄–ပါးက လွတ်တဲ့ တရားဆိုတာ မရှိပါဘူး။ သစ္စာ ၄–ပါးက လွတ်သော တရားမရှိလျှင်လည်း ပဋိစ္စသမုပ္ပါဒ်မှ လွတ်သောတရားဆိုတာလည်း မရှိဘူး။ ပဋိစ္စသမုပ္ပါဒ်တရားကို နာလည်း နာလိုက်ရော လုပ်ဆောင်ချက် မတည့်ဘူးလား။ (တည့်ပါတယ်ဘုရား)။ ပြန်ပြောပါဦးမယ်နော်။

အကြင်ဓာတိ ဓရာ ဓမ္မာဓိ မရဏာတို့သည် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာ)။ အဲဒီ ဒုက္ခသစ္စာတရားတို့သည် သမုဒယသစ္စာသာလျှင် အကြောင်း ဖြစ်သည် ဆိုပြီးတော့ အကြောင်းအကျိုးဟောတာပေါ့။ ဘာကိုဟောတာပါလိမ့်။ (အကြောင်း အကျိုးကိုဟောတာပါဘုရား)။ ဟောဒီမှာ နံပါတ်တစ် အကွက်ကြည့်လိုက်စမ်းပါ။ အကြောင်းက ဘာသစ္စာ။ (သမုဒယသစ္စာ)။ အကျိုးက ဘာသစ္စာ။ (ဒုက္ခသစ္စာ)။ ဟိုမှာ သောတာပန်ဖြစ်နေပြီ။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ အဲဒီ ဓာတိ ဓရာ ဓမ္မာဓိ မရဏာတို့၏ချုပ်ရာ ချုပ်ကြောင်းသည် တခြားလား၊ နိရောဓလား။ (နိရောဓပါဘုရား)။

www.burmeseclassic.com



## ဆရာအရေးကြီး

အဲဒီ နိရောဓ၏ အကြောင်းတရားသည် ဒကာ၊ ဒကာမတွေ မဂ္ဂသစ္စာ ပါပဲ။ ဘာပါလိမ့်။ (မဂ္ဂသစ္စာပါဘုရား)။ ယနေ့ ယောဂီတို့ မဂ္ဂင်လမ်းပေါ်သို့ ရောက်သွားရင် ဆုတောင်းဖို့လိုသေးလား။ (မလိုတော့ပါဘူးဘုရား)။ အဲဒီတော့ အလုပ်ပဲ လုပ်တော့။ အဲဒီ အလုပ်က တခြားအလုပ်လား၊ မဂ္ဂင်အလုပ်လား။ (မဂ္ဂင်အလုပ်ပါဘုရား)။ အဲဒီ မဂ္ဂင်အလုပ်ကို လုပ်ဖို့အတွက်ကို ဒကာဒကာမတွေ နည်းလမ်း စည်းကမ်းရှာရမှာ။ (မှန်လှပါ)။ အဲဒီ မဂ္ဂင်အလုပ်ကို လုပ်နိုင်ဖို့အတွက် ဒကာ၊ ဒကာမတွေ မဂ္ဂင်ဆိုတာက တခြားလား၊ နိဗ္ဗာန်ကိုသွားတဲ့လမ်းလား။ (နိဗ္ဗာန်ကိုသွားတဲ့လမ်းပါဘုရား)။ အဲဒီလမ်းကို ဘုန်းကြီးတို့ထွင်ရတော့မယ်၊ ရှင်းရတော့မယ်။ သို့သော် ရှင်းတယ်ဆိုပေမဲ့ ဘုရားက လမ်းဖြောင့်ဖြောင့်ကြီး ပေးထားပြီးသား။ သို့သော် ဒီလမ်းကိုရောက်အောင် ဘုန်းကြီးတို့ တက်ဖို့ အရေးကြီးတယ်။ ရှင်းပြီနော်။

အဲဒီလမ်းကို ရောက်အောင် တက်နိုင်ဖို့အတွက် လမ်းပြတယ်ပေါ့ဗျာ။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောသွားတာ အားထုတ်သွားတာ လမ်းကြီးက မဖြူးဘူးလား။ (ဖြူးပါတယ်)။ ဖြူးသော်လည်းပဲ ဘုန်းကြီးတို့က အဲဒီလမ်းပျောက် နေသေးတယ်။ အားမထုတ်တဲ့ပုဂ္ဂိုလ် တရား မနာတဲ့ပုဂ္ဂိုလ် လမ်းတွေ့တာလား၊ လမ်းပျောက်နေတာလား။ (လမ်းပျောက်နေတာပါဘုရား)။ အဲဒီတော့မှ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ယနေ့ ဟောဒီ ပဋိစ္စသမုပ္ပါဒ်နဲ့ပတ်သက်ပြီးတော့ ဒီတရားတွေကို ယခုလိုနာရတာဟာ တခြားလုပ်တာလား၊ လမ်းရှင်းရတာလား။ (လမ်းရှင်းရတာပါ ဘုရား)။ ကိုယ့်လမ်းကိုယ်ရှင်းတာပေါ့။

အဲဒီတော့ အဲဒီလမ်းသည် တခြားလမ်းလား၊ မဂ္ဂင်လမ်းလား။ (မဂ္ဂင်လမ်းပါဘုရား)။ အဲဒါ ကြောင့်မို့ အဲဒီ မဂ္ဂင်လမ်းပေါ်လျှောက်ရင် ရည်ရွယ်ချက် နိဗ္ဗာန်သည် ဒကာ၊ ဒကာမတွေ မရနိုင်ဘူးလား။ (ရနိုင်ပါတယ်)။ မမြင်နိုင်ဘူးလား။ (မြင်နိုင်ပါတယ်)။ သို့သော် မဂ္ဂင်လမ်းက လမ်းကြမ်းရယ်၊ လမ်းချောရယ် နှစ်မျိုးရှိတယ်ပေါ့။ တကယ်လို့ကြမ်းနေမယ်၊ ကိုယ်လျှောက်မယ့် လမ်းမှာ ကမူတွေ အထစ်တွေနဲ့ ဆူးငြောင့်ခလုတ်တွေနဲ့ရှိရင် အဲဒါရှောင်နေရတာနဲ့ကို တော်တော်နဲ့ မရောက်နိုင်ဘူး။ အင်မတန် ချောမွေ့လှပတဲ့ ယနေ့ နိုင်လွန်ကတ္တရာလမ်းလိုပေါ့လေ။ ပန်းခင်းသောလမ်းကို လွယ်လွယ်ကူကူ လျှောက်ရရင် မြန်မြန်ဆန်ဆန် မရောက်နိုင်ဘူးလား။ (ရောက်နိုင်ပါတယ်ဘုရား)။

ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဘုရားကြီးက ဘုန်းကြီးတို့တစ်တွေ အဲဒီလို ယောဂီများကို ပန်းခင်းသောလမ်းကို လျှောက်ဖို့ကို ဆရာတော်ဘုရားကြီးက တွန်းပို့နေတယ်နော်။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို ယခုလို သင်တာဟာ တခြားပြုတ်ဖို့လား၊ ဒိဋ္ဌိပြုတ်ဖို့လား။ (ဒိဋ္ဌိပြုတ်ဖို့ပါဘုရား)။ ဗုဒ္ဓဘာသာတွေရဲ့ အခြေခံတရားက ဒါနပဲလုပ်လုပ်၊ သီလပဲ လုပ်လုပ်၊ သမထပဲ လုပ်လုပ်၊ သက္ကာယဒိဋ္ဌိနဲ့ လုပ်ကြတာများပါတယ်။ ငါကောင်းစားရေးဆိုပြီးတော့ အတ္တစွဲနဲ့လုပ်တာပါပဲ။ ဒီ ဘဝလဲ ချမ်းသာချင်တယ်၊ ဘဝအဆက်ဆက်လည်း ချမ်းသာချင်တယ်။

ဒီတရားတွေဟာ မကောင်းတဲ့တရားတွေလားဆိုတော့ ရှေ့ကို မတက်နိုင်သေးရင် ကောင်းတဲ့ တရားတွေပါလို့ ဘုရားရှင်ဟောကြားထားချက်တွေ ရှိပါတယ်။ သို့ပေမယ့် ဒီအဆင့်ကလွန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မဂ်ဖိုလ်နိဗ္ဗာန်ရချင်တယ်ဆိုရင်တော့ ''ဘုရားပြီးငြိမ်းဖျက်''ဆိုသလို ဒိဋ္ဌိတွေကို ဖြုတ်ပစ်လိုက်ရမှာ ရှင်းရဲ့လား (ရှင်းပါတယ်ဘုရား)။ သဿတဒိဋ္ဌိ သက္ကာဒိဋ္ဌိဆိုပြီး ပထမယူထားတဲ့ အယူအစွဲတွေ၊ ပုဂ္ဂိုလ်သတ္တဝါ ယောက်ျား၊ မိန်းမ၊ ငါ သူတစ်ပါး ဆိုတဲ့ အယူအစွဲတွေ ဒိဒိဋ္ဌိတွေပြုတ်မှ ဝိပဿနာလုပ်လို့ရမှာ။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ရဲ့ အကြောင်းကို ဒီနေ့စပြောတော့ ပဋိစ္စရယ် သမုပ္ပါဒ = သမုပ္ပါဒ်ရယ်လို့ ဟိုးထိပ်ဆုံးမှာ စာမရှိဘူးလား။ (ရှိပါတယ်)။ ထိပ်ဆုံးမှာ ရေးထားတာ ဘာရေးထားတာလဲ။ (ပဋိစ္စသမုပ္ပါဒ်ပါဘုရား)။ အခု ယောဂီတို့သင်တန်းအနေနဲ့ နာရမှာ တခြားတရားလား၊ ပဋိစ္စသမုပ္ပါဒ်တရားလား။ (ပဋိစ္စသမုပ္ပါဒ်တရားပါဘုရား)။ ပဋိစ္စသမုပ္ပါဒ်ဆိုတာက အကြောင်းတရားကို မှီ၍ ဖြစ်ပေါ်လာသော အကျိုးတရား၊ အကြောင်းတရားကိုမှီ၍ ဆိုတာက ပဋိစ္စ၊ သံ = ကောင်းစွာ၊ ဥပ္ပါဒဖြစ်ခြင်းဆိုတော့ အကြောင်းတရားကိုမှီ၍ ဖြစ်ပေါ်သော အကျိုးတရား။ ပြန်ပြောပါ။ (အကြောင်းတရားကိုမှီ၍ ဖြစ်ပေါ်သော အကျိုးတရား)။ ကိုယ်ရထားတဲ့ ခန္ဓာရဲ့အကြောင်းနဲ့ ကိုယ်ရထားတဲ့ ခန္ဓာအကျိုးကိုသိရင် ယောဂီတို့ ရည်ရွယ်ချက်ဆိုတဲ့ နိဗ္ဗာန်ဟာ မျက်မှောက်မပြုနိုင်ဘူးလား။ (ပြုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့အတွက်က ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက်က တစ်ထပ်တည်းကျရမယ်။ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက်က ဘာဖြစ်ရမလဲ။ (တစ်ထပ်တည်းကျရမှာပါဘုရား။)။ ယနေ့ ယောဂီတို့ ရည်ရွယ်တာက ဘာပါလိမ့်။ (နိဗ္ဗာန်ပါဘုရား)။ ရည်ရွယ်ချက် နိဗ္ဗာန်ကို ဝင်ချင်ရင် နှစ်ကြောင်းနဲ့လား၊ တစ်ကြောင်းထဲလား။ (တစ်ကြောင်းထဲပါဘုရား)။ အဲဒီ တစ်ကြောင်းသည် တခြားလမ်းလား၊ မဂ္ဂင်လမ်းလား။ (မဂ္ဂင်လမ်းပါဘုရား)။ အဲဒီမဂ္ဂင်လမ်းကို ရောက်နိုင်ဖို့အတွက်ကို ဒီလမ်းကို သိနိုင်ဖို့အတွက်ကို ရှိနိုင်ဖို့အတွက်ကို တခြားလိုတာလား၊ ဆရာလိုတာလား။ (ဆရာလိုတာပါဘုရား)။ အဲဒီလမ်းကို ပြနိုင်တဲ့ ဆရာနဲ့ မတွေ့ရင် ဘယ်တော့မှ ဒကာ၊ ဒကာမတို့ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်။ ဒီတော့ ယောဂီတို့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ (ဝါ) သောတာပန်ဖြစ်နိုင်ဖို့အတွက်က ဆရာ့အပေါ်မှာ မူတည် တယ်လို့ ဆုံးဖြတ်ချက်ချ ရှင်းပြီနော်။

တရားက ခု စရုံတင် စခဲ့တယ်။ နောက်ပိုင်း သင်တန်းက သူ့ဟာသူ သွားမယ်။ ယနေ့တော့ သင်တန်း ဒီလောက်နဲ့ပဲ နိဂုံးချုပ်လိုက်ရအောင်။ ကဲ--လက်အုပ်ချီ ဆုတောင်း မေတ္တာပို့ပြီး တရားပွဲသိမ်းလိုက်ကြရအောင်။ ။

( သာဓု -- သာဓု -- သာဓု )



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄-ရက် (၂၇.၈.၂၀၀၂) နံနက်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ --
ဤဝမ္ပသဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ဘယ်နှရက် မြောက်ပါလဲ။ (၂-ရက် မြောက်ပါဘုရား)။

ယနေ့ နှစ်ရက်မြောက်၏ နံနက် ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားပွဲကြီးပေါ့နော်။ (မှန်လှပါ)။ မနေ့ကလည်း သင်တန်းတရားပွဲ စခဲ့သလိုပဲ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ဟောဖော်ညွှန်ကြားသွားတဲ့ ဒေသနာအတိုင်းပေါ့နော်။

''ယော ပဋိစ္စ သမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ''

ဆိုတဲ့ ဒေသနာအတိုင်း ပဋိစ္စသမုပ္ပါဒ်ကို သိမှ တရားသိမယ်နော်။ ပဋိစ္စသမုပ္ပါဒ် ကို မသိရင် တရားမသိပါဘူး။ အဲဒီတော့ တရားသိဖို့ အရေးကြီးတယ်နော်။ ကဲ -- တရားသိဖို့အတွက်ကို ယောဂီတို့ ဘာနားလည်ရမလဲ။ (ပဋိစ္စသမုပ္ပါဒ်ပါ ဘုရား။)

### ဘုရားပွင့်မှပေါ်တဲ့အလုပ်

ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ဖို့ ဘုန်းကြီးတို့ ယနေ့သင်တန်းအခြေခံ သွားကြပါစို့နော်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အင်မတန်နက်နဲတယ်၊ ခက်ခဲတယ်၊ သိမ်မွေ့တယ်၊ နူးညံ့တယ်၊ သိဖို့က လွယ်ပါ့မလား။ (မလွယ်ပါဘူး)။ သဗ္ဗညုတဉာဏ်နဲ့သာလျှင် သိအပ်တဲ့ တရားဖြစ်ပါတယ်။

**ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း**

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက် နက်နဲခက်ခဲတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာကို ဘုန်းကြီးတို့ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ပိဋကတ်တွေ မွှေနှောက်ပြီးတော့ အားလုံးသော ဒကာ၊ ဒကာမတွေကို နားမလည်တဲ့စကား မရှိရအောင် အရပ်သားတွေကို အရပ်နားနဲ့ အရပ်စကားနဲ့ဟောပြီးတော့ ဒီပဋ္ဌိစ္စသမုပ္ပါဒ်ကို နားလည်အောင် ရှင်းတော်မူခဲ့တယ်နော်။ (မှန်လှပါ)။ အဲဒီရှင်းတော်မူတဲ့ ဥပနိသယကို ခံယူပြီးတော့ ဘုန်းကြီးများက မှတ်သားမိသမျှအားလုံး ယနေ့ တရားနာတရားအားထုတ်နေကြတဲ့ ဒကာ၊ ဒကာမတွေကို မေတ္တာရှေ့ထားပြီးတော့ ကျေးဇူးပြုမှာ ဖြစ်ပါတယ်နော်။ (မှန်လှပါ)။

အေး--ဒီတော့ယနေ့ ယောဂီများဒီနေရာကိုရောက်လာတဲ့ ရည်ရွယ်ချက်က အဓိက-က မနေ့ကပြောခဲ့သလို တခြားလား၊ နိဗ္ဗာန်လား။ (နိဗ္ဗာန်ပါဘုရား)။ နိဗ္ဗာန်အလို့ငှာကို ရည်ရွယ်တယ်။ ဒါကတော့ နိဗ္ဗာန်အလို့ငှာ ဆိုတာကတော့ လိုရင်းပြောတာပေါ့နော်။ နိဗ္ဗာန်အလို့ငှာလို့ ဆိုတဲ့ စကားလုံး တစ်လုံးကို ဘုန်းကြီးတို့သုံးမိရင် အဲဒီစကားလုံးကို အဓိပ္ပာယ်ရောက်ဖို့ရာ အများကြီး ရှင်းဖို့လိုအပ်ပါတယ်။ သို့သော် အားလုံးဗုဒ္ဓဘာသာဝင် သူတော်စင်တွေ ဖြစ်သည့်အတွက်ကြောင့် နိဗ္ဗာန်ဆိုတာကို ရှေ့တန်းတင်ပြီးတော့ ဘုန်းကြီးကျေးဇူးပြုလိုက်ရတာပေါ့နော်။ တခြား တခြား ဘာသာဝင်တွေဆိုရင် ဒါကို နောက်မှ ပြောရမယ့်ကိစ္စ။ ကဲ -- ပြီးတော့ထား။

ရည်ရွယ်ချက် နိဗ္ဗာန်အလို့ငှာလာတော့ မနေ့ကလည်း ပြောခဲ့တယ်။ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက် တစ်ထပ်တည်းကျမှ လိုရာခရီးရောက်မယ်လို့ မပြောဘူးလား။ (ပြောပါတယ်ဘုရား)။ အဲဒီတော့ ရည်ရွယ်ချက်က နိဗ္ဗာန်ဆိုတော့ နိဗ္ဗာန်နဲ့လျော်ညီတဲ့ လုပ်ငန်းကို လုပ်ရပါလိမ့်မယ်။ ယောဂီတို့ နိဗ္ဗာန်နဲ့ လျော်ညီတဲ့လုပ်ငန်းတွေဆိုတော့ ကိလေသာတွေနဲ့ ဖွက်ပေါက်နေတဲ့ လုပ်ငန်းသည် နိဗ္ဗာန်နဲ့လျော်ညီလို့ရပ့ါမလား။ (မရပါဘူး)။ ကိလေသာတွေပါးတဲ့အလုပ်၊ ကိလေသာတွေ ကုန်သွားတဲ့အလုပ်၊ ကိလေသာတွေ သေတဲ့အလုပ်တွေသာ နိဗ္ဗာန်ကို ရောက်ရာရောက်ကြောင်း အလုပ်ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ကိလေသာတွေ ပါးတဲ့အလုပ်သည်တခြားအလုပ်လား၊ မဂ္ဂင်အလုပ်လား။ (မဂ္ဂင်အလုပ်ပါဘုရား)။ မဂ္ဂင်အလုပ်ဆိုရင်တော့ ဝိပဿနာ အလုပ်ပေါ့။ နိဗ္ဗာန်ကို လိုချင်ရင် ဘာအားထုတ်ကြမယ်။ (ဝိပဿနာ အားထုတ်ရမှာပါဘုရား)။ မဂ္ဂင် ဝိပဿနာတရားကို ဦးစားပေးပြီး ရှေ့တန်းတင်ပြောနေတော့ ဒါနတရားတွေ ပယ်ရမလားလို့ ပယ်တဲ့စကားလုံးပါရဲ့လား။ (မပါ ပါဘူးဘုရား)။ သီလတရားတွေပယ်တဲ့စကားလုံးပါရဲ့လား။ (မပါ ပါဘူးဘုရား)။ သမထတရားတွေ ပယ်တဲ့ စကားလုံးပါရဲ့လား။ (မပါ ပါဘူးဘုရား)။

''ဒါ-- ယောဂီတို့ သတိရှိရမယ့်ကိစ္စနော်။ ဘုန်းကြီးတို့ ဒီပဋ္ဌိစ္စသမုပ္ပါဒ် သင်တန်းဆိုတာ နားလည်အောင် ကျေးဇူးပြုရမယ့် သင်တန်းဖြစ်တယ်။ အဲဒါကြောင့် ဒီနေရာမှာ စကားလုံးလေးတွေ ကျန်သွားမှာစိုးလို့ ဘုန်းကြီးတို့ ဉာဏ်မီသလောက် ကျေးဇူးပြုတယ်နော်။ ဒါကိုယ့်ဉာဏ်နဲ့ ဒီလောက်နက်ရှိုင်းလှတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဒီလောက်မဟောနိုင်ဘူး။ ဆရာတော်ဘုရား ဟောတာကို ဘုန်းကြီးတို့ မှတ်သားမိသမျှလေး ထပ်ပြီးတော့ ကျေးဇူးပြုပေးနေတာ။ ရှင်းပြီနော်။

အခု ဘုန်းကြီးတို့ ရှေ့တန်းတင်ပြီးပြောနေတာ တခြားပြောတာလား၊ ဝိပဿနာပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာလား။ (ဝိပဿနာ ပြောနေတာပါဘုရား)။ ဒါ--ယောဂီ ဟောင်းများကတော့ သည်းခံနော်။ ယောဂီသစ်တွေအတွက်ကို အခြေခံ ဘုန်းကြီး ကျေးဇူးပြုနေတာ ဟုတ်လား။ အဲဒီတော့ ဝိပဿနာ အလုပ်ဆိုတာ ဘုရားတစ်ဆူ တစ်ဆူပွင့်မှ ပေါ်တဲ့အလုပ်ပါ။

ဒီလိုဖြင့်ရင် ယနေ့ယောဂီတို့ ဒီရိပ်သာကို ယခုရောက်လာကြတာဟာ ဘာတရား အားထုတ်ဖို့လဲ။ (ဝိပဿနာတရား)။ ဝိပဿနာ ဘယ်အချိန်မှာ ပေါ်ပါလိမ့်။ (ဘုရားတစ်ဆူ တစ်ဆူပွင့်မှ ပေါ်တာပါဘုရား)။ ဘုရားတစ်ဆူတစ်ဆူပွင့်မှ ပေါ်တယ်ဆိုတော့ ယနေ့ ဒီရိပ်သာလာပြီး ဝိပဿနာ တရား အားထုတ်နေတာဆိုတော့ ယောဂီတို့ ဝမ်းသာစရာ မကောင်းဘူးလား။ အေး -- ဘုရား ပွင့်သလိုပါလား။ ဒီလိုဝမ်းသာရမှာ။

ဘုရားပွင့်တဲ့အချိန်မှာမှ ကိုယ်က အိပ်ပျော်နေရင် ဒကာ၊ ဒကာမတွေ ကိုယ့်အငွက်နာပြီ။ ဟော -- ယောဂီတို့က အင်မတန် ဝမ်းသာစရာကောင်းတယ် ဆိုတော့ အိပ်ပျော်တဲ့အထဲ မပါတော့ဘူး။ တကယ့်ကို ဘုရားပွင့်နေတဲ့အချိန်မှာ ဒီတရားတွေဟောတယ်။ သို့သော် -- ငါတို့ ဘုရားမဖူးရသော်လည်းပဲ ဘုရားရဲ့ တရားတွေကို နာနေရတယ်။ လက်တွေ့လည်း အားထုတ်နေရ တယ်နော်။ အဲဒီတော့ ဘုရားဟောဒေသနာတွေဟာ စိတ်ကူးယဉ်တရားလား၊ လက်တွေ့တရားလား။ (လက်တွေ့တရားပါဘုရား)။

လက်တွေ့အလုပ်ကိုလုပ်ရင် လက်တွေ့အကျိုးကိုပေးတဲ့ တရားတွေ။ ဘယ်လောက်ထိ အကျိုးပေးသလဲဆိုရင် ယောဂီတို့ လက်တွေ့အလုပ်လုပ်ရမှာနော်။ ပထမဇောစေတနာ၏ စွမ်းအား သည် ၇-ရက်၊ ၇-လ၊ ၇-နှစ် လက်တွေ့အကျိုးပေးမှာ။ ဒီလိုဖြင့် စိတ်ကူးယဉ်နဲ့ပြောနေတာလား၊ လက်တွေ့အကျိုးပေးမှာလား။ (လက်တွေ့ပါဘုရား)။ လက်တွေ့အကျိုးပေးဖို့အတွက်ကို သူများ ပါးစပ်ဖျား လမ်းမဆုံးပါနဲ့။ ကိုယ်တိုင်လက်တွေ့ အလုပ်လုပ်ကြည့်ရမယ်ပေ့ါနော်။

အေး--အဲဒီလို လက်တွေ့ အလုပ်လုပ်ဖို့ဆိုတော့ နည်းလမ်း စည်းကမ်းလိုလာပြီ။ ဒီ နည်းလမ်း စည်းကမ်းကို ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ သိရဲ့လား။ (မသိပါဘူးဘုရား)။ မသိ ဘူး။ ဘုန်းကြီးတို့ အားလုံးသော ဒကာ၊ ဒကာမတွေကို မဆိုထားနဲ့၊ ဥပတိဿဆိုတဲ့ အရှင်သာရိ ပုတ္တရာအလောင်းတောင်မှပဲ တကယ် ဒီဘဝ ရဟန္တာဖြစ်မယ့် ပုဂ္ဂိုလ်ကြီး။ နည်းလမ်း၊ စည်းကမ်း မသိလို့ ချာလည် ချာလည်နဲ့ သူ့ခမျာ ဖြစ်နေတာလေ။ မနေ့တုန်းက ဒါလေးစခဲ့တယ် မဟုတ် ဘူးလား။

အဲလို ဒီလောက် ပညာအရာမှာ တေဒဂ်ရမယ့်ပုဂ္ဂိုလ်ကြီး။ ပွင့်လုပွင့်ဆဲ ဖြစ်နေတဲ့ ပုဂ္ဂိုလ် ကြီးတောင်မှပဲ နည်းလမ်း၊ စည်းကမ်း မသိတဲ့အတွက် ချာလည်ချာလည် လည်နေတာနော်။ ရှင်အဿဇိနဲ့တွေ့လို့ပေ့ါ။ မတွေ့ရင် ဘယ်လောက်ထိ ချာလည်နေဦးမလဲဆိုတာ ယောဂီတို့ စဉ်းစားကြည့်စမ်း။ အဲဒါက နည်းလမ်းစည်းကမ်းကို ဘာဖြစ်လို့လဲ။ (မသိလို့ပါဘုရား)။ အဲဒီနည်း လမ်း၊ စည်းကမ်းကို ယခု လွယ်လွယ်ကူကူ မနာရဘူးလား။ (နာရပါတယ်ဘုရား)။ မသိတဲ့စကားလုံး မရှိဘူးနော်။ ဟာ ဘာပြောလိုက်ပါလိမ့်မယ်။ ပြောတော့ ပြောတယ်။ ငါနားမလည်ဘူးဆိုတာ မရှိလောက်အောင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး မိန့်တော်မူသွားတယ်နော်။ အဲ့ဒီလို မိန့်တော် မူသွားတဲ့ စကားလုံးတွေကို မသိတာမရှိလောက်အောင် တစ်လုံးပြောတစ်လုံးသိ၊ နှစ်လုံးပြော နှစ်လုံးသိ၊ မှတ်မိတာ မမှတ်မိတာတော့ တစ်ပိုင်းထား ကြိုးစားရမှာပေ့ါ။ သိတာကို ကေ ူးပြု



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်။

တစ်လုံးပြောရင် တစ်လုံးသိတယ်။ နှစ်လုံး ပြောရင် နှစ်လုံးသိတယ်။ အဲဒီလို သိဖို့ဆိုတာက လွယ်ပါ့မလား။ (မလွယ်ပါဘူး)။ ပိဋကတ်သုံးပုံ အင်မတန် နက်နဲခက်ခဲသိမ်မွေ့တဲ့ တရားတွေ သိဖို့မလွယ်ပါဘူး။ အဲဒီလို မလွယ်တဲ့တရားတွေကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယနေ့ လွယ် လွယ်ကူကူ သိခွင့်ရတာဟာ ကံမထူးလို့လား။ ကံထူးလို့လား။ (ကံထူးလို့ပါဘုရား)။

အဲဒါကြောင့် ခုပြောနေတဲ့ ဝိပဿနာဆိုတဲ့ တရားဟာလည်းပဲ ဘုရားတစ်ဆူ၊ တစ်ဆူပွင့်မှ ပေါ်တဲ့တရားဖြစ်တော့ ဟော--ယနေ့ ဝိပဿနာ တရားအားထုတ်ရတယ်ဆိုတော့ ယောဂီတို့ သန္တာန်မှာ ဘုရားပွင့်သလို မခံစားရဘူးလား။ (ခံစားရပါတယ်ဘုရား)။ ဩော်--ဒါတို့ ဘုရားပွင့် နေပါလား။ ရှင်းပြီနော်။

အဲဒီလို ဘုရားပွင့်သလိုပါလားလို့ ဒီလို ရင်ထဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရတာက ဝိပဿနာ တရားအားထုတ်ဖို့အတွက်ကို ဘာတရားနာကြလို့လဲ။ (ပဋိစ္စသမုပ္ပါဒ်တရားပါဘုရား)။ သို့ဖြင့် ဝိပဿနာတရားကို ဘာကြောင့် ရှေ့တန်းတင် ရတာလဲဆိုရင် နိဗ္ဗာန်ကို ကျေးဇူးပြုနိုင်တဲ့ အနီး ကပ်ဆုံးတရားသည် ဘယ်သူလဲ။ (ဝိပဿနာတရားပါဘုရား)။

ဝိပဿနာတဲ့။ ပြန်ပြောပါဦးမယ်။ ခုန ဘုန်းကြီး ဒါနတရားပယ်တာ ပါလား။ (မပါပါဘူး ဘုရား)။ သီလတရားပယ်တာပါလား။ (မပါပါဘူးဘုရား)။ သမထတရားပယ်တာ ပါလား။ (မပါ ပါဘူးဘုရား)။ သို့သော် ယခု ဘာကို ဦးစားပေး ဟောနေတာလဲ။ (ဝိပဿနာတရားပါဘုရား)။ အရေးမကြီးလို့လား။ အရေးကြီးလို့လား။ (အရေးကြီးလို့ပါဘုရား)။

ဒါကြောင့်မို့ အရေးကြီးတဲ့အလုပ်ကို မြန်မြန်ဆန်ဆန် ရှေးဦးစွာ ရှေ့တန်းတင်မှ ဒကာ၊ ဒကာမတွေ မြန်မြန်ဆန်ဆန်လုပ်လို့ ရမှာ။ ဘာဖြစ်လို့ ရှေ့တန်းတင်ပြီး အရေးတကြီး ပြောနေရ တာလဲဆိုတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့ ရရှိတဲ့ ခန္ဓာက ငြိမ်နေတဲ့ ခန္ဓာလား၊ သွားနေတဲ့ ခန္ဓာလား။ (သွားနေတဲ့ ခန္ဓာပါဘုရား)။ ဒီတော့ ဆရာတော်ဘုရားကြီး မိန့်တော်မူတဲ့စကားနဲ့ပြောရင် သင်္ချိုင်းသွားနေတာပဲ။ ဘယ်သွားနေကြတာလဲ။ (သင်္ချိုင်းသွားနေကြတာပါဘုရား)။

အခု တရားဟောတဲ့ ဘုန်းကြီး ဘယ်သွားရင်းဟော (သင်္ချိုင်းသွားရင်း ဟောတာပါဘုရား)။ တရားနာတဲ့ ဒကာ၊ ဒကာမတွေလည်း ဘယ်သွားရင်းနာနေတာလဲ။ (သင်္ချိုင်းသွားရင်း နာနေ တာပါဘုရား)။ ကိုယ့်ကိုယ်ကို ဒကာ၊ ဒကာမတွေ ပေါ့ပေါ့တန်တန်လေးနဲ့ ပျော်ပျော်ရွှင်ရွှင် လုပ်မနေစမ်းပါနဲ့နော်၊ ဆရာတော် မိန့်သွားတာ။ သင်္ချိုင်းသွားနေတဲ့ ခန္ဓာမို့လို့။ အဲဒါ အီးရော အီးရော ပေါ့ပေါ့ဆဆနဲ့မျှား တော်ရုံတန်ရုံကိစ္စတွေကို ဦးစားပေးပြီး ဒီအရေးကြီးတဲ့ကိစ္စ လွတ်သွား လို့ သင်္ချိုင်းမျှား မြန်မြန်ရောက်သွားရင် (ဝါ) သေသွားမယ်ဆိုရင် မနာဘူးလား။ (နာပါတယ်ဘုရား)။

ဒီလိုဘဝမျိုး နောက်ပြန်ရဖို့ မစဉ်းစားနဲ့။ ကျောက်ခဲရေကျတဲ့နော်။ ဆရာတော်ဘုရားကြီး အင်မတန် ကရုဏာနဲ့ ဆုံးမသွားတာ။ ကျောက်ခဲရေကျ ပေါ်ရိုးထုံးစံ ရှိရဲ့လား။ (မရှိပါဘူးဘုရား)။ ဘယ်တော့မှ မပေါ်တော့ဘူး။ ရှင်းပြီနော်။ အဲဒါကြောင့် အခုလို အချိန်ကောင်း အခါကောင်း အခွင့်ကောင်းနဲ့ကြုံတဲ့အချိန် အခါမှာ အရေးကြီးဆုံးဖြစ်တဲ့ ဓမ္မရတနာ ဟောဒီဝိပဿနာတရားကို ဒကာ၊ ဒကာမတွေ ဦးစားမပေးလို့ကို မရဘူး။ (မှန်လှပါ)။



www.burmeseclassic.com

www.burmeseclassic.com



## ပုဗ္ဗကိစ္စ အရင်လုပ်

သားရေး သမီးရေး စီးပွားရေးနောက်ထား၊ သစ္စာသိအောင် အရင်လုပ်။ ဆရာတော်ဘုရားကြီးရဲ့ တိုက်ရိုက်ဩဝါဒနော်။ အဲဒီလို သစ္စာကို မသိဘဲ သေသွားရင် ခုနပြောသလို ကျောက်ခဲရေကျ။ သွားပြီ။ ဒါကြောင့် ဒီဝိပဿနာသည် အရေးမကြီးတာလား၊ အရေးကြီးတာလား။ (အရေးကြီးတာပါဘုရား)။ ဝိပဿနာအလုပ်ကို လုပ်မှသာလျှင် တခြားကို ကျေးဇူးပြုမှာလား၊ နိဗ္ဗာန်ကို ကျေးဇူးပြုမှာလား။ (နိဗ္ဗာန်ကို ကျေးဇူးပြုမှာပါဘုရား)။

အဲဒီတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုချင်ရင် ဘာတရားအားထုတ်ကြမယ်။ (ဝိပဿနာတရားပါဘုရား။) ဝိပဿနာအားထုတ်မှ ဘာကိုရမယ်။ (နိဗ္ဗာန်ကို ရမှာပါဘုရား။) သို့သော် ဝိပဿနာအားထုတ်တိုင်း နိဗ္ဗာန်မရဘူးတဲ့။ ဝိပဿနာအားထုတ်တိုင်း နိဗ္ဗာန်မရဘူးဆိုတာကို ဆရာတော်က သူ့ရဲ့ခန္ဓာနဲ့လည်း ကိုယ်တွေ့ဖြစ်သလို၊ ကျမ်းဂန်ကိုလည်း နည်းနည်းမှမလွတ်ဘူးနော်။

အဲဒီတော့မှ ကျမ်းဂန်ကို မွှေနှောက်တဲ့အခါ ပိဋကတ်သုံးပုံမှာ ဆန္ဒသုတ္တန် ဆိုတာရှိတယ်။ ဆန္ဒမထေရ်ကို ဟောတဲ့ ကစ္စာယနဂေါတ္တ သုတ္တန်ဆိုတာ စာသံ ပေသံ သိပ်ပါနေတယ်။ ဒီတော့ အများနားလည်တဲ့ စကားနဲ့ပြောရင် မြင်းမြီးဆွဲ မောင်ဆန်ပေါ့။ လူ့ဘဝတုန်းက ဘယ်သူလဲ။ (မြင်းမြီးဆွဲ မောင်ဆန်ပါ)။ မြတ်စွာဘုရား တောထွက်သွားတုန်းကလေ၊ သူတစ်ယောက်ထဲ ပါသွားတာ။ ဘုရားတောထွက်တဲ့အခါကျတော့ စီးစရာမရှိတော့ မြင်းမြီးဆွဲလိုက်ရတဲ့ မောင်ဆန်ပေါ့ ဟုတ်လား။

အေး အဲဒီတော့ ဘုရားတောထွက်တော့ တောထဲမှာလည်း ဘုရားကိုယ်တော်မြတ်ကြီးက ဆံပယ်ပြီးတော့ အဝတ်လဲလိုက်တော့ မောင်ဆန်တစ်ယောက်တည်းပြန်ရတာ မဟုတ်ဘူးလား။ အဲဒီ မောင်ဆန်ဆိုတော့ သိသွားပြီပေါ့နော်။

အေး နောက် ဘုရားထံမှာ ရဟန်းဖြစ်တဲ့အခါကျတော့ ဘုရားရဲ့ဖွားဖက်တော်ပေါ့။ ရှင်ဆန္နတဲ့။ သူ့ဘွဲ့က ဘယ်သူလဲ။ (ရှင်ဆန္နပါဘုရား)။

အဲဒီတော့ တကယ့်ကို ဒီဘဝ ရဟန္တာဖြစ်မယ့် ပုဂ္ဂိုလ်ကြီးတွေ ဘုရားရဲ့ ဖွားဖက်တော်ဖြစ်တယ်။ နောက်ဆုံးဘဝ ကျွတ်တမ်းဝင်ကာနီးလေးနော်။ သို့သော် မြတ်စွာဘုရား ၄၅-ဝါ ကာလပတ်လုံး၊ ဘုရားတရားတွေနဲ့ သတ္တဝါတွေ ချွတ်ပြီးတော့ ပရိနိဗ္ဗာန် စံသွားတယ်။ အဲဒီအထိ ရှင်ဆန္န ဘာမှမဖြစ်ဘူး။ ပုထုဇဉ်ပဲ ရှိသေးတယ်။

ရှင်ဆန္နက သဿတဂိုဏ်းသားဖြစ်နေတော့ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ တန်းလန်းရှိနေတာကိုး၊ တရားမရရှာဘူး။ မနာဖူးလား။ (နာပါတယ်)။ သို့သော် အဲဒီပုဂ္ဂိုလ်က ဘုရားနဲ့ အရင်းနှီးဆုံးပုဂ္ဂိုလ်နော်။ ဒီတော့ ဘုရားတောထွက်တော့လည်း သူတစ်ယောက်တည်းပါတယ်။ နန်းတော်ထဲလည်း အတူ ကစားဖော် ကစားဖက်၊ ဖွားလည်း ဖွားဖက်တော်ဆိုတော့ အင်မတန် မရင်းနှီးဘူးလား။

www.burmeseclassic.com



အင်မတန် ရှင်းနီးပင် ရှင်းနီးငြားသော်လည်းပဲ ဒကာ၊ ဒကာမတွေ သူဘုရားတော့ မြင်နေတာပဲ။ ဘုရားမမြင်ဘူးလား။ (မြင်ပါတယ်)။ အဲဒီပုဂ္ဂိုလ် တရားမမြင်တဲ့အတွက်ကြောင့် နိဗ္ဗာန်မမြင်ဖြစ်နေတာ။ တရားမကိန်းလို့။ ဟာ – အရှင်ဘုရား တရားမကိန်းဘူးသာပြောတယ်၊ သူက ဝိပဿနာအားထုတ်နေတာဆိုတော့၊ လိုရင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် မကိန်းတာပြောတာ။ ဒီလိုဖြင့်ကောင်းပြီ။

ဝိပဿနာဆိုတာက ရုပ်တရား၏ အနိစ္စ ဒုက္ခ အနတ္တကိုမြင်အောင် အားထုတ်တဲ့တရား။ နာမ်တရား၏ အနိစ္စ ဒုက္ခ အနတ္တကို မြင်အောင် အားထုတ်တဲ့တရားကို ဘာခေါ်လဲ။ (ဝိပဿနာတရားပါဘုရား)။ ဒီလိုဖြင့် ဝိပဿနာကို ဘုန်းကြီးတို့ စာသံ၊ ပေသံဖြင့်ပြောရင် ရုပ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာကို မြင်တာနော်၊ နာမ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာကိုမြင်တာနော်။ အဲဒါ ဘာခေါ်လဲ။ (ဝိပဿနာဉာဏ်)။

ဝိပဿနာကို အားထုတ်ရင် ဘာကိုရမလဲ။ (နိဗ္ဗာန်)။ ဒီလိုဖြင့် အရှင်ဆန္ဒ ဝိပဿနာကို အားထုတ်သော်လည်း နိဗ္ဗာန်ရရဲ့လား။ (မရပါဘူးဘုရား)။ မရဘူး။ ဝိပဿနာ အားထုတ်တယ်ဆိုတာ ရုပ်၊ နာမ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုမြင်တာ (ဝါ) ဖြစ်၊ ပျက်ကိုမြင်တာပေါ့။ ဖြစ်၊ ပျက်ကိုမြင်တာ။ ရှုတော့ ရှုလိုက်တယ်။ ရုပ်ကြည့်လည်း အပျက်မြင်တာ။ နာမ်ကြည့်လည်း အပျက်မြင်တာပဲ။ သို့သော် အဲဒီဖြစ်ပျက်ကိုသာ သူ မြင်မြင်နေတယ်။ ဖြစ်၊ ပျက် မရှိတာကို သူမမြင်ဘူးဖြစ်နေတယ်။

အဲဒီတော့ ဖြစ်ပျက်တွေက ပျောက် ပျောက် ပျောက်သွားတယ်ဆိုတဲ့ အခါကျတော့ ဟာ ရင်ထဲမှာလည်း အေးခနဲ၊ အေးခနဲ နဲ့။ အေးခနဲ ဆိုရင်တော့ ရုပ်၊ နာမ်တွေ မရှိတော့ဘူးဆိုရင် ငါ ဘာအားကိုးရပါ့မလဲဆိုတာ တခြားလား။ ဒိဋ္ဌိလား။ (ဒိဋ္ဌိပါဘုရား)။ ဝိပဿနာဆိုတာ တခြား ဖြုတ်ရမှာလား၊ ဒိဋ္ဌိဖြုတ်ရမှာလား။ (ဒိဋ္ဌိဖြုတ်ရမှာပါဘုရား)။

အဲဒီတော့ ဝိပဿနာ အားထုတ်သော်လည်း နိဗ္ဗာန်မမြင်ဘူး။ ဒကာ၊ ဒကာမတွေ။ ဘာဖြစ်လို့ နိဗ္ဗာန်မမြင်လဲဆိုတော့ ဒိဋ္ဌိ ပြန်ပြန်ဝင်နေလို့။ ဘာ––ပြန်ပြန်ဝင်နေတာလဲ။ (ဒိဋ္ဌိပါဘုရား)။ သဿတဒိဋ္ဌိ၊ အတ္တဒိဋ္ဌိနော်။ အင်း – ငါဘာများ အားကိုးရပါ့မလဲဆိုတော့ ဟိုမှာတစ်ခါတည်း သဿတဒိဋ္ဌိ အတ္တဒိဋ္ဌိ ပြန်ပြန်မဝင်ဘူးလား။ ဒီတော့ ရုပ်၊ နာမ်တွေရဲ့ အနိစ္စတို့၏ ပျက်၊ ပျက်သွားတဲ့အခါကျတော့ ရင်ထဲမှာ အေးခနဲ၊ အေးခနဲ သူခံစားနေရတာ။

အဲဒီတော့မှ ဒိဋ္ဌိက ငါဘာများ အားကိုးရပါ့မလဲ၊ ဒါတွေမရှိရင် ဘယ်လိုလုပ် အားကိုးရပါ့မလဲဆိုတော့ ဒိဋ္ဌိက ပြန်၊ ပြန်မဝင်ဘူးလား။ အဲဒီလို ဝင်နေလို့ ဒကာ၊ ဒကာမတွေ နိဗ္ဗာန်မပေါ်တာ၊ ဒါ ဆရာတော်ဘုရားကြီး ဒီအတိုင်း ဟောသွားတာ။ ရှင်းပြီနော်။ အဲဒါကြောင့်မို့လို့ ရှင်ဆန္ဒလို ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဖြစ်မှာစိုးလို့ ဆရာတော်ဘုရားကြီးက သတိပေးရှာတော်မူတယ်။



www.burmeseclassic.com

www.burmeseclassic.com



စကားလေး ခြင်းချက်တော့ပြောမှ ကောင်းမယ်။ မသေရင်တော့ အားထုတ်နိုင်မှာပေါ့ဗျာ။ သေသွားရင်တော့ မတတ်နိုင်ဘူး။ မနက်ဖြန်သေမလား၊ ဘာမလားဆိုတာ အာမခံလို့ရပါ့မလား။

**အဇ္ဇေဝ ကိစ္စ မာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။**

**မဟာသေနေန မစ္စုနာ၊ ကော ဟိ ဇညော ပရောသိယာ။**

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောတော်မူခဲ့တဲ့အတိုင်း သေခြင်းတရားနဲ့ ချိန်းချက်ထားတာမရှိ။ ချိန်းချက်ထားတာ မရှိသောကြောင့် မိမိပြုရမယ့် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတွေကို မနက်ဖြန်မဆိုင်းနဲ့။ ယခု ဘာလုပ်ရမှာ။ ဝိပဿနာ အားထုတ်မယ်။ ဟိုလူ့ တိုင်ပင်မယ်၊ ဒီလူ့တိုင်ပင်မယ် လုပ်မနေနဲ့။ တိုင်ပင်လို့ ပျက်သွားလို့ အားမထုတ်ဖြစ်ရင် ဘယ့်နဲ့ လုပ်မလဲ။ သိပ်အရေးကြီးတယ်နော်။

အဲဒီတော့ ဝိပဿနာအားထုတ်တာ မနက်ဆိုင်း ရမှာလား၊ ယခု အားထုတ်ရမှာလား။ (ယခု အားထုတ်ရမှာပါဘုရား)။ အဲဒီတော့ ယနေ့ နိဗ္ဗာန်ကိုမြင်ချင်ရင် ယနေ့ ဒကာ၊ ဒကာမတွေ မြင်နိုင်အောင် ကြိုးစားရမှာပေါ့နော်။ နည်းလမ်း၊ စည်းကမ်းအတိုင်း အားထုတ်နော်။ ခိုတာ၊ ကပ်တာတွေ လုပ်မနေနဲ့။ အချိန်စာရင်းအတိုင်း ကြိုးကြိုးစားစား အလုပ်လုပ်။

အေး၊ အဲဒီလို အားထုတ်ရင် နည်းလမ်းစည်းကမ်းက နံပါတ် (၁) တခြား လုပ်ရမှာလား၊ ဝိပဿနာလုပ်ရမှာလား။ (ဝိပဿနာလုပ်ရမှာပါ ဘုရား)။ ဒီလိုဖြင့်ရင် ဝိပဿနာဆိုတာ တစ်မျိုး တည်း မဟုတ်ဘူး။

အားနည်းတာရှိရင် အားများတာ မရှိဘူးလား။ နိယာမတရား၊ နည်းတာရှိရင် များတာလည်း ရှိတယ်။ အမှောင်ရှိရင် အလင်းရှိတယ်နော်။ ကောင်းတာရှိရင် မကောင်းတာရှိတယ်။ နည်းတာရှိရင် များတာရှိတယ်။ ဒီလိုဖြင့်ရင် ဒီမှာက ဝိပဿနာက အားနည်းသောဝိပဿနာ ဆိုတော့၊ ဟာ–ဒီလိုဆိုတော့ အားနည်းသော ဝိပဿနာရှိရင် အားကြီးသော ဝိပဿနာကော မရှိဘူးလား။ (ရှိပါတယ်)။

ဒီလိုဖြင့် အားလုံးသော ယောဂီတွေလည်း အားနည်းသော ဝိပဿနာနဲ့အားထုတ်ရင် ဒီဘဝတစ်သက်လုံးအားထုပ်ာ ရပါ့ဦးမလား။ (မရပါဘူး)။

ဒကာ၊ ဒကာမတွေ ဒီဝိပဿနာက အားနည်းသော ဝိပဿနာဖြစ်နေသည့်အတွက်ကြောင့် မို့လို့ နိဗ္ဗာန်ကို မြင်ရဲ့လား။ (မမြင်ပါဘူးဘုရား)။ မမြင်တာ ဘာဝိပဿနာ ဖြစ်နေလို့လဲ။ (အားနည်းသော ဝိပဿနာ ဖြစ်နေလို့ပါ)။ ဒီလိုဖြင့်ရင် အားနည်းသော ဝိပဿနာက နိဗ္ဗာန်ကို မရဘူးဆိုရင် အားကြီးသော ဝိပဿနာက ရ–ရမယ်လို့ မှတ်လိုက်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြင့် ဝိပဿနာမှာ ယောဂီတို့ ဘယ်နှစ်မျိုး။ (နှစ်မျိုးပါဘုရား)။ အားနည်းသောဝိပဿနာ၊ အားကြီးသော ဝိပဿနာ။ ပြောကြည့်ပါ။ (အားနည်းသော ဝိပဿနာ၊ အားကြီးသော ဝိပဿနာ)။ ဘယ်နှစ်မျိုးရှိပါလိမ့်။ (နှစ်မျိုးရှိပါတယ်ဘုရား)။ ဒီလိုဖြင့်ရင် စာလိုပြောတော့ ဗလဝနဲ့ တရုဏ ဝိပဿနာပေါ့နော်။ ဗလဝ ဝိပဿနာဆိုတာ အားကြီးသော ဝိပဿနာ၊ တရုဏ ဝိပဿနာက အားနည်းသောဝိပဿနာ။

အဲလို စာလိုမှတ်ရတာ မိမိတို့ ခက်ခဲရင် အားကြီးတာနဲ့ အားနည်းတာ ဒါလေးမှတ်ထားလိုက်။ ကိုယ့်အတွက် အရေးကြီးတယ်နော်။ အဲလိုဖြင့်ရင် အားနည်းသော ဝိပဿနာသည် ကုသိုလ်တော့ ရတယ်။ နိဗ္ဗာန်တော့ (မရပါဘူးဘုရား)။ ဘာဝိပဿနာမှ နိဗ္ဗာန်ကိုမြင်မှာလဲ။ (အားကြီးသော ဝိပဿနာ)။ အဲဒီလို နည်းလမ်းစည်းကမ်း ရဖို့လွယ်ပါ့မလား။ (မလွယ်ပါဘူး ဘုရား)။ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး တစ်သချေ်္ က မ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဒီလည်းလမ်း စည်းကမ်း သူ့ခမျာရတာ။ ဒါတောင် ရှင်အဿဇိနဲ့တွေ့လို့။ ရှင်းပြီနော်။ ဒီလိုဖြင့် အားကြီးသော ဝိပဿနာ ဖြစ်ဖို့ဆိုတာ တစ်ခြားမဟုတ်ဘူးဟော့ တဲ့။ အားမထုတ်မီ ပုဗ္ဗကိစ္စ လုပ်ပါတဲ့။ ဘာကိစ္စလဲ။ (ပုဗ္ဗကိစ္စပါဘုရား)။

အဲဒီတော့ ပုဗ္ဗကိစ္စကို လုပ်ရမယ်ဆိုတော့ ဟာ–အရှင်ဘုရား ပုဗ္ဗကိစ္စဆိုတာ ဘာလဲလို့ လာပြီ။ ဒါ စာလိုပြောတာ။ ဝိပဿနာ အားမထုတ်မီ ရှေးဦးစွာ သိသင့်သိထိုက် သိအပ်တာကို သိထားဖို့၊ ရှိထားဖို့။ ဒါအလုပ်သည် အခြားကိစ္စလား။ ပုဗ္ဗကိစ္စလား။ (ပုဗ္ဗကိစ္စပါဘုရား)။ ယောဂီတို့ တရားထိုင်တဲ့အခါကျတော့ ဟုတ်လား။ ပုဗ္ဗကိစ္စအနေနဲ့ ခန္ဓာကိုယ် ဘုရားလှူတယ်နော်၊ မေတ္တာပို့တယ်၊ ကမ္မဋ္ဌာန်းတောင်းတယ် စသဖြင့် မလုပ်ဘူးလား။ ပုဗ္ဗကိစ္စတွေပေါ့နော်။ ဒါ – အနီးကပ်ဆုံး နားလည်တဲ့စကားနဲ့ ပြောတာပါ။ အားနည်းသော ဝိပဿနာသည် ကုသိုလ်တော့ရတယ်၊ နိဗ္ဗာန်တော့မရ။ ဒါ တရားစဉ်ရဲ့ ပုံသေနည်းနော်။ ဘုန်းကြီးတို့ ဒီဟာကကျော်ပြီးတော့လည်း ဟောလို့မရဘူး။ လျှော့ပြီးတော့လည်း ဟောလို့မရဘူး။ ဒါ – ဒီအတိုင်းပဲ ဟောလို့ရတယ်။ ကိုယ့်ဉာဏ်တစ်လုံးမှ မပါတာကိုး။ ရှင်းကော ရှင်းရဲ့လား။

ဒီလိုဖြင့်ရင် ရှေးဦးစွာ ဘာလုပ်ကြမလဲ။ (ဒိဋ္ဌိကို အသိနဲ့ဖြုတ်ရမှာပါဘုရား)။ စာလိုဆိုတော့ ပုဗ္ဗကိစ္စ။ တရားအားမထုတ်မီ၊ ဝိပဿနာ အားမထုတ်မီ ရှေးဦးစွာ ဒိဋ္ဌိကို အသိနဲ့ဘာလုပ်ရမှာလဲ။ (ဖြုတ်ရမှာပါဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



ဒီတရားနဲ့ ဒီလိုအားထုတ်မှုဆိုတာက တစ်ကမ္ဘာလုံးမှာ မြန်မာပြည်ပဲရှိတယ်နော်။ ရှင်းကော ရှင်းရဲ့လား။ အဲဒီတော့ ကိုယ့်ကိုယ်ကို မြန်မာနိုင်ငံသား ဖြစ်ရတာ ဒကာ၊ ဒကာမတွေ ဂုဏ်ယူစရာ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်။ ဒီအသိ တွေဟာ ဘာနဲ့မှ လဲလို့မရဘူး။ တန်ဖိုးဖြတ်လို့ရရဲ့လား။ အဲဒါ ဓမ္မရတနာဆိုတာ ဘယ်ရတနာ နဲ့မှ နှိုင်းလို့ယှဉ်လို့ မရတဲ့ ဓမ္မရတနာ ယောဂီတို့ကိန်းသွားပြီ။ ဘာတရားလဲ။ ဒိဋ္ဌိဖြုတ်တဲ့တရား။

## ဒိဋ္ဌိဖြုတ်နည်း

ကဲ – ဒီတော့ ဒိဋ္ဌိဖြုတ်နည်းက ၃–နည်းရှိတယ်လို့ မှတ်လိုက်ပါဦး။ ဘယ်နှစ်နည်းပါလိမ့်။ (၃–နည်းပါဘုရား)။ ကဲ – လိုက်ဆိုလိုက်

- **အသိဉာဏ်ဖြင့် ဖြုတ်တဲ့နည်း။**
- **အပွားဉာဏ်ဖြင့် ဖြုတ်တဲ့နည်း။**
- **အပယ်ဉာဏ်ဖြင့် ဖြုတ်တဲ့နည်း။**

ဘယ်နှနည်း။ (၃–နည်း)။ အဲဒါကို မနေ့တုန်းက ဘုန်းကြီးစခဲ့တဲ့ အသိဉာဏ်နဲ့ ဖြုတ်တဲ့ နည်းကို ဉာတပရိညာလို့ ခေါ်ပါတယ်။ အသိဉာဏ်နဲ့ ဖြုတ်တာကို ဘာခေါ် (ဉာတပရိညာ)။ အပွားဉာဏ်နဲ့ဖြုတ်တာကို တီရဏပရိညာ။ အပယ်ဉာဏ်နဲ့ဖြုတ်တာကို ပဟာနပရိညာ။ သို့ဖြင့်ရင် စာလိုပြောတော့ ပရိညာ ၃–ပါး။ ပရိညာ ဘယ်နှပါး။ (၃–ပါး)။ ကဲ ၃–ပါးလေးကိုပဲ ဆိုကြည့်ပါ။ (ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ)။ သို့ဖြင့် ဉာတပရိညာဆိုတာ ဘာနဲ့ဖြုတ်။ (အသိနဲ့ဖြုတ်တာပါဘုရား)။ တီရဏပရိညာ (အပွားနဲ့ဖြုတ်တာပါ)။ ပဟာနပရိညာ (အပယ်နဲ့ပါ ဘုရား)။

ဒီတော့ အရပ်ပြောနဲ့ စာပြောနဲ့ တွဲသွားပါ ယောဂီတို့နော်။ ဒါမှ စာဖတ်လိုက်တဲ့အခါ ဉာတပရိညာ၊ အော် ဒါ အသိနဲ့ဖြုတ်တာ ပြောထားတယ်။ တီရဏပရိညာ အပွားနဲ့ဖြုတ်တာ ပြောထားတယ်။ ပဟာနပရိညာ အပယ်နဲ့ ဖြုတ်တာ ပြောထားတယ်။ အဲဒီလိုပေါ့နော်။

အခု ဒိဋ္ဌိဖြုတ်နည်း ဘယ်နှနည်း။ (၃–နည်းပါဘုရား)။ ၃–နည်းက မြန်မာလိုပြောပါ။ (အသိဉာဏ်ဖြင့် ဖြုတ်နည်း၊ အပွားဉာဏ်ဖြင့်ဖြုတ်နည်း၊ အပယ်ဉာဏ်ဖြင့် ဖြုတ်နည်း)။ ကဲဒီတော့ ပရိညာဖြင့် ပြောပါ။ (ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ)။ ဟုတ်ပြီ။ အဲဒီတော့ဒိဋ္ဌိ ဖြုတ်နည်း ၃–နည်းမှာ အခုယောဂီတို့ တရားဟော တရားနာတဲ့ သင်တန်းမှာ ဖြုတ်ရမှာက အသိဉာဏ်နဲ့ ဖြုတ်တဲ့နည်းနဲ့ဖြုတ်ရမယ်ဆိုတော့ စပြီးတော့ မိမိတို့ လူဖြစ်လာပြီဆိုတော့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဒိဋ္ဌိဖြုတ်နည်း သိရဲ့လား။ (မသိပါဘူးဘုရား)။ ဘယ်သိလိမ့်မလဲနော်။

ဒိဋ္ဌိဖြုတ်နည်း အစကတည်းကသိနေရင် အရှင်ဘုရား အဆင်းရဲခံပြီး ရိပ်သာတောင် လာစရာ မလိုတော့ဘူး။ ကိုယ့်ဟာကိုယ် အိမ် အေးအေးဆေးဆေး ဖြုတ်နေရုံပဲ။ သဘော၊ သဘောနော်။ သို့သော် ဪ–အိုးပစ်၊ အိမ်ပစ်နဲ့ အဆင်းရဲခံပြီး လာရတာက ဘာဖြုတ်ချင်လို့လဲ။ (ဒိဋ္ဌိ ဖြုတ်ချင်လို့ပါဘုရား)။ ဘယ်နည်းနဲ့ ဖြုတ်ချင်တာလဲ။ (အသိဉာဏ်နဲ့)။

ရှင်သာရိပုတ္တရာလောင်း ဥပတိဿခမျာ တစ်သင်္ချေ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီး ရှင်အဿဇိနဲ့တွေ့ပြီးတော့မှ ဒိဋ္ဌိဖြုတ်နည်း နားလည်သွားတာ။ ရှင်းကော ရှင်းရဲ့လား။ ဒါဖြင့် ရှင်သာရိပုတ္တရာလောင်း ဥပတိဿ သောတာပန်တည်သွားတာ ဘာဖြုတ်လို့လဲ။ (ဒိဋ္ဌိဖြုတ်လို့ပါဘုရား)။ ဘယ်သူ့တရားကို နာလိုက်တာလဲ။ (ရှင်အဿဇိရဲ့တရားကို နာလို့ပါဘုရား)။ ရှင်အဿဇိထံမှ ဘုရားတရားနာလိုက်တာ။ အဲလို နာလိုက်တဲ့အတွက် ဒိဋ္ဌိပြုတ်သွားပြီ။ ဒိဋ္ဌိပြုတ်သွားပြီ။ တစ်ထိုင်တည်းအတွင်းကို သောတာပန် တည်သွားတာ။ အဲဒီလို ယနေ့ဘုန်းကြီးတို့ ယောဂီများ ဆွေတော် မျိုးတော်များလည်းပဲ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကို မြင်နိုင်အောင် တခြားဖြစ်ဖို့ အရေးကြီးတာလား၊ သောတာပန်ဖြစ်ဖို့ အရေးကြီးတာလား။ (သောတာပန်ဖြစ်ဖို့ အရေးကြီးပါတယ်ဘုရား)။ သောတာပန်ဖြစ်သွားပြီးဆိုရင် အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကို မြင်ပြီပေါ့နော်။

အဲဒီတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ်။ တစ်ဖက်ကလည်း အပါယ်တံခါးပိတ်၊ တစ်ဖက်ကလည်း နိဗ္ဗာန်မြင်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတဲ့ မြန်မာစကားပေါ့နော်။ အဲဒီတော့ အသိနဲ့ ဖြုတ်ဖို့ဆိုတာ တခြား အရေးကြီးတာလား၊ ဆရာ အရေးကြီးတာလား။ (ဆရာအရေးကြီးပါတယ်ဘုရား)။ ဆရာအရေးကြီးတဲ့ အကြောင်းကတော့ ပြောလို့ကို မကုန်နိုင်ဘူး။

အဲဒီတော့ ဆရာ ဘယ်လောက်အရေးကြီးလဲဆိုရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေကတော့ မဟာကံထူးရှင်တွေ ဆိုသော်ငြားလည်း ဒီနေရာမှာ ဆရာများ တစ်ချက်ကလေးတိမ်းသွားရင် ကံထူးတာ အလကားဖြစ်သွားမယ်။ သာဓက ပြပါဆိုရင် ဘုန်းကြီးတို့ အဇာတသတ် ရှင်ဘုရင်ကို ပြရမယ်။ အင်မတန် ဘုန်းတန်ခိုးကြီးတဲ့ ရှင်ဘုရင်နော်။ ဒီဘဝမှာ သေချာပေါက် သောတာပန် ဖြစ်မယ့်ကံပါပြီးသား။ တစ်ချက်တည်း ဆရာမှားလိုက်တာနဲ့ တစ်ပြိုင်နက် နိဗ္ဗာန်ကို မြင်ရဲ့လား။ (မမြင်ပါဘူးဘုရား)။ ယခု ငရဲခံနေရတယ်တဲ့။ မဟာကံထူးရှင်ကြီး ယခုဘာခံနေရတာလဲ။ (ငရဲခံနေရတာပါဘုရား)။ အဲဒါ ဘာမှားသွားလို့။ (ဆရာမှားသွားလို့ပါ)။ သိပ်အရေးကြီးတယ်၊ ဒကာ၊ ဒကာမတွေနော်။ ဒါ သိပ်အရေးကြီးလို့ ထပ်တလဲလဲ ပြောနေတာနော်။

အဲဒီတော့ မြတ်စွာဘုရားတည်းဟူသော ဆရာကိုသာ အဦးဆုံး တွေ့လိုက်ရင် တစ်ချက်တည်း။ ဒီနေရာမှာ သောတာပန်ဖြစ်မှာ။ ဒေဝဒတ်ဆိုတဲ့ ဆရာနဲ့လည်း တွေ့လိုက်ရော သောတာပန် ဖြစ်ဖို့နေနေသာသာ ဟာ–အဖေသတ်တဲ့ မကောင်းမှုတွေ ကျူးလွန်မိကုန်ရော။ အဲဒီလို မကောင်းမှုတွေ ကျူးလွန်တာဟာ တကယ်တော့ လောဘကြောင့်၊ ဘာကြောင့်လဲ။ (လောဘကြောင့်ပါဘုရား)။

ဒါကြောင့်မို့လို့ ယနေ့ ဘုန်းကြီးတို့ ဝိပဿနာအားထုတ် ဒီတရားတွေ လုပ်နေတာဟာ လောဘတွေကိုသတ်ဖို့၊ ဒေါသတွေကိုသတ်ဖို့၊ မောဟတွေကို သတ်ဖို့ မဟုတ်ဘူးလား။ အဲဒီလို သတ်နိုင်ဖို့အတွက် လောဘ၊ ဒေါသ၊ မောဟ သည် တခြားကိုမှီပြီး ဖြစ်နေတာလား၊ ဒိဋ္ဌိကိုမှီပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာလား။ (ဒိဋ္ဌိကိုမှီပြီး ဖြစ်တာပါဘုရား)။

ဒါကြောင့် မူလပင်ရင်းဖြစ်တဲ့ ဒိဋ္ဌိကို အရင်ဆုံးသတ်တဲ့ နည်းလမ်းတွေကို အခုသင်ရတာ။ ရှင်းပြီနော်။ ဟိုအဇာတသတ်ရှင်ဘုရင် ဘာဖြစ်လို့ ငရဲကျသွားသလဲဆိုတော့ ဒီအဖသတ်တဲ့ ပဉ္စာနန္တရိယကံ ကျူးလွန်မိသူက ရှင်ဘုရင် ဖြစ်ချင်တာကိုးဗျ။ ရှင်ဘုရင်ဖြစ်ချင်တယ်ဆိုတော့ ဘာတဲ့လဲ။ (လောဘ)။ လောဘဖြစ်ချင်တာ ကိုယ်ဖြစ်ချင်တာလေးဖြစ်ချင်တာ။ မင်းစည်းစိမ်ကို ခံစားချင်တယ်။ ရှင်ဘုရင် ဖြစ်ချင်တယ်။ ရှင်ဘုရင့်သား အိမ်ရှေ့မင်းသား ဖြစ်နေတာတောင် မကျေနပ်နိုင်ဘူး။ သူ့ကိုယ်တိုင်ကို ရှင်ဘုရင်ဖြစ်ချင်လာတာ။ ဒီတော့ ဘေးကနေ ထိန်းမတ်ပေးတဲ့ ဆရာသမားကနေ အထိန်းအကျောင်းနဲ့ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ် ချက်ချင်း သောတာပန် ဖြစ်သွားနိုင်တာ။

သို့သော်လည်းပဲ သူ့ခမျာ ဘေးကနေ ထိန်းကျောင်းပေးတဲ့ ဒေဝဒတ်ကဲ့သို့ ဆရာက ''ဟေ့--ရှင်ဘုရင်ဖြစ်ချင်ရင်၊ မင်းဘုရင်ကိုသတ်''တဲ့။ အဖေကို အသတ်မခိုင်းဘူးလား။ (သတ်ခိုင်းပါတယ်ဘုရား)။ နောက်ဆုံးတော့ အဖေကို သတ်ရမလား၊ မသတ်ရဘူးလားဆိုတဲ့ အမှားနဲ့ အမှန်ကို သူ ဝေခွဲနိုင်ရဲ့လား၊ (မဝေခွဲနိုင်ပါဘူးဘုရား)။ အမှန်ကိုမသိတာသည် တခြားလား၊ အဝိဇ္ဇာလား။ (အဝိဇ္ဇာပါဘုရား)။ မောဟ ဝင်လာပြီ။ ဘယ်လောက် ကြောက်စရာကောင်းလဲ။ လောဘကြောင့် မောဟဝင်တာ။ မောဟကြောင့်လည်း လောဘဝင်တာ။ ရှင်းကောရှင်းရဲ့လား။ အေး--အဲဒီတော့မှ ဟေ့ချက္ခ၊ သတ်ကွဆိုတော့ တခြားလား၊ ဒေါသလား၊ ဟော- အခုပဉ္စာနန္တရိယကံ ကျူးလွန်သွားပြီ၊ အဲဒါ -- ဆရာကောင်းကြောင့်လား၊ ဆရာမှားကြောင့်လား။ (ဆရာမှားကြောင့်ပါဘုရား)။ သိပ် အရေးမကြီးဘူးလား။ (အရေးကြီးပါတယ်ဘုရား)။

အဲဒါကြောင့်မို့ ဒကာ၊ ဒကာမတွေ ဆရာမှန်နဲ့တွေ့ရင် မိမိတို့အဖို့မှာ အရဏ်တက်ပြီ၊ ဆုတောင်းပြည့်ပြီလို့သာ မှတ်လိုက်။ ရှင်းပြီနော်။ အဲဒီတော့မှ အဇာတသတ်ရှင်ဘုရင်ဟာ ငရဲကျသွားတာ ဘာမှားလို့လဲ။ (ဆရာမှားလို့ပါ ဘုရား)။ အခု ဘုန်းကြီးတို့ ယောဂီတွေ ဘယ်လောက် ဝမ်းသာစရာကောင်းလဲ။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဒကာ၊ ဒကာမတွေကို စီးပွားတွေ ဖြစ်လာအောင် ရာထူးတွေ တက်လာအောင် တစ်လုံးမှ မပြောဘူး၊ ဘာဖြုတ်ခိုင်းနေတာလဲ။ (ဒိဋ္ဌိဖြုတ်ခိုင်းနေတာပါဘုရား)။ ခင်ဗျားတို့ ဒိဋ္ဌိတွေ မြန်မြန်ဖြုတ်။ စားစရာ၊ ဝတ်စရာမရှိတာ ဘေးချိတ်ထားလိုက်။ ဒါ မစဉ်းစားနဲ့။ ဒိဋ္ဌိမြန်မြန်ဖြုတ်။

ဟော -- ဆရာတော် အဲဒီလိုကို ဒကာ၊ ဒကာမတွေ တိုက်တိုက်တွန်းတွန်း ဟောတာ။ ဘာလို့လဲဆိုတော့ အပါယ်ကျသွားမှာစိုးလို့။ ဒီလိုဖြင့်ရင် အရှင်ဘုရား ဘယ့်နှယ့်ကြောင့် အပါယ်ကျသွားမှာစိုးလို့လဲဆိုတော့ လောဘနဲ့ သေတော့ ပြိတ္တာမဖြစ်ဘူးလား။ ဒေါသနဲ့သေတော့ ငရဲမကျဘူးလား။ မောဟနဲ့သေတော့ တိရစ္ဆာန် မဖြစ်ဘူးလား။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဆိုတာ တခြားလား။ အပါယ်လေးဘုံလား။ (အပါယ်လေးဘုံပါဘုရား)။ အဲဒီလိုကျသွားမှာစိုးလို့။ အဲဒီလို ကျသွားတဲ့ အခြေခံသည် တခြားလား၊ ဒိဋ္ဌိလား။ (ဒိဋ္ဌိပါဘုရား)။ အဲဒါကြောင့်မို့လို့ မြန်မြန်ဆန်ဆန် ဒိဋ္ဌိကိုအရင်ဖြုတ်ရမယ်။ ဘာကို အရင်ဖြုတ်ရမလဲ။ (ဒိဋ္ဌိကို အရင်ဖြုတ်ရမှာပါ)။ နှေးနှေးဖြုတ်ရမှာလား။ မြန်မြန်ဖြုတ်ရမှာလား။ (မြန်မြန်ဖြုတ်ရမှာပါဘုရား)။ ဘယ်လောက်ထိမြန်မြန် ဖြုတ်ရ

www.burmeseclassic.com



မလဲဆိုရင် –

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ။

သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ – လို့

မြတ်စွာဘုရားဟောတဲ့ ဒေသနာကို ဆရာတော်ဘုရားကြီး မကြာမကြာ ဆုံးမတော်မူခဲ့တယ် ယောဂီတို့။ ဒါကို မြန်မာလိုပြန်လိုက်တဲ့အခါကျတော့ ရင်ဝလှံစူး၊ ဆံဦးမီးလောင်၊ ဒိဋ္ဌိအမြန်ရှောင် ဆိုတဲ့ အဓိပ္ပာယ်ပေါ်လာတယ်။ ကဲ လိုက်ဆို။

ရင်ဝလှံစူး၊ ဆံဦး မီးလောင်၊ ဒိဋ္ဌိအမြန်ရှောင်။

နေးနေးလား။ မြန်မြန်လား။ (မြန်မြန်ပါဘုရား)။ နေးလို့နောက်ကျရင် ဒကာ၊ ဒကာမတွေ ရင်ဝကို လှံနဲ့ထိုးလိုက်တဲ့အခါမှာ နေးနေးဆိုလို့ရှိရင် သေခြင်းဆိုး သေလိမ့်မယ်။ ခေါင်းမီးလောင်တဲ့အခါမှာ နေးနေးနဲ့ အေးအေးဆေးဆေးလုပ်နေရင် သေခြင်းဆိုးသေလိမ့်မယ်။ နေးနေးလား။ မြန်မြန်လား။ (မြန်မြန်ပါဘုရား)။ အဲဒီမြန်မြန်ဆန်ဆန် သတ်တာထက်တောင် ပိုပြီးတော့ မြန်ဖို့ လိုအပ်ပါတယ်။ ဘာဖြုတ်ဖို့။ (ဒိဋ္ဌိဖြုတ်ဖို့ပါဘုရား)။

အဲဒီ ဒိဋ္ဌိဖြုတ်ဖို့ အဓိကလိုတာ ဘာလိုလဲ။ (ဆရာ)။ သိပ်အရေးကြီးတယ်နော်။ ဆရာလိုတဲ့ အကြောင်း ပြောစရာတွေ အများကြီးရှိတယ်။ အသာထားလိုက်ဦး၊ သိပ်အချိန်ကုန်သွားမယ်။


အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ဗုဒ္ဓဓမ္မ ဒီပလိုမာသင်တန်းသို့ တက်ရောက်ကြသည့် ကမ္ဘာ့နိုင်ငံ (၁၈) နိုင်ငံမှ သင်တန်းသားများ၏ အမေး နှင့် အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ) ၏ အဖြေများကို ကိုယ်ရွှေသောင်းဝင်း မှတ်တမ်းပြု ပူဇော်ထားသောစာအုပ်

**အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ) နှင့်**

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

**ဗုဒ္ဓဓမ္မ ဒီပလိုမာသင်တန်းသားများ၏**

**ဓမ္မအတွေးအမေးအဖြေများ**

• ဖြန့်ချိရေး •

**တောရတစ်ဦးကျောင်း**
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ အဖွဲ့ခွဲ (၇၇)၊
အောင်ဆန်း၊ အင်းစိန်မြို့နယ်။
ဖုန်း - ၆၄၁၉၆၆

**မျိုးဆက်သစ်စာပေ**
အမှတ် (၁၈၀)၊ ပ-ထပ်(ယာ)၊
ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ်၊
ဖုန်း - ၂၄၁၁၂၈


အောင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



**မသာကြီးချ မချချင်ပါနဲ့.**

ဒီလိုဖြင့် ယောဂီများ၏ ယနေ့ရည်ရွယ်ချက်ပန်းတိုင်က ဘာလဲ။ (နိဗ္ဗာန်ပါဘုရား)။ နိဗ္ဗာန်ကို ရနိုင်ဖို့ ဘယ်တရားဦးစားပေး အားထုတ်မယ်။ (ဝိပဿနာပါဘုရား)။ အဲဒီ ဝိပဿနာတရား အားထုတ်လိုက်လို့ ဝိပဿနာဉာဏ် ရသွားရော။ ဝိပဿနာဉာဏ်လည်း ရသွားရော ဒါနလည်းပြု၊ သီလလည်း ဆောက်တည်၊ သမထလည်းပွား။ ပွားချင်သလောက်ပွား။ အဲဒီဒါန၊ သီလ၊ သမထ တွေက အင်မတန်အမြင့်ဆုံး၊ အမြတ်ဆုံး ဒါန၊ သီလ၊ သမထတွေ ဖြစ်ကုန်တာ။

ဝိပဿနာဉာဏ်မရဘဲ ပြုတဲ့ဒါနက အနိမ့်ဆုံးဒါန၊ သီလသည် အနိမ့်ဆုံး သီလ၊ သမထ လည်းပဲ အနိမ့်ဆုံး သမထဖြစ်မယ်။ ဘာကြောင့်လဲဆိုတော့ ဝိပဿနာ အလုပ်သည် တခြား အလုပ်လား၊ ဉာဏ်အလုပ်လား။ (ဉာဏ်အလုပ်ပါ ဘုရား)။ သမထအလုပ်ဆိုတာက (စျာန်အလုပ်)။ ဒါန၊ သီလ အလုပ်ဆိုတာက (ကံ အလုပ်)။ အလုပ် ၃–မျိုးရှိတယ်။ ဘယ်နှစ်မျိုး၊ (၃–မျိုး ပါဘုရား)။

**ဒါန၊ သီလ အလုပ်က (ကံအလုပ်)၊**

**သမထအလုပ်က (စျာန်အလုပ်)၊**

**ဝိပဿနာအလုပ်က (ဉာဏ်အလုပ်)၊**

ဒီလိုဖြင့်ရင် ကံရယ်၊ စျာန်ရယ်၊ ဉာဏ်ရယ် ဘယ်နှစ်မျိုး (၃–မျိုးပါဘုရား)။ ဒီလိုဖြင့်ရင် ကံအကျိုးပေးက ဒကာ၊ ဒကာမတွေ သေခြင်းဆိုးသေဖို့ အကျိုးပေးတယ်။ ပဋိစ္စသမုပ္ပါဒ်မှာ နောက်တဖြည်းဖြည်း ရှင်းလာမယ်နော်။ အခု လောလောဆယ်တော့ ဒီလောက်နဲ့ပဲ နားထောင်ထား လိုက်ပါဦးနော်။ ကံအကျိုးပေးက တခြားဖြစ်မှာလား၊ သေခြင်းဆိုးသေမှာလား။ (သေခြင်းဆိုး သေမှာပါဘုရား)။

တရားက အဆုံးမှ ဟောရမဲ့တရားမို့လို့ အစကတည်းက ဟောထားတာ။ ကိစ္စမရှိဘူး။ နား ကြီးကြီးသာ နားထောင်ထားပါ။ အဲဒီတော့ စျာန်အကျိုးပေးတာလည်း တခြားလား၊ အသေဆိုး သေမှာလား။ (အသေဆိုး သေမှာပါဘုရား)။ ဘာကြောင့်လဲဆိုတော့ ကံအကျိုးပေးတာက လူ ချမ်းသာ၊ နတ်ချမ်းသာရမှာကိုး။ လူချမ်းသာ၊ နတ်ချမ်းသာရတော့ လူချမ်းသာလည်း နောက်ဆုံး ဘယ်မှာဆုံးမလဲ။ (ဇရာ၊ မရဏ)။ နတ်ချမ်းသာလည်း ဘယ်မှာဆုံးမလဲ။ (ဇရာ၊ မရဏပါဘုရား)။ ဇရာ၊ မရဏဟာ အသေကောင်းလား၊ အသေဆိုးလား။ (အသေဆိုးပါဘုရား)။

အဲဒီတော့ ကံလောက်နဲ့ တင်းတိမ်နေပြီး ကံအလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ သေခြင်းဆိုး သေဦးမယ်လို့သာမှတ်။ ဟိုး ဆရာသမားက စျာန်လောက်နဲ့ တင်းတိမ်ပြီးတော့ စျာန်လောက်ကို သင်ပေးတဲ့ ဆရာနဲ့တွေ့ရင် ပြဟ္မာဖြစ်ရင် ပြဟ္မာလည်း နောက်ဆုံးတော့ မသေနိုင်ဘူးလား။ (သေနိုင်ပါတယ်ဘုရား)။ မနေ့က ဆရာတော်ကြီး ဟောသွားပြီလေ။ ပြဟ္မာဖြစ်ချင်တဲ့ ပုဂ္ဂိုလ်က မသာကြီးချတာတဲ့။ ဒါ –– ဆရာတော် ဟောသွားပြီးပြီ။

ပြဟ္မာဖြစ်ချင်တဲ့ ပုဂ္ဂိုလ်က (မသာကြီးချတာပါပဲဘုရား)။ နတ်ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်က အဖန်ဖန် သေဖို့တဲ့။ ဟော –– အဲဒါက တခြားပြောတာလား။ ဇရာမရဏ ပြောတာလား။ (ဇရာ၊ မရဏ ပြောတာပါဘုရား)။ ဒီလိုဖြင့် အဖန်ဖန်သေဖို့ အလုပ်က တခြားတင်းတိမ်တာလား၊ ကံကိုတင်းတိမ်



www.burmeseclassic.com

www.burmeseclassic.com



တာလား။ (ကံကို တင်းတိမ်တာပါဘုရား)။ ဒီလိုဖြင့် ဈာန်ကို တင်းတိမ်တဲ့ပုဂ္ဂိုလ်ကတော့ ဘာချ ဖို့လဲ။ (မသာကြီးချဖို့ပါဘုရား)။

အဲဒီ စကားက ဖြုန်းခနဲ ယောဂီအသစ်တွေ ဘာပြောမှန်းမသိဖြစ်တယ်။ အရှင်ဘုရား ဘာလဲ၊ မသာကြီးချတာ။ ဟော မသာများ မသာလေး၊ မသာကြီးရှိရဦးမလား။ သိပ်အရေးကြီး တယ်နော်။ မသာကြီးချတယ်ဆိုတာ သူများနဲ့ မတူဘဲ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မသာချတာ ပြောတာ။ ဘုန်းကြီးပျံတို့၊ ဘိုးတော်ပျံ၊ မယ်တော်ပျံတို့ ဆိုတာတွေပေါ့။ အညာဒေသ တွေမှာတော့ လုပ်လေ့လုပ်ထရှိတယ်။ ယေင်ကြူးတွေ ဘာတွေနဲ့၊ အဲဒါ မသာကြီးချတယ်လို့ ခေါ်တယ်။ အဲဒါကို ဆရာတော်က ပေါ်လွင်အောင် မိန့်သွားတာနော်။ အဲတော့ – ကဲ၊ မသာကြီးများချချင်သေးလား။ (မချချင်ပါဘူးဘုရား)။ သိသွားတော့ မချချင်ဘူး။ အရင်တုန်းက ဗြဟ္မာဖြစ်ရင် ဗြဟ္မာမင်းကြီး နားကင်းနဲ့ ဘာနဲ့ ညာနဲ့ဆိုတော့ သူများပြောတာ အဟုတ်ကြီး ထင်ပြီးတော့ ကိုယ်ကိုယ်တိုင်လည်း မြင်ဖူးတာလည်း မဟုတ်။ အဝိပ္ပါယ် ဟုတ်လား။ အခု ဆရာတော်က ဟောသွားပြီ။ ခင်ဗျားတို့ ဘာမှလုပ်မနေနဲ့။ ဗြဟ္မာဖြစ်ချင်ရင် မသာကြီးချ ချချင် တာနဲ့ အတူတူပဲတဲ့။ ဟော ရှင်းကောရှင်းရဲ့လား။

အင်း တစ်ချို့ကလာဦးမယ်တဲ့။ သိကြားမင်းကြီး ဖြစ်ချင်တာတို့၊ မိဖုရားကြီး ဖြစ်ချင် တာတို့။ ဒီထဲတော့ မပါလောက်ပါဘူး ထင်ပါရဲ့။ (မပါပါဘူး ဘုရား)။ မပါဘူးသာပြော။ ဒါမှ အမောပြေမယ်။ အင်း –– ပါရင်တော့ ဒကာ၊ ဒကာမတွေ အကြိမ်ကြိမ် အခါခါ သေဦးမှာ။ စကြဝတေးမန္ဓာတ်မင်းကြီး ဖြစ်လည်း နောက်ဆုံး တခြားထဲရောက်မှာလား၊ မြေကြီးထဲရောက်မှာ လား။ (မြေကြီးထဲရောက်မှာပါ)။ ဆရာတော်ပြောသွားတာ။ ဟာ – လူချမ်းသာကြီးတွေ၊ ရှင်ဘုရင် ကြီးတွေဖြစ်ချင်လည်း မြေကြီးထဲ ရောက်တော့ မြေကြီးကြီးပွားဖို့ပဲ ဖြစ်ပါတယ်။ သိကြားမင်းကြီး တွေ နတ်မင်းကြီးတွေ ဖြစ်ချင်ပြန်တော့လည်း အဖန်ဖန်သေဖို့တဲ့။ သူ့ကျတော့ အလောင်းပျောက် သွားလို့တဲ့။ မကြာမကြာ သေတာပေါ့။ ရှင်းပြီနော်။

ဗြဟ္မာဖြစ်ဖို့ကျတော့လည်း မသာကြီးချဖို့ဆိုတော့ အဲဒါ ဘာဉာဏ်မရလို့လဲ။ ဝိပဿနာ ဉာဏ် မရလို့။ အဲဒါ ခုနပြောတဲ့ ကံနဲ့တင်းတိမ်နေလို့၊ ဈာန်နဲ့ တင်းတိမ်နေလို့နော်။ အဲတော့ ဒီနေ့ ယောဂီတို့ကို တိုက်တွန်းနေတာက ဘာရဖို့လဲ။ (ဉာဏ် ရဖို့ပါဘုရား)။ တခြားဉာဏ်လား၊ ဝိပဿနာဉာဏ်လား။ (ဝိပဿနာဉာဏ်ပါဘုရား)။ အဲဒီ ဝိပဿနာဉာဏ်ကမှသာ မြေကြီးကြီး ပွားတဲ့ အထဲကလည်းလွတ်နော်၊ အဖန်ဖန်သေတဲ့ အထဲကလည်း လွတ်နော်။ မသာကြီးလည်း မချတော့ဘူး။ ဘာကြောင့်လဲလို့ ဆိုလို့ရှိရင် ဒကာ၊ ဒကာမတွေ သူ့မှာ မသာချစရာကော ရှိ သေးရဲ့လား။ (မရှိတော့ပါဘူးဘုရား)။ မရှိတာသည် တခြားရလို့လား၊ ဉာဏ်ရလို့လား။ (ဉာဏ်ရ လို့ပါ)။ အဲဒါကြောင့်မို့ ဟောဒီ ဝိပဿနာဉာဏ်ဆိုတာ ဘုရားတစ်ဆူ တစ်ဆူပွင့်မှ ပေါ်တဲ့ဉာဏ် ဖြစ်သောကြောင့် ယောဂီတို့ အင်မတန် အလေးထားရမဲ့ကိစ္စပါ။

ခုနတုန်းက ပြောသွားပြီးပြီ။ ထပ်ပြီးတော့ သတိပေးပါဦးမယ်။ သားရေး၊ သမီးရေး စီးပွားရေး နောက်ထား။ သစ္စာသိအောင် အရင်လုပ်ဆိုတော့ ဝိပဿနာဉာဏ်ရအောင် အရင် လုပ်ခိုင်းတာ။ ရှင်းကောရှင်းရဲ့လား။ အဲဒါ ဆရာတော်ဘုရားကြီး ဩဝါဒ။ ဒီတရားကို မနာရရင် ဒကာ၊ ဒကာမတွေ ပြောင်းပြန်လုပ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

အရှင်ဘုရား -- တရားအားထုတ်တာ၊ ဖြည်းဖြည်းအားထုတ်မှ ရတာပေါ့။ တပည့်တော်တို့ အသက်အရွယ်ကြီးမှပဲ အားထုတ်မယ်။ ငယ်တုန်း အားမထုတ်သေးဘူးဘုရား။ သားရေး သမီးရေး စီးပွားရေး လုပ်ဦးမှာ။ နို့မို့ ဘယ့်နှယ့်လုပ်မလဲ။ ဒီ သားတွေ သမီးတွေ မျက်နှာငယ်ရမှာ။ အမယ် လာဦးမှာ။ အပါယ်ကျမှာတော့ ထည့်မစဉ်းစားဘူး။ သေလို့ ခွေးဖြစ်မှာကို ဒကာ၊ ဒကာမတွေ မစဉ်းစားဘူး။ ရှင်းကောရှင်းရဲ့လား။ ပြုန်းခနဲသေတော့ ခွေးဖြစ်မှာတော့မစဉ်းစားဘူး ဆိုတော့ ဒီကိုယ်တော်ကလည်း အပြောရိုင်းလိုက်တာလို့မထင်နဲ့။

**မောဟနဲ့သေ တိရစ္ဆာန်ပြည် ရောက်လေကေန်သာ။**

ဆောင်ပုဒ်က ပုံသေနည်းမရှိဘူးလား။ မရဏာသန္နဆိုတဲ့ သေခါနီးအခိုက်အခါမှာ မိန်းမောတွေဝေပြီး မောဟနဲ့များသေလိုက်လို့ရှိရင်ဖြင့် တိရစ္ဆာန်က ပုံသေပဲ။ ဒါကြောင့် ရှေးဆရာတော် သမားတော် ပညာရှိကြီးတွေ ဆုတောင်းတဲ့အထဲမှာ "မတွေမဝေ သေရပါလို၏" လို့ဆိုတယ်။ ကဲ ဆိုကြည့်၊ (မောဟနဲ့သေ တိရစ္ဆာန်ပြည် ရောက်လေကေန်သာ) တကယ်အမှန်ရှိတဲ့ တရားတွေကို အမှန်မမြင်တာ တခြားလား၊ မောဟလား။ (မောဟပါဘုရား)။ အဲဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက မိုးလင်းမိုးချုပ် မွေးကတည်းက သေတဲ့အထိ ဒီတရားများ မနာရရင် မောဟနဲ့ပဲနေမှာ၊ မောဟနဲ့ပဲသေမှာ။ မောဟနဲ့နေလို့ မောဟနဲ့ သေရင် တခြားသွားမှာလား၊ တိရစ္ဆာန်ဖြစ်မှာလား။ (တိရစ္ဆာန်ဖြစ်မှာပါဘုရား)။

ဒီလိုဖြစ်ရင် စောစောကပြောတဲ့ စကားမရိုင်းပါဘူးနော်။ ဆွေတော်၊ မျိုးတော်တွေကို ထပ်ပြီးတော့ လေးလေးစားစားသတိပေးတာနော်။ ဒီအလုပ် မလုပ်ဘဲနဲ့ ခုနတုံးကလို သားရေး၊ သမီးရေး၊ စီးပွားရေးတွေ ရှေ့ထားလို့ အမှန်တရားကို အမှန်အတိုင်း မမြင်ရင်၊ တကယ်သိသင့် သိထိုက်တဲ့ တရားကို တကယ် မသိလိုက်ရင် တခြားဝင်မှာလား၊ မောဟဝင်မှာလား။ (မောဟဝင်မှာပါဘုရား)။ မောဟနဲ့သေရင် တိရစ္ဆာန်မဖြစ်ဘူးလား။ ခွေးလည်းဖြစ်နိုင်တယ်၊ ဝက်လည်းဖြစ်နိုင်တယ်၊ နွားလည်းဖြစ်နိုင်တယ်၊ အမျိုးမျိုးဖြစ်သွားနိုင်တယ်။ ရှင်းပြီနော်။

အဲဒီတော့ မောဟဝင်ပြီဆိုတော့ အမှန်ကိုမမြင်တော့ အမှားတွေ မြင်တော့တာပဲ။ ဒါကြောင့် အဇာတသတ် ရှင်ဘုရင်သည် အဲဒီလောဘကြောင့် မောဟဖြစ်တယ်။ မောဟကြောင့်လည်း ဒေါသတွေ မဖြစ်ဘူးလား။ အဲဒီ လောဘဆိုတာလည်း တခြားသွားတဲ့တရားလား၊ အပါယ်သွားတဲ့တရားလား။ (အပါယ်သွားတဲ့ တရားပါ)။ ကဲ တစ်လက်စတည်း ပုံသေနည်းလေးဆိုထားဦး။

**လောဘနဲ့သေ ပြိတ္တာပြည် ရောက်လေ ကေန်သာ။**

**ဒေါသနဲ့သေ ငရဲပြည် ရောက်လေ ကေန်သာ။**

ဒီတော့ ဒီပုံသေနည်းလေး မှတ်ထား ယောဂီတို့။ ဟောဒီ ဝိပဿနာအလုပ် မလုပ်သမျှ ကာလပတ်လုံး လောဘ၊ ဒေါသ၊ မောဟတွေက မအုပ်ဘူးလား။ (အုပ်ပါတယ်ဘုရား)။ ဒီလိုဖြင့် အပါယ်ကလွတ်ပါဦးမလား။ (မလွတ်ပါဘူးဘုရား) လွတ်လမ်းမမြင်ပါဘူး ယောဂီတို့။ ဒါကြောင့် မြတ်စွာဘုရား နခသိခ သုတ်မှာ ဟောထားတာ။ လက်သည်းပေါ်က မြေမှုန့်နဲ့ ဟောဒီ နှစ်သိန်းလေးသောင်းထုရှိတဲ့ မဟာပထဝီမြေကြီး နှိုင်းယှဉ်ပြထားပါတယ်။ ဒါ ယောဂီဟောင်းတွေကတော့ ဘုန်းကြီး အမြဲတမ်းပြောလို့ နားထဲမှာ နားရည်ဝနေပြီနော်။ ယောဂီသစ်များ ဦးစားပေးပြီး သတိပေးရတာဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ရှင်အာနန္ဒာကိုယ်တော်မြတ်ကို မိန့်တော်မူထားတာ။ ဟောဒီမှာ ချစ်သား-- ကြည့်စမ်းပါ။ လက်သည်းခွံပေါ်ကမြေမှုန့်၊ အဲဒီမြေမှုန့်နဲ့ နှစ်သိန်းလေးသောင်းထုရှိတဲ့ မဟာပထဝီမြေကြီး ဘယ်ဟာက များသလဲလို့ မေးလိုက်တော့၊ အရှင်ဘုရား မနှိုင်းစာလောက်ပါဘူးတဲ့။ အေး--ချစ်သားတဲ့၊ အဲဒီ မနှိုင်းစာလောက်တဲ့ အတိုင်းအတာအားဖြင့် နှစ်သိန်းလေးသောင်းထုရှိတဲ့ မဟာပထဝီ မြေကြီးနဲ့အမျှ အပါယ်ကျတာတဲ့။ သုဂတိက လက်သည်းခွံပေါ်ပါလာတာလောက်ပဲရှိတယ်။ ရှင်းကော ရှင်းရဲ့လား။

အဲဒါ--ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ လက်သည်းခွံပေါ်ပါလာတာ။ သိပ်ကံကောင်းတယ်နော်။ တစ်သက်လုံး၊ တစ်သံသရာလုံးက အပါယ်မှာချည်းပဲ နေခဲ့ရတာ။ အခု လက်သည်းခွံပေါ်လေးရောက်လာတာ။ အဲဒီ လက်သည်းခွံပေါ် ရောက်လာတဲ့အချိန်မှာ တခြားဘာတွေ ညာတွေ သိပ်စဉ်းစားမနေနဲ့။ အရေးအကြီးဆုံးကိစ္စကို ရွေးချယ်ပြီးတော့ လုပ်ရမယ်။ အဲဒီအလုပ်သည် တခြားအလုပ်လား၊ သစ္စာသိဖို့ အလုပ်လား။ (သစ္စာသိဖို့ပါ ဘုရား)။ သစ္စာကို သိမှ အပါယ်ဘေးကနေလွတ်မှာ။ ဟာ--ဒီလိုဖြင့် အရှင်ဘုရား ကြီးကျယ်လှချည့်လားလို့ မမေးနဲ့နော် ဘုရားကိုယ်တော်မြတ်ဟောထားတာ -

**စတ္တာရော အပါယာ သကဂေဟာသဒိသာ**

သစ္စာမသိတဲ့ ပုဂ္ဂိုလ်များ၏ နေမြဲအိမ်သည် အပါယ်လေးပါးတဲ့။ ဒီလိုဖြင့်ရင် ကိုယ့်ကိုယ်ကို မေး၊ စာအုပ်ထဲ လှန်မကြည့်နဲ့တော့။ ငါသစ္စာသိလား၊ မသိဘူးလား၊ ကိုယ့်ကိုယ်ကိုမေးတော့၊ ဘုန်းကြီးတို့ ဆွေတော်မျိုးတော်တွေ ကျေးဇူးဆပ်တာပါနော်။ ကိုယ့်ကိုယ်ကို ပြန်မေး၊ ငါသစ္စာသိလား၊ မသိဘူးလား။ ကိုယ့်ကိုယ်ကိုပြန်မေးရင် အဖြေပေါ်လာပြီ။ မသိဘူးဆိုရင် အဲဒီဒယ်အိုးဟာ ငါ့အတွက် တည်ထားတာ မှတ်ထား။ မီးဖိုထဲကို စိတ်ရောက်မသွားနဲ့၊ ဒယ်အိုးဆိုလို့။ ဘာများဒီနေ့ကျွေးမလဲ စားရမလဲဆိုလို့ သွားမလုပ်နေနဲ့နော်။ ငရဲပြောတာ၊ ဘာပြောတာလဲ။ (ငရဲ ပြောတာပါဘုရား)။

အင်း -- အဲဒီတော့ သစ္စာမသိရင် ငရဲပြည်ကဒယ်အိုးကြီးဟာ ငါ့အတွက်လို့သာ ဒကာ၊ ဒကာမတွေ ဆုံးဖြတ်ချက်ချ။ အဲဒါကြောင့်မို့လို့ သားရေး သမီးရေး စီးပွားရေး နောက်ထား၊ သစ္စာသိအောင် အရင်လုပ်။ အဲဒါ သစ္စာတရားတွေ သိတော့မှ ဆိုင်ရာဆိုင်ရာ လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ အစရှိတဲ့ သူ့ဆိုင်ရာ၊ ဆိုင်ရာတွေ မသိမ်းနိုင်ဘူးလား။ အဲဒီလို သိမ်းနိုင်သွားပြီဆိုရင် ဒကာ၊ ဒကာမတွေ ဒီဘဝသေချာပေါက်ကျွတ်တမ်းဝင်ပြီပေါ့နော်။ (မှန်လှပါ)။

အဲဒီလိုသိမ်းနိုင်ဖို့အတွက်ကို ယောဂီတို့ အခြေခံသင်ရမယ့်တရားသည် တခြားတရားလား၊ ပဋိစ္စသမုပ္ပါဒ်တရားလား။ (ပဋိစ္စသမုပ္ပါဒ်တရား)။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရင် ဘာပြုတ်မယ်။ (ဒိဋ္ဌိပြုတ်မယ်)။ ဒိဋ္ဌိပြုတ်နည်း ဘယ်နှစ်နည်း။ (သုံးနည်းပါဘုရား)။ အခု လောလောဆယ်ဖြုတ်ရမှာက ဘယ်နည်းနဲ့၊ (အသိဉာဏ်နဲ့)။ အေး -- အသိဉာဏ်နဲ့ ဖြုတ်နိုင်ဖို့ကို ဘာကို နားလည်ရမယ်။ (ပဋိစ္စသမုပ္ပါဒ်ကိုပါ ဘုရား)။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ပြီးတော့ ဒိဋ္ဌိကို အသိဉာဏ်နဲ့ ဖြုတ်တဲ့နည်းဖြင့် ဖြုတ်လို့ သိသွားပြီ ပြုတ်သွားပြီဆိုလို့ရှိရင် ဝိပဿနာ အားထုတ်ခဲ့သော် ဘာဝိပဿနာ (အားကြီးသောဝိပဿနာ)။ အားကြီးသော ဝိပဿနာဖြစ်ရင် သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ရင် မနက်အားထုတ်ရင် ညနေရတယ်။ ညနေ အားထုတ်ရင် (မနက်ရပါတယ်)။ အဲဒီ ရတယ်ဆိုတာက စိတ်ကူးယဉ်တဲ့ တရားလား၊ လက်တွေ့ တရားလား။ (လက်တွေ့တရားပါဘုရား)။

ဒီလိုဖြင့်ရင် ဝိပဿနာအလုပ်သည် တခြားအလုပ်လား၊ ဉာဏ်အလုပ်လား။ (ဉာဏ်အလုပ်ပါဘုရား)။ အဲဒီ ဉာဏ်အလုပ်လို့ သီးခြားပြောဆိုငြားသော်လည်းပဲ ဈာန်ကော မပါဘူးလား၊ (ပါပါတယ်)။ ကံကော မပါဘူးလား။ ဝိပဿနာ လုပ်တာလည်း ကာမကုသိုလ်ပါပဲ၊ ပုထုဇဉ်တွေမှာ ဒါန၊ သီလ၊ ဘာဝနာ ဘာပဲလုပ်လုပ် ကာမာဝစရ ကုသိုလ်သခ်ါရပဲဖြစ်တာပါ။ သမထလုပ်လည်း ဈာန်မရခင် ကုသိုလ်ပဲ၊ ကံပဲ။ ဝိပဿနာလုပ်တဲ့သူလည်း မဂ်မရခင် ကာမကုသိုလ်ပဲ။ သမထ၊ ဝိပဿနာ လုပ်ပေမယ့် ဈာန်ရတဲ့အခါကျမှ ဈာန်ကုသိုလ် သခ်ါရ ဖြစ်တာပါ။ မဂ်ရတော့ မဂ်ကုသိုလ်ဖြစ်တာပေါ့။ ဝိပဿနာလုပ်နေတဲ့အခါမှာ ကာမာဝစရကုသိုလ်ဖြစ်တယ်ဆိုပေမယ့် အဝိဇ္ဇာကြောင့်ဖြစ်တဲ့ကုသိုလ်နဲ့ ဝိဇ္ဇာကြောင့်ဖြစ်တဲ့ကုသိုလ်၊ ဒါတော့ ကွာတယ်။ နောက် အဝိဇ္ဇာ ပစ္စယာ သခ်ါရာမှာ ရှင်းလာပါလိမ့်မယ်။

အဲဒီတော့ ယောဂီများကို လုပ်ငန်းခွင် မပြောခင် ဒီအလုပ်နဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ ဝမ်းသာစရာလေးပြောရမယ်ဆိုရင် ဝိပဿနာအလုပ်သည် ၃–မျိုး အကျိုးပေးတယ်လို့မှတ်လိုက်။ ကံလည်းအကျိုးပေးတယ်။ ဈာန်လည်းအကျိုးပေးတယ်။ သို့သော် ကံနဲ့ဈာန်ကို အထွတ်အထိပ် ရောက်အောင် တင်ပေးတာသည်၊ တခြားအလုပ်လား၊ ဉာဏ်အလုပ်လား။ (ဉာဏ်အလုပ်ပါဘုရား)။

အဲဒါကြောင့် စောစောတုန်းက ကံနဲ့မတင်းတိမ်နဲ့။ ကံနဲ့ တင်းတိမ်လို့ ဉာဏ်မပါသည့် ကံသည် တခြားရမှာလား၊ အသေဆိုး သေဦးမှာလား။ (အသေဆိုး သေဦးမှာပါဘုရား)။ ဒီတော့ ဈာန်နဲ့လည်း မတင်းတိမ်နဲ့၊ ဉာဏ်မပါတဲ့ ဈာန်သည်လည်းပဲ တခြားလား၊ မသာကြီးချဉ်းမှာလား။ (မသာကြီးချဉ်းမှာပါဘုရား)၊ အဲဒီတော့မှ ဝိပဿနာလေးလည်းရသွားရော အဲဒီ မိမိတို့ပြုခဲ့တဲ့ ကံသည် အထွတ်အထိပ်ရောက်အောင် အကျိုးပေးပါတယ်။ မိမိတို့ပြုခဲ့တဲ့ ဈာန်သည် အထွတ် အထိပ်ရောက်အောင် အကျိုးမပေးဘူးလား။ (ပေးပါတယ်ဘုရား)။ အဲဒီလို အကျိုးပေးတယ် ဆိုတဲ့ စေတနာသည် ၇–ရက်၊ ၇–လ၊ ၇–နှစ်အတွင်း အကျိုးပေးတာပါ၊ ရှင်းပြီနော်။

အဲတော့ –– ယနေ့ ဝိပဿနာအလုပ် ပဋိစ္စသမုပ္ပါဒ် ဒီလုပ်ငန်းတွေကိုနာပါ၊ အားထုတ်ပါလို့ တိုက်တွန်းတာဟာ ကံကုသိုလ်ကော မရဘူးလား၊ (ရပါတယ်ဘုရား)။ ဒီလိုဖြင့်ရင် ကုသိုလ်ကောင်းမှုတို့မည်သည်မှာ မကောင်းကျိုးပေးမှာလား၊ ကောင်းကျိုးပေးမှာလား၊ ကောင်းကျိုးပေးပါတယ်။

ဒီလိုဖြင့် ဘုန်းကြီးတို့ ယောဂီတွေ ကောင်းကျိုးချမ်းသာကို လူတိုင်း မလိုချင်တဲ့သူ ဘယ်သူမှမရှိဘူး။ အဲဒီတော့ ကောင်းကျိုးချမ်းသာကိုလိုချင်ရင် အိပ်နေရမှာလား။ တကယ် အလုပ်လုပ် ရမှာလား။ (တကယ်အလုပ်လုပ်ရမှာပါဘုရား)။ စီးပွားရေး လုပ်ခိုင်းတာမဟုတ်ဘူးနော်၊ ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို လုပ်နိုင်းတာ။ အဲဒီ ဉာဏ်အလုပ်ကိုလုပ်ရင် ကိစ္စဝိစ္စအကုန်ပြီးတယ်။

အဲဒါကဘုန်းကြီးပါးစပ်ဖျား လမ်းမဆုံးပါနဲ့၊ လက်တွေ့အလုပ်လုပ်ကြစမ်းပါလို့ ယောဂီတို့ကို တိုက်တွန်းပါတယ်။ အဲဒီတော့မှ အားကြီးသော ဝိပဿနာဖြစ်ဖို့၊ ဒိဋ္ဌိဖြုတ်ဖို့အတွက် ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမယ်။ အဲဒီတော့ ၁၀–ရက် လုံးလုံး ဒိပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာတော်ကို ဘုန်းကြီးတို့ သင်ပြရမှာပါ။

ယနေ့မနက်ကတော့ အချိန်မရလို့ ဒီလောက်နဲ့ပဲ နိဂုံးချုပ်လိုက်ပြီး ဆုတောင်းမေတ္တာ ပို့လိုက်ရအောင်။

(သာဓု --- သာဓု --- သာဓု)



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄–ရက် (၂၇.၈.၂၀၀၂) ညနေ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့ --

ဤဓမ္မသဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက်မြောက်ပါလဲ။ (၂–ရက်မြောက်ပါဘုရား)။ ၂–ရက်မြောက်၏ညနေ ပဋိစ္စသမုပ္ပါဒ် သင်တန်းတရားပွဲကြီးပါပဲနော်။ ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားလို့ ဦးစားပေးပြီးပြောရရင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်းလေးထောင်မှာ ဘုန်းကြီးတို့က အခု သီးသန့်အနေနဲ့ ပဋိစ္စသမုပ္ပါဒ် သင်တန်း တရားပွဲကြီးလို့ ကြေညာရတာဟာ မနက်က တရားစဉ်ထားတဲ့ အတိုင်းပေါ့နော်။ (မှန်လှပါ)။

## ကိုယ့်အကြောင်းကိုယ်သိတဲ့တရား

ပဋိစ္စသမုပ္ပါဒ်ဆိုတာဟာ သူများအကြောင်းပြောတာလား၊ ကိုယ့်အကြောင်း ကိုယ် ပြောတာလား။ (ကိုယ့်အကြောင်း ကိုယ်ပြောတာပါဘုရား)။ ပဋိစ္စသမုပ္ပါဒ် ဆိုတာ အမိမြန်မာစကား မဟုတ်ဘူးနော်။ ပါဠိစကားဖြစ်ပါတယ်။ အဲဒီတော့ ဒီစကားက မိမိတို့ဘာသာစလေ့နဲ့ နားလည်ရမယ်ဆိုရင် အကြောင်းတရားကိုမှီ၍ ဖြစ်ပေါ်သောအကျိုးတရားကိုခေါ်ပါတယ်နော်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာကိုခေါ်ပါလိမ့်။ (အကြောင်းတရားကိုမှီ၍ ဖြစ်ပေါ်သောအကျိုးတရားပါဘုရား။) သူများ အကြောင်းလား၊ ကိုယ့်အကြောင်းလား။ (ကိုယ့်အကြောင်းပါဘုရား)။ ကိုယ့်အကြောင်း ဆိုသော်လည်းပဲ ကိုယ့်ခန္ဓာရဲ့ အကြောင်းတရားနဲ့ ကိုယ့်ခန္ဓာရဲ့ အကျိုးတရားပါ။ ဒီလိုဖြင့် ဩော် --





www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိစ္စ ကိုယ်သိတဲ့တရားပေါ့နော်။ ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းက သူများကိစ္စသိဖို့လား၊ ကိုယ့်ကိစ္စ ကိုယ် သိဖို့လား။ (ကိုယ့်ကိစ္စကိုယ် သိဖို့ပါဘုရား)။ ကိုယ့်ကိစ္စကိုယ်သိရင် တစ်လောကလုံး သိပြီး သား ဖြစ်ပါတယ်–ယောဂီတို့။ တစ်လောကလုံးသိပြီးသားဖြစ်တာပဲ။

ဘာကြောင့်လဲလို့ဆိုတော့ လိုရင်းလေး ဖြတ်ပြောရမယ်ဆိုရင် ရာဟုလော ၀ါဒသုတ်မှာ မြတ်စွာဘုရားဟောထားတာရှိတယ်။ အရှင်ရာဟုလာကို "ချစ်သားတဲ့ -- ဓာတ်လေးပါး ခန္ဓာထဲ ကြည့်စမ်းကွ။ မိမိခန္ဓာထဲမှာရှိတဲ့ ဓာတ်လေးပါးကို ရှင်းသွားရင် တစ်လောကလုံးက ထို့အတူပါပဲ" တဲ့။ ဒီလို မိန့်တော်မူတယ်ပေါ့။ ဘုန်းကြီးတို့ ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုတာလည်း သူများအကြောင်း ပြော တာလား၊ ကိုယ့်အကြောင်းကိုယ်ကြည့်ရမှာလား။ (ကိုယ့်အကြောင်း ကိုယ်ကြည့်ရမှာပါဘုရား)။ ကိုယ့်အကြောင်းကိုယ်ကြည့်တော့ ကိုယ့်အကြောင်း ကိုယ်မြင်တယ်၊ ကိုယ့်အကြောင်း ကိုယ် သိ တယ်ပေါ့နော်။ ကိုယ့်အကြောင်းကိုယ်သိရင် တစ်လောကလုံးကို မြင်ပြီးသားဖြစ်ပါတယ် ယောဂီ တို့။ ဒီလိုဖြင့်ရင် ကိုယ့်အကြောင်းကိုယ် ရုပ်နဲ့ပတ်သက်လို့ ကြည့်ရင် ရုပ်မှာ ၂၈–ပါးတွင် ဓာတ် လေးပါးမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒီတော့ မိမိခန္ဓာကိုယ်မှာရှိတဲ့ ဓာတ် ၄–ပါးတွေကို မြင်အောင်ကြည့်လိုက်လို့ မြင်သွားပြီဆိုရင် တစ်လောကလုံးကို ကြည့်ချင်သလိုကြည့် ဒကာ၊ ဒကာမတွေ မျက်စိမှိတ်ကြည့်ကြည့်၊ မျက်စိဖွင့် ကြည့်ကြည့်၊ ကြည့်ချင်သလိုကြည့် မမြင်နိုင်ဘူး လား။ (မြင်နိုင်ပါတယ်)။ တစ်လောကလုံးကို ထိုးဖောက်မြင်နိုင်တာပဲ။

ဒါကြောင့်မို့ အရှင်ကောဏ္ဍညကြီး "အာလောကော ဥဒပါဒိ" ဖြစ်သွားတာ တစ်လောကလုံး ထိုးဖောက်ပြီးတော့ ချက်ချင်းမြင်သွားတာနော်။ အဲဒါ တခြားမြင်လို့လား၊ ခန္ဓာကိုမြင်လို့လား။ (ခန္ဓာကို မြင်လို့ပါဘုရား)။ အဲဒါ ကိုယ့်ခန္ဓာကို မြင်အောင်ကြည့်တဲ့ တရားကို ဘုန်းကြီးတို့ ယနေ့ ကြေညာထားတာက ပဋ္ဌိစ္စသမုပ္ပါဒ်တရားတဲ့။ ဘာတရားပါလဲ။ (ပဋ္ဌိစ္စသမုပ္ပါဒ်တရားပါဘုရား)။ မနက်က တရားစဉ်ခဲ့ပြီနော်။ အဲဒီ ၊ ခန္ဓပဋ္ဌိစ္စသမုပ္ပါဒ်တရားကိုနားလည်ရင် သက္ကာယဒိဋ္ဌိပြုတ် မယ်။ ခန္ဓပဋ္ဌိစ္စသမုပ္ပါဒ်ကို နားလည်ရင် ဘာပြုတ်မယ်။ (သက္ကာယဒိဋ္ဌိ ပြုတ်ပါမယ်ဘုရား)။ သို့ဖြင့်ရင် ဒိဋ္ဌိမပြုတ်ရင် သိပ်ကြောက်စရာ ကောင်းတယ်။ ဘာဖြစ်လို့ ဒိဋ္ဌိမပြုတ်ရင် ကြောက်စရာ ကောင်းသလဲဆိုတာ မနက်ကလည်း ဒီဒေသနာစဉ်လည်း ဘုန်းကြီး ရွတ်ပြသွားတယ်ဟုတ်လား။ သတ္တိယာ ဝိယ ဩမတ္တော ဆိုတာ။ ဒီ ဒိဋ္ဌိမပြုတ်လို့ဆိုရင် မိမိတို့ရင်ထဲမှာ ငရဲမျိုးစေ့ရှိနေတယ်။ ဘာမျိုးစေ့ (ငရဲမျိုးစေ့)။ မျိုးစေ့ဆိုတာ ဒကာ၊ ဒကာမတွေ မြေနဲ့ ရေနဲ့ တွေ့ရင် အပင်ပေါက်မှာပဲ။ ဒိဋ္ဌိက မျိုးစေ့နဲ့တူတယ်။ ငရဲမျိုးစေ့။ အဲဒီမျိုးစေ့ကို အဝိဇ္ဇာဆိုတဲ့ မြေပေါ်မှာ တဏှာရေလေးများ ပက်ဖျန်းလိုက်ရင် ဒိုင်းဆို အပါယ်လေးပါးအပင် ပေါက်မှာပေါ့။ ရှင်းကော ရှင်းရဲ့လား။

ဒီလိုဖြင့်ရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ မျိုးက မျိုးကန်းသွားပြီလို့ဆိုရင် ရေလောင်း ချင်သလောက်လောင်း အပင်ပေါက်ဦးမှာလား။ (မပေါက်ပါဘူး)။ ဘယ်လောက် မြေဩဇာတွေနဲ့ပဲ စိုက်စိုက် အပင်ပေါက်ပါဦးမလား။ (မပေါက်ပါဘူးဘုရား)။ မျိုးကန်းသွားလို့။ အဲဒီမျိုးကန်းသွားရင် အပင်မပေါက်တော့ဘူးဆိုတော့ မျိုးဆိုတာ တစ်ခြားပြောတာလား၊ ဒိဋ္ဌိပြောတာလား။ (ဒိဋ္ဌိပါဘုရား)။ ဒကာ၊ ဒကာမတွေ ရင်ထဲမှာ လူတိုင်း၊ လူတိုင်း ပုထုဇဉ်မှန်သမျှ ဒိဋ္ဌိဆိုတဲ့ ငရဲမျိုးစေ့ရှိတယ်။ အဲဒီငရဲမျိုးစေ့ကို ဘုန်းကြီးတို့ ဒကာ၊ဒကာမတွေ တခြားလုပ်ရမှာလား။ ပယ်ရမှာလား။ (ပယ်ရမှာပါ ဘုရား)။ အဲဒီ ဒိဋ္ဌိကို သတ်ရမှာနော်။



www.burmeseclassic.com

www.burmeseclassic.com



ဒိဋ္ဌိသတ်နိုင်ဖို့အတွက်ကို ဘာကိုနားလည်ရမယ်။ (ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရပါမယ်)။ ပဋိစ္စသမုပ္ပါဒ်နားလည်ရင် သက္ကာယဒိဋ္ဌိကို ပယ်နိုင်သော်လည်းပဲ အသိနဲ့နော်။ သဿတ ဥစ္ဆေဒ ပယ်နိုင်ပါ့မလား။ မပယ်နိုင်ဘူးတဲ့နော်။ ကျေးဖူးရှင် ဆရာတော်ဘုရားကြီး မိန့်တော်မူသွားတာ ဘာကြောင့်လဲဆိုရင် ဒိဋ္ဌိဆိုတာ တခြားမှာကပ်တာလား၊ ခန္ဓာမှာကပ်တာလား။ (ခန္ဓာမှာကပ်တာပါဘုရား)။ ''ဣကား ရုပ် ဣကား နာမ်'' ဆိုတဲ့ ရုပ်နဲ့နာမ်ကိုသိရင် သက္ကာယဒိဋ္ဌိကတော့ ပယ်နိုင်တယ်ထား။ သို့သော် ပဋိစ္စသမုပ္ပါဒ်နဲ့ ကြောင်းကျိုးဆက်ကို နားမလည်လို့ရှိရင် သဿတ ဥစ္ဆေဒ ငြိနေတယ်။ အဲဒီလို သဿတ ဥစ္ဆေဒငြိနေလို့ ဝိပဿနာ အားထုတ်ခဲ့သော် ဘာဝိပဿနာ (အားနည်းသော ဝိပဿနာပါဘုရား)။ ဘုန်းကြီးတို့ မနက်က တရားစဉ်ပြီးပြီနော်။ ဒီတော့ သဿတ ဥစ္ဆေဒကို ဆရာ့ထံမှာ အသိဉာဏ်နဲ့ မဖြုတ်ဘဲနဲ့ အားထုတ်ခဲ့သော် ဘာဝိပဿနာ (အားနည်းသော ဝိပဿနာ)။

အားနည်းသောဝိပဿနာသည် ကုသိုလ်တော့ ရတယ်။ နိဗ္ဗာန်တော့ (မရနိုင်ဘူး)။ ဒီတော့ အခု ယောဂီတို့က အချိန်တိုတိုလေးနဲ့ အိုးပစ်၊ အိမ်ပစ် အဆင်းရဲ အပင်ပန်းခံလာတာ ဘာကို လိုချင်ကြလို့လဲ။ (နိဗ္ဗာန်ကို လိုချင်လို့ပါဘုရား)။

သို့ဖြင့် နိဗ္ဗာန်ကို သေမှမြင်ရမှာလား။ ယခုမြင်ရမှာလား။ (ယခု မြင်ရမှာပါဘုရား)။ အင်မတန် မှ လက်တွေ့ကျတဲ့ သိပ္ပံနည်းကျတဲ့၊ ဗုဒ္ဓတရားတော် ဖြစ်ပါတယ်။ အဲဒီလို လက်တွေ့မြင်နိုင်တဲ့ အတွက် အခြေခံနားလည်ရမှာ ဘာကို နားလည်ရမှာလဲ။ (ပဋိစ္စသမုပ္ပါဒ်ကိုပါဘုရား)။ ရှင်းပြီနော်။ ပဋိစ္စသမုပ္ပါဒ်ကို မသိလို့ရှိရင် မဖြစ်ဖူးပေါ့။ ဒါကြောင့် ကျေးဇူးရှင်ဆရာတော်ကြီးလဲ မကြာမကြာ မိန့်တော်မူခဲ့တယ်။ ပဋိစ္စသမုပ္ပါဒ်ကို နားမလည်ရင် လူကို မဖြစ်သေးဘူးဟေ့တဲ့ ဆိုတော့ ဟာ-ကြီးကျယ်လှချည်လား အောက်မေ့တယ်။ တကယ်တော့ ဒီ စကားလုံးက နည်းနည်းမှမပိုဘူးနော်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာကလည်း သင်တဲ့ဆရာကလည်း စိတ်ရှည်လက်ရှည် သင်ရသလို လေ့လာတဲ့ ယောဂီများကလည်း စိတ်ရှည်ဖို့တော့ အရေးမကြီးဘူးလား။ (အရေးကြီးပါတယ်ဘုရား)။ တစ်ခဏ ချင်းနဲ့တော့ အကုန်လုံး မဖြစ်နိုင်ဘူးနော်။ ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရား ကိုယ်တော်မြတ် ကြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးမှ သိတဲ့ဉာဏ်ကိုး။ ဒီလိုဖြင့် သာဝကကြီးတွေ လည်း တစ်သင်္ချေကမ္ဘာတစ်သိန်း ပါရမီဖြည့်မှသိရတဲ့တရား ဆိုတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမ တွေ ၁၀-ရက်လောက်နဲ့ လွယ်လွယ်ကူကူ သိရတယ်ဆိုတော့ အင်မတန်ကို ဘုန်းကံထူးနေတာ။ အဲဒီတော့ နည်းနည်းတော့ စိတ်ရှည်ဖို့အရေးကြီးတယ်ပေါ့နော်။

ကဲ -- ဒီတော့ ကောင်းပြီ။ အဲဒီလို လွယ်လွယ်ကူကူ နားလည်နိုင်အောင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီးက အများနားလည်တဲ့ စကားနဲ့ လွယ်လွယ်ကူကူ သိနိုင်အောင် ဟောဒီစက်ဝိုင်းဒေသနာကြီးကို စီစဉ်ခဲ့တယ်ပေါ့နော်။ ဆရာတွေ ဆရာစဉ်ဆက် သယ်ဆောင်လာခဲ့တဲ့ ဒေသနာစဉ်ကို ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဒီစက်ဝိုင်း ဒေသနာကြီးနဲ့ ဒကာ၊ ဒကာမတွေကို မဆောင်ရွက်ခဲ့ဘူးလား။ (ဆောင်ရွက်ခဲ့ပါတယ်)။ အဲဒီတော့ ယောဂီတို့ ရှေ့မှောက်မှာ ယခုရှိနေတဲ့စက်ဝိုင်း ဒေသနာတော်ကြီးသည် ကိုယ့်ခန္ဓာ အကြောင်းတွေကိုပြ နေတာ။ ဒီလိုဖြင့်ရင် ကိုယ့်ခန္ဓာအကြောင်းကိုသိဖို့အတွက်ကို ဘုန်းကြီးတို့က ဒီ စက်ဝိုင်းဒေသနာ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးကို လေ့လာရမယ်၊ သင်ကြားရမယ်ပေါ့။ အဲဒီလို သင်ကြားနိုင်ဖို့အတွက်ကို ဒီမှာ ပဋိစ္စသမုပ္ပါဒ်ရဲ့အင်္ဂါတွေ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။

## ကိုယ်မသိတာတွေ

ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို အားလုံး ယောဂီတို့ စက်ဝိုင်းကိုကြည့်ကြပါ။ သင်တန်းစပါတော့မယ်နော်။ အဲဒီတော့ အပေါ်ပိုဒ်ကိုတော့ အသာထားလိုက်ဦး။ အပေါ်ပိုဒ်ကို နောက်မှရှင်းမယ်။ အောက်အပိုဒ်ကလေးကို အရင်သွားမယ်နော်။ အောက်အပိုဒ်မှာ အားလုံးသော ယောဂီများဆီမှာလည်း စာရွက်ကလေးတွေ ကိုယ်စီကိုယ်ငှ ရှိပါတယ်။ ကဲ--အဲဒီတော့ မူလနှစ်ဖြာကို ညီတူညာတူ ဆိုလိုက်မယ်။

**မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာ နှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။**

ဒါက ဒီစက်ဝိုင်းဒေသနာတော်ကို သင်ဖို့အတွက် လင်္ကာနော်။ အဲဒီလင်္ကာလေးကို ထောက်ထောက်ပြီး ဒီစက်ဝိုင်းကိုထောက်လိုက်ရင် ကိုယ့်ခန္ဓာ အကြောင်းပေါ်လာတာပေါ့။ ကိုယ့် အကြောင်းတွေ ကိုယ်သိလာဟာပေါ့။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ တစ်သက်လုံး တစ်သံသရာလုံးက ကိုယ့်အကြောင်း ကိုယ့်ရိပ်ကို မရိပ်မိကြလို့။ ရှင်းကောရှင်းရဲ့လား။ ကိုယ့်အကြောင်းကိုယ် သိဖို့ မပြောနဲ့။ ရိပ်ကို မရိပ်မိကြလို့ တစ်သံသရာလုံးမှာ အပါယ်နဲ့ နေခဲ့ကြရတာပဲပေါ့။

စတ္တာရော အပါယာ သကဂေဟာသဒိသာ ဆိုတာ ဒီသစ္စာတရားတွေ (ဝါ) ဒီ ပဋိစ္စသမုပ္ပါဒ်တရားတွေကိုမသိတဲ့ ပုဂ္ဂိုလ်များ၏ နေမြဲအိမ်သည် အပါယ်လေးပါးကိုး။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အခု လူ့ဘဝရောက်လာတာ အင်မတန် ကံကောင်းလို့နော်။ အခုအချိန်ခါမှာ ဒီလို တရားတွေ မသိဘဲနဲ့ ပြန်ပြီးတော့ ဒီဘဝမှာ သေခြင်းနဲ့ ရင်ဆိုင်သွားကြမယ်ဆိုရင် တခြား ပြန်သွားမှာလား။ အပါယ်ပြန်သွားမှာလား။ (အပါယ်ပြန်သွားမှာပါဘုရား)။ အဲဒီတော့ အားလုံးသော ဆွေတော်မျိုးတော်များကို အထူးသတိပေးချင်တာက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံက မိမိတို့ရဲ့ အမြဲတမ်းနေတဲ့အိမ်ကြီး။ အခု လူ့ဘဝရောက်တဲ့အိမ်က ခဏလေး နေတာ။ တစ်သက်လုံးတောင် နေရချင်မှ နေရမှာ။ ရှင်းကော ရှင်းရဲ့လား။

အခု လက်ရှိနေတဲ့ အိမ်ကကော ဟော -- ဒီအိမ်မကြိုက်လို့ ဒီထက်ကောင်းတဲ့ အိမ်လေး တစ်လုံး ဆောက်မယ်ဆိုရင် ဟော--ဒီအိမ်ထားပြီး၊ ဟော နောက်အိမ်သွားနေကော။ တစ်သက်လုံး မနေရတော့ဘူးဆိုတဲ့ အဓိပ္ပါယ်နော်။ အခု လူ့ဘဝကို ရောက်လာတဲ့အိမ်က ခေတ္တယာယီနေတာ။ အဲတော့ ခေတ္တယာယီနေတဲ့အိမ်ကြီးကို ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ စွဲနေလို့တော့ မဖြစ်ဖူးနော်။ အမလေး--လေး၊ အဲဒီအိမ်ကြီးများ စွဲသေရင် ကျွတ်ပါ့မလား။ (မကျွတ်ပါဘူးဘုရား)။ ဒီလိုဖြင့်ရင် အိမ်ဆောက်မိတာတောင် ခက်ပြီ။ ဘုန်းကြီးပြောပုံဆိုရင်တော့။ ဒါပေမယ့် မခက်ပါနဲ့ မခက်ပါနဲ့။ အနာနဲ့ဆေး ကိုက်အောင်ပေး၊ ပျောက်ရေးမခက်ပါ ဆိုသလို၊ အနာရှိရင်တော့ ဆေးရှိတာပေါ့။ ပဋိစ္စသမုပ္ပါဒ် နားလည်ရမှာလား။ (ပဋိစ္စသမုပ္ပါဒ် နားလည်ရမှာပါဘုရား)။ ပဋိစ္စသမုပ္ပါဒ် နားလည်ရင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုသုံးစွဲနေရင်းနဲ့ကို နိဗ္ဗာန်ကို မြင်နိုင်ပါတယ်။ ဘယ်လောက်ဝမ်းသာစရာကောင်းလဲနော်။ အဲဒီတော့ အဲဒါ တခြားသိလို့လား။ ကိုယ့်အကြောင်းကိုယ်သိလို့လား။ (ကိုယ့်အကြောင်းကိုယ် သိလို့ပါဘုရား)။ မူလနှစ်ဖြာဆိုတာ ယောဂီသစ်များ ဦးစားပေးရှင်းမယ်နော်။ ဟောဒီ အလယ် ခေါင်က (အဝိဇ္ဇာနဲ့ တဏှာပါဘုရား။) အားလုံးဖြေပါ ယောဂီတို့။ ဒီသင်တန်းဆိုတာက နားထောင် ကောင်းအောင် ဟောလို့မရဘူး။ အားလုံး မှတ်မိသွားအောင်ပေါ့။ ရင်ထဲမှာ အသည်းထဲမှာ စွဲ သွားအောင်ပေါ့။

မူလနှစ်ဖြာ ဆိုတာဘာပါလိမ့်။ **(အဝိဇ္ဇာနဲ့ တဏှာပါဘုရား)**။ ဟောဒီ အလယ်ခေါင်က အဝိဇ္ဇာနဲ့ တဏှာနော် -- ဟုတ်လား။

**သစ္စာနှစ်ခုက (သမုဒယသစ္စာ၊ ဒုက္ခသစ္စာ)**။ အသစ်တွေမို့လို့ ဘုန်းကြီး ကျေးဇူးပြုနေတာနော်။ ယောဂီဟောင်းတွေဆို ထောက်မနေဘူး။ ဘုန်းကြီး တန်းဟောလိုက်တာပဲ။

ခုနပြောတဲ့ မူလနှစ်ဖြာဆိုတာ အဝိဇ္ဇာနဲ့ တဏှာဆိုတာက၊ ခုမှ ဒီစကားလုံးကြီးတွေ ရေးထားတာ မြင်ရတယ်။ အဲဒါက သူများအကြောင်း ပြောနေတာလား၊ ကိုယ့်အကြောင်းကိုယ် ပြောနေတာလား။ (ကိုယ့်အကြောင်းကိုယ် ပြောနေတာပါဘုရား)။ အဝိဇ္ဇာနဲ့ တဏှာဆိုတာ လက်စ သတ်တော့ ကိုယ့်အကြောင်း ကိုယ်ပြောနေတာကိုး။ သို့သော် ကိုယ့်အကြောင်းကိုယ်ပြောနေတာကို မသိတာ၊ မသိတာ။ အခုတော့ ယောဂီတို့ သိခွင့်ရပြီနော်။ သစ္စာနှစ်ခုက ဘာနဲ့ဘာနဲ့လဲ။ (သမုဒယသစ္စာ၊ ဒုက္ခသစ္စာပါဘုရား)။

နောက်တစ်ခုက လေးခုအလ္လာဆိုသည်မှာ ကဲဆို -

**အတိတ်အကြောင်း တစ်လ္လာ၊**

**ပစ္စုပ္ပန်အကျိုး တစ်လ္လာ၊**

**ပစ္စုပ္ပန်အကြောင်း တစ်လ္လာ၊**

**အနာဂတ်အကျိုးတစ်လ္လာ။**

နောက် အင်္ဂါတစ်ဆယ့်နှစ်ပါးတဲ့။ ကဲ အင်္ဂါတစ်ဆယ့်နှစ်ပါးကို ထောက်ပေးမယ်။ အားလုံး ပြောကြ။

**အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာ၊ မရဏပါဘုရား)။** အင်္ဂါတစ်ဆယ့်နှစ်ပါး။

နှစ်ရပ်မူလ အသာထားလိုက်။

ဝဋ်သုံးဝနှင့်ဆိုတော့ ဒီမှာဆို၊

**ကိလေသဝဋ်၊**

**ကမ္မဝဋ်၊**

**ဝိပါကဝဋ်။**

ဒီတော့မှ ကိလေသဝဋ် ဘယ်နှစ်ပါးလဲဆိုတော့မှ ဘယ်လိုပြောမလဲ။ (၃-ပါးပါ ဘုရား)။

ကမ္မဝဋ်က ဘယ်နှစ်ပါးလဲဆိုရင် (၂-ပါး ပါဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



ဝိပါကဝဋ်က ဘယ်နှစ်ပါးလဲဆိုရင် (၈-ပါးပါဘုရား)။ ဟိုမှာ ၈-ပါးနော်။ ဟိုးထိပ်ဆုံးမှာ ရေးထားတယ်။ ရှစ်ပါး။

ကိလေသဝဋ်သုံးပါးကို ပြောပါဆိုတော့ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ပါ ဘုရား)။ ဒီမှာနော် ယောဂီတို့ ဒီမှာ မြားဆွဲထားတယ်နော်။ ကိလေသဝဋ် ၃-ပါးမှာ ဒီမြားကဒီလိုဆင်းတယ်။ ဒီမြားက ဒီလိုဆင်းလာတယ်နော်။ **အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ဒီသုံးခုကို ဘာဝဋ်လို့ခေါ်လဲ။ (ကိလေသဝဋ်ပါဘုရား)။** သို့ဖြင့် ကိလေသဝဋ်က ဘယ်နှစ်ပါး (သုံးပါးပါဘုရား)။ အဲဒီသုံးပါးက ဘယ်သူတွေပါလိမ့် (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ပါဘုရား)။

ဟော ဒီဘက်ကြည့်လိုက်တော့ **ကမ္မဝဋ်က ဘယ်နှစ်ပါး (နှစ်ပါးပါဘုရား)။ နှစ်ပါးက ဘယ်သူနဲ့ဘယ်သူ (သင်္ခါရနဲ့ ကမ္မဘဝပါဘုရား)။** ဒီမှာ မြားပြထား တယ်နော်။ သင်္ခါရ ဒီမြား ဒီကိုသွား။ ကမ္မဘဝ။ သို့ဖြင့် ကမ္မဝဋ်က ဘယ်နှစ်ပါး (နှစ်ပါးပါဘုရား)။ ဘယ်သူနဲ့ဘယ်သူ (သင်္ခါရနဲ့ ကမ္မဘဝ)။

ဟိုးဘက် ထိပ်မှာ ခုနကပြောပြီးပြီ။ ဝိပါကဝဋ်က ဘယ်နှစ်ပါး (ရှစ်ပါးပါ ဘုရား)။ ရှစ်ပါး ကတော့ ဒီမှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အပေါ်က ခန္ဓာ ၅-ပါးနော်၊ ဇာတိ ဥပပတ္တိဘဝ ဇရာမရဏ ၃-ပါး။ အဲဒီတော့ ဝိပါကဝဋ် ဘယ်နှစ်ပါး (ရှစ်ပါးပါဘုရား)။ ကဲ -- ဆိုပါ။ ဝိပါကဝဋ် ရှစ်ပါးက ဘယ်သူတွေလဲ။ (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဥပပတ္တိဘဝ ဇရာမရဏပါ ဘုရား)။ ဒါ -- ဝဋ်သုံးဝနဲ့ဆို ဒီလိုပဲ ပြောလိုက်မယ်။

ကာလသုံးဖြာ ဆိုတာက ဒီမှာကြည့်-

**လွန်လေပြီးသောအတိတ်ကာလ၊**

**ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊**

**နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။**

ခြင်းရာနှစ်ဆယ် ကျတော့ နံပါတ် ထည့်ပြောတာက ပြည့်စုံတယ်နော် ယောဂီတို့ ဆရာတော် ဘုရားကြီးဟောသွားတဲ့အထဲမှာ နံပါတ်ကလေးတွေ ထိုးခိုင်းထားတယ်၊ ဟုတ်လား။

**နံပါတ် (၁) အတိတ်အကြောင်း အခြင်းအရာ ၅-ပါး၊**

**နံပါတ် (၂) ပစ္စုပ္ပန်အကျိုးအခြင်းအရာ ၅-ပါး၊**

**နံပါတ် (၃) ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ၅-ပါး၊**

**နံပါတ် (၄) အနာဂတ် အကျိုးအခြင်းအရာ ၅-ပါး။**

ခြင်းရာ နှစ်ဆယ်ကိုပြောပါ။ နံပါတ်(၁) အတိတ်အကြောင်းအခြင်းအရာ ၅-ပါး၊ နံပါတ် (၂) ပစ္စုပ္ပန်အကျိုးအခြင်းအရာ ၅-ပါး၊ နံပါတ် (၃) ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ၅-ပါး၊ နံပါတ်(၄) အနာဂတ်အကျိုးအခြင်းအရာ ၅-ပါး ပါဘုရား)။

နံပါတ် (၁) အတိတ်အကြောင်းအခြင်းအရာ ၅-ပါးက ဘာတွေလဲ။ ဒီမှာ ထောက်ပေးမယ်။ ကဲ-ပြော။ **(အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝပါဘုရား)။**

နံပါတ် (၂) ပစ္စုပ္ပန် အကျိုးအခြင်းအရာ ၅-ပါးက **(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဘုရား)။**



www.burmeseclassic.com

www.burmeseclassic.com



နံပါတ် (၃) ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ၅–ပါးက (တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရပါဘုရား)။

နံပါတ် (၄) အနာဂတ်အကျိုးအခြင်းအရာ ၅–ပါးက (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဘုရား)။

နောက်ပြီးတော့မှ ပြောရမှာက ငါးလေးလီ နှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွယ်ကျက်မှတ် သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။ ဒီလို ပြောမယ်နော်။ ကဲ –– ဆို။

ငါးလေးလီ နှစ်ဆယ် ဤရှစ်သွယ်ကို အလွယ်ကျက်မှတ် သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အဲဒါ –– ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းရဲ့သင်တန်းနော်။ စက်ဝိုင်းစဉ်ကို ဒီလို သင်လိုက်တဲ့အခါ ကျတော့ ဒီစက်ဝိုင်းကြီးကို ဒီလိုထောက်တတ်သွားပြီ။ နို့မို့ဆိုရင် အဲဒီစက်ဝိုင်းကြီးကို မြင်တာနဲ့ စိတ်ညစ်သွားရော။ ဘယ်ကစရမှန်းမသိဘူး။ ဒီလို လက်တွေ့မထောက်ပြရင် ဒီစက်ဝိုင်းကမသိဘူး။ အချို့တော်တော်များများ စာပေလိုက်စားတဲ့သူတွေ အဲဒီ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြည့်ပြီး အဲဒီစာအုပ်ကိုင်ကိုမကိုင်တော့ဘူး။ လယ်တီဆရာတော်ဘုရားကြီးတို့ ရေးတဲ့ ပဋိစ္စသမုပ္ပါဒ်တွေ ဟိုအရင်ကတည်းက ပေါ်နေတာ။ ဖတ်ရင်း ဖတ်ရင်း အိပ်ရတဲ့ ဘဝရောက်ရော။ နားကိုမလည်ဘူး။ ဒီလောက်ကျယ်ဝန်းတာနော်။

အခုလဲပဲကြည့် စက်ဝိုင်းကြီးကို ခုလိုသာ လက်ထပ်ထောက်မသင်ရင် ဒကာ၊ ဒကာမတွေ နားလည်ပါ့မလား။ (နားမလည်ပါဘူးဘုရား)။ အခု ထောက်သွားတဲ့ ဒေသနာစဉ်တွေက သူများအကြောင်း တစ်ခုမှမပါဘူး။ ကိုယ့်အကြောင်းကိုယ် ပြောနေတာ၊ ရှင်းပြီနော်။ ကိုယ်သာ မလေ့လာလို့သာ မသိတာ ဒကာ၊ ဒကာမတွေ။ ဟော လောကကြီးမှာ ကိုယ်သိရမယ့်တရားတွေ အများကြီးရှိပါလားလို့ တဖြည်းဖြည်းပေါ်လာပြီ။ ရှင်းကောရှင်းရဲ့လား၊ (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ ကိုယ်သိနေတဲ့ အရာလေးက နည်းနည်းလေးပဲ။ လောကမှာ ကိုယ်မသိတာတွေ အများကြီး မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။ အများကြီးရှိတယ်။ ဆရာတော် ဦးဗုဓ်ဟာ ကျမ်းပေါင်း ၁၀၀–လောက်ပြုသွားတာ၊ အင်း –– ငါစာမတတ် သေးပါလားလို့ ညည်းရှာတော်မူတယ်တဲ့–– နော်။ နက်နဲအားကြီးလို့၊ နက်နဲအားကြီးလို့နော်။ ခုနက အလွယ်ကျက်မှတ် သိစေအပ်သည့် သံသရာမှ လွတ်ကြောင်းတည်း။ ဆိုစမ်းပါ (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း)။ ဒါလေးရှင်းပေးဦးမယ်။ ယောဂီဟောင်းတွေ နည်းနည်းသည်းခံပါ။

## သာသနာပြုဟူသည်

အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို အခြေခံ စပြီးရှင်းတာပဲ –– ဟုတ်လား။ အဲဒီတော့ အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှလွတ်ကြောင်းတည်း ဆိုတာ သာသနာကိုပြောပါတယ် ယောဂီတို့။ ဘာကိုပြောတာလဲ။ (သာသနာကိုပြောတာပါ ဘုရား)။ ဒီတော့ သာသနာဆိုတဲ့စကားဟာ အဆုံးအမကိုခေါ်ပါတယ်။ သာသနာဆိုတာ ဘာကိုခေါ်ပါလိမ့်၊ (အဆုံးအမပါဘုရား)။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



အဆုံးအမကို သာသနာလို့ခေါ်ပါတယ်။ **မြတ်စွာဘုရားရှင်ရဲ့အဆုံးအမတွေကို လူတွေရဲ့ စိတ် သန္တာန်မှာ နှလုံးသားမှာတည့်အောင်ပြုတာကို သာသနာပြုတယ်လို့ ခေါ်ပါတယ်။**

ဒီ သာသနာပြု ဆိုတဲ့ခေါင်းစဉ်အောက်မှာ အဝတ်ညိုညို မုတ်ဆိတ်ဗရပျစ်နဲ့ သူကလည်း သာသနာပြု၊ အဝတ်ဖြူဝတ်သူကလည်း သာသနာပြု၊ ခေါင်းပေါင်းတကျားကျားနဲ့သူကလည်း သာသနာပြု၊ ချဲဂဏန်းပေးသူကလည်း သာသနာပြု၊ အို -- သာသနာပြုတွေ ဖောင်းပွနေ လိုက်တာ။ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဆုံးမတဲ့ သာသနာတော်က သုံးမျိုးပဲရှိပါတယ်။ ဘယ်နှစ်မျိုးရှိ၊ (၃-မျိုး ပါဘုရား)။ ထေရဝါဒဗုဒ္ဓသာသနာတွင် ဗုဒ္ဓဘာသာတွေ ယုံကြည်ကိုးစား တဲ့ ဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောတဲ့ ဆုံးမတဲ့ ဘုရားအဆုံးအမတွေကို သာသနာလို့ ခေါ်တယ်လို့ မှတ်ပါနော်။ မြတ်စွာဘုရားရဲ့ အဆုံးအမကို ဘာခေါ်ပါလိမ့်၊ (သာသနာလို့ ခေါ်ပါ တယ်ဘုရား)။ ဒီလိုဖြင့်ရင် ယောဂီတို့ ဒီနေ့ သာသနာပြု သာသနာပြု ဆိုတဲ့စကားလုံးဟာ တစ်ကမ္ဘာလုံးသုံး နေတာ။ မသုံးဖူးလား၊ (သုံးပါတယ်ဘုရား)။ ဗုဒ္ဓဘာသာကလည်း သာသနာမပြု ဘူးလား၊ (ပြုပါတယ်ဘုရား)။ ခရစ်ယာန်ကလည်း မပြုဘူးလား၊ (ပြုပါတယ်ဘုရား)။ အစ္စလာမ် လည်း မပြုဘူးလား၊ (ပြုပါတယ်ဘုရား)။ သူ့ဟာနဲ့သူ အကုန်သာသနာပြုနေကြတာ။

ဒီတော့ သာသနာပြုစကားလုံးကို လူတိုင်း၊ လူတိုင်းသုံးနေတာပဲ။ သုံးပြီနော်။ သုံးခွင့်ရှိ ပါတယ်။ သူ့ဘာသာနဲ့သူ ယုံကြည်ရာမှာ သုံးခွင့်ရှိတယ်နော်။ သို့သော် ယနေ့သုံးခွင့်ရှိသော်လည်း ပဲ စကားလုံးသာတူပေမယ့်လည်း သဘောသွားချင်း မတူဘူးနော်။ ယနေ့ယောဂီတို့ အခုပြော နေတဲ့သာသနာက ဘာ သာသနာပါလိမ့်၊ (ထေရဝါဒဗုဒ္ဓသာသနာပါဘုရား)။ သာသနာဆိုတာ တခြားလား၊ အဆုံးအမလား။ (အဆုံးအမပါဘုရား)။ ယနေ့ ဘုန်းကြီးတို့ ယောဂီတို့ ပြောနေတဲ့ သာသနာက တခြားပုဂ္ဂိုလ်ရဲ့ အဆုံးအမမဟုတ်ဘူးနော်။ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရဲ့ အဆုံးအမပါ။ ဘယ်သူ့အဆုံးအမလဲ၊ (သမ္မာသမ္ဗုဒ္ဓရဲ့အဆုံးအမပါဘုရား)။ ခွဲပြောနေတာ၊ ရောသွားမှာစိုးလို့နော်။

တခြား တခြား တိုင်းပြည်တွေကနေပြီးတော့ တကယ့် ဒီ စစ်မှန်တဲ့တရားကို မြန်မာပြည် ကိုလာပြီးတော့ သာသနာပြုလို့ရရဲ့လား၊ မရဘူး၊ မြန်မာနိုင်ငံကမှသာလျှင် တစ်ကမ္ဘာလုံးကို သာသနာပြုပေးနေတာ။ အစစ်မှန်ဆုံးတရားကိုပြုတာ။ ဘာကိုပြုတာလဲ၊ (အစစ်မှန်ဆုံး တရားကို ပါဘုရား)။ ဘယ်တရားပြုနေတယ်ဆိုတာ တဖြည်းဖြည်း ပဋိစ္စသမုပ္ပါဒ် သင်တန်းကိုသင်ရင်းနဲ့ ပေါ်လာပါလိမ့်မယ်။ အဲဒါထားလိုက်။ သူ့အခန်းကဏ္ဍကျတော့ သူပေါ်လာလိမ့်မယ်။

အဲတော့ သာသနာဆိုတာသည် ခုနပြောတာ ဘာပါလိမ့်။ (အဆုံးအမ)။ ဘယ်သူ့အဆုံးအမ လဲ ဆိုတော့ မြတ်စွာဘုရားရဲ့ အဆုံးအမ။ ဘုရားအဆုံးအမလို့ အကြမ်းဖျင်းပြော။ ဒီတော့မှ ဘယ်ဘုရားအဆုံးအမလဲ ဆိုတော့မှ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရဲ့အဆုံးအမ။ ဘယ်ဘုရား အဆုံး အမ (သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရဲ့ အဆုံးအမပါဘုရား)။ ဒီလိုဖြင့်ရင် ဘုရားဆိုတဲ့စကားလုံးက တော့ တခြားသူတွေလည်း သုံးကြတာပေါ့။ သူ့ဘုရားနဲ့သူ မရှိဖူးလား။ (ရှိပါတယ်ဘုရား)။ နတ် ကိုးကွယ်တဲ့သူလည်း နတ်ဘုရားရှိတာပဲ။ နတ်ဘုရားရဲ့ အဆုံးအမကို နာခံတဲ့သူတွေကလည်း သူ့သာသနာပဲပေါ့။ ရှင်းပြီနော်။ ဘုန်းကြီးတို့ ဒါတွေ အကျယ်တဝင့်ပြောရင် အများကြီးပဲ။ ထား လိုက်တော့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ သူ့ဘုရားရဲ့ အဆုံးအမကိုနာခံတယ် ဆိုတော့ သူကိုးကွယ်ရာ အဆုံးအမကို နာခံတာ ဘာပါလိမ့်။ (သာသနာ)။ အခု ယောဂီတို့ ယနေ့အခု ပြောနေတဲ့သာသနာက ဗုဒ္ဓရဲ့ အဆုံးအမ။ ဘယ်သူ့ အဆုံးအမ (ဗုဒ္ဓရဲ့အဆုံးအမ)။ ဒီလိုဖြင့် ဗုဒ္ဓဆိုတာက ပုဂ္ဂိုလ်တိုင်း ဒီအမည် ခံလို့မရဘူး။ ဒီအမည်ခံလို့ ရရဲ့လား။ (မရပါဘူးဘုရား)။ **စတုသစ္စဓမ္မေ ဗုဒ္ဓျတီတိ ဗုဒ္ဓေါ်– သစ္စာ ၄–ပါးကို သိတဲ့သူမှဗုဒ္ဓ**။ ကမ္ဘာပေါ်မှာရှိသမျှဘုရားတွေ ဗုဒ္ဓလို့ အမည်ခံလို့ရရဲ့လား။ (မရပါဘူးဘုရား)။ သိပ်လေးနက်တဲ့စကားလုံးနော်။

ဩော်––ဟောဒီသိဒ္ဓတ္ထမင်းသားဆိုတဲ့ ရှင်ဘုရင်ကနေဖြစ်လာတဲ့ ဂေါတမမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး တစ်ဆူသာလျှင် ဟောဒီကမ္ဘာမှာ ဗုဒ္ဓလို့ အမည်ခံတယ်နော်။ ဒီဘဒ္ဒကမ္ဘာမှာ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဆိုပြီး ဘုရားရှင်လေးဆူပွင့်တော်မူတယ်။ ဒီ ၄–ဆူ သော ဘုရားရှင်တို့သည်သာ ဗုဒ္ဓအမည်ခံလို့ရပါတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေ ကျန်တဲ့ဘုရားတွေ ''ဗုဒ္ဓ''လို့ အမည်ခံလို့ရရဲ့လား။ မရဘူး။ သိပ်လေးနက်ပါတယ်။

ဘာဖြစ်လို့ ဗုဒ္ဓလို့အမည်ခံလို့ မရတာလဲဆိုတော့ လောကမှာ တကယ့်စစ်မှန်တဲ့သစ္စာ ဆိုတာ လေးပါးပဲရှိတယ်။ ဘယ်နှစ်ပါးလဲ၊ (လေးပါးပါဘုရား)။ အဲဒီ သစ္စာလေးပါးကို အဲဒီဘုရား တွေ မသိဘူး။ မမြင်ဘူး၊ နားမလည်ဘူး၊ ကိုယ်မှ မသိမမြင် နားမလည်ရင် ပြန်ပြီးတော့ ဟောလို့ ရပါ့မလား၊ (မရပါဘူး)။ ဒီသာသနာပြန်ပြုပေးလို့ရပါ့မလား။ (မရပါဘူးဘုရား)။ ကိုယ်မှနားမလည်တာ ဘယ်လိုနည်းနဲ့မှ ပြုလို့မရဘူး။

အဲတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက အဲဒီစစ်မှန်တဲ့တရားတွေကို အသက်နဲ့လဲ ပြီးတော့ ကြိုးစားပြီးလို့ အားထုတ်လို့ သူကိုယ်တိုင် သစ္စာတရားကို မမြင်ဘူးလား။ (မြင်ပါတယ် ဘုရား)။ သူကိုယ်တိုင် သစ္စာတရားကိုမြင်ပြီးတဲ့အခါကျတော့မှ သတ္တဝါဝေနေယျတို့ကို ဒီအတိုင်း လုပ်ဟော့လို့ အာမခံနဲ့ဟောတာ ဒကာ၊ ဒကာမတွေ ယောင်ဝါးဝါး ဟောတာလား၊ အာမခံနဲ့ ဟောတာလား။ (အာမခံနဲ့ ဟောတာပါဘုရား)။ ငါ ဟောလို့ကျင့်လာလို့ ဟောဒီလို အရသာကို ငါခံစားရတယ်။ ဒီဝဋ်ကို ငါကျွတ်တယ်။ အဲဒီတော့ ချစ်သား၊ ချစ်သမီးတို့ ငါကျင့်တဲ့ ကျင့်စဉ် အတိုင်း ဒီလိုကျင့်စမ်းကွာလို့ တိုက်ရိုက်မဟောဘူးလား။ (ဟောပါတယ် ဘုရား)။ အဲဒါ အဆုံးအမ နော်။ (မှန်လှပါဘုရား)။

အဲဒီတော့ ဗုဒ္ဓဆိုတာ ဘုရားဆိုသူတိုင်း အမည်ခံလို့မရဘူး။ ကမ္ဘာပေါ်မှာ ဗုဒ္ဓလို့ အမည်ခံ ထိုက်တာ ခု အားလုံးသော ဘုန်းကြီးတို့၊ ယောဂီတို့ ကိုးကွယ်နေတဲ့ မြတ်စွာဘုရားသာလျှင် ဗုဒ္ဓလို့ အမည်ခံထိုက်တယ်။ အဲဒီတော့ ယနေ့ သာသနာသည် ဘယ်သူ့သာသနာလဲဆိုရင် ဗုဒ္ဓသာသနာ၊ မြတ်စွာဘုရားရဲ့ အဆုံးအမပေါ့။ ဒီတော့မြတ်စွာဘုရားဆုံးမတာ ဘယ်နှစ်မျိုးဆုံးမ သလဲ။ (၃–မျိုးပါဘုရား)။ သုံးမျိုးက အားလုံးနားလည်တဲ့စကားနဲ့ပြောရင်–

ပရိယတ္တိ သာသနာ၊

ပဋိပတ္တိ သာသနာ၊

ပဋိဝေဓသာသနာ။

ပရိယတ္တိသာသနာဆိုတာ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်ကို သင်အံပို့ချနေတာကို



www.burmeseclassic.com

www.burmeseclassic.com



ပရိယတ္တိသာသနာလို့ခေါ်ပါတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီဆယ်ပါး အပြားသုံးဆယ်ကိုဖြည့်လို့ ဘုရားဖြစ်သွားတော့ ၄၅–ဝါကာလပတ်လုံး သတ္တဝါဝေနေယျတွေကို အင်မတန် အဆင်းရဲခံအပင်ပန်းခံပြီးတော့ တရားတွေဟောပြီးတော့ မကယ် ခဲ့ဘူးလား။ (ကယ်ခဲ့ပါတယ်ဘုရား)။ ကယ်ခဲ့ပါတယ်နော်။ နိကာယ်ငါးရပ်၊ ပိဋကတ် သုံးသွယ် ပေါ့နော်။

ဘုရားလည်း ပရိနိဗ္ဗာန်စံသွားရော သူဟောခဲ့တဲ့တရားတွေကို ရှင်အာနန္ဒာအစရှိတဲ့ သံဃာ တော်အရှင်မြတ်တွေက နှုတ်ငုံဆောင်ထားတာ။ ဘာလုပ်ထားတာလဲ (နှုတ်ငုံဆောင်ထားတာပါ ဘုရား)။ နှုတ်ငုံဆောင်ထားတာ အခုလို စာအုပ်မရှိဘူး။ အကုန်နှုတ်ငုံဆောင်ထားတဲ့ အဲဒီတရားတွေ ကို ပထမဦးဆုံး ရှင်မဟာကဿပကိုယ်တော်မြတ်ကြီး အကြီးအမှူးပြုပြီးတော့ သင်္ဂါယနာတင် ရတယ်လေ။ သင်္ဂါယနာတင်တော့မှ ရှင်အာနန္ဒာက ဒါတွေမြတ်စွာဘုရားက ဘယ်နေရာမှာ ဘာ တွေဟောခဲ့လဲဆိုတာ အကုန်လုံးပြန်ပြီးတော့ မဟောဘူးလား။ (ဟောပါတယ်)။ အဲဒီလိုဟောတဲ့ အတွက် အဲဒီမြတ်စွာဘုရားရဲ့ တပည့်ဖြစ်တဲ့ ရဟန္တာတွေချည်းပဲ ငါးရာကနေ အဲဒါကို ပြန်ပြီးတော့ စုပေါင်းရွတ်ဆို သင်္ဂါယနာတင်ခဲ့တာ ရဟန္တာမထေရ်ကြီးတွေချည်း သင်္ဂါယနာမှာပါဝင်ခဲ့လို့ ထေရိ ကာ သင်္ဂါယနာ၊ မထေရ် ၅၀၀–ပါလို့ ပဉ္စသတိကာသင်္ဂါယနာလို့ ခေါ်ပါတယ်။ အဲဒီ မထေရ် အဆက်ဆက်က ဆင်းသက်လာတဲ့ဝါဒဖြစ်လို့ ဘယ်လိုခေါ်တာလဲ။ (ထေရဝါဒလို့ခေါ်ပါတယ် ဘုရား)။ အဲဒီမထေရ်ကြီးတွေ အသိအမှတ်ပြုထားတဲ့တရားကို ထေရဝါဒလို့ခေါ်တယ်။ နို့မို့ ထေရဝါဒ ဆိုတာ ဘာခေါ်မှန်းမသိ ဖြစ်နေဦးမယ်။ ရှင်းပြီနော်။

**သာသနာပျောက်လျှင်**

မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီးတော့ ရှင်မဟာကဿပကြီးတို့ ရှင်အာနန္ဒာတို့ ဦးဆောင်ပြီးတော့ ရဟန္တာဘယ်လောက်လဲ (ငါးရာ)။ အဲဒီ ရဟန္တာငါးရာကနေ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ တရားတွေကို ရှင်အာနန္ဒာက အကုန်လုံး ဘုရားက ပြန်ပြန်ပြီးဟောပြတော့ ဒါကို သူကိုယ်တိုင် ဒကာ၊ ဒကာမတွေ နှုတ်ငုံဆောင်ထားတာ။ အဲဒါတွေကို ရွတ်ဖတ်ပြီးတော့ အတည်ပြုလိုက်တဲ့ တရားဟာ အဲဒါ ထေရဝါဒဗုဒ္ဓရဲ့တရားတွေဖြစ်ပါတယ်။ ရှင်းပြီနော်။ အဲဒီ အတည်ပြုထားတဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို တစ်ဆင့် တစ်ဆင့် တစ်ဆင့် အခု ခြောက်ကြိမ်တိုင်တိုင် သင်္ဂါယနာမတင်ဘူးလား။ (တင်ပါတယ်ဘုရား)။ အဲဒီလိုကို မြန်မာနိုင်ငံမှာ နှစ်ကြိမ်တင်ခဲ့တယ်ပေါ့။

အဲဒီလို နှစ်ကြိမ်တင်လာတာတွေဟာ ဟော ယနေ့လည်း ဆဋ္ဌသင်္ဂါယနာလည်း တင်ပြီးရော ဒကာ၊ ဒကာမတွေ စာအုပ်တွေ ထွက်လာပြီ။ စာပေအထိ မဖြစ်ဘူးလား။ ပဉ္စမသင်္ဂါယနာတင် တုန်းက ကျောက်ထက်အက္ခရာတင်ထားတယ်။ ဟိုမှာ မန္တလေးမှာ မင်းတုန်းမင်းကြီးလက်ထက် ကနော်။ စတုတ္ထသင်္ဂါယနာ သီဟိုဠ်မှာတင်တုန်းက ဒကာ၊ ဒကာမတွေ ပေထက်အက္ခရာတင် တယ်ပေါ့။ ပထမ ဒုတိယ တတိယကတော့ ဘာအက္ခရာမှ မကျန်ဘူး။ နှုတ်ငုံပဲ ဆောင်ထားတာ။ ဘယ်လောက်များ ကြည်ညိုစရာကောင်းလိုက်လဲ။ စာအုပ် အထူကြီးအုပ် ၄၀–ကျော်ရှိတာ။ အဲဒါ ကို ရဟန္တာကြီးတွေ ဘာလုပ်ထားတာလဲ (နှုတ်ငုံဆောင်ထားတာ)။ အဲဒီ နှုတ်ငုံဆောင်ထားတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟော–ယနေ့စာပေမှာ အသိအမှတ်ပြုလိုက်ပြီ။ ဓမ္မကွန္တာပေါင်း ဘယ်လောက်၊ (ရှစ်သောင်း လေးထောင်ပါ)။ အဲဒီ ရှစ်သောင်းလေးထောင် သင်အံလေ့ကျက်ပို့ချနေတာသည် တခြားသာသနာလား၊ ပရိယတ္တိသာသနာလား။ (ပရိယတ္တိ သာသနာပါဘုရား)။ ဟုတ်ပြီ–ဒီလိုဖြစ်ရင် ဓမ္မကွန္တာပေါင်း ရှစ်သောင်းလေးထောင် ယနေ့ ယောဂီတို့ ဒီတရားတွေ မနာရဘူးလား၊ (နာရပါတယ်ဘုရား)။ မပူဇော်ရဘူးလား။ (ပူဇော်ရပါတယ်ဘုရား)။ အဲဒီလို ပူဇော်နေရတာဟာ သံဃာတော် အရှင်မြတ်များ၏ကျေးဇူးတရားပါ။ ဘယ်သူ့ကျေးဇူးလဲ။ (သံဃာတော်အရှင်မြတ်များ၏ကျေးဇူးပါဘုရား)။

အဲဒီ ဓမ္မကွန္တာပေါင်း ရှစ်သောင်းလေးထောင်ကို ဆရာတော် သံဃာတော် အရှင်မြတ်တွေသာ ယခုလို တစ်ဆင့် တစ်ဆင့် တစ်ဆင့် သယ်မလာရင် ဘုရား ပရိနိဗ္ဗာန်စံပြီးကတည်းက ကွယ်ပျောက်သွားတာ ကြာလှပြီ။ အကယ်လို့များ အဲဒီလိုပျောက်ကွယ်သွားတာကြာရင် ဒီအဆုံးအမတွေ ယနေ့ တည်ပါဦးမလား။ (မတည်ပါဘူးဘုရား)။ ဒီလိုဖြင့် ဒီအဆုံးအမတွေ မတည်ဘူးဆိုရင် ဟော – သာသနာပျောက်သွားပြီ။ သာသနာပျောက်သွားပြီနော်။

ဒီကြားထဲ ဘုန်းကြီးတို့ အဆင့်ဆင့် ဟိုအင်းဝခေတ်တို့ဘာတို့မှာလည်းပဲ ဖျက်ဆီးခံရတာတွေ အများကြီး။ ထားလိုက်တော့။ ဒါ –– သိပ်ရှည်သွားမယ်နော်။ အဲဒါကို သံဃာတော် အရှင်မြတ်တွေ အသက်နဲ့လဲပြီးတော့ ကာကွယ်စောင့်ရှောက်ထားလို့ ယနေ့ ဒီအဆုံးအမတွေ မတည်ဘူးလား။ (တည်ပါတယ်ဘုရား)။ အကယ်လို့သာ သံဃာတော် အရှင်မြတ်တွေဟာ ဒီသာသနာ ပရိယတ် သာသနာကို ထိန်းမထားခဲ့လို့များ သာသနာပျောက်သွားရင် ဘာသာ ပျောက်သွားပြီ။ သာသနာ ပျောက်ရင် ဘာသာပျောက်တယ်။ ဘယ်လောက်ကြောက်စရာကောင်းသလဲ ယောဂီတို့။ အင်မတန် အသည်းထိတ်စရာကောင်းတယ်။ သာသနာပျောက်ရင် (ဘာသာပျောက်မယ်)။ ဘာသာပျောက်ရင် လူမျိုးပါပျောက်မယ်။ ဘာသာပျောက်ရင် ဘာဖြစ်မလဲ။ (လူမျိုးပါပျောက်မယ်)။ မြန်မာနိုင်ငံ တိုင်းရင်းသားဆိုတာ မှုးလို့ ရှာစရာမရှိ ဖြစ်သွားလိမ့်မယ်။ အကုန် ကပြားတွေ ဖြစ်ကုန်တော့မှာ။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်)။

အဲတော့ သာသနာပျောက်ရင် ဘာသာပျောက်မယ်။ ဘာသာပျောက်ရင် လူမျိုးလည်း ပျောက်မယ်။ အဲဒီတော့ နောက်မွေးတဲ့ပုဂ္ဂိုလ်တွေ အကုန် မိစ္ဆာဒိဋ္ဌိတွေ ဖြစ်ကုန်မှာ။ ဘယ်လောက် ကြောက်စရာကောင်းသလဲ။ နောက်မွေးတဲ့ပုဂ္ဂိုလ်တွေ ဘာတွေဖြစ် (မိစ္ဆာဒိဋ္ဌိတွေဖြစ်ကုန်မှာပါ ဘုရား)။ ဒိဋ္ဌိတွေဖြစ် လူ့ပြည်ရောက်သေရင် အပါယ်ကျနော်။ သိပ်ကြောက်စရာကောင်းတယ် ယောဂီတို့။ အခုပြောနေတာ ဘုန်းကြီးခြောက်ပြောနေတာဟုတ်ရဲ့လား။ (မဟုတ်ပါဘူး ဘုရား)။ ဖြစ်စဉ်ကိုက်။ ဆရာတော်ဘုရားကြီး မိန့်တော်မူသွားတဲ့အတိုင်း ဆွေတော် မျိုးတော်တွေနော်။ သံဃာတော်တွေမှာ တိပိဋကက ဆရာတော်တွေ ပေါ်နေတာလည်း အများကြီးပဲ။ မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။ တိပိဋကလို ယခုလို ထင်ထင်ပေါ်ပေါ် မဟုတ်သော်လည်း တိပိဋကကို မွှေနှောက်ပြီးတော့ စာသင်စာချတွေ လုပ်နေတဲ့ သံဃာတွေလည်း မြန်မာပြည်မှာ သိန်းနဲ့ချီမရှိဘူးလား။ (ရှိပါတယ်ဘုရား)။

အဲဒီတော့ ယနေ့ဒီသာသနာကြီး ယခုလို နေလိုလလို မြန်မာနိုင်ငံမှာ တောက်ပနေတာ သံဃာတော်အရှင်မြတ်များရဲ့ ကျေးဇူးနော်။ (မှန်လှပါ)။ ဒါကြောင့် ပရိယတ်သာသနာဟာ ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တို့ ဒကာ၊ ဒကာမတွေ အသက်ပဲဗျ။ ရှင်းကော ရှင်းရဲ့လား။ အဲဒီတော့ အဲဒီသာသနာကို ယနေ့စောင့်ရှောက်နေတာ ဘယ်သူတွေလဲ။ (သံဃာတော်တွေပါ ဘုရား)။ သံဃာတော်တွေ။ အဲဒီသံဃာတော် တွေထဲမှာလေ ဒကာ၊ ဒကာမတွေရဲ့ အိမ်ကြို အိမ်ကြားမှာ သပိတ်လေးပိုက်ပြီး ဆွမ်းခံနေတဲ့ ကိုရင်လေးတွေပါတယ်နော်။ (မှန်လှပါဘုရား)။ ယနေ့ ကိုရင်လေးတွေဖြစ်ပြီး နောက်ကျတော့ နိုင်ငံတော်မှာ အဓိပတိ တကယ့် တိပိဋကဆောင် ဆရာတော်ကြီးတွေဖြစ်လာတာပါ။ ယနေ့ တိပိဋကဆောင်နေတဲ့ ဆရာတော်ကြီးတွေက အဲဒီလိုကိုရင်လေးဘဝကနေ သပိတ်ကလေး ပိုက်ပြီးတော့ ဆွမ်းခံရင်းနဲ့ ဒီလိုကြီးလာတာ။ ဥုံဖွ ဆိုပြီး ဖြစ်လာတာမဟုတ်ဘူး။ ရှင်းကော ရှင်း ရဲ့လား။

**ဒီတော့ ယနေ့ ရပ်ထဲရွာထဲမှာ သပိတ်ကလေးပိုက်ပြီး ဆွမ်းခံနေတဲ့ သာမဏေလေးတွေဟာ အခုဘုန်းကြီးတို့ ယောဂီများရဲ့ အားလုံးကျေးဇူးရှင်လို့ မှတ်လိုက်စမ်းပါ၊** ရှင်းကော ရှင်း ရဲ့လား။ သူတို့တွေ ဆောင်လာလို့ ပရိယတ် လက်မ,ထောင်နိုင်တာသည် တခြားသာသနာလား။ ပရိယတ်သာသနာလား။ (ပရိယတ်သာသနာပါဘုရား)။ အဲဒီသာသနာကို ဘယ်သူစောင့် (သံဃာတော်တွေ စောင့်ပါတယ်ဘုရား)။ ရှင်းပြီနော်၊ ရှင်းပြီ။

**သာသနာစောင့်**

ဒီလိုဖြင့် တစ်ဆင့်တက်မယ်။ ဒီသာသနာကို သံဃာတော်တွေ စောင့်တာတော့ အကုန်လုံး လက်မခံဘူးလား၊ လက်ခံသွားပြီ။ ကန့်ကွက်စရာများ ရှိပါသေးလား။ (မရှိပါဘူးဘုရား)။ မရှိဘူး။ အကုန်လုံး အပြည့်အဝထောက်ခံသွားပြီ။ မှန်တာကိုး။ ဒီတော့ အဲဒီမှာ ထေရဝါဒအကြောင်း ခုနပြောခဲ့ပြီနော်။ ထေရဝါဒ သာသနာမှာ ခုနတန္တရ မန္တရ မဟာယနအယူတွေ ဝင်လာပြီး နောက်လိုက်တယ်။ နောက်လည်း နောက်လိုက်ကော အဲဒီလို သာသနာကို စောင့်နေတာက သိကြားက စောင့်သလိုလို၊ သူရဿတီကပဲစောင့်သလိုလို ဟောလာပြီ သလိုလိုတွေ သိပ်ကြောက် စရာကောင်းတယ် ယောဂီတို့။ သလိုလို ဆိုတာ သံသယနော်။ တိတိကျကျကို မပြောနိုင်ဘဲနဲ့ ဟိုလိုလို ဒီလိုလို သံသယ စကားတွေဝင်လာတာ။ အင်း -- သိကြားမင်းကပဲ စောင့်သလိုလို မလာဘူးလား။ (လာပါတယ်ဘုရား)။ ဒီလိုဖြင့် တချို့အိမ်တော်တော်များများ ဒကာ၊ ဒကာမတွေ ထေရဝါဒမစစ်တဲ့ အိမ်တွေဆိုလို့ရှိရင် ပိဋကတ်စောင့်ဆိုပြီး ထားကြတယ်။ ပိဋကတ်စောင့်ဆိုပြီး ထားကြတယ်။ ပိဋကတ်စောင့်လေ။ အင်း ဟိုမှာ ပြက္ခဒိန်တို့ ဘာတို့ ဓာတ်ပုံတို့နဲ့ ပိဋကတ်စောင့် ဆိုပြီး မထားဘူးလား။ သို့ဖြင့် အခုပိဋကတ် ဘယ်သူစောင့်လဲ။ (သံဃာတော်တွေပါ ဘုရား)။ ရှင်းသွားပြီ၊ အခုတော့ ရှင်းသွားပြီ။

ဘုန်းကြီးတို့ အဲဒီလောက် ဒကာ၊ ဒကာမတွေကို ဉာဏ်လမ်းကြောင်းလေးကို ကျေးဇူးပြု ရတာ ဘုန်းကြီး ကျေးဇူးဆပ်ရကျိုးနပ်သွားပါတယ်။ နို့မို့ရင် ရောနေတယ်နော်။ သိကြားမင်းကပဲ စောင့်သလိုလို၊ ဗြဟ္မာကပဲ စောင့်သလိုလို၊ သူရဿတီက စောင့်သလိုလို၊ ဟိုဘိုးတော်က စောင့်သလိုလို၊ ဟိုမယ်တော်က စောင့်သလိုလို သလိုလိုချည်းပဲ ပါနေတာ တိတိကျကျ ဘယ်သူမှ မပြောနိုင်ဘူး။ အခု ဒကာ၊ ဒကာမတွေရဲ့ မျက်မြင်ကိုယ်တွေ့ လက်တွေ့ ပိဋကတ်တွေကို ဘယ်သူစောင့်တာလဲ။ (သံဃာတော်တွေပါဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ သံဃာတော်တွေဟာ အင်မတန် ကျေးဇူးကြီးတယ်။ ဘုန်းကြီးတို့ မိဘသဖွယ် ကျေးဇူးကြီးပါတယ်၊ ဒကာ၊ ဒကာမတို့။ (မှန်လှပါ)။ သူတို့စောင့်ထားလို့ ဒီတရားတွေကို နာရတာ။ ဒီတရားတွေ အားထုတ်ရတာ။ အဲဒါကြောင့်မို့ အားလုံးသော ဆွေတော်မျိုးတော် ဒကာ၊ ဒကာမတွေ ကြုံတဲ့အခါမှာ အထူးတိုက်တွန်းချင်တာက အဲဒီလို ပိဋကတ်စောင့်နေတဲ့ သာမဏေလေးတွေကအစ မိမိတို့ ဟုတ်လား။ ငယ်တယ် ဆိုပြီးတော့ အထင်မသေးပါနဲ့၊ မထီမဲ့မြင် မပြုပါနဲ့၊ ပြုလို့ပြောနေတာ မဟုတ်ဘူးနော်။ ဒီတော့ တချို့က အဲဒီလို မသိတဲ့အခါကျတော့ သာမဏေလေးဆိုပြီးတော့ ပေါ့ပေါ့တန်တန်ဖြစ်ပါတယ်။ ဒီတော့ သာသနာရဲ့လောက သံဃာရဲ့လောကမှာ ဒကာ၊ ဒကာမတွေ အကြီးမားဆုံး ကြောက်စရာလက်နက်တစ်ခု ရှိတယ်ဗျ။ အဲဒါကတော့ ဘုန်းကြီးတွေ လောကကထွက်လာတဲ့ အသံပဲ။ ဘာလဲလို့ဆိုတော့ ဘုန်းကြီးက ကိုယ်စားလှယ်လုပ်ပြီးတော့ ပြောပါဦးမယ်။ ဒီကနေ့ ကမ္ဘာမှာခေတ်စားနေတဲ့ အဏုမြူလက်နက်ဟာ ဟိုလူကကြောက်၊ ဒီလူကကြောက်နဲ့။ မကြောက်ပါဘူး ဘုန်းကြီးတွေက နဲနဲမှ မကြောက်ပါဘူး။ ဒါပေမယ့် အဏုမြူဗုံးထက် ကြောက်စရာကောင်းတဲ့ လက်နက်က ဆီမှာရှိတယ်တဲ့ ဟော၊ လာပြီ။

အဲဒါကတော့ ခုနပြောတဲ့ အိမ်ရှေ့ဆွမ်းခံသွားရပ်လို့ ''ကန်တော့ဆွမ်း'' ဆိုလို့က အဏုမြူဗုံးထက်ကြောက်စရာကောင်းတယ်တဲ့။ အဲဒီလက်နက်ကတော့ အကြီးမားဆုံးလက်နက်ပဲတဲ့။ ဒါပေမယ့် ဘုန်းကြီးတို့ ယောဂီတွေက ဒီလက်နက်မသုံးပါဘူးနော်။ အင်း-- သုံးလည်းမသုံးကြပါဘူး။ သုံးလည်းမသုံးကြပါနဲ့။ ရှင်းကော ရှင်းရဲ့လား။ အဲဒီ လက်နက်သုံးလိုက်ရင်တော့ မလွယ်ဘူးနော်။ ဒါ--ဘုန်းကြီးလောကမှာ ပြောတဲ့အသံတစ်သံပေါ့နော်၊ ရှင်းကောရှင်းရဲ့လား။ အဲဒါဟာ တခြားကြောင့် မဟုတ်ဘူး။ ဒီ ပရိယတ်သာသနာကို စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်များအတွက် ဒကာ၊ ဒကာမတွေဘုန်းကြီးတို့က ကျေးဇူးပြုတာပါ။ ဒီတော့ယနေ့ ဒကာ၊ ဒကာမတွေက သာသနာပြုတယ်ဆိုတော့ တပည့်တော်တို့က ပရိယတ်သာသနာ ဘယ်လိုလုပ် ပြုမလဲဆိုတော့ ပရိယတ်ဝန်ဆောင် ရဟန်းသာမဏေ သီလရှင်လေးများကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်း၊ ဒါပရိယတ္တိသာသနာပြုတာ။ ဒီလို အဲဒီ ဆရာတော်၊ သံဃာတော်တွေလို ဓမ္မကထိကပေါင်း ရှစ်သောင်းလေးထောင် သင်နိုင်ပါဦးမလား။ (မသင်နိုင်ပါဘူး ဘုရား)။

အို -- ဒီလောက်ကိစ္စ ဝိစ္စတွေများနေတာ ကိုယ်တော်နယ် ၁၀-ရက် စခန်းပွဲတောင် မနည်းကြိုးစားလာရတာ၊ သင်ဖို့ထည့်မပြောနဲ့တော့။ ဟော ဒီလိုပဲလာမှာ။ ဒီအသံထွက်မှာ သေချာတယ်။ ဘုန်းကြီးကကြိုပြီးတော့ ကိုယ်စား ပြောပေးလိုက်တာ။ ရှင်းကော ရှင်းရဲ့လား။ ဘယ်လွယ်လိမ့်မလဲ။ သေသွားမယ်။ ဒီဘဝ မရတော့ဘူး။ ဒီလိုဖြင့်ရင် ဟော ဒီနေရာ ကွက်လပ်ကြီးဖြစ်သွားပြီ။ ဒီသာသနာမိမိမှာမကိန်းတော့ဘူး။ လူဖြစ်ပါရက်နဲ့ ဒီသာသနာမကိန်းဘူး ဆိုလို့ရှိရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ဒီအခွင့်အရေးကြီးတွေ မဆုံးရှုံးဘူးလား။ (ဆုံးရှုံးပါတယ်)။ အမလေး -- နစ်နာလိုက်တာ။ ဒီလိုဖြင့်ရင် အခုအချိန်မှာ အိုးနဲ့အိမ်နဲ့ ပုဆိုးနဲ့ ထဘီနဲ့ ဆိုသလို၊ လောကမှာနေပြီး ဒီသာသနာ ဘယ်လိုနည်းနဲ့မှ မပြုနိုင်တော့ဘူး။ မပြုနိုင်ရင် ကွက်လပ်မဖြစ်ဘူးလား။ (ဖြစ်ပါတယ်)။

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



## အဆီစပ်စားကြသူများ

အဲတော့ အဲဒီလိုကွက်လပ်မဖြစ်ရအောင် ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကလေ ဒကာ၊ ဒကာမတွေအပေါ် အင်မတန်ကြီးမားတဲ့ ကရုဏာဓာတ်နဲ့ အေး--ဒို့ဒကာ၊ ဒကာမတွေ ဒီကွက်လပ်ကြီး မဖြစ်ရအောင် ကွက်လပ်ဖြည့်မယ်ဆိုကြီး ဆရာတော်ဘုရားသည် ပရိယတ်သာသနာ ကိန်းသွားအောင် ကွက်လပ်ဖြည့်ပါတယ် ယောဂီတို့။ ဘယ်လောက်ဝမ်းသာစရာ ကောင်းလဲနော်။

အဲဒီ ကွက်လပ်ဖြည့်တာ တခြားမဟုတ်ဘူး။ ဟို သာမဏေတွေ၊ ဟို ဆရာတော်တွေလို ပိဋကတ်သုံးပုံကို ဒကာ၊ ဒကာမတွေ လိုက်ပြီးတော့မသင်နိုင်သော်လည်းဘဲ၊ အဲဒီကနေ အဆီခပ်ပြီးတော့ ထုတ်ပြီးတော့သင်ရမယ်ပေါ့။ ဘာထုတ်ရမှာလဲ။ (ပိဋကတ်သုံးပုံရဲ့အဆီကိုထုတ်ရမယ်)။

အဲဒီတော့ ဘာနဲ့ဥပမာပေးပြီး ဟောသလဲဆိုရင် အိမ်တစ်အိမ်မှာ မိဘနှစ်ပါးရှိတယ်ဆိုတဲ့၊ ဒါ -- ဘုန်းကြီး အမြဲတမ်းပြောပါတယ်နော်။ အိမ်တစ်အိမ်မှာ မိဘနှစ်ပါးရှိတယ်။ သားသမီးငါးယောက်ရှိရှိ ဆယ်ယောက်ရှိရှိ အဲဒီမိဘ အဖေနဲ့အမေက ဒီသားသမီးငါးယောက် ဆယ်ယောက်ကို ထမင်းဟင်း နေ့တိုင်း ချက်မကျွေးရဘူးလား။ (ကျွေးရပါတယ်ဘုရား)။ ငါးယောက်ရှိလည်း ကျွေးနိုင်တာပဲ။ ဆယ်ယောက်ရှိလည်း ကျွေးနိုင်တာပဲ။ အဲဒီတော့ အများစားဖို့အတွက် မိဘကနေ ထမင်းအိုးကြီး၊ ဟင်းအိုးကြီးကျွေးတော့ စားတဲ့ သားသမီးတွေက အကုန်လုံးစားတာလား။ ကိုယ့်တစ်ဝမ်းတစ်ခါးအတွက် စားတာလား။ (ကိုယ့် တစ်ဝမ်းတစ်ခါးအတွက် စားတာပါဘုရား)။ ကိုယ့်တစ်ဝမ်းတစ်ခါးရရုံပဲ။ တစ်လုတ် တစ်ဆုပ်လေးစားရင်း စားရင်းနဲ့ ဟော -- ဝသွားပြီ။ တော်ပါပြီ။ တစ်ယောက်တော့ ဝသွားပါပြီ။ နှစ်ယောက် ဝသွားပြီ။ သုံးယောက်တော့ ဝသွားပါပြီဆိုတော့ တစ်ဝမ်းတစ်ခါးနဲ့ တစ်ယောက်စီပဲ စားတာပေါ့။

အဲဒီတော့ မိဘကတော့ အကုန်လုံး ဆယ်ယောက်ရှိရင် ဆယ်ယောက်လုံး စားဖို့ အိုးကြီးမတည်ရဘူးလား။ (တည်ရပါတယ်ဘုရား)။ စားတဲ့ သားသမီးက တစ်ဖွန်း တစ်ယောက်မနဲ့ ကိုယ့်ကို တစ်ဝမ်းတစ်ခါးဝအောင်ပဲ စားတာ မဟုတ်ဘူးလား။ ဒါ -- ဥပမာဆောင်ပြီးတော့ ဟောတာ။ အဲဒီကဲ့သို့ပဲ ယနေ့ မြန်မာနိုင်ငံမှာရှိနေတဲ့ ဆရာတော်သံဃာတော် သာမဏေလေးက အစ ဆရာတော်ဘုရားကြီးများဟာ ပိဋကတ်သုံးပုံ သင်ယူရင်းအချို့များ ပျံတော်မူသွားတယ်နော်။

အဲဒီလောက်ထိသင်တာက သူတို့အတွက်တင်ဟုတ်ကဲ့လား။ (မဟုတ်ပါဘူး)။ အားလုံး တစ်ကမ္ဘာလုံး အတွက်နော်။ မြန်မာပြည်တစ်ပြည်တင် မဟုတ်ဘူး။ ဘယ်အတွက်လဲ။ (တစ်ကမ္ဘာလုံးအတွက်ပါဘုရား)။ တစ်ကမ္ဘာလုံးအတွက်ကို သားသမီးအများကြီးမွေးထားတဲ့ မိဘလို တစ်ခါတည်း သူကသင်ရတာ။ ဟင်းအိုးကြီး ထမင်းအိုးကြီးတည်တာပေါ့။ အဲဒီကနေ ဘုန်းကြီးနဲ့တကွ အားလုံးသော ယောဂီများက တစ်ဝမ်းတစ်ခါးလေးဝရုံ တစ်ဖွန်း တစ်ယောက်မ စားသလို၊ ပရိယတ်တွေကို အများကြီးကနေ အဆီထုတ်လိုက်တာ တစ်ဖွန်း တစ်ယောက်မ စားတယ်လို့ မှတ်ပါ။ (မှန်လှပါ)။ အဲဒီတော့မှ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက အဲဒီလို တစ်ဖွန်းတစ်ယောက်မ စားနိုင်ဖို့အတွက်ကို ပိဋကတ်သုံးပုံကနေ အဆီထုတ်ချလိုက်တော့ ၇-မျိုး ထုတ်လိုက်တယ်။ ဘယ်နှစ်မျိုး။ (၇-မျိုးပါဘုရား)။

အောင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ကဲ--လိုက်ဆို-

**ခန္ဓာ**

**အာယတန**

**ဓာတ်**

**သစ္စာ**

**ပဋိစ္စသမုပ္ပါဒ်**

**အရှခံ**

**အရှုဉာဏ်** ၇-မျိုးထုတ်ပြီ။

ဘယ်နှစ်မျိုး (၇-မျိုးပါဘုရား)။ ပရိယတ် သာသနာမှာ အားလုံးသော ဒကာ၊ ဒကာမတွေ ပရိယတ်သာသနာကြီး ကိန်းသွားဖို့အတွက်ကို အခု ဘယ်နှစ်မျိုးထုတ်လိုက်တာလဲ။ (၇-မျိုးပါဘုရား)။ အဲဒီ ၇-မျိုးကို အခုစခန်းပွဲထဲမှာ ပဋိစ္စသမုပ္ပါဒ်ထဲမှာ ဒါသင်မှာ။ ဘယ်နှစ်မျိုးသင်ရမှာလဲ။ (၇-မျိုးသင်ရမှာပါဘုရား)။ အဲဒီ ၇-မျိုးကပိဋကတ်သုံးပုံ အဆီထုတ်လိုက်တာ။ ယနေ့တရားဝင် တရားနာနေတဲ့ ယောဂီတွေက အဆီခပ်စားတာပါဗျ။ ကဲ။ ဘာလုပ်တာလဲ။ (အဆီခပ်စားတာပါဘုရား)။ သူများ တည်ပြီးသား ထမင်းအိုး၊ ဟင်းအိုး၊ အပေါ်ယံလေး အဆီခပ်စား သူတွေ။ အင်းပင်များပင်ပန်းနေသလား မသိဘူး။ အင်း -- မညည်းနဲ့နော်။ အဆီခပ်စားတာ။

အဲဒီတော့ သူများတည်ထားတဲ့ ထမင်းအိုး ဟင်းအိုး အဆီခပ်စားတယ်ဆိုတော့ တကယ်အလုပ်လုပ်တဲ့သူတွေလား။ အချောင်သမားတွေလား။ (အချောင်သမားတွေပါဘုရား)။ ပေါ်ပြီ -- ပေါ်ပြီ။ အဲဒါပေါ်ပြီနော်။ တကယ့် အချောင်သမားတွေ။ အဲဒီလောက် အဆီခပ်စားတာတောင် ညည်းနေရင် ဒယ်အိုးက ငါ့အတွက်သာ အောက်မေ့တော့။ ရဲပြည်က ဒယ်အိုးဟာ ငါ့အတွက်လို့ ဆုံးဖြတ်ချက်ချ၊ ရှင်းပြီနော်။ အခု ဘယ်နှစ်မျိုးသင်မယ်။ (၇-မျိုးပါဘုရား)။ ကဲ ဆိုကြည့်ပါဦး။

(ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ အရှခံ၊ အရှုဉာဏ်)။ အဲဒီ ၇-မျိုးကို ယောဂီတို့ သင်လိုက်ရင် မိမိ၏ ခုန သားသမီးတစ်ယောက်ရဲ့ ကိုယ့်တစ်ဝမ်းတစ်ခါး ဝတဲ့အနေနဲ့ ဟော -- ဘာသာသနာကိန်းသွားတာလဲ။ (ပရိယတ်သာသနာပါဘုရား)။ ဒီလိုဖြင့်ရင် ယနေ့တရားဝင် တရားအားထုတ် တရားနာနေတဲ့ ပုဂ္ဂိုလ်တွေ သာသနာပြု ပုဂ္ဂိုလ်အစစ်ဖြစ်ကုန်ပြီ၊ ရှင်းကောရှင်းရဲ့လား။ ဆိုင်းဘုတ်တပ်လို့ရတယ်။ အိမ်ပြန်ရောက်ရင် ဆိုင်းဘုတ်တွေ ဘာတွေ ချိတ်လို့ရသွားပြီ။ ဘာလို့လဲ။ ဘာ သာသနာပြုနေတာလဲ။ (ပရိယတ်သာသနာပါဘုရား)။

## ဆိုင်းဘုတ်မတင်သည့်သာသနာပြုများ

အဲဒီမှာ ယောဂီတို့ သာသနာပြုဆိုတာ အဲဒီမှာ ဆရာတော် ဦးဉာဏိသရ ဟောတာ အမြဲတမ်း နှလုံးသွင်းမိတယ်။ မကြာခဏ သွားသတိရတယ်။ ဆရာတော်က အဲဒီ သာသနာပြုအကြောင်း ဟောတဲ့အခါကျတော့ သူတို့ စစ်ကိုင်းတို့ မန္တလေးတို့ ဆိုတော့ ချောင်တွေက ကောင်းတာကိုး။ သာသနာပြု ဟိုနေရာလည်း ဆိုင်းဘုတ်တွေ၊ ဒီနေရာလည်း ဆိုင်းဘုတ်တွေ့တယ်တဲ့။

အဲဒီတော့ အဲဒီနေရာမှာ အဝတ်ဖြူနဲ့လူကလည်း ဆိုင်းဘုတ်နဲ့ပဲ၊ အဝတ်ညိုနဲ့လူက



www.burmeseclassic.com

www.burmeseclassic.com



လည်းတဲ့ ဆိုင်းဘုတ်နဲ့တဲ့၊ လည်ပင်းပုတီးရှိတဲ့သူကလည်း သာသနာပြုဆိုင်းဘုတ်နဲ့တဲ့ သာသနာ ပြုနေ၏။ မုတ်ဆိတ်မွေးနဲ့လူကလည်း သာသနာပြုတဲ့။ နှုတ်ခမ်းမွေးနဲ့လူကလည်း သာသနာပြုတဲ့။ အိုး– ရှုပ်ပွနေတာပဲတဲ့။ တကယ်ပြုတဲ့ပုဂ္ဂိုလ်တွေ ဆိုင်းဘုတ်ရှာလို့မရဘူးတဲ့။ ဆရာတော် သံဃာတော် အရှင်မြတ်တွေ ဆိုင်းဘုတ်ရှာလို့တွေ့ရဲ့လား။ (မတွေ့ပါဘူးဘုရား)။ တကယ်ပြု နေတာနော်။ ဒီစကားလုံးကို ဆရာတော် မိန့်သွားတာ အင်မတန်ကို အမှားနဲ့အမှန် ခွဲခြားသိဖို့အတွက် ဆရာတော် မိန့်သွားတာ။

အခု ယောဂီတို့ကို ဒီဥစ္စာလေးကို ရှင်းလိုက်တဲ့အခါ ကျတော့ သာသနာပြု ဆိုတဲ့စကားလုံးရဲ့ အစစ်နဲ့နော်။ အမြစ်နဲ့အနှစ်ဟာ ဒကာ၊ ဒကာမတွေ နားလည်သွားပြီ။ ရှင်းကော ရှင်းရဲ့လား။ အဲဒီတော့ အနှစ်နဲ့ အကာပေ့ါနော်။ အခု ယောဂီတို့ပြုနေတဲ့ သာသနာက တခြားလား၊ အနှစ်လား (အနှစ်ပါဘုရား)။ ခုပဲ –– ခုနှစ်မျိုးကို သင်ရင် မိမိတို့ ဘာသာသာသနာပြုတာလဲ။ (ပရိယတ္တိ သာသနာပါဘုရား)။ ကဲ –– ဘယ်လောက်များ ဝမ်းသာ စရာကောင်းသလဲ။ သာသနာဆိုတာ ဘုန်းကံမရှိရင် ပြုလို့ရပ့ါမလား။ ဒီတော့ သာသနာဆိုသည်မှာ ဘုန်းကံရှိသူများ အတွက်ပါလို့ ဆရာတော်ဘုရားများ ဆိုရိုးစကားမရှိဘူးလား။ (ရှိပါတယ်)။

## အဝတ်အဆင်ထက် စိတ်အရေးကြီး

ကဲ –– ဆိုကြည့် သာသနာဆိုသည်မှာ ဘုန်းကံရှိသူများအတွက်ပါ။ (သာသနာဆိုသည် မှာ ဘုန်းကံရှိသူများအတွက်ပါ)။ အဲဒီတော့ သာသနာဆိုတာ အဆုံးအမနော်။ အခု ယောဂီတို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး အဆုံးအမက အခု ဘယ်နှစ်မျိုးသင်ရမလဲ။ (၇–မျိုးပါဘုရား) အဲဒီ (၇)မျိုးကို သင်လိုက်ရင် ပရိယတ်သာသနာကိန်းသွားပြီ။ ပရိယတ်သာသနာကိန်းတယ်ပြော တာ အဝတ်လည်း မပြောင်းပါဘူး။ အရေးကြီးတာ အဝတ်ထက်အရေးကြီးတာ စိတ် အရေးကြီးတယ်။ တခြားပြောင်းတာလား။ အသိပြောင်းတာလား။ (အသိပြောင်းတာပါဘုရား)။ အဲဒီအသိ ပြောင်းသွား တာသည် တခြားရလို့ လား။ အဆုံးအမကို ရလို့လား။ (အဆုံးအမကိုရလို့ပါဘုရား)။ သာသနာကိန်းလို့။ ရှင်းပြီနော်။ အဲဒီ ပရိယတ်သာသနာကို ကိန်းလိုက်ပြီဆိုတော့ တရားတွေ သိသင့်တာတွေ မသိ ဘူးလား။ အဲဒီတော့ ခန္ဓာအကြောင်းကို သင်နေတာသည် ဘာသာသနာကိန်း (ပရိယတ်သာသနာ ကိန်းပါတယ်ဘုရား)။ သို့ဖြင့်ရင် သာသနာက ဒီမှာ ဘယ်နှစ်ရပ် (သုံးရပ်ပါဘုရား)။ ပြန်ပြောပါ။ (ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ)။

ဒီတော့ –– ဟုတ်ပြီ။ ဒါလေးပြီးသွားအောင် ဆက်ရှင်းမယ်။ ပဋိပတ္တိသာသနာ ဆိုတာကတော့ တကယ့်လက်တွေ့ အလုပ်လုပ်ရမှာ။

ဒီလိုဖြင့် ယခု ပရိယတ္တိသာသနာကတော့ ဆရာသမားက သင်လို့သိပြီပေ့ါ။ ပဋိပတ္တိသာသနာ က သိပြီးရင် မြင်အောင်ကြည့်ရမယ်။ သိပြီး ဘာလုပ်ရမလဲ။ (မြင်အောင်ကြည့်ရပါမယ်)။ ခုနက ပရိယတ္တိသာသနာမှာ ဘယ်နှစ်မျိုး။ (၇–မျိုးပါ)။ ၇–မျိုးကို ပြောကြည့်ပါ။ (ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စ သမုပ္ပါဒ်၊ အရှုခံ၊ အရှုဉာဏ်)။ အဲဒီ ၇–မျိုးကို ဘုန်းကြီးတို့က စာလို သင် မယ်နော်။ စာလိုသင်လိုက်တော့ သိသွားရော။ ဥပမာ– ခန္ဓာဆိုကြပါစို့။ ခန္ဓာဆိုတာဟာ အပေါင်းအစု



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ရုပ်တွေအပေါင်းအစု၊ နာမ်တွေအပေါင်းအစု၊ အဲဒါကို ခုသင်လိုက်တော့ ဩော်ခန္ဓာဆိုတာ ရုပ်တွေအပေါင်းအစု၊ နာမ်တွေအပေါင်း အစု၊ ခန္ဓာ ငါးပါးရှိတယ်ဆိုတာ အကြမ်းဖျင်းသိတယ်ပေါ့။ မသိဘူးလား။ ခန္ဓာ ဘယ်နှစ်ပါးရှိ။ (ခန္ဓာငါးပါးရှိပါတယ်ဘုရား)။

ကောင်းပြီ၊ ခန္ဓာငါးပါးရှိတယ်ဆိုတာ ဘုန်းကြီးတို့ကစာနဲ့သင်လိုက်ပြီဆိုတော့ ယောဂီတို့က ဘာသာသနာကိန်းသွားတာလဲ။ (ပရိယတ္တိသာသနာပါ)။ ဟုတ်ပြီ–ခန္ဓာငါးပါးရှိတယ်၊ ခန္ဓာငါးပါး ရှိတယ်၊ သိသွားပြီပေါ့။ အဲဒီ – ခန္ဓာ ငါးပါးက ဘယ်မှာ ရှိသလဲ။ ရှာရတော့မယ်။ စာအုပ်ထဲမှာရှိတဲ့ ခန္ဓာငါးပါး၊ ဆရာသမားဟောတဲ့ ခန္ဓာငါးပါး၊ စာသင်တဲ့ ခန္ဓာငါးပါးက ပရိယတ် ခန္ဓာငါးပါး။ ဘာခန္ဓာငါးပါး (ပရိယတ် ခန္ဓာငါးပါး)။ ဘာသာသနာခေါ်လဲ။ (ပရိယတ္တိ သာသနာ)။ နို့ – ပရိယတ္တိသာသနာနဲ့ ဒကာ၊ ဒကာမတွေ ပြည့်စုံလို့ မရဘူး။ ပရိယတ္တိ သာသနာက ကုသိုလ်ပဲ ရှိသေးတယ်။ ကာမာဝစရ ကုသိုလ်ပဲ ရှိသေးတယ်။ ကံ ကုသိုလ်ပဲ ရှိသေးတယ်နော်။ ဘာကုသိုလ်လဲ။ (ကံကုသိုလ်ပါ ဘုရား)။

ဒီလိုဖြင့်ရင် ပဋ္ဌိစ္စသမုပ္ပါဒ်မှာ ယောဂီတို့ နေ့တိုင်းထောက်နေတာ ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား)။ ကံကုသိုလ်လောက်နဲ့ ကျေနပ်နေရင် မနက်က ပြောခဲ့တယ်၊ လွတ်ပါ့မလား။ (မလွတ်ပါဘူးဘုရား)။ ဘယ်သူနဲ့လဲ။ (ဇာတိနဲ့ပါ ဘုရား)။ ကံကုသိုလ်လောက်နဲ့ ကျေနပ်နေရင် သေခြင်းဆိုးသေဦးမယ် ပြောတာ။ ဒါ–မနက်ကလည်း ရှင်းခဲ့ပြီပေါ့နော်၊ ဟုတ်လား။ အဲဒီတော့ – အဲဒီကံကုသိုလ်ကို ဉာဏ်ကုသိုလ်ရအောင် ပရိယတ်ကို တခြားလုပ်ရမှာလား၊ ပဋိပတ်ဖြစ်အောင် လုပ်ရမှာလား။ (ပဋိပတ် ဖြစ်အောင် လုပ်ရမှာပါဘုရား)။ ဟုတ်ပြီ။

## ကိုယ့်ကိုကိုယ်အားကိုး

ဒီလိုဖြင့်ရင် ခန္ဓာအကြောင်းကို သင်တာက ပရိယတ္တိ။ ခန္ဓာအကြောင်းကို သင်တာက (ပရိယတ္တိ)။ အဲဒီ ခန္ဓာကို ဒကာ၊ ဒကာမတွေက တစ်လောကလုံးမှာ ရှာရမှာလား၊ ကိုယ့်ကိုယ်မှာ ရှာရမှာလား၊ (ကိုယ့်ကိုယ်မှာ ရှာရမှာပါ ဘုရား)။ ဟုတ်ပြီ – ဒါ၊ ခန္ဓပဋ္ဌိစ္စသမုပ္ပါဒ်နော်။ စာအုပ်ထဲမှာ သင်တဲ့ခန္ဓာက ပရိယတ်၊ ကိုယ့်ဆီမှာရှိနေတဲ့ ခန္ဓာကို မြင်အောင်ကြည့်တာက ပဋိပတ်။ ဒီလိုဖြင့် လက်စသတ်တော့ ပဋိပတ်ဆိုတာ သူများအားကိုးလို့မရဘူးလေ၊ ကိုယ့်ကိုယ်ကို အားကိုးမှ။ ဒီလိုဖြင့်ရင် ဒီနေရာမှာ မြတ်စွာဘုရားဟောတဲ့ ဒေသနာတစ်ခုက ဝင်လာပြီ။

''အတ္တာ ဟိ အတ္တနော နာထော''– လူတိုင်းပါးစပ်ဖျား နှုတ်တက်နေတာ။ ရှင်းကောရှင်းရဲ့လား။ ဒီပါဠိတော်က ဘာတဲ့လဲ။ ''အတ္တာ ဟိ အတ္တနော နာထော'' ဒီလိုဖြင့်ရင် သူများအားကိုး ရမှာလား။ ကိုယ့်ကိုယ်ကို အားကိုးရမှာလား။ (ကိုယ့်ကိုယ်ကို အားကိုးရမှာပါဘုရား)။ ပဋိပတ္တိ သာသနာကြီးကိန်းဖို့က ဘယ်သူ့အားကိုးရမလဲ။ (ကိုယ့်ကိုယ်ကို အားကိုးရမှာပါ)။ သိကြား၊ ပြဟ္မာ၊ နတ်၊ ဝိဇ္ဇာတွေ အားကိုးရမှာလား။ ကိုယ့်ကိုယ်ကို အားကိုးရမှာလား။ (ကိုယ့်ကိုယ့်ကို အားကိုးရမှာပါဘုရား)။ ဘယ်သိကြားမှလည်း မကူညီနိုင်ဘူး။ ဘယ်နတ်မှလည်း မကူညီနိုင်ဘူး။ ကိုယ့်ကိုယ်ကိုပဲ ဒကာ၊ ဒကာမတွေ အားကိုးရမယ်။ ကိုယ့်ကိုယ်ကို အားကိုးမှ ဘာသာသနာကိန်း (ပရိယတ္တိသာသနာကိန်းပါတယ်ဘုရား)။ သာသနာပြုပုဂ္ဂိုလ်အစစ် သာသနာကိန်းဖို့က ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကို အားကိုးရမယ်။ အဲတော့ – ကိုယ့်ကိုယ်ကိုဆိုတော့ နောက်ပိုင်းမှရှင်းမယ်။ ထား။ ကိုယ့်ကိုယ်ကို အားကိုးတယ်ဆိုရင် ကိုယ်တိုင်ကိုယ်ကျ အားထုတ်မှပေါ့။ ဒီလိုဖြင့် ခန္ဓာအကြောင်းကို သင်တာက ပရိယတ္တိသာသနာ။ ကောင်းပြီ – အဲဒီခန္ဓာက ဘယ်မှာရှိတာလဲ။ ကိုယ့်မှာရှိတယ်။ ခန္ဓာသည် ဘယ်မှာရှိ။ (ကိုယ့်မှာရှိပါတယ်)။ အဲ – ဒီတော့ ကိုယ့်မှာရှိတဲ့ခန္ဓာကို အကြမ်းဖျင်းလေး ကြည့်ကြရ အောင်။ ဒီလိုဖြင့်ရင် ယောဂီတို့ နေ့လည်ပိုင်းက တရားမထိုင်ဘူးလား။ မနက်ပိုင်းကလည်း ထိုင်တယ်။ နေ့လည်ပိုင်းကလည်း ထိုင်တယ်ပေါ့။ ထိုင်တယ်ဆိုတော့ စီးပွားရေးတွေ ကြီးပွားရေးတွေ အိမ်ထောင်ရေးတွေ ဘာတွေ ညာတွေ ကြဲဖို့ ပြောတာလား။ ကိုယ့်ခန္ဓာထဲ ကိုယ်ကြဲဖို့ပြောတာလား။ (ကိုယ့်ခန္ဓာထဲ ကိုယ်ကြဲဖို့ ပြောတာပါဘုရား)။ ဘာကိုကြည့်ပါ၊ ဘာကိုရှုပါလို့ မပြောဘူးလား။

အဲ – ကိုယ့်ခန္ဓာထဲဆိုတော့ အကြမ်းဖျင်းကြည့်လိုက်တော့ ဝင်လေသိ၊ ထွက်လေသိ မှတ်တဲ့အခါတော့ စိတ်ထဲ သမာဓိတည်ပြီပေါ့။ တည်လည်းတည်ပြီးတော့ နာရီဝက်လောက်လည်း ကြာတော့ ခန္ဓာက ဖောက်ပြန်လာရော။ ဘာဖြစ်တာလဲ။ (ဖောက်ပြန်လာပါတယ်ဘုရား)။ ညောင်း တာတွေ၊ ကျင်တာတွေ ကိုက်တာတွေ အမလေး မခံနိုင်တာတွေဖြစ်လာ ဒူးက တစ်မျိုး၊ ပေါင်က တစ်မျိုး၊ ခြေထောက်ကတစ်မျိုး။ ဟာ – ဒီကြားထဲ ခါးကတစ်မျိုး၊ ဟာ – အထဲကတစ်မျိုး၊ အပြင်ကတစ်မျိုး၊ အမလေး ရှုပ်ပွနေတာ။ အိမ်မှာနေတုန်းက အဲဒါတွေ မတွေ့ပါဘူး။ ဟာ – ဘယ်နှယ့်ရိပ်သာရောက်မှ ဒါတွေလာတွေ့နေလဲ။ ဟော ခက်ပြီ။ ငါ ရှေ့ဆက်အားထုတ်လို့မှ ဖြစ်ပါ့မလား – ဖြစ်လာရော။ ဖောက်ပြန်လာတာ၊ ဖောက်ပြန်လာတာ၊ ရှင်းကောရှင်းရဲ့လား။

ဟိုက နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာတွေ ဖြစ်နေတာက ရုပ်က ဖောက်ပြန်နေတာ။ ငါ–ရှေ့ဆက် အားထုတ်လို့ဖြစ်မှ ဖြစ်ပါ့မလား၊ ဒါ– စိတ်က ဖောက်ပြန်နေတာ။ နာမ်က ဖောက်ပြန်လာတာ။ ရှင်းကောရှင်းရဲ့လား။ အဲဒီ ဖောက်ပြန်တဲ့ဒဏ်ကို သည်းမခံနိုင်တဲ့အခါ ပြေး ရော – ဒီယောဂီ၊ ဟော – အခုတော့ တစ်ယောက်မှလည်း မပြေးသေးဘူးနော်၊ အင်း–ဝမ်းသာ ပါတယ်။ မပြေးလည်း မပြေးကြပါနဲ့နော်။ အဲဒီတော့ ဆိုလိုတာက အဲဒီလို တကယ်လက်တွေ့ တရားအားထုတ်လာတော့ ညောင်းတာကော မတွေ့ဘူးလား။ (တွေ့ပါတယ်)။ ဒီလိုဖြင့် ညောင်းနေ တာသည် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလား။ ရုပ်ခန္ဓာ လား။ (ရုပ်ခန္ဓာပါ)။ ဟုတ်ပြီ။ ဒကာ၊ ဒကာမတွေ အဲဒီ ညောင်းတာဟာ ရုပ်ခန္ဓာလို့ ဘုန်းကြီးမပြောဘူးလား။ (ပြောပါတယ်)။ ဘာ သာသနာ ကိန်းသွားတာလဲ။ (ပရိယတ္တိ သာသာနာပါ ဘုရား)။ သို့သော် တကယ်ညောင်းတာက ဘုန်းကြီးပြောလို့ မြင်တာလား၊ ကိုယ်တိုင်ကိုယ်ကျ မြင်တာလား။ (ကိုယ်တိုင်ကိုယ်ကျ မြင်တာပါ ဘုရား)။ မျက်စိမှိတ်ပြီးတော့ ဒီကဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ အမလေး ညောင်းလိုက်တာ၊ ညောင်း နေတာသည် တခြားတရားလား၊ ရုပ်တရားလား။ (ရုပ်တရားပါဘုရား)။ ပူတာတွေကောမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အေးတာတွေကော မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ လှုပ်တာ ရွတာတွေကော မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒီလို ဖြစ်နေတာသည် တခြားတရားတွေလား။ ရုပ်တရား တွေလား။ (ရုပ်တရားတွေပါဘုရား)။ ရုပ်တရားတွေ ဖောက်ပြန်နေတာ။ ရုပ်ကို မြင်နေပြီ ယောဂီတို့။ ဘာကိုမြင်နေတာလဲ။ (ရုပ်ကိုမြင်တာပါ ဘုရား)။ အဲဒီလို ရုပ်ကိုမြင်တဲ့အခါကျတော့ အမလေး နာလိုက်တာ ကျင်လိုက်တာ၊ ငါ ရှေ့ဆက်ထိုင်ဖို့တောင်ခက်တယ်။ ငါ ပြန်ပြေးရကောင်းမလား။





www.burmeseclassic.com

www.burmeseclassic.com



ဟော – အဲဒါဘယ်သူက ဖောက်ပြန်နေလဲ။ နာမ်က ဖောက်ပြန်နေတာ။ ဖောက်ပြန်မှန်း မသိဘူး။ နည်းနည်းတွန့်ချင်လာပြီ။ ဒီတော့ ဘုန်းကြီးတို့က သဒ္ဓါတရားလေး တင်ပြီး ဒကာ၊ ဒကာမတွေ ခဏတော့ ဒါတွေသည်းခံ၊ တော်တော်ကြာတော့ ပျောက်သွားလိမ့်မယ်။ သူသည် အနိစ္စတရား ဖြစ်တယ်။ နိစ္စတရားလား၊ အနိစ္စတရားလား။ (အနိစ္စတရားပါ ဘုရား)။

လောလောဆယ်တော့ တဖြည်းဖြည်း ရှရင်းရှရင်းနဲ့ အဲဒီမချိမဆံ့ခံ နေရတာတွေ ရှရင်း ရှရင်းနဲ့ တဖြည်းဖြည်း ချမ်းသာတာဆိုတာ ပေါ်လာပါလိမ့်မယ်။ မတိုက်တွန်းရဘူးလား။ (တိုက်တွန်း ရပါတယ် ဘုရား)။ တိုက်တွန်းရတယ်။ အခုလည်း တိုက်တွန်းနေတာပေ့ါနော်။ အဲဒီလို မြင်နေတာသည် တခြားလား။ ခန္ဓာကို မြင်တာလား။ (ခန္ဓာကို မြင်တာပါ ဘုရား)။ ဘယ်သူ့ခန္ဓာလဲ။ (မိမိခန္ဓာ)။ မိမိခန္ဓာကိုအပြောနဲ့မြင်တာလား၊ တကယ်မြင်နေတာလား။ (တကယ်မြင်နေတာပါ ဘုရား)။ ဒီလိုဖြင့် ရင် ကောင်းကင်ကနေ သိကြားမင်းကြီးက နားကင်းကြီးနဲ့ ဆင်းလာပြီး ယောဂီ – ခင်ဗျား ခန္ဓာ တွေ မြင်နေတယ်ဆိုတာ မဟုတ်ဘူး။ အဲဒီလို ပြောမယ်ဆိုရင် ယောဂီတို့ လက်ခံမလား။ (လက်မခံပါဘူး ဘုရား)။

အဲဒီတော့ ဘာကြောင့်လဲဆိုရင် ကိုယ်တိုင်ဒီမှာမြင်နေပြီ ယောဂီ။ သို့ဖြင့် ညောင်းနေတာသည် တခြားလား၊ ခန္ဓာလား (ခန္ဓာပါဘုရား)။ ကျင်နေတာသည် တခြားလား၊ ခန္ဓာလား။ (ခန္ဓာပါ ဘုရား)။ ပူနေတာသည် ဘာလဲ။ (ခန္ဓာပါ)။ ပေါ်နေပြီနော်။ အဲဒီတော့ နောက်ဆုံးတော့ ဘာ ဖြစ်ဖြစ် ဒီနေရာမှာ ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လာပြီးတော့ ဖြစ်စရာမရှိဘူး။ ခန္ဓာတွေချည်းပဲ ဖြစ်နေတာ။ အခု ဘုန်းကြီးက ယောဂီတို့ အဲဒါခန္ဓာတွေဖြစ်တာပြောတော့ မသိဘူးလားဗျာ။ (သိပါတယ်ဘုရား)။ သိသွားတာသည် တခြားလား၊ ပရိယတ်လား။ (ပရိယတ်ပါဘုရား)။ အဲဒီ သိတဲ့အသိကို မျက်စိမှိတ်ပြီးတော့ ကိုယ်တိုင်ကိုယ်ကျ ဟောဒီမှာ ချွေးနဲ့ သွေးနဲ့ ရင်းပြီးတော့ ကြည့်လိုက်တဲ့အခါကျတော့ တကယ်မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ အဲဒီလို တကယ်မြင်အောင် ကြည့်တာသည် တခြားလား၊ ပဋိပတ်လား။ (ပဋိပတ်ပါဘုရား)။

ဒီတော့ ပရိယတ်ဆိုတာ သင်တာနော်။ ပဋိပတ်က ကျင့်တာ။ ဒီလိုကျင့်ပြီး မြင်အောင် ကြည့်နေတာ ဘယ်သူ့မျက်လုံးငှားကြည့်တာလဲ။ (ကိုယ့်မျက်လုံးပါ ဘုရား)။ ကိုယ့်မျက်လုံးဆို တော့ အမေမွေးတဲ့ မျက်လုံးလား၊ ဉာဏ်မျက်လုံးလား။ (ဉာဏ်မျက်လုံးပါ ဘုရား)။ ဟုတ်ပြီ – ယောဂီတို့ ဒီနေ့ ဒီတရားသင်လိုက်တာ မျက်လုံးနှစ်လုံး ရသွားတယ်။ ကံမျက်လုံးရယ် (ဉာဏ် မျက်လုံးရယ်ပါဘုရား)။ အခု ဘုန်းကြီး ဒီမှာ ခွက်ကလေးတွေ ချပြတာကို မမြင်ဘူးလား။ (မြင် ပါတယ်ဘုရား)။ မြင်နေတာက ကံမျက်လုံး၊ ကံမျက်စိ။ မျက်စိမှိတ်ပြီးတော့ ခန္ဓာထဲမှာ ညောင်းတာ တွေ ကျင်တာတွေ ကိုက်တာတွေ ခဲတာတွေ ဖောက်ပြန်နေတာတွေ မခံနိုင်တာတွေ မြင်နေတာ သည် ခန္ဓာတွေပေါ်တာ ရုပ်ခန္ဓာတွေ နာမ်ခန္ဓာတွေပေ့ါ။ အဲဒီလို ပေါ်နေတဲ့ခန္ဓာတွေကို ယောဂီတို့ မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ မြင်ပြီ။ ဒီလိုဖြင့်ရင် ဒီပုဂ္ဂိုလ်သည် ခန္ဓာတွေကို မြင်တာ။ သူတစ်ပါးဆီက အငှားနဲ့မြင်တာလား၊ ကိုယ်တိုင်ကိုယ်ကျ မြင်တာလား။ (ကိုယ်တိုင်ကိုယ်ကျ မြင်တာပါဘုရား)။ ကိုယ်တိုင်ကိုယ်ကျ မြင်တဲ့အတွက် ယောဂီတို့ရဲ့ နှလုံးအိမ် သန္တာန်မှာ ပဋိပတ် သာသနာ ကိန်းနေပြီ။ ဘာသာသနာကိန်း။ (ပဋိပတ်သာသနာ ကိန်းပါတယ်ဘုရား)။

www.burmeseclassic.com



## သာသနာကိန်းလျှင် လူဖြစ်ကျိုးနပ်

ပဋိပတ်သာသနာကိန်းဖို့ကတော့ ငှားလို့ မရဘူး။ သူများအကူအညီတောင်းလို့ မရဘူး။ အဲဒီတော့ ကိုယ်ကိုယ်တိုင် ဒကာ၊ ဒကာမတွေ ချွေးနဲ့သွေးနဲ့ မရင်းရဘူးလား။ (ရင်းရပါတယ်ဘုရား)။ အဲဒီတော့ မိဘကလည်း သားသမီးကို အကူအညီပေးလို့မရဘူး။ သားသမီးကလည်း မိဘကို အကူအညီပေးလို့မရဘူး။ ကိုယ့်ကိုယ်ကိုအားကိုးမှ ပဋိပတ္တိသာသနာကိန်းတာ။ ပရိယတ္တိသာသနာ ကိန်းဖို့ကတော့ ဆရာသမား အကူအညီ ပေးလို့ရတယ်။ ပဋိပတ္တိ သာသနာကိန်းဖို့ကတော့ ဘယ်သိကြား ဘယ်နတ် ဘယ်ဘိုးတော် မယ်တော်ကမှလည်း အကူအညီပေးလို့ မရဘူး။ အဲဒီတော့ အကူအညီပေးနိုင်တာက ကိုယ့်ကိုယ်ကိုပဲ အကူအညီပေးနိုင်ပါတယ် ယောဂီတို့။ ရှင်းကော ရှင်းရဲ့လား။ အဲဒီလိုဖြင့်ရင် ပဋိပတ္တိသာသနာကြီး ကိန်းဖို့အတွက်ကို ကိုယ့်ကိုယ်ကို ဒကာ၊ ဒကာမတွေ ကြည့်ရမယ်။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်)။

အဲဒီလို ကြည့်လိုက်တော့ တခြားတွေ့မှာလား၊ ရုပ်နာမ်တွေ တွေ့မှာလား။ (ရုပ်နာမ်တွေ တွေ့မှာပါဘုရား)။ အဲဒီတော့ ကောင်းပြီ ရုပ်၊ နာမ်တွေ၊ ရုပ်၊ နာမ်ကိုပဲကြည့်။ ဘာမှစဉ်းစားမနေနဲ့။ အဲဒီလို ကြည့်လိုက်တဲ့အခါကျတော့ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာသည် ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေ့တာလား၊ ရုပ်၊ နာမ်တွေ့တာလား။ (ရုပ်၊ နာမ်တွေ့တာပါဘုရား)။ ဒါ အကြမ်းဖျင်းသာ မှတ်ထားလိုက်နော်။ သြော် – ဟုတ်ပြီ ရုပ်၊ နာမ်တွေ ဖောက်ပြန်နေတာ၊ နာတာတွေက ရုပ်၊ နာမ် တွေ။ ကျင်တာတွေက ရုပ်၊ နာမ်တွေ။ စိတ်တွေကောင်းတာ၊ မကောင်းတာ နာမ်တွေ – စသည်ဖြင့် ဘာပဲပြောပြော တွေ့တာတွေကိုသာ ကြည့်နေရင် ဒါ– ရုပ်၊နာမ်တွေ ခန္ဓာတွေပဲပေါ့။ အဲဒီခန္ဓာတွေဟာ ကြည့်နေရင်း ကြည့်နေရင်းနဲ့ သက်သာတာ တွေ့တာလား၊ မသက်သာတာတွေ့တာလား။ (မသက်သာတာတွေ့တာပါဘုရား)။ ဒီလိုဖြင့်ရင် ကောင်းတာ တွေ့တာလား၊ မကောင်းတာတွေ့တာလား။ (မကောင်းတာ တွေ့တာပါ)။ ချမ်းသာတာတွေ့တာလား၊ ဆင်းရဲတာတွေ့တာလား။ (ဆင်းရဲတာတွေ့တာပါ)။ ဒီလိုဖြင့်ရင် ဒကာ၊ ဒကာမတွေ တရား အားထုတ်တာ ပထမဦးဆုံး စပြီးတွေ့တာ ချမ်းသာခြင်းနဲ့ တွေ့တာလား။ ဆင်းရဲခြင်းနဲ့ တွေ့တာလား။ (ဆင်းရဲခြင်းနဲ့ တွေ့တာပါဘုရား)။ ဒီလိုဖြင့်ရင် ဆင်းရဲခြင်းကို ကိုယ်တိုင်ကိုယ်ကျ တွေ့နေတာသည်ဘာသာသနာကိန်းနေတာလဲ။ (ပဋိပတ္တိသာသနာ ကိန်းနေတာပါဘုရား)။ အခု – ယောဂီတို့ လက်တွေ့ ကိန်းနေတာနော်။ အဲဒီတော့ ဒီသာသနာဆိုတာက လူတိုင်းကိန်းလို့ ရပ့်မလား။ (မရပါဘူးဘုရား)။ ဒါကြောင့် ခုနပြောခဲ့တာ သာသနာဆိုသည်မှာ ဘုန်းကံမရှိလို့လား။ ဘုန်းကံရှိလို့လား။ (ဘုန်းကံရှိလို့ပါ)။ ဘုန်းကံရှိလို့ ပဋိပတ္တိသာသနာ ကိန်းနေတာ။

အဲဒီတော့ ယောဂီတို့ သည်းခံပြီးတော့ ကြိုးစားပြီးတော့ရှု၊ အင်မတန် ဘုန်းကံပါရမီရှိလို့ ပဋိပတ္တိသာသနာကိန်းနေတာနော်။ သည်းခံပြီးရှုလိုက်တဲ့ အခါကျတော့ သုခတွေ့နေတာလား၊ ဒုက္ခတွေ့နေတာလား။ (ဒုက္ခ တွေ့နေတာပါဘုရား)။ ဒုက္ခကို တကယ်မြင်ရင်တော့ အဲဒီဒုက္ခကို ခင်မင်တွယ်တာဦးမလား။ (မတွယ်တာပါဘူး)။ လိုချင်သေးသလား။ (မလိုချင်ပါဘူး)။ ဒီလိုဖြင့် ဒီဒုက္ခကို ခင်မင်တွယ်တာမှု မရှိတော့ဘူးဆိုကတည်းက သူက ဟိုမှာ သိပ်ပြီးတော့ ဆန္ဒမရှိဘူးပေါ့။ မခင်မင် မတွယ်တာတော့ဘူးဆိုတော့ တဏှာမကုန်ဘူးလား။ (ကုန်ပါတယ်)။ တဏှာပယ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့နော်။ အဲဒီတော့ မခင်မင်တော့ဘူးလို့၊ မခင်မင်တာ တခြားမြင်လို့လား၊ ဒုက္ခမြင်လို့လား (ဒုက္ခမြင်လို့ပါဘုရား)။

အဲဒီတော့ သူ့ကို မချစ်တော့ဘူး။ မုန်းလာပြီ။ အဲဒီလို မုန်းလာပြီ ဆိုတော့ ဒုက္ခကို သူ လိုချင်သေးတာလား၊ မလိုချင်တော့တာလား။ (မလိုချင်တော့ပါဘူး)။ မလိုချင်ရင် သူနဲ့ပတ်သက်ပြီး မစဉ်းစားတော့ဘူးလေ။ အဲဒီလို ဒုက္ခကို လျစ်လျူရှုတဲ့အဓိပ္ပာယ် မရောက်ဘူးလား။ အဲဒီလို လျစ်လျူရှုတာဟာ ကိုယ်က လျစ်လျူရှုတာလား၊ ဉာဏ်က လျစ်လျူရှုတာလား။ (ဉာဏ်က လျစ်လျူရှုတာပါဘုရား)။ သို့ဖြင့် ခန္ဓာမှာ တခြားရှိနေတာလား၊ ဒုက္ခရှိနေတာလား။ (ဒုက္ခရှိနေတာပါဘုရား)။ ဒီဒုက္ခကို တွေ့နေရင် တခြားနဲ့ တွေ့တာလား၊ ခန္ဓာနဲ့ တွေ့နေတာလား။ (ခန္ဓာနဲ့ တွေ့နေတာပါ)။ အဲဒီဒုက္ခဆိုတဲ့ ခန္ဓာကြီးကို ကြည့်ရင်း ကြည့်ရင်းနဲ့ အမလေး မလိုချင်တော့ပါဘူး။ အဲဒီဒုက္ခကို မုန်းတာတွေ၊ ငြီးငွေ့တာတွေ၊ မကြည့်ချင်တာတွေ မပေါ်လာဘူးလား။ (ပေါ်လာပါတယ်ဘုရား)။ အဲဒီလို ပေါ်လာတာသည် တခြားလား၊ ဉာဏ်လား။ (ဉာဏ်ပါဘုရား)။ အဲဒီဉာဏ်နဲ့ ရှုရင်း ရှုရင်းနဲ့ နောက်ဆုံးတော့ ဒုက္ခက အနိစ္စသဘောတရားဆိုတော့ သူက ချုပ်သွားရော၊ ဘာဖြစ်သွားလဲ။ (ချုပ်သွားတာပါဘုရား)။ အဲဒီ ချုပ်သွားတာကို ဒုက္ခမရှိတာကို ဒီမှာ တန်းပြီး မြင်သွားတော့တာပဲ။ ဒုက္ခမရှိတာကို ဒီမှာ တန်းမြင်လိုက်တာ တခြားလား၊ နိရောဓလား။ (နိရောဓပါဘုရား)။ ပဋိဝေဓသာသနာ ကိန်းသွားပြီ။ ဘာသာသနာကိန်းသွားတာလဲ။ (ပဋိဝေဓသာသနာပါဘုရား)။

ဒီလိုဖြင့် ဒုက္ခတရားတွေကို တွေ့နေတာက ဘာသာသနာ။ (ပဋိပတ္တိ သာသနာ)။ ဒုက္ခတွေ ချုပ်ငြိမ်းရပ်သိမ်းသွားတာကို မြင်တာက (ပဋိဝေဓသာသနာ)။ ဒီလိုဖြင့် ယောဂီတို့ သာသနာ ဘယ်နှစ်ရပ် ကိန်းရမလဲ။ (သုံးရပ် ကိန်းရပါမယ်)။ သာသနာဆိုသည်မှာ ဘုန်းကံရှိသူများအတွက် မပြောဘူးလား။ ကဲ–ယနေ့ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ ပဋိစ္စသမုပ္ပါဒ်တရားတွေကို သင်တာက ဘာသာသနာကိန်း။ (ပရိယတ္တိသာသနာကိန်းတာပါ ဘုရား)။ အဲဒါကို ကိုယ်တိုင်ကိုယ်ကျ ခန္ဓာအရင်းတည်ပြီးတော့ လျောင်း ထိုင် ရပ် သွား ဣရိယာပုထ် လေးပါးတို့မှာ ဒီခန္ဓာကို မမြင်၊ မြင်အောင် အားထုတ်တာက ဘာသာသနာကိန်း။ (ပဋိပတ္တိသာသနာကိန်းတာပါ)။ ပဋိပတ္တိသာသနာ ကိန်းတယ်ဆိုတာ တခြား မြင်တာလား၊ ဒုက္ခတွေကို မြင်တာလား။ (ဒုက္ခတွေကို မြင်တာပါဘုရား)။ အဲဒီတော့မှ တကယ့်စစ်မှန်တဲ့ ခန္ဓဒုက္ခတွေဆိုတာ အချိန်ပြည့် ဒီမှာ နှိပ်စက်နေတာနော်။ အဲဒီလို နှိပ်စက်နေတာကိုမြင်ရော ခန္ဓာကို ဒကာ၊ ဒကာမတွေ ခင်သေးလား။ (မခင်တော့ပါဘူးဘုရား)။ မခင်တော့ ခန္ဓာနဲ့ပတ်သက်လို့ မလိုချင်တော့ဘူး။ အဲဒီလို မလိုချင်တော့မှ ခန္ဓာကို ရွံတာတွေ မုန်းတာတွေ ငြီးငွေ့တာတွေနဲ့ ခန္ဓာ မရှိတဲ့ ဒါ – ခန္ဓာရဲ့အဆုံးကို လှမ်းပြီးတော့ ဉာဏ်နဲ့လည်း မြင်လည်း မြင်လိုက်ရော တခြားပေါ်တာလား၊ နိဗ္ဗာန်ပေါ်တာလား။ (နိဗ္ဗာန်ပေါ်တာပါ ဘုရား)။ အဲဒီတော့ နိဗ္ဗာန်ဆိုတာ တခြားသာသနာလား၊ ပဋိဝေဓသာသနာလား။ (ပဋိဝေဓ သာသနာပါ)။ ဒီလိုဖြင့်ရင် ယောဂီတို့ အခုသာသနာ ဘယ်နှစ်ရပ် ကိန်းသွားပြီ။ (သုံးရပ်ပါဘုရား)။

အဲဒီ သာသနာသုံးရပ် ကိန်းဖို့အတွက်က နံပါတ် (၁) အခြေခံအရေးကြီး တာသည် ဘာသာသနာ။ (ပရိယတ္တိသာသနာ)။ ပရိယတ္တိသာသနာက တခြားတာဝန်လား၊ ဆရာ့တာဝန်လား။



www.burmeseclassic.com

www.burmeseclassic.com



(ဆရာ့တာဝန်ပါ)။ ဆရာက ပရိယတ္တိသာသနာ ကိန်းဖို့ သင်ပေးရင် ပဋိပတ္တိသာသနာကိန်းဖို့ ကိုယ်တိုင်ကိုယ်ကျ အားထုတ်ရတယ်။ ကိုယ်တိုင်ကိုယ်ကျ အားထုတ်ရင် ကိုယ်တိုင်ကိုယ်ကျ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဘူးလား။ (ပြုနိုင်ပါတယ်)။ အဲဒီတော့ သာသနာ ဘယ်နှစ်ရပ်။ (သုံးရပ်ပါ)။ အေး သာသနာသုံးရပ် ကိန်းရင် မိမိတို့သည် လူဖြစ်ကျိုးနပ်ပြီလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ပါ။ ဆက်တော့ ဟောချင်တယ်။ တော်ဦးမှနေ့ာ်။ ကဲ – လက်အုပ်ချီ ဆုတောင်းမေတ္တာပို့ပြီး တရားပွဲ သိမ်းလိုက်ကြရအောင်။

( သာဓု – သာဓု – သာဓု )။



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅–ရက် (၂၈.၈.၂၀၀၂) နံနက်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ ––
ဤဓမ္မသဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ဘယ်နှရက်မြောက်ပါလဲ။ (၃–ရက်မြောက်ပါဘုရား)။ ယနေ့ တရားပွဲ စခန်းပွဲ ၃–ရက် မြောက်၏နံနက် ပဋိစ္စသမုပ္ပါဒ် သင်တန်း တရားပွဲကြီးပါပဲ။ ဘာသင်တန်း။ (ပဋိစ္စသမုပ္ပါဒ် သင်တန်းပါဘုရား)။ ပဋိစ္စသမုပ္ပါဒ် သင်တန်းဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရင် ကိုယ့်အကြောင်းကိုယ် သိတာပေါ့နော် ဟုတ်လား။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရင် ဒကာ၊ ဒကာမတွေ ဒိဋ္ဌိ ပြုတ်မယ်နော်။ (မှန်လှပါ ဘုရား)။ ဒီတော့ ယနေ့ ဒီတရား စခန်းပွဲကြီးကို ကြွရောက်ပြီး တရားဝင် တရားအားထုတ် တရားနာကြတာ အဓိကကတော့ ဒိဋ္ဌိ ပြုတ်ဖို့ပါပဲ။ ဘာပြုတ်ဖို့လဲ။ (ဒိဋ္ဌိပြုတ်ဖို့ပါ ဘုရား)။ ဒီတော့ ဒိဋ္ဌိဆိုတာဟာ မနေ့ကလည်းပြောခဲ့ပြီး ငရဲမျိုးစေ့နော်။

### ဓနွာအရှိနဲ့ညဏ်အသိ

အားလုံးသော သတ္တဝါတွေရဲ့ ရင်ထဲမှာ ဒိဋ္ဌိရှိနေသမျှကာလပတ်လုံး ဘယ်တော့မှ နိဗ္ဗာန် မရပါဘူး။ ဒိဋ္ဌိရှိနေသမျှ ကာလပတ်လုံး နိဗ္ဗာန်ရပါ့မလား။ (မရပါဘူး)။ လောကမှာ ဘယ်လို အပြစ်ကြီးတွေကိုမဆို ရဲရဲတင်းတင်းကြီးကို လုပ်ရဲတာ ဒိဋ္ဌိပဲတဲ့။ ပဉ္စာနန္တရိယကံကြီးကိုကျူးလွန်ရဲတာ ဘယ်သူပါလိမ့်။ (ဒိဋ္ဌိပါဘုရား)။ ဘုရားကို သွေးစိမ်းတည်အောင် ပြုရဲတာလည်း ဒိဋ္ဌိပဲ။ အဖကို



www.burmeseclassic.com

www.burmeseclassic.com



သတ်ရဲ တာလည်းဘဲ ဒိဋ္ဌိပဲ။ သံဃာသင်းခွဲရဲတာလည်း ဒိဋ္ဌိပဲ။

ဒိဋ္ဌိသာမရှိရင် ဒါတွေကို မကျူးလွန်နိုင်ပါဘူး။ ဒိဋ္ဌိရှိနေတဲ့အတွက် လောကမှာ အကုသိုလ် မှန်သမျှကို ရဲရဲတင်းတင်းကြီးပြုရဲနေတဲ့သတ္တိသည် ဘယ်သူ့ကြောင့် (ဒိဋ္ဌိကြောင့်ပါဘုရား)။ ဒီလိုဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ မိမိတို့မှာ ဒီဒိဋ္ဌိရှိနေရင်ဖြင့် တော်တော်လေး ကြောက်စရာကောင်း ပါတယ်။ အဲဒီတော့ ဒေဝဒတ်သည် ဘုရားကို သွေးစိမ်းတည်အောင်ပြုရဲတာ ဘယ်သူ့ကြောင့်လဲ။ (ဒိဋ္ဌိကြောင့်ပါဘုရား)။ အဇာတသတ်သည် အဖကိုသတ်ရဲတာ ဘယ်သူ့ကြောင့်လဲ။ (ဒိဋ္ဌိကြောင့်ပါ ဘုရား)။ သံဃာသင်းခွဲရဲတာလည်း ဘယ်သူ့ကြောင့်လဲ။ (ဒိဋ္ဌိကြောင့်ပါဘုရား)။ သိပ်ကြောက်စရာ ကောင်းတယ်။ အဲဒီတော့ ဒိဋ္ဌိဆိုတာဟာ ရင်ထဲမှာ ငရဲမျိုးစေ့ပေါ့နော်၊ ဟုတ်လား။

အဲဒီတော့–အဲဒီဒိဋ္ဌိ သည် တခြားမှာကပ်တာလား၊ မိမိမှာ ကပ်တာလား။ (မိမိမှာကပ်တာပါ ဘုရား)။ သာသနာမကိန်းတဲ့ပုဂ္ဂိုလ်များအတွက်မှာ ဒိဋ္ဌိတွေကပ်နေပါတယ်။ ဘယ်လောက် ကြောက် စရာ ကောင်းသလဲဆိုရင် ဒိဋ္ဌိဆိုတာဟာ ဉာဏ်အားဖြင့်ကြည့်ရင် ဂေါတြဘူဉာဏ်အထိတောင် သူ့နယ်ပယ် တဲ့။ ဒါ ဘုန်းကြီးတို့ ဗဟုသုတယူထားရမှာပါ။ ဉာဏ်နဲ့ကြည့်လျှင် ဘယ်ဉာဏ်ထိအောင် လဲ (ဂေါတြဘူဉာဏ် အထိပါဘုရား)။

ဂေါတြဘူဉာဏ်တဲ့။ ဒါကတော့ ဗဟုသုတအနေနဲ့မှတ်ထား ယောဂီတို့။ဂေါတြဘူဉာဏ်ဆိုတာ ကာမအနွယ်– ပုထုဇဉ်အနွယ်ကိုဖြတ်တာ ဂေါတြဘူတဲ့။ ဒါက ဒေသနာစဉ်အရ ဆရာတော်ဘုရား မိန့်သွားတာကို ဘုန်းကြီးက ထပ်ပြောနေတာ။ ဒီတော့ ဘုံအားဖြင့် ဘဝဂ်ဆိုတော့ ဗြဟ္မာပြည်ပေါ့ဗျာ။ အဲဒီထိအောင် ဗြဟ္မာပြည်တိုင်အောင်လည်းပဲ ဒိဋ္ဌိက သူ့နယ်ပယ်။ ယခု ယောဂီတို့က၊ ဝိပဿနာ ဉာဏ်အားထုတ် နေတယ်ဆိုတော့ ဘုန်းကြီးတို့ ဉာဏ်စဉ်နဲ့ ပြောမယ်ဆိုရင်၊ ဥဒယဗ္ဗယ၊ ဘင်၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုဉ္စိတု၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ ဟိုဘက် ဂေါတြဘူထိအောင် တက်သွား လို့ရှိရင် အဲဒီဉာဏ်ထိအောင် ဒိဋ္ဌိက သူ့နယ်ပယ်တဲ့။ ဘယ်လောက် အင်အားကြီးလဲဆိုတာ ဒကာ၊ ဒကာမတွေ၊ ရှင်းပြီနော်။

အဲဒီတော့ အနီးကပ်ဆုံးပြောရရင် ဝိပဿနာအားထုတ်နေတာတောင်မှ ငါ ဝိပဿနာ အားထုတ်နေတယ်ဆိုရင် ဝိပဿနာဉာဏ်ကို ဘယ်သူအုပ်သွားတာလဲ။ (ဒိဋ္ဌိအုပ်သွားတာပါဘုရား)၊ ကဲ အားမထုတ်တဲ့သူကို ထည့်မပြောနဲ့။ ဝိပဿနာကို တကယ့်ကို ကြိုးကြိုးစားစားနဲ့ ချွေးဒီးဒီးကျခံ ပြီးတော့ အားထုတ်နေတဲ့သူတောင်မှပဲ ဒိဋ္ဌိက သူ့နယ်ကနေ မလွှတ်ဘူး။ အင်း–ငါ ဝိပဿနာ အားထုတ်နေတယ်။ ငါ ဆိုတာ ဘယ်သူလဲ။ (ဒိဋ္ဌိပါဘုရား)။ သိပ်ကြောက်စရာ ကောင်းပါတယ် ယောဂီတို့။

အဲဒီတော့ – ယနေ့ ဒီ ပဋိစ္စသမုပ္ပါဒ်သင်တန်းတွေကို လေ့လာတယ်၊ သင်ကြားတယ်၊ အားထုတ်တယ်ဆိုတာက ဘာပြုတ်ဖို့လဲ။ (ဒိဋ္ဌိပြုတ်ဖို့ပါ ဘုရား)။ ဒိဋ္ဌိဆိုတာ တခြားလား၊ ငါလား။ (ငါပါ ဘုရား)။ ဒါ တဖြည်းဖြည်း ဘုန်းကြီး ဆက်ရှင်းသွားမယ်ပေါ့နော်။ အဲဒီလို ဒိဋ္ဌိပြုတ်ဖို့အတွက် ကို ဘာကိုနားလည်ရမလဲ။ (ပဋိစ္စသမုပ္ပါဒ်နားလည်ရမှာပါဘုရား)။

အဲဒီတော့ – ခြောက် မိမိတို့မှာ ဒိဋ္ဌိတွေ ဘယ်လောက်ထိများတွယ်နေလဲ ဆိုတာ တဖြည်းဖြည်း ပဋိစ္စသမုပ္ပါဒ် သင်တန်းကိုထောက်လာတဲ့အခါကျတော့ ပေါ်လာလိမ့်မယ်။ နေရာ



www.burmeseclassic.com

www.burmeseclassic.com



တကာ ငါချည်းပဲ ဒကာ၊ဒကာမတွေနော်။ အကြမ်းဖျင်းပြောရရင် ငါဆိုတာ တခြားလား၊ သက္ကာယ ဒိဋ္ဌိလား။ (သက္ကာယဒိဋ္ဌိပါဘုရား)။ တကယ်တော့ ငါဟာ မရှိပါဘူး၊ ငါ မရှိပါဘူး။ ငါမရှိတာကို မိမိတို့က အရှိလုပ်ပြီး နေရာတကာ ငါအုပ်ချုပ်လာတဲ့အခါကျတော့ စားတော့လည်းပဲ ငါစားတယ် ဖြစ်တာပဲ။ ဝတ်တော့လည်းပဲ ငါဝတ်တယ် ဖြစ်တာပဲ။ သွားတော့လည်းပဲ ငါသွားတယ် ဖြစ်တာပဲ။ အိပ်တော့လည်းပဲ (ငါအိပ်တယ်)။ အို – နေရာတကာ မှာ ငါ – ငါ – ငါ – ငါ နဲ့ တစ်ငါတည်း ငါ ဖြစ်နေတော့တယ်။ ''ငါ''ဆိုတဲ့ အသုံးကအရေးမကြီးဘူး။ သူနဲ့အသိုင်းအဝန်းတွေက ဒကာ၊ ဒကာမတွေ သိပ်ကြောက်စရာ ကောင်းပါတယ်။ ဒိဋ္ဌိ ရင်ထဲမှာကိန်းပြီဆိုရင် ဟော – တဏှာဆိုတာ လည်း မလာဘူးလား။ (လာပါတယ်ဘုရား)။ မာနဆိုတာ မလာဘူးလား။ (လာပါတယ်)။

အဲဒီတော့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတာ ပပဉ္စတရားပါ။ ဒီတော့ စကားလုံး လေးတစ်လုံး တိုးလာပြန်ပြီ။ ပပဉ္စတရားတဲ့။ ဘာတရားလဲ (ပပဉ္စတရားပါဘုရား)။ ပါဠိလိုက ပပဉ္စ၊ မြန်မာလိုက အကျယ်ချဲ့တဲ့ တရား၊ လောဘ၊ ဒိဋ္ဌိ၊ မာန ဒီသုံးပါးကို ပပဉ္စတရားလို့ခေါ်ပါတယ်။ ဘယ်လို အကျယ်ချဲ့သလဲဆိုတော့ လူ့လောကကြီးမှာအကုန်လုံးပြည့်စုံသူရယ်လို့ မရှိပါဘူး။ တဲလေးရှိတော့ သစ်သားအိမ်၊ အဲဒီကနေ တိုက်အိမ်၊ တိုက်အိမ်ကိုလည်း ငယ်ရာမှ ကြီးချင်၊ ဒက်ကရေးရှင်းတွေ အမျိုးမျိုးဆင်၊ လောဘရှိသလောက် အမျိုးမျိုး တည်ဆောက်၊ ဒါတွေချဲ့နေတာပေါ့။ လောကကြီးကို ချဲ့နေတာ၊ သံသရာကို ချဲ့နေတာ။ လောဘကို တစ်ချို့ ပညာရှင်ကြီးတွေက လိုလိုနေတဲ့တရားလို့ ဘာသာပြန်ကြတယ်။ ဘယ်တော့မှ ပြည့်တယ်လို့ မရှိဘူးတဲ့။ လောဘကြီးရင် ကြီးသလောက် နယ်ချဲ့တယ်။

ဒိဋ္ဌိကလည်း အရိယာမဖြစ်သေးသမျှ ကာလပတ်လုံး နယ်ချဲ့တာပဲ၊ ဘုရားဟောတဲ့ ပိဋကတ်တော်မှာ ဒိဋ္ဌိအယူအဆပေါင်း (၆၂–ခု)ရှိတယ်။ လူအမျိုးမျိုး၊ ဘာသာအမျိုးမျိုး၊ အယူဝါဒအမျိုးမျိုး ရှိတော့ ဒိဋ္ဌိတွေကလည်း ဘယ်တော့မှ ဆုံးနိုင်တော့မှာ မဟုတ်ဘူး။ ပညာရှိတစ်ဦးပေါ်ရင် တစ်ခု ပေါ်လိုက်နဲ့ အယူဝါဒတွေဟာ လိုက်လို့မဆုံးတော့ဘူး။ ဒါကြောင့် ဒိဋ္ဌိကလည်း အကျယ်ချဲ့တတ်တဲ့ တရားထဲမှာပါတာပဲ။

နောက်တစ်မျိုးက မာန၊ မာနဆိုတာက ''ငါလုပ်ရင် ဖြစ်ရမှာပေါ့၊ သူများတောင် ဖြစ်သေးတာ'' လောဘရှိသလောက် မာနကလည်း လောဘနောက် လိုက်နေရတယ်။ ဒီတော့ ဒိဋ္ဌိနဲ့မာန ဆိုတာ လောဘရဲ့ လက်ဝဲရံ လက်ယာရံတွေပဲ။ လောဘက သူ့အလိုပြည့်အောင် ဒိဋ္ဌိကိုတစ်မျိုးခိုင်း၊ မာနကိုတစ်မျိုးခိုင်းထားတယ်။ ဒါ–ပပဉ္စ အကျယ်ချဲ့တတ်တဲ့ တရား ၃–ခု ပေါ့နော်။

သို့ဖြင့် အရှင်ဘုရား၊ ပပဉ္စတရားက ဘာဖြစ်မလဲ။ ပပဉ္စတရားကိန်းရင် ဒကာ၊ ဒကာမတွေ လုပ်ချင်သလောက် ဒါနတွေပြု နိဗ္ဗာန်မရောက်၊ တည်ဆောက်ချင်သလောက် သီလတွေ ဆောက်တည် နိဗ္ဗာန်မရ။ သို့သော် ပပဉ္စတရားကြောင့် တခြားသွားမှာလား အပါယ်သွားမှာလား။ (အပါယ်သွားမှာပါဘုရား)။ ရှင်းကောရှင်းရဲ့လား။ ဘာကြောင့်လဲဆိုတော့ မာနဟာ ဘယ်မာနမှ ဒကာ၊ ဒကာမတွေ မကောင်းပါဘူး – နော်။ သို့သော် တစ်ခုပဲရှိတယ်။ ကောင်းသောမာနဟာ ဆရာတော် ဘုရား မိန့်သွားခဲ့လို့ ဘုန်းကြီးတို့ နာလိုက်ရတာပေါ့နော်။ တရားအားထုတ်တဲ့နေရာမှာသာ ကောင်းတဲ့မာနလေးရှိတာ။

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ စကားစပ်သွားလို့ပေါ့နော်။ သူများက တရားအားထုတ် နေတယ် ယောဂီတို့။ ကိုယ် အားမထုတ်နိုင်ဘူးဆိုရင် အင်မတန် ရှက်စရာ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။ ကောင်းသောမာနနော်။ ကောင်းသောပြိုင်ဆိုင်ခြင်းနော်။ ဟာ – သူတောင် အားထုတ်နိုင်သေးတာ။ ငါဘာလို့ အားမထုတ်နိုင်ရမှာလဲ။ ဒီတော့ မာနဆိုတာ တကယ်တော့ မကောင်းတာ အမှန်ပဲ။ မာနဆိုတာ ကောင်းပါ့မလား။ (မကောင်းပါဘူးဘုရား)။

မကောင်းသော်လည်း ဒီနေရာမှာ ဒကာ၊ ဒကာမတွေ ဒီမာနကို ထားကောင်းတယ်မှတ်။ သူများတွေ တစ်နာရီတရားအားထုတ်နိုင်ရင် ငါ ဘာလို့ အားမထုတ်နိုင်ရမှာလဲလို့ မာန မထားရဘူးလား။ ဩော် – သူများတွေ စကြံလျှောက်နိုင်တာ၊ ငါ ဘာလို့ မလျှောက်နိုင်ရမှာလဲ။ ဟော အခု ယောဂီတို့ တစ်နာရီ၊ စကြံချိန် ဘယ်လောက်ပေးထားလဲ။ (တစ်နာရီပါ ဘုရား)၊ မနက် ၈–နာရီကနေ ၉–နာ ရီက စကြံချိန် တစ်နာရီနော်။ လျှောက်ကော လျှောက်ကြရဲ့လား။ (လျှောက်ပါတယ် ဘုရား)။ မလျှောက်လို့ မရဘူး။ စကြံချိန် တစ်နာရီ ပေးထားတာ။ ဘာကြောင့်လဲဆိုတော့ စကြံနဲ့ တရားတွေ့မဲ့ပုဂ္ဂိုလ်က စကြံမလျှောက်ရင် အဲဒီ ပုဂ္ဂိုလ်အတွက်က ကွက်လပ် ဖြစ်သွားပါလိမ့်မယ်။

အဲဒီတော့ ယောဂီတို့ရဲ့တရားက ဘယ်ပုံဘယ်နည်း တွေ့မယ်ဆိုတာ သိပါ့မလား၊ (မသိပါဘူးဘုရား)။ မသိဘူး။ အကယ်လို့များ မိမိသည် ဟောဒီစကြံကို ရှုမှတ်နေရင်းနဲ့ တရားတွေ့လို့၊ စကြံကိုခိုကပ်ပြီးတော့ ပျင်းနေရင် တရားမတွေ့ တော့ဘူး။ ထိုင်ရင်းနဲ့ တရားတွေ့ရင်တွေ့မယ်နော်။ အဲဒါကြောင့်မို့ ဣရိယာပုတ်လေးပါးတွင် လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါးတိုင်းကို ဒကာ၊ ဒကာမတွေ ရှုမှတ်ရမှာနော်။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်)။

အဲဒီတော့ ခုနစကားပြန်ဆက်။ သူများစကြံလျှောက်နိုင်တာ ငါ ဘာလို့ မလျှောက်နိုင်ရမှာလဲ။ ကြိုးစားလျှောက်မယ်။ မာနလေးပေါ့။ သို့သော် မာနဆိုတာကတော့ မကောင်းဘူးနော်။ မကောင်းတော့ ဒါကို ဥပမာနဲ့ပြောမှ ရှင်းမယ်။ ဒီလိုဖြင့် အရှင်ဘုရား သူများတရားအားထုတ်တဲ့အခါ ငါ ဘာလို့ အားမထုတ်နိုင်ရမှာလဲဆိုတဲ့မာနကို ဘာဖြစ်လို့ အားပေးနေရတာလဲ။ ဆရာတော်ရဲ့ ဩဝါဒအတိုင်းနော်။ ဒါကို ထပ်ရှင်းမှဖြစ်မယ် ယောဂီတို့။

ဥပမာ–သူများတရား အားထုတ်တယ်၊ ငါ ဘာလို့အားမထုတ် နိုင်ရမှာလဲ ဆိုတော့ ဒါ–မာနပေါ့။ အဲဒီမာနကြောင့် တရားအားထုတ်ဖြစ်သွားပြီ။ ဒီပုဂ္ဂိုလ် ဘာကြောင့် အားထုတ်တာလဲ။ (မာနကြောင့်ပါ)။ သူများတွေ တရားနာတယ်။ ငါဘာလို့မနာနိုင်ရမှာလဲ။ သူများတွေ တရားထိုင်တယ်။ ငါ ဘာလို့မထိုင်နိုင်ရမှလဲဆိုတော့ ဘာကြောင့်လဲ။ မာန၊ ယှဉ်ပြိုင်ခြင်း၊ ကောင်းသော ယှဉ်ပြိုင်ခြင်း။ အဲဒီကောင်းသော ယှဉ်ပြိုင်ခြင်းကြောင့် ဒီပုဂ္ဂိုလ် တရားအားထုတ်ဖြစ်သွားတာ။ အကယ်၍သာ ဒီမာနမရှိရင် ဒီပုဂ္ဂိုလ်တရားအားထုတ်ဖြစ်ပါ့မလား။ (မထုတ်ဖြစ်ပါဘူးဘုရား)။ ဒီလိုဖြင့် တရားအားထုတ်တယ်ဆိုတာ စီးပွားရေးတွေ ကြံနေတာလား။ (မဟုတ်ပါဘူး)။ သားရေး သမီးရေးတွေ ကြံနေတာလား။ (မဟုတ်ပါဘူး)။ ခန္ဓာအရှိနဲ့ ဉာဏ်အသိကို ကိုက်အောင်လုပ်တဲ့အလုပ်ကို တရားအားထုတ်တယ်လို့ ခေါ်ပါတယ်။

ဒီလိုဖြင့်ရင် ယောဂီတို့ ခန္ဓာအကြောင်းကတော့ မသင်ရသေးဘူး။ ဒါပေမဲ့ ဖြတ်ပြောလိုက်ဦးမယ်နော်။ ခန္ဓာအရှိဆိုတာ၊ ဥပမာ – ဝင်လေသိ၊ ထွက်လေသိ မှတ်တယ်။ မှတ်ပြီးတော့ ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ထဲကို မိမိတို့ကပေါ်တာကို ဉာဏ်စိုက်လိုက်တော့ ခန္ဓာထဲမှာ ပေါ်တာဟာ ညောင်းတာတွေ၊ ကျင်တာတွေ၊ ကိုက်ခဲတာတွေ ဒုက္ခဝေဒနာတွေ မတွေ့ရဘူးလား။ (တွေ့ရပါတယ်)။ ဒါကတော့ အကြမ်းဖျင်း ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဒါတွေကို တွေ့ရမယ်ပေါ့။

အဲဒီလိုတွေ့နေတဲ့ နာတာတွေ၊ ကျင်တာတွေ၊ ကိုက်တာတွေ၊ ညောင်းတာ တွေ၊ ဘာတွေဟာ အကုန်လုံးကို မျက်စိမှိတ်ပြီးကြည့်လိုက်ရင် ဉာဏ်ထဲမှာ မမြင်ရဘူးလား။ (မြင်ရပါတယ်ဘုရား)။ မထင်မရှား မြင်ရတာလား။ ထင်ထင်ရှားရှားကြီး မြင်ရတာလား။ (ထင်ထင်ရှားရှားကြီး မြင်ရတာပါဘုရား)။ ဒါ ယောဂီတို့ လက်တွေ့လုပ်နေတာနော်။ အဲဒီလို ထင်ထင်ရှားရှားကြီးမြင်နေတာသည် လက်နဲ့ကိုင်ပြလို့ မရတာလေး တစ်ခုပဲရှိတယ်။ ထင်ရှားတာမှ ဘွေးဒီးဒီးကျအောင် ထင်ရှားနေတယ်နော်။ ရှင်းကောရှင်းရဲ့လား။

အဲဒီ ဘွေးဒီးဒီးကျအောင် ထင်ရှားနေတဲ့ ခုနက ညောင်းတာ၊ ကျင်တာ၊ ကိုက်တာ ဝေဒနာတွေမှာ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ပါရဲ့လား။ (မပါပါဘူးဘုရား)။ သို့ဖြင့် ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမပါဘူးလို့ ပြောနိုင်တာ တခြားကိုတွေ့နေလို့လား။ ခန္ဓာကို တွေ့နေလို့လား။ (ခန္ဓာကို တွေ့နေလို့ပါဘုရား)။ ဝေဒနာတွေ တွေ့နေလို့၊ ခန္ဓာကိုတွေ့နေလို့၊ ဒုက္ခကို တွေ့နေလို့။ အဲဒီလိုတွေ့နေတဲ့အတွေ့ ကဲ – အဲဒီလိုတွေ့နေတဲ့အတွေ့ပေါ်မှာ ဒကာ၊ ဒကာမတွေ ရှုရမှာနော်။

ဒီလိုဖြင့် စောစောတုန်းက ဒီလိုရှုဖြစ်သွားတာ ဘယ်သူ့ကြောင့်လဲ။ မာနကြောင့်။ သို့ဖြင့် အဲဒီမာနတွေ ဒီနေရာမှာ လာသေးလား။ သေသွားပြီ။ မာနကြောင့်ဖြစ်လာတဲ့တရားက အဲဒီမဂ္ဂင်သည် မာနကို ပြန်သတ်ပစ်လိုက်တာပဲ။ ရှင်းကောရှင်းရဲ့လား။ အဓိပ္ပါယ်ရှင်းသွားပြီနော်။

အဲဒါကြောင့် အဲဒီမာနမျိုးကတော့ ထားကောင်းတယ်။ တခြားဒိဋ္ဌိနဲ့ တဏှာနဲ့ယှဉ်တဲ့ မာနမျိုးကတော့ အပါယ်ကျမယ်လို့သာ ဆုံးဖြတ်ချက်ချ။ ရှင်းတယ်နော်။

ဒီထက်ရှင်းအောင် ဥပမာတစ်ခုပေးမယ်။ ရွှံ့ဗွက်ကို ဒကာ၊ ဒကာမတွေ နင်းလိုက်ရင် ခြေထောက်မှာ ရွှံ့မပေဘူးလား။ (ပေပါတယ်ဘုရား)။ ပေတဲ့ရွှံ့ကို ရေနဲ့ဆေးလိုက်လို့ရှိရင် ဒကာ၊ ဒကာမတွေ မစင်ဘူးလား။ (စင်ပါတယ်ဘုရား)။ အဲဒီတော့ ရွှံ့ဆိုတာက မာနနဲ့တူတယ်။ ရေဆိုတာက မဂ္ဂင်နဲ့တူတယ်။ ပေသောရွှံ့ကို မဆေးဘဲထားရင် ဒကာ၊ ဒကာမတွေ ခြေထောက်ညစ်ပတ်မယ်။ ညစ်ပတ်သွားပြီ – နော်။ မညစ်ပတ်အောင် ဘာလုပ်ရမလဲ။ ရေဆေးမယ်။ ဒီတော့ ဒီရွှံ့ဟာ မနင်းလို့မဖြစ်ဘူး။ နင်းကိုနင်းရမယ်။ ဒီလမ်းလျှောက်လို့ရှိရင် ဒီဟာ ရှောင်လို့ရပါ့မလား။ ရှောင်လို့မရရင် နင်းမယ်။ နင်းရင်တော့ ပေကုန်ပြီ။ ပေကုန်ရင် ဒီအတိုင်း ကြည့်ရမှာလား။ ဆေးချရမှာလား။ (ဆေးချရမှာပါဘုရား)။ အဲဒီတော့ ဒီတိုင်းနင်းလိုက်တာ ရှောင်လို့မရဘဲ နင်းလိုက်တာက မာနနဲ့တူတယ်။ အဲဒီတော့ မာနကြောင့် တရားထိုင်လိုက်တာသည် တခြားနဲ့ ရှုတာလား။ မဂ္ဂင်နဲ့ရှုတာလား။ (မဂ္ဂင်နဲ့ပါဘုရား)။ အဲဒီရှုတဲ့မဂ္ဂင်သည် ဖြစ်ပေါ်သမျှသော အရာမှန်သမျှ အရှုခံမှန်သမျှကို အကုန်ရှုချလိုက်တော့ ရေနဲ့ ဆေးတာနဲ့ မတူဘူးလား။ (တူပါတယ်)။ အဲဒါကြောင့်မို့ ခုနပြောတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတာ ခုန မာနအကြောင်းလေး ဆက်ပြောလိုက်တာနော်။ အဲဒီမာန မျိုးကတော့ ယောဂီတို့ထားကောင်းတယ်။ ထားပါ။ ဘာကြောင့်လဲဆိုတော့ မာနကြောင့်ဖြစ်တဲ့ မဂ္ဂင်သည် မာနကို ပြန်ပြီးတော့ သတ်ဦးမှာ။ ဒါ – အလုပ်ခွင်နော်။ အဲဒီ တဏှာ၊ မာန၊ ဒိဋ္ဌိတွေရှိရင် တခြားသွားမှာလား၊ အပါယ်သွားမှာလား။ (အပါယ်သွားရမှာပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို တဏှာ၊ မာန၊ ဒိဋ္ဌိတွေရှိတာလည်းပဲ တခြားနားမလည်လို့လား၊ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့လား။ (ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပါဘုရား)။ ရှင်းသွားပြီပေါ့။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကိုမသိရင် လူမဖြစ်သေးဘူးနော်။ လူဖြစ်ကျိုးမနပ်သေးပါဘူး။ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကိုသိအောင်ကဲ – အားလုံးပဲ တစ်ပတ်တော့ ပူဇော်ကြဦးစို့နော်။

ဒီနေ့တော့ အပေါ်ပိုင်းလေးကို ရှင်းမယ်လို့ စိတ်ကူးပါတယ်၊ ဟုတ်လား။ အချိန်တော့နည်းနည်းလုရမယ်။ ကဲ – အောက်ပိုင်းကို မဆိုနဲ့၊ ဒီအပေါ်ပိုင်းကို ဆို။

**အဝိဇ္ဇာနှင့် တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်၊ အပင်မှ မျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျော်။ ဖြဟ္မာ သိကြား၊ စသည်များက ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မျှော်။**

ဒါ–– ဒိဋ္ဌိဖြုတ်ခန်းနော်၊ ယောဂီတို့။ ကဲ––အဲဒီတော့ အောက်အပိုဒ် အသာထားလိုက်တော့၊ အချိန်မရဘူးနော်။ အပေါ်ပိုဒ်လေးကို ရှင်းပါမယ်။ ဒါ–– ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းသင်တန်းကိုသင်တဲ့အခါမှာ ဒီစာပိုဒ်တွေ တစ်ခုချင်း နားလည်သွားမှ ကိုယ့်ကိုယ်ကို သဘောပေါက်ပါလိမ့်မယ်ဟုတ်လား။ အဲဒီတော့ အချိန်လေးရတုန်း၊ နောက်ပိုင်း ဒါပြန်ကိုင်နိုင်ချင်မှ ကိုင်နိုင်မှာ။

အဝိဇ္ဇာနှင့်တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်။

ဒီတစ်ပိုဒ် ကိုရှင်းပါမယ်။ အားလုံးဒီမှာ ယောဂီတို့စက်ဝိုင်းကြည့်စမ်းပါ။ ဒါ ဘာအကွက်လဲ။ နံပါတ်(၁)အကွက်နော်။ နံပါတ်(၁)အကွက်မှာရှိနေတဲ့တရားတွေ ဒီနဲ့ဒီအကြားပေါ့နော်။ နံပါတ်(၁)အကွက်ကို ကြည့်မယ်ဆိုရင် တစ်ဆင့်ချင်း ကြည့်မယ်နော်။ သစ္စာနဲ့ကြည့်ရင် ဒီမှာဘာသစ္စာတွေ့။ (သမုဒယသစ္စာတွေ့ပါတယ်ဘုရား)။ ဒီတော့အလ္လာနဲ့ကြည့်တော့ ဘာအလ္လာတွေ့။ (အတိတ်အကြောင်းတစ်လ္လာတွေ့ပါတယ် ဘုရား)။ ကာလနဲ့ကြည့်တော့ ဘာကာလတွေ့။ (လွန်လေပြီးသော အတိတ်ကာလပါဘုရား)။ အင်္ဂါတစ်ဆယ့်နှစ်ပါးနဲ့ကြည့်တော့ ဘာနဲ့ဘာနဲ့တွေ့။ (အဝိဇ္ဇာနဲ့ သင်္ခါရပါဘုရား)။ ခြင်းရာနှစ်ဆယ်နဲ့ကြည့်တော့ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပဒါန်၊ ဘဝ ပါဘုရား)။ ဒီမှာ ဝဋ်နဲ့ကြည့်တော့ ဘာဝဋ်နဲ့ဘာဝဋ်တွေ့။ (ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပါဘုရား)။ အဲဒီ အခုပြောနေတဲ့တရားတွေက ဘာအကွက်ထဲမှာလဲ။ (နံပါတ် ၁–အကွက်ထဲမှာပါဘုရား)။ ဟုတ်ပြီ။

အဝိဇ္ဇာနဲ့ တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်ဆိုတာ ၁–အကွက်ကို ယောဂီတို့ရှင်းမယ်နော်။ ဒီစာပိုဒ် အပေါ်စာပိုဒ်အတွက်၊ ဒီမှာကြည့် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။ ဒီမှာ တရားဘယ်နှစ်ခု (၅–ခုပါဘုရား)။ တရား ၅–ခုတွင် ဟိုမှာ အဝိဇ္ဇာနှင့် တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ် ဆိုတဲ့ ဒီလင်္ကာဆောင်ပုဒ်လေးကိုကြည့်ရင် ဟော ဒီမှာ ဘယ်သူရှိ။ (အဝိဇ္ဇာနဲ့ သင်္ခါရပါဘုရား)။ အဝိဇ္ဇာဆိုတာက အမိမြန်မာစကားမဟုတ်ဘူး။ ပါဠိစကားတွေနော်။ အဲတော့ အဲဒီလို ပါဠိစကားကို မြန်မာလိုပြန်လိုက်တော့ အဝိဇ္ဇာဆိုတာက သစ္စာကို မသိတဲ့တရား။ ဘာကိုမသိတဲ့တရားလဲ။ (သစ္စာကိုမသိတဲ့ တရားပါဘုရား)။ ဆရာတော်ဘုရားကြီးက ကျယ်သလောက်ဖွင့်မသွားဘူးနော်။ တဖြည်းဖြည်း တဖြည်းဖြည်းချင်း၊ ဒကာ ဒကာမတွေရဲ့နားနဲ့ တန်သလောက်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ဒီလိုနည်းနည်း နည်းနည်းနဲ့ ဖြည်းဖြည်းချင်းဖွင့်သွားတာ။ ဒါကြောင့် ဆရာတော် အဝိဇ္ဇာကို ဖွင့်တယ်ဆိုတဲ့နေရာမှာ ပရိယတ်ကိုကိုင်ပြီးတော့ တစ်ခုချင်း တစ်ခုချင်း ဖြည်းဖြည်းချင်းဖွင့်သွားတာနော်။

အဝိဇ္ဇာဆိုတာ တခြားမသိတာလား၊ သစ္စာလေးပါး မသိတာလား။ (သစ္စာလေးပါး မသိတာပါဘုရား)။ ပထမအဆင့်အနေနဲ့ အဝိဇ္ဇာဆိုတာ မသိတဲ့ တရားလို့ဖွင့်သွားတယ်။ အဝိဇ္ဇာဆိုတာ သိတဲ့တရားလား၊ မသိတဲ့တရားလား။ (မသိတဲ့တရားပါဘုရား)။ ဒီလိုဖြင့်ရင် ဘာကိုမသိတာလဲလို့ တစ်ဆင့်တက်လိုက်တော့ သစ္စာလေးပါးမသိတာ။ ဘာကိုမသိတာပါလိမ့်။ (သစ္စာလေးပါးကိုမသိတာပါဘုရား)။ သို့ဖြင့် သစ္စာလေးပါးကို မသိတာဘယ်သူလဲ။ (အဝိဇ္ဇာပါဘုရား)။ အဝိဇ္ဇာဆိုတာ ဘာကိုမသိတာ။ (သစ္စာလေးပါးကို မသိတာပါဘုရား)။ စာလိုသင်တာက ပရိယတ်၊ ခန္ဓာထဲကို ကြည့်လို့မြင်တာက ပဋိပတ်။ သို့ဖြင့် ဘုန်းကြီးတို့ အားလုံးသော တရားအားထုတ်နေတဲ့ ယောဂီတွေမှာ သာသနာနှစ်ရပ်ကတော့ မကိန်းလို့မရဘူး။ ပရိယတ် သာသနာ၊ ပဋိပတ် သာသနာ-- ဟုတ်လား။ သို့ဖြင့် သင်နေတဲ့ အဝိဇ္ဇာသည် တခြားလား၊ သစ္စာလေးပါး မသိတာလား။ (သစ္စာလေးပါးမသိတာပါဘုရား)။ ဟော-- ယောဂီတို့ဒီနေ့မနက် ပရိယတ်သာသနာကိန်းသွားပြီ။ နှိမ့်လို့ရှိရင် ဟော အဝိဇ္ဇာ ဝိဇ္ဇာ စသည်ဖြင့်လာမှာပေါ့။

## အဝိဇ္ဇာဟူသည်

ဒီတော့ အဝိဇ္ဇာဆိုတော့ အ-ဖြုတ်လိုက်တော့ ဘာဖြစ်လဲ။ (ဝိဇ္ဇာပါဘုရား)။ ဝိဇ္ဇာ၊ ထိုးထွင်းပြီးသိတဲ့ပညာဟာ ဝိဇ္ဇာပါပဲ။ဒီတော့ အ-ပါတော့ အဝိဇ္ဇာ။ အဝိဇ္ဇာက သစ္စာလေးပါးကို မသိတာ။ အ--ဆိုတာ မ,ကိုး။ သစ္စာလေးပါးကို မသိတာ။ ဝိဇ္ဇာက သစ္စာလေးပါးကိုသိတာ။ ဒီလိုဖြင့် သစ္စာလေးပါးကို သိတာသည် ဝိဇ္ဇာဉာဏ်၊ သစ္စာလေးပါးကို မသိတာက အဝိဇ္ဇာ။ သစ္စာလေးပါးကိုမသိတဲ့ အဝိဇ္ဇာဆိုတာက အ-ကာသိုလ်။

ဘုန်းကြီးတို့ အဘိဓမ္မာမှာကျတော့ တော်တော်များများ ဗုဒ္ဓဘာသာ သူတော်စင်တွေက အဝိဇ္ဇာ ဝိဇ္ဇာကျ သိပ်မရင်းနှီးဘူး။ ဘာရင်းနှီးလဲဆိုတော့ မောဟကျတော့ အမြဲတမ်းပါးစပ်က ပြောဆိုနေတော့ ပိုပြီးတော့ ရင်းနှီးတယ်။ ဘာလို့လဲဆိုတော့ သူက ပဋိစ္စသမုပ္ပါဒ် ဒေသနာမှာ အဝိဇ္ဇာ ဝိဇ္ဇာနဲ့ ဟောတာကိုး။ သို့သော် အဘိဓမ္မာနဲ့ကျတော့ အဝိဇ္ဇာဆိုတာ တခြားလား၊ မောဟတရားလား။ (မောဟတရားပါဘုရား)။ မောဟ အမိုက်မှောင်၊ အမောဟက အလင်းရောင်။ မောဟကို အဝိဇ္ဇာလို့ခေါ်တယ်ဆိုရင် အမောဟပညာ ကိုတော့ ဝိဇ္ဇာလို့ခေါ်တာပေါ့။ မောဟဝင်လာရင် ခန္ဓာကိုယ်ထဲမှာ မှောင်သွားတယ်။ အမောဟက ပညာ အလင်းရောင်ဆိုတော့ ဘယ်နေရာမှာ လင်းသလဲဆိုတော့ ဒီခန္ဓာကိုယ်တွင်းမှာ လင်းသွားတာ။

အဲဒီတော့ ဗုဒ္ဓဘာသာတွေ ရင်းနှီးတဲ့အဝိဇ္ဇာ ဝိဇ္ဇာဆိုတာကတော့ ဝိဇ္ဇာလို့ပြောလိုက်တာနဲ့ မြန်မာနိုင်ငံရှိတဲ့ ဗုဒ္ဓဘာသာဝင် ဘာသွားသွားပြီး ရင်းနှီးတာလဲဆိုတော့ ဟာ ဝိဇ္ဇာဆိုရင် ခေါင်းပေါင်းနဲ့ တောင်ဝှေးနဲ့ ဟော၊ ဒါ တန်းမြင်တယ်။ ဒါ အရင်းနှီးဆုံးနော်။ ဝိဇ္ဇာဆိုတာနဲ့တစ်ပြိုင်တည်း ခေါင်းပေါင်းတွေ၊ တောင်ဝှေးတွေ၊ ပုတီးတွေ အမြှုတွေ အနီတွေ ဒါတွေရုပ်ပွကုန်ရော။ အဲဒါကတော့

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင်တွေ ရင်းနှီးတာ။ သို့သော် အခုပြောနေတဲ့ အထဲမှာ အဲဒါတွေ ပါရဲ့လား။ (မပါ ပါဘူးဘုရား)။ တစ်ခုမှ မပါပါဘူး ဒကာ၊ ဒကာမတွေ။ အဖြူလည်းမပါဘူး၊ အနီလည်း မပါဘူး။ တောင်ဝှေးလည်းမပါဘူး။ ခေါင်းပေါင်းလည်းမပါဘူး။ ဒီလိုဖြင့် တခြားပြောနေတာလား၊ ပညာကို ပြောနေတာလား။ (ပညာကိုပြောနေတာပါဘုရား)။ ဒီလိုဖြင့်ရင် အဝိဇ္ဇာဆိုတာ တခြားမသိတာလား။ သစ္စာလေးပါး မသိတာလား။ (သစ္စာလေးပါး မသိတာပါဘုရား)။ သစ္စာလေးပါးကိုသိရင်ဘာဖြစ်။ (ဝိဇ္ဇာဖြစ်ပါတယ်ဘုရား)။ သစ္စာလေးပါးကို မသိရင် (အဝိဇ္ဇာဖြစ်ပါတယ်ဘုရား)။ အဲဒီ အဝိဇ္ဇာဆိုတဲ့ တရားက၊ ကုသိုလ်တရားလား။ အကုသိုလ် တရားလား။ (အကုသိုလ်တရားပါဘုရား)။

သို့ဖြင့် သစ္စာလေးပါးက ဒီမှာ စာထဲမှာ ရေးထားတာက နှစ်ပါးရေးထားတာ။ ဘာနဲ့ ဘာနဲ့ လဲ။ (သမုဒယသစ္စာ၊ ဒုက္ခသစ္စာ)။ ဒါက သံသရာကိုတစ်သက်လုံး တစ်သံသရာလုံး လည်လာတဲ့ သစ္စာနှစ်ပါး)။ သံသရာထဲကထွက်မယ့် သစ္စာနှစ်ပါးက မဂ္ဂသစ္စာ၊ နိရောဓသစ္စာ။ ဘယ်နှစ်ပါး (နှစ်ပါးပါဘုရား)။ ကဲ-လည်တဲ့နှစ်ပါးပြောပါ။ (သမုဒယသစ္စာ၊ ဒုက္ခသစ္စာ)။ အဲဒီ သစ္စာလေးပါးကို မသိတာ (အဝိဇ္ဇာပါဘုရား)။ အဝိဇ္ဇာတဲ့။ အခု ဘုန်းကြီး နံပါတ် ၁-အကွက်ကိုတော့ ဘယ် ကာလထောက်ပြောနေတာလဲ။ (လွန်လေပြီးသောအတိတ်ကာလပါဘုရား)။

ဒီလိုဖြင့် လွန်လေပြီးသော အတိတ် ကာလကို ဒီစက်ဝိုင်းဒေသနာတော်က ပရိယတ်နော်။ စာသင်နေတာ။ အဲဒီလို ပရိယတ်အနေနဲ့ စာသင်နေတာက ဒကာ၊ ဒကာမတွေ သူများအကြောင်း သင်တာလား။ ကိုယ့်အကြောင်း ကိုယ်ပြောတာလား။ (ကိုယ့်အကြောင်း ကိုယ်ပြောတာပါဘုရား)။ ဒီတော့ ဘုန်းကြီးတို့အကြောင်း ဒကာ၊ ဒကာမတွေကလည်း ကိုယ့်အကြောင်းကိုယ် ပြောနေတာ။ ဒီလိုဖြင့် ကာလနဲ့ထောက်ကြည့်တော့ ဘယ်ကာလကို ထောက်ကြည့်လဲ။(လွန်လေပြီးသော အတိတ်ကာလပါဘုရား)။ သူများလုပ်ခဲ့တာလား၊ ကိုယ်လုပ်ခဲ့တာလား။ (ကိုယ်လုပ်ခဲ့တာပါဘုရား)။ အော်-- လက်စသတ်တော့ မိမိတို့သည် အတိတ်ကာလ ဘယ်သူနဲ့နေခဲ့လဲ။ (အဝိဇ္ဇာနဲ့ နေခဲ့ တာပါဘုရား)။ အဝိဇ္ဇာနဲ့နေခဲ့တာလို့ ပြောနိုင်တာက တခြားကြောင့်လား။ သစ္စာမသိလို့လား။ (သစ္စာမသိလို့ပါဘုရား)။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ သစ္စာလေးပါးမသိတာက (အဝိဇ္ဇာပါဘုရား)။ သစ္စာလေးပါးကို မသိတဲ့အခါကျ တော့ အဲဒီမသိတဲ့ အပေါ်မှာ လိုချင်တာက (တဏှာပါဘုရား)။ သစ္စာလေးပါးကို မသိတာက (အဝိဇ္ဇာ)။ လိုချင်တာက (တဏှာ)။ ကဲ -- ဒီတော့ ကောင်းပြီ။ အဲဒါက ဘုန်းကြီးက ပရိယတ် အနေနဲ့ဟောတာပေါ့။ဒီတော့ -- တရားနာတဲ့ အားလုံးသောယောဂီများက ကိုယ့်ဘဝနဲ့ကိုယ် ပြန်ဟပ်ကြပါစို့။ သစ္စာလေးပါးကိုမသိတာ ဘယ်သူ (အဝိဇ္ဇာပါဘုရား)။ သစ္စာလေးပါးမှာ ဘာသစ္စာ။ (သမုဒယသစ္စာ၊ ဒုက္ခသစ္စာပါဘုရား)။ ထွက်တဲ့သစ္စာက (မဂ္ဂသစ္စာ၊ နိရောဓသစ္စာပါဘုရား)။ ဒီတော့ ရှင်သာရိပုတ္တရာကို ဟောသွားတဲ့ ''ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော။ အာဟ တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော'' ဆိုတဲ့ ဒီပါဋ္ဌိလေး ဘုန်းကြီး ဟိုတစ်နေ့က ရွတ်ပြသွားတယ်နော်။ တေဘူမကသံခါရ ဟူ၍ ဒုက္ခသစ္စာ တရားတို့သည် အကြောင်းတရား အရင်းခံရှိတယ်ဆိုတော့ သမုဒယကြောင့် ဖြစ်လာတာ။ သမုဒယသစ္စာသာလျှင် အမှန်အစဖြစ် ပါတယ်။ဒုက္ခသစ္စာကို ထောက်ဟောတာ။ ဘာကို အရင်စဟောတာလဲ။ (ဒုက္ခသစ္စာကို ဟောတာပါ ဘုရား)။ ဒုက္ခသစ္စာကို ဟောတာပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



**ဘဝမေ့နဲ့**

အဲဒီတော့ အဲဒီဒုက္ခသစ္စာကိုမသိတာက (အဝိဇ္ဇာ)။ ကောင်းပြီ။ ကိုယ့်ဘဝနဲ့ကိုယ် ဟပ်ကြပါစို့။ အခုနတုန်းကပြောခဲ့တဲ့ အကြင် ဇာတိ ဇရာ ဗျာဓိ မရဏ အစရှိသော ဒုက္ခသစ္စာတရားတို့ကို ယောဂီတို့ မသိရင် ဘာဖြစ်မလဲ။ (အဝိဇ္ဇာပါ ဘုရား)။ ဟုတ်ပြီနော်။ အခု ဇာတိ ဇရာ ဗျာဓိ မရဏ ဆိုတဲ့ ဒုက္ခသစ္စာတရားတွေဟာ ယခုလောလောဆယ် ရနေတာ။ ဘယ်ဘဝမှာရတာလဲ။ (ပစ္စုပ္ပန်ဘဝ မှာပါဘုရား)။ ဟော – အခု ဘုန်းကြီးတို့အားလုံး ယောဂီတွေမှာ ဘာနဲ့နေသလဲဆိုရင် ဇာတိ ဇရာ ဗျာဓိ မရဏ။ ဒီဒုက္ခသစ္စာ ဘယ်နှစ်ပါးနဲ့ နေရသလဲ။ (လေးပါးနဲ့ နေရပါတယ်)။ ဒီဘဝမှာ ဒီဒုက္ခသစ္စာလေးပါးနဲ့နေတာ။ ဒုက္ခ သစ္စာ လေးပါးထဲမှာ နေတဲ့အခါမှာ သဘာဝ ဒုက္ခသစ္စာလေးပါး ကတော့ အမိဝမ်းထဲမှာ ကိုးလ–ဆယ်လ ပဋိသန္ဓေနေ ခဲ့တဲ့အတွက် ဇာတိကတော့ ပြီးခဲ့ပြီ။ ဇာတိက နှစ်မျိုးရှိတယ်နော်။ အဲဒီ အမိဝမ်းထဲမှာ ပဋိသန္ဓေနေခဲ့တာ ဇာတိက မပြီးခဲ့ဘူးလား။ ပြီးခဲ့ပြီ။

အခုပြောတဲ့အထဲမှာ ဇာတိ ဇရာ ဗျာဓိ မရဏနဲ့ နေပါတယ်လို့ ပြောတယ်နော်။ ဇာတိ ဇရာ ဗျာဓိ မရဏနဲ့ နေပါတယ်လို့သာ ပြောတဲ့ ဇာတိကပြီးခဲ့ပြီလေ။ မေ့တောင်ကုန်ပြီ ဒကာ၊ ဒကာမတို့။ ကိုယ့်ဇာတိကို သတိမှုရသေးရဲ့လား။ မေ့သွားပြီ။ ကိုယ့်ဘဝကိုယ် မေ့သွားပြီ နော်။ ကိုးလ၊ ဆယ်လ အမိဝမ်းထဲမှာ နေခဲ့တဲ့ကိစ္စ မနည်း ဉာဏ်နဲ့မှန်းပြီးတော့ကြည့်မှ ကိုယ့်ကိုယ်ကို မြင်မှာ။ သူများသာ မြင်ချင်မြင်မယ်။ ကိုယ့်ကိုယ်ကို မြင်ဖို့ လွယ်ပါ့မလား။ (မလွယ်ပါဘူး)။ အင်း ပဋိသန္ဓေနေတဲ့ မိခင်တစ်ယောက်ကိုကြည့်လိုက်ရင် အထဲမှာနေရတဲ့ သန္ဓေသားနဲ့နေရတာ ဘယ်လို ပါလိမ့်လို့ သူများမြင်တာ။ ကိုယ့်ကိုယ်ကို မြင်ရဲ့လား။ (မမြင်ပါဘူးဘုရား)။ ဒီတော့ သူများမြင်ဖို့ထက် ကိုယ့်ကိုယ်ကိုမြင်ဖို့ အရေးမကြီးဘူးလား။ အဲဒီဇာတိကတော့ ပြီးခဲ့ပြီ ထားလိုက်။

အခု ဘယ်ဇာတိနဲ့နေဆဲ ဆိုတော့ ခဏိကဇာတိနဲ့နေရတာ။ ခဏိက ဇာတိနဲ့နေရတယ် ဆိုတော့ အခု ဘုန်းကြီးက ဖုဒ္ဓလို့ဆိုတော့ ယောဂီတို့ မကြားဘူးလား။ (ကြားပါတယ်ဘုရား)။ ကြားတယ်ဆိုတာက မနက်က အဲဒီ ကြားတာရှိရဲ့လား။ (မရှိပါဘူး)။ မရှိဘူး။ ယခု ဘုန်းကြီးပြောလိုက် တော့မှ နားထဲကနေ ဒိုင်းခနဲကြားတော့မှ ဖုဒ္ဓဆိုတဲ့ အသံပေါ်လာတာ။ အဲဒါ ဇာတိပေါ့။ အဲဒါဘာ ဇာတိလဲ။ ခဏိကဇာတိလို့ မှတ်လိုက်။ ဘာဇာတိ (ခဏိကဇာတိပါဘုရား)။ ဒီလိုဖြင့် ဟိုဇာတိကတော့ ပြီးခဲ့ပြီ။ အခု ဘာဇာတိနဲ့နေလဲ (ခဏိကဇာတိနဲ့ နေတာပါဘုရား)။ ခဏိကဇာတိနဲ့နေတာ။ အဲဒီ ခဏိကဇာတိနဲ့နေတယ်ဆိုတာ အဲဒီ ခဏိကဇာတိသည် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာပါဘုရား)။ ဟိုက အမိဝမ်းထဲမှာ ကိုးလ ဆယ်လ နေတဲ့ဇာတိကကော ဘာသစ္စာလဲ။ (ဒုက္ခသစ္စာပါဘုရား)။ ရှင်းကောရှင်းရဲ့လား။

ဟာ – အဲဒါ ဒုက္ခသစ္စာမဟုတ်ပါဘူး ဘုရားလို့ ဒကာ၊ ဒကာမတွေ ငြင်းကောငြင်းချင်သေး လား။ (မငြင်းပါဘူး)။ မငြင်းနဲ့။ လက်တွေ့ပြန်နေကြည့်လိုက်။ အမိဝမ်းထဲကို။ လက်တွေ့ဆိုတာ စိတ်ကူးနဲ့ ပြောတာနော်။ တကယ်လည်းသွား နေမနေနဲ့ဦး။ အမလေး + ထောင်ကျတာထက် ဆိုးသွားလိမ့်မယ်။ ရှင်းကောရှင်းရဲ့လား။ ကိုးလ ဆယ်လ နေရတဲ့ ဒုက္ခ သက်သာပါ့မလား။ (မသက်သာပါဘူး ဘုရား)။ တစ်နာရီ နှစ်နာရီလေး တရားထိုင်တာတောင် ဟိုပြောင်းဒီရွေ့နဲ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကဲ – ဟိုမှာ ကိုးလဆယ်လပြန်ပြီးနေချင်သေးရဲ့လား။ ကိုယ်တော် ပြောကိုမပြောချင်တော့ဘူး။ နေဖို့မပြောနဲ့ ဖြစ်လာပြီ။ အဲဒါ ဇာတိကို ဒကာ၊ ဒကာမတွေက ဒုက္ခလို့မမြင်ဘူး။ ဘာလို့မြင်တာလဲ။ (သုခ)။ ဘယ်လို မြင်တာလဲ။ (သုခလို့မြင်တာပါ)။ အဲဒီတော့ ဇာတိကိုဒုက္ခလို့မမြင်တာက ဘယ်သူ့သတ္တိလဲ။ (အဝိဇ္ဇာသတ္တိပါ)။ ဒီလိုဖြင့် အဝိဇ္ဇာက သူများဖြစ်နေတာလား။ ကိုယ်ဖြစ်နေတာလား။ (ကိုယ်ဖြစ်နေတာပါ ဘုရား)။

ဘုန်းကြီးတို့ ယောဂီတို့ ဟိုအတိတ်တုန်းက အဝိဇ္ဇာကြောင့် ဟောဒီ ဇာတိဆိုတဲ့ ဒုက္ခကို မမြင်ဘူး။ မြင်ရဲ့လား။ (မမြင်ပါဘူး ဘုရား)။ ဇာတိဒုက္ခကို မမြင်တော့ ဇရာ၊ မရဏ၊ ဗျာဓိ တွေကော မြင်ပါဦးမလား။ (မမြင်ပါဘူးဘုရား)။ ဒီလိုဖြင့်ရင် ပြီးခဲ့တဲ့ အတိတ်ဘဝတုန်းက အားလုံးသော ယောဂီများ သတ္တဝါတွေဟာ ဇာတိသည် ဒုက္ခသစ္စာကြီးပါပဲလို့ သိရဲ့လား။ (မသိပါဘူးဘုရား)။ အဲဒီတော့ မသိတော့ဘာဖြစ်လဲဆိုတော့ မသိတော့ လိုချင်တယ်။ ဒီလိုဖြင့်ရင် ဘယ်တုံးကလိုချင်တာလဲ။ (လွန်လေပြီးသော အတိတ်ကာလကပါဘုရား)။ လိုချင်တာ ဘာထောက်ပြသလဲ။ (တဏှာပါဘုရား)။

တဏှာဆိုတဲ့တရားသည် လိုချင်တဲ့သဘော၊ ချင်ပေါ့ဗျာ။ တဏှာဆိုတာ ဘာပါလိမ့်။ (ချင်ပါဘုရား)။ ချင်ဆိုတာ လိုချင်တယ်၊ စားချင်တယ်။ သွားချင်တယ်။ ရချင်တယ်။ ကြွားချင်တယ်။ မော်ချင်တယ် စသဖြင့်ပေါ့။ သူများထက် မြင့်ချင်တယ်။ ကောင်းချင်တယ် ဟာ အမျိုးမျိုး ချင်မှန်သမျှနော်။ ချင်–မှန်သမျှကို ဘယ်လိုယူမလဲ။ (တဏှာ)။ တဏှာကို မြန်မာလိုပြန်လိုက်တော့ ချင်လို့ မှတ်ထားလိုက်။ ချင်–ဆိုတာ ခုနရှင်းပြီးပြီ။ စားချင်တာ၊ သွားချင်တာ၊ ဝတ်ချင်တာ စသည်ဖြင့် အားလုံးကို ဘာခေါ်မလဲ။ (တဏှာပါ ဘုရား)။

ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခကို မသိခဲ့လို့ အဝိဇ္ဇာရဲ့ လွှမ်းဖုံးမှုကို ခံခဲ့ရလို့ ဘဝကိုတွယ်တာမက်မောခဲ့တယ်။ ဒီလိုဖြင့်ရင် ဒကာ၊ ဒကာမတို့ ဘုန်းကြီးတို့ ဇရာ၊ ဗျာဓိတွေ အခုမရဘူးလား။ (ရပါတယ်ဘုရား)။ သို့ဖြင့် အဲဒီဇရာ ဗျာဓိတွေ ရနေတာ ဘယ်သူက ပေးလိုက်တာတုန်း။ (အဝိဇ္ဇာကပါ ဘုရား)။ အဲ––ဟုတ်ပြီ။ နို့မို့လို့ရှိရင် အမျိုးမျိုးပြောချင်တာ လျှောက်ပြောနေတာ။ သိပ်အရေးကြီးတယ်နော်။ အဲဒီတိကျတဲ့ စကားလုံးကို ဗုဒ္ဓကလွဲလို့ ဘယ်ပညာရှိမှ မဟောနိုင်ပါဘူး။ ဒီတော့မှ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဒီလိုဟောတဲ့ ဒေသနာမှာ ဆရာတော်ဘုရားကြီး ပြန်ရှင်းပြသွားတာ။ ဘယ်သိကြား ဗြဟ္မာ နတ် ဝိဇ္ဇာကမှ လုပ်ပေးနိုင်တာ မဟုတ်ပါဘူးကွာ တဲ့။ အယူမှားတွေ လျှောက်ယူမနေနဲ့။ ရှင်းကော ရှင်းရဲ့လား။

## တရားခံဘယ်သူလဲ

အဲဒီတော့ လက်သည်တရားခံကြည့်လိုက်တာ နံပါတ် (၁)က ဘယ်သူလဲ။ (အဝိဇ္ဇာပါဘုရား)။ အဝိဇ္ဇာဆိုတော့ သူက အဲဒီ ဒုက္ခကိုမမြင်ဘူး။ ဘယ်ဒုက္ခလဲဆိုတော့ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ။ အခု ယောဂီတို့ ပစ္စုပ္ပန်ဘဝမှာ ရထားတဲ့ ဒုက္ခတွေ။ ရှင်းကော ရှင်းရဲ့လား။ ဒီလိုဖြင့် ဒီနေ့ဘယ်လောက်ပဲ စကြဝဠာတေးမန္ဒာတ်မင်းကြီးဖြစ်ဖြစ် ဇာတိ ဇရာ ဗျာဓိ မရဏ လွန်ဆန်လို့ရပ့်ါမလား။ (မရပါဘူးဘုရား)။ ရှင်ဘုရင်ကြီးလည်းနောက်ဆုံး သေရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးလည်း သေရမှာပဲ။ ဆင်းရဲသားလည်း သေမှာပဲ။ သူတောင်းစားလည်းသေမှာပဲ။ သေတာက ဘယ်သူကိုမှ မျက်နှာမလိုက်ဘူး။ အဲဒီတရားတွေသည် တခြားတရားတွေလား၊ ဒုက္ခသစ္စာတရားတွေလား။ (ဒုက္ခသစ္စာတရားတွေပါဘုရား)။

အဲဒီ ဒုက္ခသစ္စာကို ယခုဘုန်းကြီးကလည်း သတိပေးတယ်။ ဒကာ ဒကာမတွေကလည်း နှလုံးသွင်းလိုက်တယ်ဆိုတော့ ဩော်–အတော်ကြောက်စရာ ကောင်းပါလားလို့ မသိဘူးလား။ သိသွားပြီဆိုရင် ဒီလိုမျိုး ဇာတိ ဇရာ ဗျာဓိ မရဏ ဆိုတဲ့ အိုခြင်းဆိုး နာခြင်းဆိုး သေခြင်းဆိုး များကို ပြန်ပြီးတော့များ သေချင်သလား။ (မသေချင်ပါဘူးဘုရား)။ ဒီတရားကိုလည်းနာလိုက်ရော မသေချင်တော့ဘူး။ အစက ဒါ သိမှမသိဘဲကိုး။ အစကသာ သိရင် ဒကာ၊ ဒကာမတွေ အဲဒီ အိုတာတွေ နာတာတွေ သေတာတွေကို လက်ဆောင်ပေးရင်တောင် ယူပါ့ဦးမလား။ (မယူပါဘူး)။ မယူတော့ဘူး။ ခါးခါးသီးသီးကို အဝေးကနေ ရှောင်မှာပေါ့။ အဲဒီလိုဖြင့် မသိတာက ဘယ်သူပါလိမ့်။ (အဝိဇ္ဇာပါဘုရား)။ ဘယ်တုန်းက မသိခဲ့တာလဲ။ (လွန်လေပြီးသော အတိတ်ကပါဘုရား)။

အဲဒီလို မသိတဲ့အတွက် ဟော––အဝိဇ္ဇာက တစ်ချက်လာပြန်ပြီ။ သိသင့်တာကျတော့ မသိ၊ မသိသင့်တာကျတော့ သိတယ်။ အဝိဇ္ဇာ တစ်ချက်ဖွင့်ပြန်ပြီနော်။ သိသင့်တာကျတော့ (မသိ)၊ မသိသင့်တာကျတော့ (သိတယ်)။ ဘယ်သူ့ သတ္တိ။ (အဝိဇ္ဇာ သတ္တိပါဘုရား)။ အဝိဇ္ဇာကို ပြန်ပြောပါ။ သိသင့်တာကို (မသိပါဘူး ဘုရား)။ မသိသင့်တာကို (သိပါတယ်ဘုရား)။ နှစ်ဖက်လှ၊ ဘယ်လောက်ကြောက်စရာကောင်းလဲ။ သိသင့်သိထိုက် သိအပ်တဲ့တရားကျတော့မသိ၊ မသိသင့် မသိအပ် မသိထိုက်တဲ့တရားကျတော့ ကြီးကြီးဖန်ဖန် သိတယ်ဗျာ။ ဘယ်သူလဲ။ (အဝိဇ္ဇာပါ ဘုရား)။

ဒီလိုဖြင့်ရင် ဒါထပ်ရှင်းမယ်။ သိသင့်၊ သိထိုက်၊ သိအပ်တဲ့ တရား ဆိုတာဟာ ဇာတိ ဇရာ ဗျာဓိ မရဏ ဒုက္ခတွေလွတ်ရာလွတ်ကြောင်းဖြစ်သော အကျင့် မဂ္ဂင်၊ လွတ်ရာ လွတ်မြောက်သွားတဲ့ နိဗ္ဗာန် နိရောဓ။ ဒါက မသိသင့်တာလား၊ သိသင့်တာလား။ (သိသင့်တာပါဘုရား)။ သိသင့်တာကျတော့ မသိ။ ဘယ်သူပါလိမ့် (အဝိဇ္ဇာပါဘုရား)။ ဟော –– မသိသင့်တာကျတော့ သိတယ်ဗျ။ ဒုက္ခကို သုခလို့သိတယ်။ အနိစ္စကို နိစ္စလို့သိတယ်။ အနတ္တကို အတ္တလို့သိတယ်။ ဒါက မသိသင့်တာသိတဲ့သဘော၊ အဝိဇ္ဇာသဘောပဲ။ မသိသင့်တဲ့အရာက ဒုက္ခရောက်တာ၊ ဒကာ၊ ဒကာမတွေ သိသင့်ပါသလား။ (မသိသင့်ပါဘူးဘုရား)။ မသိတာ အကောင်းဆုံးပဲ။

ဘုန်းကြီးတို့ သင်တန်းကျောင်းများက ဆရာတော်များ မိန့်တော်မူသွားတာလေး သွား သတိရတယ်။ ယနေ့တဲ့ ကမ္ဘာမှာ တိုးတက်နေလိုက်တာလေ၊ ဟော––ဘယ်နိုင်ငံက အဏုမြူတွေ ထွက်လို့ ဘယ်နိုင်ငံက ဘယ်လို လက်နက်တွေ ပေါ်လို့ဆိုတာ လက်နက်ဆန်းတွေ အဏုမြူတွေ မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။ အဲဒီအဏုမြူတစ်စက်ကလေးကို ဒကာ၊ ဒကာမတွေ သုံးလိုက်ရင် တိုင်းပြည်တစ်ပြည် ပြာကျသွားနိုင်တယ်၊ ရှင်းပြီနော်။

ဟိုး –– ဟီရိုရှီးမားတို့ နာဂါစကီတို့ ဂျပန်မှာ မှတ်တမ်းတွေ ရှိတာပဲ။ ဗုံးလေးတစ်လုံးနဲ့ လူကို သိန်းနဲ့ချီပြီး မသေဘူးလား။ (သေပါတယ် ဘုရား)။

အဲဒီလို သတ္တဝါတွေ ဒုက္ခရောက်အောင် သေရာသေကြောင်း ပျက်စီးရာ ပျက်စီးကြောင်း ဆိုတဲ့အသိဟာ သိကောင်းတာလား၊ မသိကောင်းတာလား။ (မသိကောင်းပါဘူးဘုရား)။ ဒီလိုဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မသိကောင်းတာကိုသိတာ ဘယ်သူပါလိမ့်။ (အဝိဇ္ဇာပါဘုရား)။ ရှင်းကော ရှင်းရဲ့လား။

အဲဒီတော့ ကမ္ဘာအရပ်ရပ် တိုးတက်နေတဲ့လူတွေ အထင်ကြီးစရာတစ်ကွက်မှမရှိဘူး။ ယနေ့ လူသတ်လက်နက်တွေကို စီစဉ်ဆောင်ရွက်နေတဲ့ ပညာရှင်ကြီးတွေဟာ၊ တစ်ဘဝ တစ်နပ်စာ လို့သာ မှတ်လိုက်။ ဘာလို့လဲဆိုတော့ ဒီမှာ ပုံသေနည်းထဲ ထည့်ကြည့်လေ။ မသိသင့် မသိထိုက်တာကို သိနေတာသည် ဘယ်သူပါလိမ့်။ (အဝိဇ္ဇာပါဘုရား)။ အဝိဇ္ဇာနဲ့သေရင်ဘယ်သွားမယ်။ (တိရစ္ဆာန်ပါဘုရား)။ ယနေ့တော့ ဒကာ၊ ဒကာမတွေ သူဌေးကြီးပေါ့၊ နောက်နေ့ခွေးကြီး။ ဒီစကားလုံးလေးမှတ်ထားစမ်းပါ။ ယနေ့ သူဌေးကြီး နောက်နေ့ခွေးကြီး။ နောက်နေ့ ခွေးကြီးဖြစ်နေတာ ဘယ်သူ့သတ္တိ။ (အဝိဇ္ဇာသတ္တိပါဘုရား)။ အဲဒါ အဝိဇ္ဇာဆိုတာ သိသင့်တာကို မသိ၊ မသိသင့်တာကို သိနေတာ။ ဘယ်သူ့ သတ္တိပါလိမ့်။ (အဝိဇ္ဇာသတ္တိပါဘုရား)။

ဒီလောက်ဆိုတော့ ဘုန်းကြီးတို့ ပရိယတ်အနေနဲ့စာပိုင်းသင်နေတာပေါ့နော်။ ကိုယ့်ဘဝနဲ့ ကိုယ် ပြန်ဟပ်ကြည့်ကြပါစို့။

ဟိုးအတိတ်ဘဝတုန်းက ဒီဘဝရောက်လို့ရှိရင် အခုဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ စခဲ့တာ အမိဝမ်းထဲကနေ မစဘူးလား။ (စခဲ့ပါတယ်ဘုရား)။ ဝိညာဏ်ဆိုပြီး အမိဝမ်းထဲမှာ ကိုးလ ဆယ်လ ပဋိသန္ဓေစနေတာ၊ ချမ်းသာသလား၊ ဆင်းရဲသလား။ (ဆင်းရဲပါတယ် ဘုရား)။ အဲဒီ ဆင်းရဲခြင်းကို အခုပြန်ပြီးတော့ စဉ်းစားကြည့်စမ်းပါ။ ကြက်သီးမွေးညင်းထစရာကောင်းလိုက်တာ။ ပဋိသန္ဓေနေရတဲ့ ဒုက္ခက သက်သာပါ့မလား။ (မသက်သာပါဘူးဘုရား)။ မသက်သာဘူး။

ဒီတော့ ပဋိသန္ဓေ ဒုက္ခကို အနည်းငယ်မျှပြောရဦးမယ်။ ပဋိသန္ဓေဒုက္ခဆိုတာက ဒီပုံကိုကြည့်ပါ။ ဒါက အမိရဲ့ အစာဟောင်း၊ ဒါက ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်ရဲ့အနေအထား။ ဒါက အမိရဲ့အစာသစ်၊ အစိပ္ပါယ်။ ကဲ -- ကဲ ထားပါတော့၊ ဟုတ်လား။ အဲဒီပုံစံပေါ့နော်။

အဲဒီတော့ အစာသစ်ကိုခေါင်းပေါ်တင်၊ အစာဟောင်းကို ခုထိုင်ရတဲ့ဘဝဆိုတာ ဒီပုံစံကို ဒကာ၊ ဒကာမတွေကြည့်။ ဒါ--ဘုန်းကြီးတို့နေခဲ့ရတဲ့ဘဝ။ အားလုံးမြင်ပါရဲ့လား။ (မြင်ပါတယ်ဘုရား)။ ဒါအမိရဲ့ အစာသစ်၊ ဒါ အမိရဲ့ အစာဟောင်း။ အဲဒီလိုမှ အမိရဲ့ နောက်ကျောကို မျက်နှာမူပြီးတော့ မျောက်အိုကြီး သစ်ငုတ်တိုပေါ်မှာ ထိုင်မှိုင်သလို မေးဖျား လက်ထောက်ပြီး နေခဲ့ရတဲ့ဘဝဆိုတာ သက်သာတာလား၊ မသက်သာတာလား။ (မသက်သာပါဘူးဘုရား)။ ဘယ်သူနေတာလဲ။ (တပည့်တော်တို့ နေတာပါဘုရား)။ အားလုံးနေခဲ့တာ။ ဘုန်းကြီးတို့ အားလုံးသော ယောဂီတွေ ဒီအတိုင်း နေခဲ့တာ မဟုတ်လား။

အဲဒီလို နေခဲ့တဲ့ဘဝ ဘယ်လောက်နေရသလဲ။ (ကိုးလ၊ ဆယ်လ)။ ကိုးလ၊ ဆယ်လ။ အကြမ်းအားဖြင့် ကိုးလ၊ ဆယ်လပေါ့။ အချို့က စကားလေးက နည်းနည်း ကတ်သီးကတ်သတ် က လာသေးတယ်။ အရှင်ဘုရား၊ ခုနစ်လ နေတာကော ဘယ်နဲ့လဲ။ ဒါတော့ မတတ်နိုင်ဘူးလေ။ သူ့ကံနဲ့သူ ဖြစ်တာချည်း။ ခုနစ်လနဲ့ ပေါင်မပြည့်မွေးတာ ဘယ်နှယ့်လုပ်မလဲ။ လာချင်လာမှာ။ ဒါတော့ အနတ္တပဲ။ သူ့သဘောနဲ့သူ ဆောင်သွားတာ။ ရှင်းပြီနော်။

ဘာပဲဖြစ်နေနေ ဒကာ၊ ဒကာမတွေ အမိဝမ်းထဲမှာနေရတာတော့ အမှန်ပဲ။ အဲဒီလို နေရတဲ့ ဘဝဟာ သူများနေတာလား၊ ကိုယ်နေတာလား။ (ကိုယ်နေတာပါဘုရား)။ ဘာသစ္စာပါလိမ့်။

www.burmeseclassic.com



(ဒုက္ခသစ္စာပါဘုရား)။ ဟုတ်ပြီ။ ထား--ဇာတိ ဒုက္ခသစ္စာ။ အမိဝမ်းကနေ အပြင်ဘက်ထွက်လာရေ သက်သာပါ့မလား။ (မသက်သာပါဘူး)။ မသက်သာဘူး။

ဘုန်းကြီးတို့ စာထဲမှာရေးထားတာများ ဘယ်လောက်ကြောက်စရာကောင်းသလဲ ဆိုလို့ရှိရင် အမိဝမ်းကနေ ကျွတ်တဲ့အခါမှာတဲ့ အပြင်ထွက်ဖို့အတွက်က အသူရာချောက်ထဲ ထိုးကျလိုက်သလို၊ အဲဒီလောက် ခံစားရဆိုပဲ။ ကမ္ဘာဖလေက မိမိကိုပြန်ပြီးတော့ လှည့်လိုက်တဲ့အခါမှာ ဘယ်လောက်ခံစားရသလဲဆို အသူရာချောက်ကြီးထဲ ထိုးကျလိုက်သလို ဒီလိုခံစားရတာဆိုတော့ ကြောက်စရာမကောင်းဘူးလား။ ပဋိသန္ဓေခန်း။ ဒါ--ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာမှ မဟောနိုင်ဘူးနော်။ ဘယ်သူဟောတာလဲ။ (ဘုရားပါ)။ မြတ်စွာဘုရားက သိမြင်ပြီး ဟောနေတာ။ သဗ္ဗညုတဉာဏ်နဲ့မို့လို့ ဟောနိုင်တာ။

အဲဒီတော့ အဲဒီလိုမျိုး ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ပြန်ပြီးတော့ ခံစားချင်သလား။ (မခံစားချင်ပါဘူး ဘုရား)။ ကြားတောင်မကြားချင်ဘူး။ ဒါလောက် ဒုက္ခရောက်တာချည်းကိုးနော်။ ဟုတ်လား။ သို့သော် အဲဒီလိုမျိုးဒုက္ခကို ဟိုးဘဝတွေတုန်းက သိရဲ့လား။ (မသိပါဘူး)။ အတိတ်တုန်းက သိရဲ့လား။ (မသိပါဘူး ဘုရား)။ မသိတာ ဘယ်သူ့သတ္တိ။ (အဝိဇ္ဇာသတ္တိ)။ အဲဒီတော့မှ ဒီလိုဖြင့်ရင် အဲဒီသိသင့်တဲ့တရားကို မသိတာ။ (အဝိဇ္ဇာပါဘုရား)။ မသိသင့်တာကို သိတာ။ (အဝိဇ္ဇာပါဘုရား)။

အဲဒီတော့မှဇာတိဒုက္ခစသည်ကိုမသိတော့ ဘဝဆိုတာ သာယာစရာ၊ မက်မောစရာ သုခပဲလို့ တစ်မျိုးပြန်သိတယ်။ မသိသင့်တာကျတော့သိ။ သိသင့်တာကျတော့ မသိ။ ဘယ်သူပါလိမ့်။ (အဝိဇ္ဇာပါဘုရား)။ ဒကာ၊ ဒကာမတွေ မသိသင့်တာကိုသိ၊ သိသင့်တာကိုမသိတဲ့ အခါကျတော့ ဇာတိဒုက္ခကို ဒုက္ခလို့မမြင်ဘဲနဲ့ဟာ တစ်မျိုးသုခလို့မြင်တာ။ အမလေး၊ ဇာတိရရင် ငါတော့ သိပ်ဟုတ်မှာပဲလို့ထင်တော့ လိုချင်တာ ဘယ်သူပါလိမ့်။ (တဏှာပါဘုရား)။

ဒုက္ခကို မမြင်အောင်ကွယ်ထားတာ ဘယ်သူပါလိမ့်။ (အဝိဇ္ဇာပါ ဘုရား)။ အဲဒီ ဒုက္ခကို ဖုံးပြီးတော့ အဲဒီဒုက္ခက သုခကွလို့ လိမ်လိုက်တာလည်း ဘယ်သူပါလိမ့်။ (အဝိဇ္ဇာပါဘုရား)။ ဒီတော့မှ တဏှာက အမလေး လိုချင်ပါတယ် ဖြစ်လာတာပဲ။ တဏှာက (လိုချင်တာပါ)။ လိုချင်တဲ့အခါကျတော့ ဒါ--မရရင် မနေနိုင်ဘူး။ စွဲလမ်းတာက (ဥပါဒါန်)။ လူ့ဇာတိ ကိုယ်နဲ့ပတ်သက်တာ ပြောမယ်နော်။ လူ့ဘဝကိုမရရင် မနေနိုင်ဘူးလို့စွဲလမ်းတာက (ဥပါဒါန်ပါဘုရား)။ ရှင်းကောရှင်းရဲ့လား။ ဒီလိုဖြင့်ရင် လူ့ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ လိုချင်ပါတယ်ဆိုတော့ လိုချင်တာက ဘာပါလိမ့်။ (တဏှာပါဘုရား)။ စွဲလမ်းတာက (ဥပါဒါန်ပါ)။ အဲ – မရမနေနိုင်တော့ဘူး။ စွဲလမ်းပြီဆိုတော့ ရရာရကြောင်းကို လုပ်ပြီ။ ကြိုးစားပြီ။ အဲဒီလိုလုပ်ပြီး ကြိုးစားတယ်ဆိုတော့ တခြားလား။ သင်္ခါရလား။ (သင်္ခါရပါဘုရား)။ ဟုတ်ပြီ။ သင်္ခါရ၊ သင်္ခါရဆိုတော့ မြုန်းခနဲ ဒကာ၊ ဒကာမတွေ နားမလည်သေးဘူး။ အဲဒီတော့ အကြမ်းဖျင်းပြောရရင်၊ ဟောဒီ သင်္ခါရဆိုတာက ပုညာဘိသင်္ခါရလို့ မှတ်လိုက်ပါ။ ဘာသင်္ခါရ။ (ပုညာဘိ သင်္ခါရ)။ ပုညာဘိသင်္ခါရဆိုတော့ လူ့ဘဝကို လိုချင်တဲ့အခါကျတော့ လူ့ဘဝ ရရာရကြောင်း အလကားတော့ မရဘူးနော်။ လောကမှာ အလကားရတဲ့အရာရှိရဲ့လား။ (မရှိပါဘူး)။ ဘယ်ဟာမှ အလကားမရဘူး ဒကာ၊ ဒကာမတွေ။ ဆိုင်ရာဆိုင်ရာတော့ သူ့တန်ကြေးနဲ့သူ ပေးဝယ်ရတဲ့ အမိပ္ပါယ်ပေါ့။ ဒါကတော့ ဥပမာပြောတာပေါ့နော်။

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



## အမြတ်လိုချင်လျှင် အရင်းစိုက်

လူ့ဘဝကို လိုချင်တော့ လူ့ဘဝ ရရာရကြောင်းကို အရင်းမစိုက်ရဘူးလား။ (စိုက်ရပါတယ်ဘုရား)။ အဲဒီတော့ ဘာတွေ အရင်းစိုက်ရသလဲဆိုတော့ ဒါန၊ ဟော – ဘာ အရင်းစိုက်ရတာလဲ။ (ဒါန)။ ဒုတိယက သီလ၊ ဘာတွေ အရင်းစိုက်တာလဲ။ (သီလ)။ ဒါနနဲ့ သီလ အရင်းစိုက်ပြီ။ ဒါန၊ သီလကို သင်္ခါရနဲ့ပြောတော့ ပုညာဘိသင်္ခါရ။ ဒါန၊ သီလကိုသင်္ခါရနဲ့ပြော။ (ပုညာဘိသင်္ခါရ)။ ဘယ်ဘဝက အရင်းစိုက်တာလဲ။ (လွန်လေပြီးသော အတိတ်ကာလကပါဘုရား)။ ဒီလိုဖြင့်ရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဟိုအတိတ်ဘဝတုန်းကလည်းပဲ ပေါ့ပေါ့မဟုတ်ဘူးနော်။ ဒါန တရားတွေ သီလတရားတွေကို တကယ်ပြုခဲ့တဲ့ ပုဂ္ဂိုလ်တွေပါ။ (မှန်လှပါ)။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ ဒါနတရားတွေ၊ သီလတရားတွေ ပြုခဲ့တယ်ဆိုတာ ဘယ်သူ သက်သေပြတာလဲ။ (သင်္ခါရကပါဘုရား)။

ဒီလိုဖြင့်ရင် တရားကို ပြန်ဆက်မယ်။ ခုန လူ့ဘဝကြီးရဲ့ ဒုက္ခကို မသိတာ (အဝိဇ္ဇာပါ)။ ဒုက္ခဆိုတဲ့ နေရာမှာ ဇာတိ ဇရာ ဗျာဓိ မရဏကို ပြောနေတာနော်။ ဘယ်နှစ်ချက်လဲ။ (လေးချက်)။ သဘာဝ ဒုက္ခသစ္စာ ဘယ်နှစ်ချက်၊ (လေးချက်ပါဘုရား)။ လေးချက်က ဘယ်သူတွေလဲ၊ (ဇာတိ ဇရာ ဗျာဓိ မရဏ)။ အဲဒီ ဒုက္ခသစ္စာကို မသိတာ (အဝိဇ္ဇာပါ)။ ဘယ်တုန်းက မသိတာလဲ။ (လွန်လေပြီးသော အတိတ်ကာလကပါဘုရား)။ မသိတဲ့အတွက် အဲဒီဇာတိ ဇရာ ဗျာဓိ မရဏကို လိုချင်ပါတယ်ဆိုတာက (တဏှာပါဘုရား)။ ရချင်ပါတယ် ဆိုတာက (တဏှာပါဘုရား)။ မရမနေ စွဲလမ်းတာက (ဥပါဒါန်ပါဘုရား)။ ရရာရကြောင်းဖြစ်တဲ့ ဒါန၊ သီလ ကုသိုလ်တွေ ပြုတာက (သင်္ခါရပါဘုရား)။

အဲဒီလိုပြုတော့ ဒီတိုင်းပြုနေရုံနဲ့ မပြီးဘူး။ ကာယကံ ဝစီကံ မနောကံနဲ့ မရ ရအောင်ကို တောင်းလာတာ။ ဒါကြောင့်မို့ တောင်းတဲ့ကိစ္စက ဒီဘဝမှာ မဟုတ်ဘူး ယောဂီတို့။ ဟိုအတိတ်က ပါလာလို့ ဒီဝါသနာက မစွန့်နိုင်တာ။ အတိတ်ကကို ပါလာတာ။ ဘုန်းကြီးပြောတာမဟုတ်ဘူးနော်။ ဒီမှာ ပဋ္ဌိစ္စသမုပ္ပါဒ်က သက်သေပြတယ်။ ဒီမှာ ဘာထောက်ပြသလဲ။ (ဘဝပါဘုရား)။

ဘဝ ဆိုတာ ဘုန်းကြီးတို့တတွေ အားလုံးယောဂီတွေဟာ တောင်းခဲ့တဲ့ ဝါသနာဆိုလေ။ ကာယကံ ဝစီကံ မနောကံကို ဒီမှာဘာရေးပြတာလဲ။ (ဘဝပါဘုရား)။ ဒီဘဝက လူ့ဘဝ နတ်ဘဝ ပြောတာမဟုတ်ဘူးနော်။ မနောကံရယ် ဝစီကံရယ် ကာယကံရယ် ကံဘယ်နှစ်ကံလဲ။ (သုံးကံပါဘုရား)။ အဲဒီ သုံးကံကို ဒီမှာ ဘယ်လိုပြ (ဘဝပါဘုရား)။ ကမ္မဘဝပါပဲ၊ ကမ္မဆိုတာ မပါဘူး၊ ဒီနေရာမှာ ဘဝပေါ့။ အဲဒီဘဝဆိုတာက စိတ်ထဲက ကြံတာက မနောကံ၊ ပါးစပ်က တောင်းတာက ဝစီကံ၊ ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်တာ ကာယကံ။ အဲဒီတော့ ဒါနပြုလည်း ကာယကံ၊ ဝစီကံ၊ မနောကံ၊ သီလ ဆောက်တည်လည်းပဲ ကာယကံ၊ ဝစီကံ၊ မနောကံ။ ကံဘယ်နှစ်မျိုး လုပ်လဲ။ (၃–မျိုးပါဘုရား)။

ကဲ–ဒီတော့၊ အခုပြောနေတာက ကာလနဲ့ပြောတော့ ဘယ်ကာလနဲ့ ပြောနေတာလဲ။ (လွန်လေပြီးသော အတိတ်ကာလပါဘုရား)။ ဘယ်သူတွေ လုပ်ခဲ့တာလဲ။ (တပည့်တော်တို့ လုပ်ခဲ့တာပါ)။ အားလုံးယောဂီတို့ ဘုန်းကြီးတို့လုပ်ခဲ့တာ အတိတ်ကာလကလေ။ အဲဒီတော့မှ ဒါနတွေပြု၊ သီလတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်တည်ဆိုတာကတော့ ဒါကတော့ ခြုံပြောလိုက်တာပေါ့။ ဘုရားတွေ တည်မယ်၊ ကျောင်းတွေ ဆောက်မယ်၊ ဟာ–ရှင်ပြုမယ်၊ ရဟန်းခံမယ်၊ ကုသိုလ်ကောင်းမှုတွေ ပြုမယ်ထား။ ဒါနမှန်သမျှ အကုန်မလုပ်ရဘူးလား။ (လုပ်ရပါတယ် ဘုရား)။ လုပ်ရမယ်။ လုပ်လို့ သုဂတိရောက်လာတာ။ ဒါနမပြုရင် အခုလောက်ဆို အပါယ်ရောက်နေပြီ။ အခု လူ့ဘဝ ရောက်လာတာ တခြားကျေးဇူးလား။ ဒါန သီလ ကျေးဇူးလား။ (ဒါန သီလ ကျေးဇူးပါဘုရား)။ သူ့ကျေးဇူးကြောင့် လူ့ဘဝ ရောက်လာတာ။ ကျေးဇူးရှင်က ဒါန၊ သီလပဲပေါ့–နော်။

**ဆုတောင်းမမှားစေနဲ့**

အဲဒီ ဒါန၊သီလတွေကို အတိတ်ကနေ လုပ်လည်းပြီးလည်း ပြီးရော၊ ဒီအတိုင်း လျှုလို့တန်းလို့ ကိစ္စက မပြီးဘူး။ ခုန ပြောခဲ့တဲ့ နောက်ပိုင်း အဆစ်ကလေးက ပါလိုက်သေးတယ်။ ဝါသနာနော်။ အင်း–လူ့ဘဝ ရပါလို၏ ဘုရား။ လူချမ်းသာ ဆုတောင်းတယ်။ ဘဝနော်၊ စိတ်ထဲကနေ လူချမ်းသာကို ဒကာ၊ ဒကာမတွေ ဆုမတောင်းဘူးလား။ (ဆုတောင်းပါတယ်ဘုရား)။ ပါးစပ်ကနေပြီးတော့ ဆုမတောင်းဘူးလား။ (ဆုတောင်းပါတယ်ဘုရား)။ ကိုယ်တိုင်ကိုယ်ကျကို တစ်ခါတည်းမှကို ရှိရိုသေသေ ရှိခိုးပြီး မတောင်းဘူးလား။ (တောင်းပါတယ်ဘုရား)။ ဒီလိုဖြင့် ရှိခိုးတယ်ဆိုတာက မြတ်စွာဘုရားရှိရင်လည်းပဲ မြတ်စွာဘုရားဆီပေါ့။ (သို့) မြတ်စွာဘုရားမရှိသော်လည်း ဘုရား၏ ရုပ်ပွားတော်ရှေ့ပေါ့နော်။ (သို့) အလှူခံဖြစ်လည်း ရဟန်း သံဃာပေါ့ (သို့) မိမိလှူတဲ့ အလှူခံပေါ့။ အဲဒီရှေ့မှာ ဒကာ၊ ဒကာမတို့ ဘုန်းကြီးတို့ဟာ ဟို–အတိတ်သံသရာက သေသေချာချာ လက်အုပ်ချီပြီးတော့ သေသေချာချာ ဦးချကန်တော့ပြီး ဆုတောင်းခဲ့တယ်။ ဒီမှာ သက်သေပြပြီ။ ဘယ်သူက သက်သေပြတာလဲ။ (ဘဝပါဘုရား)။ စိတ်ထဲကနေ ဆုတောင်းတာက မနောကံ၊ ပါးစပ်က ဆုတောင်းတာက ဝစီကံ၊ ကိုယ်တိုင်ကိုယ်ကျ ရှိရိုသေသေနဲ့ ကာယကံမြောက် ဆုမတောင်းဘူးလား။ (တောင်းပါတယ်)။ အဲဒီလို ဆုတောင်းတော့ ဘုန်းကြီးတို့ ဆုတောင်းမှားခဲ့ကြတယ်။ မှားသလား၊ မမှားဘူးလား။ (မှားပါတယ် ဘုရား)။

ဟိုတုန်းက အတိတ်က မှားတာကို မဆိုထားနဲ့၊ ပစ္စုပ္ပန်တောင် ဆက်မှားကြတုန်းပဲ။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ အကြိမ်ကြိမ်အလီလီ ခံစားဖို့ဆိုတာ အခုထက်ထိ ဆုတောင်းစာတွေ ရှိပါသေးတယ်။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဘယ်လောက်ခံစားမှာလဲ။ (အကြိမ်ကြိမ် အလီလီခံစားမှာပါဘုရား)။ တစ်ကြိမ်နဲ့ မကျေနပ်ဘူး။ အကြိမ်ကြိမ် အလီလီဆိုတာ အရေအတွက်ကို မရေမတွက်နိုင်အောင် ခံစားဦးမှာတဲ့။ ဒါတွေ မကျေနပ်သေးဘူးလား။ ဒကာ၊ ဒကာမတွေ။

ကမ္ဘာပေါ်မှာ ရှိသမျှစည်းစိမ်ကို တစ်ယောက်တည်း လိုချင်သေးတယ်။ တဏှာ၊ တဏှာ။ ဘယ်သူလဲ။ (တဏှာပါဘုရား)။ မကျေနပ်နိုင်သေးဘူးနော်။ ဘယ်တော့မှ မကျေနပ်နိုင်တဲ့ သတ္တိသည် ဘယ်သူ့သတ္တိလဲ။ (တဏှာသတ္တိပါ ဘုရား)။ ဘယ်လောက်ကြောက်စရာကောင်းသလဲ။ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေမှာတော့ အာစိဏ္ဏကံကုသိုလ်ရှိတယ်။ အာစိဏ္ဏကံကုသိုလ် ဆိုတာက လွယ်လွယ်ကူကူနဲ့ မိမိတစ်ပိုင်တစ်နိုင်လုပ်နိုင်တဲ့ အမြဲ ဆောင်ရွက်နေကျ ကုသိုလ်ပေါ့နော်။ အဲဒါက တခြား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ နေ့စဉ် ဆွမ်းတော်ကပ်တယ်၊ ပန်းတော်ကပ်တယ်၊ ရေတော်ကပ်တယ်၊ မီးတော်ကပ်တယ်၊ ဘုရားရှိခိုးတယ်၊ ပုတီးစိပ်တယ်၊ တရားထိုင်တယ်ဆိုကြပါစို့။ အာစိဏ္ဏကံ ကုသိုလ်တွေ နေ့တိုင်း နေ့တိုင်း မလုပ်ဘူးလား။ (လုပ်ပါတယ်ဘုရား)။

ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ နေ့တိုင်း နေ့တိုင်း ဘုရားရှိခိုး ဆွမ်းတော်တွေကပ်တိုင်း ကပ်တိုင်းမှာ ဒကာ၊ ဒကာမတွေ ဆုတောင်းတာတွေ မပါဘူးလား။ (ပါ ပါတယ်ဘုရား)။ ကိုယ့်ကိုယ်ကို ပြန်မေး။ ငါတောင်းလား၊ မတောင်းဘူးလားဆိုတာ။ ကဲ-အဲဒီတော့ ကိုယ့်အကြောင်းကိုယ် ဖေါ်ကုန်ပြီ။ မတတ်နိုင်ဘူး။ မဖော်လို့မရဘူးလေ ယောဂီတို့နော်။ အဲဒီလို တောင်းတာက အခု ဒီဘဝမှာတင် တောင်းတာမဟုတ်ဘူးနော်။ ဘယ်တုန်းကတည်းက တောင်းခဲ့တာလဲ။ (လွန်လေပြီးသော အတိတ်ကာလကပါဘုရား)။

အခု ဘုန်းကြီးထောက်ပြနေတာ အတိတ်ကအကြောင်းကို ထောက်ပြနေတာ။ အဲဒီတော့ အတိတ်က အကြောင်းတွေက ဒီသတ္တိတွေက ပစ္စုပ္ပန် အထိလိုက်လာပြီ။ အတောင်းက မရပ်နိုင်ဘူး ဖြစ်နေတာ။ ရှင်းပြီနော်။ အဲဒီတော့ အလုပ်လုပ်ရမှာနော်။ တောင်းရမှာလား၊ လုပ်ရမှာလား။ (လုပ်ရမှာပါဘုရား)။ အဲဒီတော့ တောင်းတာက ဘုရားမှာ နေ့စဉ်နေ့တိုင်း ဆွမ်းတော် ပန်းတော်ကပ်ပြီး တောင်းလိုက်တာက ဘာတဲ့လဲ။ (လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ)။

အဲဒီလို အကြိမ်ကြိမ်အလီလီ ခံစားပြီးတော့ အဆုံးစွန်သောဘဝမှာ သူက နိဗ္ဗာန်ချမ်းသာတဲ့။ အဲဒါကတော့ ဆရာသင် သင်တဲ့အတိုင်းပဲ လျှောက်ရွတ်နေတာပဲ။ ကိုယ်နားလည်တာလည်း မဟုတ်ဘူး။ သို့သော် နားလည်အောင်တော့ သင်ရမှာပေါ့ ယောဂီတို့။ (မှန်လှပါ)။ အဲဒီလို တောင်းလိုက်တယ်ဆိုတာက ခုန လူချမ်းသာ လိုချင်တာဆိုတော့ ချမ်းသာတာလိုချင်တာဘာလဲ။ (တဏှာပါဘုရား)။ လူချမ်းသာဆိုသော်လည်း ဘာသစ္စာ။ (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာ မသိတာက (အဝိဇ္ဇာ)။ သို့ဖြင့် အဝိဇ္ဇာနဲ့ တဏှာက ဘာဝဋ်လဲ။ (ကိလေသဝဋ်ပါဘုရား)။

ဒီလိုဖြင့် ယောဂီတို့ ကိလေသာတွေ ပွားနေတယ်။ အဓိပ္ပာယ်ပေါ်လာပြီ။ ဘာတွေပွားနေတာလဲ။ (ကိလေသာတွေ ပွားနေတာပါဘုရား)။ သို့ဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ပွင့်လာတာ ကိလေသာတွေ ပွားဖို့လား။ ပယ်ဖို့လား။ (ပယ်ဖို့ပါဘုရား)။ ဒီလိုဖြင့်ရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဒီသစ္စာတရား မနာတော့ ဒီသစ္စာတရားတွေ မသိတဲ့အခါကျတော့ ဘုရားရှေ့ သွားပြီးတော့ ပယ်နေတာလား။ ပွားနေတာလား။ (ပွားနေတာပါဘုရား)။

ဩော် – လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီဆယ်ပါး အပြားသုံးဆယ် ဖြည့်ပြီးတော့ အနစ်နာခံပြီး သတ္တဝါတွေကို ကယ်ဖို့အတွက် လုပ်ခဲ့တဲ့ ဘုရားကိုယ်တော်မြတ်ကြီး မဟာကရုဏာရှင်ကြီး ရှေ့သွားပြီး ကိလေသာ ပွားတယ်ဆိုတော့ စဉ်းစားကြည့်စမ်း။ တော်တော် မျက်နှာပြောင်တိုက်တယ်။ အရက်မရှိဘူး မျက်နှာဟော။ သူများမဟုတ်ဘူး။ ကိုယ်ဖြစ်နေတာ။

## အရှက်မရှိတဲ့မျက်နှာတွေ

တကယ့် သုံးလောကထွတ်ထား–သဗ္ဗညုမြတ်စွာဘုရား ကိလေသာစင်တဲ့ ဘုရားရှေ့သွားပြီး ကိလေသာပွားတယ်ဆိုတော့ ဒကာ၊ ဒကာမတွေ ဘယ်လောက် ရှက်စရာကောင်းလိုက်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



အင်း–ကိုယ့်ဟာနဲ့ကိုယ် ကိလေသာအုပ်နေတော့ မသိဘူး။ ဟော အခု ပဋိစ္စသမုပ္ပါဒ် ထောက်ကြည့်တော့ အမလေးလေး။ တို့ အရှက်မရှိတဲ့ မျက်နှာတွေ။ ဟော–အခုထောက်လိုက်တော့ ဒကာ၊ ဒကာမတွေ ရှက်သလား။ မရှက်ဘူးလား။ (ရှက်ပါတယ်ဘုရား)။ ရှက်သွားပြီ။ တစ်ခါတည်း ကိုယ့်မျက်နှာ ကိုယ်ဖုံးထားဖို့လိုတော့တယ်။ ဒီလောက်ရှက်စရာ ကောင်းပါတယ်။

အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ်တရားကို နာလို့တရားကို သိလာရင် အရှက်အကြောက်ကလေး ကိန်းလာတယ်။ ဒီတော့ လောကပါလနှစ်ပါးဆိုတာ ဟိရိဩတ္တပ္ပနော်။ အရှက်နဲ့အကြောက်သည် လောကကြီးကို မစောင့်ရှောက်ဘူး လား။ ဒီလိုဖြင့် ဘုန်းကြီးတို့ သစ္စာတရား မသိတဲ့ ပုဂ္ဂိုလ်တွေက အရှက်အကြောက်မရှိတဲ့ ပုဂ္ဂိုလ်တွေ။ ပဋိစ္စသမုပ္ပါဒ် သစ္စာတရားသိတော့ အခုယောဂီတို့ ရှက်တာတွေ၊ ကြောက်တာတွေ ကိန်းလာပြီနော်။ ဘုရားရှေ့ကို ငါသွားပြီး ကိလေသာတွေ ပွားဦးမလား။ (မပွားတော့ပါဘူးဘုရား)။ အမလေး–မပွားတော့ဘူးဘုရား။ ရှက်လွန်လွန်းလို့။ ကိလေသာကြောင့် အပါယ်ကိုကျမှာ ကြောက်လွန်လွန်းလို့။ ဟော–ရှက်တတ်၊ ကြောက်တတ်သွားပြီ။ ရှက်တတ်၊ ကြောက်တတ်သွားရင်၊ ဒကာ၊ ဒကာမတွေ ဟောဒီ ကမ္ဘာဝတွေဆိုတာ၊ ကာယကံ၊ ဝစီကံ၊ မနောကံတွေ လာဦးမလား။ (မလာပါဘူးဘုရား)။

ယခု အဲဒီလို အပြစ်တွေဟာ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ အတိတ်ကကော မရှိဘူးလား။ (ရှိပါတယ်)။ အပြစ် ဒီမှာကြည့် ငါးပါးသင့်လာတယ်။ ဘယ်နှစ်ပါးသင့်။ (ငါးပါး သင့်ပါတယ်ဘုရား)။ ကဲ–ငါးပါးက စာအတိုင်းရွတ်ပါ။ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ)။ အဲဒီတရားငါးပါးက ဘယ်ကာလကလုပ်ခဲ့။ (လွန်လေပြီးသော အတိတ်ကာလကပါဘုရား)။ အကြောင်းလား၊ အကျိုးလား။ (အကြောင်းပါဘုရား)။ သစ္စာနဲ့ပြော။ (သမုဒယသစ္စာပါဘုရား)။ အဲဒါ–သူများလုပ်တာလား။ ကိုယ်လုပ်ခဲ့တာလား။ (ကိုယ်လုပ်ခဲ့တာပါဘုရား)။

ဒါကြောင့် အတိတ်ကာလက သမုဒယသစ္စာ အကြောင်းတရားငါးပါးကို လုပ်ခဲ့သည့်အတွက်ကြောင့် ယနေ့ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အကျိုးတရားဘယ်နှစ်ပါးရ။ (ငါးပါးရပါတယ်ဘုရား)။ အကျိုးတရားငါးပါးက ဘာတွေပါလိမ့်။ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ပါဘုရား)။ သို့ဖြင့် အဲဒီအကျိုးတရားငါးပါးသည် တခြားငါးပါးလား။ ခန္ဓာငါးပါးလား။ (ခန္ဓာငါးပါးပါဘုရား)။ ဘာသစ္စာ။ (ဒုက္ခသစ္စာပါဘုရား)။ ဘယ်ကာလမှာဖြစ်။ (ပစ္စုပ္ပန် ကာလမှာပါဘုရား)။

ဒီမှာ ပစ္စုပ္ပန်အကျိုးတစ်လွှာတဲ့။ အလွှာနဲ့ကြည့်တော့ ပစ္စုပ္ပန် အကျိုးတစ်လွှာရနေတာ။ ခန္ဓာငါးပါး။ အဲဒီခန္ဓာငါးပါးရလာတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း တစ်တွဲတည်း ဘာတွေပါလာတာပါလဲ။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဟိုက သဘာဝ ပါလာတယ်။ ခဏိကလည်း တောက်လျှောက် မပါဘူးလား။ ခဏိက တောက်လျှောက်ပါလာတော့ ဝိပဿနာဉာဏ်နဲ့မှ မြင်မှာနော်။ ခုနက ပြောပြီးပြီ။

အခုဘုန်းကြီးအသံ တစ်ချက်ကလေးကြားရတာနဲ့ ဇာတိမဖြစ်ဘူးလား။ ဇာတိဖြစ်ပြီး ဇရာ၊ မရဏမလာဘူးလား။ တစ်တွဲတည်းလာတယ်နော်။ အဲဒါက ဝိပဿနာဉာဏ်နဲ့မှသာလျှင် မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ့်ကိစ္စ။ အခု ဘုန်းကြီးပြောနေတာတွေ ဒကာ၊ ဒကာမတွေ သဘာဝကို မျက်စိနဲ့လည်း မြင်နိုင်တာပဲ။ ပဋိသန္ဓေနေတာ၊ အိုတာ၊ နာတာ၊ သေတာတွေ မျက်စိနဲ့မမြင်နိုင်ဘူးလား။ အဲဒီလို မြင်နိုင်တဲ့ သဘာဝ ဒုက္ခသစ္စာတွေ အခုပစ္စုပ္ပန်ကာလမှာ မရဘူးလား။ (ရပါတယ်ဘုရား)။ အဲဒီလို ရနေတာသည် တခြားရလို့လား၊ ခန္ဓာ ၅-ပါးရလို့လား။ (ခန္ဓာ ၅-ပါး ရလို့ပါ)။ သို့ဖြင့် ခန္ဓာ ၅-ပါးက ဘာသစ္စာ။ (ဒုက္ခသစ္စာ)။ အဲဒီ ဒုက္ခသစ္စာကြီးကို ရလာတာက သင်္ခါရ၊ ဖြပ္သာ၊ နတ်၊ ဝိဇ္ဇာတွေက ဖန်ဆင်းလို့ရတာလား။ မိမိပြုခဲ့တဲ့အကြောင်းတရားကြောင့်လား။ (မိမိပြုခဲ့တဲ့ အကြောင်းတရားကြောင့်ပါဘုရား)။ အဲဒီအကြောင်း တရားကြောင့်အကျိုးတရားရတာ။

အဲဒါကြောင့် ခုန လင်္ကာလေးက အဝိဇ္ဇာနှင့်တဏှာ အရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်၊ ရုပ်နာမ်ပေါ်။ ဟော-ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ လူ့ဘဝ ရောက်တယ်ဆိုတာ အနှစ်ကြည့်လိုက်တော့ ရုပ်နဲ့နာမ်ပဲရှိတာပေါ့။ ဘာသစ္စာနဲ့ရှိ လဲ။ (ဒုက္ခသစ္စာပါ)။ ရုပ်နဲ့နာမ်ပဲရှိတဲ့အကြောင်းကို ဒီသင်တန်းနဲ့ ဒီစာပိုဒ်က ဒါပြောတာ။ အဝိဇ္ဇာနှင့် တဏှာအရင်းခံ ဥပါဒါန် ကံကြောင့် ရုပ်နာမ်ပေါ်။ ပြီးတော့မှ ဟိုအပိုဒ်လေးဆက်နော်။

**အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့် ဟန်။**

ဒါတော့ ဥပမာဆောင်ဟောတာ။ အပင်နဲ့မျိုး၊ မျိုးနဲ့ အပင်ပေါ့နော်။ ပြီးတော့မှ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ။ အမှန်သူပြောချင်တာကတော့ ကံကြောင့် နာမ်ရုပ်ဖြစ်တယ်။ နာမ်ရုပ်ကြောင့် ကံဖြစ်တယ်။ ဒါကို ဥပမာနဲ့ ပေးထားတာက အပင်မှမျိုး၊ မျိုးမှအပင် အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ဒါ - ဥပမာပေးထားတော့ ပိုရှင်းသွားတာပေါ့။

ဥပမာဆိုကြပါစို့ သရက်ပင်တစ်ပင်ပေါက်လာတာ ဘာစိုက်လို့လဲ။ (သရက်မျိုးစေ့ စိုက်လို့ပါဘုရား)။ သရက်မျိုးစေ့ကို စိုက်လို့ သရက်ပင်ပေါက်တယ်။ အဲဒီသရက်ပင် ပေါက်လာတော့ သရက်သီး သီးလို့ သရက်မျိုးစေ့မရဘူးလား။ အဲဒီသရက်မျိုးစေ့ကို ပြန်ပြီးစိုက်တော့ သရက်ပင် မပေါက်ဘူးလား။ (ပေါက်ပါတယ်)။ သရက်ပင်ပေါက်တော့ သရက်သီးမသီးဘူးလား။ (သီးပါတယ်)။ သရက်သီး သီးတော့ သရက်မျိုးစေ့ မရဘူးလား။ (ရပါတယ်)။ မျိုးစေ့ ပြန်စိုက်တော့ ဘာပေါက်။ (အပင်ပေါက်ပါတယ်)။ မျိုးရယ်၊ အပင်ရယ်၊ ဟိုမှာပြောထားတာနော်။ အပင်မှမျိုး၊ မျိုးမှအပင်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်က ပညာဘယ်လောက် အရေးကြီးလဲ ဆိုတော့နော်။

အဲဒီနေရာမှာ ဘုန်းကြီးတို့ လောကီအတတ်ပညာတွေနဲ့ ဒကာ၊ ဒကာမတွေ ဉာဏ်ယှဉ်ကြ။ အပင်နဲ့မျိုး နှစ်မျိုးရှိတဲ့နေရာမှာ ဘယ်သူက အရင်ကျမလဲ။ သရက်ပင်စိုက်တော့ သရက်သီးသီး။ အဲဒီသရက်မျိုး ပြန်စိုက်တော့ ဘာပင်ပေါက်။ (သရက်ပင်ပေါက်ပါတယ်)။ ကဲ-ကဲ ဒီလိုဖြင့်ရင် နှစ်မျိုးထဲမေးမယ်။ မျိုးနဲ့ အပင်နဲ့ ဘယ်ဟာက အရင်လဲ။ (မျိုးကအရင်ပါ)။ ဒီလိုဖြင့် ဒီမျိုး ဘယ်ကရပါသလဲ။ (အပင်ကပါဘုရား)။ ဘယ်လိုလုပ် မျိုးက အပင်က အရင်ရတယ် ပြောလို့ရမလဲ။ ကဲ-အဲဒါ ပဋိစ္စသမုပ္ပါဒ်ရဲ့ပညာပဲ။ အဲ-အဲဒါသာ အပင်က အရင်ပြောတယ်။ မျိုးက အရင်၊ အဲဒီ လူနှစ်ယောက် ထငြင်းပြီး နပန်းလုံးဖို့ပဲ ရှိတော့တယ်။ ဘယ်တော့မှ အဖြေထွက်မှာမဟုတ်ဘူး။ ပဋိစ္စသမုပ္ပါဒ် နားမလည်ရင်၊ အဖြေကို မထွက်ဘူး။

အပင်မှ မျိုး၊ မျိုးမှ အပင်၊ အမျှင်မပြတ် ဆက်စပ်သည့်ဟန်တဲ့။ ဒါပဲ အကြောင်းအကျိုး၊ အကြောင်းအကျိုး၊ အကြောင်းအကျိုး၊ အကြောင်းအကျိုး ဒါပဲ။ အဲဒါလေး သိထားရင် ဇာတ်လမ်းပြတ်သွားပြီ။

ဒေါင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာက ဒါဥပမာဆောင် ဟောတာ။ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ။ ဒီမှာလေ ဘဝဆိုတာ သခ်ီရဘဝဆိုတာ တခြားလား။ ကံလား၊ (ကံပါဘုရား)။ ကံကို ဘယ်သူ အုပ်ချုပ်သလဲဆိုတော့ အဝိဇ္ဇာ အုပ်ချုပ်တာပေ့ါ။ ကံကြောင့် ခန္ဓာငါးပါးဆိုတာ ဒီမှာ နာမ်ရုပ် မရဘူးလား။ (ရပါတယ်)။ နာမ်ရုပ်ကြောင့် ဒီမှာ ကံမြောက်သွားတယ်နော်။ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် သွားတော့ ဒါတွေပေါ်မယ်။

အခုတော့ ဖြတ်ပြောမယ် ဟုတ်လား။ နာမ်ရုပ်ကြောင့် ဘာဖြစ်။ (ကမ္မဘဝပါဘုရား)။ အဲဒီ ကမ္မဘဝ ပစ္စယာ (ဇာတိပါ ဘုရား)။ ဇာတိရပြန်တော့လည်း တခြားရမှာလား၊ နာမ်ရုပ်ရမှာလား။ (နာမ်ရုပ်ရမှာပါ)။ အဲဒီအဓိပ္ပါယ်က ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ၊ ဆုံးပါ့ဦးမလား။ အဲဒါကြောင့် ဟိုက အမျှင်မပြတ် ဆက်စပ်သည့်ဟန် ဆိုတာ ဒါကို ဥပမာပေးဟောထားတာ-နော်။ ဆက်စပ်သည့်ဟန် ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ် ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်။

ဟော - သူပြောချင်တာက ဖြဟ္မာ၊ သိကြား စသည်များက ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း။ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု ဉာဏ်ဖြင့် ရှုရှုမျှော်။

အဲဒီမှာ ဉာဏ်လေးထည့်လိုက်လို့ရှိရင် အကြောင်းတရားထဲမှာ လူတွေ၊ နတ်တွေ၊ ဗြဟ္မာ တွေ ပါရဲ့လား။ (မပါပါဘူးဘုရား)။ မပါဘူး။ ဒီမှာ ဓမ္မတွေပဲ ပါတယ်။ အကျိုးခန္ဓာထဲမှာလည်း တခြားတွေ့မှာလား၊ ဒုက္ခသစ္စာတွေ့မှာလား။ (ဒုက္ခသစ္စာ တွေ့မှာပါဘုရား)။ အဲဒီတော့ အကြောင်း နဲ့ အကျိုးကို ဉာဏ်ရှင်းလိုက်တော့၊ အကြောင်းထဲမှာလည်း ပုဂ္ဂိုလ်သတ္တဝါ ပါရဲ့လား။ (မပါပါဘူး ဘုရား)။ အကြောင်းထဲမှာမပါရင် အကျိုးထဲမှာရော ပါပါ့မလား။ (မပါ ပါဘူးဘုရား)။ မပါဘူးလို့ သိလိုက်ရင် အကြောင်းကို ဉာဏ်ရှင်းတော့ ဝိစိကိစ္ဆာ သေတာပေ့ါ။ အကျိုးခန္ဓာနဲ့ ဒုက္ခသစ္စာပဲလို့ ဉာဏ်သိလိုက်တော့ ဒိဋ္ဌိမပြုတ်ဘူးလား။ (ပြုတ်ပါတယ်)။ ဝိစိကိစ္ဆာနဲ့ ဒိဋ္ဌိပြုတ်ရင် အသိနဲ့ ဆရာ သမားရဲ့ ဉာဏ်ကိုမှီပြီး ပြုတ်သွားရင် စူဠသောတာပန်။ ဆက်ပြီးတော့ ပွားများအားထုတ်လိုက်ရင် မဟာသောတာပန် ဖြစ်နိုင်ပါတယ်။ အေး-မနက်ပိုင်းတော့ ဒီလောက်နဲ့ပဲ ရပ်ပြီး တရားပွဲ သိမ်း လိုက်ကြရအောင်။

(သာဓု - သာဓု - သာဓု)



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅–ရက် (၂၈.၈.၂၀၀၂) ညနေ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ --

ဤမွေသဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက်ရှိပြီလဲ။ (၃–ရက်ရှိပါပြီဘုရား)။ ယနေ့ ၃–ရက်မြောက်၏ ညနေ ပဋိစ္စသမုပ္ပါဒ်သင်တန်း တရားပွဲကြီးပါပဲနော်။ ဘာသင်တန်းလဲ။ (ပဋိစ္စသမုပ္ပါဒ်သင်တန်းပါ)။ ပဋိစ္စသမုပ္ပါဒ်သင်တန်း ဆိုတော့ကာ မနေ့က ဘုန်းကြီးတို့ စခဲ့ပါပြီ – နော်။ မနေ့ကတည်းက ပဋိစ္စသမုပ္ပါဒ်သင်တန်းကို စလိုက်တဲ့အတွက် ဒီနေ့လည်းပဲ ဒီစက်ဝိုင်းဒေသနာကို ရတဲ့အချိန်လေးမှာ ကြိုးစားပြီးသွားမှာ ဖြစ်သောကြောင့် အားလုံးသောယောဂီများ အပေါ်စာတန်းကနေ အဆုံးထိအောင်ရွတ်ဆိုပြီး ပူဇော်ကြပါစို့။

အဝိဇ္ဇာနှင့် တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်။ ဗြဟ္မာ–သိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မျှော်။

အဲဒီတော့ ဒီအောက်အပိုဒ်ဟာ လူနတ်များစွာ၊ သတ္တဝါတို့ ဖြစ်လာရမှု မဟုတ်ဟု ဉာဏ်ဖြင့်ရှု၍မျှော် ဆိုတော့ ပဋိစ္စသမုပ္ပါဒ်အပေါ်မှာ ဉာဏ်ရောက်သွားရင် နတ်၊ သိကြား၊ ဗြဟ္မာတွေဖန်ဆင်းလို့ သတ္တဝါတွေ ဖြစ်လာတာမဟုတ်ဘူး ဆိုတာကို ဒါမြင်ဖို့နော်။ အဲဒီတော့ အများအားဖြင့်တော့ဖြင့်ရင် လူပဲ၊ နတ်ပဲ ယောက်ျားပဲ၊ မိန်းမပဲ ပုဂ္ဂိုလ်သတ္တဝါပဲဆိုတဲ့ အစွဲတွေ



www.burmeseclassic.com

www.burmeseclassic.com



မရှိကြဘူးလား။ (ရှိပါတယ် ဘုရား)။ ဒီ ပဋိစ္စသမုပ္ပါဒ်သင်တန်းကို သင်တဲ့အခါမှာ ဉာဏ်လေးဝင်လာပြီ ဆိုရင် လူဆိုတာလည်း မရှိဘူး၊ နတ်ဆိုတာလည်း မရှိဘူး၊ သတ္တဝါဆိုတာလည်း မရှိဘူး။ သို့သော် အဲဒါတွေမရှိတော့ ဘာရှိလဲဆိုရင် ရုပ်နာမ်ခန္ဓာပဲရှိတယ်။ ဘာပဲရှိ။ (ရုပ်နာမ်ခန္ဓာပဲ ရှိပါတယ်ဘုရား)။ ရုပ်နာမ်ခန္ဓာပဲရှိတဲ့ အရှိကို အဲဒီ ဉာဏ်လေးရအောင် ဒကာ၊ ဒကာမတွေ ရှုရ မှာနော်။ အဲဒီရှုနိုင်ဖို့အတွက်ကို တခြားနားလည်ရမှာလား။ ပဋိစ္စသမုပ္ပါဒ် နားလည်ရမှာလား။ (ပဋိစ္စသမုပ္ပါဒ် နားလည်ရမှာပါဘုရား)။ ကဲ – ဒီတော့ ဒီစာပိုဒ်လေး မနက်က ရှင်းခဲ့ပြီးပြီနော်။ ကဲ – အပေါ်ပိုဒ် ဆိုလိုက်ကြဦးစို့။

**မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။**

ကဲ – စက်ဝိုင်းကို ထောက်ကြပါမယ်နော်။ မြတ်စွာဘုရားလည်း ပူဇော်ရာ တရားတော် လည်း ပူဇော်ရာ ရောက်သွားအောင်။

မူလနှစ်ဖြာဆိုသည်မှာ (အဝိဇ္ဇာနဲ့တဏှာပါဘုရား)။

သစ္စာနှစ်ခုက (သမုဒယသစ္စာ၊ ဒုက္ခသစ္စာပါဘုရား)။

လေးခုအလွှာဆိုသည်မှာ (အတိတ်အကြောင်း တစ်လွှာ၊ ပစ္စုပ္ပန်အကျိုး တစ်လွှာ၊ ပစ္စုပ္ပန် အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာပါဘုရား)။

အင်္ဂါ တစ်ဆယ့်နှစ်ပါးက (အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကမ္မဘဝ ဇာတိ ဇရာ မရဏပါ ဘုရား)။

သုံးပါးအစပ်ဆိုသည်မှာ (သင်္ခါရနှင့် ဝိညာဏ် တစ်စပ်၊ ဝေဒနာနှင့် တဏှာ တစ်စပ်၊ ကမ္မ ဘဝနှင့် ဇာတိတစ်စပ်ပါ ဘုရား)။

## အရင်းအမြစ်

နှစ်ရပ်မူလကို ဒီနေ့ထည့်ပြောပါမယ်နော်။ နှစ်ရပ်မူလနဲ့ မူလနှစ်ဖြာမှာ မူလနှစ်ဖြာဆိုတာ ဒီအလယ်ခေါင်က အဝိဇ္ဇာနဲ့တဏှာကို ထောက်ပါတယ်။ မူလနှစ်ဖြာဆိုတာ ဘာနဲ့ဘာ။ (အဝိဇ္ဇာ နဲ့တဏှာပါ ဘုရား)။ နှစ်ရပ်မူလကျတော့ ဒီနှစ်ခု မထောက်တော့ဘူး။ ဒီ တဏှာနဲ့ ဒီ အဝိဇ္ဇာကို သွားထောက်မယ်။ သို့သော် ဤရှစ်သွယ်ဆိုတဲ့အထဲမှာ အဲဒီ နှစ်ရပ်မူလဆိုတာမပါဘူးနော်။ မပါ သော်လည်းပဲ စာထဲမှာ ပါနေပြီ။ ယောဂီတို့သိအောင် ဒါထည့်ရှင်းပေးတာ။ နှစ်ရပ် မူလဆိုတာ ဘာနဲ့ဘာနဲ့။ (တဏှာနဲ့ အဝိဇ္ဇာပါဘုရား)။ မူလဆိုတဲ့စကား ရှေ့ပါနေလို့ ဒါ ဒီလိုထောက်ပေးတာနော်။ မူလဆိုတာ အရပ်စကားနဲ့ပြောရရင် မူလ = အရင်းခံတရား၊ မူလ အခြေခံရင်းမြစ် စသဖြင့်နော်။

အဲဒီလို အရင်းခံကျတာကို မူလ ခေါ်တော့ ဒီတဏှာနဲ့ ဒီအဝိဇ္ဇာကို ဘာလို့ထောက်ရ သလဲဆိုတော့ ကာလကို ပြောချင်လို့ပေါ့။ ဘာကို ပြောချင် တာလဲ။ (ကာလကို ပြောချင်လို့ပါ ဘုရား)။ ပစ္စုပ္ပန်ကာလ၊ အတိတ်ကာလ ဒီလိုမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒီတော့ ပစ္စုပ္ပန် ကာလအနေနဲ့ထောက်ရင် တဏှာကို ထောက်ရမယ်။ ပစ္စုပ္ပန်ကာလအနေနဲ့ထောက်တော့ (တဏှာ



www.burmeseclassic.com

www.burmeseclassic.com



ပါဘုရား)။ အတိတ်ကာလအနေနဲ့ ထောက်တော့ (အဝိဇ္ဇာ)။ ဒါကြောင့် နှစ်ရပ်မူလလို့ ပြောတာ နော်။

ဒီတော့ နှစ်ရပ်မူလမှာ ပစ္စုပ္ပန်ကာလမှာ တဏှာဦးဆောင်တယ်။ ပစ္စုပ္ပန်ကာလမှာ (တဏှာ ဦးဆောင်ပါတယ်ဘုရား)။ အတိတ်ကာလကျတော့ (အဝိဇ္ဇာ ဦးဆောင်ပါတယ်)။ အတိတ်ကာလ မှာ အဝိဇ္ဇာဦးဆောင်တော့ အဝိဇ္ဇာသည် မူလ။ အတိတ်ကာလမှာ ဘယ်သူသည် မူလ (အဝိဇ္ဇာ မူလပါဘုရား)။ သို့ဖြင့် အဝိဇ္ဇာမူလဆိုတော့ အဝိဇ္ဇာက သူ ဒီတရား ကိုယ်တစ်ခုတည်းယူဖို့ မဟုတ်ဘူးနော်။ အဝိဇ္ဇာလာရင် သူနဲ့တွဲဖက် တဏှာမပါဘူးလား။ (ပါပါတယ်ဘုရား)။ ဒီမှာ နံပါတ်တစ်အကွက်မှာ တဏှာပါတယ်နော်။ အဝိဇ္ဇာလာရင် ဘယ်သူလာမယ်။ (တဏှာ လာပါ တယ်ဘုရား)။ မြတ်စွာဘုရား ဥပမာဆောင်ပြီး ဟောထားတာက အဝိဇ္ဇာဆိုတာက အဖေနဲ့ တူတယ်။ တဏှာဆိုတာက အမေနဲ့တူတယ်။ ဒီတော့ လူတစ်ဦးတစ်ယောက်ဖြစ်လာဖို့အတွက်က အဓိကသည် အဖေနဲ့ အမေ။ ဘယ်သူနဲ့ ဘယ်သူလဲ။ (အဖေနဲ့အမေပါဘုရား)။ အဝိဇ္ဇာသည် ဘယ်သူနဲ့တူ (အဖေနဲ့တူပါတယ်)။ တဏှာသည် ဘယ်သူနဲ့တူ (အမေနဲ့တူပါတယ်)။ အတိတ် ကာလတုန်းက အဖေက ရှေ့ကသွားတာ အမေကနောက်ကလိုက်တယ်။ ဒီအဓိပ္ပါယ်ပါပဲ–နော်။ သွားတော့ ဥပမာနဲ့ ဥပမေယျ ဟပ်လိုက်တော့ ဒါရှင်းသွားတာပေါ့။ ဒီတော့ အတိတ်တုန်းက ဘယ်သူကဦးဆောင် (အဝိဇ္ဇာ ဦးဆောင်ပါတယ်ဘုရား)။ အဝိဇ္ဇာဆိုတဲ့ အဖေနဲ့တူတဲ့ အဝိဇ္ဇာက အတိတ်မှာ ဦးဆောင်ပါတယ်။ အမေနဲ့တူတဲ့ တဏှာက နောက်ကမလိုက်ဘူးလား။ ရှေ့သွားနောက် လိုက်ပေါ့နော်။ ဘယ်လိုခေါ်မလဲ။ (ရှေ့သွားနောက်လိုက်ပါဘုရား)။ အဝိဇ္ဇာရှေ့ကသွား၊ တဏှာ နောက်ကလိုက်တဲ့အတွက် ဟော – ပစ္စုပ္ပန်ဘဝမှာ ခန္ဓာငါးပါးရလာတယ်။ ဘာရပါလိမ့်။(ခန္ဓာ ငါးပါးပါဘုရား)။ ဒီလိုဖြင့် ပစ္စုပ္ပန်ကာလမှာ တဏှာဦးဆောင်တယ်တဲ့။ ဒါ – ပဋိစ္စသမုပ္ပါဒ်ရဲ့ သင်တန်း သဘောတရားနော်။ ပစ္စုပ္ပန်ကာလမှာ တဏှာ ဦးဆောင်သော်လည်းပဲ သူ့နောက် လိုက်ကဘယ်သူပါလဲ။ (အဝိဇ္ဇာ ပါပါတယ်ဘုရား)။

အဲ – ဒီတော့ ဥပမာနဲ့ဆောင်ပြောရင် အမေရှေ့သွား အဖေနောက် လိုက်ပါပဲ။ ပစ္စုပ္ပန် ကာလကျတော့ အမေနဲ့တူတဲ့ တဏှာက ရှေ့ကသွား၊ အဖေ နဲ့တူတဲ့ အဝိဇ္ဇာက နောက်ကလိုက် တယ်။ ပြီးတော့ ရှေ့သွားနဲ့ နောက်လိုက်သာ ကွာတယ်။ တကယ်တော့ ဒကာ၊ ဒကာမတွေ အနာဂတ်မှာ တခြားရမှာလား။ ခန္ဓာငါးပါးရမှာလား။ (ခန္ဓာငါးပါးရမှာပါဘုရား)။ အနာဂတ်မှာ ခန္ဓာငါးပါး ရပါလိမ့်မယ်–နော်။ အဲဒါကြောင့်မို့ နှစ်ရပ်မူလ ဆိုတာက အဝိဇ္ဇာသည် အတိတ်မူလ။ အဝိဇ္ဇာသည် (အတိတ်မူလ)။ တဏှာသည် (ပစ္စုပ္ပန်မူလပါ ဘုရား။ ဒါ – နှစ်ရပ်မူလနော်။

ကဲ – နောက်တစ်ခါ ဝဋ်သုံးဝနှင့် ဆက်ပြောပါမယ်။

ဝဋ်သုံးဝနှင့် ဆိုသည်မှာ (ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ပါဘုရား)။

ကိလေသာဝဋ် ဘယ်နှစ်ပါး (သုံးပါးပါ ဘုရား)၊

ကမ္မဝဋ်က (နှစ်ပါးပါ ဘုရား)၊

ဝိပါကဝဋ်က (ရှစ်ပါးပါ ဘုရား)၊

ကိလေသဝဋ်သုံးပါးက ဘယ်သူတွေလဲ။



www.burmeseclassic.com

www.burmeseclassic.com



(အဝိဇ္ဇာ တဏှာ ဥပါဒါန် ပါဘုရား)။

ကမ္မဝဋ် နှစ်ပါးက (သင်္ခါရနဲ့ ကမ္မဘဝပါ ဘုရား)။

ဝိပါကဝဋ် ရှစ်ပါးက (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဥပပတ္တိဘဝ ဇရာမရဏပါဘုရား)။

ဒါ – ဝဋ်သုံးဝနှင့် လို့ဆိုပါတယ်။

ကာလသုံးဖြာဆိုသည်မှာ (လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလပါဘုရား)။

နောက်တစ်ခါ – ခြင်းရာနှစ်ဆယ်ဆိုသည်မှာ –

နံပါတ် (၁) – အတိတ်အကြောင်းအခြင်းအရာ ငါးပါး၊

နံပါတ် (၂) – ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါး၊

နံပါတ် (၃) – ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ငါးပါး၊

နံပါတ် (၄) – အနာဂတ်အကျိုးအခြင်းအရာ ငါးပါးပါ ဘုရား)။

နံပါတ် (၁) အတိတ်အကြောင်းအခြင်းအရာ ငါးပါးကို ပြောပါ။ (အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန်ဘဝပါ ဘုရား)။

နံပါတ် (၂) ပစ္စုပ္ပန် အကျိုးအခြင်းအရာ ငါးပါးက – (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါ ဘုရား)။

နံပတ် (၃) ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါးက – (တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရပါ ဘုရား)။

နံပါတ် (၄) အနာဂတ်အကျိုးအခြင်းအရာ ငါးပါးက – (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါ ဘုရား)။

ငါးလေးလီ နှစ်ဆယ် ဤရှစ်သွယ်ကို အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။ သာသနာ သုံးရပ်နော်။ သာသနာဘယ်နှစ်ရပ်။ (သုံးရပ်ပါဘုရား)။

**အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှလွတ်ကြောင်းတည်း။** ဒီသင်တန်းစခဲ့ပြီနော်။ ဆိုစမ်းပါ။ (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း)။

အလွယ်ကျက်မှတ်က ဘာသာသနာ (ပရိယတ္တိ သာသနာပါဘုရား)၊

သိစေအပ်သည်က (ပဋိပတ္တိ သာသနာပါဘုရား)၊

သံသရာမှ လွတ်ကြောင်းတည်းက (ပဋိဝေဓသာသနာပါ ဘုရား)။

ဤသို့ဖြင့်ရင် အားလုံး ဘုန်းကြီးတို့ ဗုဒ္ဓဘာသာသူတော်စင်တွေ သာသနာ သုံးရပ်ရှိတယ်။ သို့ဖြင့်ရင် သာသနာဆိုတာ တခြားလား၊ အဆုံးအမ လား။ (အဆုံးအမပါ ဘုရား)။ ဒီတော့ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဆုံးအမကို မိမိတို့မရဘူးဆိုရင် သာသနာမကိန်းဘူးဆိုရင် လူဖြစ်တာ အလကားပါပဲ။ အလကားလူ ဖြစ်တာပါပဲ။ တစ်ဘဝတစ်နပ်စာပဲ ဖြစ်မှာပါ။ အဲဒီလိုမဖြစ်အောင် သာသနာ ဘယ်နှစ်ရပ်ကိန်းရမှာလဲ။ (သုံးရပ်ကိန်းရမှာပါဘုရား)။ အဲ – ယခု ဘာသာသနာလဲ။ နံပါတ် (၁) က (ပရိယတ္တိသာသနာပါဘုရား)။ ပရိယတ္တိသာသနာ ကိန်းရမယ်ပေါ့။ အဲဒီ ပရိယတ္တိ



www.burmeseclassic.com

www.burmeseclassic.com



သာသနာမှာ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ။ ပဋိစ္စသမုပ္ပါဒ် သင်နေတာက ဘာသာသနာကိန်းဖို့။ (ပရိယတ္တိ သာသနာပါဘုရား)။ အဲဒါတွေ သင်ပြီးရင် ဒီအတိုင်းနေမှာလား။ လက်တွေ့ အားထုတ်ရမှာလား။ (လက်တွေ့အားထုတ်ရမှာပါဘုရား)။ အဲဒီ ခန္ဓာ၊ အာယတနတရားတွေကို ကိုယ်တိုင်ကိုယ်ကျ ဉာဏ်နဲ့မြင်အောင် ကိုယ့်ခန္ဓာ၊ ဟောဒီ တစ်လံမျှလောက်သောခန္ဓာမှာ အဲဒါတွေ ကြည့်လို့မြင်ရင် ဘာသာသနာကိန်းတာလဲ။ (ပဋိပတ္တိသာသနာကိန်းပါတယ်ဘုရား)။

ဒီလိုဖြင့်ရင် ပဋိပတ္တိသာသနာကိန်းလို့ ဒီအတိုင်း အားထုတ်ရင် ပဋိဝေဓ သာသနာက ဆုတောင်းဖို့လိုရဲ့လား။ (မလိုပါဘူးဘုရား)။ ဒီတော့ ဓမ္မသဘောက သူ့အချိန်တန်ရင် ဒကာ၊ ဒကာမတွေ ဟုတ်လား။ မပေါ်နိုင်ဘူးလား။ (ပေါ်နိုင်ပါတယ် ဘုရား)။ ဒါ – ဓမ္မရဲ့တာဝန်နော်။ အဲဒါကြောင့်မို့လို့ ယနေ့ ပရိယတ် သာသနာအနေဖြင့် ကိန်းဖို့ကတော့ဖြင့်ဆိုရင် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ ဘယ်နှစ်မျိုး ဆရာတော်ကြီးမိန့်သွားတာလဲ။ (ခုနှစ်မျိုးပါဘုရား)။ ခုနှစ်မျိုးက (ခန္ဓာ၊ အာသတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ အရှုခံ၊ အရှုဉာဏ်)။ ဟုတ်ပြီ။ အဲဒီ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကို သင်ရင်းနဲ့ အကုန်လုံး ပါသွားပါလိမ့်မယ်နော်။

## အရှုတ်လောက်နဲ့မကျေနပ်နဲ့

ကဲ – ဒီတော့ ယနေ့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို စသင်တော့မယ်ဆိုတော့ မူလနှစ်ဖြာက ဘယ်သူနဲ့ဘယ်သူပါလိမ့်။ (အဝိဇ္ဇာနဲ့ တဏှာပါဘုရား)။ ပြီးတော့ ဟောဒီစက်ဝိုင်းရဲ့ အတွင်းဝိုင်းကြီးမှာ အဝိဇ္ဇာရယ်၊ တဏှာရယ်ဆိုတော့ အဲဒီ အဝိဇ္ဇာနဲ့တဏှာဆိုတော့ စက်ဝိုင်းထဲမှာသာ ရေးပြတာ အခု ယောဂီတို့ မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ အမေမွေးတဲ့ မျက်စိနဲ့ မြင်နေတာနော်။

ဒီလိုဖြင့်ရင် ဘုန်းကြီးတို့ ယောဂီများ သူတော်ကောင်းတွေနော်၊ လူဖြစ်လာရင် မျက်လုံး တစ်လုံးတည်း ထားလို့မရဘူး။ ဘယ်နှစ်လုံးတပ်ရမှာလဲ။ (နှစ်လုံး တပ်ရမှာပါဘုရား)။ ဒီတော့ မေးစရာဖြစ်မယ်။ ဟာ – အရှင်ဘုရား။ လူတိုင်း မျက်စိနှစ်လုံးရှိတာပဲ ဆိုတော့ ဒါပြောတာမဟုတ်ဘူး။ အမေမွေးလိုက်တဲ့ မျက်လုံး နှစ်လုံးက မျက်လုံးတစ်လုံးလို့ယူ၊ ဘာမျက်လုံးတစ်လုံး။ (ကံမျက်လုံး တစ်လုံး)။ ဘုရားသာသနာနဲ့ကြုံလို့ ဘုရားပေးတဲ့ မျက်လုံး (ဝါ) ဆရာပေးတဲ့ မျက်လုံးသည် ဉာဏ်မျက်လုံး။ ဘာမျက်လုံးလဲ။ (ဉာဏ်မျက်လုံးပါ ဘုရား)။ သို့ဖြင့် ယောဂီတို့ လူရယ်လို့ဖြစ်လာရင် မျက်လုံးနှစ်လုံး ရှိရမှာပေါ့။ ဘာမျက်လုံးနဲ့ ဘာမျက်လုံး။ (ကံမျက်လုံးနဲ့ ဉာဏ်မျက်လုံးပါဘုရား)။

အဲဒီတော့ ဉာဏ်မျက်လုံးကို ရမှသာလျှင် အိုနာသေလွတ်မယ်။ (မှန်လှပါ)။ ကံမျက်လုံးလေး ရရုံနဲ့ အိုနာသေလွတ်ပါ့မလား။ (မလွတ်ပါဘူး)။ ဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဟုတ်လား။ မြတ်စွာဘုရား ဓမ္မစကြာ ဟောတဲ့အခါကျတော့ ပထမဦးဆုံး သောတာပန်တည်သွားတာ အရှင်ကောဏ္ဍညနော်။ ဘယ်သူပါလဲ။ (အရှင်ကောဏ္ဍညပါဘုရား)။ အရှင်ကောဏ္ဍည ပထမဦးဆုံး ဒကာ၊ ဒကာမတွေ – အင်း – ဉာဏ်မျက်လုံးရသွားတာ။ စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ ပညာဥဒပါဒိ မရဘူးလား။ ဒီတော့မှ "အာလောကော ဥဒပါဒိ" ဆိုတာ ဒါဘုန်းကြီးတို့ ယောဂီတွေ လူတိုင်းလူတိုင်း နှုတ်ဖျားမှာရနေတာပဲ။ မရွတ်ဘူးလား။ (ရွတ်ပါတယ်)။ သို့ဖြင့် အဲဒါ ရွတ်တာ ကုသိုလ်မရဘူးလား။ ရပါတယ်။ ရွတ်ကြစမ်းပါလို့ ဒကာ၊ ဒကာမတွေကို တိုက်တွန်း

www.burmeseclassic.com



တယ်ပေ့ါ။ သို့သော် အဲဒီရွတ်တဲ့ကုသိုလ်က တခြားကုသိုလ်လား။ ကံကုသိုလ်လား။ (ကံ ကုသိုလ်ပါဘုရား)။ ရွတ်တဲ့ကုသိုလ်က ဘာကုသိုလ်။ (ကံကုသိုလ်ပါဘုရား)။

သို့သော် တရားတွေကို ရွတ်နေတယ်ဆိုလို့ရှိရင် ကာမာဝစရ ကုသိုလ်ဖြစ်တယ်။ ဓမ္မဒါန ကုသိုလ်ဖြစ်တယ်။ ရွတ်စမ်းပါလို့ အားပေးတိုက်တွန်းတယ်ပေ့ါ။ သို့သော် အဲဒီ အရွတ်လောက်ကလေးနဲ့တော့ မကျေနပ်နဲ့ပေ့ါ။ ဘာဖြစ်လို့ မကျေနပ်နဲ့လို့ဆိုရင် ဘာကုသိုလ်ပဲ ဖြစ်သေးလို့လဲ။ (ကံကုသိုလ်ပဲ ဖြစ်နေသေးလို့ပါဘုရား)။ ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား)။ အဲဒီတော့ ရွတ်ရုံနဲ့ဆိုလို့ရှိရင် ဒုက္ခ၊ ဒုက္ခမတွေ အိုနာသေ မလွတ်သေးဘူးဗျ။ (မှန်လှပါ)။ ရွတ်ရုံနဲ့ဆို အိုနာသေ လွတ်ပါ့မလား။

ဒီတော့ **"စက္ခုံ ဉဒပါဒိ၊ ဉာဏံ ဉဒပါဒိ၊ ပညာ ဉဒပါဒိ၊ အာလောကော ဉဒါပါဒိ"** ဖြစ်ဖို့ဆိုတာကတော့ ရွတ်ဖို့မဟုတ်ပါဘူး။ မြင်ဖို့။ ဘာဖို့လဲ (မြင်ဖို့ပါဘုရား)။ အဲဒါကို မြင်ဖို့ဆိုတာလည်း တခြားနဲ့ မြင်ရမှာလား။ ဉာဏ်မျက်လုံးနဲ့ မြင်ရမှာလား။ (ဉာဏ်မျက်လုံးနဲ့ပါ)။ ဉာဏ်မျက်လုံးနဲ့ မြင်ရမယ်။ ဝိဇ္ဇာမျက်လုံးနဲ့ မြင်ရမယ်။ ရှင်းပြီနော်။ ဝိဇ္ဇာမျက်လုံးဆိုတာ ဝိဇ္ဇာ ဉဒပါဒိ၊ ပညာ ဉဒပါဒိ ရှင်းကောရှင်းရဲ့လား။

အဲဒီလို ဉဒပါဒိတွေ ဉာဏ်မျက်လုံးတွေ ရဖို့ဆိုတာက အဝိဇ္ဇာကနေ ဘာဖြစ်မှာလဲ။ (ဝိဇ္ဇာဖြစ်ရမှာပါဘုရား)။ တဏှာက ဘာဖြစ်မလဲ။ (အလောဘ ဖြစ်မှ)။ အလောဘ ဖြစ်မှ။ တဏှာက ဘာဖြစ်မှ။ (အလောဘ ဖြစ်မှ)။ အဝိဇ္ဇာက (ဝိဇ္ဇာဖြစ်မှ)။ ဒီလိုဖြင့်ရင် အဝိဇ္ဇာကနေ ဝိဇ္ဇာမဖြစ်သမျှ ကာလပတ်လုံး ဘုန်းကြီးတို့ ဒုက္ခ၊ ဒုက္ခမတွေ သံသရာမှ လွတ်ပါ့မလား။ (မလွတ်ပါဘူး)။ ဒီလိုဖြင့်ရင် ပုံသေနည်းလေး ပြန်သွားကြဦးနော်။ အဲဒီ အဝိဇ္ဇာကို အဘိဓမ္မာနဲ့ပြောတော့ တခြားပြောတာလား။ မောဟပြောတာလား။ (မောဟပါဘုရား)။ တဏှာကို အဘိဓမ္မာနဲ့ပြောတော့ လောဘ၊ တဏှာကို (လောဘ)။ တဏှာကို ဘယ်လို ခေါ်မလဲ။ (လောဘ)။ အဝိဇ္ဇာကို (မောဟ)။ ဒီလိုဖြင့်ရင် လောဘ၊ မောဟ၊ မောဟ၊ လောဘ။

အဝိဇ္ဇာဆိုတာ မနက်က သင်ခဲ့တယ်။ တခြားမသိတာလား။ သစ္စာလေးပါး မသိတာလား။ (သစ္စာလေးပါး မသိတာပါဘုရား)။ မူလနှစ်ဖြာဆိုတဲ့ အဝိဇ္ဇာနဲ့ တဏှာက တကယ်တော့ ကိုယ့်ခန္ဓာရဲ့ဖြစ်ကြောင်းနော်။ အဝိဇ္ဇာနဲ့ တဏှာက ဘာနဲ့ ဘာနဲ့လဲ။ (ခန္ဓာရဲ့ဖြစ်ကြောင်းပါဘုရား)။ သို့ဖြင့်ရင် ခန္ဓာရဲ့ဖြစ်ကြောင်းဆိုတော့ ယောဂီတို့ မနက်ကစခဲ့ပြီ။ သစ္စာလေးပါးကို မသိတာ (အဝိဇ္ဇာပါ)။ ကဲ - လိုက်ဆို။

**သစ္စာလေးပါး၊ မသိငြား၊ ကွယ်တားပိတ်ကာ၊ အဝိဇ္ဇာ။ (၂-ခေါက်ဆို)**

သစ္စာလေးပါးကိုမသိအောင် ဖုံးလွှမ်းထားတာဆိုတော့ ဘုံသုံးပါးမှာ ရှိရှိသမျှ ရုပ်နာမ်တွေသည် ဒုက္ခသစ္စာတွေချည်း။ အဲဒီ ဒုက္ခတွေကို ဒုက္ခလို့မသိမမြင်နိုင်ခြင်းဟာ ဒါ ဒုက္ခသစ္စာကို ဖုံးလွှမ်းတဲ့ အဝိဇ္ဇာပဲ။ အလားတူပဲ တဏှာလောဘ ကိုဒုက္ခဖြစ်ကြောင်းမှန်းမသိ၊ နိဗ္ဗာန်ကို ဒုက္ခချုပ်ရာမှန်းမသိ၊ မဂ္ဂင် ၈-ပါးကို နိဗ္ဗာန်သို့သွားရောက်စရာလမ်းကောင်းမှန်းမသိမှုတွေဟာ သမုဒယမဂ္ဂနှင့် နိရောဓ ကို ဖုံးလွှမ်းတဲ့ အဝိဇ္ဇာတွေပါပဲ။ ဒီနေရာမှာ သစ္စာ ၄-ပါးကို သိတယ်ဆိုတာ သဂြိုဟ်သရုပ်ခွဲသလို သရုပ်ရေတွက်တတ်သလို သညာသိ - အမှတ်သိမျိုး မဟုတ်ဘဲ ဉာဏ်သိ သိမှသာ အသိလို့ မှတ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးရှင်ထင်နေ

အဲဒီတော့ သစ္စာလေးပါး ဆိုတော့ – သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။ ဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ပထမဦးဆုံး စဟောတာ ဒုက္ခသစ္စာကို စဟောပါတယ်။ ဘာကို စဟောတာ (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာကို မသိတာ (အဝိဇ္ဇာ)။ သမုဒယသစ္စာကို မသိတာ (အဝိဇ္ဇာ)။ မဂ္ဂသစ္စာ မသိတာ (အဝိဇ္ဇာ)။ နိရောဓသစ္စာ မသိတာ (အဝိဇ္ဇာ)။ သစ္စာလေးပါးကို မသိဘဲနဲ့ သဘောကျတွယ်တာနေတာက (တဏှာပါဘုရား)။

ဒီလိုဖြင့်ရင် သဘောကျတွယ်တာနေတာက တဏှာဆိုတော့ ဒါကို တရားကိုယ်ဟောတဲ့ အခါကျတော့ ဖြုန်းခနဲ မမှတ်မိဘူး။ ဒီတော့မှ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဥပမာနဲ့ အဝိဇ္ဇာနဲ့ တဏှာကို ဟောသွားတာများ တစ်ခါတည်း တစ်လုံးတည်း မှတ်မိတယ်ပေါ့။ မန္တလေးကနေ ရန်ကုန်ကိုတဲ့ နွားသတ်ဖို့ နွားတွေတင်တယ်။ အဲဒီလို တင်တဲ့အခါကျတော့ နွားသတ်မယ့် ပုဂ္ဂိုလ်က ပိုင်ရှင်ကပေါ့နော်၊ သူ့နွားတွေ အလေးချိန်တွေ လျော့မှာစိုးလို့ ရေလေးတိုက်လိုက်၊ အစာလေးကျွေးလိုက် ဒကာ၊ ဒကာမတွေ မလုပ်ရဘူးလား။ (လုပ်ရပါတယ်ဘုရား)။ အို – တော်ကြာ မကျန်းမမာဖြစ်ရင်ခက်မယ်။ သူ့နွားတွေ တော်ကြာ ဈေးကောင်းမရမှာစိုးလို့ အမလေး ကျန်းမာအောင် ဆေးဝါးလေး ကုလိုက်၊ နွားတွေ သပ်သပ်ရပ်ရပ်ဖြစ်အောင် ရေချိုးပေးလိုက်၊ အိပ်တဲ့အခါမှာလည်း သေသေချာချာ နွားတင်းကုပ်နဲ့ထားလိုက် မလုပ်ဘူးလား။ အဲဒီပုဂ္ဂိုလ် နွားကို အစာကျွေးတယ်၊ ရေတိုက်တယ်၊ ဆေးကုပေးတယ်။ နွားတင်းကုပ်နဲ့ နွားကို သေသေချာချာ ထားတယ်။ အော်–နောက်ဆုံးတော့ ခြင်မကိုက်ရအောင် ခြင်ထောင်ကို ထောင်ပေးထားတာ။ အဓိပ္ပာယ်နော်။

သို့သော် အဲဒီနွားသတ်တဲ့ပုဂ္ဂိုလ်ဟာ အဲဒီနွားတွေကို ရောင်းပြုပြီးတော့ စီးပွားရှာမှာ ဖြစ်တဲ့အတွက် နွားသတ်ရုံကိုပို့ကာနီး အဲဒီလို ပြုစုနေတာဟာ ဒကာ၊ ဒကာမတွေ နွားကို ချစ်တဲ့စိတ်နဲ့လုပ်တာ ဟုတ်ရဲ့လား (မဟုတ်ပါဘူးဘုရား)။ မေတ္တာရှိလို့လား။ (မဟုတ်ပါဘူး)။ မဟုတ်ဘူး။ သူ့အကျိုးစီးပွားအတွက် ရှင်းပြီနော်။ သို့သော် ဘုန်းကြီးတို့ ယောဂီကသာ ဒါ သူ့ အကျိုးစီးပွားမို့လို့ လုပ်တာ နွားချစ်လို့မဟုတ်ဘူး၊ နွားကို မေတ္တာထားလို့ မဟုတ်ဘူး။ အဓိပ္ပါယ်နော်။ သို့သော် နွားကတော့ ဒကာ၊ ဒကာမတွေ ဘုန်းကြီးတို့သိသလို မသိဘူး။ ဒကာ၊ ဒကာမတွေ သိသလိုသိရဲ့လား။ (မသိပါဘူးဘုရား)။ မသိဘူး။ တလွဲသိတယ်ဗျ။

ဘယ်လိုသိလဲလို့ဆိုရင် ငါ့ကိုကျွေးထားတဲ့ ကျွေးရှင်ကြီး – ဟ၊ မွေးထားတဲ့ မွေးရှင်ကြီးဟ။ သူ့ကို နေမကောင်းတော့လည်း ဆေးဝါးကုပေး၊ အိပ်ရာနေရာ ကောင်းကောင်းလေး လုပ်ပေး၊ အမြဲတမ်းရေတိုက်ပေး။ ရေချိုးပေး၊ အစာကျွေးဆိုတော့ နွားရဲ့စိတ်ထဲမှာ နွားသတ်မဲ့သူကို သူက ကျွေးရှင် မွေးရှင် ကျေးဇူးရှင်ကြီးလို့ မထင်ဘူးလား။ (ထင်ပါတယ်ဘုရား)။ ဒီလိုဖြစ်ရင် ကျေးဇူးရှင်ကြီးလို့ ထင်တာဟာ လူလား၊ နွားလား (နွားပါဘုရား)။ ကျေးဇူးရှင်လို့ထင်တာ ဘယ်သူလဲ။ (နွားပါဘုရား)။ နွားတဲ့။ အခု ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက သူ့ကို ကျေးဇူးရှင်လို့ ထင်သေးလား။ (မထင်တော့ပါဘူးဘုရား)။ အမှန်အတိုင်း မြင်တာ။ ကျေးဇူးရှင်မဟုတ်ဘူး။ ဒီကောင် နွားသတ်မဲ့ အကောင်၊ အင်မတန်ဆိုး၊ လူဆိုး လူမိုက်–နော်။ နွားကိုသတ်ပြီး စီးပွားရှာနေတာ ဒီကောင် လူ ကောင်းလား၊ လူဆိုးလား။ (လူဆိုးပါ ဘုရား)။





www.burmeseclassic.com

www.burmeseclassic.com

(၉၁)

ဘုန်းကြီးတို့ ယနေ့ ဗုဒ္ဓတရားတော်နဲ့ပြောရင် သူ့အသက်သတ်နေရင် ဒီပုဂ္ဂိုလ်သည် လူမိုက်ပဲ။ ပါဏာတိပါတကိုး။ ရှင်းကော ရှင်းရဲ့လား။ သူတစ်ပါးအသက်ကို သတ်ပြီးတော့မှ ကိုယ့်တစ်ဝမ်းတစ်ခါး စားရမဲ့အလုပ်ကို လုပ်တော့ ဒီပုဂ္ဂိုလ်ကို ဘုန်းကြီးတို့ သူတော်ကောင်းစာရင်းထဲ ထည့်လို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါးပါးသီလနဲ့တွက်တော့ ဘယ်ကံကို ကျူးလွန်နေတာလဲ။ (ပါဏာတိပါတကံပါဘုရား)။ ပါဏာတိပါတကံ ကျူးလွန်နေတဲ့အတွက် သူသည် လူမိုက်ပဲလို့ အားလုံး ဒကာ၊ ဒကာမတွေ ဘုန်းကြီးတို့ သိတယ်ပေါ့။ သို့သော် နွားက သူ့ကို လူမိုက်လို့ ထင်တာလား။ ကျေးဇူးရှင်လို့ ထင်တာလား။ (ကျေးဇူးရှင်လို့ ထင်တာပါဘုရား)။

အဲဒီတော့ ကျေးဇူးရှင်လို့ထင်တော့ သူများအနား ရောက်လာလို့ရှိရင် ဒကာ၊ ဒကာမတွေ ခွေ့ဖို့မပြောနဲ့ ယက်ကာပက်ကာနဲ့နွားက၊ ဒါ – ဆရာတော် ဥပမာနဲ့ဟောထားတာနော်။ နွားသည် ကျွေးရှင်မွေးရှင် ကျေးဇူးရှင်ကြီး ထင်ပြီးတော့ အဲဒီနွားသတ်မဲ့သူ အနားရောက်လာတဲ့အခါကျတော့ တစ်ခါတည်း ယက်လိုက်ဖက်လိုက်နဲ့ အဲဒီလို ပွတ်သီးပွတ်သပ် မလုပ်ဘူးလား။ (လုပ်ပါတယ်)။ ဒါဖြင့် အဲဒီလို ပွတ်သီးပွတ်သပ် လုပ်တာသည် လူလား၊ နွားလား။ (နွားပါဘုရား)။ ကျွေးရှင်မွေးရှင် ကျေးဇူးရှင်လို့ ထင်တာသည် လူလား၊ နွားလား။ (နွားပါဘုရား)။ ဟုတ်ပြီ။ ဒါက ဥပမာဆောင် ဟောတာပါ။

## ကိုယ့်ကိုသတ်တဲ့ရန်သူ

ကဲ – ဥပမေယျက ဘုန်းကြီးတို့ ကိုယ့်ဘဝနဲ့ကိုယ် ဟပ်ကြပါစို့။ ကိုယ့်ဘဝနဲ့ကိုယ် ဟပ်တဲ့အခါကျတော့ ကဲ – အခု ဘုန်းကြီးတို့ နံပါတ်နှစ်အကွက် ပစ္စုပ္ပန်ကာလထဲမှာ မရောက်ဘူးလား။ (ရောက်ပါတယ်ဘုရား)။ အခု ဘယ်အကျိုးနဲ့ နေရတာလဲ။ (ပစ္စုပ္ပန်အကျိုး တစ်လွှာနဲ့ပါဘုရား)။ ပစ္စုပ္ပန်အကျိုး တစ်လွှာနဲ့နေတာနော်။ ပစ္စုပ္ပန်အကျိုးတစ်လွှာ ဆိုတာ တခြားရလို့လား။ ခန္ဓာငါးပါး ရလို့လား။ (ခန္ဓာငါးပါးရလို့ပါဘုရား)။

ဒီလိုဖြင့်ရင် ဘုန်းကြီးတို့ရတာက လူဖြစ်တဲ့အတွက် လူ့ခန္ဓာပေါ့။ အဲဒီလို နတ်ဖြစ်ရင် ဘာခန္ဓာ ခေါ်မလဲ။ (နတ်ခန္ဓာပါဘုရား)။ အကယ်လို့ ဗြဟ္မာဖြစ်ရင် ဘာခန္ဓာခေါ်မလဲ။ (ဗြဟ္မာခန္ဓာခေါ်ပါမယ်ဘုရား)။ အကယ်၍ ခွေးဖြစ်ရင် ဘာခန္ဓာခေါ်မလဲ။ (ခွေးခန္ဓာ ခေါ်ပါမယ် ဘုရား)။ ပညတ်အားဖြင့်သာ ပြောင်းသွားသော်လည်း အားလုံးခြုံလိုက်တဲ့အခါ ခန္ဓာရတာပါပဲ၊ ရှင်းပြီနော်။

အဲဒီတော့ ခန္ဓာရပြီဆိုရင် ဒကာ၊ ဒကာမတွေ စဉ်းစားကြည့်။ ပဋိသန္ဓေ နေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုတဲ့ ဒီဒုက္ခတွေ လွတ်ပါ့မလား။ (မလွတ်ပါဘူးဘုရား)။ ဒီတော့ အိုတာ၊ နာတာ၊ သေတာသည် တခြားရလို့လား၊ ခန္ဓာရလို့လား။ (ခန္ဓာရလို့ပါဘုရား)။ ဒီလိုဖြင့်ရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ စဉ်းစားကြည့်နော်။ ဟောဒီ ခန္ဓာရတဲ့ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ်တိုင်း ကိုယ့်ကို သတ်တာ တခြားကသတ်တာလား၊ ခန္ဓာကသတ်တာလား။ (ခန္ဓာကသတ်တာပါ ဘုရား)။ ဘယ်သူက သတ်တာလဲ။ (ခန္ဓာကသတ်တာပါ)။ ထင်ရှားသွားပြီနော်။ အဲဒီတော့ ကောင်းပြီ။ ခန္ဓာက ကိုယ့်ကို သတ်တယ်ဆိုတော့ ကိုယ့်ကိုသတ်တဲ့သူက မိတ်ဆွေလား၊ ရန်သူလား။ (ရန်သူပါဘုရား)။ ရန်သူနော်။

ကဲ – ဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမများ စဉ်းစားနော်။ ဟောဒီ ရနေတဲ့ ခန္ဓာသည်





www.burmeseclassic.com

www.burmeseclassic.com



မိမိဘဝကို တစ်သက်လုံး တစ်သံသရာလုံး သတ်လာတာပေါ့။ လူဖြစ်လည်းပဲ အသေဆိုးနဲ့ မသေရဘူးလား။ (သေရပါတယ်ဘုရား)။ နတ်ဖြစ်တော့လည်းပဲ (သေရပါတယ်ဘုရား)။ ဗြဟ္မာဖြစ်တော့လည်းပဲ (သေရပါတယ် ဘုရား)။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ကျတော့လည်း (သေရပါတယ်ဘုရား)။ အဲဒီလိုသေတာသည် တခြားရလို့လား၊ ခန္ဓာရလို့လား။ (ခန္ဓာရလို့ပါဘုရား)။

ဒီလိုဖြင့်ရင် ခန္ဓာရတဲ့ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ်တိုင်း ယောဂီတို့ ဘုန်းကြီးတို့အတွက် မိတ်ဆွေလား၊ ရန်သူလား။ (ရန်သူပါဘုရား)။ သို့ဖြင့်ရင် ရန်သူဆိုတာက တကယ့်သဘာဝအတိုင်း မြင်ရမှာပေါ့နော်။ အဲဒီလိုမျိုး ရန်သူလို့ တစ်သက်လုံး တစ်သံသရာလုံးက ကဲ – အားလုံးသော ဆွေတော်မျိုးတော် ဒကာ၊ ဒကာမတွေ မြင်ရဲ့လား။ (မမြင်ပါဘူးဘုရား)။ မမြင်ဘူး။ ရန်သူလို့မမြင်ဘူး။ ရန်သူလို့ မမြင်တဲ့အပြင်မှာ အဲဒီခန္ဓာကို မိတ်ဆွေလို့တောင် မြင်သေးတယ်။ ခုနက နွားကြီးသည် သူ့ကို သတ်မဲ့သူကို ကျွေးရှင်မွေးရှင်ကြီး၊ ယက်ကာပက်ကာ လုပ်သလို ခင်မင်သလို၊ ရှင်းကော ရှင်းရဲ့လား။ ဒီတော့ အဲဒီကိုယ့်ကို သတ်မဲ့ရန်သူကို ရန်သူမှန်း မသိတာက ဘယ်သူ့သတ္တိ။ (အဝိဇ္ဇာသတ္တိပါဘုရား)။

ဟော – အဲဒါကို ခန္ဓာထဲသွင်းလိုက်ပါနော်။ ကိုယ့်ခန္ဓာသည် ကိုယ့်ကို မသတ်ဘူးလား။ (သတ်ပါတယ်ဘုရား)။ အဲဒီ ကိုယ့်ကိုသတ်မဲ့ရန်သူကို ရန်သူမှန်း မသိတာက (အဝိဇ္ဇာပါဘုရား)။ မသိတဲ့အတွက် ဒီခန္ဓာကို ခင်နေတာက (တဏှာပါဘုရား)။ အဝိဇ္ဇာနဲ့ တဏှာက သူများဖြစ်တာလား၊ ကိုယ်ကိုယ်တိုင် ဖြစ်ခဲ့တာလား။ (ကိုယ်ကိုယ်တိုင် ဖြစ်ခဲ့တာပါ ဘုရား)။

အဲဒီတော့ ဒီခန္ဓာကို ခင်တာက တဏှာ၊ ဒီခန္ဓာကိုခင်တာက (တဏှာပါဘုရား)။ ဒီခန္ဓာသည် ဒုက္ခသစ္စာလို့ မသိတာက (အဝိဇ္ဇာပါဘုရား)။ မသိတဲ့အတွက် ခင်တာက (တဏှာပါဘုရား)။ အဲဒါကို ပဋိစ္စသမုပ္ပါဒ် သွားလိုက်တော့ မူလနှစ်ဖြာ။ မူလနှစ်ဖြာ ဆိုတာ ဘယ်သူနဲ့ဘယ်သူ။ (အဝိဇ္ဇာနဲ့ တဏှာပါဘုရား)။ အဲဒီတော့ အဲဒီ အဝိဇ္ဇာနဲ့ တဏှာဆိုတဲ့ မူလနှစ်ဖြာဟာ ယခုမှဖြစ်တာလား။ တစ်သံသရာလုံးက ဖြစ်ခဲ့တာလား။ (တစ်သံသရာလုံးက ဖြစ်ခဲ့တာပါဘုရား)။ သူနှိပ်စက်ခဲ့လို့ ဘုရားအဆူဆူလွဲခဲ့ပါတယ်။ ဘုရားတစ်ဆူ တစ်ဆူပွင့်ရင် စာထဲမှာ ပါပြီးသားနော်။ ဘုရားတစ်ဆူ တစ်ဆူပွင့်ရင် ဒကာ၊ ဒကာမတွေ ပရိသတ်တွေအများကြီး။ မကျွတ်ဘူးလား။ (ကျွတ်ပါတယ်)။ ဘုရားတစ်ဆူ တစ်ဆူမှာ ကျွတ်သွားတဲ့သူ ကျွတ်သွားတဲ့သူတွေကို မရေမတွက်နိုင်အောင်ပါပဲ။ မရေမတွက်နိုင်လောက်အောင် ပါငြားသော်လည်းပဲ ယနေ့ ဩော် – မိမိတို့ အဲဒီထဲမှာ မပါဘူး ဆိုတော့ – တွေ့လို့လား၊ ရှောင်ခဲ့လို့လား။ (ရှောင်ခဲ့လို့ပါ)။ ရှောင်ခဲ့တာ ဘယ်သူ့ကြောင့်လဲ။ (အဝိဇ္ဇာကြောင့်ပါ)။

## မိုက်လို့ပြန်တွေ့ကြတာ

ဘယ်လောက်ကြောက်စရာကောင်းလဲ ယောဂီတို့။ သို့သော် ကိုယ့်ကိုယ်ကို အဲဒီလို ရှောင်ခဲ့မှန်းမသိဘူး။ ကယ်မဲ့သူနဲ့ တွေ့တိုင်း တွေ့တိုင်း ရှောင်ရှောင် ရှောင်ပြီး မပြေးခဲ့ဘူးလား။ ပြေးခဲ့တယ်။ ဒီလို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် လောကမှာ ပွင့်လာတာဟာ သတ္တဝါတွေကို ကယ်ဖို့။ ဒါကြောင့် ဘုန်းကြီးတို့ဘုရားရှိခိုး ရှိတာပဲ။ "ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ" ဆိုတာ။ လောကကြီးကို ကယ်ဖို့အလို့ငှာ လောကကြီးအကျိုးစီးပွား

www.burmeseclassic.com

www.burmeseclassic.com



အတွက် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး မပွင့်ဘူးလား။ (ပွင့်ပါတယ်ဘုရား)။ ဂင်္ဂါဝါဠု သဲစုမက ဘုရားတွေ ပွင့်ပင်ပွင့်ငြားသော်လည်း ဟောဒီ တရားဟောတဲ့ ဘုန်းကြီးနဲ့တကွ အားလုံးသော ယောဂီတွေ ပါရဲ့လား။ (မပါပါဘူးဘုရား)။ မပါဘူး။

ကဲ–ဒီတော့ ကိုယ့်ဆွေတွေမျိုးတွေ ရင်းရင်းနှီးနှီးမေးရမယ်။ ခင်ဗျားတို့ ဘယ်သွားနေကြလဲ။ ဘယ်လောက်မိုက်သလဲ ဆိုတာ စဉ်းစားကြည့်စမ်း။ ကိုယ့်ကယ်မဲ့သူက အိမ်ပေါ် ရောက်လာတာ တောင်မှပဲ အတွေ့မခံပဲ ထွက်ပြေးတဲ့ဘဝဆိုတော့ ကိုယ့်ထက်မိုက်တာ ရှိသေးရဲ့လား။ စဉ်းစားကြည့် နော်။ တော်သေးရဲ့ဗျာ – ခု – တရားပွဲ ရောက်လာလို့ အဲဒီထဲမှာ အခုပလ္လင်ပေါ်က ဘုန်းကြီးက ခေါင်းဆောင်ပေ့ါနော် – ထားလိုက်။ ဒီလောက်မိုက်လို့ ဒီဘုန်းကြီးနဲ့ ဒီယောဂီတွေ ပြန်တွေ့တာ မဟုတ်ဘူးလား။ ဟာ – သို့သော် မိုက်ချင်လို့မိုက်တာလား။ ဆရာနဲ့မတွေ့လို့လား။ (ဆရာနဲ့ မတွေ့လို့ပါဘုရား)။ အော်–ဆရာနဲ့မတွေ့တာတော့ အဓိကပေ့ါ။ သို့သော် ဆရာနဲ့တွေ့သော်လည်းပဲ ဆရာ့ကို ကွေ့ပတ်ရှောင်နေတော့ ဘုရားကို ကွေ့ပတ်ရှောင်နေတော့ မတွေ့ဘူး။

အဲဒီတော့ မကျွတ်နိုင်အောင် မတွေ့နိုင်အောင် လှည့်ပတ်ရှောင်နေတာ ဘယ်သူနဲ့ ဘယ်သူလဲ။ (အဝိဇ္ဇာနဲ့ တဏှာပါဘုရား)။ ရှင်းကော ရှင်းရဲ့လား။ အဲ – ယနေ့ အင်မတန် ဘုန်းထူး ကံထူး ရှိကြတဲ့အတွက် အဝိဇ္ဇာကနေ ဘာဖြစ်မှာလဲ။ (ဝိဇ္ဇာဖြစ်မှာပါ ဘုရား)။ တဏှာကနေ (အလောဘ ဖြစ်မှာပါဘုရား)။ အဲဒီလိုဖြစ်လို့ဆိုတော့ ဒကာ၊ ဒကာမတွေ ဝိဇ္ဇာဉာဏ်တစ်ဉာဏ် ရဖို့ဆိုတာက လွယ်ပဲ့မလား။ (မလွယ်ပါဘူးဘုရား)။ ဒီတော့ အဝိဇ္ဇာဆိုတာဟာ အမှောင်ဖုံးတာပေ့ါ။ အဝိဇ္ဇာဆိုတာ ဘာတဲ့လဲ။ (အမှောင်ဖုံးတာပါ)။

အဲဒီ အမှောင်ဖုံးလာတဲ့အချိန်အခါမှာ ဘယ်လောက် ကြောက်စရာကောင်းသလဲဆိုရင် လယ်တီဆရာတော်ဘုရားကြီးများ ဟောထားသလိုပဲ ဟုတ်လား။ အဝိဇ္ဇာရဲ့အမှောင်ကို ဥပမာနဲ့ပေး ဟောထားတာ။ အင်မတန် မိုးမှောင်ကြီးကျတဲ့ အချိန်အခါမှာ ဒကာ၊ ဒကာမတွေ ဘာမှမမြင်ရသလို၊ လကွယ်ညဆိုတာလည်းပဲ မမှောင်ဘူးလား။ (မှောင်ပါတယ်)။ သန်းခေါင်ယံအချိန်သည်လည်း မမှောင်ဘူးလား။ (မှောင်ပါတယ်)။ မိုးမှောင်ကြီးကျနေရင်လည်း မမှောင်ဘူးလား။ (မှောင်ပါတယ်)။ အဲဒီအချိန် ကိုယ်က တောအုပ်အလယ်ရောက်နေတာပေ့ါ။ လေးချက်ဟောထားတယ်။ အဝိဇ္ဇာကို ဟောထားတာနော်။

လကွယ်ညအချိန်၊ သန်းခေါင်ယံအချိန်၊ တောအုပ်ကြီး အလယ်ကောင်မှာ ရောက်ပြီးတော့ ဒကာ၊ ဒကာမတွေ မိုးမှောင်ကျနေတဲ့ အချိန်အခါမှာ ကိုယ့်လက်ကို ထောင်ကြည့်လို့ မြင်ပါ့မလား။ (မမြင်ပါဘူးဘုရား)။ မမြင်တာက မျက်စိမရှိလို့ မမြင်တာလား။ ရှိလျက်နဲ့ မမြင်တာလား။ (ရှိလျက်နဲ့ မမြင်တာပါဘုရား)။ ဘာဖြစ်လို့ မမြင်တာလဲ။ မှောင်အားကြီးလို့၊ အမှောင်ထုတွေ ဖုံးအားကြီးလို့ ကိုယ့်ခြေ၊ ကိုယ့်လက်တောင် မမြင်နိုင်ပါဘူး။ အဲဒီလို မမြင်နိုင်ဘူးဆိုရင် ဥပမာဆိုကြပါစို့။ တော ထဲ အဲဒီအချိန်မှာ ကိုယ့်ကိုယ်ကို မမြင်တော့ ဒကာ၊ ဒကာမတွေအနား မြွေပွေးတစ်ကောင်ရောက် နေတယ်။ ကဲ မြင်ပါ့မလား။ (မမြင်ပါဘူး)။ မမြင်တက်နင်းရင် နင်းမှာပဲ။ မမြင်ရင် (တက်နင်းမှာပါ)။ တက်နင်းရင် မြွေပွေးက ဘယ်လိုနည်းနဲ့မှ သက်သာပေးမှာ မဟုတ်ပါဘူး။ ကိုက်မှာပါပဲ။ ဒီ ကိုက်လိုက်လို့ အကိုက်ခံရရင် ဒကာ၊ ဒကာမတွေ သက်သာပါ့မလား။ (မသက်သာပါဘူးဘုရား)



www.burmeseclassic.com

www.burmeseclassic.com



သေခြင်းဆိုးသေလိမ့်မယ်ပေါ့။ ဒီတော့ ဒီလို သေခြင်းဆိုးသေတဲ့ ဘဝမျိုးနဲ့ ကြုံရတာက မြင်လို့လား။ မမြင်လို့လား။ (မမြင်လို့ပါဘုရား)။ မမြင်တာ တခြားကြောင့်လား၊ မှောင်လို့လား။ (မှောင်လို့ပါ ဘုရား)။ အဲဒီ မှောင်တယ်ဆိုတာ ဥပမာပေးပြောနေတာ။ ဘယ်သူပြောတာပါလိမ့်။ (အဝိဇ္ဇာပါဘုရား)။

ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ တစ်သက်လုံး တစ်သံသရာလုံး အဲဒီလို အမှောင်ထုကြီး ကျလာခဲ့လို့ အသေဆိုး သေခဲ့ရတယ်လို့ သဘောထားပါ။ ရှင်းကော ရှင်းရဲ့လား။ အဲဒီတော့ ကိုယ့်အနားမှာ ရန်သူရောက်နေတာ ကိုယ့်ကိုယ်ကို မြွေကြီးရောက်နေတာကို မမြင်တဲ့အတွက်ကြောင့် အမှတ်တမဲ့ သွားနင်းမိတဲ့အတွက် အဲဒီလိုမျိုး ဒုက္ခတွေနဲ့ကြုံခဲ့ရတဲ့ဘဝတွေက မရေနိုင်ဘူးပေါ့။ အဲဒါ ဘယ်သူ့သတ္တိ (အဝိဇ္ဇာသတ္တိ)။ ရှင်းကောရှင်းရဲ့လား။ အဲဒီတော့မမြင်တဲ့ အခါကျတော့ လိုချင်တာတွေ မလာဘူးလား။ (လာပါတယ်ဘုရား)။

**အဖုံးငါးဖုံး**

အဲဒီတော့ မမြင်တာက အဝိဇ္ဇာ၊ လိုချင်တာက (တဏှာ)၊ စွဲလမ်းတာက (ဥပါဒါန်)၊ ဆောင်ရွက်တာက (ကမ္မဘဝ)၊ ကမ္မဘဝပစ္စယာ (ဇာတိ)။ အို–ဘဝတိုင်း၊ ဘဝတိုင်းမှာ သေခြင်းဆိုး သေခဲ့ရတာပါပဲ။ ဒါ ပဋိစ္စသမုပ္ပါဒ်ရဲ့သဘောသွား။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်)။ ဒီတော့ အဲဒီလောက် မှောင်နေရတဲ့ အမှောင်ထုကြီးကို ဂေါ်ဝါဠု သဲစုမက ဘုရားတွေကို ရှောင်ခဲ့တဲ့ အမှောင်သည် ဘယ်အမှောင်လဲ။ (အဝိဇ္ဇာပါဘုရား)။ အဝိဇ္ဇာအမှောင်။ ရှင်းပြီနော်။ အဲဒါကို ဘုန်းကြီးတို့ သင်တန်းဆရာများက အဝိဇ္ဇာကို ဘုန်းကြီးတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အမှောင်ငါးစင်း အလင်းငါးချက်နဲ့ ဟောထားခဲ့ပါတယ်။ ဒီနေ့ ဒီသင်တန်းလေးစမယ်နော်။ အမှောင် ငါးစင်း၊ အလင်းငါးချက် ဆိုတဲ့ တရားမှာ – ဥပမာဆိုကြပါစို့ ဟောဒီ ခွက်အနီလေးပေါ့။ ဒီခွက်အနီလေးကို ယောဂီတို့ အခုလိုကြည့်လိုက်တဲ့အခါကျတော့ ယောဂီတို့ မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ မြင်တယ်။ အကယ်လို့ အဲဒီခွက်အနီလေးကို ဒီလို ဖုံးထားလို့ရှိရင် မြင်ပါဦးမလား။ (မမြင်ပါဘူးဘုရား)။ မမြင်တော့ဘူး။ ဒီတော့ ဖုံးထားတယ်ဆိုတာ တခြားနဲ့တူတာ မဟုတ်ဘူး။ အဝိဇ္ဇာနဲ့ တူတာ။ ဖုံးထားတာ ဘာနဲ့တူပါလိမ့်။ (အဝိဇ္ဇာနဲ့ တူပါတယ်ဘုရား)။ အဲဒီလို ခွက်နဲ့တူတဲ့ အဝိဇ္ဇာက ဖုံးထားတော့ အတွင်းထဲမှာရှိတဲ့အရာကို မြင်ပါ့ဦးမလား။ (မမြင်ပါဘူးဘုရား)။ ဒီတော့မှ ဘုန်းကြီးတို့ ဆရာတော်ဘုရားကြီးက မိန့်သွားတာက အဲဒီတော့ အတွင်းထဲက ရှိတဲ့အရာကို အမှန်အတိုင်း မမြင်တဲ့အခါကျတော့ ဘေးကလူကပြောရင် သူများပါးစပ်ဖျား လမ်းဆုံးသွားတာပါပဲ။ သူများ ပါးစပ်ဖျား လမ်းဆုံးတယ် ဆိုတာက ဟာ – ဟောဒီထဲမှာဟော့ ပတ္တမြားတုံးကြီးရှိတယ် စသည်ဖြင့် ပြောမယ်။ ကိုယ်မသိဘူးဆိုတော့ သူများပါးစပ်ဖျားလမ်းဆုံးတော့ ဒကာ၊ ဒကာမတွေ မယုံဘူးလား။ (ယုံပါတယ်)။ ယုံတယ်ဆိုတာ မြင်လို့ ယုံတာလား။ မမြင်လို့ ယုံတာလား။ (မမြင်လို့ယုံတာပါဘုရား)။ ကိုယ်တိုင်ကိုယ်ကျမမြင်တော့၊ သူများပါးစပ်ဖျားလမ်းဆုံးတော့ ပတ္တမြားဆို ပတ္တမြားကြီးပဲ အောက်မေ့လိုက်တာပေါ့။ သို့သော်လည်း ကိုယ်တိုင်ကိုယ်ကျ တကယ်တော့ဟာ – ခင်ဗျားပြောတာ ကျုပ်မယုံဘူး။ ကိုယ်ကိုယ်တိုင်မြင်မှ ယုံမယ်၊ ဖွင့်ကိုကြည့်ဦးမယ်ဆိုတော့ ဖွင့်ကြည့်လိုက်တော့ ပတ္တမြားတွေ့တာလား၊ ခွက်အနီတွေ့တာလား။ (ခွက်အနီတွေ့တာပါဘုရား)။ ဟာ–ခင်ဗျား–ပတ္တမြား



www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့ ဆင်ကောင်းဆင်မယ်။ ဒါပေမဲ့ – ပတ္တမြားမဟုတ်ဘူး။ ဒီမှာ ခွက်ကြီး။ သူများပြောတာလား။ ကိုယ်တိုင်ကိုယ်ကျ မြင်တာလား။ (ကိုယ်တိုင်ကိုယ်ကျ မြင်တာပါဘုရား)။

သို့ဖြင့် အဲဒီလို ကိုယ်တိုင်ကိုယ်ကျ မြင်တာက ဝိဇ္ဇာဉာဏ်။ ကိုယ်တိုင်ကိုယ်ကျ မြင်တာက (ဝိဇ္ဇာဉာဏ်ပါဘုရား)။ ဒီလိုဖြင့် အဝိဇ္ဇာရယ်၊ ဝိဇ္ဇာရယ် နှစ်မျိုးရှိတယ်နော်။ အဲဒီတော့ – တစ်သက်လုံး၊ တစ်သံသရာလုံး၊ ဘုန်းကြီးတို့ သူများပါးစပ်ဖျားလမ်းဆုံးခဲ့တာက ဘာအုပ်ထားလို့လဲ။ (အဝိဇ္ဇာအုပ်ထားလို့ပါဘုရား)။ ဘယ်လောက်ကြောက်စရာကောင်းလဲ၊ ဒကာ၊ ဒကာမတွေ။ အင်း – လူချမ်းသာကွ၊ နတ်ချမ်းသာကွ၊ ဗြဟ္မာချမ်းသာကွ၊ ဟုတ်လား၊ အမယ်လေး နတ်ချမ်းသာဆိုရင် ဘယ်လိုအရောင်တွေ ဘာတွေနဲ့ ဖိတ်ဖိတ် တောက်တယ်ဆိုတော့ ကိုယ်လည်း သိတာမဟုတ်ဘူး။ ဟော – တရားနည်းနည်း နက်သွားပြီနော်။ တရားနည်းနည်းနက်သွားပြီ၊ ယောဂီတို့ နားကြီးကြီး နားထောင်ပါ၊ ဟုတ်လား။ အဲဒီတော့ ဒါကို သစ္စာမျက်စိနဲ့တပ်ကြည့်တဲ့ အခါကျတော့ အဲဒါကို လက်ခံရမှာ မဟုတ်ဘူး။ သူများပြောတာကို လက်ခံရမှာလား၊ ကိုယ်တိုင်မြင်တာကို လက်ခံရမှာလား။ (ကိုယ်တိုင်မြင်တာကို လက်ခံရမှာပါဘုရား)။

သို့ဖြင့် ယခုပြောနေတဲ့ ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာတရားတွေဟာ သူများပါးစပ်ဖျား လမ်းဆုံးတာလား၊ ကိုယ်တိုင်မြင်တဲ့တရားတွေလား။ (ကိုယ်တိုင်မြင်တဲ့တရားတွေပါ ဘုရား)။ ကိုယ်တိုင်မြင်နိုင်အောင် နည်းလမ်းပေးနေတာပါပဲ။ ရှင်းပြီနော်။ သို့ဖြင့် ကိုယ်တိုင်မြင်နိုင်အောင် ဟောဒီမှာ ဖုံးထားတဲ့ အဖုံးကို ဒီအတိုင်းထားရမှာလား၊ ဖွင့်ပစ်ရမှာလား။ (ဖွင့်ပစ်ရမှာပါ ဘုရား)။ အဲဒီအဖုံးက ဘယ်လောက်ထိရှိသလဲဆိုလို့ရှိရင် တစ်ထပ်တည်းတောင် မဟုတ်ဘူး၊ ငါးထပ် ထပ်ထားတယ်တဲ့။ ဘယ်နှစ်ထပ်၊ (ငါးထပ်ပါဘုရား)။ အခု – ဘုန်းကြီးတို့ ယောဂီတွေ တစ်သက်လုံး တစ်သံသရာလုံးက ဒီအဖုံး ငါးဖုံး အဖုံးခံရတာလို့ မှတ်လိုက်ပါ။ တစ်ဖုံးထဲတောင်မှ အထဲမှာ ဘာရှိသလဲမမြင်ရင် ငါးဖုံး ဖုံးထားရင် မြင်နိုင်ပါ့ဦးမလား။ (မမြင်နိုင်ပါဘူးဘုရား)။ သို့ဖြင့်ရင် အဲဒီလို အဖုံးခံထားတဲ့ ဘဝတွေက လက်ချိုးရေလို့ ရရဲ့လား။ (မရပါဘူးဘုရား)။ မရဘူး၊ ဘယ်လောက်ထိ မရသလဲ ဆိုလို့ရှိရင် မြတ်စွာဘုရားလည်း ဟောထားတာနော်။ ဘုရားတစ်ဆူ တစ်ဆူနဲ့အကြားမှာ အရိုး ၁၃–မိုင်လောက်တက်တယ်တဲ့။ ဟောဒီအဖုံး ဖုံးခံရလို့တက်တာ။ အသေတွေ မကုန်နိုင်လို့ပေါ့နော်။ လူဖြစ်လည်းသေ၊ နတ်ဖြစ်လည်းသေ၊ ဗြဟ္မာဖြစ်လည်းသေ၊ ခွေးဖြစ်လည်းသေ၊ ဝက်ဖြစ်လည်းသေ၊ ငရဲကျလည်းသေ၊ အမျိုးမျိုးသေခဲ့တဲ့ အသေတွေဟာ တစ်ဘဝနဲ့တစ်ဘဝ ရေနိုင်ရဲ့လား။ (မရေနိုင်ပါဘူး)။ မရေနိုင်လို့ အသေတွေ၊ မရေနိုင်လို့ အရိုး ၁၃–မိုင်လောက် တက်တယ်တဲ့။ အဲဒီလို ၁၃–မိုင်လောက်တက်လောက်အောင် အရိုးတွေနဲ့ အသေဆိုးသေခဲ့တာ အဖုံးဘယ်နှစ်ဖုံး ဖုံးခံရလို့လဲ။ (ငါးဖုံးပါဘုရား)။ အဲဒီအဖုံးဆိုတာ တခြားပြောတာလား၊ အဝိဇ္ဇာပြောတာလား။ (အဝိဇ္ဇာပါဘုရား)။ အဝိဇ္ဇာငါးထပ်ကို အဖုံးခံထားရတဲ့အတွက် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့ အသေဆိုးသေခဲ့ရတာပါ။

ယနေ့ အင်မတန် မဟာကံထူးရှင်တွေ ဖြစ်တယ်လို့ ဘုန်းကြီးထပ်ငါလဲလဲ ပြောနေတာဟာ ဒီအဖုံးကိုက ဘုရားတစ်ဆူ တစ်ဆူ ပွင့်မှ ဖွင့်နိုင်တာ။ အဖုံးကို ဘယ်သူဖွင့်နိုင်လဲ။ (ဘုရားတစ်ဆူတစ်ဆူပွင့်မှ ဖွင့်နိုင်တာပါ)။ ဒီတော့ ဂေါ်ဝါဠ သဲစုမက ဘုရားတွေဟာ ဒီအဖုံးတွေကို အကုန်ဖွင့်ဖွင့်သွားတာ။ သို့သော် ကိုယ်နဲ့ကိုယ် မအပ်စပ်လို့ ရှောင်ပြေးနေလို့ ဒီအဖုံး မပွင့်တာပေါ့။

www.burmeseclassic.com



ဟော–အခု ယနေ့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး မရှိသော်လည်း မြတ်စွာဘုရား သာသနာမှာ ဒကာ၊ ဒကာမတွေ လူလာပြီး မဖြစ်ရဘူးလား။ (ဖြစ်ရပါတယ် ဘုရား)။ အဲဒီတော့ လူလာဖြစ်လို့ ဒီအဖုံးကိုမှ မဖွင့်ရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ လူဖြစ်တာ အလကားဖြစ်တာပဲ။ ဆရာတော်ဘုရားကြီး ဟုတ်လား။ ဒကာကြွယ် – ဦးလှဘူးတို့ ခင်ဗျားတို့ အသက် ၆၀၊ ၇၀၊ ၈၀ တွေ ဖြစ်နေတာ။ အလကား အသက်ကြီးနေတာ၊ ဆန်ကြီးကြီးနေတာ ဟောဒီ အဖုံးမဖွင့်လို့။

သို့ဖြစ်၍ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ယနေ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာနဲ့ ဝိဇ္ဇာဉာဏ်သာမရရင် အဖုံးဖုံးပြီးသား မဖြစ်ဘူးလား။ (ဖြစ်ပါတယ်)။ အဲဒီလိုဆိုရင် ဆန်ကြီးကြီးတဲ့အထဲ မပါဘူးလား။ (ပါပါတယ်ဘုရား)။ အင်မတန် အခုဘုန်းကံ ထူးတယ်ဆိုတာ ဆန်ကြီးကြီးတဲ့ အထဲက လွတ်အောင် တခြားလုပ်ရမှာလား၊ အဖုံးတွေ ဖွင့်ရမှာလား၊ (အဖုံးတွေဖွင့်ရမှာပါဘုရား)။ အဖုံးတွေ ဖွင့်လိုက်ရင် အထဲမှာ ဘာဆိုတာ ယောဂီတို့ သေသေချာချာ မမြင်နိုင်ဘူးလား။ (မြင်နိုင်ပါတယ်ဘုရား)။ အဲဒီလို ကိုယ်တိုင်ကိုယ်ကျ မြင်တာသည် သူများပါးစပ်ဖျားလမ်းမဆုံးတော့ဘူး။ အဲဒီဉာဏ်သည် တခြားဉာဏ်လား၊ ဝိဇ္ဇာဉာဏ်လား။ (ဝိဇ္ဇာဉာဏ်ပါဘုရား)။ အဲဒီဝိဇ္ဇာဉာဏ်ရရင် နိဗ္ဗာန်သည် ဒိုင်းကနဲ ယောဂီတို့ မြင်ရပြီ။ ဝိဇ္ဇာဉာဏ်ရရင် ဘာကိုမြင်ရမယ်။ (နိဗ္ဗာန်ကို မြင်ရမှာပါဘုရား)။

ဒီလိုဖြစ်ရင် ယနေ့ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ ဘုရားတည်ပြီး ဆုတောင်းနေတာ နိဗ္ဗာန်။ ကျောင်းဆောက်ပြီး ဆုတောင်းနေတာ (နိဗ္ဗာန်)။ ရှင်ပြုရဟန်းခံလုပ်ပြီး ဆုတောင်းနေတာ (နိဗ္ဗာန်)။ အို–လောကမှာ ရှိသမျှ ကုသိုလ်ကောင်းမှုတွေ လုပ် လုပ်ပြီး ဆုတောင်းနေတာ ဘာပါလိမ့်။ (နိဗ္ဗာန်ပါဘုရား)။ ဒီလိုဖြစ်ရင် နိဗ္ဗာန်ကို မြင်နိုင်ဖို့က တခြားဉာဏ်ရ ရမှာလား၊ ဝိဇ္ဇာဉာဏ် ရ ရမှာလား။ (ဝိဇ္ဇာဉာဏ်ရ ရမှာပါဘုရား)။ ဒီလိုဖြစ်ရင် မြေပြင်ကနေ ကောင်းကင်ထိအောင် ဒါနတွေပြု ဟောဒီလို အဖုံးဖုံးထားလို့ရှိရင် နိဗ္ဗာန်ကို မြင်နိုင်ပါ့မလား။ (မမြင်နိုင်ပါဘူးဘုရား)။ ဟော ယောဂီတို့ ယနေ့ ဟောဒီအဖုံးကိုသာ ဖွင့်လိုက်ရင် လိုချင်တဲ့ဆု တစ်သက်လုံး တစ်သံသရာလုံးက တောင်းလာတဲ့ ဆုက မပြည့်နိုင်ဘူးလား။ (ပြည့်နိုင်ပါတယ်ဘုရား)။ အေး–အဲဒါကြောင့် ယနေ့ ပဋိစ္စသမုပ္ပါဒ်သင်တန်းကို နားလည်ရင် မိမိတို့ ဆုတောင်းပြည့်ပြီလို့ ဝမ်းသာစမ်းပါ။ ဘုန်းကြီးက အသားလွတ် ချီးမွမ်းပြောနေတာ မဟုတ်ဘူးနော်။ ကောင်းပြီ–ဒီတော့ ယနေ့ ယောဂီတို့ အဖုံးက ဘယ်နှစ်ဖုံး အဖုံးခံရလဲ။ (ငါးဖုံးပါဘုရား)။ အဲဒီ ငါးဖုံးကို ယနေ့ဖွင့်လို့ ပွင့်သွားရင် ပြီးသွားပါပြီ။ ဘယ်လောက်ဝမ်းသာစရာ ကောင်းလဲ။ အဖုံးငါးဖုံးဖွင့်ပြီးလို့ရှိရင် တခြားပေါ်မှာလား၊ နိဗ္ဗာန်ပေါ်မှာလား။ (နိဗ္ဗာန်ပေါ်မှာပါဘုရား)။

ဟာ–ကိုယ်တော် အပြောကြီးလှချည့်လားဆိုလို့ရှိရင် ကိုယ်တော်စကားကို ဒကာ၊ ဒကာမတွေ လမ်းမဆုံးနဲ့၊ လက်တွေ့အလုပ်လုပ်ကြည့်စမ်းပါ။ လက်တွေ့ အလုပ်လုပ်နိုင်ဖို့ နည်းလမ်း၊ စည်းကမ်းကို ဆရာတော်ဘုရားကြီး ဥပနိဿယအတိုင်း ကျေးဇူးဆပ်မယ်နော်။ ကဲ–ဒီတော့ အဖုံးက ဘယ်နှစ်ဖုံး (ငါးဖုံးပါဘုရား)။ အဲဒီငါးဖုံးက ဘာလဲလို့ဆိုတာကို စမယ်နော်။ သင်တန်းက ကဲ–လိုက်ဆိုကြ။ နံပါတ် (၁) အဖုံးက --- ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်

နံပါတ် (၂) က နာမရူပ ပရိစ္ဆေဒဉာဏ်

နံပါတ် (၃) က ပစ္စယပရိဂ္ဂဟဉာဏ်၊

အောင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



**နံပါတ် (၄) က လက္ခဏာဉာဏ်၊**
**နံပါတ် (၅) က မဂ်ဉာဏ်၊**

ဒီလိုဖြင့်ရင် အဝိဇ္ဇာဆိုတာကတော့ အဖုံး ၅ – ဖုံးအုပ်ထားတဲ့ သဘော။ ဝိဇ္ဇာဆိုတာက သိသင့်တဲ့တရားတွေ သိသွားရင် တခြားဉာဏ်ရတာလား၊ ဝိဇ္ဇာဉာဏ်ရတာလား။ (ဝိဇ္ဇာဉာဏ် ရတာပါဘုရား)။ ဒီလိုဖြင့်ရင် ယောဂီတို့ ဉာဏ် ဘယ်နှဉာဏ် ရရမယ်။ (ငါးဉာဏ်ပါဘုရား)။

အဲဒါကို ဆရာတော်ဘုရားကြီး တရားခေါင်းစဉ်ပေးထားတာက **"အမှောင်ငါးစင်း အလင်းငါးချက်"** ဆရာတော်ပေးထားတဲ့နာမည်က ဘာတဲ့လဲ။ (အမှောင်ငါးစင်း အလင်းငါးချက်ပါဘုရား)။ ဘုရားအလိုတော်ကျအတိုင်း ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဟောသွားတာနော်။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အင်မတန်ကံထူးလို့ ဒီတရားမျိုးနာရတယ်လို့ မှတ်နော်။ သို့သော် စာပေကျမ်းဂန်မှာ သူ့ဟာနဲ့သူတော့ ရှိပါတယ်။ ဘုရားဟောထားတာ မရှိဘူးလား။ (ရှိပါတယ်)။ **"စာကားမှန်၏။ ဉာဏ်မမီ၊ ထိရောက်သူမသိ"** ဆိုတဲ့ စကားလို၊ စာတော့ စာထဲရှိနေတာပဲ၊ ကိုယ်မှ မယူ တတ်တာပဲ။ စာအရှိအတိုင်းသာ ယူတတ်ရင် အကုန် ရဟန္တာတွေဖြစ်ကုန်မှာ။ ရှင်းကော ရှင်းရဲ့လား။ တစ်ယောက်မှ အပါယ်ကျမှာ ရှိမှာမဟုတ်ဘူး။ **စာထဲမှာရှိတဲ့** ဒေသနာစဉ်တွေကို ခန္ဓာထဲအရောက် ပို့နိုင်တာက တခြားကပို့တာလား၊ ဆရာသမားက ပို့တာလား။ (ဆရာသမားက ပို့ပေးတာပါဘုရား)။ အခု ဘုန်းကြီးတို့ ကံကောင်းတယ်ဆိုတာ ဆရာတော် ဘုရားကြီး၏ တရားတွေကို ယခုနာခွင့်ရတာပါ။ ရှင်းပြီနော်။ အခု ဉာဏ် ဘယ်နှဉာဏ်ကို သင်နေတာလဲ။ (ငါးဉာဏ်ပါဘုရား)။ ကဲ–ကဲ ဒါအလွတ်ရ သွားအောင် ဆိုကြည့်။ ယောဂီသစ်များအတွက်နော်။

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်၊
(၂) နာမရူပ ပရိစ္ဆေဒဉာဏ်၊
(၃) ပစ္စယ ပရိဂ္ဂဟဉာဏ်၊
(၄) လက္ခဏာဉာဏ်၊
(၅) မဂ်ဉာဏ်။

ဉာဏ်ဘယ်နှဉာဏ်လဲ။ (ငါးဉာဏ်ပါဘုရား)။ အဲ–အဲဒါကတော့ တစ်ခါတည်း အလွတ်ကို ရနေရမယ်။ အချိန်မရွေး ပြန်စဉ်းစားလိုက်ရင် ဒေါက် ဒေါက် ဒေါက် ဒီလိုဖြစ်နေရမယ်––နော်။ အဲဒါက ကျက်ထားရမှာ။ အဲ–ဒီတော့ ဒကာ၊ ဒကာမတွေ တပည့်တော်တို့က အသက်အရွယ်က ကြီးပြီ၊ ဉာဏ်ကထိုင်းပြီ၊ မရဘူး။ စျေးမဆစ်နဲ့၊ ဒါတော့ စျေးဆစ်လို့မရဘူး။ ဒီထက်ဘုန်းကြီး လျှော့စျေးပေးရင် အလကား ဖြစ်သွားမှာပေါ့။ မရလို့ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား)။ မရလို့မဖြစ်ဘူး ဆိုတော့ အခုယောဂီလည်း ငါးရာနီးပါးလောက်ရှိတယ်။ တစ်ယောက်ချင်းကို စစ်မှဖြစ်မယ်။ တစ် ယောက်ချင်း စစ်ရမှာ။ ဘာလို့လဲဆိုတော့ ဘုန်းကြီးတို့ ဒီလောက်အပင်ပန်းခံပြီး ဟောထားတာပဲဗျာ။ မရဘဲနဲ့ အိမ်မပြန်ရဘူး၊ ဟုတ်လား။ အင်း–ခက်ပြီ။ မရဘဲ အိမ်ပြန်လွှတ်လို့ မဖြစ်ဘူးလေ။ အဲတော့ ရပြီဆိုမှ တစ်ယောက်ချင်း စစ်ပြီးတော့မှကို ယောဂီတို့ အိမ်ပြန်နိုင်းမယ်။ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။ အင်း–နောက်ဖက်က အသံနည်းနည်းတိုးသွားတယ်၊ နောက်ဖက်ကတော့ အသံနည်းနည်းတိုးသွားပြီ။ အလွယ်ကျက်မှတ်နော်။ ဉာဏ်ဘယ်နှစ်ဉာဏ်။ (ငါးဉာဏ်ပါ)။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ဆိုတာ ဒါ ယောဂီဟောင်းတွေလည်း ထပ်တလဲလဲ ဂရုစိုက်ပါနော်၊ ယောဂီသစ်တွေအတွက်လည်း ဦးစားပေးပြီးပြောရတယ်၊ ဟုတ်လား။

ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ဆိုတာက ကံနှင့်အကျိုးပေးကို ယုံကြည်သောဉာဏ်။ ကံနှင့် အကျိုးပေးကို ယုံကြည်သောဉာဏ်။ ဆိုလိုက်ပါ။ (ကံနှင့် အကျိုးပေးကို ယုံကြည်သောဉာဏ်)။ စာလို ဘယ်လိုခေါ်လဲ။ (ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်)။ မြန်မာလိုက (ကံနှင့်အကျိုးပေးကို ယုံကြည်သောဉာဏ်)။ ရှေ့တစ်ပိုဒ် သွားမယ်။

နာမရူပ ပရိစ္ဆေဒဉာဏ်။ ဆိုစမ်းပါ။ (နာမရူပ ပရိစ္ဆေဒဉာဏ်)။ နာမ်နှင့်ရုပ်ကို ပိုင်းခြားသိသော ဉာဏ်။ (နာမ်နှင့်ရုပ်ကို ပိုင်းခြားသိသောဉာဏ်)။ ကဲ–စာလိုပြော၊ (နာမရူပ ပရိစ္ဆေဒဉာဏ်)။ မြန်မာလိုက (နာမ်နှင့်ရုပ်ကို ပိုင်းခြားသိသောဉာဏ်)။ နံပါတ်တစ်ပြန်ဆိုပါ။ (ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်)။ မြန်မာလိုက (ကံနှင့်အကျိုးပေးကို ယုံကြည်သောဉာဏ်)။ နံပါတ်နှစ်က (နာမရူပ ပရိစ္ဆေဒဉာဏ်)။ မြန်မာလိုက (နာမ်နှင့်ရုပ်ကို ပိုင်းခြားသိသော ဉာဏ်)။

နံပါတ်သုံးက ပစ္စယ ပရိဂ္ဂဟဉာဏ်။ ဘာပါလိမ့်။ (ပစ္စယ ပရိဂ္ဂဟဉာဏ်)။ ဒီတော့ ပစ္စယ ပရိဂ္ဂဟဉာဏ် ဆိုတာက အကြောင်းကို သိမ်းဆည်းသိသောဉာဏ်၊ အကျိုးကို သိမ်းဆည်းသိသော ဉာဏ်။ ဆိုစမ်းပါ။ (အကြောင်းကို သိမ်းဆည်းသိသောဉာဏ်၊ အကျိုးကို သိမ်းဆည်းသိသောဉာဏ်)။ အဲဒါ ဘာဉာဏ်ခေါ်လဲ။ (ပစ္စယပရိဂ္ဂဟဉာဏ်)။ မြန်မာလိုက (အကြောင်းကို သိမ်းဆည်းသိသော ဉာဏ်၊ အကျိုးကို သိမ်းဆည်းသိသောဉာဏ်)။ အဲဒါတွဲပြီးပြောရင် (အကြောင်းအကျိုးကို သိမ်းဆည်း သိသောဉာဏ်)။ စာလိုက (ပစ္စယပရိဂ္ဂဟဉာဏ်)။ မြန်မာလိုက (အကြောင်းအကျိုးကို သိမ်းဆည်းသိ သောဉာဏ်)။

ဟုတ်ပြီ–ဒီတော့နံပါတ်လေးက လက္ခဏာဉာဏ်၊ ဘာဉာဏ်ပါလိမ့်။ (လက္ခဏာဉာဏ်ပါဘုရား)။ လက္ခဏာဉာဏ်ဆိုတော့ သူက နည်းနည်းတစ်ဆင့်ချင်း တစ်ဆင့်ချင်းရှင်းရမယ်။ လက္ခဏာလို့ ပြောလိုက်တာနဲ့ ယောဂီတို့က နားလည်သွားပြီ။ ဘယ်လို နားလည်တာလဲဆိုတော့ ဗေဒင်ဆရာ၊ လက္ခဏာဆရာ အဲဒါနားလည်တာပဲ။ လက္ခဏာဆိုတာနဲ့ ဟော–လက္ခဏာလေး သွားပြမယ်။ အာယုက ဘယ်လို၊ ဘာက ဘယ်လို၊ နှလုံးလမ်းကြောင်းက ဘယ်လို၊ မေတ္တာလမ်းကြောင်းက ဘယ်လို ဘယ့်နှယ်ညာ့နှယ်တွေပေါ့နော်။ သို့သော် သူ့ဟာနဲ့သူ ဟုတ်ပါတယ်။ မိမိရဲ့ကံတရား တွေဟာ ဒီပေါ်မှာ မှတ်ကြောင်းလေးတွေ လာပေါ်တယ်ပေါ့။ ဒါ – လောကီပညာနော်။

## လက္ခဏာပညာ

အဲဒီတော့ အခု ဒီမှာတော့ မြန်မာနိုင်ငံမှာကျတော့ လက္ခဏာဆိုတာကတော့ မြန်မာနိုင်ငံမှာ မရှိဘူးလား။ ဒီအထဲ ဘုန်းကြီးတို့ယောဂီတွေ လက္ခဏာမကြည့်ဖူးတဲ့သူ မရှိလောက်ပါဘူး။ အကုန် လုံးက ကြည့်ဖူးကြမှာပါ။ အင်း – ငြိမ်တော့ ငြိမ်သွားပြီ။ ကြည့်ပါ၊ အပြစ်မတင်ပါဘူး–နော်။ ဝါသနာပါရင်ကြည့် လေ့လာထား။ သင်ထား။ ဒါက တတ်ကောင်းတဲ့ အတတ်ပညာပါပဲ။ ဒါပေမဲ့ နိဗ္ဗာန် မရောက်တာဘဲ ရှိမယ်ပေါ့ – နော်။ နိဗ္ဗာန်အတွက် အထောက်အပံ့ မရတာဘဲ ရှိမယ်။ သို့သော် ဒီအတတ်ပညာသည် မတတ်ကောင်းဘူးလား။ တတ်ကောင်းတယ်။ သိဒ္ဓတ္ထမင်းသား



www.burmeseclassic.com

www.burmeseclassic.com



ဖွားတဲ့အခါကျတော့ ဟိုမှာလေ အရှင်ကောဏ္ဍညပုဏ္ဏား လက်ညှိုးတစ်ချောင်းထောင်ပြီး မပြော ဘူးလား။ ဘုရားကေန် ဖြစ်မယ်ဆိုပြီးတော့ လက်ညှိုးတစ်ချောင်းထောင်ပြီး မပြောဘူးလား။ ဒီ ပညာတွေပေါ့။ သို့သော် အဲဒီပညာက နိဗ္ဗာန်ရောက်ကြောင်း ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ မဟုတ်ဘူး။ သို့သော် ဝါသနာပါရင်တော့သင်ထား။ လက္ခဏာပညာနော်။ သို့သော် မြန်မာနိုင်ငံမှာ တော့ လက္ခဏာပညာ သင်တာ။ ခြေလက္ခဏာပညာကျတော့ ဘယ်သူမှမသင်ဘူး။ ခြေလက္ခဏာ ကြည့်တာကော မရှိဘူးလား။ ဘုရားစောင်းတန်းတို့ ဘာတို့မှာ လက္ခဏာပဲ ဆိုင်းဘုတ်တပ်တယ်။ ခြေလက္ခဏာတော့ ဘယ်မှာမှ တပ်တာမတွေ့ဘူး။ ဒါပေမဲ့ ဟိုမှာ ဘုရားလက်ထက် ခြေလက္ခဏာ တတ်တယ် ဒကာ၊ ဒကာမတွေ။ ခုန လက္ခဏာဆိုတာ မှတ်ကြောင်းနော်။ လက္ခဏာဆိုတာ ဘာတဲ့လဲ။ (မှတ်ကြောင်းပါဘုရား)။ မှတ်ကြောင်း။ လက်ကျတော့ လက်ရဲ့မှတ်ကြောင်းပေါ့။ ခြေ ကျတော့ ခြေထောက်ရဲ့မှတ်ကြောင်း။ လက်မှာပါတဲ့အမှတ်အသား အရေးအကြောင်းလေးတွေကျ လက်ရဲ့လက္ခဏာ၊ ကြက်ခြေလေးတွေ၊ လိုင်းလေးတွေ၊ ထီးရိုးခေါ် ကမ္ဗလမ်းကြောင်းတွေ၊ ဒါတွေ ကို လက္ခဏာလို့ ခေါ်တာ။ ခြေမှာပါတော့ ခြေရဲ့လက္ခဏာပေါ့။ ခြေဏာမဟုတ်ဘူး။ ခြေထောက် မှာ ပါတဲ့လက္ခဏာ။ ခြေမှာပါတဲ့အမှတ်အသား။ ဥပမာ – မြတ်စွာဘုရားကျတော့ လုံမလုံကန်တို့၊ ပုံတောင်းတို့၊ ကြိုးကြာရုပ်တို့ ၁၀၈–ကွက်ရှိတယ်။ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ ဆိုတာ။

အဲတော့ ခြေလက္ခဏာနဲ့ပတ်သက်ပြီး ဘုန်းကြီးက ဗဟုသုတကလေး ပြောလိုက်ပါဒုံးမယ်။ ဟုတ်လား။ မာဂဏ္ဍီ ပုဏ္ဏားကြီးဇနီးမောင်နှံရှိတယ်။ ဘယ်သူလဲ။ (မာဂဏ္ဍီ ပုဏ္ဏားကြီးဇနီးမောင်နှံပါ)။ မာဂဏ္ဍီပုဏ္ဏားကြီးတို့က သမီးတစ်ယောက် မွေးထားတယ်။ အဲဒီ မာဂဏ္ဍီ ဇနီးမောင်နှံပုဏ္ဏားကြီး၊ ပုဏ္ဏေးမကြီးတို့သမီးဟာ အင်မတန်ချော၊ အင်မတန်လှတယ်။ မိဘတို့ဝတ္တရားအတိုင်း သူ့တို့မှာ တစ်နေ့တစ်နေ့ အလုပ်များတယ်။ သမီးနဲ့ပတ်သက်ပြီး အလုပ်များတယ်။ ဘာလို့ဆို သားမက်ရှာရ တာကိုး။ အဖိုးကြီး အဖွားကြီး အလုပ်ကနော်။ ဘာရှာတာလဲ။ (သားမက်ရှာရတာပါ ဘုရား)။ အင်း – ဒါတော့ မိဘမေတ္တာကိုး။ သားမက်ကောင်းကောင်း ရစေချင်တာကိုး။ ကိုယ့်သမီးကို ကျွေးမွေးမယ် စောင့်ရှောက်မယ် စသဖြင့်ပေါ့။ တစ်နေ့ တစ်နေ့ သားမက်ကောင်းကောင်းပဲ သူတို့ရဖို့ရှာနေတာ၊ ရှာရင်း ရှာရင်းနဲ့ မတွေ့နိုင်ဘူး။ အဲဒါနဲ့ တစ်နေ့လည်းကျရော ဒီမှာ ခြေရာ တစ်ခု သွားတွေ့တယ်။ ခြေရာလည်း တွေ့ကရော ပုဏ္ဏားကြီးက ခြေလက္ခဏာတတ်တာကိုး။ ခုန မှတ်ကြောင်းတတ်တာကို ပြောချင်လို့ပါ။ အဲဒီခြေရာကို တွေ့လည်းတွေ့ရော အားရဝမ်းသာနဲ့ **“ရှင်မရေ လာဟေ့ လာဟေ့တဲ့၊ ဒီမှာသားမက်လောင်းတွေ့ပြီ”**တဲ့။ ဟော – ပုဏ္ဏားကြီးကနော်။ အဲဒီခြေရာကို ကြည့်ပြီးပြောနေတာ။ လူမြင်တာလား။ ခြေရာကြည့်တာလား။ (ခြေရာကြည့်တာပါ)။ ခြေထောက်အရာကို ကြည့်ပြီးပြောနေတာ။ ဟိုမှာ ခြေရာမှာ လက္ခဏာအရေးအကြောင်းတွေ ကျန်ရစ်ခဲ့တာကိုး။ အဲဒီတော့ ပုဏ္ဏေးမကြီးက ကြည့်လိုက်တဲ့အခါကျတော့ “ဟာ – ပုဏ္ဏားကြီးတဲ့ မျှော်လင့်ချက်မရှိဘူး”တဲ့။ ပုဏ္ဏေးမကြီးက ဘာပြောလဲ။ မမျှော်နဲ့တဲ့။ ပုဏ္ဏားကြီးထက် ပုဏ္ဏေးမ ကြီးက ပညာပိုတယ်ပေါ့။ ဒီခြေလက္ခဏာက ယောက်ျားမြတ်တို့ရဲ့ ခြေလက္ခဏာဆိုတာ မပေါ်ဘူး လား။ သို့သော် ပုဏ္ဏေးမကြီးက သူ့ထက် ပညာသာတော့ အာသဝေါကင်းစင်ထားတဲ့ ခြေရာဖြစ်တဲ့ အတွက် ရှင့်သမီးအတွက် မျှော်လင့်ချက်မရှိဘူးတဲ့။ ဒီလိုပြောလိုက်တယ်။

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ မြတ်စွာဘုရားက ဒီ မာဂဏ္ဍီမိသားစုကို ချွတ်ဖို့အတွက် ခြေတော်ရာချပေးခဲ့တယ် ဆိုတဲ့ အဓိပ္ပာယ်ပေါ့နော်။ ကဲ-ဒါနဲ့ ထား၊ တော်ကြာ ဇာတ်လမ်းတွေ သိပ်များသွားမယ်။ ဒီတော့ ခြေထောက်မှာလည်း သူ့မှတ်ကြောင်း လေးတွေ မရှိဘူးလား။ (ရှိပါတယ်)။ မှတ်ကြောင်းတွေရှိတယ်။ လက်မှာလည်း မှတ်ကြောင်းလေးတွေ မရှိဘူးလား။ (ရှိပါတယ်)။ အဲဒါက ဘုန်းကြီးတို့ ဗဟုသုတ ပြောတာပါ။ ယခုပြောချင်တဲ့ မှတ်ကြောင်းဆိုတာက ရုပ်၏ မှတ်ကြောင်း၊ နာမ်၏ မှတ်ကြောင်း။ ဘာတဲ့လဲ။ (ရုပ်၏မှတ်ကြောင်း၊ နာမ်၏မှတ်ကြောင်း)။ ဒီတော့ တချို့စာစကားနဲ့ အရပ်စကား တွဲတဲ့အခါမှာ တော်တော် သတိထားတွဲရတယ်နော်။ မှတ်ကြောင်းဆိုတာ ဘုန်းကြီးတို့ လက္ခဏာလို့ ပြောတာနော်။ လက္ခဏာကို ဘာခေါ်လဲ။ မှတ်ကြောင်း။ လက္ခဏာဆိုတဲ့စကားကို မြန်မာလိုပြန်တော့ မှတ်ကြောင်း မှတ်စရာ။ အဲတော့ – ဘာမှတ်ကြောင်းလဲဆိုတော့ ရုပ်၏မှတ်ကြောင်း၊ နာမ်၏ မှတ် ကြောင်းဆိုတော့ ပိုရှုပ်သွားရော။ မြန်မာစကားဟာ အချို့နေရာတွေမှာ ပိုပိုရှုပ်သွားတယ်ပေါ့။

ဒီတော့မှ ယနေ့ မိမိနဲ့ဆီလျော်တဲ့ စကားလုံးနဲ့ အဓိပ္ပာယ်ကို ယူလိုက်တဲ့ အခါကျတော့ ရုပ်၏မမြဲခြင်းအနိစ္စလက္ခဏာ၊ ဆင်းရဲခြင်းဒုက္ခလက္ခဏာ၊ အနှစ်အသားမရှိခြင်းအနတ္တလက္ခဏာကို လက္ခဏာဉာဏ် လို့ပြောတာ။ ရုပ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒီတော့ ရုပ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောလက္ခဏာ။ အဲဒါကို ဘာလဲ။ (လက္ခဏာဉာဏ်)။ ပြီးတော့မှ နာမ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောလက္ခဏာ အဲဒါက လက္ခဏာဉာဏ်။ လက္ခဏာ ဉာဏ်ဆိုသည်မှာ ရုပ်နာမ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မှတ်သားထားသော သဘောလက္ခဏာကို သိတဲ့ဉာဏ်။ အဲဒီတော့ စကားလုံးက သာအများကြီးပြောပေမဲ့ ယောဂီတို့ နည်းနည်းပြောလိုက်တာနဲ့ ဒါ သဘောပေါက်သွားပြီပေါ့။ ဟုတ်လား။ ဒီတော့ လက္ခဏာဉာဏ်ဆိုသည်မှာ ရုပ်နာမ်၏အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိတဲ့ဉာဏ်လို့ မှတ်လိုက်တော့–နော်။ ဟုတ်ပြီ။ ဒါဆို သဘောပေါက်သွားပြီ။ ဟုတ်လား။

## ဘုရားပွင့်မှသိရတယ်

ဟိုမှာ မဂ်ဉာဏ် ဆိုတာကတော့ လောကုတ္တရာ မဂ်ဉာဏ်ထားလိုက်နော်။ အခု ဒီနေရာ ဉာဏ်–ဘယ်နှဉာဏ်။ (ငါးဉာဏ်ပါ ဘုရား)။ ငါးဉာဏ်ဖြစ်သွားပြီ။

| | | |
|---|---|---|
| နံပါတ်တစ် | – | ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်၊ |
| နံပါတ်နှစ် | – | နာမရူပပရိစ္ဆေဒဉာဏ်၊ |
| နံပါတ်သုံး | – | ပစ္စယပရိဂ္ဂဟဉာဏ်၊ |
| နံပါတ်လေး | – | လက္ခဏာဉာဏ်၊ |
| နံပါတ်ငါး | – | မဂ်ဉာဏ် |

ဒီတော့ – ယောဂီတို့ ဒီနေ့ ဒီပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းသင်တာ တခြားရဖို့လား။ ဉာဏ်ရဖို့လား။ (ဉာဏ်ရဖို့ပါဘုရား)။ အဲဒါကြောင့်မို့ လူနတ်များစွာ သတ္တဝါတို့ ဖြစ်လာရမှု မဟုတ်ဟု ဉာဏ်ဖြင့်ရှုဍ် မျှော်တဲ့။ ဉာဏ်မရမချင်း သံသရာကနေ ဘယ်တော့မှ မလွတ်ဘူး။ အဲဒီဉာဏ်ဆိုတာက ဘုရား တစ်ဆူ တစ်ဆူ ပွင့်မှသာလျှင် ဘုရားပွင့်တဲ့အခါမှ သိရတဲ့တရားကို ဟော – ဒီကနေ့ ယောဂီတို့



www.burmeseclassic.com

www.burmeseclassic.com



ဒီဉာဏ်တွေ မသိရဘူးလား။ (သိရပါတယ်) အဲဒါ ဘုရားပွင့်သလိုပါပဲ။ ဘယ်လောက် ဝမ်းသာစရာ ကောင်းသလဲ.. နော်။

အဲဒီဉာဏ်ငါးဉာဏ်တွင် နံပါတ်တစ် ဘာဉာဏ်ပါလိမ့်။ (ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်)။ ဟုတ်ပြီ။ ပြီးတော့ ရေစက်ချတဲ့အခါမှာ ပါတယ် မဟုတ်လား။ "**ကမ္မဥ္စ ကမ္မဖလဉ္စ**" ဆိုပြီးတော့ မလာဘူးလား။ "**ကမ္မဥ္စ – ကံကိုလည်းကောင်း၊ ကမ္မဖလဉ္စ – ကံ၏အကျိုးကိုလည်းကောင်း၊ သဒ္ဒဟိတွာ–ယုံကြည်ပါကုန်သည်ဖြစ်၍**" ဆိုတော့ ဆရာတော်တွေ ပါဠိနဲ့ မြန်မာအနက်ကလေး အစ တွဲတွဲ တွဲတွဲပြီး ရေစက်ချတာက နားရည်ဝနေကြပါပြီ။ ကံကိုလည်းကောင်း၊ ကံ၏အကျိုးကို လည်းကောင်း ယုံကြည်ပါကုန်သည်ဖြစ်၍ ဆိုတော့ ဘာလုပ်တာလဲလို့ဆိုတော့ ဘုရားတည် မယ်၊ကျောင်းဆောက်မယ်၊ ဆွမ်းကပ်မယ်၊ သင်္ကန်းလှူမယ်၊ ပန်းလှူမယ် စသဖြင့် ဒကာ၊ ဒကာ မတွေ ကုသိုလ်ကောင်းမှုတွေ မလုပ်ဘူးလား။ (လုပ်ပါတယ်)။ အဲဒီလို ကုသိုလ်ကောင်းမှုတွေလုပ် တာက ကံနှင့်ဘာကို ယုံကြည်တာလဲ။ (ကံနှင့်အကျိုးပေးကို ယုံကြည်တာပါဘုရား)။ ရှင်းကော ရှင်းရဲ့လား။ ဒီတော့ ကံနှင့်အကျိုးပေးကိုယုံကြည်တဲ့ဉာဏ်ကို ဘာဉာဏ်ခေါ်။ (ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ပါဘုရား)။ အဲဒီတော့ ကမ္မဿကတာ **သမ္မာဒိဋ္ဌိ** ဉာဏ်ဟာ ဘုန်းကြီးတို့ တစ်ရက် နှစ်ရက် ဒီလို အကျယ်တဝင့် ရှင်းပေးပုံမယ် – နော်။ **ယနေ့ကတော့** စ,ရုံပဲ စ,နိုင်ပါတယ်။

## ကံသုံးပါး

အဲဒီတော့ ကမ္မဿကတာ**သမ္မာ**ဒိဋ္ဌိဉာဏ်ရဲ့ ပုံသေနည်းက ကောင်းတာလုပ်လျှင် ကောင်း တာဖြစ်မယ်။ မကောင်းတာလုပ်လျှင် မကောင်းတာ ဖြစ်မယ်။ ကံအနေနဲ့ ဒါလေးမှတ်လိုက်ရအောင်။ သတ္တဝါတိုင်း သတ္တဝါတိုင်းမှာ မနောကံရယ်၊ ဝစီကံရယ်၊ ကာယကံရယ် မရှိဘူးလား။ (ရှိပါတယ်)။ ကံ ဘယ်နှစ်မျိုးရှိ။ (သုံးမျိုးပါ)။ ပြန်ပြောပါ။ (မနောကံ၊ ဝစီကံ၊ ကာယကံ)။ ဒီလိုဖြင့်ရင် ကောင်း တဲ့နေရာမှာလည်း ကံဘယ်နှစ်မျိုးရှိ။ (သုံးမျိုးပါ)။ (မနောကံရယ်၊ ဝစီကံရယ်၊ ကာယကံရယ်)။ မကောင်းတဲ့ နေရာမှာလည်း ကံဘယ်နှစ်မျိုး။ (သုံးမျိုးပါဘုရား)။ ဘာရယ်လဲ။ (မနောကံရယ်၊ ဝစီကံရယ်၊ ကာယကံရယ်)။

ကဲ – ယနေ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ယနေ့ဒါနပြုတယ်။ ဒါနပြုတာ မကောင်း တဲ့အလုပ်လား၊ ကောင်းတဲ့အလုပ်လား။ (ကောင်းတဲ့အလုပ်ပါ ဘုရား)။ စိတ်ထဲကနေ ဒါနပြုချင် နေတာသည် ဘာကံခေါ်မလဲ။ (မနောကံပါဘုရား)။ ပါးစပ်ကနေပြီး ကိုယ်လှူတဲ့အလှူနဲ့ပတ်သက် ပြီး ဝမ်းမြောက်ဝမ်းသာ ပြောလို့ဆိုလို့ တိုင်ပင်တာက ဘာကံလဲ။ (ဝစီကံ)။ ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိကဒါန မြောက်အောင် လှူဒါန်းလိုက်တာသည် ကာယကံ၊ ဘာကံလဲ။ ဒီလိုဖြင့်ရင် မနောကံ၊ ဝစီကံ၊ ကာယကံ။ ဒီလိုဖြင့်ရင် ဒါနနဲ့ပတ်သက်ပြီး ဒီလို ကံမြောက်သွားတာသည် မကောင်းကံလား၊ ကောင်းကံလား။ (ကောင်းကံပါဘုရား)။

ဒီတော့ ပုံသေနည်းမှတ်ရမှာက "ကောင်းတဲ့ကံသည် ကောင်းတဲ့အကျိုး ပေးသည်"။ ဒီလိုဖြင့် ပါဏာတိပါတကံ ကျူးလွန်တယ်ထား။ ခြင်လေးပဲသတ်သတ်၊ ပုရွက်ဆိတ်ပဲသတ်သတ် သတ်ချင်တဲ့စိတ်သည် ဘာကံလဲ။ (မနောကံ)။ ပါးစပ်ကနေ ပြောလိုက်တာက (ဝစီကံ)။ ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျ ကိုယ်ထိလက်ရောက် သတ်လိုက်တာက (ကာယကံ)။ ဒီလိုဖြင့်ရင် အဲဒီပါဏာတိပါတ ဆိုတဲ့ အကုသိုလ်တစ်ခုကို ကျူးလွန်ရင်လည်းပဲ မနောကံရယ်၊ ဝစီကံရယ်၊ ကာယကံရယ် ဘယ်နှမျိုးရလဲ။ (သုံးမျိုးပါဘုရား)။ သို့ဖြင့် အဲဒီကံသည် မကောင်းကံ၊ ကောင်းကံ ဘယ်နှစ်မျိုးပဲ ခွဲထွက်လာလဲ။ (နှစ်မျိုးပါ)။ မကောင်းကံရယ်၊ ကောင်းကံရယ် နှစ်မျိုး။ ဒီလိုဖြင့်ရင် မကောင်းတဲ့ကံက မကောင်းတဲ့ အကျိုးပဲ ပေးမှာပဲ။ ကောင်းတဲ့ကံက (ကောင်းတဲ့အကျိုးပေးမှာပါ ဘုရား)။ အဲဒါဖြင့် ဒါကို ဘုန်းကြီးတို့ ပုံသေနည်းလေး မှတ်ထားရမှာက –

- **ကောင်းတဲ့ကံသည် ကောင်းသောအကျိုးပေးသည်။**
- **မကောင်းတဲ့ကံသည် မကောင်းတဲ့ အကျိုးပေးသည်။**

အဲဒါကို ခုန ပုံသေနည်းနဲ့ ပြောလိုက်တဲ့အခါကျတော့

- **ကောင်းတာကြံလျှင် ကောင်းတာဖြစ်မည်။**
  **မကောင်းတာကြံလျှင် (မကောင်းတာ ဖြစ်မည်)။**
  **ဒီလိုဖြင့်ရင် ကောင်းတာက ကောင်းတဲ့အကျိုးပေး။**
  **မကောင်းတာက မကောင်းတဲ့ အကျိုးပေး။**
- **ကောင်းတာကြံလျှင် ကောင်းတာဖြစ်မည်။**
  **မကောင်းတာကြံလျှင် မကောင်းတာဖြစ်မည်။**
- **ကောင်းတာပြောလျှင် ကောင်းတာဖြစ်မည်။**
  **မကောင်းတာပြောလျှင် မကောင်းတာဖြစ်မည်။**
- **ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။**
  **မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်။**

ဒါကတော့ နူတ်တိုက်ရနေတယ်။

အဲဒါကို ယုံကြည်တာက တခြားလား၊ ဉာဏ်လား။ (ဉာဏ်ပါဘုရား)။ ဒီလိုဖြင့်ရင် အဲဒီဉာဏ်သည် တခြားကိုယုံကြည်တာလား။ ကံနှင့်အကျိုးပေးကို ယုံကြည်တာလား။ (ကံနှင့်အကျိုးပေးကို ယုံကြည်တာပါဘုရား)။ အဲ – ကံနှင့် အကျိုးပေးကို ယုံကြည်လျှင် စာလိုဘယ်လိုခေါ် (ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ပါဘုရား)။ ကံသာလျှင်မိမိဥစ္စာရှိတယ်လို့ ယုံကြည်တဲ့ဉာဏ်။ ဒီနေ့ ဒီလောက်နဲ့ပဲ ခဏကျေနပ်ပါနော်။ နောက်နေ့ ဒီဥစ္စာ ဆက်ပြီးတော့ ဘုန်းကြီးတို့ တောက်လျှောက်ရှင်းသွားမှာ ဖြစ်ပါတယ် – ဟုတ်လား။

ကဲ – ယနေ့တော့ ဒီလောက်နဲ့ နိဂုံးချုပ်ပြီးတော့ ဆုတောင်းမေတ္တာ ပို့လိုက်ကြရအောင်။

(သာဓု – သာဓု – သာဓု)



www.burmeseclassic.com

www.burmeseclassic.com

၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆–ရက် (၂၉.၈.၂၀၀၂) နံနက်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့ –––

ဤဓမ္မသဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက်ရှိပြီလဲ။ (၄–ရက်ရှိပါပြီဘုရား)။ ယနေ့ ၄–ရက်မြောက်နံနက် ပဋိစ္စသမုပ္ပါဒ်သင်တန်း တရားပွဲကြီးပါပဲနော်။ (မှန်လှပါ)။

## ပဋိစ္စသမုပ္ပါဒ်မှလွတ်သောတရားမရှိ

ပဋိစ္စသမုပ္ပါဒ်လို့ ပြောလိုက်တာနဲ့ သြော် – သစ္စာလေးပါးပါလားလို့ ယောဂီများ နားလည်ထားပြီး ဖြစ်နေပါပြီနော်။ ပဋိစ္စသမုပ္ပါဒ် ဆိုတာလည်း တခြားတရားလား။ သစ္စာတရားလား။ (သစ္စာတရားပါဘုရား)။ သစ္စာတရားဆိုတာလည်း တခြားတရားလား၊ ပဋိစ္စသမုပ္ပါဒ်တရားလား။ (ပဋိစ္စသမုပ္ပါဒ်တရားပါဘုရား)။ လောကမှာ ပဋိစ္စသမုပ္ပါဒ်နဲ့ လွတ်သောတရားဟူ၍ မရှိပါဘူး။ (မှန်လှပါ)။ မလေ့လာလို့သာ မသိတာပေါ့နော်။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်၊ ပဋိစ္စသမုပ္ပါဒ်နဲ့ စက်ဝိုင်းမြင်တာနဲ့ အလိုလိုကို တွန့်နေကြတာပဲ – ဟုတ်လား။ မြန်မာနိုင်ငံရှိ ဒကာ၊ ဒကာမတွေ စက်ဝိုင်းကြီး မြင်တာနဲ့ ဘာမှန်းမသိဘူး ဆိုတာမျိုးနဲ့ကို တွန့်ဆုတ်တွန့်ဆုတ်နေတာပဲ။ ပဋိစ္စသမုပ္ပါဒ်ကို မြတ်စွာဘုရားဟောတော်မူတဲ့အတိုင်း ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ယခုလို ဒကာ၊ ဒကာမတို့



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတို့ ထံမှောက်အရောက် ဒီစက်ဝိုင်းဒေသနာကြီးကို စီရင်ပြီးတော့ ဆရာတော် ဘုရားကြီး ဆောင်ရွက်တော်မူလာခဲ့တယ်နော်။ အဲဒါကို သေသေချာချာ လေ့လာလိုက်စားမှု လက်ထပ်မသင် ဘဲနဲ့ နားလည်ဖို့လွယ်ပါ့မလား။ (မလွယ်ပါဘူး ဘုရား)။ အင်မတန် ခက်နဲနက်နဲတဲ့ တရားကြီးပေါ့ နော် – ဟုတ်လား။

## အကောင်းဆုံးကျေးဇူးဆပ်နည်း

ဒါကြောင့် ဒီလိုတရားဆိုတာ ဒကာ၊ ဒကာမတွေ မလုပ်လို့ အားမထုတ်လို့ မရဘူးနော်။ စားစရာမရှိရင် နေသင့်နေရမယ်။ ဒီတရားအလုပ် မလုပ်လို့မဖြစ်ဘူး ဆိုတာ ဆရာတော်ကြီး ဒီလောက်ထိတိုက်တွန်းတော်မူထားပါတယ်။ အရေးမကြီးလို့လား၊ အရေးကြီးလို့လား။ (အရေးကြီး လို့ပါဘုရား)။ ဘာဖြစ်လို့လဲ ဆိုတော့ ''စတ္တာရော အပါယာ သကဂေဟသဒိသာ''လို့ ဒီလို ဟောတော်မူတာကိုး။ ဒေသနာစဉ်ကနော်။ ''စတ္တာရော အပါယာ သကဂေဟသဒိသာ'' ဆိုတဲ့ ဒေသနာက သစ္စာမသိတဲ့ ပုဂ္ဂိုလ်များ၏ နေမြဲအိမ်သည် အပါယ်လေးပါးတဲ့။ ဒီစကားက ဘုန်းကြီး တို့ ဗုဒ္ဓဘာသာဝင်သူတော်စင်တွေ အားလုံးရှိတဲ့သတ္တဝါတွေအတွက်မှာ အချုပ်ပဲနော်။ (မှန်လှပါ)။ သစ္စာမသိတဲ့ ပုဂ္ဂိုလ်များ၏ နေမြဲအိမ်သည် ဘာပါလဲ။ (အပါယ်လေးပါးပါဘုရား)။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။ ဘယ်နှစ်ခုလဲ။ (လေးခုပါဘုရား)။ ယနေ့ အထက်တန်းကျကျ မျက်နှာပန်း လှလှနဲ့ သူဌေးကြီးဖြစ်ပေမဲ့ နောက်နေ့သေသွားတဲ့အခါကျတော့ ခွေးကြီးဖြစ်တယ်ဆိုတဲ့စကား မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒါ တခြားကြောင့်လား။ သစ္စာမသိလို့လား။ (သစ္စာမသိလို့ပါ ဘုရား)။ ဒီလိုဖြင့် ဒကာ၊ ဒကာမတွေ သစ္စာသိဖို့သည် မိမိအတွက် အရေးအကြီးဆုံးပဲနော်။ (မှန်လှပါ)။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ရှင်အာနန္ဒာကို မိန့်တော်မူသလို ချစ်သား အာနန္ဒာရယ်တဲ့ – လောကမှာ ''ကတညုတ ကတဝေဒီ'' ဆိုတာ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့ တစ်ယောက်က ကျေးဇူးတွေ ရှိကြတယ်တဲ့။ လူ့ဘဝ လူ့လောကကြီးကို လူဖြစ်အောင် ကျွေးမွေး စောင့်ရှောက်လာတဲ့ မိဘတွေဟာ မိမိအတွက် ကျေးဇူးမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ စာထဲမှာ ''မြင်းမိုရ်တောင်ဦး မကကျူး'' ဆိုပြီးတော့ အင်မတန်ကျေးဇူးရှိတာပဲ မိဘတွေပေါ့ – နော်။ ဒီလိုနေ ဒီလိုထိုင် ဒီလိုသွား ဒီလိုစား စသည်ဖြင့် လောကမှာ အသက်ရှင်ရပ်တည်နိုင်ဖို့ နေ တတ် ထိုင်တတ် စားတတ် သွားတတ်အောင် သင်ပေးခဲ့တယ်။ လောကီမှာလည်းပဲ ဆရာသမား တွေ ကျေးဇူးမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဒါ – လောကီပေါ့နော်။ အေး – ''တစ်လုတ်စားဖူး သူ့ကျေးဇူး'' ဆိုတဲ့အတိုင်း မိမိကို နှုတ်အားဖြင့် လက်အားဖြင့် ကူညီစောင့်ရှောက်ခဲ့ဖူးတဲ့ ကျေးဇူး တွေ ဒကာ၊ ဒကာမတွေ မေ့လို့မရဘူးဗျ။ ကျေးဇူးတရားကိုမေ့လို့ ကျေးဇူးတရားကို ကန်းလို့ ကျေးဇူးကိုဖောက်ဖျက်ရင် ဘေးဆိုးကပ်ဆိုး ဖြစ်တတ်ပါတယ်။ ကျေးဇူးတရားကို ကန်းလို့ ကျေး ဇူးတရားကို ဖောက်ဖျက်လို့ရှိရင် ရေနစ်သေတာတို့၊ မြွေကိုက်သေတာတို့၊ မိုးကြိုးပစ်သေတာတို့၊ မော်တော်ကားတိုက်သေတာတို့ စသဖြင့် ဘေးဆိုးကပ်ဆိုးတွေ အသေဆိုးတွေ ရင်ဆိုင်ရတတ် တယ်ပေါ့နော်။ ဒီတော့ လောကမှာ ကျေးဇူးတရားကို မိမိတို့က ဒီအတိုင်းနေရမှာလား၊ ဆပ်ရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



(ဆပ်ရမှာပါဘုရား)။

ဒီတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက မိန့်တယ်။ အာနန္ဒာတဲ့ အဲဒီ ကိုယ့်မိဘတွေ ကျေးဇူးရှိတယ်၊ ကျေးဇူးမဆပ်လို့မရဘူး။ ကျေးဇူးကို ပြန်ဆပ်ရမယ်။ ကိုယ့်အား ညီအစ်ကို မောင်နှမ ဆွေမျိုးသားချင်း အစရှိသဖြင့် ကိုယ်အားဖြင့်၊ နှုတ်အားဖြင့်၊ လက်အားဖြင့် ချီးမြှောက် ထောက်ပံ့တဲ့ ပုဂ္ဂိုလ်များကိုလည်း ဒီအတိုင်း ကျေးဇူးတရားကို ထိန်ချန်ထားလို့ မရဘူး။ ကျေးဇူး ဆပ်ရမယ်တဲ့။ အဲဒီလို ကျေးဇူးဆပ်တဲ့သူ လောကမှာ အများကြီးရှိပါတယ် – တဲ့။ သို့သော် အဲဒီ လို ကျေးဇူးဆပ်တာတွေထဲမှာတဲ့၊ အကောင်းဆုံးကျေးဇူးဆပ်နည်းဆိုရင် ချစ်သား ဘာမှလုပ်ပေး မနေနဲ့တဲ့။ အကောင်းဆုံးကတော့ တခြားတခြားဟာတွေထက် သစ္စာသိအောင် လုပ်ပေးပါတဲ့။ ဘာလုပ်ခိုင်းတာလဲ။ (သစ္စာသိအောင် အလုပ်ခိုင်းတာပါဘုရား)။

ဒီလိုဖြင့်ရင် ကျေးဇူးရှိတဲ့ မိဘတွေကို မိမိကျေးဇူးဆပ်ချင်ရင် ဘာသိအောင် လုပ်ပေးရမယ်။ (သစ္စာသိအောင်လုပ်ပေးရမှာပါဘုရား)။ ဒီလိုဖြင့်ရင် အချင်းချင်း တစ်ဦးနဲ့တစ်ဦး ကျေးဇူးရှိကြတဲ့ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်း မိတ်ဆွေသူငယ်ချင်း အစရှိသဖြင့် အပေါင်းအသင်းအပေါ်မှာ ကျေးဇူးရှိပါတယ်၊ မေတ္တာထားတယ် ဆိုလို့ရှိရင် ဘာသိအောင် လုပ်ပေးရမယ်။ (သစ္စာသိအောင် လုပ်ပေးရမှာပါဘုရား)။ ဒီတော့ ဒီစကား ဘုန်းကြီးက ပြောလိုက်တော့ ဩော် – ဓမ္မကထိကတွေ သူတို့လိုချင်တာ သူတို့ဆွဲပြောတယ်လို့ မယူနဲ့။ ဘုန်းကြီးစကားလုံးတစ်လုံးမှ မပါဘူးနော်။ မြတ်စွာ ဘုရားကိုယ်တော်မြတ်ကြီးက ရှင်အာနန္ဒာကို တိုက်ရိုက်မိန့်တော်မူတာကို ဘုန်းကြီးတို့က ဒကာ၊ ဒကာမတွေကို ထပ်ဆင့်ပြီးကျေးဇူးပြုနေတာလို့ ယူပါ။

အဲဒီတော့ – သစ္စာမသိတဲ့ပုဂ္ဂိုလ်ကို သစ္စာသိအောင်လုပ်ပေးတာ ဒါအကြီးဆုံး ကျေးဇူးဆပ် ခြင်းပဲ ဆိုတော့ ဒီလိုဖြင့်ရင် အဲဒီစကားလုံးကို မသိတဲ့အခါကျတော့ ဒီပုဂ္ဂိုလ်တော့ ငါ့ကျေးဇူးရှိတယ်။ သိန်းတစ်ရာပေးလိုက်မယ်ကွ။ သိန်းတစ်ထောင်ပေးလိုက်မယ်ကွ–ဟာ–အင်မတန် ဝမ်းသာစရာ ကောင်းတာပေါ့။ ကျေးဇူးပြုတာပေါ့။ သို့သော် တကယ့်တကယ် အဲဒီကျေးဇူးတရားက ပြုရာ မရောက်ဘူးဗျ။ ပြုန်းခနဲ ဒီစကားကြီး တစ်မျိုး ဖြစ်မယ်ပေါ့။ ဘုန်းကြီးတို့က ဓမ္မခွင်နဲ့ ဓမ္မ ပုံသေနည်းထဲထည့်ပြီး ကြည့်လိုက်တဲ့အခါကျတော့ ဒီလို သိန်းတစ်ရာ၊ သိန်းတစ်ထောင် ပေးလိုက် တာက ကျေးဇူးဆပ်ရာမရောက်သေးဘူး။ ကျေးဇူးမဲ့တာတော့ မဟုတ်ဘူးနော်။ သို့သော် မြတ်စွာ ဘုရားအလိုကျအတိုင်း ကျေးဇူးဆပ်ရာရောက်ရဲ့လား။ (မရောက်ပါဘူးဘုရား)။ ဘာဖြစ်လို့ မရောက် လဲ ပြန်မေးရမယ်။ ဘုန်းကြီးပြန်ဖြေပါ့မယ်။

ဥပမာ – လူတစ်ယောက်သည် ငါ့အပေါ်မှာ ကျေးဇူးရှိတယ်၊ ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်ကို သိန်း တစ်ရာပဲ ပေးလိုက်မယ်၊ သိန်းတစ်ထောင်ပဲ ပေးလိုက်မယ်။ ဘာပဲ ညာပဲ ဒီလိုကူညီလိုက်မယ် ဆိုကြပါစို့။ အဲဒီ ပစ္စည်းပစ္စယတွေပေါ်မှာ ဒကာ၊ ဒကာမတွေ တွယ်တာမှုဆိုတာ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။ ဘုန်းကြီးတို့ ပဋိစ္စသမုပ္ပါဒ် သုံးရက်ကျော်လာပြီ၊ လေးရက်ရောက်လာပြီနော်။ (မှန်လှပါ)။ တွယ်တာမှုဖြစ်တယ်၊ ခင်မင်မှုဖြစ်တယ်။ ဒီပစ္စည်းဥစ္စာပေါ်မှာ တွယ်တာရင် တရားကိုယ် ကောက်တော့ ဘယ်သူလဲ၊ တဏှာ။ ပဋိစ္စသမုပ္ပါဒ် အလယ်ကောင်မှာ တဏှာရေးထားတယ်။ ဒါကို ဘုန်းကြီးတို့ အဘိဓမ္မာနဲ့ ပြောတော့ လောဘ။ ဒီလိုဖြင့် ကိုယ်ကတော့ ကျေးဇူးဆပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ကျေးဇူးဆပ်ခံရတဲ့ပုဂ္ဂိုလ်က သူ့မှာ လောဘဖြစ်ပြီဆိုတော့ ကုသိုလ်ဖြစ်တာလား။ အကုသိုလ်ဖြစ်တာလား။ (အကုသိုလ်ဖြစ်တာပါဘုရား)။ ကိုယ့်ဖာသာကိုယ် တစ်ပြားမှ မပေးဘဲနေရင် အကောင်းသား။ သွားပေးလိုက်တာနဲ့ သူ့မှာ အကုသိုလ်ဖြစ်ကုန်ပြီ။ ဘာအကုသိုလ်လဲ။ (လောဘအကုသိုလ်ပါဘုရား)။ လောဘတဏှာအကုသိုလ်ပေါ့ ဟုတ်လား။ လောဘတဏှာအကုသိုလ်ဖြစ်တော့ ဒီပုဂ္ဂိုလ် ဘာဖြစ်သွားမလဲ ဆိုတော့ လောဘနဲ့သေတော့ ပြိတ္တာပြည်ပေါ့။ ကဲ-ဒီတော့ ဒီဆောင်ပုဒ်လေး ပူဇော်ကြည့်ပါဦး။

**လောဘနဲ့သေ၊ ပြိတ္တာပြည်၊ ရောက်လေကေန်သာ။**

လောဘနဲ့သေတော့ ဘယ်ရောက်မလဲ။ (ပြိတ္တာပြည်ပါဘုရား)။ အဲဒါက ဘုန်းကြီးတို့ ရှောင်လို့မရဘူးနော်။ ဒီလိုဖြင့်ရင် လောကစကားနဲ့ ကျေးဇူးဆပ်တယ်၊ ကျေးဇူးဆပ်တယ် ပြောသော်လည်းပဲ အဲဒီပုဂ္ဂိုလ်ကို တခြားပို့တာလား၊ ပြိတ္တာပြည်ကို ပို့တာလား။ (ပြိတ္တာပြည်ပို့တာပါဘုရား)။ တကယ်လို့များသာ ကိုယ့်ရဲ့ကျေးဇူးပြုမှုဟာ သူ့အပေါ်မှာ မသုံးစားတတ်လို့များ အဲဒီပေါ်မှာ တွယ်တာမယ်၊ စွဲလမ်းမယ်၊ ခင်မင်နေမယ်ဆိုရင် သေရင်ဘယ်ရောက်မလဲ။ (ပြိတ္တာပြည်)။ အဲဒီ ပုဂ္ဂိုလ် မကျွတ်တော့ဘူး၊ မကျွတ်တော့ဘူး။ အိမ်နားမှာ ဝဲလည်ဝဲလည်နဲ့နော်။ ခြောက်ဟောတာလား၊ ဖြစ်စဉ်ကိုက်လား။ (ဖြစ်စဉ်ကိုက်ပါ)။ ဒီလိုဖြင့်ရင် ဒါကျေးဇူးဆပ်ရာ ရောက်ရဲ့လား။ (မရောက် ပါဘူးဘုရား)။ နှိပ်စက်သလိုဖြစ်သွားတတ်တယ်။ သိပ်အရေးကြီးတယ်နော်။

ဒီတော့ – ကောင်းပြီ၊ အဲဒီပုဂ္ဂိုလ်ကို ကိုယ်က အဲဒီလိုကျေးဇူးပြုလိုက်တဲ့ အခါကျတော့ ခင်မင်တွယ်တာမှုတွေအပေါ်မှာ ဖြစ်ပြီးတော့ ဒီစီးပွားဥစ္စာရတနာတွေနဲ့ပဲ အလိုလို ဣဿာတွေ၊ မစ္ဆရိယတွေ အလိုမကျတာတွေဆိုတာ ဖြစ်မလာဘူးလား။ (ဖြစ်လာပါတယ်ဘုရား)။ ကိုယ့်ပစ္စည်းများ သူများက ငါ့ကို ဘယ်လိုများ လာထိတော့မလဲ ဘာလဲ ညာလဲ ဆိုတော့ ဒီကြားထဲ အိပ်မပျော်တော့ဘူးဗျ။ အိပ်မပျော်တာ တခြားလား၊ သောကလား။ (သောကပါ ဘုရား)။

ဒီလိုဖြင့် အဲဒီလို သောကဆိုတဲ့တရားကို ဘုန်းကြီးက ဒေသနာစဉ် ဟောတာပေါ့။ ကဲ – အားလုံးတရားနာပရိသတ်ကြီးက နားကတရားနာ၊ ဉာဏ်က ခန္ဓာလှည့်တော့ အဲဒီလို သောကများ မဖြစ်ဖူးဘူးလား။ (ဖြစ်ဖူးပါတယ်ဘုရား)။ အင်း – အိမ်မှာ စိန်ရွှေရတနာလေးများ များလာရင် ဘယ်ထားရမှန်းမသိဘူး။ ထားဖို့ အဟုတ်ကို နေရာမရှိဘူး။ ဘာဖြစ်နေတာလဲ။ (သောက ဖြစ်နေတာပါ)။ ဟော – ''သောကောတိ ဒေါသော'' လာပြီ။ ဒေသနာက ''သောကောတိ ဒေါသော'' ဆိုတာက သောကဆိုတာ ဒေါသပါပဲဆိုတော့ ဒေါသနဲ့သေတော့ ဘယ်ရောက်မလဲ။ (ငရဲပါဘုရား)။ ကဲ – ဒီပုံသေနည်းလေး ဆိုကြည့်ပါဦး။

**ဒေါသနဲ့သေ ငရဲပြည် ရောက်လေကေန်သာ။**

ကဲ – ပုံသေနည်းထဲထည့်လိုက်တော့ ဒီပုဂ္ဂိုလ် ဘယ်သွားတော့မလဲ။ (ငရဲပြည်ပါဘုရား)။ သူ့ဟာသူ ဒီတိုင်းနေ အကောင်းသား၊ သွားကူညီလိုက်ကာမှ ငရဲအိုးတန်းဆင်းတော့တာပဲ၊ မသုံးစားတတ်တာပေါ့နော်။ မသုံးတတ်ရင်ဘေး၊ သုံးတတ်ရင်ဆေး ဆိုတဲ့စကားလို ခုန ကူညီတာလေးကို ဘုန်းကြီးပြောချင်နေတာနော်။ အဲဒီတော့မှ ကိုယ်က ကူညီမှု စီးပွားဥစ္စာ ရတနာအပေါ်မှာ တစ်ခါတည်း ကိုယ့်ကိုယ်ကို စိတ်ကူးတွေယဉ်ပြီးတော့ ဘာလုပ်ဦးမယ်၊ ဘာကိုင်ဦးမယ် မရှိကြဘူး



www.burmeseclassic.com

www.burmeseclassic.com



လား။ (ရှိကြပါတယ်ဘုရား)။ အင်း။ ကုမ္ပဏီဆိုလည်း ကုမ္ပဏီ၊ စီးပွားရေးဆိုလည်း စီးပွားရေးပေါ့။ စိတ်ကူးတွေယဉ်လိုက်တာ။ တစ်လနဲ့လည်းမပြီး၊ တစ်နှစ်နဲ့လည်းမပြီး၊ တစ်သက်လုံးကော ပြီးရဲ့လား။ အဲဒီတော့ သေသွားတဲ့ပုဂ္ဂိုလ်တွေ မပြီးဘဲနဲ့ ခေါင်းထဲဝင်ရတာ ယောဂီတို့။ ကိစ္စဝိစ္စတွေ စီမံဆောင်ရွက်ပြီးမှ သေသွားတဲ့ပုဂ္ဂိုလ် တစ်ယောက်မှမရှိဘူး။ အဲဒါတွေ သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝ ပြောရင်းဆိုရင်း စီမံရင်း ဆောင်ရွက်ရင်းနဲ့ စီမံကိန်းတန်းလန်းကြီးနဲ့ပဲ ဘယ်ဝင်သွားတာလဲ။ (ခေါင်းထဲ ဝင်သွားတာပါဘုရား)။ ခေါင်းထဲ ဝင်သွားတာ။

အဲဒီပုဂ္ဂိုလ်သည် သိသင့်တဲ့တရားကို သိသွားသလား။ (သိမသွားပါဘူးဘုရား)။ မသိသင့်တာကို သိတယ်။ သိသင့်တာကို မသိ၊ မသိသင့်တာကို သိ။ အဲဒါ ဘယ်သူ့သတ္တိလဲ။ (အဝိဇ္ဇာ သတ္တိပါ ဘုရား)။ အဝိဇ္ဇာဆိုတာ စာလိုပြောတာ။ မိမိတို့၏သဘာဝနဲ့ ဟပ်ကြည့်တဲ့အခါကျတော့ သိသင့်သိထိုက်တဲ့ တရားတွေကို မသိဘူး၊ မသိသင့် မသိထိုက်တဲ့တရားတွေကိုသိတယ်။ အဲဒါ ဘယ်သူလဲ။ (အဝိဇ္ဇာပါ ဘုရား)။ ဟုတ်ပြီ၊ အဲဒီတော့ သိရမဲ့တရားက ဒါနဘယ်လိုပြုရမလဲ။ သီလဘယ်လို ဆောက်တည်ရမလဲ။ တရားဘယ်လိုထိုင်ရမလဲ – ဟုတ်လား။ သံသရာဝဋ်ကနေ ကျွတ်ရာကျွတ်ကြောင်းအလုပ်ကို ငါတို့ဘယ်လိုလုပ်ရမလဲဆိုတာ မသိသင့်တဲ့ တရားလား၊ သိသင့်တဲ့ တရားလား။ (သိသင့်တဲ့တရားပါ ဘုရား)။ အဲဒီ သိသင့်တဲ့တရားကို မသိဘဲနဲ့ တစ်နေ့လာလည်း သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေး၊ စားရေး၊ နေရေး၊ ဝတ်ရေး၊ ဒါတွေက လောဘတွေ၊ ဒေါသတွေ၊ ကိုယ်သိနေတဲ့ တရားတွေ၊ တကယ်တော့ မသိသင့်တဲ့ တရားတွေပါ။ ရှင်းကော ရှင်းရဲ့လား။

အဲဒီတော့ – မသိသင့်တာကို သိ၊ သိသင့်တာကို မသိ။ အဲဒါ ဘယ်သူ့ သတ္တိ။ (အဝိဇ္ဇာ သတ္တိပါ ဘုရား)။ နောက်ဆုံး အယုတ်ဆုံးအားဖြင့် ဒကာ၊ ဒကာမတွေ ငါ – တစ်နေ့ သေရမှာပါလားလို့ ကိုယ့်ကိုယ်ကို မစဉ်းစားမိဘူး ဆိုလို့ရှိရင်လည်း ဘယ်သူ့သတ္တိ။ (အဝိဇ္ဇာ သတ္တိပါ ဘုရား)။ ကဲ – အားလုံးသော ဆွေတော် မျိုးတော်တွေ စဉ်းကောစဉ်းစားမိရဲ့လား။ (မစဉ်းစားမိပါဘူးဘုရား) ငါ – သေတော့မလား၊ သေတော့မလားနော်။ အချို့က ကြောက်လို့ စဉ်းကိုမစဉ်းစားတာ။ သေခြင်းတရားကို အမလေး မပြောပါနဲ့။ စောစောစီးစီး မင်္ဂလာမရှိ – နော်။ တကယ့်တကယ်တော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေရဲ့ခန္ဓာဟာ ရပ်နေတဲ့ခန္ဓာလား၊ အသေဘက်ကိုသွားနေတဲ့ခန္ဓာလား။ (အသေဘက်ကို သွားနေတဲ့ ခန္ဓာပါ ဘုရား)။ ကျောင်းဝမှာဆိုင်းဘုတ်ကြီး ရှိတယ်လေ။ ဘာရေးထားတာလဲ။ (ငါသည် မုချသေရမည်။ အချိန်ပိုင်းသာ လိုတော့သည်)။ အင်း – အဲဒါလေး သတိထားပါ။ ကိုယ့်ကိုယ်ကို သိပ်ပြီးတော့ အမှတ်တွေလည်း လွတ်မနေနဲ့ဦး ဟုတ်လား။ သေခြင်းတရားဆိုတာက တကယ်တော့ မသိရမယ့်တရားလား၊ သိရမယ့် တရားလား။ (သိရမယ့် တရားပါဘုရား)။ အဲဒီတော့ သိသင့်တာကို မသိ၊ မသိသင့်တာကို သိ။ အဲဒါ ဘယ်သူ့သတ္တိ။ (အဝိဇ္ဇာ သတ္တိပါဘုရား)။ အဲဒီ အဝိဇ္ဇာနဲ့သေရင် တခြားသွားမှာလား။ တိရစ္ဆာန် ဖြစ်မှာလား။ (တိရစ္ဆာန် ဖြစ်မှာပါဘုရား)။

အဲဒါကြောင့် ခုနပြောခဲ့တဲ့ ကူညီတယ်ဆိုတဲ့ စကားလုံးလေးကို ယောဂီတို့ ပဋိစ္စသမုပ္ပါဒ် ခွင်ချကြည့်တဲ့အခါကျတော့ ကြောက်စရာမကောင်းဘူးလား။ (ကောင်းပါတယ်)။ အဲဒါကြောင့်မို့လို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကူညီမှုအပေါ်မှာ လောဘဖြစ်ရင် ပြိတ္တာဖြစ်မယ်၊ ဒီမှာ သောကဖြစ်ရင် ငရဲကျမယ်၊ အဲဒီပေါ်မှာ မိန်းမောတွေဝေပြီး စိမ်ကိန်းတွေချပြီးတော့နေရင် တိရစ္ဆာန်ဖြစ်လိမ့်မယ်။ တစ်ချက်မှ ကောင်းတာမရှိဘူး။ ဒီလိုဖြစ်ရင် ကိုယ့်ရဲ့မေတ္တာစေတနာနဲ့ ကူညီတာ ကူညီရကျိုးနပ်ပါရဲ့လား။ မနပ်တော့ဘူး။ ဒါက ပဋိစ္စသမုပ္ပါဒ်ရဲ့ခွင်ကို သိထားလို့ပေါ့နော်။ သူ့ပုံသေနည်းကို မသိရင်ဖြင့် ကိုယ့်ကိုယ်ကို အဟုတ်ကြီးထင်ပြီး ဘဝင်မြင့်ချင်မြင့်နေမှာ။ ပဋိစ္စသမုပ္ပါဒ်သိလည်းသိရော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး မိန့်တော်မူတာ ဟုတ်လား။ အာနန္ဒာရေ – အဲဒါကြောင့်မို့လို့ မင်းဘာတွေညာတွေမှ လျှောက်လုပ်မနေနဲ့။ ကိုယ့်ကျေးဇူးရှိတဲ့မိဘတွေ၊ ဆရာသမားတွေ၊ ကိုယ့်ဆွေမျိုးတွေဟုတ်လား။ ဘုန်းကြီးတို့ ရဟန်းသံဃာဆိုရင်လည်း ဒကာ၊ ဒကာမတွေရဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဒီပစ္စည်းလေးပါးမှီပြီးတော့ ဒီ ပရိယတ်၊ ပဋိပတ်အလုပ်တွေ မလုပ်ရဘူးလား။ (လုပ်ရပါတယ်ဘုရား)။ အဲဒါကြောင့် အားလုံးသော ဒကာ၊ ဒကာမတွေဟာ ဘုန်းကြီးတို့ ရဟန်းသံဃာများရဲ့ တကယ့် မိဘသဖွယ် ကျေးဇူးရှိတဲ့ ကျေးဇူးရှင်တွေပါ။ ရဟန်းဒကာ ရဟန်းအမတွေ ပစ္စည်းလေးပါး ဒကာ၊ ဒကာမတွေ ဘုန်းကြီးတို့အတွက် မိဘသဖွယ် ကျေးဇူးရှိတာ။ သူတို့ကြောင့် ဘုန်းကြီးတို့ ဒီသာသနာ ရပ်တည်နိုင်တာ။ အဲဒီ ကျေးဇူးရှိတဲ့ ဒကာ၊ ဒကာမတွေကို မြတ်စွာဘုရားက ရှင်အာနန္ဒာကို မိန့်တယ်။ ကျေးဇူးဆပ်ချင်တယ်ဆိုလို့ရှိရင် တခြား ဘာမှလုပ်ပေးမနေနဲ့ ဆိုတော့။ ခုနလို သိန်းတစ်ရာ၊ တစ်ထောင်ပေးလိုက်ရင် မသုံးစားတတ်ရင် တခြားရောက်သွားမှာလား၊ အပါယ်ရောက်သွားမှာလား။ (အပါယ်ရောက်သွားမှာပါ ဘုရား)။ ဒီလိုဖြင့် အပါယ်ရောက်သွားတယ်ဆိုလို့ရှိရင် ကူညီရာရောက်ပါ့မလား။ (မရောက်ပါဘူးဘုရား)။ အဲဒီတော့ အပါယ်တံခါးပိတ်ပြီးတော့ နိဗ္ဗာန်ကိုပွင့်အောင် လုပ်ပေးနိုင်ခြင်းသည် အကြီးမားဆုံး ကူညီခြင်းပါပဲ။ ကျေးဇူးဆပ်ခြင်းပါပဲ၊ ရှင်းပြီနော်။ အဲဒါကြောင့်မို့လို့ မြတ်စွာဘုရားက မိမိတို့ ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်ကို သစ္စာသိအောင် လုပ်ပေးပါတဲ့။ ဒီလိုဖြင့်ရင် သစ္စာတရားကို ဟောပေးပါလို့ ပြောတာ။

သစ္စာတရားကို ဟောပေးပါဆိုတော့ ကဲ – ဘုန်းကြီးတို့ ဒကာ၊ ဒကာ မတွေ လူတိုင်းလူတိုင်း ဟောနိုင်ရဲ့လား။ (မဟောနိုင်ပါဘူး ဘုရား)။ ကိုယ့်ကိုယ်တိုင်မှ ကိုယ်တော်ရေ မနည်းကိုမှတ်မိအောင် ကြိုးစားနေရတာ။ ကိုယ့်ဟာနဲ့ကိုယ်တောင်မှပဲ မှတ်မိအောင် မနည်းကြိုးစား နေရတာပေါ့။ ပြန်ဟောနိုင်ဖို့ ဆိုတာက လွယ်ပါ့မလား။ (မလွယ်ပါဘူး ဘုရား)။ တော်ရုံဉာဏ်နဲ့ဟောနိုင်ပါ့မလား။ မဟောနိုင်ဘူး။ ဒကာ၊ ဒကာမတွေ လူတိုင်းလူတိုင်းဟာ ဟောဖို့ဆိုတာက အတော်ခက်ခဲတဲ့အလုပ်ဗျ။ ဒီတော့ လူတိုင်းလူတိုင်း မဟောနိုင်ဘူးဆိုရင်တဲ့ ဟောနိုင်တဲ့ဆရာဆီကို ပို့ပေးတဲ့။ ဘယ်ကိုပို့ခိုင်းတာလဲ။ (ဟောနိုင်တဲ့ ဆရာ ဆီကိုပါ ဘုရား)။ သစ္စာတရားကို ဟောနိုင်တဲ့ဆရာဆီကိုပို့ပေး။ ဟောနိုင်တဲ့နေရာရောက်အောင် ပို့ပေးတဲ့။ အဲဒီလို ပို့ပေးခြင်းသည် အကြီးမားဆုံး ကျေးဇူးဆပ်ခြင်းပါပဲတဲ့။ မြတ်စွာဘုရားဟောပါတယ်နော်။ အဲဒါကြောင့် မိဘတွေကို ကျေးဇူးဆပ်ချင်တယ်ဆိုရင် ဘာသိအောင် လုပ်ပေးရမလဲ။ (သစ္စာသိအောင် လုပ်ပေးရပါမယ် ဘုရား)။ ကိုယ်ကိုယ်တိုင် မဟောနိုင်လို့ရှိရင် ဟောနိုင်တဲ့နေရာထိအောင် ဘာလုပ်ပေးရမလဲ။ (ပို့ပေးရပါမယ်ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



ကဲ – ကိုယ့်မိတ်ဆွေ သူငယ်ချင်းတွေ၊ အပေါင်းအသင်းတွေ၊ ကိုယ့်ပေါ်မှာ ကျေးဇူးရှိတဲ့သူတွေ၊ ချစ်ပါတယ် ခင်ပါတယ်ဆိုရင် တခြားသိအောင် လုပ်ပေးရမှာလား၊ သစ္စာသိအောင်လုပ်ပေးရမှာလား။ (သစ္စာသိအောင် လုပ်ပေးရမှာပါဘုရား)။ အဲဒီတော့ ကိုယ်ကိုယ်တိုင် မဟောမပြောနိုင်တဲ့ အခါကျတော့ ဟောနိုင်ပြောနိုင်တဲ့နေရာအရောက်ပို့ပေးရတာပဲ။ အဲဒါဟာ လောကမှာ အကြီးဆုံး ကျေးဇူးဆပ်ခြင်းပါ။ ရှင်းကော ရှင်းရဲ့လား။ အဲဒါကြောင့် သစ္စာတရား သိလိုက်တဲ့အခါကျတော့ အပါယ်တံခါး ပိတ်သွားပြီ။ သစ္စာသိရင် (အပါယ်တံခါး ပိတ်ပါတယ်ဘုရား)။ အဲဒီပုဂ္ဂိုလ် ငရဲမကျတော့ဘူး။ ပြိတ္တာမဖြစ်တော့ဘူးနော်။ အသူရကာယ် မဖြစ်တော့ဘဲနဲ့ လူ့ဘဝပဲရောက်ရောက်၊ နတ်ဘဝပဲရောက်ရောက် အထက်တန်းကျကျ မျက်နှာပန်းလှလှနဲ့ ဒကာ၊ ဒကာမတွေ အစစ အရာရာ ချမ်းချမ်းသာသာဖြစ်ပြီဆိုရင် ကူညီရာရော မရောက်ဘူးလား။ (ရောက်ပါတယ် ဘုရား)။ မေတ္တာထားရာရော မရောက်ဘူးလား။ (ရောက်ပါတယ်ဘုရား)။ အဲဒီလို မေတ္တာထားရာ ကူညီရာ ရောက်အောင် အရေးအကြီးဆုံးက တခြားကိစ္စတွေထက် ဘာသိအောင်လုပ်ပေးရမလဲ။ (သစ္စာသိအောင် လုပ်ပေးရမှာပါဘုရား)။ အဲဒါ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ရှင်အာနန္ဒာကို မိန့်တော်မူခဲ့တဲ့ ဒကာ၊ ဒကာမတွေ ဩဝါဒဒေသနာပါ။

## ၇–ရက်အတွင်း ချမ်းသာတော့မယ့်အလုပ်

အဲဒါကြောင့် ဘုန်းကြီးများကလည်း ယနေ့ကြွရောက်လာနေတဲ့ တရားဝင်ကြတဲ့ တရားနာကြတဲ့ အားလုံး ဒကာ၊ ဒကာမတွေဟာ ဘဝသံသရာမှာ မတော်မစပ်တဲ့ ပုဂ္ဂိုလ်မရှိဘူးနော်။ ဒါကြောင့်မို့လို့ မိဘညီအကိုမောင်နှမအားလုံး မတော်စပ်ခဲ့တဲ့ပုဂ္ဂိုလ် မရှိတဲ့အတွက်ကြောင့် အားလုံးကို အလေးထားပြီးတော့ ဘုန်းကြီးတို့ တတ်နိုင်သလောက် တိုက်တွန်းရခြင်း ဖြစ်ပါတယ်။ အခုပစ္စုပ္ပန်ဘဝမှာလည်းပဲ ဒီဒကာ၊ ဒကာမတွေရဲ့ ပစ္စည်းလေးပါးနဲ့ သာသနာပြုနေရတဲ့အတွက်ကြောင့် ကျေးဇူးမရှိဘူးလား။ အဲဒီကျေးဇူးကို တုန့်ပြန်နိုင်ဖို့အတွက်က တခြားသိအောင် လုပ်ပေးနေရတာလား၊ သစ္စာသိအောင် လုပ်ပေးနေရတာလား။ (သစ္စာသိအောင် လုပ်ပေးနေရတာပါဘုရား)။ ဒါသိပ်အရေးကြီးတယ်နော်။ အဲတော့ သစ္စာဆိုတာသည် တခြားတရားလား။ ပဋိစ္စသမုပ္ပါဒ်တရားလား။ (ပဋိစ္စသမုပ္ပါဒ်တရားပါဘုရား)။ သို့ဖြင့် ပဋိစ္စသမုပ္ပါဒ်ဆိုတာသည် တခြားလား။ ကြောင်းကျိုးပြဒေသနာလား။ (ကြောင်းကျိုးပြဒေသနာပါဘုရား။) ဒီလိုဖြင့် အကြောင်းအကျိုး။ အကြောင်းအကျိုးဆိုတော့ မြန်မာစကား ပြန်းခနဲ မြန်မှာ နားမလည်သေးဘူး။

ဥပမာ ဆိုကြပါစို့။ ယနေ့ ယောဂီတို့ (၈၆) ကြိမ်မြောက် အောင်ဆန်း မိုးကုတ်ရိပ်သာအဖွဲ့ခွဲ (၇၇) မှာ တရားစခန်းဖွင့်တယ်။ မကြားဘူးလား။ လေ့လာတယ်။ သိတယ်ပေါ့။ သိတဲ့အခါကျတော့ အေး – ဒို့တွေ သွားတရားအားထုတ်မှပဲလို့ စိတ်ထဲမှာ သဒ္ဓါဖြစ်လာပြီ။ အဲဒီသဒ္ဓါက အလိုလို ဦးဖွဆိုပြီး မိုးပေါ်ကကျတာလား။ ကြားလို့ကျတာလား။ (ကြားလို့ပါဘုရား)။ သိလို့ ကြားလို့ ဒီမှာ စခန်းဖွင့်မယ်ဆိုတာ သိလို့၊ ကြားလို့။ ဒီလိုဖြင့်ရင် သိတာကအကြောင်း၊ သဒ္ဓါပေါ်လာတာကအကျိုး။ သို့ဖြင့်အကြောင်း အကျိုး၊ ဘာတဲ့လဲ။ (အကြောင်းအကျိုးပါဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



အေး ဒီလိုဖြင့်ရင် ရိပ်သာသွားပြီး တို့တရားအားထုတ်ကြစို့။ သွားကြမယ်ဆိုတော့ လာပြီပေါ့။ မလာချင်လို့ လာတာလား၊ လာချင်လို့လာတာလား။ (လာချင်လို့လာတာပါဘုရား)။ မလာချင်ရင် အိမ်ကတစ်ဖဝါးမှမခွာဘူး ကိုယ်တော်ရေ။ ဟော လာချင်တာက အကြောင်း၊ လာချင်တော့ မရောက်ဘူးလား။ (ရောက်ပါတယ်ဘုရား)။ လာချင်တာကအကြောင်း၊ ရောက်လာတာကအကျိုး။ အကြောင်း အကျိုး။ ဒီတော့ ပဋ္ဌိစ္စသမုပ္ပါဒ်နော်။ ဩော် လက်စသတ်တော့ ဒို့တရားရိပ်သာ ရောက်လာတာက ပဋ္ဌိစ္စသမုပ္ပါဒ်ပဲ။ ရိပ်သာရောက်တော့ ရိပ်သာအလုပ်ပဲ လုပ်ရမယ်ပေါ့။ ဒီမှာ သားရေး၊ သမီးရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ဘာရေးညာရေးကိစ္စတွေ ဒီထဲမှာလုပ်စရာ ရှိရဲ့လား။ (မရှိပါဘူး)။ လုံးဝမစဉ်းစားပါနဲ့လို့ ဘုန်းကြီးတို့က ပညတ်ထားပြီးသားပဲနော်။

ယောဂီတို့ လုပ်ရမဲ့အလုပ်က သတိပဋ္ဌာန် မဂ္ဂင်အလုပ်ကလွဲ၍ တခြားဘာမှမရှိဘူး။ ဒီ အလုပ်ကိုလုပ်တာ အကုသိုလ်နည်းနည်းလေးပါရဲ့လား။ (မပါပါဘူးဘုရား)။ တစ်နေကုန် ဒကာ၊ ဒကာမတွေ ကုသိုလ်တွေနဲ့ချည်းပဲနော်။ အဲဒီ ကုသိုလ်မှာမှ သတိပဋ္ဌာန်ကုသိုလ်တွေ ဝိပဿနာ ကုသိုလ်တွေ မရဘူးလား။ (ရပါတယ်ဘုရား)။ ကုသိုလ်တကာ ကုသိုလ်မှာ အမြင့်ဆုံး အမြတ်ဆုံး ကုသိုလ်ရနေတာ တခြားကြောင့်လား၊ ရိပ်သာ ရောက်လာလို့လား။ (ရိပ်သာ ရောက်လာလို့ပါ ဘုရား)။ အိမ်မှာနေ ဒီကုသိုလ်တွေ အပြည့်အဝမရဘူး၊ ရပ့်မလား။ (မရပါဘူး)။ ဘယ်ရမလဲ။ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ဟိုကိစ္စ ဒီကိစ္စနဲ့ တော်ကြာ ဟိုတယ်လီဖုန်းကလာတာတစ်မျိုး၊ ဧည့်သည်ကတစ်မျိုး၊ ဘာတစ်မျိုး ညာတစ်မျိုး ရှုပ်ပွပြီးတော့ ဘယ်လိုလုပ်ပြီး ဒကာ၊ ဒကာမတွေ ဒီကုသိုလ်တွေ အပြည့်အဝရမှာတုန်း။ အခု ဆယ်ရက်ကလေး ရိပ်သာရောက်လာတယ်၊ တစ်ရက် ကလေး ရိပ်သာရောက်လာတယ်။ အကုသိုလ်နဲ့အချိန်ကုန်တာလား၊ ကုသိုလ်နဲ့အချိန်ကုန်တာ လား။ (ကုသိုလ်နဲ့ အချိန်ကုန်တာပါဘုရား)။ အဲဒီကုသိုလ်သည် အောက်ဆင်းမှာလား။ အထက်တက် မှာလား။ (အထက်တက်မှာပါဘုရား)။ ကဲ ချက်ချင်း ကျေးဇူးများလိုက်တာ ဒကာ ဒကာမတို့။ ဘုန်းကြီးပြောရဲပါတယ်။ ဒေသနာစဉ်မှာလည်း ဘုရားဟောထားတယ်။ အဲဒီ ကုသိုလ်စိတ်ကလေး နဲ့သာ သေပါစေ၊ အပါယ်ကျပ့်မလား။ (မကျပါဘူး ဘုရား)။ ဘယ်လောက်ကျေးဇူးများလိုက် သလဲ။ ခုန သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝတွေနဲ့ အဲဒီစိတ်နဲ့သာ ဖျတ်ခနဲ ဝိညာဉ်ချုပ်သွား ဘယ်တော့မှ မကျွတ်တော့ဘူး။ ခုန ပုံသေနည်းရှိပြီလေ။ လောဘ၊ ဒေါသ၊ မောဟ၏ တရားသည် တခြားသွားမှာလား၊ အပါယ်သွားမှာလား။ (အပါယ်သွားမှာပါဘုရား)။ ရှင်းကောရှင်းရဲ့လား။ အဲဒါကြောင့်မို့ ယနေ့ရိပ်သာကိုရောက်လာတာက အားလုံး တစ်ခုချင်း တစ်ခုချင်း ကြည့်လိုက်ရင် ပဋ္ဌိစ္စသမုပ္ပါဒ်ချည်းပါပဲလို့ နားလည်ပါ။ (မှန်လှပါ)။

ယခု ယောဂီတို့ ရှုနေတာ ဝိပဿနာရှုတာ မဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား)။ ယခု ဘာတရား အားထုတ်နေကြလဲ။ (ဝိပဿနာတရားပါ ဘုရား)။ ဝိပဿနာတရားက ခန္ဓာကိုရှုရ မှာနော်။ ဘာကို ရှုရမှာလဲ။ (ခန္ဓာကိုပါ ဘုရား)။ အဲဒီတော့ ခန္ဓာအကြောင်းကို သေသေချာချာ ပိုင်ပိုင်နိုင်နိုင်မသိရင် ဝိပဿနာ ရှုလို့မရဘူး။ ဝိပဿနာတရားသည် ဘုရားတစ်ဆူ တစ်ဆူပွင့်မှ ပေါ်တဲ့တရား။ တော်ရုံဘုန်းကံမရှိလျှင် ဝိပဿနာရှုလို့ ရပ့်မလား။ (မရပါဘူး ဘုရား)။ ယနေ့ ဝိပဿနာကို အားထုတ်နိုင်ပြီဆိုရင် ယောဂီတို့ကို ဘုန်းကြီး နေ့တိုင်းနေ့တိုင်း သတိပေးပါတယ်။

အောင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပြည့်တဲ့ ပုဂ္ဂိုလ်တွေပါ။ ဘာပြည့်နေတာလဲ။ (ဆုတောင်းပြည့်တာပါဘုရား)။ ဝိပဿနာကို အားမထုတ်နိုင်တဲ့ပုဂ္ဂိုလ်က ဆုတောင်းမပြည့်တဲ့ ပုဂ္ဂိုလ်တွေ။ သို့သော် ဆုတောင်းမပြည့်သေးရင်လည်း ပဲ သူ့ဝါသနာနဲ့သူတောင်းတာ ဘုန်းကြီးအပြစ်မတင်ပါဘူး။ တောင်းပေါ့ဗျာ။ ယောဂီတို့က တောင်း ဦးမှာလား။ (မတောင်းပါဘူး ဘုရား)။ မတောင်းနဲ့နော်။

အင်း– အတောင်းဝါသနာက တစ်သံသရာလုံးက ပါလာတာ။ နံပါတ်တစ်အကွက် တစ်ကွက် လုံးသည် တခြားကလုပ်လာတာလား၊ တောင်းလာတာလား။ (တောင်းလာတာပါ ဘုရား)။ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ – ဆိုတာ တောင်းလာတာ။ ယခုယောဂီတို့က တောင်းများတောင်း ချင်သေးလား။ မတောင်းနဲ့။ လက်တွေ့အလုပ်လုပ်တော့–နော်။ လက်တွေ့အလုပ်လုပ်ရင် သူများ ထက်ပိုချမ်းသာမှာပေါ့။ ဟော – ဝိပဿနာအလုပ်သည် ဆင်းရဲတဲ့အလုပ်လား၊ ချမ်းသာတဲ့အလုပ် လား။ (ချမ်းသာတဲ့အလုပ်ပါဘုရား)။ သေမှ ချမ်းသာ မှာလား၊ ယခု ချမ်းသာမှာလား။ (ယခု ချမ်း သာမှာပါဘုရား)၊ ၇–ရက်အတွင်း ချမ်းသာမယ့်အလုပ်ဖြစ်လို့ ဘုန်းကြီးပါးစပ်ဖျား လမ်းမဆုံးပါနဲ့။ လက်တွေ့လုပ်စမ်းပါ။ လက်တွေ့အလုပ်လုပ်နိုင်ဖို့အတွက်ကို နည်းလမ်း စည်းကမ်းလေးကို ဒကာ၊ ဒကာမတွေကို ကျေးဇူးပြုပေးမယ်ပေါ့။

အဲဒီတော့ ဝိပဿနာသည် တခြားကိုရှုရမှာလား၊ ခန္ဓာကို ရှုရမှာလား။ (ခန္ဓာကိုရှုရမှာပါဘုရား)။ ခန္ဓာအကြောင်းကို မနေ့က ဘုန်းကြီးတို့ ဉာဏ်ငါးပါး မစ,ဘူးလား။ (စ,ပါတယ်ဘုရား)။ မနေ့က ဉာဏ်ငါးပါးလေး ကြည့်လိုက်ပါဦး။ ဘာတဲ့လဲ။

နံပါတ်တစ် – ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်။
နံပါတ်နှစ် – နာမရူပ ပရိစ္ဆေဒဉာဏ်။
နံပါတ်သုံး – ပစ္စယပရိဂ္ဂဟဉာဏ်။
နံပါတ်လေး – လက္ခဏာဉာဏ်။
နံပါတ်ငါး – မဂ်ဉာဏ်။

ကဲ – ဟောဒီ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် အသာလေး ခဏလေး ထားလိုက်ဦး။ ခန္ဓာ အကြောင်းပြောတော့ နံပါတ်နှစ်ဉာဏ်ကို ပြန်ပြီးတော့ ယူမယ်နော်။ (မှန်လှပါ)။ ပဋိစ္စသမုပ္ပါဒ်က တစ်ပိုင်း တစ်ပိုင်း တစ်ပိုင်းနဲ့ နောက် စခန်းပွဲ ဆယ်ရက်ပြည့်တော့မှ အကုန်လုံး ကွင်းဆက်ယူလိုက် မယ်နော်။ စိတ်ရှည်ရှည်တော့ ယောဂီတို့ တရားနာဖို့တော့လိုတယ်နော်။ အဲဒီတော့ အခု နံပါတ် နှစ် ဘာဉာဏ်လဲ။ (နာမရူပ ပရိစ္ဆေဒဉာဏ်ပါ ဘုရား)။ နာမရူပ ပရိစ္ဆေဒဉာဏ် ဆိုတာ မနေ့က ပြောပြီးပြီ။ မြန်မာလိုပြောတော့ ရုပ်နဲ့နာမ်ကို ပိုင်းခြားသိသော ဉာဏ်။ နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတာ ဘာပါလိမ့်။ ရုပ်နဲ့နာမ်ကို ပိုင်းခြားသိ သောဉာဏ်။ အဲဒီတော့ ပရိယတ်မှာ အခုနပြောတဲ့ ၇–မျိုး မှာ ခန္ဓာဆိုတဲ့ ခေါင်းစဉ်ပါလာပြီ။ ခန္ဓာဆိုတာ တခြားပြောတာလား။ ရုပ်နာမ်ကိုပြောတာလား။ (ရုပ်နာမ်ကိုပြောတာပါဘုရား)။

ဒီတော့ ခန္ဓာဆိုတဲ့ စာစကားက မြန်မာလို အပေါင်းအစု။ မြန်မာလို ကျတော့ (အပေါင်းအစုပါ ဘုရား)။ စာလိုက (ခန္ဓာ)။

ရုပ်နာမ်ကို ပြောနေတယ်။ ရုပ်နာမ်ကို ပြောတိုင်း ပြောတိုင်း ခန္ဓာကို ပြောနေတယ်လို့ နား



www.burmeseclassic.com

www.burmeseclassic.com



လည်ပါနော်။ ဒီလိုဖြင့် ရုပ်နာမ်နှင့် ခန္ဓာသည် စကားလုံးသာ ကွာသော်လည်း အဓိပ္ပာယ်ချင်း မတူဘူးလား။ (တူပါတယ်)။ ဒီလိုဖြင့် ခန္ဓာဆိုတာသည် တခြားလား၊ အပေါင်းအစုလား။ (အပေါင်းအစုပါဘုရား)။ ဘာအပေါင်းအစုလဲ။ (ရုပ်အပေါင်းအစု၊ နာမ်အပေါင်းအစု။) သို့ဖြင့် အဲဒီခန္ဓာဟာ စက်ဝိုင်းထဲမှာ ရှိလား။ (မရှိပါဘူး ဘုရား)။ မရှိဘူး။ စက်ဝိုင်းထဲမှာ ရှိနေတဲ့ ခန္ဓာက အဲဒီမှာလေ။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ရှိနေတယ်။ ဟောဒီစက်ဝိုင်းထဲမှာ ရှိနေတဲ့ ခန္ဓာ။ အဲဒီခန္ဓာက ယောဂီတို့ ပရိယတ်ခန္ဓာလို့ ခေါ်ပါတယ်။ ဘာခန္ဓာပါလိမ့်။ (ပရိယတ်ခန္ဓာပါဘုရား)။ သင်တဲ့ခန္ဓာနော်။

ဘြေဘ် – ဒကာ၊ ဒကာမတို့ ဝိပဿနာအားထုတ်တဲ့အခါမှာ ခန္ဓာအကြောင်းကို သိရမယ်။ ဟော – ခန္ဓာက ဟော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ငါးပါးခေါ်တယ်။ သင်ပြီပေါ့။ သို့သော် နားမလည်သေးဘူး။ နားမလည်သေးဘူး။ မမြင်သေးဘူး။ သင်ရုံတင်သင်တာ။ ယောဂီတို့၊ မြင်ပြီလား။ (မမြင်ပါဘူးဘုရား)။ အဲဒီတော့မှ အဲဒီခန္ဓာကိုသင်ပြီးတော့ – ဟုတ်ပြီ အလွတ်ကျက်မှတ်ရသွားပြီ။ မျက်စိမှိတ်ပြီးတော့ ဟုတ်လား။ ဉာဏ်မျက်စိနဲ့ ဉာဏစက္ခုပေါ့နော်။ ဉာဏ် ဥဒပါဒိ ဉာဏစက္ခုနဲ့ ဉာဏ်မျက်စိလေးဖွင့်ပြီးတော့ ဝိဇ္ဇာမျက်စိလေးဖွင့်ပြီးတော့ကြည့်လည်း ကြည့်လိုက်ကော ဟော – စက်ဝိုင်းထဲမှာ ခန္ဓာရှိတာလား၊ ကိုယ့်မှာရှိနေတာလား။ (ကိုယ့်မှာရှိနေတာပါဘုရား)။ ဒီလိုဖြင့်ရင် ကိုယ့်ရှိတဲ့ခန္ဓာကို ကိုယ်မသိရင် မမြင်ရင်ပေါ့။ ဒကာ ဒကာမတွေ တခြားဖြစ်တာလား၊ ကန်းနေတာလား။ (ကန်းနေတာပါဘုရား)။ ဟုတ်ပြီ။

ဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေနော် တစ်သက်လုံး တစ်သံသရာလုံးက ကိုယ့်ခန္ဓာကို မြင်ရဲ့လား။ (မမြင်ပါဘူး ဘုရား)။ မမြင်တာ ဘာဖြစ်လို့။ (ကန်းနေလို့ပါဘုရား)။ သေချာရဲ့လား။ (သေချာပါတယ်ဘုရား)။ အခု အသက်ကြီးလို့ တစ်ခုခု ခိုက်မိလို့ ကန်းတာမဟုတ်ဘူး။ ဝမ်းထဲကနေပြီးတော့ စုံလုံးကန်းတာ။ ဝမ်းတွင်းပါကန်းတာ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ အဲဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေဟာ ဘုန်းကြီးနဲ့တကွ အားလုံးသော ဆွေတော် မျိုးတော်တွေဟာ ဝမ်းတွင်းပါ အကန်းတွေဖြစ်နေတယ်။ ဘာမမြင်လို့လဲ။ (ခန္ဓာမမြင်လို့ပါ)။ သို့သော် ကံမျက်စိပြောတာလား၊ ဉာဏ်မျက်စိပြောတာလား။ (ဉာဏ်မျက်စိ ပြောတာပါဘုရား)။ ဒီလိုဖြင့်ရင် ဥပမာ – ကန်းနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် လျှောက်တဲ့လမ်း မှန်ပါ့မလား။ (မမှန်ပါဘူးဘုရား)။ ဒီတော့ လမ်းမှန်ရောက်ချင်ရောက်မယ်။ အများအားဖြင့် လမ်းမှားပဲ သူတို့သွားချင်ရာ သွားနေမှာပဲ။ သွားချင်ရာသွားနေတာသည် မြင်လို့လား၊ ကန်းနေလို့လား။ (ကန်းနေလို့ပါဘုရား)။ ဒါ ကန်းတဲ့သူရဲ့သဘာဝပါ။

အဲဒါကြောင့်မို့လို့ ဒီခန္ဓာကို (ဝါ) ရုပ်နာမ်ကို မမြင်တဲ့အခါကျတော့ အဲဒီရုပ်နာမ်ကို ငါလုပ်လိုလုပ်၊ ယောက်ျားဖြစ်လိုဖြစ်၊ မိန်းမဖြစ်လိုဖြစ်။ အဖေဖြစ်လိုဖြစ်၊ အမေဖြစ်လိုဖြစ်၊ သားသမီးဖြစ်လိုဖြစ်၊ ပရမတ္ထဉာဏ်တွေလာပြီ။ နည်းနည်း နားကြီးကြီးနားထောင်ပါနော်။ ယောဂီသစ်တွေ ဟုတ်လား။ အဲဒီတော့ ရုပ်နာမ်ခန္ဓာကို မမြင်တဲ့အခါကျတော့ ဒီရုပ်နာမ်ခန္ဓာကိုပဲ အဖေအမေလို့ နားလည်ထားတယ်။ အဖေအမေလို့ သိထားတယ်။ အဖေအမေလို့ မှတ်ထားတယ်။ အဖေအမေလို့ ယူထားတယ်။ ဒီရုပ်နာမ်ခန္ဓာကိုပဲ ငါလို့သိထားတယ်။ ငါလို့ မှတ်ထားတယ်။ ငါလို့ယူထားတယ်။ အမှားတွေလား။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တွေလား။ (အမှားတွေပါ)။ ဒီလိုဖြင့်ရင် တကယ်ယူရမှာက ရုပ်နာမ်လို့ယူရမယ်။ ရုပ်နာမ်လို့ သိရမယ်။ ရုပ်နာမ်လို့မှတ်ရမယ်။ အဲဒီလိုဟာတွေ တစ်ခုမှမဟုတ်ဘဲနဲ့ မယူသင့်တာကို ယူတာသည် တခြားကြောင့်လား။ ရှူးလို့လား။ (ရှူးလို့ပါဘုရား)။ ရှူးလို့။ အရှင်ဘုရား - ရှူးတယ်ဆိုတာ ဘာကြောင့် ရှူးတာလဲ။ မေးတော့မယ်။ စကားလုံးက တစ်လုံးတက်လာပြီ။ ဘာကြောင့် ရှူးတာလဲ ဆိုတော့ အခု ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ လူတိုင်းလူတိုင်း ရုပ်နာမ်မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ရုပ်နာမ်ကို မသိရင် မမြင်ရင် ရှူးတယ်။ ဒီစကားလုံးလေး မှတ်လိုက်စမ်းပါ။ ရုပ်နာမ်မှ မသိရင် ဒီပုဂ္ဂိုလ်က ပုထုဇဉ်လေ။ ရုပ်နဲ့နာမ်ကိုမသိရင် အန္ဓပုထုဇဉ်လို့ မြတ်စွာဘုရား ဟောပါတယ်။ ရုပ်နဲ့နာမ်ကို မမြင်ရင် (အန္ဓပုထုဇဉ်ပါဘုရား)။

ဒီတော့ အန္ဓပုထုဇဉ်ဆိုတဲ့ ဒီစာစကားက မြန်မာလိုက အန္ဓဆိုတာက-အကန်း၊ အန္ဓဆိုတာ (အကန်း)။ ပုထုဇဉ်ဆိုတာ-ပုထု = ကိလေသာတွေ အများကြီး။ ဇန=ဖြစ်တဲ့ပုဂ္ဂိုလ်။ ကိလေသာ အများကြီးဖြစ်တော့ အရူးနဲ့တူ။ ပုထုဇ္ဇနော ဥမ္မတ္တကော - ပုထုဇဉ်ဆိုတာ အရူးနဲ့တူသတဲ့။ အန္ဓက (အကန်း)။ ပုထုဇဉ် (အရူး)။ မြန်မာလိုပြန်တော့ အကန်းအရူး။ ဘာပါလိမ့်။ (အကန်းအရူးပါ ဘုရား)။ ဒီလိုဖြင့် အကန်းအရူးဖြစ်တာက ဘာကိုမမြင်လို့။(ရုပ်နဲ့နာမ်ကိုမမြင်လို့ပါဘုရား)။ ခန္ဓာ ကို မမြင်လို့။ ရုပ်နဲ့နာမ်ကို မမြင်လို့။ ရုပ်နဲ့နာမ်ကို မသိလို့။ နာမရူပ ပရိစ္ဆေဒဉာဏ်မရလို့။ မြတ်စွာဘုရားက ဘာနာမည်ပေးထားတာလဲ။ (အကန်းအရူး)။ ဒီလိုဖြင့်ရင် - ကဲ - ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဟောဒီ ပဋိစ္စသမုပ္ပါဒ်သင်တန်း ဒါကိုမနာလို့ အားမထုတ်ရင် ရုပ်နဲ့နာမ်ကို သိပ့်မလား။ (မသိပါဘူးဘုရား)။ မသိရင် မမြင်ရင် ဘာဖြစ်မလဲ။ (ကန်းတယ်)။ အဲဒါတစ်သက်လုံး ဖြစ်လာခဲ့တဲ့ဘဝ။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘဝ။

အဲဒီတော့ ဆရာတော်ဘုရားကြီး မိန့်သလိုပြောရရင် ဩော် ယနေ့ ရုပ်နဲ့နာမ်ကို မမြင်ရင် မိမိရဲ့ငယ်နာမည်ဟာ ဘယ်သူလဲ။ (အကန်းအရူးပါ ဘုရား)။ ဒီလိုဖြစ်ရင် အဲဒီရုပ်နဲ့နာမ်ကိုမမြင်လို့ အကန်းအရူးဘဝဆိုလို့ရှိရင် လူရာဝင်ပါ့ဦးမလား။ ဘယ်တော့မှ လူရာမဝင်တော့ဘူး။ သွားပြီ။ ဘုန်းကြီးတို့ယနေ့ ခေတ်စကားနဲ့ပြောရင်တော့ မြောင်းထဲရောက်သွားတာပေ့ါ။ လောကအကြောင်း မဟုတ်ဘူး။ မွေ့အကြောင်းနဲ့ပြောတာနော်။ (မှန်လှပါ)။ ခေတ်စကားနဲ့ပြောတော့ မြောင်းထဲရောက် သွားတယ်ဆိုတော့ တခြားကြောင့်လား။ မမြင်လို့လား။ (မမြင်လို့ပါဘုရား)။ မမြင်တော့ ကန်းတယ်။ ကန်းတော့ ထင်ရာလုပ်တယ်။ ရှူးတယ်။ (မှန်ပါ)။ ဒါဖြင့် အရှင်ဘုရား ဘာရှူးတယ်ပြောတာလဲ။

## ထင်ရာလုပ်ရင်အရူး

ဒီတော့ ခန္ဓာကိုမြင်တော့ ခန္ဓာရဲ့သဘာဝကို မြင်တာပေ့ါ။ ခန္ဓာကိုမမြင်၊ ခန္ဓာရဲ့သဘာဝကို မမြင်တဲ့အခါကျတော့ အဲဒီခန္ဓာကို ငါလို့ မသိဘူးလား။ (သိပါတယ်ဘုရား)။ သူလို့ မသိဘူးလား။ (သိပါတယ်ဘုရား)။ ဟုတ်လား။ ဇနီးမယား၊ သမီးသားကိုလည်းပဲ ခန္ဓာလို့မမြင်တော့ ငါ့သား၊ ငါ့သမီး၊ ငါ့ဆွေ၊ ငါ့မျိုး၊ ငါ့မိ၊ ငါ့ဖတွေ မလာဘူးလား။ (လာပါတယ်)။ အဲဒီတော့ ခန္ဓာရဲ့သဘောကို မမြင်တော့ ခန္ဓာသည် ဖြစ်ပြီးရင်ပျက်တယ်၊ မွေးပြီးရင်သေတယ်။ ခန္ဓာရဲ့သဘောက ဘာတဲ့လဲ။ (ဖြစ်ပြီးရင်ပျက်တယ်၊ မွေးပြီးရင်သေတယ်)။ အခု ဘုန်းကြီးတို့ခန္ဓာလေ။ ဖြစ်ပြီးရင်ဘာဖြစ်လဲ။



www.burmeseclassic.com

www.burmeseclassic.com



တရားနည်းနည်းတော့ မြင့်လာပြီ။ ဖြစ်ပြီးရင် ဘာဖြစ်လဲ။ (ပျက်ပါတယ်)။ ဒီလိုဖြင့်ရင် မွေးပြီးရင် (သေပါတယ်)။ မွေးပြီးရင် သေတာသည် ဘယ်သူ့သဘောလဲ။ (ခန္ဓာသဘောပါ)။ ဒီလိုဖြင့်ရင် ခန္ဓာက သူ့အလုပ်သူလုပ်နေတာ။ ဘယ်သူ့ကိုမှ သွားပြီး မစွက်ဖက်ဘူး၊ ဒကာ၊ ဒကာမ တွေ။ ခန္ဓာက ဘယ်သူမှ သွားမရောဘူးနော်။ သူ့အလုပ်ပဲ သူလုပ်နေတယ်။ မွေးတယ်၊ သေတယ်၊ မွေးတယ်၊ သေတယ်။ ဘယ်သူ့အလုပ်လဲ။ (ခန္ဓာရဲ့အလုပ်ပါဘုရား)။ သူ့အလုပ် သူလုပ်နေတာ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေနဲ့ ဘာပတ်သက်လဲ။ ဘာမှ မပတ်သက်ဘူး–နော်။ ရှင်းသွားပြီနော်။

ခန္ဓာရဲ့သဘောက ဘာဖြစ်တယ်။ (မွေးတယ်၊ သေတယ်)။ မွေးတာ မမွေးနဲ့လို့ တားလို့ရပါ့မလား၊ သေတာ မသေနဲ့လို့ တားလို့ရပါ့မလား။ (မရပါဘူး)။ ဒီလိုဖြင့် ကိုယ်နဲ့ပတ်သက်လို့ ကိုယ်ပိုင်ကိုယ်နိုင် ဆိုလို့ရှိရင် – ဟာ – မမွေးနဲ့လို့ တားထားလို့ရတယ်။ မသေနဲ့လို့ တားထားလို့ရတယ်။ အမိပ္ပါယ်–အမိပ္ပါယ်နော်။ အခု တားလို့ရရဲ့လား။ (မရပါဘူးဘုရား)။ မရတာသည် တခြားလား၊ အနတ္တလား။ (အနတ္တပါဘုရား)။ သူ့သဘော သူဆောင်နေတာ။ မွေးတယ်၊ သေတယ်။ ဒါ ခန္ဓာရဲ့သဘော။

အဲဒီတော့ အဲဒီ ခန္ဓာရဲ့သဘောကို မိမိက မသိတဲ့အခါကျတော့ ကဲ – ယောဂီတို့ ကိုယ့်ဘဝနဲ့ကိုယ် သဘာဝကျကျ ပြန်ဟပ်လိုက်။ အိမ်မှာ မြေးလေးတစ်ယောက် မွေးလာရင် ကဲ – ဒီ အဖိုးအဖွား ဘယ်နှယ့်နေမလဲ။ ဘယ်နှယ့် အသံတိုးသွားတာလဲ။ ဝမ်းမသာဘူးလား။ အမလေး – အိမ့်ဆည်းလည်းလေးရပြီ။ အမလေး ဒီအဖိုးအဖွား အိပ်မပျော်ဘူး။ အဖိုးအဖွားအိပ်မပျော်တော့ဘူး။ အမလေး ယုယလိုက်တာများ မိဘထက်တောင် ပိုသေးတယ်။

ဒီလိုဖြင့်ရင် မွေးလာတာက တခြားသဘောလား၊ ခန္ဓာသဘောလား။ (ခန္ဓာသဘောပါဘုရား)။ ကိုယ်နဲ့ ဘာပတ်သက်လဲ။ (မပတ်သက်ပါဘူး)။ ခန္ဓာက မပတ်သက်ပေမယ့် ကိုယ်ကပတ်သက်နေပြီ။ အဲဒါတခြား မမြင်လို့လား၊ ခန္ဓာမမြင်လို့လား။ (ခန္ဓာမမြင်လို့ပါဘုရား)။ ခန္ဓာကမွေးတယ်။ မွေးပြီး ဘာဖြစ်မလဲ။ (သေမှာပါဘုရား)။ သေမှာပဲ။ အဲဒီကလေးက မနက်ဖြန်လည်း သေချင်သေမယ်။ သဘက်ခါလည်း သေချင်သေမှာပဲ။ သေတော့ – ကဲ ဒီမိဘဖိုးဖွားတွေက ဘယ်လိုနေမလဲ။ ဩော် – သေမင်းရယ်၊ ငါ့မြေးလေးမှ ရွေးခေါ်ရသလား။ အမယ့် အပြစ်က တင်လိုက်သေးတယ်။ ဖြစ်ပုံများ။ ဟုတ်တယ်။ သေမင်းက သူ့မြေးမို့လို့ ရွေးခေါ်တာဖြစ်ပါလိမ့်မယ်။ အမိပ္ပါယ်နော်။ အဲဒီလို စကားလုံးကို သုံးပြီးတော့ အဲဒီလို ရင်ထဲမှာ ပူဆွေးသွားတာ တခြားမမြင်လို့လား၊ ခန္ဓာမမြင်လို့လား။ (ခန္ဓာမမြင်လို့ပါ ဘုရား)။

ဟော – ယနေ့ ယောဂီတို့က ဒီ တရားတွေနာလို့ ဒီတရားအားထုတ်တဲ့အခါမှာ ဩော် – ခန္ဓာရဲ့သဘောက သူ့ဟာသူဖြစ်လာတယ်။ သူ့ဟာသူ ပျက်သွားတယ်။ သူ့ဟာသူ မွေးလာတယ်။ သူ့ဟာသူ သေတယ်။ ခန္ဓာသဘောကိုသိတော့ ငါနဲ့ဘာမှ မပတ်သက်ပါလားဆိုတော့ ကဲ – ဝမ်းသာစရာကော ရှိရဲ့လား။ (မရှိပါဘူးဘုရား)။ ဝမ်းနည်းစရာကော ရှိရဲ့လား (မရှိပါဘူး)။ မငြိမ်းဘူးလား ယောဂီတို့။ အမလေး – ငြိမ်းလိုက်တာ။ ဘုရားအစရှိတဲ့ အရိယာ သူတော်စင်တို့ ဘယ်သူက ဘာဖြစ်ဖြစ် ငြိမ်းနေတာပဲ။အဲဒီ ငြိမ်းချမ်းခြင်းဆိုတဲ့ တရားလေးကို စိတ်ကူးလေးနဲ့ ယောဂီတို့ နှလုံးသွင်းကြည့်။ ဘယ်လောက်များ ငြိမ်းချမ်းနေလဲနော်။ အဲဒါ တခြားမြင်လို့လား။



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကို မြင်လို့လား။ (ခန္ဓာကိုမြင်လို့ပါ ဘုရား)။ ဟိုဘက် အမြင်တရားဉာဏ်တွေ မပါသေးဘူးနော်။ ခန္ဓာကို ခန္ဓာလို့ မြင်ရုံလေးနဲ့တောင်မှပဲ အဲဒီလောက် ငြိမ်းတယ်ဆိုတော့ ဘယ်လောက်ဒီတရားက ဒကာ၊ ဒကာမတို့ ကိုယ့်ကို အထောက်အပံ့ရလဲနော်။

အဲတော့ – အဲဒီလို ခန္ဓာကို ခန္ဓာလို့ မမြင်တဲ့အခါကျတော့ အမလေး – မွေးတဲ့အခါကျတော့လည်း ပျော်လို့ရွှင်လို့ပေါ့ဗျာ။ ကိုယ်နဲ့မပတ်သက်ဘဲနဲ့ ဥစ္စာကို။ သေတဲ့အခါကျတော့လည်း မချိမဆန့် သောကတွေရောက်ပြီး ငိုလို့ ဆိုတော့ အဲဒီပုဂ္ဂိုလ်သည် ကောင်းတာလား၊ ရှုံးတာလား။ (ရှုံးတာပါဘုရား)။ ဒီလိုဖြင့် ရှုံးနေတာကို ဉမ္မတ္တကပေါ့။ ရှုံးနေတာကို (ဥမ္မတ္တကပါ ဘုရား)။ အဲဒါကြောင့်မို့ ပုထုဇ္ဇနော ဥမ္မတ္တကောဆိုတာ။ အဲဒါကြောင့် အန္ဓပုထုဇဉ်တွေဟာ သစ္စာတရားကိုမမြင်လို့ (ဝါ) ခန္ဓာကို မမြင်တဲ့အခါကျတော့ ဒီပုဂ္ဂိုလ်သည် တခြားဖြစ်တာလား၊ ရှုံးသွားတာလား။ (ရှုံးသွားတာ ပါဘုရား)။

ဒီလိုဖြင့်ရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ကိုယ့်ကိုယ်ကို ပြန်မေးကြရအောင်။ ငါ့ခန္ဓာ အကြောင်း ဘယ်လောက်သိသလဲ။ ရုပ်အကြောင်း ဘယ်လောက်သိထားလဲ။ နာမ်အကြောင်း ဘယ်လောက်သိထားသလဲဆိုတော့ အဲဒီ ရုပ်တွေ၊ နာမ်တွေ သူများမှာ ရှိနေတာလား။ ကိုယ့်မှာ ရှိနေတာလား။ (ကိုယ့်မှာရှိနေတာပါ ဘုရား)။ အတူနေတာနော်။ အတူသွား၊ အတူစား၊ အတူအိပ် နော်။ ဟိုနေ့ကလည်း ပြောပြီးပြီ။ မွေးတော့လည်း ဘယ်သူနဲ့။ (ခန္ဓာနဲ့ပါ)။ ကြီးတော့လည်း ဘယ်သူနဲ့ (ခန္ဓာနဲ့ပါ)။ နေတော့လဲ ဘယ်သူနဲ့ (ခန္ဓာနဲ့ပါ)။ သေတော့လည်း ဘယ်သူနဲ့ (ခန္ဓာနဲ့ပါ)။ ဒီလောက် အတူတွဲ မခွဲခွာ တရစပ်လေး တစ်သံသရာလုံးတွဲလာတဲ့ ခန္ဓာကို ကိုယ့်ဆီမှာရှိနေတာကို ကွင်းကွင်းကွက်ကွက် မမြင်ဘူးဆိုရင် ကိုယ့်လောက်ကန်းတဲ့သူ ဘယ်ရှိမှာတုန်း။ (မှန်လှပါ)။ ရှင်းကောရှင်းရဲ့လား။

အဲဒီလောက်ကန်းတဲ့အတွက် မမြင်လို့ ထင်တာတွေ ပြောတာတွေ လုပ်တဲ့အတွက်ကြောင့်မို့ တခြားဖြစ်တာလား၊ ရှုံးနေတာလား။ (ရှုံးနေတာပါ)။ အဲဒါကြောင့် အန္ဓပုထုဇဉ်ဆိုတာ ကျောက်ခဲ ရေကျ သေအပါယ်ကျသွားပြီ။ တက်လမ်းမရှိတော့ဘူး။ ဘယ်တော့မှ လူပြန်ဖြစ်တော့မှာ မဟုတ်တော့ဘူး။ အင်မတန် ကံကောင်းထောက်မလို့နော် နခသိခါသုတ်နဲ့ လက်သည်းခွံပေါ် မြေမှုန့်လေး တင်ထားတာကို ဟိုတစ်နေ့က ဒကာ၊ ဒကာမတွေ သတိပေးပြီးသားပဲ။

ဘုန်းကြီးနှင့်တကွ အားလုံးသော ဒကာ၊ ဒကာမတွေက လက်သည်းခွံပေါ် ပါလာတာ။ ဘယ် ပါလာတာလဲ။ (လက်သည်းခွံပေါ် ပါလာတာပါ)။ ဘုန်းကံထူးလို့နော်။ အဲဒီလို ပါလာတဲ့အချိန် အခါမှာ ဒီရုပ်နဲ့နာမ်လောက်မှ မသိဘဲ အမလေး ဒီဘဝ အသေမျှားဦးသွားရင် မနာဘူးလား။ (နာပါတယ်)။ ဒါကြောင့် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက အသေမဦးခင် ဉာဏ်ဦး အောင် အားထုတ်ပါ။ (အသေမဦးခင် ဉာဏ်ဦးအောင် အားထုတ်ပါ)။ ဒီတော့ ဒီဉာဏ်မရဘဲနဲ့ သေသွားရင် ကျောက်ခဲရေကျ။ နောက် ဒီဘဝ မမျှော်နဲ့၊ ပြန်မရတော့ဘူး။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

အဲဒါကြောင့်မို့လို့ အခု အရေးကြီးတဲ့ ဉာဏ်သည်လည်းပဲ၊ ဘာလဲ။ နာမရူပ ပရိစ္ဆေဒဉာဏ်။ ရုပ်နဲ့နာမ်ကိုသိရမှာပေါ့။ ဒီတော့ ရုပ်နဲ့နာမ်ကို သိရမယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် ထောက်လိုက်

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



တော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာ ဆိုတော့ ခန္ဓာဘယ်နှစ်ပါးလဲ။ (ခန္ဓာငါးပါးပါ ဘုရား)။ ခန္ဓာငါးပါးပေါ့နော်။ အဲဒီ ခန္ဓာငါးပါးမှာ ဘုန်းကြီးတို့ ပဋ္ဌိစ္စသမုပ္ပါဒ် သင်တန်းစာရွက်ထဲမှာ လည်း ခန္ဓာငါးပါးရှိတယ်။ ကဲ – ဒီတော့ အားလုံး လိုက်ဆိုလိုက်ပါ။

(၁) ရူပက္ခန္ဓာ (ရူပက္ခန္ဓာ)
(၂) ဝေဒနာက္ခန္ဓာ (ဝေဒနာက္ခန္ဓာ)
(၃) သညာက္ခန္ဓာ (သညာက္ခန္ဓာ)
(၄) သင်္ခါရက္ခန္ဓာ (သင်္ခါရက္ခန္ဓာ)
(၅) ဝိညာဏက္ခန္ဓာ (ဝိညာဏက္ခန္ဓာ)

ခန္ဓာဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား)။ သို့ဖြင့် ဒီခန္ဓာငါးပါးကို ဘုန်းကြီးတို့က ရွတ်သွားတာ၊ သင်သွားတာ။ တကယ့် အဲဒီခန္ဓာငါးပါးက ဘယ်မှာရှိလဲ။ (ကိုယ့်မှာရှိတာပါဘုရား)။ ကိုယ့်မှာ ရှိနေတယ်။ သို့သော် ကိုယ့်မှာ ရှိနေတာမမြင်ဘူး။ မသိဘူး။ ဘယ်သိမလဲ။ သိတဲ့ဆရာသမားနဲ့မှ မတွေ့ပဲ။ ရှင်းကောရှင်းရဲ့လား။ ဂင်္ဂါဝါဠု သဲစုမက ဘုရားတွေပွင့်လာတာ ဒီခန္ဓာကိုလွှတ်ပြီးတော့ ဘုရားဖြစ်တဲ့ဘုရား တစ်ဆူမှမရှိဘူး။ ဒီ ခန္ဓာကိုမဟောတဲ့ဘုရား တစ်ဆူမှမရှိဘူး။

သို့သော်လည်းပဲ ဒီခန္ဓာအကြောင်းတွေကို ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက မသိဘူးဆိုရင် ကိုယ့်လောက်မိုက်တဲ့သူ ရှိဦးမလား။ အခု ကိုယ့်မှာရှိနေတာ ခန္ဓာဘယ်နှစ်ပါး။ ကဲဆိုစမ်းပါ။ (ရူပက္ခန္ဓာ၊ ဒေဝနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ)။ အဲဒီတော့ ရူပက္ခန္ဓာ ဆိုတာလည်း ကိုယ့်မှာပဲရှိတာပဲ။ ဝေဒနာက္ခန္ဓာဆိုတာလည်း (ကိုယ့်မှာပဲရှိတာပေါ့)။ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာလည်း (ကိုယ့်မှာရှိတာပါ)။ ဝိညာဏက္ခန္ဓာဆိုတာလည်း (ကိုယ့်မှာပဲရှိတာပါဘုရား)။ ဟုတ်ပြီ။ ခန္ဓာ အကြောင်းကို ဒီနေ့စရုံပဲစမယ်နော်။

အဲဒီတော့ – အဲဒီခန္ဓာငါးပါးသည် ကိုယ့်မှာရှိတယ်ဆိုတော့ ရူပက္ခန္ဓာဆိုတာ ဖောက်ပြန်တဲ့ သဘောတရားအစုပေါ့။ ရူပက္ခန္ဓာဆိုတာ ဖောက်ပြန်တဲ့ သဘောတရားအစုဆိုတော့ ရုပ်ခန္ဓာလို့ ပြောပါတယ်။ ဘယ်ခန္ဓာပါလိမ့်။ (ရုပ်ခန္ဓာပါဘုရား)။ အဲဒီတော့ ရူပက္ခန္ဓာမှာ ဘုန်းကြီးတို့ စာလိုဆိုရင် ရုပ်–၂၈ ပါး ရှိပါတယ်။ ဒါကတော့ စာပေအနေနဲ့ လေ့လာထားပါ။ ဒီမှာတော့ ဘုန်းကြီးတို့ သင်ဖို့ အချိန်မရဘူးနော်။ ရုပ်ဘယ်လောက်ရှိလဲ။ (၂၈–ပါးပါ ဘုရား)။ ဒါကြောင့် အဘိဓမ္မာတို့ ဘာတို့ ဆိုတာ ဒကာ၊ ဒကာမတွေ လေ့လာပါ။ ကိုယ့်အကြောင်းကိုယ် သိဖို့အတွက် လေ့လာတာကိုး။

ဘုန်းကြီးတို့ ဒီမှာက ကျေးရွာပြုမှာက ဘူတရုပ်လေးပါးကို ဘုန်းကြီး ရှင်းပေးမယ်နော်။ အဲဒီတော့ ရုပ်–၂၈ ပါးသည် ယခုရှိတယ်လို့ပြောတာက တခြားလား၊ ပရိယတ်လား။ (ပရိယတ်ပါ ဘုရား)။ အဲဒီရုပ် ၂၈–ပါးကို ကိုယ့်ဆီမှာရှိတာကို မြင်အောင်ကြည့်ရမယ်။ မကြည့်ရဘူးလား။ (ကြည့်ရပါတယ်ဘုရား)။ မြင်အောင်ကြည့်ရမယ်ဆိုတော့ ရုပ်–၂၈ ပါးတွင် ဥပမာဆိုကြပါစို့။ ကဲ – ဒီလက်ကို ကိုယ့်လက်ကိုကိုင်ကြည့်ရင် ကိုင်လို့မရဘူးလား။ (ရပါတယ်)။ ကိုင်လို့ ရတာပေါ့။ လက်ကိုကိုင်လိုက်တဲ့အခါ ပျော့တာမရှိဘူးလား။ (ရှိပါတယ်)။ ပျော့တယ်။ ဒီတော့လက်ကိုမမြင်စေနဲ့ ပျော့တာလေးကိုမြင်။ ပျော့တာသည် တခြားလား။ ရုပ်ခန္ဓာလား (ရုပ်ခန္ဓာပါ)။ ဒီလိုဖြင့် တရားထိုင်တယ်။ တရားထိုင်တဲ့အခါကျတော့ ဒကာ၊ ဒကာမတွေ ခါးကြီးမတောင့်ဘူးလား။ (တောင့်ပါတယ်)။



www.burmeseclassic.com

www.burmeseclassic.com



ခါးဆိုတာ တခြားလား၊ ရုပ်တရားလား။ (ရုပ်တရားပါဘုရား)။ တကယ်တော့ ခါးဆိုတာ နာမည်ပဲ ရှိတာပဲနော်။ နာမည်ပဲရှိတယ်။ တကယ်တော့ ခါးရှိရဲ့လား။ (မရှိပါဘူး)။ ခါးမရှိဘူး။ ရုပ်ပဲရှိတယ်။ ခါးပျောက်ပြီးတော့ ရုပ်ရောက်ရမှာပေါ့။ သို့သော် ဖောက်ပြန်တဲ့သဘောဆိုတော့ အဲဒီရုပ်သည် ဒီအတိုင်းနေတာလား၊ ဖောက်ပြန်နေတာလား။ (ဖောက်ပြန်နေတာပါဘုရား)။ ဟော – တော်တော်ကြာ နာလာလိုက်၊ တော်တော်ကြာ ကျင်လာလိုက်၊ ဟာ – တော်တော်ကြာ ချွေးတွေထွက်လာလိုက် စသည်ဖြင့် မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ရှိတယ်။ ဒီလိုဖြင့် နာတာ ကျင်တာတွေ တောင့်တင်းတာတွေသည် အခြားဓာတ်လား၊ ပထဝီဓာတ်လား။ (ပထဝီဓာတ်ပါဘုရား)။ အဲဒါ ရုပ်တွေ။ ဘာခန္ဓာပါလိမ့်။ (ရုပ်ခန္ဓာပါဘုရား)။ သို့ဖြင့် ရုပ်ခန္ဓာသည် စက်ဝိုင်းထဲမှာ ရှိနေတာလား၊ ကိုယ့်မှာ ရှိနေတာလား။ (ကိုယ့်မှာရှိနေတာပါဘုရား)။ ကိုယ့်မှာရှိနေတဲ့ ရုပ်တွေကို ယခုကြည့်၊ ယခုမြင်နေတာပဲ။ မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။

ဒီလိုဖြင့် နာနေတာသည် တခြားလား၊ ရုပ်တရားလား။ (ရုပ်တရားပါ ဘုရား)။ ကျင်နေတာသည် (ရုပ်တရားပါ)။ ညောင်းနေတာသည် (ရုပ်တရားပါ)။ သို့ဖြင့် အဲဒီရုပ်တရားတို့သည် တကယ့်တကယ်တော့ဖြင့် သူ့သဘောသူ ဆောင်နေတာပဲ။ သူ့ဟာသူနာတယ်။ ပေါ်လာလိုက်၊ နောက် သူ့ဟာသူ ပျောက်သွားလိုက်၊ ပျက်သွားလိုက်၊ သူ့ဟာသူ ပေါ်လာလိုက်၊ ဖြစ်လာလိုက်၊ သူ့ဟာသူ ပျောက်သွားလိုက်၊ ပျက်သွားလိုက်၊ ခန္ဓာက သူ့သဘောသူမဆောင်ဘူးလား။ (ဆောင်ပါတယ်)။ အဲဒီတော့ သူ့သဘောသူဆောင်နေတော့ ဖြစ်လာတာလည်း ဝမ်းသာစရာမရှိဘူး။ ပျက်သွားတာလည်း (ဝမ်းနည်းစရာမလိုဘူး)။ စောစောတုန်းက ခုနမြေးလေးတစ်ယောက်ကို ဥပမာပေးထားပြီး ဟော ပြီးပြီ။

အခု တရားထိုင်တဲ့ ယောဂီတွေဟာ စိတ်ထဲမှာ ဝမ်းသာတဲ့တရားလေး မကိန်းဘူးလား။ (ကိန်းပါတယ်ဘုရား)။ တစ်ခုခု အဆင်ပြေရင် ဝမ်းမသာဘူးလား။ (ဝမ်းသာပါတယ်)။ ဝမ်းသာတယ်ဆိုတာဟာ သောမနဿဝေဒနာပဲ။ သောမနဿ ဝေဒနာဆိုလည်း တခြားပေါ်တာလား၊ ခန္ဓာပေါ်တာလား။ (ခန္ဓာပေါ်တာပါဘုရား)။ နာမ်ခန္ဓာပေါ်တာ။ ရှင်းပြီနော်။ အိုး – ဘယ်ကိစ္စတွေ အဆင်မပြေပါဘူးဆိုတော့ စိတ်ထဲမကောင်းဘူး။ ဒေါမနဿဝေဒနာ။ ဘာဝေဒနာလဲ။ (ဒေါမနဿဝေဒနာ)။ အဲဒါသည် တခြားပေါ်တာလား၊ ခန္ဓာပေါ်တာလား။ (ခန္ဓာပေါ်တာပါဘုရား)။ ဒီတော့ ခန္ဓာပေါ်တာ ကိုယ်နဲ့မဆိုင်ဘူး။ ခန္ဓာသည် သူ့အလုပ်သူ မလုပ်ဘူးလား။ (လုပ်ပါတယ်)။ အဲတော့ ဝမ်းသာတယ်ဆိုတာလည်း သူ့ဘာသာသူ ပေါ်ပြီးတော့ပျောက်။ ဝမ်းနည်းတယ်ဆိုတာလည်း ပေါ်ပြီးတော့ပျောက်။ စိတ်ချမ်းသာတယ်ဆိုတာလည်း ပေါ်ပြီးတော့ပျောက်။ စိတ်ဆင်းရဲတယ်ဆိုတာလည်း ပေါ်ပြီးတော့ ပျောက်၊ နာတာဆိုတာလည်း ပေါ်ပြီးတော့ပျောက်၊ ကျင်တာလည်း ပေါ်ပြီးတော့ပျောက်၊ ဒါကို ဆရာတော်ဘုရားကြီးက ဖြစ်–ပျက်၊ ဒါခန္ဓာရဲ့သဘောပဲ။

အဲဒီတော့ အဲဒီခန္ဓာရဲ့ သဘောလေးကို ကိုယ်ကမမြင်တဲ့အခါကျတော့ စောစောက ဟုတ်လား။ မြေးလေးဥပမာပေးသလိုပဲ ဖြစ်လာတော့ ဝမ်းသာသလိုလို၊ ဘာလိုလိုပေါ့။ ပျက်သွားတဲ့ အခါကျတော့ ဝမ်းနည်းသလိုလိုပေါ့။ ဝမ်းသာစရာကော ရှိရဲ့လား။ (မရှိပါဘူး)။ ဝမ်းနည်းစရာကော ရှိရဲ့လား။ (မရှိပါဘူးဘုရား)။ အဲဒီတော့ ဝမ်းသာဝမ်းနည်းစရာမရှိတာသည် တခြားမြင်လို့လား၊ ခန္ဓာမြင်လို့လား။

www.burmeseclassic.com



(ခန္ဓာမြင်လို့ပါ ဘုရား)။ ခန္ဓာကို မြင်နေလို့။ ခန္ဓာရဲ့သဘောကို မြင်နေလို့။

အဲဒီတော့ ဝိပဿနာရှုတဲ့ယောဂီသည် တခြားကြည့်ရမှာလား။ ခန္ဓာကြည့်ရမှာလား။ (ခန္ဓာကြည့်ရမှာပါဘုရား)။ သို့ဖြင့် ညောင်းတာပေါ်တာ ဘာတွေ့. (ခန္ဓာတွေ့တာပါ ဘုရား)။ ကျင်တာပေါ်တာ ဘာတွေ့. (ခန္ဓာတွေ့)။ စိတ်ချမ်းသာတာ ဘာတွေ့။ (ခန္ဓာတွေ့တာပါဘုရား)။ စိတ် ချမ်းသာတယ်ဆိုတာ ဝေဒနာလေ။ စိတ်ဆင်းရဲဆိုတာလည်း (ဝေဒနာပါ)။ အဲဒါတွေ ကိုယ်နဲ့ ဘာပတ်သက်လဲ။ (မပတ်သက်ပါဘူး)။ မပတ်သက်ဘူးဆိုတာ တခြားကိုမြင်လို့လား၊ ခန္ဓာကို မြင်လို့လား။ (ခန္ဓာကိုမြင်လို့ပါဘုရား)။

အဲဒီတော့ ခန္ဓာကိုမမြင်တဲ့ပုဂ္ဂိုလ် ခန္ဓာကိုမသိတဲ့ပုဂ္ဂိုလ်ကျတော့ အဲဒါတွေ အကုန်လုံး ငါလုပ်ပစ်လိုက်တာ။ အမလေး ငါစိတ်ချမ်းသာလိုက်တာ။ အမလေး – ငါစိတ်ဆင်းရဲလိုက်တာနဲ့ ဆိုတာ ဝေဒနာကို တခြားလုပ်တာလား။ ငါလုပ်တာလား။ (ငါလုပ်တာပါဘုရား)။ ကဲ – ဒီလိုဖြင့် ရုပ်ခန္ဓာကိုမမြင်တဲ့ ပုဂ္ဂိုလ်ကျတော့ အမလေး ငါနာလိုက်တာ ဖြစ်တာပဲ။ အား ငါမခံနိုင်ဘူး။ ဟို ဘက် ဒီဘက် ပြောင်းဦးမှလို့ မလာဘူးလား။ အဲဒါ တခြားမမြင်တာလား။ ခန္ဓာမမြင်တာလား။ (ခန္ဓာမမြင်တာပါဘုရား)။ ခန္ဓာမမြင်တဲ့အတွက် ငါက အစားဝင်သွားရော။ ဘာက အစားဝင်သွား တာလဲ။ (ငါကအစားဝင်သွားတာပါ ဘုရား)။ ဟော – ငါဆိုတာက ဒိဋ္ဌိ။ ငါဆိုတာက (ဒိဋ္ဌိပါဘုရား)။ ဟော – ဝိပဿနာရှုနေတဲ့ယောဂီ ဒိဋ္ဌိအုပ်သွားပြန်ပြီ။ ကဲ–ဒိဋ္ဌိက ဘယ်လောက်များ သူ့နယ် ကျယ်လဲဆိုတာ မင်းဘာတတ်နိုင်သလဲ–တဲ့။ အမလေး – ဒိဋ္ဌိက ကြိမ်းတာ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

ဝိပဿနာဉာဏ် မရသေးတဲ့အခါကျတော့ အားထုတ် အားထုတ်နေတာပဲ။ အမလေး – မခံနိုင်ဘူးဆိုတာက ဘယ်သူနှိပ်စက်သွားတာလဲ။ ဒိဋ္ဌိက နှိပ်စက်တာ။ ဒီလိုဖြင့် ယောဂီတို့ ယနေ့ ဒီတရားအားထုတ်တာ တခြားဖြုတ်ဖို့လား။ ဒိဋ္ဌိဖြုတ်ဖို့လား။ (ဒိဋ္ဌိဖြုတ်ဖို့ပါဘုရား)။ ဒိဋ္ဌိဖြုတ်ဖို့ကို ဝိပဿနာဉာဏ် နာမရူပ ပရိစ္ဆေဒဉာဏ် အခြေခံရရမှာကိုး။ အဲဒါကြောင့်မို့လို့ သက္ကာယဒိဋ္ဌိသည် တခြားမမြင်လို့လား။ ရုပ်နာမ်မမြင်လို့လား။ (ရုပ်နာမ် မမြင်လို့ပါ)။ ရုပ်နာမ်ကို မြင်တဲ့အခါကျတော့ ငါပြုတ်မှာပါ။ ရုပ်နာမ်ကို ပိုင်ပိုင်နိုင်နိုင်မမြင်တဲ့အခါကျတော့ နာတော့ဘယ်သူနာတာလဲ။ ငါနာတာ။ အမလေး ငါမခံနိုင်ဘူး မဖြစ်ဘူးလား။ ဝမ်းသာတော့ ဘယ်သူဝမ်းသာလဲ။ ငါဝမ်းသာတာ။ ဝမ်း နည်းတော့ ဘယ်သူ ဝမ်းနည်းတာလဲ။ (ငါဝမ်းနည်းတာ)။ အဲဒီတော့ ရုပ်နာမ်ကိုမြင်တဲ့ အခါကျတော့ ငါပြုတ်သွားရော။ ငါပြုတ်သွားတော့ ဒကာ၊ ဒကာမတွေ ငါနဲ့ပတ်သက်တဲ့ဒုက္ခတွေ လာဦးမလား။ ချက်ချင်းငြိမ်းသွားပြီ။ ဒါကြောင့် ဒီတရားသည် ယခုအားထုတ် ယခုချမ်းသာတဲ့တရား။ ရှင်းကော ရှင်းရဲ့လား။ အရှင်ဘုရား၊ ယခုအားထုတ် ယခုချမ်းသာတဲ့တရားလို့သာပြောတယ်။ အခု တပည့်တော် တို့ မချိမဆံ့ ချွေးတဒီးဒီးကျပြီး ပြန်ပြေးချင်စိတ်ပေါက်နေတာပဲ။ သို့သော် ဒကာ၊ ဒကာမတို့ အရိပ်ထဲသွားချင်ရင်တော့ နေပူတော့ ဖြတ်ရတယ်နော်။ (မှန်လှပါ)။ သုခကိုလိုချင်ရင် ဒုက္ခနဲ့ရင်း ရမယ်။ အခု ဒီနေ့ တရားအားထုတ်တာ ချွေးဒီးဒီး ကျနေတာဟာ တခြားလုပ်တာလား။ အရင်းစိုက် နေတာလား။ (အရင်းစိုက်နေတာပါဘုရား)။ အရင်းနည်းနည်းပဲစိုက်ရင် အမြတ်နည်းနည်းပဲရမယ်။ အရင်းများများစိုက်ရင် အမြတ်များများရမယ်။

ဒေါင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ကဲ – ဒီတော့၊ အားလုံးသော ယောဂီ ဒကာ၊ ဒကာမတွေ အရင်း နည်းနည်းပဲစိုက်မှာလား၊ များများစိုက်မှာလား။ (များများစိုက်မှာပါ ဘုရား)။ များများစိုက်မှနော်။ အဲဒီတော့ ညမအိပ်ဘဲနဲ့ တစ်ညလုံး အားထုတ်မှဖြစ်မှာ။ အရင်းများများစိုက်မှာလေ။ အမြတ်လိုချင်လို့လား၊ မလိုချင်လို့လား။ (လိုချင်လို့ပါ ဘုရား)။ ဒီလိုဖြင့်ရင် ခဏလေးထိုင်လိုက်၊ တော်ကြာ စကားပြောလိုက်ဆိုတာ အရင်းမှ မစိုက်ဘဲနော်။ ဒီလိုဖြင့် တစ်နေကုန် တစ်ခါတည်း စပ်ကြားမရှိ စကားမပြောဘဲနဲ့ အရင်းများများ စိုက်ရမှာ။ ညလည်းမအိပ်ဘူးကွာ၊ သေပစေ။ ခန္ဓာကို ညှာလို့ရပ့်မလား။ (မရပါဘူး)။ အဲဒါ တခြားလုပ်တာလား၊ အရင်းများများစိုက်တာလား။ (အရင်းများများ စိုက်တာပါဘုရား)။ အဲဒီလို ခန္ဓာကို အရင်းများများ စိုက်ပြီးတော့သာ သတိပဋ္ဌာန်နဲ့ အားထုတ်ရင် မနက်အားထုတ်ရင် (ညနေရမယ်)။ ညနေအားထုတ်ရင် (မနက်ရမယ်)။ အဲဒီလို အားထုတ်နိုင်အောင် နံပါတ်တစ် အခြေခံက တခြားနားလည်ရမှာလား၊ ရုပ်နာမ်ကိုသိရမှာလား။ (ရုပ်နာမ်ကို သိရမှာပါ)။ ရုပ်နာမ်ကို သိတဲ့အခါကျတော့ ရုပ်ကိုပိုင်းခြားသိ၊ နာမ်ကိုပိုင်းခြားသိ။ အဲဒီလိုသိပြီး ရုပ်နာမ်ရဲ့ သဘောကို သေသေချာချာရှုလိုက်မယ် ဆိုရင်ဖြင့် ယောဂီတို့လိုချင်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတာ သေမှ မြင်ရမှာလား၊ ယခုမြင်ရမှာလား။ (ယခုမြင်ရမှာပါဘုရား)။

တရားတော့ ဆက်ဟောချင်ပါတယ်နော်။ အချိန်က တော်ဦးမှ။ ဆွမ်းချိန်လည်း နီးလာပြီ။ ညနေမှ ဆက်မယ် – ဟုတ်လား။ ကဲ – ယနေ့မနက်တော့ ဒီလောက်နဲ့ပဲ နိဂုံးချုပ်ပြီးတော့ ဆုတောင်းမေတ္တာ ပို့လိုက်ကြရအောင်။

( သာဓု – သာဓု – သာဓု )



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆–ရက် (၂၉.၈.၂၀၀၂) ညနေ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ ––

ဤဓမ္မသဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ဘယ်နှရက်ရှိပြီလဲ။ (၄–ရက်ရှိပါပြီဘုရား)။ ၄–ရက်မြောက်၏ ညနေ ပဋိစ္စသမုပ္ပါဒ် သင်တန်းတရားပွဲကြီးပါပဲ –––ဟုတ်လား။ (မှန်လှပါ)။

### သတ္တဝါအစ

ပဋိစ္စသမုပ္ပါဒ် သင်တန်းလို့ ပြောလိုက်တာနဲ့ ပဋိစ္စသမုပ္ပါဒ်ရဲ့သင်တန်းမှာ ဤရှစ်သွယ်ကို ဆိုပြီးတော့ လက်မှာ မပါဘူးလား။ (ပါ–ပါတယ်ဘုရား)။ ပထမဦးဆုံးစတဲ့တစ်သွယ်က မူလနှစ်ဖြာပေါ့။ ဘယ်သူလဲ။ (မူလနှစ်ဖြာပါဘုရား)။ အဲဒီတော့ မူလနှစ်ဖြာဆိုတာ ဘယ်သူနဲ့ ဘယ်သူလဲ။ (အဝိဇ္ဇာနဲ့ တဏှာပါဘုရား)။ အဲ – အဝိဇ္ဇာနဲ့ တဏှာဟာ သတ္တဝါအစ အဝိဇ္ဇာကလို့ ဒီလိုဆိုနိုင်တာပေါ့ ဟုတ်လား။ သတ္တဝါအစက တခြားကစတာလား၊ အဝိဇ္ဇာက စတာလား။ (အဝိဇ္ဇာက စတာပါဘုရား)။ အဲဒီတော့ သတ္တဝါ အစ၊ သံသရာအစ အဝိဇ္ဇာက ဒီလိုပါပဲ။ အကြမ်းဖျင်းတော့ မသိတာပေါ့နော်။ သို့သော် ဘာကိုလဲဆိုတော့ သိသင့်သိထိုက်တာကို မသိ၊ မသိသင့် မသိထိုက်တာကို သိတာသည် (အဝိဇ္ဇာပါ ဘုရား)။ ဒါကြောင့်မို့လို့ တကယ်သိရမယ့်တရားက သစ္စာလေးပါး။ အဲဒီ သစ္စာလေးပါးကို မသိတာဟာ ဘယ်သူပါလိမ့်။ (အဝိဇ္ဇာပါဘုရား)။ ဒီလိုဖြင့် ''စတ္တာရော အပါယာ သကဂေဟာ



www.burmeseclassic.com

www.burmeseclassic.com



သဒိသာ'' ဆိုတဲ့စကားဟာ ဘုန်းကြီးတို့ လက်ကိုင်နှလုံးသွင်းရမယ့်တရား။ သစ္စာလေးပါးကို မသိတဲ့ ပုဂ္ဂိုလ်များ၏ နေမြဲအိမ်သည် အပါယ်လေးပါး ဆိုတာ မြတ်စွာဘုရား မဟောဘူးလား။ (ဟောပါတယ် ဘုရား)။ဒီတော့သစ္စာလေးပါးကိုမသိတဲ့အဝိဇ္ဇာဆိုတော့လက်ာလေးနဲ့သွားရအောင်နော်။ ကဲ ဆို။

**သစ္စာလေးပါး မသိငြား ကွယ်ထားပိတ်ကာ အဝိဇ္ဇာ။**

ဒါ--- သစ္စာလေးပါး မသိတာ အဝိဇ္ဇာဆိုတာ ဘုန်းကြီးတို့ ပုံသေနည်းတစ်ခု မှတ်ပြီပေါ့နော်။ ဒီတော့ အမှန်တွေကျတော့ ဖျောက်ပြီး အမှား အမှား အမှားတွေ ကျရောက်နေတာလဲ အဝိဇ္ဇာပဲ။ ကဲ-ဒါလေးတစ်ခေါက် ဆိုရအောင်-

**အမှန်ကိုဖျောက် အမှားရောက် တောက်လျှောက်ပိတ်ကာ အဝိဇ္ဇာ။**

ဒီလိုဆိုတော့ အမှန်တရားတွေမှာကွယ်ပြီး အမြဲတမ်းအမှားတရားတွေနဲ့ နေတာလည်း ဘယ်သူ့သတ္တိလဲ။ (အဝိဇ္ဇာပါဘုရား)။ အဝိဇ္ဇာ၊ နှစ်ဖက်လှဲ၊ သိပ်ကြောက်စရာကောင်းတယ်။ အမှန် ကျတော့ ဖျောက်တယ်၊ အမှားကျတော့ ရောက်တယ်နော်။ အမှန်ကျတော့ မသိ၊ အမှားကျတော့ (သိ)၊ အဲဒါ ဘယ်သူ့သတ္တိလဲ။ (အဝိဇ္ဇာသတ္တိ)။ နောက်တစ်ခါ -

**ဉာဏ်ရောင်မသန်း ကံရောင်လွှမ်း ဖုံးလွှမ်းပိတ်ကာ အဝိဇ္ဇာ။**

လို့ အဝိဇ္ဇာကို ဒီလို ဖွင့်ပါတယ်နော်။

အဲဒီတော့ ဉာဏ်မပါလို့ရှိရင်လည်း ဒါ အဝိဇ္ဇာပဲပေါ့။ ဒါ အဝိဇ္ဇာဆိုတာ အင်မတန် နူးညံ့တယ်၊ သိမ်မွေ့တယ်ပေါ့နော်။ ယနေ့ဘုန်းကြီးတို့ အဝိဇ္ဇာကို ယနေ့သတ်နေကြတာ။ အခု ဒီတရားအားထုတ်နေတာ ဘာကိုသတ်နေကြတာလဲ။ (အဝိဇ္ဇာကို သတ်နေကြတာပါဘုရား)။ ဒီတော့ အဝိဇ္ဇာဟာ ကုသိုလ်လား၊ အကုသိုလ်လား။ (အကုသိုလ်ပါဘုရား)။ သို့ဖြင့်ရင် အဲဒီ အဝိဇ္ဇာဆိုတဲ့ အကုသိုလ်တရားကြီးဟာ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ တစ်သက်လုံး တစ်သံသရာလုံး သူ အုပ်ချုပ်လာတာ။ တစ်သက်လုံး တစ်သံသရာလုံး သူအုပ်ချုပ်လာတော့ သူ့ရဲ့ အုပ်ချုပ်မှုအောက် ကနေ မထွက်နိုင်သည့်အတွက်ကြောင့် သံသရာမှာ အပါယ်ပဲ ရောက်ခဲ့တာပါပဲ။ ဘယ်ရောက်ခဲ့ တာလဲ။ (အပါယ်ပါဘုရား)။ ဒီလိုဖြင့်ရင် ယနေ့ ဒီတရားတွေအားထုတ်နေတယ်။ ဒီတရားတွေ အဆင်းရဲခံ အပင်ပန်းခံပြီး နာပြီး အားထုတ်နေကြတယ်ဆိုတာက အဝိဇ္ဇာကနေ ဘာဖြစ်ဖို့။ (ဝိဇ္ဇာ ဖြစ်ဖို့ပါဘုရား)။ ဝိဇ္ဇာဖြစ်ဖို့။ ဒီလိုဖြင့်ရင် အဝိဇ္ဇာဖြစ်နေတာက ဘယ်လိုဖြစ်နေတာလဲလို့ ကိုယ့်ကိုယ်ကို သိဖို့လိုပါတယ်။ အဝိဇ္ဇာဖြစ်တယ်ဆိုတာ ဘယ်လိုဖြစ်တယ်ဆိုတာ ကိုယ့်ကိုယ်ကို သိဖို့မလိုဘူးလား။ (လိုပါတယ် ဘုရား)။

သို့ဖြင့်ရင် - မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဟောထားတာက ဟောဒီ ခန္ဓာငါးပါးတွေဟာ အနိစ္စတရားတွေ၊ ဒုက္ခတရားတွေ၊ အနတ္တတရားတွေ၊ အသုဘတရားတွေလို့ ဟောပါတယ်။ (မှန်လှပါ)။ မဟောဘူးလား။ (ဟောပါတယ်ဘုရား)။ တကယ် လက်တွေ့ကျင့်ရင်လည်းပဲ အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဆိုတဲ့ တရားသည် ဘုန်းကြီးတို့ ယောဂီတို့၊ ဒကာ၊ ဒကာမတို့ ရရှိနေတဲ့ ခန္ဓာမှာ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒီတော့ ဒီတရားတွေက အမှန်တကယ် မရှိတဲ့တရားလား၊ အမှန်တကယ် ရှိနေတာလား။ (အမှန်တကယ် ရှိနေတာပါဘုရား)။





www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဘုန်းကြီးတို့ ကိုယ့်ကိစ္စနဲ့ကိုယ်ပြောရင် ကိုယ့်မှာ အမှန်တကယ်ရှိနေတဲ့ အသုဘကို ကိုယ်မမြင်ပါ။ ကိုယ့်ရှိတဲ့ အသုဘကို ဉာဏ်နဲ့မြင်ရမယ်နော်။ ဒီတော့ ယောဂီသစ်များပါနေလို့ ဒါလေး အခြေခံ ဘုန်းကြီး တတ်နိုင်သလောက် ကျေးဇူးပြုပါတယ်နော်။ ဘာကြောင့်လဲဆိုတော့ အဝိဇ္ဇာသည် ဖြုန်းခနဲ အဲ–တစ်ခါလောက်နာလိုက်ရင်တော့ သဘောပေါက်ပါတယ်။ တစ်ခါမှ ဒီတရားမျိုး မနာဖူးဘူးဆိုရင်တော့ အဝိဇ္ဇာ ဘယ်လိုအုပ်နေမှန်းကို မသိတာ။ ရှင်းကော ရှင်းရဲ့လား။ အမလေး အဝိဇ္ဇာကနေ ဝိဇ္ဇာဖြစ်အောင် ဘယ်လောက်ထိအောင် ကြိုးစားအားထုတ်ရမလဲ။ ဘယ်လောက်ထိ ပွားများနေရမလဲ။ ဘယ်လောက်ထိမှကို တစ်ခါတည်း ရိပ်သာတွေ ဝင်နေရမလဲ။ တကယ် အလုပ်လုပ်မကြည့်တဲ့အခါမှာတော့လည်း အလိုလို စိတ်ပန်းနေတာပါပဲယောဂီတို့။ (မှန်လှပါ)။ သို့သော် သူ့ဟာလေးနဲ့သူ ခွင်ကျလုပ်သွားတော့လည်း အသာလေးပါသွားတာပေါ့။ အဲဒီတော့ မသိရင် ကြောက်စရာအကောင်းဆုံး၊ သိတော့လည်း အင်မတန် ဝမ်းသာစရာ ကောင်းတာပေါ့။

ဒီတော့ – ဘုန်းကြီးလည်း အမြဲတမ်း ပြောပါတယ်။ ကိုယ့်အသုဘကို ကိုယ်မမြင်ရင် တခြားလား၊ အဝိဇ္ဇာလား။ (အဝိဇ္ဇာပါဘုရား)။ ဒီလိုဖြင့် ဘုန်းကြီး တို့ ဒကာ၊ ဒကာမတွေ အခုတရားဟောတဲ့ ဘုန်းကြီး တရားနာတဲ့ ဒကာ၊ ဒကာမတွေ ရရှိနေတဲ့ ဟောဒီ အတ္တဘောကြီးဟာ သုဘခန္ဓာလား။ အသုဘခန္ဓာလား။ (အသုဘခန္ဓာပါဘုရား)။ ဒီလိုဖြင့်ရင် ကိုယ့်မှာရှိတဲ့ အသုဘကို ကိုယ်မမြင်ရင် ဘယ်သူအုပ်။ (အဝိဇ္ဇာအုပ်ပါတယ် ဘုရား)။ အဝိဇ္ဇာအုပ်ရင် တခြားဖြစ်မှာလား၊ တိရစ္ဆာန်ဖြစ်မှာလား (တိရစ္ဆာန် ဖြစ်မှာပါဘုရား)။ ဟုတ်ပြီ –– ဒါကဘုန်းကြီးတို့ ပရိယတ်အနေဖြင့် သင်လိုက်တာပေါ့။ အဲဒီ သင်လိုက်တဲ့ ပရိယတ်ကို အင်း – ငါ အဝိဇ္ဇာ ဘယ်လိုအုပ်တာလဲ၊ ကိုယ့်မှာ ဘယ်လိုအုပ်နေလဲ ကိုယ့်ကို သဘာဝကျကျ ပြန်ကြည့်ဖို့ အရေးမကြီးဘူးလား။ (ကြီးပါတယ် ဘုရား)။ ကဲ၊ ဒီတော့ ဆံဖျားကနေ ခြေဖျားကိုကြည့်ရင် တစ်ကိုယ်လုံး တစ်ထည် လုံးသည် ၃၂–ကောဋ္ဌာသ မရှိဘူးလား။ (ရှိပါတယ် ဘုရား)။ အဲဒီ ၃၂–ကောဋ္ဌာသမှာ ဥပမာ – ခေါင်းပေါက်နေသည့် ဆံပင်သည် သုဘလား၊ အသုဘလား။ (အသုဘပါ ဘုရား)။ အသုဘ။

ဒါ ဘုန်းကြီးတို့ အသုဘအကြောင်းကို သာမဏေလေးတွေ ရှင်လောင်းတွေ ဆံချတော့ မယ်ဆိုရင် ဒီအသုဘကို မြင်အောင် ဘုန်းကြီးတို့ ပြောရတယ်။ ''မောင်ရင်လောင်းတို့ မောင်ရဲ့ ခေါင်းပေါ်မှာပေါက်နေတဲ့ ဆံပင်ဟာ အသုဘတွေပဲ'' ဆိုတော့ ဗုဒ္ဓဘာသာက အသုဘ ဆိုတဲ့စကား ကြားလိုက်ရင်ပဲ နည်းနည်းတုန်လှုပ်သွားတယ်။ အသုဘလို့ပြောလိုက်ရင် လူတစ်ယောက်သေပြီး တစ်ခါတည်း ကုတင်ပေါ်မှာ ပက်လက်လှန် သုံးရက် လေးရက်လောက်ကျတော့ အနံ့လေးဘာလေး ထွက်လာတော့ အသုဘ၊ အမလေး နှာခေါင်းတွေ ဘာတွေ ရှုံ့လို့။ အသုဘဆိုတာ နှစ်သက်စရာလား၊ မနှစ်သက်စရာလား။ (မနှစ်သက်စရာပါဘုရား)။ သူများအသုဘနော်။

သို့သော် သူများအသုဘသာ မြင်တယ်၊ ဘုန်းကြီးတို့ ကိုယ့်အသုဘကိုယ် မမြင်ဘူး။ ဒီလိုဖြင့် ကိုယ့်အသုဘ ကိုယ်မမြင်ဘူးဆိုတာ ဘာကြောင့်လဲ ဆိုရင် ဥပမာ ခေါင်းမှာပေါက်နေတဲ့ ဆံပင်သည် သုဘလား၊ အသုဘလား။ (အသုဘပါဘုရား)။ အသုဘ။ ဖြုန်းခနဲပြောလိုက်တော့ အရှင်ဘုရား ခေါင်းမှာပေါက်နေတဲ့ဆံပင် အင်မတန်မွှန်မြတ်တာပဲ။ ခေါင်းဆိုတာ အမွှန်အမြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာ။ ဗုဒ္ဓဘာသာဝင်သူတော်စင်တွေက ခေါင်းပေါ်မှာပေါက်တဲ့ဆံပင်ကို အမှန်တမြတ် မထားဘူးလား။ (ထားပါတယ်ဘုရား)။ အင်မတန် မြင့်မြတ်တယ်။ တစ်ချို့ဆို အမလေး ဆံပင်လေး ဖြတ်ပြီးတော့တောင် ဘုရားဌာပနာထဲ ထည့်တာက ရှိသေးတယ်။ မြှန်းခနဲဆိုတော့ ဟုတ်သလိုလိုဗျ နော်။

အဲဒီတော့ ဘုန်းကြီးတို့ ခွဲကြည့်ရအောင်နော်။ ဘာလုပ်ကြည့်ရမလဲ။ (ခွဲကြည့်ရမှာပါဘုရား)။ ဝိဇ္ဇာနည်းနဲ့ ခွဲကြည့်လိုက်ရင် ဆံပင်မှာ အရောင်ဆိုတာ ရှိတယ်။ အနံ့ဆိုတာ ရှိတယ်။ ပုံသဏ္ဍာန်ဆိုတာ ရှိတယ်။ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဆံပင်မှာ အနံ့ဆိုတာ အဲဒါ ဘုန်းကြီးတို့ ရှင်ပြုပြီဆိုလို့ရှိရင် ဆံချကာနီး ဒါ အမြဲတမ်း သတိပေးရတယ်။ အသုဘကို မြင်အောင် ပေါ့နော်။ ဒီတော့ ကိုယ့်ခေါင်းမှာပေါက်နေတဲ့ ဆံပင်ဟာ သူ့ရဲ့သဘာဝ အနံ့က ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့ရှိတယ်။ မရှိဘူးလား။ (ရှိပါတယ်)။ ဒီလိုဖြင့်ရင် ဒကာ၊ ဒကာမတို့က ''ဟာ-တပည့်တော်တို့ အရှင်ဘုရားပြောတာ မယုံဘူး''။ ဒီတော့ ဘုန်းကြီး သတိပေးချင်တယ်။ မယုံရင် လက်တွေ့စမ်းကြည့်ပါ။ ကိုယ့်ခေါင်းကို တစ်လလောက် နှစ်လလောက် ဆီမလိမ်း ဘာမလိမ်း မလျှော်မပြုဘဲနဲ့ ဒီအတိုင်း ထားကြည့်စမ်းပါ။ ကိုယ့်ခေါင်းကိုယ် နှာခေါင်းနဲ့ တင်နိုင်ပါ့မလား။ (မတင်နိုင်ပါဘူးဘုရား)။ ဘာအနံ့ထွက်လာလဲ။ (အသုဘအနံ့ ထွက်လာပါတယ်ဘုရား)။ အသုဘနံ့ ထွက်ပြီ–နော်။ အဲဒါက လက်တွေ့ပြတဲ့သဘော။

ကဲ – ဒီတော့ အနံ့နဲ့ကြည့်ရင် ကိုယ့်ခေါင်းမှာပေါက်နေတဲ့ဆံပင်သည် သုဘလား၊ အသုဘလား။ (အသုဘပါဘုရား)။ သုဘဆိုတာ နှစ်သက်စရာ မြတ်နိုးစရာ တွယ်တာစရာ။ အသုဘဆိုတာ မနှစ်သက်စရာ ရွံစရာ ကြောက်စရာ နှလုံးနာစရာပေါ့။ ဆန့်ကျင်ဘက်သဘောနော်။ အဲဒီတော့ ဆံပင်သည် အနံ့နဲ့ကြည့်ရင်ပဲ သဘာဝကိုက ပုပ်စော်နံနေသောကြောင့် နေ့စဉ်နေ့တိုင်း ပြုပြင်နေရတာ မဟုတ်ဘူးလား။ (မှန်လှပါ။) ဒီလိုဖြင့် နေ့စဉ် နေ့တိုင်းပြုပြင် နေရတာက သုဘမို့လို့လား။ အသုဘမို့လို့လား။ (အသုဘမို့လို့ပါဘုရား)။ ဒီတော့ အနံ့နဲ့ကြည့်ရင်လည်း အသုဘတရားပဲ။ မနှစ်သက်စရာနော်။ အရောင်နဲ့ကြည့်ရင် ဆံပင်အရောင်ဟာ ယောဂီတို့လောကမှာ ရှိသမျှ အရောင် တွေ အများကြီးရှိပါတယ်။ လူတွေရဲ့ ကြိုက်နှစ်သက်တဲ့အရောင်ထဲမှာ ဆံပင်အရောင် ပါရဲ့လား။ (မပါပါဘူးဘုရား)။ မွဲခြောက်ခြောက်နဲ့။ အင်မတန် ကျက်သရေ မရှိတဲ့အရောင်။ ခေါင်းမှာပေါက်နေတဲ့ ဆံပင်ဟာ မည်းတော့လည်း မည်းသလို၊ ဖြူတော့လည်းပဲ ဖြူသလို – ဟုတ်လား။ ဟော အခု မြန်မာနိုင်ငံကျတော့ အချို့ အခု နီကြောင်ကြောင်တွေတောင် ဆိုးထားပြန်တယ်၊ ဆံပင်ကို။ အချို့ ဖြူတော့ အမည်းရောင်ဆိုးတယ်။ အချို့ကျတော့ မည်းတဲ့ဉစ္စာကို နီကြောင်ကြောင်ဖြစ်အောင် ဆိုးတယ်။ အသုဘကို တန်ဆာဆင်နေတာ။ အဲတော့ အရောင်နဲ့ကြည့်လည်း ကျက်သရေမရှိတဲ့ အရောင်ကြီး ခေါင်းပေါ်တင်ထားတာဆိုတော့ အသုဘတရား ပြောချင်တာပါ။ ရှင်းပြီနော်။

ကဲ ဒီတော့ ကောင်းပြီ၊ ဆံပင်ပုံသဏ္ဍာန်ကြည့်ရင် အင်မတန် မနှစ်သက်စရာ ပုံသဏ္ဍာန် မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ရှိပြီနော်။ ဒါ – ဘုန်းကြီးတို့ ပဋိကူလမနသိကာရကို ပြောနေတာ ယောဂီတို့။ အဲဒီတော့ ပြန်ပြီးကောက်လိုက်။ ဆံပင်သည် အနံ့နဲ့ကြည့်ကြည့်၊ ပုံသဏ္ဍာန်နဲ့ပဲကြည့်

www.burmeseclassic.com



ကြည့် အရောင်နဲ့ကြည့်ကြည့် နှစ်သက်စရာ ဘယ်ဟာများပါလို့လဲ။ (မပါ–ပါဘူးဘုရား)။ မပါ သောကြောင့် အဲဒါသည် အသုဘလို့ ဆုံးဖြတ်ချက်ချ။ ဘာပါလိမ့်။ (အသုဘပါ ဘုရား)။

ဘုန်းကြီးတွေကရိတ်ထားတော့ အသုဘ ခေါင်းပေါ်မတင်တော့ဘူး။ ဒကာ၊ ဒကာမတွေ ကတော့ ဆံပင်က ရှည်နေတဲ့အခါကျတော့ ခေါင်းပေါ်မှာ ဘာကြီးတင်ထားတာလဲ။ (အသုဘ ခေါင်းပေါ်တင်ထားတာပါဘုရား)။ အင်း–ဒီကိုယ်တော်နဲ့တွေ့မှပဲ ကိုယ့်ခေါင်းပေါ် အသုဘရောက်မှန်း သိတော့တယ်။ အဓိပ္ပာယ်ပေါ့နော်။ သို့သော် အစကတည်းကလည်း သုဘလား၊ အသုဘလား။ (အသုဘပါ ဘုရား)။ ရှင်းပြီနော်။ သို့သော် အဲဒီလို နေ့စဉ်နေ့တိုင်း ကိုယ့်ဆံပင်ကို မပြုပြင်ရဘူးလား။ (ပြုပြင်ရပါတယ်ဘုရား)။ ဖီးကြတယ်။ လိမ်းကြရတယ်။ သပ်သပ်ရပ်ရပ် လုပ်ရတယ်။ လှလှပပဖြစ် အောင်ပြုပြင်ရတယ်ပေါ့။ လောကနဲ့ နေတာကိုး။ လောကနဲ့ အထိုက်အလျောက် အဆင်ပြေ အောင်ပေါ့။ မဖီးမလိမ်းဘဲနဲ့ ဆံပင်စုတ်ဖွားကြီး ကြည့်ကောင်းပါ့မလား။ (မကောင်းပါဘူးဘုရား)။ ဘယ်ကောင်းမလဲ။ လောကမှာ တင့်တယ်အောင်တော့ လုပ်ရသေးတယ်။

သို့သော် ဘာတွေပဲလုပ်လုပ် ဒကာ၊ ဒကာမတွေ ဆံပင်က သုဘ ဖြစ်လာနိုင်ပါ့မလား။ (မဖြစ်လာနိုင်ပါဘူးဘုရား)။ ရှင်းပြီနော်။ ဒီလိုဖြင့်ရင် အဲဒီလို နေ့စဉ်နေ့တိုင်း ဆံပင်ကို ပြုပြင်တိုင်း ဖီးတိုင်း လိမ်းတိုင်း ခြယ်သတိုင်း လျှော်တိုင်းဖွပ်တိုင်းကို ကဲ–ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ နှလုံးရေသွင်းမိရဲ့လား။ (မသွင်းမိပါဘူးဘုရား)။ အသုဘကြီးပါလား။ အသုဘကြီးပါလား။ အဲလို နှလုံးသွင်းမိရဲ့လား။ (မသွင်းမိပါဘူးဘုရား)။ ဒီလိုဖြင့် အသုဘသည် မရှိတဲ့တရားလား၊ ရှိနေတဲ့ တရားလား။ (ရှိနေတဲ့တရားပါဘုရား)။ သို့ဖြင့် ရှိနေတာကိုမြင်တာလား၊ မမြင်တာလား။ (မမြင်တာပါ ဘုရား)။ မမြင်ဘူး။ တကယ်အမှန်ရှိတာကို မမြင်ဘူး။ အဲဒီ တကယ်အမှန် ရှိတာကိုမမြင်တာသည် ဘယ်သူပါလိမ့်။ (အဝိဇ္ဇာပါဘုရား)။ အမှန်ရှိတာကျတော့ သူကမမြင်ဘူး။ အမှားကျတော့မြင်တယ်။ အမှန်ကိုဖျောက် အမှားရောက် တောက်လျှောက်ပိတ်ကာ အဝိဇ္ဇာ။ ဆိုကြည့်ပါ။ (အမှန်ကိုဖျောက် အမှားရောက် တောက်လျှောက်ပိတ်ကာ အဝိဇ္ဇာ)။

## ကြိုတင်လက်မှတ်

အမှန်ကိုကျတော့ သူကဖျောက်ပစ်ပြီး အမှားကျတော့ ရောက်တယ်။ ဒါ ကိုယ့်ခေါင်းမှာ ရှိတဲ့ဆံပင် အသုဘလို့ တစ်နေကုန်နေလို့ မစဉ်းစားမိဘူး။ သို့သော် စဉ်းသာ မစဉ်းစားမိတယ်။ ဟောဒီ ခေါင်းမှာပေါက်နေတဲ့ ဆံပင်သည် သုဘဖြစ်ရဲ့လား။ (မဖြစ်ပါဘူး ဘုရား)။ မဖြစ်ဘူးနော်။ မဖြစ်ဘူး။ အဲဒီတော့ အသုဘဆိုတာကို ကိုယ်ကမစဉ်းစားဘူး။ နည်းနည်းလည်း စိတ်ထဲက ကြောက်တတ်တတ် ရှိတော့နော်။ မစဉ်းစားဘူး။ အင်း – စောစောစီးစီး မစဉ်းစားနဲ့ အဓိပ္ပာယ်နော်။ ဟော ပြုလို့ ပြင်လို့ ဆင်လို့ စသည်ဖြင့် ကိုယ့်ဟာလေးနဲ့ကိုယ် ကျော့မော့ပြီး စိတ်ထဲမှာ မကြည်လင်ဘူးလား။ (ကြည်လင်ပါတယ်ဘုရား)။ အင်း – လှလှပပလေးဖြစ်ပြီဆိုတော့ လှချင်တယ်၊ ပချင်တယ်၊ အဆင်ပြေချင်တယ် ဆိုတော့ ''ချင်'' ပါရင် ဘာကောက်မလဲ။ (တဏှာပါ ဘုရား)။ တရားကိုယ်ကောက်ပြီပေါ့နော်။ ယောဂီတို့ ''ချင်'' ပါရင် ဘာတဲ့လဲ။ (တဏှာပါဘုရား)။ ကြွားချင် တယ်၊ ဝါချင်တယ်၊ ဘာချင်တယ် ညာချင်တယ်ဆိုရင် ဘာဖြစ်တာလဲ။ (တဏှာပါ ဘုရား)။





www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြင့် တဏှာသည် ကုသိုလ်လား၊ အကုသိုလ်လား။ (အကုသိုလ်ပါ ဘုရား)။ ဒီလိုဖြင့် အဲဒီလို အကုသိုလ်ဖြစ်တာသည် အမှန်ကိုမြင်လို့လား။ အမှန်ကို မမြင်လို့လား။ (အမှန်ကို မမြင်လို့ပါဘုရား)။

ဒီလိုဖြင့် အမှန် အသုဘကို မမြင်တာက (အဝိဇ္ဇာပါ ဘုရား)။ မမြင်တဲ့အတွက် ကိုယ့်ဟာလေးနဲ့ကိုယ် သဘောကျနေတာက (တဏှာပါဘုရား)။ မမြင်တာက (အဝိဇ္ဇာပါ ဘုရား)။ ခင်တာက (တဏှာပါဘုရား)။ ဩော် – ကိုယ့်ဟာလေးနဲ့ကိုယ် ပြုပြင်နေတာဆိုတော့ ခင်တာပေါ့။ ဒကာ၊ ဒကာမတွေ ရှင်းကောရှင်းရဲ့လား။

ဒီလိုဖြင့်ရင် မနက်မိုးလင်းလို့ ကိုယ့်ခန္ဓာကိုယ် ခေါင်းကဆံပင် ပြုပြင်ပြီ ဆိုကတည်းက ဘယ်သူနဲ့ဘယ်သူက နှိပ်စက်နေလဲ။ (အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား)။ မသိဘူး – အဲဒါ နှိပ်စက်နေတာ မသိဘူးနော်။ ဒါ– အင်မတန် အနုစိတ်ပါတယ် ယောဂီတို့။ အဲဒီတော့ အဝိဇ္ဇာဆိုတဲ့တရားသည် တခြားသွားမှာလား။ တိရစ္ဆာန်ပြည်သွားမှာလား။ (တိရစ္ဆာန်ပြည်သွားမှာပါ ဘုရား)။ တဏှာ လောဘ သည် တခြားသွားမှာလား၊ ပြိတ္တာပြည်သွားမှာလား။ (ပြိတ္တာပြည်သွားမှာပါ ဘုရား)။ မနက်တောင် မိုးမလင်းသေးဘူး။ ဒကာ၊ ဒကာမတွေ ကိုယ်သွားမယ့် နေရာရွေးပြီ။ ဘယ်လောက် ကြောက်စရာ ကောင်းလဲ။ အဝိဇ္ဇာ တဏှာနော်။ (မှန်လှပါ)။

အဲ – ကိုယ်သွားမဲ့နေရာက ဘယ်နေရာလဲ။ အပါယ်။ ခုန အမှန်ရှိနေတဲ့ အသုဘကို အမှန်မမြင်တာက ဘယ်သူပါလိမ့်။ (အဝိဇ္ဇာပါဘုရား)။ ဒီလိုဖြင့် အဝိဇ္ဇာလေးတစ်ချက် ဝင်တိုင်းဝင် တိုင်း တခြားလှမ်းကြည့်တာလား။ တိရစ္ဆာန်ပြည်လှမ်းကြည့်တာလား။ (တိရစ္ဆာန်ပြည် လှမ်းကြည့် တာပါဘုရား)။ မသေသေးလို့။ ဒီခန္ဓာကျန်နေသေးလို့ – နော်။ ဝိပါကဝဋ်ကြီးက ဒီမှာ ဒုက္ခအမျိုးမျိုး ခံဖို့ ရှိသေးတယ်။ သေလို့မဖြစ်သေးဘူး။ အဲဒီ ဝိပါကဝဋ် ရှိနေသေးသည့်အတွက်ကြောင့် မသေသေးလို့။ သို့သော်လည်း ဒကာ၊ ဒကာမတွေ ဟိုမှာ ကြိုတင်ပြီးတော့ စရံရိုက်ထားပြီဗျာ။ ကြိုတင်စရံရိုက်တယ်။ ဒါ ဘုန်းကြီးအမြဲတမ်းလည်း သတိပေး ဥပမာလေး ပြောဖူးပါတယ်။

ခရီးလမ်းသွားနေကြတဲ့ ဒကာ၊ ဒကာမတွေ ရထားနဲ့၊ ကားနဲ့ သွားတော့ နေရာကောင်းရဖို့ စောစောစီးစီး ကြိုပြီးတော့ လက်မှတ်ဖြတ်တယ် မဟုတ်ဘူးလား။ (မှန်လှပါ)။ ရန်ကုန်ကနေ မန္တလေး သွားမယ်။ ဘယ်နေ့သွားမယ်။ ကြိုပြီးတော့ လက်မှတ်ဖြတ်တာ။ အဲဒီတော့ လက်မှတ်တော့ ဖြတ်ထားတယ်။ ဘယ်နေ့ကျရင် သွားမယ်ဆိုတာ မသေချာဘူးလား။ (သေချာပါတယ် ဘုရား)။ သို့သော် သွားတော့မသွားသေးဘူး။ ဒါပေမဲ့ ကြိုပြီးတော့ ဘာလုပ်တာလဲ။ (လက်မှတ်ဖြတ်ပါတယ် ဘုရား)။ ဒါ – ဥပမာဆောင် ဟောတာနော်။

အဲဒီတော့ ခုလည်းပဲ ဘုန်းကြီးတို့အားလုံး ယောဂီများ အသုဘကို အသုဘ ခေါင်းမှာပေါက် နေတာကို မမြင်တိုင်း မမြင်တိုင်း၊ မသိတိုင်း မသိတိုင်း လက်မှတ်ကြိုကြို ဖြတ်နေတာ။ ကိုယ်သွားမဲ့ နေရာကို။ ကိုယ်သွားချင်တဲ့နေရာကို ဘာလုပ်တာလဲ။ ကဲ – နေ့စဉ် နေ့စဉ် ဖြတ်တဲ့ ကြိုတင် လက်မှတ်တွေက ဒုနဲ့ဒေးပါလား။ (မှန်လှပါ)။ ရှင်းကောရှင်းရဲ့လား။ ဒါ – ဘုန်းကြီးခြောက်ဟောတာ ပါရဲ့လား။ (မပါပါဘူး)။ ဟိုမှာ အဝိဇ္ဇာတစ်ခုကို ပြောနေတာနော်။ ခြောက်ဟောတာ ပါရဲ့လား။ (မပါပါဘူးဘုရား)။ ဟုတ်ပြီ၊ ဖြစ်စဉ်ကိုက်။ အဲဒါကို ဘုန်းကြီးက ပရိယတ်အနေဖြင့် ဒေသနာစဉ်အားဖြင့် ဟောလိုက်ပြီ။ အဲဒီ ပရိယတ်ဟောတဲ့ ဒေသနာစဉ်ကို ကိုယ့်ခန္ဓာထဲပြန်ပြီးကြည့်လိုက်ရင် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



မှာပေါက်နေတဲ့ ဆံပင်ရဲ့အသုဘကို မမြင်တိုင်း မမြင်တိုင်း ဘယ်တရား အုပ်ချုပ်တာလဲ။ (အဝိဇ္ဇာပါ ဘုရား)။

ဒီတော့ ဆရာတော်ဘုရားကြီးက မိန့်တယ်။ ဘုန်းကြီးကို စကားလုံးလေး တစ်လုံးတော့ ပြောခွင့်ပြုနော်။ ကိုယ့်မိတွေ ဖတွေ လေးစားပါတယ်။ အဝိဇ္ဇာဆိုတာ ဘုန်းကြီး လျှော့ဟောလို့လည်း မရဘူး။ ပိုဟောလို့လည်း မရဘူး။ အဲတော့– အဲဒီလိုအမှန်ရှိနေတဲ့ အမှန်တရားကို မမြင်တိုင်း မမြင်တိုင်း ဒီစိတ်သည် တခြားစိတ်လား၊ တိရစ္ဆာန်စိတ်လား။ (တိရစ္ဆာန်စိတ်ပါဘုရား)။ ကဲ– ဒီလို ဖြင့်ရင် ဘုန်းကြီးတို့ မိတွေဖတွေ လေးလေးစားစားပါပဲ – ဟုတ်လား။ တစ်နေ့ တစ်နေ့ အဲဒီစိတ် ဘယ်နှယ့်ခါပေါက်လဲ။ (မရေမတွက်နိုင်ပါဘူးဘုရား)။ ဘယ်လောက် ကြောက်စရာကောင်းလဲ။

ဒါကြောင့် – ဟောဒီ ပဋိစ္စသမုပ္ပါဒ်တရားကို မနာရ၊ ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့ အလုပ်ကိုမှ မလုပ်သမျှ ကာလပတ်လုံး နေ့စဉ်နေ့တိုင်း တိရစ္ဆာန်စိတ်ဖြစ်နေတယ်လို့ ကျေးဖူးရှင် မိုးကုတ် ဆရာတော်ဘုရားကြီး ကရုဏာစိတ်နဲ့ မိန့်တော်မူသွားပါတယ်ယောဂီတို့။ အဲဒါက ဘုန်းကြီးက လိုရင်းဥပမာ ဟောဒီခေါင်းမှာ ပေါက်နေတဲ့ ဆံပင်လေးတစ်ခုပြောတာ။ အဲဒီတော့ မနက်မိုးလင်းတော့ မျက်နှာသစ်ပြီဆိုကတည်းက ကဲ – ဒကာ၊ ဒကာမတွေ မသစ်လို့ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား)။ ဘာဖြစ်လို့သစ်တာဘဲ။ (အသုဘမို့လို့ပါ ဘုရား)။ မနက်မိုးလင်းလာပြီဆိုတော့ မျက်လုံးတွေက ဘာတွေထွက်လာလဲ။ (မျက်ချေးတွေပါ ဘုရား)။ သုဘလား၊ အသုဘလား။ (အသုဘပါ ဘုရား)။ မျက်ချေးသိမ်းထားတာများရှိရဲ့လား။ (မရှိပါဘူး ဘုရား)။ ဘယ်သူမှ မသိမ်းဘူး–နော်။ မျက်နှာသစ် ပစ်ရတယ်။ မတင့်တယ်ဘူး။ တော်ကြာ သွားတိုက်ရတာနဲ့၊ မျက်နှာသစ်ရတာနဲ့ ဒါ – ဘုန်းကြီးတို့ နေ့စဉ်လုပ်ရတဲ့ အလုပ်လေ။ လူပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ်၊ ဒကာပဲဖြစ်ဖြစ်၊ ဒကာမပဲဖြစ်ဖြစ် ဒီအလုပ်ကရှောင်လို့မရဘူး။ ဒီလိုဖြင့် သုဘမို့လို့လား၊ အသုဘမို့လို့လား။ (အသုဘမို့လို့ပါဘုရား)။

ဩော် – ခုတော့ ဒီဒေသနာစဉ်လေး ထောက်ပြလိုက်တာ ဩော် – ဟုတ်တာပေါ့၊ မျက်စိ ကထွက်နေတဲ့ မျက်ဝတ်တွေ၊ မျက်ချေးတွေဟာ အသုဘ တရားတွေ မတင့်တယ်ဘူး၊ အင်မတန် ရွံစရာကောင်းတဲ့အရာတွေပါလား ဆိုပြီး တော့ နေ့တိုင်း မျက်နှာတွေမသစ်ရဘူးလား။ (သစ်ရပါတယ် ဘုရား)။ အဲဒီလို မျက်နှာသစ်တာ သုဘမို့လို့လား၊ အသုဘမို့လို့လား။ (အသုဘမို့လို့ပါ ဘုရား)။ ဟုတ်ပြီ – ဒါကတော့ ဘုန်းကြီးက ဒေသနာစဉ် ဟောတာ။ အဲဒီတော့ ယောဂီတို့ က ကိုယ့်ကိုယ်ကို ပြန်မေး။ အဲဒီလို မျက်နှာသစ်တိုင်း သစ်တိုင်း ဒီ – အသုဘကြီး မျက်နှာသစ်နေရပါလားလို့ စဉ်းကောစဉ်းစားမိရဲ့လား။ (မစဉ်းစားမိပါဘူး ဘုရား)။ အသုဘ မဟုတ်လို့လား၊ ဟုတ်ရဲ့နဲ့ မစဉ်း စားတာလား။ (ဟုတ်ရဲ့နဲ့ မစဉ်းစားတာပါဘုရား)။ သို့ဖြင့်ရင် အမှန်တကယ် ရှိနေတာကိုမမြင်ဘဲနဲ့ အမှားမြင်တာကဘာတဲ့လဲ။ (အဝိဇ္ဇာပါဘုရား)။ အမှန်ကိုဖျောက်၊ အမှားရောက်၊ တောက်လျှောက် ပိတ်ကာ အဝိဇ္ဇာ။ အဲဒီတော့ မနက်မိုးလင်းတော့ မျက်လုံးနှစ်လုံးပွင့်တော့ မျက်နှာသစ်တာဆိုတာ တောင်မှပဲ ဒကာ၊ ဒကာမတွေ အသုဘကို မမြင်ဘူး။ စောစောစီးစီး ကျက်သရေမရှိတာကြီး မစဉ်း စားရဲဘူး။ ကြောက်ကလည်း နည်းနည်းကြောက်တယ်။ စောစောစီးစီး ဆိုတော့။ တွက်ကြည့် နော်။ ဘယ်သူအုပ်ချုပ်သွားတာလဲ။ (အဝိဇ္ဇာ အုပ်ချုပ်တာပါဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြင့် အဝိဇ္ဇာအုပ်ချုပ်သွားတယ်ဆိုတော့ ဘယ်ကိုသွားမယ်လို့ လက်မှတ်ဖြတ်။ (တိရစ္ဆာန်ပြည်ပါဘုရား)။ စဉ်းစားကြည့်စမ်း ဒကာ၊ ဒကာမတို့။ ဒီတရားများ အလုပ်မလုပ်လို့ရှိရင်ဖြင့် ကိုယ့်အတွက် အပါယ်လေးပါးပါပဲ။ ဒီလိုဖြင့် အဲဒီ အသုဘတရားသည် အခြားတရားလား။ ဒုက္ခသစ္စာ တရားလား။ (ဒုက္ခသစ္စာတရားပါ ဘုရား)။ မနက်မိုးလင်းကတည်းက သစ္စာမမြင်ဘူး။ ရှင်းရှင်းလေး ရယ်နော်။ အဲဒီတော့ ဟောဒီခန္ဓာကိုယ်တစ်ခုလုံးကို မျက်နှာသစ်ရတာက တစ်မျိုး၊ သွားတိုက်ရတာက တစ်မျိုး၊ ရေချိုးရတာက တစ်မျိုး၊ ဟာ–တော်ကြာတော့ တပိုတပါး ပို့ရတာက တစ်မျိုး ဒီခန္ဓာကိုယ်နဲ့ ပတ်သက်ပြီးတော့ အဲဒါတွေက သုဘတွေလား၊ အသုဘတွေလား။ (အသုဘတွေပါ ဘုရား)။

အဲဒီလို ကိုယ့်အသုဘကိုကိုယ် တစ်ခါမျှ မစဉ်းစားမိဘူး၊ မသိဘူးဆိုလို့ရှိရင် အခြားတရား အုပ်ချုပ်တာလား၊ အဝိဇ္ဇာတရား အုပ်ချုပ်တာလား။ (အဝိဇ္ဇာတရား အုပ်ချုပ်တာပါဘုရား)။ ကောင်းပြီ ဒါ–အဝိဇ္ဇာတစ်လုံးတည်း ပြောတာပေါ့နော်။ သို့သော် အဝိဇ္ဇာ ဆိုတဲ့ အဖေရှိရင် တဏှာဆိုတဲ့ အမေကရော မလာဘူးလား။ (လာပါတယ်ဘုရား)။ အဲဒီတော့မှ ကိုယ့်ခန္ဓာကို အလေးထားပြီး ပြုကာပြင်ကာ ဘာညာလုပ်တဲ့အခါကျတော့ အိုး – ကိုယ့်ဟာလေးနဲ့ကိုယ်များ သဘောတွေကျလို့။ ကိုယ့်ခန္ဓာကိုယ် ခင်မင်တာ တွယ်တာတာပေါ့၊ သဘောကျတယ်ဆိုတာ တခြားလား၊ တဏှာလား။ (တဏှာပါဘုရား)။ သို့ဖြင့် တဏှာသည် တခြားလား၊ လောဘလား။ (လောဘပါဘုရား)။ လောဘနဲ့ သေတော့ (ပြိတ္တာပြည်ပါ ဘုရား)။

အဲ – မိုးမလင်းသေးဘူး။ တိရစ္ဆာန်ပြည်သွားဖို့ လက်မှတ်ဖြတ်၊ ပြိတ္တာပြည်သွားဖို့ လက်မှတ်ဖြတ်။ ရှင်းပြီနော်။ အဲဒီကြားထဲက တစ်ခါတလေ ကိုယ့်ကိုယ်ကို စိတ်ထဲက အိပ်ရာထတော့ ခေါင်းက တယ်မကြည်ချင်ဘူး။ အင်း–ရိပ်သာရောက်ရင် ဒါတော့သတိထားနော်။ အိမ်မှာ ၇–နာရီ၊ ၈–နာရီမှ အိပ်ရာထတာ၊ ဒီမှာ ၄–နာရီဆို ထပြီ။ ဟော ခေါင်းက တယ်မကြည်ချင်ဘူး။ မျက်နှာသာ သစ်ရတယ်။ မသွားလို့မဖြစ်လို့သာသွားတာတဲ့။ ဟော – ဥပမာ၊ ဥပမာ။ ဒီလိုမဟုတ်ပါဘူးနော်၊ ဒီယောဂီတွေ ဒီလိုစိတ်မျိုးမရှိဘူး၊ အင်း– အင်း–ဖြစ်တတ်တဲ့သဘာဝ။ ရှိလည်း မပြောဘူး။ စိတ်ချ။ ကွယ်ရာကျမှ ပြောမယ်။ ရှေ့တင်ပြောလို့ မသင့်တော်ဘူး – ဟုတ်လား။ အဲဒီလိုဖြစ်ပြီဆိုတော့ ဒကာ၊ ဒကာမတွေ စဉ်းစားကြည့် အလိုမကျဘူးဆိုတော့ တခြားလား၊ ဒေါသလား။ (ဒေါသပါဘုရား)။ ဒီအရာတစ်ခုကို အမှန်မမြင်ရင် မောဟဆိုတဲ့ အဝိဇ္ဇာက တစ်မျိုး၊ ကိုယ့်ကို သဘောကျနေတဲ့ ခင်မင်တွယ်တာနေတဲ့ ခင်မင်တဲ့ လောဘက တစ်မျိုး၊ အလိုမကျတော့ ဒေါသက တစ်မျိုး ဆိုတော့ နေ့စဉ်နေ့တိုင်း လောဘ၊ ဒေါသ၊ မောဟ၊ ဆိုတာ ဒါတွေပဲ အုပ်ချုပ်နေတယ်ဆိုတော့ သုဂတိနိဗ္ဗာန် ဘယ်နေမှန်းမသိဘူး။ အဲဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး လက်သည်းခွံပေါ် မြေမှုန့် တင်ပြတာ ဒကာ၊ ဒကာမတို့နော်။ နှစ်သိန်းလေးသောင်းအထုရှိသော ပထဝီမြေကြီးနှင့်အမျှ တခြားသွားတာလား အပါယ်သွားတာလား။ (အပါယ်သွားတာပါ ဘုရား)။ အခု ဘုန်းကြီးတို့ အင်မတန် မဟာကံထူးရှင်ကြီးတွေမို့ လက်သည်းခွံပေါ် ပါလာတာ။ လူ့ပြည်ရောက်လာတာ။ အဲဒီလို လူ့ပြည်ရောက်လာတဲ့အခါမှာ ဒီလို ဉာဏ်တရားတွေသာ အားမထုတ်လို့ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တဲ့အလုပ်ကို မလုပ်ဘူးဆိုရင် ခုန မဟာ ပထဝီမြေကြီးထဲ ကိုယ်ပြန်ရောက်သွားနိုင်တယ်။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



**အကြီးမားဆုံးအပြစ်**

အဲဒါကြောင့်မို့လို့ အဲဒီ အဝိဇ္ဇာကနေ ဝိဇ္ဇာဖြစ်အောင် ဒကာ၊ ဒကာမ တွေ ဉာဏ် ဘယ်နှဉာဏ် ရ–ရမလဲ။ (ငါးဉာဏ် ရ–ရပါမယ်ဘုရား)။ အဖုံး ဘယ်နှစ်ဖုံး ခွာရမလဲ။ (ငါးဖုံးခွာရပါမယ်ဘုရား)။ အဲဒီ ငါးဖုံးခွာလိုက်ရင် ဒကာ၊ ဒကာမတွေ လိုချင်တဲ့နေရာကို မရောက်ဘူးလား။ (ရောက်ပါတယ်ဘုရား)။

ဉာဏ် ဘယ်နှဉာဏ်လဲ။ (ငါးဉာဏ်ပါဘုရား)။ ဟုတ်ပြီ – အဲဒီဉာဏ် ငါးဉာဏ်မှာ မနက်က တော့ ဘုန်းကြီး နာမရူပ ပရိစ္ဆေဒဉာဏ် နည်းနည်း စ,ထားတယ်နော်။ (မှန်လှပါ)။ အခု နံပါတ်တစ် ပြန်ကိုင်မယ်။ နံပါတ်တစ်ဉာဏ်က ဘာဉာဏ်ပါလိမ့်။ (ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်)။ ကမ္မဿ ကတာ သမ္မာဒိဋ္ဌိ ဉာဏ်နော်။

ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်က ကံနှင့်အကျိုးပေးကို ယုံကြည်တဲ့ ဉာဏ်။ အခု ကံကို ဟောမှာနော်။ ဘာကိုဟောမှာလဲ။ (ကံကိုပါ ဘုရား)။ ကံနှင့်အကျိုးပေးကို နားမလည်လို့ သဘော မပေါက်လို့ မကျင့်သုံးဘူးဆိုရင် နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်တယ်။ စကားလုံးတစ်လုံး တိုးသွားပြီ မှတ် လိုက်ပါ ယောဂီသစ်တွေ။ ကံနှင့်အကျိုးပေးကို လက်မခံနားမလည်ရင် ဘာဒိဋ္ဌိ။ (နိယတ မိစ္ဆာဒိဋ္ဌိ ပါဘုရား)။ ကံနှင့်အကျိုးပေးကို နားလည်အောင် ဘုန်းကြီးက ဒါရှင်းပါ့မယ်။ အဲဒီတော့ ဒီကံနှင့် အကျိုးပေးကို ဘာဖြစ်လို့ရှင်းရတာလဲ ဆိုလို့ရှိရင် ကံနှင့်အကျိုးပေးကို နားမလည်လို့ လက်မခံလို့ မကျင့်သုံးလို့ဆိုရင် ဘာဒိဋ္ဌိဖြစ်၊ (နိယတမိစ္ဆာဒိဋ္ဌိပါဘုရား)။ နိယတ မိစ္ဆာဒိဋ္ဌိဆိုတာဟာ သံသရာ သစ်ငုတ်တဲ့။ ဆရာတော်ကြီးလည်း မိန့်သွားတယ်။ နိယတမိစ္ဆာဒိဋ္ဌိကို ဘယ်လိုခေါ်။ (သံသရာ သစ်ငုတ်ပါဘုရား)။ ဟုတ်ပြီ – သံသရာ သစ်ငုတ်ဆိုတာ ဘာပြောမှန်းမသိဘူး။ မြန်မာစကား မြန်မာသဘောမပေါက်ဘူး ဖြစ်နေတယ် ဟုတ်လား။

သံသရာသစ်ငုတ်ဆိုတာဟာ ဘုရားအဆူဆူ ချွတ်သော်လည်းပဲ မကျွတ်နိုင်တာကို သံသရာ သစ်ငုတ်လို့ခေါ်ပါတယ်။ စကားလုံးတစ်လုံး တိုးလာပြန်ပြီ။ သံသရာသစ်ငုတ်ဆိုတဲ့ အဓိပ္ပာယ်က ဘုရားအဆူဆူချွတ်သော်လည်း မကျွတ်ဘူးတဲ့။ အကုသိုလ်ကြီးအားကြီးလို့ မကျွတ်နိုင်တာ။ နောက် တစ်လုံးက ပဉ္စာနန္တရိယကံတော့ အားလုံး နားလည်လောက်ပါတယ်နော်။ ကဲ – ဒါလေး ဗဟု သုတဖြစ်အောင် ဆိုလိုက်ရအောင်။

(၁) အမိကိုသတ်တာ = မာတုဃာတက

(၂) အဖကိုသတ်တာ = ပိတုဃာတက

(၃) ရဟန္တာကိုသတ်တာ = အရဟန္တဃာတက

(၄) ဘုရားကို သွေးစိမ်းတည်အောင်ပြုတာ = လောဟိတုပ္ပါဒက

(၅) သံဃာသင်းကွဲအောင်လုပ်တာ = သံဃဘေဒက

ဘယ်နှပါး (ငါးပါးပါ ဘုရား)။ အဲဒါကို ပဉ္စာနန္တရိယကံငါးပါးလို့ ခေါ်တယ်။ ဒီတော့ ဗုဒ္ဓ ဘာသာမှာ ဒီ ပဉ္စာနန္တရိယကံငါးပါး သင့်ခဲ့ပါတယ်။ သင့်ခဲ့ပါတယ် – နော်။ သို့သော်လည်းပဲ ဘုရားလက်ထက်က အဇာတသတ်တို့ပေါ့၊ ဒေဝဒတ်တို့ပေါ့–နော်၊ ပဉ္စာနန္တရိယကံ မသင့်ဘူးလား။ (သင့်ပါတယ် ဘုရား)။ အဲဒီလို ပဉ္စာနန္တရိယကံသင့်ရင် မဂ်တား ဖိုလ်တားဖြစ်၊ သေရင် ငရဲကျ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီဘဝ အားထုတ်ချင်သလောက် အားထုတ်၊ နိဗ္ဗာန်မရဘူး။ ဒီကံက ကာကွယ်လိုက်ပြီ။ ဒီတော့ ဘုန်းကြီးတို့ အင်္ဂုလိမာလကြီး သတ်လာတာ၊ မအေကို သတ်ဖို့ အချိန်ကလေးနီးတဲ့အချိန်လေးမှာ မြတ်စွာဘုရားသခင် ဝင်ပြီးချွတ်ရတာ မဟုတ်ဘူးလား။ (မှန်လှပါ)။ အောင်ခြင်းရှစ်ပါးကို ပြန်ကြည့်နော်။ ဒီလိုဖြင့် လူတွေကိုသတ်တာက မဂ်တား ဖိုလ်တား မဖြစ်ဘူး။ အမေကိုသတ်ရင် ခုနကပြောတဲ့ ဂရုကြီးရှင်ဖြစ်တာကြောင့် မိခင်ကိုသတ်မိလိုက်ရင် ဒီပုဂ္ဂိုလ် မဂ်တားဖိုလ်တားဖြစ်၊ သေရင်ငရဲကျမှာ။ ဒါကို ဘုရားရှင်ကိုယ်တော်မြတ် မြင်တော်မူတဲ့အခါကျတော့ သားနဲ့အမေအကြားမှာ ဝင်ပြီး တော့ မရပ်ရဘူးလား။ ဒါ ဘုန်းကြီးတို့ ယောဂီတို့ အမြင်ပဲနော်။ ရိုးရိုးလူတစ်ယောက်နဲ့ မိဘနဲ့ မတူဘူးနော်။ ဟိုက ဂရုကြီးရှင်ဖြစ်တဲ့အတွက် အဲဒီ ဂရုကြီးရှင်ကို သွားပြီးတော့ သတ်မိလိုက်ရင် ဘာကံလဲ။ (ပဉ္စာနန္တရိယကံ)။ ဒီတော့ ကောင်းပြီ။ အဲဒီ ပဉ္စာနန္တရိယကံကို ကျူးလွန်တဲ့ပုဂ္ဂိုလ် ဒီဘဝ မဂ်တား ဖိုလ်တားဖြစ်၊ သေရင် ငရဲကျ။ ဒါက အဇာတသတ်တို့၊ ဒေဝဒတ်တို့။ ယောဂီတို့ သိထားပြီးပြီနော်။

အဲဒီတော့ အဲဒီ ပဉ္စာနန္တရိယကံက ဒီကံကိုကျူးလွန်လို့ရှိရင် သူ့အတိုင်းအတာအားဖြင့် ငရဲကိုကျသွားတယ်။ သို့သော် ငရဲမှာ သူ့အပြစ်ရှိသမျှခံပြီးရင် ကျွတ်သွားရင် လွတ်သွားရော။ ပဉ္စာနန္တရိယကံရဲ့ အပြစ်နော်။ ခုနကပြောတဲ့ နိယတမိစ္ဆာဒိဋ္ဌိကတော့ ကျွတ်ရက်လွတ်ရက်မရှိဘူး ဆိုတော့ ပဉ္စာနန္တရိယကံထက် ပိုအပြစ်မကြီးဘူးလား။ (ကြီးပါတယ်)။

အဲဒီတော့ – နိယတမိစ္ဆာဒိဋ္ဌိဖြစ်တာက ဘာနဲ့ဘာကို နားမလည်လို့လဲ။ (ကံနှင့် ကံအကျိုး ပေးကို နားမလည်လို့ပါ ဘုရား)။ အရေးကြီးတယ်နော်။ အဲဒီတော့ ကံနှင့် အကျိုးပေးကို နားမလည်ရင် ဘာဒိဋ္ဌိ (နိယတမိစ္ဆာဒိဋ္ဌိပါ ဘုရား)။ ဒီတော့ နိယတမိစ္ဆာဒိဋ္ဌိဆိုတဲ့ ခေါင်းစဉ်တစ်ခုရပြီနော်။ ကောင်း ပြီ။ နိယတမိစ္ဆာဒိဋ္ဌိဆိုတာ ဘာလဲဆိုတော့ နိယတမိစ္ဆာဒိဋ္ဌိမှာ ဒိဋ္ဌိသုံးမျိုး ပါလာတယ်။ ဒိဋ္ဌိ ဘယ်နှစ်မျိုး။ (သုံးမျိုးပါ ဘုရား)။ ဒိဋ္ဌိ သုံးမျိုးနော်။

(၁) အကိရိယဒိဋ္ဌိ

(၂) နတ္ထိကဒိဋ္ဌိ

(၃) အဟေတုကဒိဋ္ဌိ

ဟုတ်ပြီ။ ဘယ်နှစ်ပါး။ (သုံးပါး)။ အဲဒီသုံးပါးဟာ ခုနက နိယတမိစ္ဆာ ဒိဋ္ဌိလို့ ခေါ်တာ။ ဟုတ်ပြီ – ဒီတော့ နိယတမိစ္ဆာဒိဋ္ဌိဆိုတဲ့အဓိပ္ပာယ်က နိယတဆိုတာ ခိုင်မြဲတာကို ပြောတာ။ မြန်မာလိုပြန်တော့ နိယတဆိုတာ ဘာပါလိမ့်။ (ခိုင်မြဲတာပါ ဘုရား)။ မြေပြင်မှာ ကျောက်တိုင်ကြီး တစ်တိုင် စိုက်ထားရင် ဘယ်လိုပဲ လေတိုက်တိုက်၊ ဒကာ ဒကာမတွေ မလှုပ်တော့ဘူး။ ခိုင်တဲ့ အဓိပ္ပာယ်ကို ပြောတာ။ အဲဒီ ခိုင်မြဲသလို ဝါဒစွဲတစ်ခု အမှားစွဲကြီးတစ်ခု မလွတ်တမ်းစွဲလာတာကို နိယတမိစ္ဆာဒိဋ္ဌိလို့ ခေါ်ပါတယ်။ ဒီအယူဝါဒသည် မှားနေတယ်။ သို့သော် မှားနေတဲ့အယူဝါဒကို သူကအမှန်ထင် ပြီးတော့ မလွတ်တမ်းစွဲနေတာကို ဘာဒိဋ္ဌိ။ (နိယတမိစ္ဆာဒိဋ္ဌိပါ ဘုရား)။ အဲဒီ တော့ နိယတမိစ္ဆာဒိဋ္ဌိတွင် ဘယ်နှစ်ပါး (သုံးပါးပါ ဘုရား)။ သုံးမျိုးပါတယ်ပေါ့။ အဲဒီတော့ အဲဒီ ဒိဋ္ဌိသုံးမျိုးကို ဘုန်းကြီးတို့ ညောင်လေးပင်ဆရာတော်ကြီးများ ပဋိစ္စသမုပ္ပါဒ် သင်တန်းပါထားတဲ့ လင်္ကာလေးတွေ ရှိတယ်ပေါ့ နော်။ လင်္ကာလေးနဲ့သွားရင် နောက်ပိုင်း အဲဒီလင်္ကာမပါသွားရင်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်တတ်လွန်းလို့နော်။ ကဲ – ဒီတော့ လင်္ကာလေး လိုက်ဆိုရအောင်နော်။

**အကိရိကံပယ် နတ်ကျိုးပယ် နှစ်သွယ်အဟေတု။**

**"အကိရိကံပယ်၊ နတ်ကျိုးပယ်၊ နှစ်သွယ်အဟေတု"** ဆိုတာ ခုန နိယတမိစ္ဆာဒိဋ္ဌိကို ပြောနေတာနော်။ **"အကိရိကံပယ်"** ဆိုတော့ အကိရိယဒိဋ္ဌိဆိုတာ ကံကိုပယ်လိုက်တာကိုပြောတာ။ ဒီလင်္ကာလေးက မှတ်ရတာလည်း လွယ်တယ်။ ဆိုလို့လည်းကောင်း ရအောင်လည်းကျက်ထားရင် ဟော ခုန အကိရိ ကံပယ်ဆိုတော့ ကံကိုပယ်တာ ဘာဒိဋ္ဌိ (အကိရိယဒိဋ္ဌိပါဘုရား)။ ရောတတ်လွန်းလို့နော်။ ကံကိုပယ်တာ ဘာဒိဋ္ဌိ။ (အကိရိယဒိဋ္ဌိပါဘုရား)။ အကိရိယဒိဋ္ဌိဆိုတာ (အ = မရှိ၊ ကိရိယ = ပြုခြင်း) "ပြုပေမယ့်ပြုရာမရောက်" လို့ ဘာသာပြန်ရတယ်။ ကုသိုလ်ပြုလည်း ပြုရာမရောက်၊ အကုသိုလ်ပြုလည်း ပြုရာမရောက်ဘူး။ ဘာလို့လဲဆိုတော့ ဗုဒ္ဓအဘိဓမ္မာမှာ ပုဂ္ဂိုလ် သတ္တဝါ သူ ငါ မရှိ၊ ရုပ်နာမ်ပဲရှိတယ်ဆိုတော့ ပုဂ္ဂိုလ်မှမရှိဘဲ ဘယ်သူ့ကိုသတ်မလဲ။ သတ်စရာပုဂ္ဂိုလ်မရှိတော့ သူတစ်ပါးအသက် သတ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ သတ်စရာပုဂ္ဂိုလ် မဟုတ်လို့၊ မရှိလို့ သတ်ရာ မရောက်ဘူး။ သူပိုင်ကိုယ်ပိုင်မရှိလို့ ခိုးပေမယ့် ခိုးရာမရောက်ဘူးဆိုပြီး ဒါဗုဒ္ဓရဲ့ ကမ္မဝါဒကို စနစ်တကျဖျက်ဆီးတဲ့ဝါဒပဲ။ ဘာခေါ်လဲ (အကိရိယဒိဋ္ဌိ။)

**"နတ်ကျိုးပယ်"** ဆိုတော့ အကျိုးကိုပယ်တာ နတ္ထိကဒိဋ္ဌိ။ ကောင်းတာလုပ်လည်း ကောင်းကျိုးမရှိ၊ မကောင်းတာလုပ်လည်း မကောင်းကျိုးမပေး။ ရှေးဘဝ နောက်ဘဝမရှိ၊ ကုသိုလ်လုပ်လုပ်၊ အကုသိုလ်လုပ်လုပ် ဘာမျှအကျိုးမဖြစ် ဆိုတာက နတ္ထိကဝါဒပါပဲ။

**"နှစ်သွယ်အဟေတု"** ဆိုတော့ အကြောင်းအကျိုးကိုပယ်တာ။ နှစ်သွယ် အဟေတုကိုး။ အဲဒီ တော့ အကြောင်းပယ်၊ အကျိုးပယ်။ အဲဒါ ဘာဒိဋ္ဌိ။ (အဟေတုကဒိဋ္ဌိပါဘုရား)။ ကံကိုပယ်တာ (အကိရိယဒိဋ္ဌိ)။ အကျိုးကိုပယ်တာ (နတ္ထိကဒိဋ္ဌိ)။ အကြောင်းအကျိုးကိုပယ်တာ (အဟေတုကဒိဋ္ဌိ)။

သို့ဖြင့် ဒီဆောင်ပုဒ်ကလေးကို ရထားရင် ယောဂီတို့ ဒီပုံသေနည်းနဲ့ သွားလို့ရပြီနော်။ အကိရိကံပယ်၊ နတ်ကျိုးပယ်၊ နှစ်သွယ်အဟေတု ဆိုတဲ့ အဲဒီဒိဋ္ဌိတွင် အကိရိယဒိဋ္ဌိက ကံကိုပယ်တာ။ အကိရိယဒိဋ္ဌိက (ကံကိုပယ်တာပါ ဘုရား)။ နတ္ထိကဒိဋ္ဌိက (အကျိုးကိုပယ်တာ)။ ဒီတော့ နှစ်သွယ် အဟေတု ဆိုတော့ အကြောင်းအကျိုးကိုပယ်တာက အဟေတုက ဆိုတော့ အခုဘယ်နှပါးလဲ။ (သုံးပါးပါ ဘုရား)။ အဲဒီ ဒိဋ္ဌိသုံးပါးကို ဘာဒိဋ္ဌိခေါ်။ (နိယတမိစ္ဆာဒိဋ္ဌိပါဘုရား)၊ နိယတမိစ္ဆာဒိဋ္ဌိရှိရင် သံသရာသစ်ငုတ်၊ သေရင်အပါယ်ကျ။ ဘယ်ဘုရားအဆူဆူ ချွတ် မကျွတ်။ ဒီကမ္ဘာက ကုန်လို့ရှိရင် နောက်ကမ္ဘာဆက်ခံ။ အဲဒီလောက်ထိ အပြစ်ကြီးပါတယ်။ အဲဒီလောက် အပြစ်ကြီးတာ ဘာဉာဏ် မရလို့။ (ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် မရတာပါဘုရား)။

ဟုတ်ပြီ – ဒါဆိုရင် နိယတမိစ္ဆာဒိဋ္ဌိ အပြစ်ကြီးတာ ဒီလောက်ဆိုရင် နည်းနည်းလေး သဘောပေါက်သွားပြီနော်။ အဲဒီတော့ နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်တာက တခြားမယုံကြည်လို့လား၊ ကံကို မယုံကြည်လို့လား။ (ကံကို မယုံကြည်လို့ပါ ဘုရား)။ အဲဒီတော့ ကံကိုယုံရမယ်ဆိုတော့ ကောင်းတဲ့ ကံရယ်၊ မကောင်းတဲ့ကံရယ် မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဒီလိုဖြင့်ရင် ယနေ့ ဘုန်းကြီးတို့အားလုံး ဒကာ ဒကာမတွေ။ ယခု တရားဟောတဲ့ဘုန်းကြီး၊ တရားနာနေတဲ့ ဒကာ ဒကာမတွေပေါ့။ နောက်နှစ်ပေါင်း ၅၀–၁၀၀ ဆိုရင် ဒီလူတွေရှိပါဦးမလား။ (မရှိပါဘူးဘုရား)။ ဘယ်သွားကြမှာလဲ။ (သေကုန်ကြမှာပါဘုရား)။ အကုန်သေကုန်ကြမှာ–နော်။

ဒေါင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



**အိပ်ရာဝင်ရှင်းတမ်းထုတ်**

ကဲ – ဒီတော့ – ကောင်းပြီ။ သေတာကို စိတ်ကူးလေးနဲ့လှမ်းကြည့်လိုက်။ တကယ် မသေနဲ့ဦးနော်။ စိတ်ကူးနဲ့သေသွားပြီဆိုရင် ကဲ ကိုယ့်နောက်ဘာပါမလဲ။ (ဘာမှမပါပါဘူးဘုရား)။ မိဘဆွေမျိုးတွေပါလား။ (မပါပါဘူး ဘုရား)။ အိုးအိမ်တိုက်တာတွေ ပါရဲ့လား။ (မပါပါဘူး ဘုရား)။ စည်းပွားဥစ္စာ ရာထူးဂုဏ်သိမ်စည်းစိမ်တွေပါလား။ (မပါပါဘူး ဘုရား)။ ဘာတစ်ခုမှ မပါဘူး။ အဲဒါတွေက တစ်ခဏစာလေးရယ်။ တစ်ဘဝ တစ်နပ်စာလေးရယ်။ ရှင်းပြီးနော်။ လက်ချည်းပဲ။ ဒကာ ဒကာမတွေ – နော်။ အဝတ်ကောင်းကောင်းရှိရင်တောင် ချွတ်ယူထားဦးမှာ။ တချို့ လူ နောက်တောက်တောက်ပုဂ္ဂိုလ်နဲ့တွေ့ ပါးစပ်ထဲက ရွှေသွားတောင် ချွတ်ယူထားဦးမယ်–ဗျ။ မလွယ် ဘူးနော်။ ဆိုလိုချင်တာက ကိုယ့်နောက်ကို ဘာပါလဲ။ (ဘာမှ မပါပါဘူး ဘုရား)။ ဘာမှမပါဘူး အဲ၊ ပါတာက တစ်ခုတည်းရှိတယ်။ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ။ အခု ကံအကြောင်း ပြောချင် တာနော်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ကို အခု ဘုန်းကြီးကျေးဇူးပြုပြီနော်။

အဲဒီတော့ သေတဲ့အခါမှာ ဘာနဲ့ ဘာနဲ့ ပါတာလဲ။ (ကုသိုလ်ကံနဲ့ အကုသိုလ်ကံပါ ဘုရား)။ ကုသိုလ်ကံနဲ့ အကုသိုလ်ကံပဲ ပါတယ်ဆိုတာ သေချာသွားပြီ။ ဟာ – လူ့ဘဝကြီးထဲမှာ ဘယ်လောက် ဘာတွေညာတွေ လှုပ်ရှားပြီး လုပ်ကိုင်နေတယ်။ ဒီအလုပ် ငါမလုပ်လို့မဖြစ်ဘူး။ ငါမကိုင်လို့ မဖြစ်ဘူး စသဖြင့် ငါမရှိလို့မဖြစ်ဘူးဆိုတာတွေဟာ တကယ့်တကယ်ကျတော့ သူ့ဟာ နဲ့သူ ဖြစ်သွားတာပါပဲ။ ရှင်းကော ရှင်းရဲ့လား။

ဒီတော့ သေတဲ့အခါကျတော့ ဒီအလုပ် ငါမလုပ်လို့မဖြစ်ဘူးဆိုတော့ အဲဒီအလုပ်တွေ ကိုယ်နဲ့ပါရဲ့လား။ (မပါပါဘူး ဘုရား)။ ဒီအိမ်မှာ ငါမရှိလို့ မဖြစ်ဘူးဆိုတာ ငါသေသွားတော့ အိမ် ပါရဲ့လား။ (မပါပါဘူး ဘုရား)။ အိုး – ဒီအိုး ဒီအိမ်၊ ဒီသား ဒီသမီး၊ ဒီဆွေ ဒီမျိုးတွေနဲ့ ငါမရှိလို့ မဖြစ်ဘူးဆိုတော့ ငါ့နောက်ကို ဘယ်သူလိုက်လဲ။ ဘယ်သူမှ မလိုက်ဘူး။ သိပ်လောကွတ်တွေ မချော်နဲ့တဲ့၊ ဆရာတော် ဆုံးမထားတာ။ အဲဒီတော့ လာတုန်းကလည်း တစ်ယောက်တည်း။ ပြန်တော့လည်း တစ်ယောက်တည်း။ အဖော်ပါတာ ဘယ်သူနဲ့ဘယ်သူ။ ကုသိုလ်ကံနဲ့ အကုသိုလ် ကံ။ အဲဒါ ကိုယ့်နောက်ပါမှာနော်။ သိပ်အရေးကြီးတယ် ယောဂီတို့။ ရှင်းကော ရှင်းရဲ့လား။ အဲဒါကို ဆရာတော် ဘုရားကြီးများ၊ လယ်တီဆရာတော်ဘုရားကြီးများ ဘာဆုံးမထားသလဲလို့ ဆိုလို့ရှိရင် –

> **မနေရလို့ သေရသောအခါ၊**
> **ကိုယ့်နောက်ကိုများ ဘာများပါမှာ၊**
> **ပစ္စည်းစုစု တစ်ခုမပါ၊**
> **ကိုယ်ပြုပြုငြား ကံမျှ သူတို့ပါ – တဲ့။**

ဆုံးမထားတာလဲ ဘယ်လောက်များ ထိမိလိုက်သလဲနော်။ ဘာတွေပါသလဲ။ (ကံတွေပါ ဘုရား)။ ကုသိုလ်ကံရယ်၊ အကုသိုလ်ကံရယ်။

ဒီလိုဖြင့်ရင် ကံလေးပါရင် လူ့ပြည်ရောက်မယ်။ နတ်ပြည်ရောက်မယ်။ ရိုးရိုးကုသိုလ်နော်။ ဟိုက ဈာန်ကုသိုလ်ဆိုလို့ရှိရင် ဗြဟ္မာပြည်ရောက်မယ်။ ရှင်းကော ရှင်းရဲ့လား။ တကယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ် တွေ မပါဘဲနဲ့ တစ်နေ့လာလည်းပဲ သားရေး သမီးရေး၊ စီးပွားရေး၊ လူမှုရေး၊ စားရေး နေရေး၊ ဝတ်ရေးနဲ့ လောဘ တွေ၊ ဒေါသတွေ၊ မောဟတွေနဲ့ဆိုတော့ ယောဂီတို့ ပုံသေ နည်းရှိထားပြီးသား။ သေလို့ လောဘပါရင် ဘယ်ကိုသွား။ (ပြိတ္တာပြည်ပါဘုရား)။ သေလို့ ဒေါသ ပါရင် ဘယ်ကိုသွား။ (ငရဲပြည်ပါ ဘုရား)။ သေလို့မောဟနဲ့သေရင် (တိရစ္ဆာန်ပြည်ပါ ဘုရား)။ အိုး – ဟိုမှာ တဏှာ၊ မာန၊ ဒိဋ္ဌိတွေနဲ့ သေလို့ရှိရင် ဆိုင်ရာဆိုင်ရာအပါယ်တွေ မသွားဘူးလား။ ပဋိစ္စသမုပ္ပါဒ်ခွင်ချလိုက်တော့ အကုန်ပေါ်လာလိမ့်မယ်။

အဲဒီတော့ ယနေ့ပဲ ဒကာ ဒကာမတွေ ကိုယ့်ကိုယ်ကို ဆန်းစစ်ကြပါစို့။ ကိုယ့်ကိုယ်ကို မေးကြပါတော့။ မိုးလင်းမိုးချုပ် ဒီနေ့တစ်နေ့တာ ငါဘယ်လောက် ဒါနတွေပြုထားသလဲ၊ ငါ ဘယ်လောက် သီလတွေဆောက်တည်ထားပြီလဲ။ ငါ ဘယ်လောက် သမထ ဝိပဿနာတွေ ကိုယ်ပိုင် ပွားများထားပြီးပြီလဲ။ ကိုယ့်ကိုယ်ကိုမေးဖို့မလိုဘူးလား။ (လိုပါတယ် ဘုရား)။ ဩော် – ဒီနေ့ ငါ ဒါနပြုထားတယ်ဆိုရင် ငါအထုပ်တစ်ထုပ်တော့ ထုပ်မိပြန်ပြီဟ။ သမထ၊ ဝိပဿနာ တွေပွားရင် ဩော် – ငါဒီနေ့ အထုပ်တစ်ထုပ် ထုပ်မိပြန်ပြီဟေ့ – နော်။ အဲဒီ အထုပ်က ကောင်းတဲ့ ကုသိုလ် ကောင်းမှု အထုပ်ပါတဲ့ ပုဂ္ဂိုလ်တွေက သုဂတိသွားမယ်။ အကယ်လို့ အဲဒီလို ဒါနမှု၊ သီလမှု၊ ဘာဝနာမှုကိုမပြုရင် ယောဂီတို့၊ စိတ်ဆိုတာ နှစ်စိတ်မဖြစ်ကောင်းဘူး။ တစ်စိတ် ပဲရှိတယ်။ ဘယ်နှစိတ်။ (တစ်စိတ်ပါ ဘုရား)။

အဲဒီတော့ – ဘုန်းကြီးတို့အားလုံး ယောဂီတို့ရဲ့ နှလုံးအိမ်ဆိုတဲ့ဂူဟာ ဂူတစ်ခုတည်းမှာ ခြသေ့်နှစ်ကောင် မအောင်းဘူးဆိုတဲ့ မြန်မာစကားပုံ မရှိဘူး လား။ (ရှိပါတယ် ဘုရား)။ အဲဒါဆိုတာက ဟောဒီက မနောဆိုတဲ့ စိတ်ဂူပါပဲ။ မနောဆိုတဲ့ စိတ်ဂူသည် ကုသိုလ်စိတ်ဝင်နေရင် အကုသိုလ်စိတ် အနားလာရဲ့လား။ (မလာပါဘူး ဘုရား)။ အကုသိုလ်စိတ်ဝင်နေရင် ကုသိုလ်စိတ်သည် အနားလာရဲ့ လား။ (မလာပါဘူး ဘုရား)။ အဲဒီတော့ ကိုယ့်ကိုယ်ကို မိုးလင်း မိုးချုပ်မေး။ ငါ့ရင်ထဲမှာ ငါ့နှလုံးအိမ်ထဲ မှာ ကုသိုလ်စိတ်တွေ၊ တစ်နေ့ဘယ်လောက်များလဲ။ ဒါနစိတ်တွေ ဘယ်လောက်ရှိနေလဲ။ သီလ စိတ်တွေ ဘယ်လောက်ရှိနေလဲ၊ သမထ ဝိပဿနာစိတ်တွေ ဘယ်လောက်ရှိနေလဲလို့ ကိုယ့်ကိုယ် ကို မေးရင် မသိနိုင်ဘူးလား။ (သိနိုင်ပါတယ် ဘုရား)။

ဩော် – ဒီလိုမှ မဟုတ်လို့ရှိရင် လောဘစိတ်တွေ၊ ဒေါသစိတ်တွေ၊ မောဟစိတ်တွေ၊ မာနစိတ်တွေ မနာလိုတဲ့စိတ်တွေ၊ ဝန်တိုတဲ့စိတ်တွေ၊ အို – ရှုပ်ပွနေတာ။ သူများမကောင်းကြံ တဲ့စိတ်တွေ စသည်ဖြင့်ပေါ့။ အဲဒီ– စိတ်တွေသည် ကောင်းစိတ်လား၊ မကောင်းစိတ်လား။ (မကောင်း စိတ်ပါဘုရား)။ မကောင်းစိတ်တွေ မိမိအိမ်မှာ တစ်နေ့တာများရင် ဟိုဒယ်အိုးက ငါ့အတွက်ပဲမှတ်။ သေချာသွားပြီ။ တစ်နေ့ တစ်နေ့ ဒယ်အိုးတယ်နေတယ်ပေါ့။ ရှင်းကော ရှင်းရဲ့လား။ အဲဒါ သူများ ပဋိစ္စသမုပ္ပါဒ်လား၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်လား။ (ကိုယ့် ပဋိစ္စသမုပ္ပါဒ်ပါ ဘုရား)။ ဒီလိုဖြင့်ရင်

ကောင်းတာလုပ်လျှင် (ကောင်းတာဖြစ်မည်)၊
မကောင်းတာလုပ်လျှင် (မကောင်းတာဖြစ်မည်)။
ကောင်းတာပြောလျှင် (ကောင်းတာဖြစ်မည်)၊
မကောင်းတာပြောလျှင် (မကောင်းတာဖြစ်မည်)။

အောင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



## ကောင်းတာကြံလျှင် (ကောင်းတာဖြစ်မည်)၊ မကောင်းတာကြံလျှင် (မကောင်းတာဖြစ်မည်)။

အဲဒီတော့ မိုးလင်း မိုးချုပ် ဒကာ၊ ဒကာမတွေ ကိုယ့်ရဲ့ကာယကံမြောက် ငါကောင်းတာ ဘာလုပ်ခဲ့လဲ၊ မကောင်းတာတွေ ဘာလုပ်လဲ စဉ်းစားလိုက်။ ငါ့ပါးစပ်ကနေ ကောင်းတာတွေ ဘယ်လောက်ပြောလဲ၊ မကောင်းတာတွေ ဘယ်လောက်ပြောလဲ။ ဒါ - ဒကာ၊ ဒကာမတွေ စဉ်းစားလိုက်။ ငါ့စိတ်က မိုးလင်းမိုးချုပ် ကောင်းတာတွေ ဘယ်လောက်ကြံလဲ၊ မကောင်းတာတွေ ဘယ်လောက် ကြံလဲလို့ စဉ်းစားလိုက်ရင် မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။ အဲဒီတော့ တစ်နေ့တာအတွက် ဘုန်းကြီးတို့၊ ဒကာ၊ ဒကာမတွေ ရှင်းတမ်းထုတ်ပါ။ မြီစား မြီရှင်နဲ့ ဟုတ်လား။ တစ်နေ့တစ်နေ့ ကိုယ့်ကိုယ်ကို ရှင်းတမ်းထုတ်လိုက်ရင် ညအိပ်ကာနီး အိပ်ရာထဲဝင်ရင် ရှင်းတမ်း ထုတ်လိုက်ရင် အဖြေထွက်လာပြီ။

### ဝိဇ္ဇာမ,တာမဟုတ်

ဒါကြောင့် ဘုန်းကြီးတို့ ဆရာတော်ဘုရားများက ချိန်ခွင်ထားပါလို့ ဆုံးမတယ်။ ချိန်ခွင် ဆိုတာကတော့ ဥပမာဆောင်ဟောတာပေါ့။ ချိန်ခွင်ဆိုတာကတော့ တစ်ဖက်နဲ့တစ်ဖက် ဘယ် လောက်လေးလဲဆိုတာ သိအောင်လို့ ပေါ့ - နော်။ တစ်ဖက်က အကုသိုလ်အလေးထည့်။ တစ်ဖက်က ကုသိုလ်အလေးထည့်။ အဲဒီလိုထည့်လိုက်ရင် ဒီနေ့မနက် မိုးလင်းအချိန်က ညအိပ်ပျော်တဲ့အချိန် ကုသိုလ်ဘက်ကများရင် ကုသိုလ်ချိန်ခွင့်ဘက်က လေးမယ်ပေါ့။ အကုသိုလ်များ ရင် အကုသိုလ် ဘက်က လေးမယ်ပေါ့။

အဲလိုဆိုရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမ တွေ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်။ ကုသိုလ်နဲ့ အကုသိုလ် ဘယ်ကများ။ (အကုသိုလ်က များပါတယ်ဘုရား)။ ချိန်ခွင်လျှာကပ်သွားပြီ။ ရှင်းရှင်း လေးရယ်။ အဲဒါကြောင့် ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်မသိတဲ့အခါကျတော့ ကိုယ့်ကိုယ်ကို ဘဝင်ကြီး မြင့်နေတာ။ အဟုတ်ကြီး ထင်နေတာ။ အဲဒီတော့ နေ့စဉ်နေ့တိုင်း စာရင်းရှင်းတမ်းလည်း ဆွဲလည်း ဆွဲလိုက်ရော။ ဟာ - ငါသွားပြီ။ မဖြစ်တော့ဘူး။ မဖြစ်ဘူး။ နောက်နေ့ကျရင်တော့ ငါပြင်မှ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ် ဘုရား)။

အဲဒီလိုပြင်ပြီဆိုတဲ့အခါကျတော့ တစ်လကုန်တဲ့အခါ ကိုယ့်ရှင်းတမ်းထုတ်၊ တစ်နှစ်ကုန်တဲ့ အခါ ကိုယ့်ရှင်းတမ်းထုတ်။ အသက်တစ်နှစ်ကြီးသွားရင် ငါသည် ကုသိုလ်နဲ့ကြီးသလား။ အကုသိုလ်နဲ့ ကြီးသလား။ ဒကာ၊ ဒကာမတွေ ကိုယ့်ကိုယ် ကို ရှင်းတမ်းထုတ်လို့မရဘူးလား။ (ရပါတယ် ဘုရား)။ အဲဒီတော့ အဲဒီလို ကိုယ့်ရှင်းတမ်းကိုယ်ထုတ်လိုက်လို့ရှိရင် အကုသိုလ်တွေများရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။ ကုသိုလ်များရင် လူ့ပြည် နတ်ပြည် သုဂတိပေါ့။ ဒီလိုဖြင့်ရင် သုဂတိနဲ့ ဒုဂ္ဂတိကို ဒီလိုသွားတာသည် တခြားက ပို့တာလား၊ ကံကပို့တာလား။ (ကံက ပို့တာပါ ဘုရား)။ သိကြား၊ ဗြဟ္မာ၊ နတ်၊ ဝိဇ္ဇာက ပို့တာလား၊ ကံကပို့တာလား။ (ကံကပို့တာပါ ဘုရား)။ ရှင်းကော ရှင်းရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ကံနဲ့ပတ်သက်ပြီးတော့ ပုံသေနည်းလေးတစ်ခုက နောက်ဆုံးပြောလိုက်ရရင် စိတ်ကောင်းရှိလျှင် ချမ်းသာတယ်။ စိတ်ကောင်း မရှိလျှင် ဆင်းရဲတယ်။ ဒါလေး ပုံသေနည်းလေး ကိုင်ထား ယောဂီတို့။ ကဲ – လိုက်ဆို။

**စိတ်ကောင်းရှိက ချမ်းသာရ၏။**

**စိတ်ကောင်းမရှိက ဆင်းရဲရ၏။**

ဒါကို ဘုန်းကြီးတို့ နံပါတ်တစ် အဝိဇ္ဇာအဖုံးဖွင့်နေတာနော်။ (မှန်လှပါ)။ နံပါတ်တစ် အဝိဇ္ဇာအဖုံးက ဒီအဖုံးကတော့ နည်းနည်း ကျပ်တဲ့သဘော ရှိတယ်။ ကျပ်တဲ့သဘော ရှိတယ်။ အဲဒီတော့ ယခု ကံနှင့်အကျိုးပေးကို ယုံကြည်ပြီဆိုတော့ ကဲ – ဒီလိုဖြင့်ရင် မကောင်းတာ ဖြစ်နေတဲ့လူတွေဟာ ဘယ်သိကြား။ ဗြဟ္မာ၊ နတ်၊ ဝိဇ္ဇာကမှ ဖန်တီးတာမဟုတ်ဘူး။ ဘယ်သူလုပ်တာလဲ။ ကိုယ်လုပ်တာ။ အခုဟာက ကံအခန်း ဟောနေတာနော်။ အခုဘုန်းကြီး ဘယ်အခန်းဟောနေတာလဲ။ (ကံအခန်း ဟောနေတာပါဘုရား)။ နံပတ်တစ်အဖုံးဖွင့်နေတာ ယောဂီတို့။ နံပါတ်တစ် အဖုံးဖွင့်နေတာဆိုတော့ တခြားနားလည်ရမှာလား။ ကံကို နားလည်ရမှာလား။ (ကံကို နားလည်ရမှာပါ ဘုရား)။

ဒီလိုဖြင့်ရင် အင်း– လောကမှာလေ စကားပုံရှိသားပဲ။ လူချင်းတူပေမဲ့ အသက်ရှူချင်း ကွဲတယ်တဲ့။ ဘာပါလိမ့်။ (လူချင်းတူပေမဲ့ အသက်ရှူခြင်းကွဲတာပါ ဘုရား)။ အဲဒါက ဘုန်းကြီးတို့ အားလုံးသော ဒကာ၊ ဒကာမတွေ လူတိုင်း၊ လူတိုင်းက အကျိုးပေးတာကို ပြောတာ၊ အကျိုးပေး တာကိုပြောမယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် အကျိုးပေးခြင်းမတူတာကို အဲဒါကို ကမ္ဘာ့ ပညာရှိတွေက အမျိုးမျိုးပြောလိုက်တာ။ ဟာ ဒီကောင် ကြီးပွားနေတယ်။ ချမ်းသာနေတယ်။ ကြီးပွား မှာပေါ့။ ချမ်းသာမှာပေါ့။ ဟာ – သူ့ကို ဘယ်သူက မ,တာ။ လာပြီ–ဒီကစပြီးတော့၊ ဘယ်သူက မ,တာဆိုတော့ ဘယ်သူဆိုတာ သူလည်း မသိဘူး။ ရမ်းပြီးတော့သာ ဘယ်သူက မ,တာပေါ့။ ရှင်းကောရှင်းရဲ့လား။ ဟော – အချို့ကြီးပွားနေတယ်။ ချမ်းသာနေတယ်။ အော် – အဲဒါက ဘုရား သခင်အလိုတော်ကျဖြစ်တာ။ ဘုရားသခင်က မ,တာ စသည်ဖြင့် မလာဘူးလား။ (လာပါတယ်ဘုရား)။ ဒီလိုဖြင့် ဘုရားသခင် မ,တယ်တာပြောတယ်။ ဒီမှာဖြင့် အလုပ်လုပ်ရတာ သေလုမျောပါးပဲ။ နေ့မနေရ၊ ညမနေရ၊ ဒကာ ဒကာမတွေ ဒီလောက်စီးပွားရေးဆိုလည်း စီးပွားရေးမရှာရဘူးလား။ (ရှာရပါတယ်)။ ပညာဆိုလည်း ပညာမရှာရဘူးလား။ (ရှာရပါတယ် ဘုရား)။ သေလုမျောပါး ရှာရတာ။ တချို့ရှာရင်း ဖွေရင်းနဲ့ သေကိုသေသွားတဲ့အဆင့်ထိတောင် ရောက်တာ။ အဲဒါ ခုနပြောသလို သိကြား၊ ဗြဟ္မာ၊ နတ်၊ ဝိဇ္ဇာက မ,တာ မဟုတ်ဘူး။ (မဟုတ်ပါဘူးဘုရား)။ မဟုတ်ဘူး။ "အတ္တာ ဟိ အတ္တနော နာထော" ကိုယ့်ကိုယ်ကိုအားကိုးပြီး ဒီလိုရှာရတာ မဟုတ်ဘူးလား။ အဲဒီတော့ ဒီနေရာမှာ ကံဆိုတဲ့ နေရာမှာ မနောကံရယ်၊ ဝစီကံရယ်၊ ကာယကံရယ်။

အဲဒီတော့ အဲဒီလိုအကြောင်းတရားတွေကွာရင် အကျိုးတရားတွေ ကွာတယ်။ အကြောင်း တရားကွာရင် အကျိုးတရားကွာတယ်ဆိုတော့ ကဲ – ဆိုကြပါစို့။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ကဲ – လူဖြစ်တယ်ပေါ့။ လူရယ်လို့ဖြစ်လာပြီဆိုတာဟာ အခု ဒီမှာရှိနေတဲ့ ဘုန်းကြီးတို့ လူပြည်



www.burmeseclassic.com

www.burmeseclassic.com



မှာသာ လူဖြစ်တာကိုး။ နတ်ပြည်မှာရှိတဲ့ နတ်တွေကျတော့ နတ်ဖြစ်နေကြတာ။ ဘာဖြစ်နေကြတာလဲ။ (နတ်ဖြစ်နေတာပါ ဘုရား)။ ဗြဟ္မာပြည်ကျတော့ (ဗြဟ္မာတွေ ဖြစ်တာပါ ဘုရား)။ တိရစ္ဆာန်ပြည် ကျတော့ (တိရစ္ဆာန်ဖြစ်တာပါ ဘုရား)။ ငရဲကျတော့ (ငရဲရောက်တာ)။ ဒီလိုဖြင့်ရင် ရှိသမျှသော ၃၁–ဘုံ သတ္တဝါတွေဟာ ငရဲရောက်တဲ့ သတ္တဝါကရောက်၊ တိရစ္ဆာန်ဖြစ်တဲ့ သတ္တဝါကဖြစ်၊ ပြိတ္တာ ဖြစ်တဲ့ သတ္တဝါကဖြစ်၊ အသူရကာယ် ဖြစ်တာကဖြစ်၊ လူဖြစ်သူက လူဖြစ်၊ နတ်ဖြစ်တဲ့သူကဖြစ်၊ ဗြဟ္မာဖြစ်တဲ့သူကဖြစ်။ ဒီလိုဖြင့်ရင် ၃၁–ဘုံ အဲဒီလိုဖြစ်နေတာ အကယ်လို့ ကမ္ဘာ့အယူအဆတွေက ဘုရားအလိုတော်ကျဆိုရင် ယောဂီတို့ စဉ်းစားဖို့နော်။ ဉာဏ်ဖြင့်ရှုလို့မျှော်လို့ ဒီမှာပါလာပြီ။ လူ၊ နတ်များစွာ သတ္တဝါတို့ဖြစ်လာရမှု မဟုတ်ဟု ဉာဏ်ဖြင့် ရှု၍မျှော်။ ဉာဏ်စခန်းလေး သွင်းကြည့် လိုက်စမ်းပါ။ အဲဒီလို လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေ ၃၁–ဘုံမှာ ဒီလိုအကျိုးပေးတွေ သူ့အကျိုးပေးနဲ့သူ ကွဲကွဲပြားပြား ဖြစ်နေတာဟာ ဘုရားသခင် အလိုတော်ကျ ဖြစ်နိုင်ပါ့မလား။ (မဟုတ်ပါဘူး ဘုရား)။ သိပ်အရေးကြီးတယ်နော်။ တန်ခိုးရှင်က ဖန်တီးတာလား။ (မဟုတ်ပါဘူး ဘုရား)။ ဗြဟ္မာ သိကြားတွေက ဖန်တီးတာလား။ (မဟုတ်ပါဘူး)။ မဟုတ်တဲ့အကြောင်းကို ပဋိစ္စသမုပ္ပါဒ်က ဒီမှာသင်ထားပြီးပြီ။ ရှင်းပြီနော်။ ဒီလိုဖြင့်ရင် သူ့အကျိုးပေး တွေနဲ့သူ ဖြစ်နေတာက ဘယ်သူပြုတာမှ မဟုတ်ဘူး။ မိမိပြုတဲ့ အကြောင်းတရားကြောင့် ဖြစ်ပေါ်သောအကျိုး။ (မှန်လှပါ)။ ဒီလိုဖြင့် မိမိပြုသောအကြောင်းတရားသည်။ တခြားလား။ ပဋိစ္စလား။ (ပဋိစ္စပါဘုရား)။ အကျိုးတရားသည် တခြားလား၊ သမုပ္ပါဒ်လား၊ (သမုပ္ပါဒ်ပါဘုရား)။ အကြောင်းနဲ့ အကျိုး နှစ်ခုစပ်၊ (ပဋိစ္စသမုပ္ပါဒ် ပါဘုရား)။ ဩော်–ကိုယ့်ပဋိစ္စသမုပ္ပါဒ်နဲ့ ကိုယ်ပါပဲ။ ကိုယ့်အကြောင်းကြောင့် ကိုယ့်အကျိုးဖြစ်တာ မဟုတ်ဘူးလား။ (မှန်လှပါ)။

အဲဒီလို ကိုယ့်အကြောင်းကြောင့် ကိုယ်အကျိုးဖြစ်တာသည် တခြားအကြောင်းအကျိုးလား၊ ကံအကြောင်းအကျိုးလား။ (ကံအကြောင်းအကျိုးပါဘုရား)။ ရှင်းသွားပြီနော်။ အဲဒီကံအကြောင်း အကျိုးကို နားမလည်လို့ ဘယ်သူဘယ်ဝါလို့ ပြောလိုက်ရင် ကံကိုပယ်ရာ မရောက်ဘူးလား။ (ရောက်ပါတယ် ဘုရား)။ ကံကို ပယ်တော့ ဘာဒိဋ္ဌိ။ (အကိရိယဒိဋ္ဌိ)။ ခုန နိယတမိစ္ဆာဒိဋ္ဌိ ခေါင်းထဲတော့ ရောက်သွားပြီ။ ကံကိုပယ်လိုက်တော့ နိယတမိစ္ဆာဒိဋ္ဌိ မဖြစ်ဘူးလား။ နိယတ မိစ္ဆာဒိဋ္ဌိမှာ သူ့ဆီလျော်တဲ့ဒိဋ္ဌိနဲ့ပြောမယ်ဆိုရင် ဘာဒိဋ္ဌိ။ (အကိရိယဒိဋ္ဌိပါ ဘုရား)။ အကိရိယ ဒိဋ္ဌိ။ အကိရိယ ကံပယ်ဆိုတော့ ကံကိုပယ်တာက ဘာဒိဋ္ဌိ။ (အကိရိယ ဒိဋ္ဌိပါဘုရား)။ အကိရိယဒိဋ္ဌိ ဖြစ်သွားပြီ။ ဒီလိုဖြင့်ရင် ကံကိုမပယ်အောင် ကံအကြောင်း ကံအကျိုး။ (ရှင်းကောရှင်းရဲ့လား)။

အဲဒီတော့ ၃၁–ဘုံမှာ အဲဒီလိုဖြစ်တာက ကျယ်ဝန်းတယ်ထား။ ကိုယ့်ကိစ္စနဲ့ကိုယ် ပြောကြပါစို့။ ကိုယ့်ကိစ္စနဲ့ကိုယ် ပြောတယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အားလုံး လူတွေချည်း ပေါ့ဗျာ။ ဒီတရားပွဲထဲမှာ တရားနာနေတာ။ ဘာတွေလဲ။ (လူတွေပါ ဘုရား)။ နတ်တွေပါတာတော့ ကိုယ်မမြင်လို့ ထားလိုက်ပါ။ ရှိမှာ။ ဒီအထဲ။ နတ်ကိုက တရားပွဲဆို နတ်က အင်မတန် သဘောကျတာကိုးဗျနော်။ ဓမ္မစကြာတရားဟောတော့ လူဘယ်နှစ်ယောက်ပါသလဲ။ ငါးယောက်ပါပဲ နော်။ အရှင်ကောဏ္ဍညကြီးအစ၊ ဟိုမှာ ရှင်အဿဇိတို့ ဟုတ်လား။ ဘယ်နှစ် ဦးပါလဲ။ (ငါးဦးပါဘုရား)။ ငါးဦးထဲရယ် – နော်။ တရားတစ်ပွဲလုံးမှာ လူပုဂ္ဂိုလ် ငါးဦးထဲပါတာ။ အဲဒီမှာ ဗြဟ္မာတစ်ဆယ့်ရှစ်

www.burmeseclassic.com



ကုဋ္ဌေပါတယ်။ အမယ်လေးလေး – နည်းနည်းနောနောလား။ နတ်အသင်္ချေ တရားနာတာတဲ့။ ရှင်းပြီနော်။ အဲဒီတော့ ယနေ့တရားပွဲထဲမှာလဲ ''သမန္တာ စက္ကဝါဠေသု'' ဆိုတော့ ရှိသမျှ သမှာ ဒေဝ နတ်တွေ မဖိတ်ရဘူးလား။ (ဖိတ်ရပါတယ်)။ အကုန်ဖိတ်ရတာပဲ။

ကဲ – အခုဟောနေတဲ့ တရားက ဘုန်းကြီးတရားလား။ ဘုရားတရား လား။ (ဘုရားတရားပါ)။ ဘုရားတရားကို ဆရာတော်ဘုရားကြီးက ဟောလို့ ထပ်ဆင့်ပြီးတော့ကို ယောဂီတွေကို ကျေးဇူး ပြုနေတာ။ အဲဒီတော့ ယခုတရားပွဲထဲမှာ ယောဂီကတော့ ဒီတစ်ပါတ် ငါးရာမကျော်ဘူးဗျနော်။ ငါးရာမကျော်သေးပေမဲ့ နတ်တွေဟာ ရေလို့ရပ့်မလား။ (မရပါဘူးဘုရား)။ ဒါက ဟိုက ဓမ္မစကြာနဲ့ သမန္တာအထောက်အထားနဲ့ ဘုန်းကြီးကျေးဇူးပြုတာပါ။ ကိုယ်သာ မမြင်ရတာကိုး။

အဲဒီတော့ အားလုံးလူတွေမှန်သော်လည်းပဲ အင်း – အမျိုးသားယောကျ်ားက တစ်မျိုး၊ မိန်းမကတစ်မျိုး၊ ဒီမှာ သံဃာကတစ်မျိုး၊ သီလရှင်ကတစ်မျိုးနဲ့ ဒီမှာ ပရိသတ် လေးမျိုးတွေ့နေရတယ်။ ရဟန်းပရိသတ်က တစ်မျိုးနော်။ ဒကာ ပရိသတ်က တစ်မျိုး၊ ဒကာမ ပရိသတ်က တစ်မျိုး၊ သီလရှင်ပရိသတ်က တစ်မျိုးနဲ့ အားလုံးဘယ်နှစ်မျိုးလဲ။ (လေးမျိုးပါ ဘုရား)။ အခု – ဒီပရိသတ်ကြီး ထဲမှာကို လေးမျိုးတွေ့နေရတယ်။ ဒီလိုဖြင့်ရင် အဲဒီလေးမျိုးသည် တစ်တန်းတစ်စားတည်း ဟုတ်ရဲ့လား။ (မဟုတ်ပါဘူးဘုရား)။ သမုတိသစ္စာနဲ့ကြည့်တော့ တစ်တန်းတစ်စား ဟုတ်ရဲ့လား။ (မဟုတ်ပါဘူးဘုရား)။ ရဟန်းက ရဟန်းပဲ။ ဒကာက ဒကာပဲ။ ဒကာမက ဒကာမပဲ။ သီလရှင်က သီလရှင် အဓိပ္ပါယ်ပေါ့။ ဒီလိုဖြင့် အဲဒီလို တစ်ဦးနဲ့တစ်ဦး ကွဲပြားခြားနားနေတာသည် ယောကျ်ား ရယ်၊ မိန်းမရယ် စသည်ဖြင့်ပေါ့လေ။ အုပ်စုခွဲလိုက်ရင် နှစ်အုပ်စုပဲရှိတယ်။ ဘယ်နှအုပ်စု (နှစ်အုပ် စုပါဘုရား)။ ကျား့အုပ်စုနဲ့ (မ့အုပ်စုပါဘုရား)။

ကဲ – ဒီလိုဖြင့် ကျား့အုပ်စု ယောကျ်ားဖြစ်၊ မ့အုပ်စု မိန်းမဖြစ်။ မြန်မာနိုင်ငံကို သန်းခေါင် စာရင်းနဲ့ကြည့်မယ်ဆိုရင် ကျားနဲ့မ ဘယ်ဟာများ။ (မ့က များပါတယ် ဘုရား)။ ကျားနဲ့ မ့နဲ့ ဆိုရင်လေ။ ဒီမှာ သန်းခေါင်စာရင်း ဌာနက လူတွေပါပါလိမ့်မယ် ထင်ပါရဲ့ –နော်။ ဘာပြောပြော တစ်ကမ္ဘာလုံး လူဦးရေကောက်ရင် ယောကျ်ားဦးရေက နည်းနေတယ်။ ဘာဖြစ် နေတာလဲ။ (နည်းနေတယ်)။ ယောကျ်ားဦးရေနည်းနေတယ် – နော်။

အဲဒီတော့ အမျိုးသမီးဦးရေက မများဘူးလား။ များပါတယ်။ ဘုန်းကြီးတို့ အခု ဒီမှာရှိနေတဲ့ ယောဂီ၊ ဒီရိပ်သာမှာ ဆိုလို့ရှိရင် ယောကျ်ားဦးရေနည်းပါတယ်။ ဒါပေမဲ့ တစ်ပြည်လုံး အတိုင်းအတာ နဲ့ကြည့်ရင် ဘုန်းကြီးတို့ အောင်ဆန်းရိပ်သာက စံချိန်ချိုးတယ်။ ယောကျ်ားများလို့။ ဘာဖြစ်လို့လဲ။ (ယောကျ်ားများလို့ပါ ဘုရား)။

အဲဒီတော့ အခု ကုသိုလ်ကောင်းမှုတွေ လုပ်တဲ့အခါကျတော့လည်း မိန်းမတွေက များတာပေါ့။ ဒါကြောင့်လည်းပဲ နတ်ပြည်မှာ ဘယ်သူတွေ များတာလဲ။ (နတ်သမီးတွေ များပါတယ်)။ နတ်သမီးတွေ များနေတာ နော်။ နတ်သားတစ်ပါးမှာ နတ်သမီး ငါးရာ တစ်ထောင်တဲ့။ အမလေး – အဲဒီတော့ နတ်သားဦးရေ အတော်နည်းတယ်ဗျ။ အခု မြန်မာနိုင်ငံ သန်းခေါင်စာရင်းနဲ့ ဘုန်းကြီးက တစ်ခါ တစ်ခါ စိတ်ကူးယဉ်ကြည့်ပါတယ်။ မြန်မာနိုင်ငံရှိတဲ့ သန်းခေါင်စာရင်းနဲ့ ယှဉ်လိုက်ရင် အမျိုးသားဦး



www.burmeseclassic.com

www.burmeseclassic.com



ရေနဲ့ အမျိုးသမီးဦးရေ၊ ဒကာဦးရေနဲ့ ဒကာမဦးရေ ယှဉ်လိုက်ရင် ဒီလောက်တော့ မကွာလှဘူးဗျ။ ထား – လေးပုံတစ်ပုံလောက်ကွာ တယ်ထား။ နတ်ပြည်ကျတော့ နတ်သားတစ်ယောက်ကို နတ်သမီး ဘယ်နှယောက်။ (ငါးရာပါ ဘုရား)။ အနည်းလေး တစ်ထောင်။ ဒကာတွေ စာရင်း ပျောက်သွားပြီ။ စဉ်းစားကြည့်တယ်။ ဒီဒကာတွေ ဘယ်ရောက်သွားပါလိမ့်မလဲ။ ဘာလို့ဆိုတော့ လူ့ပြည်မှာ ရှိတဲ့စာရင်းနဲ့ နတ်ပြည်ရှိတဲ့စာရင်း ယှဉ်ကြည့်ရင် ဒကာတွေအများကြီး စာရင်းပျောက် နေတယ်။

ကဲ–အဲဒီတော့ ဒကာမကြီးတွေ စဉ်းစားကြည့်၊ ဒီဒကာတွေ ဘယ်သွားနေလဲ။ စဉ်းစား စရာနော်။ အမယ် – နိဗ္ဗာန်ရောက်နေတယ်။ နည်းနည်းမှ အလျှော့မပေးဘူး။ နိဗ္ဗာန်တက်သွားတယ်။ ဟုတ်တယ်။ ဒါကြောင့် သန်းခေါင်စာရင်း ပျောက်သွားတာ။ နိဗ္ဗာန်တက်သွားတယ်။ နိဗ္ဗာန် တက် သွားတော့ သန်းခေါင်စာရင်း ပျောက်သွားပြီ။ လူ့သန်းခေါင် စာရင်းလည်းမပါ၊ နတ်သန်းခေါင် စာရင်းလည်းမပါ၊ ငရဲကျတော့မပါဘူးနော်။ အဓိပ္ပါယ် – အဓိပ္ပါယ် ဟုတ်လား။

အေး – အဲဒီတော့ ယောကျ်ားဖြစ်ဖြစ် မိန်းမ ဖြစ်ဖြစ် ဒီလိုဖြစ်ပေါ်လာတာ ဘယ်သိကြား၊ ပြဟ္မာ၊ နတ်၊ ဝိဿကမှ ဖန်တီးတာမဟုတ်ဘူး။ ကိုယ်ပြုတဲ့အကြောင်းတရားကြောင့် ဖြစ်ပေါ်သော အကျိုးတရားလို့ ဒကာ၊ ဒကာမတွေ ဒီလိုနားမလည်ရဘူးလား။ (နားလည်ရပါမယ်ဘုရား)။ အဲဒီ လောက် နားလည်သဘောပေါက်သွားပြီဆိုရင် အကြောင်းအကျိုး၊ တခြား အကြောင်းအကျိုးလား။ ကံအကြောင်း အကျိုးလား။ (ကံအကြောင်းအကျိုးပါ ဘုရား)။ ကံအကြောင်း အကျိုးကို သိတာက တခြားလား။ ဉာဏ်လား။ (ဉာဏ်ပါ ဘုရား)။ အဲဒီ ဉာဏ်ကို ဘာဉာဏ်ခေါ်။ (ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ပါဘုရား)။ အဲဒီ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ကို သဘောပေါက် နားလည်ကျင့်သုံး ရင် နိယတမိစ္ဆာဒိဋ္ဌိက လွတ်သွားတယ်။ နိယတမိစ္ဆာဒိဋ္ဌိ လွတ်သော်လည်းပဲ နိဗ္ဗာန်ဆိုတဲ့ တရား သည် ဒကာ၊ ဒကာမတွေ အဝေးကြီးကျန်သေးတယ်။ (မှန်လှပါ)။ တစ်ဆင့်ချင်း တက်ရဦးမယ်။ ရှင်းကော ရှင်းရဲ့လား။

အဲဒီတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်မှာ သိသင့် သိထိုက် သိအပ်တဲ့တရားသည် ယနေ့ တစ်ချိန်တည်းနဲ့တော့ မပြီးဘူး။ နောက်နေ့ကျမှ ဘုန်းကြီး ဒါဆက်ပြီးတော့ ကျေးဇူးပြုမယ်နော်။ ကဲ – ဒီညနေတော့ ဒီလောက်နဲ့ နိဂုံးချုပ်ပြီး တရားပွဲနားလိုက်ကြရအောင်။

(သာဓု – သာဓု – သာဓု)



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇–ရက် (၁၀.၈.၂၀၀၂) နံနက်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ ––

ဤဓမ္မသဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက်ရှိပြီပဲ။ (၅–ရက်မြောက်ပါဘုရား)။ ယနေ့ တရားစခန်းပွဲ ၅–ရက် ဖြစ်သွားပြီ။ ၁၀ ရက်တရားစခန်းပွဲ ၅–ရက်ဆိုတော့ တစ်ဝက်ကျိုးသွားပြီ–ဟုတ်လား။ နေ့စဉ်နေ့တိုင်းပဲ ပဋိစ္စသမုပ္ပါဒ်သင်တန်းပဲ အခြေခံပြီးတော့ ကျေးဇူးပြုရတာပေါ့နော်။ (မှန်ပါ့ဘုရား)။

### အဝိဇ္ဇာရန်သူ

ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို သင်လို့ ပဋိစ္စသမုပ္ပါဒ်ကို ထိုက်သည်အားလျော်စွာ နားလည်သွားရင် ယောဂီတို့ ဒိဋ္ဌိကို အသိဉာဏ်နဲ့ ဖြုတ်ပါတယ်။ အဲဒီတော့ အားလုံးသော သတ္တဝါတိုင်း သတ္တဝါတိုင်း သူသူငါငါ တကယ်တော့ အဝိဇ္ဇာ ရန်သူကြီးဟာ ဒိဋ္ဌိပါပဲယောဂီတို့။ ဘယ်သူပါလိမ့်။ (ဒိဋ္ဌိပါဘုရား)။ သိပ်ကြောက်စရာကောင်းတဲ့ ဒိဋ္ဌိပဲနော်။ အဲဒီဒိဋ္ဌိကို အသိနဲ့ဖြုတ် အပွားနဲ့ဖြုတ် အပယ်နဲ့ဖြုတ်ဖို့ အတွက်က အခြေခံနားလည်ရမယ့် တရားကပဋိစ္စသမုပ္ပါဒ်နော်။ ဘာတရားပါလိမ့်။ (ပဋိစ္စသမုပ္ပါဒ်ပါဘုရား)။ အဲဒီတော့ အဲဒီ ပဋိစ္စသမုပ္ပါဒ်တရားကို ဘုန်းကြီးတို့ အခြေခံထားပြီး သင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို နားမလည်ရင် ဆရာတော်ဘုရားကြီးက လူဖြစ်ကျိုးမနပ်ပါဘူးတဲ့။

အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ဆိုတာ အင်မတန်ကျယ်ဝန်းတဲ့တရား ဖြစ်ပါတယ်။ ဒါကြောင့်မို့



www.burmeseclassic.com

www.burmeseclassic.com



အကုန်လုံးခြုံပြီးတော့ ဘုန်းကြီးတို့ သိနိုင်စွမ်းမရှိကြပါဘူး–နော်။ တစ်ပိုင်း တစ်ပိုင်း တစ်ပိုင်း သူ့ဟာလေးနဲ့သူ ကွင်းဆက် ကွင်းဆက်ကလေး ဒီလိုသိရတဲ့တရားဖြစ်တဲ့အတွက်ကြောင့် အခု ၁၀–ရက်စခန်းပွဲ အတိုင်းအတာဆိုတာ ပဋိစ္စသမုပ္ပါဒ်က လိပ်ပတ်မလည်ပါဘူး။ ယောဂီတို့ ဟုတ်လား။ ဒါလောက် နက်နဲကျယ်ဝန်းလှတဲ့ တရားကြီးက ဒီ ၁၀–ရက်လောက်နဲ့ လိပ်ပတ်လည်နိုင်ပါ့မလား။ (မလည်ပါဘူးဘုရား)။ အော်–လိပ်ပတ်မလည်နိုင်သော်လည်းပဲ ယောဂီတို့ အားငယ်စရာတော့ မရှိဘူးနော်။

ဘာလို့လဲဆိုတော့ ဆရာကောင်းနဲ့ တွေ့တဲ့အချိန်ခါမှာ အရဏ်တက်တယ်လို့ မပြောဘူးလား။ (ပြောပါတယ်ဘုရား)။ ဆရာကောင်းနဲ့တွေ့ရင် (အရဏ်တက်ပါတယ်ဘုရား)။ အရဏ်တက်တယ် ဆိုတာ နေထွက်တော့မယ်လို့ ပြောတာပေါ့ဗျာ။ အဲဒီတော့ ယနေ့ဘုန်းကြီးတို့ အားလုံးသောယောဂီများ ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ အသံတော်တွေ တရားတော်တွေကို နာကြား၊ သူ့ရဲ့ညွှန်ကြားချက်တွေကို အခုလိုက်နာကျင့်သုံးနေရတာကိုကပဲ ဒါ–အရဏ်တက်နေပြီပေါ့နော်။ အေး–အရဏ်တက်နေရင် နည်းနည်းလေး ဝီရိယလေးတင်ပြီးတော့ ကြိုးစားလိုက်ရင် ယောဂီတို့ ဒီဘဝ သေသေချာချာ ကျွတ်တမ်းမဝင်ဘူးဆိုရင် ဒီလိုဘဝမျိုး နောက်ပြန်ရဖို့ လွယ်ပါ့မလား။ (မလွယ်ပါဘူးဘုရား)။ ဒါ–သိပ်အရေးကြီးလို့ သတိပေးတာပါနော်။ အေး–အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာသည် ကိုယ့်အတွက် အရေးကြီးဆုံးပဲလို့ ဆုံးဖြတ်ချက်ချပြီးတော့ ဘုန်းကြီးတို့ မနက်ပိုင်း စက်ပိုင်း ဒေသနာလေးတစ်ခေါက် လှည့်ပြီးတော့ ပူဇော်ပြီးတော့ သင်တန်းသွားကြရအောင်နော်။ ကဲ–မူလနှစ်ဖြာ ဆိုလိုက်ပါဦး။

***မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ္ဋသုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာ နှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်၊ သိစေအပ်သည်။ သံသရာမှ လွတ်ကြောင်းတည်း။**

ကဲ–စက်ဝိုင်းလည်းပဲ မိမိတို့ ထောက်တတ်သွားပေါ့–နော်။ တကယ်တော့ ဒီစက်ဝိုင်းကြီးဆိုတာ ကိုယ့်ဖြစ်စဉ်တွေပါ ယောဂီတို့။ ကိုယ့်ဖြစ်စဉ်တွေကို ဒီထဲမှာ မြင်လွယ် ထင်လွယ် သိလွယ်အောင် ဆိုပြီးတော့ စက်ဝိုင်းမှာ စာနဲ့ ရေးချပြထားခြင်း ဖြစ်ပါတယ်။ (မှန်လှပါ)။ ဒါကြောင့် ဒီစက်ဝိုင်းကို ထောက်တိုင်း ထောက်တိုင်း – ဩော်– ငါတို့၏ ခန္ဓာကြီး ဒီလိုပါလားလို့ ယောဂီတို့ ခန္ဓာထဲကို ဉာဏ်လှည့်ရမှာ–နော်။ ဒီတော့ နားကတရားနာ ဉာဏ်ကခန္ဓာလှည့်ဆိုတာလို ဒီမှာ စက်ဝိုင်း ထောက်တိုင်း ထောက်တိုင်းမှာ ဉာဏ်ကတခြားရောက်ရမှာလား၊ ခန္ဓာထဲရောက်ရမှာလား။ (ခန္ဓာထဲရောက်ရမှာပါဘုရား)။

မွေက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ကို အဆီထုတ်လိုက်တော့ ဆရာတော်ဘုရားကြီးက ဘယ်နှစ်မျိုးမိန့်လဲ။ (ဂ–မျိုးပါဘုရား)။ ဂ–မျိုးက ဘာတွေပါလိမ့်။ (ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ အရှခံ၊ အရှဉာဏ်ပါဘုရား)။ ဒီ ဂ–မျိုးကတော့ မသိလို့မရဘူးပေါ့နော်။ (မှန်လှပါ)။

ဒီ ဂ–မျိုးမှာ မနေ့ကလည်း စခဲ့တဲ့ခန္ဓာအကြောင်း ပြောရမယ်နော်။ ဘာပါလိမ့်။ (ခန္ဓာပါဘုရား)။ ဒီလိုဖြင့် ခန္ဓာဆိုတာဟာ တခြားလား၊ အပေါင်း အစုလား။ (အပေါင်းအစုပါဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ။ အဲဒီ ခန္ဓာကို ခန္ဓာမှန်းမသိရင် ဒိဋ္ဌိ ဖြစ်တယ်။ ဒိဋ္ဌိတွင် သက္ကာယဒိဋ္ဌိဆိုတာ ယောဂီတို့ အခြေခံမဟုတ်ဘူးလား။ သက္ကာယရယ် ဒိဋ္ဌိရယ်တဲ့။ နှစ်ပုဒ်။ **သန္တော ကာယော သက္ကာယော၊ သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။** သန္တော–ထင်ရှားရှိသော၊ ကာယော– ခန္ဓာ ၅–ပါး အပေါင်းတည်း၊ သက္ကယော – ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်း၊ သက္ကာယေ–ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ ၅–ပါးအပေါင်း၌၊ ပဝတ္တာဒိဋ္ဌိ –ဖြစ်သောဒိဋ္ဌိ ဆိုတော့၊ သက္ကာယဆိုတာ ထင်ရှားရှိသောတရား။ ဒိဋ္ဌိက အယူမှား။ ဒိဋ္ဌိက (အယူမှားပါဘုရား)။

ဒီလိုဖြင့်ရင် ထင်ရှားရှိသောတရားကို ထင်ထင်ရှားရှားရှိတဲ့အတိုင်း မမြင်ဘဲနဲ့ အမှားမြင်တာကို ဘယ်လိုခေါ်ပါလိမ့်။ (ဒိဋ္ဌိပါဘုရား)။ ဒိဋ္ဌိ။ အမှားမြင်တာကို (ဒိဋ္ဌိ)။ အမှန်မြင်ရင် သမ္မာဒိဋ္ဌိ။ အမှန်ကိုမမြင်တဲ့အတွက် သူသည် အမှားမြင်တာကို သူသည်တခြားလား၊ ဒိဋ္ဌိလား။ (ဒိဋ္ဌိပါဘုရား)။ တကယ်တော့ သူကမိစ္ဆာဒိဋ္ဌိလို့ပြောရမှာ။ ဒိဋ္ဌိဆိုရင် ပြည့်စုံနေပြီနော်။ မိစ္ဆာထည့်စရာ မလိုတော့ဘူး။ သူကခန္ဓာကိုသာ အမှန်မမြင်တဲ့အပြစ်ဆိုတော့ နည်းနည်းတော်သေးတာပေါ့။ ဟိုလို ဒုစရိုက် အပြစ် ကြီးမဟုတ်ဘူးနော်။ ဘယ်လို အယူမှားတာလည်းဆိုတော့ ထင်ရှားရှိသော တရားကို ထင်ရှားရှိတဲ့အတိုင်း မမြင်ဘဲနဲ့ သူငါတစ်ပါး ယောကျ်ား မိန်းမ ငါ့သမီး ငါ့သား ငါးဥစ္စာလို့ အမှားမြင်တာ။ အမှားမြင်တာနော်။ ဒီလိုဖြင့်ရင် ဘုန်းကြီးတို့ ကြောက်စရာအကောင်းဆုံး အခြေခံဒိဋ္ဌိကဘယ်သူလဲ။ သက္ကာယဒိဋ္ဌိ။ သူ့ထက် ပိုပြီးကြောက်စရာကောင်းတာက နိယတမိစ္ဆာဒိဋ္ဌိ။ မနေ့ညနေကတည်းက ဘုန်းကြီးတို့စကားစပြီးခဲ့ပြီနော်။ (မှန်ပါ)။ နိယတမိစ္ဆာဒိဋ္ဌိကတော့ ဒကာ၊ ဒကာမတွေ အထက်မတက်ဘူး။ သွားတော့၊ အောက်ဆင်းရုံသက်သက်ပဲ။

သက္ကာယဒိဋ္ဌိကတော့ အထက်လည်းတက်နိုင်သေးတယ်။ လူ့ပြည်လည်း ရောက်နိုင်သေးတယ်။ နတ်ပြည်လည်း ရောက်နိုင်သေးတယ်။ ဗြဟ္မာပြည်လည်း ရောက်နိုင်သေးတယ်။ နိဗ္ဗာန်သာ သူက မရောက်တာကိုး။ နိယတမိစ္ဆာဒိဋ္ဌိကတော့ နတ်ပြည်လည်းမရောက်၊ လူ့ပြည်လည်း မရောက်၊ ဗြဟ္မာပြည်လည်းမရောက်။ ဘယ်သွားမှာလဲ။ (အပါယ်ပါဘုရား)။ အပါယ်တောင်မှပဲ ရိုးရိုးတန်းတန်း အပါယ်လား၊ သံသရာသစ်ငုတ်လား။ (သံသရာသစ်ငုတ်ပါဘုရား)။ အဲဒါက နိယတမိစ္ဆာဒိဋ္ဌိ တစ်ပိုင်းထားလိုက်။ အခု ယောဂီတို့ကို ကျေးဇူးပြုရမှာက သက္ကာယဒိဋ္ဌိ။ ဘာဒိဋ္ဌိ။ (သက္ကာယဒိဋ္ဌိပါဘုရား)။

**ဗုဒ္ဓဘာသာစစ်စစ်ဖြစ်လိုသော်**

ဘာဖြစ်လို့ သက္ကာယဒိဋ္ဌိရှိသလဲ။ တစ်ဆင့်တက်မယ်။ အမှန်ကို မမြင်လို့။ ဘာကိုမမြင်လို့။ (အမှန်ကို မမြင်လို့ပါဘုရား)။ သို့ဖြင့်အမှန်တရားရှိနေတာသည် တခြားရှိနေတာလား၊ ခန္ဓာတွေ ရှိနေတာလား။ (ခန္ဓာတွေ ရှိနေတာပါဘုရား)။ ခန္ဓာက ၅–ပါးရှိတယ်နော်။ ခန္ဓာဘယ်နှစ်ပါး။ (၅–ပါးပါဘုရား)။ ကဲ ဆိုလိုက် စမ်းပါ။

(၁) ရူပက္ခန္ဓာ
(၂) ဝေဒနာက္ခန္ဓာ
(၃) သညာက္ခန္ဓာ
(၄) သင်္ခါရက္ခန္ဓာ
(၅) ဝိညာဏက္ခန္ဓာ ပါဘုရား။



www.burmeseclassic.com

www.burmeseclassic.com



အဲတော့ အဲဒီ ခန္ဓာ ၅-ပါးသည် ကိုယ့်မှာ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဒီတော့ ခန္ဓာ အကြောင်းပြောမယ်ဆိုတော့ ဘုန်းကြီးတို့ဝဋ်နဲ့ပြောတဲ့အခါမှာ ဝဋ်သုံးပါးရှိတယ်နော်။ ဝဋ်သုံးမျိုးက ဘာဝဋ် ဘာဝဋ်လဲ။ (ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ပါဘုရား)။ အဲဒီတော့ ကိလေသဝဋ်နဲ့ ကမ္မဝဋ်က ဘယ်အကွက်ထဲမှာလဲ။ (နံပါတ်တစ် အကွက်ထဲမှာပါဘုရား)။ နံပါတ်တစ် အကွက်သည် ဘယ်ကာလက (လွန်လေပြီးသော အတိတ်ကာလပါဘုရား)။ လွန်လေပြီးသော အတိတ်ကာလမှာ ကိလေသဝဋ်နှင့် ကမ္မဝဋ်တွေ ရှိနေတယ်။ သို့ဖြင့် အဲဒီကိလေသဝဋ်နှင့် ကမ္မဝဋ်က အသားလွတ် ဖြစ်နေတာလား။ ကိုယ်လုပ်ခဲ့တာလား။ (ကိုယ်လုပ်ခဲ့တာပါဘုရား)။ ဟောဒီ တရားဟောတဲ့ဘုန်းကြီး တရားနာတဲ့ ဒကာ၊ ဒကာမတွေ လုပ်ခဲ့တာ ဘာဝဋ်နဲ့ ဘာဝဋ်နဲ့ လုပ်ခဲ့တာလဲ။ (ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပါဘုရား)။ ကိလေသဝဋ် ဘယ်နှစ်ပါးလုပ်။ (၃-ပါးပါ ဘုရား)။ ကမ္မဝဋ်ဘယ်နှစ်ပါးလုပ်။ (၂-ပါးပါ ဘုရား)။ ပေါင်းလိုက်တော့ အတိတ်ကာလက ဝဋ် ၅-ပါးလုပ်ခဲ့တယ်။ ဝဋ်ဘယ်နှစ် ပါး။ (၅-ပါးပါဘုရား)။ ကိလေသဝဋ်သုံးပါးနှင့် ကမ္မဝဋ်နှစ်ပါး ပေါင်း ဘယ်နှစ်ပါး။ (၅-ပါးပါဘုရား)။

အဲဒီ ၅-ပါး လုပ်ခဲ့တာကို အဝိဇ္ဇာနဲ့တဏှာရင်းခံ ဥပါဒါန် ကံကြောင့် ရုပ်နာမ်ပေါ်လို့ ရှင်းတဲ့အခါက ဒီနံပါတ်တစ် တစ်ကွက်လုံးကို ဘုန်းကြီးတို့ ကောက်ပြီးခဲ့ပြီ။ နံပါတ်တစ် အကွက်ထဲကို ထောက်လိုက်တဲ့အခါ အဲဒီမှာ အဝိဇ္ဇာသည် ဘာဝဋ်။ (ကိလေသဝဋ်ပါဘုရား)။ သင်္ခါရက ဘာဝဋ် (ကမ္မဝဋ်ပါဘုရား)။ တဏှာက ဘာဝဋ်။ (ကမ္မဝဋ်ပါဘုရား)။ အဲဒါက ဘုန်းကြီးက ဒီလိုထောက်ပေးလို့ ယောဂီတို့ပြောရတာ။ အဲဒါက ထောက်စရာမလို ကိုယ့်ဟာကိုယ် တန်းပြီးတော့ ဒီလိုမှတ်ထားရ မယ်ပေါ့နော်။ ဒီမှာပြောလိုက်တော့ ကိလေသဝဋ် ၃-ပါးက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။ အဝိဇ္ဇာရယ် တဏှာရယ် ဥပါဒါန်ရယ် ဒီသုံးမျိုးဟာ ဟော နံပါတ်တစ်အကွက်ထဲမှာ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဒီမှာ ဘာရှိလဲ။ (အဝိဇ္ဇာ)။ ဒီဘက်ကျ (တဏှာပါဘုရား)။ ဒီဘက်ကျတော့ (ဥပါဒါန်ပါဘုရား)။

ခုန စောစောက ဘုန်းကြီးတို့ ထောက်တာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။ အခုလည်းပဲ ဒီမှာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။ ဒီလိုဖြင့် နံပါတ်တစ်အကွက်ထဲမှာ ဘုန်းကြီးတို့ ဘာဝဋ်တွေရှိလဲ။ (ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပါဘုရား)။ ကိလေသဝဋ်က သူ့ချည်းပဲ ဖြစ်တာလား၊ ကမ္မဝဋ်နဲ့တွဲနေတာ လား။ (ကမ္မဝဋ်နဲ့တွဲနေတာပါဘုရား)။ နံပါတ်တစ် အကွက်ထဲမှာ ကမ္မဝဋ်နှစ်ပါးက ဘယ်သူနဲ့ ဘယ်သူလဲ။ (သင်္ခါရနဲ့ ကမ္မဘဝပါ ဘုရား)။ သင်္ခါရနဲ့ဘဝ။ အဲဒီဝဋ်နှစ်ပါးကို ဘယ်ကာလက လုပ်ခဲ့။ (လွန်လေပြီးသော အတိတ်ကာလပါဘုရား)။

ဒီလိုဖြင့်ရင် အဲဒါသည် အလွှာနဲ့ပြောတော့ ဘာအလွှာ။ (အတိတ် အကြောင်း တစ်လွှာပါ ဘုရား)။ ဘာသစ္စာတွေလုပ်ခဲ့ (သမုဒယသစ္စာပါဘုရား)။ ဘယ်သူလုပ်တာလဲ။ (ကိုယ်လုပ်တာပါဘုရား)။ ဩော်၊ အားလုံးသော သူသူငါငါ ဘုန်းကြီးတို့ဒကာ၊ ဒကာမတွေ အကုန်လုပ်ခဲ့တယ်။ ကိုယ်ပြုခဲ့ တာသည် အကြောင်းကိုလုပ်ရင် အကျိုးရပါလိမ့်မယ်။ အကြောင်းရှိရင် အကျိုးရှိပါလိမ့်မယ်။ ဒါ မြတ်စွာဘုရားတိုက်ရိုက်ဟောထားတဲ့ ဒေသနာတွေနော်။ အကြောင်းရှိရင် (အကျိုးရှိပါတယ်ဘုရား)။ ခုနကဝဋ်နဲ့ပြောတဲ့အခါကျတော့ ဝဋ်နှစ်မျိုး အကြောင်း လုပ်ခဲ့တယ်။ တရားကိုယ်နဲ့တွက်လိုက်တော့ ၅-မျိုးလုပ်ခဲ့တယ်။ ၅-မျိုးက ဘာတွေလဲ။ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝပါဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါက စာရေးထားတဲ့အတိုင်း အစဉ်အတိုင်း ပြောသွားတာပေါ့။ အဲဒီတရား ၅–မျိုး၊ ဝဋ် ၂–မျိုးကိုလုပ်ခဲ့သည့်အတွက်ကြောင့် အဲဒီဝဋ်နှစ်မျိုးသည် အကြောင်း။ လွန်လေပြီးသော အတိတ်ကာလက အဲဒီ အကြောင်းတရားတွေ လုပ်ခဲ့တဲ့အတွက် ပစ္စုပ္ပန်မှာ တခြားရတာလား။ ခန္ဓာငါးပါး ရတာလား။ (ခန္ဓာငါးပါး ရပါတယ်ဘုရား)။ အခု ခန္ဓာအကြောင်း သင်နေပြီနော်။ အခု ဘုန်းကြီးတို့ပစ္စုပ္ပန်မှာ ဘာရပါလိမ့်။ (ခန္ဓာငါးပါးပါဘုရား)။ ပစ္စုပ္ပန်ခန္ဓာ ငါးပါးကို ဆိုကြည့်ပါ။ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဘုရား)။ ခန္ဓာငါးပါး။

ဟုတ်ပြီ––ဒီတော့။ ခုနကဆိုသွားတာက ယောဂီတို့ စာရွက်ထဲမှာ ရှိတာက ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။ ဘယ်နှစ်ပါး (၅–ပါးပါဘုရား)။ အခေါ်အဝေါ်နှစ်မျိုးပြောင်းနေတယ်နော်။ ဒီမှာက ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တစ်မျိုး။ ဒီမှာကတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာက တစ်မျိုး ဆိုတော့ ဒီဥစ္စာလေးကိုတွဲမပြရင် ယောဂီဘယ်တော့မှ နားလည်မှာလည်း မဟုတ်ဘူး။ ဘာလို့ဆိုတော့ မတွေ့ဖူးဘူးကိုး။ အဲဒါကြောင့်မို့ ဆရာတော်ဘုရားကြီးက သူ့ခန္ဓာနဲ့ခန္ဓာကို တွဲတွဲ ပြီးတော့ သင်ရမယ်တဲ့––နော်။ တွဲလိုက်တဲ့အခါကျတော့ ဝိညာဉ်က ဝိညာဏက္ခန္ဓာ ၁–ပါး။ ရုပ်နာမ်က စေတသိက်ခန္ဓာ ၃–ပါး၊ ရုပ်ခန္ဓာ ၁–ပါး၊ ပေါင်း ၅–ပါး၊ ဖဿနဲ့ဝေဒနာကလည်း စေတသိက် ခန္ဓာဆိုတဲ့ ဝေဒနက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဖြစ်နေတဲ့အတွက် အတူပေါင်းလိုက်တော့ အထက် က ၅–ပါး၊ သိသွားပြီ။ သူ့နည်းနဲ့သူ ဟောတဲ့အခါကျတော့ နာမည် နည်းနည်းလေး အခေါ် အဝေါ်လေးပြောင်းတာပဲ။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဆိုတာက အဘိဓမ္မာနည်းနဲ့ ဟောတယ်လို့မှတ်ပါ။ ဘယ်နည်းလဲ။ (အဘိဓမ္မာနည်းပါဘုရား)။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတာ သုတ္တန်နည်းနဲ့ဟောတာ။ ဘာနည်းနဲ့ ဟောတာလဲ။ (သုတ္တန်နည်းပါဘုရား)။

ဒီတော့ အခုလည်းပဲ ပဋိစ္စသမုပ္ပါဒ် ဒေသနာမှာ တရားတွေဘယ်လောက်ပဲ ပြောနေနေ၊ ဒုက္ခ၊ ဒုက္ခမတွေ အားလုံးဝင်တာက တခြားမှာဝင်တာလား။ သစ္စာမှာ သွားဝင်နေတာလား။ (သစ္စာမှာဝင်တာပါဘုရား)။ ဒီလိုဖြင့် အကြောင်း တရားတစ်ခုလုံးကို ကြည့်တဲ့အခါကျတော့ ဘုန်းကြီးတို့ ဒုက္ခ၊ ဒုက္ခမတွေ ဘာသစ္စာမှာ သွားဝင်တာလဲ။ (သမုဒယသစ္စာမှာပါဘုရား)။ သမုဒယသစ္စာ အကြောင်းပြတဲ့အခါကျတော့ ယခုတခြားရတာလား။ ဒုက္ခရတာလား။ (ဒုက္ခ ရတာပါဘုရား)။ ဒီတော့ သစ္စာကျတော့ အကုန်လုံးသွား ဝင်နေတယ်။ ကဲ ဒီလိုဖြင့်ရင် ဘုန်းကြီးတို့ ဒုက္ခ၊ ဒုက္ခမတွေ ခန္ဓာ ၅–ပါးရတာသည် တခြားလား။ အကျိုးခန္ဓာလား။ (အကျိုးခန္ဓာပါဘုရား)။ အဲဒီအကျိုးခန္ဓာက မိုးပေါ်က ကျတာလား။ အကြောင်းတရားကြောင့်လား။ (အကြောင်းတရား ကြောင့်ပါဘုရား)။ သိပ် အရေးကြီးလာပြီနော်။ ဗြဟ္မာသိကြား ကဖန်ဆင်းထားတာလား။ အကြောင်း တရားလား။ (အကြောင်းတရားပါဘုရား)။

အဲဒီ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝဆိုတဲ့ အကြောင်းတရား ၅–ပါးထဲမှာ ပုဂ္ဂိုလ်သတ္တဝါ ဘယ်မှာရှာလို့ရမလဲ။ (မရပါဘူးဘုရား)။ ရှာလို့မရ ဘူးဆိုတာ အသိဝင်လိုက်တာဟာ ဘုရားပွင့် သွားတာပါပဲ။ တစ်သက်လုံး တစ်သံသရာလုံးက ပုဂ္ဂိုလ်သတ္တဝါလို့ ယူလာတဲ့ အယူဟာ ကမ္ဘာဦး



www.burmeseclassic.com

www.burmeseclassic.com



အစက ယူလာခဲ့တာ။ ဘုရားတစ်ဆူတစ်ဆူ ပွင့်တော့မှ ယခုလို ပဋိစ္စသမုပ္ပါဒ်လည်း မြတ်စွာဘုရားဟောလည်း ဟောလိုက်ရော၊ ဆရာကပြန်လည်း သင်လိုက်ရော ပုဂ္ဂိုလ် သတ္တဝါမပါ-ပါပဲလားလို့ တစ်ခုချင်းရှင်းလိုက်တော့ ဒကာ၊ ဒကာမတွေ မလင်းဘူးလား။ အဲဒီလိုအကြောင်းထဲမှာမှ ပုဂ္ဂိုလ်သတ္တဝါမပါရင် အကြောင်းကြောင့် ဖြစ်သော အကျိုးထဲမှာ ပါပဲ့မလား။ (မပါပါဘူး ဘုရား)။ ကောင်းပြီ ဒီလိုဖြင့်ရင်၊ အဲဒီ ခန္ဓာ ၅-ပါး ရလာတာဟာ တိတိကျကျပြောပါဆိုရင် အကြောင်းတရားကြောင့်ပဲဖြစ်တာပဲ။ အဲဒီ စကားတော် တရားတော်ဟာ ကမ္ဘာမှာ ဘယ်ဘုရားမှ မပြောနိုင်ဘူး ယောဂီတို့။

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားက လွဲ၍ ကမ္ဘာပေါ်ရှိသမျှ ဘယ်ဘုရားကမှ မဟောနိုင်ဘူးလို့ ဆုံးဖြတ်ချက်ချ။ အဲဒီလို ဒီတရားကိုနာရတာဟာ ဒကာ၊ ဒကာမတွေ ဗုဒ္ဓဘာသာအစစ်ဖြစ်တာပဲ။ ရှင်းပြီနော်။ ဒီလိုဖြင့် ဗုဒ္ဓဘာသာအစစ် ဖြစ်ချင်ရင် တခြားတရားသိရမှာလား၊ ပဋိစ္စသမုပ္ပါဒ်ကို သိရမှာလား။ (ပဋိစ္စ သမုပ္ပါဒ်ကို သိရမှာပါဘုရား)။ ဒါနတရားက နေရာတိုင်းရှိတယ်။ သီလတရား သမထတရားဘုရားမပွင့်တဲ့အချိန်အခါမှာလည်းပဲရှိတယ်။ သို့သော် ဝိပဿနာကျတော့ ဘုရားမပွင့်တဲ့ အချိန်မှာရှိရဲ့လား၊ (မရှိပါဘူးဘုရား)။ ပဋိစ္စသမုပ္ပါဒ်တရား ဘုရားမပွင့်တဲ့အချိန်မှာ ရှိရဲ့လား။ (မရှိပါဘူးဘုရား)။ ဘုရား ပွင့်ပင်ပွင့်ငြားသော်လည်း ဘုရားရဲ့အဆုံးအမတွေ မကိန်းတဲ့နေရာမှာ ဒီတရားတွေရှိရဲ့လား။ ဘုရားရဲ့သာသနာ၊ ဘုရားရဲ့ အဆုံးအမတွေကိန်းမှသာလျှင် ဒကာ၊ ဒကာမတွေ ပဋိစ္စသမုပ္ပါဒ်တရားကို နာခွင့် သိခွင့်ရတယ်လို့ ဆုံးဖြတ်ချက်ချပါ။

## ကိုယ့်အသုဘကိုယ်ကြည့်

သို့ဖြင့် ဝိညာဏ်ထဲမှာ ပုဂ္ဂိုလ်သတ္တဝါပါရဲ့လား။ (မပါ-ပါဘူးဘုရား)။ နာမ်ရုပ်ထဲမှာ (မပါ-ပါဘူး)။ သဠာယတနထဲမှာ။ (မပါ-ပါဘူး)။ ဖဿထဲမှာ (မပါ-ပါဘူး)။ ဝေဒနာထဲမှာ (မပါ-ပါဘူး)။ အဲဒါတွေသည် တခြား ဓမ္မတွေလား၊ ခန္ဓာဓမ္မတွေလား။ (ခန္ဓာဓမ္မတွေပါဘုရား)။ ပုဂ္ဂိုလ်သတ္တဝါ တစ်ခုမှမပါဘူး။ ဒါ အကြမ်းဖျင်းသွားတာပေါ့။ ကဲ--ဒီတော့--ခန္ဓာချင်း တွဲကြရအောင်။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဆိုတော့ ရူပက္ခန္ဓာ၊ လို့ပြောတာနဲ့ ဒကာ၊ ဒကာမတွေ ဟောဒီရုပ်ကိုယူလိုက်ပါ။ ရူပက္ခန္ဓာလို့ ပြောတာနဲ့ ဘာကိုနားလည်ရမလဲ။ (ရုပ်ပါဘုရား)။ သို့ပေမယ့် ဒီနေရာမှာ မကုန်သေးဘူး။ ရူပက္ခန္ဓာ။ ဟောဒီ သဠာယတနဆိုတာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။ ဘယ်နှမျိုး။ (၆-မျိုးပါဘုရား)။ စိတ်တစ်စိတ်ကို ဖယ်လိုက်။ ကျန်တဲ့ ငါးမျိုးကို ရူပက္ခန္ဓာလို့ယူပါ။ ကျန်တဲ့ ငါးမျိုးကို (ရူပက္ခန္ဓာပါဘုရား)။ စိတ်ကျတော့ ဝိညာဏက္ခန္ဓာလို့ ယူလိုက်။ စိတ်ကျတော့ (ဝိညာဏက္ခန္ဓာပါဘုရား)။ နာမ်ခန္ဓာလို့ ယူလိုက်ပေါ့ ဟုတ်လား။ အဲဒီတော့ ရူပက္ခန္ဓာလို့ ပြောတိုင်း ပြောတိုင်း ပြောတိုင်း ဒီမှာတွဲသွားတော့ နားလည်သွားပြီ။ ရုပ်တရားနဲ့ သဠာယတနက ၅-ပါးသည် ဘာခန္ဓာ။ (ရူပက္ခန္ဓာပါဘုရား)။

နောက် ဝေဒနာက္ခန္ဓာ။ ဝေဒနာက္ခန္ဓာ ဟောဒီဝေဒနာကိုယူ။ ဝေဒနာက္ခန္ဓာက ဘာကိုယူ။ (ဝေဒနာကိုယူပါတယ်ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



သညာက္ခန္ဓာ ဆိုတော့ ဒီမှာ နာမ်ကိုယူလိုက်။ နာမ်ဆိုတော့ စေတသိက် ခန္ဓာသုံးပါးတော့ ပါပြီးသားပေါ့နော်။ ဒီနေရာမှာ ဘာကို ဦးစားပေးယူရမလဲ ဆိုတော့ သညာက္ခန္ဓာကိုယူ။ သညာက္ခန္ဓာ ဆိုရင် ဒကာ၊ ဒကာမတွေ ဘာကို နားလည်မလဲ။ (နာမ်ပါ ဘုရား)။

ဖဿ သင်္ခါရက္ခန္ဓာပေါ့။ ဖဿသည် ဘာခန္ဓာ။ (သင်္ခါရက္ခန္ဓာပါဘုရား)။ သို့ဖြင့် သင်္ခါရက္ခန္ဓာ လို့ ပြောတိုင်း ပြောတိုင်း ဖဿပဲလို့ ဒီလိုနားလည်သွားပြီပေါ့။

ဝိညာဏက္ခန္ဓာကတော့ ရှင်းတယ်။ ဒီမှာ ဝိညာဏ် ဝိညာဏက္ခန္ဓာ ကျတော့ (ဝိညာဏ်)။ ဝိညာဏ်ဆိုတော့ ခန္ဓာ ၅-ပါး သူ့အဓိပ္ပါယ်နဲ့သူ မတွဲ ဘူးလား။ (တွဲပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာ ၁၀-ပါးရှိတာလား၊ ၅-ပါးပဲရှိတာလား။ (၅-ပါးပဲ ရှိတာပါဘုရား။) ဟုတ်ပြီ။ အဲဒီ ခန္ဓာ ၅-ပါးသည် ဝိပါကဝဋ်ခန္ဓာ ၅-ပါးနော်။ ဝိပါကဝဋ်ခန္ဓာ ၅-ပါးကို ဘုန်းကြီးတို့ ရနေတယ်။ အဲဒီ ဝိပါကဝဋ်ခန္ဓာ ၅-ပါးဆိုတာဟာ အတိတ်ကာလက ဟောဒီ ကုသိုလ်ကံအကြောင်း တရားကြောင့် ဖြစ်လာရသည့်အတွက်ကံပေးတဲ့ရုပ်နာမ်ပေါ့။ ဘာပေးတဲ့ရုပ်နာမ်လဲ။ (ကံပေးတဲ့ ရုပ်နာမ်ပါဘုရား)။ တစ်နည်းအားဖြင့် အရပ်ပြောပြောရရင် အမေမွေးတဲ့ ရုပ်နာမ်ပေါ့။ ဘာရုပ်နာမ်လဲ။ (အမေမွေးတဲ့ ရုပ်နာမ်ပါဘုရား)။ အခု ဘုန်းကြီးတို့ တရားဟော နေနိုင်တာ၊ အမေမွေးပေးလိုက်တဲ့ ရုပ်နာမ်ပေါ့။ တရားနာနေနိုင်တာဟာ (အမေမွေး ပေးလိုက်တဲ့ ရုပ်နာမ်ပါဘုရား)။ အဲဒါကို ကံ၊ စိတ်၊ ဥတု၊ အဟာရ၊ အဲဒီလေးပါး အထောက်အပံ့ပေးနေလို့ တရားဟော၊ တရားနာနိုင်တာ။ အဲဒီခန္ဓာသည် ဘာခန္ဓာလဲ၊ (ဝိပါကဝဋ်ခန္ဓာပါ ဘုရား)။ ဝိပါကဝဋ်ခန္ဓာဟာ အသုဘခန္ဓာပါ။ မသာပေါ်မယ့်ခန္ဓာပါ။ မြေမြှုပ် မီးသင်္ဂြိုဟ်လို့ရတဲ့ ခန္ဓာပါ။ ဟောဒီ ဘုန်းကြီးတို့ ရင်ဘတ်ကို ပုတ်ပြတဲ့ခန္ဓာဟာ ဝိပါကဝဋ် ခန္ဓာပဲ။ တစ်လံမျှလောက်ပဲ ရှိပါတယ်။ ဝိပဿနာရှုတဲ့အခါမှာ ဒီခန္ဓာကို မရှုရဘူး။

ဝိပဿနာရှုတဲ့အခါ အခု ဘုန်းကြီးတို့ မျက်စိမြင်တဲ့ ခန္ဓာရှုလို့ရပါ့မလား။ (မရပါဘူး)။ မရဘူး။ မျက်စိမြင်တဲ့ ခန္ဓာရှုလို့မရဘူး။ တစ်ဆင့်တက်မယ်နော်။ အဲဒီတော့ မျက်စိနဲ့ မြင်တဲ့ခန္ဓာက အသုဘရှုလို့ရတယ်နော်။ ဘုန်းကြီး မနေ့ညတုန်းက အသုဘအကြောင်းနည်းနည်းစခဲ့တယ်။ ရှုလို့ မရဘူးလား။ (ရပါတယ်)။ အသုဘဆိုတာ သမထ။ အသုဘကမ္မဋ္ဌာန်းသည် ဘာပါလိမ့်။ (သမထ ပါဘုရား)။ ဒီခန္ဓာကြီးသည် သေခြင်းတရားကို သံဝေဂယူလို့ရတယ်။ မရဏာနုဿတိ ကမ္မဋ္ဌာန်း။ သမထ။ ရှင်းပြီနော်။ ဒီခန္ဓာကြီး "သေတော့မယ်ဟ၊ သေတော့မယ်ဟ" လို့ ကိုယ့်ကိုယ်ကို အဖန် တလဲလဲပွားနေလို့ မရဘူးလား။ (ရပါတယ်ဘုရား)။ အဲဒီလို သေတော့မယ်ဟ ဒီခန္ဓာကြီး အရင်း တည်ပြီးပွားနေရင် ဒကာ၊ ဒကာမတွေ မရဏာနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းတဲ့အတွက် အဲဒါသမထ ဖြစ်ပါတယ်။ ဆံဖျားကနေခြေဖျား အချိန်မရွေးကြည့် ကိုယ့်ခန္ဓာကိုယ်ကို၊ မျက်စိပဲ ဖွင့်ကြည့်ကြည့်၊ မျက်စိပဲ မှိတ်ကြည့်ကြည့် ဆံဖျားကနေ ခြေဖျားကြည့်ရင် ၃၂-ကောဋ္ဌာသ မရှိ ဘူးလား။ (ရှိပါတယ် ဘုရား)။ ဆံပင်တွေ မွေးညှင်းတွေ၊ ခြေသည်းတွေ၊ လက်သည်းတွေ၊ သွားတွေ၊ အရေထူတွေ၊ အရေပါးတွေ၊ ရိုးတွင်းခြင်ဆီ၊ ကျင်ကြီးကျင်ငယ် အစရှိသည်တို့ကို အကုန်လုံးကို သူ့နေရာနဲ့သူ ခန္ဓာကိုယ်မှာ တစ်ပုံချင်းပုံကြည့် ဒကာ၊ ဒကာမတွေ ကိုယ့်ခန္ဓာကိုယ်ကြီး ကိုလေ။ ဉာဏ်နဲ့ ဉာဏ်နဲ့။ ဘာနဲ့ပုံနိုင်းတာလဲ။ (ဉာဏ်နဲ့ပါဘုရား)။ ကိုယ့်ခန္ဓာကိုယ် ဒီတိုင်းပုံလို့တော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပုံလို့ရမှာတုန်း။ သေမှာပေါ့။ ဒီတိုင်းသွားဆွဲပုံလို့။ ဘာနဲ့ပုံရမယ်။ (ဉာဏ်နဲ့)။ ဉာဏ်နဲ့ပုံတဲ့အခါ ကျတော့ ကဲ–ကိုယ့်ဉာဏ်လေးနဲ့ ဆံပင်တစ်ပုံ၊ မွေးညှင်းတစ်ပုံ၊ ခြေသည်း လက်သည်းတစ်ပုံ အကုန်လုံး ၃၂–ပါး ကောဋ္ဌာသတွေ တစ်ပုံစီပုံလိုက်ရင် အဲဒီမှာ မြတ်နိုးတွယ်တာစရာရှိရဲ့လား။ (မရှိပါဘူးဘုရား)။ တကယ်သာမြင်ရင် ဒကာ၊ ဒကာမတွေ ထမင်းတောင် စားလို့ရမှာ မဟုတ်ဘူး။ ထမင်းတောင် စားလို့ ရမှာမဟုတ်ဘူးနော်။

အဲဒါတောင်မှပဲ ဒီအသုဘတရားကို မမြင်တဲ့အခါကျတော့ စာရေးဆရာတွေက အမျိုးမျိုး ကွန့်လိုက်သေးတယ်ဗျ။ စာရေးဆရာတွေကို အပြစ်တင်တာ မဟုတ်ပါဘူး။ မျက်လုံးက ဘယ်နှယ့်။ မျက်ခုံးကဘယ့်နှယ့် ဆံပင်များဖွဲ့လိုက်တာလေ။ ပိတုန်းရောင်ကေသာ ဖြန့်လိုက်ရင်လေ ဘာတွေ ညာတွေနော်။ အဲဒီတော့ ကိုယ့်ဆံပင်ကိုယ် ထမင်းနဲ့နယ်စားလို့ စားမဲ့လူကောရှိပါ့မလား။ (မရှိပါဘူး)။ ဘုန်းကြီးတို့ ရှင်ပြုတဲ့အခါ ဒါတွေပြောပြ ရတယ်။ ခေါင်းပေါ်မှာနေတုန်းကတော့ အမြတ်တနိုး ထားလိုက်တာ။ အောက်ကျသွားတဲ့အခါ ထမင်းပွဲထဲကျတော့ ထမင်းပန်းကန်တောင် လွှင့်ပစ်ချင် တယ်။ ဟော – သို့ဖြင့် ခေါင်းပေါက်တဲ့ဆံပင်နဲ့ ကျလာတဲ့ဆံပင် ဘာထူးလဲ။ အတူတူပါပဲ။

အဲဒီတော့ ခေါင်းတုန်းကတော့ ကိုယ့်အသုဘကို ကိုယ်မမြင်ဘူး။ ကျလာတော့မှ မြင်တဲ့ အခါကျတော့ အမလေး ရွံလွန်းလို့ ထမင်းတောင် မစားနိုင်ဘူး ဖြစ်နေတာ။ ရှင်းကောရှင်းရဲ့လား။ အဲဒါကို မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ခေါင်းပေါက်နေတဲ့အခါမှာလည်း ဒီလိုပဲ အသုဘလို့ ကိုယ့်ကိုယ်ကို မြင်ရမှာ။ ဒီလိုဖြင့်ရင် ဆံဖျားကနေ ခြေဖျား တစ်ကိုယ်လုံး ကိုယ့်အသုဘကို ကိုယ်ကြည့်လို့ မရဘူးလား။ အဲဒီလိုကြည့်ရင် ကဲ ဒကာ၊ ဒကာမတွေ ကိုယ့်ခန္ဓာ တစ်ကိုယ်လုံး၊ တစ်ထည်လုံး ဘယ်ဟာ တွယ်စရာရှိလဲ။ (မရှိပါဘူးဘုရား)။ ဘယ်ဟာမှ တွယ်တာစရာ မရှိဘူး။ တွယ်တာစရာ မရှိတာ ဒါ ဘုန်းကြီးက ဒေသနာစဉ် အတိုင်းဟောတာ။

## ယောဂီတို့တက်ရမည့်လမ်း

အဲဒီ ဒေသနာစဉ် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ နှလုံးအိမ်မှာ ဝင်သွားရင် တော်ပြီ။ ဒီခန္ဓာကြီး မလိုချင်တော့ဘူးဆိုပြီးတော့ ချောင်ထိုးချင်တောင် ထိုးထားတော့မှာ။ တကယ်တော့ ထိုးထားလို့ရရဲ့လား။ မရဘူး။ မရဘူး။ ခွေးသေကောင်ပုပ် ဖက်ပြီး ဟိုဘက်ကမ်းကူးတဲ့လူလိုပဲ။ နံနံစော်စော်နဲ့ ကူးရတော့မှာပဲ။ အဲဒီတော့ ဒီခန္ဓာရဲ့ အသုဘကိုမြင်ရင် တွယ်တာဦးမလား။ (မတွယ်တာပါဘူး)။ သံဝေဂဉာဏ် ပွားပြီနော်။

ယခု ဘုန်းကြီးပြောနေတဲ့ ဝိပါကဝဋ်ခန္ဓာသည် အသုဘရှုလို့ မရဘူးလား။ ရှုစမ်းပါ ယောဂီတို့။ လွယ်လွယ်ကူကူ ရှုနိုင်တဲ့တရားတွေနော်။ သို့သော် အသုဘ ရှုတာသည် တခြားလား။ သမထလား။ (သမထပါဘုရား)။ နိဗ္ဗာန်တော့ မရောက်ဘူး။ အထောက်အပံ့ လေ့ခါးထစ်တော့ တက်ဦးမယ်။ သမထရရင် သမာဓိ မတည်ဘူးလား။ အဲဒီ သမာဓိနဲ့တစ်ဆင့်တက်ပြီးတော့ကာ ခဏိကဇာတိ၊ ခဏိက မရဏဆိုတဲ့ ရုပ်နာမ် ဓမ္မတွေကို မြင်လိုက်ရင် ဒိုင်း ဒိုင်း ဒိုင်းနဲ့ နိဗ္ဗာန်ဆိုတာ ဒကာ၊ ဒကာမတွေ ဆုတောင်းစရာမလိုဘူး။ အလိုလိုကို မမြင်နိုင်ဘူးလား။ (မြင်နိုင်ပါတယ်ဘုရား)။ ဘုန်းကြီးပြောတဲ့စကားကို လက်မခံနဲ့။ လက်တွေ့ လုပ်ကြည့်စမ်းပါ။ ရှင်းပြီနော်။ သမထ (ဝါ) ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



သမာဓိတော့ရမယ်။ အဲဒီတော့ ဆိုလိုချင်တာက ဝိပါကဝဋ်ခန္ဓာကို ဝိပဿနာရှုလို့ရပါ့မလား။ (မရပါဘူး)။ မရဘူး။ ဒီတော့မှ အဲဒီဝိပါကဝဋ်ခန္ဓာပေါ်မှာ ဓမ္မသဘောလေးတွေကို ယောဂီတို့ ထိုးထွင်းပြီး မြင်ရမယ်။ ရှင်းပြီနော်။ ကဲ––ဒီတော့ ကောင်းပြီ။ ခန္ဓာ ၅–ပါးအကြောင်း ပြောပြီဆိုတော့ ခုနပြန်ပြောပါ။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရ က္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ)။

ဒီတော့ ရူပက္ခန္ဓာက ရုပ် ၂၈–ပါး။ ဟိုနေ့ကလည်း စခဲ့ပြီးပြီ။ အခု ပြန်ပြောမယ်။ ရူပက္ခန္ဓာ ရုပ်ဘယ်နှစ်ပါး။ (၂၈–ပါး ပါဘုရား)။ ဆိုတော့ ဝေဒနာက္ခန္ဓာ သိတာကတော့ ဘုန်းကြီးတို့ ဒီ အဘိဓမ္မာမှာ ပရမတ္ထတရား ၄–ပါး ရှိတယ်။ ဘယ်နှစ်ပါး။ (၄–ပါးပါဘုရား)။ ပရမတ္ထ ၄–ပါးက စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်။ ဘယ်နှပါးလဲ။ (၄–ပါးပါ ဘုရား)။ ဟုတ်ပြီ။ အဲဒီတော့ ဟောဒီ စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ်က သင်္ခတပရမတ်လို့ မှတ်လိုက်။ ဘာပရမတ်။ (သင်္ခတပရမတ် ပါဘုရား)။ နိဗ္ဗာန်သည် အသင်္ခတပရမတ်။ ဒါက စာအနေနဲ့သာ မှတ်ထား။ တဖြည်းဖြည်း ရှင်းသွားလိမ့်မယ်။ ကဲ– ဒီလောက်ပဲ မှတ်ထားလိုက်နော်။ မှတ်ထားတော့ ရုပ်ဆိုတဲ့ နေရာမှာ ရုပ်အားလုံး ရူပက္ခန္ဓာမှာ ရုပ်၂၈–ပါး။ ဟောဒီ ဝေဒနာက္ခန္ဓာကျတော့ စေတသိက် တစ်ပါးတည်း။ သညာက္ခန္ဓာမှာ စေတသိက်တစ်ပါး။ သင်္ခါရက္ခန္ဓာကျတော့ စေတသိက် အပါး ၅၀။ စေတသိက်က ၅၂–ပါး ရှိတယ်။ အဘိဓမ္မာနည်းနဲ့ မှတ်ထားဦးနော်။ အဲဒီ ၅၂–ပါးမှာ ဝေဒနာနဲ့ ဒီက သညာကိုကြည့်ပေါ့နော်။ ဝေဒနာသညာကို ကြည့်ရင် ကျန်တဲ့ ၅၀–သည် သင်္ခါ ရက္ခန္ဓာလို့မှတ်။ ဒီလိုဖြင့်ရင် စေတသိက်က ခန္ဓာ၃–မျိုးထွက်လာတယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ။ သင်္ခါရခန္ဓာပေါ့နော်။ အဲဒီ ကျန်တဲ့ စိတ် ၈၉–ပါး။ စိတ်ဘယ်လောက်လဲ။ (၈၉–ပါး)။ အခုဘုန်းကြီးတို့ တော်တော်များများ ဗဟုသုတ ကြားဖူးတာကတော့ “စိတ်တစ်ခုယုတ် ၉၀”ပေါ့။ အဲဒီတော့ အချို့က သဘောမပေါက်တော့ စိတ်တစ်ခုယုတ် ၉၀–ဆိုတော့ စိတ်က ၁–ခု၊ ရုပ်က ၉၀။ ဒီလိုလုပ်တာ။ မဟုတ်ဘူး။ စိတ်တစ်ခုယုတ် ၉၀–ဆိုတာ ၉၀–ပြည့်ဖို့ ၁–ခု လျော့နေတာ။ ၈၉–ပါးပြောတာ။ စိတ်က ၈၉–ပါး။ အကျယ် ၁၂၁–ပါး။ အဲဒါသည် ခန္ဓာနဲ့ ပြောတော့ ဝိညာဏက္ခန္ဓာ။

ကဲ ဒီတော့ ကောင်းပြီနော်။ အဲဒီလိုဆိုရင် ဒီက ရူပက္ခန္ဓာက ရုပ်ဘယ်လောက်လဲ။ (၂၈–ပါး)။ ဝေဒနာက္ခန္ဓာက ၁–ပါး။ သညာက္ခန္ဓာက ၁–ပါး။ သင်္ခါရက္ခန္ဓာက စေတသိက် အပါး – ၅၀။ ဝိညာဏက္ခန္ဓာက စိတ် ၈၉–ပါး မှတ်လိုက်။ ဒါဆိုတော့ ခန္ဓာ ၅–ပါးကို ဗဟုသုတရသွားပြီ။ ဒါက စာလိုသင် တာနော်။ အခုခန္ဓာတစ်ပါးချင်းရဲ့အကြောင်းတွေကို ယောဂီတို့ကို အခုလို ကျေးဇူးပြု နေတာက ဘာဖြုတ်စေချင်လို့လဲ။ (သက္ကာယဒိဋ္ဌိ ဖြုတ်စေချင်လို့ပါဘုရား)။ သက္ကာယဒိဋ္ဌိ။ ဒီလိုဖြင့် ရင် သက္ကာယဒိဋ္ဌိသည် တခြားလား။ ငရဲမျိုးစေ့လား။ (ငရဲမျိုးစေ့ပါဘုရား)။ အဲဒီ ငရဲမျိုးစေ့သည် ဟောဒီ ထင်ရှားရှိတဲ့ တရားတွေကို မမြင်လို့။ ဒါဖြင့်ရင် ယောဂီတို့မှာ ထင်ရှားရှိနေတဲ့တရားက ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား၊ မိန်းမထင်ရှားရှိတာလား။ ခန္ဓာ ၅–ပါးရှိနေတာလား။ (ခန္ဓာ ၅–ပါး ရှိတာပါဘုရား)။

ရူပက္ခန္ဓာ ထင်ရှားမရှိဘူးလား။ (ရှိပါတယ်)။ ဝေဒနာက္ခန္ဓာ (ထင်ရှား ရှိပါတယ်)။ သညာက္ခန္ဓာ (ထင်ရှားရှိပါတယ်)။ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ (ထင်ရှားရှိပါတယ်ဘုရား)။ ဟောဒီ ရူပက္ခန္ဓာ စသည်ဆိုတာက သက္ကာယ တရားလို့မှတ်။ ဒီလိုဖြင့် သက္ကာယ ၅–ပါးက ဘယ်သူတွေလဲ။



www.burmeseclassic.com

www.burmeseclassic.com



(ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ)။ အဲဒီ ခန္ဓာ ၅-ပါးကို ဘာခေါ်ပါလိမ့်။ (သက္ကာယတရားပါဘုရား)။ အဲဒါ ခန္ဓာ ၅-ပါးကို ယောဂီတို့ကဒီတရားလည်းမနာ၊ တရားလည်း အားမထုတ်တော့၊ ခန္ဓာ ၅-ပါး ကို မြင်ပါ့မလား။ (မမြင်ပါဘူးဘုရား)။

ဘုန်းကြီး တရားပွဲစကတည်းက ထပ်တလဲလဲ ပြောတယ်နော်။ မွေးလာတာ ဘယ်သူနဲ့မွေး။ (ခန္ဓာနဲ့မွေး)။ ကြီးလာတာ ဘယ်သူနဲ့ကြီး (ခန္ဓာနဲ့ ကြီး)။ စားတာက ဘယ်သူနဲ့စား။ (ခန္ဓာနဲ့စား)။ သွားတာက ဘယ်သူနဲ့သွား။ (ခန္ဓာနဲ့သွား)။ အိပ်တာ ဘယ်သူနဲ့အိပ် (ခန္ဓာနဲ့အိပ်)။ သေတော့လည်း ဘယ်သူနဲ့ သေ (ခန္ဓာနဲ့သေ)။ ခန္ဓာ ၅-ပါးနဲ့ခွဲတဲ့အချိန်ရှိရဲ့လား။ (မရှိပါဘူး)။ စက္ကန့်နဲ့အမျှ မခွဲဘဲနဲ့ အတူတွဲ မခွဲမခွာ လာသော်လည်းပဲ ခန္ဓာ ၅-ပါးကို တစ်ချက်ကလေးမှမမြင်ဘူး၊ မသိဘူးဆိုလို့ ရှိရင် ဘာဖြစ်မလဲ။ (သက္ကာယဒိဋ္ဌိပါဘုရား)။ အဲဒီ သက္ကာယဒိဋ္ဌိကို လက်ခံထားရမှာလား၊ ပယ်ရမှာလား။ (ပယ်ရမှာပါဘုရား)။ သို့ဖြင့် ဒိဋ္ဌိမှန်သမျှသည် ဘုန်းကြီးတို့ ယောဂီတွေရဲ့ ရန်သူလား၊ မိတ်ဆွေလား။ (ရန်သူပါ)။ ရန်သူကို တစ်သက်လုံးက ရန်သူမှန်းမသိလို့ ဘုန်းကြီးတို့ လည်ပင်းဖြတ်ခံရတဲ့ဘဝတွေ၊ သေခြင်းဆိုး သေခဲ့ရတဲ့ဘဝတွေဟာ ရေနိုင်ရဲ့လား။ (မရေနိုင်ပါဘူးဘုရား)။ အဲဒီလိုသေခြင်းဆိုး သေခဲ့ရတာဟာ မိတ်ဆွေကြောင့်လား၊ ရန်သူကြောင့်လား။ (ရန်သူကြောင့်ပါဘုရား)။ ဒီလိုဖြင့်ရင် အဲဒါ ရန်သူကို ရန်သူမှန်း မသိလို့၊ ရန်သူမှန်း မသိတဲ့အပြင်၊ အဲဒီ ရန်သူကိုပဲ မိတ်ဆွေထင်ပြီးတော့ တစ်ခါတည်းကို ယုယပြုစုပြီးတော့ အိမ်ဦးခန်းတင်ထားတော့ နောက်ဆုံးတော့ တခြားဖြစ်တာလား၊ အသေဆိုးနဲ့သေခဲ့ရတာလား။ (အသေဆိုးနဲ့သေခဲ့ရတာပါ)။ အဲဒီ ရန်သူဆိုတာ တခြားပြောတာလား။ သက္ကာယဒိဋ္ဌိလား။ (သက္ကာယဒိဋ္ဌိပါဘုရား)။ ဆိုတာက အမှန်ကိုမြင်လို့ဖြစ်တာလား။ အမှန်ကို မမြင်လို့ဖြစ်တာလား။ (အမှန်ကို မမြင်လို့ဖြစ်တာပါဘုရား)။ ထင်ထင်ရှားရှားရှိနေတာကို မမြင်တာ။ အမှန်ကို မမြင်တာ၊ ထင်ရှားတာကို မမြင်တာ။ ထင်ရှားတဲ့တရားက တခြားရှိတာလား။ ခန္ဓာ ၅-ပါးရှိတာလား။ (ခန္ဓာ ၅-ပါး ရှိတာပါဘုရား)။ သို့ဖြင့် ခန္ဓာ ၅-ပါးမှာ ရုပ်ခန္ဓာက ဘယ်နှပါး။ (၂၈- ပါး)။ ရုပ်ခန္ဓာ ဘယ်နှပါးရှိ။ (၂၈-ပါးရှိပါတယ်)။ အဲဒီ ရုပ် ၂၈-ပါးတွင် ဘုန်းကြီးတို့ ယောဂီများက ဘူတရုပ် ၄-ပါးကို နားလည်ပါ။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီး ၄-ပါးပေါ့။

အဲဒီတော့ ပထဝီဆိုတာက မြေဓာတ်၊ အာပေါဆိုတာ (ရေဓာတ်)၊ ပြီးတော့ ဝါယောဆိုတာ (လေဓာတ်)၊ တေဇောဆိုတာ (မီးဓာတ်)။ အဲဒီ ဓာတ် ၄-ပါးဆိုတဲ့ ဒီသဘောတရားသည် တခြားမှာရှိတာလား၊ ကိုယ့်မှာရှိတာလား။ (ကိုယ့်မှာ ရှိတာပါဘုရား)။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ကိုယ့်မှာရှိနေတဲ့ ဓာတ် ၄-ပါးကို မြင်အောင်ကြည့်ပါ။

အဲဒီ ဓာတ်လေးပါးသည် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဆံဖျားကနေ ခြေဖျား နေရာတကာတိုင်း မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ရှိတဲ့ အကြောင်းကို နောက်ဆက်ပြောပေးမယ်၊ -- ဟုတ်လား။ အဲဒီတော့ အကြမ်းဖျင်းပြောရရင် ဒီလို တစ်နေရာကို အခုကိုင်လိုက်ပြီ၊ ဒကာ၊ ဒကာမတွေ။ သမုတိသစ္စာအနေနဲ့ ပြောတော့ ဒါ--လက်မပေါ့။

သို့သော် ယခု ယောဂီတို့ ကြည့်ရမယ့်ရုပ်ကို မြင်ဖို့ဆိုတာ အဲဒီလက်မ မှာ ဓာတ်လေးပါး ရှိတယ်။ ဓာတ်ဘယ်နှပါး။ (လေးပါးပါဘုရား)။ လက်မဆိုတာ သမ္မုတိပညတ်။ သူ့မှာတကယ်



www.burmeseclassic.com

www.burmeseclassic.com



လက်မသာ ခေါ်ငြားသော်လည်းပဲ လက်မကို မြင်ရမှာလား။ ဓာတ်မြင်ရမှာလား။ (ဓာတ်မြင်ရမှာ ပါဘုရား)။ ဟာ၊ အရှင်ဘုရား။ လက်မမမြင်ရဘူး။ ဓာတ်မြင်ရမယ်။ လက်မ မမြင်ရဘူးဆိုတော့ ဒီမှာမျက်စိက လက်မမြင်နေတာ ဘယ့်နှယ်လုပ်မလဲ၊ ဟော။ အဲဒါ ပရမတ်သဘော မမြင်တော့ အဲဒီလူနှစ်ယောက် ငြင်းပေတော့။ ရှင်းပြီနော်။

ဒါကြောင့် ဝိပဿနာ အားထုတ်တဲ့ အခါမှာ အခြေခံသိပ်အရေးကြီးတယ် ယောဂီတို့။ အဲဒီတော့ လက်မမြင်တာက ကံမျက်စိနဲ့မြင်တာ။ သို့ဖြင့် သူ့ဘက်ကနေသူကြည့်တော့ မမှန်ဘူးလား။ (မှန်ပါတယ်ဘုရား)။ မှန်တယ်။ ကံပိုင်းက ကြည့်တော့မှန်တယ်။ သို့သော် ယခုယောဂီတို့ တက်ရမယ့် အဆင့်က ကံနဲ့ တင်းတိမ်ရမှာလား။ ဉာဏ်ကို တက်ရမှာလား။ (ဉာဏ်ကို တက်ရမှာပါဘုရား)။ ကံဆိုတာ အဆင့်နိမ့်တယ်လေ။ အဲဒီတော့ အဆင့်နိမ့် အနေနဲ့နေချင်တာလား။ အဆင့်မြင့်ချင် တာလား။ (အဆင့်မြင့်ချင်တာပါဘုရား)။ လက်မလို့ မြင်တာက ကံမြင်။

အဲဒီလို လက်မကို ကြည့်လိုက်တဲ့အခါကျတော့ ဟော၊ ကိုင်လိုက်တော့ မပျော့ဘူးလား။ (ပျော့ပါတယ်)။ ပျော့တာ ပထဝီလေ။ ပျော့တာက ကိုင်လို့ရတယ်။ ပျော့တဲ့သဘော ကိုင်လို့မရဘူး။ နည်းနည်းလေး နားကြီးကြီးနားထောင်ပါ။ ရှင်းကောရှင်းရဲ့လား။ အဲဒီ ပျော့တဲ့အထဲမှာ သူ့ချည်းပဲ ပျော့တာ တည်နိုင်ရဲ့လား။ မဟုတ်ဘူး။ အဲဒီ ပျော့တယ်ဆိုတာ တခြားဟာ မဟုတ်ဘူး၊ ပထဝီ။ အဲဒီမှာ တစ်ခုနဲ့တစ်ခု ထိပြီးတော့ ဒကာ၊ ဒကာမတွေ ဖွယ်ခဲပြီးတော့ တွဲနေတာက အာပေါ။ မပါဘူးလား။ ပထဝီရယ်၊ အာပေါရယ်၊ ပူတာ အေးတာ ဒီမှာမရှိဘူးလား၊ တေဇော။ ဒီတော့ သူ့ကလာပ်စည်းကြားထဲမှာ လေမရှိဘူးလား၊ ဝါယော။ အဲဒီတော့ ယနေ့လက်မလို့သာ ပြောငြား သော်လည်းပဲ ဉာဏ်မြင်နဲ့ ကြည့်လိုက်တော့ လက်မမြင်ရမှာလား။ ဓာတ်လေးပါးမြင်ရမှာလား။ (ဓာတ်လေးပါး မြင်ရမှာပါဘုရား)။

အဲဒီဓာတ် ၄-ပါးသည် တခြားတရားလား၊ ရုပ်တရားလား။ (ရုပ်တရားပါဘုရား)။ အဲဒီ ရုပ်တရားကို ခန္ဓာနဲ့ပြော။ (ရူပက္ခန္ဓာ)။ ရူပက္ခန္ဓာ။ ဒီလိုဖြင့်ရင် လက်မမြင်ရမှာလား၊ ခန္ဓာမြင်ရမှာ လား။ (ခန္ဓာမြင်ရမှာပါဘုရား)။ သို့ဖြင့် ခန္ဓာကို ခန္ဓာလို့မြင်ရင် ယောဂီတို့ အမှန်မြင်သွားပြီ။ ခန္ဓာ ကို ခန္ဓာလို့မြင်ရင် ငါ--ပါရဲ့လား။ (မပါပါဘူး)။ ဟုတ်ပြီ။ ယခုဘာခန္ဓာကိုမြင်။ (ရူပက္ခန္ဓာကိုမြင် တာပါ)။ ရူပက္ခန္ဓာထဲမှာ ငါပါရဲ့လား။ (မပါပါဘူး)။ ငါထဲမှာ ရူပက္ခန္ဓာပါရဲ့လား။ (မပါပါဘူး)။ ရူပက္ခန္ဓာသည် ငါဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ ငါသည် ရူပက္ခန္ဓာ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ မဟုတ်ဘူးလို့ရှိရင် ဒကာ၊ ဒကာမတွေ အမှန်ကို မြင်သွားတာ။ အမှန်ကိုမြင်တော့ ဒိဋ္ဌိမပြုတ်ဘူးလား။ အမှန်က သက္ကာယ။ ထင်ရှားတာက သက္ကာယ။ မြင်လိုက်တာက သမ္မာဒိဋ္ဌိ။ အမှန်မြင်သွားပြီ။

အဲဒီတော့ သက္ကာယဒိဋ္ဌိ မပြုတ်ဘူးလား။ (ပြုတ်ပါတယ်ဘုရား)။ သက္ကာယ ဒိဋ္ဌိပြုတ်တာသည် လက်မမြင်လို့လား၊ ဓာတ်မြင်လို့လား။ (ဓာတ်မြင်လို့ပါ)။ ရုပ်မြင်လို့ပေါ့။ ဓာတ် ၄-ပါးမြင်လို့ပေါ့။ အဲဒီ မိမိခန္ဓာကိုယ် တစ်ကိုယ်လုံးမှာ ရုပ်တရားပဲ၊ နာမ်တရားပဲ၊ ခုနပြောတဲ့ ခန္ဓာ(၅)ပါးကို တစ်ခုစီ တစ်ခုစီ အသေးစိတ်မြင်သွားရင် ဒကာ၊ ဒကာမတွေ သက္ကာယဒိဋ္ဌိက နေကိုမနေနိုင်တော့ဘူး။ တခြားနဲ့ပယ်တာလား။ အသိနဲ့ပယ်တာလား။ (အသိနဲ့ပယ်တာပါ ဘုရား)။ အဲဒီအသိနဲ့ပယ်တဲ့ သက္ကာယဒိဋ္ဌိ မနေနိုင်ရင် ကိုယ့်မှာအမြဲတမ်း ပယ်နိုင်ဖို့အတွက်ကို အပွားနဲ့ပယ်ရဦးမယ်။ ဘာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပယ်ရမယ်။ (အပွားနဲ့ပယ်ရမှာပါ)။ အပွားနဲ့ ပယ်လိုက်ရင်၊ ဒကာ၊ ဒကာမတွေ ဟုတ်လား။ လမ်းဆုံး ရွာတွေ့သွားတာပါပဲ။ အဲဒီလို လမ်းဆုံးရွာတွေ့ပြီဆိုတော့ တစ်ခါတည်း၊ တစ်သက်လုံး၊ တစ်သံသရာလုံးကနေပြီးတော့ စွဲလာတဲ့ သက္ကာယဒိဋ္ဌိကို အပယ်ဉာဏ်နဲ့သာ ပယ်လိုက်ပြီဆိုရင် အပါယ်တံခါး အလိုလိုပိတ်သွားပြီ။ ဆုတောင်းဖို့ လိုသေးလား။ (မလိုပါဘူး)။

အဲဒါကြောင့်မို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ထပ်တလဲလဲပြောတာ ဆုတောင်းဖို့ အချိန်မဟုတ်တော့ဘူး။ အလုပ်လုပ်ဖို့အချိန်ပဲ ရှိပါတော့တယ်။ တရားက လိပ်ပတ်မလည်သေးဘူး နော်။ နောက်တစ်ချိန်မှ ဆက်ဟောမယ်။ အခု မနက်ပိုင်း ဆွမ်းချိန်ရှိတော့ ဒီလောက်နဲ့ပဲ ဘုန်းကြီး နားပါရစေ။

( သာဓု – သာဓု – သာဓု )



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇–ရက် (၃၀.၈.၂၀၀၂) ညနေ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ ––

ဤမွေ့သဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက်ရှိပြီပဲ။ (၅–ရက်မြောက်ပါဘုရား)။ ဒီနေ့ ၅–ရက်မြောက်၏ညနေ သင်တန်း တရားပွဲကြီးဖြစ်ပါတယ်နော်။ ပဋိစ္စသမုပ္ပါဒ် သင်တန်းပါပဲ။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်သင်တန်းမှာ မူလနှစ်ဖြာ သစ္စာနှစ်ခု ဆိုတဲ့ **ဤရှုစ်**သွယ်မှာ ဘုန်းကြီးတို့ အဝိဇ္ဇာနဲ့တဏှာကိုချုပ်အောင် ဒီတရားတွေကို လေ့လာအားထုတ်ရတာပါပဲနော်။ အဲဒီတော့ အဝိဇ္ဇာနဲ့တဏှာကိုချုပ်နိုင်ဖို့အတွက်မှာ ယောဂီများ အဝိဇ္ဇာကို ပယ်နိုင်ဖို့ အဝိဇ္ဇာကို ဖုံးထားတဲ့အဖုံးတွေကို ဘုန်းကြီးတို့ ဖွင့်လာခဲ့တာလည်း ယနေ့ဆိုရင် ဟုတ်လား။ ၅–ရက် ရှိလာပါပြီနော်။

### စိတ်ကောင်းရှိက ချမ်းသာ

အဲဒီတော့ သူ့သင်တန်းလေး အစဉ်တိုင်းသွားရမယ်ဆိုရင် အဝိဇ္ဇာကို ဖုံးထားသော အဖုံးက ဘယ်နှစ်ဖုံးပါလိမ့်။ (၅–ဖုံးပါဘုရား)။ ဒီလိုဖြင့်ရင် နိဗ္ဗာန် လို့ဆိုတဲ့ သန္တိသုခငြိမ်းချမ်းရေးတရားကို ရဖို့က ကံနဲ့သွားလို့မရဘူးနော်။ ဈာန်နဲ့သွားလို့မရဘူးနော်။ ဉာဏ်နဲ့သွားရမယ်။ ဘာနဲ့သွားရမယ်။ (ဉာဏ်နဲ့သွားရမှာပါ ဘုရား)။ အဲတော့ ဉာဏ်ကိုရဖို့အတွက်ကို ဒီမှာ ယောဂီတို့ အဆင့် ဘယ်နှစ်ဆင့်။ (၅–ဆင့်ပါဘုရား)။ အဲတော့ ရုပ်နဲ့နာမ်ကို ပြောရင် ရုပ်နဲ့နာမ်ကိုသိရင် ဘာဉာဏ်ရမှာလဲ။ (နာမရူပ ပရိစ္ဆေဒဉာဏ်ပါဘုရား)။ အခုညနေပိုင်းမှာ အချိန်လေးလည်း နည်းနည်းရတော့ ကမ္မဿ

www.burmeseclassic.com



ကတာ သမ္မာဒိဋ္ဌိကို ပြန်ပြီးတော့ကျေးဇူးပြုရတယ်။ ဒီဉာဏ် နှစ်ဉာဏ်ကတော့ဖြင့် အထက်တက်လိုက်၊ အောက်ဆင်းလိုက်ပေါ့ ဟုတ်လား။ ဒီလိုနဲ့ပဲ ဘုန်းကြီးကျေးဇူးပြုပါတယ်။ ဘာဖြစ်လို့ကျေးဇူးပြုနေရတာလဲဆိုတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ဆိုတဲ့ နံပါတ်တစ် အဖုံးမဖွင့်သမျှ ကာလပတ်လုံး ဒကာ၊ ဒကာမတွေ ဘာဒိဋ္ဌိဖြစ်မယ်။ (နိယတမိစ္ဆာဒိဋ္ဌိဖြစ်မှာပါဘုရား)။ နိယတမိစ္ဆာဒိဋ္ဌိ၊ လောကမှာ ကြောက်စရာအကောင်းဆုံးသည် ဘာဒိဋ္ဌိ။ (နိယတမိစ္ဆာဒိဋ္ဌိ)။ နိယတမိစ္ဆာဒိဋ္ဌိဆိုတာ တခြားဉာဏ်မရလို့လား။ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်မရတာလား၊ (ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် မရတာပါဘုရား)။

အဲဒီတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ရ–ရမယ်ဆိုတော့ ကမ္မဿ ကတာသမ္မာဒိဋ္ဌိဉာဏ်နဲ့ ပုံသေနည်းက ကောင်းတာလုပ်ရင် (ကောင်းတာ ဖြစ်မည်)။ မကောင်းတာလုပ်ရင် (မကောင်းတာ ဖြစ်မည်)။ ဒါက––သူ့ရဲ့သဘော ရှင်းရှင်းလေးပဲ။ ဘုန်းကြီးမနေ့က ဆောင်ပုဒ်ကလေး နောက်ဆုံး ပြောခဲ့ပါတယ်နော်။ စိတ်ကောင်းရှိက ချမ်းသာရ၏။ စိတ်ကောင်းမရှိက ဆင်းရဲရ၏။

အဲဒါက နံပါတ်တစ် ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ရဲ့ အကျဉ်းချုပ်ပါ။ လိုရင်းအချုပ်ပေါ့နော်။ သို့သော် အချို့စကားလုံးတွေက လိုရင်းအချုပ်ကို ပြောရုံနဲ့ နားလည်တာလည်းရှိတယ်။ နားမလည်တာလဲရှိတယ်။ လိုရင်းအချုပ်ကလေး နည်းနည်းလောက် ပြောလိုက်တာနဲ့ အများကြီး နားလည်လိုက်တဲ့ ပုဂ္ဂိုလ်တွေက ဘုရားနဲ့ပါသွားတာကြာပြီ။ ဘုရားနဲ့ပါသွားကြပြီ––နော်။ ပုဂ္ဂိုလ် ၄–မျိုးရှိတဲ့ အကြောင်းလည်း ပြောပြီးခဲ့ပြီနော်။

## သောတာပန်ဖြစ်ဖို့အရေးကြီး

ပုဂ္ဂိုလ် ၄–မျိုးရှိခဲ့ပါတယ်။ အဲဒီ ပုဂ္ဂိုလ် ၄–မျိုးမှာ ယနေ့ဘုန်းကြီးတို့ လောလောဆယ်ရှိနေတဲ့ဟာ နေယျပုဂ္ဂိုလ်၊ ပဒပရမ ပုဂ္ဂိုလ်ပေါ့။ ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊ ဝိပဉ္စိတညူပုဂ္ဂိုလ်၊ နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ်လို့ ပုဂ္ဂိုလ် ၄–မျိုးရှိတယ်။ ဒါက စာပေအတိုင်းပါပဲဟုတ်လား။ အဲဒီ ၄–မျိုးမှာ ဥဂ္ဃဋိတညူမျိုးက ရှင်သာရိပုတ္တရာတို့လိုပေါ့နော်။ အကျဉ်းလေးကြားရုံနဲ့ အကျယ်ကြီးချဲ့ပြီး သိတဲ့အတွက် တရားရသွားတာပေါ့။ ရှင်းပြီနော်။ အဲဒီတော့ အကျယ်ကို ချဲ့ပြီးဟောမှာ ခုန အရှင်မောဂ္ဂလာန်တို့ဆိုရင် နည်းနည်းလေးချဲ့ဟောရသေးတာပေါ့နော်။ အဓိပ္ပါယ်။ အဲဒီလိုချဲ့ဟောမှ တရားရတဲ့ ပုဂ္ဂိုလ်တွေက ဝိပဉ္စိတညူ ပုဂ္ဂိုလ်တွေပေါ့နော်။ နေယျပုဂ္ဂိုလ်တွေက အကျယ်ကြီးလည်း ဟောချင်သလောက်ဟော၊ ဟောသမျှတရားကို နာနိုင်သလောက် ကြိုးစားနာ၊ နာရုံနဲ့ မပြီးဘူး။ ကြိုးစားပြီးတော့ အားထုတ်။ အဲဒီပုဂ္ဂိုလ်သေချာပေါက် ဒီဘဝကျွတ်တမ်းဝင်မယ်ဆိုတော့ ဒါ နေယျပုဂ္ဂိုလ်ကို ခေါ်ပါတယ်။

အဲဒီတော့ နေယျပုဂ္ဂိုလ်ဆိုတာက တရားကိုလည်း ထပ်တလဲလဲ၊ ထပ် တလဲလဲ နာရမယ်။ အားထုတ်တဲ့အခါလည်း ဒကာ၊ ဒကာမတွေ တစ်ကြိမ်တည်း ၁–စခန်းနဲ့ ပြီးပါ့မလား။ (မပြီးပါဘူး)။ ဥပမာ၊ ၁၀–ရက်စခန်းကို ၁–စခန်းနဲ့ ပြီးပါ့မလား။ (မပြီးပါဘူး)။ ၂–စခန်းနဲ့လည်း (မပြီးပါဘူး)။ ၃–စခန်းနဲ့လည်း (မပြီးပါဘူး)။ ဒီလိုပြောလို့မရဘူး။ ဘယ်လိုပြီးတယ်မှ ပြောလို့မရဘူး။ အကြိမ်ကြိမ် အခါခါ အထပ်ထပ်လုပ်ရမယ်။ ဘာလို့လဲဆိုတော့ ကိုယ့်အကျိုးပေး ဆိုတာက ဒကာ၊ ဒကာမတွေ



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်အခါမှာ လာရောက်ပြီး လူဖြစ်တယ်ဆိုကတည်း ဒီအကျိုးပေးမရှိဘူးလား။ (ရှိပါတယ်ဘုရား)။

ဒီလိုဖြင့် နေယျပုဂ္ဂိုလ်ထဲမှာ မိမိတို့ဖြင့် ပါနိုင်တယ်ဆိုတာ တိတိကျကျ မပြောနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သာသနာ ၂၅၀၀–ဒီဘက်ပိုင်းမှာ ပုဂ္ဂိုလ် ၂–မျိုးပဲရှိတာကိုး။ နေယျပုဂ္ဂိုလ်နဲ့ ပဒပရမပုဂ္ဂိုလ်။ နေယျပုဂ္ဂိုလ်က ဒီဘဝ ကျွတ်တမ်းကိုဝင်မယ်။ ပဒပရမပုဂ္ဂိုလ်ကတော့ ပါရမီလေးပဲ ရမယ်။ ဒုတိယဘဝ ကျတော့မှ ကျွတ်တမ်းဝင်မယ်ပေါ့။

ဒီတော့ ကိုယ့်ကိုယ်ကို ပဒပရမတွေ ဘာတွေ ညာတွေ စဉ်းစားမနေနဲ့ ဒကာ၊ ဒကာမတွေ၊ အဲဒီတော့ သေချာပေါက် ငါတော့ ကျွတ်တမ်းဝင်မှာပဲလို့ ဆုံးဖြတ်ချက်ချ။ ဘာဖြစ်လို့ ဘုန်းကြီးက ဒီဥစ္စာကို ဒါလောက် ရဲရဲတင်းတင်း ပြောရတာလဲဆိုတော့ ကိုယ့်စကားနဲ့ကိုယ် ပြောတာမှမဟုတ်ပဲ။ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး မိန့်သွားတာပဲ။ သစ္စာဟောနိုင်တဲ့ ဆရာနဲ့ဆုံဖို့ကလည်း ဒုလ္လဘတစ်ခု။ ထောင်နိုင်တဲ့ နားရှိဖို့ကလည်း ဒုလ္လဘတစ်ခုတဲ့။ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ တရားစခန်းရောက်လာပြီး ထိုင်နိုင်ဖို့ အားထုတ်ဖို့ကလည်း ဒုလ္လဘတစ်ခု။ သို့ဖြင့် ဒီအင်္ဂါရပ်တွေနဲ့ ယောဂီတို့ မညီဘူးလား။ အေး၊ အဲဒါတွေ ညီပြီဆိုလို့ရှိရင် ကျွတ်တမ်းဝင်နိုင်မယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘာမှအားငယ်စရာမရှိတော့ဘူး။ အဲဒီ အခုပြောနေတဲ့ အင်္ဂါရပ်တွေ အကုန်လုံး မိမိတို့မှာပြည့်စုံပြီးသား ဖြစ်နေပါတယ်။ အဲဒီလို ပြည့်စုံပြီးသား ဖြစ်နေတဲ့အတွက်ကြောင့် ကျွတ်တမ်းဝင်မယ်လို့ ဆုံးဖြတ်ချက်ချပါ။ အဲဒီလို ကျွတ်တမ်းဝင်နိုင်ဖို့အတွက် လိုရင်းအချက်က သောတာပန်ဖြစ်ဖို့ အရေးကြီးတယ်။ ဘာဖြစ်လို့ အရေးကြီးတာလဲ။ (သောတာပန်ဖြစ်ဖို့ပါဘုရား)။

ဒီလိုဖြင့် သောတာပန်ဖြစ်ချင်ရင် ဒီအတိုင်း အလကားနေလို့ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား)။ ပယ်သင့်ပယ်ထိုက်တဲ့ ကိလေသာတွေပယ်မှ သောတာပန်ဖြစ်မှာ။ ဒီလိုဖြင့်ရင် ကိလေသာ ၁၀–ပါးတွင် သောတာပတ္တိမဂ် (ဝါ) သောတာပန်တွေ ပယ်ရမဲ့ ကိလေသာက ၅–ပါးပဲရှိတယ်။ ဘယ်နှပါးလဲ။ (၅–ပါးပါဘုရား)။ ဘုန်းကြီးတို့ ယနေ့ အဲဒီ ၅–ပါးကို ပယ်မှာနော်။ အသိနဲ့ပယ်မယ်။ အပွားနဲ့ပယ်မယ်။ အပယ်နဲ့ပယ်မယ်။ အမှန်ကတော့ ကိလေသာကို သတ်တာကို ပြောတာ။ အသိနဲ့သတ်မယ်။ အပွားနဲ့သတ်မယ်။ အပယ်နဲ့သတ်မယ်။ သတ်နည်း ဘယ်နှနည်းလဲ။ (၃–နည်းပါဘုရား)။ ကိုယ်သတ်ရင် သေမယ်ပေါ့။ ကိလေသာ သတ်သွားလို့ရှိရင် ကိလေသာ နိရောဓော နိဗ္ဗာန်။ ဆိုစမ်းပါ။ (ကိလေသာ နိရောဓော နိဗ္ဗာန်)။ ကိလေသာ သေတာ တခြားလား၊ နိဗ္ဗာန်လား။ (နိဗ္ဗာန်ပါဘုရား)။

## ဗုဒ္ဓဘာသာမှာ မရှိတဲ့အကျင့်

အဲဒီတော့ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာနဲ့ သောတာပန်တို့ မျက်မှောက်ပြုနိုင်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့အတွက်က ကိလေသာ ဘယ်နှပါးသတ်ရမှာလဲ။ (၅–ပါးပါဘုရား)။ ဒိဋ္ဌိရယ်၊ ဝိစိကိစ္ဆာရယ်၊ သီလဗ္ဗတပရာမာသ၊ ဣဿာ၊ မစ္ဆရိယ ၅–ပါးနော်။ ဒါ–ဘုန်းကြီးက စာအတိုင်း ရွတ်ပြနေတာနော်။ အဲဒီတော့ အဓိကက နောက် ၃–ပါးကို အသာထားလိုက်။ သီလဗ္ဗတပရာမာသက ယောဂီတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့တယ်။ ဘာလို့ဆိုတော့ အလေ့အကျင့်ဆိုးကိုပင် များများယွင်းယွင်း သုံးသပ်ထင်မှတ်နေတာကို သီလဗ္ဗတပရာမာသလို့ ဆိုတာကိုး။ ခွေးကျင့်၊ နွားကျင့် ကျင့်တာကို ပြောတာ။ ခွေးလိုကျင့်မှ သံသရာကလွတ်မယ် ထင်လို့ ခွေးလို ကျင့်တယ်။ နွားလိုကျင့်မှ သံသရာကလွတ်မယ်ထင်လို့ နွားလိုကျင့်တယ်။ ဒါ–ဘုရားစတဲ့ သူတော်စင်တွေကို မဆည်းကပ်ရဘဲကိုး။ အစေလကပရိုဗိတွေဆို လုံး၀ တစ်ကိုယ်လုံး အ၀တ်မ၀တ်ဘူး။ မိုးရွာရွာနေပူပူ ဒီအတိုင်းနေရင်း ခေါင်းပါးတဲ့အကျင့်တွေ ကျင့်တယ်။ ဒီလိုခေါင်းပါးတဲ့ အကျင့်ကျင့်မှ သံသရာက လွတ်မယ်ဆိုတော့ ––ကဲ၊ ဒကာ၊ ဒကာမတွေ မခက်ဘူးလား။ အဲဒီတော့ လူလိုမစားဘူး။ နွားလိုလေးဘက်ထောက်ပြီးတော့ နွားလို စားတယ်။ ခွေးလိုစားတယ်။ နွားလိုအိပ်တယ်။ ခွေးလိုအိပ်တယ်။ အဲဒီလိုကျင့်မှ ခေါင်းပါးတဲ့ အကျင့်ကျင့်မှ သံသရာကလွတ်မယ်လို့ထင်တော့ ဒီလိုပဲကျင့်ကြတဲ့အကျင့်တွေ ရှိတယ်ပေါ့။ အဲဒီ အကျင့်ကို သီလဗ္ဗတပရာမာသ လို့ခေါ်တယ်။ ဗုဒ္ဓဘာသာမှာ ဒီအကျင့်ကမရှိဘူး။ ဒါက ပယ်ပြီး သားပေါ့နော်။ အဲဒီတော့ အရေးအကြီးဆုံးက ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို နားလည်နိုင်ဖို့က ပဋိစ္စသမုပ္ပါဒ် နားလည်ရမှာ။

## ဗုဒ္ဓဘာသာဝင်အစ

ဝိစိကိစ္ဆာဆိုတာ သိပ်ကြောက်စရာကောင်းတယ်။ သံသယ။ (သံသယ ပါဘုရား)။ ဟုတ်မှ ဟုတ်ပါ့မလား။ မှန်မှ မှန်ပါ့မလား။ အဲဒီ သံသယကို ဖြေဖျောက်နိုင်ဖို့ အတွက်ကတော့ တခြား နားလည်ရမှာလား။ ပဋိစ္စသမုပ္ပါဒ် နားလည်ရမှာလား။ (ပဋိစ္စသမုပ္ပါဒ်နားလည်ရမှာပါဘုရား)။ ကံနဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ပြီဆိုရင် သူ့ဆိုင်ရာဆိုင်ရာ ဝိစိကိစ္ဆာငြိမ်းသွားတာပေါ့။ ကဲ–– ဒီတော့ ကောင်းပြီ။ ကံအကြောင်း ကံအကျိုး။ ပဋိစ္စသမုပ္ပါဒ် နံပါတ်တစ်အကွက်ကိုကြည့်ရင် အဝိဇ္ဇာပစ္စယာ သင်္ခါရ။ သင်္ခါရဆိုတော့ ဒီမှာ အခြေခံ ပြောကြအောင်နော်။ ဟောဒီမှာ သင်္ခါရဆိုတော့ ဘုန်းကြီးတို့ နေ့တိုင်းပဲ ဒီသင်္ခါရတွေ ထောက်ထောက်သွားတာပဲ။ ဟောဒီ သင်္ခါရဆိုတာက ဘယ်အကွက်ထဲက သင်္ခါရလဲ။ (နံပါတ်တစ်အကွက်ထဲကပါဘုရား)။ ကာလနဲ့ပြောတော့ ဘယ်ကာလလဲ။ (လွန်လေပြီးသော အတိတ်ကာလပါဘုရား)။ လွန်လေပြီးသော အတိတ်ကာလထဲက သင်္ခါရက ကံသင်္ခါရလို့ မှတ်ရမယ်။ ဘာသင်္ခါရ။ (ကံ သင်္ခါရပါဘုရား)။ ကမ္မဝဋ်နော်။ ကံသင်္ခါရမှာ ဒကာ၊ ဒကာမတွေ ၃–မျိုးပါတယ်။ နာမည် ၃–မျိုးရှိတယ်။ ဘယ်နှမျိုး။ (၃–မျိုးပါဘုရား)။ စေတနာ၊ ကံ၊ သင်္ခါရ။ ဒါ––ဘုန်းကြီးတို့ ယောဂီသစ်တွေ အတွက်မို့လို့ အခြေခံပြောနေတာနော်။ သင်္ခါရမှာ နာမည်ဘယ်နှစ်မျိုး။ (၃–မျိုးပါဘုရား)။ နံပါတ်တစ်အတွက်က သင်္ခါရကို ထောက်တိုင်း ထောက်တိုင်း သင်္ခါရမှာ နာမည်ဘယ်နှစ်မျိုး။ (၃–မျိုးပါဘုရား)။ စေတနာ၊ ကံ၊ သင်္ခါရ။ ဒါ–– မှတ်ထားရမယ်နော်။

ဒီလိုဖြင့်ရင် အဲဒီ သင်္ခါရဆိုတဲ့ စကားကြားတော့ ဗုဒ္ဓဘာသာတွေက ကံသင်္ခါရကို ပြောတာ နည်းတယ်။ ဘာကြောင့်လဲ ဆိုတော့ ကံ သင်္ခါရအနေနဲ့ ပြောတာက အတိတ်ကာလကို ပြောတာ။ ပစ္စုပ္ပန်ကာလအနေနဲ့ပြောတာက ကံလို့ပြောပါတယ်။ ပစ္စုပ္ပန်အနေနဲ့ပြောတာက (ကံပါဘုရား)။ အတိတ်အနေနဲ့ ပြောတာက (သင်္ခါရပါဘုရား)။ ဒီလိုဖြင့်ရင် အခုဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက



www.burmeseclassic.com

www.burmeseclassic.com



ပစ္စုပ္ပန်ဘဝရောက်နေတော့ ပစ္စုပ္ပန်ကာလအနေနဲ့ပြောတော့ကံ၊ ကံ၊ ကံ၊ ကံ ဒီလိုပဲပြောပါတယ်။ အတိတ်အနေနဲ့ပြောတော့ ဘယ်လိုပဲပြောရမလဲ။ (သင်္ခါရပါဘုရား)။ ဒီတော့ သင်္ခါရလို့ပဲပြောပြော၊ ကံလို့ပဲပြောပြော၊ စေတနာလို့ပဲပြောပြော၊ ဒါပဲပြောတယ်လို့ ဘုန်းကြီးတို့ နားလည်ပါနော်။ အဲဒီတော့ နာမည် ဘယ်နှစ်နာမည်လဲ။ (၃-နာမည်ပါဘုရား)။ စေတနာ၊ ကံ၊ သင်္ခါရ။

ဒီတော့ ဗုဒ္ဓဘာသာတွေရဲ့ လောကမှာ အင်း ဟိုလူ စေတနာကောင်းလိုက်တာ။ ဩော်၊ ဟိုဒကာမကြီးက စေတနာတွေကောင်းလိုက်တာ။ မပြောဘူးလား။ စေတနာကောင်းတယ်ဆိုတာ ကံကောင်းတာ။ စေတနာမကောင်းရင် ကံမကောင်းဘူး။ ဩော်--ဟိုလူက တော်တော်စေတနာ ယုတ်တဲ့လူ။ စေတနာ ယုတ်ရင် တခြားယုတ်တာလား။ ကံယုတ်တာလား။ (ကံယုတ်တာပါဘုရား)။ စေတနာကောင်းရင် (ကံကောင်းပါတယ်ဘုရား)။ ဗုဒ္ဓဘာသာတွေ အခြေခံမှာ ကံအပိုင်းနဲ့ မိမိတို့ နားလည်ကြည့်ရင် လောကမှာ ကံမကောင်း ချင်တဲ့သူ ဘယ်သူမှမရှိဘူး။ ရှိရဲ့လား။ (မရှိပါဘူးဘုရား)။

ဘယ်ပုဂ္ဂိုလ်၊ ဘယ်လူမျိုးပဲဖြစ်ဖြစ်၊ မကောင်းတာကို မြင်လည်းမမြင်ချင်ဘူး။ လိုလည်း မလိုချင်ဘူး။ စားလည်း မစားချင်ဘူး။ နောက်ဆုံးတော့ ဒကာ၊ ဒကာမ မော်တော်ကားစီးရင်တောင်မှ မကောင်းတဲ့ကားစီးချင်လား။ (မစီးချင်ပါဘူးဘုရား)။ လောကမှာ ကောင်းတာ မှန်သမျှ လူတိုင်း လူတိုင်း အလိုမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒီလို ကောင်းတာမှန်သမျှအလိုရှိရင် ဒကာ၊ ဒကာမတွေ ဘာတွေလုပ်ကြမလဲ။ (ကောင်းတာလုပ်ပါမယ်ဘုရား)။ကောင်းတာတွေပဲ လုပ်မယ်။ ကောင်းတာတွေပဲ ပြောမယ်။ ကောင်းတာတွေပဲ ကြံမယ်။ ၃-မျိုးနော်။ ကာယကံ၊ဝစီကံ၊ မနောကံ။ အဲဒါက "ဗုဒ္ဓဘာသာဝင်အစ ကမ္မဿကတာသမ္မာဒိဋ္ဌိက" လို့ ဆိုရပါမယ်။

အဲဒီတော့ ဘုန်းကြီးတို့ အဘိဓာသုတ်ကို နည်းနည်းပြန်ပြီးတော့လေ့လာပါ။ ကံသာလျှင်အမိ၊ ကံသာလျှင်အဖ၊ ကံသာလျှင် မိုးနိုရာ၊ ကိုးကွယ်ရာ အားထားရာ ဆိုတာ အဘိဓာသုတ်မှာ မလာ ဘူးလား။ အခု ယောဂီတို့ကို အဖုံး ၅-ဖုံးတွင် ကံအဖုံးကို အခုဖွင့်နေတာနော်။ သို့သော်ကံကို ဟောနေရုံနဲ့ ကံကို နားလည်ရုံနဲ့ ကံကိုသဘောပေါက် ကျင့်သုံးနေရုံနဲ့ နိဗ္ဗာန်ကို ရောက်မလား။ (မရောက်ပါဘူးဘုရား)။ အဝေးကြီးရှိသေးတယ်နော်။ သို့သော် ဒီလိုအဝေးကြီးက ဒကာ၊ ဒကာမတွေ တဖြည်းဖြည်းတက်လိုက်ရင် မနီးဘူးလား။ (နီးပါတယ်ဘုရား)။ အဲဒီတော့ အဲဒီနိဗ္ဗာန်ဆိုတဲ့ သန္တိ သုခငြိမ်းချမ်းခြင်းကို ရနိုင်ဖို့အတွက်က အခြေခံမတက်ဘဲနဲ့ ရပါ့မလား။ (မရပါဘူးဘုရား)။ အဲဒီလို နိဗ္ဗာန်ဆိုတာသည် ဝိဇ္ဇာဉာဏ်နဲ့ရောက်ရမှာ ဖြစ်လေသောကြောင့် ဝိဇ္ဇာဉာဏ်ရဖို့အတွက်ကို နံပါတ်တစ် ဘယ်အဖုံး ဖွင့်နေတာလဲ။ ကံအဖုံး။ အဲဒါကြောင့်မို့လို့ ဒီကံအဖုံးဟာ အင်မတန်မှပဲ ခက်ခဲတဲ့ ကံဖုံးဖြစ်တယ်။ အခုနေ ဖြုန်းခနဲပြောနေတုန်းတော့ ပေါ့ပေါ့တန်တန်နဲ့ပေါ့နော်။ တကယ် မိမိလုပ်ရပ်တွေနဲ့ ယှဉ်ကြည့်လိုက်တဲ့အခါ ကျတော့ တော်တော်များများ ဗုဒ္ဓဘာသာတွေ ငြိနေတာ တွေ အများကြီးရှိတယ်။ ငြိနေတာတွေရှိတယ်။ အဲဒီတော့ "ဗုဒ္ဓဘာသာအစ ကမ္မဿကတာ သမ္မာ ဒိဋ္ဌိက"တဲ့။ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ရင် ကံနဲ့အကျိုးပေးကို ဘာလုပ်ရမလဲ။ ယုံကြည်ရမယ်။

ဒီလိုဖြစ်ရင်ကံနဲ့အကျိုးပေးမှာ မနောကံရယ်၊ ဝစီကံရယ်၊ ကာယကံရယ်။ အဲဒီမှာ မနောကံ မှာလည်း ကောင်းတာ၊ မကောင်းတာ ၂-မျိုးရှိတယ်။ ဝစီကံမှာလည်း ကောင်းတာ၊ မကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



၂–မျိုးရှိတယ်။ ကာယကံမှာလည်း ကောင်းတာ၊ မကောင်းတာ ၂–မျိုးရှိတယ်။ အဲဒီတော့ ဘယ်သူပဲ ဖြစ်ဖြစ်၊ မကောင်းတာနဲ့ ကောင်းတာကို ဘယ်ဟာအလိုရှိ။ (ကောင်းတာကို အလိုရှိပါတယ် ဘုရား)။ ကောင်းတာကိုအလိုရှိရင် စိတ်ကလည်းပဲ ဘာကိုကြံမလဲ။ (ကောင်းတာကို ကြံပါမယ်)။ ပါးစပ်ကလည်း ဘာကိုပြောမလဲ။ (ကောင်းတာကိုပြောပါမယ်)။ ကိုယ်အမူအယာကလည်း ဘာကို လုပ်မလဲ။ (ကောင်းတာကို လုပ်ပါမယ်)။ အဲဒီလိုသာ ဗုဒ္ဓဘာသာဝင်တွေရဲ့ ကျင့်စဉ်အတိုင်းသာ အခြေခံ လေ့ကျင့်ရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘယ်လောက်ငြိမ်းချမ်းလိုက်မလဲ။ အဲဒီတော့ ကိုယ်က ကောင်းတာဖြစ်ချင်ရင် မကောင်းတာကို မကြံဘူး။ ကောင်းတာကို ကြံမယ်။ မကောင်းတာကို မပြောဘူး။ ကောင်းတာကို ပြောမယ်။ မကောင်းတာကို မလုပ်ဘူး။ ကောင်းတာကို လုပ်မယ်ဆိုရင် မိမိဘဝဟာ မငြိမ်းချမ်းမှာလား။ ငြိမ်းချမ်းမှာလား။ (ငြိမ်းချမ်းမှာပါဘုရား)။

## ကမ္ဘာ့ငြိမ်းချမ်းရေးတရား

အခုပဲ ယခု ဒီအတိုင်း ကျင့်ရင် ယခုပဲငြိမ်းတာပဲ။ မနက်ဖြန်ကျင့်ရင် မနက်ဖြန်မငြိမ်းဘူးလား။ (ငြိမ်းပါတယ်)။ တစ်ကိုယ်ရေ တစ်ကာယ တစ်ယောက်တည်းကျင့်ရင် တစ်ယောက်တည်း မငြိမ်း ဘူးလား။ (ငြိမ်းပါတယ်ဘုရား)။ တစ်မိသားစုလုံးကျင့်ရင် တစ်မိသားစုလုံး ငြိမ်းတာပဲ။ တစ်ရပ်ကွက် လုံးကျင့်ရင် (တစ်ရပ်ကွက်လုံး ငြိမ်းပါတယ်)။ အို၊ တစ်တိုင်းတစ်ပြည်လုံး ကျင့်ရင် (တစ်တိုင်း တစ်ပြည်လုံး ငြိမ်းပါတယ်ဘုရား)။ တစ်ကမ္ဘာလုံးကျင့်ရင် (တစ်ကမ္ဘာလုံးငြိမ်းပါတယ်)။ တကယ့် ငြိမ်းချမ်းရေးတရားအစစ်သည် တခြားတရားလား။ ဗုဒ္ဓဘာသာ တရားလား။ (ဗုဒ္ဓဘာသာတရားပါ ဘုရား)။ ကံနဲ့အကျိုးပေးကိုး။ ရှင်းပြီနော်။

ယနေ့ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးလို့ အော်နေတာ၊ မကျင့်သုံးဘဲနဲ့ ငြိမ်းချမ်းပါ့မလား။ ကမ္ဘာ့ငြိမ်းချမ်းရေးကြီးလည်း အော်ချင်သလိုအော်။ ယခု မြတ်စွာဘုရား ဟောတဲ့ကံနဲ့ အကျိုးပေး ကိုသာ လက်ခံကျင့်သုံးရင် မကောင်းတာကို ဘယ်သူမှ မဖြစ်ချင်တော့ မကောင်းတာကို မကြံတော့ ဘူး။ မကောင်းတာကို မပြောတော့ဘူး။ မကောင်းတာတွေ မလုပ်တော့ဘူး။ ယနေ့ ကမ္ဘာမှာ လူသတ် လက်နက်တွေ လုပ်နေတာဟာ ကောင်းတာလား၊ မကောင်းတာလား။ (မကောင်းတာပါ ဘုရား)။ လက်က မကောင်းတာတွေလုပ်နေတယ်။ ပါးစပ်ကအော်နေတယ်။ ဘယ်တော့မှ မငြိမ်းချမ်းဘူးယောဂီတို့။

အဲဒီတော့ တစ်ကမ္ဘာလုံးသာ ဗုဒ္ဓဘာသာတွေ အယူဖြစ်တဲ့ ကံနဲ့ အကျိုးပေးကို ယုံကြည် လက်ခံကျင့်သုံးရင် ကမ္ဘာကြီး ဘယ်လောက် ငြိမ်းချမ်းလိုက်မလဲ။ (မှန်လှပါ)။ ကမ္ဘာပေါ်မှာ ထောင် တောင် ထားစရာမလိုတော့ဘူး။ ဘုန်းကြီးတို့ ရှေးစကားပုံလိုပဲ ဟော့–– မုဆိုးမအိမ်တောင် တံခါး ဖွင့်အိပ်။ အဲဒီလောက်ထိအောင် မငြိမ်းချမ်းဘူးလား။ ဘာလို့ဆို မကောင်းတာမပြော၊ မကောင်းတာ မလုပ်၊ မကောင်းတာမကြံရင် မကောင်းတာတွေဖြစ်ပါ့ဦးမလား။ (မဖြစ်ပါဘူး ဘုရား)။ အဲဒီတော့ ယနေ့ ဘာပဲပြောပြော လုံခြုံအောင် စည်းရိုးခတ်ပြီဆိုကတည်းက မကောင်း တာတွေပြော၊ မကောင်းတာတွေကြံ၊ မကောင်းတာတွေလုပ်တဲ့ ပုဂ္ဂိုလ်တွေရှိနေလို့ ဆိုတာကတော့ ထင်ရှားတယ်ပေါ့။ အဲဒါက တခြားကို မကျင့်သုံးလို့မဟုတ်ဘူး။ ကံနဲ့အကျိုးပေးကို မကျင့်သုံးလို့ပါ။ ဒါက တစ်ပိုင်းရှင်းသွားပြီပေါ့။

## ပဋ္ဌိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



**အဝိဇ္ဇာအုပ်ချုပ်**

အဲဒီတော့ ယခုကံနဲ့ အကျိုးပေးဆိုတဲ့အခါမှာ စေတနာ၊ ကံ၊ သင်္ခါရ၊ ဒါကြောင့် မြတ်စွာဘုရားက "**စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ**"တဲ့။ ဒီလို မဟောဘူးလား။ အဲဒီတော့ စေတနာကို ဘာကောက်မလဲ။ ကံကောက်မယ်။ အဲဒီကံကိုဘာခေါ်မှာလဲ။ (သင်္ခါရပါ ဘုရား)။ ဒါဖြင့် အခု ထောက်နေတဲ့ သင်္ခါရက ဘယ်ကာလကို ထောက်နေတာလဲ။ (လွန်လေပြီးသော အတိတ်ကာလကိုပါဘုရား)။ သူများလုပ်ခဲ့တာလား။ ကိုယ်လုပ်ခဲ့တာလား။ (ကိုယ်လုပ်ခဲ့တာပါဘုရား)။ ဒီလိုဖြင့်ရင် ယောဂီတို့ သင်တန်းအနေနဲ့ သင်္ခါရ ၃-မျိုးတော့ သိပါနော်။ ကဲ--သင်္ခါရ ၃-မျိုးက

**ပုညာဘိသင်္ခါရ ကတစ်မျိုး၊**

**အပုညာဘိသင်္ခါရ ကတစ်မျိုး၊**

**အာနေဉ္ဇာဘိသင်္ခါရက တစ်မျိုး**

ဒီတော့ - ကောင်းပြီ။ အခု ဒါ နံပါတ်တစ်အကွက်ထဲက သင်္ခါရကို ရှင်းနေတာနော်။ ပုညာဘိသင်္ခါရဆိုတာ ဒါနအစရှိတဲ့ ပုညကြိယာ ၁၀-ပါးပေါ့နော်။ ဒါနတွေ၊ သီလတွေ၊ ဝေယျာဝစ္စတွေ၊ တရားဟောတာတွေ၊ တရားနာတာတွေ ပုညာဘိသင်္ခါရ။

လိုရင်းကတော့ ပါဏာတိပါတကံ အစရှိတဲ့ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု - ဟုတ်လား။ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ ဆိုတဲ့ ဒုစရိုက်တရား ၁၀-ပါးသည် အပုညာဘိသင်္ခါရ။ ဘာသင်္ခါရ။ (အပုညာဘိသင်္ခါရ)

သမထကမ္မဋ္ဌာန်းတရား လေးဆယ်ကိုအားထုတ်လို့ ဈာန်သမာပတ်တွေ ရရှိလာရင် အာနေဉ္ဇာဘိသင်္ခါရ၊ ဈာန်မရရင်တော့ ကာမကုသိုလ်ပါပဲ၊ ဝိပဿနာပွားများတော့လည်း မဂ်ဖိုလ် မရခင်မှာ ကာမကုသိုလ်စေတနာပဲဖြစ်ပါတယ်။ သမထတွေအားထုတ်လို့ရရှိလာတဲ့ ရူပ-အရူပ ဈာန်ကုသိုလ်စေတနာတွေဟာ အာနေဉ္ဇာဘိသင်္ခါရပဲ ယောဂီတို့။

ဟုတ်ပြီ။ ဟောဒီ သင်္ခါရ ၃-မျိုးကို လုပ်တိုင်း၊ သင်္ခါရလို့ပြောတိုင်း ပြောတိုင်း သူသည် တခြားလား၊ ကံလား။ (ကံပါဘုရား)။ အဲဒီကံသည် တခြားလား၊ စေတနာလား။ (စေတနာပါဘုရား)။ သို့ဖြင့် စေတနာသည် သူများမှာရှိတာလား။ ကိုယ့်မှာရှိတာလား။ (ကိုယ့်မှာရှိတာပါဘုရား)။

သို့ဖြင့် အဲဒီကံက သူများဖန်တီးတာလား၊ ကိုယ့်ကိုယ်ကို ဖန်တီးတာလား။ (ကိုယ့်ကိုယ်ကို ဖန်တီးတာပါဘုရား)။ ကိုယ့်ကိုယ်ကို စိတ်ကောင်းရှိလျှင် ကံကောင်းတယ်။ စိတ်ကောင်းမရှိလျှင် (ကံမကောင်းဘူး)။ အဲဒါက ဘယ်သူနဲ့မှ မပတ်သက်ဘူး။ ကိုယ်ပိုင်ကိစ္စဖြစ်ပါတယ်။ ကိုယ်မကောင်းလည်းပဲ ကိုယ်ခံပဲလေ။ ကိုယ်ကောင်းလည်းပဲ ကိုယ်စံမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒကာ၊ ဒကာမတွေ ကံအကျိုးပေးက မိဘနဲ့သားသမီး ကယ်လို့ရရဲ့လား။ (မရပါဘူးဘုရား)။ မိဘ မကောင်းလည်း မိဘက မကောင်းတဲ့နေရာသွားနော်။ သားသမီးမကောင်းလည်း သားသမီး မကောင်းတဲ့နေရာသွား။ မိဘကောင်းရင်လည်း မိဘကောင်းတဲ့နေရာသွား။ သားသမီးကောင်းရင်လည်း သားသမီး ကောင်းတဲ့နေရာသွားဆိုတော့ ကဲ--ဒကာ၊ ဒကာမတွေ ကယ်လို့ရရဲ့လား။ (မရပါဘူးဘုရား)။ မရဘူး--နော်။ ကိုယ်ပြုတဲ့ကံကို ကိုယ်ခံစားရမှာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဒီဘဝမှာက ဒါကတော့ အဖေ၊ ဒါကတော့ အမေ၊ ဒါကတော့ သား၊ ဒါကတော့ သမီး၊ ဒါကတော့ ဖနီး၊ ဒါကတော့ ခင်ပွန်းဆိုပြီးတော့ လာပြီးတော့ တစ်ဘဝ တစ်ခဏလေး တော်စပ်တာ။ အချိန်တန်ကျတော့ ကိုယ့်လမ်းကိုယ်မလျှောက်ဘူးလား။ (လျှောက် ပါတယ်)။ ဘယ် သူ့ ဘယ်သူမှ ဒကာ၊ ဒကာမတွေ အကူအညီပေးလို့ မရဘူး။ အဲဒီတော့ကိုယ်နဲ့အတူတူ ပါသွားမှာ တခြားလား။ ကံတွေလား။ (ကံတွေပါ ဘုရား)။ သင်္ခါရနဲ့ ပြောတော့ ပုညာဘိသင်္ခါရ၊ အပုညာဘိ သင်္ခါရ ဒါတွေ ကိုယ်နဲ့ပါမယ်။ တကယ် သမထတွေ အားထုတ်လို့ ဈာန်သမာပတ်တွေ ရသွားသူ တွေကျတော့ အာနေဉ္ဇာဘိသင်္ခါရ အဲဒီ သင်္ခါရ ၃–မျိုးကိုယ်နဲ့ပါလိမ့်မယ်။

သို့သော် သာမန်ပုထုဇဉ် သမထလောက်သာ လုပ်တဲ့အခါကျတော့ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရပဲပါမှာပါ။ အဲဒီ သင်္ခါရတွေ လုပ်တိုင်း လုပ်တိုင်း ဘယ်သူအုပ်ချုပ်တာလဲ။ (အဝိဇ္ဇာ အုပ်ချုပ်တာပါဘုရား)။ အဲဒါ ပါဠိတော်ကို ရွတ်လိုက်ပါ။ (အဝိဇ္ဇာပစ္စယာ သင်္ခါရ)။ ဒီတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရဆိုတော့ ဘယ်ကာလကလဲ။ (လွန်လေပြီးသော အတိတ်ကာလပါ ဘုရား)။ သင်္ခါရ ပစ္စယာ၊ (ဝိညာဏံ)။ ဝိညာဏ်ဆိုတော့ နံပါတ်နှစ် အကွက်ထဲ ရောက်လာတယ်။ ဘယ်အကွက်ထဲ မှာလဲ။ (နံပါတ်နှစ် အကွက်ထဲ မှာပါဘုရား)။

## ဘုရားသာဓုခေါ်

ဒီတော့ –– ဒီသင်တန်းကို ဘုန်းကြီးတို့ ဘာကိုသွားသွားပြီးတော့ နမူနာကြည့်ရမလဲဆိုရင်၊ ဓမ္မပဒမှာ ရက်ကန်းသည်မလေးဖြစ်စဉ်လေးပေါ့နော်။ သာကေပေးပြလိုက်တော့ သင်တန်းတရားက ပိုမှတ်မိပါတယ်။ အာဠဝီမြို့ကို မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး တရားဟောကြွလာတဲ့အခါကျတော့ တရားနာ ပရိသတ်ကြီး စုံလောက်ပေမယ့် ဘုရားကိုယ်တော်မြတ်ကြီး တရားမဟောသေးဘူး။ ဘာ ကြောင့် ဘုရားရှင်၊ တရားမဟောနိုင်ပါလိမ့်မလဲလို့ ပရိသတ်ကြီးက မသိဘူး။ အဲဒီတော့မှ ပရိသတ် အစွန် ခေါင်းမှာ တောင်းကြီးရွက်ပြီးတော့ ၁၄–၁၅–၁၆နှစ်ရှိတဲ့ ကလေးမလေး တစ်ယောက် ဝင်လာတော့မှ မြတ်စွာဘုရားက အဲဒီ ပရိသတ်ကြီးထဲက ဒီကလေးမလေးကို လှမ်းနှုတ်ဆက် လိုက်တယ်။

''ချစ်သမီး၊ ရှေ့ကိုလာခဲ့'' ဆိုတော့မှ ရှေ့ဝင်လာတယ်။ မြတ်စွာဘုရားက တရားဟောဖို့ ဒီကလေးမလေးကိုစောင့်နေတာ။ ဘုရားကိုယ်တော်မြတ်ကြီး စောင့်နေတယ်ဆိုတော့ ဘယ်သူကမှ ဒကာ၊ ဒကာမတွေ မလျှောက်ရဲဘူး။ မပြောရဲဘူးပေါ့။ သူလည်းရောက်ရော တရားပွဲစပြီနော်။ ဘုရားကိုယ်တော် မြတ်သည်ပင်လျှင် ဒကာ၊ ဒကာမတွေ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို အကြောင်း ပြု၍ သတ္တဝါ ဝေနေယျကို ချွတ်တော်မူရတယ်။ ဒီမှာ ဘာပြုလို့စောင့်ရတာလဲ ဆိုတော့ သူ့ကို အကြောင်းပြုပြီး ကျန်တဲ့သတ္တဝါတွေကို ချွတ်မယ့်တရား ဟောမှာကိုး။ ဒါကြောင့် သူ့ကိုစောင့်ရတာ။ အဲဒီတော့ ပုထုဇဉ်တွေဟာ၊ အရပ်တွေး အတွေးနဲ့ အရပ်ပြော ပြောမယ်ဆိုရင်၊ အမယ် – မြတ်စွာဘုရားက၊ ဒီကလေးမစောင့်နေတယ်ဆိုတော့ သူ့ပဲမျက်နှာလိုက်သလို။ ဒါကြောင့် ပုထုဇဉ် များ သိပ်ကြောက်စရာကောင်းတယ်။ ကိုယ်ထင်တာ ကိုယ်လျှောက်ပြောနေရင်၊ ဒကာ၊ ဒကာမ တွေ မှားသော်ရှိ၊ မှန်သော်ရှိ။ မှန်ရင်တော့တော်ရဲ့။ အမှားပြောမိရင် ဝစီကံ မပျက်ဘူးလား။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အမှားဝစီကံသည် တခြားအကျိုးပေးမှာလား။ အမှားအကျိုးပေးမှာလား။ (အမှားအကျိုးပေးမှာပါ ဘုရား)။ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ကံနဲ့အကျိုးပေးကိုသာ သိထားရင် ကိုယ့်ပါးစပ်ကိုယ် ချုပ်ထားရမယ့် အတိုင်းဖြစ်နေပြီ။ ဘယ်နေရာကပြောပြော တစ်ချက်မှ အပြစ်က မလွတ်ဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကို ဒီတရားနာရပြီဆိုရင်၊ ခြေတွေ၊ လက်တွေတောင် လှုပ်ဖို့ခက်တယ်။ ဒီလောက်အရေးကြီးတယ်ပေါ့နော်။ ပါးစပ်ပိတ်ထားရမယ့် အနေအထားမျိုး ဖြစ်ပြီပေါ့။

ဒီတော့မှ မြတ်စွာဘုရားက

''ကဲ--ချစ်သမီး၊ ဘယ်ကလာသလဲ'' ဒီလို မေးလိုက်တယ်။

ဒီတော့ ဒီကလေးမလေးက စဉ်းစားတယ်။ မြတ်စွာဘုရား ငါ့ကိုမေးနေတယ်။ ဘယ်က လာသလဲလို့မေးတာဟာ ငါ--အိမ်ကလာတာဟာ ဘုရားလည်း သိမှာပဲ။ ပရိသတ်ကြီးလည်း သိတယ်။ ဒါကို အခြေခံပြီး မေးတာ မဟုတ်ဘူးထင်တယ်ဆိုပြီးတော့၊ ဒီတော့ မြတ်စွာဘုရားကို လျှောက်လိုက်တယ်။

''တပည့်တော် ဘယ်ကလာမှန်း မသိပါဘုရား''လို့ ဒီလိုလျှောက် လိုက်တယ်။

ဒီတော့ ပရိသတ်ကြီးက မကျေနပ်ဘူး။ ဒကာ၊ ဒကာမ တွေ။ ဟာ-ဒီကလေးမလေး ဘယ်နှယ့်ကြောင့် မြတ်စွာဘုရားကို မထီမဲ့မြင်ပြုရတာလဲ။ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား။ ဘယ်သူကမှဘုရားကို ရဲရဲတင်းတင်း မကြည့်ရဲတဲ့ ဥစ္စာကို၊ သူဘယ်နှယ့်ကြောင့် မထီမဲ့မြင်ပြုရတာလဲ။ ပရိသတ်ကြီး မကျေနပ်ဘူးပေါ့။ ဒီတော့မှ တစ်လက်စတည်း ဆက်ပြီးမေးလိုက်တယ်။ ဒီလိုဖြင့်-ဘယ်သွားမလို့လဲ၊ (မသိပါဘုရား)။

ဘယ်က လာသလဲဆိုတော့လည်း (မသိပါဘုရား)။ ဘယ်သွားမလို့ လဲဆိုတော့လည်း (မသိပါဘုရား)။ ဟာ၊ ပရိသတ် ဒကာ၊ ဒကာမတွေ ဖွင့်သာ မပြောတယ်၊ ရှုစိ ရှုစိဖြစ်သွားပြီ။ ကျယ်ကျယ်တော့ မပြောဘူး။ ဘုရားရှေ့ ဆိုတော့ ရှိသေလေးစားတာပေါ့။ ဟိုနားတိုးတိုး တိုးတိုး။ ဒီနားတိုးတိုး တိုးတိုးနဲ့။ တစ်ယောက်နဲ့တစ်ယောက် လက်ကုတ်ပေါ့ဗျာ။ ဟုတ်လား။ မျက်စပစ်၊ မေးထိုးပေါ့ ဟုတ်လား။ ဖြစ်တာသဘာဝ။ သဘာဝ။ တိုးတိုး၊ တိုးတိုးနဲ့ အတင်းတွေ ပြောကုန်ပြီ။ နှစ်ခုပဲရှိသေးတယ်ဟုတ်လား။ ဘယ်ကလာသလဲလို့ မေးတော့ (မသိပါဘုရား)။ ဘယ်သွားမလဲဆိုတော့ (မသိပါဘုရား)။

မသိပါဘုရား။ **''ဟ ချစ်သမီး တကယ်မသိဘူးလား''** ဆိုတော့ **''သိပါတယ် ဘုရား''** ဖြစ်တော့တာပဲ။ ပရိသတ် ရှုစိရှုစိ ဖြစ်သွားပြီနော်။

တကယ်ကော သိလားဆိုတော့ မသိပါဘုရားတဲ့ဆိုတော့ ဟော-မေးခွန်း(လေး)ချက် အကုန်ဒုက္ခတွေ ရောက်ကုန်ပြီ။ ပရိသတ် ထိန်းမရ တော့ဘူး။ ဒီတော့ တစ်ခါတည်း ဒီကောင်မလေး ဘယ်လိုဖြစ်တာလဲ။ မြတ်စွာဘုရားကို ဒီလိုလျှောက်ရမလား။ ဘာလား၊ ညာလားပေါ့နော်။

ဒီတော့မှ မြတ်စွာဘုရားက ကဲ-ကဲ-ကဲ ချစ်သမီးတဲ့။ မြတ်စွာဘုရားမေးတဲ့ မေးခွန်းကို ချစ်သမီးပြန်ဖြေစမ်း။

ဟုတ်ပါတယ်ဘုရား- ချစ်သမီးဘယ်ကလာသလဲလို့ မေးတဲ့အခါမှာ တပည့်တော် မသိပါဘုရားလို့ပြောတာဟာ - ဘုရား-တပည့်တော်မ အိမ်ကလာတာဟာ ဘုရားကိုယ်တော်မြတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သိမှာပါတဲ့။ ပရိသတ်အားလုံးကလည်း သိပါတယ်။ သို့သော် ဒီတရားပွဲကြီးမှာ ဒီလောက် တန်ဖိုးရှိတဲ့အချိန်ကို အချိန်ကုန်ခံပြီး မေးမယ်မထင်ဘူးတဲ့။ ဘုရားတပည့်တော် သိတာဟာဆိုရင် ဘယ်ဘဝက လာသလဲလို့ မေးလို့သာလျှင် တပည့်တော်မသိကြောင်းပါဘုရားလို့၊ ဒီလို လျှောက်လိုက်ပါတယ်။ ဒီတော့မှ မြတ်စွာဘုရားက သာဓု ၃-ကြိမ်ခေါ်တယ်။ ဒကာ၊ ဒကာမတွေ။ ဘုရား ဘာလုပ်တာလဲ။ (သာဓု ၃-ကြိမ်ခေါ်ပါတယ်)။ အဲဒီတော့မှ ပရိသတ်ကြီးကဝိုင်းပြီး သာဓုခေါ်ကြတာ။ စောစောတုန်းက မေးထိုးလို ထိုး၊ လက်ကုတ်လိုကုတ်၊ အတင်းပြောလိုပြောတဲ့ ပရိသတ် အခု ဘာဖြစ်သွားလဲ။ သာဓုခေါ်ပြီး ချီးမွမ်းသွားတယ်။ အေး-ဟုတ်လိုက်လေခြင်း၊ မှန်လိုက်လေခြင်း ပေါ့နော်။ ဒါ-တစ်ချက်။

ကဲ-ဒီလိုဖြင့် ဒုတိယမေးခွန်း ချစ်သမီးပြန်ဖြေတော့တဲ့။ ဘယ်သွားမလဲလို့ ဆိုတာဟာတဲ့ တပည့်တော် ခေါင်းပေါ်မှာ ရက်ဖောက်တောင်းကြီးနဲ့ လာတာ၊ အလုပ်ရုံသွားမယ်ဆိုတာ အကုန် သိပါတယ်။ နေ့တိုင်းလည်း သွားနေတာပဲ။ သူက ရက်ကန်းယက်နေတာကိုး။ သို့သော် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ဒီလောက် အချိန်ကုန်ခံပြီး ဒါကိုမေးမယ်လို့ မထင်ပါဘူးတဲ့။ ဒီဘဝကနေ တပည့်တော်မ သေပြီးရင် ဘယ်ဘုံ ဘယ်ဌာနကို ရောက်မလဲဆိုတာကို မြတ်စွာဘုရားကိုယ်တော်မြတ် မေးတယ်ဆိုတာကို ဘုရားတပည့်တော်မ သဘောပေါက်လို့ တပည့်တော်မလည်းပဲ ဘယ်ရောက်မှန်း မသိပါဘုရားလို့ ဖြေလိုက်ပြီနော်။ အဲဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်တယ်၊ ဒကာ၊ ဒကာမတွေ။ အဲဒီဘုရားသာဓုခေါ်မှ ပရိသတ်ကြီးက ဘာဖြစ်လဲ။ (သာဓုခေါ်တယ်)။ ဝိုင်းပြီးတော့ သာဓုခေါ်တာ။ မေးခွန်းနှစ်ခုနော်။ အဲဒါက ဟိုက ရက်ကန်းသည်မလေးအကြောင်း သာဓကပြပြောတာပါ။ ကဲ-ဒီတော့ ဘုန်းကြီးတို့ အားလုံး၊ ကိုယ့်ဆွေတော် မျိုးတော် မိတွေ ဖတွေ မေးမယ်နော်။

## ဘယ်ကိုသွားမလဲယောဂီ

အခု--ဘယ်ကလာလဲလို့ မေးရင် ဘယ်လိုပြောမလဲ။ (မသိပါ ဘုရား)။ မသိဘူး။ ဒါပဲဖြေရမှာပဲ။ သိမှ မသိတာ။ မသိဘူး။ ဘုန်းကြီးလည်း မသိဘူးလေ။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်)။ ဘယ်သွားကြမလဲ။ (မသိပါဘူး ဘုရား)။ ဒီနားက ဒကာကြီးက နိဗ္ဗာန်သွားမယ်တဲ့။ ဒီအသံတစ်သံကြားရတာ ဘုန်းကြီး အမောပြေလိုက်တာ။ ကဲ - နိဗ္ဗာန်ကို သွားမယ် ဆိုရင်တော့ ဘုန်းကြီး ဒီစခန်းတော့ စံပြပဲပေါ့ဗျ။ သူသွားမယ်ပြောတာ။ သွားတယ် မပြောဘူး။ သွားမယ်ပဲ ပြောတာ။ အဓိပ္ပါယ် - အဓိပ္ပါယ်။ ကဲ - ထား။ ဘယ်သွားမယ်ဆိုတာ လည်း ဘယ်လိုလုပ်သိမလဲ။ သိပ့်မလား။ (မသိပါဘူးဘုရား)။ အေး--ယနေ့ ဘုန်းကြီးတို့ ဟောဒီ ပဋိစ္စသမုပ္ပါဒ်သင်တန်းသင်တာက အဲဒီစကားကို လက်မခံတော့ဘူး။ ဒီတော့ ဘယ်ကလာလို့ လာမှန်းမသိပါဘုရား။ ဘယ်သွားလို့ သွားမှန်းမသိပါဘုရား ဆိုတာက ဒီကနေ့ ဘုန်းကြီးတို့အားလုံး ဒကာ၊ ဒကာမတွေ ဘယ်ဘုံ ဘယ်ဌာနက လာတယ်ဆိုတာကိုသိရဲ့လား။ (မသိပါဘူးဘုရား)။ ဒီကသေပြီးရင် ဘယ်ဘုံ ဘယ်ဌာနရောက်မယ်ဆိုတာကို သိရဲ့လား။ (မသိပါဘူးဘုရား)။ လူ့ပြည်ပဲ ရောက်မလား၊ နတ်ပြည်ပဲ ရောက်မလား။ ဗြဟ္မာပြည်ပဲ ရောက်မလား။ နိဗ္ဗာန်ပဲ ရောက်မလား၊ ဒါမှမဟုတ် ငရဲ၊ တိရစ္ဆာန်၊



www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံပဲ ရောက်မလားဆိုတာ သိပ့်မလား။ (မသိပါဘူး)။ မသိဘူး။ အဲဒါ ဘာကြောင့်မသိတာလဲ ဆိုတော့ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့။ ဘာနားမလည်လို့လဲ။ (ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ပါဘုရား)။ အခု-- ဘုန်းကြီး၊ ယောဂီတို့ကို သစ္စာအကြောင်း စပြီးတော့ ပြောပြီနော်။

အခုယောဂီတို့ သိရမယ်။ အဲဒီလိုသိနိုင်ဖို့အတွက်က ဘာတရား အားထုတ်ရမလဲ။ (ပဋိစ္စသမုပ္ပါဒ်)။ သစ္စာတရားအားထုတ်ရမယ်၊ သစ္စာတရားနာရမယ်။ သစ္စာတရားမနာ၊ သစ္စာတရားအားမထုတ်၊ ပဋိစ္စသမုပ္ပါဒ်တရားမနာ၊ ပဋိစ္စသမုပ္ပါဒ် မဖြတ်ရင်၊ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ၊ အခုနက ကလေးမလေး ဖြေသလိုပဲ ဘယ်ကလာမှန်းလဲမသိ၊ ဘယ်ကိုပြန်မှန်းလဲမသိဘူးဆိုလို့ ရှိရင် မခက်ဘူးလား။ (ခက်ပါတယ်ဘုရား)။ ပဋိစ္စသမုပ္ပါဒ်သင်လိုက်တော့ လောဘသမားတွေ သွားရမယ့်လမ်းစဉ်၊ ဒေါသသမားတွေ သွားရမယ့်လမ်းစဉ်။ မောဟသမားတွေ သွားရမယ့်လမ်းစဉ်၊ ကိုယ့် လမ်းစဉ်နဲ့ကိုယ် သွားတယ်-မသွားဘူးဆိုတာ သူများ မေးရမှာလား။ ကိုယ့်ကိုယ်ကို မေးရမှာလား။ (ကိုယ့်ကိုယ်ကို မေးရမှာပါ ဘုရား)။ ကိုယ့်ကိုယ်ကို ပြန်မေး။ ငါလောဘတွေ ရှိနေလား၊ ဒေါသတွေ ရှိနေလား၊ မောဟတွေ ရှိနေသလား။ မာန်မာနတွေရှိနေသလား။

အဲဒီတရားတွေ ကိုယ်တိုင်မှာ ရှိတယ် မရှိဘူးဆိုတာ၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ရင် ဒကာ၊ ဒကာမတွေ မသိဘူးလား။ (သိပါတယ်ဘုရား)။ အဲဒီ အခုပြောနေတာတွေ ရင်ထဲမှာ ရှိနေမယ်၊ ကိန်းနေမယ်ဆိုလို့ရှိရင် သွားမှာသည် တခြားသွားမှာလား၊ အပါယ်သွားမှာလား။ (အပါယ်သွား မှာပါဘုရား)။ ဒီစိတ်ရှိရင်တော့ ငါသွားမှာ အပါယ်ပဲ သိသွားပြီ။ ရှင်းကောရှင်းရဲ့လား။ ဟော၊ နေ့စဉ်နေ့တိုင်း၊ ငါ ဒါနတွေ ဘယ်လောက်ပြုပြီးနေပြီ။ ဝမ်းမြောက်၊ ဝမ်းသာ။ ငါ သီလတွေ ဘယ် လောက်မြဲနေတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ။ သမထ၊ ဝိပဿနာတွေ ဘယ်လောက်အားထုတ် ထားတယ်။ အဲဒီလိုမျိုးလေး တစ်နေ့ ကိုယ့်ကိုယ်ကို စဉ်းစားလိုက်လို့ ရှိရင်၊ သုဂတိနိဗ္ဗာန် သွား နိုင်မယ်ဆိုတာ မသိဘူးလား။ ဒီလိုဖြင့် လမ်းက သူ့ဘာသာသူ ခွဲပြီးသားပဲ။ ရှင်းပြီနော်။ အဲဒီလို သိနိုင်အောင် ဒကာ၊ ဒကာမတွေ တခြားနားလည်ရမှာလား၊ ပဋိစ္စသမုပ္ပါဒ် နားလည်ရမှာလား။ (ပဋိစ္စသမုပ္ပါဒ် နားလည်ရမှာပါ ဘုရား)။

အဲဒီတော့ အဝိဇ္ဇာပစ္စယာ (သင်္ခါရာ)။ သင်္ခါရပစ္စယာ (ဝိညာဏံပါဘုရား)။ ယနေ့ဘုန်းကြီးတို့ ဘယ်ကလာသလဲဆိုတာ သိဖို့အတွက်က ပဋိစ္စသမုပ္ပါဒ်နားမလည်ရင်၊ ဘုရားသခင် အလိုတော်ကျ ဖြစ်လာသလိုလို၊ သိကြားမင်းကြီးကပဲ ပို့လိုက်သလိုလို၊ ဗြဟ္မာမင်းကြီးကပဲ မွေးထုတ်ပေးလိုက် သလိုလိုနော်။ တန်ခိုးရှင်ကပဲ ဖန်တီးသလိုလိုဆိုတဲ့ အဲဒီ-သလိုလိုတွေနဲ့ပဲ ဒကာ၊ ဒကာမတွေ အချိန်မကုန်ဘူးလား။ (ကုန်ပါတယ်ဘုရား)။ အဲဒါတခြားကြောင့်လား၊ အကြောင်းတရားကို နား မလည်လို့လား။ (အကြောင်းတရားကို နားမလည်လို့ပါဘုရား)။ အခု ဘုန်းကြီးတို့ အကြောင်း တရားကိုကြည့်လိုက်တော့ အဝိဇ္ဇာပစ္စယာ (သင်္ခါရာ)။ သင်္ခါရပစ္စယာ၊ (ဝိညာဏံပါဘုရား)။ ဝိညာဏ် ဆိုတော့ကိုယ်နဲ့ပတ်သက်တဲ့ ဝိညာဏ်ပြောရင် အခုတစ်ခြားဝိညာဏ်ရတာလား။ လူ့ဝိညာဏ်ရ တာလား။ (လူ့ဝိညာဏ်ရတာပါဘုရား)။ လူ့ဝိညာဏ်ကို ရတာက ဘာသင်္ခါရလုပ်ခဲ့လို့။ (ပုညာဘိ သင်္ခါရ လုပ်ခဲ့လို့ပါဘုရား)။ အဲဒီတော့ ပုညာဘိသင်္ခါရပစ္စယာ (ဝိညာဏံ)။ ဝိညာဏ် ဆိုတော့ အခု



www.burmeseclassic.com

www.burmeseclassic.com



လူ့ဝိညာဏ်ရလာပြီ။ အမိဝမ်းထဲမှာ ကိုးလ၊ ဆယ်လ စပြီးတော့ နေပြီ။ အဲဒီလို လူ့လောကကို ရောက်လာတာက အတိတ်ကာလက ဘာတွေလုပ်ခဲ့လို့။ အဝိဇ္ဇာပစ္စယာ (သင်္ခါရာ)။ ဒါနတရားတွေ လုပ်လို့၊ သီလတရားတွေ လုပ်လို့။ အခု လူဖြစ်တာမဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား)။

အကယ်လို့ အပုညာဘိသင်္ခါရဆိုတဲ့ ပါဏာတိပါတကံကျူးလွန်ရင် တခြားရောက်မှာလား၊ ငရဲရောက်မှာလား။ (ငရဲရောက်မှာပါဘုရား)။ အဒိန္နာဒါန်၊ ကာမေသု၊ မုသာ၊ သုရာမေရယ ကျူးလွန်လျှင် တခြားရောက်မှာလား၊ ငရဲ ရောက်မှာလား။ (ငရဲရောက်မှာပါဘုရား)။ လောဘ၊ ဒေါသ၊ မောဟတွေရှိရင် တခြားရောက်မှာလား။ အပါယ်ရောက်မှာလား။ (အပါယ်ရောက်မှာပါဘုရား)။ လောဘတွေများရင် ပြိတ္တာပြည် ရောက်မယ်ပေါ့။ ဒေါသတွေများရင် ငရဲရောက်မယ်ပေါ့။ အတိတ်ကနော်။ အဲဒီတော့ အတိတ်က လောဘ ဒေါသ ရှိပင်ရှိငြားသော်လည်းပဲ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ဒါနတရား၊ သီလတရားတွေက အားကောင်းတော့ ဒါန၊ သီလကနေ ကံ–လူ့ပြည်ကို သွားစမ်းဆိုပြီးတော့၊ အဝိဇ္ဇာ ပစ္စယာ (သင်္ခါရ)။ သင်္ခါရပစ္စယာ (ဝိညာဏ်)။ ဝိညာဏ်ဆိုတော့ လူ့ဘဝ၊ လူ့လောက ဝိညာဏ်ကို မပို့ဘူးလား။ (ပို့ပါတယ်)။ ဟုတ်ပြီ။ ယနေ့ဘုန်းကြီးတို့ လူ့လောက ကို ရောက်လာကြပြီပေါ့။

## အထွတ်အထိပ်ရောက်လိုသော်

အဲဒီတော့ လူ့လောကကို ရောက်လာကြတာဟာ တခြားက ပို့တာလား၊ ကံက ပို့တာလား။ (ကံက ပို့တာပါဘုရား)။ ဒီတော့ အတိတ်နဲ့ပြောတော့ ဘာပြောမလဲ။ (သင်္ခါရ)။ ပစ္စုပ္ပန်နဲ့ပြောတော့ (ကံ)။ အဲဒီတော့ ကံသာလျှင် အမိ ကံသာလျှင်အဖဆိုတာ ''အဘိဏှသုတ်'' နဲ့ကိုက်သွားပြီ။ ကံက ပို့လိုက်ပြီနော်။ ကံကပို့လိုက်သည့်အတွက် ဘုရားအလိုတော်ကျလား၊ ကံပို့လိုက်တာလား။ (ကံပို့လိုက်တာပါဘုရား)။ ဗြဟ္မာကြီးက ပို့လိုက်တာလား၊ ကံက ပို့လိုက်တာလား။ (ကံကပို့လိုက်တာပါဘုရား)။ လူ နတ် ဗြဟ္မာ သတ္တဝါတွေကို ဖန်ဆင်းတာလား။ ကံကပို့လိုက်တာလား။ (ကံက ပို့လိုက်တာပါဘုရား)။ အဲဒီတော့ ကံနဲ့အကျိုးပေးကို ယုံကြည်တာသည် တခြားလား၊ ဉာဏ်လား (ဉာဏ်ပါဘုရား)။ အဲဒီဉာဏ် ဘာဉာဏ်ခေါ်။ (ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်)။ ဟုတ်ပြီ။ ဒါ တစ်ပိုင်းရပ်လိုက်။ ဝိညာဏ်ရဖို့အရေးကြီးတယ်နော်။

အကယ်၍ ယောဂီတို့က အဲဒီလိုဉာဏ်မျိုးမရရင် ဟောဒီ တခြား မဟာယာနတို့ တန္တရတို့ မန္တရတို့က ဝင်နှောက်လိုက်ပြီဆိုရင် သိပ်ကြောက်စရာကောင်းတယ်။ ဒါဘုန်းကြီးတို့က လက်တွေ့ ကြည့်ရမှာကိုး။ အဲဒီတော့ ကံနှင့်အကျိုးပေးမှာ အတိတ်ကာလတုန်းက ကုသိုလ်ကောင်းမှုတွေပြုရင် ကောင်းတာလုပ်ရင် (ကောင်းတာဖြစ်မည်)။ မကောင်းတာလုပ်ရင် (မကောင်းတာဖြစ်မည်)။

အဲဒီတော့ အခုန မနေ့ကလည်း ပြောခဲ့တယ်။ လူ့ဘဝ လူ့လောက ကြီးတော့ ရောက်လာပါပြီ။ ရောက်လာကြပြီ။ သို့သော်လည်းပဲ ယောကျ်ားတွေဖြစ်၊ မိန်းမတွေဖြစ် အတန်းအစားချင်း မကွာဘူးလား။ (ကွာပါတယ်ဘုရား)။ ယောကျ်ားချင်းတူသော်လည်းပဲ ကဲ၊ ဒကာ၊ ဒကာမတွေ ရုပ်ရည်ချင်းတူရဲ့လား။ (မတူပါဘူး)။ မတူညီဘူးနော်။ ယောကျ်ားချင်းတူသော်လည်းပဲ ပညာတတ်တာ ပညာမဲ့တာ ချမ်းသာတာ ဆင်းရဲတာ၊ ရာထူးရှိတာ ရာထူးမဲ့တာ၊ (မတူပါဘူးဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



သြော်၊ အချို့တွေကျတော့ ရာထူးအမြင့်ဆုံးရတယ်။ အချို့ကျတော့ ဘာရာထူးမှမရှိဘူး။ အချို့ကျတော့ စားစရာ သောက်စရာကိုမရှိဘူး။ အချို့ကျ ဒီတစ်သက်လုံး စားမကုန်နိုင်လောက်အောင် မချမ်းသာဘူးလား။ (ချမ်းသာပါတယ်)။ ဒီလိုဖြင့်ရင် အဲဒီလို ချမ်းသာနေတာဟာ ဘယ်သူက မ,လို့လဲ။ ကံအကြောင်းတရားကြောင့် မထင်ရှားဘူးလား။ (ထင်ရှားပါတယ်)။

သို့ဖြင့်ရင် တန္တရ မန္တရ အယူအဆက အဲဒီလို ချမ်းသာလာပြီဆိုရင် အင်း၊ ဒီပုဂ္ဂိုလ်တော့ ဘာကိုးကွယ်လို့။ ကိုးကွယ်မှန်ရင်တော့ အကြောင်းမဟုတ်ဘူး–နော်။ ဘုန်းကြီးတို့ လောကမှာ ကိုးကွယ်စရာ ၃–မျိုးပဲရှိတယ်။ ဘယ်နှစ်မျိုးလဲ။ (၃–မျိုးပါဘုရား)။ ဘုရား၊ တရား၊ သံဃာ။ အဲဒါကြောင့်မို့လို့ ခုနက ရွတ်သွားပြီ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ အဲဒီ ၃–ပါး ကိုသာ ယုံယုံကြည်ကြည်ကိုးကွယ် ဒကာ၊ ဒကာမတွေအထွတ်အထိပ် မရောက် ဘူးဆိုတာ မရှိဘူး။ အမျိုးမျိုး ဒကာ၊ ဒကာမတွေ မကွာဘူးလား။ အဲဒီလို ကွာတာဟာ သိကြား ဗြဟ္မာ နတ် ဝိဿကာ ဖန်တီးပေးတာ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ ဘိုးတော် မယ်တော် မ,တာ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ စီးပွားလေး တက်လာပြီ။ ရာထူးလေး တက်လာပြီ။ မိသားစုလေးများ အဆင်ပြေလာလို့၊ ထီလေးဘာလေးများ ပေါက်လာပြီဆိုရင် အင်း၊ ငါက ဟိုဟာကို ကိုးကွယ်လို့ ဟိုဘိုးတော်ကိုးကွယ်လို့၊ ဒီမယ်တော် ကိုးကွယ်လို့၊ ဟိုအိမ်တွင်းကိုးကွယ်လို့၊ ဟို ကိုယ်တော်ကို ကိုးကွယ်လို့ ဟော ဟိုကိုယ်တော်သာပြောတယ်၊ ဘယ်ကိုယ်တော်မှန်းလည်း မသိဘူး။ စဉ်းစား ကြည့် ဒကာ၊ ဒကာမတွေ။ တွက်ကြည့်ဗျာ။ အဲဒီလို ကိုးကွယ်လို့ဖြစ်မယ်ဆိုရင် ဘုန်းကြီးတို့ မအိပ်မနေ တစ်နေကုန် ကိုးကွယ်ပါမယ်။ သိပ်အရေးကြီးတယ် ဒီကိစ္စနော်။ ဟုတ်ပဲ့ မလား။ (မဟုတ်ပါဘူးဘုရား)။

ကဲ – ဥပမာပြောမယ်။ ယနေ့ ဆယ်တန်းစာမေးပွဲကို ဖြေကြတဲ့ ကျောင်းသူကျောင်းသား လေးတွေ။ သြော်၊ သူတို့မှာ သေလုမျောပါး၊ ကျက်လိုက်ရတဲ့စာ နေ့မအိပ်၊ ညမအိပ် ဟုတ်လား။ အဲဒီလိုကျက်တော့၊ ကောင်းကောင်းကျက်တော့ ကောင်းကောင်းမှတ်မိတဲ့ ပုဂ္ဂိုလ်က ဒကာ၊ ဒကာမ တွေ စာမေးပွဲ မအောင်ဘူးလား။ (အောင်ပါတယ်)။ စာလည်းမကျက်ဘူး။ ဂလေလိုက်ပြီးတော့ ဟိုလုပ် ဒီလုပ် တောင်သွား မြောက်သွားနဲ့ အချိန်တန်ဖြေတော့ မဖြေနိုင်တဲ့ပုဂ္ဂိုလ်က မကျဘူးလား။ (ကျပါတယ်ဘုရား)။ ဒီလိုဖြင့်ရင် အောင်တာ ဘယ်သူ မ,လို့လဲ။ အမိပ္ပါယ်နော်။ ဒါ–ဥပမာ ဆောင်ဟောနေတာ။ အိမ်တွင်းက မ,တာလား။ (မဟုတ်ပါဘူး)။ အိမ်ပြင်က မ,တာလား။ (မဟုတ်ပါဘူး)။ သိကြား၊ ဗြဟ္မာ၊ ဝိဿကာတွေ မ,တာလား။ (မဟုတ်ပါဘူး)။ ဘယ်သူမှ မမ,နိုင်ပါဘူး။

အဲဒါကြောင့်မို့လို့ ယနေ့ကြီးပွားချမ်းသာတဲ့ပုဂ္ဂိုလ်တွေ စိုက်တဲ့ ကံအားက နည်းနည်း နောနောလား။ သူများ အိပ်လည်းမအိပ်။ သူများ စားလည်းမစား။ တစ်ခါတည်းမှကို ဒီအပေါ်မှာ အလုပ်ကိုနှစ်ထားတဲ့အခါကျတော့ သူ့ပေါ်မှာ အမြဲတမ်း မနောကံ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အလုပ်နဲ့ပတ်သက်ပြီး မစားနိုင် မသောက်နိုင် ပြောရ ဆိုရ လုပ်ရ ကိုင်ရတဲ့ ဝစီကံ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ကိုယ်တိုင်ကိုယ်ကျကို တစ်ခါတည်း အပင်ပန်းခံပြီး မဆောင်ရွက်ဘူးလား။ (ဆောင်ရွက်ပါတယ် ဘုရား)။ အဲဒီပုဂ္ဂိုလ်ရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံသည် ဘယ်မှာမကြီးပွားဘဲ ရှိမလဲ။ (မှန်လှပါ)။ ကဲ၊ ဒီလိုဖြင့်ရင် ရာထူး ဂုဏ်သိမ် စည်းစိမ်တိုးတက်တဲ့ပုဂ္ဂိုလ်များမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



တွက်ကြည့်နော်။ ကိုယ့်အထက် လူကြီးနဲ့ပတ်သက်လို့။ ကိုယ့်တာဝန်ဝတ္တရားတစ်ခုနဲ့ပတ်သက်လို့ မကျေပွန်ရင် ဒီပုဂ္ဂိုလ် ရာထူးတက်ပါ့မလား။ (မတက်ပါဘူးဘုရား)။ ဒီတော့ စိတ်ကောင်းမရှိရင် ရာထူးတက်ပါ့မလား။ (မတက်ပါဘူးဘုရား)။ အမြဲတမ်း သူများကို ဒုက္ခပေးဖို့ စဉ်းစားနေတဲ့ပုဂ္ဂိုလ် သိပ်မကြာဘူး။ ကိုယ်က အရင် ဒုက္ခရောက်သွားပြီ။ စေတနာသည် တခြားလား၊ ကံဖြစ်တာလား။ (ကံပါဘုရား)။ အဲဒီတော့ အဲဒီကိစ္စ ထဲမှာ သိကြားလည်းမပါဘူး၊ ပြဟ္မာလည်းမပါဘူး၊ ဘိုးတော် မယ်တော်လည်း မပါဘူး။ အိမ်တွင်း အိမ်ပြင်လည်း မပါဘူး။ ဘာတစ်ခုမှ မပါဘူး။ မိမိပြုခဲ့သော အကြောင်းတရားကြောင့်ဖြစ်ပေါ်သော အကျိုးတရား။ အဲဒါကို ယုံကြည်ရင် ဘာဉာဏ်ရ။ (ကမ္မဿ ကတာ သမ္မာဒိဋ္ဌိဉာဏ်ပါဘုရား)။

အဲဒီတော့ ဒါ ဘုရားဟောတာ ဘုန်းကြီးတို့ဟောတဲ့ စကားလုံး တစ်လုံးမှမပါဘူးနော်။ ဒါ၊ သိပ်အရေးကြီးလွန်းလို့။ အဲဒီတော့ အဲဒီလို အမှန်တရားကို ရှိနေပါလျက်ကယ်နဲ့အမှားနဲ့အမှန်ကို မဝေခွဲနိုင်တာသည် တခြားတရားလား၊ အဝိဇ္ဇာတရားလား။ (အဝိဇ္ဇာတရားပါဘုရား)။ အဝိဇ္ဇာက ဝင်တဲ့အခါကျတော့ မှားသလား၊ မှန်သလားဆိုတာ မသိဘူး။ အဝိဇ္ဇာဝင်တာနဲ့တစ်ပြိုင်နက် တစ်ခါ တည်း အမှားနဲ့အမှန်ကို မဝေခွဲနိုင်ရင် တခြားလား၊ ဝိစိကိစ္ဆာလား။ (ဝိစိကိစ္ဆာပါဘုရား)။ သံသယ ဖြစ်လာပြီ။ ဟော၊ စီးပွားလေးလည်းဖြစ်လည်းလာရော အင်း၊ ဟိုကမ,သလိုလို၊ ဒီက မ,သလိုလိုနော်။ ယနေ့အချိန်ဆိုရင် မန္တလေး တောင်ပြုံး တယ်သွားကြတယ်။ မ,တာကိုး။ အဲဒီလို မ,မယ်ဆိုရင် ဒကာ၊ ဒကာမတွေ အိပ်နေပါလား။ အိပ်နေရင် ထမင်းစားရဦးမလား။ မစားရဘူးနော်။ လူ့ဘဝမှာ အခုဘုန်းကြီးဟောနေတာက တခြားဟောနေတာလား၊ ကံကိုဟောနေတာလား။ (ကံကို ဟောနေ တာပါဘုရား)။ သို့သော် ကံကို ဦးတည်ပြီး လာနေသော်လည်း ဉာဏ်၊ ဝီရိယက လွတ်လို့မရဘူးနော်။ နို့မို့ တစ်ခုတည်းဆိုလို့ရှိရင် ဒိဋ္ဌိဖြစ်သွားဦးမယ် ဟုတ်လား။ အခုကံကို အဓိကထားဟောနေလို့ ဉာဏ်၊ ဝီရိယကို နောက်ဘက်ကထားနေတာ။ အဲတော့ တိုးတက်ကြီးပွားဖို့ဆိုတဲ့အခါမှာ ကံ ဦးဆောင်ပြီးတော့ သူ့ရဲ့အထောက်အပံ့ဆိုတဲ့ သုံးချောင်း ထောက်လို့ပေါ့။ ဉာဏ် ဝီရိယကော မပါဘူးလား။ (ပါ-ပါတယ်ဘုရား)။ အဲဒီတော့ ဉာဏ် ဝီရိယ မရှိဘဲနဲ့၊ ငါ ကံကောင်းမှာပဲလို့ အိပ်နေလို့ရပါ့မလား။ (မရပါဘူးဘုရား)။ မရဘူး။ ဝီရိယဆိုတာ လည်းပါရမယ်။ ဉာဏ်ဆိုတာလည်း ပါရမယ်ပေါ့နော်။

အဲဒီတော့ ခုနပြောတဲ့ ကံဆိုတဲ့နေရာမှာ မနောကံရယ် ဝစီကံရယ် ကာယကံရယ်။ အဲဒီ ကံထဲမှာကို ဉာဏ်၊ ဝီရိယတွေရော မပါဘူးလား။ (ပါ ပါတယ်ဘုရား)။ လူ့ဘဝမှာ ပစ္စုပ္ပန်တည့်တည့်မှာ ချမ်းသာဖို့ အစစအရာရာ ရာထူးဂုဏ်သိမ်စည်းစိမ်တွေ တိုးတက်ဖို့ဆိုတာကတော့ ဒကာ၊ ဒကာမ တွေ ကံ ဉာဏ် ဝီရိယမပါဘဲနဲ့ မရဘူး။ အဲဒီထဲမှာ သိကြား၊ ပြဟ္မာ၊ နတ်၊ ဝိဇ္ဇာတွေ ပါရဲ့လား။ (မပါ ပါဘူး)။ မပါဘူး။ မပါဘူး။ မိမိရဲ့ ဝစီကံကနေပြီးတော့ ဘယ်သူ ပဲဖြစ်ဖြစ် မထီမဲ့မြင် ပြောရဆိုရ ဆိုရင် အဲဒီပုဂ္ဂိုလ် သိပ်မကြာတော့ဘူး ဒုက္ခရောက်တော့မှာပဲ။ ရှင်းကော ရှင်းရဲ့လား။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ရဲ့ဝစီကံက မေတ္တာစိတ်နဲ့ ပြောနေရင် ဒီပုဂ္ဂိုလ်ကို မုန်းမှာလား၊ ချစ်မှာ လား။ (ချစ်မှာပါဘုရား)။ ဒါ ရှင်းရှင်းလေးပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲတော့ ကံဆိုတာ တခြားပြောတာလား။ သင်္ခါရ ပြောတာလား။ (သင်္ခါရ ပြောတာပါဘုရား)။ သို့သော် ဒီသင်္ခါရမှာ ဘယ်သူအုပ်ချုပ်။ (အဝိဇ္ဇာ အုပ်ချုပ်ပါတယ်)။ ပါဠိတော်ရွတ်တော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ သင်္ခါရပစ္စယာ ဝိညာဏံ။ ဒီလိုဖြင့်ရင် ခုနကတော့ ဘုန်းကြီးတို့ ကိုးကွယ်တယ် ပေါ့နော်။ ကိုးကွယ်တဲ့အခါ မြန်မာနိုင်ငံမှာရှိနေတာ ဘုရားလည်းကိုးကွယ်တယ်။ တရားလည်း ကိုးကွယ်တယ်။ သံဃာလည်းကိုးကွယ်တယ်ပေါ့။ ဒီလိုဖြင့်ရင် လောကမှာ ကိုးကွယ်စရာ ဘယ်နှစ်ခု။ (၃–ခုပါဘုရား)။ ဒါကို –

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ။

ဒေဝတံ သရဏံ ဂစ္ဆာမိ မပါဘူး၊ ဝိဇ္ဇာ သရဏံ ဂစ္ဆာမိ မပါဘူး။ သို့သော်လည်း မြန်မာနိုင်ငံမှာက ''ဒေဝတံ သရဏံ'' နဲ့ ဝိဇ္ဇာသရဏံတွေ ဘိုးတော်သရဏံ မယ်တော်သရဏံတွေ အများကြီးဖြစ်နေတယ်။ အခု ဘုန်းကြီးပြောနေတာက အမနာပ ပြောနေတာ မဟုတ်ဘူးနော်။ ကံနှင့် အကျိုးပေးကို မယုံကြည်လို့ မကျင့်သုံးရင် ဘာဒိဋ္ဌိဖြစ်မှာစိုးလို့။ (နိယတ မိစ္ဆာဒိဋ္ဌိပါ)။ ဒါ ယောဂီ တို့ကို မပြောလို့ကိုမရဘူး။ ဒါကို ချန်ရစ်ခဲ့ရင် ယောဂီတို့အတွက်က တစ်ကွက် လွတ်သွား လိမ့်မယ်။ အဲဒီအကွက်လွတ်သွားရင် အားထုတ်သော်လည်းပဲ လိုရင်းမရောက်ဘူးနော်။

''ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ''

''ဓမ္မော မေ သရဏံ အညံ နတ္ထိ''

''သံဃော မေ သရဏံ အညံ နတ္ထိ''

''အညံ နတ္ထိ'' ဆိုတာ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ။ တရားမှတစ်ပါး ကိုးကွယ်ရာမရှိ။ သံဃာမှတစ်ပါး ကိုးကွယ်ရာ မရှိ။ ဒီလိုဖြင့်ရင် ကိုးကွယ်ရာ အစစ်အမှန် ဘယ်နှစ်ခု။ (၃–ခုပါ ဘုရား)။ အဲဒါကိုနေ့စဉ် သရဏဂုံသုံးပါး မဆောက်တည်ဘူးလား။ (ဆောက်တည်ပါတယ်ဘုရား)။ ဒီလိုဖြင့်ရင် ဒီသရဏဂုံသုံးပါးကိုဆောက်တည်ရင် ပစ္စုပ္ပန်မှာလည်း အထက်တန်းကျကျ မျက်နှာ ပန်းလှလှ ရောက်မယ်။ သံသရာမှာလည်းပဲ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကို မရနိုင်ဘူးလား။ (ရနိုင်ပါတယ်)။ အဲဒါကဘာဖြစ်လို့လဲ။ (ကိုးကွယ်မှန်လို့)။

ဒီလိုဖြင့်ရင် ယောဂီတို့ တရားမှတစ်ပါး ကိုးကွယ်စရာ မရှိဘူးဆိုတော့ ဒါနတရားရယ် သီလတရားရယ် သမထတရားရယ်၊ ဝိပဿနာတရားရယ်။ အဲဒီ တရားတွေကို ဘာလုပ်မလဲ။ ကိုးကွယ်အားထားရမယ်။ ကျင့်သုံးရမယ်။ ကိုးကွယ်အားထားကျင့်သုံးရင် အထက်တန်း မရောက် နိုင်ဘူးလား။ (ရောက်နိုင်ပါတယ်ဘုရား)။ ဒီတော့ ဘုန်းကြီးပါးစပ်ဖျားလမ်းမဆုံးနဲ့။ လက်တွေ့ကျင့်သုံး ကြည့်ပါယောဂီတို့။ ဒါနပြုလို့ရှိရင် ဆင်းရဲမှာလား၊ ချမ်းသာမှာလား။ (ချမ်းသာမှာပါဘုရား)။ ခုပဲ ယောဂီတို့ ရပ်ကွက်ထဲမှာ ဆိုကြပါစို့။ ဟာ၊ ဒီနေ့တော့ တစ်ရပ်ကွက်လုံး ဖိတ်ပြီးတော့ကျွေးဦးမယ်။ ကဲ၊ တစ်ရပ်ကွက်လုံးကျွေးပြီ ထား။ ဘယ်သူ့ကမှ ကိုယ့်အပြစ်တင်မသွားဘူး။ ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ခင်ဗျား ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လှူနိုင်ပါစေ၊ တန်းနိုင်ပါစေ။ မေတ္တာစိတ် မပြန် ဘူးလား။ ချက်ချင်းအကျိုးပေးတာလေ။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာသွားပြီနော်။ ချက်ချင်း ဒါနရဲ့အကျိုးပေး။

ဟော – ဘယ်သူပဲ ဖြစ်ဖြစ် စိတ်ကောင်း နှလုံးကောင်းမွေးပြီး ကောင်းကောင်းမွန်မွန် ကူညီတယ်ဆိုတာက နှုတ်အားဖြင့် လက်အားဖြင့် ကူညီတာက အဲဒါတခြားလား၊ သီလလား။ (သီလပါဘုရား)။ အဲဒီ ပုဂ္ဂိုလ်ကို ဒကာ၊ ဒကာမတွေ အကုန်လုံးက မုန်းမှာလား၊ ချစ်မှာလား။ (ချစ်မှာပါ)။ သီလအကျိုးပေးနော်။ အဲဒီအကျိုးပေးက အခုချက်ချင်း ကိုယ့်မှာခံစားရတဲ့အကျိုးပေး။ ခုနတုန်းက ချမ်းသာခြင်းအကျိုးပေးဆိုတာက လောလောဆယ် စိတ်မချမ်းသာဘူးလား။ (ချမ်းသာပါတယ်)။ အဲဒါကြောင့် ဒါနပြုတဲ့ပုဂ္ဂိုလ်သည် ဒါနသည် တခြားလား၊ ကံတရားလား။ (ကံတရားပါဘုရား)။ အဲဒီကံကို မိမိသည် အားကိုးပြီးလုပ်လို့ရှိရင် ဘာဖြစ်မလဲ။ ချမ်းသာမယ်။ ဒီလိုဖြင့်ရင် လောကမှာ ချမ်းသာတဲ့သူတွေဟာ တခြားလုပ်လို့လား၊ ဒါနလုပ်လို့လား။ (ဒါနလုပ်လို့ပါဘုရား)။ ဘုရားသိကြားက မ,တာလား။ ဒါနတရားကြောင့်လား။ (ဒါနတရားကြောင့်ပါဘုရား)။ ယနေ့ ကျန်းမာ နေတာသည် ဒကာ၊ ဒကာမတွေ သိကြားတွေ၊ ဗြဟ္မာ၊ နတ်၊ ဝိဇ္ဇာတွေက မ, လို့လား။ ကိုယ့်သီလ ကြောင့်လား။ (ကိုယ့်သီလကြောင့်ပါဘုရား)။ ဒီတော့ ယနေ့ လူ့ဘဝ လူ့လောကကြီးကို ရောက် လာတာဟာ ကိုယ့်ဒါနတရားကြောင့် ကိုယ့်သီလတရားကြောင့် ရောက်လာသည့်အတွက် အဲဒီ ဒါန၊ သီလတရားသည် တခြားလား။ သင်္ခါရတရားလား။ (သင်္ခါရတရားပါဘုရား)။

## ယနေ့သူဌေး နောက်နေ့ခွေး

အဲဒီ သင်္ခါရ ဆိုတဲ့ ဒါန၊ သီလ တရားကိုလုပ်ခဲ့တယ်ဆိုတဲ့ အကြောင်းနဲ့ပတ်သက်ပြီးတော့ အဝိဇ္ဇာပစ္စယာ (သင်္ခါရာ)။ သင်္ခါရပစ္စယာ (ဝိညာဏံ)။ အေး၊ အဲဒီလို လူ့ဘဝ လူ့လောကကြီး ရောက်လာတာ ဒီတရားတွေကြောင့်ပဲလို့ ပဋိစ္စသမုပ္ပါဒ်ကို ထောက်လိုက်တော့ ယောဂီတို့ သိလာပြီ။ ရှင်းပြီနော်။ အကယ်လို့သာ ဒါန၊ သီလ မပြုဘူးဆိုရင် ယနေ့သူဌေးကြီးဖြစ်ပေမယ့် နောက်နေ့ ဘာဖြစ်မလဲ။ (ခွေးကြီးပါဘုရား)။ ခွေးကြီးဖြစ်တယ်။ ဒီတော့ ဟိုနေ့ကပြောသွားတဲ့ ''တောဒေယျ'' တို့ဇာတ်လမ်း။''တောဒေယျ'' ဆိုတာက သူဌေးကြီးပါ ဒကာ၊ ဒကာမတွေ။ ဒီတစ်သက် စားမကုန်ဘူး။ ဆယ်သက်စားမကုန်လောက်အောင် ကုဋေပေါင်းမြောက်မြားစွာ ချမ်းသာတဲ့ သူဌေးကြီး။ သို့သော် လည်းပဲ သူ့မှာ ဒါနမရှိဘူး။ လှူတာ၊ တန်းတာ၊ ဒါနရှိရဲ့လား၊ ဒါနမရှိဘူး။. ဒါနမရှိတဲ့အခါကျ တော့ ဒါနဲ့ပဲ နေရင်း နေရင်းနဲ့ ပိုက်ဆံတွေ ဟုတ်လား။ ရွှေတွေ၊ ငွေတွေ၊ ရတနာတွေစု၊ – စု၊ စုနဲ့ သေရော။ ဒီနေရာမှာ လူဟာ သေတဲ့အခါမှာ လောဘနဲ့ သေသလား၊ ဒေါသနဲ့သေသလား၊ မောဟနဲ့သေသလားဆိုတာ ပြောလို့မရဘူး။ အဲဒီမှာ ဦးဆောင်တဲ့နောက်ကို လောလောဆယ် ပါသွားရတာ။ ဒီတော့ ''တောဒေယျ'' က ယနေ့ သူဌေးကြီးဖြစ်ပေမယ့် နောက်နေ့ ခွေးကြီးဖြစ် တယ်ပေါ့။ အဲဒီလို ခွေးကြီးဖြစ်တဲ့ ဓမ္မသဘောသည် တခြားသဘောလား။ အဝိဇ္ဇာသဘောလား။ (အဝိဇ္ဇာသဘောပါဘုရား)။ မြတ်စွာဘုရားက ဆွမ်းခံကြွလာတယ်။ အိမ်ရှေ့ရောက်တဲ့အခါကျတော့ ထွက်ဟောင်တယ်။ ဒကာ၊ ဒကာမတွေ။ ခွေးကြီးက ဘာဖြစ်လဲ။ (ထွက်ဟောင်ပါတယ်)။ ဒီတော့မှ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး က ''ဟဲ့ တောဒေယျ၊ နင်ဟာလေ လူ့ဘဝတုန်းကလည်းပဲ ငါ့ကို ရန်မူတယ်။ ငါ ဘုရားက ဒါနပြုကြ၊ သီလဆောက်တည်ကြလို့ တိုက်တွန်းတယ်။ နင်က





www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ကန့်လန့်လုပ်တယ်တဲ့။ ဒါနမပြုနဲ့၊ ဒါနပြုရင် ကုန်တယ်။ ပျားလို ရှာရမယ်။ ခြလိုစုရမယ်။ ဓားသွေးကျောက်လိုပဲ သွေးပါများရင် ကုန်သွားလိမ့်မယ်။ အဲဒီတော့ မလှူနဲ့.'' အဲဒီရဲ့ ဝန်တိုတဲ့ စိတ်နဲ့ ယခုသေတော့ တခြားဖြစ်တာလား။ ခွေးဖြစ်တာလား။ (ခွေးဖြစ်တာပါဘုရား)။ ''အခု ခွေးဖြစ် တဲ့ဘဝတောင်မှ နင် ဒီလိုလုပ်နေသေးရင် သေရင် ငရဲကျလိမ့်မယ်'' လို့ မြတ်စွာဘုရား မိန့်သွား တယ်။ ဘယ်သူ့ကို မိန့်တာလဲ။ (တောဒေယျကိုပါဘုရား)။ တောဒေယျကနေဖြစ်တဲ့ ခွေးကြီးကို မိန့်သွားတာ။ အဲဒီတော့မှ ခွေးကြီးက သြော်၊ ငါ့အကြောင်း ရှင်ကြီး ဂေါတမ, သိသွားပါလားဆိုတော့ စိတ်ညစ်သွားတယ်။ ခွေးစိတ်ညစ်တယ် ဆိုတော့ မှိုင်ပြီ။ ဒကာ၊ ဒကာမတွေ တစ်ခါတည်း မီးဖိုထဲ သွားခွေတာပေါ့ဗျာ။ အဓိပ္ပါယ်။ ဒီတော့မှ သူဌေးသားက ပြန်လာလည်းလာရော ဟာ၊ ခွေးကြီး ဘယ်လို ဖြစ်တာလဲ။ ခါတိုင်းဆို ငါ့ထွက်ကြိုလို့ ဆီးလို့။ အခုတော့ ခွေးမမြင်ပါလား။ မှိုင်နေပါလား။ အကြောင်းတော့ရှိတယ်။ ဟုတ်တယ်။ မနက်တုန်းက ရှင်ကြီး ဂေါတမက ရှင်ကြီး ဂေါတမခေါ်မှာပေါ့။ ဗုဒ္ဓဘာသာမှ မဟုတ်ဘဲ။ ရှင်ကြီးဂေါတမ ကြွလာတဲ့အခါကျတော့ ဟဲ့ တောဒေယျလို့ ပြောသွားတယ်လို့ ဆိုတော့ စဉ်းစားကြည့် ဒကာ၊ ဒကာမတွေ ကိုယ့်အဖေ တောဒေယျကို ခွေးကို တောဒေယျလို့ပြောတာ ခံနိုင်ပါ့မလား။ (မခံနိုင်ပါဘူး)။ မခံနိုင်ဘူး။ သူတို့ အမျိုးက ဗြာဟ္မဏမျိုးတွေ။ သေလို့ရှိရင် ဗြဟ္မာဖြစ်တယ်။ ခု မြတ်စွာဘုရားက ခွေးဖြစ်တယ်ဆို တော့ ခံနိုင်ပါ့မလား။ (မခံနိုင်ပါဘူး)။ ဒေါသ ဖြစ်သွားပြီ။ တစ်ခါတည်းမှကို မြတ်စွာဘုရားကို မုသာဝါဒါနဲ့ စွပ်စွဲမယ်ပေါ့။ ကျောင်းလိုက်သွားတယ်။ သိပြီ ဘုရားက ကဲ ပြောစမ်း။ သူဌေးသား။ ခွေးကြီးကို သူ့အဖေလို့ ပြောတာ ဟုတ်သလား။ ဟုတ်တယ်၊ ငါပြောတာ။ ဘုရားက အဲဒီလိုပြောတော့ သူဌေးသားက မကျေနပ်ဘူး။ ဒီတော့ ဘုရားက ကောင်းပြီ။ မင်း ငါပြောတာ မယုံဘူးလားဆိုတော့ မယုံဘူးတဲ့။ အဲဒီတော့ ငါပြောတဲ့အတိုင်း မယုံရင်၊ အိမ်ပြန်ရောက်တဲ့အခါကျတော့ အဲဒီခွေးကြီးကို ကောင်းကောင်းမွန်မွန် ဆီဦးထောပတ်သကာတွေတိုက်၊ ကောင်းကောင်းမွန်မွန် အဆီအဆိမ့်တွေ ကျွေး၊ ကျွေးပြီးတဲ့အခါကျတော့ အဲဒီခွေးကြီးကို သိပ်ထားလိုက်၊ အိပ်ရာနေရာကောင်းမှာ သိပ် ထားလိုက်။ အိပ်သွားပြီး ကောင်းကောင်းအိပ်မောကျသွားပြီဆိုရင် မင်းသွားနှိုးပေတော့တဲ့။ နှိုးတဲ့အခါ ကျရင် အသာလေး ဖြည်းဖြည်း သက်သက်သာသာလေး သူ့ကိုပုတ်ပြီးတော့နှိုးတဲ့။ ခွေးကြီးကိုး။ ဒီအတိုင်း ဟဲ့–ခွေးဆိုပြီးတော့ ခြေထောက်နဲ့ မကန်ရဘူးတဲ့။ လက်ကလေးနဲ့ပုတ်ပြီးတော့ အဖေ အဖေလို့ပြောရမယ်တဲ့။ ဟော၊ သူဌေးသား ခက်ပြီ။ သူ့ စကားနဲ့သူ မိတာ။ မလုပ်လို့ မရဘူးနော်။ သူ ဘုရားကို စွဲချက်တင်တာကိုး နော်၊ အဲဒီတော့မှ ဘုရား အမိန့်ရှိတော်မူတဲ့အတိုင်း ခွေးကြီးဆီသွားပြီး အဖေ – အဖေဆိုပြီး ပြောရတာ။ အဖေ မြှုပ်ထားတဲ့ရွှေအိုးတွေ ဖော်ပေးပါဆိုတော့ ခွေးကြီးခမျာ မျက်ရည်စက်လက်နဲ့ သွားပြီး လက်နဲ့ ဖော်ပေးရတယ်။ ဒကာ၊ ဒကာမတို့ သူမြှုပ်ခဲ့တာ လူ့ဘဝ တုန်းက။ ယခု သူဌေးဖြစ်ပေမယ့် နောက်နေ့ဘာဖြစ်။ (ခွေးကြီးပါဘုရား)။

ဒါန အားမကိုး။ သီလ အားမကိုး။ ဒါနမပြု၊ သီလမဆောက်တည်တဲ့အတွက် သေတော့ ယနေ့သူဌေးကြီးဖြစ်ပေမယ့်၊ နောက်နေ့ဘာဖြစ်တာလဲ။ (ခွေးကြီးပါဘုရား)။ အမလေး၊ သိပ် ကြောက်စရာကောင်းပါတယ်။ ရှင်းပြီနော်။ အဲဒါကြောင့် ဘုန်းကြီးတို့ ယနေ့ အားလုံးသော ဆွေ တော်မျိုးတော်တွေကို သတိပေးချင်တာက ဟုတ်လား၊ ရှိတာလေးတွေလည်း သိပ်ပြီး မီးခံ

www.burmeseclassic.com



သေတ္တာထဲ သော့အထပ်ထပ်လုပ်မနေနဲ့။ စောစောစီးစီး လှူသင့်တာလည်းလှူ။ တော်ကြာ တောဒေယျလို ဖြစ်မှာစိုးလို့ ပြောတာပါနော်။ အတော်ပါပဲ။ သီတင်းကျွတ် ဘုန်းကြီးတို့က ဓမ္မာရုံကြီး ဆောက်မှာနဲ့ ဆိုတော့ အတော်ပဲဟုတ်လား။ အဲဒီတော့ ယနေ့ သူဌေးကြီးဖြစ်ပေမယ့် နောက်နေ့ ခွေးကြီးဖြစ်သွား တာ ဒကာ၊ ဒကာမတို့။ ဒါကို ထောက်လိုက်ခြင်းအားဖြင့် မိမိတို့ရဲ့ ဒါနမှု၊ သီလမှု မရှိဘူး ဆိုလို့ရှိရင် ကြောက်စရာ မကောင်းဘူးလား။ (ကောင်းပါတယ်)။

## ဘဝရောင်ခြည်

အဲဒီတော့၊ ယနေ့ မိမိတို့သည် ယခု ပစ္စုပ္ပန်ဘဝ နံပါတ်နှစ်အကွက်ထဲ မရောက်ဘူးလား။ ဟော၊ ယနေ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘယ်နေရာရောက်နေ။ (နံပါတ်နှစ်အကွက်ထဲ ရောက်နေတာပါဘုရား)။ နံပါတ်နှစ်အကွက်ထဲရောက်နေတာက မိုးပေါ်ကကျတာလား၊ အတိတ်က အကြောင်းတရားလား။ (အတိတ်ကအကြောင်းတရားပါဘုရား)။ အတိတ်အကြောင်းတရားဖြစ်တဲ့ အခါကျတော့ ဒီမှာ ဘယ်သူတွေလဲ။ အဝိဇ္ဇာ။ ဒီမှာ ဘယ်သူတွေ့။ သင်္ခါရ။ ဒီတော့ အဝိဇ္ဇာသည် ပုဂ္ဂိုလ် သတ္တဝါလား။ သစ္စာမသိတာလား။ (သစ္စာမသိတာပါဘုရား)။ သင်္ခါရဆိုတာသည် တခြားလား၊ ကံစေတနာလား။ (ကံစေတနာပါဘုရား)။ ကံစေတနာထဲမှာ ပုဂ္ဂိုလ်သတ္တဝါပါရဲ့လား။ (မပါ ပါဘူးဘုရား)။ ဒီလိုဖြင့်ရင် ဒီအကြောင်းတရားကိုလုပ်တဲ့အတွက်ကြောင့် အခု ဒီမှာ ဝိညာဏ်ဆိုပြီး တော့ ခန္ဓာ ၅-ပါး မရဘူးလား။ (ရပါတယ်ဘုရား)။ အဲဒီ ခန္ဓာ ၅-ပါးကို ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလို့မခေါ်ရဘူးလား။ အဲဒီတော့ ယောကျ်ားဆိုတာကလည်း တခြားလား၊ ခန္ဓာ ၅-ပါးလား။ (ခန္ဓာ ၅-ပါးပါဘုရား)။ မိန်းမဆိုတာလည်း တခြားလား၊ ခန္ဓာ ၅-ပါးလား။ (ခန္ဓာ ၅-ပါးပါဘုရား)။ အဲဒီတော့ အဲဒီ ခန္ဓာ ၅-ပါးသည် သိကြား၊ ဗြဟ္မာ၊ နတ်၊ ဝိဇ္ဇာက ဖန်တီးတာမဟုတ်ဘူး။ အကြောင်း တရားကြောင့် (အကျိုးတရားပါဘုရား)။ ကံအကြောင်းတရားကြောင့် ကံအကျိုးပဲလို့ ဒါကိုယုံကြည်ရင် ဘာဉာဏ်ရ။ (ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် ရပါတယ်ဘုရား)။ ကံကို မယုံကြည် ရင် ဘာဒိဋ္ဌိဖြစ်။ (နိယတမိစ္ဆာဒိဋ္ဌိပါဘုရား)။ နိယတ မိစ္ဆာဒိဋ္ဌိဖြစ်ရင် တခြားသွားမှာလား၊ အပါယ်ကျ မှာလား။ (အပါယ်ကျမှာပါဘုရား)။

ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ရပြီဆိုရင် ဘာပဲပြောပြော ကိုယ့်ဘဝအတွက်မှာ ရောင်ခြည် သန်းသွားပြီ။ အဝိဇ္ဇာတစ်ဖုံးမပွင့်ဘူးလား။ (ပွင့်ပါတယ်)။ ဘယ်လောက်ထိ အဝိဇ္ဇာအဖုံးပွင့်တယ် ဆိုရင် အကြောင်းတရားပေါ်မှာ ဉာဏ်ရှင်းတော့ ဘာကြောင့်လဲဆိုတဲ့ ငါဘယ်ကလာသလဲ၊ ဘယ် ဘုံလဲ။ ဘယ်ဌာနကလဲဆိုတာကို စဉ်းစားဖို့လိုသေးလား။ (မလိုတော့ပါဘူးဘုရား)။ ဘယ်ဘုံ၊ ဘယ် ဌာနတွေမှ စဉ်းစားမနေနဲ့။ အဝိဇ္ဇာပစ္စယာ (သင်္ခါရာ)။ အေး၊ သင်္ခါရတွေ ပြုလုပ်ခဲ့လို့ သင်္ခါရပစ္စယာ (ဝိညာဏံ)။ ဝိညာဏ်ရလာပြီလို့ သိလိုက်တော့ မိမိလာတဲ့နေရာ အကြောင်းတရားကို သိသွားပြီ။ (မှန်လှပါ)။ အကြောင်းတရားကို သိလိုက်ပြီဆိုကတည်းက တခြားရှင်းတာလား၊ ဝိစိကိစ္ဆာရှင်းတာလား (ဝိစိကိစ္ဆာရှင်းတာပါဘုရား)။ အကြောင်းကြောင့် ဖြစ်သော အကျိုးကို ကြည့်လိုက်တော့ တခြားတွေ့ရမှာလား၊ ခန္ဓာ၅-ပါးတွေ့ရမှာလား၊ (ခန္ဓာ ၅-ပါးတွေ့ရမှာပါ ဘုရား)။ နာမရူပပရိစ္ဆေဒဉာဏ်ကို ပိုင်ပိုင်နိုင်နိုင်ယောဂီတို့ နားလည်ဖို့လိုအပ်လာတယ်။ တဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းရှင်းမယ်နော်။ (မှန်လှပါ)။

အဲဒီတော့ ခန္ဓာ ၅-ပါးကို သိလိုက်ပြီဆိုကတည်းက တခြားသစ္စာလား။ ဒုက္ခသစ္စာလား။ (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာပဲ၊ ခန္ဓာ ၅-ပါးပဲသိလိုက်တော့ တခြားသေတာလား၊ သက္ကာယ ဒိဋ္ဌိသေတာလား။ (သက္ကာယဒိဋ္ဌိသေတာပါဘုရား)။ အဲဒီတော့ အကြောင်းကို ဉာဏ်ရှင်းတော့ ဝိစိကိစ္ဆာသေ။ အကျိုးခန္ဓာနဲ့ သစ္စာပေါ်မှာ ဉာဏ်ရှင်းတော့ သက္ကာယဒိဋ္ဌိသေ။ အဲဒီတော့ အကြောင်းနဲ့ အကျိုးကို ဉာဏ်ရှင်းရင် ဝိစိကိစ္ဆာနဲ့ ဒိဋ္ဌိသေ။ အသိနဲ့ရှင်းရင် စူဠသောတာပန်။ အပွားနဲ့ အပယ်နဲ့ ဆက်ပြီး အားထုတ်လိုက်လို့ အပြီးသတ် ပယ်သွားပြီဆိုရင် မဟာသောတာပန်ပဲ။

အဲဒီတော့ သောတာပန်ဖြစ်ပြီဆိုရင် ဒီဘဝ ကျွတ်တမ်းဝင်သွားပြီပေါ့။ အပါယ်တံခါးပိတ်၊ နိဗ္ဗာန်ကိုမြင်မယ်။ နိဗ္ဗာန်ကိုသေမှမြင်ရမှာလား။ ယခုမြင်ရမှာလား။ (ယခုမြင်ရမှာပါဘုရား)။ ယခုမြင်ဖို့အတွက်ကို အခြေခံသည် ဘာနဲ့ ဘာနဲ့ ပယ်ရမှာလဲ။ ဝိစိကိစ္ဆာနဲ့ ဒိဋ္ဌိပယ်ရမှာပါ။ ဝိစိကိစ္ဆာနဲ့ဒိဋ္ဌိ ပယ်နိုင်ဖို့အတွက် နံပါတ်တစ် ဘာဉာဏ်ရရမလဲ။ (ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ပါဘုရား)။ ကျန်တာတွေ နောက်နေ့ ဆက်ဟောတာပေါ့နော်။ ယနေ့တော့ ဒီလောက်နဲ့ပဲ ဒါလေး မှတ်လိုက်ပြီးတော့ ကဲ-တရားပွဲသိမ်းလိုက်ကြရအောင်။

(သာဓု --- သာဓု --- သာဓု)



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈–ရက် (၃၁.၈.၂၀၀၂) နံနက်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

### ကိုယ့်အကြောင်းကိုယ်သိ

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ ––

ဤမွေ့သဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက်ရှိပြီပဲ။ (၆–ရက်ရှိပါပြီဘုရား)။ ၁၀–ရက်စခန်းပွဲ ၆–ရက်ဆိုတော့ တစ်ဝက်ကျိုးသွားပြီပေါ့ ဟုတ်လား။ အဲ ၅– ရက်ကျော်သွားလို့ ၆–ရက်ဆိုရင်တော့ နည်းနည်း ဘုန်းကြီးတို့စိတ်ထဲ တော်တော်ပေါ့သွားပြီ။ ဘာလို့လဲဆိုတော့ ယောဂီသစ်တွေအတွက်က ၅–ရက်လောက်အထိအောင် မနည်းကြိုးစားရတာ။ ဒီအလုပ်က ဒါနပြုတာလို မတူဘူးနော်။ ဒါနပြုတာက ယောဂီတို့ လွယ်တယ်။ သီလ ဆောက်တည်တယ် ဆိုတာလည်း လွယ်ပါတယ်။ ယခုလို တကယ့် သမထ ဝိပဿနာ ပွားများအားထုတ်ဖို့ ဆိုတာက လွယ်ပါ့မလား။ (မလွယ်ပါဘူးဘုရား)။ ချွေးဒီးဒီးကျအောင် လုပ်ရတဲ့အလုပ်ပဲနော်။ တကယ်တော့ ဒီအလုပ်က  ကံဖြတ်တဲ့အလုပ်လို့လည်း ခေါ်ပါတယ်။ ဘုန်းကြီးတို့အားလုံး ဒကာ၊ ဒကာမတွေ ဒီဘဝမှာပဲဖြစ်ဖြစ်၊ တစ်သံသရာလုံးမှာပဲဖြစ်ဖြစ် အမှူမဲ့အမှတ်မဲ့ လွှတ်ခနဲဆို ပြောလိုက်တဲ့ ပါးစပ်ကထွက်လာတဲ့ ဝစီကံတွေ၊ အမှုမဲ့ အမှတ်မဲ့ မထိန်းမသိမ်းနိုင်လို့ ကျူးလွန်လိုက်တဲ့ ကာယကံတွေ၊ ဥပမာ ဆိုကြပါစို့။ မိမိတို့လက် ခြင်လေးကိုက်တာကို အမှတ်တမဲ့ ဒီလိုပုတ်လိုက်ပြီ ဆိုရင် ဒါ အမှုမဲ့အမှတ်မဲ့ လုပ်လိုက်တာနော်။ (မှန်ပါတယ်ဘုရား)။ ဒီလိုလုပ်တဲ့ကံတွေဟာ ဒုန့်ဒေးရှိတယ်။ အဲဒီတော့ သတိလွှတ်ပြီးတော့ ပြောလိုက်တဲ့ ဝစီကံတွေ၊ သတိလွှတ်ပြီးတော့ ကျူးလွန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ ကာယကံတွေ အများကြီးပဲ။ ကိုယ့်ကိုယ်ကို ပြန်စဉ်းစားရင် ကိုယ့်အကြောင်းကိုယ် အသိဆုံးပါ။ (မှန်လှပါ)။

အဲဒီကံတွေဟာ ဒကာ၊ ဒကာမတွေ အလကား မဟုတ်ဘူးနော်။ အကျိုးပေးတော့မှာ။ နီးနီးလေး ရှိတော့တယ်။ အကျိုးပေးတော့မှာ။ အဲဒီ မကောင်းကံတွေ များ စုအကျိုးပေးရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ မစဉ်းစားရဲဘူး။ ကံဆိုတာက သူ့အကျိုးပေးချိန်မကျသေးလို့ အသာစောင့်နေတာနော်။ မြုံနေတာပေါ့။ အနုသယဆိုတာ ကိန်းနေတာပေါ့။ အဲဒီတော့ ကိုယ်ကျူးလွန်ထားခဲ့တဲ့ ကံတွေဟာ ဒုနဲ့ဒေးရှိတယ်။ အဲဒီကံတွေ အကျိုးပေးရင် ဒကာ၊ ဒကာမတွေ သက်သာပါ့မလား။ (မသက်သာပါဘူး ဘုရား)။

ဒီတော့ အကုသိုလ်ကံတွေကို ဖြတ်နိုင်တဲ့အလုပ်က ဒီအလုပ်ပဲရှိတယ်။ ဝိပဿနာအလုပ်ပဲရှိတယ်။ (မှန်လှပါ)။ အဲဒီတော့ အချို့ကံတွေကျတော့ ဒကာ၊ ဒကာမတွေ ဘုရားကိုယ်တော်မြတ်ကြီးတောင်မှ နောက်ဆုံး ဒီခန္ဓာနဲ့ ဆပ်သွားရတာပဲ။ ဘုရား ပရိနိဗ္ဗာန်စံတယ်လို့ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ သုံးလောကထွတ်ထား ဘုန်းတော်အနန္တ ကံတော် အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တနဲ့ ပြည့်စုံသည့် မြတ်စွာဘုရားတောင်မှ တစ်ခါတည်း ဒီခန္ဓာရှိတဲ့အတွက် ဝမ်းတော်လားပြီးတော့ ဒကာ၊ ဒကာမတွေ နောက်ဆုံး ဝဋ်ကြွေးဆပ်သွားရတာပဲ။ အဲဒီ ဝမ်းတော်လားတာက သူပြုခဲ့တဲ့အကြောင်းတရားကြောင့် ဖြစ်ပေါ်ခဲ့တဲ့ အကျိုးတရား။ အကြောင်းကြောင့် (အကျိုးတရားဖြစ်ပါတယ်)။ အဲဒီလို ဘုန်းကြီးတို့ ကျူးလွန်လာခဲ့တဲ့ အကြောင်းတရားတွေ အများကြီးရှိတယ်။ (မှန်လှပါ)။

**ကျောက်ပြားတရားမဖြစ်စေနဲ့**

အဲဒီတော့ သာမန်အကြောင်းတရားတွေကို ဆိုလို့ရှိရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမများ ဒီလိုချေးထွက်ခံပြီးတော့မှ တစ်ခါတည်း ရင်းပြီးတော့ အားထုတ်မှသာလျှင် ဒီကံတွေ ပျောက်မယ်လို့ ဆုံးဖြတ်ချက်ချပါ။ (မှန်လှပါ)။ ဘာလို့လဲဆိုတော့ ဝိပဿနာသည် ဉာဏ်အလုပ်မှန်သော်လည်းပဲ ဘုန်းကြီးတို့အားလုံးဟာ အားမထုတ်လို့မရဘူး။ (မှန်လှပါဘုရား)။ ဟို – ဗာဟိရဒါရုစိရိယလို ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေ သုတမတ္တံ ဆိုတာလို ချက်ချင်းရဟန္တာ ဖြစ်**သွား**တာကို သွားအားကျနေလို့ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား)။ သူက သူ့ဟာနဲ့သူ၊ သူ့ပါရမီနဲ့သူ၊ သူ့အားနဲ့သူ ရဟန္တာ ဖြစ်သွားပေမယ့် ကိုယ်က ဒီလိုဖြစ်နိုင်တာမဟုတ်ဘူး။ အခုတောင်မှ ဒီတရားတွေကို ထပ်တလဲလဲ အခုနာ၊ အခုပျောက်တာပဲ။ ဒါကြောင့် ဘုန်းကြီးတို့ သင်တန်းဆရာများက ဆုံးမတယ်။ ဘုန်းကြီးတို့က အမြဲတမ်း ဒီအဆုံးအမ နာခံရတယ်။ ဒီသင်တန်းတွေကို လေ့လာလိုက်စားတဲ့အခါကျတော့ ကိုယ်တော်တို့ ကျောက်ပြားတရားတော့ မနာနဲ့တဲ့။ ဘာလဲ ကျောက်ပြားတရား စဉ်းစားနေတာ။ စာထဲမှာလည်း ကျောက်ပြားတရား မတွေ့ဖူးပါဘူး။ ဒါနတရား ရှိတယ်၊ သီလ တရားရှိတယ်။ သမထ ဝိပဿနာ တရားရှိတယ် စသဖြင့် သူ့ဟာနဲ့သူ ဆိုင်ရာဆိုင်ရာ ရှိတယ်။ ကျောက်ပြားတရား တစ်ခါမှ မတွေ့ဖူးပါဘူး။ ဘယ်ဟုတ်မလဲ၊ ဆရာက မှတ်မိအောင် ပြောတာ။ ကျောက်ပြားဆိုတာ ကြား – ကြားပြီး ပျောက်သွားလို့။ ကြားလိုက် ပျောက်လိုက်၊ ကြားလိုက် ပျောက်လိုက်နဲ့ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာတရား ဖြစ်သွားသလဲ။ (ကျောက်ပြားတရား ဖြစ်သွားတာပါဘုရား)။

ဩော် – ကိုယ့်မိတွေ ဖတွေ ဆွေတွေ မျိုးတွေ သတိပေးတာနော်။ အင်း ကျောက်ပြားတရား တော့မနာနဲ့။ သို့သော်လည်း ကျောက်ပြားတရား မနာသော်လည်း တစ်ကြိမ်ထဲနဲ့တော့ မမှတ်မိဘူး။ တစ်သက်နဲ့တစ်ကိုယ်၊ တစ်သံသရာနဲ့တစ်နာ။ ဒီတရားတွေဆိုတာကလည်း တကယ်တော့ ကိုယ့်ခန္ဓာထဲကအကြောင်းပြောတာပဲ။ အပြင်စကားလုံး တစ်လုံးမှမပါဘူး။ ကိုယ့်ခန္ဓာထဲကအကြောင်း ပြောသော်လည်းပဲ တစ်သက်လုံးက မရင်းနှီးတဲ့အတွက်ကြောင့်မို့လို့ အင်မတန် စိမ်းလွန်းတာ ဒကာ၊ ဒကာမတွေ တစ်ခဏချင်းနဲ့ မမှတ်နိုင်ဘူးပေါ့နော်။ အဲဒါကြောင့်မို့လို့ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး အကြိမ်ကြိမ်အခါခါ အထပ်ထပ် ဒီလို ဒကာ၊ ဒကာမတွေ ဟောတော်မူခဲ့ပါတယ်။ ဟုတ်လား။ အေး၊ အဲဒီတော့ အဓိကရည်ရွယ်ချက်က တခြားရဖို့လား၊ နိဗ္ဗာန်ရဖို့လား။ (နိဗ္ဗာန်ရဖို့ပါဘုရား)။ နိဗ္ဗာန်ကို ဒကာ၊ ဒကာမတွေ လိုချင်တာလား၊ မလိုချင်ဘူးလား။ (လိုချင်ပါတယ်ဘုရား)။ အဲဒါက ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့အတွက်ကြောင့် ဒီစကာလုံးကို တိုက်ရိုက်ပြောလိုက်တာ။ နို့မို့ နိဗ္ဗာန်ဆိုတဲ့စကားကို ဘုန်းကြီးတို့က ပြောစရာမလိုဘူး။ နိဗ္ဗာန်ဆိုတဲ့စကားကို နောက်ဆုံးမှ ပြောရမှာ။ အခု ဗုဒ္ဓဘာသာဝင်တွေဖြစ်လာတဲ့အတွက် အမြဲတမ်း ဆုတောင်းနေတဲ့အထဲမှာ နိဗ္ဗာန် ပါလာတော့ နိဗ္ဗာန်ကို ဦးစားပေးပြီး ပြောလိုက်တာပေါ့နော်။

အဲဒီတော့၊ နိဗ္ဗာန်ကိုလိုချင်ရင် ဒကာ၊ ဒကာမတွေ အို၊ နာ၊ သေ လွတ်အောင်လုပ်ပါတဲ့။ ဆရာတော်ဘုရားကြီးလည်း ဟောသွားတယ်။ ဘာလွတ်အောင် လုပ်ရမလဲ။ (အို၊ နာ၊ သေ လွတ်အောင် လုပ်ရမှာပါဘုရား)။ နိဗ္ဗာန်ကို လိုချင်ရင် အို၊ နာ၊ သေ လွတ်အောင်လုပ်ရမှာ။ ဒီလိုဖြင့် အို၊ နာ၊ သေ လွတ်ဖို့ဆိုတာ ဒီတိုင်း အို၊ နာ၊ သေ လွတ်လို့ရပါ့မလား။ (မရပါဘူးဘုရား) ဘာဖြစ်လို့ အို၊ နာ၊ သေ ဖြစ်တာလဲဆိုတော့ အခြေခံက လောဘ၊ ဒေါသ၊ မောဟကြောင့်ပါ။ လိုရင်းအချက်က ဒါပဲ။ အို၊ နာ၊ သေ လွတ်ချင်ရင် လောဘ၊ ဒေါသ၊ မောဟတွေ ငြိမ်းအောင်လုပ်ပါ။ အို၊ နာ၊ သေ လွတ်ချင်ရင် ဘာငြိမ်းအောင်လုပ်။ (လောဘ၊ ဒေါသ၊ မောဟ ငြိမ်းအောင် လုပ်ရမှာပါဘုရား)။ ကောင်းပြီ။ ဒီလိုဖြင့်ရင် လောဘ၊ ဒေါသ၊ မောဟက ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ငြိမ်းပြီလား။ (မငြိမ်းသေးပါဘူးဘုရား)။ မငြိမ်းဘူး။ တစ်နေ့ တစ်နေ့ တစ်နေ့ တစ်နေ့ မငြိမ်းတဲ့အပြင် ပိုလို့တောင် တောက်တောက်နေလို့နော်။ မိမိအတွက်၊ သူတစ်ပါးအတွက်၊ စီးပွားရေးအတွက်၊ သားရေး သမီးရေးအတွက်၊ အို – လောကကြီးမှာ ရှုပ်ပွပြီးတော့ကို နေ့တိုင်း နေ့တိုင်း မီးတွေ မတောက်ဘူးလား။ (တောက်ပါတယ်ဘုရား)။

လောဘဆိုတာမီးပဲ။ ဒေါသဆိုတာလည်း (မီးပါပဲ)။ မောဟဆိုတာလည်း (မီးပါပဲ)။ အဲဒီတော့ ဒီတရားသာ အားမထုတ်ရင် အချိန်ရှိသရွေ့ ဘာဖြစ်နေတာလဲ။ (မီးတောက်နေပါတယ်ဘုရား)။ မီးတောက်နေတာ။ အဲဒီမီးက ဒကာ၊ ဒကာမတွေ သိပ်ကြောက်စရာကောင်းတယ်။ အပြင်ကမီးက ရေနဲ့လောင်းလို့ ရေနဲ့ဖျန်းလို့ ငြိမ်းတယ်။ ရင်ထဲကတောက်တဲ့မီးက ဘာနဲ့ငြိမ်းကြမလဲ။ အပြင် လောကမှာလို ငြိမ်းစရာမရှိဘူး။ အဲဒီ ငြိမ်းစရာအလုပ်က မဂ္ဂင်ပဲ ရှိပါတယ် ယောဂီတို့။ ရင်ထဲတောက်တဲ့မီးက ဘာနဲ့ငြိမ်းရမလဲ။ (မဂ္ဂင်နဲ့ ငြိမ်းရမှာပါဘုရား)။ အဲဒါကြောင့် ဘုန်းကြီးတို့ လယ်တီဆရာတော်ဘုရားကြီးများကလည်းပဲ ရင်ထဲမှာ တောက်တဲ့အဲဒီမီးက အင်မတန်ပူတယ်တဲ့နော်။ (မှန်လှပါ)။

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း !

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ပူတယ်။ ဘယ်လောက်ပူသလဲဆိုတော့ ကမ္ဘာကိုပြာကျသွားနိုင်တဲ့မီးထက်ပူတယ်တဲ့နော်။ ဒါကြောင့် ဆရာတော်ဘုရားများက ဘာမိန့်ထားသလဲဆိုတော့ ဘုန်းကြီးတို့ သွားသတိရတယ်။

**ကမ္ဘာမီးထက် ပူချက်ပြင်းထန်**
**ဘယ်မီးတွေလဲ ဉာဏ်နဲ့ဝေဖန်**
**ကိလေသာမီး ထိန်းညီးဝေလျှံ**
**ဘဝတိုင်း မဆိုင်း လောင်နေပြန်။**

ဆိုတော့ ဒီဘဝတင်မဟုတ်ဘူး။ တစ်သံသရာလုံးက လောင်လာတဲ့မီး။ တခြားမီး လား၊ ကိလေသာမီးလား။ (ကိလေသာမီးပါ ဘုရား)။ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ မာနတွေ၊ ဒိဋ္ဌိတွေနော်။ ဩော် – ကမ္ဘာမီးထက်ပိုပြီးတော့ ပြင်းတဲ့မီးက ဘာမီးလဲ။ (ကိလေသာမီးပါဘုရား)။ သို့ဖြင့် ကိလေသာမီးဆိုတာ ခုနပြောခဲ့တဲ့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ မာနတွေ၊ ဒိဋ္ဌိတွေ။

ကဲ – ဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အခု နားက တရားနာ၊ ဉာဏ်က ခန္ဓာ လှည့်လိုက်တဲ့ အခါကျတော့ အဲဒီမီးသည် ကိုယ့်ကိုယ်ကို အလောင်ခံရတာလား၊ အလောင်မခံရတာလား။ (အလောင်ခံရတာပါဘုရား)။ မီးလောင်ခံရလို့ ယခုဘဝမှာလည်း ပူတယ်၊ သေတော့လည်းပဲ အပါယ်ကျဦးမယ်ဆိုတော့ ၂–ခါ နာတယ်။ ဘယ်နှစ်ခါနာ။ (၂–ခါနာပါတယ်)။ အဲဒီလို ၂–ခါနာတာက ဘာကြောင့်လဲ ဆိုတော့ တရားမနာလို့၊ တရားအားမထုတ်လို့။ ဒီလိုဖြင့်ရင် တခြားတရားနာရမှာလား။ သစ္စာတရားနာရမှာလား။ (သစ္စာတရားနာ ရမှာပါဘုရား)။

ဒီလိုဖြင့်ရင် သစ္စာတရားနာပြီးရင် သစ္စာတရားအလုပ်ကို ဒကာ၊ ဒကာမတွေ ခန္ဓာ ဉာဏ်ရောက်၊ အားထုတ်ရမယ်နော်။ (မှန်လှပါ)။ အဲဒီလို အားထုတ်မယ်ဆိုခဲ့ရင် အခုနပြောခဲ့တဲ့ လောဘ၊ ဒေါသ၊ မောဟတွေ မငြိမ်းနိုင်ဘူးလား။ (ငြိမ်းနိုင်ပါတယ်)။ အေး–ဒီတော့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ မီးတွေငြိမ်းအောင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဆိုတဲ့ ကိလေသာကို အရင်ဖြုတ်။ လောဘ၊ ဒေါသ၊ မောဟတွေကို ဒကာ၊ ဒကာမတွေ ငြိမ်းချင်ရင်၊ သတ်ချင်ရင် ဘာကို အရင်ဖြုတ်။ (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို အရင်ဖြုတ်ရမှာပါဘုရား)။ အေး – ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို ဖြုတ်လို့ရှိရင် အခုန လောဘ၊ ဒေါသ၊ မောဟတွေငြိမ်းမယ်။ လောဘ၊ ဒေါသ၊ မောဟတွေငြိမ်းလို့ရှိရင် အို၊ နာ၊ သေလွတ်မယ်။ အို၊ နာ၊ သေ လွတ်တာသည် တခြားလား။ နိဗ္ဗာန်လား။ (နိဗ္ဗာန်ပါဘုရား)။ ဒီတော့ ဒီတရား အစဉ်လေးကို အပြန်အလှန်ကြည့်မယ်ဆိုရင် ယောဂီတို့ ယနေ့ ဆုတောင်းနေတဲ့ နိဗ္ဗာန်ကို လိုချင် ရင် ဘာလွတ်အောင်လုပ်။ (အို၊ နာ၊ သေ လွတ်အောင် လုပ်ရမှာပါဘုရား)။ အို၊ နာ၊ သေလွတ်ချင်ရင် ဘာကိုငြိမ်းအောင်လုပ်မလဲ။ (လောဘ၊ ဒေါသ၊ မောဟ)။ အချုပ်ကတော့ ဒါပါပဲ။ ဒီခေါင်းစဉ်ပဲပေါ့။

အဲဒီတော့ – လောဘ၊ ဒေါသ၊ မောဟတွေ ငြိမ်းချင်ရင် ဘာကိုဖြုတ် မယ်။ (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ပါ ဘုရား)။ အခု ယောဂီတို့ လုပ်ရမယ့်အလုပ်၊ ဖြုတ်ရမယ့် အလုပ်သည် ဘာနဲ့ ဘာနဲ့လဲ။ (ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပါ ဘုရား)။ ပဋိစ္စသမုပ္ပါဒ် သင်နေတာလည်း ဘာဖြုတ်ဖို့လဲ။ (ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဖြုတ်ဖို့ပါ ဘုရား)။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကိုဖြုတ်လိုက်လို့ ပြုတ်သွားပြီဆိုရင် ပြီးပါပြီ ကိစ္စ။ လူဖြစ်ကျိုးနပ်သွားပြီ။ လူ့ဘဝမှာ လူဖြစ်ကျိုးမနပ်ဘူးလား။ (နပ်ပါတယ်)။ အဲဒီတော့ ဒိဋ္ဌိ၊ ဝိစိ





www.burmeseclassic.com

www.burmeseclassic.com



ကိစ္စာ ဖြတ်ဖို့ဆိုတာ ကိုယ့်ဘာသာကိုယ်ဖြတ်လို့ ရပါ့မလား။ (မရပါဘူးဘုရား)။ မရဘူး။ ဟော ဒီတော့မှ ဆရာတော် ကြီးက –

**သူတော်ဆည်းကပ် မြတ်တရားနာ လျော်စွာအကျင့် မဂ်ဖိုလ်ခွင့် ရလင့်ကေန်သာ။**

သေချာပေါက် တရားရသွားပြီ၊ ဒီအင်္ဂါလေးချက်နဲ့အညီ သူတော်ဆည်းကပ်ဆိုတော့ ''သပ္ပုရိသ သံသေဝ'' ပေါ့။ သူတော်ကောင်းကို ဆည်းကပ်ရမယ်။ ''သဒ္ဓမ္မဿဝန=သစ္စာတရားကို နာရမယ်။ ယောနိသောမနသိကာရ= နှလုံးသွင်းမှန် ရမယ်။ ဓမ္မာနုဓမ္မပဋိပတ္တိ = တရားလမ်းစဉ်အတိုင်း ကျင့်ရမယ်။ ဒိဋ္ဌိဖြတ်တဲ့တရား တွေကိုပွားများအားထုတ်ရမယ်။ အဲဒီလေးချက်ရရင် ဒီဘဝ ကျွတ်တမ်းဝင်ပြီလို့ ဆုံးဖြတ်ချက်ချပါ။ ဒါကို ကျေးဖူးရှင်ဆရာတော်ဘုရားကြီးရဲ့ ဆောင်ပုဒ်မှာ ''သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာအကျင့်၊ မဂ်ဖိုလ်ခွင့်၊ ရလင့်ကေန်သာ''၊ ဘယ် နှချက်လဲ။ (၄–ချက်ပါ ဘုရား)။

## နှလုံးသွင်းမှန်ဖို့

အဲတော့ – နံပါတ်တစ် သူတော်ဆည်းကပ်က မိတ်ကောင်းဆွေကောင်း အရေးကြီးတယ်။ မိတ်ကောင်းဆွေကောင်း အရေးကြီးတယ်ဆိုတော့ ''သပ္ပုရိသ သံသေဝ'' မိတ်ကောင်းဆွေကောင်း ဆိုတာ အမှီကောင်း အရေးကြီးတာပေါ့။ ဒီတော့ အမှီကောင်းကို ဒကာ၊ ဒကာမတွေ တစ်ချက်ကလေး မှီလိုက်ရင် အကြံကောင်းတော့တစ်ချက်ဆိုတဲ့ စကားမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒီအမှီ ကောင်းလေးကို မှီလိုက်ရင် ဒကာ၊ ဒကာမတွေ အရှုံထဲက်ပြီလို့ ဆုံးဖြတ်ချက်ချ။

အဲဒီတော့ အမှီကောင်းဆိုတာ မြတ်စွာဘုရားရဲ့သာသနာမှာဘုရားဆိုတာ ဘုန်းကြီးတို့ဒကာ၊ ဒကာမတွေ အမှီကောင်းပေါ့။ သို့သော် ယနေ့ ဘုရားမရှိတော့လည်း ဘုရား၏ကိုယ်စားလှယ် လုပ်ပြီးတော့ ဟောကြားသွားတဲ့ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး အစရှိသော ဆရာတော်၊ သံဃာတော်တွေနဲ့ ဒကာ၊ ဒကာမတွေ မတွေ့ရဘူးလား။ (တွေ့ရပါတယ်ဘုရား)။ ဒီလိုဖြင့် ဒီအင်္ဂါရပ် တစ်ခုညီသွားပြီ။ (မှန်လှပါ)။

ဒုတိယ အင်္ဂါရပ်ကတော့ ''သဒ္ဓမ္မဿဝနံ'' ဆိုတော့ သူတော်ကောင်းတို့ရဲ့တရား (ဝါ) သစ္စာတရားနဲ့လျော်ညီတဲ့တရားကို ဒကာ၊ ဒကာမတွေ နာကြရမယ်။ (မှန်လှပါ)။ နံပါတ်နှစ်အင်္ဂါက ဘာတရားနာရမယ်။ (သစ္စာနဲ့လျော်ညီတဲ့ တရားနာရမှာပါ ဘုရား)။

နံပါတ်သုံးက ''ယောနိသော မနသိကာရ''။ ဘယ်လို နှလုံးသွင်းဆိုတာ ဘုန်းကြီးတို့ တဖြည်းဖြည်း သင်သွားမှာပါ။ ရှင်းပြီနော်။ ဘယ်လိုနှလုံးသွင်းရမလဲဆိုတော့ မျက်စိကမြင်ရင် ဘယ်လိုနှလုံးသွင်း။ နားကကြားရင် ဘယ်လိုနှလုံးသွင်း။ နှာခေါင်းကမွှေးရင် နံ့ရင် ဘယ်လိုနှလုံး သွင်း။ စားတဲ့အခါ ဘယ်လိုနှလုံးသွင်း၊ ဝတ်တဲ့အခါ ဘယ်လို နှလုံးသွင်း၊ နေတဲ့ထိုင်တဲ့အခါ ဘယ်လိုနှလုံးသွင်း၊ ဟာ ကိုယ့်အိမ်မှာ မိသားစုနဲ့ဆက်ဆံရင် ဘယ်လိုနှလုံးသွင်း၊ နေ့စဉ် လူတစ် ယောက်ရဲ့ တစ်နေ့တာလေး လှုပ်ရှားနိုင်ဖို့ နှလုံးသွင်းမှန်ဖို့ကို ဒီသင်တန်းကနေ မသင်လို့ ရပါ့မလား။ (မရပါဘူးဘုရား)။ အဲဒီလို သင်လိုက်တဲ့အခါကျတော့ ဟော–ယောဂီတစ်ယောက်ဟာ အိမ်နေရင် လည်းပဲ နှလုံးသွင်းတတ်သွားရော။ အဲဒီပုဂ္ဂိုလ်က အိမ်နေရင်းနဲ့ နှလုံးသွင်းပြီဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ နှလုံးအိမ်ထဲမှာ အခြားကိန်းနေတာလား၊ တရားကိန်းနေတာလား။ (တရားကိန်းနေတာပါဘုရား)။

အဲ – ဒီပုဂ္ဂိုလ် တစ်နေ့တာ အသက်ရှင်နေတာ တန်ဖိုးရှိလိုက်တာ။ တရားကိန်းပြီးတော့ အသက်ရှင်နေလို့။ အဲဒီလို တရားကိန်းပြီးသာ အသက်မရှင်ရင် တခြားမရှိဘူး။ မတရားပဲကိန်းတယ်။ ပုထုဇဉ်လူတစ်ယောက်မှာ တရားနဲ့ မတရားတာ ၂–မျိုးပဲရှိတယ်။ (မှန်လှပါ)။ အခုနက နှလုံးအိမ်သည် နှစ်စိတ် ရှိရဲ့လား။ (မရှိပါဘူး)။ တရားစိတ်ကိန်းရင် မတရားစိတ်မကိန်းဘူး။ မတရားစိတ်ကိန်းရင် တရားစိတ်မကိန်းဘူး။ ဒါကြောင့်မို့ တရားစိတ်တွေ ကိန်းနေနိုင်ဖို့က အမြဲတမ်း နှလုံးသွင်းမှန်ဖို့ အရေးမကြီးဘူးလား။ (ကြီးပါတယ်ဘုရား)။ အဲဒီတော့ နှလုံးသွင်းမှန်တယ်ဆိုတာ အလကားနေရင်း နှလုံးသွင်းမှန်လို့ ရပါ့မလား။ (မရပါဘူး)။ ဒီတော့ ယောဂီများ အထူးဂရုပြုပါ။ ယနေ့ ၆–ရက်ရှိပြီ။ အအားမနေပါနဲ့။ မိမိတို့ဘာလုပ်နေလဲ။ ဟာ – တပည့်တော်တို့အားနေတယ်ဘုရား၊ အလုပ်မရှိဘူးဆိုရင် အဲဒီပုဂ္ဂိုလ်သွားပြီလို့ ဆုံးဖြတ်ချက်ချ။ အမလေး – အားနေလို့ ပျင်းတောင်နေတယ်ဆိုတာ။ ကဲ – ပျင်းနေတယ်ဆိုတဲ့ပုဂ္ဂိုလ်သည် သူ အလုပ်မရှိလို့ပျင်းတာ။ ဘာမရှိလို့။ (အလုပ်မရှိလို့ပါ ဘုရား)။ အလုပ်မရှိဘူးဆိုတော့ သူအားနေတာပေါ့။ အားနေတယ်၊ အလကားနေတယ်ဆိုတော့ ဟော – ဒီပုဂ္ဂိုလ် မတရားအသက်ရှည်နေတာ။ ဘာ အသက်ရှည်နေတာလဲ။ (မတရားအသက်ရှည်နေတာ)။ အဲဒါ ဘုန်းကြီးတို့ ဆရာတော်ဘုရားကြီးက ဆုံးမထားတယ်နော်။

**အအားနေခြင်း အလကားနေခြင်းသည် မတရားနေခြင်း ဖြစ်သည်။**

ကဲ၊ အဲဒါက ယောဂီတို့၊ ကိုယ့်အတွက် အမြဲတမ်း တိုင်းတာနိုင်စရာ ပေတံလေးပေါ့။ အင်း၊ ငါဒီနေ့အားနေလား။ အားနေရင်တော့ သွားပြီ၊ ငါ ဘာမှမလုပ်ဘူးဆိုရင်တော့ သွားပြီ။ သို့သော် ဘာမှမလုပ်ဘူးဆိုတာ တပည့်တော်တို့က စီးပွားရှာနေတာ။ စီးပွားရှာရင်တော့ ပိုသွားဦးမှာပေါ့။ ဘာလို့လဲဆိုတော့ သူက လောဘရှိတာကိုး။ အခန့်မသင့်တော့ ဒေါသဖြစ်မယ်။ ခုန နှလုံး မသွင်းဖြစ်တော့ မောဟဖြစ်တယ်။ အဲဒါကတော့ မေးနေစရာမလိုဘူး။ ကိုယ့်လမ်း ကိုယ်ယက်ဆင်းပဲနော်။ အဲဒီတော့ ရိုးရိုးနေတာတောင်မှပဲ၊ အအားနေလိုက်ရင် ကိလေသာ ဝင်ပါလိမ့်မယ်။ အဲဒီတော့ ကိလေသာဝင်ရင် ကိုယ့်ဘဝသည်လည်း မတရားဖြစ်သွားပါလိမ့်မယ်။

အဲဒီတော့ မတရားတို့၏ သွားရာလမ်းကြောင်းသည် အထက်လား၊ အောက်လား။ (အောက်ပါဘုရား)။ အေး၊ အဲဒီတော့ ကိုယ့်ကိုယ်ကို ဒီတရားလေး နှလုံးသွင်း၊ ဒီအဆုံးအမလေးနဲ့ ပြန်ပြီး နေ့စဉ်သတိထား၊ နှလုံးသွင်းကြည့်ရင် ဟာ–ငါ မတရားဖြစ်နေပြီ။ မဖြစ်ဘူး။ အဲဒီတော့ မတရားမဖြစ်အောင် တရားသောနည်းဖြင့် တရားသောအသက်ရှင်ခြင်း ဖြစ်နေအောင် ယောနိသောမနသိကာရ = နှလုံးသွင်းမှန်ဖို့ အရေးမကြီးဘူးလား။ (ကြီးပါတယ်ဘုရား)။ အဲဒီ နှလုံးသွင်းမှန်နိုင်အောင် အခု ယောဂီတို့ကို ကျေးဇူးပြုရမှာက ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကိုသတ်တဲ့နည်းကို ကျေးဇူးပြုရမှာ။ ဘာကိုသတ်တဲ့နည်းလဲ။ (ဒိဋ္ဌိ ဝိစိကိစ္ဆာကိုသတ်တဲ့နည်းပါဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



**အစွန်းမရောက်ပါစေနဲ့**

ဒီဌာ၊ ဝိစိကိစ္ဆာကိုသတ်တဲ့နည်းဆိုတော့ ဘုန်းကြီးတို့ ပဋိစ္စသမုပ္ပါဒ်မှာ အလွယ်ကျက်မှတ်၊ သိစေအပ်သည်ဆိုတော့ ယောဂီတို့ အခု သင်ရတော့မယ်နော်။ ဒီတော့ အလွယ်ကျက်မှတ်ကို သင်နိုင်ဖို့အတွက်ကို ဘယ်နှမျိုး ခေါင်းစဉ်တပ်ထားလဲ။ (ရ-မျိုးပါ ဘုရား)။ ရ-မျိုး တပ်ထားတယ်။ ဘာတွေ လဲ။ (ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ အရှုခံ၊ အရှုဉာဏ်)။ ဒီလိုဖြင့် ခန္ဓာကို ဘုန်းကြီးတို့ နေ့တိုင်းသင်နေတာပေါ့။ ခန္ဓာကိုသင်လိုက်တော့ ရုပ်ကိုသိရမယ်။ နာမ်ကို သိရမယ်။ ခန္ဓာဆိုတာ တခြားလား၊ အပေါင်းအစုလား။ (အပေါင်းအစုပါဘုရား)။ ဒီလိုဖြင့်ရင် ခန္ဓာက စုစုပေါင်း ဘယ်နှစ်ပါးရှိလဲ။ (၅-ပါး ပါဘုရား)။ သို့ဖြင့်ရင် ခန္ဓာအကြောင်းပြောရင် ဘုန်းကြီးတို့ တစ်ကွက်ကျန်သွားလို့ မရဘူးနော်။ (မှန်လှပါ)။ ပညတ်၊ ပရမတ်ကလေးကို နည်းနည်းရှင်းဦးမှ ရမယ်၊ ဟုတ်လား။ ဒီတော့ ခန္ဓာလို့ ပြောလိုက်တဲ့အခါကျတော့ ခန္ဓာဆိုတာ ပရမတ်သဘော။ ခန္ဓာဆိုတာ ဘာတဲ့လဲ။ (ပရမတ်သဘောပါ ဘုရား)။

ဒီလိုဖြင့်ရင် ခန္ဓာကိုမြင်ရင် ပုဂ္ဂိုလ်၊ သတ္တဝါ ပျောက်ရမယ်နော်။ (မှန် လှပါ)။ ခန္ဓာကိုမြင်ရင် ယောက်ျားပျောက်ရမယ်။ မိန်းမပျောက်ရမယ်။ ဒီလိုဖြင့် ရင် ပုဂ္ဂိုလ် သတ္တဝါ ယောက်ျား မိန်းမ။ ပုဂ္ဂိုလ် သတ္တဝါ ပျောက်ရမယ်ဆိုတော့ အားလုံးဆက်ဆံနေတာက ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့သာ ဆက်ဆံနေတာ။ ဒီလိုဖြင့် အဲဒါက တခြားလား၊ သမုတိသစ္စာလား။ (သမုတိ သစ္စာပါ ဘုရား)။ သို့ဖြင့်ရင် သမုတိသစ္စာရယ်၊ ပရမတ္ထသစ္စာရယ် ဒီနှစ်နယ်ကို နားလည်ပါ။ (မှန်လှပါ)။ ဘုန်းကြီးတို့ ဝိပဿနာဆိုတာဟာ ယောဂီတို့ အားထုတ်တာ မခက်ခဲဘူးနော်။ (မှန်လှပါ)။

**ဝိပဿနာဆိုတာ အကျင့်မခက်၊ အသိခက်၏။**

အဲဒီတော့ ဝိပဿနာကျင့်တာက ထမင်းစားရင်းလည်း ကျင့်လို့ရတယ်လေ။ ဝတ်ရင်းလည်း ကျင့်လို့မရဘူးလား။ မျက်တောင်ခတ်တာတောင် ဝိပဿနာ ကျင့်လို့ရတယ်။ (မှန်လှပါ)။ ဆိုလို တာက အကျင့်မခက်ဘူးလို့ ပြောတာ။ အဲဒီအဆင့်ထိရောက်အောင် ယောဂီတို့ အခြေခံတွေ သင်လိုက်ရတာ အခု နည်းနည်းနောနော မဟုတ်ဘူး။ ၁၀-ရက်နဲ့ မပြီးသောက်ဘူးပေါ့။ ဝိပဿနာ ဆိုတာ ခန မျက်တောင်ကလေး တစ်ချက်ခတ်နေတာ ဝိပဿနာရှုလို့ရပါတယ် ဆိုတဲ့စကားလုံး ဘုန်းကြီးသုံးထားတယ်။ (မှန်လှပါ)။ အဲဒီစကားလုံးအထိ ရောက်နိုင်ဖို့အတွက်ကို အဆင့်ဆင့် နားလည်အောင်ပြောရဦးမယ်။ သင်ရမယ်ပေါ့။ အဲဒီ တော့ အဲဒီလို အဲဒီလို အဆင့်ဆင့်နားလည်အောင် သင်ဖို့အတွက်က ဟော ပညတ်၊ ပရမတ်ဆိုတာလည်း သိရမယ်။ ရုပ်၊ နာမ်ခန္ဓာဆိုတာလည်း သိရမယ်။ အာယတနဆိုတာလည်း သိရမယ်။ ဓာတ်ဆိုတာလည်း သိရမယ်။ အရှုခံဆို တာလည်း သိရမယ်။ အရှုဉာဏ်ဆိုတာလည်း သိရမယ်။

အဲဒီတော့၊ အဲဒီလို အခြေခံတရားတွေသိပြီးပြီဆိုတော့မှ သေသေချာချာ အကြောင်းအကျိုး တွေ နားလည်ပြီလည်းဆိုရော ရှုလိုက်တဲ့အခါကျတော့ ဝိပဿနာဉာဏ် တိုက်ရိုက်ရသွားတယ်။ အဲဒီဉာဏ်သည် အားကြီးသော ဝိပဿနာ ဉာဏ်ဖြစ်တဲ့အတွက် ရ-ရက်အတွင်း (ဝါ) ရ- လအတွင်း မနက်အားထုတ်ရင် ညနေရနိုင်တဲ့အတိုင်းအတာ မရှိဘူးလား။ ဒါကြောင့် ဝိပဿနာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့စကားလုံး လေးရောက်နိုင်ဖို့အတွက်ကို ဟော အခုယောဂီတို့ ပညတ်၊ ပရမတ်ဆိုတာလည်း မသိလို့ မဖြစ် ပြန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခု တခြားဟောနေတာလား၊ ခန္ဓာဟောနေတာလား။ (ခန္ဓာ ဟောနေတာပါဘုရား)။ အဲဒီ ခန္ဓာသည် ဘယ်နှစ်ပါးရှိ။ (၅–ပါး ရှိပါတယ်)။ ဒီ ခန္ဓာ ၅–ပါးက အခု ဘုန်းကြီးတို့ တရားဟောနေတဲ့ ခန္ဓာ ၅–ပါးသည်၊ တခြားခန္ဓာ ၅–ပါးလား၊ ဝိပါက ဝဋ်ခန္ဓာ ၅–ပါးလား။ (ဝိပါကဝဋ်ခန္ဓာ ၅–ပါးပါဘုရား)။ ဒီလိုဖြင့် ဝိပါကဝဋ်ခန္ဓာ ၅–ပါးဆိုတော့ အဲဒီ ခန္ဓာ ၅–ပါးဟာ ယောကျ်ား၊ မိန်းမ၊ ရဟန်း၊ သံဃာ စသည်ဖြင့် အဖေ၊ အမေ မပြောဘူးလား။ (ပြောပါတယ်ဘုရား)။ ဒီလိုဖြင့် ပရမတ်သဘောဖြင့် ကြည့်တော့ ခန္ဓာ ၅–ပါးမြင်တယ်။ ပညတ် သဘောဖြင့် ကြည့်တော့ ပုဂ္ဂိုလ်သတ္တဝါမြင်ရမယ်။ ခန္ဓာ ၅–ပါး မြင်ရမယ်။ ဒီလိုဖြင့် မျက်လုံး နှစ်လုံးတပ်၊ ပညတ်မျက်လုံးကတစ်လုံး။ ပရမတ်မျက်လုံးကတစ်လုံး။ တစ်ခွန်းတည်းမရဘူးနော်။

အဲဒီလို နှစ်လုံးတပ်တော့မှ အဲဒီ အလယ်ကောင်ကနေ ကိုယ်ကကြည့်ရမှာလား။ တစ်ဖက် သတ်ကြည့်လို့ရပါ့မလား။ (မရပါဘူး ဘုရား)။ ပညတ်အစွန်း ကနေကြည့်လို့မရဘူး။ ပရမတ်အစွန်း ကနေလည်းကြည့်လို့မရဘူး။ အလယ်ကောင်ကနေ ဘုန်းကြီးတို့ ယောဂီတို့ ကြည့်ရမယ်။ ပညတ် ဆိုတဲ့လက်ဝဲစွန်း၊ ပရမတ်ဆို တဲ့လက်ယာစွန်း ဟုတ်လား။ အဲဒီ အစွန်း ၂–ဖက်ကို လွှတ်ပြီးတော့မှ လျှောက်သွားလို့ရတာ။ အလယ်ကောင်ကနေ လျှောက်တယ်ဆိုတာ တခြားပြောတာ မဟုတ်ဘူး။ ပညတ်လည်းနားလည်ရမယ်။ ပရမတ်လည်း နားလည်ရမယ်။ ဒီတော့ ပညတ်ပယ်တော့ အပါယ်ကျ၊ ပရမတ်ကွယ်တော့ နိဗ္ဗာန်မရ တဲ့။ ဟော – စကားက။ ကဲ – ဒါလေး မှတ်ထားပါဦးနော်။ လိုက်ဆို။

> ပညတ်ပယ်တော့ အပါယ်ကျ၊
> ပရမတ်ကွယ်တော့ နိဗ္ဗာန် မရ။
> ပညတ် ပရမတ် နှစ်ခုစပ်၊
> သိတတ်သူမှ မြတ်။

အဲဒီတော့ ပညတ်နဲ့ပရမတ်ကို နှစ်ခုနားလည်ရမယ်။ ပညတ်ဆိုတာ ဘာခေါ်တယ်။ ပရမတ် ဆိုတာ ဘာခေါ်တယ် သိဖို့ အရေးကြီးပြန်တယ်။ ဝိပဿနာရှုတာက လွယ်တယ်နော်။ ဝိပဿနာ ရှုဖို့ အခြေခံတွေ နားလည်အောင်သင်ဖို့က မနည်းသင်ရတာ။ ဒါ သာသနာတွင်းရောက်တဲ့သူတိုင်း ဘုန်းကြီးတို့ လွယ်လွယ်ကူကူ သိခွင့်ရတာပေါ့နော်။ ဒီတော့ ပညတ်အကြောင်းတွေလည်း ပြောစရာ ဆို အများကြီး ပြောပြောသော်လည်း ယောဂီတို့ရဲ့ တစ်ပိုင်တစ်နိုင်ပေါ့။ ဝိပဿနာအလုပ်လေးကို အားထုတ်နိုင်အောင်လေးကို ရွေးချယ်ပြီးတော့ ခုန ပိဋကတ်သုံးပုံ အဆီ ထုတ်သလိုပေါ့၊ ဟုတ်လား။ ပညတ်တွေ အများကြီး ရှိသော်လည်းပဲ ကိုယ်နဲ့အပ်စပ်တဲ့ပညတ်ကတော့ ဘုန်းကြီးတို့ရွေးချယ် ပြီးတော့ ကျေးဇူးပြုရမှာ ရှစ်မျိုးလောက်ပဲပါတယ်။ အများကြီး သင်နေရင်လဲ ကိုယ့်မှာ အချိန်မရ ဘူးပေါ့။ အချိန်မရတဲ့အခါကျတော့ အားထုတ်နိုင်ဖို့အတွက် အထောက်အပံ့ကို မသိရင်မဖြစ်တဲ့ ပညတ်က ဘယ်နှမျိုး။ (ရှစ်မျိုးပါဘုရား)။ ရှစ်မျိုးကတော့ အကြမ်းဖျင်းပြောရရင်၊ ဥပမာ နာမပညတ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နံပါတ် (၁) နာမ ပညတ်၊
နံပါတ် (၂) သန္တတိ ပညတ်၊
နံပါတ် (၃) သမူဟ ပညတ်၊
နံပါတ် (၄) သဏ္ဌာန ပညတ်၊
နံပါတ် (၅) ပုဂ္ဂလ ပညတ်၊
နံပါတ် (၆) သတ္တ ပညတ်၊
နံပါတ် (၇) အတ္တ ပညတ်၊
နံပါတ် (၈) ဃန ပညတ်၊

ဘယ်နှမျိုးလဲ။ (ရှစ်မျိုးပါဘုရား)။ အဲဒီရှစ်မျိုးက စာဆိုတာကတော့ အလွတ်ကျက်ထားရမှာ။ (မှန်လှပါ)။ သို့သော် စာတွေ ငါတို့မရလို့ နိဗ္ဗာန်မရတော့ဘူးလို့ ဒီလိုမတွက်နဲ့။ အဲဒီစာကို မရွတ်နိုင်သော်လည်းပဲ၊ သဘောတရားကို နှလုံးအိမ်ကိန်းဖို့ သိပ်အရေးကြီးတယ်။ "သဘောဟုတ်မှ လောကုတ်"။

ကဲ၊ ဒီတော့ ကောင်းပြီ။ သဘောသွားကြည့်တော့ နာမပညတ် ဆိုတာက နာမည် ပြောတာ။ ဘာတဲ့လဲ။ (နာမည်ပါဘုရား)။ နာမည်သည် ပညတ်ဖြစ်တဲ့အတွက်ကြောင့် ဝိပဿနာ ရှုလို့ မရဘူး။ ဝိပဿနာဆိုတာ တခြားရှုရမှာလား၊ ပရမတ်ရှုရမှာလား။ (ပရမတ်ရှုရမှာပါဘုရား)။ အဲဒီတော့ ပရမတ်ရှုရမယ်လို့သာ အကြမ်းဖျင်းလေး မှတ်ထားလိုက်တော့။ ပြီးတော့မှ ပရမတ်ပိုင်းရှင်းမယ်။

(၁) အဲဒီတော့ နာမည်ဆိုတော့ အခုဘုန်းကြီးတို့ ရဟန်းဆိုရင် ရဟန်းဘွဲ့ ရဟန်းနာမည်ပေါ့၊ သီလရှင်လည်း သီလရှင်ဘွဲ့ သီလရှင်နာမည်။ ဒကာလည်း ဒကာနာမည်။ ဒကာမလည်း ဒကာမနာမည် မရှိဘူးလား။ (ရှိပါတယ် ဘုရား)။ အဲဒီနာမည်ဆိုတာကတော့ အပြောင်းအလဲရှိတာပဲ။ အပြောင်းအလဲရှိတာကို ဝိပဿနာရှုလို့ရပါ့မလား။ (မရပါဘူးဘုရား)။ မရဘူး။ သို့သော် နာမည်ဆိုတာက မခေါ်လို့မဖြစ်ဘူး။ သမုတိနယ်ပယ်မှာ တစ်ဦးနဲ့တစ်ဦး ဆက်ဆံတာက နာမည်ခေါ် ဆက်ဆံမှာပေါ့။ ဦးဖြူဆို ဦးဖြူပေါ့။ ဒေါ်နီဆို ဒေါ်နီပေါ့ – စသဖြင့် ဒီလိုမခေါ်ရ ဘူးလား။ (ခေါ်ရပါတယ် ဘုရား)။ အဲဒီလိုမျိုး သူ့နာမည်လေးတွေနဲ့သူ ခေါ်ခေါ်ပြီး ဘုန်းကြီးတို့ ဆက်ဆံရတာ။ ဒါ – ပညတ်။

ပရမတ်အနေနဲ့ကျတော့ ဆက်ဆံလို့ရပါ့မလား။ (မရပါဘူး)။ ဒီလိုဖြင့် ဦးဖြူဆိုတဲ့ ဒကာကြီးမှာလည်း တခြားရှိတာလား၊ ခန္ဓာ ၅–ပါးလား။ (ခန္ဓာ ၅–ပါးပါဘုရား)။ ဒီလိုဖြင့် ခန္ဓာ ၅–ပါးသည် ယောကျ်ားမှာရှိတယ်။ မိန်းမမှာလည်း ရှိတယ်။ အဲဒီတော့ ခန္ဓာ ၅–ပါးလို့ ခေါ်လိုက်ရင် ဒကာ၊ ဒကာမတွေ အကုန်လုံးနဲ့ပတ်သက်တယ်။ ခုနက နာမည်ကို ရွေးခေါ်တဲ့အခါမှာ သူ့နာမည်နဲ့ ပတ်သက်တဲ့သူ ဒါ သူ့ခေါ်တာပဲလို့ မသိရဘူးလား။ (သိရပါတယ်)။ အဲဒီတော့ နာမပညတ်ဆိုတာက ဝိပဿနာရှုလို့ မရဘူး။ ဒါ – သိထားရမယ့် တစ်ချက်။ ဗဟုသုတနော်။ နို့မို့ဆိုရင် ဝိပဿနာကို ရောကောသောကောရှုမှာ စိုးလို့ ခွဲပေးနေတာ။



www.burmeseclassic.com

www.burmeseclassic.com



(၂) သန္တတိပညတ်ဆိုတာကတော့ အစဉ်အဆက်ပြောတာပေါ့။ သန္တတိဆိုတာ ဆက်နေတာနော်။ သန္တတိ ဆက်တာလေးကိုတော့ ယောဂီတို့ နားလည်ဖို့လိုပါတယ်။ ဥပမာ၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်။ မနေ့ကရယ်၊ ဒီနေ့ရယ်၊ မနက်ဖြန်ရယ် ဆိုပြီး အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒီတော့ ဥပမာ ပြောကြပါစို့။ မြစ်ထဲမှာရေတွေကို သွားကြည့်ရင် ရန်ကုန်မြစ်က ရေမရှိဘူးလား။ (ရှိပါတယ်)။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကလည်း ရေမရှိဘူးလား။ (ရှိပါတယ်)။ ပြီးခဲ့တဲ့လကလည်း သွားကြည့် မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အခုသွားကြည့်ရင်လည်း အခုရှိတာပဲ။ သို့သော် လွန်ခဲ့တဲ့ တစ်လလောက်ကရေသည် ဒီနေ့ရေ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး ဘုရား)။ သို့သော် ရေရှိတယ်ဆိုတာတော့ ပြောလို့မရဘူးလား။ (ရပါတယ်)။ အဲဒီတော့ ရေရှိတယ်လို့ပြောလိုက်တာကတွဲပြီးတော့ ပြောလိုက်တာ။ တကယ်သွားကြည့်တော့ မနေ့ကရေ သည် ဒီနေ့ရေ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ စောစောကရေသည် ယခုရေ ဟုတ်ရဲ့လား။ (မဟုတ် ပါဘူး)။ တသွင်သွင်စီးနေတာ ပျက်ပျက်နေပြီ၊ ကျော်သွားပြီပေါ့။ မှတ်တိုင်လေး ကြည့်လိုက်မယ်ဆိုရင် ဩော်၊ ချက်ချင်း ကျော် – ကျော်– ကျော်သွားတယ်ဆိုတာက ပျက်သွားတာ။ နောက်ထပ်တိုးလာတာ ကဖြစ်လာတာ။ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်။ ဒီအဓိပ္ပာယ် မရှိဘူးလား။ (ရှိပါတယ် ဘုရား)။ သန္တတိပညတ်က ဒီလိုပြောရတာပေါ့။ အေး အဲဒါက ဟိုက ဥပမာဆောင်ပြီး ပြောတာ။ ဥပမေယျနဲ့ သန္တတိပညတ် ကိုယ့်ခန္ဓာထဲ ကိုယ်ဟပ်ကြည့်ပါ။ မနေ့တုန်းက ဟောဒီဒကာ၊ ဒကာမတွေ ဒီဘုန်းကြီးတွေဟာ ဒီနေ့ဒီပုဂ္ဂိုလ်တွေ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ အဲဒီတော့ တည့်တည့် ပြောကြပါစို့ဗျာ။ အခုဟောနေတဲ့ ဒီဆရာတော်ဟာ အခု ဘယ်နှစ်ရက်ရှိပြီလဲ။ ၆–ရက်ရှိပြီ ဟောတာ။ ပထမနေ့ကလည်း ဟောတယ်။ ဒုတိယနေ့က ဟောတယ်။ အခု ၆–ရက်လုံးလုံး ဟောတာ။ ၁၀–ရက် စခန်းပွဲကို မပြီးမချင်းဟောမှာ၊ ဒီဆရာတော်ပဲ ဟောနေတာပေါ့။ အဲဒါက သန္တတိ ပညတ်အနေနဲ့ပြောတာ။ ဝိပဿနာရှုလို့မရဘူးနော်။ (မှန်လှပါ)။ ပရမတ်အနေနဲ့ ကြည့်လိုက်ရင် မနေ့ကဟောတဲ့ ဆရာတော်သည် ဒီဆရာတော် ဟုတ်ရဲ့လား။ (မဟုတ်ပါဘူးဘုရား)။ နားကြီးကြီးနားထောင်ပါ။ ယောဂီသစ်တွေနော်။ မနေ့က ဆရာတော်က ဒီဆရာတော် ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ သို့ဖြင့် မနေ့က ဆရာတော် ဘယ်ရောက်သွားပြီလဲ။ ရဲရဲပြောစမ်းပါ။ အားမနာပါနဲ့။ ဘုန်းကြီးပြောပြောတော့ ပျံလွန်တော်မူသွားပြီပေါ့ဗျာ။ နောက်တစ်ပါး မွေးလာတာ၊ ဟုတ်လား။ သို့သော် အဲဒီနောက်တစ်ပါးမွေးတဲ့ ကိုယ်တော်ကတော့ အမေကမွေးတာမဟုတ်ဘူး။ အမေက တစ်ခါပဲ မွေးပေးလိုက်တာ။

ပရမတ်သဘောနဲ့ကြည့်တော့ ဒီကိုယ်တော်ဆိုတာ တခြားပြောနေတာလား၊ ရုပ်နာမ်ပြောနေတာလား။ (ရုပ်နာမ်ပြောနေတာ ပါဘုရား)။ ရုပ်နာမ်သည် ဒကာ၊ ဒကာမတွေပျက်သွားလိုက်၊ အသစ်အစားထိုးလိုက်။ အဲဒီ သဘောတရားက တခြားနဲ့မြင်ရမှာလား၊ ဉာဏ်နဲ့မြင်ရမှာလား။ (ဉာဏ်နဲ့မြင်ရမှာပါ ဘုရား)။ ဒီလိုကိုင်ပြလို့ရတဲ့ အရာမဟုတ်ဘူး။ ဒါ – ဝိပဿနာ ဆိုတာက ပရမတ်ဆိုတာက ဉာဏ်စခန်းတွေ ဒကာ၊ ဒကာမတို့၊ သိပ်အရေးကြီးတယ်နော်။ ဒီနေရာမှာ အားလုံး အာရုံတစ်ပါးစိတ်မသွားပါနဲ့၊ နည်းနည်းလေးဂရုစိုက်စမ်းပါ။ ပရမတ်ကျတော့ အရေးကြီးတယ်ပေါ့။ အဲဒီတော့ မနေ့ကဟာသည် ဒီနေ့ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ မနေ့ကဟာသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာနဲ့သူ ချုပ်သွားပြီး ဒီနေ့အစားထိုးတာပဲ။ ဒီနေ့သည်လည်း မနက်ဖြန်ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ မနက်ဖြန်သည်လည်း မရောက်သေးဘူးနော်။ အဲဒီတော့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ခုန ဥပမာနဲ့ ပြောလိုက်တဲ့အခါ မနေ့ကလည်း ဒီဆရာတော်ဟောတယ်။ ဒီနေ့လည်းဟောတယ်။ မနက်ဖြန်လည်း ဒီဆရာတော်ဟောမယ်ဆိုတာက သမုတိသစ္စာ အနေနဲ့ပြောလိုက်တာ။

သူ့ကဏ္ဍနဲ့သူ ပိုင်းခြားပိုင်းခြားပြီးပြတာသည် တခြားဉာဏ်လား။ ပရမတ္ထဉာဏ်လား။ (ပရမတ္ထဉာဏ်ပါ ဘုရား)။ အဲဒါ ဒကာ၊ ဒကာမတွေ သန္တတိ ပညတ်ကို ပြောတာပေါ့။

(၃) သမူဟပညတ်ဆိုတာက မနေ့ကပြောခဲ့တဲ့ ခေါင်း၊ ခါး၊ ခြေ၊ လက်။ ခေါင်း၊ ခါး၊ ခြေ၊ လက်က ဘာတဲ့လဲ။ (သမူဟပညတ်)။

(၄) သဏ္ဌာနပညတ်ဆိုတာ ပုံသဏ္ဌာန်ကိုပြောတာ။ ဒါကတော့ ကျောင်း ပုံသဏ္ဌာန်။ ဒါကတော့ အိမ် ပုံသဏ္ဌာန် စသည်ဖြင့်မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဥပမာဆိုကြပါစို့။ မိမိနိုင်ငံမဟုတ်ဘဲ တခြားနိုင်ငံကို သွားလိုက်ရင် အဆောက်အဦးတစ်ခု လှမ်းကြည့်လိုက်ရင် ဟာ – ဒါက ဗုဒ္ဓဘာသာဘုရားကျောင်းပဲ။ ဒါက တော့ ဟိန္ဒူဘုရားကျောင်းပဲ၊ ဒါက မူဆလင်ဘာသာ ကျောင်းပဲ။ ဒါက ခရစ်ယာန်ကျောင်းပဲ။ အမှုအရာလေးတွေ၊ အဆောက်အဦးရဲ့သဏ္ဌာန်ကို ကြည့်ရင် မသိနိုင်ဘူးလား။ (သိနိုင်ပါတယ်)။ အဲဒါက ပညတ်တရားတွေနော်။ ပြောရမှာ၊ ပြောဖို့ ဆက်ဆံလို့ရဖို့ လုပ်ရတာ။ ဝိပဿနာရှုလို့ မရဘူးနော်။

(၅) ဒီတော့ ပုဂ္ဂလပညတ်ဆိုတာ လူတွေ၊ နတ်တွေ ဗြဟ္မာတွေ သတ္တဝါ တွေ၊ ပုဂ္ဂိုလ်တွေ သတ္တဝါတွေ မပြောရဘူးလား။ အဲဒီ ပြောလို့သာပြောရတာ ဝိပဿနာရှုတဲ့အခါကျတော့ ရှုလို့ မရပါဘူး။ ခုန – ပုဂ္ဂလပညတ်ဆိုတာ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်ပေါ့နော်။

(၆) သတ္တပညတ်ဆိုတာ သတ္တဝါဆိုတာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေ။ မြတ်စွာဘုရား မဟောဘူးလား။ (ဟောပါတယ် ဘုရား)။ ဘုရားက ပညတ်အနေနဲ့ ဟောတာ။ ပရမတ် အနေနဲ့ကြည့်တဲ့အခါကျတော့ သတ္တဝါဆိုတာ ရှိရဲ့လား။ (မရှိပါဘူး ဘုရား)။ သတ္တဝါ မရှိဘူး။ ခန္ဓာပဲ ရှိတယ်။ သတ္တဝါမရှိဘူး။ ရုပ်နာမ်ပဲရှိတယ်။ ခန္ဓာပဲရှိတယ်ပေါ့နော်။ အဲဒီလို ခန္ဓာပဲလို့မြင်တာက ပရမတ်။ သတ္တဝါ ဆိုတာကပညတ်။ အဲဒီတော့ ပညတ်နဲ့ ပရမတ်ခွဲပြီးတော့ သိတော့မှ ဝိပဿနာ ရှုလို့ရပါလိမ့်မယ်။

(၇) ဒီလိုဖြင့် အတ္တပညတ်ဆိုတာ ရှိတယ်။ ငါ၊ သူ၊ အသက်၊ လိပ်ပြာ အခု မပြောဘူးလား။ ယောဂီတို့ ထရားထိုင်ရင် အသက်ကလေး မှန်မှန်ရှူ။ ဝင်လေသိ ထွက်လေသိ။ အသက် မှန်မှန် မရှူနိုင်ဘူးလား။ ဩော်၊ ဒီပုဂ္ဂိုလ် အသက်ထွက်သွားပြီ။ ဒီပုဂ္ဂိုလ်လိပ်ပြာဘာဖြစ်တယ်။ ကဲ မပြောဘူးလား။ အသက်တို့ လိပ်ပြာတို့ ဆိုတာက ပညတ်အနေနဲ့သာ ပြောတာ။ အချို့ သေကာနီး အခါကျရင် လိပ်ပြာခွဲတယ်တို့ ဘာတို့ ညာတို့ ရှုပ်ပွနေတာပဲဗျ။ ဒါတွေရှိနေတာပဲ။ ရှင်းပြီနော်။ ဒီပုဂ္ဂိုလ် အသက်ပြင်းလိုက်တာ။ အသက်မထွက် နိုင်ဘူး။ ဟော လောကဝေါဟာရတွေ မရှိဘူးလား။ (ရှိပါတယ်)။ တကယ်အမှန်ရှိတာ မဟုတ်ဘူး။ ပြောလို့ရရုံလေးတင်ပေါ့။ သူ့ကိစ္စလေး သူပြောလို့ ရရုံလေး ခေါ်နေတာနော်။



www.burmeseclassic.com

www.burmeseclassic.com



(၈) နောက်ဆုံး နံပါတ်ရှစ်က ဘာတဲ့လဲ။ (ဃနပညတ်ပါဘုရား)။ ဃန ပညတ်ဆိုတာကတော့ လုံးရပ်သဏ္ဍာန် ပုံပကန် နိမိတ်ကိုပြောတာပေါ့။ ဃန ဆိုတာ အစိုင်အခဲကြီးကို ပြောတာ။ ဘာကို ပြောတာလဲ။ (အစိုင်အခဲကြီးကို ပြောတာပါဘုရား)။ ဒီတော့ ကောင်းပြီ။ အစိုင်အခဲကြီးကို ပြောတဲ့ အခါကျတော့ ဘုန်းကြီး မနေ့က စခဲ့တယ်။ ယောဂီတို့ ရုပကမ္မဋ္ဌာန ဘယ်သဘောရှိ။ (ဖောက်ပြန်တဲ့သဘောရှိပါတယ် ဘုရား)။ ရုပကမ္မဋ္ဌာန်မှာ ဖောက်ပြန်တဲ့သဘောရှိတယ်။ ရုပ်လို့ ပြောလိုက်တာနဲ့ ဟော – ဒီမှာရုပ်၊ ဒီရုပ်ကဖြူတယ်။ ဒီရုပ်က မဲတယ်။ ပုတဲ့ရုပ်။ ရှည်တဲ့ရုပ် မလာဘူးလား။ (လာပါ တယ်)။ ရုပ်လို့ပြောလိုက်ရင် အခု ဒီမှာ တရားဟောနေတဲ့ဘုန်းကြီး ဒကာ၊ ဒကာမတွေမမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ အဲဒါက ဃန ပညတ်လေ။ လုံးရပ်သဏ္ဍာန် ပုံပကန် နိမိတ်ကို မြင်နေတာ။ သို့သော်လည်းပဲ အဲဒီမြင်နေတဲ့ရုပ်ကြီးဟာ ဝိပဿနာရှုလို့ရပဲ့မလား။ (မရပါ ဘူးဘုရား)။ ဉာဏ်စခန်းတွေ သိပ်အရေးကြီးတယ်နော်။ ဒီနေရာမှာ ဉာဏ်ဝင်ရမှာ။

**ဃနကျေရဲ့လား**

အဲဒီတော့ စကားတစ်ခုရှိတယ်လေ။ သြော် ယောဂီတွေ ခင်ဗျားတို့ ဝိပဿနာရှုနေတယ်သာ ပြောတာ။ ဃန ကျေရဲ့လား။ အရေးကြီးလာပြီ။ ဃန ချေရဲ့လား။ ဒီစကားလုံးလေး မှတ်လိုက် စမ်းပါနော်။ ဝိပဿနာဆိုတာက ရှုတာကလွယ်တယ်နော်။ ခုနက ဒီစကားလုံးကိုမေ့ပြီး ခင်ဗျားတို့ ဃနချေရဲ့လား။ ဃန ကျေရဲ့လားဆိုတော့ ဘာပြောမှန်းမသိဘူး။ ဃန ဆိုတာ စာလိုပြောတာ။ မြန်မာလိုဆိုတာကတော့ လုံးရပ် သဏ္ဍာန် ပုံပကန်ပေါ့။ အစိုင်အခဲ။ ရှင်းပြီနော်။ ကဲ – ဒီတော့ အဲဒါကို ဘုန်းကြီးတို့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟောတဲ့ အဏုမြူနဲ့ရှင်းမှ ပိုနားလည်မယ်။ အဲဒီ တစ်ကွက်ကလေးကို နားလည်သွားရင် ရုပ်ကိုရှုချင်တိုင်းရှု၊ ဒကာ၊ ဒကာမတွေ။ ရုပ်လုံး သဏ္ဍာန် ပုံပကန်နိမိတ် ပျောက်သွားလိမ့်မယ်။ အဲဒီလိုလုံးရပ်သဏ္ဍာန် ပုံပကန် နိမိတ် ပျောက်သွားတော့မှ ရုပကမ္မဋ္ဌာနနဲ့ ပတ်သက်ပြီးတော့ သက္ကာယဒိဋ္ဌိပြုတ်မှာပါ။ ဘာပြုတ်မှာလဲ။ (သက္ကာယ ဒိဋ္ဌိပြုတ်ပါမှာ ဘုရား)။

ကဲ – ဒီတော့၊ ယောဂီဟောင်းတွေ ကတော့ ဒီတရားဘုန်းကြီးအမြဲတမ်း ဟောထားပြီးသားမို့ နာဖူးပြီးသား။ သို့သော် နာဖူးထပ်မံသဘောထားပါ။ အဲဒီတော့ ဒီရုပကမ္မဋ္ဌာနသည် တခြားတရား လား။ ရုပ်တရားလား။ (ရုပ်တရားပါဘုရား)။ မနေ့က ပြောပြီးပြီ။ ရုပ်ဘယ်နှစ်ပါး။ ၂၈–ပါး။ ရုပ် ဘယ်နှစ်ပါး။ (၂၈–ပါးပါ ဘုရား)။ ၂၈–ပါးကို ဘုန်းကြီးတို့ အကုန်မသင်နိုင်ဘူးလို့ ပြောထား ပြီးသားပါ။ ၄–ပါးကို ပြောမယ်။ ဘယ်နှစ်ပါး။ (၄–ပါးပါဘုရား)။ ၄–ပါးက စာလိုပြောတော့ ပထဝီရယ်၊ အာပေါရယ်၊ ဝါယောရယ်၊ တေဇောရယ်။ ဘယ် နှစ်ပါး။ (၄–ပါး ပါဘုရား)။ သို့သော် အဲဒီဓာတ် ၄–ပါး ဘယ်မှာရှိတာလဲ။ (ကိုယ့်မှာရှိတာပါ ဘုရား)။ ကိုယ့်မှာရှိတာ ခွဲမထုတ်တတ်ဘူး။ ယနေ့ ကမ္ဘာမှာက သိပ္ပံပညာတွေ ခေတ်စားတာကိုးဗျ။ အခု ယောဂီတို့ကို ဓာတ်ခွဲပေးမယ်နော်။ ဓာတ်ခွဲ မှာက တခြားနည်းနဲ့ခွဲမှာလား။ ဝိဇ္ဇာနည်းနဲ့ခွဲမှာလား။ (ဝိဇ္ဇာနည်းနဲ့ ခွဲမှာပါ ဘုရား)။ ဝိဇ္ဇာနည်းနဲ့ ဓာတ်ခွဲတာ။ ဒါ ဘုရားဟောတာ။

အဲဒီလို ဝိဇ္ဇာနည်းနဲ့ ဓာတ် ၄–ပါးကိုဓာတ်ခွဲတဲ့အခါမှာ ဥပမာနဲ့ ဆောင်ပြီး ဟောတော့



www.burmeseclassic.com

www.burmeseclassic.com



ပိုရှင်းပါတယ်။ အခု ယောဂီတို့ ဟောဒီဓမ္မာရုံထဲမှာ မြူမှုန်လေး တွေရှိပါတယ်။ သေသေချာချာ မမြင်ရဘူး။ အခု ကားတွေသွားမယ်၊ လူတွေသွား မယ်ဆိုရင် မြူမှုန်တွေ မရှိဘူးလား။ အဲဒီမြူမှုန်ကို မြတ်စွာဘုရားက ရထရေ အဏုမြူလို့ ခေါ်ပါတယ်။ ဘာအဏုမြူ။ (ရထရေအဏုမြူ)။ တစ်လုံးလေး မှတ်ထားလိုက်ပါဦးနော်။ အဲဒီ ရထရေအဏုမြူကို အခုယောဂီတို့မျက်စိနဲ့ မြင်တယ်ပေါ့။ အဲဒီ မျက်စိနဲ့မြင်တာကို ဓမ္မာရုံကြီးတစ်ခုလုံးမှာ ခုနေတစ်လ, နှစ်လ, သုံးလ လောက် တံမြက်စည်းမသိမ်း ဘဲ ထားကြည့်။ ဖုန်တွေအများကြီးဖြစ်လာလိမ့်မယ်။ ဘာအဏုမြူတွေလဲ။ (ရထရေအဏုမြူတွေ)· အဲဒီ ရထရေအဏုမြူတွေကို ထားလိုက်ပြီးနော်။ ကဲ ဒီတော့ကောင်းပြီ။ အဲဒီ ရထရေအဏုမြူကို ဉာဏ်ဖြင့် ဒကာ၊ ဒကာမတွေ ပိုင်းလိုက်၊ စိတ်လိုက်။ ၃၆–စိတ် စိတ်တယ်လို့ စာထဲမှာ ပြတယ်။ ဘယ်လောက်စိတ်တယ်။ (၃၆–စိတ်)။ အဲဒီလောက် သေးငယ်တဲ့ဥစ္စာ လေးတွေကို နေရောင်ခံ ကြည့်လို့မြင်ရတဲ့ ရထရေအဏုမြူတွေကို ၃၆–စိတ် စိတ်ရင် အဲဒီတစ်စိတ်ကို မြင်နိုင်ပါ့ဦးမလား။ (မမြင်နိုင်ပါဘူးဘုရား)။ အဲဒါကို မြတ်စွာဘုရားက တဇ္ဇာရီမြူလို့ခေါ်တယ်။ ယောဂီတို့။ ဘာမြူလို့ ခေါ်တာလဲ။ (တဇ္ဇာရီမြူပါ ဘုရား)။ စကားလုံးနှစ်လုံး ရှိသွားပြီ။ ပထမက ရထရေအဏုမြူ။ ဒုတိယ က တဇ္ဇာရီမြူ။ တဇ္ဇာရီမြူကို ရိုးရိုးမျက်စိနဲ့ ကြည့်လို့ရပါ့ဦးမလား။ (မရပါဘူး)။ မှန်ဘီလူးနဲ့လည်း ကြည့်လို့မရတော့ဘူး။ ဒီလောက်သေးငယ်သွားတယ်။ သို့သော် မြတ်စွာဘုရား ဉာဏ်ထဲမှာ မြင်လို့ ဟောနေတာနော်။ (မှန်လှပါ)။ အဲဒီတော့ ရထရေအဏုမြူရယ်။ တဇ္ဇာရီမြူရယ်။

အဲဒီ တဇ္ဇာရီမြူကို ၃၆–စိတ် ထပ်ပြီးတော့ စိတ်တဲ့။ နံပါတ်သုံးအဆင့် တက်သွားပြီ။ ၃၆–စိတ် ထပ်စိတ်ရင် မြင်နိုင်ပါဦးမလား။ (မမြင်နိုင်ပါဘူး ဘုရား)။ ရထရေအဏုမြူတောင်မှပဲ အဲဒီ တစ်စိတ်ကို မမြင်ရတာကို။ ဒီတစ်စိတ်ကို ၃၆–စိတ် ထပ်စိတ်ဦးမယ်ဆိုတော့ ဘယ်လိုလုပ် မြင်နိုင် ပါ့ဦးမလဲ။ အဲဒါက အဏုမြူတဲ့ ဒကာ၊ ဒကာမတို့။ ဘာတဲ့လဲ။ (အဏုမြူပါဘုရား)၊ ဟော အဏုမြူ ဆိုတော့ အားလုံးသော ဒကာ၊ ဒကာမတွေ ရင်းနှီးသွားပြီ။ အဏုမြူဆိုတာနော်။ ဟို – ဘုန်းကြီးတို့ စစ်အတွင်းက ဂျပန်ပြည်မှာ နာဂါစာကီတို့၊ ဟီရိုရှီးမားတို့မှာ ချသွားလိုက်တဲ့ဗုံးက ဘာဗုံးလဲ။ (အဏုမြူဗုံးပါဘုရား)။ အဲဒါ ရုပ်၊ ရုပ်သတ္တိ။ ဘယ်လောက်ပြင်းလဲဆိုရင် အဲဒီလောက် သတ္တိ ပြင်းတယ်ဆိုတော့နော်။ မြတ်စွာဘုရား ထပ်ဟောတာက အဲဒီအဏုမြူကို ၃၆–စိတ်ထပ်စိတ်လိုက် ဦးတဲ့။ မြင်နိုင်စရာရှိပါ့မလား။ ဘယ်လိုနည်းနဲ့မှ မမြင်နိုင်တော့ဘူး။ လူ့မျက်စိနဲ့လည်း မမြင်နိုင် တော့ဘူး။ နတ်မျက်စိနဲ့လည်း မမြင်နိုင်တော့ဘူး။ အဲဒီတော့ အရှင်ဘုရား လူ့မျက်စိ၊ နတ်မျက်စိနဲ့ မမြင်ဘဲနဲ့ ဘယ်နှယ့်ကြောင့် မြတ်စွာဘုရားဟောလဲ။ ဒါက ဘုရားဉာဏ်လေ။ ဉာဏ်နဲ့သာလျှင် မြင်အပ်တဲ့ကိစ္စမို့လို့။ အဲဒီ ပရမာဏုမြူထိတောင် မြတ်စွာဘုရား ဟောခဲ့တာ။

အဲဒီတော့ မြတ်စွာဘုရားသည် ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀–ကျော်က အဲဒီ ပရမာ ဏုမြူထိတောင် ဟောခဲ့ပြီ။ ကဲ၊ ဒီတော့ ယောဂီတို့ ဉာဏ်လေးတစ်ချက် သွင်းလိုက်စမ်းပါ။ အဲဒီ ပရမာဏုမြူဆိုတာသည် တခြားတရားလား။ ရုပ်တရားလား။ (ရုပ်တရားပါဘုရား)။ ရုပ် ဖြစ်သော် လည်း အဲဒီရုပ် ကိုင်လို့ရရဲ့လား။ (မရပါဘူး ဘုရား)။

ဒီလိုဖြင့်ရင် – ဟုတ်ပြီ။ ရုပ်သည် ကိုင်လို့မရဘူးဆိုတော့ အခု ကိုင်လို့ ရတဲ့ရုပ်ကိုပြနေ တာ။ အခု ဘုန်းကြီးပုတ်ပြနေတာ တခြားပြတာလား။ ရုပ်ပြနေတာလား။ (ရုပ်ပြနေတာပါဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



ခုန လက်မောင်းဆိုတာက ဘာပညတ်။ (သမူဟပညတ်ပါဘုရား)။ ပရမတ်နဲ့ကြည့်တော့ အဲဒါသည် တခြားတရားလား၊ ရုပ်တရားလား။ (ရုပ်တရားပါဘုရား)။ သို့သော် အခု ယောဂီတို့ကို ပုတ်ပြနေတာ ပညတ်ရုပ်။ ဘာရုပ်လဲ။ (ပညတ်ရုပ်ပါဘုရား)။ ပရမာဏုမြူဆိုတဲ့တရားသည် တခြားတရားလား။ ရုပ်တရားလား။ (ရုပ်တရားပါဘုရား)။ အဲဒီရုပ်တရားကို ကိုင်လို့ ရပါ့မလား။ (မရပါဘူး)။ သို့သော် ကိုင်လို့မရဘူး ပြောငြားသော်လည်း ရုပ်မရှိတာလား၊ ရှိတာလား။ (ရှိတာပါဘုရား)။ ရှိလည်း ရှိတယ်။ သိလည်း သိတယ်။ ပရမတ်ရုပ်တွေ။ ဉာဏ်နဲ့သာလျှင် မြင်အပ်တဲ့ရုပ်တွေ။ ရှင်းပြီနော်။ သို့သော် ရုပ်တရားမှန်သမျှ 'ရုပ္ပတီတိ ရူပံ'။ ဖောက်ပြန်တဲ့ သဘောရှိတယ်။ ခုန အဏုမြူဖုံး ထပေါက်တယ်ဆိုတာ တခြားတရားလား၊ ရုပ်တရားလား။ (ရုပ်တရားပါဘုရား)။ အဲဒီရုပ်သည် မဖောက်ပြန်တာလား။ ဖောက်ပြန်နေတာ လား။ (ဖောက်ပြန်နေတာပါဘုရား)။ ဒါက အပြင်လောကရဲ့ ဥပမာဟောတာ။ အတွင်းကြည့်လိုက်တဲ့အခါကျတော့ အမြိတမ်း ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေရဲ့ ရုပ်တရားတွေက ဘာဖြစ်နေတာလဲ။ (ဖောက်ပြန်နေတာပါဘုရား)။ ဖောက်ပြန်နေပြီ။

ကဲ – ဒီတော့ ကောင်းပြီ။ အခုန အဏုမြူလေး ပြန်ပြီးတော့ အနုလုံပဋိလုံ ကြည့်မယ်။ အဲဒီ ပရမာဏုမြူဆိုတာက မမြင်နိုင်ဘူး။ သို့သော် မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဉာဏ်နဲ့သာလျှင် မြင်အပ်တဲ့၊ ဉာဏ်နဲ့သာလျှင် သိအပ်တဲ့တရားဖြစ်တယ်။

ဒီလိုဖြင့်ရင် အဲဒီဖုန်လုံးကြီးဟာ နာမပညတ်နဲ့ကြည့်နော်။ စောစောတုန်းက ဖုန်အမှုန်လေးတွေ။ အခုစုလိုက်တော့ ဖုန်လုံးကြီး။ ဖုန်လုံးကြီးဆိုတာ သဏ္ဌာနပညတ်။ ပုံသဏ္ဌာန်။ စောစောက ဖုန်မှုန့်လေးတွေ။ ဖုန်လုံးကြီးတွေ ဖြစ်ပြီဆိုတော့ နာမပညတ်။ ဝိပဿနာရှုလို့ရလား။ (မရပါဘူး)။ နာမည်တွေ ပြောင်းသွားပြီနော်။ အဲဒီ အပြောင်းအလဲဆိုတဲ့ ပညတ်ဖြစ်သောကြောင့် ပြောလို့သာရတယ်။ ပရမတ်အနေနဲ့ ဝိပဿနာရှုလို့မရ။ အဲဒီတော့ ခုနပြောတဲ့ ဖုန်လုံးကြီးကို ယောဂီတို့ – စိတ်ကူးလေးနဲ့ပေါ့နော်၊ ရေထည့်လိုက်ပါ။ ရေဆိုတာ အာပေါ။ ခုန ဖုန်ဆိုတာက ပထဝီ။ သို့ဖြင့် ပထဝီဆိုရင် ခုန မြေဓာတ်ကိုယူလိုက်၊ မြေကြီးကိုမယူနဲ့။ မြေဓာတ်ကို ယူရမယ်နော်။ မြေကြီးကိုမြင်ရမှာလား၊ မြေဓာတ်ကို ယူရမှာလား။ (မြေဓာတ်ကိုယူရမှာပါဘုရား)။ ခုန ပရမာဏုမြူ ထိအောင် ဘုရားဟောထားတယ်။ ကိုင်လို့မရဘူးနော်။ ဉာဏ်နဲ့သာလျှင် မြင်ရတယ်။ ကိုင်လို့ရလို့ရှိရင် ဒကာ၊ ဒကာမတွေက ရုပ်ကြမ်းကြီးတွေပဲနော်။

အဲဒီရုပ်ကြမ်းကြီးကို ဒကာ၊ ဒကာမတွေ ဝိပဿနာရှုလို့မရဘူး။ ယခု ပြောနေတာက ဉာဏ်နဲ့သာလျှင် မြင်အပ်တဲ့ရုပ်ပေါ့။ အဲဒီတော့ ခုနပြောတဲ့ ရွှံ့တုံးကြီးထဲကို ရေလောင်းလိုက်လို့ရှိရင် ဟော – နယ်လိုက်တော့ ဖုန်လုံးကြီးက ရွှံ့တုံးကြီးဖြစ်သွားပြီ။ နာမည်ပြောင်းသွားပြီး စောစောက ဖုန်လုံးကြီး၊ ယခု ရွှံ့တုံးကြီး။ အဲဒီရွှံ့တုံးကြီးထဲမှာ ဖုန်မှုန့်လေးတွေသည် တစ်ခုတည်းလား၊ အများကြီးလား။ (အများကြီးပါဘုရား)။ ဒီလိုဖြင့် ဖုန်မှုန့်လေးတွေ တစ်ခုနဲ့တစ်ခုကြားမှာ အာကာသဓာတ်တွေ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ကလာပ်စည်းတစ်ခုနဲ့တစ်ခု ကြားမှာ အာကာသဓာတ်တွေ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဝါယောက ၆–မျိုးတောင်ရှိတာ။ ဘုန်းကြီး သူ့အခန်းရောက် တော့ ပြောမယ်ပေါ့နော်။ အဲဒီထဲမှာ လေတွေ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဒီလိုဖြင့် အဲဒီ ရွှံ့ တုံးကြီးထဲမှာ ခုန ရွှံ့တွေဆိုတဲ့ ပထဝီ၊ ရေဆိုတာ ထည့်လိုက်တဲ့ အခါကျတော့ အာပေါ။



www.burmeseclassic.com

www.burmeseclassic.com



စာလို အာပေါ။ မြန်မာလိုဆိုတာ ရေ။ ခုန ကလာပ်တစ်ခုနဲ့တစ်ခုကြားမှာ ရှိတာကလေ။ ဒီမှာ ပူမှု အေးမှု ကမီး၊ ဓာတ်ဘယ်နှစ်ပါး။ (လေးပါး)။ ဟုတ်ပြီ။ အဲဒီမှာ ဓာတ်လေးပါး ယောဂီတို့ ထိုးဖောက် မြင်လိုက်။ အဲဒီရုံ့တုံးကြီးကို မြင်ရမှာလား။ ဓာတ်လေးပါးကို မြင်ရမှာလား။ (ဓာတ်လေးပါး မြင်ရမှာပါဘုရား)။ ဒီတော့ ရုံ့တုံးကြီးက ပညတ်၊ ဓာတ်လေးပါးက ပရမတ်။ ဆိုပါ။ (ရုံ့တုံးကြီးက ပညတ်၊ ဓာတ်လေးပါးက ပရမတ်)။ ပရမတ်ကို ဝိပဿနာရှုမှာ။

အဲဒီတော့ – ရုံ့တုံးကြီး ရှုရမှာလား။ ဒီနေရာမှာ ဓာတ်လေးပါးရှုရမှာလား။ (ဓာတ်လေးပါး ရှုရမှာပါဘုရား)။ ရှင်းပြီနော်။ အဲဒီတော့ – ကောင်းပြီ။ ဓာတ်လေးပါး စုဝေးတဲ့ ရုံ့တုံးကြီးကို ပန်းပုဆရာကောင်းကောင်းနဲ့ အရုပ် လုပ်လိုက်ပြီ။ ယောက်ျားပုံသဏ္ဌာန်၊ မိန်းမပုံသဏ္ဌာန် ထားနော်။ အဲဒီလို အရုပ်ထုလိုက်တဲ့အခါကျတော့ ပန်းပုဆရာက သူရဲ့လက်စွမ်းပြပြီနော်။ ဒီတော့ အရုပ်တွေ အများကြီးထုလိုက်တဲ့အခါကျတော့၊ ပန်းပုဆရာက ခွေးပုံသဏ္ဌာန်ထုရင် ယောဂီတို့ အဲဒါ ဘာခေါ် မလဲ။ ခွေး။ လူပုံသဏ္ဌာန်ထုရင် လူ။ လူမှာလည်း ယောက်ျား ပုံသဏ္ဌာန် ထုတော့ ယောက်ျား။ မိန်းမပုံသဏ္ဌာန်ထုတော့ မိန်းမ။ အဲဒီလိုဖြင့်ရင် နတ်ပုံသဏ္ဌာန် ကြည့်လိုက်တော့ နတ်။ အဲဒီ အခေါ် အဝေါ်က တခြားအခေါ် အဝေါ်တွေလား။ ပညတ်တွေလား။ (ပညတ်တွေပါဘုရား)။ သို့ဖြင့် ပညတ်ကို ယောဂီတို့ ဒီလောက်ဆို တော်တော်လေး သဘောပေါက်သွားပြီ။ ဩော် – လက်စသတ် လူဆိုတာလည်း ဒီရုံ့တုံးကြီးက လုပ်တာပဲ။ နတ်ဆိုတာလည်း ဒီရုံ့တုံးကြီးက လုပ်တာပဲ၊ ခွေး ဆိုတာလည်း ဒီရုံ့တုံးကြီးက လုပ်တာပဲ။ ပညတ်အနေနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ခွေးက ခွေး အဆင့်၊ ယောက်ျားက ယောက်ျားအဆင့်၊ မိန်းမက မိန်းမအဆင့်၊ နတ်က နတ်အဆင့်၊ ဗြဟ္မာက ဗြဟ္မာအဆင့်၊ သူ့ပညတ်မှာ သူ့နေရာနဲ့သူ့ အခေါ်အဝေါ်နဲ့ သူ့အဆင့်နဲ့ မရှိဘူးလား။ (ရှိပါတယ် ဘုရား)။ ဉာဏ်စခန်းဝင်လာပြီ။ အဲဒီတော့ ပညတ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ အဆင့်အတန်း မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ကဲ – ယောဂီတို့ အခုဝိပဿနာ သည် ဘာကိုရှု။ (ပရမတ်ကို ရှုပါတယ်ဘုရား)။

ပရမတ်အနေနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ပညတ်ကို ပြန်ပြောကြဦး။ အဲဒီလူတွေ သည်လည်း တခြားလား၊ ရုံ့တုံးကြီးလား။ (ရုံ့တုံးကြီးပါဘုရား)။ နတ်သည်လည်းပဲ ရုံ့တုံးကြီး၊ ရုံ့တုံးကြီးဆိုတာ ပညတ်ပဲ ရှိသေးတယ်။ သို့သော် အဲဒီ ရုံ့တုံးကြီးကို ကြည့်တော့ ရုံ့တုံးကြီးလို့ မြင်ရမှာလား၊ ပရမတ်လို့ မြင်ရ မှာလား။ (ပရမတ်လို့မြင်ရမှာပါဘုရား)။ ဓာတ်လေးပါး။ ဓာတ်လေး ပါး။ ရုံ့တုံးကြီးလို့မြင်ရမှာလား၊ ဓာတ်လေးပါး မြင်ရမှာလား။ အဲဒီ ဓာတ်လေးပါးမှာ ခုနပြောတဲ့ ပထဝီရယ်၊ အာပေါရယ်၊ ဝါယောရယ်၊ တေဇောရယ်။ ဒါ – ဘုန်းကြီး က ပါဠိတော်အတိုင်း ရွတ်ပြ နေတာ။ မြန်မာလိုပြန်တဲ့အခါကျတော့ မြေ၊ ရေ၊ လေ၊ မီး ဘယ်နှစ်ခု။ (လေးခုပါဘုရား)။ မြေ၊ ရေ၊ လေ၊ မီး။ ဟုတ်ပြီ။ အဲဒီ တော့ – ခုနရုံ့တုံးကြီးထဲမှာ ဓာတ်ဘယ်နှစ်ခု။ (လေးခုပါဘုရား)။ မြန်မာလိုပြော (မြေ၊ ရေ၊ လေ၊ မီး)။ အဲဒီဓာတ်လေးပါးကို ဘာတရားခေါ်လဲ။ ရုပ်တရား။ ဓာတ် လေးပါးကို ဘာခေါ်လဲ။ (ရုပ်တရားပါဘုရား)။

ကောင်းပြီ။ ခုန – ဒီလိုဖြင့်ရင် သမူဟပညတ်ဆိုတာ ခေါင်း၊ ခါး၊ ခြေ၊ လက် ဆိုတော့ ယောက်ျားဆိုတော့ ယောက်ျားရဲ့အင်္ဂါရပ်တွေ၊ ဆံဖျားကနေ ခြေဖျားထိ သူ့အင်္ဂါတွေ ထည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒါယောက်ျားပဲ။ မွေးကတည်းကနေ သမုတ်လိုက်ပြီ။ မိန်းမကျတော့လည်း မိန်းမအင်္ဂါရပ်တွေ ဆံဖျားကနေ ခြေဖျား၊ သူ့အင်္ဂါတွေစုံတော့ ဒါ–မိန်းမပဲ၊ မပြောဘူးလား။ ဒီလိုဖြင့်ရင် မိန်းမလည်းပဲ ဓာတ်လေးပါးပဲ။ ယောက်ျားလည်းပဲ (ဓာတ်လေးပါးပါပဲ)။ ဒီလိုဖြင့်ရင် ပရမတ်နဲ့ ကြည့်တဲ့အခါ ကျတော့ ယောက်ျား၊ မိန်းမရှိရဲ့လား။ (မရှိပါဘူးဘုရား)။ ဘာကိုမြင်လို့။ (ဓာတ်လေးပါးကို မြင်လို့ပါ ဘုရား)။ ဒီလိုဖြင့် အဲဒီဓာတ်လေးပါးသည် အခြားတရားလား။ ရုပ်တရားလား။ (ရုပ်တရားပါဘုရား)။ ဟော–ဒကာ၊ ဒကာမတွေ ရုပ်ကို မြင်လိုက်ပြီဆိုကတည်းက သက္ကာယဒိဋ္ဌိ မသေဘူးလား။ (သေ ပါတယ် ဘုရား)။ အဲဒီရုပ်ကို မမြင်တဲ့အခါကျတော့ ငါထင်လိုက်ပြီ။ တခြား လား။ ဒိဋ္ဌိလား။ (ဒိဋ္ဌိပါ ဘုရား)။ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ပေါင်း။ (သက္ကာယဒိဋ္ဌိပါ ဘုရား)။ အဲဒီ သက္ကာ ယဒိဋ္ဌိဖြစ်တာ ဘာကိုမမြင်လို့။ (ရုပ်ကို မမြင်လို့ပါဘုရား)။ အဲဒီတော့ ယခု ယောဂီတို့ကို ရုပ်ကို သေသေချာချာ ဃနချေလိုက်သော အခါ ဟာ–တစ်ကိုယ်လုံး တစ်ထည်လုံး ယောက်ျား မိန်းမ ပုဂ္ဂိုလ်သတ္တဝါဘာမှမရှိဘူးဟော့။ ရုပ်တရားပဲရှိတယ်။ မမြင်ဘူးလား(မြင်ပါတယ်)။

## တရုတ်ကြီး ငါစွဲဖြုတ်သလို

ကဲ – အဲဒီရုပ်တရားကို ဘုန်းကြီးတို့ ဉာဏ်နဲ့ကြည့်မယ်။ ဉာဏ်နဲ့ကြည့်တော့ အခု တရား ထိုင်တဲ့အခါမှာ အနုပဿနာ ၄–ပါး ရှိတယ်။ ဘယ်နှစ်ပါးလဲ။ (၄–ပါးပါ ဘုရား)။ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ။ ကြိုက်တာရှု ယောဂီတို့နော်။ ကြိုက်တာ ရှုတော့။ ရုပ်ရှုရင် ကာယာနုပဿနာပေါ့။ ခံစားတာရှုရင် ဝေဒနာနုပဿနာ။ ပေါ်တဲ့စိတ်ကိုရှုရင် စိတ္တာနုပဿနာ။ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ ရှုတာ ဓမ္မာနုပဿနာ။ ကာယာနုပဿနာနဲ့ ရူပက္ခန္ဓာကိုရှုတယ်။ ဝေဒနာနုပဿနာနဲ့ ဝေဒနာက္ခန္ဓာကို ရှုတယ်။ စိတ္တာနုပဿနာနဲ့ ဝိညာ ဏက္ခန္ဓာကို ရှုတယ်။ ဒီတော့ ဓမ္မာနုပဿနာမှာ ဓမ္မအရ ကြွင်းခန္ဓာ ၂–ပါး၊ သညာ–သင်္ခါရ။ ဒါက ဘုန်းကြီးတို့က ဗဟုသုတ မှတ်ထားရမယ်။ အခု ရုပ်ကို ဃနချေလိုက်တဲ့အခါ တရားထိုင်တဲ့ အခါကျတော့၊ ကဲ – ဒကာ၊ ဒကာမတွေ တောင့်တင်းတာတွေ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဒီလိုဖြင့်ရင် ကိုယ့်လက်မောင်းလေးကို ဒီလိုကိုင်လိုက်ရင် ကိုင်လိုက်တာမှာ မပျော့ဘူးလား။ (ပျော့ ပါတယ်ဘုရား)။ ပျော့တာတခြားလား၊ ပထဝီလား။ (ပထဝီပါဘုရား)။ သို့ဖြင့်ရင် လက်ကို ကိုင်လို့ရတယ်။ ပျော့တဲ့သဘောကိုင် လို့ရပါ့မလား။ (မရပါဘူးဘုရား)။ ဃန ကျေပါစေနော်။ တကယ့်ပျော့တဲ့သဘောသည် ကိုင်လို့ ရပါ့မလား။ (မရပါဘူး)။ အရိုးကိုင်ကြည့်တော့ မမာဘူးလား။ (မာပါတယ်ဘုရား)။ မာတာသည် တခြားလား။ ပထဝီလား။ (ပထဝီပါဘုရား)။ အဲဒီတော့ အရိုး ကိုကိုင်လို့ရတယ်။ မာတဲ့သဘောကို ကိုင်လို့မရဘူး။ နားကြီးကြီး နားထောင်။ ပရမတ်သဘောနော်။ အဲဒါသည် ပထဝီတွေပေါ့။ ရှင်းကောရှင်းရဲ့လား။ ကဲ၊ ဒီတော့ ယောဂီတို့။ တစ်ကိုယ်လုံး တစ်ထည်လုံး ချွေးတွေ မထွက်ဘူးလား။ (ထွက်ပါတယ်ဘုရား)။ ချွေးထွက်နေတာ တခြားလား။ အာပေါလား။ (အာပေါပါဘုရား)။ (ရေတွေ)။

အဲဒီတော့ တစ်ကိုယ်လုံး တစ်ထည်လုံးမှာ ခုနရေလည်း ပြောပြီးပြီ။ ပူတာ အေးတာ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ပူမယ်။ အေးမယ်။ ပူတာအေးတာဆိုတာ တခြားလား၊ တေဇော



www.burmeseclassic.com

www.burmeseclassic.com



လား။ (တေဇောပါဘုရား)။ အဲဒီတော့ ဟောဒီ ကြားတွေထဲမှာ ကလာပ်တစ်ခုနဲ့ တစ်ခုကြားထဲမှာ ဝါယောတွေ မရှိဘူးလား။ ဝါယောသည် တခြားလား၊ လေကိုပြောတာလား။ (လေကိုပြောတာပါဘုရား)။ အဲဒီတော့ ဟောဒီလက်ညှိုးလေးဖြစ်ဖြစ် လက်မလေးဖြစ်ဖြစ် ဓာတ်ဘယ်နှစ်ပါး တွေ့ရမလဲ။ (၄–ပါးပါ ဘုရား)။ လက်မပျောက် ဓာတ်လေးပါးရောက်။ လက်ညှိုးပျောက် ဓာတ်လေးပါးရောက်။ ခါးပျောက် ဓာတ်လေးပါးရောက်။ ခေါင်း၊ ခါး၊ ခြေ၊ လက်ပျောက် (ဓာတ်လေးပါးပါဘုရား)။ သမူဟပညတ်၊ ဝိပဿနာရှုလို့မရဘူး။ အဲဒီ ခေါင်း၊ ခါး၊ ခြေ၊ လက်တွေ ပျောက်သွားပြီဆိုတော့ ဓာတ်လေးပါးကို မြင်တာပေါ့။ ခေါင်း၊ ခါး၊ ခြေ၊ လက်တွေ ပျောက်သွားပြီဆိုတာက တခြားနဲ့ ပျောက်တာလား၊ ဉာဏ်နဲ့ ပျောက်တာလား။ (ဉာဏ်နဲ့ပျောက်တာပါ ဘုရား)။ ကံအနေနဲ့ ပျောက်လို့မရဘူးနော်။ ကံကနေပြီးတော့ ယောကျ်ားဆိုလို့ရှိရင် ဒီတစ်သက် ယောကျ်ားကနေ မိန်းမ ဘယ်လိုလုပ်ဖြစ်မှာလဲ။ ဟိုး ဇာတ်တော်တွေမှာသာ အကုသိုလ်နဲ့ ယောကျ်ားက မိန်းမဖြစ်သွားလို့။ မိန်းမက ယောကျ်ားဖြစ်သွားလို့။

ယနေ့သိပ္ပံပညာတွေ ဘယ်လောက်ပဲ ခွဲနေနေ၊ ယောကျ်ားက မိန်းမ ဖြစ်ချင်မှဖြစ်တာ။ ရှင်းကောရှင်းရဲ့လား။ အေး၊ အဲဒါက ကံကိုပြောတာ အခု ယောဂီတို့ကို ပြောနေတာက ဉာဏ်ကို ပြောတာ။ ဉာဏ်နဲ့ သေသေချာချာ ကြည့်လိုက်တဲ့အခါကျတော့ ဟောဒီ ဓာတ်လေးပါးကို မြင်ရင် ယောကျ်ားပျောက်၊ မိန်းမပျောက်သွားတာ။ အဲဒီတော့ မျက်စိလေးမှိတ်လိုက်ရင် အဲဒီဓာတ်လေးပါး – အခု ယောဂီတို့မြင်ပြီ။ တောင့်တင်းနေတာသည် ပထဝီဓာတ်၊ မြေဓာတ်လို့ ခေါ်တယ်။ ဖွဲ့ခဲ စေးကပ်၊ စီးယိုတတ်သော ရေသဘောကိုးဗျနော်။ အဲဒီတော့ မိမိကိုယ်တွင်းသန္တာန်တွင်းရှိ အခဲမှုန့်မှုသာဖြစ်သော တောင့်တာ၊ တင်းတာ၊ ပျော့တာ၊ မာတာ ဒါတွေ ပထဝီဓာတ်တွေ။ မြေဓာတ်တွေ။

အဲဒီတော့ အမလေး – ခါးကြီးတောင့်နေတယ် ဆိုတော့ သူက ခါးကိုမြင်နေတာ။ ဝိပဿနာ ရှုတော့ ခါးမတောင့်ဘူးလား။ အမလေး – ဗိုက်ထဲနာလိုက်တာ။ သူက ဗိုက်မြင်နေတာ။ ဗိုက်ဆိုတာ ပညတ်။ နာတာက ပရမတ်။ နာတာက တခြားကနာတာလား၊ ရုပ်ကနာတာလား။ (ရုပ်က နာတာ ပါဘုရား)။ ဖောက်ပြန်နေတယ်။ ရုပ်ကဖောက်ပြန်နေတာ။ အမလေး – နည်းနည်းနာတယ်၊ တော်သေးတယ်။ အမလေး – မချိမဆံ့နာလာပြီ၊ ခံစားနေတာ။ ခံစားနေတာသည် တခြားလား၊ ဝေဒနာလား။ (ဝေဒနာပါ ဘုရား)။ စောစောတုန်းက နာတာက နည်းနည်းလေး။ ယခု မချိမဆံ့ မခံနိုင်တော့ဘူး ဆိုတာက သညာက ပြောနေတာ။ ဘယ်သူက ပြောတာလဲ။ (သညာက ပြောတာပါဘုရား)။ ခုန နည်းနည်းလေးနာတယ်။ အခု အလယ်အလတ်နာတယ်။ အခု – မချိမဆံ့ နာတယ် ဆိုတာ ဘယ်သူပြောတာလဲ။ (သညာက ပြောတာပါဘုရား)။ နည်းတာတွေ များတာတွေ သူက မှတ်ပေးနေတာ။ သညာက။ ခံစားနေတာဘယ်သူကလဲ။ (ဝေဒနာက)။

ဒီတော့မှ ခံစားဖို့ကို၊ မှတ်သားဖို့ကို စေ့ဆော်ပေးနေတာက သင်္ခါရ။ အေး၊ စောစောက နာတာက တစ်မျိုး၊ အခုနာတာက တစ်မျိုးဆိုပြီးတော့ သိ၊ သိ ပေးနေတာ၊ ဘယ်သူကလဲ။ ဝိညာဏ်။ ဒီလိုဖြင့်ရင် ယောဂီတို့ တရားထိုင်တဲ့အခါမှာ အရာတစ်ခုကို အခုနက နာတာလေး ဥပမာပြောရင် နာတာလေး သိနေတိုင်း သိနေတိုင်း သူတို့ ဘယ်နှစ်မျိုးပါလာတာလဲ။ (၅–မျိုး)။ အဲဒီ ၅–မျိုးက တခြားလား။ ခန္ဓာ ၅–ပါးလား။ (ခန္ဓာ ၅–ပါးပါ ဘုရား)။ ခန္ဓာငါးပါး တစ်ပြိုင်နက်



www.burmeseclassic.com

www.burmeseclassic.com



ပါနေတာ။ ဒီလိုဖြင့်ရင် အဲဒီလို တောင့်တင်းနေတာက ခုနပထဝီ သဘော၊ ယိုစီးနေတာက အာပေါ သဘော၊ ရေသဘောလို့ မြန်မာလို ပြောလိုက်တာ။ အဲဒီတော့ လှုပ်ရှားနေတာပေါ့။ ဒီလိုထိုင်နေတာ တွန်းကန်ဝါယောကြောင့် ထိုင်နိုင်တာ။ ခြေထောက်တစ်ချက် ကြွတယ်ဆိုတာ ဒကာ၊ ဒကာမတွေ စိတ္တဇ ဝါယော။ ကြွချင်လို့ ကြွလိုက်တယ်။ ကြွချင်တဲ့စိတ်ကြောင့် လေကနေ ပင့်တင်လိုက်တယ်။ လှမ်းချင်တယ်၊ လှမ်းလိုက်တယ်။ ချချင်တယ်၊ ချလိုက်တယ်။ ဒီလို ဖြင့်ရင် ကြွချင်တယ်ဆိုတဲ့ သဘောထဲမှာ ဝါယောမပါဘူးလား။ (ပါပါတယ်)။ အဲဒီ စိတ္တဇဝါယောရုပ်-ဒီမှာပါနေတယ်ပေါ့။ ဒီလိုဖြင့် ပထဝီပါတယ်နော်။ အာပေါ ပါတယ်။ ဝါယောပါတယ်။ ပူမှု၊ နွေးမှုဆိုတဲ့ တေဇောမပါဘူးလား။ (ပါပါတယ် ဘုရား)။

အဲဒီတော့ တရားထိုင်တဲ့အခါမှာ အဲဒါတွေ တွေ့နေပြီ။ အဲဒါတွေ တွေ့တာသည် တခြား တွေ့တာလား၊ ရုပ်တွေ့တာလား။ (ရုပ်တွေ့တာပါဘုရား)။ ဒီလိုဖြင့် တောင့်တင်းတာသည် ပထဝီ ဓာတ်လား၊ အခြားဓာတ်လား။ (ပထဝီဓာတ်)။ ပထဝီဓာတ်သည် သက္ကာယ။ ဒီလိုဖြင့်ရင် ယိုစီး နေတာသည် တခြားလား။ အာပေါလား။ (အာပေါပါဘုရား)။ အာပေါသည် သက္ကာယ။ အမလေး ပူလိုက်တာဆိုတော့ ပူတာသည် တခြားလား၊ တေဇောလား။ (တေဇောပါ)။ တေဇောကို ဘာခေါ်လဲ။ (သက္ကာယ)။ ဒီလိုဖြင့်ရင် အဲဒီဓာတ်လေးပါးသည် ဘာတဲ့လဲ။ (သက္ကာယ)။ သက္ကာယသည် ထင်ရှားတာလား၊ မထင်ရှားတာလား။ (ထင်ရှားတာပါ ဘုရား)။ မျက်စိမှိတ်ပြီး ဉာဏ်နဲ့ကြည့်လိုက် တဲ့အခါကျတော့ မချိမဆံ့ ဒီမှာခံနေရတာ ထင်ရှားနေတာပေါ့။ အဲဒီလို ထင်ရှားနေတာတွေသည် တခြားတရားတွေ ထင်ရှားနေတာလား၊ ရုပ်တရားတွေ ထင်ရှားနေတာလား။ (ရုပ်တရားတွေ ထင်ရှား နေတာပါဘုရား)။ သို့ဖြင့်ရင် တောင့်တင်းနေတဲ့ ပထဝီဟာ ရုပ်တရား ပေါ့။ တောင့်တင်းနေတာသည် ငါ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ ယောကျ်ား မိန်းမ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ တောင့်တင်းတာသည် တခြားဓာတ်လား၊ ပထဝီဓာတ်လား (ပထဝီဓာတ်ပါဘုရား)။ အဲတော့ ဟောဒီ ပထဝီဆိုတဲ့ တောင့်တင်းတဲ့အထဲမှာ ငါပါရဲ့လား။ (မပါပါဘူး ဘုရား)။ ငါထဲမှာ တောင့်တင်းတာ ပါရဲ့လား။ (မပါပါဘူး)။ တောင့်တင်းတာသည် ငါ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ ငါသည် တောင့်တင်းတာ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ ဘယ်နှစ်ချက်။ (လေးချက်ပါဘုရား)။

အဲဒီ ပထဝီဆိုတဲ့ သဘောလေးထဲမှာ လေးချက် ဒကာ၊ ဒကာမတွေ။ ဒိဋ္ဌိကွာသလို ခုန ယိုစီးတဲ့ထဲမှာလည်း ဘယ်နှချက်။ (လေးချက်ပါဘုရား)။ ပူတဲ့ အေးတဲ့ထဲမှာလည်း ဘယ်နှချက်။ (လေးချက်ပါဘုရား)။ လှုပ်ရှားတဲ့ထဲမှာ ဘယ်နှချက်။ (လေးချက်ပါဘုရား)။ အဲဒီ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောကို ခြုံလိုက်တော့ တခြားတရားလား၊ ရုပ်တရားလား။ (ရုပ်တရားပါ ဘုရား)။ အဲဒီရုပ်ထဲမှာ ငါပါရဲ့လား။ (မပါပါဘူး)။ ငါထဲမှာ ရုပ်ပါရဲ့ လား။ (မပါပါဘူး)။ ရုပ်သည် ငါဟုတ်ရဲ့ လား။ (မဟုတ်ပါဘူး)။ ငါသည် ရုပ်ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ ဘယ်နှချက်။ (လေးချက်)။ အဲဒီ လေးချက်ပြုတ်ပြီဆိုရင် ရုပ်ပေါ်မှာ ဒကာ၊ ဒကာမတွေ အမြင်မှန်သွားပြီ။ အဲဒီလို အမြင်မှန်သွားပြီ ဆိုရင် သက္ကာယဒိဋ္ဌိသေပြီ။

သို့ဖြင့် ရုပ်က ထင်ရှားရှိသောကြောင့် သူ့ကိုဘာခေါ်လဲ။ (သက္ကာယ)။ ရုပ်သည် ထင်ရှား ရှိသောကြောင့် ဘာခေါ်။ (သက္ကာယ)။ ရုပ်ကို ရုပ်လို့မြင်လိုက်တော့ ငါတွေ၊ သူတွေ၊ ယောကျ်ား တွေ၊ မိန်းမတွေ မပြုတ်ဘူးလား။ (ပြုတ်ပါတယ် ဘုရား)။ အဲဒါသည် တခြားပြုတ်သွားတာလား၊

www.burmeseclassic.com



ဒိဋ္ဌိပြုတ်သွားတာလား။ (ဒိဋ္ဌိပြုတ်သွားတာပါ ဘုရား)။ အဲဒီတော့ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ပေါင်း။ (သက္ကာ ယဒိဋ္ဌိပါ ဘုရား)။ သက္ကာယဒိဋ္ဌိ ပြုတ်သွားပြီ။ ဘယ်လောက်ဝမ်းသာစရာကောင်းလိုက်လဲ။ အဲဒါ ဘုရားပွင့်တာ ယောဂီတို့။

သို့ဖြင့် သက္ကာယဒိဋ္ဌိပြုတ်ပြီဆိုလို့ရှိရင် ငါပြုတ်သွားတာ ခေါ်တာပေါ့။ ဘာပြုတ်သွားတာလဲ။ (ငါပြုတ်သွားတာပါဘုရား)။ သို့ဖြင့် အခု ယောဂီတို့ တရားအားထုတ်တာ ဘာပြုတ်ဖို့။ (ငါပြုတ်ဖို့ပါ ဘုရား)။ နို့မို့ နေရာတကာ ငါချည်းပဲ။ ငါစားဖို့၊ ငါသွားဖို့။ ငါမရှိလို့ မဖြစ်ဘူး ဆိုတာ ငါတွေ ဦးစီးနေသမျှ ကာလပတ်လုံး ဒယ်အိုးက ကိုယ့်အတွက် တည်ထားပြီးသား။ အခု ယောဂီတို့ ဘာပြုတ်ရမှာလဲ။ (ငါပြုတ်ရမှာပါ ဘုရား)။ ပြုတ်ကောပြုတ်ပြီလား။ အင်း – တရားဟောတုန်းကတော့ ပြုတ်တာပေါ့ဗျာ။ သို့သော် အပြောတော့ ပြောပါ။ သဘောပြုတ်ဖို့ အရေးမကြီးဘူးလား။ အဲတော့ ဘုန်းကြီးတို့ – အဖွဲ့ချုပ်မှာ ဒကာကြီးတစ်ယောက် တရားအားထုတ်တယ်။ အခု – ဒိဋ္ဌိပြုတ်ခန်းဟောတော့ ငါပြုတ်ရတယ်။ အိမ်ပြန်ရောက်သွားတော့ ဟိုမှာ ဒကာကြီးကလည်း အခုမှ ဗုဒ္ဓဘာသာဖြစ်ကာစ တရုတ်ကြီး။ ဆရာတော်ဟော လိုက်တယ်။ ငါပြုတ်ရမယ်။ ငါ မပါဘူး။ ငါ မရှိဘူး။ သူက ဒါမှတ်သွားတာ။ အိမ်လည်းရောက်ရော။ ဟိုက သမီးလုပ်တဲ့သူက ကဲ–အဖေရေ၊ ထမင်းစားရအောင် ကွ။ စဉ်းစားတယ်။ ဆရာတော် ဟောလိုက်တယ်။ ငါမရှိဘူး။ ငါပြုတ်ထား တယ်ဆိုတော့ သူပြောဖို့ စကားလုံးမရှိဘူး။ အဲဒီတော့ ငါလည်းပါမှာစိုးနေတာနော်။ ''မဆာသေးဘူး''တဲ့။ အမယ် မဆာသေးဘူးတဲ့။ ငါဖြုတ်တာ။ ငါဖြုတ်တာ။ အဲဒီတော့ ဘုန်းကြီးတို့ ယောဂီ တွေလည်း နော်နော် ''မဆာသေးဘူး'' ထဲတော့ မပါနဲ့ဦးပေါ့နော် ဟုတ်လား။ အရေးကြီးက အပြောကတော့ ပြောပါ၊ သဘောသိထားမှ။ ရှင်းပြီနော်။ အဲဒီလိုသဘောလေး သိထားတဲ့အခါကျတော့ အဲဒီသဘောက ယောဂီတို့ နိဗ္ဗာန်ကို ပို့မဲ့တရား။ အဲဒီတော့ ရုပ်ကို ရုပ်အတိုင်းသိရင် ဘာပြုတ်။ (သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ် ဘုရား)။

အဲဒါကို သေသေချာချာ ဆရာသမားဟောလို့ အသိနဲ့ပြုတ်။ လက်မခံနဲ့ဦး။ အပွားနဲ့ ထပ်ဖြုတ်။ အဲဒီလို အသိနဲ့ဖြုတ်လိုက်လို့ ဟုတ်ပြီ။ သံသယ ကင်းသွားပြီဆိုလို့ရှိရင် ဝိစိကိစ္ဆာ ပြုတ်တာပေါ့။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို အသိနဲ့ဖြုတ်ရင် စူဠသောတာပန်၊ အပွားနဲ့အပယ်နဲ့ပြုတ်ရင် မဟာသောတာပန်။ ကဲ – ဒီတော့ မဟာသောတာပန်ဆိုတော့ အပါယ်တံခါး ပိတ်ပြီး နိဗ္ဗာန်ကို မမြင်နိုင်ဘူးလား။ (မြင်နိုင်ပါတယ်)။ အဲဒီလို နိဗ္ဗာန်ကိုမြင်နိုင်တာသည် ဒီတရားကလွဲပြီး တခြားတရား မရှိဘူးနော်။ ဒါကြောင့် မြတ်စွာဘုရားက ''ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ'' တဲ့။ နှစ်ကြောင်း မရှိဘူး ချစ်သားတို့။ တစ်ကြောင်းတည်းပဲရှိတယ်ဆိုတော့ ယခု ယောဂီတို့ ဟောနေတဲ့ ပြောနေတဲ့ နာနေတဲ့ မဖွံ့မပဋိပဒါ အလယ်လမ်းပါပဲ။ (မှန်လှပါ)။ ရှင်းကောရှင်းရဲ့လား (ရှင်းပါတယ်ဘုရား)။

အင်း – တရားကတော့ ဟောချင်ပါရဲ့၊ တော်ဦးမှ။ ဆွမ်းချိန်နီးနေပြီ – နော်။ ကဲ – ယနေ့မနက် ဒီလောက်နဲ့ပဲ နိဂုံးချုပ်ပြီး ဆုတောင်းမေတ္တာပို့လိုက်ကြရအောင်။

( သာဓု – သာဓု – သာဓု )



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈–ရက် (၃၁.၈.၂၀၀၂) ညနေ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ --

ဤမွေသဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက်ရှိပြီပဲ။ (၆–ရက်ရှိပါပြီဘုရား)။ ၆–ရက်မြောက် သင်တန်း တရားပွဲဆိုတော့ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်း၊ ယနေ့ ၈–ရက် နေ့လည်ဆိုတော့ ဥပုသ်နေ့နဲ့လည်း လာပြီးတော့ ဆုံပါတယ် ဟုတ်လား။ သီတင်းသီလ ဆောက်တည်ကြတဲ့ ဥပုသ်သည် ယောဂီတွေနဲ့ ဆိုတော့ နေရာထိုင်ခင်းကစပြီးတော့ တော်တော် လေး အခက်အခဲတော့ ဖြစ်သွားတာပေါ့နော်။ အေး–ယနေ့ညနေ ကျေးဇူးပြုဟောရမှာကလည်း ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာဆိုတော့ ဒီဒေသနာစဉ်တွေဟာ ဒကာ၊ ဒကာမတွေ ဘုရားတစ်ဆူ၊ တစ်ဆူပွင့်မှ သာလျှင် ပေါ်အပ်တဲ့ ဒေသနာတွေပါနော်။ (မှန်လှပါ)။

အဲဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး အဆုံးအမကို နာခံနိုင်ဖို့ အရေးကြီးတယ်နော်။ (မှန်လှပါ)။ အထူးသဖြင့်ကတော့ ထေရဝါဒဗုဒ္ဓသာသနာဟာ သိပ်အရေးကြီးပါတယ်။ ဒီတော့ ထေရ ဝါဒဗုဒ္ဓဘာသာ အစစ်အမှန်ဖြစ်ဖို့အတွက် အခုဘုန်းကြီးတို့ ဒီဉာဏ်စခန်းတွေကို နေ့တိုင်းပဲ ကျေးဇူး ပြုခဲ့ပါတယ်နော်။ (မှန်လှပါ)။ အဲဒီတော့ ''ဗုဒ္ဓဘာသာဝင်အစ ကမ္မဿကတာ သမ္မာ ဒိဋ္ဌိက'' တဲ့ – မရှိဘူးလား။ အဲဒါကြောင့်မို့လို့ ဗုဒ္ဓဘာသာဝင်ဆိုတာ နံပါတ်တစ် အခြေခံအရေး ကြီးတာက ကံနဲ့ အကျိုးပေးကို ယုံဖို့ပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာမှာ ဒီဉာဏ်ကိုရရင် ဗုဒ္ဓဘာသာဖြစ်ပြီ။ ဒီတော့ ဗုဒ္ဓဘာသာမှာ ဘုန်းကြီးတို့ ဒကာ၊ ဒကာမများ အဆင့်ရှိတယ်နော်။ ဗုဒ္ဓဘာသာကို ဘယ်လိုပြောမလဲ။ အဆင့်ခွဲမယ်ဆိုရင် ဒါ ပညတ်အနေနဲ့ပေါ့နော်။ အဆင့်ခွဲမယ်ဆိုရင် သူငယ်တန်း ဗုဒ္ဓဘာသာတို့၊ အလယ်တန်း ဗုဒ္ဓဘာသာ တို့၊ အထက်တန်း ဗုဒ္ဓဘာသာတို့ ၃–မျိုးခွဲလို့ရတယ်။ ဘယ်နှစ်မျိုး။ (၃–မျိုးပါဘုရား)။ အဲဒီတော့ ၃–မျိုးခွဲလို့ရတယ်ဆိုတဲ့ နေရာမှာ မူလတန်းဗုဒ္ဓဘာသာရယ်၊ အလယ်တန်း ဗုဒ္ဓဘာသာရယ်၊ အထက်တန်းဗုဒ္ဓဘာသာရယ်၊ ဗုဒ္ဓဘာသာ ဘယ်နှစ်မျိုး။ (၃–မျိုးပါဘုရား)။ ကောင်းပြီ ဒီလိုဖြင့် မူလတန်းက ဘာခေါ်လဲ။ အလယ်တန်းက ဘာခေါ်လဲ။ အထက်တန်း ဘာခေါ်လဲ။ ဒါ ခွဲခြားသိဖို့ပါ။ နို့မို့ရင် ဗုဒ္ဓဘာသာ ဆိုသော်လည်းပဲ ရောကောသောကော ဖြစ်မှာစိုးလို့နော်။

ဒီ ဒေသနာစဉ်ကို နာပြီးရင် ကိုယ့်ကိုယ်ကို ပုံသေနည်းထဲထားပြီး ငါ–ဘယ်အထဲပါနေလဲ ဆိုတာ သိနိုင်ဖို့ပါပဲ။ ဒီတော့ မူလတန်းဗုဒ္ဓဘာသာဆိုတာ အမည်တော့ ခံတယ်။ သို့သော် သူ့ရဲ့စေတနာနဲ့ ယုံကြည်ချက် လုပ်ရပ်ကို ပြန်ကြည့်ရင် သူ့အဆင့်သည် မူလတန်းထဲပါသလား၊ အလယ်တန်းထဲပါသလား။ အထက်တန်းရောက်သွားပြီလားဆိုတာကို တိုင်းတာနိုင်ဖို့အတွက်ကို ဘုန်းကြီးဒါကို ကျေးဇူးပြုခြင်းဖြစ်ပါတယ်။

ဒီတော့ မူလတန်းဗုဒ္ဓဘာသာဆိုတာက ဒါနလည်းပြုတာပါပဲ၊ သီလလည်း ဆောက်တည် တာပါပဲ ဟုတ်လား။ ကဲ–ဒီလိုဖြင့်ရင် ဒါနပြုတယ်၊ သီလဆောက်တည်တယ်ဆိုတာဟာ ဗုဒ္ဓဘာသာ မှတင်မဟုတ်ပါဘူးဒကာ၊ ဒကာမတွေ။ ဘာသာတိုင်း ဘာသာတိုင်းမှာ ဒါနမပြုဘူးလား။ အို– ဘာသာတိုင်း ဘာသာတိုင်းမှာ ဒါနတွေပြုတာမှ အကြီးအကျယ်ပြုတာပဲ။ တခြားဘာသာဝင်တွေ လည်းပဲ လှူတာ၊ တန်းတာမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အို–ကျောင်းတွေ၊ ဆေးရုံတွေ၊ လမ်းတွေ၊ တံတားတွေလှူတာ အမလေး အများကြီးလှူနေတာ။ ဘာသာတိုင်း ဘာသာတိုင်း လှူတာမရှိ ဘူးလား။ (ရှိပါတယ်ဘုရား) ယနေ့ ဘုရားမပွင့်တဲ့ အချိန်မှာလည်းပဲ လှူတာတွေ မရှိ ဘူးလား။ (ရှိပါတယ်ဘုရား)။ သီလမဆောက်တည်ဘူးလား။ သီလပိုင်းမှာလည်း ဘာသာတိုင်းမှာလည်း သီလမရှိဘူးလား။ ရှိတာပဲ။ အဲဒီတော့ ခုန မူလတန်းဗုဒ္ဓဘာသာဆိုတာ ဒါနလည်းပြုလိုက်တာပဲ။ သီလလည်း ဆောက်တည်လိုက်တာပဲ၊ သို့သော်လည်းပဲ မိရိုးဖလာ အနေအားဖြင့်သာ ဆောက်တည် တာနော်။ အဲ၊ သူ့ရဲ့ ဘိုးဘေး ဘီဘင် အဖေ၊အမေ ဘိုးဘွားတွေ၊က ဒီလိုပဲ ဒါနတွေပြုတော့ ဒို့လည်းပြုလိုက်တာပဲ။ ဥပုသ်စောင့်တယ် သီလစောင့်တယ်ဆိုတော့ ကိုယ်လည်း စောင့်လိုက်တာပဲ။ ကုသိုလ်မရဘူးမဟုတ်ဘူး နော်။ ကုသိုလ်တော့ မရဘူးလား။ (ရပါတယ်ဘုရား)။ သို့သော်လည်း ဒါနသည် ဘယ်လိုအကျိုးတရား ရမလဲ၊ သီလသည် ဘယ်လိုအကျိုးတရား ရမလဲဆိုတာ မလေ့လာ တဲ့အခါကျတော့ မသိဘူး။ လေ့လာချင်တဲ့စိတ်လည်းမရှိဘူး။ မလေ့လာဘူးဆိုရင်ကော သိပါ့မလား။ (မသိပါဘူး)။

ဒီလိုဖြင့်ရင် အဲဒီပုဂ္ဂိုလ်သည် ဒါနလည်းပြုပါတယ်။ သီလလည်း ဆောက်တည်ပါတယ်။ သို့သော် ဒါနရဲ့အကျိုးတရား၊ သီလရဲ့အကျိုးတရား ဘယ်လိုရှိတယ်ဆိုတာကို မသိဘဲနဲ့ ရမ်းပြီး တော့ ဆောက်တည်နေတာဟာ ရောကောသောကော ဗုဒ္ဓဘာသာပေါ့။ အဲဒါ မူလတန်းဗုဒ္ဓဘာသာ ပါပဲ။ အိမ်ရှေ့ အလှူခံလာတဲ့အခါကျတော့ ဟာ – ဘုရားတည်မယ်၊ ကျောင်းဆောက်မယ်။ လှူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ် ဒကာ၊ ဒကာမတွေ။ လျှုလိုက်တာပဲ။ ဘာမှ ဝေဖန်တာ၊ ပိုင်းခြားတာလည်း မရှိဘူး–နော်။ သို့သော် ဝေဖန်ပိုင်းခြားစရာလည်း မလိုဘူး။ လျှုစရာရှိ ဘာလုပ်ရမလဲ။ (လျှုရမှာပါဘုရား)။ လျှုလိုက်တာပဲ။ သို့သော် အဲဒီလို အကျိုးတရားကို နားမလည်ဘဲနဲ့ ဆိုရင်၊ နားမလည်ဘဲနဲ့ လျှုတဲ့ အလျှုသည် ဗုဒ္ဓဘာသာအဆင့်နဲ့ တွက်ကြည့်ရင် ဘာဗုဒ္ဓဘာသာလဲ။ (မူလတန်း ဗုဒ္ဓဘာသာပါ ဘုရား)။ ရောကောသောကော ဗုဒ္ဓဘာသာပဲ။ သန်းခေါင်စာရင်း ကောက်လို့ရတဲ့ ဗုဒ္ဓဘာသာပဲ ရှိပါတယ်။

အဲဒီတော့–ဟုတ်ပြီ။ မိမိတို့သည် ကံနှင့်အကျိုးပေးကို သေသေချာချာ နားမလည်ဘဲနဲ့ အများရောယောင်ပြီး လျှုလိုက်တဲ့ အလျှုမျိုးဟာ အကျိုးမပေးဘူး။ မဟုတ်ဘူး။ အကျိုးပေး သော်လည်းပဲ အကျိုးပေးမသန်ဘူး။ ဥပမာဆိုကြပါစို့၊ လျှုဆိုလျှုလိုက် တာပေါ့။ လျှုတဲ့အခါမှာ လည်းပဲ လျှုပြီးပြီးတာပဲ ဆိုတာမျိုးလို့ပေါ့။ အဲဒီလိုမျိုး လျှုတဲ့ အလျှုမျိုးကဖြင့် မူလတန်းဗုဒ္ဓဘာသာ တို့ရဲ့အလျှုပေါ့။

ဒီတော့၊ ကဲ – တစ်ဆင့်တက်မယ်နော်။ အချိန်ရသလောက် ပြန်ပြောမယ်။ အလယ်တန်း ဗုဒ္ဓဘာသာဆိုတာ ကံနဲ့အကျိုးပေးကို ယုံကြည်တာ။ ဘာနဲ့ ဘာကို ယုံကြည်တာလဲ။ (ကံနဲ့ အကျိုးပေး ကို ယုံကြည်တာပါဘုရား)။ ဒီလိုဖြင့်ရင် ဥပမာ ဆွမ်းလျှုတဲ့အတွက် ဆွမ်းအကျိုးမရဘူးလား။ (ရပါတယ်)။ ရေလျှုရင် ရေအကျိုးမရဘူးလား။ (ရပါတယ်) ကျောင်းလျှုတော့ ကျောင်းအကျိုး မရဘူးလား။ (ရပါတယ်)။ ဘုရားတည်တော့ ဘုရားတည်တဲ့ အကျိုးမရဘူးလား။ (ရပါတယ်)။ ဒီလိုဖြင့်ရင် ဒကာ၊ ဒကာမတွေ ဒီအကျိုးကို သိတဲ့အခါကျတော့ ကိုယ့်ကိုယ်ကို မစား၊ မသောက်၊ မဝတ်ဘဲနဲ့ ကြိုးစားပြီးတော့ လျှုကြတာပဲ။ ဒါကြောင့်–မြတ်စွာဘုရားဟောတယ်။ ဟောဒီ ကံခန်း၊ ဒါနခန်းကို ဟောတဲ့အခါကျတော့ ငါ–ဘုရားကဲ့သို့သာ ဒါနရဲ့ အကျိုးတရားတွေကို သိမယ်ဆိုရင်တဲ့ သတ္တဝါတွေဟာ မစား၊ မသောက်၊ မဝတ်ဘဲနဲ့ကို လျှုကြမှာပါတဲ့။ ကံနဲ့ အကျိုးပေးကို ယုံကြည် ရင်ပေါ့နော်။ သို့သော် ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေက ထိုက်သင့်သည့် အားလျော် စွာ ဆရာသမားတွေနား ချဉ်းကပ်လို့၊ စာပေတွေကို လေ့လာလို့၊ တရားတွေနာလို့ဆိုတော့ ဒါန ဆိုတာ လျှုရင် ကုန်သွားတာလား။ ရလိုက်တာလား။ (ရလိုက်တာပါဘုရား)။ လျှုရင် အကျိုးမရဘူးလား။ (ရပါတယ်)။

## အကြောင်းမဲ့မဟုတ်

အဲဒီတော့ ယနေ့လောကမှာ ကြီးပွားနေတဲ့ ချမ်းသာနေတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းသည် သူသည် တခြားကြောင့် ဖြစ်တာလား။ ဒါနကြောင့် ဖြစ်တာလား။ (ဒါနကြောင့် ဖြစ်တာပါဘုရား)။ ဒါသိပ်အရေးကြီးပါတယ်။ ဘုန်းကြီးတို့ သာကေလေးတစ်ခုပြပါဆိုရင်၊ မြတ်စွာဘုရားကိုယ်တော် မြတ်ကြီး လက်ထက်က ဇဋိလ ဆိုတဲ့ သူဌေးကြီးရှိတယ်။ (ဇဋိလဆိုတဲ့သူဌေးကြီးဟာ အလုပ်ကို လုပ်စရာ မလုပ်ဘဲနဲ့ကို တစ်ခါတည်း အိမ်နောက်ဖေးကနေ ရွှေတောင်ကြီးတွေ ထ,ပေါက်တာ၊ သို့ဖြင့်ရင် ဘုန်းကြီးတို့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်မှာ ကောင်းတာလုပ်ရင် (ကောင်းတာဖြစ်မည်)။ မကောင်းတာလုပ်ရင် (မကောင်းတာ ဖြစ်မည်)။ ဒါ – ဥပမာလေးပြောချင်လို့ပါ ဟုတ်လား။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီလူ ရွှေတောင်ပေါက်တယ် ဆိုတာ၊ ဟာ နောက်ဖေးကအလိုလို ရွှေတောင်ပေါက်တယ် မဖြစ်ဘူးလား၊ တကယ်တော့ လောကမှာ အလိုလိုဆိုတဲ့ စကားဟာ လောကအနေအားဖြင့် သုံးတယ်။ တကယ်တော့ အလိုလိုဖြစ်ရဲ့လား။ (မဖြစ်ပါဘူးဘုရား)။ အလိုလိုဆိုရင် အကြောင်းပယ် နော်။ အကြောင်းပယ်ရင် ဘာဒိဋ္ဌိလဲ။ (အဟေတုကဒိဋ္ဌိ)။ ပဋိစ္စသမုပ္ပါဒ် သိပ်အရေးကြီးတယ်နော်။ တကယ် လောကအပြောအနေနဲ့ ပြောတဲ့အခါကျတော့ သူ့ကို အိမ်ထောင်ရက်သားချပေးပြီးတော့ ဖခင် လုပ်တဲ့သူက အိမ်လည်း ဆောက်ပေးပြီးရော အိမ်နောက်ဖေးကနေ ဘွားကနဲဆိုပြီး ရွှေတောင်ကြီး တွေ ထ,ပေါက်ရော၊ ဒီရွှေတောင်ကြီးတွေကို ဘယ်သူကမှ ရွှေတောင်ဖြစ်အောင် လာပြီးပုံပေးနေတာ မဟုတ်ဘူး။ နောက်ဖေးကနေ ရွှေတောင်က ဘွားကနဲ မပေါက်ဘူးလား။ လောကဝေါဟာရနဲ့ပြော မယ်ဆိုလို့ရှိရင် ဟော–အလိုလိုပေါက်တယ်ပေါ့။ ဓမ္မသဘောနဲ့ ကြည့်လိုက်တဲ့အခါကျတော့ အလိုလို ဆိုတာရှိရဲ့လား။ (မရှိပါဘူးဘုရား)။ ဘယ်ဟာမှ အလိုလိုမရှိဘူး။ ဘာကြောင့်လဲ ဆိုတော့ လောက တွင် ပဋိစ္စသမုပ္ပါဒ်နဲ့ လွတ်သောတရားဟူ၍ မရှိ။ အကယ်လို့ အလိုလိုဆိုတဲ့ စကားလုံးနဲ့ ဒီတိုင်း ယူထားရင် ဘာဒိဋ္ဌိ။ (အဟေတုက ဒိဋ္ဌိပါဘုရား)။ ဘယ်လောက်ကြောက်စရာကောင်းလဲ။ ဒီလိုဖြင့်ရင် အလိုလိုပေါက်တယ်လို့ ပြောတဲ့အခါမှာ ဒီရွှေတောင်ကို ဘယ်သူက လုပ်ပေးတာလဲဆိုတော့ အင်း – သိကြား၊ ဗြဟ္မာ၊ နတ်၊ ဝိဇ္ဇာတွေက မ,တာပဲ။ အဓိပ္ပာယ်နော်။ သို့သော် အဲဒီ ပုဂ္ဂိုလ် တွေက မ,တာကောမရှိဘူးလား။ ရှိတာပဲနော်။ အကယ်လို့ အဲဒီရွှေတောင်တွေ ပေါက်တာဟာ သိကြားမင်း က မ,လို့၊ ဘုရားအလိုတော်ကျဖြစ်လို့၊ ဟာ–ဘိုးတော် မယ်တော်တွေက မ,လို့ ဒိုင်းဆို နောက်ဖေးက ရွှေတောင်ကြီး ပေါက်သွားတယ်ဆိုရင် ဒကာ၊ ဒကာမတွေ အဲဒါ အကိရိယဒိဋ္ဌိ ဖြစ်ပြန်ရော။ ဘာဒိဋ္ဌိဖြစ်တာလဲ။ (အကိရိယဒိဋ္ဌိပါဘုရား)။

ဘာဖြစ်လို့ အကိရိယဒိဋ္ဌိ ဖြစ်တာလဲဆိုတော့ ဒါလေးရှင်းချင်လို့ပါ။ သိပ်အရေးကြီးလို့နော်။ အလယ်တန်း ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်ဖို့ အရည်အချင်း ဘယ်လောက်အရေးကြီးသလဲဆိုတာ– ဟုတ်လား။ နို့မို့လို့ရှိရင် အကိရိယဒိဋ္ဌိဖြစ်မယ်။ အကိရိယဒိဋ္ဌိက ဘာကိုပယ်။ ကံကို ပယ်။ လက်ာလေးဆိုကြည့်ပါ။

## အကိရိကံပယ်၊ နတ်ကျိုးပယ်၊ နှစ်သွယ်အဟေတု။

အကိရိကံပယ်၊ နတ်ကျိုးပယ်၊ နှစ်သွယ်အဟေတုဆိုတော့ နတ်တွေကနေ ဗြဟ္မာတွေကနေ ဟာ–ဘိုးတော်တွေက မယ်တော်တွေက အိမ်တွင်းက အိမ်ပြင်က စသည်ဖြင့် မရှိဘူးလား။ (ရှိပါတယ်)။ အဲဒီလိုမျိုးက မ,တယ်ဆိုရင် သူပြုခဲ့တဲ့ ကံတွေကို ဒကာ၊ ဒကာမတွေ အလကား သောချိတ်သလို မဖြစ်ဘူးလား။ (ဖြစ်ပါတယ်)။ ဒီလိုဖြင့်ရင် အကြောင်းရှိမှ အကျိုးရှိမယ်။ အခုဟာက အကြောင်း ပယ်သလို ဖြစ်နေတယ်။ အကြောင်းပယ်တဲ့အတွက် ကံကို ပယ်ရာရောက်တယ်။ အကြောင်းကို ပယ်တဲ့အတွက် အဟေတုကကောမဖြစ်ဘူးလား။ ကံကိုပယ်တဲ့အတွက် အကိရိယ ဒိဋ္ဌိကော မဖြစ်ဘူးလား။ ဘယ်လောက် ကြောက်စရာကောင်းသလဲ။

ကဲ–ဒီလိုဖြင့်ရင် ဒါကို ပြန်ပြီးတော့ သုံးသပ်ရအောင်နော်။ အဲဒီတော့ ဒီသူဌေးသည် အိမ် နောက်ဖေးကနေပြီးတော့ ရွှေတောင် ငွေတောင် ပေါက်တာသည် အကြောင်းမဲ့လား။ အကြောင်း ရှိလို့လား။ (အကြောင်းရှိလို့ပါဘုရား)။ ဘာအကြောင်းကြောင့် ဒါပေါက်တာလဲ။ ဘုန်းကြီးတို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆန်းစစ်ရမယ်။ ဘာအကြောင်းကြောင့် ဒါပေါက်တာလဲဆိုတော့ ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့ စေတီတော်ကို ရွှေပန်းခိုင်တွေလုပ်ပြီးတော့ ဒါနပြုခဲ့တယ်။ လှူခဲ့တယ်။ ရွှေတောင်ပေါက်တာသည် ဥုံဖွဆိုပြီး ပေါက်တာလား၊ လှူလို့ပေါက်တာလား။ (လှူလို့ ပေါက်တာပါဘုရား)။ ရွှေပန်းခိုင်တွေ၊ ငွေပန်းခိုင်တွေ လုပ်ပြီးတော့ လှူလို့ပေါက်တာ။ လှူတာကို ဘုန်းကြီးတို့ပြောမယ်ဆို ဘာသခါရ။ (ပုညာဘိ သင်္ခါရပါဘုရား)။ ပုညာဘိသင်္ခါရကအကြောင်း၊ ဟောဒီမှာ ရွှေတောင်ငွေတောင် ပေါက်တာက အကျိုး။ အကြောင်း အကျိုး ဟုတ်ပြီ။ ပဋိစ္စသမုပ္ပါဒ် နားလည်တော့အကြောင်းကြောင့်ဖြစ်သော အကျိုး။ ဒီတော့ အကယ်လို့သာ အဲဒီပုဂ္ဂိုလ် ဒီလို ရွှေပန်းခိုင်ငွေပန်းခိုင် တွေဖြင့် စေတီတော်ကြီးကို မလှူခဲ့ဘူးဆိုရင် ရွှေတောင် ငွေတောင် ပေါက်ပါ့မလား။ (မပေါက်ပါဘူး ဘုရား)။

အဲဒီတော့ အဲဒီပုဂ္ဂိုလ်က သူဌေးကြီးဖြစ်ပြီးတော့ ရွှေတောင် ငွေတောင် ပေါက်တယ်သာပြောတာ၊ သူဌေးမဖြစ်ခင် သူ ဒုက္ခရောက်နေတာ အများကြီး ရှိသေးတယ်။ သူဌေးကြီးဖြစ်ပြီးတော့ ရွှေတောင် ငွေတောင် ပေါက်တာသည် မကောင်းတာလုပ်လို့လား၊ ကောင်းတာလုပ်လို့လား။ (ကောင်းတာ လုပ်လို့ပါဘုရား)။ ဒီလိုဖြင့် ယနေ့ အားလုံးသော ဒကာ၊ ဒကာမတွေလည်းပဲကောင်း တာဖြစ်ချင်ရင် ဘာတွေလုပ်ကြ။ (ဒါနလုပ်ရပါမယ်ဘုရား)။ ရှင်းသွားပြီ။ ဒီတော့ အဲဒီဇဋိလဆိုတဲ့ သူဌေးကြီးဟာ စပြီးမွေးတဲ့အခါ ကျတော့ အဖေမရှိဘူး။ ဟာ အရှင်ဘုရား။ အဖေမရှိဘဲနဲ့ ဘယ်လိုလုပ်မွေးသလဲ၊ သစ်ခေါင်းက ထွက်သလား၊ မေးစရာရှိတယ်။ မဟုတ်ပါဘူးနော်။ သူရဲ့ အမေက သူဌေးသမီးပါ။ ဘယ်သူလဲ။ (သူဌေးသမီးပါဘုရား)။ ရာဇဂြိုဟ်သူဌေးသမီးနော်။ တစ်ဦးတည်းသော သူဌေးသမီးဖြစ်တဲ့အတွက် ဘုံ ၇–ဆင့် ဒကာ၊ ဒကာမတွေ ထားတာဗျ။ အင်မတန် ချစ်မြတ်နိုးလွန်းလို့ သမီးလေး တစ်ယောက်တည်း ဘုံ ၇–ဆင့် တင်ထား ဘယ်သူနဲ့မှအတွေ့ မခံဘူးနော်။ ဘယ်လောက် သမီးချစ်လိုက်သလဲဆိုတာ။ သို့သော် လူဟာ သူ့သဘာဝကနေလို့ ရပါ့မလား။ အဲဒီတော့ အချိန်တန်အရွယ်ရောက်လာတဲ့ အခါကျတော့ လူနဲ့ မတွေ့ရပေမဲ့ဝိဇ္ဇာဓိုရ်နဲ့ တွေ့တာ ဒကာ၊ ဒကာမတို့ ဘယ်သူနဲ့တွေ့။ (ဝိဇ္ဇာဓိုရ်နဲ့တွေ့တာပါဘုရား)။ ဝိဇ္ဇာဓိုရ်ဆိုတာမြေပြင်ကနေ သူလိုကိုယ်လို သွားနေတာ မဟုတ်ဘူး။ ကောင်းကင်ကနေ ပျံနေတာ။ ကောင်းကင်ကပျံတဲ့ဝိဇ္ဇာက ကောင်းကင်ကနေပျံသွားတော့၊ ဟိုက ဘုံ ၇–ဆင့်နဲ့နေတာကို။ ပြတင်းပေါက်ကလေးဖွင့်ပြီး ဟိုကြည့် ဒီကြည့် မကြည့်ဘူးလား။ သူဌေးသမီးကနေပြီး မျက်စိနဲ့ ဝိဇ္ဇာအဆင်းနဲ့ ဆုံတာပေါ့ဗျာ။ ဘာဖြစ်တာလဲ။ (ဆုံပါတယ်)။ ဆုံတဲ့အခါကျတော့ ဒါဘုန်းကြီးတို့ ခန္ဓပဋိစ္စသမုပ္ပါဒ်နဲ့ပြောမယ်ဆိုရင် မျက်စိနဲ့အဆင်း ဆုံလိုက်တာပဲ။ ဆုံလိုက်တဲ့ အခါကျတော့ ဖဿ ဝေဒနာပေါ့။ ဆုံလိုက်တဲ့အခါ ကျတော့ ဟော – သူဌေးသမီးက ရင်ထဲမှာ ဒီဝိဇ္ဇာဓိုရ်ကို မြင်တိုင်း မြင်တိုင်းမှာသူ့ခမျာ ရင်ထဲခံစားနေရတယ်။ ခံစားတာဘာပါလိမ့်။ (ဝေဒနာပါဘုရား)။

## ဝိဇ္ဇာဓိုရ်တွေ့ခေတ်စား

ဝိဇ္ဇာဓိုရ်ဆိုတဲ့ ယောကျ်ားသားတစ်ယောက်ကို သူမြင်လိုက်တဲ့အခါ ကျတော့ ရင်ထဲမှာကြင်နာစိတ်ကလေးတွေ ပေါ်ပေါက်ခံစားနေတာ။ ဘာစိတ် ပေါ်တာလဲ။ (ကြင်နာစိတ်ပါဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မြင်တာက မျက်စိက၊ ကြင်နာတာက ရင်ထဲကပေါ့။ မျက်စိက မြင်တယ်၊ တစ်နေရာ။ ရင်ထဲက ခံစားတယ်၊ တစ်နေရာ။ အဲဒီတော့ မျက်စိက မြင်တာက သဠာယတန။ အာရုံအာရမ္မဏိက တို့ တွေ့ထိ တာကဖဿ။ ရင်ထဲမှာခံစားတာက ဝေဒနာ။ အော် သူဌေးသမီးမှာ ပဋိစ္စသမုပ္ပါဒ် ဖြစ်နေတယ်။ ဘာဖြစ်နေလဲ။ (ပဋိစ္စသမုပ္ပါဒ်ဖြစ်နေတာပါဘုရား)။ ဒါပေမဲ့ ဒီသူဌေးသမီးမှာ ပဋိစ္စသမုပ္ပါဒ်ဖြစ်တာ၊ မဖြစ်တာ သူဘာမှ နားမလည်ဘူး။ အဲဒီတော့ သူ့မှာ ရင်ထဲမှာ ခံစားနေရတယ်။ အိပ်လို့မရ စားလို့မရပေါ့ဗျာ။ ဘာလဲ။ ဝေဒနာ။ အဲဒီလို ခံစားတဲ့အခါကျတော့ ကြင်နာစိတ်ကလေး တွေ ပေါ်တိုင်း ပေါ်တိုင်း ခင်တာ မလာဘူးလား။ ဝိဇ္ဇာမိုရ်ကို ကောင်းကင်ကနေပျံသွား။ သူ့ခမျာ ခင်နေတာပေါ့။ ခင်ဖန်များတော့ ဒကာ၊ ဒကာမတွေ စွဲလမ်းတာ မလာဘူးလား။ (လာပါတယ်ဘုရား)။

အဲဒါနဲ့ပဲ တိုတိုပြောကြပါစို့။ ဝိဇ္ဇာမိုရ်နဲ့ပဲ ဒကာ၊ ဒကာမတွေ ညားတာပေါ့ဗျာ။ ဟော–သူ့ သဘာဝအတိုင်း သူဌေးသမီး ကိုယ်လေးလက်ဝန်ဖြစ်တော့ အချိန်လည်းတန်ရော မွေးဖွားတာပေါ့ ဗျာ။ ဖအေရှိလား။ (မရှိပါဘူး)။ ဒီလိုဖြင့် အဲဒီသား ဘယ်သူနဲ့ရတဲ့ သားလဲ။ (ဝိဇ္ဇာမိုရ်နဲ့ရတာပါဘုရား)။ ဝိဇ္ဇာနဲ့ရတာ။ ကဲ–စဉ်းစားကြည့်၊ ဝိဇ္ဇာက မလာတော့ဘူး။ တော်တော်သစ္စာမဲ့တဲ့ ဝိဇ္ဇာ။ အထင်မကြီးနဲ့ ယောဂီတို့။ အခုကြည့် အဖေအမည် အဖော်မခံဘူး၊ အဓိပ္ပာယ်နော်။ အဲဒါတောင်မှပဲ ထေရဝါဒ ဗုဒ္ဓဘာသာကို မကိန်းတဲ့အခါကျတော့ ဟိုဟာအထင်ကြီး၊ ဒီဟာ အထင်ကြီး၊ မကြီးဘူးလား။ ဒီယောဂီတွေတော့ မဟုတ်ပါဘူးနော်။ ဒီယောဂီတွေက သစ္စာတရားနာနေတာ။ အထင်မကြီးတော့ ဘူး။ ရှင်းကောရှင်းရဲ့လား။ သစ္စာတရားမနာရရင် ဒကာ၊ ဒကာမတွေ ဟိုဟာအထင်ကြီး၊ ဒီဟာ အထင်ကြီး မရှိဘူးလား။ (ရှိပါတယ်)။

အခုလည်းပဲ ကြည့်၊ မြန်မာပြည်မှာလည်း ဝိဇ္ဇာဆိုတာတွေ သိပ်ခေတ်စားတယ်နော်။ ဟိုနေရာလည်း ဝိဇ္ဇာနဲ့၊ ဒီနေရာလည်း ဝိဇ္ဇာနဲ့။ အချို့များ ဝိဇ္ဇာရှာတဲ့သူက သတ်သတ်ရှိသေးတယ်။ ရွှေတိဂုံဘုရားပေါ်တက်ရှာလိုရှာ၊ တောထဲတောင်ထဲ ရှာလိုရှာ။ အခု ဒီမှာ သူဌေးသမီးဒုက္ခရောက် တာ ဘယ်သူ့ကြောင့်လဲ။ (ဝိဇ္ဇာမိုရ်ကြောင့်ပါ ဘုရား)။ သတိထားနော်။ ဒါ ဘုန်းကြီးတို့ သတိထား ရမယ့်အချက်ပါ။ ဘယ်ဝိဇ္ဇာဆိုတာကိုမှ အထင်ကြီးလို့မရဘူး။ အဲဒါနဲ့တင် ဒီမှာ သားဖွားပြီး ဒကာ၊ ဒကာမတွေ သူဌေးသမီးအကြီးအကျယ် ဒုက္ခရောက်ပြီ။ ဘယ်လို လုပ်ကြဦးမလဲ–ကဲ။ အဲဒီတော့မှ အထိန်းတော်ကြီးကနေပြီးတော့ တခ်ဏာပ္ပတ္တိဉာဏ် ခဏချင်းပေါ်တယ်။ ဟာ– သူဌေးသမီး မပူနဲ့။ သူကြံမယ်ပေါ့။ အထိန်းတော်ကြီးက ကြံလိုက်တဲ့အခါ မနက်မိုးလည်းလင်းရော၊ ကလေးကို ရေအိုးထဲထည့်ပြီး ဂင်္ဂါမြစ်ထဲ မျှောလိုက်တယ်။ သူ – သူဌေးသမီး နုတ်ပူဇော်တယ်။ ရေနုတ်ပင့် ပူဇော်တယ်ပေါ့။ လူကြားကောင်းအောင်။ တကယ်တော့ ရေနုတ်ပင့် ပူဇော်တာလား။ ကလေး ရေမျှောတာလား။ (ကလေးရေမျှောတာပါဘုရား)။

စဉ်းစားကြည့်။ ကိုယ်မွေးထားတဲ့သား ရေထဲကို မျှောရတဲ့ဘဝ။ သို့သော် မအေက မကြင် နာတာလားဆိုတော့ မဟုတ်ဘူး။ သူ့ရဲ့ ဝိပါကဝဋ်က ပါလာတာကိုးဗျ။ အဲဒါကြောင့် သူ့ခမျာ ရေထဲမျှောခံလိုက်ရတာ။ သူဌေးဖြစ်မဲ့ပုဂ္ဂိုလ် မွေးမွေးချင်း ရေမျှောခံရတာ နည်းတဲ့အကုသိုလ် မဟုတ်ဘူး။ အဲဒီတော့ ဒီနေရာမှာသာ ဒကာ၊ ဒကာမတွေ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ကိုသာ နားမလည်ရင် အင်း – ဒီပုဂ္ဂိုလ်ရေမျှောခံရတာက ဘယ်သူကနေ ဘယ်သူပြုစားလိုက်လို့၊ ဟော



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် ကြောက်စရာကောင်းလဲ။ ကိုယ့်ဟာကိုယ် လမ်းလျှောက်သွားလို့ ခလုတ်တိုက် တောင်မှပဲ ဒကာ၊ ဒကာမတွေ ငါ့ဘာများ အနှောင့်အယှက်ဖြစ်သလဲ။ ဒီလိုလာတာ။ ဒီဉာဏ်သာ မရရင်ပေါ့လေ။ ဘယ်သူမှ အနှောင့်အယှက်မရှိဘူး။ မျက်စိကြည့်မသွားလို့ ခလုတ်တိုက်တာ။ အဲဒီတော့ ကိုယ့်မျက်စိကိုယ် အပြစ်မချဘူး။ ဘယ်သူများနှောင့်ယှက်သလဲ ဆိုတာတွေကလာတာ။

အဲဒီတော့ – ကလေးလေး တစ်ခါတည်းမှကို ရေထဲမျှောလည်း မျှောလိုက်ရော၊ ဟော – ဥဒ္ဒေနီပြည်လည်းရောက်တဲ့အခါကျတော့ အမျိုးသမီး နှစ်ယောက်က ရေချိုးနေတယ်။ ဟာ – ဟိုမှာ အိုးလေးမျောလာပြီ။ လုလိုက်တာ။ ဟိုအိုးက ငါ့အိုးနော်တဲ့ အမယ်။ နောက် အမျိုးသမီး တစ်ယောက်က အားကျမခံ ဟဲ့ – အိုးထဲက ပစ္စည်းက ငါ့ပစ္စည်းတဲ့။ ဟော – အမျိုးသမီးနှစ်ယောက်။ တစ်ယောက်က ငါ့အိုး။ တစ်ယောက်က အိုးထဲကပစ္စည်း ငါ့ပစ္စည်းတဲ့၊ တန်းပြီး ဒီလိုပြောတာ။

## အမှားကိုအမှန်ထင်တာအနာဆုံး

အဲဒါနဲ့ အိုးလေးလည်း အနားကိုဆိုက်ရော၊ ဟာ – အိုးထဲက လုလုပပ ယောကျ်ားလေး ဆိုတော့ အဲဒီမှာ အမျိုးသမီးနှစ်ယောက် အငြင်းပွားပြီ။ ကိုယ်မွေးတာလည်း မဟုတ်ဘဲနဲ့ ဒီမှာ သားလုနေပြီ။ အဲဒီတော့ အမျိုးသမီး ၂–ယောက် သားလုတဲ့ ကိစ္စက၊ သူတို့ဘာသာ ရှင်းလို့ မရတဲ့အခါကျတော့ အဆင့်ဆင့်သွားရတာပေါ့ဗျာ။ နောက်ဆုံးတော့ ဘယ်လိုမှ အောက်ခြေနဲ့ ရှင်းမရတော့ ရှင်ဘုရင်ဆီရောက်သွားတော့။ ရှင်ဘုရင်က ဆုံးဖြတ်ချက်ပေးလိုက်တယ်။ ရှင်ဘုရင် ကမှ ဆုံးဖြတ်ချက်မပေးရင် မရတော့ဘူး။ ကဲ–ငါ့အိုးဆိုတဲ့ အမျိုးသမီးက အိုးပိုင်စေ၊ အိုးထဲကပစ္စည်း ငါ့ပစ္စည်းဆိုတဲ့သူက ကလေးပိုင်စေ၊ အဲဒီတော့ ဟိုက ခလေးပိုင်သွားရော။ အဲဒီကလေးပိုင်သွားတဲ့ အမျိုးသမီးကလည်း "ရှင်မဟာကစ္စည်း" ရဟန္တာကြီးရဲ့ ဆွမ်းဒကာ၊ ဆွမ်းအမဖြစ်နေတယ်။

အဲဒါနဲ့ သူ့ခလေးလေး ချစ်လိုက်တာ။ ကျွေးမွေးစောင့်ရှောက်ပြီးထားရာက အချိန်တန် အရွယ်ရောက်တော့ သူ့သားလေး ရှင်ပြုမယ်ပေါ့။ ရဟန္တာကြီးဆီ အပ်တော့ ရဟန္တာကြီးက အနာဂတံသဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဟိုက အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တွေကိုး။ ဟာ – ဒီပုဂ္ဂိုလ် ရှင်ပြုပေးလို့ မဖြစ်ဘူး။ ဒီပုဂ္ဂိုလ်သူဌေးဖြစ်ဦးမှာ။ သူဌေးဖြစ်ဦးမယ်ဆိုတာက ရဟန္တာက မ,တာ လား။ သူ့ရဲ့ကံ ပါလာတာလား။ (သူ့ရဲ့ကံပါလာတာပါဘုရား)။ ရဟန္တာ မ,မနိုင်ဘူးလေ။ သူ့ကံ မပါလာရင် ရဟန္တာ မလို့ရပါ့မလား။ (မရပါဘူးဘုရား)။ ရဟန္တာတောင် မ,လို့မရရင်၊ သိကြားကော မ,လို့ရပါ့မလား။ (မရပါဘူး)။ ဗြဟ္မာကော မ,လို့ရပါ့ မလား။ (မရပါဘူး)။ သူ့ကံကသာ သူ့ကိုမ,မှာ နော်။ (မှန်လှပါ)။ ဗုဒ္ဓဘာသာဝင်တွေရဲ့ လောကမှာ ကိုယ်ပြုခဲ့တဲ့ကံကို အားမကိုးဘဲနဲ့ တစ်ပါးသော အရာတွေကို သွားသွားအားကိုးတာသည် အမှားလား၊ အမှန်လား။ (အမှားပါဘုရား)။ အဲဒီကိုယ် မှားနေတာကို မှားမှန်းမသိဘဲနဲ့ အမှားကိုအမှန်ထင်တာ အနာဆုံးပဲ။ ဒီကိစ္စတစ်ခုက မှားတယ်။ ကိစ္စမရှိပါဘူး။ မှားပေစေ၊ ငါအဝီစိထိအောင်ခံမယ် ဆိုရင်တော့ တစ်မျိုးပေါ့။ မှားမှန်းမသိတဲ့ဥစ္စာကို အမှားကို အမှန်ထင်ပြီး လုပ်တာက မနာဘူးလား။ အဲဒါကြောင့်မို့ ဘုန်းကြီးတို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ကိုင်ရှင်းတော့မှ ရဲရဲတင်းတင်းပြောရဲတာ။ နို့မို့ ဘုန်းကြီးတို့ အခုပြောနေတဲ့စကားလုံး ဒီတရားတော်ကို တိုးကို မတိုးဘူး။ ဘယ်တိုးမလဲ။ တန္တရ မန္တရတွေက ရှေ့ကနေ ကွယ်ထားတော့ မတိုးနိုင်ဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



အခု တော့ ယောဂီတို့ ဉာဏ်ကလေးတွေ နည်းနည်းလေးရင့်လာလို့ အမှားနဲ့အမှန်ကို ကိုယ်ပိုင်ဉာဏ်နဲ့ ခွဲတဲ့အခါကျတော့မှ ပိုပြီးတော့ သဘောပေါက်ပါတယ်။ (မှန်လှပါ)။ အဲဒီလို သဘောပေါက်ဖို့ အခု ဘုန်းကြီး သာဓကပြနေတာပေါ့နော်။ ရှင်းကောရှင်းရဲ့လား။

အဲဒါနဲ့ ခုနပြောခဲ့တဲ့ ကလေးလေးကိုမွေးထားပြီး အချိန်တန် အရွယ်ရောက်တဲ့အခါ သူ့ရဲ့ ကံကို စမ်းချင်တော့၊ ကဲ သားရေ၊ အဖေ ခရီးသွားဦးမယ်။ ဟောဒီပစ္စည်းတွေ ရောင်းထားလိုက်။ ဒါနဲ့ခရီးထွက်သွားတယ်။ ဖခင်ပြန်လည်း လာရော၊ တစ်အိမ်လုံးမှာ ရှိသမျှ ရောင်းစရာ ပစ္စည်း ပစ္စယတွေ ဘာမှမရှိတော့ဘူး။ ရောင်းမထွက်တဲ့ပစ္စည်းတွေ ဘာလုပ်တာလဲ။ အကုန်ရောင်းထွက် သွားပြီနော်။ ကောင်းပြီ၊ ဒီတော့ ဘယ်လိုဖြစ်လို့ သူ့တစ်သက်လုံး ရောင်းမထွက်တဲ့ပစ္စည်း သူ့ကျ မှ ဘာကြောင့် ရောင်းထွက်တာလဲဆိုတော့ သူ့ရဲ့ကံကို ပြောချင်လို့။ သူပြုခဲ့တဲ့ဒါနသည် အချိန်တန် အကျိုးပေးတော့မယ်၊ ဒကာ၊ ဒကာမတွေ။ ဒါနကောင်းမှု ကုသိုလ်တစ်ခုမှာ ဘုန်းကြီးတို့ ဇော ၇– ကြိမ် လို့ ဘုရားဟောတယ်။ ပထမဇောက ၇–ရက်၊ ၇–လ၊ ၇–နှစ်အတွင်း အကျိုးပေးတယ်။ သတ္တမဇောက ဒုတိယဘဝမှာ အကျိုးပေးတယ်။ အလယ်ဇော ၅–ချက်က တတိယဘဝကနေပြီးတော့ တောက်လျှောက် အခွင့်အလမ်းပေါ်တိုင်း အကျိုးပေးတာ။ နိဗ္ဗာန်တိုင်အောင် အကျိုးပေးတယ်ပေါ့။

အဲဒီတော့ သူရဲ့ ဇောလုပ်ထားခဲ့တဲ့ ကုသိုလ်ကောင်းမှု ဇောတိုင်း ဇောတိုင်းဟာ ၇–ခု မပါဘူးလား။ ကဲ – ဒကာ၊ ဒကာမတွေ ဘုရားတည်တယ်။ ဇော ၇–ကြိမ်ပါတာပဲ။ ကျောင်း ဆောက်လည်း ဇော ၇–ကြိမ်ပါတာပဲ။ ဆွမ်းကပ်လည်း ဇော ၇–ကြိမ် မပါဘူးလား။ (ပါ ပါတယ် ဘုရား)။ အဲဒီဇောက အကျိုးကို ပေးတော့မှာ။ ထို့အတူပဲ အကုသိုလ်လေးတစ်ခုကို ကာယကံ ဝစီကံ မနောကံ ကျူးလွန်လျှင်လည်း ဇောဘယ်နှကြိမ်။ (၇–ကြိမ်ပါဘုရား)။ အဲဒီဇော ၇–ကြိမ် က အကျိုးပေးချိန်တန်လျှင် ထ,အကျိုးပေးလိမ့်မယ်နော်။

အဲဒီတော့ ဟိုမှာက ကလေးလေးက သူဌေးသားလောင်းက သူပြုလုပ်လာခဲ့တဲ့ ကုသိုလ် ကောင်းမှု ရွှေပန်းခိုင်တွေ လှူခဲ့တယ်လို့ မပြောဘူးလား။ အဲဒီ ရွှေပန်းခိုင်တွေလှူခဲ့တဲ့ ကုသိုလ် ကောင်းမှုစေတနာဇောဟာ ဟော အခု အကျိုးပေးဖို့ အခွင့်ရလာပြီ။ ဒီတော့မှ သူဌေးက ပြန်လာ တဲ့အခါကျတော့ ဩော်၊ သူ့သားရဲ့ ဘုန်းကံကို သိလည်းသိရော။ သမီးနဲ့ မွေးစားသားကို လက်ဆက် ပြီးတော့ အိမ်ဆောက်ပေးလိုက်တော့ အိမ်နောက်ဖေးက ခုန ရွှေတောင်ငွေတောင်တွေ ပေါက်တဲ့ အတွက် ရှင်ဘုရင်ထံသွားပြီး သတင်းပို့တဲ့ အခါကျတော့ ဩော်–သူကံနဲ့သူပေါ်လာတဲ့အတွက် သူ့ကို သူဌေးအဆောင်အယောင်နဲ့ သူဌေးဘွဲ့ထူး ပေးလိုက်ရတာပဲ။ သူ့တစ်သက်စာ ဘယ်တော့မှ စားလို့သောက်လို့ မကုန်တော့ဘူး။ အဲဒီလို စားလို့ သောက်လို့ မကုန်တာဟာ အလိုလို မိုးပေါ်က ကျတာလား။ သူ့ရဲ့ ပြုခဲ့တဲ့ဒါနကြောင့်လား။ (သူရဲ့ပြုခဲ့တဲ့ဒါနကြောင့်ပါ)။

ဒီလိုဖြင့် ဒါနပြုတဲ့အတွက် တခြားဖြစ်တာလား။ ချမ်းသာတာလား။ (ချမ်းသာတာပါဘုရား)။ အဲဒီဒါနကို သင်္ခါရနဲ့ပြောတော့ ဘာသင်္ခါရ။ (ပုညာဘိသင်္ခါရ)။ ပုညာဘိသင်္ခါရပစ္စယာ ဝိညာဏ်။ ဝိညာဏ်ဆိုတာ တခြားတရားပေးတာလား၊ အကျိုးတရားပေးတာလား။ (အကျိုးတရားပေးတာပါ ဘုရား)။ အဲဒီလို အကျိုးပေးတာသည် တခြားကြောင့်လား၊ အကြောင်းတရားကြောင့်လား။ (အကြောင်းတရားကြောင့်ပါဘုရား)။ ဟိုဘဝက ရွှေပန်းခိုင် လှူခဲ့တဲ့အကြောင်းတရား ပုညာဘိသင်္ခါရ

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



ဒါနကောင်းမှုကုသိုလ်ကံစေတနာကြောင့် ရွှေတောင် ငွေတောင်ပေါက်ပြီးတော့ ဒကာ၊ ဒကာမတွေ သူဌေးကြီးမဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။ ယနေ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေလည်း အထက်တန်းကျကျ မျက်နှာပန်းလှလှနဲ့ စားဖြစ် သောက်ဖြစ်နဲ့၊ ယခုလိုဖြစ် လာတာဟာ သိကြား ပြဟ္မာ နတ် ဝိဇ္ဇာတွေ ဖန်တီးတာလား။ မိမိပြုတဲ့ အကြောင်းတရားလား။ (မိမိပြုတဲ့အကြောင်းတရား ပါဘုရား)။ ကောင်းတဲ့အကြောင်းတရားသည် ကောင်းတဲ့အကျိုး မပေးဘူးလား။ (ပေးပါတယ်)။ ဒီလိုဖြင့်ရင် ဘာဖြစ်လို့ သူခမျာ သူဌေးလောင်းဖြစ်ပြီး အဖေအမည်မခံရဘဲနဲ့၊ ရေမျှောခံ ရသလဲ ဒါပြောချင်လို့ပါ။

## သံသရာသစ်ငုတ်

ခုန – အလယ်တန်းဗုဒ္ဓဘာသာမှာ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မည်။ မကောင်းတာ လုပ်ရင် မကောင်းတာဖြစ်မည်။ အဲဒီတော့ ခုနကတုန်းက ရွှေပန်းခိုင်လှူခဲ့တဲ့ ဘဝတုန်းက ယခု ဇဋိလတို့ ဇနီးမောင်နှံဟာ ဟိုတုန်းကလည်း ဇနီးမောင်နှံပဲ။ ဘဝသံသရာနော်။ ဘယ်လောက် အကြောင်းအကျိုးတွေ ဆက်လာခဲ့သလဲ။ အခု ဒီမှာ ဇဋိလသူဌေးဖြစ်တော့လည်းပဲ သူဌေးကြီးနဲ့ သူဌေးကတော်ကြီးဖြစ်တယ်။ ဟို ကဿပမြတ်စွာဘုရား သာသနာတုန်းကလည်းပဲ အဲဒီပုဂ္ဂိုလ်ဟာ ရွှေပန်းထိမ်သည်ဇနီးမောင်နှံဖြစ်ခဲ့တယ်။ ဒါကြောင့် တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင်နဲ့ ဒီလိုအကြောင်း ကျိုးဆက်တွေ ရှိတာကိုး။ အဲဒီတော့ အဲဒီအချိန်မှာ ရွှေပန်းထိမ်သည် ဇနီးမောင်နှံဖြစ်ပြီးတော့ ရဟန္တာကိုယ်တော်မြတ်ကြီးက ကဿပမြတ်စွာဘုရားရဲ့ဓာတ်တော်မွေတော်တွေကို စေတီတည်မယ်။ စေတီတည်တော့ ရွှေချဖို့လိုနေတယ်။ ရွှေပန်းထိမ်သည်ထံမှာ သွားပြီး ဒကာ၊ ဒကာမတွေ အလှူခံ ပါတယ်။ သွားပြီးတော့ အလှူခံတဲ့အခါကျတော့ ရဟန္တာကိုယ်တော်မြတ်ကြီးတွေက အတွင်းထဲ မဝင်ဘူး။ ဒီတော့ အဲဒီအချိန်အခါမှာ ရဟန္တာကိုယ်တော်မြတ်ကလည်း အလှူခံကြွ၊ ရွှေပန်းထိမ်သည် ဇနီးမောင်နှံကလည်း ဇနီးမောင်နှံချင်း ဒီမှာရန်ဖြစ်နေကြတယ်။ ဘာဖြစ်နေကြတာလဲ။ (ရန်ဖြစ် နေကြတာပါ)။ သို့သော် အတွင်းထဲမှာ ဖြစ်နေတာ။ အပြင်ကို မမြင်ဘူးနော်။ အဲဒီတော့ လင်ရယ်၊ မယားရယ်၊ ဇနီးမောင်နှံရယ် ဆိုတာကတော့ ဒီလိုပဲ အချို့လည်းပဲ တကျက်ကျက်ရှိမှာပေါ့။

နောက်ပြီးတော့လည်း တစ်ယောက်နဲ့တစ်ယောက် ဘာမှဟုတ်တာ မဟုတ်ဘူး။ တစ်ဦးနဲ့ တစ်ဦးလည်း ခွဲနိုင်တာလည်းမဟုတ်ဘူး။ ဟုတ်လား။ အတူတွဲပြီး ဘဝတစ်ခုထူထောင်တဲ့အခါမှာ တစ်ခါတလေ အဆင်မပြေတော့လည်း တကျက်ကျက်ဖြစ်နေတာပဲ။ နင်က ဘာဖြစ်တယ်။ ငါက ဘာဖြစ်တယ်။ ရှင်က ဘာဖြစ်တယ်။ အမျိုးမျိုးမဖြစ်ဘူးလား။ အဲဒီလို ဖြစ်နေတဲ့အခါ အဲဒီလို ရန်ဖြစ်နေတာဟာ ဒေါသကြောင့်။ ဒေါသဘာကြောင့်ဖြစ်သလဲဆိုရင် မောဟကြောင့်။ မောဟဆိုတာ အကုသိုလ်ဖြစ်တိုင်း သူပါတယ်။ လောဘဖြစ်လည်း သူပါတာပဲ။ ဒေါသဖြစ်လည်း သူပါတာပဲ။ မောဟဆိုတာ အဝိဇ္ဇာလေ။ ကောင်းကျိုးဆိုးပြစ်ကို ဒီမောဟဆိုတဲ့ အဝိဇ္ဇာက ဖုံးလွှမ်းထားလို့ လောဘ၊ ဒေါသဆိုတာတွေ ဖြစ်တာပေါ့။ သိပ်ကြောက်စရာကောင်းတယ်၊ ဒကာ၊ ဒကာမတွေနော်။ ကိလေသာ အကုသိုလ်တွေဆိုတာက အသိုင်းနဲ့ အဝိုင်းနဲ့ အုံနဲ့ ကျင်းနဲ့လာတာ။ ဘယ်တော့မှ တစ်ဦးတည်း မလာဘူး။ အင်မတန် သူတို့ သစ္စာရှိတယ်။ တစ်ယောက်တည်းမလာဘူး။ အုံနဲ့ကျင်းနဲ့ လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟော – ဒေါသဖြစ်တော့ ဘယ်သူပါလဲ။ (မောဟ)။ ဒီလိုဖြင့်ရင် ဒေါသဖြစ်နေတဲ့အချိန် မောဟပါတဲ့အကြောင်း။ ဒီမှာလာပြီ။ ရဟန္တာကြီးကလည်း အလှူခံရောက်လာတဲ့အခါကျတော့ ဟာ–အရှင်ဘုရား ဘာလုပ်တာလဲ။ လေသံက မာသွားတယ်။ တကယ်တော့ ရှိရှိသေသေ အရှင်ဘုရား ဘာများအလိုရှိလို့ပါလဲ ဘုရားစသဖြင့်။ မေတ္တာစိတ်နဲ့ မေတ္တာအသံလေးနဲ့ ဒီလိုလာတာ မဟုတ်ဘူးလား။ ဟာ – ကိုယ်တော် ဘာလိုချင်လို့လဲ ဒီလိုဖြစ်တာပေါ့ အဓိပ္ပာယ်က။ အဲဒီအသံက ဒကာ၊ ဒကာမတွေ နည်းနည်း ဒေါသသံပါလာတယ်။ ဘာသံပါလာလဲ။ (ဒေါသသံပါလာတယ်)။ အကယ်လို့သာ မေတ္တာသံဆိုတာ ဟာ အရှင်ဘုရား၊ ဘာများအလိုရှိလို့ပါလဲခင်ဗျား ဆိုတာ နားထောင် မကောင်းဘူးလား။ အခုကျတော့ ကိုယ်တော်ဘာလို့ချင်လို့လဲ ဆိုတော့ ဒေါသသံပါလာတယ်။ လေကပြင်းသွားတယ်။ ဒီနေရာမှာ တကယ်တော့ မပြောသင့်ဘူးပေါ့။ ကိုယ်အလေးထားရမယ့် ပုဂ္ဂိုလ်ပေါ်မှာ ဒကာ၊ ဒကာမတွေ တတ်နိုင်သမျှ ကိုယ့်မှာ လျှိုပြီးတော့ မာန်မာနကို နှိမ်ပြီးတော့ ဆက်ဆံရမယ်။ မိဘကို ဆက်ဆံတာဖြစ်ဖြစ်၊ ဆရာသမားကို ဆက်ဆံတာဖြစ်ဖြစ်၊ ကိုယ့်ရဲ့ အကြီး အကဲတွေကို ဆက်ဆံတာပဲဖြစ်ဖြစ်၊ အမြဲတမ်း ဦးနှိမ်ရိုကျိုး မဆက်ဆံဘဲနဲ့ မောက်မောက်မာမာ ဆက်ဆံရင် အန္တရာယ်ရှိတာပေါ့။ ဒီစကား ငါပြောရမှန်းမသိ၊ မပြောရမှန်းမသိဘဲနဲ့ ဒကာ၊ ဒကာမတွေ ရဟန္တာကြီး စပြီး ဆက်ဆံကတည်းက ကိုယ်တော်ဘာလုပ်မလို့လဲ ဒီလိုမေးတော့တာကိုး။ အဲဒီ တော့မှ ဟာ ဒကာတို့ ဒီလို၊ ဒီလိုပဲ ကဿပမြတ်စွာဘုရားရဲ့ စေတီကို ဒီမှာ ငါရွှေသင်္ကန်းကပ်ဖို့ အတွက် ရွှေလာအလှူခံတာပါ။

အဲဒီတော့ ဒေါသအရှိန်ကနေ မသေသေးတာမောဟကြောင့်ပဲ။ မောဟ။ မောဟဆိုတာ အမှန်ကို မြင်တာလား၊ မမြင်တာလား။ (မမြင်တာပါ)။ အမှန်တော့ မမြင်ဘူး၊ အမှားတော့ မြင်တယ် ဆိုတဲ့ အဓိပ္ပာယ်။ အဲဒီတော့မှ အမှန်ကို မမြင်တဲ့အခါကျတော့မှ ဒီလောက်ရှိလှတာ၊ ကိုယ်တော်တို့ စေတီ ရေမျှောပစ်လိုက်တဲ့။ ဟော – ဘယ်လောက်များလဲလို့။ ကဲ အဲဒီတော့ တွက်ကြည့်လေ။ ဒကာ၊ ဒကာမတွေ။ ကိုယ့်ဇနီးမောင်နှံ အိမ်ထဲရန်ဖြစ်တာ ဖြစ်တာပေါ့ဗျာ။ ထိုးပဲထိုးထိုး၊ သတ်ပဲ သတ်သတ်ပေါ့ဗျာ။ ခုတော့ မဆိုင်တဲ့ ရဟန္တာကို ထည့်ပြီးတော့ကြည့်။ ဆက်သွားပြီ။ မီးပွားသွားတာ။ အမှိုက်ကစ ပြာသာဒ်မီးလောင်တဲ့ – ကဲ၊ အိမ်တွင်းထဲမှာရှိတဲ့ မီးက အပြင်ကူးသွားပြီ။ ဒီတော့ – ရဟန္တာလည်းပဲ ရှေ့ဆက်သွားရတော့မလား၊ လှည့်ပဲပြန်ရတော့ မလား၊ ခက်ပြီ။ ကဲ–ဒကာ၊ ဒကာမတွေ စဉ်းစားကြည့်ဗျာ။ အိမ်ရှေ့ကိုယ်တော်တစ်ပါး ဆွမ်းခံကြွ လာချိန် အိမ်ထဲ ရန်ဖြစ်နေရင် ဒီ ကိုယ်တော် ဘယ်လိုလုပ်ရမလဲ။ ဝင်ရမှာလည်းအခက်၊ သွားရမှာလဲအခက်။ သွားရင်လည်းပဲ ဩော်၊ ငါများ စိတ်ကောက်လို့ သွားတယ်များ ထင်တော့မလား။ ရန်ဖြစ်တာ ရန်ပွဲကမသေး။ ဘယ်လောက် အခံရခက်သလဲနော်။

အဲဒီတော့မှ ဒကာမက အသိဝင်လာတယ်။ ဟာ ရှင် ဘယ်နှယ့်လုပ်တာတုန်း။ ဟို ရဟန္တာက သူ့ဟာနဲ့သူ ဒီမှာ အလှူခံတဲ့ ဥစ္စာ၊ မလှူနိုင်ရင်လည်း ကန်တော့ဆွမ်းပါဘုရားလို့ ရိုရိုသေသေ ပြောရမှာပေါ့။ ကန်တော့ဆွမ်းပါ ဆိုရင်လည်း ဒကာ၊ ဒကာမတွေ ကန်တော့ပါဘုရားလို့ပြောရင် ကုသိုလ်မရဘူးလား။ ဝစီကံကုသိုလ်ရတယ်။ မေတ္တာပါသွားပြီ။ ဂါရဝပါသွားပြီ။ လေးလေးစားစား နဲ့နော်။ အဲဒီတော့ ခုနကတုန်းက ကိုယ်တော်ဘာလဲဆိုတော့ အဂါရဝ မဖြစ်ဘူးလား။ သို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အဂါရဝက တခြားကံလား၊ ဝစီကံလား။ (ဝစီကံပါဘုရား)။ အဲဒီကံသည် ကောင်းကံလား၊ မကောင်းကံလား။ (မကောင်းကံပါဘုရား)။ ဒီလိုဖြင့်ရင် မကောင်းတဲ့ ဝစီကံသည် မကောင်းတဲ့ အကျိုးပေး။ ဘယ်လောက်ကြောက်စရာကောင်းလဲ။ ပါးစပ်သိပ်အရေးကြီးတယ်နော်။ ရှင်းကော ရှင်းရဲ့လား။ အဲဒါ အလယ်တန်းဗုဒ္ဓဘာသာများ လိုက်နာရမယ့်ကျင့်ဝတ်။ ဒီတော့မှ ဖနီးသည်ကနေပြီး ရှင် ဒီလိုမပြောနဲ့လေ။ ဟိုမှာ ရဟန္တာကြီး အကျိုးအကြောင်း ပြောပါဆိုတော့ ချက်ချင်း သတိပြန် ဝင်သွားတယ်နော်။ သို့သော် သတိသာဝင်တယ်။ ဝစီကံက လွန်သွားပြီ။ ကံမြောက်သွားပြီနော်။

အဲဒီကံနဲ့ သူခမျာ သူဌေးဖြစ်မယ့်ဘဝတောင် ရေမျောခံရတာ။ သူဌေးဖြစ်မယ့် နောက်ဆုံး ဘဝနော်။ ဇဋိလဆိုတာ ဒီဘဝ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်မယ့် ဘဝတောင်မှ သူဘာဖြစ်တာလဲ။ (ရေမျောခံရတာ)။ တကယ်လို့သာ ဂင်္ဂါမြစ်ထဲမှာ လှိုင်းပုတ်လို့သာ စုံးစုံးမြုပ်သွားရင် မသေဘူးလား။ သေခြင်းဆိုးသေဦးမှာ။ ဘယ်လောက် ကြောက်စရာကောင်းသလဲ။ အဲဒါ ဘာကံလဲ။ (ဝစီကံ)။ ဒီလို ဖြစ်ရင် ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မည်။ မကောင်းတာလုပ်ရင် မကောင်းတာ ဖြစ်မည်လို့ ယောဂီတို့ နားလည်သိထားတာသည် ကံနှင့်အကျိုးပေးကို နားလည်တာလို့ ခေါ်ပါတယ်။

အဲဒီ ကံနှင့်အကျိုးပေးကို နားလည်ပြီဆိုလို့ရှိရင် ကိုယ်ပြုတဲ့ကုသိုလ် ကောင်းမှုပေါ်မှာ အင်မတန် အားရပါးရမဖြစ်ဘူးလား။ (ဖြစ်ပါတယ်)။ အဲဒါက ဒကာ၊ ဒကာမတွေ အလယ်တန်းဗုဒ္ဓ ဘာသာ။ သို့သော် အလယ်တန်းဗုဒ္ဓဘာသာအဆင့်အနေနဲ့ နိဗ္ဗာန်ဆိုတဲ့တရား မြင်နိုင်ပြီလား။ (မမြင်နိုင်ပါဘူး ဘုရား)။ လိုသေးတယ်နော်။

အဲဒီတော့ ဆိုလိုတာက၊ ဘာမှန်းမသိ၊ ညာမှန်းမသိ၊ ရောကောသောကောလုပ်တဲ့ ဗုဒ္ဓဘာ သာက ဘာအဆင့်၊ (မူလတန်းဗုဒ္ဓဘာသာ)။ ယခုလို ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မည်။ မကောင်းတာလုပ်ရင် မကောင်းတာ ဖြစ်မည်။ အဲဒီတော့ ဘုရားတည်ရင် ဘုရားတည်တဲ့အကျိုး ပေးမယ်ပေါ့။ ကျောင်းဆောက်ရင် ကျောင်းတည်တဲ့ အကျိုးပေးမယ်ပေါ့။ တရားထိုင်ရင် တရားထိုင်တဲ့ အကျိုးပေး။ သူ့အကျိုးပေးနဲ့ သူသိတဲ့အခါကျတော့ လုပ်ရကိုင်ရ ပြုရ ဆောင်ရွက်ရတာတွေ အားမရှိ ဘူးလား။ ဒီလိုဖြင့်ရင် ဒါနပြုရင် တခြားဖြစ်မှာလား၊ ချမ်းသာမှာလား။ (ချမ်းသာမှာပါဘုရား)။ သီလဆောက်တည်ရင် ဘာဖြစ်မလဲ။ ကျန်းမာမယ်။ ချမ်းသာမယ်။ အဲဒီ အကျိုးပေးကိုသိရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဒါနလည်း ရက်ရက်ရောရောပြုပြီပေါ့။ သီလလည်း လှိုက်လှိုက် လှဲလှဲ ဆောက်တည်ပြီပေါ့။ ဘာဝနာတရားလည်း နှင်လားငါလား မပွားဘူးလား။ အဲဒီလို အကြောင်း နဲ့ အကျိုး ကံနဲ့အကျိုးပေးကို သိထားရင် ဘာမဆို လုပ်ရကိုင်ရတာ အင်မတန် အားရှိစရာကောင်း တာ။ အဲဒါ ဘာဗုဒ္ဓဘာသာလဲ။ (အလယ်တန်းဗုဒ္ဓဘာသာ)။

အဲဒီတော့ အလယ်တန်းဗုဒ္ဓဘာသာသည် ဘာနဲ့ဘာကို ယုံကြည်လဲ။ (ကံနှင့်အကျိုးပေးကို ယုံပါတယ်ဘုရား)။ ကံနှင့်အကျိုးပေးကို ယုံဖို့ဆိုတာ သူများကို အားကိုးရမှာလား၊ ကိုယ့်ကိုယ်ကို အားကိုးရမှာလား။ (ကိုယ့်ကိုယ်ကို အားကိုးရမှာပါဘုရား)။ အဲဒီတော့ ကိုယ်ရဲ့ ကံ ဉာဏ် ဝီရိယနဲ့ ကြိုးစားလို့ သူဌေးဖြစ်လာတယ်။ စီးပွားဖြစ်လာတယ်။ ရာထူးဂုဏ်သိမ် တက်လာတယ်ဆိုတာဟာ နတ်ကမ,သလို ဟိုဝိဇ္ဇာကမ,သလိုဆိုရင် ကိုယ်ပြုခဲ့တဲ့ ကံတွေကို ပယ်ရာ မရောက်ဘူးလား။ (ရောက်ပါတယ်ဘုရား)။

www.burmeseclassic.com



ခုနက ပြောခဲ့တဲ့ ဖဋိလသူဌေးကြီး နောက်ဖေးက ရွှေတောင် ငွေတောင် ပေါက်တယ်။ သူ့အလိုလို ပေါက်တယ်ဆိုရင် ကံကို ပယ်ရာမရောက်ဘူးလား။ (ရောက်ပါတယ်ဘုရား)။ နတ်တွေ ဘာတွေက ဝိုင်းပြီးတော့ မ, တယ်ဆိုရင်လည်း ကံကို ပယ်ရာမရောက်ဘူးလား။ (ရောက်ပါတယ်)။ ကံကို ပယ်တဲ့အယူအဆသည် တခြားဒိဋ္ဌိလား၊ နိယတ မိစ္ဆာဒိဋ္ဌိလား။ (နိယတမိစ္ဆာဒိဋ္ဌိပါဘုရား)။ အဲဒါ သံသရာသစ်ငုတ်ဖြစ်သွားပြီ။ ရှင်းပြီနော်။

## ကိုယ့်ကိုကိုယ်အားနာပါ

အားလုံးဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ ကိုယ်ကိုယ်တိုင် သေသေချာချာ ကိုယ်ပြုမှ ကိုယ့်ကာယကံ ဝစီကံ မနောကံကြောင့် ကိုယ်အကျိုးပေးတယ်လို့ ယုံကြည်တာသည် အလယ်တန်း ဗုဒ္ဓဘာသာပါ။ ဒီလိုဖြင့်ရင် ယုံကြည်ပြီးရင် ဒီတိုင်းနေရမှာလား၊ ကျင့်သုံးရမှာလား။ (ကျင့်သုံးရမှာပါ ဘုရား)။ ဥပမာဆိုကြပါစို့ ဒကာ၊ ဒကာမတွေ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့တရား ၄-ပါး မရှိဘူးလား။(ရှိပါတယ်ဘုရား)။ အဲဒီတရား ၄-ပါးကယောဂီတို့ နေ့စဉ်ကျင့်သုံးရမယ့် ကိစ္စ။ အလယ်တန်းဗုဒ္ဓဘာသာတွေနော်။ အထက်တန်း မတက်သေးဘူး။ ဟုတ်လား။ မေတ္တာဆိုတာက သူတစ်ပါးကို ချမ်းသာစေတာ။ ကရုဏာဆိုတာက သနားတာ။ မုဒိတာဆိုတာ ဝမ်းမြောက်ဝမ်းသာ ဖြစ်တာ။ ဥပေက္ခာဆိုတာ လျစ်လျူရှုတာပေါ့။ ဘယ်နှစ်ချက်။ (လေးချက်ပါဘုရား)။ အဲဒါကို ဗြဟ္မစိုရ် တရားလေးပါးလို့ မခေါ်ဘူးလား။ ဒီလိုဖြင့်ရင် လူတိုင်းလူတိုင်း ဗြဟ္မစိုရ်တရားလေးပါးကိန်းဖို့ အရေးကြီးပါတယ်။ ကောင်းပြီ နေ့စဉ်နေ့တိုင်းသွားလာနေတဲ့ အခါကျတော့ “သဗ္ဗေသတ္တာ အဝေရာ ဟောန္တု” အကုန်လုံး မေတ္တာမပို့ရဘူးလား။ မေတ္တာပို့တယ်။ အို၊ ကိုယ်လည်းပဲချမ်းသာသလို သူတို့အားလုံး ချမ်းသာကြပါစေ။ ကာယကံ မေတ္တာ၊ ဝစီကံ မေတ္တာ၊ မနောကံ မေတ္တာ။ စိတ်က လည်းပဲ သူများကို ချမ်းသာစေချင်တဲ့စိတ် မရှိဘူးလား။ ပါးစပ်ကလည်းပဲ ချမ်းသာစေလိုတဲ့ ဝစီကံနဲ့ ပြောရမှာပေါ့။ မေတ္တာနဲ့ယှဉ်တဲ့ ဝစီကံနော်။ သူများကို နားမခံနိုင်အောင်ပြောတာနဲ့ နားဝင်ချိုအောင် ပြောတာနဲ့ တူပါ့မလား။ (မတူပါဘူး)။ ဝစီကံမေတ္တာ သိပ်အရေးကြီးတယ်နော်။

အဲဒီတော့ မိမိရဲ့ အမူအရာတစ်ခုကြောင့် သူတစ်ပါးကို အနှောင့်အယှက်ဖြစ်ရင် ကာယကံ မေတ္တာ မမည်ဘူး။ မိမိရဲ့ ကိုယ်အမူအယာတစ်ခုကြောင့် သူတစ်ပါး စိတ်ချမ်းသာသွားရင် ဒကာ၊ ဒကာမတွေ ကာယကံမေတ္တာ မမည်ဘူးလား။ အဲဒါကြောင့်မို့ ဘယ်သူကိုပဲဖြစ်ဖြစ် အားလုံးပေါ်မှာ ဒကာ၊ ဒကာမတွေ မေတ္တာထားရမှာပဲ။ မေတ္တာနဲ့ ပြောရမယ်။ မေတ္တာနဲ့ ဆောင်ရွက်ရမယ်ပေါ့။ အဲဒီမေတ္တာသည် မကောင်းတဲ့အလုပ်လား။ ကောင်းတဲ့အလုပ်လား။ (ကောင်းတဲ့ အလုပ်ပါဘုရား)။ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ အေး၊ မေတ္တာရှင် မေတ္တာကိန်းတဲ့ ပုဂ္ဂိုလ်သည် ဘယ် တော့မှ မကောင်းကျိုးမပေးဘူး။ ကောင်းကျိုးကိုပေးမှာ။ အဲဒါကြောင့်မို့လို့ မေတ္တာတရားကိုကိန်းပါ။ ဟော ကရုဏာတရား မုဒိတာတရား ဆိုပါစို့။ မုဒိတာဆိုတာတခြားလား၊ ဝမ်းသာတာလား။ (ဝမ်းသာ တာပါဘုရား)။ ဒီလိုဖြင့်ရင် ဝမ်းသာမှုဆိုတဲ့ မုဒိတာမဝင်ရင် ဣဿာမစ္ဆရိယ မနာလိုဝန်တိုတာ ဝင်တတ်တယ်။ ဆန့်ကျင်ဘက် တရားကနော်။

ဒီတော့ ဝမ်းသာခြင်းဆိုတာက လူတစ်ယောက်ဟာ ဥပမာ ကျန်းမာနေရင် ဟာ ဘယ်သူ တော့ ကျန်းမာနေတယ်။ ဝမ်းသာလိုက်တာ ဟာ၊ တကယ်ပဲ လိုက်လိုက်လှဲလှဲ ဝမ်းသာတာ။



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကပြောပြီး ရင်ထဲက ဒီကောင်သေတာ ကောင်းတယ်လို့ ဒီလိုလုပ်လို့မရဘူးနော်။ ဩော် သူတော့ ကျန်းမာနေတာပဲ ဝမ်းသာလိုက်တာလို့ လှိုက်လှိုက်လှဲလှဲဝမ်းသာမှ။ အဲဒီလို ဝမ်းသာတာ ပိုက်ဆံ တစ်ပြားမှမကုန်ဘူး။ ကုန်ရဲ့လား။ တစ်ပြားမှမကုန်ဘဲနဲ့ ဒကာ၊ ဒကာမတွေ ရတဲ့ကုသိုလ်။ ဘာကုသိုလ်လဲ။ (မုဒိတာ)။ ဝမ်းသာတဲ့ ကုသိုလ်၊ မုဒိတာ ကုသိုလ်လို့ ခေါ်တယ်။ ဟာ၊ ဘယ်သူ တော့ ရာထူးတွေတက်လို့ ဝမ်းမသာဘူးလား။ ပါးစပ်ကတော့ အမလေး ဝမ်းသာပါတယ်ဆိုပြီး ဒီကောင်တက်တာ အလကားပါ ဟော။ ပါးစပ်ကတော့ ဟုတ်ပါတယ်။ နောက်ကတော့ လက်ကို မခံဘူး။ ရှင်းပြီနော်။ အဲဒီတော့ မုဒိတာဆိုတာဘာလဲ။ ဝမ်းသာရမယ်။ ကိုယ်လည်းပဲ ကောင်းကောင်း လေး စားနေရင် ဝမ်းမသာဘူးလား။ ဒီလိုဖြင့်ရင် သူများလည်း ကောင်းကောင်းစားနေရင် ဝမ်းသာ တာပေါ့နော်။ အဲဒါဘာတဲ့လဲ။ မုဒိတာ။ ဝမ်းသာရတယ်ခေါ်တယ်–နော်။

အဲဒီတော့ ဥပမာ ဆိုကြပါစို့။ လူတစ်ယောက်က တိုးတက်နေတယ်။ ကြီးပွားနေတယ်၊ ချမ်းသာနေတယ်။ တစ်ခါတည်းမှကို ဒီကနေ့ သိန်းပေါင်းမြောက်မြားစွာ ချမ်းသာနေတယ်ဆိုရင် ဝမ်းနည်းရမှာလား။ (ဝမ်းသာရမှာပါ ဘုရား)။ ဝမ်းသာတဲ့ကုသိုလ်က ပိုက်ဆံငါးပြားမှ မကုန်ဘဲ အလိုလိုရတာ။ မုဒိတာစိတ်နဲ့သေ အနည်းလေးတော့ နတ်ပြည်မရောက်ဘူးလား။ ဒီတော့ ဒီနေရာ မှာ ဘုန်းကြီးတို့ သတိထားရမယ့်ကိစ္စနော်။ အလယ်တန်း ဗုဒ္ဓဘာသာတွေ သိပ်အရေးကြီးတယ်။ အဲဒီလိုမျိုး မုဒိတာ အချို့မပွားနိုင်ဘဲနဲ့ ဟာ–ဒီကောင် ကြီးပွားနေမှာပေါ့။ ဘယ်နေရာမှာ အချောင် ရလာလဲ။ ဟော လာပြီ။ မဟုတ်က ဟုတ်က။ ဘယ်နေရာ အဆိုးကိုတိုက်လာလဲ မလာဘူးလား။ ကောင်းတာလေး နှလုံးသွင်းလိုက်ရင် ကုသိုလ်ရမှာ။ ဟိုက မနာလိုဝန်တိုတဲ့စိတ်နဲ့ စိတ်ထဲမှာ ပေါက်ပန်းလေးဆယ်တွေ သွားပြီး မလိုလားအပ်တာတွေ စဉ်းစားလိုက်တော့ ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား။ (အကုသိုလ်စိတ်ပါ)။ အေး၊ အဲဒီစိတ်သည် မကောင်းကျိုးပေးမှာလား၊ ကောင်းကျိုးပေးမှာလား။ (မကောင်းကျိုးပေးမှာပါဘုရား)။ သူတစ်ပါးကြီးပွားချမ်းသာတာနဲ့ ကိုယ်က ဒုက္ခရောက်ဦးမယ်ဆိုတာ အဲဒါ မကျင့်သုံးတတ်လို့ပေါ့။

အဲဒီတော့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ နေ့စဉ်ကျင့်သုံး ရမယ့်ကိစ္စနော်။ ဘာပဲဖြစ်ဖြစ် သူတစ်ပါးကြီးပွားတာ ချမ်းသာတာ ကိုယ့်ထက်သာတာ တွေ့တိုင်း တွေ့တိုင်းကို ဘာလုပ်ရမလဲ။ ဝမ်းသာရမယ်။ အမလေး၊ ဟိုဒကာ ဟိုဒကာမ တယ်ချောပါလားဟေ့။ သူတစ်ပါး ချောတာ လှတာကြည့်ပြီးတော့ ဝမ်းသာရမယ်။ ဟာ ဒီကောင်မကြည့်ပါလား။ ဟော– မျက်စောင်းက ထိုးသွားပြီ။ မနာလိုတဲ့စိတ် မပေါ်ဘူးလား။ အဲဒီစိတ်က ကောင်းစိတ်လား။ မကောင်းစိတ်လား။ (မကောင်းစိတ်ပါဘုရား)။ မကောင်းစိတ်သည် ဘာအကျိုးပေး။ (မကောင်းတဲ့အကျိုး ပေးပါတယ် ဘုရား)။ မကောင်းကျိုးပေးမှာ။ သူများအကျိုး ပေးမှာမဟုတ်ဘူး။ ကိုယ်အကျိုးပေးတော့မှာ။ အဲဒါကိုသိထားတော့ ယောဂီတို့ ရှောင်နိုင် ကွင်းနိုင်တာပေါ့နော်။

အဲဒီတော့–နောက်ဆုံး လိုရင်းပြောကြပါစို့ဆိုရင် မိမိထက် ဘာပဲဖြစ်ဖြစ် အစစအရာရာ မြင့်မြတ်တဲ့ပုဂ္ဂိုလ် ရာထူးအားဖြင့်သော်လည်းကောင်း၊ စီးပွားဖြင့်သော်လည်းကောင်း၊ ရုပ်ရည်အား ဖြင့်သော်လည်းကောင်း၊ အတတ်ပညာအားဖြင့် သော်လည်းကောင်း၊ အသိုင်းအဝိုင်းအားဖြင့် အစစအရာရာ ကိုယ့်ထက် မြင့်မြတ်တဲ့ပုဂ္ဂိုလ်ကြီး တွေ့ရှိပြီဆိုရင် အမလေး ဝမ်းသာလိုက်တာ သူ့ ခမျာ ကံကောင်းလိုက်တာ ဝမ်းမသာရဘူးလား။ (ဝမ်းသာရပါတယ်)။ အဲဒီဝမ်းသာတဲ့ စိတ်နဲ့ဆို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်နှာမပြုံးဘူးလား။ ရင်ထဲမှာပြုံးတော့ မျက်နှာပါပြုံးလာပြီ။ ရှင်းပြီနော်။

ပါးစပ်ကတော့၊ အေး––ဝမ်းသာပါတယ်၊ ရင်ထဲကမကောင်းတာ သူ့မျက်နှာက ပေါ်နေပြီ။ အဲဒါတော့ သတိသာထား။ သို့သော် သတိထားဆိုတာ သူများထားဖို့မဟုတ်ဘူး။ ကိုယ့်ကိုယ်ကို ထားဖို့။ အဲဒီတော့ ပါးစပ်ကနေ ဝမ်းသာပါတယ်ပြောပြီး၊ ရင်ထဲက ဝမ်းမသာရင် တခြားကြည့်တာလား၊ ဒယ်အိုးကြည့်တာလား။ (ဒယ်အိုးကြည့်တာပါဘုရား)။ အဲ––သူတစ်ပါးကြီးပွားတာနဲ့ ကိုယ်က ဒယ်အိုးကို လှမ်းကြည့်တော့တာပဲ၊ မကျင့်သုံးတတ်လို့နော်။ အဲဒါကြောင့်မို့ သူတစ်ပါး ကိုယ့်ထက်ကြီးပွားချမ်းသာမှုတွေ့ရင် တခြားဖြစ်ရမှာလား၊ ဝမ်းသာ ရမှာလား။ (ဝမ်းသာရမှာပါဘုရား)။ ဝမ်းသာတာပေါ့။ ကိုယ့်ထက်နိမ့်ကျတဲ့ပုဂ္ဂိုလ်တွေ့ရင် ကရုဏာပွားရမယ်တဲ့။ ဒါ–– နေ့စဉ် ကျင့်သုံးဖို့နော်။

လူတစ်ယောက်ဟာ ကိုယ့်ထက် ရုပ်ရည်အားဖြင့်သော်လည်းကောင်း၊ စီးပွားအားဖြင့်သော်လည်းကောင်း၊ ရာထူးဂုဏ်သိမ်အားဖြင့်သော်လည်းကောင်း၊ ဘက်ပေါင်းစုံကနေ ကိုယ့်ထက်နိမ့်ကျရင် သြော်––သူ့ခမျာ ကံခေလိုက်တာ။ သနားပါတယ်ဆိုတော့ ရင်ထဲမှာ ကရုဏာဓာတ်တွေ မကိန်းဘူးလား။ အဲဒီ ကရုဏာရင်ထဲကိန်းနေခြင်းအားဖြင့် ဒကာ၊ ဒကာမတွေ မိမိမှာကောင်းကျိုးချမ်းသာရပါတယ်။ ဒါကယုံလည်း ယုံကြည်ရမယ်၊ ကျင့်လည်းကျင့်သုံးရမယ်။ အဲဒီလို ယုံကြည်ကျင့်သုံးနေတာသည် တခြားလား၊ အလယ်တန်းဗုဒ္ဓဘာသာလား။ (အလယ်တန်းဗုဒ္ဓဘာသာပါဘုရား)။ အဲဒီလို မယုံကြည်၊ မကျင့်သုံးဘူးဆိုရင် ဒကာ၊ ဒကာမတွေ ဒယ်အိုးက ကိုယ့်အတွက်လို့သာ ဆုံးဖြတ်ချက်ချ။ ရှင်းပြီနော်။

ခုန–ဥပေက္ခာဆိုတာ လျစ်လျူရှုတာပေါ့။ ဒါက ဘာနဲ့ပတ်သက် သလဲလို့ဆိုတော့ တစ်ခါတစ်လေ ဘုန်းကြီးတို့ အချင်းချင်းတွေ မတည့်တာတွေ ရှိတယ်ပေါ့။ တစ်ချို့ဆိုကြပါစို့၊ ကျောင်းတုန်းက ရန်စ ဆိုတာပေါ့။ ငယ်ငယ်တုန်းက ရန်ဖြစ်ထားတာ။ အဲဒါ တစ်သက်လုံးမခေါ်ကြတော့ဘူး။ တစ် သက်လုံးမခေါ်ပေမယ့် ဒီပုဂ္ဂိုလ်နှစ်ဦးကလည်း တစ်ရပ်ကွက်တည်းသွားနေ၊ ဆုံကြရော။ ခေါ်သာ မခေါ်တယ်။ စကားသာမပြောတယ်။ တစ်ယောက်ကောင်းစားတာလည်း တစ်ယောက်က မနာလို။ ဟော တစ်ခါတစ်လေ မနက်စောစောစီးစီး မျက်နှာချင်းဆိုင်များ လမ်းထဲတွေ့လိုက်ပြီ၊ ရှောင်လို့မရဘူး။ ဒီတစ်လမ်းတည်းရှိတာ။ အဲဒီအခါမျိုးကျတော့ ဒကာ၊ ဒကာမတွေ ကြည်ကြည်လင်လင်ရှိရဲ့လား။ မရှိဘူး။ ဒီလူ့မျက်နှာမှ မကြည့်ချင်ဘဲကိုး။ ဒီလူ့မျက်နှာမကြည့်ချင်တော့ ဒီလူ့မျက်နှာ စောစောစီးစီးမြင်လိုက်တဲ့အခါကျတော့ ပါးစပ်ကသာဖွင့်မပြောတယ်။ စောစောစီးစီး ငါမြင်ရတာကွာ၊ ငှက်ဆိုးထိုးတာမျိုးလို့။ ဟော၊ ဒင်းမျက်နှာကြည့်ရတာ တစ်ခါတည်းမှကို ပူလောင်လိုက်တာလို့ မလာဘူးလား။ ပါးစပ်ကသာ ဖွင့်မပြောတာ စိတ်ထဲက အဲဒီအတိုင်း ထွက်သွားတာပဲ။

သို့ဖြင့် အဲဒီစိတ်သည် တခြားစိတ်လား၊ အကုသိုလ်စိတ်လား။ (အကုသိုလ် စိတ်ပါဘုရား)။ ဒီတော့မှ မိမိတို့ကနေပြီးတော့ သြော်၊ သူလည်း သူ့လမ်းသူလျှောက်၊ ကိုယ်လည်း ကိုယ့်လမ်းကိုယ်လျှောက် ဆိုတော့ စိတ်ထဲမှာ မငြိမ်းချမ်းဘူးလား။ အဲဒါကို ဘုန်းကြီးတို့ ဥပေက္ခာလို့ ခေါ်ပါတယ်။ ဒီတော့ ကိုယ့်မုန်းတဲ့လူနဲ့ တွေ့ရင် ဥပေက္ခာပြုပါ။ မုန်းတဲ့လူနဲ့တွေ့ရင်လည်း ဥပေက္ခာပြုပါ။ ဒီတော့ အများကို ကိုယ်နဲ့တန်းတူရည်တူ တွေ့ရင်လည်း မေတ္တာထားပါ။ တန်းတူ ရည်တူတွေ့ရင်လည်း မေတ္တာထားပါ။ ကိုယ့်ထက်မြင့်တဲ့ ပုဂ္ဂိုလ်တွေ့ရင်လည်း ကရုဏာထားပါ။

ပဋ္ဌိစ္စသမုပ္ပါဒ်ဖြတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြင့်ရင် မေတ္တာရယ်၊ ကရုဏာရယ်၊ မုဒိတာရယ်၊ ဥပေက္ခာ ရယ်၊ ကောင်းပြီ။ အဲဒီ ဗြဟ္မစိုရ် တရား၄-ပါးက ယောဂီတို့ တော်တော်များများက ရွတ်ပဲနေကြတယ်။ **"သဗ္ဗေသတ္တာ အဝေရာဟောန္တု"** စသည်ဖြင့် မရွတ်ဘူးလား။ အဲဒီတော့ ဒီတရားတွေက ရွတ်ရမှာလား၊ ကျင့်သုံးရမှာလား။ (ကျင့်သုံးရမှာပါဘုရား)။ ရွတ်တာက ကုသိုလ်ရတယ်။ ရွတ်တာက ကုသိုလ်မရဘူးလား။ (ရပါတယ်)။ တကယ်ကျင့်သုံးမှ ကျေးဇူးများတယ်ပေါ့။ အဲဒါကိုယုံကြည်တာသည် ဘာဉာဏ်ကိုယုံ။ (ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ကို ယုံတာပါဘုရား)။ အဲဒါကို ကျင့်သုံးတာသည် ကမ္မဿကတာသမ္မာဒိဋ္ဌိ အနေနဲ့မကျင့်သုံးဘူးလား။ အဲဒီလို ကျင့်သုံးလို့ရှိရင် မကောင်းတာအကျိုးပေးမှာလား၊ ကောင်းတာအကျိုးပေးမှာလား။ (ကောင်းတာအကျိုးပေးမှာပါဘုရား)။ ဒါကို ယုံကြည်ပြီး ယောဂီတို့ ကျင့်သုံးတာဟာ အဲဒါက အလယ်တန်းဗုဒ္ဓဘာသာပါ။ သို့ဖြင့် အလယ်တန်း ဗုဒ္ဓဘာသာဖြစ်ဖို့တောင်မှ ဒကာ၊ ဒကာမတွေ လွယ်ပါ့မလား။ (မလွယ်ပါဘူး)။ တော်တော်ကြိုးစားရပါတယ်နော်။

ဒီတော့ ကောင်းပြီ။ အလယ်တန်းဗုဒ္ဓဘာသာ ကျင့်သုံးနေရုံနဲ့ နိဗ္ဗာန်မရသေးဘူး။ ဘာလို့ဆို သူက ကံကို စနစ်တကျကျင့်သုံးတာကိုး။ ဘာကိုကျင့်သုံးနေတာလဲ။ (ကံကို ကျင့်သုံးတာပါဘုရား)။ ဒီတော့ ကံကို စနစ်တကျကျင့်သုံးတော့ ကံနဲ့ကျင့်သုံးလို့ရှိရင် သူက ကောင်းတာပဲဖြစ်မယ်။ ကောင်းတာဖြစ်တော့လည်းပဲ လူချမ်းသာရမယ်၊ နတ်ချမ်းသာရမယ်၊ ဗြဟ္မာချမ်းသာရမယ်ပေါ့။ ဘာချမ်းသာပဲရရ၊ တခြားက စတာလား၊ ဇာတိက စတာလား။ (ဇာတိက စတာပါဘုရား)။ ဇာတိ ဘာသစ္စာ (ဒုက္ခသစ္စာ)။ ဒုက္ခသစ္စာပဲ။ ဇာတိ ဘာသစ္စာ။ (ဒုက္ခသစ္စာပါ ဘုရား)။

ဒီလိုဖြင့် ဒုက္ခသစ္စာဆိုတော့ ဇာတိရတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ဘာလာလဲ။ (ဇရာမရဏလာပါတယ်ဘုရား)။ ဇရာမရဏဆိုတာ အိုနာသေပေါ့။ ဒီလိုဖြင့် အိုနာသေ ဘာသစ္စာ။ (ဒုက္ခ သစ္စာပါဘုရား)။ အဲဒီတော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်လောက်ကို နားလည်ပြီးကျင့်သုံးနေရုံနဲ့ ဒုက္ခကနေ လွတ်ပါ့မလား။ (မလွတ်ပါဘူး)။ ဒီလိုဖြင့် ဒီနေ့ ယောဂီသူတော်စင်တို့ဟာ အခုလို ဆင်းရဲပင်ပန်းခံပြီးတော့ကာ ဒါနတွေပြု၊ သီလတွေဆောက်တည်၊ သမထ ဝိပဿနာတွေ ပွားနေတာဟာ ဒုက္ခရောက်ဖို့လား၊ ဒုက္ခလွတ်ဖို့လား။ (ဒုက္ခလွတ်ဖို့ပါဘုရား)။ ဒုက္ခလွတ်နိုင်တဲ့ ဗုဒ္ဓဘာသာ ဖြစ်ဖို့လိုတယ်။ ဒုက္ခလွတ်နိုင်တဲ့ ဗုဒ္ဓဘာသာက အထက်တန်းဗုဒ္ဓဘာသာ။ ဘာဗုဒ္ဓဘာသာလဲ။ (အထက်တန်းဗုဒ္ဓဘာသာပါ ဘုရား)။ သို့ဖြင့် ခုန မူလတန်းဗုဒ္ဓဘာသာရဲ့ အနေအထားလည်း ပြောပြီးပြီ။ အလယ်တန်းဗုဒ္ဓဘာသာ ကံနဲ့အကျိုးကို ယုံကြည်တာကျင့်သုံးတာလည်းပြောပြီးပြီ။ အခု ယောဂီတို့ တစ်ဆင့်ကျန်တာ ဘာတဲ့လဲ။ (အထက်တန်းဗုဒ္ဓ ဘာသာပါဘုရား)။

အဲ--အထက်တန်းဗုဒ္ဓဘာသာကျတော့ ဒကာ၊ ဒကာမတွေ ဟော နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ လက္ခဏာဉာဏ်၊ မဂ်ဉာဏ်။ အဲဒီ ဉာဏ်လေးဉာဏ်နဲ့ အဖုံးလေးချက်ပွင့်ရင် တခြားမြင်ရမှာလား၊ နိဗ္ဗာန်မြင်ရမှာလား။ (နိဗ္ဗာန်မြင်ရမှာပါ)။ သို့ဖြင့် နိဗ္ဗာန်ကို မြင်နိုင်ဖို့အတွက်က ဗုဒ္ဓဘာသာမှာ အမြင့်ဆုံး ဗုဒ္ဓဘာသာဖြစ်ဖို့လိုတယ်။ အခုအဆင့် ဘုန်းကြီးတို့ ခွဲလိုက်တာ ဘယ်နှဆင့်လဲ။ (၃-ဆင့်ပါဘုရား)။ မူလတန်း ဗုဒ္ဓဘာသာကတစ်ဆင့်၊ အလယ်တန်း ဗုဒ္ဓဘာသာက တစ်ဆင့်၊ အထက်တန်း ဗုဒ္ဓဘာသာက တစ်ဆင့်။ ဘယ်နှစ်ဆင့် (၃-ဆင့် ပါ ဘုရား)။ သို့ဖြင့် အထက်တန်းဗုဒ္ဓဘာသာကို ရနိုင်ဖို့အတွက်က ဘာလိုလဲ။ ဉာဏ်။ ဘာလိုပါလိမ့်။ (ဉာဏ်လိုပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဘုရား)။ ဒီလိုဖြင့် အလယ်တန်း ဗုဒ္ဓဘာသာက ကံ။ အထက်တန်းဗုဒ္ဓဘာသာက ဉာဏ်။ ဘာဉာဏ်တွေလဲဆိုတော့ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ လက္ခဏာဉာဏ်၊ မဂ်ဉာဏ်။ သို့ဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတာဟာ ရုပ်နဲ့နာမ်ကို ပိုင်းခြားသိရမှာ။ ဘာနဲ့ ဘာကို ပိုင်းခြားသိ။ (ရုပ်နဲ့နာမ်ကို ပိုင်းခြားသိရမှာပါဘုရား)။

ဒီတော့ အဖိုးတန်တဲ့ လူ့ဘဝ လူ့လောကကြီးကို ဤကားရုပ်၊ ဤကားနာမ် ဆိုပြီး ရုပ်နဲ့နာမ်ကိုမှ ပိုင်းခြားမသိဘူးဆိုလို့ရှိရင် ဘာပုထုဇဉ်လဲ။ (အန္ဓပုထုဇဉ်ပါဘုရား)။ အဲဒီ ပုထုဇဉ်ဆိုတော့ နိဗ္ဗာန်သည် သူနဲ့အဝေးကြီး။ ဘာမှ မဆိုင်တော့ဘူး။ သို့ဖြင့် အထက်တန်း မရောက်တော့ဘူးပေါ့။ အဲဒီတော့ အရေးကြီးတာက ကံနဲ့အကျိုးပေးကို ယုံကြည်လို့ သဘောပေါက်လို့ ကျင့်သုံးပြီးရင် ဒီတိုင်း ဒကာ၊ ဒကာမတွေ ရပ်မနေနဲ့။ အထက်တန်းတက်ဖို့ကတော့ ဘာဉာဏ်ရ,ရမလဲ။ (နာမရူပ ပရိစ္ဆေဒဉာဏ် ရ-ရပါမယ်ဘုရား)။ အဲဒီတော့ ရုပ်နဲ့နာမ်ကို ယောဂီတို့ နားလည်ရမယ်။ ရှုရမယ်။ ရုပ်နဲ့နာမ်ကို နားလည်ဖို့၊ ရှုဖို့ဆိုတာက သူများတိုင်ပင်မနေနဲ့တော့။ ရုပ်နာမ်နှစ်ပါးကို ရှုဖို့လို့က အရေးမကြီးဘူးလား။ (ကြီးပါတယ် ဘုရား)။ ဒါကြောင့် ဆရာတော်ဘုရားများက ဆုံးမထားတာ။

ရုပ်နာမ် နှစ်ပါး ရှုပွားဖို့ရာ၊
ဘာမျှဝန်လေး သင်ငေးနေတာ၊
နေ့ရက်လဖြုန်း သေဆုံးတော့မှာ၊
သင့်ဘဝ သင်မှအားမနာ။

ရုပ်နဲ့နာမ်ကို မရှုရင်၊ ကိုယ့်ကိုယ်ကို သိပ်အားနာစရာကောင်းတယ်။ ကဲ-ဒီဆောင်ပုဒ်လေးနဲ့ ဒကာ၊ ဒကာမတွေ နိဂုံးချုပ်ရအောင်နော်။ အဲဒီတော့ ရုပ်နဲ့နာမ်နဲ့ အင်မတန်အဖိုးတန်တဲ့ လူ့ဘဝကြီးမှာ ဤကား ရုပ်၊ ဤကား နာမ်လို့ ရုပ်နဲ့နာမ်ကို မသိ၊ ရုပ်နဲ့နာမ်ကို မရှုဘူးဆိုလို့ရှိရင် ကိုယ့်ကိုယ်ကို အင်မတန်အားနာစရာကောင်းတယ်။ ကိုယ့်ကိုယ်ကို အင်မတန်ရှက်စရာကောင်းတယ်။

အဲဒီလိုမဖြစ်ရအောင် ဒကာ၊ ဒကာမများ အရေးကြီးတာ ဘာဉာဏ်ရမှ။ (နာမရူပ ပရိစ္ဆေဒဉာဏ်ပါဘုရား)။ နောက်တစ်ချိန်ကျတော့ ဆက်ဟောမယ် ဟုတ်လား။ ဒီနေ့တော့ ဒီလောက်နဲ့ပဲ နိဂုံးချုပ်ပြီး၊ကဲ တရားပွဲနားလိုက်ကြရအောင်နော်။

(သာဓု --- သာဓု --- သာဓု)



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉–ရက် (၁.၉.၂၀၀၂) နံနက်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**ခန္ဓာထဲအရောက်ပို့**

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ --

ဤဓမ္မသဘင် ဆင်ယင် ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက်ရှိပြီ။ (ရ–ရက်ရှိပါပြီဘုရား)။ ယနေ့ရ–ရက်မြောက်နံနက်တရားပွဲ ဖြစ်ပါတယ်နော်။ စခန်းတစ်ပွဲ တစ်ပွဲလည်း တယ်မကြာလှဘူး။ ဟော၊ အခုပဲ ရ–ရက် ဖြစ်သွားပြီ။ ဟုတ်လား (မှန်လှပါ ဘုရား)။

အေး၊ ယနေ့ ရ–ရက် နံနက်ပိုင်းသင်တန်း ကျေးဇူးပြုရမှာဖြစ်တော့ အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း ဆိုတဲ့ သာသနာသုံးရပ်ကိန်းအောင် အားလုံး ယောဂီတွေ အားထုတ်နေကြတာနော်။ သာသနာ ဘယ်နှစ်ရပ်ကိန်းဖို့။ (သုံးရပ်ကိန်းရမှာပါ ဘုရား)။ သာသနာသုံးရပ်ကိန်းဖို့ဆိုတာက ပရိယတ္တိသာသနာဆိုတာက ဆရာ့တာဝန်ပေါ့နော်။ ပဋိပတ္တိ သာသနာကိန်းဖို့ဆိုတာကတော့ ယောဂီတို့ရဲ့တာဝန်နော်။ ပဋိဝေဓသာသနာ ကိန်းဖို့ကတော့ ဓမ္မ တာဝန်ပေါ့။ ဒီလိုဖြင့် ယနေ့ အားလုံးသော ဘုန်းကြီးတို့ အားလုံး ယောဂီ ဒကာ၊ ဒကာမတွေ တာဝန်ကြီးသုံးရပ် ဦးထိပ်ထားရမယ်နော်။ တာဝန်ကြီး ဘယ်နှစ်ရပ်လဲ။ (သုံးရပ်ပါဘုရား)။ ဆရာ့ တာဝန်ရယ်။ ယောဂီရဲ့ တာဝန်ရယ်။ ဓမ္မတာဝန်ရယ်လို့တာဝန်ကြီး ဘယ်နှစ်ရပ်လဲ။ (သုံးရပ်ပါ ဘုရား)။

ဒီတော့ ဆရာ့တာဝန်အနေနဲ့ ယောဂီတို့ကို ခေါင်းစဉ် ရ–မျိုး ကြေညာထားပြီးပေါ့။ ခန္ဓာ၊



www.burmeseclassic.com

www.burmeseclassic.com



အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ အရှုံး၊ အရှုံးဉာဏ် ဒီတရားတွေကို သဘောပေါက်နားလည်အောင် ပြောပေးဖို့ကတော့ ဆရာ့တာဝန်ပေါ့။ (မှန်လှပါ)။

ဟော – ဒကာတာဝန်၊ ယောဂီတို့ရဲ့တာဝန်က တရားတွေကိုသိပြီးရင် ဒီတိုင်း စာအုပ်ထဲထားလို့မရဘူး။ ခန္ဓာထဲအရောက် ပို့ရမယ်။ ခန္ဓာထဲအရောက် ပို့ရမယ်ဆိုတော့ အားထုတ်ရမယ်ပြောတာ။ အားမထုတ်လို့ကတော့ ယောဂီတို့ ပျောက်သွားမယ်ပေါ့။ သညာဆိုတာက ခုမှတ် ခုပျောက်နိုင်တယ်။ အဲဒီ သညာကနေ ပညာရအောင်ကတော့ဖြင့် ဒကာ၊ ဒကာမတို့ ဘုန်းကြီးတို့ တကယ့်ကို ခန္ဓာနဲ့ရင်းရမယ်။ အဲဒီခန္ဓာနဲ့ရင်းနိုင်ဖို့အတွက်ကို သတိပဋ္ဌာန်တရား ၄–ပါးနဲ့ အားထုတ်ရမှာ။ ဘယ်နှပါး။ (၄–ပါးပါ ဘုရား)။ ၄–ပါးမှာ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆိုပြီး သတိပဋ္ဌာန် ဘယ်နှပါးလဲ။ (၄–ပါးပါဘုရား)။ အဲဒီလေးပါးဖြင့် လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါးမှာ သတိပဋ္ဌာန် ၄–ပါးနဲ့တွဲပြီးတော့ အားထုတ်မယ်ဆိုရင် ခုန ယောဂီတို့ရဲ့ တာဝန်၊ မိမိတာဝန် ကျေပါတယ်။ ရှင်းကောရှင်းရဲ့လား။ ဘယ်လိုအားထုတ်ပါဆိုတာကတော့ ဆရာသမားက သင်မယ်ပေါ့။ ဥပမာ – စကြံလျှောက်မယ်ပေါ့။ အမြဲတမ်း လူ့ဘဝမှာ ဒကာ၊ ဒကာမတွေ ခြေထောက် ရှိနေသရွေ့ သွားကြ၊ လာကြမယ်ပေါ့။ မိုးလင်းလို့ မျက်လုံးနှစ်လုံးပွင့်လာပြီးဆိုကတည်းက ဒကာ၊ ဒကာမတွေ လှုပ်ရှားလာပြီပေါ့။ သွားလိုက် လာလိုက်၊ သွားလိုက် လာလိုက်နဲ့ လှုပ်ရှားမှု မရှိဘူးလား။ (ရှိပါတယ်ဘုရား)။

## အဝိဇ္ဇာခြေလှမ်းများ

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ သွားလာနေတဲ့ ဘယ်ခြေထောက်ကလေးတွေ၊ ညာခြေထောက်ကလေးတွေ၊ လှမ်းတိုင်း လှမ်းတိုင်း လှမ်းတိုင်းဟာ ၂–မျိုးပဲရှိတယ်။ အဲဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အမေမွေးပေးလိုက်တဲ့ ဟောဒီခြေထောက်တွေဟာနော်၊ ကုသိုလ်နဲ့ လှမ်းတာနဲ့ အကုသိုလ်နဲ့လှမ်းတာ ဘယ်နှစ်မျိုးရှိလဲ။ (၂–မျိုးပါ ဘုရား)။ သို့ဖြင့် ဘယ်လိုက ကုသိုလ်နဲ့လှမ်းတာလဲ၊ ဘယ်လိုက အကုသိုလ်နဲ့လှမ်းတာလဲဆိုတာ ပဋိစ္စသမုပ္ပါဒ် နားမလည်ရင် မသိဘူး။ (မှန်လှပါ)။ ပဋိစ္စသမုပ္ပါဒ် ဟောဒီပုံသေနည်းထဲကို ထည့်လိုက်တဲ့အခါကျတော့မှ မိုးလင်းလာလို့ လှမ်းနေတဲ့ခြေလှမ်းတွေဟာ ကိစ္စဝိစ္စရှိလို့ ပျာယာခတ်ပြီးလှမ်းရင် သောကနဲ့လှမ်းတာပေါ့။ ဘာနဲ့လှမ်းတာလဲ။ (သောကနဲ့လှမ်းတာပါဘုရား)။ သောကောတိဒေါသော။ သောကဆိုတာ တကယ်တော့ ဒေါသပဲ။ သောကဆိုတာ ဘာတဲ့လဲ။ (ဒေါသပါဘုရား)။ ဒီလို ဖြင့် အဲဒီခြေထောက်သည် တခြားနဲ့လှမ်းတာလား၊ ဒေါသနဲ့လှမ်းတာလား။ (ဒေါသနဲ့ လှမ်းတာပါဘုရား)။

ဒီလိုဖြင့် စားဖို့အတွက် စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး၊ သားရေး၊ သမီးရေး၊ စီးပွားရေး ကိစ္စအဝဝတွေ ပျာယာခတ်ပြီးတော့လှမ်းနေတဲ့ ခြေလှမ်းက လောဘနဲ့လှမ်းတာ။ ဘာနဲ့ လဲ။ (လောဘနဲ့ပါဘုရား)။ မနက် မိုးလင်းလာရင် ဘယ်လိုစားရမလဲ၊ ဘယ်လိုလုပ်ရမလဲ။ တစ်ခါ တည်းမှကို ကိုယ့်အတွက် စားဖို့အတွက်ကို စဉ်းစားရတယ်။ မစဉ်းစားဘူးလား။ (စဉ်းစားပါတယ်)။ ဒီလိုဖြင့် အဲဒီလှမ်းနေတဲ့ခြေလှမ်းသည် ဘာနဲ့လှမ်းတာလဲ။ (လောဘနဲ့လှမ်းတာပါဘုရား)။ ဒါ

www.burmeseclassic.com



ဘုန်းကြီးတို့ ပဋိစ္စသမုပ္ပါဒ်ရဲ့ပုံသေနည်းထဲ ထည့်လိုက်တဲ့အခါကျတော့ အင်မတန် ကြောက်စရာကောင်းပါတယ်။

ဒီတော့ ဒီလို လှမ်းတိုင်းလှမ်းတိုင်းကို ပျာယာတွေခတ်ပြီးတော့ အမှုမဲ့ အမှတ်မဲ့ လှမ်းမယ်ဆိုရင် မောဟနဲ့ လှမ်းတာပေါ့။ ဘာနဲ့လှမ်း (မောဟနဲ့လှမ်းတာ ပါဘုရား)။ ပဋိစ္စသမုပ္ပါဒ်အရပြောရင် တခြားနဲ့လှမ်းတာလား။ အဝိဇ္ဇာနဲ့လှမ်းတာလား။ (အဝိဇ္ဇာနဲ့လှမ်းတာပါဘုရား)၊ ပြန်ပြီးစဉ်းစားပါ။ ဘုန်းကြီးက ဒေသနာစဉ်တွေကို ကိုယ့်ဆွေတော်မျိုးတော်တွေကို ကျေးဇူးပြုတယ်။ နားက တရားနာပြီးတော့ ဉာဏ်ကခန္ဓာလှည့်ဆိုတော့ အင်း။ မိုးလင်းကမိုးချုပ် ကိုယ်လှမ်းနေတဲ့ ခြေထောက်တွေ၊ မီးဖိုချောင်ထဲလှမ်းနေတဲ့ ခြေထောက်တွေ အိမ်ဦးခန်းမှာလှမ်းတဲ့ ခြေထောက်တွေ၊ အပြင်သွားလို့ လှမ်းနေတဲ့ ခြေထောက်တွေ၊ စီးပွားရေး ကြီးပွားရေး လူမှုရေးကိစ္စတွေ သွားလာ လှုပ်ရှားနေတဲ့ ခြေထောက်တွေဟာ ဘာနဲ့လှမ်းနေတာဘဲ။ ဘာအသိတွေကပ်ပြီး လှမ်းနေတာလဲဆိုတာ ကဲ–ခုစဉ်းစား ခုမပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ လောကမှာ ပဋိစ္စသမုပ္ပါဒ်နဲ့လွတ်တဲ့တရားဟူ၍ ရှိရဲ့လား။ (မရှိပါဘူးဘုရား)။ မရှိဘူးနော်။ မနက်မိုးလင်း အိပ်ရာထလို့ ခြေလှမ်းလှမ်း လိုက်တယ်။ မီးဖိုဝင်မယ်၊ ကုဋီဝင်မယ်၊ ရေချိုးခန်းဝင်မယ်၊ အမျိုးမျိုး သွားလာ နေတဲ့ခြေလှမ်းတွေဟာ လောဘ၊ ဒေါသ၊ မောဟ တစ်ခု မဟုတ် တစ်ခုပဲ။ အသိ သတိမကပ်ဘဲနဲ့ အမှုမဲ့အမှတ်မဲ့ လှမ်းတဲ့ခြေလှမ်းတိုင်းသည် တခြားနဲ့ လှမ်းတာ လား၊ အဝိဇ္ဇာနဲ့လှမ်းတာလား။ (အဝိဇ္ဇာနဲ့လှမ်းတာပါ ဘုရား)။ ဒီလိုဖြင့် အဲဒီခြေလှမ်းသည် ကုသိုလ်ခေါ်မလား၊ အကုသိုလ်ခေါ်မလား။ (အကုသိုလ် ခေါ်မှာပါဘုရား)။ ဒီလိုဖြင့်ရင် မိုးတောင် မလင်းသေးဘူး ဒကာ၊ ဒကာမတွေ အိမ်တွင်းကနေ အိမ်ပြင်မထွက်သေးဘူး။ အကုသိုလ်တွေ တစ်ပုံကြီး မဖြစ်ဘူးလား။ (ဖြစ်ပါတယ်)။

ဒါကြောင့်မို့လို့ ကိုယ့်ကိုယ်ကို သတိမထားလို့များ အမှုမဲ့ အမှတ်မဲ့နဲ့ စားရေး၊ ဝတ်ရေး၊ ကျန်းမာရေး၊ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ အချိန်ကုန်သွားရင် သိပ်နစ်နာပါတယ် ယောဂီတို့။ အဲဒီလိုမျိုး ဖြစ်တတ်လွန်းလို့ ဖြစ်နေကြလို့ ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက မိန့်သွားတယ်နော်။ ခြေလှမ်းတိုင်းဟာ ဒကာ၊ ဒကာမတွေ အပါယ်ကျဖို့ လှမ်းတဲ့ ခြေလှမ်းတွေပဲလို့ ဆရာတော်မိန့်တာ။ ဒီတော့ ဆရာတော်ကြီးသည် တကယ့်ကရုဏာဓာတ် အပြည့်အဝဖြင့် တပည့် ဒကာ၊ ဒကာမတွေကို တကယ့်ကို အပါယ်ကိုကျမှာစိုးလို့ ဆုံးမတော်မူတဲ့စကားက အင်မတန် လေးနက်တယ် ဒကာ၊ ဒကာမတွေ။

အဲဒီလိုများ အသိ သတိမရှိရင် ခုန မြေကြီးထဲမပါနိုင်ဘူးလား။ (ပါနိုင်ပါတယ်)။ အပါယ်ကျပါလိမ့်မယ်။ ဒါကြောင့် မြတ်စွာဘုရားက လူတစ်သိန်းသေလို့ သုဂတိ တစ်ယောက်မရောက်ဘူးဆိုတာ ဒါပြောတာ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်)။

## အဝိုင်းပြေးသံသရာ

အဲဒါကြောင့်မို့ အဲဒါ တခြားနားမလည်လို့လား။ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့လား။ (ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ပါဘုရား)။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ် နားလည်နိုင်ဖို့အတွက် နံပါတ်တစ်

www.burmeseclassic.com



ပရိယတ် သာသနာသည် တခြားတာဝန်လား။ ဆရာ့တာဝန်လား။ (ဆရာ့တာဝန်ပါဘုရား)။ နားလည်အောင် ပြောပေးဖို့ တာဝန်ပေါ့။ နားလည်အောင်ပြောပေးလို့ နားလည်သွားရင် ယောဂီတို့ ဒီတိုင်းမနေပါနဲ့။ ကျင့်ပါ။ ဘာလုပ်ရမလဲ။ (ကျင့်ရမှာပါဘုရား)။ ကျင့်သာကျင့်။ အမလေး ဘုရားတပည့်တော်တို့ ကျင့်နေတာ တစ်နှစ်ရှိပြီ၊ နှစ်နှစ်ရှိပြီ၊ သုံးနှစ်ရှိပြီ၊ ဘာမှမမြင်ပါလား။ အဲဒါ ကိုယ့်ကိစ္စမဟုတ် ဘူး။ ထည့်မပြောနဲ့။ ကိုယ့်အကြောင်း တစ်ခုမှမပါဘူးနော်။ ဘုန်းကြီးတို့ ယောဂီတို့ရဲ့ကိစ္စက ဒီ အတိုင်းကျင့်ပါဆို အဲဒီအတိုင်း ကျင့်သွား။ သို့သော် အရေးကြီးဆုံးက နည်းလမ်း စည်းကမ်းမှန်ဖို့ အရေးကြီးတယ်။ အဲ–ဒါကြောင့် ဆရာကောင်းနဲ့တွေ့ပါစေလို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ကောင်းမှုကုသိုလ်လုပ်တိုင်းလည်း ဆုတောင်းရပါတယ်။ ဘုန်းကြီးက မတောင်းနဲ့ ဆိုသော်လည်း ခုတော့တောင်းပါလို့ ပြောပြန်ပြီ။ ဒါကတော့ တောင်းရမှာပေါ့ဗျာ မဟုတ်ဘူးလား။ အဲဒီတော့ ဆရာကောင်းနဲ့တွေ့လို့ရှိရင် ဆက်တောင်းဦးမှာလား၊ အလုပ်လုပ်ရမှာလား။ (အလုပ် လုပ်ရမှာပါဘုရား)။

တကယ်တော့ ယခု ယောဂီတို့ ရှုရမှာက ဘာရှုရမှာလဲ။ (ဝိပဿနာပါ ဘုရား)။ ဝိပဿနာ ဆိုရင် ပစ္စုပ္ပန်တည့်တည့်ခန္ဓာ (ဝါ) ပဋိစ္စသမုပ္ပါဒ်ခန္ဓာကိုရှုရမယ်။

ပဋိစ္စသမုပ္ပါဒ်ခန္ဓာဆိုတော့ ဗြုန်းခနဲ ဒီတရားတွေမနာဖူး၊ မလေ့လာဖူးတဲ့သူဆိုတော့ ဘာတုန်း ပဋိစ္စသမုပ္ပါဒ်ခန္ဓာ။ မပူပါနဲ့။ အာယတနရယ် တွဲသင်ရမှာပေါ့။ အခု ပဋိစ္စသမုပ္ပါဒ်ရဲ့ နံပါတ်နှစ် အကွက်ထဲမှာ အလယ်ကောင်မှာ သဠာယတန မရှိဘူးလား။ (ရှိပါတယ်)။ သဠာယဘနရှိတယ်။ ဒါက မသင်လို့ကို မရဘူး။ အရေးကြီးဆုံးကိစ္စလို့ ပြောလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပဋိစ္စသမုပ္ပါဒ် တွင် သံသရပဋိစ္စသမုပ္ပါဒ်၊ ခန္ဓပဋိစ္စသမုပ္ပါဒ်လို့ ခွဲခြားသိဖို့လိုပါတယ်။ သံသရ ပဋိစ္စသမုပ္ပါဒ်က တခြားကစတာလား၊ အဝိဇ္ဇာကစတာလား။ (အဝိဇ္ဇာက စတာပါဘုရား)။ ခန္ဓပဋိစ္စသမုပ္ပါဒ်က သဠာယတနကစတယ်။ ဒါ ပစ္စုပ္ပန်မှာ သဠာယတနက စတယ်။ အဝိဇ္ဇာက စခဲ့တာက ပဋိစ္စသမုပ္ပါဒ်ရဲ့ ဒေသနာအရ အတိတ်မို့လို့ ပြီးခဲ့ပြီနော်။ ပစ္စုပ္ပန်မှာ ဟောဒီ သဠာယတနဖြစ်တိုင်း ဖြစ်တိုင်း အဝိဇ္ဇာတွေ တဏှာတွေ ပြန်ပြန်ဝင်တာပေါ့နော် ဟုတ်လား။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ဘုရားကိုယ်တိုင်နည်းပေါင်းစုံနဲ့ဟောတာ။ နည်းပေါင်းစုံနဲ့ ဟောခဲ့ လို့ အဋ္ဌကထာဆရာတော် သူ့ရဲ့ဉာဏ်တော်တို့ဟာ သမုဒ္ဒရာအလယ်ကောင်မှာဆင်းတဲ့ ယုန်သူငယ် လို ဖြစ်သွားတယ်ဆိုတာ ဉာဏ်မမီတော့ဘူး။ ကျယ်ဝန်းလွန်းလို့ ယောဂီတို့၊ ရှင်းကောရှင်းရဲ့လား။ ဒီတော့ ပဋိစ္စသမုပ္ပါဒ် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး အဝိဇ္ဇာက ဖောက်ဟောသွားတာလည်း ဟောသွားတာပဲ။ သင်္ခါရကနေ ဖောက်ဟောသွားတာရှိတယ်။ ဝိညာဏ်ကနေ ဖောက် ဟောသွား တာရှိတယ်။ နာမ်ရုပ်ကနေဟောတယ်။ သဠာယတနကနေ ဟောတယ်။ ဖဿကနေ ဟောတယ်။ အမျိုးမျိုးနည်းပေါင်းစုံနဲ့ ဟောတယ်။

ကဲ ဒီတော့ ကိုယ်နဲ့ ပတ်သက်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို စရမယ်ဆိုတော့ ဘယ်ကစ။ (သဠာယတန က စရမှာပါဘုရား)။ ဆ–အာယတန။ ဘာတဲ့လဲ။ (ဆ–အာယတနပါဘုရား)။ သ သည် ဆပေါ့နော်– ဟုတ်လား။ ဆ–သည် မြန်မာလိုက ၆။ အာယတနဆိုတာက အိမ်၊ စက္ခုပသာဒ နေတဲ့အိမ်၊ သောတပသာနေတဲ့အိမ် စသည်ပေါ့။ ၆–မျိုး။ စက္ခုပသာဒနေအိမ်ဆိုလို့ စက္ခု– မျက်စိက တခြား၊

www.burmeseclassic.com



အိမ်ကတခြားလို့မမှတ်နဲ့။ စက္ခုပသာဒဆိုတဲ့ မျက်စိအကြည်ဓာတ်ကလေးကိုပင် အိမ်လို့ပြောတာ။ စာလိုက စက္ခုမေဝ စက္ခာယတနံတဲ့။ ဒီတော့ ကောင်းပြီ။ ယနေ့ဘုန်းကြီးတို့ ခန္ဓာရယ်၊ အာယတန ရယ် တွဲသင်မယ်နော်။

ခန္ဓာနဲ့ အာယတနကို တွဲသင်ရမယ်ဆိုတော့ ဟောဒီနံပါတ်နှစ်အကွက်ထဲက သဠာယတနကို ထောက်ဟောတယ်လို့ယူပါ။ နံပါတ်နှစ်တစ်ကွက်လုံးသည် သစ္စာနဲ့ကြည့်တော့ ဘာသစ္စာပါလိမ့်-(ဒုက္ခသစ္စာပါ ဘုရား)။ အဲဒီတော့ အကြောင်းသစ္စာလား၊ အကျိုးသစ္စာတွေလား။ (အကျိုးသစ္စာတွေပါ ဘုရား)။ ဒီမှာ တန်းပြောလို့ရတယ်။ ပဋိစ္စသမုပ္ပါဒ်ကို မျက်စိထဲမှာ မြင်နေအောင် ကြည့်ထားရင် ဩော်- သဠာယတနဆိုတာက ဒုက္ခသစ္စာ။ အကျိုးသစ္စာ။ ပစ္စုပ္ပန်ကာလမှာ ဖြစ်တာနော်။ ဒါလေးတွေကို စက်ဝိုင်းဒေသနာက ယောဂီတို့ကို တန်းပြီးတော့ အကူအညီပေးနေပါတယ်နော်။ အထောက်အပံ့ပြုနေပါတယ်။ အဲဒီတော့ ဒီတရားတွေဟာ ယခုဟောနေတာ၊ ယခုနားထောင်နေတာက ပရိယတ်သာသနာပါ။ ဟော - နာနေတာက (ပရိယတ်သာသနာ)။ ဒီလိုဖြင့် အဲဒီ ပရိယတ်သာသနာက တခြားလုပ်တာလား၊ သင်တာလား။ (သင်တာပါ ဘုရား)။ ပဋိပတ်သာသနာက မြင်အောင် အားထုတ်ရမယ်။ ပရိယတ်သာသနာက သင်တာ။ ပဋိပတ်သာသနာက မြင်အောင် အားထုတ်တာ။

ကဲ - ဒီတော့ ပရိယတ်သာသနာနဲ့သင်ရမယ်ဆိုရင် အာယတနမှာ တစ်ဆယ့်နှစ်ပါး ရှိတယ်။ အာယတန ဘယ်နှပါး။ (၁၂-ပါးပါဘုရား)။ အဲဒီ ၁၂-ပါးမှာ အတွင်း ၆၊ အပြင် ၆ ဒီလိုမှတ်ပါ။ အတွင်းအာယတနက ၆-ပါး။ အပြင်အာယတနက ၆-ပါး။ ဒီနေ့ အာယတနဆိုတဲ့ စကားလုံးလေး တိုးလာပြီ။ လူ့ဘဝ ရောက်လာတယ်။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ တခြား ကစတာလား၊ ပဋိသန္ဓေကစတာလား။ (ပဋိသန္ဓေက စတာပါဘုရား)။ ဇာတိ။ ပဋိသန္ဓေဆိုတာ ဘာခေါ်ပါလိမ့်။ (ဇာတိ)။ ဇာတိပြီး ဘာလာမလဲ။ (ဇရာ)။ ဒီမှာ ပုံလေးနဲ့ပြတော့ ပိုရှင်းတာပေါ့။ လူ့ဘဝကိုစ,တာ တခြားကစ,တာလား၊ ဇာတိက စ,တာလား။ (ဇာတိကစ,တာပါဘုရား)၊ ဇာတိ ရ လာတော့ ဒီအတိုင်းပြီးသွားတာလား။ ဇရာလာတာလား။ (ဇရာလာတာပါဘုရား)။ ဇရာ လာ တော့ ဒီတိုင်းရပ်သွားတာလား၊ ဗျာဓိလာတာလား။ (ဗျာဓိလာတာပါဘုရား)။ ဗျာဓိလာတော့ ပြီး သွားတာလား၊ မရဏလာတာလား။ (မရဏလာတာပါဘုရား)။

ဒီလိုဖြင့်ရင် လူ့ဘဝရဲ့အနှစ်ကိုချုပ်လိုက်ရင် ၄-မျိုးထွက်လာတယ်။ ဘယ်နှစ်မျိုးလဲ။ (၄-မျိုး)။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ။ အဲဒါက လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ ဗြဟ္မာပဲဖြစ်ဖြစ် ခန္ဓာ ရှိတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းရဲ့သွားရမယ့် လမ်းစဉ်က ဒီ ၄-မျိုး သွားနေတယ်။ သဘာဝ ဒုက္ခ ၄-မျိုးလို့ ခေါ်တယ်။ ဘာတွေလဲ။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ။ အဲဒါက ယနေ့ဘုန်းကြီးတို့ ယောဂီတွေအားလုံး လူ့ဘဝမှာ ရင်ဆိုင်ရမယ့်ကိစ္စတွေပဲ။ ဒီ ၄-ချက်ပဲ ရှိတယ်ပေါ့။ အဲဒါသည် တခြားလား။ သံသရာလား။ (သံသရာပါဘုရား)။ အဲဒါက လူ့ဘဝရောက်တဲ့အခါ လူ့သံသရာပေါ့။ ကဲ-ဒီတော့ကောင်းပြီ။ ယနေ့ဘုရားတွေတည်လို့၊ ကျောင်းတွေ ဆောက်လို့၊ ဆွမ်းတွေကပ်လို့ ကောင်းမှုကုသိုလ်ဒါနတွေပြုလုပ်၊ သီလတွေဆောက်တည်လို့ ဆိုတာ အဲဒီကုသိုလ်ကောင်းမှုနဲ့ သေရင် ဒကာ၊ ဒကာမတွေ မပူနဲ့။ သေချာပေါက် နတ်ပြည်ကတော့ ရောက်ပြီးသား။

**အောင်ဆန်းဆရာတော်**

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ သေချာပေါက်နတ်ပြည်ရောက်တယ်ဆိုတော့ မကောင်းတဲ့နေရာ ရောက်တာလား၊ ကောင်းတဲ့နေရာရောက်တာလား။ (ကောင်းတဲ့နေရာ ရောက်ပါတယ်ဘုရား)။ ကောင်းတဲ့နေရာ ဘယ်သူမှ မလိုချင်တဲ့သူမရှိပါဘူး။ ကောင်းတဲ့နေရာ ရောက်ဖို့အတွက်ကို ဘုန်းကြီးတို့ တစ်တွေ ကောင်းတဲ့အလုပ်တွေ မလုပ်ရဘူးလား။ ကောင်းတဲ့အလုပ်ဆိုတာ ဒါနတရားတွေ၊ သီလတရားတွေဟာ ဒါ–ကောင်းတဲ့အလုပ်တွေပါပဲ။ အဲဒီ ကောင်းတဲ့အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်သည် အပါယ်ကျသွားမှာလား၊ သုဂတိရောက်သွားမှာလား။ (သုဂတိရောက်သွားမှာပါဘုရား)။ အဲ–သုဂတိနတ်ဘုံနတ်နန်း ရောက်သွားသော်လည်းပဲ နတ်လည်းပဲ တခြားက စတာလား၊ ဇာတိက စတာလား။ (ဇာတိကစတာပါဘုရား)။ နတ်လည်းပဲ ခုန လူတွေလိုသာ အရွယ်ကြီးလို့ ပါးရေတွန့်ပြီး ဆံပင်တွေဖြူပြီးတော့ ခါးတွေ ကိုင်းသာမလာတယ်ပေ့ါ။ ဇရာမရှိဘူးလား။ (ရှိပါတယ်)။ ဗျာဓိ မရှိဘူးလား။ (ရှိပါတယ်)။ နတ်လည်းပဲ နောက် တခြားဖြစ်တာလား၊ သေတာလား။ (သေတာပါဘုရား)။ ဒီလိုဖြစ်ရင် လူလည်းပဲ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏရှိသလို၊ နတ်လည်းပဲ (ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ရှိပါတယ် ဘုရား)။ လူတွေလိုသာ စောစောက ပြောသလိုပဲ ခါးကြီးတွေကိုင်းလာတာ၊ မျက်စိတွေမွဲလာတာ၊ ဆံပင်တွေဖြူလာတာ ပါးရေတွေတွန့်လာတာ၊ ဒီလိုမျိုးသာ မရှိတယ်။ နတ်လည်းပဲ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏပါပဲ။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ရှိတဲ့အတွက်ကြောင့်မို့လို့ တခြား ဖြစ်တာလား၊ သေတာလား (သေတာပါဘုရား)။ သေသွားတာပါပဲ။

ကဲ––ဒီလိုဖြစ်ရင် ဗြဟ္မာကျတော့ အသေလွတ်ပါ့မလား။ (မလွတ်ပါဘူး)။ လူ့ပြည်ကနေ အာနေဥ္စာဘိသင်္ခါရနော်။ ဒီတော့ အဝိဇ္ဇာပစ္စယာ၊ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏ။ အဲဒီတော့ ဈာန်တရားတွေ အားထုတ်လို့ ဒီဘဝမှာ မြေလျှိုးမိုးပျံသွား ဒကာ၊ ဒကာမတွေနော်။ သေလို့ဈာန်နဲ့ သေရင် တခြားရောက်မှာလား၊ ဗြဟ္မာပြည်ရောက်မှာလား။ (ဗြဟ္မာပြည်ရောက်မှာပါဘုရား)။ ဩပပါတိကပဋိသန္ဓေအားဖြင့် တစ်ခါတည်း ဘွားခနဲ ဗြဟ္မာပြည်မှာ သွားပြီးတော့မပေါ်ဘူးလား။ (ပေါ်ပါတယ် ဘုရား)။ ဒီတော့ နတ်တွေကျတော့ ဒကာ၊ ဒကာမတွေ ဟိုမှာ ဘွားခနဲဆိုပြီး သွားပြီးမဖြစ်ဘူးလား။ ဩပပါတိကပဋိသန္ဓေလို့ ခေါ်ပါတယ်၊ ဟုတ်လား။ အဲဒီတော့ အဲဒီလို ဗြဟ္မာကြီးတွေ သွားပြီးတော့ ဖြစ်လိုက်တာနဲ့တစ်ပြိုင်နက် ဗြဟ္မာလည်းပဲ တခြားကစတာလား။ ဇာတိကစတာလား။ (ဇာတိက စတာပါဘုရား)။ ဇာတိပြီးတော့ဘာလာမလဲ။ (ဇရာ)။ ဇရာပြီးတော့ (ဗျာဓိ)။ ဗျာဓိပြီးတော့ (မရဏ)။

ဒီလိုဖြစ်ရင် ၃၁–ဘုံမှာ ဖြစ်သမျှ လူရယ်၊ နတ်ရယ်၊ ဗြဟ္မာရယ် ဒါ–ဘုန်းကြီးက အထက်ဘုံကို ပြောပြတယ်ပေ့ါ။ အထက်ဘုံကိုပြတဲ့ပုဂ္ဂိုလ်တွေ အနှစ်ကြည့်လိုက်တော့ နတ်ဖြစ်တော့လည်းပဲ ဇာတိ ဇရာ ဗျာဓိ မရဏ။ ဗြဟ္မာ ဖြစ်တော့လည်း ဇာတိ ဇရာ ဗျာဓိ မရဏ။ ကဲ– ဒီတော့ ဗြဟ္မာပြည်တဝင်းဝင်း၊ ဝက်စာကျင်းမှာတရှုံ့ရှုံ့ ဆိုတဲ့စကားရှိတယ်။ မရှိဘူးလား (ရှိပါတယ်)။ သစ္စာမသိဘဲနဲ့ ပဋိစ္စသမုပ္ပါဒ်နားမလည်ဘဲနဲ့ ဆိုရင် ဒိဋ္ဌိမပြုတ်ဘူး။ ဒိဋ္ဌိမပြုတ်ဘဲနဲ့ ဒါနတွေ လုပ်လို့ရှိရင် ဒကာ၊ ဒကာမတွေ သုဂတိ မရောက်ဘူးလား။ နတ်ဖြစ်ပါတယ်။ ဒိဋ္ဌိမပြုတ်ဘဲနဲ့ ဈာန်တရားတွေ အားထုတ်လို့ရှိရင် ဗြဟ္မာ မဖြစ်ဘူးလား။ ဗြဟ္မာဖြစ်ပါတယ်။

သို့သော်လည်းပဲ ဗြဟ္မာဖြစ်ငြားသော်လည်းပဲ ဒိဋ္ဌိမပြုတ်တော့ သူ့ရင်ထဲမှာ မျိုးစေ့ပါသွားတယ်။ တခြားမျိုးစေ့လား၊ ငရဲမျိုးစေ့လား။ (ငရဲမျိုးစေ့ပါဘုရား)။ အဲဒီမျိုးစေ့ပါသွားတော့ ဗြဟ္မာ



www.burmeseclassic.com

www.burmeseclassic.com



သက်တမ်းလည်းကုန်ရော လူ့ပြည် ပြန်မရောက်ဘူးလား။ လူ့ပြည်ကနေ တိရစ္ဆာန် ပြန်မဖြစ်ဘူးလား။ ဟော–တိရစ္ဆာန် ဖြစ်တော့လည်းပဲ ဘယ်ကစ။ ဇာတိကစတယ်။ ဇာတိ ပြီးတော့ ဇရာ။ ဇရာ ပြီး တော့ ဗျာဓိ။ ဗျာဓိပြီးတော့ မရဏ။ ဒီတော့ ဒကာ၊ ဒကာမတွေ ဘဝတစ်ခုလုံးမှာ ငရဲပြည် ရောက် တော့လည်းပဲ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ။ ပြိတ္တာပြည် ရောက်တော့လည်းပဲ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုတော့ အဲဒီလိုအဝိုင်းကြီးမှာ မပြေးဘူးလား။ ဘုန်းကြီးက ဒီမှာအဝိုင်းဝိုင်းပြလို့ မရလို့။ ခုံက အရှည်ဖြစ်နေတယ်။ ကဲ – ခုတော့ အဝိုင်းမဝိုင်းတော့ဘူး။ အရှည်ဝိုင်း ဖြစ်နေပြီနော်။ ဒီတော့ ဉာဏ်နဲ့သာ ဆင့်ကြည့်လိုက်ရင် အဝိုင်းပြေးမပြေးဘူးလား။ အဝိုင်းပြေး ပြေးတာ ဘာတွေ ပြေး နေတာလဲ။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ။ ဗြဟ္မာဖြစ်တော့ လည်း ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ။ အပါယ်ရောက်တော့လည်း ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ။ ကဲ – ဒီတော့ ၃၁–ဘုံမှာ ခန္ဓာရသမျှ အနှစ်ကဘာတွေလဲ။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ။ အဲဒါ သံသရာပါပဲ ယောဂီတို့။ ဘုန်းကြီးတို့ ၃၁–ဘုံမှလည်တဲ့ သံသရာက ဒါပါပဲ။ သံသရာလည်တယ်၊ သံသရာလည်တယ်ဆိုတာ ဘယ်လိုလဲ။ အလုံးကြီးလား။ အဝိုင်းကြီးလား။ ဘာမှတွက်မနေနဲ့။ ဒါအတိုင်းသာ ယောဂီတို့ မြင်ထား လိုက်ရင် သဘောပေါက်သွားပြီပေါ့။

## မျက်စိကိုမြင်အောင်ကြည့်

ဒီလို သံသရာတွေလည်လို့ ခန္ဓာ ၅–ပါး ရုပ်နာမ်တရားတွေ ရကြ။ ရုပ်နာမ်ရှိတော့ **"နာမ ရူပပစ္စယာ သဠာယတနံ"** ဆိုတော့ မျက်စိကလည်းမြင်စရာရှိ မြင်လို့၊ နားကလည်း ကြားစရာရှိ ကြားလို့ဆိုတော့ ဆ–အာယတနခေါ်တဲ့ အာယတန ၆–ပါးမဖြစ်ဘူးလား။ မြင်တယ် ကြားတယ် ဆိုတော့ ဘာတရားပါလိမ့်။ (ဆ–အာယတနတရားပါဘုရား)။ အဲဒီတော့ အတွင်း–၆၊ အပြင်–၆ ဆိုတော့၊ အတွင်း–၆ က–

(၁) **စက္ခာယတန**
(၂) **သောတာယတန**
(၃) **ဃာနာယတန**
(၄) **ဇိဝှာယတန**
(၅) **ကာယာယတန**
(၆) **မနာယတန**

စက္ခာယတန ဆိုတာက မျက်စိ။ (စက္ခာယတနဆိုတာ မျက်စိပါဘုရား)။ ဒီတော့ ဘုန်းကြီးတို့ ဆရာသမားများ ငယ်ငယ်ကလေးဘဝက သင်ထားတာလေးသွားပြီး သတိရတယ်။

**မျက်စိလေးပါး သဘောအကြည်မြင်ရုပ်က**
**မြင်သိနိုင်စရာ အမျိုးမျိုးသို့ရောက်အောင်**
**ဖွဲ့စည်းလို့ပေးကြတဲ့ ဝိပါက်ရုပ်ကြီးက**
**စက္ခာယတန မျက်စိ ပုံသဏ္ဍာန်သဘောပါ တဲ့။**
**အောင်ဆန်းဆရာတော်**

www.burmeseclassic.com

www.burmeseclassic.com



တခြားစခန်းပွဲတွေမှာ ဘုန်းကြီး ဒါကို မေ့မေ့နေလို့ မဆိုမိဘူး။ အခုသွား သတိရလို့နော်။ စက္ခာယတနနဲ့ ပတ်သက်လို့က ယောဂီတို့ ဆိုကြည့်။ ဒါဘုန်းကြီး တို့ ငယ်ငယ်တည်းက ဆရာသမားသင်ပေးတာ သွားသတိရတယ်နော်။ ပြောမယ်ကြံ မေ့တောင်သွားပြန်ပြီ။ သတိရပြီ။ ကဲ – ကဲ လိုက်ဆို။

နားလေးပါး သဘော ကြားရုပ်က
ကြားသိနိုင်စရာ အမျိုးမျိုးသို့ ရောက်အောင်
ဖွဲ့စည်းလို့ ပေးကြတဲ့ ဝိပါက်ရုပ်ကြီးက
သောတာယတန နားပုံသဏ္ဌာန်သဘောပါ။

ဒီမျက်စိသဘောကို ယောဂီတို့ သဘောပေါက်သွားရင် ကျန်တာ အကုန်၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ဒီအတိုင်းပဲ ဆိုသွားလို့ရတယ်။ အချိန် သိပ်ကုန်မှာ စိုးလို့နော်။ အဲဒါ စခန်းပွဲမှာ ဘုန်းကြီးတစ်ခါမှ မဆိုမိဘူး၊ အခု သွားသတိရလို့၊ ဒါတောင်မှ အဆီအငေါ်တည့်အောင် မနည်းဆိုရတယ်။ ကျက်ထားတဲ့စာ၊ မှတ်ထားတဲ့စာဆိုတာ မေ့တာပဲဗျ။ ဟုတ်လား။ အဲဒါ စက္ခာယတနနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ ငယ်စဉ်က ဆရာသမားများက သင်ထားခဲ့တဲ့ ဥစ္စာလေး။ နို့ – သဘောမပေါက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ စာက စာပဲရှိတာကိုး။ အဲဒီတော့ စာကို စာပဲရှိနေလို့ ရွတ်နေရင် ကုသိုလ်ရပါတယ်။ သို့သော် နိဗ္ဗာန်တော့ မမြင်နိုင်ဘူး။ အဲဒီစာကို ယောဂီတို့ သဘောရောက်အောင် ယူပြီးတော့ ခန္ဓာထဲကို ကြည့်လိုက်တော့မှ ဘာဝနာကုသိုလ်ရမယ်။ အဲဒီ ဘာဝနာကုသိုလ်ကနေ ဖြစ်ပျက်မြင်တော့မှ ဝိပဿနာဉာဏ် မရဘူးလား။ အဲဒီကနေ တစ်ဆင့်တက်တော့မှ လောကုတ္တရာမဂ်ဉာဏ်ရမှာပေါ့နော်။ အဲဒီလို မဂ်ဉာဏ်ကို ရနိုင်ဖို့အတွက်ကို ဒါ ဘုန်းကြီး ကျေးဇူးပြုတာနော်။

ကဲ – ဒီမှာ အတွင်း အာယတန ၆–ပါး။ ဒီလိုဖြင့်ရင် ခုန စက္ခာယတနဆိုတာ မျက်စိပုံသဏ္ဌာန် ဝိပါက်ရုပ်ဆိုတာဟာ ကိလေသဝဋ်၊ ကမ္မဝဋ်ကြောင့် ဘာရသလဲ။ ဝိပါကဝဋ်။ ယောဂီတို့ ရုပ်နဲ့ ပတ်သက်ပြီး အဏုမြူတွေနဲ့ ရှင်းခဲ့ပြီးပြီ။ အဲဒီတော့ မျက်စိမှာ ဓာတ်ဘယ်နှပါး။ (၄–ပါးပါဘုရား)။ ဒါကြောင့် လေးပါးသဘော အကြည်မြင်ရုပ်က ဆိုတာ၊ အဲဒီ စက္ခာယတနဆိုတဲ့ မျက်စိသည် ရုပ်တရားလား၊ နာမ်တရားလား။ (ရုပ်တရားပါဘုရား)။ ရုပ်တရားဆိုပေမယ့် ဒီမျက်လုံးကြီးတစ်ခုလုံးကို မယူနဲ့။ ဟောဒီ မျက်လုံးရဲ့အလယ်ကောင်မှာ အလွှာလေး ၇–လွှာ လွှာထားတယ်လို့ စာမှာလာတယ်။ အဲဒီ သန်းခေါင်းပမာဏမျှရှိသော အကြည်ဓာတ်ကလေးသည် ဝိပါက်ရုပ်။ တစ်နည်းအားဖြင့်ပြောရရင် ကံရုပ်။ ကံရုပ်၊ ပဋိစ္စသမုပ္ပါဒ်မှာ ဒုတိယအကွက်က အကျိုး။ ဘာပါလိမ့်။ (အကျိုးပါ ဘုရား)။ ရှင်းကော ရှင်းရဲ့လား။

ဒီလိုဖြင့်ရင် ကံရုပ်ဆိုတာကတော့ အရပ်ပြောပြောတာ။ အမေမွေးလိုက်တဲ့ ရုပ်ပေါ့။ အမေမွေးတယ် ဆိုတာကတော့ သိလွယ်၊ မြင်လွယ်အောင် ပြောတာပေါ့။ ဝဋ်နဲ့ပြောတော့ ဝိပါကဝဋ်ရုပ်။ ဘာရုပ်။ (ဝိပါကဝဋ်ရုပ်)။ မျက်စိ ရုပ်နော်။ သို့သော် ဝိပဿနာ အရှုခံ ရုပ်မလာသေးဘူး။ ရှင်းကော ရှင်းရဲ့လား။ ကဲ – ဒီလိုဖြင့်ရင် မျက်စိအကြည်၊ ကိုယ်အကြည်၊ စိတ်အကြည်။ သို့ဖြင့် အဲဒါကို အာယတနနဲ့ ပြောတော့၊ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊



www.burmeseclassic.com

www.burmeseclassic.com



ကာယာယတန၊ မနာယတန။ ကဲ ဒီတော့ အတွင်း – ၆၊ အပြင် ၆–ကိုနည်းနည်းပြောမယ်။ အပြင် – ၆ ကျတော့ စာလိုပြောတော့

(၁) ရူပါရုံ
(၂) သဒ္ဒါရုံ
(၃) ဂန္ဓာရုံ
(၄) ရသာရုံ
(၅) ဖောဋ္ဌဗ္ဗာရုံ
(၆) ဓမ္မာရုံ

ဘယ်နှမျိုး။ (၆–မျိုးပါ ဘုရား)။ အဲဒီတော့ ရူပါရုံကို မြန်မာလိုပြန်တော့ အဆင်း။ ရူပါရုံဆိုတာဟာ (အဆင်းပါဘုရား)။ သဒ္ဒါရုံဆိုတာ အသံ။ ဂန္ဓာရုံက အနံ့။ ရသာရုံက အရသာ။ ဖောဋ္ဌဗ္ဗာရုံက တွေ့ထိစရာ။ ဓမ္မာရုံက ကြံစည်တွေးတောစရာ။ ဓမ္မာရုံက ဘာပါလိမ့်။ (ကြံစည် တွေးတောစရာ)။

သို့ဖြင့်ရင် ယခုသင်နေတဲ့ အတွင်း ၆–ပါးက စာလိုသင်နေတာနော်။ စာလိုသင်နေတာ ယောဂီတို့ ယနေ့မနက် ပရိယတ်သာသနာကိန်းနေပြီ။ ဘာသာသနာကိန်း။ (ပရိယတ် သာသနာ ကိန်းနေပါတယ်ဘုရား)။ အဲဒီ သင်တဲ့စာတွေဟာ တကယ်ရှိတာ စာအုပ်ထဲမှာရှိတာလား၊ ကိုယ့်မှာ ရှိတာလား။ (ကိုယ့်မှာ ရှိပါတယ် ဘုရား)။

စက္ခာယတန = မျက်စိပုံသဏ္ဍာန်၊ မျက်စိအကြည်။ မျက်စိအကြည်သည် စာအုပ်ထဲမှာ တွေ့မှာလား။ ကိုယ့်မှာတွေ့မှာလား။ (ကိုယ်မှာတွေ့မှာပါဘုရား)။ ဒီလိုဖြင့် စာကိုသင်တာက ပရိယတ်။ ကိုယ့်ဆီမှာမြင်အောင်ကြည့်တာက ပဋိပတ်။ အကျင့်နဲ့မှ မြင်မှာ၊ ဉာဏ်နဲ့မှ မြင်မှာ။ ဟိုက စာဆိုက သင်တာက သညာပေ့ါ။ ဒီတော့မှ သတိနဲ့ သမာဓိနဲ့ ဝီရိယနဲ့ ပညာနဲ့ပေါင်းပြီး ကြည့်လည်း ကြည့်လိုက်ရော၊ ဩော် – မျက်စိအကြည်ဆိုတာ ဒါပဲလို့ မမြင်ဘူးလား။ ဒီတော့ မျက်စိအကြည် ဟာ ဒါပဲလို့ မြင်နိုင်တာဟာ တော်ရုံတန်ရုံနဲ့ မြင်လို့ရပါ့မလား။ (မရပါဘူး)။ အဲဒါလေး မြင်နိုင်ဖို့ အတွက်ကို အကူအညီဘယ်နှစ်ပါးပေးရသလဲ။ (၅–ပါးပါ ဘုရား)။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာ ဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ အဲဒီ ၅–ပါး အကူအညီပေးတော့မှ၊ ဩော် – မျက်စိအကြည်ဆို တာ ဒါပဲ၊ ရုပ်တရားပဲ။ ပြီးတော့မှ တစ်ဆင့်တက် ဖြစ်၊ ပျက်ပဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ ဒီလိုမြင်ရမယ်။ အဲဒီလိုမြင်တာက သာမန်အမြင်နဲ့မြင်တာလား၊ အကူအညီကြောင့် မြင်တာလား။ (အကူအညီ ကြောင့်မြင်တာပါ ဘုရား)။ ဘယ်သူ့ အကူအညီလဲ။ (မဂ္ဂင်)။ ဘယ်နှပါး။ (၅–ပါး)။

ကဲ – လိုက်ဆို။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ မဂ္ဂင်ဘယ်နှစ်ပါး။ (၅–ပါးပါ ဘုရား)။ အဲဒီ မဂ္ဂင် ၅–ပါးရဲ့ အားနဲ့ ယောဂီတို့၊ ဩော် – မျက်စိ အကြည်လေးမြင်လာပြီ။ ဒါ ဝိပါက်ရုပ်။ မထင်ရှားဘူးလား။ (ထင်ရှားပါတယ်)။ ကဲ – ဒီလိုဖြင့် နားအကြည်၊ ဝိပါက်ရုပ်။ ခုနတုန်းက စာပိုဒ်လေးရွတ်ပြသွားတာမှာ ဒီနားကြီး တစ်ခုလုံးကို မယူ နဲ့။ နားကြီးတစ်ခုလုံးကို ယူတော့ ဟိုမှာ အဏုမြူလေးတွေ၊ ရွံ့ရုပ်ကလေးတွေနဲ့ ဥပမာပေးပြီး တော့ ချေပြထားလိုက်တော့ ဩ – နားဆိုတာလည်းပဲ ဒီဓာတ်လေးပါးပဲ။ ရှင်းသွားပြီနော်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြင့် ဒကာ၊ ဒကာမတွေ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတော့ ကိုယ်ဆိုတာက ပညတ်လေ။ ဓာတ်လေးပါးက ပရမတ်။ လျှာဆိုတာက ပညတ်လေ။ ဓာတ်လေးပါးက ပရမတ်။ ပညတ် ပရမတ်၊ ပညတ် ပရမတ် ဒီလိုတွဲသိရမယ်နော်။ နားဆိုတာက ပညတ်၊ လေးပါးသဘောက ပရမတ်။ နှာခေါင်းဆိုတာက ပညတ်၊ လေးပါးသဘောက ပရမတ်။ မျက်စိဆိုတာက ပညတ်၊ လေးပါးသဘောက ပရမတ်။ ဒီလိုဖြင့်ရင် ဝိပဿနာရှုတဲ့ ယောဂီဟာ ဒါ ပညတ်။ ဒါ ပရမတ်။ အဲဒီလို ခွဲပြီးတော့ သိထားမှ သဘောပါမယ်။

**ပညတ်ပရမတ် နှစ်ခုစပ်၊ သိတတ်သူမှ မြတ် ကိုး။**

## အစွန်းနှစ်ပါးနှင့်အလယ်လမ်းစဉ်

အဲဒီတော့ ဒီနှစ်မျိုးကိုသိနေမှ ဝိပဿနာမှာ အမြတ်ထွက်မယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဓမ္မစကြာကို ပြန်ကြည့်ရင် အလယ်လမ်းနဲ့ပွင့်တာ။ "**အတ္တကိလမထာနုယောဂ**" နဲ့ "**ကာမသုခလ္လိကာနုယောဂ**" လက်ဝဲစွန်း၊ လက်ယာစွန်းရှိတယ်နော်။ အဲဒီတော့ "ကာမသုခလ္လိကာနုယောဂ"ဆိုတာက အိုး– တစ်ခါတည်းမှုကို ကောင်းကောင်းအိပ်၊ ကောင်းကောင်းစား၊ သွားလာပျော်ပါးပြီးတော့ ကာမဂုဏ်တွေကို အစွမ်းကုန်သုံးဆောင်ခံစားလိုက်ရင်ဖြင့် ကိလေသာတွေ ကုန်သွားမှာပဲဆိုတဲ့ရည်ရွယ်ချက်နဲ့ ကာမဂုဏ်မှန်သမျှ အကုန်ခံစားတာ၊ အဝခံစားတာ။ ဒါပေမဲ့ ဒကာ၊ ဒကာမတွေ ကာမဂုဏ်ဆိုတာ သုံးဆောင်ခံစားလိုက်တာနဲ့ ဝ,သွားတယ်၊ ကုန်သွားတယ် ရယ်လို့ ရှိရဲ့လား (မရှိပါဘူးဘုရား)။ ပမာဆိုပါတော့ ဝက်သားကြိုက်တတ်တဲ့ပုဂ္ဂိုလ် ဝက်သားကို အဝအပြဲစားပြီ။ စားပြီးကာစလောက်တော့ ဝ,အီသွားမှာပေါ့။ နောက်တော့လည်း ထပ်စားသေးတာပဲ။ တခြားကာမဂုဏ်အကြမ်းစားတွေ မကြည့်ပါနဲ့။ ပန်ကာနဲ့ လေအေးပေးစက်သုံးတာလေး ကြည့်လိုက်ပါဦး။ အိုက်တာ, ပူတာနဲ့ ပန်ကာလေးဖွင့်၊ လေအေးစက်လေးဖွင့် ဘာညာပေါ့။ အတော်အတန်ကြာလာတော့ အေးလို့ ခလုတ်ပိတ်။ အဲ– နောက်တစ်ခါ အိုက်လာပြန်တော့ ခလုတ် ပြန်နှိပ်၊ အအေးဓာတ်ကလေး ခံစားချင်လာပြန်တာကိုး။ ဒီလို ကာမဂုဏ်ဆိုတာ ဝ,တယ်၊ အီတယ်လို့ သုံးဆောင်ဆဲ၊ သုံးဆောင်ပြီးခဏမှာ ရှိကောင်းရှိမယ်။ သို့သော် အမြစ်ပြတ် ခွာသွားတာမဟုတ်ဘူး။ ဒါကို အမြစ်ပြတ်ခွာမယ်အထင်နဲ့ ကာမဂုဏ်တွေ အဝ, ခံစားပစ်တာ။ အဲဒါ "ကာမသုခလ္လိကာ နုယောဂ"တဲ့ ယောဂီတို့နော်။ သက်သက်သာသာလေးနဲ့ အေးအေးချမ်းချမ်းလေးနဲ့ နေချင်ပေမဲ့လည်း လိုချင်တဲ့ ငြိမ်းချမ်းခြင်းတရားကို တွေ့ရဲ့လား။ မတွေ့နိုင်ဘူး။ "ကာမသုခလ္လိကာ နုယောဂ"လမ်းစဉ်ပါ။ မမြင်နိုင်ဘူးတဲ့။

"အတ္တကိလမထာနုယောဂ" လမ်းစဉ်ကျတော့ ဘုရားကိုယ်တော်မြတ်လေ အလောင်းတော်ဘဝမှာကျင့်တာ။ အင်း – ဘယ်လောက်ထိ ဘုရားကိုယ်တော်မြတ် ကျင့်လိုက်သလဲဆိုလို့ရှိရင်၊ အင်း – ခုလို ဆွမ်းတွေစားနေရတာဟာ ငါ့အတွက် ဒါ– ငါတရားရဖို့ အနှောင့်အယှက်ဖြစ်တယ်။ ဆွမ်းမစားတော့ဘူး။ တစ်ခါတည်းမှုကို ဘုရားကိုယ်တော်မြတ်ကြီး ဘာဝတဲ့လဲ။ ဆွမ်းကိုမစားတော့ဘူး ဒကာ၊ ဒကာမတွေ။ ဒီတိုင်းပဲ ကျင့်တာပဲ။ ရေသောက်ကျင့်တယ်။ အဲ – ဆွမ်းမစားဘူးဆိုတော့ ဆွမ်းအစား သစ်သီးလေး စားကျင့်လိုက်တယ်။ သစ်သီးစား ကျင့်တော့လည်း ဘုရားမဖြစ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘယ် – သစ်သီးစားကျင့်လို့ ဘုရားမဖြစ်ဘူး ဆိုတော့ မထူးဘူး။ ရေပဲသောက်တော့မယ်။ ရေဆွမ်းပဲ ဘုဉ်းပေးမယ်ပေါ့။ ဘုရားကိုယ်တော်မြတ် အလောင်းတော် ဘာဘုဉ်းပေးတာလဲ။ (ရေဘုဉ်းပေးတာပါ ဘုရား)။ ပထမ သစ်သီးဘုဉ်းပေးတယ်။ သစ်သီးလည်း ရှုပ်ပါတယ်။ ပလိဗောဓတွေ များလှတယ်။ ရေပဲဘုဉ်းပေးတော့မယ်။ ဘုရားဖြစ်ရဲ့လား။ (မဖြစ်ပါဘူး)။ မဖြစ်ဘူး။ မဖြစ်ဘူး။ အကျင့်မှားနေတာ။ ဘာဖြစ်တာလဲ။ (အကျင့်မှားနေ တာပါဘုရား)။ အဲဒါဘုန်းကြီး ဒီဒေသနာစဉ် ဘုရားကိုယ်တော်မြတ်ကြီး အလောင်းတော်တဝက ကျင့်တဲ့အကျင့်တွေ၊ အခုဘုန်းကြီးတို့ယောဂီတွေက သူ့ရဲ့မှန်ကန်တဲ့ လမ်းစဉ်ကို ကျင့်ဖို့။ အဲဒီတော့ ခုန ဆွမ်းမစားဘဲနဲ့ အသီးစား ကျင့်တော့ကော ဘုရားဖြစ်ရဲ့လား။ (မဖြစ်ပါဘူး)။ ဟို – အသီးစား မကျင့်တော့ဘူး။ ရေသောက်ကျင့်မယ်။ ရေသောက်ကျင့်တော့ကော ဘုရားဖြစ်ရဲ့လား။ (မဖြစ်ပါဘူးဘုရား)။ ဩော် – ရေသောက်ကျင့်တာ လည်းမဖြစ်တော့ မစားတော့ဘူးကွာ။ ဘုရားဖြစ်ရဲ့လား။ (မဖြစ်ပါဘူးဘုရား)။ သိပ်အရေးကြီးတယ် ယောဂီတို့နော်။

အဲဒီတော့ ယနေ့ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာမှာ တန္တရ မန္တရတွေ ဒီလို ဝင်ဝင်ပြီး နှောက်တာလေးတွေ သတိထားပါ။ အဲဒီတော့ ဟိုပုဂ္ဂိုလ်ကြီးက ဟိုပုဂ္ဂိုလ်ကြီးဆိုတော့ ဘယ်သူ့ပဲ ဖြစ်ဖြစ်ပေါ့ဗျာနော်။ အမယ်၊ သစ်သီးစား ကျင့်နေတယ်။ အမယ်– ကြည်ညိုစရာကောင်းလိုက်တာ၊ ဟော – မကြည်ညိုလို့ပြောတာ မဟုတ်ဘူးနော်။ မြတ်စွာဘုရား ငါ သစ်သီးစားကျင့်တာ ဘုရား မဖြစ်ဘူး။ ချစ်သား ဒီလိုကျင့်လို့မဖြစ်ဘူး။ "အတ္တကိလမထာနုယောဂ"နော်။ ဒီတော့ မြတ်စွာဘုရား က ချစ်သားတို့ ငါဘုရား ရေသောက်ကျင့်တယ်။ မင်းတို့ အဲဒီလိုကျင့်ကွလို့ လာတာရှိရဲ့လား။ (မရှိပါဘူး)။ အဲဒါ အကျင့်လွန်နေတယ်။ မဇ္ဈိမပဋိပဒါ မကျဘူး။ ရှင်းကော ရှင်းရဲ့လား။

အဲ – ဟိုပုဂ္ဂိုလ်တော့ ဟိုကိုယ်တော်တော့ ဟိုဘိုးတော် ဟိုမယ်တော်တော့ ရေသောက် ကျင့်တာ၊ သိပ်ကြည်ညိုဖို့ကောင်းတာ။ တရားသာမသိရင် ဒကာ၊ ဒကာမတွေ သူများ အထင် ကြီးဦးမှာ။ သို့သော် အဲဒီအကျင့်သည် ဒကာ၊ ဒကာမတွေ၊ လိုရင်းရောက်လား။ (မရောက်ပါဘူး)။ သိပ်အရေးကြီးလွန်းလို့နော်။ မဇ္ဈိမပဋိပဒါ လမ်းစဉ်ရောက်အောင် ဒါတွေ ကျေးဇူးပြုနေတာ ယောဂီတို့။ မလိုလားအပ်တာတွေ အမနာပပြောနေတာမဟုတ်ဘူးနော်။ (မှန်လှပါ)။ နောက်ဆုံး လုံးဝဘာမှ မစားတော့ဘူးဆိုပြီးကျင့်တော့ကော ဘုရားဖြစ်ရဲ့လား။ (မဖြစ်ပါဘူးဘုရား)။ အဲဒီတော့ တကယ့်နိဗ္ဗာန်ကိုလိုချင်ရင် ယနေ့ မြန်မာနိုင်ငံမှာ တော်ကြာ သက်သတ်လွတ်စားတာတို့၊ မီးလွတ် စားတာတို့၊ ရေဆွမ်းဘုဉ်းပေးတာတို့ တစ်ခါတစ်ခါ ဘုန်းကြီးတို့ စာစောင်ထဲမှာ တွေ့ရပါတယ်။ ဘာလဲ – သဲဆွမ်း ဘုဉ်းပေးတယ်ဆိုလား။ ဘာဆိုလား။ သဲဆိုတာ အာဟာရ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူးဘုရား)။ သဲကိုအာဟာရအဖြစ်နဲ့ကော စားသုံးလို့ရပါ့မလား။ (မရပါဘူးဘုရား)။ အဲ သဲထဲမှာရှိတဲ့ မြေဆီမြေလွှာက သစ်ပင်စားသုံးလို့ရတယ်။ မြက်မှာရှိတဲ့ အာဟာရက နွားစားလို့ ရတယ်။ တခြားလူစားလို့ရတဲ့ဟာတွေက လူ့အာဟာရဖြစ်မယ်။ လူဟာ လူစာမစားဘဲနဲ့ ခွေးစာ၊ နွားစာ စားကျင့်ရင် မှန်ကန်တဲ့အကျင့် ဟုတ်ပါ့မလား။ စဉ်းစားသာကြည့် ယောဂီတို့။

ထေရဝါဒဗုဒ္ဓဘာသာအစစ်က မဇ္ဈိမပဋိပဒါလမ်းစဉ်နော်။ အခု– ဘုန်းကြီးကျေးဇူးဆပ် နေတာ ဒကာ၊ ဒကာမတွေ။ မဇ္ဈိမပဋိပဒါလမ်းစဉ်ကို သွားဖို့။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်)။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးသည် အဲဒီလို ဘာမှ အာဟာရကို ဘုဉ်းမပေးဘဲနဲ့ ကျင့်လည်းကျင့်လိုက်ရော ခန္ဓာသည် တခြားစောင့်တာလား၊ အာဟာရစောင့်တာလား။ (အာဟာရစောင့်တာပါဘုရား)။ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာကိုး၊ ရုပ်က အာဟာရစောင့်တာ။ အာဟာရမစောင့်ဘဲနဲ့ အာဟာရလည်းပြတ်ရော ဒကာ၊ ဒကာမတွေ၊ ဗုန်းဗုန်းလဲတာပေါ့။ ဘုရားဖြစ်မယ့်ပုဂ္ဂိုလ်မို့လို့။ နို့မို့သေပြီ။ အဲဒီတော့မှ ဟိုကဘုရားဖြစ်ရမယ့် အကြောင်းရှိထားတဲ့ ပုဂ္ဂိုလ်မို့လို့။ သိကြား၊ ဗြဟ္မာ၊ နတ်တွေ ဝိုင်းပြီးတော့ကို စောင့်ရှောက်ပေးရတာ။ အဲဒီတော့မှ နောက်မှ သူ့အကျင့်တွေ လွန်မှန်းလည်းသိရော မျှမျှတတနဲ့ ဆွမ်းလေးပြန်ဘုဉ်းပေးပြီးတော့မှ အာနာပါနကမ္မဋ္ဌာန်းနဲ့ အခု ယောဂီတို့ ကျင့်နေရတဲ့ကျင့်စဉ်အတိုင်း ကျင့်သွားတာ။ (မှန်လှပါ)။ ယနေ့ ဘုန်းကြီးတို့ ယောဂီတို့ ကျင့်နေတဲ့ကျင့်စဉ်သည် ဘုရားကျင့်တော်မူခဲ့တဲ့အကျင့်။ ငါ – ဘုရားကိုယ်တော်မြတ်ကြီး အဲဒီလို ကျင့်ခဲ့လို့ ဘုရားအဖြစ်ကိုရတော်မူခဲ့တဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဘုရားဖြစ်တယ်။ ချစ်သား ချစ်သမီးတို့က အဲဒီလမ်းအတိုင်း ကျင့်ကြ။ အဲဒီလမ်း နှစ်လမ်းမရှိဘူး။ တစ်လမ်းပဲ ရှိတယ်ကွာ။ ငါလျှောက်လှမ်းခဲ့လို့ ဒီကို ငါရောက်ခဲ့တယ်။ မင်းတို့လည်း အဲဒီလမ်း အတိုင်း တစ်သွေမတိမ်းလျှောက်ကြ။ ဟိုရောက်ဒီရောက်နဲ့။ အခု–အဲဒီလမ်းကို ဘုန်းကြီးကျေးဇူး ပြုနေတာယောဂီတို့။ ရှင်းပြီနော်။

အဲဒီတော့ ယနေ့ ယောဂီတို့ကို ကျေးဇူးပြုနေတဲ့လမ်းသည် တခြားလမ်းလား၊ အလယ် လမ်းလား။ (အလယ်လမ်းပါဘုရား)။ မဇ္ဈိမပဋိပဒါလမ်း ခေါ်ပါတယ်။ ရှင်းပြီနော်။ အဲဒီ မဇ္ဈိမပဋိပဒါ လမ်းခေါ်တဲ့ ဒီနေရာမှာ စားတာတွေ၊ သွားတာတွေ၊ နေတာတွေ၊ ထိုင်တာတွေ၊ ဝတ်တာတွေ အကုန်လုံး ဒီသင်တန်းက သွားရတော့မှာကိုး။ ဘုရား ကိုယ်တော်မြတ်ကြီး ဒီလိုကျင့်လို့ ဘုရား ဖြစ်တော်မူသလို ကိလေသာကြားခိုနေရင် တစ်သက်လုံး ကျင့်လို့ရပါဦးမလား။ (မရပါဘူး)။ ဒါကြောင့်မို့လို့ –

**မနားမရပ်၊ ကြားမပြတ်၊ ရှုမှတ်မြဲရမည်။**

ဒီဆောင်ပုဒ်ကလေးတော့ လက်ကိုင်ထားပါ။ မနားမရပ်၊ ကြားမပြတ်၊ ရှုမှတ်မြဲရမည်။ အဲဒီတော့ အခုတရားအားထုတ်တဲ့အခါမှာ နားလို့မရဘူးနော်။ ဘုန်းကြီးမနေ့က ပြောခဲ့တယ်။

**အအားနေခြင်း၊ အလကားနေခြင်းသည် မတရားနေခြင်း ဖြစ်သည်။**

အဲဒီတော့ နားနေတယ်ဆိုရင် ဒီပုဂ္ဂိုလ် မဂ်တား ဖိုလ်တား ဖြစ်သွားပြီ။ ဘာဖြစ်လို့လဲ ဆိုတော့ ကိလေသာ ဝင်သွားလို့။ အဲတော့ အားထုတ်တဲ့အခါမှာ "**မနားမရပ်၊ ကြားမပြတ်၊ ရှုမှတ်မြဲရမည်**"ဆိုတော့ အဲဒီလို မြဲမြဲအားထုတ်ရင်၊ ဘယ်လိုနည်းနဲ့ အားထုတ်ရမလဲဆိုတော့ ဒီမှာ ယောဂီတို့ ခန္ဓာရဲ့ဖြစ်စဉ်တွေကို သင်ရမှာပေါ့။ ခန္ဓာရဲ့ဖြစ်စဉ်ကို သင်တဲ့အခါမှာ အာယတန ၁၂–ပါး မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အတွင်းဘယ်နှစ်ပါး။ (၆–ပါး)။ အပြင် (၆–ပါး)။ အတွင်း ၆–ပါးက –

www.burmeseclassic.com



(၁) စက္ခာယတန
(၂) သောတာယတန
(၃) ဃာနာယတန
(၄) ဇိဝှါယတန
(၅) ကာယာယတန
(၆) မနာယတန

အဲဒီတော့ စက္ခာယတနဆိုတာက မျက်စိ။ သောတာယတနဆိုတာ နား။ ဃာနာယတန= နှာခေါင်း။ ဇိဝှါယတန = လျှာ။ ကာယာယတန = ကိုယ်။ မနာယတန = စိတ်။ အဲဒီတော့ ခုန ဇိဝှါယတနဆိုတာဟာ လျှာကို ပြောတာပေါ့။ လျှာဆိုတာဟာ တခြားတရားလား။ ရုပ်တရားလား။ (ရုပ်တရားပါ ဘုရား)။ ဟိုမှာ ရွှံ့တုံးကြီး ဥပမာပေးထားတယ်ပေါ့။ သို့သော် အဲဒီလျှာဖျားကြီး တစ်ခုလုံးကို မယူပါနဲ့။ လျှာရဲ့ အလယ်ကောင်မှာ ညောင်ရွက်သဏ္ဍာန်ရှိတဲ့ အရသာကိုသိနိုင်သော ခံစားနိုင်သော အဲဒီအကြည်ဓာတ်ကလေးသည် ဇိဝှါ ပသာဒ၊ လျှာအကြည်လို့ ခေါ်ပါတယ်။ ဇိဝှါ ဆိုတာ ဝိပါက်ရုပ်ပေါ့နော်။ ဝိပါက်ရုပ်ဖြစ်တဲ့ အကျိုးရုပ်ဖြစ်တဲ့ ဇိဝှါသည် ရုပ်တရားလို့ သိသွားပြီပေါ့။

ကဲ- ဒီတော့ ကာယာယတန ဆိုတာက ကိုယ်အကြည်လို့ခေါ်ပါတယ်။ ဘာအကြည်လဲ။ (ကိုယ်အကြည်ပါ ဘုရား)။ ဆံဖျားကနေ ခြေဖျားကို ကြည့်လိုက်ရင် တစ်ကိုယ်လုံး တစ်ထည်လုံးမှာ အကြည်ဓာတ်ရှိပါတယ်။ အကြည်ဓာတ်မရှိတဲ့နေရာကတော့ ယောဂီတို့ မှတ်ထားရမှာက ဆံဖျား က အကြည်ဓာတ်မရှိဘူး။ ဆံပင်မှာ အကြည်ဓာတ်မရှိဘူး။ ခြေသည်းလက်သည်း အကြည်ဓာတ် မရှိဘူးနော်။ ဒီတော့ အနာဖေးတွေ အကြည်ဓာတ်မရှိဘူး။ အကြည်ဓာတ် မရှိတဲ့နေရာတွေပေါ့ ဟုတ်လား။ အဲဒီတော့ ဆံပင်ကိုဖြတ်လို့ မနာဘူးပေါ့။ အနာပေါက်လို့ အနာဖေးလေးတက်နေလို့ ရှိရင် ခွာရင် မနာနိုင်ဘူးပေါ့နော်။ အဲဒီနေရာတွင် အကြည်ဓာတ်မရှိဘူး။ ကျန်တဲ့တစ်ကိုယ်လုံး တစ်ထည်လုံးမှာ အကြည်ဓာတ်သည် ပျံ့ပြီးတော့နေပါတယ်။ ဒါကို လက်တွေ့စမ်းကြည့်ရင် လက်မ ကို အသာလေး အပ်ကလေးနဲ့ထောက်ကြည့်။ မနာဘူးလား။ (နာပါတယ်)။ လက်ညှိုး ထောက် ကြည့်ရင်လည်း (နာပါတယ်)။ ခြေထောက် ထောက်ကြည့်ရင်လည်း (နာပါတယ်)။ ခေါင်းထောက် ကြည့်ရင်လည်း (နာပါတယ်)။ တစ်ကိုယ်လုံး ဒီလိုသိနေတာ၊ နာနေတာသည် အဲဒါ ကာယပသာဒ အကြည် = ကိုယ်အကြည်လို့ခေါ်ပါတယ်။ အဲဒီ ကိုယ်အကြည်သည် နာမ်တရားလား။ ရုပ်တရား လား။ (ရုပ်တရားပါဘုရား)။ ရုပ်တရားပဲ။ ဒီလိုဖြင့်ရင် ယခု မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်း အကြည်၊ လျှာအကြည်။ အဲဒီအကြည်တွေဟာ ရုပ်တွေ။ ဘာတဲ့လဲ။ (ရုပ်တွေပါဘုရား)။ ဟိုက မနောအကြည်ဆိုတာက စိတ်ကျတော့နာမ်ပေါ့။

## ပုဂ္ဂိုလ်သတ္တဝါရှာမရ

ဒီလိုဖြင့်ရင် ယခု သဠာယတန = ဆ အာယတန ၆-မျိုးသော အာယတနတွင် အခံဓာတ် ၆-ပါးတွင် ရုပ်က ဘယ်နှပါးလဲ။ (၅-ပါး)။ နာမ်က (၁-ပါး)။ ရုပ်နဲ့နာမ်နဲ့ နှစ်ပါးပါပဲ။ ပေါင်း လိုက်တဲ့အခါကျတော့ (ရုပ်နဲ့နာမ် နှစ်ပါးပါဘုရား)။ ဒီတော့ ဆံဖျားကနေ ခြေဖျားကို အာယတန



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပြောရင် ဘယ်နှစ်မျိုး တွေ့ရမလဲ။ (၆–မျိုးတွေ့ရမှာပါဘုရား)။ အဲဒီ ၆–မျိုးကလွဲပြီး အခြား ဘာမှမရှိဘူး။ အဲဒီ ၆–မျိုးကိုပဲ ယောကျ်ား၊ ဒီ ၆–မျိုးကိုပဲ မိန်းမလို့ မခေါ်ရဘူးလား။ သို့ဖြင့် ယောကျ်ား၊ မိန်းမဆိုတာကလည်း ဒကာ၊ ဒကာမတွေ ပညတ်အနေနဲ့သာ ခေါ်တာ။ ကမ္ဘာဦးကနေ ဒီပုံစံကို မိန်းမခေါ်၊ ဒီပုံစံကို ယောကျ်ားလို့ ခေါ်တာ။ အဲဒါက မြန်မာ လူမျိုးတွေက မြန်မာစကားနဲ့ပေါ့၊ အင်္ဂလိပ်ကျတော့ အင်္ဂလိပ်စကားနဲ့၊ ကုလားကျတော့ ကုလား စကားနဲ့ သူ့စကား နဲ့သူမရှိဘူးလား။ သူ့လူမျိုးနဲ့ သူ့ဘာသာတိုင်းနဲ့ခေါ်တာ။ ဒါတွေက ပညတ် တရားတွေ။ ပညတ်ဆိုတာက ခေါ်လို့ပြော လို့ ရရုံလေး မှန်တာနော်။ တကယ့်အမှန် မဟုတ်သေးဘူး။ တကယ်အမှန်သည် တကယ်ရှိတဲ့ အမှန်သည် တခြားလား။ ရုပ်နာမ်လား။ (ရုပ်နာမ်ပါဘုရား)။ ရှင်းပြီနော်။

ဒီလိုဖြင့် မျက်စိသည် ဘာတရား။ (ရုပ်တရား)။ နားသည် (ရုပ်တရား)။ နှာခေါင်းသည် (ရုပ်တရား)၊ လျှာ (ရုပ်တရား)၊ ကိုယ် (ရုပ်တရား)၊ စိတ် (နာမ်တရား)။ ပေါင်းလိုက်တော့ ဘာနဲ့ ဘာ။ (ရုပ်နဲ့နာမ်)။ ဒီလိုဖြင့်ရင် အဲဒီ သဠာယတနဆိုတဲ့ အာယတန ၆–ပါးသည် ခွဲလိုက်တော့ ရုပ်နဲ့နာမ်ဆိုတော့။ အဲဒီ ရုပ်နဲ့နာမ်က မထင်ရှားတဲ့တရားလား၊ ထင်ရှားတဲ့တရားလား။ (ထင်ရှား တဲ့ တရားပါဘုရား)။ ဒီအာယတနကို ပိုင်းပိုင်းခြားခြားသိပြန်ရင်လည်း ဩော် အာယတနတရားပဲ။ ရုပ်နဲ့နာမ်တရားပဲ။ ဘာကိုပဲသိသိ၊ အကုန် အကျုံးဝင်ပြီးသားနော်။ ဒီတော့ အာယတနတရားကို သိလိုက်ရင်လည်းပဲ ယောကျ်ား၊ မိန်းမရှာလို့မရတော့ဘူး။ ပုဂ္ဂိုလ်သတ္တဝါ ရှာလို့ရသေးရဲ့လား။ (မရပါဘူးဘုရား)။ မျက်စိထဲမှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါရှိရဲ့လား။ (မရှိပါဘူး)။ နားထဲမှာ လည်း (မရှိပါဘူး)။ နှာခေါင်းထဲမှာ (မရှိပါဘူး)။ လျှာထဲမှာ (မရှိပါဘူး)။ ကိုယ်ထဲမှာ (မရှိပါဘူး)။ မရှိဘူး။ သူ့အကြည်ဓာတ်တွေနဲ့ သူပဲရှိတယ်။ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ရှိကိုမရှိဘူး။ ဒီလိုဖြင့်ရင် ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိဘူးလို့မြင်တာသည် တခြားမြင်လို့လား။ ရုပ်မြင်လို့လား။ (ရုပ်မြင်လို့ပါ ဘုရား)။

မျက်စိရုပ်၊ နားရုပ်၊ နှာခေါင်းရုပ်၊ လျှာရုပ်၊ ကိုယ်ရုပ်။ အဲဒီရုပ်ကြီးကို မြင်တဲ့အခါကျတော့ ယောကျ်ား မိန်းမ တစ်ခုမှလည်း မပါဘူး။ လောက သမုတိ ပညတ်အနေနဲ့သာ တင်စားပြီး ယောကျ်ားရယ် မိန်းမရယ်၊ အဖေ အမေရယ်၊ သားရယ်၊ သမီးရယ်၊ ဇနီးရယ်၊ ခင်ပွန်းရယ် ပြောကြသော်လည်း တကယ့်သဘော ကြည့်လိုက်တဲ့အခါကျတော့ ရှိရဲ့လား။ (မရှိပါဘူးဘုရား)။ မရှိဘူးလို့ မြင်တာသည် တခြားမြင်တာလား။ အမှန်မြင်တာလား။ (အမှန်မြင်တာပါဘုရား)။ အဲဒီလို မရှိဘူးလို့မြင်တာ တခြားမြင်တာလား။ ရုပ်ကိုမြင်လို့လား။ (ရုပ်ကိုမြင်လို့ပါ ဘုရား)။ ရုပ်ပဲရှိတယ်။ ယောကျ်ား မိန်းမ မရှိ။ ရုပ်ပဲရှိတယ်။ အဖေ အမေမရှိ။ ရှင်းကော ရှင်းရဲ့လား။ ပရမတ္ထဉာဏ် မြင့်လာပြီနော်။

ဟာ – ဒီလိုဖြင့် အဖေမရှိရင် ဒီအဖေ ဘာလုပ်မလဲ၊ အလကားပဲ ဆိုပြီးတော့ သွားမလုပ်နဲ့။ သမုတိသစ္စာမှာ အဖေ မရှိဘူးလား။ ပရမတ္ထသစ္စာနဲ့ ကြည့်လိုက်တော့ အဖေ အမေ တွေ့ရမှာလား၊ ရုပ် တွေ့ရမှာလား။ (ရုပ်တွေ့ ရမှာပါ ဘုရား)။ ယောကျ်ား မိန်းမ တွေ့ရမှာလား၊ ရုပ်တွေ့ရမှာလား။ (ရုပ်တွေ့ရမှာပါ ဘုရား)။ ဒီလိုဖြင့်ရင် ရုပ်လို့မြင်တာက ပရမတ်အမြင်။ အစွန်းမငြိစေနဲ့။ သိပ် အရေးကြီးတယ်နော်။ ဟို – ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ သာသနာသန့်ရှင်းရေးတွေ နိုင်ငံတော် အစိုးရကနေလုပ်လို့ ဘုန်းကြီးတို့ ကျေးဇူးတင်လို့မဆုံးတာ။ အဲဒီလို သန့်ရှင်းရေးတွေ မလုပ်ခင်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက အချို့ဆရာတွေ ဘုန်းကြီးတို့ ကိုယ်တိုင်ကိုယ်ကျ တွေ့ဖူးတာ။ ပရမတ်နဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမရှိ။ အဲဒီတော့ ဘာလုပ်ပြသလဲဆိုတော့ ဆရာကြီး တစ်ယောက်ကနေပြီးတော့ ခေါင်းကဦးထုပ်ကိုချွတ်ပြီးတော့ သူက ခြေထောက်မှာ ဖိနပ်လို စီးပြလိုက်တာ။ ငယ်ငယ်တုန်းကတော့ အမယ် ဟုတ်များဟုတ်မလားလို့ပေါ့။ တကယ့် တကယ်ကျတော့ အဲဒါ တခြားအစွန်းတိုက်တာလား၊ ပရမတ် အစွန်းတိုက်တာလား။ (ပရမတ် အစွန်းတိုက်တာပါ ဘုရား)။ သူသည် ခြေထောက်ရယ်၊ ခေါင်းရယ်ဆိုတဲ့ပညတ်ကို ပယ်လိုက်တာ။

ဒီလိုဖြင့်ရင် ကဲ – ဒကာ၊ ဒကာမတွေ အိမ်ဦးခန်းမှာ ဦးထုပ်ထားလို့ရှိရင် မတင့်တယ်ဘူးလား။ (တင့်တယ်ပါတယ်)။ ဖိနပ်ကြီးတင်ထားလို့ ကောင်းပါ့မလား။ (မကောင်းပါဘူး)။ ဘယ်လူမျိုးမှ ဒီလို မတင်ဘူးနော်။ သို့သော် ပရမတ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ အိမ်ဦးခန်းတွေ၊ ဘာတွေ ညာတွေ ဆိုတာ တကယ် ရှိရဲ့လား။ (မရှိပါဘူး)။ အေး – ပညတ်ဆိုတာ လောကမှာသုံးဖို့။ ဖိနပ်က ဖိနပ်ချွတ်မှာ ထားရမယ်။ ဦးထုပ်က ခေါင်းရင်းမှာ ထားရမယ်။ ရှင်းကော ရှင်းရဲ့လား။ ခေါင်းရှိတဲ့ဦးထုပ်ကို ခြေထောက်မှာစွပ်ပြတယ်ဆိုတော့ ဒီပုဂ္ဂိုလ်ဟာ တခြားစွန်းငြိတာလား၊ ပရမတ်စွန်းငြိတာလား။ (ပရမတ်စွန်းငြိတာပါဘုရား)။ ဒီလိုဖြင့် ပညတ်ကိုပယ်ရာ မရောက်ဘူးလား။ ဒါကြောင့်

ပညတ်ပယ်တော့ အပါယ်ကျ
ပရမတ်ကွယ်တော့ နိဗ္ဗာန်မရ။
ပညတ်, ပရမတ် နှစ်ခုစပ်
သိတတ်သူမှ မြတ်။

ဒီတော့ ဝိပဿနာရှုတဲ့အခါ ဒါသိပ်အရေးကြီးတယ် ယောဂီတို့နော်။ အယူမတတ်လို့ရှိရင် အပါယ်နဲ့ အလွန်နီးပါတယ်။ အဲဒီတော့ ဘုန်းကြီးတို့ အခုကျေးဇူးပြုနေတာ ပညတ်မှာ ပညတ်နဲ့ ကြည့်ရင် မျက်စိရှိတယ်။ မျက်စိက မျက်စိနေရာပေါ့။ နားက နားနေရာပေါ့။ နှာခေါင်းက နှာခေါင်း။ လျှာက လျှာနေရာ။ ကိုယ်က ကိုယ်နေရာ။ သူ့နေရာနဲ့သူ မရှိဘူးလား။ အဲဒီလိုရှိလိုက်တော့ ပြောလိုက်ရင် မသိဘူးလား။ (သိပါတယ်)။ မျက်စိဆိုရင် ဘယ်သူမှ ခြေထောက်ကိုင်မပြဘူး။ ခြေထောက်ဆို ဘယ်သူမှ မျက်စိကိုင်မပြဘူး။ ဘာလို့ဆိုတော့ မျက်စိဆိုတာ တစ်ဦးနဲ့တစ်ဦး ဆက်ဆံလို့ ပြောလို့ ဆိုလို့ မရဘူးလား။ (ရပါတယ်)။ သို့သော် ပရမတ်နဲ့ကြည့်တဲ့အခါကျတော့ မျက်စိတွေ့မှာလား၊ ရုပ်တွေ့မှာလား။ (ရုပ်တွေ့မှာပါဘုရား)။ ခြေထောက်တွေ့ရမှာလား၊ ရုပ်တွေ့ရမှာလား။ (ရုပ်တွေ့ရမှာပါဘုရား)။

သို့ဖြင့် ရုပ်ကတခြားလား၊ ပရမတ်လား။ (ပရမတ်ပါဘုရား)။ ခြေထောက်တို့ မျက်စိတို့ ဆိုတာ တခြားလား၊ ပညတ်လား။ (ပညတ်ပါဘုရား)။ ပညတ်ကိုသုံးပါ။ ဒီတော့ ပညတ်ဆိုတာက အသုံးသစ္စာ။ ပညတ်သည် (အသုံးသစ္စာ)။ ပရမတ်သည် နှလုံးသွင်းသိရမယ့်သစ္စာ။ သုံးလို့မရဘူး။ နှလုံးသွင်းပြီး သိထားရမယ့်ကိစ္စကို ဒကာ၊ ဒကာမတွေ သွားသုံးရင် ပညတ်ပယ်ရာမရောက်ဘူးလား။ (ရောက်ပါတယ်ဘုရား)။ ပညတ်ပယ်ရင် အပါယ်ကျပြီ။ ဒီတော့ ပညတ်တွေတင်ပြီးတော့ လုပ်နေရင်လည်း ဒကာ၊ ဒကာမတွေ နိဗ္ဗာန်မရနိုင်ဘူး။ ရှင်းကော ရှင်းရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြင့်ရင် စကားလုံးတစ်ခုပြောမယ်နော်။ ယနေ့ ဝိနည်းသိက္ခာပုဒ်တွေ မပညတ်ဘူးလား။ လူတွေ ၅–ပါး သီလထိန်းမယ်။ ငါးပါးသီလ မထိန်းလို့ရှိရင် အပါယ်ကျမှာပဲ။ ရဟန်းလည်းပဲ ၂၂၇–သွယ် သိက္ခာပုဒ်တွေ မထိန်းရဘူးလား။ ဒီတော့ ဒကာ၊ ဒကာမတွေ မထိန်းရင် အပါယ်ကျမှာပဲ။ အဲဒါက ပညတ်ထားတာ။ ဘာတဲ့လဲ။ (ပညတ်ထားတာပါ ဘုရား)။ အဲဒီ ပညတ်ပယ်ရင် ဘယ်ရောက်မလဲ။ (အပါယ်ရောက်မှာပါ ဘုရား)။ အပါယ်ရောက်။ သို့သော် ဒီပညတ်ကလေးနဲ့တင် တင်းတိမ်နေပြန်တော့လည်း နိဗ္ဗာန်ရပ့်မလား။ (မရပါဘူးဘုရား)။ သိပ်အရေးကြီးတယ်။ ပညတ်ကိုလည်း ပယ်လို့ မဖြစ်ဘူးနော်။ တစ်ဖက်က ပညတ်ကို ယောဂီတို့ အများထဲမှာကျင့်သုံးပြီးတော့ ပရမတ်ကို ယူပြီး လှမ်းကိုင်ရမှာ။ ရှင်းကော ရှင်းရဲ့လား။

အဲတော့ သီလသည် တခြားကလာတာလား၊ ပညတ်ကလာတာလား။ (ပညတ်က လာတာပါ ဘုရား)။ သီလမရှိဘဲနဲ့ သမာဓိရှိနိုင်ပ့်မလား။ (မရှိနိုင်ပါဘူး ဘုရား)။ ဒီတော့ ကိုယ့်မှာ သီလတွေ ထိန်းတော့ သမာဓိ ရှိမှာပေ့ါ။ သမာဓိ ရှိတော့မှ အခုလို ဝိပဿနာပညာက လွယ်လွယ်ကူကူ ရမှာ။ ဝိပဿနာပညာသည် တခြားကိုရှုရမှာလား၊ ပရမတ်ရှုရမှာလား။ (ပရမတ်ရှုရမှာပါ)။ ပရမတ်ကိုရှုမှ နိဗ္ဗာန်ကိုမြင်မှာ။ ပညတ်ကိုရှုရုံဖြင့် ၃၁–ဘုံပဲလည်ဦးမယ်။ နေရာလေးတွေခွဲပါ ယောဂီတို့နော်။ ဒီတော့ ပယ်ဖို့ပြောတဲ့စကားလုံးပါရဲ့လား။ (မပါပါဘူး)။ သို့သော် ပညတ်သည် ၃၁–ဘုံကို ကျေးဇူးပြုမယ်။ ပညတ်သည် ဘယ်ကို ကျေးဇူးပြု။ (၃၁–ဘုံကို ကျေးဇူးပြုပါတယ် ဘုရား)။ ပရမတ်သည် ၃၁–ဘုံကကျော်ပြီးတော့ နိဗ္ဗာန်ကို ကျေးဇူးပြုမယ်။ ၃၁–ဘုံကကျော်တော့ တခြားလား၊ နိဗ္ဗာန်လား။ (နိဗ္ဗာန်ပါဘုရား)။

အဲဒီတော့ ယနေ့ ယောဂီတို့ရည်ရွယ်ချက်၊ ဦးတည်ချက်က ဘာဦးတည်လဲ။ (နိဗ္ဗာန်ပါ ဘုရား)။ နိဗ္ဗာန်ကိုဦးတည်ရင် ဘာဉာဏ်ရ,ရမလဲ။ (ပရမတ္ထဉာဏ် ရ,ရပါမယ်ဘုရား)။ အဲဒီ ပရမတ္ထ ဉာဏ်ကို နှလုံးသွင်းရင် ယခုဒီဘဝမှာ ပစ္စုပ္ပန်တည့်တည့်လေးကို ဒကာ၊ ဒကာမတွေ ငြိမ်းချမ်းသွားပြီ။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသာ အစရှိတဲ့ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ ပြင်းစွာပူပန်ခြင်း အစရှိတဲ့ ဒီလိုတရားတွေက ချက်ချင်းငြိမ်းတာ။ ယခု အားထုတ်၊ ယခုငြိမ်းတယ်။ မနက်ဖြန်အားထုတ်၊ မနက်ဖြန်ငြိမ်းတယ်။ လောကမှာ လူတွေမငြိမ်းချမ်းဘူးနော်။ အဲဒီလို မငြိမ်းချမ်းတာသည် တခြားကြောင့်မဟုတ်ဘူး။ ဒီတရားအားမထုတ်လို့။

အခု၊ ဒီ သတိပဋ္ဌာန်မဂ္ဂင်ကို အားထုတ်ရင် ချက်ချင်း မငြိမ်းချမ်းဘူးလား။ (ငြိမ်းချမ်းပါတယ်)။ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ ပြင်းစွာပူပန်ခြင်း အစရှိသည်တို့မှ လွတ်မြောက်မှုဆိုတဲ့ ဒီလို သတိပဋ္ဌာန်ရဲ့အကျိုး ၇–မျိုးတောင် ဒကာ၊ ဒကာမတွေ ချက်ချင်းရမှာ။ ရှင်းပြီနော်။ အဲဒီတော့ အဲဒီလိုအကျိုးတရားတွေရတာက တခြားအားထုတ်ရမှာလား။ ပရမတ်အားထုတ်ရမှာလား။ (ပရမတ် အားထုတ်ရမှာပါဘုရား)။ ကဲ – ဒီတော့ ကောင်းပြီ။ ပညတ်နဲ့ပရမတ် ဒီလောက်ဆို နည်းနည်း လေးတော့ ရိပ်စားမိသွားပြီ။

www.burmeseclassic.com



## အစ်ခံဓာတ်၊ အတိုက်ဓာတ်

ကဲ – အခုပြောချင်တာက အာယတန ၁၂–ပါး ပြောနေပြီ။ အဇ္ဈတ်ဓာတ်က ဘယ်နှစ်ပါး။ (၆–ပါး)။ အတိုက်ဓာတ်က (၆–ပါး)။ အခံဓာတ်က မြန်မာလိုပြော။ (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)။ ဒီတော့ အတိုက်ဓာတ်က ဘယ်နှစ်ပါး။ ၆–ပါး။ ၆–ပါးက (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံစည်စရာ)။ ဒီတော့ နောက်က အခံဓာတ်ကို ဒွါရလို့လည်း ပြောသေးတယ်။ ရှေ့က အတိုက်ဓာတ်ကို အာရုံလို့ပြောတယ်။ ဒီလိုဖြင့် ဒွါရ၊ အာရုံ။ စကားလုံးလေးတစ်လုံး တိုးလာပြီ၊ ပြောပါ။ (ဒွါရ၊ အာရုံ)။ နောက်ကအခံဓာတ်က ဘာခေါ်လဲ။ (ဒွါရ)။ ရှေ့က အတိုက်ဓာတ်က (အာရုံ)။ ဘုန်းကြီးတို့ စကားလုံးတစ်လုံးကို လွယ်လွယ်ကူကူ သုံးတော့မယ်ဆိုရင် သူ့ဒွါရနဲ့ သူ့အာရုံဟာ အမြဲတမ်း တိုက်တယ်လို့ ဒါလေးမှတ်လိုက်ပါ။

စက္ခုဒွါရနဲ့ ရူပါရုံနဲ့တိုက်တယ်။ စက္ခုသည် သဒ္ဒါရုံနဲ့တိုက်ရဲ့လား။ (မတိုက်ပါဘူးဘုရား)။ ဆိုလိုတာက မျက်စိသည် အသံနဲ့တိုက်ပါ့မလား။ မျက်စိသည် ဘယ်သူနဲ့တိုက်။ (အဆင်းနဲ့ တိုက်ပါတယ်ဘုရား)။ သို့ဖြင့်ရင် နားသည် ဘယ်သူနဲ့တိုက်။ (အသံနဲ့တိုက်ပါတယ်ဘုရား)။ နားသည် အဆင်းနဲ့တိုက်ရဲ့လား။ မတိုက်ဘူး။ အဲဒါကြောင့် သူ့ဒွါရနဲ့ သူ့အာရုံပဲ ဒကာ၊ ဒကာမတွေ ဆိုပါ တယ်။ သူ့ဒွါရနဲ့ သူ့အာရုံဆိုတော့ ဘာဖြစ်မလဲ။ လာမယ်တစ်ချက်နော်။ သူ့ဒွါရနဲ့ သူ့အာရုံ ဆိုတဲ့ အခါကျတော့ ဝိညာဏ်ပေါ်လာတယ်။ ဘာဝိညာဏ်ပေါ်တာလဲ။ (စက္ခုဝိညာဏ်ပါဘုရား)။ စကားလုံး တစ်လုံး တိုးလာပြန်ပြီ။ ဘာဝိညာဏ်ပါလိမ့်။ (စက္ခုဝိညာဏ်ပါဘုရား)။

ဟော – နားကျတော့ သောတဝိညာဏ်။ နားနဲ့အသံတိုက်တော့ သောတဝိညာဏ်။ ဒါကို "သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ" ဆိုပြီးတော့ ဝိညာဏ်တစ်လုံး ပေါ်လာပြီ။ ဝိညာဏ်ဆိုတဲ့ စကားလုံးတစ်လုံး ပေါ်လာပြီနော်။ ဒီလိုဖြင့် ပြီးအောင် သွားလိုက်ရအောင်။ ဟော နှာခေါင်းကျတော့ ဃာန။ ဟိုက ဂန္ဓာရုံဆိုတဲ့ အနံ့နဲ့ မတိုက်ဘူးလား။ "ဃာနဉ္စ ပဋိစ္စ ဂန္ဓေစဥပ္ပဇ္ဇတိ ဃာန ဝိညာဏံ"။ ဃာနဝိညာဏ်။ မွှေးစိတ်၊ နံစိတ် တစ်လုံးပေါ်တယ်။ ဃာန ဝိညာဏ်လို့ ခေါ် ပါတယ်။ အခုပြောနေတဲ့ ဃာနဝိညာဏ်ဟာ စက်ဝိုင်းထဲမှာ ဖြစ်တာလား၊ ကိုယ့်မှာ ဖြစ်တာလား။ (ကိုယ့်မှာ ဖြစ်နေတာပါ ဘုရား)။ ကိုယ်မှာဖြစ်နေတာကို ကိုယ်မသိဘူးဆိုရင် တခြားလား၊ အဝိဇ္ဇာ လား။ (အဝိဇ္ဇာပါ ဘုရား)။ ဘယ်လောက်ကြောက်စရာကောင်းလဲ။ ဒကာ၊ ဒကာမတွေ။ မြင်စိတ် ဆိုတာလည်း ကိုယ့်မှာဖြစ်နေတယ်။ ဟော – ဒီမှာကြည့်၊ ကြားစိတ်ဆိုတာလည်း ကိုယ့်မှာဖြစ်နေတယ်။ အခု မွှေးစိတ် နံစိတ် = ဃာန ဝိညာဏ်ဆိုတာလည်း ကိုယ့်မှာဖြစ်နေတယ်။

သို့သော် ကိုယ့်မှာဖြစ်နေတဲ့အရာတွေကို ကိုယ်မသိဘူးဆိုလို့ရှိရင် ဘာဖြစ်မယ်။ (အဝိဇ္ဇာ ဖြစ်မှာပါ ဘုရား)။ အဝိဇ္ဇာဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား။ (အကုသိုလ်ပါ ဘုရား)။ အဝိဇ္ဇာ အကုသိုလ်နဲ့သေရင် ဘယ်သွားမယ်။ (အပါယ်ငရဲ ပါဘုရား)။ ကြောက်စရာကောင်းလိုက်တာ။ နေ့စဉ် မြင်တာတွေ၊ ကြားတာတွေ၊ နံတာတွေ၊ မွှေးတာတွေကို ဒီလို ဝိပဿနာ သတိပဋ္ဌာန် အလုပ်သာ မလုပ်ရင် ဒကာ၊ ဒကာမတွေ ကဲ – ဒယ်အိုးက ကိုယ့်အတွက် ဖြစ်ပြီ။ ဘယ်လောက် ကြောက်စရာကောင်းသလဲနော်။ ကဲ – ဒီတော့ ကောင်းပြီ။ ဇိဝှါပေါ့။ လျှာသည် ဘယ်သူနဲ့တိုက်။ အရသာနဲ့။ "ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ"။ ဇိဝှါဝိညာဏ် တစ်လုံးပေါ်လာပြန်ပြီ။ လျှာမှာ ဘာဝိညာဏ်လဲ။ (ဇိဝှါဝိညာဏ်)။



www.burmeseclassic.com

www.burmeseclassic.com



''ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ''။ အခု ခန္ဓာကိုယ်မှာ ကာယဝိညာဏ် ပေါ်လာပြီ။

''မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ''။ စိတ်ကျတော့ မနောဝိညာဏ်နာမ်ပေါ်လာပြီ။ အခု ယောဂီတို့ ဝိညာဏ်ဆိုတဲ့စကားလုံး ဒီနေ့ တိုးလာပြီနော်။ ဘာလဲ။ (ဝိညာဏ)။ ဒီတော့ စာလိုပြောတော့ –

(၁) စက္ခုဝိညာဏ်
(၂) သောတဝိညာဏ်
(၃) ဃာနဝိညာဏ်
(၄) ဇိဝှါဝိညာဏ်
(၅) ကာယဝိညာဏ်
(၆) မနောဝိညာဏ်။

အဲဒါက ပါဠိတော်အတိုင်းသွားတာ။ မြန်မာလိုပြန်တော့ မျက်စိကျတော့ မြင်စိတ်။ မြင်စိတ် ကိုသိသွားပြီ။ စက္ခုဝိညာဏ်ဆို သိချင်မှသိမယ်။ မြင်စိတ်ဆို သိပြီ။ နားကျတော့ ကြားစိတ်။ နှာခေါင်းကျတော့ နံစိတ် (သို့) မွှေးစိတ်။ လျှာကျတော့ စားစိတ်။ ကိုယ်ကျတော့ တွေ့ထိစိတ် (ဝါ) ယားနာကောင်းစိတ်။ ဆရာတော်ကြီးရဲ့သင်တန်းစာရွက်ထဲကအတိုင်းဆို ဘာခေါ်မလဲ။ ယားနာ ကောင်းစိတ်။ ဆိုလိုတာက ယားတော့ ယားတဲ့စိတ်။ ကောင်းတော့ ကောင်းတဲ့စိတ်။ နာတော့ နာတဲ့စိတ်။ ခြုံပြီးတော့ ယားနာကောင်းစိတ်လို့ ပြောပါတယ်။ မနောကျတော့ ကြံစည်တွေးတောတဲ့ စိတ်။ ဘာပါလိမ့်။ (ကြံစည်တွေးတောတဲ့ စိတ်)။

အဲဒီ ဝိညာဏ်သည် အပြင်မှာ ပေါ်တာလား၊ ကိုယ့်မှာပေါ်တာလား။ (ကိုယ့်မှာ ပေါ်တာပါ ဘုရား)။ ကိုယ့်မှာ ဝိညာဏ်တွေပေါ်နေပြီပေါ့။ ဒီလိုဖြင့်ရင် အခု ဝိညာဏ်ဆိုတဲ့စကားလုံး တိုးလာပြီ။ အဲဒီတော့ ဝိညာဏ်က ၂–မျိုး မှတ်။ ဘယ်နှမျိုးလဲ။ (၂–မျိုးပါဘုရား)။ ပဋိသန္ဓေဝိညာဏ်။ ပဝတ္တိဝိညာဏ်။ ပဋိသန္ဓေဝိညာဏ် ဆိုတာက အဝိဇ္ဇာပစ္စယာ သင်္ခါရ။ သင်္ခါရပစ္စယာ ဝိညာဏ်။ အမိဝမ်းထဲမှာ ပဋိသန္ဓေစယူတဲ့ ဝိညာဏ်က ပဋိသန္ဓေဝိညာဏ်။ သူကပြီးခဲ့ပြီ။

ဟော – ဒီလိုဖြင့် ယခု မျက်စိနဲ့ အဆင်းနဲ့ တိုက်တဲ့အခါမှာ ဘာ ဝိညာဏ်ပေါ်။ စက္ခု ဝိညာဏ်။ အဲဒီဝိညာဏ်က ပဝတ္တိဝိညာဏ်။ ယခုမှပေါ်တာမို့လို့ ပြောတာ။ ဟိုတုန်းကပေါ်ခဲ့တဲ့ ဝိညာဏ်ရယ်၊ ယခုပေါ်တဲ့ ဝိညာဏ်ရယ်။ ဟိုတုန်းက ပေါ်ခဲ့တယ်ဆိုတာ အမိဝမ်းထဲမှာ ပဋိသန္ဓေ စပြီးနေတုန်းက ပေါ်တဲ့ဝိညာဏ်၊ ပဋိသန္ဓေဝိညာဏ်ပေါ့။ ယခု အဆင်းနဲ့မျက်စိနဲ့ တိုက်တဲ့အချိန် မှာ ပေါ်တဲ့ဝိညာဏ်က ပဝတ္တိဝိညာဏ်။ အခု ယောဂီတို့ နားလည်ရမှာ ဝိညာဏ်ဘယ်နှမျိုး။ (၂– မျိုး)။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဒီဝိညာဏ်အကြောင်းက နည်းနည်းအရေးကြီးပါတယ်။ ဘာလို့ဆိုတော့ ဒိဋ္ဌိပြုတ်ခန်းတွေမှာ ဒါ – အရေးပါလာပြီနော်။ ဘုန်းကြီးတို့ နေ့စဉ်ကျင့်သုံးရမယ့် ကိစ္စတွေ၊ အရေးပါတဲ့ ကိစ္စတွေ ဖြစ်တဲ့အတွက် ယခု မနက်ပိုင်းကတော့ အချိန်ကလည်း မရှိတော့ဘူး – ဟုတ်လား။ ညနေကျတော့ ဒီဝိညာဏ်အကြောင်း ဆက်ပြီးတော့ ကျေးဇူးပြုမယ်။ ကဲ – မနက်ပိုင်း ဒီလောက်ပဲ နားလိုက်ကြရအောင်။

( သာဓု -- သာဓု -- သာဓု)



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉–ရက် (၁.၉.၂၀၀၂) ညနေ

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ –– ဤမေ့သဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက် ရှိပြီ။ (၇–ရက်ရှိပါပြီဘုရား)။ ယနေ့၇–ရက်မြောက် ညနေ၏ ပဋိစ္စသမုပ္ပါဒ်သင်တန်းပွဲကြီးပေါ့နော်။ (မှန်လှပါ)။

ဆိုတော့ ယနေ့မနက်က အာယတန စသင်လာခဲ့ပြီနော်။ ဘာကိုသင်မှာပါလိမ့်။ (အာယတနပါဘုရား)။ နံပါတ်နှစ်က အာယတနဆိုတဲ့ သင်တန်းကို အခုသွားပါမယ်။

အာယတနသင်တန်းကို သွားနေတာက ခဏပဋိစ္စသမုပ္ပါဒ်သင်တန်းကို နားလည်ဖို့ပါ။ ဒီတော့ ပဋိစ္စသမုပ္ပါဒ်တွင် သံသရာပဋိစ္စသမုပ္ပါဒ်နှင့် ခဏပဋိစ္စသမုပ္ပါဒ်ရယ်လို့နှစ်မျိုးရှိပါတယ်။ ဘယ်နှမျိုးရှိ။ (၂–မျိုးရှိပါတယ်ဘုရား)။ ဒီတော့ သံသရာပဋိစ္စသမုပ္ပါဒ် ဆိုတာ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ အစ ရှိသဖြင့် ဧဝ မေ တဿ ကေဝလဿ၊ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ ဆိုပြီးတော့ ဒီလိုအဝိုင်း ပြေးပြေးခဲ့တာ သံသရာပဋိစ္စသမုပ္ပါဒ်နော်။

ခဏပဋိစ္စသမုပ္ပါဒ်ဆိုတာက ပစ္စုပ္ပန်တည့်တည့် အချိန်အခါမှာ အကြောင်းနှစ်ခု တိုက်ဆိုင်လို့ပေါ်ပေါက်လာတဲ့ ပဋိစ္စသမုပ္ပါဒ်ပါ။ အဲဒီ ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှ ယောဂီတို့ ဝိပဿနာ အရှုခံ ခန္ဓာကို သိပါလိမ့်မယ်။ အေး – ဒီတော့ ခန္ဓာလို့ ပြောလိုက်တိုင်း ပြောလိုက်တိုင်း ခန္ဓာကို ၂–မျိုး နား လည်ရမယ်။

ဝိပါကဝဋ်ခန္ဓာက တစ်မျိုး၊

ပဋိစ္စသမုပ္ပါဒ်ခန္ဓာက တစ်မျိုး။

### ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ ဝေါဟာရနဲ့ခွဲပြီးပြောပါမယ်။ ဝိပါကဝဋ်ခန္ဓာအကြောင်းကိုတော့ ထပ်တလဲလဲ ဘုန်းကြီးကျေးဇူးပြုထားပြီနော်။ (မှန်လှပါ)။ အသုဘရှုတဲ့ ခန္ဓာ၊ ချွေးဟောင်တဲ့ ခန္ဓာ၊ အမေမွေးတဲ့ ခန္ဓာ အမျိုးမျိုးနာမည်တွေတပ်ပြီး ပြောနေတာ ယောဂီတို့ မှတ်မိအောင်ပေါ့နော်။ ဝိပါကဝဋ်ခန္ဓာ။ ကောင်းပြီ။ ဝိပါကဝဋ်က ကိုယ့်အလံနဲ့လံရင် တစ်လံပဲရှိမယ်။ ဘယ်လောက်ရှိ။ (တစ်လံပဲ ရှိပါတယ် ဘုရား)။ အလေးချိန်ဆို ပိဿာ ၃၅–၄၀၊ ဆရာတော်ဘုရားကြီးမိန့်တော်မူတယ်။ တစ်လံမျှ လောက်သော ခန္ဓာအလေးချိန်၊ ၃၅–ရှိသောခန္ဓာ၊ ကံ စိတ် ဥတု အာဟာရ အကြောင်းတရား ထောက်ပံ့ဖန်တီးထားတဲ့ ခန္ဓာ၊ ကံမြင်ခန္ဓာလို့ ခေါ်ပါတယ်။ ဘာ ခန္ဓာပါလိမ့်။ (ကံမြင်ခန္ဓာပါဘုရား)။ အဲဒီ ကံမြင်ခန္ဓာက ယောဂီတို့ ဝိပဿနာရှုလို့မရဘူး။

ဒီတော့ ဝိပဿနာအရှုခံ ခန္ဓာက ကိုင်မရတဲ့ ခန္ဓာပေါ့။ ဒီတော့ ဘုန်းကြီး တို့သင်တန်း ဆရာများက မိန့်တော်မူကြတာ ချွေးမဟောင်တဲ့ ခန္ဓာကို မြင်အောင်ကြည့်တဲ့။ ဘာတဲ့လဲ။ (ချွေး မဟောင်တဲ့ခန္ဓာပါ ဘုရား)။ အဲဒီတော့ ချွေးမျက်စိနဲ့ မမြင်တဲ့ ခန္ဓာပေါ့။ ဒါဆိုတော့ ပိုပြီးတော့ ရှင်းတဲ့စကားနဲ့ ပြောတာနော်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် အင်မတန် နက်နဲခက်ခဲတဲ့ ပရမတ်သဘောတရားတွေကို အရပ်သားတွေ အရပ်နားနဲ့ စကားနဲ့ နားလည်အောင် ရွေးပြီး မိန့်တော်မူခဲ့တာ။ ဒါ – ဘုန်းကြီးတို့ အင်မတန် ကံကောင်းတယ်နော်။ အဲဒီတော့ ခုနကပြောတဲ့ ချွေးမဟောင်တဲ့ခန္ဓာဆိုတာ ပါရဲ့လား။ ဒီစကားလုံးမပါဘူးနော်။ ဆရာတော်က အဲဒီအဓိပ္ပာယ်ကို ယူပြီးတော့ အရပ်စကားနဲ့နားလည်အောင် ပြောပြသွားတာ။ ဒီတော့ ချွေးမဟောင်တဲ့ ခန္ဓာဆို တာက စာထဲပါတာကတော့ ဉာဏ်မြင် ခန္ဓာသာပါတာ။

ဉာဏ်မြင်ခန္ဓာဆိုတော့ ဖြုန်းခနဲ ဘာပြောတာပါလိမ့်လို့ အောက်မေ့တာ။ ဒီတော့ ဆရာ တော်ဘုရားကြီး မိန့်သွားတာ၊ ချွေးမဟောင်တဲ့ ခန္ဓာဆိုတော့ နားလည်သွားတာပေါ့။ ဒီခန္ဓာကြီး အရပ်ထဲလျှောက်သွား။ ကျောင်းထဲလျှောက်သွား ချွေးမြင်ရင်ဟောင်တာပေါ့။ သို့သော် မမြင်ရင် ဟောင်ပါ့မလား။ မမြင်တဲ့ ခန္ဓာပေါ့။ အဲဒီ မမြင်တဲ့ခန္ဓာဆိုတာ တခြားခန္ဓာမဟုတ်ဘူး။ ဘာခန္ဓာလဲ။ (ပဋိစ္စ သမုပ္ပါဒ်ခန္ဓာပါဘုရား)။ ပဋိစ္စသမုပ္ပါဒ်ခန္ဓာကို နားလည်နိုင်ဖို့ ဒီသဥ္စာယတနကို သင်နေရတာ။

ဒီတော့ သဥ္စာယတနမှာ ယောဂီတို့ မနက်ကသင်တန်းကို ပြန်ဆက်ရင် အခံဓာတ် ဘယ်နှပါးလဲ။ (၆–ပါးပါ ဘုရား)။ အတိုက်ဓာတ် (၆–ပါးပါ ဘုရား)။ ဒီတော့မှ အပွင့်ဓာတ်က ၆– ပါး၊ ဟော ခြောက်သုံးလီ ဓာတ် ၁၈–ပါးလို့ ခေါ် တယ်။ ခန္ဓာရယ်၊ အာယတနရယ်၊ ဓာတ်ရယ် ဆိုပြီးတော့ အဆင့်ဆင့် တက်လာပြီနော်။ ဓာတ် ၁၈–ပါးအကြောင်း အခုသွားတယ်ပေါ့။ ဒီလိုဖြင့်ရင် ရုပ်ပိုင်းဆိုင်ရာကို ရှင်းတုန်းကလည်း ပထဝီဓာတ်၊ တေဇောဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ် တွေ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဒါလည်းပဲ ဓာတ်ပဲပေါ့ – ဟုတ်လား။ အတ္တနော သဘာဝံ ဓာရေတီတိ ဓာတုဆိုတဲ့အတိုင်း ဓာတ်ဆိုတာ သူ့သဘောသူဆောင်နေတာ။ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနော ဝိညာဏဓာတ်။ သဘောတွေကို ယူတာ။

စက္ခုဝိညာဏဓာတ်ဆိုတော့၊ စက္ခုဝိညာဏ်ဓာတ်ကလေးပေါ့။ စက္ခုဝိညာဏ် ဓာတ် ဆို တာဟာ ကိုင်လို့ရပါ့မလား။ သဘောယူရတာ။ ကိုင်လို့မရဘူး။ ကြည့်လို့မရဘူး။ သို့သော်လည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလားဆိုတော့ ရှိတယ်။ မသိဘူးလား၊ သိတယ်။ ရိုးရိုးမျက်စိနဲ့ မမြင်နိုင်ဘူး။ ဉာဏ်မျက်စိနဲ့သာ မြင်နိုင်တာကိုး။ ပူသဘော၊ အေးသဘော၊ လှုပ်ရှားသဘော၊ တောင့်တင်းသဘော။ ရှင်းပြီနော်။ အဲဒီတော့ အဲဒီသဘောကို ကိုင်လို့ရပါ့မလား။ (မရပါဘူး)။ ကဲ––ဒီလိုဖြင့်ရင် အခုယောဂီတို့ ဒီနေ့ဆိုရင် နေပူတဲ့အခါကျတော့ မွှောရုံကြီးထဲ မပူဘူးလား။ (ပူပါတယ်ဘုရား)။ ပူတာကိုင်လို့ရသလား။ (မရပါဘူးဘုရား)။ ဩော် – ပူတာဆိုတာ သိတော့ သိနေတယ်။ ကိုင်လို့မရဘူး။ သို့သော် ပူတာသည် တခြားတရားလား၊ ပူတဲ့သဘောလား။ (ပူတဲ့သဘောပါ ဘုရား)။ မျက်စိမှိတ်ထားလည်း ပူတာသိနေတာပဲ။ မျက်စိဖွင့်ကြည့်လည်း ပူတာသိနေပါတယ်။ အဲဒီပူနေတာသည် ယောဂီတို့ ကိုင်လို့ရတဲ့ သဘောတရားလား၊ သိနေတဲ့ သဘောတရားလား။ (သိနေတဲ့ သဘောတရားပါဘုရား)။

ဒီလိုဖြင့် ဟောဒီ ပျော့တာလေးကိုသာ ကိုင်လို့ရတယ်။ ပူတာကိုင်လို့ ရရဲ့လား။ (မရပါဘူး)။ အေးတာ ကိုင်လို့ရပါ့မလား။ (မရပါဘူး)။ သို့သော် အေးသဘောကို သိနေတယ်။ ပူသဘောကို သိနေတယ်ပေါ့။ အဲဒီသဘောသည် ဒါက ခွေးမဟောင်တဲ့ ခန္ဓာ။ ဘာခန္ဓာလဲ။ (ခွေးမဟောင်တဲ့ ခန္ဓာပါဘုရား)။ ဒါ–ရူပက္ခန္ဓာကို ခွဲခြမ်းစိတ်ဖြာကြည့်တာနော်။ အဲဒီ ခွေးမဟောင်တဲ့ခန္ဓာကို ယောဂီတို့မြင်ရင် ဝိပဿနာရှု။ ပူတာတွေ့လည်း ပူတာရှု၊ အေးတာတွေ့လည်း အေးတာရှု၊ လှုပ်ရှားတာတွေ့လည်း လှုပ်ရှားတာရှု၊ ရွရွမွမွတွေ့လည်း ရွရွမွမွဆိုတာက ပညတ်အနေနဲ့ တင်စားပြောတာ၊ တကယ် ရွနေတာမဟုတ်ဘူး၊ တကယ်မွနေတာ မဟုတ်ဘူး၊ တကယ်လှုပ်နေတာ မဟုတ်ဘူး။ ရှင်းကောရှင်းရဲ့လား။ ပရမတ်သဘောနဲ့ ကြည့်တဲ့အခါကျတော့ လှုပ်တာလည်း တခြားလား၊ သဘောလေးလား။ (သဘောလေးပါဘုရား)။ ပူနေတာလည်း တခြားလား၊ သဘောလေးလား။ (သဘောလေးပါဘုရား)။ သဘောကျတော့ အကုန်လုံး တစ်ညီတည်း ဖြစ်နေတယ်နော်။ ပညတ်အနေနဲ့သာ ဒါကတော့ ပူတာ၊ ဒါကတော့ အေးတာ။ ဒါကတော့ လှုပ်ရှားတာ၊ ဒါကတော့ တောင့်တင်းတာ၊ ဘာညာ ဘာညာ ဘာညာနဲ့ ပရမတ်အနေနဲ့ နာမည်တွေ အများကြီးခေါ်နေတာ။ သူ့သဘောပဲရှိတယ်။ သဘောကိုကြည့်လိုက်တဲ့အခါကျတော့ ဒကာ၊ ဒကာမတွေ အပူ–အအေး ဆိုတာ ရှိသေးလား။ (မရှိပါဘူးဘုရား)။

ဒီလိုဖြင့် အေးသဘော၊ ပူသဘော ဒါ––ရုပ်ကို မြင်နေတဲ့ သဘောနော်။ အဲဒီ သဘောရဲ့ လက္ခဏာကို ကြည့်လိုက်တဲ့အခါကျတော့ ပူတဲ့ သဘောကလည်း အမြဲရှိတာလား၊ မရှိတာလား။ (မရှိတာပါဘုရား)။ အေးတဲ့သဘောကလည်း အမြဲရှိတာလား၊ မရှိတာလား။ (မရှိတာပါဘုရား)။ အေးပူသဘောအမြဲမရှိတာ၊ အတည်တကျမရှိတာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ဟော–မရှိတာကို (အနိစ္စ၊ ဒုက္ခ၊ အနတ္တပါဘုရား)။ အဲဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတာ တခြားပြောတာလား၊ ဝိပဿနာ ဉာဏ်ပြောနေတာလား။ (ဝိပဿနာဉာဏ်ကို ပြောတာပါဘုရား)။ အဲဒီ အတည်တကျမရှိသဘော လေးကို မြင်အောင်ကြည့်ရတယ်။ အဲဒီ မရှိသဘောလေးကို မြင်အောင်ကြည့်တဲ့အခါကျတော့ ဒကာ၊ ဒကာမတို့ ရှုတာကတော့ သိပ်မခက်ဘူးဗျ။ အဲဒီဥစ္စာကို သဘောပေါက်နားလည်ပြီးတော့ ကိုယ့် ကိုယ်ကို သံသယ ကင်းသွားအောင် သိဖို့ သိပ်အရေးကြီးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့–အင်း–ဆရာကတော့ သင်တော့သင်တယ်။ ကိုယ်က သဘောဉာဏ် မပြည့်တဲ့ အခါကျတော့ အင် အပြောက၊ ဟုတ်တော့ ဟုတ်သားပဲ။ တကယ်ကြည့်တဲ့အခါကျတော့လည်း ဟုတ်မှဟုတ်ပါ့မလား။ ဩော်–ဖြစ်သွားရော။ အဲဒီတော့ ဟုတ်မှဟုတ်ပါ့မလား ဖြစ်သွားတာဟာ ဝိစိကိစ္ဆာ။ ဘာတဲ့လဲ။ (ဝိစိကိစ္ဆာ ပါဘုရား)။ မဂ်တား ဖိုလ်တားဖြစ်ပြီ။ ဒီဘဝ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရတော့ဘူး။ သွားပြီ။ ဘယ်သူက တားလိုက်တာလဲ။ (ဝိစိကိစ္ဆာက တားတာပါဘုရား)။ ဝိစိကိစ္ဆာ ဆိုတာ စာလိုပြောတာ၊ မြန်မာလိုဆိုတော့ ဟုတ်ပါ့မလား၊ မှန်ပါ့မလားဆိုတဲ့ သံသယစိတ်ကို ပြောတာပါ။ အဲဒီသံသယစိတ်ကို ရှင်းနိုင်ဖို့အတွက်ကို ဒီမှာ ဒကာ၊ ဒကာမတွေ သေသေချာချာ သဘာဝကျကျ သာဓကနဲ့ အာဂမနဲ့ သေသေချာချာပုံပြပြီးတော့ ရှင်းရတာ။

**ရတနာ့အစစ်**

ဒါကြောင့် ဘုန်းကြီးတို့ ယခုသင်တန်းတရားကို ဟောတယ်၊ သင်တန်းတရားကို နာတဲ့အခါမှာ ယုတ္တိရှိမှနော်။ ယုတ္တိ ၃–မျိုးရှိတယ်။ ဒါလေး ဗဟုသုတ မှတ်ထားပါဦး။ ယောဂီဟောင်းတွေဆို မပြောတော့ဘူး။ ယောဂီသစ်တွေပါနေလို့–ဟုတ်လား။

(၁) အာဂမယုတ္တိ၊

(၂) သာဓက ယုတ္တိ၊

(၃) သဘာဝ ယုတ္တိ။

ယုတ္တိ ၃–မျိုးရှိတယ်။ ဒီတော့ အာဂမယုတ္တိဆိုတာ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ပါဠိတော်တွေဟာ အာဂမယုတ္တိတွေပဲ။ အဲဒါတွေက သက်သေခံအထောက်အထားတွေပေါ့။ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောသွားတဲ့အခါကျတော့ ဆန္ဒသုတ္တန် ထောက်ပြီးတော့ ပါဠိတော်နဲ့ဟောသွားတာ။ ပါဠိတော်က ဒီလို လာတယ်။ အဋ္ဌကထာက ဒီလိုလာတယ်ဆိုတာ အာဂမယုတ္တိတွေပေါ့။

အဲဒီတော့မှ ရှင်ဆန္ဒက ဒီလိုအားထုတ်လို့ ဒီလိုရတယ်၊ ဒီလိုအားမထုတ်လို့ ဒါလေးမလုပ်လို့ ဒီလိုမရဘူးဆိုပြီးတော့ သာဓကပြမဟောဘူးလား။ ဒါ–သာဓက ယုတ္တိလို့ ခေါ်တယ်။

ပြီးတော့မှ ကောင်းပြီ–အဲဒီအတိုင်း လက်ခံပြီး လမ်းမဆုံးနဲ့ သူများပါးစပ်ဖျား လမ်းမဆုံးနဲ့၊ ကိုယ့်ခန္ဓာထဲ ကိုယ်ရှု၊ ကိုယ့်ခန္ဓာထဲကိုယ်ကြည့်၊ သေသေချာချာ ခန္ဓာဉာဏ်ရောက် အားထုတ် ဆိုပြီးတော့ တကယ့် သဘာဝကျကျ မပြဘူးလား။ အဲဒီလို သဘာဝကို ယောဂီတို့မြင်မှ သဘော ဟုတ်မှ လောကုတ်ကိုး။ ဒီတော့ သဘောနဲ့သဘာဝကိုမြင်မှ လောကုတ္တရာဉာဏ်ကိုရမယ်။ ဒီလို ဖြင့်ရင် သဘာဝကိုရှု ဆိုတာက ခန္ဓာထဲ ကြည့်လိုက်တဲ့အခါကျတော့ ဒကာ၊ ဒကာမတွေ၊ ယောက်ျား၊ မိန်းမတွေ့တာလား။ ပူတာတွေ့တာလား။ (ပူတာတွေ့တာပါဘုရား)။ ငါ ပူတာလား၊ ရုပ်က ပူနေ တာလား။ (ရုပ်က ပူနေတာပါဘုရား)။ ငါ မပါဘူး၊ ငါ မရှိဘူး။ ယောက်ျား မရှိဘူး။ မိန်းမ မရှိဘူး။ ပူတဲ့သဘောပဲရှိတယ်။ ပူတဲ့သဘော ကိုင်ပြလို့ရမလား။ (မရပါဘူး)။ အဲဒီ ပူတဲ့သဘော ဘယ်ရောက် သွားသလဲဆိုတာ အကြည့်ကိုမခံဘူး။ ပူတယ်မရှိတော့ဘူး။ အေးတယ် မရှိတော့ဘူး။ တောင့်တင်းတယ် မရှိတော့ဘူး။ လှုပ်ရှားတယ် မရှိတော့ဘူး။ နောက်ဆုံး ပရမတ်



www.burmeseclassic.com

www.burmeseclassic.com



သဘောနဲ့ မရှိ၊ မရှိ၊ မရှိ ဒါကိုမြင်အောင်ရှုရင် ရှိပြီးတော့မှ မရှိဘူးလို့မြင်တာ တခြားနဲ့မြင်တာလား၊ မဂ္ဂင်နဲ့ မြင်တာလား။ (မဂ္ဂင်နဲ့ မြင်တာပါဘုရား)။ အဲဒီမဂ္ဂင်က ယောဂီတို့အတွက်က အဲဒါရတနာ အစစ်ပဲ။ ဘာတဲ့လဲ။ (ရတနာအစစ်ပါဘုရား)။

အဲဒီရတနာသည် တရားရတနာ။

**ဓမ္မံ သရဏံ ဂစ္ဆာမိ**

**ဓမ္မာ မေ သရဏံ အညံ နတ္ထိ။**

အဲဒီတရားမှတစ်ပါး အားကိုးစရာရှိရဲ့လား။ (မရှိပါဘုရား)။ အဲဒီတရားကို အားကိုးရင် ယနေ့ ပစ္စုပ္ပန်တည့်တည့်မှာလည်း ငြိမ်းချမ်းခြင်း ချမ်းသာခြင်းရသလို၊ သေရင်လည်းပဲ နိဗ္ဗာန် မရနိုင်ဘူးလား။ (ရနိုင်ပါတယ်)။ ယခုလည်းပဲ နိဗ္ဗာန်ကို မမြင်နိုင်ဘူးလား။ (မြင်နိုင်ပါတယ်)။ အဲဒီလို ယခုလည်းပဲ ချမ်းသာသလို နောက်လည်းပဲ ချမ်းသာတဲ့တရားသည် ဒကာ၊ ဒကာမတွေ သူများ စိတ်ကူးယဉ် တရားလား၊ လက်တွေ့တရားလား။ (လက်တွေ့တရားပါဘုရား)။ အဲဒီတရားမှ တစ်ပါး အားကိုးစရာရှိရဲ့လား။ (မရှိပါဘူးဘုရား)။ ဒီလိုဖြင့်ရင် ''ဓမ္မော မေ သရဏံ အညံ နတ္ထိ'' တရားမှ တစ်ပါးကိုးကွယ်စရာမရှိ။

အဲဒါကြောင့် တရားကို လက်တွေ့အားမထုတ်ကြည့်ရင် တရားမှ တစ်ပါးကိုးကွယ်စရာ မရှိဆိုတာကို ဒကာ၊ ဒကာမတွေရဲ့ အန္တရာယ်ကင်း ဘေးကင်းတိုက်၊ တစ္ဆေ သရဲကြောက်လို့ ရွတ် တဲ့ အဆင့်လောက်ပဲထားတာပဲ ရှိမယ်။ တကယ်ခန္ဓာထဲ အရောက်မပို့ဘူး။ တကယ်ခန္ဓာထဲ အရောက် ပို့လိုက်လို့ရှိရင် ဩော်– ''ဓမ္မော မေ သရဏံ အညံ နတ္ထိ''။ ဒီတရားမှ တစ်ပါးကိုးကွယ်စရာ မရှိ ပါလား။ လောကမှာ ချမ်းသာခြင်းကို ပေးနိုင်တာသည် တခြားလား၊ တရားလား။ (တရားပါဘုရား)။ အဲဒီတရားမှတစ်ပါး ဒကာ၊ ဒကာမတို့ ဘုန်းကြီးတို့ ကိုးကွယ်စရာရှိရဲ့လား။ (မရှိပါဘူးဘုရား)။ အဲဒီတော့မှ ဓမ္မဂုဏာ အစိန္တယာ၊ ဓဝံ အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော ဒေသနာက။ အဲဒီကဲ့သို့ ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ လက်တွေ့ ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင်သာ လိုရင်းအတိုင်း အားထုတ်ရင် မကြံစည် မနှိုင်းယှဉ်အပ်တဲ့ ကောင်းကျိုး ချမ်းသာတွေ ရမှာပါ။ ဒကာ၊ ဒကာမတွေ သူများပါးစပ်ဖျား လမ်းမဆုံးနဲ့၊ လက်တွေ့အလုပ်လုပ်စမ်းပါ။

## ကိုယ်ပိုင်အလုပ်ကိုလုပ်ပါ

အဲဒီလို ရနိုင်အောင် နည်းမှန်လမ်းမှန် အရေးမကြီးဘူးလား။ (ကြီးပါတယ်) အဲဒီလို အားထုတ် ဖို့အတွက် နည်းမှန်လမ်းမှန်ရောက်အောင် ယောဂီတို့ကို ဒီသင်တန်းကနေ ကျေးဇူးပြုနေရတာ။ ရှင်းကောရှင်းရဲ့လား။ ကဲ–ဒီလိုဖြင့်ရင် ဒီသင်တန်းက ယနေ့သွားနေတာက တခြားသွားနေတာ လား၊ ဓာတ် ၁၈–ပါး သွားနေတာလား။ (ဓာတ် ၁၈–ပါးသွားနေတာပါဘုရား)။ အခံဓာတ်က ဘယ်နှပါး။ (၆–ပါးပါဘုရား)။ အတိုက်ဓာတ်က ဘယ်နှပါး။ (၆–ပါးပါဘုရား)။ အပွင့်ဓာတ်က ဘယ်နှပါး။ (၆–ပါး)။

အခံဓာတ် ၆–ပါးက မြန်မာလိုပြောတော့ မျက်စိ၊နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။ အတိုက်ဓာတ် ၆–ပါးက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံစည်စရာ။ အဲဒါကတော့



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းမှာကော စာရွက်ထဲမှာရော၊ နှုတ်ကျိုးနေပြီပေါ့နော်။ သို့သော်လည်းပဲ သင်တန်းက သူ့ထုံးစံအတိုင်းသာ ယောဂီတို့ သွားတာပေါ့ ဟုတ်လား။ အဲဒီတော့ အခံစာတ်-၆၊ အတိုက်စာတ်-၆၊ အပွင့်စာတ်-၆။ အပွင့်စာတ်ကို စာလိုခေါ်တော့ စက္ခုဝိညာဏ်၊ သောတ ဝိညာဏ်၊ ဃာန ဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်၊ ဝိညာဏ် ဘယ်နှမျိုး (၆-မျိုးပါဘုရား)။ ကဲ-ဒီတော့ ဝိညာဏ် ၆-မျိုးကို ဒီနေ့ပြောကြမယ်။ ဒီညနေလည်း သတိလေးရတုန်း-ဟုတ်လား။

ဝိညာဏ်ကို ဒီနေရာမှာ ဗုဒ္ဓဘာသာတွေအတွက် သိပ်အရေးကြီးတယ် ယောဂီတို့။ ဗုဒ္ဓဘာသာတွေဟာ ဝိညာဏ်ကို မြဲတဲ့အယူရှိတယ်။ တော်တော် များများပေါ့။ သို့သော် ဗုဒ္ဓဘာသာ အစစ်က ဝိညာဏ်သည် မြဲတာလား၊ မမြဲတာလား။ (မမြဲတာပါဘုရား)။ ဒီလိုဖြစ်ရင် ဗုဒ္ဓဘာသာရဲ့ ဘုရားဟောတာက ဝိညာဏ်သည် မမြဲဘူးလို့ ပြောတယ်။ ဝိညာဏ်မမြဲဘူး ပြောတာ၊ ခုနပြောသလို အာဂမယုတ္တိ၊ သာဓကယုတ္တိ၊ သဘာဝယုတ္တိပေါ့နော်။ စက္ခုဝိညာဏ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ သောတဝိညာဏ် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုပြီးတော့ အနတ္တ လက္ခဏာသုတ်တွေ မလာဘူးလား။ (လာပါတယ်ဘုရား)။ ဒါ-သေသေချာချာ ထောက်အထား ရှိပြီးသား။ အဲဒီတော့ စက္ခုဝိညာဏ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတာ ဟောဒီ စက္ခုဝိညာဏ်သည် မြဲတာလား၊ မမြဲတာလား။ (မမြဲတာပါဘုရား)။ အနိစ္စ၊ ဒုက္ခ၊ အနတ္တနော်။ ဒါကို ဖြစ်၊ ပျက်လို့ ခေါ်တာပေါ့။ ဟုတ်ပြီ။ အဲဒီတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတော့ ဝိညာဏ်သည် မြဲတယ်ပြောတာလား၊ မမြဲဘူးလား။ (မမြဲပါဘူး)။

ဒီတော့ အနိစ္စဆိုတာက မမြဲဘူးပြောတာ။ ဒုက္ခဆိုတာ ဆင်းရဲတယ်ပြောတာ။ အနတ္တဆိုတာ ကိုယ့်သဘောနဲ့ ကိုယ်မဟုတ်ဘူး။ သူ့သဘော သူဆောင်နေတာ။ ရုပ်ကလည်း ရုပ်သဘော ဆောင်တယ်။ နာမ်ကလည်း နာမ်သဘောဆောင်တယ်။ ဉာဏ်ကလည်း ဉာဏ်သဘောဆောင်တယ်။ ခန္ဓာကလည်း ခန္ဓာသဘောဆောင်နေတာပဲ။ ကိုယ်နဲ့ဘာမှ မပတ်သက်ဘူး ယောဂီတို့။ အဲဒီတော့ မပတ်သက်တာကို ကိုယ်က မကြည့်လို့သာ မမြင်တယ်။ တကယ်ပဲ စောင့်ပြီး ကြည့်လိုက်ရင် ဩော်-ရုပ်ကလည်း ရုပ်သဘော၊ သူ့ကိစ္စ သူလုပ်တယ်။ နာမ်ကလည်း နာမ်သဘော သူ့ကိစ္စ သူလုပ်တယ်။ ဩော်-ဉာဏ်ကလည်း ဉာဏ်သဘော၊ သူ့ကိစ္စသူလုပ်တယ်။ ဒါ-သိပ်အရေးကြီး တယ်နော်။ ရုပ်ကိစ္စက ရုပ္ပတီတိ ရူပံ ဖောက်ပြန်သော သဘောမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေပေါ်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်။ ဒါရုပ်က--သူ့အလုပ် သူလုပ် နေတာ။

နာမ်ဆိုတဲ့ သဘောတရားကလည်း မြဲတာလား၊ မမြဲတာလား။ (မမြဲတာပါဘုရား)။ အနိစ္စပဲ။ ပေါ်လာလိုက်၊ ပျက်သွားလိုက်၊ ပေါ်လာလိုက်၊ ပျက်သွားလိုက်။ သူ့အလုပ် သူလုပ်နေတာ။ အဲဒီတော့ ယခုကြည့်ရင်လည်း သူ့အလုပ်သူလုပ်တာ မြင်လိမ့်မယ်။ အိပ်ပျော်သွား တစ်ရေးနိုးထ ကြည့်လည်း သူ့အလုပ်သူလုပ်တာ မြင်လိမ့်မယ်။ ရုပ်ရဲ့သဘောက ထာဝရကြည့်လိုက်ရင် အချိန် မရွေး ဘာတဲ့လဲ။ (ဖောက်ပြန်နေတာပါဘုရား)။ ဖောက်ပြန်နေတဲ့ သဘောရှိမယ်။ နာမ်ရဲ့ သဘောကလည်း ဖြစ်ပျက်သဘောမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ နောက်ဆုံးတော့ ရုပ်ကြည့်ကြည့်၊ နာမ်ကြည့်ကြည့် ဖြစ်ပြီး ပျက်တဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကြီးပဲဖြစ်နေတယ်။ အဲဒါကြောင့် မို့လို့၊ ပရမတ်သဘောဆိုတာက အမြဲတမ်းမြဲတဲ့သဘောရှိတယ်။ သဘောတရား အမှန်ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ။ ပညတ်ဆိုတာက အပြောင်းအလဲရှိတယ်။ ပရမတ်က (မြဲပါတယ်ဘုရား)။ ရုပ်ပရမတ်၊ နာမ်ပရမတ်။

ဟာ−−အရှင်ဘုရား။ ရုပ်ပရမတ်၊ နာမ်ပရမတ်လို့ ပြောတယ်။ ပရမတ်ဆိုတာက မမြဲဘူး၊ နိုင်မြဲတယ်ဆိုတဲ့ အဓိပ္ပာယ်မရောက်ဘူးလား။ ဒီမှာက ပရမတ်ရုပ်က အမြဲတမ်းဖောက်ပြန်နေတယ်။ ဖောက်ပြန်နေတယ်။ နာမ်လည်း ဖြစ်ပျက်နေတယ်။ ဖြစ်ပျက်နေတဲ့ဥစ္စာ ဘယ်လိုလုပ် ပရမတ် ဖြစ်မလဲ−−စကားတွေနော်။ ယောဂီတို့ သံသယဝင်မှာစိုးလို့ ရှင်းပေးမလို့။ ဒီတော့−နို့မို့ ဒါက− သံသယဝင်တတ်တယ်။ ပရမတ်ဆိုတာဟာ မှန်ကန်တဲ့သဘော။ ဖောက်လွဲ ဖောက်ပြန်မဟုတ်ဘူး။ ရုပ်ပရမတ်ဟာ ဖောက်ပြန်တယ်၊ ဖောက်ပြန်တဲ့သဘောကို ဘယ်တော့မှမစွန့်ဘူး။ လူမှာရှိတဲ့ ရုပ်လည်း ဖောက်ပြန်နေတယ်။ နတ်မှာရှိတဲ့ရုပ်လည်း ဖောက်ပြန်တယ်။ တိရစ္ဆာန်တွေမှာရှိတဲ့ ရုပ်လည်းဖောက်ပြန်တယ်။ စိတ်ကလည်းဒီလိုပဲ၊ သူ့ရဲ့မူလလက္ခဏာဖြစ်တဲ့ ကြံစည်ခြင်း၊ သိခြင်း ဆိုတဲ့ သဘောကို ဘယ်တော့မှမစွန့်ဘူး။ ဒါကြောင့် ပရမတ်က ထာဝရမှန်ကန်တယ်လို့ ဆိုရတာ။ ပညတ်ဆိုတာက ခုတစ်မျိုး၊ ခုတစ်မျိုးပြောင်းတာပေါ့နော်။ အဖြူရောင်လေး ဆိုးလိုက်တော့ အဖြူ၊ အနီရောင်လေးဆိုးလိုက်တော့ အနီပေါ့။ အချိန်အခါတို့၊ အရပ်ဒေသတို့စတဲ့ အခြေအနေ ပေါ်မူတည်ပြီး ပညတ်ဆိုတာ အပြောင်းအလဲရှိတယ်။ ဥပမာ−ဋ္ဌင်းတကို တစ်ချို့အရပ်တွေမှာ ထိုးလဆိတ်လို့ ခေါ်တယ်။ ယုန်ကို အမဲ့မောင်တဲ့။ အများကြီးပါပဲ။ ဒေသအခေါ်အဝေါ်တွေ။

ဒီလိုဖြင့် ခန္ဓာရဲ့ သဘောက မဖောက်ပြန်တဲ့သဘောလား၊ ဖောက်ပြန်တဲ့သဘောလား။ (ဖောက်ပြန်နေတဲ့ သဘောပါ)။ အဲဒီဖောက်ပြန်နေတဲ့ သဘောကို ဆရာတော်ဘုရားကြီးစကားနဲ့ ပြောရင် ဖြစ်၊ ပျက်။ အချိန်မရွေး ရုပ်ကိုကြည့် တခြားတွေ့မှာလား၊ ဖြစ်ပျက်တွေ့ရမှာလား။ (ဖြစ် ပျက်တွေ့ရမှာပါဘုရား)။ အဲဒီဖြစ်ပျက်ဆိုတာ ဒကာ၊ ဒကာမတွေ သတိပဋ္ဌာနဘာဝနာနော်။ ဖြစ် ပျက်ဆိုတာ ဘာပါလိမ့်။ (သတိပဋ္ဌာနဘာဝနာပါ ဘုရား)။ ပူရင် ပူတယ်၊ ပူတယ်လို့ မှတ်နေတာက သတိပဋ္ဌာန်။ ပူတယ်ဆိုတာက ဖောက်ပြန်ပြီးတော့ ပျက်မသွားဘူးလား။ ပူတယ် မရှိတော့ဘူး။ ပူတယ်မရှိတော့ဘူး။ ပူတယ်မရှိဘူး ဆိုတာ တခြားလား။ ပျက်သွားတဲ့ သဘောလား။ (ပျက်သွားတဲ့ သဘောပါဘုရား)။ အဲဒီ ပျက်သွားတဲ့သဘောကိုရှုပွားနေတာသည် သတိပဋ္ဌာနဘာဝနာ။ ဘာပါ လိမ့်။ (သတိပဋ္ဌာနဘာဝနာပါဘုရား)။ ဝိပဿနာဖြစ်သွားပြီ။

ဒီလိုဖြင့် မြင်ရင် မြင်တယ်လို့ မှတ်နေရင် ဝိပဿနာမဟုတ်သေးဘူး။ ဘာလဲ။ သတိပဋ္ဌာန်။ ကြားရင် ကြားတယ်လို့ မှတ်နေရင် (သတိပဋ္ဌာန်)။ နံရင် နံတယ်လို့ မှတ်ရင် (သတိပဋ္ဌာန်)။ စားရင် စားတယ်လို့မှတ်။ (သတိပဋ္ဌာန်)။ ဝတ်ရင် ဝတ်တယ်လို့မှတ်။ (သတိပဋ္ဌာန်) တွေ့ရင် တွေ့တယ်လို့မှတ်။ (သတိပဋ္ဌာန်)။ ကြံရင် ကြံတယ်လို့မှတ်။ (သတိပဋ္ဌာန်)။ ဒီလိုဖြင့် မှတ်တယ်ဆိုတော့ ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်သတ္တဝါက မှတ်တာလား၊ မဂ္ဂင် ၅−ပါးနဲ့မှတ်တာလား။ (မဂ္ဂင် ၅−ပါးနဲ့ မှတ်တာပါဘုရား)။ မှတ်တဲ့အထဲမှာ ရှုတဲ့အထဲမှာ ငါပါရဲ့လား။ (မပါပါဘူးဘုရား)။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါပါရဲ့လား။ (မပါ ပါဘူးဘုရား)။ မပါဘူးဆိုတာ တခြားတွေ့လို့လား။ ဉာဏ်ကို တွေ့လို့လား။ (ဉာဏ်ကို တွေ့လို့ပါဘုရား)။ ဉာဏ်ဘယ်နှပါး။ (၅−ပါး ပါဘုရား)။ ၅−ပါးက နေ့တိုင်းပြောထားတယ်။ ဆိုပါ။

www.burmeseclassic.com



သမ္မာဒိဋ္ဌိ၊
သမ္မာသင်္ကပ္ပ၊
သမ္မာဝါယာမ၊
သမ္မာသတိ၊
သမ္မာသမာဓိ။

အဲတော့ လောကအနေနဲ့ ဝေါဟာရနဲ့ ပညတ်အနေနဲ့ ငါရှိနေတယ်၊ သူရှိနေတယ်၊ ဒကာကြီးတွေ ရှိတယ်၊ ဒကာမကြီးတွေ ရှိတယ်၊ သံဃာတွေ ဝိပဿနာရှုတယ် ပြောငြားသော်လည်း တကယ်ရှိတာက ငါရှိတာလား။ မဂ္ဂင်က ရှိတာလား။ (မဂ္ဂင်က ရှိတာပါဘုရား)။ ဒကာရှိတာလား။ မဂ္ဂင်က ရှိတာလား။ (မဂ္ဂင်က ရှိတာပါဘုရား)။ ဒကာမတွေ ရှိတာလား၊ မဂ္ဂင်က ရှိတာလား။ (မဂ္ဂင်က ရှိတာပါဘုရား)။ ဒီလိုဖြင့်ရင် မဂ္ဂင်လို့ သိလိုက်ပြီဆိုကတည်းက ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ငါ သူ မပြုတ်ဘူးလား။ (ပြုတ်ပါတယ်ဘုရား)။ ဟော–အရှုဉာဏ်ထဲမှာလည်း ငါမပါ။ ဒိဋ္ဌိပြုတ်သွားပြီ။ ဘာပြုတ်သွားတာလဲ။ (ဒိဋ္ဌိ ပြုတ်သွားတာပါဘုရား)။ ဒီလိုဖြင့် အရှုဉာဏ်ထဲမှာ ငါ မပါရင်၊ အရှုဉာဏ်နဲ့စောင့်ကြည့်လိုက်တဲ့အခါကျတော့ ခုနပြောခဲ့တဲ့ ရုပ်ကိုကြည့်ရင် ဘယ်အချိန်ကြည့်ကြည့် ဘယ်လိုတွေ့နေရမလဲ။ (ဖြစ်ပျက်တွေ့နေရပါတယ်)။ ဖြစ်ပျက်၊ ဖောက်ပြန်နေတာတွေ့မယ်။ နာမ် တွေ့ရင်လည်း (ဖြစ်–ပျက်)။ ဖောက်ပြန်နေတာ မတွေ့ရဘူးလား။ အဲဒီတော့ နာမ်တွေ့ရင်လည်း တခြားတွေ့မှာလား အနိစ္စ တွေ့မှာလား။ (အနိစ္စတွေ့မှာပါဘုရား)။ ရုပ်ကြည့်ရင်လည်း ဘာတွေ့ရ မလဲ။ (အနိစ္စတွေ့ရမှာပါဘုရား)။ အဲဒီအနိစ္စက တခြားကိစ္စလား။ ရုပ်နာမ်ရဲ့ကိစ္စလား။ (ရုပ်နာမ်ရဲ့ ကိစ္စပါဘုရား)။ အေး အဲဒါကိုမြင်တာသည် တခြားကိစ္စလား၊ ဉာဏ်ရဲ့ကိစ္စလား။ (ဉာဏ်ရဲ့ကိစ္စပါ ဘုရား)။ သူ့ကိစ္စနဲ့ သူမြင်နေတာ။ အဲဒါကြောင့်မို့ အဲဒါကို ရုပ်ပရမတ်၊ နာမ်ပရမတ်လို့ ဒီလိုခေါ်တာ။ အချိန်မရွေးကြည့် အချိန်မရွေး ဖြစ်ပျက်ပဲ တွေ့ရမယ်။ ရှင်းကောရှင်းရဲ့လား။

အဲဒီတော့ ဖြစ်ပျက်ရှုတာ ဒကာ၊ ဒကာမတွေ စဉ်းစားဖို့လိုလား။ (မလိုပါဘူး)။ သူများတိုင် ပင်ဖို့ လိုသေးလား။ (မလိုပါဘူး)။ မလိုဘူး။ အချိန်မရွေး ထရှုလိုက်၊ ယခုရှုလည်းရတယ်။ ထမင်း စားရင်းရှုလည်းရတယ်။ ရေချိုးရင်းရှုလည်းရတယ်။ နောက်ဆုံး တပို့တပါးသွားရင်း ရှုတာတောင် မရဘူးလား။ (ရပါတယ်ဘုရား)။ **ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီကိုး**။ ကျင်ကြီးကျင်ငယ် စွန့်တာတောင် သတိပညာနဲ့ရှုပွားနေရမယ်။ အဲဒီအလုပ်သည် ယောဂီတို့ရဲ့ ကိုယ်ပိုင်အလုပ်ပါ။ အဲဒီကိုယ်ပိုင် အလုပ်ကိုမလုပ်ဘဲနဲ့ ဘုံဆိုင်အလုပ်ကို လုပ်ခဲ့တဲ့အတွက်ကြောင့်မို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ တစ်သံသရာလုံး သေခြင်းဆိုးနဲ့သေခဲ့ရတာ။ ဒီလို မဂ္ဂင်အလုပ်က ကိုယ်ပိုင်အ လုပ်။ ဘုံဆိုင်အလုပ်ကို လုပ်တဲ့အတွက်၊ ဇရာ၊ မရဏရဲ့ လက်တွင်းကနေလွတ်ရဲ့လား။ (မလွတ် ပါဘူးဘုရား)။ အခု ယောဂီတို့ ဝိပဿနာလုပ်တာသည် တခြားလား၊ ကိုယ်ပိုင်အလုပ်လား။ (ကိုယ်ပိုင်အလုပ်ပါဘုရား)။ ကိုယ်ပိုင် အလုပ်ကိုလုပ်ရင် အို၊ နာ၊ သေ လွတ်မယ်။ ဘုံဆိုင် အလုပ်ကိုလုပ်ရင် အို၊ နာ၊ သေရမယ်။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်)။



www.burmeseclassic.com

www.burmeseclassic.com



**ကံပစ်ချရာ**

အဲဒီတော့ အို၊ နာ၊ သေ ရချင်တာလား။ မရချင်တာလား။ (မရချင်တာပါဘုရား)။ မရချင်ရင် ဘယ်အလုပ်ကို လုပ်ကြမယ်။ (ကိုယ်ပိုင်အလုပ်ကို လုပ်ရမှာပါဘုရား)။ ကိုယ်ပိုင်အလုပ်က အရှခံနဲ့ အရှုဉာဏ်တည့်နေတဲ့ အလုပ်ပါပဲ။ တခြား ဘယ်သူ့ဆီကမှ ချေးလည်းမချေးရဘူး။ ငှားလည်း မငှားရဘူး။ ဝယ်လည်း မဝယ်ရဘူး။ ရှင်းပြီနော်။ အဲဒီလို အရှုခံနဲ့ အရှုဉာဏ်နဲ့ တည့်နေနိုင်ဖို့ အတွက်က အရှုခံ၊ ရုပ်နာမ်တွေပေါ်တာကို ယောဂီတို့ သိရမှာ။ အဲဒီတော့ အရှုခံ ရုပ်နာမ်တွေ ပေါ်တာကိုသိနိုင်ဖို့အတွက်က ဟောဒီမှာ ဓာတ် ၁၈-ပါးကို နားလည်ရမယ်။ အခံဓာတ်က ဘယ်နှပါး။ (၆-ပါး)။ အတိုက်ဓာတ် (၆-ပါး)။ အပွင့်ဓာတ် (၆-ပါး ပါဘုရား)။ အဲဒီ အပွင့်ဓာတ် ၆-ပါးကို ဝိညာဏ် ၆-ပါးလို့ခေါ်ပါတယ်။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ပါဘုရား)။ ဘယ်ဝိညာဏ်ပဲဖြစ်ဖြစ် နိစ္စလား။ အနိစ္စလား။ (အနိစ္စ ပါဘုရား)။ ဟုတ်ပြီ၊ ဒါ-ယောဂီတို့ လက်ခံသွားပြီပေါ့။ အဲဒါက ဗုဒ္ဓဘာသာ ဖြစ်သွားတာ။ အထက်တန်းဗုဒ္ဓဘာသာဖြစ်သွားတာနော်။ ဒီတရားသာမနာရရင် ဝိညာဏ်မြဲတယ်လို့ ယူတာ။ အခုပဲ-ယောဂီတို့ ရန်ကုန်မြို့မှာ အများကြီးဗျ။ ဝိညာဏ်မြဲတယ်လို့ ယူတဲ့အယူလေ။ သိပ်ရင်နာစရာ ကောင်းတယ်။ သိပ်သနားစရာကောင်းပါတယ်၊ ယောဂီတို့။ သချိုင်းသွားကြည့်၊ ဒါတွေ တစ်နေ့ တစ်နေ့ အများကြီးတွေ့တာ။ လူတစ်ယောက်သေသွားတယ်ဆိုရင် အဲဒီဝိညာဏ်သည် ဖြစ်ပြီး ပျက်ပါတယ်။ ဟောဒီမှာ ကြည့်ပါ။ ကမ္ဘဘဝပစ္စယာ (ဇာတိပါဘုရား)။ ဒီတော့ လူတစ်ယောက် သေတာကို စုတိစိတ်ကျတယ်လို့ မခေါ်ဘူးလား။ စုတိပြီးတော့ ဘဝပစ္စယာ ဇာတိဆိုတော့ ပဋိသန္ဓေ။ စုတိဆိုတာ သေတာ။ တစ်ဖန် ဆက်စပ်ပြီးတော့ ဘဝတစ်ခုဖြစ်တာကို ပဋိသန္ဓေလို့ခေါ်ပါတယ်။

အဲဒါကြောင့်မို့လို့ ဒီမှာကသေတယ်။ ဒီမှာက မွေးတယ်ပေါ့။ သေတယ်။ မွေးတယ်။ သေတာ ကို ဘာတဲ့လဲ။ (စုတိ)။ မွေးတာကို (ပဋိသန္ဓေ)။ စုတိနဲ့ ပဋိသန္ဓေကြားထဲမှာ ဒီမှာကြည့် မြားလေး ပြထားတယ်။ ရှင်းကောရှင်းရဲ့လား။ အဲဒီတော့ ဘုန်းကြီးတို့ ပဋ္ဌာန်းဒေသနာတော်မှာ အနန္တရပစ္စယော၊ သမနန္တရပစ္စယော စပ်ကြားမရှိ ကျေးဇူးပြုတတ်တဲ့တရားတဲ့။ နည်းနည်းမြင့်လာပြီနော်။ ဘုန်းကြီး တို့ အထက်တန်းဗုဒ္ဓဘာသာဖြစ်ဖို့က ဒါတွေနားလည်မှ အထက်တန်း ဗုဒ္ဓဘာသာ ဖြစ်မှာကိုး။ အဲဒီတော့ စုတိ ပဋိသန္ဓေဆိုတော့ ဒီနေရာမှာ အနန္တရပစ္စယော သမနန္တရပစ္စယော။

ဒီမှာ ပျက်တယ်၊ ဒီမှာဖြစ်တယ်။ ကြားမရှိဘူး။ ကြားမရှိတဲ့အကြောင်းကို မြားနဲ့ဒီမှာက သက်သေပြထားတယ်။ ယောဂီတို့ မမြင်ဘူးလား။ (မြင်ပါတယ် ဘုရား)။ ဟော-အဲဒါ သာဓက ပြထားတာ။ ဒီမှာ-မြားတဲ့။ အဲဒီမြားက အထက်တန်းဗုဒ္ဓဘာသာဖြစ်တဲ့မြား။ ဒီတော့ ဒီမှာ သေ တယ်၊ ဒီမှာဖြစ်တယ်။ အဲဒီတော့ ကြားမရှိဘူး။ ဒီတော့ ဘုန်းကြီးတို့က ဒီနေရာမှာ ကြားမရှိဘူးဆို တာက ဒေသနာစဉ်ရော၊ သဘာဝရော သေသေချာချာ ဟောတာကိုး။ အချို့က ဒါကို သဘော မပေါက်တော့ ဘာအငြင်းပွားလည်းဆိုတော့ ဟာ-အရှင်ဘုရား ကြားမရှိဘူးပြောတယ်။ လူ တစ်ယောက် သေသွားတယ်။ ဒီဘဝက သေရင်၊ ဟိုဘဝမှာ ဖြစ်တယ်။ ကြားမရှိဘူး။ အဲဒါက ဗုဒ္ဓ ဘာသာရဲ့အယူ။ ကြားမရှိဘူး ပြောသော်လည်းပဲ လူတွေသေတာ မကျွတ်ဘူးဘုရား။ ဘယ်နှယ့် ကြောင့် ကြားမရှိရမှာလဲတဲ့။ ပြန်းကနဲ ပဋိစ္စသမုပ္ပါဒ် နားမလည်ရင် အဲဒီစကား ဘုန်းကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းစရာ စကားလုံးမရှိတော့ဘူး။ တွက်ကြည့် ဒကာ၊ ဒကာမတွေ။ အချို့ မကျွတ်တဲ့ဥစ္စာတွေ မတွေ့ဖူးဘူးလား။

လူတစ်ယောက် သေသွားတယ်။ ခြောက်လိုက်လှန့်လိုက်တာ တစ်ခါတည်းမှကို မနေနိုင်ဘူးဗျ နော်။ ဒါတွေ တွေ့ဖူးတဲ့သူတွေ တွေ့ဖူးကြမှာပါ။ ဘယ်သူတော့ သေသွားပြီ။ အမလေး-ခြောက်လိုက်တာကို မပြောပါနဲ့တော့။ တော်ကြာ အပုပ်နံ့ပေးတာက တစ်မျိုး။ အမွှေးနံ့ပေးတာက တစ်မျိုး၊ ကိုယ်ရောင်ပြတာက တစ်မျိုး၊ အသံပေးတာက တစ်မျိုး-နော်၊ အမျိုးမျိုး မရှိဘူးလား။ ဒီလိုဖြင့်ရင် အဲဒီလိုတွေ မရှိဘူးလားဆိုတော့ ရှိတာပဲ ယောဂီတို့၊ ရှိတော့ ကြားဘဝရှိတယ်ဆိုတဲ့ အဓိပ္ပာယ် မရောက်ဘူးလား။ ကြားဘဝ ရှိသလို၊ အချို့အယူအဆက အဲဒီ လူတစ်ယောက်က သေသွားတဲ့ အခါကျတော့ ၇-ရက် မလည်မချင်း အဲဒီပုဂ္ဂိုလ်က တခြားဘဝ သွားလို့မရဘူး။ ဒီအိမ်ထဲမှာ တစ် လည်လည်နေတယ်။ အယူတွေနော်။ အဲဒီလို အိမ်ထဲမှာ တစ်လည်လည်နေနိုင်ဖို့ သေလည်း သေ ပြီးရော အလောင်း သုသာန်ပို့ပြီးတဲ့အခါကျတော့ ဟော-ဟိုကနေ ပန်းချုံလေး ချိုးလာတာတို့ ခေါ်လာတာ။ ခဲလုံးလေးကောက်လာတာတို့ မရှိဘူးလား။ အချို့လည်း တံခွန်လေးတွေ ယူလာတာ မရှိဘူးလား။ သြော်-မသာပို့ပြီး ပြန်လာရင် တစ်ယောက်က အဲဒါလေးကို စိတ်ရှည်လက်ရှည် ယူလာရတယ်။ အိမ်ရောက်အောင် ယူလာရတယ်။ အိမ်ရောက်တဲ့အခါကျတော့ ကဲ-ဒီနေရာမှာနေ၊ နေဆိုလည်းပဲ သီးသီးသန့်သန့် အခန်းလေး ဘာလေး ပေးထားတာမဟုတ်ဘူး-နော်။

တစ်တောင်လောက်ရှိတဲ့ တစ်ပေနှစ်ပေလောက်ရှိတဲ့ နေရာလေးမှာ အဝတ်လေးတွေ ခင်းပြီးတော့ သောက်ရေခွက်ကလေးနဲ့ ဘာလေးနဲ့ ဒီနေရာမှာ နေတဲ့ - ဟော။ တွက်ကြည့်နော်။ အဲဒီတော့ ဒကာ၊ ဒကာမတွေ စဉ်းစားကြည့်၊ သူ့ဟာသူသေလို့ ဒီမှာ အိမ်ထားလို့ မဖြစ်လို့၊ အလောင်းပို့တဲ့ဥစ္စာကို ဝိညာဉ် ဒီခေါ်လာတယ်ဆိုတာဟာ၊ ကိုယ်က သူ့ကို အမိန့်ပေးတဲ့သဘော မရောက်ဘူးလား။ (ရောက်ပါတယ်)။ ဒီတော့ ဘုန်းကြီး ယောဂီတို့ကို ပဋိစ္စသမုပ္ပါဒ် သင်ထားပြီးပြီနော်။ လောဘနဲ့ သေရင် (ပြိတ္တာ)။ ဒေါသနဲ့သေရင် (ငရဲ)။ မောဟနဲ့သေရင် (တိရစ္ဆာန်)။ ဒီလိုဖြင့်ရင် အဲဒီသေတဲ့ ပုဂ္ဂိုလ်သည် သေကာနီးကာလမှာ လောဘနဲ့ သေသလား၊ ဒေါသနဲ့ သေသလား၊ မောဟနဲ့ သေသလားဆိုတာ သူ့အကြောင်းသူ အသိဆုံးပဲ။ သို့ဖြင့် လောဘနဲ့သေတဲ့ပုဂ္ဂိုလ်က ဘယ်သွားမလဲ။ (ပြိတ္တာ)။ ဒေါသနဲ့ သေတဲ့ပုဂ္ဂိုလ် (ငရဲ)။ မောဟနဲ့ သေတဲ့ပုဂ္ဂိုလ် (တိရစ္ဆာန်)။ အဲ-ဘယ်သူမှ ကယ်လို့မရဘူး။ မိဘကိုလည်း သားသမီးကယ်လို့မရဘူး။ သားသမီးလည်း မိဘ ကယ်လို့ မရဘူး။ တကယ်အရေး တကယ်ဘေး ဘယ်သွေး ဘယ်သား မကယ်နိုင်ဆိုတဲ့ ဆရာတော်ဘုရားများ ဆုံးမတဲ့အတိုင်း၊ ဘယ်သူ့ ဘယ်သူမှ မကယ်နိုင်ဘူး။ အဲဒါကို မကယ်နိုင်တာကို လောကွတ် ချော်ပြီးတော့ တစ်ခါတည်း ဒကာ၊ ဒကာမတွေ ဝိညာဉ် အိမ်ခေါ်လာတယ်၊ ခေါ်လာတယ်နော်။ ခေါ်လာတယ်ဆိုတာ သူပြုခဲ့တဲ့အလျောက် ကံပစ်ချရာသွားရတယ်ဆိုတာ မယူလို့ပေါ့။ အဲလို မယူ တော့ သူပြုတဲ့ကံကို လက်ခံတာလား။ လက်မခံတာလား။ (လက်မခံတာပါ ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



## ကံကိုနားမလည်ကြ

လက်မခံဘူးဆိုရင် ''အကိရိ ကံပယ်၊ နတ်ကျိုးပယ်၊ နှစ်သွယ်အဟေတု''။ နိယတမိစ္ဆာဒိဋ္ဌိ ငြိသွားပြီ။ ဒီအယူဟာ ဒကာ၊ ဒကာမတွေ ပေါ့ပေါ့တန်တန်လေး လုပ်လိုက်တာနော်။ ဗုဒ္ဓဘာသာ တွေဟာ အဲဒီလို ငြိတာကို အဲဒီလောက် အပြစ်ကြီးမှန်း မသိလိုက်ဘူး။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းလောက် အပြစ်မကြီးဘူးလို့ ထင်တာ။ တကယ်တော့ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်းအပြစ်က မဂ်တား ဖိုလ်တား မဖြစ်ဘူး။ ဝိပဿနာအားထုတ်ရင် ဒီအပြစ်တွေက ပျောက် သွားနိုင်သေးတယ်။ ဟို–နိယတမိစ္ဆာဒိဋ္ဌိက ပျောက်ရဲ့လား။ အမလေး–သံသရာသစ်ငုတ်တဲ့။ ကဲ–ငြိသွားပြီ။ ဘာပယ်လို့လဲ။ (ကံပယ်လို့)။ ဒီလိုဖြင့် လူတစ်ယောက်ဟာ ဒါန၊ သီလ၊ ဘာဝနာနဲ့ သေရင် တခြားတက်မှာလား၊ နတ်ပြည်တက်မှာလား။ (နတ်ပြည်တက်မှာပါဘုရား)။ လောဘနဲ့ သေတော့ (ပြိတ္တာ)။ ဒေါသနဲ့ သေတော့ (ငရဲ)။ မောဟနဲ့သေတော့ (တိရစ္ဆာန် (သို့) အသူရကာယ်)။ အဲဒီလိုဖြစ်တာ ကြားမှာဘဝခြားရဲ့လား။ (မခြားပါဘူးဘုရား)။ မခြားဘူး။

ဒါနနဲ့သေ သုဂတိဇာတိ၊ သီလနဲ့သေ သုဂတိဇာတိ၊ သမထ ဈာန်နဲ့ သေ ဗြဟ္မာဇာတိ။ သူဟာနဲ့သူ ပုံသေနည်းက ရှင်းရှင်းလေးရယ်။ အဲဒါ စပ်ကြားမရှိဘူး ဖြစ်သွားတာ။ သို့သော် မိမိသည် အဲဒီသဘောတရားကို နားမလည်တဲ့အခါကျတော့ လူတစ်ယောက်သေတာနဲ့ ဝိညာဏ်လေးဟာ အပျက်အစီးမရှိ ပကတိကျန်သေးတယ်ဆိုတဲ့ အယူသည် တခြားအယူလား၊ သဿတဒိဋ္ဌိအယူလား။ (သဿတဒိဋ္ဌိအယူပါ ဘုရား)။ ဟုတ်ပြီ။ သဿတဒိဋ္ဌိ ဒီလို ငြိသွားပြီ။ အထက်တန်း ဗုဒ္ဓဘာသာ မဖြစ်တော့ဘူး။ သဿတဒိဋ္ဌိငြိသွားလို့။ သဿတဒိဋ္ဌိငြိတဲ့ အပြင်မှာ သူ့ရဲ့ကံကို နားမလည်ဘဲနဲ့ ဒီဝိညာဉ်ကို ကိုယ်က ခေါ်လာတယ်ဆိုတော့ သူပြုခဲ့တဲ့ အကြောင်းကံကို နားလည်တာလား။ မလည်တာလား။ (နားမလည်တာပါဘုရား)။ သို့ဖြင့် နားမလည်ရင် သူသည် ကံကို ပယ်ရာမရောက်ဘူးလား။ (ရောက်ပါတယ်)။

ကံကို ပယ်ရာရောက်ရင် ဘာဒိဋ္ဌိနဲ့ငြိ။ (အကိရိယဒိဋ္ဌိနဲ့ ငြိတာပါဘုရား)။ အကိရိယဒိဋ္ဌိဆိုတဲ့ နိယတ မိစ္ဆာဒိဋ္ဌိနဲ့ ငြိသွားပြီ။ အကိရိကံပယ်၊ နတ်ကျိုးပယ်၊ နှစ်သွယ်အဟေတု––ဆိုတာ ယနေ့ သချိုင်းသွားကြည့်ရင် ဒီလိုဟာမျိုးတွေ အများကြီးတွေ့ရတယ်ယောဂီတို့။ ရှင်းကောရှင်းရဲ့လား။ အဲဒီတော့ ခေါ်လို့ရပ့ါမလား။ (မရပါဘူး)။ အိန္ဒိယနိုင်ငံမှာ တစ်နှစ်လုံး လုပ်ချင်ရာလုပ်၊ ဟော ''ဂိဇ္ဈ ကုဋ္ဌ'' တောင်ပေါ်တက်ပြီး အပြစ်ချေလိုက်ရင် ပြီးသွားတယ်ဆိုတဲ့ အယူ မရှိဘူးလား။ ဒီလိုဖြင့်ရင် အဲဒီပုဂ္ဂိုလ်တွေသည် ဘာငြိမလဲ။ (နိယတမိစ္ဆာဒိဋ္ဌိ)။ သူတို့လုပ်နေတဲ့ ကံတွေကို ပယ်ရာမရောက်ဘူး လား။ ကဲ တွက်ကြည့်နော်။ အဲဒီလို ပုဂ္ဂိုလ်တွေ ဒကာ၊ ဒကာမတွေ ကဲ အပါယ်မကျနိုင်ဘူးလား။ (ကျနိုင်ပါတယ်)။ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ပုဂံခေတ်ကို ပြန်ကြည့်စမ်းပါ။

အနော်ရထာမင်းစောမတိုင်ခင်က အထက်မြန်မာနိုင်ငံပုဂံမှာ အရည်းကြီးတွေ ကိုးကွယ်နေရတယ်။ အင်းအိုင်၊ ခလှဲ့၊ လက်ဖွဲ့၊ မန္တန်၊ ဇေဒင်၊ ဓာတ်ရိုက်၊ ဓာတ်ဆင် ဒါတွေနဲ့ ဒကာ၊ ဒကာမတွေ ဆင်စီး၊ မြင်းစီး ဒီလိုအတတ်ပညာတွေနဲ့သာလျှင် အကုန်လုံး လွှမ်းနေတာ မဟုတ်ဘူး လား။ ဝိပဿနာဆိုတဲ့အသံ မကြားဖူးဘူး။ ရှင်းကောရှင်းရဲ့လား။

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com



ဒီတော့မှ ဓမ္မဒသီဆိုတဲ့ ရှင်အရဟံ ရဟန္တာကိုယ်တော်မြတ်ကြီးသည် သာသနာပြုဖို့ သထုံကနေ ပုဂံရောက်လာတော့မှ အနော်ရထာမင်းစောနဲ့သွားပြီး တွေ့တဲ့အခါကျတော့ ၅–ပါးသီလဟောရတာ။ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသု၊ မုသာ၊ သုရာမေရယ ၅–ပါး သီလမဟောဘူးလား။ ကာမေသု မိစ္ဆာစာရာဆိုတဲ့ ဥစ္စာက တစ်ပြည်လုံးမှာရှိသမျှ အရည်းကြီးတွေ အကုန် သွားငြိနေတာကိုးဗျ။ အဲဒီလို သွားငြိတော့ ရှင်အရဟံဟောတာနဲ့ ရှင်ဘုရင်ကြီးကလည်း မျက်မြင်နဲ့တွေ့တဲ့အခါကျတော့ ဟာ–ဒီတရားမှန်လိုက်တာဆိုပြီးတော့ သူကိုယ်တိုင် သဘောမပေါက် ဘူးလား။ အဲဒီတော့မှ အထက်မြန်မာပြည် အကုန် ဗုဒ္ဓဘာသာတွေ ဖြစ်တာ။

## နတ်သည် ကိုးကွယ်ရာလား

ဗုဒ္ဓဘာသာဖြစ်ပြီဆိုကတည်းက ကိုးကွယ်စရာဘယ်နှစ်မျိုးလဲ။ (၃–မျိုး ပါဘုရား)။ ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်။ အဲဒီသုံးပါးကို ကိုးကွယ်မှ ဒကာ၊ဒကာမတွေ သမ္မာဒိဋ္ဌိ အမြင်မှန်ရှိမှာ။ အဲဒီသုံးပါးကို မကိုးကွယ်ဘဲနဲ့ တခြားကိုးကွယ်ရင် ကဲ–ဒကာ၊ ဒကာမတွေ မှန်ပါ့မလား။ (မမှန်ပါ ဘုရား)။ ဒီလိုဖြင့်ရင် ဒီသုံးပါးကို ကိုးကွယ်ရတာက ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ လမ်းကို ပို့နိုင်လို့။ ဘုရားကိုယ်တော်မြတ်ကြီးသည် ယောဂီတို့ကို ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ လမ်းကို ရှာဖွေတဲ့အတွက် ကျေးဇူးရှင်ကြီးမို့လို့ ကိုးကွယ်ရတာ။ သူ့ကိုးကွယ်ခြင်းအားဖြင့် နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်ဘူး လား။ (ပြုနိုင်ပါတယ်)။ သူဟောတဲ့တရားကို ယခုကျင့်ရင် ယခု မချမ်းသာဘူးလား။ (ချမ်းသာပါတယ် ဘုရား)။ အဲဒါကြောင့် တရားကိုးကွယ်ရတာ။ သူဟောခဲ့တဲ့တရားတွေကို ကျင့်ဆောင်လာခဲ့တဲ့ သံဃာတွေကို မကိုးကွယ်ရဘူးလား။ (ကိုးကွယ်ရပါတယ်ဘုရား)။ အဲဒီတော့ ကိုယ်ကိုယ်တိုင်လည်း သံဃာစာရင်းဝင်အောင် ကျင့်ရသလို ဒီပိဋကတ်သုံးပုံတွေကို ဆောင်ကျဉ်းထားတဲ့ လမ်းပြတဲ့ သံဃာတွေ၊ ဆရာသမားတွေကိုလည်း မကိုးကွယ်ရဘူးလား။ (ကိုးကွယ်ရပါတယ်ဘုရား)။ ဒါမှ ကိုးကွယ် ရတာ။ ရှင်းပြီနော်။

သို့သော် အဲဒါကို နားမလည်တဲ့အခါကျတော့ ဘယ်သူက မှိုင်းတိုက်လိုက်သလဲ မသိဘူး။ နတ်ကိုးကွယ်တာတွေ ဘာတွေနဲ့ အများကြီးဖြစ်ကုန်တာပဲ။ အဲဒီတော့ ရှင်ဘုရင်ကြီးသည် အမြင်မှန်ကို သိတဲ့အခါကျတော့ တစ်တိုင်းတစ်ပြည်လုံးကို မင်းမိန့်နဲ့ နတ်မကိုးကွယ်ရပြောသော်လည်းပဲ အခုန တုန်းက အယူတွေ အစွဲတွေက ချက်ချင်း ဒကာ၊ ဒကာမတွေ ချွတ်နိုင်ရဲ့လား။ (မချွတ်နိုင်ပါဘူး ဘုရား)။ ရှင်ဘုရင့် မင်းမိန့်နဲ့ မကိုးကွယ်ရဆိုပေမယ့် အိမ်ထဲကိုးကွယ်တာဗျ။ ဘယ်နှယ့်လုပ်မလဲ – ကဲ။ လွယ်ပါ့မလား။ (မလွယ်ပါဘူးဘုရား)။

အဲဒီတော့မှ ရှင်ဘုရင်ကြီးက ကဲ – ငါ့တိုင်းသူပြည်သားတွေ ဒီအတိုင်းဆိုရင်တော့ ခက် တယ်။ ဘုရားတော့ ကွယ်တော့မှာပဲဆိုပြီးတော့ ဟိုးရွှေစည်းခုံဘုရားမှာ ကိုယ်လုံးလောက်ရှိတဲ့ နတ်ပုံကြီးတွေ ဒကာ၊ ဒကာမတွေ လုပ်ရတာ။ ဘုရားအတွင်းထဲမှာ အတွင်း ၃၇–မင်း၊ အပြင်ကျတော့ အပြင် ၃၇–မင်း။ နာမည်တွေ မှည့်ချင်ရာတွေမှည့်၊ အကုန်လုပ်ထားတာ မဟုတ်ဘူးလား။ အဲဒီတော့ အချို့က နတ်ဝါသနာပါတဲ့သူက နတ်ကို သွားကြည့်ရင်းနဲ့ ဘုရားကို တစ်ခါတည်းမှကို လက်အုပ် ကလေးချီလိုက်ရင်ပဲ ကုသိုလ်မရဘူးလား။ (ရပါတယ်ဘုရား)။ အဲဒီလိုဖြစ်အောင် ဆိုပြီးတော့ကို

www.burmeseclassic.com



တိုင်းသူပြည်သားတွေကို အမျိုးမျိုး ရှင်ဘုရင်ကြီးကိုယ်တိုင် – ဟုတ်လား။ ဒီလိုဆွဲဆောင်ယူရတာ။ အဲဒါကို တစ်ချို့က အဟုတ်ကြီးထင်ပြီးတော့ ဒကာ၊ ဒကာမတွေ နတ်ကိုးကွယ်နေတယ်ဆိုတော့ မခက်ဘူးလား။ နတ်သည် ကိုးကွယ်ရမှာလား။ မေတ္တာပို့ရမှာလား။ (မေတ္တာပို့ရမှာပါဘုရား)။ ပယ်စရာ မလိုဘူးနော် –– ဟုတ်လား။

ဘုန်းကြီးတို့ **''သမန္တာ စက္ကဝါဠေသု''** ဆိုပြီး အမြဲတမ်းရွတ်နေတာ၊ သမန္တာ စက္ကဝါဠေသုလို့ ဆိုပြီး ကျမ်းဂန်မှာ မရှိဘူးလား။ ပရိတ်ကြီးပါသားပဲ။ အဲဒါ အားလုံးနတ်တွေကိုပင့်တာ။ ရှင်းပြီနော်။ ကိုးကွယ်ရမှာလား။ မေတ္တာပို့ရမှာလား။ (မေတ္တာပို့ရမှာပါဘုရား)။ နတ်ကို မေတ္တာပို့ပါ။ ဗလိနတ်စာ ကျွေးပါ။ လှူပါ။ ဒေဝတာဒါနပြုပါ။ ရှင်းပြီနော်။ ဘုန်းကြီးတို့ ဗလိ ၅–မျိုး ဘုရားဟောထားတာ ရှိတယ်။ ''ဒေဝတာဗလိ'' ဆိုတာရှိတယ်။ ''ရာဇာဗလိ'' တို့ ''ဒေဝတာဗလိ''တို့ ဆိုတာ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဒီတော့ ''ပုဗ္ဗပေတဗလိ'' ''အာသတိဗလိ'' ''မာတာပိတုဗလိ'' ''ရာဇာဗလိ'' ဆိုတာရှိတယ်။

ရာဇာဗလိဆိုတာကတော့ မင်းကို အခွန်ဆောင်တာကို ခေါ်တယ်။ ဥပမာ – ယနေ့ခေတ် ကာလ ဒကာ၊ ဒကာမတွေ ဘုန်းကြီးတို့ ယခု တိုင်းပြည်ကို အုပ်ချုပ်တဲ့အခါမှာ မီးခွန်၊ ရေခွန်၊ အိမ်ခွန် စသည်ဖြင့် မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒါက အခွန်ထမ်းရတာ။ အဲဒါက ''ရာဇာဗလိ''။ မြတ်စွာဘုရားက ဒါကို ကျေကျေနပ်နပ်ကြီးနဲ့ လှူပါတဲ့။ အဲဒီတော့ နိုင်ငံတော်ကို အခွန်ဆောင်ရ တာက အဲဒါက ဒါနမြောက်တယ်။ အဲဒါ ''ရာဇာဗလိ'' လို့ ဘုရားဟောထားတယ်။ မိဘကို ကျွေး မွေးတာလည်းပဲ အဲဒါ ဗလိပဲ။ ဆွေတွေ မျိုးတွေ ညီသည်တွေကို ကျွေးမွေးတာလည်းပဲ အဲဒါဗလိပဲ။ ဟို–ဘဝသံသရာက တော်စပ်လာတဲ့ မကျွတ်မလွတ်တဲ့ ပုဂ္ဂိုလ်တွေကို ဒါနပြုပြီး မျှဝေတာလည်း ဗလိပဲ။ ''ပုဗ္ဗပေတ ဗလိ''လို့ ခေါ်တယ်။ ''ဒေဝတာဗလိ'' ဆိုတာက မမြင်အပ်တဲ့ နတ်တွေပေါ့။ ကိုယ်စောင့်နတ်တွေရှိမယ်၊ ကျောင်းစောင့်နတ်တွေ၊ အိမ်စောင့်နတ်တွေ အမျိုးမျိုးမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ သမ္မာဒေဝနတ်တွေရှိမယ်။ ရှိသမျှနတ်တွေလည်း သူ့အဆင့်နဲ့သူ အားလုံး မရှိ ဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒီနတ်တွေကို ဒကာ၊ ဒကာမတွေ ဒါနပြုလို့ရတယ်၊ အမျှဝေရမယ်၊ မေတ္တာပို့ရမယ်။ ဘုန်းကြီးတို့ အခုဟောတဲ့ထဲမှာ မလှူရဘူးလို့ မပြောဘူးနော်။ လှူတာနဲ့ ကိုးကွယ်တာနဲ့ တခြားစီနော်။ (မှန်လှပါ)။ အဲဒါကိုရောပြီးတော့ ဒီလို မွှေလိုက်တဲ့အခါကျတော့ နိယတထဲ အကုန်ဝင်သွားတယ်။ ဒီတော့ လှူတာကတခြား၊ ကိုးကွယ်တာ ကတခြား။ အဲဒီတော့ နတ်နဲ့ပတ်သက်တဲ့အခါကျတော့ ကိုးကွယ်ရမှာလား၊ ဒါနပြုရမှာလား (ဒါနပြုရ မှာပါဘုရား)။ မေတ္တာပို့ပါ၊ လှူပါနော်။ **''အလှူခံတစ်ကျိပ်လေး ခွေးတောင်ပါသေး''** ဆိုတာကိုး။ လှူတယ်ဆိုတဲ့ နေရာမှာ သူ့အကျိုးပေးနဲ့သူ မရှိဘူးလား။ ဒါ–ဘုန်းကြီးတို့ ကံပိုင်းမှာ ပါပြီပေါ့နော်။ ဥပမာ ခွေးကိုလှူရင် ခွေးဒါနပေါ့။ လူလှူတော့ လူ့ဒါန။ သံဃာကို လှူတော့ သံဃာ့ဒါန။ ဘုရားကို လှူတော့ ဘုရားဒါန။ နတ်လှူတော့ ဒေဝဒါန။ ဟော–သူ့အကျိုးပေးနဲ့ သူရှိတယ်။ လှူပါတန်းပါ ဒကာ၊ ဒကာမတွေ။ ဘုန်းကြီးတို့ မကန့်ကွက်ဘူးနော်။ သို့သော် ကိုးကွယ်ရာ မမှားဖို့ကိုသာ ပြောချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



**ဘုရားစင်ကျက်သရေယုတ်**

ဒီတော့ မိမိတို့ အိမ်တွေ ဘုရားကျောင်းတွေကို ပြန်ပြီး သန့်ရှင်းရေး လုပ်ကြယောဂီတို့။ ဘုရားကျောင်းသန့်ရှင်းရေး လုပ်တယ်ဆိုတာ ကိုးကွယ် စရာဘုရား၊ တရား၊ သံဃာပဲ ရှိတယ်ပေါ့။ သဘောပါပြီနော်။ အဲဒီမှာ တခြား အရုပ်တွေကို ဘုရားနဲ့ တစ်တန်းတည်းထားရင် ဒကာ၊ ဒကာမတွေအတွက် ကျက်သရေရှိပါ့မလား။ (မရှိပါဘူး)။ မလုပ်ကောင်းဘူးနော်။ ရတနာ ၃-ပါးရဲ့ အနန္တဂုဏ်ရည်ကြီးတွေကို ဒကာ၊ ဒကာမတွေ ဦးထိပ်ထားရမယ့်အစား ကျန်တာတွေနဲ့ တစ်တန်းတည်း သွားထားလို့ ဖြစ်ပါ့မလား။ (မဖြစ်ပါဘူး)။ အဲဒီတော့ အချို့ဒကာ၊ ဒကာမတွေက ခုန ၃၇-မင်းတို့ ဘာတို့ ညာတို့ တစ်ခါတည်း ဘုရားစင်နဲ့ တစ်တန်းတည်းထားတာ။ တစ်တန်းတည်း ထားတော့ ၃၇-မင်း နတ်ဆိုတာဟာ တကယ့်တကယ်တွက်ကြည့်ရင် သူ့နတ်ရာဇဝင်ကြည့်ရင် ဒကာ၊ ဒကာမတွေ အသေဆိုးသေတဲ့ သူတွေများပါတယ်။ ဒါ-ဘုန်းကြီး အမနာပပြောတာ မဟုတ်ဘူးနော်။ ဥပမာ ဆိုကြပါစို့၊ အိမ်တွင်း မင်းမဟာဂီရိလို့ ခေါ်တဲ့ မောင်တင့်တယ်ဟာ လူ့ဘဝမှာ သေတာက ကောင်းကောင်းမွန်မွန် တရားအားထုတ်သေရတာလား။ သေခြင်းဆိုး သေရတာလား။ (သေခြင်းဆိုးသေရတာပါဘုရား)။ ဟိုမှာ ဖိုကျင်ထိုးခံရတာ။ အသေဘယ်ကောင်းမှာ လိမ့်တုန်း။ ရှင်းပြီနော်။ ယောဂီတို့သေရင် တရားနှလုံးသွင်းသေရင် အသေဆိုးလား၊ အသေကောင်း လား။ (အသေကောင်းပါ တယ်ဘုရား)။ အသေကောင်းသေမှာ၊ ဟိုပုဂ္ဂိုလ်က အသေဆိုးသေတာ။ မင်းဘေးမင်းဒဏ်သင့်ပြီး အသေဆိုးသေတာ။ အဲဒါ ယှဉ်လိုက်တဲ့ဥစ္စာကို ဘုရားနဲ့ တစ်တန်း တည်းထားလို့ ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား)။

**အပါယ်ဘေးသင့်မှာစိုးလို့**

သို့သော် ယောဂီတို့ ထားတာ မထားတာ၊ ကိုယ့်ကိစ္စနဲ့ ကိုယ်နော်။ အရေးကြီးတာက ကိုးကွယ်စရာမဟုတ်ဘူးလို့ ပြောဖို့က ဘုန်းကြီးမှာ တာဝန်ရှိတယ်။ ဘာကြောင့်လဲဆိုတော့ ယနေ့ ယောဂီတို့ အသိဉာဏ်အမှန်ရောက်ဖို့ကတော့ ဘုန်းကြီးတို့မှာ တာဝန်အပြည့်ရှိပါတယ်။ ဒိဋ္ဌိဖြုတ်တဲ့နေရာမှာ ဘုန်းကြီးတို့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ကိုမပိုင်ရင် ရှေ့ဉာဏ်တွေ တက်လို့ရပါ့မလား။ (မရပါဘူးဘုရား)။ အခုဟာ စကားကတော့ တစ်ဆက်တည်းဖြစ်သွားလို့ နော်။

အဲဒီတော့ အရေးကြီးတာက တခြား ကိုးကွယ်ရမှာလား။ ဘုရား ကိုးကွယ်ရမှာလား။ (ဘုရားကိုးကွယ်ရမှာပါဘုရား)။ သို့ဖြင့် ယခု ဘုရားဟောတဲ့တရားကို မကိုးကွယ်ရဘူးလား။ (ကိုးကွယ်ရမှာပါဘုရား)။ အဲဒီတော့ **"ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ"** တရားတော်မှတစ်ပါး ကိုးကွယ်စရာရှိရဲ့လား။ (မရှိပါဘူး)။ ဒီလိုဖြင့်ရင် ယောဂီတို့ ကိုးကွယ်အားထား ရမယ့်တရားက ဒီသင်တန်းကနေပြနေတာ။ ဒီသင်တန်းကနေ ပြလိုက်တယ်ဆိုတော့ အခုဘုန်းကြီး ပြောနေတာ ဝိညာဏ် ဘယ်နှစ်မျိုး။ (၆-မျိုးပါဘုရား)။ ဘယ်ဝိညာဏ်ပဲဖြစ်ဖြစ် နိစ္စလား၊ အနိစ္စ လား။ (အနိစ္စပါဘုရား)။ မြဲတဲ့ ဝိညာဏ်ပါရဲ့လား။ (မပါပါဘူး)။ မမြဲဘူး။

အဲဒီလို မမြဲတဲ့ဝိညာဏ်ရှိပါရဲ့နဲ့ လူတစ်ယောက်သေသွားလို့ သူ့ဝိညာဏ်ကို ခေါ်လာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ယူလာတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်သည် သူပြုတဲ့ ကံကို ဒကာ၊ ဒကာမတွေ ပယ်ရာမရောက်ဘူး လား။ (ရောက်ပါတယ်ဘုရား)။ ကံကို ပယ်ရာရောက်ရင် ဘာဒိဋ္ဌိ။ (အကြိယဒိဋ္ဌိ)။ နိယတ ခေါ်ဝင်းစဉ်ထဲ ပါသွားပြီ။ နိယတ မိစ္ဆာဒိဋ္ဌိဖြစ်သွားရင် ဒီပုဂ္ဂိုလ်သည် တခြားသွားမှာလား၊ အပယ်သွားမှာလား။ (အပယ်သွားမှာပါဘုရား)။ အဲဒီဘေးကို သင့်မှာစိုးလို့ ဒီတရားကို ထပ်တလဲလဲ ကျေးဇူးပြုပြီးတော့ သတိပေးနေတာပါ။ ရှင်းပြီနော်။ (ရှင်းပါပြီဘုရား)။

ဒီတော့ ခုနစကားဆက်။ အရှင်ဘုရားက စပ်ကြားမရှိဘူး ဟောတယ်။ သို့သော်လည်းပဲ လူတစ်ယောက်က သေသွားတဲ့အခါ အိမ်မှာ မကျွတ်ဘူးဘုရား။ ဘယ်နှယ့်လုပ်မလဲ။ မကျွတ်တာ လည်း ရှိတာပဲ။ ဒကာ၊ ဒကာမတွေ မရှိဘူးလား။ (ရှိပါတယ်)။ တကယ်ကို မကျွတ်တာနော်။ သို့သော် မကျွတ်ဘူးဆိုတာက တခြားမဟုတ်ဘူး။ ခုန ယောဂီတို့ ပုံသေနည်းထဲ ထည့်ကြည့်။ လောဘနဲ့သေ ပြိတ္တာပြည် ရောက်လေကေန်သာ။ အဲဒီပြိတ္တာတွေဆိုတာက သူတို့မှာ ကမ္မဇိဒ္ဓိတွေရှိတယ်။ လူကို၊ အဆင်းကို ပြနိုင်တဲ့ ပုဂ္ဂိုလ်ရှိတယ်။ အဆင်းကို မပြတာရှိတယ်။ အခု ဘုန်းကြီးတို့ ဟောဒီယောဂီတွေ ကြားထဲမှာကို ပြိတ္တာတွေသွားလာနေတာကို ဒီမှာ မျက်စိနဲ့မမြင် အပ်လို့။ အကယ်လို့သာ ဘုန်းကြီးတို့ ဒိဗ္ဗစက္ခုဉာဏ်နဲ့သာ ကြည့်ရင် ပြိတ္တာ ဘယ်လို ဘယ်နေရာ ဆိုတာ ရှိနေမှာ။ တစ်ခါတလေ သတိထားကြည့်လေ။ အမှုမဲ့အမှတ်မဲ့ လမ်းသွားနေတဲ့ အခါမှာ လူတစ်ယောက်က အနား ရှိန်းခနဲဆို တိုက်သွားတာမျိုး ရှိတတ်ပါတယ်။ အဲဒါ သတိထား။ အင်း-- ငါ့အနားတော့ ရောက်လာပြီ။ ကိုယ်မှ မမြင်အပ်တာကို--နော်။ အချို့ပြိတ္တာတွေက လူယောင် ဖန်ဆင်းနိုင်တယ်။ "ကမ္မဇိဒ္ဓိ ရှိတယ်နော်။ ဘုန်းကြီးတို့ ပေတဝတ္ထုမှာ အများကြီးပဲ။ အဲဒီလိုမျိုး ပြိတ္တာက တရားနာနိုင်တယ်။ ပြိတ္တာတွေဆို တန်ခိုးရှိတဲ့ ပြိတ္တာတွေ ဒီလို ပရိသတ်ထဲလည်း ဝင်နာချင်နာနေမှာ။ အဲဒီတော့ လူစိမ်းတွေ ဘာတွေလာရင်လည်း နည်းနည်းတော့ သတိထား။ ကိုယ်မမြင်ဖူးရင်ဖြင့် ဒီပုဂ္ဂိုလ်လား ဘာလားဆိုတာလေ။ ပြိတ္တာ ဆိုတာကလည်း ရုပ်ချင်းတူအောင် ဖန်ဆင်းထားရင်တော့ မတတ်နိုင်ဘူးပေါ့နော်။ အဲဒီ ပြိတ္တာတွေသာလျှင် ဒကာ၊ ဒကာမတွေ ဖြစ် တာဆိုတော့ ခုန စပ်ကြားမရှိဘူးဆိုတာ နားလည်ပြီပေါ့--ဟုတ်လား။

**ကူးတို့ခ**

အဲဒီတော့၊ ကဲ တစ်လက်စတည်း ဆက်ပြီးတော့ ပြောလိုက်ကြရအောင်။ ဒီ မိရိုးဖလာ အယူအဆ ဘယ်လောက်ကြောက်စရာကောင်းလဲဆိုတော့ ခုချိန်ထိအောင် ကူးတို့ခထည့်တဲ့ အယူအဆတွေရှိနေသေးတယ်။ ဘုန်းကြီး ဒီစကားကို ပြောရတာက ဒိဋ္ဌိတွေငြိနေလို့ ပြောနေတာ နော်။ ဘာငြိနေလို့ ပြောတာလဲ။ (ဒိဋ္ဌိတွေ ငြိနေလို့ပါဘုရား)။ ကူးတို့ခထည့်တယ်။ ကူးတို့ခဆိုတာ က မြန်မာတွေရဲ့ အသုံးအနှုန်းပါ။ ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်း ကူးတဲ့အခါမှာ ကူးတို့ခ မပေးရဘူးလား။ အဲဒီတော့ လူတစ်ယောက်ဟာ ဒီနေရာမှာ သေတဲ့အခါကျတော့ ဟိုဘဝကို ကူးဖို့ အတွက်ကို ဒီအထဲမှာ စရိတ်စကအနေနဲ့ ကူးတို့ခ ပါးစပ်ထဲ ထည့်ထည့်ပေးလိုက်တာ။

ဟို-ရှေးတုန်းကတော့ တစ်မတ်ဆိုတာ ကတော့ ထုံးစံဖြစ်နေတယ်ပေါ့။ အခု ဘယ်လောက် ထည့်သေးလဲ။ အခုတော့ ဘယ်လောက်လည်းမသိဘူး၊ ဟုတ်လား။ တခြားဟာတွေသာ သူ့ရှေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့သူ ဒကာ၊ ဒကာမတွေရှိတာ။ ကူးတို့ခကတော့ ဈေးတက်ပုံမပေါ်ဘူး။ ဒါလေးတော့ ပြင်ဖို့တောင်ကောင်းတယ်နဲ့တူတယ်။ အဓိပ္ပာယ်၊ အဓိပ္ပာယ် ဟုတ်လား။ အဲတော့ ဒီအယူအဆဟာ ဒီကနေ ဟိုကူးရင် ပါတယ်ဆိုတဲ့ အယူအဆမရှိဘူးလား။ အဲဒါ သဿတဒိဋ္ဌိဗျ။ ဘာဒိဋ္ဌိလဲ။ (သဿတဒိဋ္ဌိ ပါဘုရား)။ အင်း အမှတ်တမဲ့ သုံးလိုက်တာက ဒီအတိုင်းပဲ စွဲထားရင် မဂ်တား ဖိုလ်တားဖြစ်ပြီ။ သိပ် ကြောက်စရာကောင်းတာ။ (မှန်လှပါ)။

အဲ–အချို့ကျတော့လည်း လူတစ်ယောက်သေသွားရင် အမလေး–နောက် မလာတော့ပါဘူးဆိုပြီး သချိုင်းကားကို ခဲတွေနဲ့ပေါက်လိုပေါက် မလာနဲ့ -- မလာနဲ့ ဟိုက သချိုင်းက။ ခဲပေါက်တော့ ဒီက မသာအလောင်းထမ်းသွားတဲ့ ပုဂ္ဂိုလ်က ဒီတစ်လောင်းထဲပါ၊ နောက် မလာတော့ပါဘူး။ ဟော၊ သိပ်မကြာဘူး။ နောက်တစ်လောင်းကျလာတော့တာပဲ။ ဟော လောကပညတ်ချက်တွေ ပြောပါတယ်။ မလွယ်ဘူးနော်။ ဒီခန္ဓာရှိရင် မသေဘူးလား။ (သေပါတယ်)။

အဲဒီတော့ မွေးတာလည်း ဝမ်းသာစရာမရှိသလို သေတာလည်း ဝမ်းနည်းစရာမရှိဘူး။ ခန္ဓာရဲ့လမ်းစဉ်က မွေးပြီးရင်သေတာ ဘယ်သူမှ တားလို့ မရဘူး။ ဟိုကနေ မလာနဲ့ မလာနဲ့ ဆိုတာက တားတဲ့သဘော မရောက်ဘူးလား။ ဘုရားဟောတာ က အနတ္တ။ ကိုယ်ကဘာသွားလုပ်။ (အတ္တ)။ အတ္တဖြစ်ပြန်ပြီ။ အဲဒါလည်း ဒိဋ္ဌိ သွားငြိတာပဲ။ မဂ်တား ဖိုလ်တားပဲ။ သဘောပေါက်ပြီနော်။ ဒါလေးတွေကို ဘာဖြစ်လို့ ဘုန်းကြီးက ယောဂီတို့ကို ကြောင်းကျိုးဆိုက်တဲ့အခါမှာ ရှင်းနေတာလဲဆိုတော့ အယူအဆတွေကို ဒီတိုင်းသာ သိသွားပြီးတော့ ဒီတိုင်းသာ လက်ခံထားရင် အကုန်ဒိဋ္ဌိတွေမဖြစ်ဘူးလား။ အဲဒီတော့ဆိုလိုတာက ဒါ မှားတဲ့အယူတွေလို့ သိအောင်ပါနော်။ နို့မို့ဆိုရင် အဲဒီဥစ္စာက ရယ်စရာကြီး ဖြစ်နေတာ ယောဂီတို့။ ဒါကြောင့် ယနေ့လောကရဲ့ လုပ်ဆောင်ချက်ကလေးတွေကို သိထားရင် ဒါကတော့ မှားတယ်။ ဒါကတော့ မှန်တယ်ဆိုတာကို သိဖို့အရေးကြီးပါတယ်။ (မှန်လှပါ)။

## နှစ်ခုတိုက်၊ တစ်ခုပေါ်

အဲဒီတော့ လိုရင်းအချက်က ဒီတရားမှတစ်ပါး အားကိုးစရာရှိရဲ့လား။ (မရှိပါဘူး)။ ဟုတ်ပြီ။ အခု ဒီမှာက ဝိညာဏ် ဘယ်နှစ်မျိုး။ (၆–မျိုးပါဘုရား)။ အဲဒီတော့ ဝိညာဏ်ဆိုတာက တခြားပြောတာလား၊ စိတ်ပြောတာလား။ (စိတ်ပြောတာပါဘုရား)။ ဟုတ်ပြီ။ စိတ်တစ်စိတ် ပေါ်တိုင်း ပေါ်တိုင်း ဒကာ၊ ဒကာမတွေ ခန္ဓာ ၅–ပါး ပေါ့နော်။ အဲဒီတော့ ဥပမာ၊ စက္ခုဝိညာဏ် (မြင်စိတ်)။ ဟုတ်ပြီ။ မြင်စိတ်ကလေးသိသွားပြီ။ သိတယ်ဆိုကတည်းက ဒကာ၊ ဒကာမတွေ အများကြီး ကုသိုလ်ရသွားပြီ။ မြင်စိတ်တစ်စိတ်ပေါ်ရင် တခြားသိရမှာလား၊ ခန္ဓာ ၅–ပါး သိရမှာလား။ (ခန္ဓာ ၅–ပါး သိရမှာပါဘုရား)။

အဲဒီတော့ ဟောဒီမြင်စိတ် တစ်စိတ်သည် မိုးပေါ်ကကျတာလား။ (မဟုတ်ပါဘူး)။ ဘုရားသခင်က ဖန်တီးတာလား။ (မဟုတ်ပါဘူး)။ ဘုရား အလိုတော်ကျ ဖြစ်တာလား။ (မဟုတ်ပါဘူး)။ တန်းခိုးရှင်ကနေ စီစဉ်ပေးတာလား။ (မဟုတ်ပါဘူး)။ မဟုတ်ဘူးဆိုတာ ဟုတ်တာ ကို ပြောချင်လို့။ ဒီလိုဖြင့် မဟုတ်ဘူးဆိုရင် ဘာဟုတ်တာလဲ။ အကြောင်းအကျိုး။ ပဋိစ္စသမုပ္ပါဒ်ကို သင်နေတာနော်။

ဒေအာင်ဆန်းဆရာတော်!

www.burmeseclassic.com

www.burmeseclassic.com



ဘာဟုတ်တာလဲဆိုတော့ အကြောင်းအကျိုးဟုတ်တယ်။ ဘာဟုတ်တာလဲ။ (အကြောင်းအကျိုးဟုတ်တာပါဘုရား)။

ဒီလိုဖြင့်ရင် အကြောင်းက တခြားအကြောင်းလား၊ ရုပ်အကြောင်းလား။ (ရုပ်အကြောင်းပါဘုရား)။ အဲဒီတော့ မျက်စိသည် တခြားလား၊ ရုပ်တရားလား။ (ရုပ်တရားပါဘုရား)။ အဆင်းသည်လည်း (ရုပ်တရားပါဘုရား)။ ဒီတော့ ရုပ်နှစ်ခုတိုက်တဲ့အတွက် နာမ်တစ်ခုပေါ်။ နှစ်ခုတိုက်လို့ တစ်ခုပေါ်။ နှစ်ခုတိုက်တာက အကြောင်း၊ တစ်ခုပေါ်တာက (အကျိုး)၊ အကြောင်းအကျိုး။ ဟော–ပဋိစ္စသမုပ္ပါဒ်ပေါ်လာပြီး အကြောင်းအကျိုး၊ အကြောင်းသည် တခြားတရားလား၊ ရုပ်တရားလား။ (ရုပ်တရားပါဘုရား)။ အကျိုးသည် တခြားတရားလား၊ နာမ်တရားလား။ (နာမ်တရားပါဘုရား)။ အကြောင်းရုပ်၊ အကျိုးနာမ်။ ဒါ– ပဋိစ္စသမုပ္ပါဒ်နဲ့ လွတ်သောတရားဟူ၍ မရှိဘူးနော်။ အဲဒီတော့ နှစ်ခုတိုက်လို့ တစ်ခုပေါ်၊ နှစ်ခုတိုက်တာကအကြောင်း။ တစ်ခုပေါ်တာက အကျိုး။ အကြောင်း အကျိုး။ အကြောင်းအကျိုးသည် တခြားလား။ ပဋိစ္စသမုပ္ပါဒ်လား။ (ပဋိစ္စသမုပ္ပါဒ်ပါဘုရား)။ ဟုတ်ပြီ။ ပဋိစ္စသမုပ္ပါဒ်ဆိုတော့ ဘာထူးလို့လဲ။ ဟောဒီ အကြောင်းအကျိုး နှစ်ခုတိုက်တိုင်း တိုက်တိုင်း ခန္ဓာ ပေါ်ပြီး ခုနပြောတဲ့ ခွေးမဟောင်တဲ့ ခန္ဓာလာပြီ။ ခွေးမဟောင်တဲ့ ခန္ဓာက ယောဂီတို့ ဉာဏ်နဲ့သာ သိရမဲ့ ခန္ဓာနော်။ အဲဒီခန္ဓာကို နံပါတ်တစ် မြင်အောင်ကြည့်ပါ။ အဲဒီခန္ဓာကို မြင်ပြီးလို့ရှိရင် စောင့် ပြီးတော့ ကြည့်ပါ။ နံပါတ်တစ် ခန္ဓာပေါ်တာကို မြင်အောင်ကြည့်ရမယ်။ နံပါတ်နှစ် ခန္ဓာ ပျောက် သွားတာကို မြင်အောင်ကြည့်ရမယ်။ နှစ်ကိစ္စ လုပ်ရမယ်။ ပထမကိစ္စက ဟောဒီခန္ဓာပေါ်တာကို မြင်အောင် ကြည့်။ သတိပဋ္ဌာန်။ အဲဒီလို ကြည့်တာကို ဘာခေါ်လဲ။ (သတိပဋ္ဌာန်ပါဘုရား)။

ဒုတိယကိစ္စက ခန္ဓာပေါ်တာကို ကြည့်လည်း ကြည့်လိုက်ရော အကြည့်မခံ ဘူး၊ ခန္ဓာက ပျက်။ မရှိတော့ဘူး။ မရှိတာကို မြင်တာက သတိပဋ္ဌာနဘာဝနာ။ နှစ်ခုတိုက်လို့ တစ်ခုပေါ်တာကို မြင်နေတာက သတိပဋ္ဌာန်။ အဲဒီပေါ်လိုက်တာသည် ပုဂ္ဂိုလ်သတ္တဝါ ပေါ်တာလား။ ခန္ဓာပေါ် သွားတာလား။ (ခန္ဓာပေါ်သွားတာပါဘုရား)။ အဲဒီပေါ်တဲ့ ခန္ဓာကို ကြည့်လိုက်တော့ ရှိသေးလား။ (မရှိပါဘူးဘုရား)။ ကြည့်တာကို မရှိဘူးဆိုတော့ တခြားလား။ သတိပဋ္ဌာနဘာဝနာလား။ (သတိပဋ္ဌာနဘာဝနာပါ ဘုရား)။ မရှိဘူးလို့ ပြောတာ တခြားက ပြောတာလား။ ဉာဏ်က ပြောတာ လား။ (ဉာဏ်ကပြောတာပါဘုရား)။ မဂ္ဂင်ဘယ်နှစ်ပါးကပြောတာလဲ။ (၅–ပါးက ပြောတာပါ)။ ငါးပါးက ဘာတွေလဲ။ (သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ)။ အဲဒီမဂ္ဂင် ၅–ပါးနဲ့လည်း ကြည့်လည်း ကြည့်လိုက်ရော။ ဟော––ပေါ်တဲ့ ခန္ဓာ ၅–ပါးက ပျောက်သွားပြီ၊ ကောင်း ပြီ၊ ခန္ဓာ ၅–ပါးပေါ်တယ်။ ဘယ်လိုပေါ်လဲ၊ ယောဂီတို့ သံသယဝင်မှာစိုးလို့ ထပ်ရှင်းပါဦးမယ်။

နှစ်ခုတိုက်လို့ တစ်ခုပေါ်တယ်ဆိုတော့ အဲဒီနှစ်ခုတိုက်လို့ တစ်ခုပေါ်တာက (ခန္ဓာပေါ်တာပါဘုရား)။ ဒါကို စာလိုက ''စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ''ဆိုပြီးတော့ ပဋိစ္စသမုပ္ပါဒ် ဆက်တာပေါ့။ ရှင်းပြီနော်။ အဲဒါကို ဆရာတော်ဘုရားများက–

## ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



- စက္ခု ရူပဆုံကြသောအခါ
  ဝိညာဏ်စာတ်စု မြင်မှုပေါ်လာ
  ဓာတ်ပေါင်း သုံးခုဆုံမှုဖဿာ
  မြင်မကောင်း၊ မြင်ကောင်းဝေဒနာ။
- မျက်လုံးအိမ်တွင်း ချက်ချင်းပေါ်လာ
  ငါးဖြာဓာတ်စု မြင်မှုတွေဟာ
  မကြာခဏ ပျက်ကြသည်သာ
  အနိစ္စ၊ ဒုက္ခ၊ အနတ္တာ။

လိုရင်းအချက်က ဒါကို ပြောတာ။ ဆရာတော်ဘုရားများက လင်္ကာလေးတွေနဲ့ ဆောင်ပုဒ်လေးတွေနဲ့ဆိုတော့ ဒကာ၊ ဒကာမတွေ မှတ်ရတာ လွယ်တာပေါ့နော်။ ကဲ၊ ဒီတော့ ဒီဆောင်ပုဒ်လေး ထပ်ခါထပ်ခါ ဆိုကြည့်ကြနော်။

အဲဒီဆောင်ပုဒ်လေးက ဝိပဿနာရှုဖို့ အကုန်လုံး သတိပဋ္ဌာန်၊ သတိပဋ္ဌာနဘာဝနာ တစ်တွဲတည်း သင်သွားတာနော်။ အဲဒါကို ယောဂီတို့ ဘုန်းကြီးတို့ သဘောသွားနဲ့ ပြောလိုက်တဲ့အခါကျတော့ အဲဒီမျက်စိဆိုတဲ့ ရုပ်တရားကို ခန္ဓာနဲ့ပြောတော့ ဘာခန္ဓာ။ (ရူပက္ခန္ဓာ)။ ဒီလိုဖြင့်ရင် ရူပက္ခန္ဓာဆိုတာ ခန္ဓာတစ်ပါး မရဘူးလား။ (ရပါတယ်)။ ဒီတော့ အဆင်းသည် ဘာခန္ဓာ။ (ရူပက္ခန္ဓာ)။ မျက်စိနဲ့အဆင်းနဲ့ နှစ်ခုလည်း တိုက်လည်း တိုက်လိုက်ရော ဝိညာဏ် တစ်ခုမပေါ်ဘူးလား။ (ပေါ်ပါ တယ်)။ ဟုတ်ပြီ။ ဝိညာဏ်ဆိုတာသည် ဒီမှာ နာမက္ခန္ဓာ ၄-ပါးပါတယ်။ ဘယ်လိုပါလာလဲဆိုတော့ ဒီအဆင်းလေးကို မြင်လိုက်ပြီဆိုတော့ ဖြူရင်ဖြူတဲ့အတိုင်း၊ ဝါရင်ဝါတဲ့အတိုင်း၊ စိမ်းရင်စိမ်းတဲ့ အတိုင်း အဆင်းလေးပေါ်မှာ ချောရင်ချောတဲ့အတိုင်း စသဖြင့် မခံစားဘူးလား။ (ခံစားပါတယ်)။ မြင်မကောင်း မြင်ကောင်း ဝေဒနာဆိုတော့ ကောင်းတာလေး ခံစားလည်း ဝေဒနာပဲ။ မကောင်းတာ ခံစားလည်း ဝေဒနာပဲ။ အဲဒီဝေဒနာသည် ခန္ဓာနဲ့ ပြောတော့ (ဝေဒနာက္ခန္ဓာပါဘုရား။) ဝေဒနာက္ခန္ဓာ။ ခန္ဓာတစ်ပါးရလာပြီ။ မြင်မကောင်း မြင်ကောင်း ဝေဒနာ။ ခန္ဓာတစ်ပါး ရသွားပြီနော်။

အဲဒီလို ခံစားနေရာက အင်း မြင်တာလေးက ဒါယောကျ်ားပဲ၊ မိန်းမပဲ ဆိုတဲ့ အမှတ်ကလေးမရှိဘူးလား။ (ရှိပါတယ်)။ ဒီတော့ ဒါကတော့ အဖြူပဲ၊ အမည်းပဲ၊ အစိမ်းပဲဆိုတဲ့ သညာလေး မရှိဘူးလား။ (ရှိပါတယ်)။ အဲဒါသည် သညာက္ခန္ဓာ။ ခန္ဓာတစ်ပါး ပေါ်သွားပြန်ပြီနော်။

အဲဒီလို တိုက်လိုက်လို့ ဒါကတော့ဖြင့် ကျောင်းပဲ၊ ဒါကတော့ စက်ဝိုင်းပဲ၊ ဒါကတော့ မိန်းမပဲ၊ ယောကျ်ားပဲ၊ ဒါကတော့ အကျည်းတန်တာပဲ။ အရုပ်ချောတာပဲ စသဖြင့် မသိရဘူးလား။ (သိရပါတယ်)။ အဲဒီလိုသိတာသည် တခြားလား၊ ဝိညာဏ်လား။ (ဝိညာဏ်ပါဘုရား)။ ဒီလိုဖြင့်ရင် ဒကာ၊ ဒကာမတွေ မြင်တယ် သာ ပြောတယ်။ တကယ် သေသေချာချာ ခွဲစိတ်ကြည့်တဲ့အခါကျရင် ငါးခု ထွက်ထွက်နေတယ်။ ငါးမျိုးတွေ့တွေ့နေတယ်။ ၅-မျိုးက (ခန္ဓာ ၅-ပါးပါဘုရား)။ သို့ဖြင့် မျက်စိနဲ့အဆင်းက ဘာခန္ဓာ။ (ရူပက္ခန္ဓာ)။ မျက်စိနဲ့ အဆင်းနဲ့ တိုက်လိုက်လို့ ခံစားတာက (ဝေဒနာက္ခန္ဓာ)။ မှတ်သားတာက (သညာက္ခန္ဓာ)။ စေ့ဆော်တာက (သင်္ခါရက္ခန္ဓာ)။ သိနေတာက (ဝိညာ



www.burmeseclassic.com

www.burmeseclassic.com



ထက္ခန္ဓာ)။ ဒီတော့ ယခုခန္ဓာဘယ်နှပါးပေါ်။ (၅-ပါးပေါ်ပါတယ်ဘုရား)။ အဲဒီခန္ဓာ ၅-ပါးက ခွေးမဟောင်တဲ့ ခန္ဓာ ၅-ပါး။

ဒီလိုဖြင့် အဲဒီခန္ဓာ ၅-ပါးကို ဆက်ပြီး ရှုလိုက်တဲ့အခါကျတော့ မြင်မကောင်း မြင်ကောင်း ဝေဒနာ။ ဒါတခြားမှာ ပေါ်တာလား၊ မျက်စိမှာ ပေါ်တာလား။ (မျက်စိမှာ ပေါ်တာပါဘုရား)။ ဒါကြောင့် မို့ "မျက်လုံးအိမ်တွင်း၊ ချက်ချင်းပေါ်လာ၊ ငါးဖြာဓာတ်စု မြင်မှုတွေဟာ မကြာခဏ ပျက်ကြသည်သာ အနိစ္စ၊ ဒုက္ခ၊ အနတ္တာ" ဆိုတော့ အဲဒီခန္ဓာ ၅-ပါးသည် ယခုပေါ် ယခုပျက်။ ဘာဖြစ်လဲ။ (ယခုပေါ် ယခုပျက်ပါတယ်ဘုရား)။ အဲဒါက တခြားနဲ့မြင်ရမှာလား၊ ဉာဏ်နဲ့မြင်ရမှာလား။ (ဉာဏ်နဲ့ မြင်ရမှာပါဘုရား)။ အဲဒီ ယခုပေါ် ယခုပျက်တာက မြင်တဲ့အလုပ်သည် ကိုယ်ပိုင်အလုပ်ပါ။ ဘာအလုပ်လဲ။ (ကိုယ်ပိုင်အလုပ်ပါဘုရား)။ အဲဒီအလုပ်မှတစ်ပါး တခြားကိစ္စ မှန်သမျှ ဘုံဆိုင်အလုပ်။ အဲဒီတော့ ကိုယ်ပိုင်အလုပ်ကိုလုပ်ရင် နိဗ္ဗာန်ကို ရမယ်။ ဘုံဆိုင်အလုပ်ကို လုပ်ရင် ဒကာ၊ ဒကာမ တွေ သံသရာမှာ အမျိုးမျိုးသော ဒုက္ခတွေ ရောက်ပြီးတော့ အသေဆိုး သေလိမ့်မယ်။

ကဲ-အဲဒီတော့ မိတွေဖတွေ ဆွေတွေ မျိုးတွေ အသေဆိုးပဲ သေချင်တာလား၊ အသေပဲ လွတ်ချင်တာလား။ (အသေပဲလွတ်ချင်ပါတယ်ဘုရား)။ အသေပဲလွတ်ချင်ရင် ဘာအလုပ်လုပ်။ (ကိုယ်ပိုင်အလုပ်ပါဘုရား)။ အဲဒီ ကိုယ်ပိုင်အလုပ်ဆိုတာ မျက်စိက မြင်တိုင်း မြင်တိုင်း တခြား လုပ်ရမှာလား၊ ရှုရမှာလား။ (ရှုရမှာပါဘုရား)။ ခုနပြောသလို ကြားတိုင်း ကြားတိုင်း၊ နံတိုင်း နံတိုင်း၊ စားတိုင်း စားတိုင်း၊ အမူအယာတိုင်း အမူအယာတိုင်းကို ရှုနေတာသည် အဲဒီအလုပ်သည် နိဗ္ဗာန်ကို ရောက်ဖို့အကြောင်း ဖြစ်သွားပြီ။ ရှင်းပြီနော်။

ကဲ - ယနေ့တော့ ဒီလောက်နဲ့ပဲထားပြီးတော့ မနက်ဖြန်ကျမှ သင်တန်းဆက်မယ်။ ကဲ- ဆုတောင်းမေတ္တာပို့လိုက်ကြရအောင်။

( သာဓု --- သာဓု --- သာဓု )



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄–ရက် (၂.၉.၂၀၀၂) နံနက်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ ––

ဤဓမ္မသဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက်ရှိပြီလဲ။ (၈–ရက်မြောက်ပါဘုရား)။ ၈–ရက်မြောက်နံနက် ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားပါပဲနော်။ (မှန်လှပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်တွင် သံသရာပဋိစ္စသမုပ္ပါဒ်၊ ခဏပဋိစ္စသမုပ္ပါဒ်ရယ်လို့ ၂–မျိုးခွဲခြားပြီးတော့ လေ့လာကြပါတယ်နော်။ (၂–မျိုးပါဘုရား)။ အဲဒီတော့ ဓမ္မသဘောနဲ့က သံသရာပဋိစ္စသမုပ္ပါဒ်၊ ခဏပဋိစ္စသမုပ္ပါဒ်ရှိသလို ဉာဏ်အဆင့်နဲ့ ပုဂ္ဂိုလ်ကို လိုက်ပြီးတော့လည်း သူ့ပဋိစ္စသမုပ္ပါဒ်သူ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ပုထုဇဉ်တွေကျတော့ ပုထုဇဉ် ပဋိစ္စသမုပ္ပါဒ် ရှိသလို သောတာပန်ကျတော့ သောတာပန်ပဋိစ္စသမုပ္ပါဒ် မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ သကဒါဂါမိ ကလည်း သကဒါဂါမိပဋိစ္စသမုပ္ပါဒ်၊ အနာဂါမိကလည်း အနာဂါမိ ပဋိစ္စသမုပ္ပါဒ်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ ရဟန္တာအရှင်မြတ်ကြီးတွေကလည်း သူ့ပဋိစ္စသမုပ္ပါဒ် သူ့ဟာသူ ဖြတ်ပြီးသား မရှိ ဘူးလား။ (ရှိပါတယ်ဘုရား)။

အဲဒီလို သူ့ပဋိစ္စသမုပ္ပါဒ်နဲ့သူရှိတာဟာ ယောဂီတို့အားလုံး ဘုန်းကြီးတို့ သိဖို့လိုတယ်နော်။ (မှန်လှပါ)။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကိုမသိရင် လူတိုင်း လူတိုင်း ကိုယ့်ကိုယ်ကို ဘဝင်မြင့်တာပေါ့။ တို့အရပ်စကားပြောနဲ့ပြောမယ် ဆိုရင်နော်။ ပဋိစ္စသမုပ္ပါဒ် မသိရင်ဘာဖြစ်လဲ။ (ဘဝင်မြင့်ပါတယ် ဘုရား)။ ဘဝင်မြင့်တယ်ဆိုတာကတော့ ကိုယ့်ကိုယ်ကို မာန်မာနတွေတက်သွားတာပါ။ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာအလုပ်လုပ်တဲ့အခါမှာ –

ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး
ချိုကျိုးနွားလား၊ ဒွန်းစဏ္ဍားသဏ္ဌာန်
ဦးနှိမ်ရိုကျိုး၊ မာန်ကိုချိုးကာ။

လို့ ဒီလို ဘုန်းကြီးတို့ နှလုံးသွင်းရပါတယ် ယောဂီတို့။ (မှန်လှပါ)။

ဘာဖြစ်လို့လဲဆိုတော့ မာန်မာနဆိုတဲ့ တရားဟာ ကိုယ့်ကို မဂ်တား ဖိုလ်တား ဖြစ်လွန်းလို့။ ဒိဋ္ဌိဆိုတာ မဂ်တား ဖိုလ်တားဖြစ်လွန်းလို့နော်။ အဲဒီတော့ ဒိဋ္ဌိဆိုရင် မာနဆိုတာ မလာဘူးလား။ (လာပါတယ်ဘုရား)။ အခု ပဋိစ္စသမုပ္ပါဒ် ကို အခုထောက်တော့မှာနော်။ ဒိဋ္ဌိဖြစ်ရင် ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ၊ ကမ္မ ဘဝပစ္စယာ အပါယ်ဇာတိ။ သူက ဒီလိုလာတာကိုး။ ကမ္မဘဝပစ္စယာ အပါယ်ဇာတိတဲ့ ဆိုတော့၊ အဲဒီလို အခု ဝိပဿနာအားထုတ်နေတဲ့အခါ ဒါတွေဟာ မဂ်တား ဖိုလ် တားဖြစ်နေပါတယ်။ အဲဒီမဂ်တား ဖိုလ်တားဖြစ်နေတဲ့ တရားတွေဟာ ပဋိစ္စသမုပ္ပါဒ်နားမလည်ရင် ကိုယ့်မှာ မဂ်တားသွားပြီ။ ဒီဘဝမှာ ဘယ်လောက်အားထုတ် အားထုတ်၊ ဒကာ၊ ဒကာမတွေ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရပါဦးမလား။ (မရပါဘူး)။ အင်မတန် အဖိုးတန်တဲ့ လူ့ဘဝကြီး ရောက်ပြီးတော့ မဂ်တား ဖိုလ်တား အဖြစ်ခံရတာ သိပ်နစ်နာပါတယ် ယောဂီတို့။

သို့သော် အဲဒါ ဘာဖြစ်လို့ ဒီလို အတားခံရသလဲဆိုတော့ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပေါ့။ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်နားမလည်တဲ့အခါကျတော့ ဒီပေါ်မှာ ငါဟဲ့ဆိုတဲ့ ဒိဋ္ဌိတွေ မလာဘူးလား။ (လာပါတယ်ဘုရား)။ ဒီတော့ ဒိဋ္ဌိဆိုတာက သူတစ်ဦးတည်း မလာဘူး။ အုံနဲ့ကျင်းနဲ့၊ အသိုင်းနဲ့ အဝန်းနဲ့ လာတာကိုး။ အဲဒီတော့ ဒိဋ္ဌိ ရှေ့ကလာရင်သူ့နောက်က မာနမလာဘူးလား။ (လာပါတယ်)။ ငါဆိုတာက ဒိဋ္ဌိနော်။ ငါက သူများနဲ့ မတူဘူးဆိုတာက မာနနော်။ ငါမို့လို့ဆိုတာက တခြားလား၊ မာနလား။ (မာနပါဘုရား)။

ဒကာ၊ ဒကာမတွေ ဝိပဿနာအားထုတ်တဲ့ အထဲမှာကို မာန်က တက်ချင်သေးတာ။ ငါက သူများနဲ့တူတာ မဟုတ်ဘူး။ ငါ သူများနဲ့ မတူဘူး။ ဝိပဿနာ အားထုတ်နေတာ။ ဟော– ဘယ်လောက် ကြောက်စရာကောင်းသလဲ။ ဝိပဿနာ အားထုတ်တဲ့အပေါ်မှာ ဘာဝင်နေတာလဲ။ (မာန်ဝင်နေတာ)။ သူများက သီလထိန်းတာ မဟုတ်ဘူး။ ငါကထိန်းနေတာ။ အမယ် ထိန်းတဲ့သီလ အပေါ်မှာပင် မာန်ဝင်နေတာ။ အဲဒါ မဂ်တား ဖိုလ်တားဖြစ်နေပြီ။ ဘယ်လောက် ကြောက်စရာ ကောင်းလဲ။ **သဒ္ဓံ ဥပနိဿယ မာနံ ဇပ္ပေတိ ဒိဋ္ဌိံ ဂဏှာတိကိုး။** ပဋ္ဌာန်းဒေသနာတော်က။ **သီလံ ဥပနိဿယ မာနံ ဇပ္ပေတိ** – သီလကိုအမှီပြုပြီး မာန်တွေဝင်နေတယ်။ **ဒိဋ္ဌိံ ဂဏှာတိ**– ဒိဋ္ဌိ အယူကိုယူတယ်။ ဒီတော့၊ ဟော ငါက သက်သတ်လွတ်စားနေတာ။ သူများနဲ့တူတာ မဟုတ်ဘူး ဆိုတော့ ဟော ဘာဝင်နေတာလဲ။ (မာန)။ သက်သတ်လွတ်စားတဲ့ကုသိုလ်က နည်းနည်း၊ ဟိုက ဝေဒယ်အိုးတယ်တာက များများဖြစ်နေတာ၊ ကုသလော အကုသလဿ – ကုသိုလ်အကြောင်း ခံပြီး အကုသိုလ်ဖြစ်နေတာ။ သိပ်ကြောက်စရာကောင်းတယ်နော်။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် နားမလည်ရင် အင်မတန် အန္တရာယ်များလှတယ်၊ ယောဂီတို့။ ရှင်းပြီနော်။ အဲဒီတော့ ဒီမာနဟာ



www.burmeseclassic.com

www.burmeseclassic.com



နေရာတကာမှာ သူက ဒုက္ခပေးတဲ့မာန။ ဝိပဿနာ အလုပ်လုပ်တဲ့အခါတောင်မှပဲ သူတက်ပြီး အုပ်ချုပ်တယ်ဆိုတော့ တခြားကိစ္စတွေ ဆိုတာတော့ ပြောမနေနဲ့တော့။ ပြောမနေနဲ့တော့။ လောကမှာ ဟုတ်လား။ စားရေး၊ နေရေး၊ ဝတ်ရေး၊ သွားရေး၊ သမီးရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး အစရှိသည့် ကိစ္စအဝဝတွေဆိုတာကတော့ စကားထဲကို ထည့်ပြောမနေနဲ့။ သူတို့ပဲ အုပ်ချုပ်နေတာပဲ။

နောက်ဆုံး ဒကာ၊ ဒကာမတွေ လွတ်လွတ်ကျွတ်ကျွတ်နဲ့ တစ်ခါတည်းမှကို ၁၀–ရက်တန်သည်၊ ၁၅–ရက်တန်သည်၊ တစ်လတန်သည် လွတ်လွတ်ကျွတ်ကျွတ်ကို လောကကိုစွန့်ပြီးတော့ ဝိပဿနာအားထုတ်တောင်မှပဲ သူက ဝင်ဝင်နှိပ်စက်ချင်သေးတာ။ အဲဒီလို နှိပ်စက်ခံရရင် ဘုန်းကြီးတို့ ခရီးသွားတဲ့လူလိုပေါ့။ ခရီးသွားတဲ့လူတစ်ယောက်ဟာ လမ်းဖြောင့်ဖြောင့်နဲ့ လမ်းဆိုးဆိုးမှာ လမ်းဆိုးဆိုး ဆိုရင်တော်တော်နဲ့ ရောက်ပါ့မလား။ (မရောက်ပါဘူး)။ အဲဒီတော့ ယနေ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ လျှောက်လှမ်းတဲ့ လမ်းက ချောချောမွေ့မွေ့ စသည်ဖြင့် ဟုတ်လား။ ယနေ့ နိုင်ငံတော်က ကတ္တရာတွေ ခင်းထားသလိုပဲ ဟုတ်လား။ ကတ္တရာတွေ မခင်းဘဲ ချိုင့်တွေ၊ ဗွမ်းတွေ၊ ဆူးတွေ၊ ခလုတ်တွေနှင့်ဆိုရင် တော်တော်နဲ့ ရောက်ပါဦးမလား။ (မရောက်ပါဘူး)။ အင်မတန်ချောမွေ့တဲ့ လမ်းကလေးကို ခင်းထားရင် မျက်စိမှိတ်သွား ဒကာ၊ ဒကာမတွေ အချိန်မရွေး မရောက်နိုင်ဘူးလား။ (ရောက်နိုင်ပါတယ်ဘုရား)။

အဲဒီဥပမာလိုပါပဲ၊ ယနေ့ ဘုန်းကြီးတို့ ဒိဋ္ဌိတွေ၊ မာနတွေကို ရှေ့ပိုင်းကနေ ရှင်းရှင်းပေးနေတာက ပရိယတ်အသိနဲ့ ရှင်းရှင်းပေးနေတာ။ လမ်းရှင်းပေးနေတာ ယောဂီတို့။ ဘာလုပ်နေတာလဲ။ (လမ်းရှင်းပေးနေတာပါဘုရား)။ အို လမ်းချောသွားလို့ မျက်စိမှိတ်လျှောက် ခလုတ်မတိုက်ဘူး။ မြန်မြန်ကို ရောက်မှာနော်။ အဲဒါကြောင့် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး က ယောဂီတို့ကို ဝိပဿနာအလုပ်မလုပ်မီ ရှေးဦးစွာ ဘာဖြုတ်ရမလဲ။ (ဒိဋ္ဌိဖြုတ် ရမှာပါဘုရား)။ အသိနဲ့ဖြုတ်ရမယ်။ လမ်းရှင်းနေတာ။ နှိုမိုလို့ရှိရင် ဝိပဿနာဆိုတာကတော့ လမ်းလျှောက်တာနဲ့ တူတယ်။ ရှေ့မှာ မာနတွေနဲ့ ဒိဋ္ဌိတွေနဲ့၊ ပကာသနတွေနဲ့ စသည်ဖြင့် ဒါတွေက ခလုတ်ကန်သင်းတွေနဲ့ ချိုင့်တွေ၊ ဗွမ်းတွေ၊ ကမူကထစ်တွေနဲ့ မတူဘူးလား။ (တူပါတယ်ဘုရား)။

## ခန္ဓာအရှိ ဉာဏ်အသိ

ဒီလိုဖြင့် အဲဒီပုဂ္ဂိုလ်သည် သူသွားချင်တဲ့နေရာ တော်တော်နဲ့ ရောက်ပါ့မလား။ (မရောက်ပါဘူး)။ အဲ–လမ်းခုလတ်တင် တစ်ခုခုအကြောင်းကြောင့်နဲ့များ ရပ်သွားရင် သို့မဟုတ် သေသွားရင် ဒကာ၊ ဒကာမတွေ ခက်ဦးမယ်။ ရှင်းပြီနော်။ ဒါကြောင့်မို့လို့ ဆရာကောင်းနဲ့တွေ့ရင် အရဟတ်တက်တယ် ဆိုတဲ့ စကားအရ၊ ဝိပဿနာ အလုပ်မလုပ်မီ၊ ရှေးဦးစွာ တခြားအလုပ်လုပ်တာလား။ လမ်းရှင်းနေရတာလား။ (လမ်းရှင်းနေရတာပါဘုရား)။ လမ်းရှင်းတယ်ဆိုတာ၊ တခြားနားလည်ရမှာလား၊ ခန္ဓပဋိစ္စသမုပ္ပါဒ် နားလည်ရမှာလား။ (ခန္ဓပဋိစ္စသမုပ္ပါဒ် နားလည်ရမှာပါ ဘုရား)၊ ကဲ ဒီတော့ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို မနေ့ကလည်းစခဲ့ပြီနော်။ ခပ်သွက်သွက်ကလေး သွားလိုက်ရအောင်။ အချိန်က တော်တော်ကို နည်းလာပြီနော်။ ဒီနေ့ ၈–ရက် ဆိုတော့ ၉–ရက်၊ ၁၀–ရက်။ အင်း မနက်ဖြန် တစ်ရက်ပဲ ပဋိစ္စသမုပ္ပါဒ်ကသင်နိုင်တော့မှာ။ မနက်ဖြန်ဆိုတောင်မှပဲ၊ ခုလို ကျကျနန ထောက်နိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ဟုတ်လား။ ဒီတော့ သူသိသင့် သိထိုက်တဲ့တရားတွေက အများကြီးကျန်သေးတယ်။ ဘုန်းကြီးလည်း ဒီစခန်းပွဲ အကုန်မဟောနိုင်ဘူး။ ယောဂီတို့ကို အကုန်လုံး ဟောနေရင်လည်းပဲ အကုန်လုံး မှတ်မိချင်မှမှတ်မိမယ်။

ဒါကြောင့် ဆရာတော် ဘုရားကြီးက မိန့်သွားတာကလေး ဘုန်းကြီးတို့ အသည်းစွဲထားတယ်။

ရက်သားလေးရှိတဲ့ကလေးငယ်ငယ်လေးကို မိခင်က ထမင်းခွံ့တော့၊ ဒကာ၊ ဒကာမတွေ ထမင်းလုပ်ကြီး ခွံ့လို့ရပါ့မလား။ (မရပါဘူး)။ မိခင်လုပ်တဲ့ ပုဂ္ဂိုလ်က တစ်ခါတည်းဝါးပြီးတော့မှ ဒီလိုမျိုးလေး ချောချောမွေ့မွေ့ နည်းနည်းလေး ဒီလိုခွံ့မှ ကလေးပါးစပ်နဲ့ ဖြစ်မှာပေါ့။ (မှန်လှပါ)။ ဒါ–– ဥပမာနော်။

အဲဒီ ဥပမာလိုပဲတဲ့ ဒကာ၊ ဒကာမတွေ။ ဒကာ၊ ဒကာမတွေရဲ့ ပါးစပ်နဲ့ တူတဲ့ ဉာဏ်ဟာ ကလေးငယ်လိုပဲတဲ့။ အဲဒီလို အင်မတန် လေးနက်လှတဲ့ တရားကြီးတွေကို တစ်ခါတည်း ဟောလိုက်လို့ရှိရင် ကလေးဟိုမှာ စားပိုးနင့်ပြီးတော့ လည်ချောင်းထဲ ဆို့ပြီးတော့ သေသလို၊ ဘာမှ သိမှာမဟုတ်ဘူးတဲ့။ ဆရာတော်ပေးသွားတဲ့ ဥပမာကို ဘုန်းကြီးတို့ အသည်းစွဲပါတယ်။ ဒါကြောင့် တရားဆိုတာ တစ်လုံးတည်းသိရင် ကိစ္စပြီးသွားပြီ။ အများကြီး သိရင်ပိုမကောင်းဘူးလား။ (ကောင်းပါတယ်)။ သို့သော် တစ်လုံးတည်းသိရင်တောင်မှပဲ၊ ကိစ္စပြီးတယ်။ ဘုန်းကြီးတို့လည်း အင်မတန် ပဋ္ဌာန်းရွတ်၊ ဘာရွတ်၊ အင်မတန် ဝါသနာထုံခဲ့တယ်။ ခုလည်း ရွတ်နေတာပါပဲ။ ဒီတော့ သေသေ ချာချာ လေးလေးစားစားလုပ်ရင် မင်းကွာ – အာရုံသာစူးစူးစိုက်စိုက်လုပ် တစ်ပစ္စည်းထဲနဲ့ ကိစ္စပြီးတယ်ကွ။ ဆိုလိုတာက အကုန်လုံးရွတ်နေလို့ ရှိရင်တော့ကောင်းပါတယ်။ တကယ် လေးလေးနက်နက်လုပ်ရင်၊ တစ်ပစ္စည်းတည်းနဲ့ ကိစ္စပြီးတယ်လို့ ဆရာတော်က မြှုပြောသွားတာပေါ့။

ခုလည်းပဲ ယောဂီတို့ ပဋိစ္စ သမုပ္ပါဒ်ဒေသနာမှာ အဝိဇ္ဇာတစ်လုံးကို ရှင်းသွားရင် လိုရင်းမရောက်ဘူးလား။ (ရောက်ပါတယ်)။ အဝိဇ္ဇာတစ်လုံး ရှင်းဖို့ ဆိုတာကလည်း သေလုမျောပါး လုပ်နေရတာ။ (မှန်လှပါ)။ အဝိဇ္ဇာလေးတစ်လုံး ရှင်းသွားရင် ပြီးပါတယ်ဆိုပေမဲ့လည်း အဲဒီတစ်လုံးလေး မရှင်းလို့ တစ်သက်လုံး၊ တစ်သံသရာလုံး အပါယ်ကနေ မလွတ်ခဲ့တာပေါ့။ (မှန်လှပါ)။ ယနေ့ ဒီတရားတွေကို ဒီလောက်ထိအောင် ကြိုးကြိုးစားစားပြောနေတာ၊ ကြိုးကြိုးစားစား အားထုတ်နေတာက အဝိဇ္ဇာက ဘာဖြစ်ဖို့လဲ။ (ဝိဇ္ဇာဖြစ်ဖို့ပါဘုရား)။ ဝိဇ္ဇာဖြစ်ရင်ပြီးပြီသာ ပြောတာ။ ဓမ္မက္ခန္ဓာပေါင်း အဲဒီထဲအကုန်ပါသွားတာကိုး။ လိုရင်းသာပြီးတယ်လို့ မြှုပြောလိုက်တာပေါ့။ ရှင်း ပြီနော်။

ကဲ –– အဲဒီတော့ ခန္ဓပဋိစ္စသမုပ္ပါဒ်နားလည်ဖို့ အရေးမကြီးဘူးလား။ (ကြီးပါတယ်ဘုရား)။ ကဲ––ခန္ဓပဋိစ္စသမုပ္ပါဒ်ကို မနေ့က နားလည်ခဲ့ပြီ။ မြန်မာလို ပြောမယ်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။ ဘယ်နှစ်မျိုး (၆–မျိုး ပါဘုရား)။ ဒါက ပရိယတ်နဲ့ စာသင်နေတော့ ယောဂီတို့။ ဘာသာသနာခေါ်ပါလိမ့်။ (ပရိယတ်သာသနာပါဘုရား)။ အလကားနေရင် ဒီသာသနာ မကိန်းဘူး။ စားရေး၊ နေရေး၊ ဝတ်ရေး၊ သားရေး၊ သမီးရေး၊ ကျန်းမာရေးတွေ ရှေ့တန်းတင်နေရင် ဒီ သာသနာကိန်းပါ့မလား။ (မကိန်းပါဘူးဘုရား)။ ဟော –– ဝမ်းသာစရာကောင်းလိုက်တာ။ ယနေ့မနက် ယောဂီတို့ မိမိတို့ရဲ့ နှလုံးအိမ်မှာ ပရိယတ်သာသနာ ကိန်းသွားပြီ။ အဲဒီ ပရိယတ် သာသနာကိန်းသွားတာက အကုသိုလ်လား၊ ကုသိုလ်လား။ (ကုသိုလ်ပါဘုရား)။ ဓမ္မဒါနကုသိုလ်

www.burmeseclassic.com



နော်။ သဗ္ဗဒါန် ဓမ္မဒါန် ဇိနာတိ ဆိုတော့ ရိုးရိုးကုသိုလ်တွေထက် အမြင့်ဆုံး ကုသိုလ်မရဘူးလား။ (ရပါတယ်)။ ရိုးရိုးဒါနကုသိုလ်၊ သီလကုသိုလ်တွေထက် ယခု ဓမ္မဒါနကုသိုလ်သည် မမြတ်ဘူးလား။ (မြတ်ပါတယ်ဘုရား)။ ဒြော် ယနေ့မနက် အမြတ်ဆုံးကုသိုလ်လေးရသွားပြီ။ ဘာဖြစ်လို့ရတာလဲ။ (ပရိယတ်သာသနာကိန်းလို့)။

ပရိယတ်သာသနာဆိုတာ ခန္ဓာအရှိ ဉာဏ်အသိနဲ့ ကိုက်မယ်။ ဒီတရားတွေကို နာနေလို့၊ ဟောနေလို့ ရွတ်နေလို့ပေါ့။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ သို့သော် အဲဒီ သာသနာကိန်းရုံနဲ့ နိဗ္ဗာန်ကို မြင်နိုင်ပါ့မလား။ (မမြင်နိုင်ပါဘူးဘုရား)။ တစ်ဆင့်တက်ရမှာပေါ့နော်။ အဲဒီတော့ နိဗ္ဗာန်ကို မြင်နိုင်ဖို့ကို ဒကာ၊ ဒကာမတွေ လှေခါးထစ်တက်ရမှာပေါ့နော်။ အဲ၊ ယခု လှေခါးထစ် တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း တက်ကြပါစို့ရဲ့နော်။ ယခု– ဒီမှာ စာအနေနဲ့ သင်လိုက်တော့ အခံဓာတ်က ဘယ်နှစ်ပါးလဲ။ (၆–ပါး ပါဘုရား)။ အခံဓာတ် ၆–ပါးဆိုရင် အတိုက်ဓာတ် ဘယ်နှစ်ပါး (၆–ပါးပါ ဘုရား)။ ကဲ အတိုက်ဓာတ် ၆–ပါးကိုပြောပါ။

(၁) အဆင်း

(၂) အသံ

(၃) အနံ့

(၄) အရသာ

(၅) တွေ့ထိစရာ

(၆) ကြံစည်စရာ။

ဘယ်နှစ်မျိုး (၆–မျိုး)။ မနေ့ကတည်းက ဒီသင်တန်းစပြီးပြီပေါ့နော်။ အဲဒီတော့ နံပါတ် ၂ အကွက်ထဲက အခု သဠာယနတကိုရှင်းနေပါတယ်။ ဘာကို ရှင်းနေတာလဲ။ (သဠာယတနပါဘုရား)။ သဠာယတနမှာအာယတနအတွင်း–၆၊ အပြင်က–၆ဆိုတော့ ၁၂–ပါး မနေဘူးလား။ (မှန်လှပါ)။ အဲ စာထဲမှာ သဠာယတန ၁၂–ပါးမှာ အတွင်း ၆–ပါးကိုကြည့်လိုက်တော့ ဟောဒီ စက်ဝိုင်းထဲမှာ ရှိတာလား။ ကိုယ်မှာ ရှိနေတာလား။ (ကိုယ့်မှာ ရှိနေတာပါ ဘုရား)။ ကိုယ့်မှာ သာရှိနေတယ်။ သိကို မသိဘူး တစ်ခါမှကို၊ တစ်ခါမှလည်း မသိဘူး။ သဠာယတနမှန်းလည်း မသိဘူး။ ခန္ဓာမှန်းလည်း မသိ။ ရုပ်မှန်းလည်း မသိ။ နာမ်မှန်းလည်းမသိ။ အဲဒီလို မသိဘူးဆိုတော့ မရှိလို့ မသိတာလား၊ ရှိနေရက်နဲ့ မသိတာလား။ (ရှိနေရက်နဲ့ မသိတာပါဘုရား)။ စဉ်းစားကြည့်။ ဘုန်းကြီးတို့ရဲ့ ဒကာ၊ ဒကာမတွေ ဘယ်လောက်များ အ,လိုက်သလဲဆိုတာနော်။ ဒီမှာ တကယ် ထင်ထင်ရှားရှားကြီး ရှိနေပါလျက်နဲ့ မသိဘူး၊ မမြင်ဘူးဆိုတော့ ဗျာ။ ကဲ––ကိုယ့်လောက် အ,တဲ့လူ ရှိပါဦးမလား၊ ကိုယ့်လောက် အ,တဲ့သူ မရှိဘူး။ အတူလည်းနေသေးတယ်နော်။ အတူနေပြီးတော့ မသိဘူးဆိုတော့ အင်မတန် ဆိုးနေပါတယ်။ ဒါဟာ ဆရာတော် ဘုရားကြီး ဒီလိုပေါ်လွင်အောင် ပြောလိုက်တော့ တစ်သက်လုံးစွဲသွားပြီပေါ့။ (မှန်လှပါ)။

အဲဒီတော့ မျက်စိသည် တခြားမှာရှိတာလား၊ ကိုယ့်မှာရှိတာလား။ (ကိုယ့်မှာရှိတာပါဘုရား)။ ရုပ်နဲ့နာမ်နဲ့ခွဲရင် ဘာပြောမလဲ။ (ရုပ်)။ နား ဘယ်မှာရှိ။ (ကိုယ့်မှာရှိတာပါဘုရား)။ ရုပ်လား၊ နာမ် လား။ (ရုပ်)။ နှာခေါင်းဘယ်မှာရှိ။ (ကိုယ့်မှာရှိတာပါဘုရား)။ ရုပ်လား၊ နာမ်လား။ (ရုပ်)။



www.burmeseclassic.com

www.burmeseclassic.com



လျှာ ဘယ်မှာရှိ (ကိုယ်မှာရှိတာပါဘုရား)။ ရုပ်လား၊ နာမ်လား။ (ရုပ်)။ ကာယပသာဒ ကိုယ် ဘယ်မှာရှိ။ (ကိုယ်မှာရှိပါတယ်)။ ကိုယ့်မှာရှိတယ်။ ကာယပသာဒ အကြည်ရှင်းပြီးပြီ။ ရုပ်လား၊ နာမ်လား။ (ရုပ်)။ စိတ်လည်းဘယ်မှာရှိ။ (ကိုယ့်မှာရှိပါတယ် ဘုရား)။ ရုပ်လား၊ နာမ်လား။ (နာမ်)။ ဒီလိုဖြင့် ရုပ်ရယ်၊ နာမ်ရယ်။ ဒီလိုဖြင့် တစ်ကိုယ်လုံး တစ်ထည်လုံးမှာ ဒီ ၆–မျိုးကလွဲလို့ တခြားဘာရှိလဲ။ (ဘာမှ မရှိပါဘူး)။ နာမည်တွေတပ်ပြီး ခေါ်ချင်သလို ခေါ်နေတာ။ ၃၂–ကောဋ္ဌာသ၊ ၃၂–ကောဋ္ဌာသ ခေါ်ချင်သလိုခေါ်လို့နေတာ၊ အားလုံးရှိတာက ဒီ ၆–မျိုးပဲ ရှိတယ်။ ဘယ်နှစ်မျိုး ရှိတာလဲ။ (၆–မျိုးပါဘုရား)။

ဒီလိုဖြင့် အဲဒီ ၆–မျိုးကို ယောကျ်ားလည်း ဒီ ၆–မျိုးပဲနော်။ မိန်းမ လည်း ဒီ ၆–မျိုးပဲ။ ဒီ၆–မျိုးကိုပဲ ယောကျ်ားရယ် မိန်းမရယ်၊ အဖေရယ် အမေရယ်၊ သားရယ် သမီးရယ်၊ ဇနီးရယ် ခင်ပွန်းရယ် မခေါ်ရဘူးလား။ (ခေါ်ရပါတယ်ဘုရား)။ အဲဒီလို ဟိုကခေါ်ဝေါ်နေတာက ပညတ်တရား တွေ။ ဒီလိုဖြင့်ရင် အဲဒီပညတ်တရားတွေဆိုတာက သုံးရုံလေးသာလျှင် ပြောလို့ဆိုလို့သာ ရတာ။ တကယ်ရှိရဲ့လား။ (မရှိပါဘူးဘုရား)။ တကယ် အမှန်မရှိဘူး။ ထင်ထင်ရှားရှားမရှိဘူး။ တကယ် ထင်ထင်ရှားရှားရှိနေတာသည် တခြားတရားတွေလား ရုပ်နဲ့နာမ်နဲ့လား။ (ရုပ်နဲ့နာမ်နဲ့ပါဘုရား)။ ဒီ ၅–မျိုးက ရုပ်၊ ဒီတစ်မျိုးက နာမ်။ အဲဒါတွေသိပြီဆိုရင် ယောဂီတို့ ဘုရားပွင့်သွားပြီ။ ဘာ ဖြစ်သွားတာလဲ။ (ဘုရားပွင့်သွားတာပါဘုရား)။ အဲဒါလေး သိတာနော်။ ဘာဖြစ်လို့ ဒါလေးသိတာ ဘုရားပွင့်သွားလဲဆိုတော့ ရုပ်ကိုသိတော့ ရူပ ပရိစ္ဆေဒဉာဏ်။ ဘာပါလိမ့်။ (ရူပပရိစ္ဆေဒဉာဏ်ပါ ဘုရား)။ နာမ်ကိုသိတော့ နာမ ပရိစ္ဆေဒဉာဏ်။ ဒီလိုဖြင့်ရင် ရုပ်နဲ့နာမ်ကိုသိရင် ဘာဉာဏ်ရ။ (နာမရူပပရိစ္ဆေဒ ဉာဏ်)။ အဲဒါ ဘုရားတစ်ဆူ တစ်ဆူပွင့်မှသိတဲ့ဉာဏ်။ ဒီလိုဖြင့် ကိုယ့်တစ်ကိုယ် လုံး တစ်ထည်လုံးကို မျက်စိလေး မှိတ်ကြည့်လိုက်ရင် ရုပ်နဲ့နာမ်ပဲ။ ဒါရှိပါလားလို့ မြင်ရမှာက တခြားနဲ့မြင်ရမှာလား။ ဉာဏ်နဲ့မြင်ရမှာလား။ (ဉာဏ်နဲ့ မြင်ရမှာပါဘုရား)။ အဲဒီလို ဉာဏ်နဲ့အမြင်သည် ဒါ ပရမတ္ထတရား။ အမြဲတမ်းရှိနေတဲ့ တရားနော်။ အချိန်မရွေးကြည့်။ ရုပ်နဲ့နာမ်ကလွဲလို့ တခြားဘာရှိလဲ။ ဘာမှမရှိပါဘူး။

ယောကျ်ား မိန်းမဆိုတာ ဒကာ၊ ဒကာမတွေ အပြောသာရှိတာ။ တကယ်ကြည့်လိုက်တော့ ယောကျ်ားတွေ့ရမှာလား၊ ရုပ်နဲ့နာမ် တွေ့ရမှာလား။ (ရုပ်နဲ့နာမ်တွေ့ရမှာပါဘုရား)။ ရုပ်နဲ့နာမ် တွေ့ရမယ်ဆိုတာက တခြားနဲ့မြင်ရ မှာလား၊ ဉာဏ်နဲ့မြင်ရမှာလား။ (ဉာဏ်နဲ့မြင်ရမှာပါဘုရား)။ နှလုံးသွင်းတတ်ဖို့ သိပ်အရေးကြီးလွန်းလို့ ထပ်တလဲလဲ ကျေးဇူးပြုနေတာနော်။ (မှန်လှပါ)။ အဲဒီလို နှလုံးသွင်းလိုက်ပြီ ဆိုတော့၊ ဩော် – ရုပ်နဲ့နာမ်ပဲလို့ ပိုင်းခြားသိလိုက်တော့ နာမရူပ ပရိစ္ဆေဒဉာဏ် ရသွားပြီ။ နာမရူပပရိစ္ဆေဒဉာဏ် ရုပ်နဲ့နာမ်ကို ပိုင်းခြားမသိရင် ဘာအပြစ်သင့်မလဲ၊ ရုပ်နဲ့နာမ်ကို ပိုင်းခြားသိရင် ဘာအကျိုးရမလဲဆိုတာ ယောဂီတို့ ခွဲခြားသိဖို့လိုပါတယ်။ (မှန်လှပါ)။ ဟောဒီရုပ်နဲ့ ဟောဒီနာမ်ကို ကိုယ့်တစ်ကိုယ်လုံး တစ်ထည်လုံးမှာပိုင်းခြားခွဲခြားပြီးမသိရင် အန္ဓပုထုဇဉ်ဆိုတာ ကတော့ မျှော်လင့်ချက်မရှိဘူးပြောတာ။ ကျောက်ခဲ ရေကျပြောတာ။



www.burmeseclassic.com

www.burmeseclassic.com



**အဝတ်ဝတ်ရင်းရှုနစ်စဉ်တန်း**

ကျောက်ခဲရေကျတာ ပေါ်ရိုးထုံးစံရှိရဲ့လား။ (မရှိပါဘူးဘုရား)။ အန္ဓ ပုထုဇဉ် သေ အပါယ်ပဲကျမယ်။ သိပ်အရေးကြီးပါတယ်နော်။ ဒါ လိုရင်းချုံ့ ပြောလိုက်တာ။ ဒီလိုဖြင့်ရင် ရုပ်နဲ့နာမ်ကို ယခုတရားတွေ နာလိုက်လို့ တရားတွေ နာရုံလေးနဲ့ပဲ ရုပ်နဲ့နာမ်ကိုသိရင် ကလျာဏပုထုဇဉ်ဖြစ်သွားပြီ။ ပုထုဇဉ်တော့ ပုထုဇဉ်ပဲ ဒကာ၊ ဒကာမတွေ။ ဒါပေမယ့် ရုပ်နဲ့နာမ်ကိုသိတဲ့ ပုထုဇဉ်ပေါ့။ အဲဒီ ပုထုဇဉ်က အပါယ်ကို ကျချင်ကျမယ်။ မကျချင်မကျဘူး။ ဟို အန္ဓ ကျတော့ ကျမယ်။ ကလျာဏ ပုထုဇဉ်ကျတော့ ကျချင်ကျမယ်။ မကျချင်မကျဘူး။ ဘာဖြစ်လို့ ဒီလို နှစ်ခွပြောရတာလဲဆိုတော့ သူ"မရဏာသန္နဇော" ဘာနဲ့ စောမယ်ဆိုတာ မသိဘူး။ သေခါနီးကာလမှာ ဘုရားတည်တယ်၊ ကျောင်းဆောက်တယ် ဒါလေး တွက်ပြီး စိတ်ထဲမှာ ဝင်လိုက်လို့ရှိရင် ဟော--ဒိုင်းဆို နတ်ပြည် ရောက်သွားပြီ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်)။

အင်း--သေခါနီးကာလကျတော့ အင်း--ငါဘယ်သူ့ကိုအကြွေးပေးရဦးမယ်။ ဟော-- ဘယ်သူ့ ဆီက ငါအကြွေးယူထားတာ။ ငါ--ဘယ်သူပေးဖို့ ရှိတယ်။ ဘယ်သူဆီက ရဖို့ရှိတယ်။ အမြဲ တမ်းမေ့နေတယ်။ ငယ်ငယ်တုန်းက အကြောင်းတွေမေ့နေတယ်။ ဒိုင်းဆို လာပေါ်လိုက်ပြီ။ ဟော-လာလည်းပေါ်လိုက်ရော၊ အဲဒီအချိန်မှာ ဖြတ်ခနဲဆို ဝိညာဏ်ချုပ်သွားတော့ ကျွတ်ပါ့ဦးမလား။ (မကျွတ်ပါဘူးဘုရား)။ ဒါကြောင့် ပုထုဇဉ်မရဏာသန္နဇောဟာ စိတ်မချရဘူး။ ဇောမမြဲဘူး ဒကာ၊ ဒကာမတွေ။ ဂတိမမြဲဘူး။

ဘာဖြစ်လို့ မမြဲလဲဆိုတော့ ခုပဲလေ လောလောဆယ်ယောဂီတို့ တရားထိုင်တဲ့အခါကျတော့ တစ်နာရီလုံး စိတ်တည်လား။ (မတည်ပါဘူးဘုရား)။ ဘယ်ရောက်လဲ၊ မိမိကျက်စားတဲ့ နေရာပေါ့။ အများအားဖြင့်တော့ အိမ်ရောက်ကြမှာ များပါတယ်။ ကုမ္ပဏီပိုင်ရှင်တွေဆို ရုံးရောက်နေလား မသိဘူး။ အရောင်းအဝယ် သမားတွေ။ သိတဲ့အခါကျတော့ ဆင်ခြင်လို့ရတာပေါ့။ ဒါကြောင့် သုံးတတ်လျှင် ဆေး၊ မသုံးတတ်လျှင် (ဘေးပါဘုရား)။ နောက်ဆုံး မသုံးတတ်လျှင် ခေါင်းဖြီး တာကစ အပါယ်ကိုရောက်မှာ။ အဝတ်ဝတ်တာကို မပြောနဲ့ -- ဟုတ်လား။ ဒကာ၊ ဒကာမတွေ ပြင်မယ်၊ ဆင်မယ်၊ သနပ်ခါးလိမ်း၊ တစ်ခါတလေ ဘာညာ စသဖြင့် လုပ်တာက စပြီး နှလုံးမသွင်း တတ်ရင် ဘယ်ရောက်မလဲ။ (အပါယ်ကို ရောက်ပါမယ်ဘုရား)။ ဘုန်းကြီးခြောက်ဟောတာ မဟုတ်ဘူးနော်။ ဟောဒီမှာ သာကေနဲ့ သဘာဝကို ကြည့်ရင် ဒီမှာကြည့် -- ကာယပသာဒ အကြည်ဆိုတာက ဒီမှာ သဠာယတနပေါ့နော်။ ခန္ဓာကိုယ်မှာ အဝတ်ဝတ်လိုက်တာ တွေ့ထိတယ် ဆိုတာက ဖဿ။ ဒါကို ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ ဥပ္ပဇ္ဇတိ ကာယဝိညာဏံလို့ ဒီလိုပြောတာပေါ့။ အဲဒီတော့ အဲဒီလို တွေ့ထိပြီဆိုတော့ ဖဿ။

ဟော၊ ဒီတော့ ခန္ဓာကိုယ်မှာ အဝတ်ကို ဝတ်လိုက်တော့ ကိုယ့်ဟာလေးနဲ့ကိုယ် ဝတ်လိုက်ရင် ချောချောမွေ့မွေ့ ဝတ်တဲ့အခါကျတော့ ချောချော မွေ့မွေ့အတွေ့လေး မတွေ့ရဘူးလား။ (တွေ့ရပါ တယ်ဘုရား)။ အဲဒီလိုလေး ချောချောမွေ့မွေ့လေး စိတ်တိုင်းကျလေး ဝတ်လိုက်ရင် ဟော - သိမ်သိမ်မွေ့မွေ့လေး မခံစားရဘူးလား။ (ခံစားရပါတယ်ဘုရား)။ ခန္ဓာကိုယ်မှာနော်။ သိမ်သိမ် မွေ့မွေ့ခံစားရတယ်။ ကြမ်းကြမ်းတမ်းတမ်းအဝတ်ကလေး ဝတ်လိုက်ရင် ကြမ်းကြမ်းတမ်းတမ်း



www.burmeseclassic.com

www.burmeseclassic.com



မခံစားရဘူးလား။ (ခံစားရပါတယ်ဘုရား)။ ချောချောမွေ့မွေ့ အဝတ်ကလေးဝတ်တော့ ချောချောမွေ့မွေ့ မခံစားရဘူးလား။ အဲဒီလိုခံစားတာ ဘာပါလိမ့်။ (ဝေဒနာပါဘုရား)။ ပဋိစ္စသမုပ္ပါဒ် အစဉ်သွားတာကို ဒီမှာထောက်နေတာနော်။ (မှန်လှပါ)။

အဲဒီတော့ ဖဿ –– ဝေဒနာ။ ခန္ဓာကိုယ်မှာ အဝတ်တင်လိုက်ပြီဆိုကတည်းက သဟဇာတအနေနဲ့ သဠာယတန ဖဿ ဝေဒနာ။ သဟဇာတဆိုတာ တစ်ပြိုင်တည်း ပါလာတာလို့ပြောတာနော်။ သဟဇာတဆိုတဲ့ စကားက ဘာပြောတာလဲ။ (တစ်ပြိုင်တည်းပါလာတာပါဘုရား)။ ခန္ဓာကိုယ်မှာ အဝတ်ဝတ်လိုက်ပြီဆိုကတည်းက ဖဿဝေဒနာ။ ဘာပါလိမ့်။ (ဖဿ ဝေဒနာ)။ အဲဒီ အဝတ်လေး ခန္ဓာကိုယ်မှာဝတ်လိုက်ကတည်းက တွေ့ထိသွားပြီ။ ခံစားပြီပေါ့။ ဩော် – ဒီအဝတ်လေးက တယ်ဟုတ်ပါလားဆိုတာ ရင်ထဲမှာခံစားတာဝေဒနာ။ ခံစားတာဘယ်ကခံစားလာတာလဲ။ (ဝေဒနာက)။ တွေ့ထိတာက (ခန္ဓာကိုယ်ပေါ်က) ဒီလိုဖြင့်ရင် တွေ့ထိတာကရုပ်။ ဘာတဲ့လဲ။ (တွေ့ထိတာကရုပ်)။ ခံစားတာက နာမ်။ အဲဒါ ယောဂီတို့က ပဋိစ္စသမုပ္ပါဒ်ကို လေ့လာတဲ့အခါကျတော့ သတိကပ်တဲ့အခါကျတော့ ဩော် –– ကိုယ့်ဟာလေးနဲ့ကိုယ်၊ ကိုယ်ကြိုက်တာ ဝတ်လိုက်ရတော့ သဘောမကျဘူးလား။ (ကျပါတယ်ဘုရား)။ ဟော –– အဝတ်ကလေးတစ်ခု လှည့်ကာပတ်ကာ၊ ကြည့်ကာနဲ့ သဘောကျတယ်ဆိုတော့ ဒီအဝတ်ကလေးကို မခင်လို့လား၊ ခင်လို့လား (ခင်လို့ပါဘုရား)။ သဘောကျတယ်။ ခင်တယ်ပေါ့။ အရပ်ပြော ပြောတော့ ခင်တယ်ပေါ့။ ကိုယ့်အဝတ်လေးကိုယ် သဘောကျနေတာ ခင်မင်တွယ်တာတယ်။ ဒါ လောဘ တဏှာလို့ခေါ်တယ်။

အဲဒီတော့ ကိုယ့်အဝတ်ကလေးကို ကိုယ်ဝတ်ရတာ မကျေနပ်ဘူးလား။ အိုး– အကျေနပ်ကြီးကို ကျေနပ်နေတာ။ ဒီလိုကောင်းကောင်းလေးများ ဝတ်ရရင် စိတ်ထဲမှာ တစ်ခါတည်းစွဲပြီးတော့နေတာက ဥပါဒါန်။ ဘာပါလိမ့်။ (ဥပါဒါန်ပါ ဘုရား)။ ဩော် –– ငါ့အဝတ်ကလေးကတန်ဖိုးရှိတဲ့ အဝတ်ကလေးဟာ။ ဟုတ်လား – နှစ်ထောင်တန်ပဲ၊ တစ်သောင်းတန်ပဲ၊ တစ်သိန်းတန်ပဲဟ စသည်ဖြင့် အဲဒီလို တန်ကြေးရှိတာလေး ဝတ်လိုက်တဲ့အခါ စိတ်ထဲမှာ စွဲစွဲလမ်းလမ်းနဲ့ ဒကာ၊ ဒကာမတွေ ဒါလေး အရိပ်တကြည့်ကြည့် မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား)။ အဲဒီလိုစွဲလမ်းနေတာက ဘာခေါ်ပါလိမ့်။ (ဥပါဒါန်ပါဘုရား)။ အဲဒီတော့မှ ကိုယ့်အဝတ်လေး ရှေ့ကြည့်၊ နောက်ကြည့် အမျိုးမျိုးပြုပြင်နေတာက (ကမ္မဘဝ ပါဘုရား)။ ကမ္မဘဝ ကံပေါ့နော်။ ကိုယ့်ကိုယ်ကို ပြုပြင်တာက ကာယကံ၊ ပါးစပ်က ပြောတာ ဆိုတာက ဝစီကံ၊ စိတ်ထဲမှာ သဘောကျ ကျေနပ်နေတာက မနောကံ။ ဒီလိုဖြင့် ကံမမြောက်ဘူးလား။ (မြောက်ပါတယ်ဘုရား)။ အဲဒီတော့ အဝတ်တစ်ခါဝတ်တိုင်း ဝတ်တိုင်း ဒကာ၊ ဒကာမတွေ ဘယ်လောက်မြောက်လဲ ဆိုတော့ ဒီမှာကြည့်။ သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကမ္မဘဝ ဆိုတော့ ဒီမှာခြောက်မျိုးမလာဘူးလား။ (လာပါတယ်ဘုရား)။

အဝတ်တစ်ခါ ဝတ်တိုင်း ဝတ်တိုင်း ဘယ်နှစ်မျိုးလာ။ (၆–မျိုးလာ ပါတယ်)။ ကမ္မဘဝ ပစ္စယာ ဇာတိဆိုတော့ ၇–မျိုးဖြစ်သွားတယ်။ ဘယ်နှစ်မျိုးလဲ။ (၇–မျိုးပါဘုရား)။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ် နားမလည်ရင် အဝတ်ကလေး ဝတ်တိုင်း ဝတ်တိုင်း ခုနစ်စဉ်တန်းပါတယ် ယောဂီတို့။ ဘယ်နှစ်စဉ်တန်း။ (ခုနစ်စဉ် တန်းပါတယ်ဘုရား)။ ခုနစ်စဉ်တန်းဆိုတာက ပဋိစ္စသမုပ္ပါဒ် ထောက်ပြ

35A



www.burmeseclassic.com

www.burmeseclassic.com



တော့ ခုနစ်စဉ်တန်းတယ်ပြောတာ။ အဲဒါကို ဘုန်းကြီးတို့ သဘာဝကျကျ ကြည့်လိုက်တော့ အဲဒီလို ခုနစ်စဉ်တန်းတယ်ဆိုတာ တခြားမဟုတ်ဘူး။ အဝတ်ဝတ်တဲ့အခါမှာ သတိမကပ်တဲ့အတွက် မဝတ် တတ်သောကြောင့် သူ အပါယ်ရောက်မယ်ပြောတာ။ ဘယ်ကိုရောက်မလဲ မေးစရာမရှိဘူးလား။ (ရှိပါတယ်)။

အဲဒီအဝတ်ကလေးပေါ်မှာ သဘောကျနေလို့ရှိရင် ဘယ်သူဦးဆောင်လဲ။ (တဏှာ ဦးဆောင်ပါတယ်ဘုရား)။ တွယ်တာနေတာက (တဏှာပါဘုရား)။ အဲဒီလို တဏှာဦးဆောင်ပြီးတော့ သေလိုက်လို့ရှိရင် တခြားသွားမှာလား။ ပြိတ္တာပြည် သွားမှာလား။ (ပြိတ္တာပြည်သွားမှာပါဘုရား)။ ဟော––အဝတ်ကို မှီပြီးတော့ ဒကာ၊ဒကာမတွေ ပြိတ္တာဖြစ်တာ။ အဝတ်ကိုစွဲရင် ဘာဖြစ်တာလဲ။ (ပြိတ္တာ ဖြစ်တာပါဘုရား)။

သာဓကလေးပြပါဆိုလို့ရှိရင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးလက်ထက်က ''ဦးတိဿ'' ဆိုတဲ့ ရဟန်းကြီးမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ''ဦးတိဿ'' ရဟန်းကြီးက ဟိုက နှမလုပ်တဲ့သူက သင်္ကန်းလေး လာလှူတယ်။ သင်္ကန်းလေး လာလှူတော့ သင်္ကန်းလေး အလှူခံထားတယ်။ ဒီသင်္ကန်း လေးကို သဘောကျပြီးတော့ မြတ်နိုးတွယ်တာစွာနဲ့ သူ့ခေါင်းအုံးအောက်မှာ မဝတ်ရက်ဘဲ။ သိမ်း ထားတယ်။ အဲဒါနဲ့ပဲ ကိုယ်တော်ကြီးပျံလွန်တော်မူရော။ သင်္ကန်းလေး စွဲပြီးတော့ ပျံလွန်တော်မူ လိုက်တော့ သန်းကြီးသွားဖြစ်နေတယ်။ ဒီကနေ့ ရဟန်းကြီးဖြစ်ပေမယ့် နောက်နေ့ ဘာဖြစ်လဲ။ (သန်းကြီးပါဘုရား)။ သန်းကြီးဖြစ်တာ။ တိရစ္ဆာန်ဖြစ်သွားတာ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်)။ ဒီလိုဖြင့် ကိုယ်တော်ကြီး ဘာတွယ်တာလို့လဲ။ (သင်္ကန်းလေးတွယ်တာလို့)။ သူ့ခမျာတွယ်တာစရာ သင်္ကန်းလေး တစ်စုံရှိတာ။ အဲဒါရှိတာလေး သွားတွယ်တာမိတဲ့အတွက်ကြောင့် တခြားဖြစ်သွား တာလား၊ သန်းဖြစ်သွားတာလား။ (သန်းဖြစ်သွားတာပါဘုရား)။ သန်းဇာတိ ဖြစ်တယ်။ ဒါက သာဓကပြပြောတာ။ ဟိုကိုယ်တော်ကြီး ဦးတိဿလို။

အဲဒီတော့ ဘုန်းကြီးတို့လည်းပဲ ဒီတရားလေးတွေ သိလာတဲ့အခါကျတော့ နားလည်တဲ့ အခါကျတော့ ဟာ–ဒုက္ခပဲ။ ''ဦးတိဿ''ကြီးလိုများ တို့ဖြစ်ရင် ခက်ရချည်ရဲ့။ ဟော––သင်္ကန်းလေး ကောင်းကောင်းဝတ်ရင် ''ဦးတိဿကြီး'' သွားသွား သတိရတယ်။ ဒကာ၊ ဒကာမတွေ သင်္ကန်းလှူ တာကို သိပ်မသာယာရဲဘူး။ နို့မို့ရင် – အမလေး အမျိုးမျိုး ဒုက္ခတွေကနေ ခံပြီးတော့မှ ''ဦးတိဿ'' လိုများဖြစ်ရင် မခက်ဘူးလား။ ဒါ – ဘုန်းကြီးတွေ အပိုင်းကလည်း သတိထားရတာနော်။ သို့သော် – ကဲ ကောင်းပြီ။ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကိုယ်ပြောကြပါစို့။ ဘုန်းကြီးစွဲစရာ သင်္ကန်းတစ်စုံပဲ ရှိတာ။ ကဲ– ကိုယ့်မယ်တော်ကြီးတွေ၊ အားလုံးသော မိတွေဖတွေ၊ကိုယ့်အကြောင်းကိုယ် သိသွားပြီ။ ဒီခေါင်းပိုင်းလေးပဲ ကြည့်စမ်းပါဦး။ ရွှေဘီးနဲ့၊ စိန်နားကပ်နဲ့၊ ဆွဲကြိုးနဲ့။ မစွဲတာလား။ (စွဲတာပါ ဘုရား)။ အမလေး၊ ရှေ့ဆက်မပြောချင်ဘူး။ ''ဦးတိဿ'' ထက်ဆိုးမှာ။ ဘုန်းကြီး ခြောက်ဟော နေတာလား၊ ဖြစ်စဉ်ကိုက်လား။ (ဖြစ်စဉ်ကိုက်ပါဘုရား)။ ဟိုမှာ–''ဦးတိဿ''ကြီးက ဘာဖြစ်သွား လဲ။ (သန်းဖြစ်သွားတာပါဘုရား)။ သန်းဖြစ်တာ။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက စွဲစရာတွေက သူ့ထက်ပိုမများဘူးလား။ (များပါတယ်ဘုရား)။ အဲဒါက ခန္ဓာကိုယ်ပေါ်တင်၊ မီးခံသေတ္တာထဲက ဟာတွေ မပါသေးဘူး။ အိမ်ဦးခန်းထဲကဟာ မပါသေးဘူးနော်။ စွဲစရာတွေ၊ တိုက်တွေနဲ့၊ ကားတွေနဲ့၊

www.burmeseclassic.com

(၂၅၁)

အမလေး– မနည်းပါလား။ အဲဒါတွေသာ အကုန်စွဲရရင် ဒကာ၊ ဒကာမတွေ ကျွတ်နိုင်ပါဦးမလား။ (မကျွတ်နိုင်ပါဘူးဘုရား)။ ခက်ပြီ–ခက်ပြီ။ ပဋိစ္စသမုပ္ပါဒ်နော်။ ဘယ်နှစ်စဉ်တန်းတာလဲ။ (ခုနှစ်စဉ် တန်းတာပါ ဘုရား)။ ကဲ–ဒီမှာကြည့်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ။ အဲဒါ အဝတ်တွေကို မဝတ်တတ်တဲ့အခါ စွဲလိုက်တော့ အပါယ်ဇာတိ ရောက်သွားတာ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

## အနာနဲ့ဆေးတည့်အောင်ပေး

အဲဒီတော့ အပါယ်ကို ရောက်တယ်ဆိုတဲ့အခါမှာ ပဋိစ္စသမုပ္ပါဒ် ၃–မျိုး လည်တယ်နော်။ (မှန်လှပါ)။ လောဘနဲ့ဆိုတာက ပြိတ္တာ။ ဒီတော့ မသိလို့ မောဟနဲ့ ဆိုတာက တိရစ္ဆာန်၊ အလိုမကျ လို့ ဒေါသနဲ့ဆိုရင် ငရဲ။ မြုန်းခနဲ အဲဒီ ပစ္စည်းပစ္စယတွေနဲ့ အင်း–သိမ်းဆည်းထား၊ မလှူရက်၊ မတန်းရက်ဘဲ ဒုက္ခပဲ၊ ငါများ သေသွားရင် ငါ့အိမ်ဘယ်သူများတက်တော့မလဲ။ အမယ် –စိတ်က သွားပြီးတော့ သောကမရောက်ဘူးလား။ (ရောက်ပါတယ်ဘုရား)။ သောကအနေနဲ့ ဝိညာဏ်ချုပ် ရင် တခြားသွားမှာလား၊ ငရဲဇာတိလား။ (ငရဲဇာတိပါ ဘုရား)။ မကြောက်ဘူးလား။ (ကြောက်ပါတယ် ဘုရား)။ ကြောက်စရာ။ အဲဒီတော့ ကိုယ့်မိတွေ ဖတွေ ဆွေတွေ မျိုးတွေ သတိပေးပါရစေ။ စောစော စီးစီးကတည်းက လှူစရာရှိတာ လှူထား။ ဘုန်းကြီးအလှူခံတာ မဟုတ်ပါဘူး။ မတော် ဟိုမှာ ဒုက္ခနော်။ အဲဒါ ခန္ဓပဋိစ္စသမုပ္ပါဒ်။ ရှင်းပြီနော်။

အဲဒီတော့၊ အဲဒီလို ခန္ဓပဋိစ္စသမုပ္ပါဒ် နားမလည်ရင် ဒီလို အပြစ်သင့်တဲ့ ဘဝတွေ မရေနိုင်တော့ဘူး။ ဘုရားတစ်ဆူ တစ်ဆူကြားမှာ အရိုး ၁၃ – မိုင်လောက် တက်တယ်ဆိုတာ အဲဒီ မသိတဲ့ တရားကြောင့်ပါပဲ။ (မှန်လှပါဘုရား)။ ခုတော့ ဒကာ၊ ဒကာမတွေ ကံကောင်းပါတယ်။

**အနာနဲ့ဆေး ကိုက်အောင်ပေး ပျောက်ရေးမခက်ပါ။**

ဆိုတဲ့အတိုင်း မသိရင် ပတ်၍၊ သိရင် ပြတ်ပါတယ်။ ဒါ–ဖြေဆေးလာပြီနော်။ မသိရင် (ပတ်ပါတယ် ဘုရား)။ သိရင် (ပြတ်ပါတယ် ဘုရား)။ အဲဒီတော့ မသိတော့ တခြားဇာတိလား။ အပါယ်ဇာတိလား။ (အပါယ်ဇာတိပါဘုရား)။ ဟော–သိတော့ ဒကာ၊ ဒကာမတွေ နိဗ္ဗာန်ကျေးဇူးပြု မယ်ဗျာ။ သို့ဖြင့် နိဗ္ဗာန်ကျေးဇူးပြုမယ်ဆိုတော့ သုံးတာသုံး၊ မစွဲနဲ့တဲ့။ ဒီစကားလုံးလေး နှလုံးသွင်း စမ်းပါ။ "သုံးတာသုံး၊ မစွဲနဲ့"။ အဲဒီတော့ အဝတ်ဝတ်မယ်ဗျာ။ ဟော–ဝတ်ချင်တာက နာမ်၊ ဝတ်တဲ့ အမူအယာက ရုပ်၊ ဟော–ဝတ်နေရင်းနဲ့ နာမ်နဲ့ ရုပ်ကို သိသွားပြီ။ နာမရူပ ပရိစ္ဆေဒ ဉာဏ်မရဘူး လား။ (ရပါတယ်)။ အဲဒီဉာဏ်က အပါယ်ကိုမကျဘူး။ ဒကာ၊ ဒကာမတွေ အနည်းလေး သုဂတိပဲ။ ဝမ်းသာစရာ မကောင်းဘူးလား။ အဲဒီတော့ ဝတ်တိုင်း ဝတ်တိုင်းက ဒီတိုင်း အသားလွတ် ဝတ်ရ မှာလား၊ ရှုဝတ်ရမှာလား။ (ရှုဝတ်ရမှာပါဘုရား)။ ဝတ်ချင်တာက နာမ်။ ဝတ်တဲ့ အမူအယာက ရုပ်။ ဘာနဲ့ ဘာနဲ့လဲ။ (နာမ်နဲ့ ရုပ်ပါဘုရား)။ ကဲ–ဒီတော့––လိုက်ဆို။

- ဝတ်ချင်တာက နာမ်၊
  ဝတ်တဲ့ ဟန်ကရုပ်
  သူမဟုတ်၊ ငါမဟုတ်

www.burmeseclassic.com

(၂၅၂)

**ဝတ်တာ နာမ်နဲ့ ရုပ်။**
**နာမ်ရုပ်နှစ်သင်း အမြင်ရှင်း၊**
**ဝတ်ရင်း သတိအုပ်။**

ဝတ်နေရင်းနဲ့ သတိအုပ်လိုက်တဲ့ အခါကျတော့ တခြားဉာဏ်ရ,ရမှာလား။ နာမရူပ ပရိစ္ဆေဒ ဉာဏ် ရ,ရမှာလား။ (နာမရူပပရိစ္ဆေဒဉာဏ်ရ,ရမှာပါဘုရား)။ သို့ဖြင့်ရင် နာမရူပပရိစ္ဆေဒ ဉာဏ် ရုပ်နဲ့နာမ်သိပြီဆိုတော့ အဲဒီရုပ်၊ နာမ်ကို သတိလေးထားကြည့်ရင် မြဲတာတွေ့မှာလား၊ မမြဲတာ တွေ့ရမှာလား။ မမြဲတာတွေ့ရမှာပါ ဘုရား)။ အဲဒါ လက္ခဏာဉာဏ်ရပြီလေ။ အဲဒီတော့ ဝတ်လည်း ဝတ်ရသေးတယ်။ ဝတ်တဲ့အချိန်အခါမှာ ပေါ်လာတဲ့ ရုပ်နာမ်ရဲ့ ဖြစ်ပျက်ကို မြင်လိုက်တယ်ဆိုရင် ဝတ်ရင်းကို ဒကာ၊ ဒကာမတွေ ကဲ-အရိယာ မဖြစ်နိုင်ဘူးလား။ (ဖြစ်နိုင်ပါတယ်ဘုရား)။ အဲဒါ ပဋိစ္စသမုပ္ပါဒ်ကို နားလည်တဲ့အကျိုးတရား။ (မှန်လှပါ)။ နားမလည်တဲ့ အကျိုးတရားကတော့ ဝတ်တိုင်းဝတ်တိုင်းမှာ တခြားကျေးဇူးပြုမှာလား။ အပါယ်ဇာတိလား။ (အပါယ်ဇာတိပါဘုရား)။ နားလည်လို့ သတိလေးကပ်လိုက်တော့ ဝတ်တိုင်း ဝတ်တိုင်း ဝတ်တိုင်း တခြားကျေးဇူးပြုမှာလား။ နိဗ္ဗာန်လား၊ (နိဗ္ဗာန်ပါဘုရား)။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ ယောဂီတို့လှုပ်ရှားသမျှ ကြိယာပုတ်တိုင်း ပုတ်တိုင်းမှာ သတိကပ်ဖို့မလိုဘူးလား။ (လိုပါတယ်ဘုရား)။ တိဋ္ဌန္တော ဝါ သယာနောဝါကိုး။ နောက်ဆုံး ကျင်ကြီးကျင်ငယ်စွန့်တာ၊ အခင်းကြီးအခင်းလေးသွားတာတောင် သတိမလွတ်စေနဲ့၊ **"ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ"**တဲ့။

## သတိ-အသင့်

အဲဒီတော့ ယခု ယောဂီတို့ မြင်တိုင်း၊ ကြားတိုင်း၊ စားတိုင်း၊ နံ့တိုင်း မသိ၊ သိအောင် အဆင်သင့်လုပ်နေတာဖြစ်အောင် မကောင်းတာကို ကြံတာလား။ ကောင်းတာကို ကြံတာလား။ (ကောင်းတာကို ကြံတာပါဘုရား)။ ရုပ်ဘွေအပေါ်မှာ နာမ်တွေ အပေါ်မှာ အဲဒီအပေါ်မှာ အဆင်သင့် ဖြစ်အောင် အမြဲတမ်း အောက်မေ့ နေခြင်းသည် သမ္မာသတိလို့ခေါ်တယ်။ ဒီတော့ ကျန်တဲ့ သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာရေး၊ ညာရေး၊ သတ္တဝါတွေ ဒုက္ခရောက်မယ့်အရေးကို အမြဲတမ်းအောက်မေ့နေရင် မိစ္ဆာသတိ။ ဟော-သမာဓိဆိုတာကျတော့ ဒီပေါ်မှာ ကြံစည်လိုက်ရင် ဒီပေါ်မှာ စိတ်ကရောက်သွားမယ်။ မြင်ရင်မြင်တယ်လို့ ရှုလိုက်ရင် ခဏိက သမာဓိ။ ခဏလေး တည်သွားပြီ။ ဘာတည်သွားတာလဲ။ (ခဏိက သမာဓိ)။ အဲဒီ ခဏိက သမာဓိ အရေးကြီးတာ ယောဂီတို့။ ခဏလေးတွေများလာမှ ခဏကြီး ဖြစ်လာမယ်။ ခဏ ခဏလာမှ ဟိုက အပ္ပနာတွေ တက်လာမှာပေါ့။ ခဏိကရှိမှ အပ္ပနာကို တက်မှာ။

အရေးကြီးတာက ခဏိက ဆိုတာ ခဏလေးကို ပြောတာ။ စာလိုက ခဏိက၊ မြန်မာလိုက ခဏလေး။ မြင်တယ်ဆိုရင် ဟော-ခဏလေးတည်သွားပြီ။ စားတယ် ခဏလေးတည်သွားပြီ။ တစ်ချက်မှတ်ရင် တစ်ချက်တည်။ နှစ်ချက်မှတ်ရင် နှစ်ချက်တည်။ အဲဒီလို တစ်ချက်မှတ် တစ်ချက် တည်၊ နှစ်ချက်မှတ် နှစ်ချက်တည်တာသည် တခြားလား။ သမာဓိလား။ (သမာဓိပါဘုရား)။ ဟုတ်ပြီ။ အဲဒီသမာဓိသည် ဘာသမာဓိ။ (ခဏိကသမာဓိပါဘုရား)။ သမ္မာသမာဓိ။ ဘာသမာဓိ။

www.burmeseclassic.com



ခဏိကသမာဓိ၊ သမ္မာသမာဓိ။ ဒီလိုဖြင့်ရင် အဲဒီသမာဓိဟာ ဘုန်းကြီးတို့ ယောဂီများရဲ့အသက်။ ဒီလိုဖြင့် ယောဂီတွေ အသက်သည် တခြားလား၊ မဂ္ဂင်လား။ (မဂ္ဂင်ပါဘုရား)။ အဲ-ဘယ်နှပါး။ (၅-ပါးပါဘုရား)။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ အဲဒီ မဂ္ဂင် ၅-ပါး သည် ယောဂီတို့ရဲ့ အသက်။ ဒီလိုဖြင့် ဒီမဂ္ဂင် ၅-ပါးက အလကားနေရင် ကိန်းပါ့မလား။ (မကိန်းပါဘူးဘုရား)။ အအားနေရင် ကိန်းပါ့မလား။ (မကိန်းပါဘူး ဘုရား)။ စကားပြောနေရင် ကိန်းပါ့မလား။ (မကိန်းပါဘူးဘုရား)။ ဟော-မကိန်းဘူးဆိုရင် ယောဂီရဲ့ အသက်သည် မဂ္ဂင်ဆိုတော့ ဒီမဂ္ဂင်မကိန်းရင်၊ ဒီယောဂီအသက်ထွက်တာနဲ့ မတူဘူးလား။ (တူပါတယ်ဘုရား)။

အဲဒီတော့ လောကမှာ အသက်ထွက်ရင် သင်္ချိုင်းပို့တာ။ အခုဟာက – ဘုန်းကြီးတို့ ယောဂီတွေကတော့ ပို့စရာမရှိသေးဘူး။ ဉာဏ်ဖြစ်နေသေးလို့။ တကယ်လို့သာ ကံဆိုလို့ရှိရင် သင်္ချိုင်းနေ့တိုင်းပို့ရမှာ၊ မကြာမကြာ ပို့နေရမှာ။ အဓိပ္ပာယ် ပေါ့ခနော်။ အဲဒီတော့ အခု ယောဂီတို့၏ အသက်သည် သတိပဋ္ဌာန်လို့ မှတ်လိုက်။ ယောဂီတို့၏ အသက်သည် (သတိပဋ္ဌာန်ပါဘုရား)။ အဲဒီ သတိပဋ္ဌာန် ကနေ လွတ်သွားတာနဲ့ အသက်ထွက်တာနဲ့ အတူတူပဲ။ ယောဂီတို့ ဒီစကားလုံး လေးကို ရိုးမြေကျ တစ်သက်လုံး စွဲထားစမ်းပါ။ ရှင်းကောရှင်းရဲ့လား။ အေး အဲဒီတော့ အဲဒီမဂ္ဂင် ၅-ပါးသည် မြင်တိုင်းမြင်တိုင်း မဂ္ဂင် ၅-ပါးနဲ့ မကြည့်ရ ဘူးလား။ (ကြည့်ရပါတယ်ဘုရား)။ အဲဒီတော့ မြင်တိုင်း မြင်တိုင်းသည် တခြားလား၊ ခန္ဓာ ၅-ပါးလား။ (ခန္ဓာ ၅-ပါးပါဘုရား)။ အဲဒီခန္ဓာ ၅-ပါး ကို မြင်တာကို မြင်တယ်လို့ ကြည့်လိုက်ရင် သတိပဋ္ဌာန်။ မြင်တာကို မြင်တယ်လို့ ကြည့်လိုက်ရင် (သတိပဋ္ဌာန်)။

## ရုပ်နာမ်သိလျှင် ဒိဋ္ဌိပြုတ်

အဲဒီ မြင်တယ်ဆိုတာ ခုန ခန္ဓာဘယ်နှပါးလဲ။ (၅-ပါး)။ အဲဒီ ခန္ဓာ ၅-ပါးသည် ပေါ်ပြီးတော့ ပျက်၊ ပျက်သွားတဲ့အတွက် အနိစ္စ ဒုက္ခ အနတ္တ။ အေး အဲဒါက စာအတိုင်း ရွတ်နေတာ။ ယခု ယောဂီတို့ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ မြင်တယ်၊ မြင်တယ်ဆိုတော့ မြင်တယ်ဆိုတဲ့နေရာ မှာ ခန္ဓာဘယ်နှပါး။ (၅-ပါးပါဘုရား)။ နောက်တစ်ခါ မြင်တယ်လို့ မှတ်လိုက်တော့ ခန္ဓာဘယ် နှပါး။ (၅-ပါးပါဘုရား)။ ပထမ ခန္ဓာ ၅-ပါးချုပ်၊ နောက် ၅-ပါး အစားထိုး။ ပထမ ခန္ဓာ ၅-ပါးချုပ် နောက် ၅-ပါး အစားထိုး။ ချုပ်သွားတာက ပျက်တာ၊ အစားထိုးတာက ဖြစ်တာ။ ဒီလို ဖြင့်ရင် ဖြစ်တယ် ပျက်တယ်၊ ဖြစ်တယ် ပျက်တယ်ဆိုတော့ ခန္ဓာ ၅-ပါးတွေ့ရမှာလား။ ဖြစ်၊ ပျက်တွေ့ရမှာလား။ (ဖြစ် ပျက်တွေ့ရမှာပါဘုရား)။ အဲဒီ ဖြစ် ပျက်ဆိုတာသည် တခြားပြောတာ လား၊ အနိစ္စပြောတာလား။ (အနိစ္စပြောတာပါဘုရား)။ ဒီဖြစ်ပျက်ကိုပဲ ဒကာ၊ ဒကာမတွေ ဒုက္ခလို့ မပြောဘူးလား။ (ပြောပါတယ်)။ ဒီဖြစ်ပျက်ကိုလည်းပဲ အနတ္တလို့ မပြောဘူးလား။ (ပြောပါတယ် ဘုရား)။ အဲဒီတော့ အနိစ္စဆိုတာလည်း ဖြစ်ပျက်ပါပဲ။ ဒုက္ခဆိုတာလည်းပဲ ဖြစ်ပျက်ပါပဲ။ အနတ္တ ဆိုတာလည်းပဲ ဖြစ်ပျက်ပါပဲ။ ဖြစ်ပျက်ဆိုတာ ခေါင်းစဉ်အနေနဲ့ လိုရင်းပြောတာ။ အဲဒါ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာက စာလိုရွတ်သွားတဲ့သဘော။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ စာလိုရွတ်တာက ကုသိုလ်ရတယ်၊ ရွတ်ပါ။ သို့သော် ယောဂီတို့က ရွတ်ရမှာလား၊ အားထုတ်ရမှာလား၊ (အားထုတ်ရမှာပါဘုရား)။ အားထုတ်တဲ့အခါကျတော့ အင်း အနိဋ္ဌ၊ ဒုက္ခ၊ အနတ္တ လို့သာပြောတယ်။ ဖြစ်ပြီးတော့ ပျက်သွားပါလားလို့ ယောဂီတို့ ဉာဏ်ထဲမှာ မြင်လိုက်ရင် အဲဒါ လိုရင်းအချက်ပဲ။ ဒါကြောင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ဖြစ်ပျက်ရှုဆိုတာက မြင်တိုင်း၊ ဘာရှုရမလဲ။ (ဖြစ်ပျက်ရှုရမှာပါဘုရား)။ ကြားတိုင်းဘာရှုရမလဲ။ (ဖြစ်ပျက်ရှုရမှာပါဘုရား)။ မွှေးတိုင်း၊ နံ့တိုင်း၊ ဘာရှုရမလဲ။ (ဖြစ်ပျက် ရှုရမှာပါဘုရား)။ ဒီလိုဖြင့် ကြံစည်တိုင်း (ဖြစ်ပျက်ရှုရမှာပါဘုရား)။ ဒီလိုဖြင့်ရင် မြင်တာသည် ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်တွေ့ရမှာလား။ ရုပ်နာမ်တွေ့ရမှာလား။ (ရုပ်နာမ်တွေ့ရမှာပါဘုရား)။ ကြားတာလည်းပဲ ရုပ်နာမ်၊ နံ့တာ (ရုပ်နာမ်)၊ ဒီတော့ စားတာ (ရုပ်နာမ်)၊ ဝတ်တာ (ရုပ်နာမ်)။ ကြံစည်တာ (ရုပ်နာမ်)။ အဲဒါလေး သတိကပ်ပြီးတော့ မဂ္ဂင် ၅-ပါး သတိကပ်လိုက်လို့ရှိရင် ဩော်-ရုပ်နာမ်၊ ရုပ်နာမ်၊ ရုပ်နာမ်လို့ သိလိုက်တော့ ဒိဋ္ဌိ ပြုတ်တာပေါ့။ ဘာပြုတ်တာလဲ။ (သက္ကာယဒိဋ္ဌိ)။ ဘယ်လောက်ဝမ်းသာစရာကောင်းလဲ။ ဘုရားပွင့်သွားပြီ။ ဘာပြုတ်သွားတာလဲ။ (သက္ကာယဒိဋ္ဌိ)။ သက္ကာယဒိဋ္ဌိပြုတ်တယ်ဆိုတာ ငရဲမျိုးစေ့ပြုတ်တာပေါ့။ အဲဒီတော့ အခြေခံအားဖြင့် နာမရူပပရိစ္ဆေဒဉာဏ်တွင် မြင်တိုင်း၊ မြင်တိုင်း ရုပ်နာမ်လို့ သိရမယ်။ ဒီတော့ ဆောင်ပုဒ်ကလေး ယောဂီတို့ကို ကျေးဇူးပြုဦးမယ်။ လိုက်ဆိုကြရအောင်နော်။

◆ မြင်တာဘာတဲ့လဲ၊ မြင်သိရုပ်နာမ်ပဲ၊
မြင်သိ မမြဲ၊ မြင်ဆင်းရဲ၊
မြင်ထဲ ငါမပါ၊
အဲဒါ သဘာဝ အနတ္တာ။

◆ ကြားတာ ဘာတဲ့လဲ၊ ကြားသိရုပ်နာမ်ပဲ၊
ကြားသိ မမြဲ၊ ကြားဆင်းရဲ၊
ကြားထဲ ငါမပါ၊
အဲဒါ သဘာဝ အနတ္တာ။

◆ နံ့တာ ဘာတဲ့လဲ၊ နံ့သိရုပ်နာမ်ပဲ၊
နံ့သိ မမြဲ၊ နံ့ဆင်းရဲ၊
နံ့ထဲ ငါမပါ၊
အဲဒါ သဘာဝ အနတ္တာ။

◆ စားတာ ဘာတဲ့လဲ၊ စားသိရုပ်နာမ်ပဲ၊
စားသိ မမြဲ၊ စားဆင်းရဲ၊
စားထဲ ငါမပါ၊
အဲဒါ သဘာဝ အနတ္တာ။

◆ ဝတ်တာဘာတဲ့လဲ၊ ဝတ်သိရုပ်နာမ်ပဲ၊
ဝတ်သိ မမြဲ၊ ဝတ်ဆင်းရဲ၊
ဝတ်ထဲ ငါမပါ၊
အဲဒါ သဘာဝ အနတ္တာ။



www.burmeseclassic.com

www.burmeseclassic.com



◆ ကြံတာဘာတဲ့လဲ၊ ကြံသိရုပ်နာမ်ပဲ
ကြံသိ မမြဲ၊ ကြံဆင်းရဲ
ကြံထဲ ငါမပါ
အဲဒါ သဘာဝ အနတ္တာ။

ခုနက ဝတ်တာ ဘာတဲ့လဲဆိုတဲ့ စကားက ရဟန်းတော်များကျတော့ သင်္ကန်းဝတ်တာ။ ဒကာ၊ ဒကာမတွေကျတော့ ပုဆိုး၊ အင်္ကျီစသဖြင့် ဒါ ဝတ်တာကို ပြောတာနော်။ ဝင်္ဂလိုက်တာကို ပြောတာမဟုတ်ဘူး။ ဝတ်ချင်း စကားလုံးချင်းက အသံချင်း သွားတူနေလို့ ဟုတ်လား။ အဲတော့ အဝတ်အစား ဝတ်တာတို့ အိပ်တာ နေတာ ထိုင်တာ စောင်ခြုံတာ စသဖြင့် ဒါ အကုန်အကျုံးဝင်ပါတယ်။

အဲဒီလို ပေါ်တိုင်း ပေါ်တိုင်း ဒကာ၊ ဒကာမတွေ ဘယ်လိုနားလည်ရမလဲ။ ရုပ်နာမ်။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်)။ ဒီလိုဖြင့် မျက်နှာသစ်ရင်လည်း ဘာမြင်ရမလဲ။ ရုပ်နာမ်။ လမ်းသွားရင်လည်း ရုပ်နာမ်။ နေရာတကာတိုင်း ဘယ်လိုမြင်ရမလဲ။ (ရုပ်နာမ်ပါဘုရား)။ အဲဒီလို မြင်နိုင်ဖို့အတွက်က ဒီအလုပ်ကို အာရုံစူးစိုက်ပြီး လေ့ကျင့်မှမြင်မှာ။ မလေ့ကျင့်ဘဲနဲ့ တစ်နေ့လာလည်း စားရေး၊ နေရေး၊ ဝတ်ရေး၊ ကျန်းမာရေး၊ သားရေး၊ သမီးရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး အဲဒါရှေ့တန်းတင်နေရင် ဒီလိုမြင်နိုင်ပါ့ဦးမလား။ (မမြင်နိုင်ပါ ဘူးဘုရား)။ မမြင်တာက မရှိလို့ မမြင်တာလား၊ ရှိရက်နဲ့ မမြင်တာလား။ (ရှိရက်နဲ့ မမြင်တာပါဘုရား)။ တကယ် အမှန်ရှိလျက်နဲ့ မမြင်ဘူးဆိုရင် တခြားလား။ အဝိဇ္ဇာလား။ (အဝိဇ္ဇာပါဘုရား)။ အဝိဇ္ဇာဆိုဘာ စိတ်ပေါက်။ (တိရစ္ဆာန်စိတ် ပေါက်ပါတယ်ဘုရား)။ ရဲရဲပြောတော့။ အခုဆို ဒီတရားက ၈-ရက်ရှိလာပြီ။ အဝိဇ္ဇာဆို ဘာစိတ်ပေါက်။ (တိရစ္ဆာန်စိတ်ပေါက်ပါတယ်ဘုရား)။ ရှင်းသွားပြီ။ တစ်ချက်မှ ကိုယ့်ကိုယ်ကို ဘဝင်မြင့်စရာမရှိဘူး။

အခု ယောဂီတို့က ဝမ်းသာစရာကောင်းတာက အချိန်ရှိသရွေ့ ဒီအလုပ်လေး လုပ်လုပ်နေတဲ့အခါကျတော့ ဟော-မြင်လည်းပဲ ရုပ်နာမ်တွေ့နေတယ်။ ကြားလည်းပဲ ရုပ်နာမ်တွေ့နေတယ်။ နောက်ဆုံး ကြားတယ်လို့ပဲ သိနေ ဒကာ၊ ဒကာမတွေ အမှန်အတိုင်း မြင်နေပြီ။ အမှန်အတိုင်း မမြင်တာက (အဝိဇ္ဇာ)။ အမှန်အတိုင်း မြင်တာက (ဝိဇ္ဇာ)။ ဟော-မဂ္ဂင်ကိန်းနေပြီ။ မြင်တာကို မြင်တာလေးသိရင် မဂ္ဂင်ကိန်းတယ်။ ကြားတာကို ကြားတာလေး သိရင် မဂ္ဂင်ကိန်းတယ်။ ဟော-ဝတ်တာကို ဝတ်တာလေးသိရင် မဂ္ဂင်ကိန်းတယ်။ နေ့စဉ် နေ့တိုင်း ဒကာ၊ ဒကာမတွေ ကိုယ့်ကိုယ်ကို ခေါင်းဖြီးတာကစပြီး ပြုတာပြင်တာ မရှိဘူးလား။ (ရှိပါတယ်)။ ခေါင်းဖြီးတာကစပြီး အမှုမဲ့ အမှတ်မဲ့ ဖြီးရင် တခြားနဲ့ဖြီးတာလား၊ အဝိဇ္ဇာနဲ့ ဖြီးတာလား။ (အဝိဇ္ဇာနဲ့ ဖြီးတာပါဘုရား)။ အဝိဇ္ဇာနဲ့နေ အဝိဇ္ဇာနဲ့သေရင် ဘယ်သွားမလဲ။ (တိရစ္ဆာန်ပြည်ပါဘုရား)။ ခေါင်းတောင် မဖြီးတတ်ရင် တိရစ္ဆာန် ဖြစ်မယ်ပြောတာ။

## ခေါင်းဖြီးတတ်ရဲ့လား

အဲဒီတော့ အခု ဘုန်းကြီးတို့ ဆွေတော် မျိုးတော် ဒကာ၊ ဒကာမတွေ နေ့တိုင်း နေ့တိုင်း ခေါင်းမဖြီးဘူးလား။ (ဖြီးပါတယ်ဘုရား)။ မိုးလင်းလာ လူတိုင်း ဖြီးရတာပဲ။ ဆံပင်ရှိဖြီးတာပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီး၊ သီလရှင်သာ မဖြီးတာ။ မရှိလို့ မဖြီးတာ။ ရှိရင် ဖြီးဦးမှာပဲ။ အကုန်ခေါင်းရိတ်ထားရင် ဒီဒုက္ခငြိမ်းသွားတာပေါ့–နော်။ ငြိမ်းတာ မကောင်းဘူးလား။ အင်း၊ ပြန်ရင် မရိတ်နဲ့နော်။ ဘုန်းကြီးက ပြောတယ်။ ငြိမ်းတာ ကောင်းတယ်ဆိုတော့ ပြန်ရင် အကုန်လုံးလည်း ရိတ်မနေနဲ့ဦး။ လောကက သူ့ဟာနဲ့သူ တင့်တင့်တယ်တယ်နဲ့ မလုပ်ရဘူးလား။ လုပ်ရတယ်။ ဒါကြောင့် ဆရာတော်ဘုရားကြီးက သိပ်အရေးကြီးလွန်းလို့ သူ့တပည့်မဖြစ်တဲ့ ဒေါ်ပုတ်ကို မိန့်တယ်။ ''ဟဲ့–မိပုတ်တဲ့ နင်–ခေါင်းဖြီးတတ်လား'' လို့ မေးတာ။ ''ဟာ–ဆရာတော် ဘာလို့ မဖြီးတတ်ရမှာလဲ'' လို့ ဆရာတပည့်တွေက ရင်းရင်းနှီးနှီးဆိုတော့–ကဲ–ဒါဖြင့် ဖြီးပြစမ်းတဲ့။ အသာလေး ခေါင်းကိုဘီးလေးနဲ့ ယူဖြီးပြလိုက်တယ်။ ဆရာတော်က ပြုံးရှာတယ်နော်။

အဲဒါ––အဲဒီလိုဖြီးတာ တခြားနဲ့ဖြီးတာလား။ အဝိဇ္ဇာနဲ့ဖြီးတာလား။ (အဝိဇ္ဇာနဲ့ဖြီးတာပါဘုရား)။ ကိုယ့်ကိုယ်ကို လှလှပပတင့်တင့်တယ်တယ် ဖြစ်အောင်သည့် တခြားနဲ့ဖြီးတာလား၊ တဏှာနဲ့ဖြီးတာလား။ (တဏှာနဲ့ဖြီးတာပါဘုရား)။ အဝိဇ္ဇာနဲ့ဖြီးရင် ဘာဖြစ်။ (တိရစ္ဆာန်ဖြစ်ပါတယ်)။ တဏှာနဲ့ဖြီးတော့ (ပြိတ္တာ)။ ဩော်––ငါ့ဆံပင်တွေနှယ် သူများလှလှပပနဲ့ ငါနှယ်နော်ဆိုတော့ ဘာနဲ့ဖြီးတာလဲ။ (ဒေါသနဲ့)။ ဒေါသနဲ့ဆိုတော့ ဘာတဲ့လဲ။ (ငရဲ)။ ကဲ– ကိုယ့်ခေါင်းကို မဖြီးတတ်တဲ့အခါကျတော့ ဒယ်အိုးလှမ်းလှမ်းကြည့်တာ။ အဲဒါ ပဋိစ္စသမုပ္ပါဒ်ဗျ။ ရှင်းရဲ့လား။ ဒါကို ပါဠိတော်က **''ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ''** တဲ့။ **''တိဏ္ဏံသင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။** ဟို ဆက်လိုက်ရင် **''ဝေမေတဿ ကေဝလဿ''** ကနေ ဇရာ မရဏ ဆက်သွားပြီ။ အဲဒါ ခေါင်းလေးတစ်ချက်မဖြီးတတ်ရင် ပဋိစ္စသမုပ္ပါဒ် တစ်ပတ်မလည်ဘူးလား။ (လည်ပါတယ်)။ တစ်ပတ်လည်တယ်ဆိုရင် တခြားဇာတိလား။ အပါယ်ဇာတိလား။ (အပါယ်ဇာတိပါဘုရား)။ ဘယ်လောက်ကြောက်စရာကောင်းလဲ။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်နားလည်ရင် ခေါင်းတောင် ဘယ်လိုဖြီးရမှန်းမသိ။ အဝတ် ဘယ်လိုဝတ်ရမှန်းမသိ။ ကုလားထိုင် ဘယ်လိုထိုင်ရမှန်းမသိ။ ကိုယ့်အိပ်ရာနေရာ စောင်ဘယ်လိုခြုံရမှန်းမသိဘူးဆိုတော့ မခက်ဘူးလား။

ကဲ– ဒီလိုဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ရဟန်းတွေလည်း အဝတ်မဝတ်ရဘူးလား။ သင်္ကန်းဝတ်ရတယ်။ ဒကာ၊ ဒကာမတွေလည်း အဝတ်မဝတ်ရဘူးလား။ (ဝတ်ရပါတယ်)။ နေ့တိုင်း ဝတ်နေတယ်။ မဝတ်မဖြစ်ဘူး လေ။ ဒီလိုဖြင့် ဝတ်တိုင်း ဝတ်တိုင်းမှာ ကဲ–ကိုယ့်ကိုယ်ကို ပြန်မေး။ ငါတို့ ဘယ်လောက်ထိ သတိပဋ္ဌာန်နဲ့များ မှတ်ဝတ်သလား၊ မဝတ်ဘူးလား။ (မဝတ်ပါဘူးဘုရား)။ ဒါအမှန် မဝတ်ဘူးတဲ့။ မှန်တယ်။ ဝတ်ကို မဝတ်တာ။ ဒကာ၊ ဒကာမတွေ မပြောနဲ့ ဘုန်းကြီးတို့တောင် တစ်ခါတစ်လေ ကမန်းကတန်းနဲ့၊ ဟော၊ သွားပြီ။ သိပ်အလျင်လိုလာရင် ဘယ်မှတ်နိုင်မလဲဗျ။ မမှတ်နိုင်ဘူးဆိုကတည်းကိုက မရှိဘဲနဲ့ မမှတ်တာလား၊ ရှိနေလျက်နဲ့ မမှတ်တာလား။ (ရှိလျက်နဲ့ မမှတ်တာပါဘုရား)။ ရှိလျက်နဲ့ မမှတ်ရင် ဘာဖြစ်မလဲ။ (အဝိဇ္ဇာ)။ အဝိဇ္ဇာဖြစ်ရင် ဘာအကျိုးပေး။ (တိရစ္ဆာန်အကျိုးပေးပါတယ်)။ ကဲ–အဲဒီလိုဆိုရင် အဝတ်ဝတ်တာလေး တစ်ချက် ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်နော်။ (မှန်လှပါဘုရား)။ ခန္ဓပဋိစ္စသမုပ္ပါဒ်။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

ကဲ–တရားကတော့ မဆုံးဘူး။ ညနေမှဆက်ကြတာပေါ့။ ဒီလောက်နဲ့ပဲ နိဂုံးချုပ်ကြရအောင်။

( သာဓု –– သာဓု –– သာဓု )

အောင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀–ရက် (၂.၉.၂၀၀၂) ညနေ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ ––

ဤဓမ္မသဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက်ရှိပြီလဲ။ (၈–ရက်မြောက်ပါဘုရား)။ ၈–ရက်မြောက် ညနေ ပဋိစ္စသမုပ္ပါဒ် သင်တန်း တရားပွဲကြီးပေါ့နော်။ (မှန်လှပါဘုရား)။ ဘာသင်တန်းလဲ။ (ပဋိစ္စသမုပ္ပါဒ် သင်တန်းပါဘုရား)။ အေး–ဒီတော့ ပဋိစ္စသမုပ္ပါဒ်သင်တန်း ဖြစ်သည့်အတွက်ကြောင့် စက်ဝိုင်းဒေသနာတော်ကြီးကို တစ်ပတ်လှည့် ပူဇော်ပြီး အာရုံယူထားကြပါစို့။

ခန္ဓပဋိစ္စသမုပ္ပါဒ် ဘယ်ကစ။ (သဠာယတနက စ,ပါတယ်ဘုရား)။ ကဲ–ဟုတ်ပြီ။ ဒီလိုဖြင့်ရင် ခန္ဓပဋိစ္စသမုပ္ပါဒ်ကို စလိုက်ပြီဆိုကတည်းက ဓာတ် ၁၈–ပါးကိုင်ရမယ်ပေါ့နော်။ ဘာကိုကိုင်ရမလဲ။ (ဓာတ် ၁၈–ပါး)။ ဒီတော့ ဓာတ် ၁၈–ပါးမှာ အခံဓာတ်က ၆–ပါး၊ အတိုက်ဓာတ်က ၆–ပါး။ ကဲ–အခံဓာတ် ၆–ပါး ပြောပါ။ (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)။ အတိုက်ဓာတ် ၆–ပါးက (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံစည်တွေးတောစရာ)။ ဘယ်နှမျိုး။ (၆–မျိုး)။ ဒီလိုဖြင့်ရင် အခံဓာတ်က ၆–ပါး၊ အတိုက်ဓာတ်က ၆–ပါး။ ဒီအပေါ်က ဟာကို အပွင့်ဓာတ် ၆–ပါး လို့ခေါ်ပါတယ်။ အပွင့်ဓာတ် ၆–ပါးက ဝိညာဏ် ၆–မျိုးပေါ့နော်။ ဒီလိုဖြင့်ရင် အပွင့်ဓာတ် ၆–မျိုးက မြန်မာလို ပြန်တော့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်၊ တွေးတော ကြံစည်စိတ်ဆိုပြီးတော့ သူ့ဒွါရနဲ့ သူ့အာရုံနော်။

**ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း**

www.burmeseclassic.com

www.burmeseclassic.com



**အဝိဇ္ဇာမျက်လုံးတွေ**

သူ့ဒွါရနဲ့ သူ့အာရုံတိုက်တဲ့အခါမှာ စိတ်တွေမပေါ်ဘူးလား။ စိတ်တစ်စိတ် ပေါ်တိုင်း ပေါ်တိုင်း ပေါ်တိုင်း တခြားပေါ်တာလား။ ခန္ဓာပေါ်တာလား။ (ခန္ဓာပေါ်တာပါဘုရား)။ ဒီလိုဖြင့်ရင် ကဲ ယနေ့ ဘုန်းကြီးတို့ အမေးမေးလာ ကတည်းက မျက်စိမပါဘူးလား။ (ပါ ပါတယ်ဘုရား)။ မျက်စိမှာ ဘာစိတ်ပေါ်။ (မြင်စိတ်)။ မြင်စိတ်ဆိုတာဟာ နာမည်သာမှည့်ထားတာ။ တကယ်တော့ မြင်စိတ် တစ်လုံးပေါ်တိုင်း ပေါ်တိုင်း ခန္ဓာဘယ်နပါးလဲ။ (၅-ပါးပါဘုရား)။ မနက်မိုးလင်းလို့ မျက်လုံး နှစ်လုံးပွင့်ပြီဆိုကတည်းက အခု ယောဂီတို့ စပြီး မျက်လုံး နှစ်လုံးပွင့်လိုက်ရင် အနီးကပ်ဆုံး ကိုယ့်အိမ်မှာ ဟုတ်လား။ အိမ်စသည်ဖြင့် အနီးကပ်ဆုံးအရာတွေ မမြင်ရဘူးလား။ (မြင်ရပါတယ်ဘုရား)။ ဖနီးမယား သမီး သား စီးပွားဥစ္စာရတနာ စသည်ဖြင့် အိမ်၊ တိုက်တာ၊ အဆောက်အအုံ အမျိုးမျိုး စသည်ဖြင့် မျက်စိနဲ့ သွားဆုံလိုက်ပြီဆိုကတည်းက မျက်စိမှာ ဘာပေါ်တာလဲ။ (မြင်စိတ် ပေါ်ပါတယ် ဘုရား)။ မြင်စိတ်တစ်လုံးပေါ်တိုင်း ပေါ်တိုင်း ဘာပေါ်လဲ။ (ခန္ဓာ ၅-ပါး)။

အဲဒီခန္ဓာ ၅-ပါး ပေါ်တာကို ယောဂီတို့ ဒီလိုတရားကို မနာ၊ ဒီလိုတရားကို အားမထုတ်၊ သတိမကပ်ဘူး၊ မရှုဘူး၊ မကြည့်ဘူးဆိုရင် အဲဒီခန္ဓာ ၅-ပါး ပေါ်တာကို သိနိုင်ပါ့မလား။ (မသိနိုင်ပါဘူးဘုရား)။ မသိဘူးဆို၊ ယောဂီတို့ အပြစ်သင့်သွားပြီ။ မသိရင်ဘာဖြစ်။ (အပြစ်ဖြစ်ပါတယ်)။ အပြစ်သင့်မယ်နော်။ ဘာအပြစ်လဲဆိုတော့ အဝိဇ္ဇာအပြစ်၊ ဒီလိုဖြင့် အဝိဇ္ဇာဟာ မနက် မျက်လုံးနှစ်လုံး စပြီး ပွင့်ကတည်းက ယောဂီတို့ တခြားနဲ့ ပွင့်တာလား။ အဝိဇ္ဇာနဲ့ ပွင့်တာလား။ (အဝိဇ္ဇာနဲ့ ပွင့်တာပါဘုရား)။ အဝိဇ္ဇာနဲ့ ပွင့်တယ်ဆိုတာ အဝိဇ္ဇာသည် ကုသိုလ်လား၊ အကုသိုလ်လား။ (အကုသိုလ်ပါဘုရား)။ အဲဒီအဝိဇ္ဇာအကုသိုလ်သည် ဘာအကျိုးပေးမလဲ။ (တိရစ္ဆာန်)။ ဟုတ်ပြီ-အဲဒါက ပရိယတ်အနေနဲ့ ဒေသနာစဉ် သင်တာနော်။ ခန္ဓာဉာဏ်ရောက် သဘာဝကိုယ့်မျက်စိကို ပြန်ကြည့်ရင် ကိုယ့်မျက်စိကိုယ်ပြန်မေး။ စပြီးတော့ သိတတ်စအရွယ် မွေးကတည်းကနေပြီးတော့ ယနေ့ထိအောင် မျက်စိရှိတော့ မြင်နေတာပေါ့။

ဒီတော့ မြင်တိုင်း မြင်တိုင်းသာ သတိပဋ္ဌာန်တွေ ဝိပဿနာတွေစသည်ဖြင့် မရှုဘူးဆိုရင် မြင်တိုင်း မြင်တိုင်း ခန္ဓာကို သိပါ့မလား။ (မသိပါဘူးဘုရား)။ မသိတိုင်း မသိတိုင်းသည် တခြားဖြစ်တာလား။ အဝိဇ္ဇာဖြစ်တာလား။ (အဝိဇ္ဇာ ဖြစ်တာပါဘုရား)။ အဝိဇ္ဇာဖြစ်တိုင်း ဖြစ်တိုင်း ယောဂီဘာဖြစ်မယ်ပြောနေတာလဲ။ (တိရစ္ဆာန်)။ ရှင်းပြီနော်။ ဒီလိုဖြင့်ရင် ဒီတရားကိုမနာ ဒီတရားကိုမသိရင် ယောဂီတို့အပြစ်တွေဟာ ဒုနဲ့ဒေးပဲ။ (မှန်လှပါ)။ ဟာ-အရှင်ဘုရား ဒုနဲ့ဒေး ဒီအပြစ်တွေ သင့်တော့ ဘာဖြစ်မှာလဲ။ တိရစ္ဆာန်ဖြစ်မယ် ပြောတာ။ ဘာဖြစ်မှာလဲ။ (တိရစ္ဆာန်)။ အဲဒီတော့ တိရစ္ဆာန်ဖြစ်မယ်ပြောတော့ ဒီအကုသိုလ်ဟာ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ အိမ်ယာ ကျူးလွန်ခြင်း၊ မုသားပြောခြင်း၊ အရက်သေစာ သောက်စားခြင်းဆိုတဲ့ ဒီလိုကံ ၅-မျိုးကို ကျူးလွန်တာမဟုတ်ဘူး။ ကျူးလွန်ရဲ့လား။ (မကျူးလွန်ပါဘူးဘုရား)။ ဒီလိုဖြင့် ဒီကံ ၅-မျိုးက ပါဏာတိပါတာ၊ အဒိန္နာ၊ ကာမေသု ကာယကံသုံးပါးနော်။ ဝစီကံနှစ်ပါး။ ထား-ဟိုက သုရာမေရယက ထားလိုက်။ ကာယကံ ဝစီကံပဲပေါ့နော်။ အဲဒီကံတွေက ကာယကံ ဝစီကံတွေ ပြောတာ။ မနောကံ ဒီ ၅-ပါးထဲမှာ ပါလား။ (မပါပါဘူး)။ ဘုန်းကြီးတို့ တကယ် အပြစ်သင့်တဲ့ကံက ဘယ်နကံရှိလဲ။ (၃-



www.burmeseclassic.com

www.burmeseclassic.com



ကံရှိပါတယ်)။ မနောကံရယ်၊ ဝစီကံရယ်၊ ကာယကံရယ်၊ ခုနက ၅-ပါးသီလက ကာယကံနှင့် ဝစီကံ ဟောတာ။ သို့ဖြင့် မနောပေါက်ဖွင့်ထားတယ်။ ဘာဖွင့်ထားတာလဲ။ (မနောပေါက် ဖွင့်ထားတာပါ ဘုရား)။

သို့ဖြင့် အခု အဝိဇ္ဇာဖြစ်တယ်ဆိုတာက ဘယ်အပေါက်ကဖြစ်တာလဲ။ (မနောပေါက်ကဖြစ်တာပါဘုရား)။ မနောပေါက်က အဝင်အထွက်ရှိတယ်။ အဲဒီတံခါး ပိတ်ကိုမထားဘူးနော်။ မနက် မိုးလင်းတဲ့အခါကျတော့ ပါဏာတိပါတာ၊ အဒိန္နာကံ အစရှိသဖြင့် ကာယကံပေါက် ပိတ်ထားတယ်။ ဝစီကံပေါက်ပိတ်ထားတယ်။ ဒီကနေ မဝင်နိုင်ဘူး။ ဘယ်အပေါက်ပွင့်နေလဲ။ (မနောကံ)။ အဲဒီ မနောပေါက်ပွင့်နေတာ။ ကိုယ့်ကိုယ်ကို ပွင့်မှန်းမသိဘူး။ ပွင့်မှန်းကို မသိဘူး။ ဒီတော့ ဒီမနောပေါက် ပွင့်တာ ပွင့်မှန်းမသိတာက တခြားနားမလည်လို့လား။ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့လား။ (ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပါဘုရား)။ ဒီလိုဖြင့် အခု ဘုန်းကြီး ခြောက်ဟောနေတာလား၊ ဖြစ်စဉ်ကိုက်ပြောတာလား။ (ဖြစ်စဉ်ကိုက် ပြောတာပါဘုရား)။ ခန္ဓာပေါ်တယ်လို့ အခုပြောပြီနော်။ မြင်ရင် မြင်ခန္ဓာ၊ ကြားရင် ကြားခန္ဓာ၊ သို့သော် မျက်စိကစတော့ မျက်စိအကြောင်းပဲ အရင်ပြောမယ်နော်။ အဲဒီလို မြင်တိုင်း မြင်တိုင်း မသိတော့ အဝိဇ္ဇာဖြစ်တယ်ဆိုတော့ အဝိဇ္ဇာဆိုတာ တခြားသွားတာလား၊ တိရစ္ဆာန်ပြည်သွားတာလား။ (တိရစ္ဆာန်ပြည်သွားတာပါ ဘုရား)။ ကဲ ဒီလိုဖြင့် မြင်တဲ့အရာလေးပေါ့ နော်။ မြင်တယ်ဆိုတော့ ဥပမာ-အိမ်မှာဆိုတော့သားသမီးမြင်ရင် မြင်မယ်။ ဇနီးမြင်မယ်။ ခင်ပွန်းမြင်မယ်။ ဟာ-သို့မဟုတ် ကိုယ့်ဆီမှာ သိမ်းဆည်းထားတဲ့ ကျောက်သံ ပတ္တမြား ရွှေငွေရတနာ ဒါတွေမြင်မယ်။ မော်တော်ကားမြင်မယ်၊ အိမ်မြင်မယ် ဆိုကြပါစို့။

မျက်စိရှိ ဒကာ၊ ဒကာမတွေ မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ အဲဒီလိုမြင်တိုင်း မြင်တိုင်း မသိရင် ဘယ်သူလဲ။ အဝိဇ္ဇာ၊ ဒီလိုဖြင့် အဲဒီမြင်တဲ့အရာ တွေဟာ ခင်မင်စရာ အရာတွေ့ရင် ခင်မင်တာပေါ့။ ဆိုကြပါစို့။ စီးပွားဥစ္စာရတနာ ရာထူးဂုဏ်သိမ် အိုးအိမ်တိုက်တာမြင်ရင် ကိုယ့်ပစ္စည်းကိုယ် ဒကာ၊ ဒကာမတွေ မခင်တဲ့သူရှိပါ့မလား။ (မရှိပါဘူးဘုရား)။ ကိုယ့်သားသမီးကိုယ် မခင်တဲ့သူ ရှိပါ့မလား။ (မရှိပါဘူးဘုရား)။ ကိုယ့်ဇနီး ကိုယ့်ခင်ပွန်းမခင်တဲ့ သူရှိပါ့မလား။ (မရှိပါဘူးဘုရား)။ ဒီလိုဖြင့် အဲဒီမျက်စိနဲ့ မြင်တိုင်း မြင်တိုင်း ဒကာ၊ ဒကာမတွေမှာ ခင်မင်တာလေးတွေ ပေါ်လာတယ်။ ခင်မင်တယ်ဆိုတာက အရပ်ပြောပြောတာနော်။ ယနေ့ တရားစကားနဲ့ပြောတော့ လောဘပေါ်နေတယ်။ ဘာပေါ်တာလဲ။ (လောဘပေါ်တာပါဘုရား)။ ပဋိစ္စသမုပ္ပါဒ်နဲ့ ထောက်တော့ ဘာဖြစ်နေတာလဲ။ (တဏှာပါဘုရား)။ ခင်တာက တဏှာ။ လောဘတဏှာ။ ဒီလိုဖြင့်ရင် မနက်မိုးလင်းလို့ မျက်လုံးနှစ်လုံး ပွင့်လိုက်လို့ အရာတွေအားလုံးကို အမလေး -- ဟိုဟာလေးကတော့ အဆင်ပြေတယ်၊ ဒါလေးကတော့ အဆင်ပြေတယ်။ ကိုယ့်သားသမီးလေးမျက်နှာလေးကိုယ် မြင်လိုက်ရတော့ ဝမ်းသာတယ်၊ ကိုယ့်ဇနီးခင်ပွန်းမျက်နှာ ပြုံးပြုံးရွှင်ရွှင်မြင်ရရင် ကျေနပ်တယ်၊ ဝမ်းသာတယ်၊ ခင်မင်တယ်ဆိုကတည်းက ဒီပုဂ္ဂိုလ် တခြားဖြစ်သွားတာလား။ လောဘဖြစ်သွားတာလား။ (လောဘဖြစ်သွားတာပါဘုရား)။

မနက်မိုးလင်းကတည်းက လောဘဖြစ်နေပြီ။ အဲဒီလောဘသည် တခြား သွားမှာလား။ ပြိတ္တာပြည်သွားမှာလား။ (ပြိတ္တာပြည်သွားမှာပါဘုရား)။ ဟောဒီ မြင်စိတ်ကလေးတစ်ခုပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒကာ၊ ဒကာမတွေ မနောပေါက်ပွင့်တဲ့ အကြောင်းနော်။ မနောပေါက်ပွင့်နေတာ။ ကဲ ဒီတော့။ ကောင်းပြီ မနက်မိုးလင်းလို့ မျက်လုံးနှစ်လုံး ပွင့်တဲ့အခါကျတော့ အိမ်မှာက အစစ အရာရာ ဟိုနား၊ ဒီနား ဖရိုဖရဲ အဆင်မပြေဘူး။ စိတ်ထဲမှာ ဘယ့်နှယ့်နေလဲ။ (ဒေါသဖြစ်လာပါတယ်)။ ဒေါသဖြစ်လာရော၊ ဝစီကံတွေ ဖြစ်ကုန်ရော။ ဒီကြားထဲ စိတ်အခန့်မသင့်တဲ့ အခါကျတော့ ဒကာ၊ ဒကာမတွေ ကိုင် ပေါက်ကုန်ရော။ ဟော – တစ်ခါတစ်လေ လူမမြင်သူမမြင် ကိုင်ပေါက်ပစ်လိုက်တာ၊ ကိုယ့်စိတ်ကို မထိန်းနိုင်ဘူးလေ။ လူသွားထိုးမိရင် ဒကာ၊ ဒကာမတွေ အန္တရာယ်ရှိတယ်။ အဲတော့ အန္တရာယ်မရှိ တဲ့ အခါကျတော့ တစ်ခုခုနဲ့ပေါက်ပစ်လိုက်ရော။ ဟော – ထွက်ပေါက်။ ထွက်ပေါက်ရှာတာ။ ဘာ လုပ်တာလဲ။ (ထွက်ပေါက်ရှာတာ)။ သူ့ဟာသူထင်သလို ရှာ၊ ဒီတော့ ကံသင့်သွားပြီ။ ဘာဖြစ်သွား တာလဲ။ (ဒေါသပါဘုရား)။ ဒေါသနဲ့ သေတော့ (ငရဲပြည်ပါ ဘုရား)။ ဒီဆောင်ပုဒ် ဆိုပါဦး။

ဒေါသနဲ့သေ ငရဲပြည် ရောက်လေ ကေန်သား။

## သုံးတတ်လျှင်ဆေး

ကဲ – မနက်အရုဏ်တောင် မတက်သေးဘူး၊ မိုးမလင်းသေးဘူး ဒကာ၊ ဒကာမတွေ ဒယ်အိုးလှမ်းလှမ်းကြည့်နေတာ။ ဘာလှမ်းကြည့်နေတာလဲ။ (ဒယ်အိုးလှမ်းကြည့်တာပါဘုရား)။ ဒီလို ဖြင့် အဲဒီ ဒယ်အိုးကို လှမ်းကြည့်နေတာက ဘယ်ကနေကြည့်တာလဲ။ (မျက်စိကနေ ကြည့်တာပါ ဘုရား)။ မျက်စိကနေ ဒယ်အိုးကို လှမ်းကြည့်ခိုင်းနေတယ်။ ရှင်းကောရှင်းရဲ့လား။ အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ်တရားမနာလို့။ ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်တဲ့အလုပ်သာ မလုပ်ရင် ကဲ–ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ လက်သည်းခွံပေါ်က မြေမှုန့်ထဲ ပါပဲ့မလား။ (မပါပါဘူးဘုရား)။ ဘယ်ထဲပါမလဲ။ နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီးနှင့်အမျှ အပါယ်ကျမယ်။ ဟာ၊ ဒါလေး တစ်လုံးကိုပဲ ယောဂီတို့ သဘောပေါက်တယ်ဆိုလို့ရှိရင် ကဲ – ဟာ၊ အမေမွေးပေးလိုက်တဲ့ မျက်စိ ဟာ သူ့ကြောင့် မသက်သာပါလား။ တကယ်သိလာရင် မျက်လုံးထိုးဖောက်ချင်စိတ် ဖြစ်လာမှာ ယောဂီတို့။ သို့သော် ထိုးတော့မဖောက်ပါနဲ့။ ကံကောင်းလို့ မျက်လုံးနှစ်လုံးလေး ကောင်းကောင်း မွန်မွန် မြင်လာတာ အဓိပ္ပာယ်နော်။ အဲဒီတော့ မသုံးတတ်တဲ့အခါကျတော့ ဘေးမဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။ သုံးတတ်တဲ့အခါကျတော့ ဆေးဖြစ်တယ်။ အဲဒီတော့ "မသုံးတတ်ရင်ဘေး၊ သုံးတတ်ရင်ဆေး"။ အဲဒီတော့ သုံးတတ်ရင် ဆေးဖြစ်တယ်ဆိုတော့ ဒီအပေါ်မှာ ယောဂီတို့ဟာ ခုလို ဝိပဿနာဉာဏ်တွေ၊ သတိပဋ္ဌာန်တွေ ကိန်းလိုက်ပြီဆိုရင် အဲဒီပေါ်မှာ တခြားကိန်းတာလား၊ မဂ္ဂင်ကိန်းတာလား။ (မဂ္ဂင်ကိန်းတာပါဘုရား)။ ၂–မျိုးပဲ ရှိတယ်နော်။

## မနောပေါက်

အသိ သတိ မဝင်ရင် လောဘ ဒေါသ မောဟ အကုသိုလ်ကိန်းမယ်။ သို့သော် အဲဒီ အကုသိုလ်က ကာယကံ အကုသိုလ်လည်း မဟုတ်ဘူး။ ဝစီကံ အကုသိုလ်လည်း မဟုတ်ဘူး။ ဘာအကုသိုလ်လဲ။ (မနောကံ)။ မနောပေါက် ပွင့်နေပြီ။ ဒီတော့ ဒီနေရာမှာ ယောဂီတို့ သတိထား ရမယ့် ကိစ္စက မိရိုးဖလာ ဗုဒ္ဓဘာသာတစ်ယောက်တလေ သေသေချာချာ ဆရာကောင်းနဲ့ မတွေ့



www.burmeseclassic.com

www.burmeseclassic.com



မလေ့လာတဲ့အခါကျတော့ ကိုယ့်ငါးချဉ်ကိုယ်ချဉ်တယ်ဆိုတဲ့စကား မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ကဲ–တစ်ယောက်နဲ့ တစ်ယောက် ဟုတ်လား၊ မိတ်ကောင်း ဆွေကောင်းဆိုတာဟာ ဒီတရားလေး သိလို့ရှိရင် ကုသိုလ်ရမှာလား၊ မရဘူးလား။ (ရမှာပါဘုရား)။ အပါယ်တံခါးပိတ်မှာလား၊ မပိတ်ဘူးလား။ (ပိတ်မှာပါဘုရား)။

အပါယ်တံခါးပိတ်ရာပိတ်ကြောင်း ကုသိုလ်ရရာရကြောင်း တိုက်တွန်းတာသည် ရန်သူလား၊ မိတ်ဆွေလား။ (မိတ်ဆွေပါဘုရား)။ မိတ်ဆွေကောင်းတို့ မည်သည်မှာ ဒီအလုပ်ကို ကောင်းတဲ့အလုပ်ကို တိုက်ကိုတိုက်တွန်းရမယ်။ (မှန်လှပါ)။ ဘာကြောင့်လဲလို့ဆိုတော့ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကို သုဂတိနိဗ္ဗာန်ကို သွားတဲ့အလုပ်ဟာ မတိုက်တွန်းသင့်ဘူးလား။ တိုက်တွန်းသင့်လား။ (တိုက်တွန်းသင့်ပါတယ်ဘုရား)။ တိုက်တွန်းသင့်တာပဲ။ တွေ့တဲ့အခါမှာ တိုက်လည်း တိုက်တွန်းပါနော်။ သို့သော် ဒီနေရာမှာ ကိုယ်က မေတ္တာစေတနာနဲ့ တိုက်တွန်းပေမယ့်၊ အချို့ကျတော့ ကိုယ့်ငါးချဉ်ကိုယ်ချဉ်ပြီး ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့ ပုဂ္ဂိုလ်တွေ တော်တော်များများရှိတယ်။ ကျုပ်တို့က တရားလုပ်ဖို့ မလိုပါဘူးဗျာ။ တစ်သက်နဲ့တစ်ကိုယ် မကောင်းတာလည်း မပြောပါဘူး။ မကောင်းတာလည်း မလုပ် ပါဘူး။ ကျုပ်တို့ ၅–ပါး သီလမြဲပြီးသားပါ။ သေချာပေါက် နတ်ပြည်မှာ ကျုပ်တို့အတွက် ဘုံပေါက် ထားပြီးသား။ ခင်ဗျားတို့ ဒီတရား အလုပ်လုပ်နေဖို့မလိုဘူး။ အေး––ခင်ဗျားတို့သာ မတရားတာတွေရှိလို့ သွားလုပ်ကြ။ အမယ် စကားပြောတာတောင် အထက်စီးပြောတယ်။ လုပ်ပုံက နော်။ ဒီလိုဖြင့်ရင် ဒကာ၊ ဒကာမတွေ ဒီမှာ သူ့မနောပေါက်ပွင့်နေတာသိလို့ ပြောတာလား။ မသိလို့ပြောတာလား။ (မသိလို့ ပြောတာပါဘုရား)။ သူကတော့ သူ့ကိုယ်သူ အဟုတ်ကြီးထင်နေတာ။

ပဋိစ္စသမုပ္ပါဒ်ခွင်နဲ့လည်း ချပြလိုက်ရော၊ ဒီ ပဋိစ္စသမုပ္ပါဒ်ပုံသေနည်းလေးထဲလည်း ထည့်လိုက်ရော သူ့မနောပေါက်ကြီးက တစ်ချက်မှ တံခါးပိတ်မထားဘူး။ အဲဒီတော့ မနောပေါက်က နေ့စဉ်နေ့တိုင်း ဒကာ၊ ဒကာမတွေ အပါယ်မသွားဘူးလား။ (သွားပါတယ်)။ အပါယ်သွားနေတယ်။ ဒီလိုဖြင့်ရင် အပါယ်သွားနေတာ၊ ဘာဖြစ်လို့သွားတာလဲဆိုတော့ မြင်တာသည်တခြားလား၊ မြင်စိတ်လား။ (မြင်စိတ်ပါဘုရား)။ မြင်စိတ်တစ်လုံးပေါ်တိုင်းပေါ်တိုင်း ခန္ဓာဘယ်နှစ်ပါး။ (၅–ပါးပါဘုရား)။ ခန္ဓာ ၅–ပါးပေါ်တာသည် မထင်ရှားတာလား။ ထင်ရှားတာလား။ (ထင်ရှားတာပါဘုရား)။ ထင်ရှားတာကို တခြားခေါ်တာလား။ သက္ကာယ ခေါ်တာလား။ (သက္ကာယခေါ်တာပါဘုရား)။ အဲဒီထင်ရှားနေတဲ့ ခန္ဓာ ၅–ပါးကို မမြင်တော့ ငါမြင်တယ်။ ဘယ်သူမြင်တာလဲ။ (ငါမြင်တာပါဘုရား)။ ငါမြင်တယ် ဆိုတာက ဒိဋ္ဌိ။ ဘာပါလဲ။ (ဒိဋ္ဌိပါဘုရား)။ ငါမြင်တယ်ဆိုတာက (ဒိဋ္ဌိပါဘုရား)။ ထင်ရှားတာက (သက္ကာယ)။ ငါမြင်တာက (ဒိဋ္ဌိ)။ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ပေါင်း။ (သက္ကာယဒိဋ္ဌိ)။ မိုးတောင်မလင်းသေးဘူး။ ငရဲမျိုးစေ့ရင်ထဲကိန်းနေပြီ။ ကျွန်ုပ်တို့က သီလတွေ မြဲနေတယ်။ ပုဂ္ဂိုလ် ဘာမှပြဿနာမရှိဘူးဆိုတဲ့လူ မိုးမလင်းခင် ဘာကိန်းသွားတာလဲ။ (ငရဲမျိုးစေ့)။ ငရဲမျိုးစေ့ဆိုတာ တခြားပြောတာလား။ သက္ကာယဒိဋ္ဌိပြောတာလား။ (သက္ကာယဒိဋ္ဌိ ပြောတာပါ ဘုရား)။ သက္ကာယဒိဋ္ဌိဆိုတာ တခြားကို မမြင်လို့လား၊ ခန္ဓာကို မမြင်လို့လား။ (ခန္ဓာကို မမြင်လို့ပါဘုရား)။ ဒီလိုဖြင့်ရင် ဒီခန္ဓာသည် ခွေး ဟောင်တဲ့ ခန္ဓာလား။ ခွေးမဟောင်တဲ့ ခန္ဓာလား။ (ခွေးမဟောင်တဲ့ ခန္ဓာပါဘုရား)။ ခွေးမဟောင်တဲ့ ခန္ဓာတွေ ဘုန်းကြီးတို့မှာ ဒလစပ်ပေါ်နေတာနော်။ (မှန်လှပါ)။

## ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



**တရားစောင့်လျှင်**

အခုမျက်လုံးနှစ်လုံးဖွင့်တော့ အခုမြင်တယ် မြင်တယ် မြင်တယ် မြင်တယ်။ မမြင်ဘူးလား။ (မြင်ပါတယ်) ဒီလိုဖြင့်ရင် အခု ယောဂီတို့ စက်ဝိုင်းကို လှမ်းကြည့်။ လက်တွေ့မမြင်ဘူးလား။ (မြင် ပါတယ်ဘုရား)။ မြင်တယ်။ တစ်ခါမြင်ပြီ။ ကြည့်နေ။ နောက်တစ်ခါ မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ တစ်နာရီလုံး ထိုင်ကြည့်။ မြင်တာတွေ ရေနိုင်ပါဦးမလား။ (မရေနိုင်ပါဘူးဘုရား)။ တစ်မြင် မြင်တိုင်း မြင်တိုင်း တစ်ခြားပေါ်တာလား၊ ခန္ဓာ ၅-ပါးလား။ (ခန္ဓာ ၅-ပါးပါဘုရား)။ မြင်တယ်၊ ခန္ဓာ၅-ပါး၊ ချုပ်သွားပြီ။ နောက်တစ်ခါ မြင်တယ်၊ ခန္ဓာ ၅-ပါး။ ချုပ်သွားပြီ၊ နောက်တစ်ခါ မြင်တယ်၊ ခန္ဓာ ၅-ပါး ချုပ်သွားပြီ။ အဲဒါကို ယောဂီတို့က ရှုရမှာ။ အဲဒီတော့ ပထမ ခန္ဓာ ၅-ပါး ပေါ်ပြီးတော့ ပျက်တယ်။ နောက်ခန္ဓာ ၅-ပါး ဖြစ်ပြီးတော့ပျက်။ နောက် ခန္ဓာ ၅-ပါး ဖြစ်ပြီးပျက်။ ဖြစ်ပြီးပျက်။ ဖြစ်ပြီးပျက်၊ ဟာ---ဖြစ်ပြီးပျက်။ အဲဒါကို ဝိပဿနာရှုတယ်ခေါ်တာ။ ဖြစ်ပျက် ရှုတယ်ဆိုတာ ဒါကို ပြောတာ။ ဒီရုပ်ကြီးက ချက်ချင်းဖြစ်ပြီးတော့ ဘွားကနဲ ဒီလို ပျက်တယ် ပြောတာမဟုတ်ဘူး။ ရှင်းပြီနော်။ (ရှင်းပါပြီဘုရား)။ ခွေးမဟောင်တဲ့ ရုပ်နာမ် ဖြစ်ပျက်တာကို ယောဂီတို့ ရှုရမှာ။ ဉာဏ်မြင် ရုပ်နာမ်ကို ပြောပါတယ်။ ဘာရုပ်နာမ်။ (ဉာဏ်မြင်ရုပ်နာမ်ပါဘုရား)။ အဲဒါဖြင့် မျက်စိဖြင့် မြင်တိုင်းမြင်တိုင်း ဘာရုပ်နာမ်ပေါ်။ (ဉာဏ်မြင်ရုပ်နာမ်ပေါ်ပါတယ်)။

ဉာဏ်မြင်ရုပ်နာမ်ကို သိလိုက်တဲ့ အခါကျတော့ ဟော နာမရူပ ပရိစ္ဆေဒ ဉာဏ်ရသွားပြီ။ ဘုရားပွင့်ပြီ အထက်တန်းဗုဒ္ဓဘာသာဖြစ်ပြီ။ အထက်တန်း ဗုဒ္ဓဘာသာဖြစ်ဖို့ တခြားသိရမှာလား၊ နာမ်ရုပ်ကို သိရမှာလား။ (နာမ်ရုပ်ကို သိရမှာပါဘုရား)။ အဲဒီတော့ နာမ်နဲ့ရုပ်ကိုမသိရင် အဲဒီပုဂ္ဂိုလ်က အောက်တန်းစားပုဂ္ဂိုလ်ပဲတဲ့။ ဟော - နာမ်နဲ့ရုပ်ကိုမသိရင် (အောက်တန်းစားပုဂ္ဂိုလ်ပါ)။ ဒီတော့ နာမ်နဲ့ရုပ်ကိုသိမှ အထက်တန်းစားရောက်ပါတယ်။ ဘာဖြစ်လို့ ဒကာ၊ ဒကာမ တွေက နာမ်နဲ့ရုပ်ကို မသိတော့ ဘာဖြစ်မှာမို့လို့လဲဆိုတော့ အန္ဓပုထုဇဉ်။ နာမ်နဲ့ရုပ်ကို မသိရင်အန္ဓပုထုဇဉ်ဆိုတော့ သေရင်သူက အပါယ်ကျမယ့်ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် အထက်တန်းစားမဟုတ်ဘူး။ နာမ်နဲ့ရုပ်ကိုသိရင် ကလျာဏပုထုဇဉ်ဆိုတော့ သေရင် အပါယ်ကို ကျချင်ကျမယ်။ မကျချင်မကျဘူးဆိုတော့ သူက နှစ်မျိုးသွားနိုင်တဲ့အတွက် သူကနည်းနည်းသက်သာသေးတယ်။ ဟိုကတော့ တစ်လမ်းမောင်းပဲ ပေါ့နော်။

အဲဒီရုပ်နဲ့နာမ်ကို မြင်ပြီဆိုကတည်းက နာမရူပပရိစ္ဆေဒဉာဏ် မရဘူးလား။ ဒါအထက်တန်း ဗုဒ္ဓဘာသာပေါ့။ ဒီလိုဖြင့်ရင် အဲဒီရုပ်နာမ်က ဘုရားသခင်ဖန်တီးတဲ့ ရုပ်နာမ်ဟုတ်ရဲ့လား။ (မဟုတ် ပါဘူး)။ အလိုလို မိုးပေါ်ကကျတဲ့ ရုပ်နာမ်ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ ဒီလိုဖြင့်ရင် ဘာရုပ်နာမ်လဲ လို့မေးရင် အကြောင်းကြောင့်ဖြစ်သော အကျိုးရုပ်နာမ်။ ဘာရုပ်နာမ်။ (အကြောင်းကြောင့်ဖြစ်သော အကျိုးရုပ်နာမ်)။ ရုပ်နှစ်ခုတိုက်လို့ပေါ်တဲ့ ရုပ်နာမ်။ အကြောင်းနှစ်ခုက တခြားလား၊ ရုပ်နှစ်ခု တိုက်တာလား။ (ရုပ်နှစ်ခုတိုက်တာပါဘုရား)။ ရုပ်နှစ်ခုတိုက်လို့ နာမ်တစ်ခုပေါ်တယ်။ အဲဒီ နာမ် တစ်ခုပေါ်တာက တခြားပေါ်တာလား၊ ခန္ဓာ ၅-ပါးပေါ်တာလား။ (ခန္ဓာ ၅-ပါးပေါ်တာပါဘုရား)။ ဒီလိုဖြင့် နှစ်ခုတိုက်လို့ တစ်ခုပေါ်တဲ့ ခန္ဓာ ၅-ပါး၊ အကြောင်းက (ပဋိစ္စပါဘုရား)။ အကျိုးက (သမုပ္ပါဒ်)။ ဒီလိုဖြင့် ပဋိစ္စသမုပ္ပါဒ် ရုပ်နာမ်ပေါ်နေပြီယောဂီတို့။

အောင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



မြင်တိုင်း၊ မြင်တိုင်း ဘာရုပ်နာမ်ပေါ်။ (ပဋိစ္စသမုပ္ပါဒ်ရုပ်နာမ်)။ ဒီလိုဖြင့် ပဋိစ္စသမုပ္ပါဒ်ဆိုတာက အကြောင်းကို သိမ်းဆည်းသိတယ်။ အကျိုးကို သိမ်းဆည်းသိတယ်။ ဟော ပစ္စယပရိဂ္ဂဟဉာဏ်မရဘူးလား။ (ရပါတယ်ဘုရား)။ ဟော--အဝိဇ္ဇာအဖုံးတွေ ပွင့်လာပြီ။ ပဋိစ္စသမုပ္ပါဒ်ကို နားမလည်ရင် အဝိဇ္ဇာတစ်ဖုံး ဖုံးနေတယ်။ ရုပ်နာမ်ကို နားမလည်ရင် အဝိဇ္ဇာတစ်ဖုံးဖုံးတယ်။ အခု ပြောနေတဲ့ ရုပ်နာမ်ဟာ မထင်ရှားတဲ့ရုပ်နာမ်လား၊ ထင်ရှားတဲ့ ရုပ်နာမ်လား။ (ထင်ရှားတဲ့ရုပ်နာမ်ပါ)။ ထင်ရှားတဲ့ရုပ်နာမ်ကို ရုပ်နာမ်မှန်းသိလိုက်ရင် တခြားသေတာလား၊ သက္ကာယဒိဋ္ဌိသေတာလား။ (သက္ကာယဒိဋ္ဌိသေတာပါဘုရား)။ အဲဒီရုပ်နာမ်က ယောဂီတို့ အကြည့်ခံနိုင်ရဲ့လား။ (မခံနိုင်ပါဘူး)။ အကြည့်မခံနိုင်တာ တခြားဖြစ်တာလား၊ ပျက်သွားတာလား။ (ပျက်သွားတာပါဘုရား)။ ဒီလိုဖြင့်ရင် အရာဝတ္ထုတစ်ခုသည် ပျက်သွားတာ ခိုင်မြဲလို့လား၊ မခိုင်မြဲလို့လား။ (မခိုင်မြဲလို့ပါဘုရား)။ ဒီလိုဖြင့် မခိုင်မြဲဘူးဆိုတာ ယောဂီတို့ သေချာရဲ့လား။ (သေချာပါတယ် ဘုရား)။

ဒီလိုဖြင့်ရင် တခြားသော ပုဂ္ဂိုလ်က ဥပမာ သိကြားမင်းကြီးက ဆင်းလာပြီး၊ ခင်ဗျားတို့ ခိုင်မြဲတယ်၊ ကြိမ်းမောင်းလုပ်ရင် ဘယ်လိုလုပ်မလဲ။ (မခိုင်မြဲပါဘူး)။ ဟဲ–သိကြား တရားအားမထုတ်ဘဲနဲ့ တောင်ပြောမြောက်ပြောမပြောနဲ့။ ဒီမှာ ငါသေသေချာချာ အားထုတ်ထားတာ။ ငါ သေသေချာချာ ငါကိုယ်တိုင်ကို မြင်တာ ''သန္ဒိဋ္ဌိကော''= ကိုယ်တိုင်ကိုယ်ကျမြင်တာနော်။ မင်းမယုံ အခုကြည့်စမ်းပါ၊ ''ဧဟိပဿိကော'' ''အကာလိကော'' အခုကြည့် အခုမမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ ''သန္ဒိဋ္ဌိကော'' ''အကာလိကော'' လေ။ အခုဒီမှာလေ ရုပ်နာမ်ကလေ သူဖြစ်ပြီးတော့ ပျက်နေတယ်။ မြင်တဲ့ရုပ်နာမ်သည် ဖြစ်ပြီးတော့ ပျက်နေတယ်။ ဒကာ၊ ဒကာမ တွေ ''ဧဟိပဿိကော'' သာ တရားဂုဏ်တော်တွေ ရွတ်နေတာပါ။ ရွတ်သာရွတ်နေတယ်။ တရား ဂုဏ်တော်ဆိုတာ ရွတ်ရမှာလား။ အားထုတ်ရမှာလား။ (အားထုတ်ရမှာပါဘုရား)။ ''ဧဟိပဿိ ကော''၊ ဧဟိ = လာပါ ပဿ=ရှုပါဆိုတော့ တရားက သူ့ကိုရှုလှည့်ခေါ်တာ။ တရားဂုဏ်တော်နော်။ ''သန္ဒိဋ္ဌိကော'' ဆိုတာ သူများအကူအညီ ယူရမှာလား၊ ကိုယ်တိုင်ရှုရမှာလား။ (ကိုယ်တိုင်ရှုရမှာပါဘုရား)။ ကိုယ်တိုင်ရှုတော့ ကိုယ်တိုင်မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ ယခုရှု ယခုမြင်။ ယခုမြင် ယခုငြိမ်းတာပေါ့။ ''အကာလိကော''=အချိန်အခါမရွေး အကျိုးပေးတယ်။ တရားသည် အကျိုးမပေးမှာလား၊ အကျိုးပေးမှာလား။ (အကျိုးပေးပါတယ်ဘုရား)။ တရားကို အားကိုးရင် တရားက ပြန်ပြီးတော့ စောင့်ရှောက်ပါတယ်။ ဒီတော့ ''ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ'' လူတွေ ပါးစပ်ဖျားသာရွတ်နေတာ။ ဒကာ၊ ဒကာမတွေ တကယ်အလုပ်လုပ်တဲ့အခါ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေတယ်။ စာတိုင်းစာတိုင်း ဘယ်စာမှာဖြစ်ဖြစ် ဒီဆုံးမစာတွေ မရှိဘူးလား။ တရားကိုစောင့်ရင် တရားက ပြန်စောင့်တယ်။ ဒီဒေသနာစဉ်က ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ လူတိုင်းပါးစပ်ဖျား နှုတ်ကျိုးနေတာ။ တကယ့်လက်တွေ့လုပ်ပါဆိုတော့ ကွေ့ရှောင်နေတာ။ ဟော – အခု ဖယောဂီတို့က ကွေ့ ရှောင်တာလား၊ တကယ်လုပ်တာလား။ (တကယ်လုပ်တာပါဘုရား)။ အဲဒီတော့ ဟောဒီ ဧဟိ = လာပါ၊ ပဿ= ရှုပါဆိုတော့ ကိုယ်တိုင်ကိုယ်ကျလည်း ကြည့်လည်း ကြည့်လိုက်တော့ ယခုရှုတော့ ယခု မြင်တယ်။ တရေးနိုးထရှုတော့ တရေးနိုး မမြင်ဘူးလား။ တရေးနိုးမြင်တယ်ဆိုတော့ မြဲနေတယ်လို့ပြောတာလား။



www.burmeseclassic.com

www.burmeseclassic.com



မမြဲဘူးလို့ပြောတာလား၊ (မမြဲဘူး ပြောတာပါ)။ မမြဲဘူးဆိုတာ တခြားလား၊ ပျက်တာလား။ (ပျက်တာပါဘုရား)။ ကဲ--ဒကာ၊ ဒကာမတွေ ပျက်တာခိုင်လို့လား၊ မခိုင်လို့လား။ (မခိုင်လို့ပါဘုရား)။

**အပျက်ကိုမြင်လျှင် သဿတဒိဋ္ဌိသေ**

ဩော်- တစ်သက်လုံးကလေ ခိုင်တယ်မြဲတယ် တည်တယ်လို့ ယူတဲ့အယူသည် ယူလို့ ရသေးရဲ့လား။ ယူလို့မရဘူးဆိုတော့ တခြားသေတာလား။ သဿတဒိဋ္ဌိသေတာလား။ (သဿတဒိဋ္ဌိသေတာပါဘုရား)။ ကဲ--ကဲ ကြည့်စမ်း။ ဘုရားပွင့်သွားပြီ။ သဿတဒိဋ္ဌိသေတယ်။ ဗုဒ္ဓဘာသာအစစ်ဖြစ်သွားပြီ။ အထက်တန်းဗုဒ္ဓဘာသာဖြစ်သွားပြီ။ သဿတဒိဋ္ဌိ သေတာမြင်လို့။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ ဒီလိုဖြင့်ရင် ပျက်တဲ့သဘောသည် မခိုင်တဲ့သဘော။ သဿတဒိဋ္ဌိဆိုတာတော့ ခိုင်တယ် မြဲတယ်ဆိုတဲ့သဘော။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ သဿတဒိဋ္ဌိဆိုတာက အပြောကတော့ အပြစ်မရှိဘူး။ ဒီအတိုင်းယူထားရင် ဘာဖြစ်မလဲ။ (အပြစ်ရှိတယ်)။ ဆိုကြပါစို့။ အင်း -ဘုန်းကြီးတို့ရဲ့ဒကာ၊ ဒကာမတွေ နောင် အနှစ် ၂၀-ဆိုရင် အသက် ၅၀-ပေါ့။ အခု အသက် ၅၀-ဆိုတဲ့ ပုဂ္ဂိုလ်က နောင်အနှစ် ၂၀-ဆိုရင် အသက် ၇၀-ပေါ့။ အေး - ငါ အသက် ၇၀-ကျတော့မှ အဖိုးကြီးဖြစ်တော့မှ ငါ အားထုတ်မယ်ပေါ့။ အဓိပ္ပာယ် အဓိပ္ပာယ် ဟုတ်လား။ အဖိုးကြီးဖြစ်တော့ ရိပ်သာလာနိုင်ပါဦးမလား။ (မလာနိုင်ပါဘူးဘုရား)။ ပါးစပ်ကသာပြောတာ။ အဲဒီ အသက်-၇၀ ထိအောင်ကော ရှိပါဦးမလား။ ဘယ်သူမှ အာမခံချက်မရှိဘူး။ ယနေ့ ဒီတရားကို သိတဲ့အခါကျတော့ ဟ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက်မကွေးမီ ဘာဖြစ်မလဲ။ (သေနိုင်ပါတယ်ဘုရား)။ သေနိုင်တယ်ဆိုတာက တခြားမြင်တာလား။ အပျက်မြင်တာလား။ (အပျက်မြင်တာပါဘုရား)။ အဲဒါက သမုတိသစ္စာရဲ့ အပျက်ကိုပြောနေတာ။ အခု ပြောနေတဲ့ ခဏိကအပျက်က အခုမြင်စိတ်တစ်လုံး ရုပ်နာမ်ခန္ဓာပေါ် ယခုမပျက်ဘူးလား။ ဒီလိုဖြင့်ရင် မြင်စိတ်ပေါ်တယ်။ ပျက်တယ်။ မြင်စိတ်ကလေးပေါ်တယ်။ ပျက်တယ်။ မြင်စိတ်ကလေးဆိုတာ တခြားပေါ်တာလား။ ခန္ဓာလား။ (ခန္ဓာပါဘုရား)။ ရုပ်နာမ်ခန္ဓာ ပေါ်တယ်။ ပျက်တယ်။ ပေါ်တယ်။ ပျက်တယ်။ အပျက်ကိုမြင်လိုက်တော့ သဿတဒိဋ္ဌိ သေတယ်လို့ ဒါလေးမှတ်ထား။ ပုံသေနည်းလာပြီ။ ဉာဏ်တစ်ဆင့်တက်တော့မယ်နော်။ အပျက်ကလေးကိုမြင်ရင် ဘာဒိဋ္ဌိသေ။ (သဿတဒိဋ္ဌိ သေပါတယ်ဘုရား)။

သို့ဖြင့် အဲဒီပျက်သွားတာဟာ မရှိဘဲနဲ့ ပျက်နေတာလား၊ ရှိပြီးတော့မှ ပျက်တာလား။ (ရှိပြီးတော့မှ ပျက်တာပါဘုရား)။ မဖြစ်ဘဲနဲ့ ပျက်နေတာလား၊ ဖြစ်ပြီးတော့မှ ပျက်တာလား။ (ဖြစ်ပြီးတော့မှ ပျက်တာပါဘုရား)။ ဖြစ်ပြီးတော့မှ ပျက်တာ။ ဒီလိုဖြင့်ရင် ဖြစ်တယ်ဆိုတော့ လုံးဝပြတ်တောက်မသွားဘူးပေါ့။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ ဖြစ်တယ်ဆိုတာ လုံးဝပြတ်တောက်သွားရဲ့လား။ မသွားဘူး။ အစားထိုးတယ်။ ဟောဒီ ခွက်ကလေး တစ်နေရာမှာ ဒီခွက်ကလေး အခုတည်ပြီး မရှိတော့ဘူးဆိုရင် ဒီမှာ ကွက်လပ်မဖြစ်ဘူးလား။ (ဖြစ်ပါတယ်)။ ဒီတော့ ပြန်ပြီး အစားမထိုးရင် ဒီနေရာ ကွက်လပ်ကြီးပေါ့။ အဲဒီတော့ တကယ်တော့ ဥစ္ဆေဒဒိဋ္ဌိဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အစားမထိုးတာမဟုတ်ဘူး။ ဒီတစ်ခုမရှိပေမယ့် သူ့နေရာကို နောက်တစ်ခု အစားမထိုးဘူးလား။ အဲဒီနေရာလေးသည် မရှိတော့ပေမယ့် သူ့နေရာကို အစားမထိုးဘူးလား။ (ထိုးပါတယ်)။

ဒီလိုဖြင့်ရင် ခန္ဓာသည် (ဝါ) ဓမ္မသည် အစားလည်းထိုးတယ်၊ ပျက်လည်း ပျက်တယ်။ အစားလည်းထိုးတယ်၊ ပျက်လည်း ပျက်တယ်။ သို့ဖြင့် အစားထိုးတယ်ဆိုတာ ဖြစ်တာ၊ ဖြစ်ပြီးတော့ ဘာဖြစ်မလဲ။ ပျက်တာ။ ဒီတော့ ဖြစ်ပျက်။ ဖြစ်ပျက်။ အဲဒါ ယောဂီတို့ အခုရှုနေတာ တခြားရှုတာလား။ ဖြစ်ပျက်ရှုနေတာလား။ (ဖြစ်ပျက်ရှုနေတာပါဘုရား)။ ဖြစ်ပျက်ရှုတာ။ ဖြစ်ပျက်ရှုတယ်ဆိုတဲ့ သဘောတရားကို နားလည်အောင်နော်။ ကောင်းပြီ။ အဲဒီလို ဖြစ်ပျက်ကို ရှုလိုက်တော့ ဘာဖြစ်မလဲ ဆိုရင် အပျက်ကို မြင်တော့ သဿတဒိဋ္ဌိသေ။ အစားထိုးတာမြင်တော့ ဥစ္ဆေဒဒိဋ္ဌိသေ၊ ဆိုစမ်းပါ။

- **ပျက်တာကို မြင်တော့ သဿတဒိဋ္ဌိသေ၊**
  **အစားထိုးတာမြင်တော့ ဥစ္ဆေဒဒိဋ္ဌိသေ။**

## လိမ်းဆေးနဲ့မပျောက်

ဒီလိုဖြင့် အခုယောဂီတို့ ဟောဒီရုပ်နာမ်ခန္ဓာတွေ ပြောငြားသော်လည်း တခြားရှုတာလား။ ဖြစ်ပျက်ရှုတာလား။ (ဖြစ်ပျက်ရှုတာပါဘုရား)။ ဒီလိုဖြင့်ရင် အနိစ္စ ဒုက္ခ အနတ္တတွေဆိုတာက စာလို ပါးစပ်ကရွတ်နေတာ။ ကုသိုလ်ရတယ်။ ရွတ်စမ်းပါ။ သို့သော် စာလို ရအောင်ရွတ်နေတဲ့ အရွတ်က ဆရာတော်ဘုရားကြီး ပြောတာ လိမ်းဆေးနဲ့တူတယ်တဲ့။ ဘာနဲ့တူတာလဲ။ (လိမ်းဆေးနဲ့ တူတာပါဘုရား)။ ရောဂါက ရင်ထဲရှိတာ။ အပေါ်ယံလိမ်းဆေးနဲ့ကတော့ အရောင်လေးပဲ သက်သာမယ်။ ပျောက်ပါ့မလား။ (မပျောက်ပါဘူး)။ မပျောက်ဘူး။ လိမ်းရုံနဲ့ မပျောက်ဘူး။ ဘာလုပ်ရမလဲ။ (သောက်ရမယ်)။

ဒီလိုဖြင့်ရင် ဘုန်းကြီးတို့အားလုံးသော ဆွေတော်မျိုးတော် ဒကာ၊ ဒကာမတွေ ရင်ထဲမှာ ရောဂါလူတိုင်း ရှိတယ်။ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အေး ယနေ့ ဓာတ်လေးပါး ဖောက်ပြန်လို့ ဖြစ်နေတဲ့ရောဂါကတော့ဖြင့် ဆေးရုံသွားတက် ဆရာဝန်ကုပေးပေလိမ့်မယ်။ ကိလေသာရောဂါက ဘယ်သွားကုမလဲ။ ဒါလောက် ကမ္ဘာမှာ ဆေးပညာတွေတိုးတက်နေတာ၊ ကုတဲ့ဆရာဝန်ပေါ်ပြီလား။ (မပေါ်ပါဘူးဘုရား)။ အဲဒီဆရာဝန် ကုနိုင်ဖို့နေနေသာသာ သူ့ရင်ထဲက ရောဂါတောင် ဘယ်သူ ကုပေးမှန်းမသိဘူး။ ကုမဲ့သူ မရှိဘူး။ ရှင်းပြီနော်။ ယောဂီတို့ ဘုန်းကြီးတို့ အားလုံးသော သတ္တဝါ တွေ ရင်ထဲရှိနေတဲ့ ကိလေသာရောဂါကို ကုနိုင်တာ ဘုရားတစ်ပါးရှိတာ။ ဘယ်သူလဲ။ (ဘုရားပါ ဘုရား)။ ဒါကြောင့် မြတ်စွာဘုရားဟာ ဒကာ၊ ဒကာမတို့ အားလုံးရဲ့ ဆေးဆရာကြီးပါပဲ။ ရှင်းပြီနော်။

အခု–ဘုန်းကြီးတို့ ဝိပဿနာရှုတာက လိမ်းဆေးလိမ်းတာမဟုတ်ဘူး။ ဘာလုပ်နေတာလဲ။ (သောက်ဆေးသောက်နေတာ)။ အခုပဲ ချွေးတဒီးဒီးနဲ့ အားထုတ်နေတာက ဘာလုပ်နေတာလဲ။ (သောက်ဆေးသောက်နေတာ)။ ရှင်းကောရှင်းရဲ့လား။ ဒီတော့ အိမ်မှာ ပုတီးလေးစိတ်လိုက် ဘုရားလေးရှိခိုးလိုက် ဒါနပြုလိုက် သီလဆောက်တည်လိုက်ဆိုတာ ဘာလုပ်နေတာလဲ။ (လိမ်းဆေး လိမ်းတာပါဘုရား)။ ရောဂါမပျောက်နိုင်ဘူး။ သက်သာရုံတင်သက်သာမှာ၊ ရှင်းပြီနော်။ အဲဒီတော့



37A

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတို့ ရင်ထဲမှာရှိတဲ့ လောဘ ဒေါသ မောဟ အစရှိတဲ့ ကိလေသာတွေသည် တခြားလား၊ ရောဂါတွေလား။ (ရောဂါတွေပါဘုရား)။ ရောဂါတွေကို ပျောက်နိုင်ဖို့ကတော့ ဒကာ၊ ဒကာမတွေ သောက်ဆေးသောက်ချရမှာ။ အဲဒီတော့ သောက်ဆေးသည် တခြားလား၊ ဝိပဿနာလား။ (ဝိပဿနာပါဘုရား)။ အနိစ္စ ဒုက္ခ အနတ္တတွေ၊ ဂုဏ်တော်တွေ၊ ပဋ္ဌာန်းတွေ ပရိတ်တွေ ရွတ်နေတာက တခြားလား၊ လိမ်းဆေးလား။ (လိမ်းဆေးပါဘုရား)။ သို့သော် လိမ်းဆေးလည်း တန်ဖိုးရှိတယ်။ အရောင်အရမ်း သက်သာတယ်နော်။ မလိမ်းနဲ့လို့ ပြောတာမဟုတ်ဘူး။

အဲဒီတော့ နာပြီးတဲ့တရားကို တကယ့်ကို ခန္ဓာကို ဉာဏ်ရောက် ပိုင်ပိုင်နိုင်နိုင် လျှောင်း ထိုင် ရပ် သွား ကြိယာပုတ်လေးပါးနဲ့ အားထုတ်တာက တခြားလား။ သောက်ဆေးသောက်တာလား။ (သောက်ဆေးသောက်တာပါ ဘုရား)။ ဒီလိုဖြင့်ရင် ဒကာ၊ ဒကာမတွေ နေမကောင်းလို့ ဆရာဝန်ဆေးပေးရင် ညွှန်ကြားတဲ့အတိုင်းသောက်မှပေါ့။ ဩော်၊ ဒါက မနက်တစ်ကြိမ် နေ့လည်တစ်ကြိမ် ညနေတစ်ကြိမ် သောက်ပါ၊ ဒါကတော့ အရေးကြီးတယ် ၅–ကြိမ်သောက်ပါ။ ဒါကတော့ ၁၀–ကြိမ်သောက်ပါ စသည်ဖြင့်ပေါ့နော်၊ ဆရာဝန် မညွှန်ကြားဘူးလား။ အဲဒီ ညွှန်ကြားတဲ့အတိုင်း သောက် ပျောက်ကိုပျောက်ရမယ်။ (မှန်လှပါ)။ ဒီဥပမာလိုပဲနော်။ အခုဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေကို မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး မဟာသတိပဋ္ဌာနသုတ်ဟောထားတာ။ ဆေးညွှန်းထားတာ။ ဘာလုပ်တာလဲ။ (ဆေးညွှန်းထားတာပါဘုရား)။ ဆေးညွှန်းထားတာ။ မြင်ရင် ဒီအတိုင်း မကြည့်နဲ့၊ ရှုရမှာ။ ရှုခိုင်းတာ။ တခြားလုပ်တာလား။ ဆေးသောက် ခိုင်းတာလား။ (ဆေးသောက်ခိုင်းတာပါဘုရား)။ ကဲ ရှုကောရှုကြည့်ရဲ့လား။ (ရှုပါတယ်ဘုရား)။ ဆေးကော သောက်ကြရဲ့လား။ (သောက်ပါတယ်ဘုရား)။ ဆေးညွှန်းအတိုင်း သောက်မှ။ မြင်တိုင်း မြင်တိုင်း မြင်တိုင်း ရှုနေတာသည် တခြားလား၊ ဆေးညွှန်းအတိုင်း သောက်တာလား။ (ဆေးညွှန်းအတိုင်း သောက်တာပါဘုရား)။ အဲဒီလို ဆေးညွှန်းအတိုင်း သောက်တယ်ဆိုတာ မြင်တာသည် အရှုခံနှင့် အရှုဉာဏ်ပဲရှိတယ်။

## လောကွတ်တွေချော်

ဟောဒီ အရှုခံမြင်တာက တခြားလား၊ ခန္ဓာ ၅–ပါးလား။ (ခန္ဓာ ၅–ပါးပါဘုရား)။ အရှုဉာဏ်သည် တခြားလား၊ မဂ္ဂင် ၅–ပါးလား။ (မဂ္ဂင် ၅–ပါးပါဘုရား)။ ဒီလိုဖြင့် ယောဂီတို့ မရှုရင် ကိလေသာဝင်တယ်။ ရှုရင် မဂ္ဂင်ရတယ်။ ဒီလိုဖြင့် မဂ္ဂင်ဆိုတာ တစ်သက်နဲ့တစ်ကိုယ် တစ်သံသရာနဲ့တစ်နား ဘယ်တုန်းကမျှ ရဖူးတာမဟုတ်ဘူး။ ဟော – ယနေ့ တစ်မနက်ကလေး တစ်စက္ကန့်လေး တစ်မိနစ်လေး အသက်ရှင်နေတာ မဂ္ဂင်နဲ့အသက်ရှင်နေတာ။ ယနေ့ ယောဂီတို့ရဲ့ တစ်နေ့တာရှင်တဲ့နေ့ဟာ မဂ္ဂင်နဲ့အသက်ရှင်နေတာ။ ယနေ့ ယောဂီတို့ရဲ့ တစ်နေ့တာရှင်တဲ့နေ့ဟာ မမြတ်ဘူးလား။ ဒီလိုမှ မဂ္ဂင်အစားမထိုးရင် တခြားအစားထိုးမှာလား။ ကိလေသာအစားထိုးမှာလား။ (ကိလေသာ အစားထိုးမှာပါ ဘုရား)။ ကိလေသာအစားထိုးဖို့ကို ဟောဒီမှာ ပဋိစ္စသမုပ္ပါဒ်ကိုကြည့်ရင် ဒါကို မျက်စိပဋိစ္စသမုပ္ပါဒ် ပြောနေတာနော်။

မြင်တယ်ဆိုတာ မျက်စိနဲ့အဆင်းနဲ့ တိုက်လို့ပါ။ ပဋိစ္စသမုပ္ပါဒ်မှာ မြင်တယ်ဆိုတာ သဠာယတန ထောက်ပြပါတယ်။ သဠာယတနတွင် အာယတန ၁၂–ပါးမှာ မျက်စိ ဒီမှာမပါဘူးလား။ အဆင်းမပါဘူးလား။ မျက်စိနဲ့ အဆင်း ၂–ခု ဆုံတာ ဘာပါလိမ့်။ (ဖဿ)။ မျက်စိနဲ့ အဆင်း



www.burmeseclassic.com

www.burmeseclassic.com



၂–ခုဆုံလို့ ခံစားတာက (ဝေဒနာ)။ သဘောကျတာက (တဏှာ)။ စွဲလမ်းတာက (ဥပါဒါန်)။ ဆောင်ရွက် တာက (ကမ္မဘဝ)။ ကမ္မဘဝပစ္စယာ (ဇာတိ)။ ဒီလိုဖြင့်ရင် ပဋိစ္စသမုပ္ပါဒ်ကို နားမလည်တဲ့သူ မဖြတ်တဲ့သူက မျက်စိနဲ့တစ်ချက်မြင်တိုင်းမြင်တိုင်း ခုနှစ်စဉ်တန်းပါတယ် ယောဂီတို့။ ဘယ်နှစ်စဉ် တန်း။ (ခုနှစ်စဉ်တန်းပါတယ်)။ ခုနှစ်စဉ်တန်းတာလေး ထောက်ကြည့်ပါ။ ဘယ်သူတွေလဲ။ (သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ)။ အဲဒါ ဘုန်းကြီးက ဒေသနာစဉ် ဟောနေတာ။

ဩော် – ဒီတော့ သဘာဝနဲ့ အာဂမဆိုတာ သဘာဝကိုယ့်တိုင်ကို ပြန်ဟပ်။ ကိုယ့်ကိုယ်ကို ပြန်ဟပ်တော့ ဘုန်းကြီးတို့ ဒကာမတွေ မျက်စိမရှိဘူးလား။ (ရှိပါတယ်)။ စောစောက ဒီ ဥပမာနဲ့ထပ်တလဲလဲ ပြောထားပြီးပြီနော်။ ဥပမာ မဟုတ်ဘူး။ တိုက်ရိုက်။ ဒါနဲ့ပြောထားပြီးပြီ။ မနက်မိုးလင်းလို့ မျက်လုံး ၂–လုံးပွင့်ပြီ ဆိုကတည်းက အရာတွေ မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ မြင်တာကို ရှုမိလို့ရှိရင် မဂ္ဂင်ကိန်းမယ်။ မရှုမိရင် ကိလေသာ ကိန်းမယ်။ ကဲ – ဒီတော့ ကောင်းပြီ။ မျက်စိရှိတဲ့အခါကျတော့ ကိုယ့်သားသမီးမျက်နှာကို မြင်လိုက်တဲ့ မိဘသည် သားသမီးဆိုတာ တခြားလား၊ အဆင်းလား။ (အဆင်းပါဘုရား)။ အဲဒီ သားသမီးအဆင်းနဲ့ ကိုယ့်မျက်စိနဲ့ မမြင်ဘူး လား။ (မြင်ပါတယ်ဘုရား)။ မြင်လိုက်တယ်။ မြင်တဲ့အခါကျတော့ တွေ့ထိတာက ဘာပါလဲ။ (ဖဿပါဘုရား)။ ဒီသားသမီးလေး မျက်နှာမြင်လိုက်တဲ့အခါကျတော့ ဟော–– ပြုံးပြုံးရွှင်ရွှင်မြင်ရင် ဒီမိဘသည် ရင်ထဲမချမ်းသာဘူးလား။ (ချမ်းသာပါတယ်ဘုရား)။ ရင်ထဲမှာ ဝမ်းသာတာပေါ့။ ဝမ်းသာတယ်ဆိုတာ တခြားလား၊ ဝေဒနာလား။ (ဝေဒနာပါ ဘုရား)။ အဲဒီတော့ ကိုယ့်သားသမီးကို ချစ်တာလား၊ မချစ်တာလား။ ဘယ်မိဘမှ သားသမီးကို မချစ်တဲ့သူ ဘယ်ရှိမလဲ။ တုန်နေအောင် ချစ်တာ။ တုန်နေအောင် ချစ်တာ။ အဲဒီလို ချစ်တယ်ဆိုတော့ ဝေဒနာပစ္စယာ၊ (တဏှာ)။ ပဋိစ္စသမုပ္ပါဒ် ၂–ကနေ ၃–အကွက် ကူးသွားပြီ။

ကိုယ့်သားသမီး ကိုယ်ချစ်တာ ၂–ကနေ ဘယ်ကိုကူးသွားလဲ။ (၃–ကို ကူးပါတယ်ဘုရား)။ အို– ကိုယ့်သားသမီး ကိုယ့်မျက်စိအောက်ကကို အပျောက်မခံနိုင်ဘူး။ အပျောက်ကို မခံနိုင်ဘူး။ အဲဒီလို မျက်စိအောက်ကနေ အပျောက်မခံနိုင် လောက်အောင် စွဲစွဲလမ်းလမ်းဖြစ်တာ ဘာဖြစ်နေတာလဲ။ (ဥပါဒါန်)။ ဒီတော့ တဏှာတို့ ဥပါဒါန်တို့ အသိုင်းအဝန်းနဲ့ အုံနဲ့ကျင်းနဲ့ လာတယ်လို့ မနက်ကလည်း ပြောခဲ့ပြီ။ (မှန်လှပါ)။

ဒီတော့မှ ကိုယ့်သားသမီး ကိုယ်ချစ်ရတာ။ ဒီရပ်ကွက်ထဲ ငါ့သားသမီးက သူများနဲ့ တူတာ မဟုတ်ဘူးကွ။ ငါက ဘယ်လိုမွေးထားတာ ဟော။ ဒီအသံ တခြားအသံလား၊ မာနသံလား။ (မာနသံပါဘုရား)။ ငါ့သားသမီးကြည့်စမ်း။ ရုပ်ရည်ကလည်း သူများနဲ့ မတူဘူး။ လာတာနော်။ သားသမီး ချင်းယှဉ်လိုက်ရင် ကိုယ့်သားသမီးသာ ချောနေတာပဲဗျ။ မိဘတိုင်းရဲ့ နှလုံးသားက ဒီတိုင်းမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဘယ်လောက်ပဲ အကျည်းတန်နေနေ ကိုယ့်သားသမီး ကိုယ်ချောတယ်ထင်တာပဲ။ အဲဒါဘယ်သူ့သတ္တိ (တဏှာ၊ ဥပါဒါန်)။

အဲဒီတော့ စွဲလမ်းတာက ဥပါဒါန်။ ဒီအပေါ်မှာ သားသမီးနဲ့ ပတ်သက်ပြီးတော့ ထောင် ထောင်လွှားလွှားတွေ ဖြစ်လာတာက မာန်မာန။ ဘာဖြစ်တာလဲ။ (မာန်မာန)။ အဲဒီတော့မှ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



သားသမီးနဲ့ပတ်သက်ပြီးတော့မှ အေး–ဒီကလေးတွေ ကြီးလာတဲ့အခါကျတော့ အားကိုးရဦးမယ်ဟ။ စိတ်က၊ စိတ်က။ အဲဒီတော့ မင်းတို့ ကြိုးစားကြစမ်းပါကွာ။ ငါတို့ အဖေ၊ အမေတွေ ကြီးလာတဲ့အခါကျတော့ မင်းတို့ပဲ အားကိုးရမယ်။ ပါးစပ်က မပြောဘူးလား။ (ပြောပါတယ်)။ စိတ်ကကော မကြံဘူးလား။ (ကြံပါတယ်)။ စိတ်ကကြံတာက တခြားကံလား၊ မနောကံလား။ (မနောကံပါဘုရား)။ ပါးစပ်က ပြောတာက ဝစီကံ။ အဲဒီတော့မှ ဒကာ၊ ဒကာမတွေ မစားရက် မသောက်ရက် မဝတ်ရက် သားသမီးနဲ့ ပတ်သက်ပြီး ဒီမိဘ ကိုယ်မစားဘူး။ သူတို့စားရင် ပြီးနေတာပဲ၊ ကိစ္စမရှိဘူးကွာ၊ မင်းတို့စားရင် ငါဝသလိုပါပဲ။ တကယ်တော့ ဝပါ့မလား။ (မဝပါဘူး)။ အလကားပြောတာ။ မစားရင်မဝဘူး။ အဲဒီတော့ လောကွတ်တွေ ချော်ပြောနေတာ–နော်။

ဒီတော့ ဒီသားသမီးနဲ့ ပတ်သက်ပြီးတော့ ယုယပြုစုစောင့်ရှောက်နေတော့ တခြားလား၊ ကာယကံလား။ (ကာယကံပါဘုရား)။ ဒါ–ယောဂီတို့ နေ့စဉ်တွေ့ရမယ့် ခန္ဓပဋိစ္စသမုပ္ပါဒ် နော်။ အဲ–အဲဒီတော့ ဒီအဖေ အမေ ကံမြောက်သွားပြီ၊ တစ်နေ့ တစ်နေ့ ကံမမြောက်ဘူးလား။ မျက်စိကနေ မြောက်တဲ့ကံနော်။ မျက်စိကနေ မြောက်လိုက်တဲ့ ကံက ဘယ်နှမျိုးလာသလဲ။ ဒီမှာ–သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန် ကံဆိုတော့ ဟိုဘက် ပဋိစ္စသမုပ္ပါဒ်ဆက်လိုက်။ ကမ္မဘဝ ပစ္စယာ (ဇာတိပါဘုရား)။ ဒီလိုဖြင့်ရင် အဲဒီ အဖေ အမေက ဒကာ၊ ဒကာမတွေ ကံမြောက်ပြီဆိုတော့ ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား)။ ဒီအဖေအမေ ဒုက္ခရောက်တော့မယ်။ ဘယ်လို ဒုက္ခရောက်မလဲ။ ဆရာတော်ဘုရားကြီး ပွင့်ပွင့်လင်းလင်းကို မိန့်ထားတယ်နော်။ ဘယ်လို ဒုက္ခရောက်မလဲဆိုတော့ ဒီသားသမီးက ဟော့ သူများသားသမီး မဟုတ်ဘူးကွ။ ငါ့သားသမီးဆိုတော့ ငါဆိုတာ တခြားလား။ ဒိဋ္ဌိလား။ (ဒိဋ္ဌိပါဘုရား)။ ငါ့သားသမီးက သူများသားသမီးနဲ့ မတူဘူးဆိုတော့ တခြားလား။ မာနလား။ (မာနပါဘုရား)။ ငါ့သားသမီးကို ငါလို ဘယ်သူမှ မချစ်နိုင်ဘူးဆိုတော့ တခြားလား။ တဏှာလား။ (တဏှာပါဘုရား)။ ဟော ဒိဋ္ဌိရယ်၊ တဏှာရယ်၊ မာနရယ်။ ကြည့်စမ်း၊ ဒကာ၊ ဒကာမတွေ။ သားသမီးနဲ့ ပတ်သက်ပြီးတော့ ဒီမိခင်ရဲ့ရင်ထဲမှာ ဖြစ်နေတာ ဒိဋ္ဌိရယ်၊ တဏှာရယ်၊ မာနရယ်။ အဲဒီသုံးမျိုးကို ပပဉ္စတရားလို့ခေါ်တယ်။ ဘာတရား။ (ပပဉ္စတရားပါဘုရား)။ ဟုတ်ပြီ။ ပပဉ္စတရား ဆိုတာ အရှင်ဘုရား ဘာဖြစ်မလဲ။ မေး။ ပပဉ္စတရားဆိုတာ သံသရာနယ်ချဲ့တရားကို ပြောတာ။ သံသရာထဲမှာ တဝဲလည်လည်နေရတာက ဒီတဏှာ မာနဒိဋ္ဌိဆိုတဲ့ နယ်ချဲ့တရား၊ ပပဉ္စတရားကြောင့်လို့ မှတ်လိုက်ပါ။

ဒီတော့ ဒကာ၊ ဒကာမတွေ စဉ်းစားကြည့်စမ်းနော်။ အမလေး ဒီသားသမီး မွေးရ ကျွေးရ ကိုးလ ဆယ်လလွယ်ပြီး မွေးရသေး။ သေတော့လည်း သူတို့မှီပြီး အပါယ်ကျဦးမယ်ဆိုတော့ ဘယ်နှစ်ခါနာရဦးမှာလဲ။ (နှစ်ခါနာရပါတယ်ဘုရား)။ မွေးရ၊ ကျွေးရ၊ စောင့်ရှောက်ရတာက ပင်ပန်းလို့ တစ်ခါနာရတယ်။ အခု သူတို့ ချစ်လို့ခင်လို့ သေပြန်ရင်လည်း ကိုယ်ကတစ်ခါ အပါယ်ကျဦးမယ်ဆိုတော့ ဘယ်နှစ်ခါ နာတာလဲ။ (၂–ခါ နာပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ကို မသင်လို့ နားမလည်ရင် ကိုယ့်ကိုယ်ကို အဟုတ်ကြီး ထင်တာ။ ခုလို ပဋိစ္စသမုပ္ပါဒ်လည်းထောက်ပြလိုက်ရော ဒကာ၊ ဒကာမတွေဟာ ဒုက္ခပဲ သားသမီးတွေ မွေးထားတာ ဘယ်ချောင်ထိုးရမလဲ မသိဖြစ်ကုန်ရော။ သို့ပေမဲ့ မထိုးပါနဲ့ မထိုးပါနဲ့နော်။ ကိုယ့်သားသမီးတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက် ကံစပ်လို့ ဒီဘဝမှာ အဖေ အမေဖြစ်။ ဒီဘဝမှာ သူကသားဖြစ် ကိုယ်က အဖေအမေဖြစ်ပေါ့နော်။ လာပြီး မဆုံဘူးလား။ (ဆုံပါတယ်ဘုရား)။ အဲဒီလို ဆုံတဲ့အခါကျတော့ နှလုံးသွင်းမှန်ဖို့ အခုကျေးဇူးပြုနေတာ။

ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီး မိန့်သွားတာ။ ဒကာ၊ ဒကာမတွေ ခင်ဗျားတို့ သိပ်လောကွတ်ချော်မနေတဲ့။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးသော ဒကာ၊ ဒကာမတွေက ဘူတာရုံ ခရီးသွားတဲ့လူတွေမို့ ဆရာတော် ဒီအတိုင်း ဥပမာ တိုက်ရိုက်ဟောတာ။ ဘူတာရုံခရီးသွားတယ် ဆိုတာက ရထားမထွက်ခင် ခေတ္တခဏ အကုန်စုပြီးတော့ နေကြတာ မဟုတ်လား။ ဥပမာ-- ရန်ကုန်ဘူတာကြီးဆိုပါစို့။ မန္တလေးသွားမယ့်သူရှိတယ်။ မော်လမြိုင်သွားမယ့်သူရှိတယ်။ ပြည်သွားမယ့်သူရှိတယ်။ ကိုယ်သွားမဲ့ခရီးလမ်းကို လက်မှတ်ကလေးတွေ ဝယ်ပြီးတော့ ရထားစီးဖို့ မစောင့်ဘူးလား။ အေး- အဲဒီလို ဘူတာရုံစောင့်တဲ့အခါမှာ ပြည်ကညှော်သည်နဲ့ မော်လမြိုင်က ညှော်သည်နဲ့ မန္တလေးသွားမယ့်ညှော်သည်နဲ့ ရန်ကုန်ညှော်သည်နဲ့ ဒီမှာ ကြုံကြိုဆုံကြတာလေ။ အေး- အချိန်လည်း ကျရော ကိုယ့်ရထားကိုယ်တက်ပြီးသွားတော့ ဘူတာတစ်ယောက်မှ မကျန်ရစ်ခဲ့ဘူး။ ဟော- ကိုယ့်လမ်းတွေ ကိုယ်သွားကြတာ မဟုတ်ဘူးလား။

အဲဒီ ဥပမာလိုပါပဲတဲ့။ ယနေ့ ဘဝတစ်ခုမှာ လာပြီး ဆရာတွေ တပည့်တွေ သားတွေ သမီးတွေ ဇနီးတွေ ခင်ပွန်းတွေ မိသားစုတွေ ဆွေတွေ မျိုးတွေ ဘာတွေ ညာတွေ လာပြီးဆုံတာက အကြာကြီးလား။ ခဏလေးလား။ (ခဏလေးပါ ဘုရား)။ ဘူတာရုံမှာ ရထားစီးဖို့ စောင့်နေတဲ့ အချိန်လေးပဲရှိပါတယ်။ အချိန်တန်ကျတော့ သူ့လမ်းသူသွား။ ကိုယ့်လမ်း ကိုယ်သွား။ ဒီလိုဖြင့် သူ့လမ်းသူသွားတာ။ ဒကာ၊ ဒကာမတွေ ဝမ်းနည်းစရာရှိရဲ့လား။ (မရှိပါဘူး)။ အေး- အဲဒီတော့ ခဏလေး ဘူတာရုံတွေ့တဲ့အခါ သူ့လမ်းသူသွားတာ။ အမလေး- ငါလွမ်းလို့ဟယ်။ ငိုလိုက်ရတာ။ ဟော ဘာမှလည်းဟုတ်တာမဟုတ်ဘူး။ ကွယ်ရာကျတော့ အလကားပဲနော်။ ရှေ့တင်တော့ သူလွမ်းလို့ဟယ်၊ ငါငိုလိုက်ရတာ မျက်နှာလည်း ပြုပြီး မျက်ရည်တွေကျတယ်ဆိုတာ စသဖြင့် မလာဘူးလား။ ဒါက ဥပမာဆောင် ဟောတာပေါ့။ ဥပမေယျ ကြည့်တဲ့အခါကျတော့ ဒီဘဝမှာ အဖေရယ်၊ အမေရယ်၊ သားရယ်၊ သမီးရယ်၊ ဇနီးရယ်၊ ခင်ပွန်းရယ် လာပြီးတော့ တစ်ဘဝဆုံငြား သော်လည်း တစ်ချိန်ကျတော့ သူ့လမ်းသူလျှောက် ကိုယ်လမ်း ကိုယ်လျှောက်တာ။

## အရှုံးစာတင်ခင်းရမယ်

ဒီလိုဖြင့် သူ့လမ်းသူလျှောက် သွားတော့ ဝမ်းသာစရာကော ရှိရဲ့လား။ (မရှိပါဘူး)။ ဝမ်းနည်းစရာကော ရှိရဲ့လား။ (မရှိပါဘူး)။ သူ့လမ်းသူလျှောက် ကိုယ့်လမ်း ကိုယ်လျှောက်တယ် ဆိုတာက အဲဒါ ခန္ဓာရဲ့လမ်းစဉ်။ အဲဒီခန္ဓာရဲ့ လမ်းစဉ်ကို သိတဲ့အခါကျတော့ ဝမ်းသာစရာလည်းမရှိ၊ ဝမ်းနည်းစရာလည်း မရှိ၊ သူလွမ်းစရာ ဆွေးစရာလည်း မရှိဘူး။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ် ဘုရား)။ အဲဒီတရားသဘောကို သဘောမပေါက်တဲ့အခါကျတော့ ဒကာ၊ ဒကာမတွေ ခုနပြောသလို လွမ်းတာတွေရော၊ ဆွေးတာတွေရော၊ ဘာတွေရော၊ ညာတွေရော မလာဘူးလား။ (လာပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဘုရား)။ အဲဒါကြောင့်မို့လို့ အဲဒါက အရှုံးထနေတာ။ ဘာဖြစ်နေတာလဲ။ (အရှုံးထနေတာပါဘုရား)။ ဒီတရားမနာရရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘယ်ဇာတ်ထုပ် ခင်းရမလဲ။ အရှုံးဇာတ်ပဲ ခင်းရမှာပဲ။ တစ်သံသရာလုံးက မရှုံးခဲ့ဘူးလား။ (ရှုံးခဲ့ပါတယ်)။ လောဘနဲ့ ရှုံးခဲ့တယ်။ ဒေါသနဲ့ရှုံးခဲ့တယ်။ မောဟနဲ့ ရှုံးခဲ့တယ်။ ခင်မင်တာတွေ တွယ်တာတာတွေ ဘာတွေ ညာတွေ မရှုံးဘူးလား။ (ရှုံးပါတယ်)။ အဲဒါကြောင့် မြတ်စွာဘုရားက "ပုထုဇ္ဇနော ဥမ္မတ္တကော" ဆိုတာ တခြားမမြင်တာ မဟုတ်ဘူး။ ဟောဒီခန္ဓာတွေကို မမြင်တာ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

**အချစ်ဘယ်ကစ**

ခုပဲ မျက်စိကနေ ခန္ဓာတွေ ပဋိစ္စသမုပ္ပါဒ်ဆက်တာကိုမြင်တော့ အမလေး ကြောက်စရာကြီးဟ။ ဒီမျက်စိတောင် ဒကာ၊ ဒကာမတွေ ထိုးဖောက်ရမယ့်အတိုင်း။ ဒီသားသမီးတွေတောင်မှပဲ ချောင်ထိုးထားရမယ့်အတိုင်း မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။ အဲဒါက ပဋိစ္စသမုပ္ပါဒ်ကနေ (၃) ကို ကူးသွားတဲ့အဓိပ္ပာယ်ပဲ။ အင်မတန်ကြောက်စရာကောင်းပါတယ် ယောဂီတို့။

ဒီတော့ ယနေ့ ဒီပဋိစ္စသမုပ္ပါဒ်ကို သင်တဲ့အခါကျတော့ ဒကာ၊ ဒကာမတွေ။ မျက်စိရှိရင် မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ မြင်တိုင်း မြင်တိုင်း တခြားလုပ်ရမှာလား။ ရှုရမှာလား။ (ရှုရမှာပါဘုရား)။ များများမရှုချင်နေပါစေ။ မြင်တာကို မြင်တယ်လို့ အသိပဲသိထားရင်ဆိုရင်ပဲ ဟောကျေးဇူးမများဘူးလား။ (များပါတယ်)။ မြင်တာကို မြင်တယ်ဆိုတဲ့ အသိလေး သိလိုက်တော့ သတိပဋ္ဌာန်။ မြင်တာသည် ယောက်ျား မိန်းမ သားသမီးမြင်တာလား၊ ရုပ်နာမ်ကို မြင်တာလား။ (ရုပ်နာမ်ကို မြင်တာပါ ဘုရား)။

တရားနည်းနည်းမြင့်လာပြီးနော်။ (မှန်လှပါ)။ သားသမီးမြင်ရမှာလား။ ရုပ်နာမ်ကို မြင်ရမှာလား။ (ရုပ်နာမ်ကို မြင်ရမှာပါဘုရား)။ ဖနီး ခင်ပွန်းမြင်ရမှာလား။ ရုပ်နာမ်မြင်ရမှာလား။ (ရုပ်နာမ်မြင်ရမှာပါဘုရား)။ သားသမီးရယ်၊ ဖနီးခင်ပွန်းရယ် ဘာရယ်ညာရယ်မြင်ရင် ဝေဒနာပစ္စယာ (တဏှာပါဘုရား)။ တဏှာပစ္စယာ (ဥပါဒါန်)။ ဥပါဒါနပစ္စယာ (ကမ္မဘဝ)။ ကမ္မဘဝ ပစ္စယာ (ဇာတိ)။ ဟို တစ်နေ့က ဒကာ၊ ဒကာမတွေ "ဇဋိလ" အကြောင်း ဘုန်းကြီး ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ် မှာ ဟောခဲ့ပြီးပြီ။ "ဇဋိလ" ရဲ့ အမေ သူဌေးသမီး ဘုံ ရ–ဆင့်ကနေ ဒုက္ခရောက်သွားတာ တခြား ကရောက်တာလား၊ မျက်စိက ရောက်တာလား။ (မျက်စိက ရောက်တာပါဘုရား) အကယ်လို့သာ အဲဒီသူဌေးသမီး မွေးကတည်းက ကန်းနေရင် ဒုက္ခရောက်ပါ့မလား။ (မရောက်ပါဘူးဘုရား)။ ကဲ–စဉ်းစားကြည့်၊ ဟိုမှာ ဝိဇ္ဇာဓိုရ်နဲ့ သွားပြီးတွေ့လိုက်တော့ သဠာယတန ဖဿ ဝေဒနာ။ ဝေဒနာပစ္စယာ တဏှာ။ ဝိဇ္ဇာဓိုရ်ကို ခင်တာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်။ မမြင်ရ မနေနိုင် စွဲလမ်းတာကနေ နောက်ဆုံးတော့ ဝိဇ္ဇာဓိုရ်နဲ့ အတူနေတာက ကမ္မဘဝ။ ကမ္မဘဝပစ္စယာ ဇာတိ။ သူဌေးသမီး ဒုက္ခမရောက်ဘူးလား။ (ရောက်ပါတယ်)။ ဒီလိုဖြင့် ဒီသူဌေးသမီး ဒုက္ခရောက်တာ။ တခြားက စတာလား၊ မျက်စိက စတာလား။ (မျက်စိက စ,တာပါဘုရား)။

မျက်စိပဋိစ္စသမုပ္ပါဒ်ကို မဖြတ်လို့ ဒုက္ခရောက်သွားတာနော်။ ကဲ ––ဒီလိုဖြင့်ရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေဟာလည်း အခု သုခတွေနဲ့လား၊ ဒုက္ခတွေနဲ့လား။ (ဒုက္ခတွေနဲ့ပါဘုရား)။ မွေး



www.burmeseclassic.com

www.burmeseclassic.com



တုန်းက အဲဒီဒုက္ခတွေပါရဲ့လား။ (မပါပါဘူးဘုရား)။ ဘယ်လိုဘယ်လိုရောက်လာတာလဲ။ မျက်စိကစတာ။ အမေမွေးတုန်းက နှစ်ယောက်တွဲ မွေးတာလား၊ တစ်ယောက်ထဲလား။ (တစ်ယောက်ထဲပါဘုရား)။ မျက်စိက အငြိမ်မနေနိုင်ဘူးလေ။ စဉ်းစားကြည့် ယောဂီတို့ ကဲ။ မျက်စိရှိတာ မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ ဟောမြင်တော့ ကြင်နာတာတွေ ဖြစ်လာရော၊ ခင်တာတွေ ဖြစ်လာရော။ စွဲလမ်းတာတွေ ဖြစ်လာရော။ သူနဲ့ သူမရှိမဖြစ်ဘူးဆိုတော့ ကမ္မဘဝပစ္စယာ ဇာတိ၊ ဒုက္ခတွေ ရောက်ကုန်ရော၊ ခုမှပဲ ငါလည်း ဒုက္ခတွေရောက်လိုက်တာ။ ဒကာ၊ ဒကာမတွေ ခါးစည်းသာခံတော့။ ခြေလွန်လက်လွန်ဖြစ်ကုန်ပြီလေ။ သဘောပါရဲ့လား။

သို့သော် ဘုန်းကြီးတို့ ယောဂီများ ဆွေတော် မျိုးတော်တွေ အားမငယ်ပါနဲ့။ အနာရှိရင် ဆေးရှိတယ်။ ဟိုကနေ ပြီးတဲ့ကိစ္စ ပြီးပြီထား။ အတိတ်ကိုလည်း ပြန်မကြဲနဲ့။ အတိတ်ကို ပြန်တွေးစရာလိုသေးလား။ (မလိုပါဘူးဘုရား)။ ပြီးသွားပြီ။ မစဉ်းစားနဲ့တော့နော်။ အနာဂတ်သည် မနက်ဖြန်သည် မရောက်သေးတဲ့အတွက် မစဉ်းစားနဲ့။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ အတိတ် လည်းမပြန်နဲ့ အနာဂတ်လည်း မကြဲနဲ့။ ဘာတဲ့လဲ။ (အတိတ်လည်း မပြန်နဲ့၊ အနာဂတ်လည်း မကြဲနဲ့။ အေး–တို့ဘဝတွေ ဘယ်လိုကနေ ဘယ်လိုစပြီး ဘယ်လိုဖြစ်လာလို့ ဘယ်လို သားတွေ သမီးတွေ ဆွေတွေမျိုးတွေနဲ့ ဘယ်လိုဖြစ်လာလဲလို့ မကြဲနဲ့တော့၊ မပြန်နဲ့တော့။ မနက်ဖြန်ကျတို့ ဘာလုပ်ရဦးမယ်ဆိုတာလည်း မကြဲနဲ့တော့၊ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်)။ အဲဒီလို ပစ္စုပ္ပန် တည့်တည့်ကို ဒကာ၊ ဒကာမတွေ ရှုတာသည် တခြားလား၊ ဝိပဿနာလား။ (ဝိပဿနာပါဘုရား)။ အဲဒီတော့ ဝိပဿနာဆိုတာ ပစ္စုပ္ပန်တည့်တည့်ပဲရှုတယ်။ ရှင်းပြီနော်။

အဲဒီတော့ မြင်ရင် တခြားရှုရမှာလား၊ မြင်တယ်လို့ ရှုရမှာလား။ (မြင်တယ်လို့ ရှုရမှာပါဘုရား)။ ဒီတော့ မြင်တာသည် တခြားလား၊ ရုပ်နဲ့ နာမ်လား။ (ရုပ်နဲ့နာမ်ပါဘုရား)။ အမြင်ခံရတာ ရုပ်နဲ့ နာမ်ပဲ။ ရှင်းပြီနော်။ အဲဒီတော့ မြင်လိုက်တဲ့ ရုပ်နာမ်ကို မြင်တယ်လို့ သိလိုက်တာသည် တခြားလား၊ မဂ္ဂင် ၅–ပါးလား။ (မဂ္ဂင် ၅–ပါးပါဘုရား)။ အမြတ်ထွက်သွားပြီ။ အမြတ်ထွက်သွားပြီ။ မြင်လိုက်တဲ့ မဂ္ဂင် ၅–ပါးနော်။ အဲဒီ မြင်လိုက်တဲ့ အခါကျတော့ ဒီမြင်တဲ့ ရုပ်နာမ်သည် မြဲသလား၊ မမြဲဘူးလား။ (မမြဲပါဘူးဘုရား)။ မမြဲဘူးလို့ သိလိုက်တဲ့အခါကျတော့ တခြားသေတာလား၊ သဿတဒိဋ္ဌိ သေတာလား။ (သဿတဒိဋ္ဌိ သေတာပါဘုရား)။ မြင်တယ် မြင်တယ်လို့ ဆက်မှတ်တော့ နောက်တစ်ခါ အစားမထိုးဘူးလား။ (အစားထိုးပါတယ်ဘုရား)။ အစားထိုးတယ်လို့ သိလိုက်တဲ့အခါကျတော့ ပြတ် သွားတာလား၊ အစားထိုးတာလား။ (အစားထိုးတာပါဘုရား)။ ဒီလိုဖြင့် ပြတ်တယ် တောက်တယ် ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ မသေဘူးလား။ (သေပါတယ်ဘုရား)။ ဒီလိုဖြင့် ပုံသေနည်းကို ယောဂီတို့ မှတ်ထား။

♦ **အပျက်ကို မြင်ရင် သဿတဒိဋ္ဌိသေ။**
**အစားထိုးတာ(ဖြစ်တာ)ကို မြင်ရင် ဥစ္ဆေဒဒိဋ္ဌိသေ။**

အဲဒီတော့ ဖြစ်ပျက်ဆိုတဲ့ စကားလုံးနဲ့ နိဂုံးချုပ်နော်။

အဲဒီဖြစ်တာတွေဟာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေလား။ ခန္ဓာတွေလား။ (ခန္ဓာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပါဘုရား)။ ခန္ဓာကို ခန္ဓာလို့ သိလိုက်ပြီဆိုကတည်းက သက္ကာယဒိဋ္ဌိမသေဘူးလား။ (သေပါတယ် ဘုရား)။ ဟော--ယောဂီတို့ ဆရာသမား၏ဉာဏ်ကို မှီ၍ အနုဗောဓဉာဏ်နော်။ ဆရာသမား၏ ဉာဏ်ကို မှီတာက အနုဗောဓဉာဏ်လို့ ခေါ်တယ်။ ကိုယ်တိုင်းကိုယ်ကျ လက်တွေ့ကျကျ အားထုတ် တာက ပဋိဝေဓဉာဏ်လို့ ခေါ်တယ်။ အခု ယောဂီတို့ ဉာဏ် ၂ ဉာဏ်ရရမယ်။ ကဲ-ဆို အနုဗောဓဉာဏ်၊ ပဋိဝေဓဉာဏ်။ အနုဗောဓဉာဏ်ဆိုတာ ဆရာ့ဉာဏ်ကို မှီတာ။ အခုယောဂီတို့ကို ပဋိစ္စသမုပ္ပါဒ်ကို ပြောနေပြီ။ ဟာ- ပေါ်ဆဲ ရုပ်နာမ်သည် ဖြစ်တယ်။ ပျက်တယ်။ ဒီလိုရှုပါဆိုတာ ယောဂီတို့ သိသွားပြီ။ ဘယ်သူ့ဉာဏ်ကို မှီသိတာလဲ။ (ဆရာ့ဉာဏ်ကို မှီသိတာပါဘုရား)။ ဂုဏ်တက်သွားပြီ ယောဂီတို့။

ကိုယ်တိုင်ကိုယ်ကျလေး မျက်စိလေးပဲ မှိတ်မှိတ်၊ လက်တွေ့ကျကျ အားထုတ်လိုက်ရင် ဒီအတိုင်း တကယ်မမြင်ရဘူးလား။ (မြင်ရပါတယ်ဘုရား)။ အဲဒီဉာဏ်သည် တခြားဉာဏ်လား။ ပဋိဝေဓဉာဏ်လား။ (ပဋိဝေဓဉာဏ်ပါဘုရား)။ သို့ဖြင့် ယောဂီတို့မှာ ဉာဏ် ၂-ဉာဏ်ရရမယ်။ အနုဗောဓဉာဏ်ရယ်။ ပဋိဝေဓ ဉာဏ်ရယ်။ အဲဒီဉာဏ် ၂-ဉာဏ်နဲ့ ရှုလိုက်ရင်၊ ယောဂီတို့ ကြည့် ဒီတရားက မရဘဲမရှိဘူး။ ရှင်းကောရှင်းရဲ့လား။ အဲဒီတော့ ခုနပြန်ပြောမယ်။ အပျက်ကို မြင်ရင် ဘာဒိဋ္ဌိသေ။ (သဿတဒိဋ္ဌိ သေပါတယ်ဘုရား)။ အဖြစ်ကို မြင်တော့ ဘာဒိဋ္ဌိသေ။ (ဥစ္ဆေဒ ဒိဋ္ဌိ သေ ပါတယ်)။ အဲဒီဖြစ်ပျက်တာ ပုဂ္ဂိုလ်သတ္တဝါ၊ ယောကျာ်း မိန်းမတွေလား၊ ခန္ဓာတွေလား။ (ခန္ဓာတွေ ပါဘုရား)။ စကတည်းက ခန္ဓာကို ခန္ဓာလို့ သိလိုက်တော့ ဘာဒိဋ္ဌိသေ။ (သက္ကာယဒိဋ္ဌိ သေပါတယ် ဘုရား)။ ဒီလိုဖြင့်ရင် အဲဒါကို ဆရာသမား၏ဉာဏ်ကို မှီပြီး အသိနဲ့ ဒိဋ္ဌိသေရင် စူဠ သောတာပန်၊ ဘယ်လောက်ဝမ်းသာစရာကောင်းလဲ။ စူဠသောတာပန်ကနေ ကိုယ်တိုင်ပွားများ အားထုတ်လိုက်လို့ အပွားနဲ့ အပယ်နဲ့ ဒိဋ္ဌိသေရင် မဟာသောတာပန်။

အဲဒီတော့ စူဠသောတာပန်ဆိုတော့ အရှင်ဘုရား ဘာကျေးဇူးများမလဲ။ ဟုတ်ပြီ။ တစ်ဘဝ၊ နှစ်ဘဝ အပါယ်မကျဘူး။ အာမခံချက်ရှိတယ်။ ဘာတဲ့လဲ။ (တစ်ဘဝ၊ နှစ်ဘဝ အပါယ် မကျပါဘူး ဘုရား)။ ဒီမှာ ဒါ သိပ်အရေးကြီးပါတယ်။

ဟော- ယနေ့ ယောဂီတို့က ဟောဒီ ပဋိစ္စသမုပ္ပါဒ်တရားကို နာတဲ့အခါကျတော့ ရုပ်ပဲနာမ် ပဲလို့ သိလိုက်ရင် ဘာဒိဋ္ဌိသေ။ (သက္ကာယဒိဋ္ဌိ သေပါတယ် ဘုရား)။ အဲဒီ ရုပ်နာမ်ကို သူများပါးစပ်ဖျားကို လမ်းမဆုံးဘဲနဲ့ ကိုယ်တိုင်ကိုယ်ကျ စောင့်ပြီး ရှုလို့ရှိရင် အပျက်ကိုမြင်ရင် ဘာဒိဋ္ဌိသေ။ (သဿတ ဒိဋ္ဌိ သေပါတယ်ဘုရား)။ အစားထိုးတာမြင်ရင် ဘာဒိဋ္ဌိသေ။ (ဥစ္ဆေဒဒိဋ္ဌိသေပါတယ်ဘုရား)။ အဲဒါကို ဆရာသမားဟောတာလေးကို သေသေချာချာ ဂဃနဏနားလည်လို့ သဘောပေါက်ရင်ကိုပဲ စူဠသောတာပန် မဖြစ်ဘူးလား။ (ဖြစ်ပါတယ်)။ ဟော--အာမခံချက်ရသွားပြီ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ ဒီလိုဖြင့် ယောဂီတို့ ယနေ့နာတဲ့ ပဋိစ္စသမုပ္ပါဒ်တရား သစ္စာတရားသည် အာမခံချက်ရှိသော တရားလို့ ဆုံးဖြတ်ချက်ချ။ အဲဒီ အာမခံချက်ရှိတာသည် တခြားတရားနာ လို့လား။ ပဋိစ္စသမုပ္ပါဒ်တရားနာလို့လား။ (ပဋိစ္စသမုပ္ပါဒ်တရားနာလို့ပါဘုရား)။ ဆက်တာကိုလည်း သိရမယ်။ ဖြတ်တာကိုလည်းသိမယ်။

အဲဒီလို မျက်စိပဋိစ္စသမုပ္ပါဒ် နာပြီးတော့ မဖြတ်ရင် နေ့စဉ်နေ့တိုင်း ပဋိစ္စသမုပ္ပါဒ် မဆက်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား။ (ဆက်ပါတယ်ဘုရား)။ တစ်နေ့ အကြိမ်ပေါင်း ဘယ်လောက်ဆက်။ (မရေမတွက်နိုင်ပါဘူးဘုရား)။ ဒီကနေ့ ခေတ်စားနေတဲ့ ကွန်ပျူတာနဲ့ တွက်တောင် ကွန်ပျူတာ ပျက်စီးသွားမယ်။ ဒီလောက်များတာ။ အဲဒါလောက်များတယ်ဆိုတယ်ဆိုတော့ကာ အပါယ်ကနေ တက်နိုင်ပါ့ဦးမလား။ (မတက်နိုင်ပါဘူးဘုရား)။ ဒီတော့ ဒီမဂ္ဂင်အလုပ်ကို မလုပ်သမျှ ကာလပတ်လုံး လူမဖြစ်သေးပါဘူး ယောဂီတို့။ လူဖြစ်သော်လည်း ထမင်းစားလို့ ကြီးတဲ့လူပဲရှိမယ်။ သေရင်အပါယ်ကျမယ့်လူပဲ ဖြစ်ပါတယ်။ အရေးမကြီးတာလား၊ အရေးကြီးတာလား။ (အရေးကြီးတာပါဘုရား)။

အဲဒီတော့ မျက်စိကနေ စတဲ့အတွက် မိမိတို့မှာ ဟိုမှာ အပါယ်ကို ရောက်တယ်။ ဒါကြောင့် ဆရာတော်ဘုရားများက လွယ်လွယ်ကူကူ မှတ်မိအောင် ဘာဆောင်ပုဒ်ကလေးပေးထားလဲဆိုတော့-

- **မျက်စိကဖြစ် တဏှာညစ်ကို**
  **ခွာပစ်နိုင်ရန် နင်သည်းခံ**
  **နိဗ္ဗာန်ရောက်မည် ကေန်တည်း။**

အဲဒီတော့ မျက်စိကနေ ဖြစ်လိုက်တော့ ဟော-- ဝေဒနာပစ္စယာ တဏှာ။ အဲဒီပုဂ္ဂိုလ် ဒုက္ခရောက်ပြီ။ ရှင်းပြီနော်။ အဲဒီတော့ ဝေဒနာနိရောဓာ တဏှာ နိရောဓော။ ဝေဒနာနိရောဓာ တဏှာနိရောဓောဖြစ်အောင် ဒကာ၊ ဒကာမတွေ ဝေဒနာဖြစ်တိုင်း ဖြစ်တိုင်း တခြားဝင်ရမှာလား၊ မဂ္ဂင်ဝင်ရမှာလား။ (မဂ္ဂင်ဝင်ရမှာပါ ဘုရား)။ ဘယ်နှပါး။ (၅-ပါးပါဘုရား)။ အဲဒီ မဂ္ဂင် ၅-ပါးနဲ့ မြင်ရင်မြင်တယ်လို့ သိလိုက်ရင် မဂ္ဂင် ၅-ပါးပဲ။ ဟော နားကကြားရင် ကြားတယ်လို့ သိလိုက်ရင် မဂ္ဂင် ၅-ပါး။ နှာခေါင်းက မွှေးရင်နံ့ရင် မွှေးတယ်နံ့တယ်လို့ သိလိုက်ရင် မဂ္ဂင် ၅-ပါးပဲ။ လျှာပေါ်မှာ ချိုရင်ချိုတယ်လို့သိရင် မဂ္ဂင် ၅-ပါး။ ဘယ်လောက် အဖိုးတန်လိုက်လဲ။ စိတ်ကကြည်ရင် ကြည်တယ်လို့သိရင် မဂ္ဂင် ၅-ပါး။ မနက်က ပြောခဲ့တယ်။ အဝတ်ဝတ်ရင် အဝတ်ဝတ်တာလေးကို သိရမယ်ပေါ့။

ဆိုဖာကုလားထိုင် ထိုင်တဲ့အခါကျတော့ မထိတွေ့ဘူးလား။ ထိရင် ထိတာလေးသိလိုက်ပါ ယောဂီတို့။ ထိုင်စမ်းပါ။ တကယ့်အကောင်းစားတွေ ထိုင်စမ်းပါ--နော်။ အကောင်းစားကို ထိုင်တဲ့အခါကျတော့ ထိရင် ထိတာကို သိရင် တခြားရတာလား၊ မဂ္ဂင်ရတာလား။ (မဂ္ဂင်ရတာပါဘုရား)။ အမလေး--ဒီလိုဆိုဖာကုလားထိုင်လေး ထိုင်လိုက်ရတာ။ ငါ့ကိုငြိမ့် ဖိမ်ကျသွားတယ်ဆိုတာ တခြားလှမ်းကြည့်တာလား။ ဒယ်အိုးလှမ်းကြည့်တာလား။ (ဒယ်အိုးလှမ်းကြည့်တာပါဘုရား)။ အဲဒီတော့ အိမ်မှာပစ္စည်းကောင်းကောင်းသုံးရင် သတိထားဦး။ ပစ္စည်းကောင်းကောင်းသုံးတာ ဟောဒီ ပဋိစ္စသမုပ္ပါဒ်သာ မဖြတ်ရင် သုံးတိုင်း သုံးတိုင်း တခြားကျေးဇူးပြုမှာလား၊ အပါယ်ကျေးဇူးပြုမှာလား။ (အပါယ်ကျေးဇူးပြု မှာပါဘုရား)။ ဒီမှာလေ ခုနစ်စဉ်တန်းတာ။ မနက်ကလည်း ကာယနဲ့ပတ်သက်တာ ယောဂီတို့ သင်ပြီးပြီလေ။ ရှင်းကောရှင်းရဲ့လား။ အဲဒီတော့ နားရှိတော့ နားပဋိစ္စသမုပ္ပါဒ်။ မျက်စိရှိတော့ မျက်စိပဋိစ္စသမုပ္ပါဒ်။ လျှာရှိတော့ လျှာပဋိစ္စသမုပ္ပါဒ်ပေါ့။ လျှာပဋိစ္စသမုပ္ပါဒ်ကတော့ နေ့တိုင်း ယောဂီတို့ကို သင်နေတာပဲ။

## ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



## ရေကန်၏အပြစ်မဟုတ်

အဲဒီတော့ ယောဂီတို့က တစ်သက်လုံး တစ်သံသရာလုံးက တစ်ကိုယ်လုံး ပေလာတဲ့ ရွှံ့တွေပေါ့လေ။ တစ်ကိုယ်လုံး ပေလာတယ်ဆိုတာက မစင်နဲ့တူတယ်ပေါ့။ ကိလေသာဆိုတာ တခြားနဲ့တူတာလား၊ မစင်နဲ့တူတာလား။ (မစင်နဲ့တူတာပါ ဘုရား)။ တစ်ကိုယ်လုံး တစ်ထည်လုံး တစ်သက်လုံး တစ်ခါတည်းမှကို နှာခေါင်းကို မတင်နိုင်လောက်အောင် နံလာတဲ့ မစင်တွေ ပေလာ တယ်ထားဦးတော့။ ဒီကနေ့ ရေတစ်ချက်ကလေး ချိုးချလိုက်ရင် မပျောက်ဘူးလား။ (ပျောက်ပါတယ် ဘုရား)။ ဒီကနေ့ တစ်သက်လုံး တစ်သံသရာလုံးက ဟောဒီ အာရုံ ၆-ပါး၊ ဒွါရ ၆-ပေါက်နဲ့ပေါ်တဲ့ အချိန်အခါမှာ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိတွေ ပေါ်နေတာက မစင်လူးနေတာနဲ့တူတယ်။

ယခုအချိန်ခါမှာ မြင်တိုင်း မဂ္ဂင်လေးကိန်းလိုက်တာက ရေဆေးတာနဲ့ တူတယ်။ ဒီတော့ ယောဂီတို့မှာ တစ်သက်လုံး တစ်သံသရာလုံးက ဒီအတိုင်း နေလာတာ မစင်တွေ ပေနေတာ။ မစင်တွေပေမှန်းသိရင် ဒီတိုင်းနေရမှာလား။ ရေဆေးရမှာလား။ (ရေဆေးရမှာပါဘုရား)။ ရှင်းကော ရှင်းရဲ့လား။ အဲဒါကြောင့်မို့လို့ ဟောဒီမှာ မိမိတို့မှာ မဂ္ဂင်ဆိုတဲ့ ရေရှိပါလျက်နဲ့ မဆေးဘူးဆိုရင် ကိုယ့်လောက်မိုက်တဲ့သူ ရှိဦးမလား။ ဒါကြောင့် ဝိသုဒ္ဓိရုံဆရာတော်ဘုရားကြီးက

- မစင်လူးလျှင် အေးကြည်လင်သည့်
  ရေစင်ရှိလျက် မဆေးရက်
  ကန်တွက် မဟုတ်ပေ။

အဲဒီတော့ မစင်တွေ ပေလို့ ကျုံလို့ ရှိရင် ရေလေးနဲ့ ဆေးလိုက်လို့ ရှိရင် ကိစ္စမပြတ်ဘူးလား။ (ပြတ်ပါတယ်ဘုရား)။ အဲဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ် ဆက်သွားတာ တခြားနဲ့တူတာလား၊ မစင်နဲ့ တူတာလား။ (မစင်နဲ့တူတာပါဘုရား)။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ် မဆက်ဘဲနဲ့ အခု တစ်ချက်ကလေး ဖြတ်လိုက်တာသည် တခြားနဲ့တူတာလား၊ ရေနဲ့တူတာလား။ (ရေနဲ့တူတာပါဘုရား)။ အဲဒီတော့ ယောဂီတို့ နားမှာလည်းပဲ ပဋိစ္စသမုပ္ပါဒ် သိပ်ကြောက်စရာကောင်းတယ်။

## အောင်နိုင်သူ

အဲဒီတော့ နားပဋိစ္စသမုပ္ပါဒ် ဖြတ်နိုင်ဖို့အတွက်က သတိပဋ္ဌာန်လေး ဦးစားပေး၊ ယောဂီတို့။ တရားကလည်း နိဂုံးချုပ်မယ်ဆိုတော့ အိမ်ပြန်တဲ့ အခါမှာ ဒါလေး သတိတော့ပေးလိုက်ပါရစေ။ နားရှိတယ်နော်။ နားက ပဋိစ္စသမုပ္ပါဒ်မဖြတ်ရင် ဟိုမှာမဆက်ဘူးလား။ အဲဒီတော့ နားကို ယောဂီတို့ အသုံးချပါ။ ဘုန်းကြီးတိုက်တွန်းချင်တာက ဟာ-ဒီလိုဖြင့် နားရှိတော့ ဘယ်လိုအသုံးချမလဲ။ ဒီတော့ ကောင်းတာလေး ကြားတော့လောဘ၊ သွားပြီ။ သူတို့ ပြောတာဆိုတာကို သိပ်မကြိုက်ရင် ဒေါသ၊ သွားပြီ။ နားအပေါ်မှာ ခန္ဓာပေါ်တာ မသိတော့ မောဟ၊ သွားပြီ။ တခြားသွားတာလား၊ အပါယ် သွားတာလား။ (အပါယ်သွားတာပါဘုရား)။ အဲဒီလိုမသွားအောင် ယောဂီတို့ သတိပဋ္ဌာန်လေး ကိန်းပါ။ အဲ အိမ်မှာ ဒကာကြီးတွေ ဒကာမကြီးတွေ ရှိတယ်။ ကိုယ့်ဇနီးမောင်နှံတွေရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော သတိပဋ္ဌာန်ကိုမလွှတ်စေနဲ့။ ဘုန်းကြီးတိုက်တွန်းချင်တာကနော် ဒါ––အိမ်ပါ လက်ဆောင်ပေးနေပြီနော်။ ဘာကို အားကိုးရမလဲ။ (သတိပဋ္ဌာန်ပါဘုရား)။ သတိပဋ္ဌာန်ကို အားကိုးရမယ်။ ဒီလိုဖြင့်ရင် ဒကာကြီးကလည်း ဒကာမကြီး ပြောတာကို မကြားဘူးလား။ (ကြားပါတယ်)။ ဒကာမကြီးကလည်း ဒကာကြီး ပြောတာကို မကြားဘူးလား။ (ကြားပါတယ်)။ သို့သော် ကြားတယ်ဆိုတာက မပြောလို့ ကြားတာလား၊ ပြောလို့ ကြားတာလား။ (ပြောလို့ကြားတာပါဘုရား)။

ကဲ– ဒီလိုဖြင့်ရင် အိမ်မှာ ဘုန်းကြီးတို့ ကိုယ့်ဆွေတွေ မျိုးတွေ မိတွေ ဖတွေ ဒကာကြီးတွေ ဒကာမကြီးတွေဟာ ဘယ်သူက ပိုပြီးတော့ ပူညံပူညံ အပြောများလဲ။ အဲဒီတော့ ကိုယ့်အကြောင်း ကိုယ်သိနော်။ အင်း– အပြောများရင် ကြားတော့မယ်။ အဲဒီတော့ ဒကာမကြီး အပြောများတယ်ဆိုရင် ဒကာကြီးတွေ သတိထားနော်။ ပြန်မပြောနဲ့။ ကြားတယ် ကြားတယ်လို့မှတ်နေနော်။ သူ့ဟာသူ မောပြီး ငြိမ်သွားလိမ့်မယ်။ ဟော–သူ့ဟာသူပြောနေတာ သူ့ဒေါသနဲ့သူသွားပြီ။ ဟိုမှာ– ဒယ်အိုး လှမ်းကြည့်တာ။ ဟော– ကိုယ်ကလည်း ကိုယ့်ဟာကိုယ် ကြားတယ် ကြားတယ်ဆိုတာက ဒကာ၊ ဒကာမတွေ ဒီမှာကြည့် နိဗ္ဗာန်ကိုသွားမှာ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ အဲဒီတော့ သူ့လမ်းသူလျှောက် ကိုယ့်လမ်းကိုယ်လျှောက်။ အဲဒီတော့ ကြားရင် ကြားတယ်လို့ တစ်ချက်က လေး ရှုလိုက်ရင် အဲဒါအောင်နိုင်သူဖြစ်သွားပြီ။ ရှင်းကောရှင်းရဲ့လား။ အဲဒါ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဒီနည်းနဲ့ ဖြတ်လိုက်ရင် ဒကာ၊ ဒကာမတွေ လောကမှာ အောင်ပါတယ်။

တရားကတော့ ဟောချင်သေးတယ်၊ တော်ဦးမှနော်။ ကဲ––တရားပွဲသိမ်းပြီး ဆုတောင်း မေတ္တာ ပို့လိုက်ကြရအောင်။

( သာဓု ––– သာဓု ––– သာဓု )



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁–ရက် (၃.၉.၂၀၀၂) နံနက်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

### မသိပြီး ပြီးနေ

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ --

ဤမွေသဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက်ရှိပြီလဲ။ (၉–ရက်မြောက်ပါဘုရား)။ ယနေ့ စခန်းပွဲ ၉–ရက်မြောက် နံနက်ဖြစ်သွားပြီနော်။ (မှန်လှပါ)။

၉–ရက်မြောက်နံနက်မှာ ဘုန်းကြီးတို့ ကြေညာထားတဲ့အတိုင်း ယောဂီများ ပရိယတ်သာသနာကိန်းဖို့ ဆရာ့တာဝန်ပဲလို့ မပြောဘူးလား။ (ပြောပါတယ်ဘုရား)။ အဲဒီ ပရိယတ်သာသနာ ယောဂီတို့ ကိန်းသွားရင် အရဏ်တက်တာပဲတဲ့။ ပရိယတ် သာသနာ ဘယ်လောက်ထိ ယောဂီတို့ကို ကျေးဇူးပြုနိုင်လဲဆိုရင် သေသေချာချာ ခန္ဓာဉာဏ်ရောက် သဘောပေါက်သွားပြီ၊ ဉာဏ်ထဲမှာ ရှင်းသွားပြီ၊ သံသယတွေ လွတ်သွားပြီဆိုရင် စူဠသောတာပန် စခန်းတက်လှမ်းနိုင်တာပဲပေါ့နော်။ (မှန်လှပါ)။ အဲဒီ စူဠသောတာပန် စခန်းတက်လှမ်းသွားလို့ရှိရင် အာမခံချက်ရှိပြီပေါ့။ (မှန်လှပါ)။

သာမန်ဒါန အာမခံလို့ရပါ့မလား။ (မရပါဘူးဘုရား)။ သာမန်သီလ အာမခံလို့ရရဲ့လား။ (မရပါဘူးဘုရား)။ ဒီလိုဖြင့်ရင် ယခုစူဠသောတာပန်စခန်း ရောက်သွားတာ အခု ယောဂီတို့ အားလုံးတွက် အာမခံချက်ရှိပြီ။ (မှန်လှပါ)။ ဘယ်လိုအာမခံချက်ရှိသလဲဆိုတော့ တစ်ဘဝ နှစ်ဘဝ တော့ အပါယ်စိတ်ချရတယ်။ မကျဘူးတဲ့နော်။ တစ်ဘဝနှစ်ဘဝ အပါယ်မကျဘူး။ ရိုးရိုး ဒီလိုတရားကို မနာ အားမထုတ်ရင် မိရိုးဖလာလောက်နဲ့ တင်းတိမ်နေလျှင် ဘုန်းကြီးတို့ ယောဂီတွေ အာမခံချက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပါ့မလား။ (မရှိပါဘူးဘုရား)။ ဒါ အင်မတန် အမြင့်တရားတွေ ဟောတဲ့အခါကျတော့ အထက်တန်း ဗုဒ္ဓဘာသာများအတွက် အရေးကြီးတယ်နော်။ (မှန်လှပါ)။

မြန်မာနိုင်ငံမှာရှိတဲ့ လူဦးရေနဲ့တွက်မယ်ဆိုရင် မူလတန်းဗုဒ္ဓဘာသာနဲ့ အလယ်တန်း ဗုဒ္ဓဘာသာလောက်များပါတယ်။ အထက်တန်းတက်လှမ်းနိုင်တဲ့ ပုဂ္ဂိုလ်က လူတစ်ရာ တစ်ယောက် မရှိသေးဘူး ယောဂီတို့။ ကမ္ဘာ့စံချိန်နဲ့တွက်ရင် ပြောမနေနဲ့တော့နော်။ အင်မတန် အရေးကြီးပါတယ်။ အဲဒါကြောင့် ပရိယတ်သာသနာအနေနဲ့ ကိန်းဖို့ကို ကဲ ၇–မျိုးကို သင်ကြမယ်လို့ ကြေညာတာပေါ့နော်။ ၇–မျိုးက ဘာတွေလဲ။ (ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ အရှုခံ၊ အရှုညာဏ်) ဆိုပြီးတော့ ယနေ့ ယောဂီတို့ကို အရှုခံနဲ့ အရှုညာဏ်ဆိုပြီးတော့ သီးသန့်လေး သင်တန်းသွားပါမယ်။ ဒါမှလည်းပဲ စခန်းပွဲတစ်ပွဲပြီးသွားတဲ့အခါ ထိုက်သည့်အားလျော်စွာ သိသင့်တာလေးလည်း သိသွားအောင်ပေါ့ ဟုတ်လား။ သို့သော် အကုန်တော့ မစုံဘူးနော်။ (မှန်လှပါ)။ ဒီ စခန်းလေး တစ်စခန်းသိရုံလောက်နဲ့ ဒကာ၊ဒကာမတွေ စုံတယ်လို့ မထင်နဲ့ ဟုတ်လား။ တကယ်တော့ ဘုန်းကြီးသင်ပေးရမှာ ပဋိစ္စသမုပ္ပါဒ် ၆–မျိုးကို တစ်ခုစီ အသေးစိတ် သင်ဖို့ကို ကျန်ပါသေးတယ်။ သို့သော် အဲဒါနဲ့တင် အချိန်ကုန်သွားမှာစိုးလို့ ဒီကနေ့ အရှုခံနဲ့ အရှုညာဏ်ဟာ ယောဂီတို့ လက်ထဲမှာ သင်တန်းစာရွက်တွေ ရှိတယ်နော်။ အဲဒီလက်ထဲက ရှိတဲ့သင်တန်းစာရွက်က ကျန် နေလို့မဖြစ်ဘူး။ အဲဒီတော့ ယနေ့သင်ရမယ့် သင်တန်းက စိတ္တာနုပဿနာ ရှုပွားနည်းကို ကျေးဇူးပြု ပါမယ်။

ဒီတော့ အနုပဿနာ ၄–ပါးရှိတယ်။ ဒါလေး ဗဟုသုတမှတ်ပါဦး။ ဘယ်နှစ်ပါးရှိ။ (၄–ပါး ရှိပါတယ်ဘုရား)။ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာရယ် အနုပဿနာ ဘယ်နှစ်ပါး။ (၄–ပါးပါဘုရား)။ အဲဒီ အနုပဿနာ ၄–ပါးဆိုတာ အရှုခံတရားကို ပြောနေပါတယ်။ အခု ဘုန်းကြီးတို့ ကြေညာတဲ့အထဲမှာ အရှုခံ အရှုညာဏ် မရှိဘူးလား။ (ရှိပါတယ်)။ အခု အနုပဿနာ ၄–ပါးသည် ဘာပါလိမ့်။ (အရှုခံတရားပါဘုရား)။ အရှုခံတရားဆိုတော့ ရုပ်ဖြစ်တိုင်း ရုပ်ဖြစ်တိုင်း ရှုနေတာက ကာယာနုပဿနာ သတိပဋ္ဌာန်။ ခံစားတိုင်း ခံစားတိုင်း ရှုနေတာက ဝေဒနာနုပဿနာ သတိပဋ္ဌာန်။ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း ရှုတာက စိတ္တာနုပဿနာ သတိပဋ္ဌာန်။ သဘောရှုတာက ဓမ္မာနုပဿနာ သတိပဋ္ဌာန်ရယ်လို့ ဘယ်နှစ်ပါး (၄–ပါးပါဘုရား)။ အဲဒီတော့ သတိပဋ္ဌာန်တရား ၄–ပါးက လေ့လာစာဖတ်ထားတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီလောက် အထူးရှင်းစရာ မလိုဘူးပေါ့နော်။ အခုမှ စခန်းထဲရောက်လာတဲ့ ပုဂ္ဂိုလ်များအတွက်က ဒါ သိပ် အရေးကြီးပါတယ် ယောဂီတို့။ ကဲ––လိုက်ဆိုလိုက်။

♦ ရုပ်ဖြစ်တိုင်းသာ စူးစိုက်ကာ သေချာရှုရမည်။

အဲဒါ စာလို ကာယာနုပဿနာ သတိပဋ္ဌာန်ပေါ့နော်။ အများနားလည်တဲ့ စကားနဲ့ကျတော့ ရုပ်ဖြစ်တိုင်း ဖြစ်တိုင်း ဘာလုပ်ရမလဲ။ (ရှုရပါမယ်ဘုရား)။ အဲဒါ ဘာနုပဿနာ။ (ကာယာနုပဿနာ)။ ကဲ––ပြန်ပြောမယ်။

♦ ရုပ်ဖြစ်တိုင်းသာ စူးစိုက်ကာ သေချာ ရှုရမည်။

♦ ခံစားတိုင်းသာ စူးစိုက်ကာ သေချာရှုရမည်။

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



ခံစားတိုင်းဆိုတာက ဘာအနုပဿနာလဲ။ (ဝေဒနာနုပဿနာသတိပဋ္ဌာန်)။ ခံစားတိုင်း ရှုတာက (ဝေဒနာနုပဿနာ)။ ပြန်ပြောမယ်နော်။

- **ခံစားတိုင်းသာ စူးစိုက်ကာ သေချာရှုရမည်။**

ကဲ--နောက်တစ်ချက်က

- **စိတ်ဖြစ်တိုင်းသာ စူးစိုက်ကာ သေချာရှုရမည်။**

စိတ်ဖြစ်တိုင်း ဖြစ်တိုင်းရှုရတာ ဘာအနုပဿနာလဲ။ (စိတ္တာနုပဿနာပါ ဘုရား)။ နောက်တစ်ချက်---

- **သဘောတိုင်းသာ စူးစိုက်ကာ သေချာရှုရမည်။**

သဘောတိုင်း ရှုတာက ဓမ္မာနုပဿနာ။ ဒီတော့ အနုပဿနာ အခု ဘယ်နှစ်ပါး။ (၄-ပါးပါဘုရား)။ ကဲ--ဆိုကြည့်ပါ။

- **ရုပ်ဖြစ်တိုင်းသာ စူးစိုက်ကာ သေချာရှုရမည်။**
- **ခံစားတိုင်းသာ စူးစိုက်ကာ သေချာရှုရမည်။**
- **စိတ်ဖြစ်တိုင်းသာ စူးစိုက်ကာ သေချာရှုရမည်။**
- **သဘောတိုင်းသာ စူးစိုက်ကာ သေချာရှုရမည်။**
- **ရှုလျှင် ရှုလျှင် အမှန်မြင် ပြည့်ဝင် နိဗ္ဗာန်ပြည်။**

အဲဒါ သတိပဋ္ဌာန် ၄-ပါးကို ယောဂီတို့ ရှုရမှာ။ အခု-ယနေ့ဝိပဿနာ တရားအားထုတ်နေတာ အခြေခံသည် တခြားတရားလား၊ သတိပဋ္ဌာန် တရားလား။ (သတိပဋ္ဌာန်တရားပါဘုရား)။ အခုယောဂီတို့ကို နေ့တိုင်း သင်နေတာနော်။ သွားရင်လည်း သွားတာကို ရှုပါ။ မသင်ဘူးလား။ (သင်ပါတယ်)။ ရပ်ရင်လည်း ရပ်တာကို ရှုပါ။ မသင်ဘူးလား။ (သင်ပါတယ်ဘုရား)။ အဝတ်ဝတ်ရင်လည်း အဝတ်ဝတ်တာကို မရှုရဘူးလား။ (ရှုရပါတယ်ဘုရား)။ နောက်ဆုံးတော့ ရေချိုးလည်း ရေချိုးတာကို မရှုရဘူးလား။ ခေါင်းဖြီးတော့လည်း ခေါင်းဖြီးတာ မရှုရဘူးလား။ (ရှုရပါတယ်ဘုရား)။ အမူအရာတိုင်း အမူအရာတိုင်းကို ဘာလုပ်ရမလဲ။ (ရှုရပါမယ်ဘုရား)။ မရှုလို့ မရဘူး ယောဂီတို့နော်။ ရှုတဲ့ပုဂ္ဂိုလ် အတွက်က ယနေ့ အသက်ရှင်ရတာ မြတ်တယ်။ မရှုတဲ့ပုဂ္ဂိုလ်အတွက်က အန္တရာယ်ကြီးနဲ့နေရတာ။ ရန်သူနဲ့ နေရတာ။ ဘာဖြစ်လို့လဲဆိုတော့ အမူအရာတိုင်း အမူအရာတိုင်းမှာ စိတ်တွေ သူ့ဟာနဲ့သူ မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။ ရုပ်တွေ မပေါ်ဘူးလား။ (ပေါ်ပါတယ် ဘုရား)။ ခံစားမှုတွေ မပေါ်ဘူးလား။ (ပေါ်ပါ တယ်)။ အဲဒါတွေ ပေါ်နေတာကို ယောဂီတို့ မရှုလို့ရှိရင် သိပ့်မလား။ (မသိပါဘူး ဘုရား)။

မသိလို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ပုံသေနည်းနဲ့ဆိုတော့ တခြားဖြစ်တာလား၊ အဝိဇ္ဇာဖြစ်တာလား။ (အဝိဇ္ဇာဖြစ်တာပါဘုရား)။ အဝိဇ္ဇာသည် ကုသိုလ်လား၊ အကုသိုလ်လား။ (အကုသိုလ်ပါဘုရား)။ အဲဒါနေရင်း ထိုင်ရင်းနဲ့ ဘာမှမလုပ်ဘဲနဲ့ တက်နေတဲ့ အကုသိုလ်တွေ။ သို့သော် ဒီအကုသိုလ်က ဒီတိုင်းနေမှာလား၊ အကျိုးပေးမှာလား။ (အကျိုးပေးမှာပါဘုရား)။ အကြောင်းရှိရင် အကျိုးရှိပါတယ်။ အဝိဇ္ဇာအကြောင်းရှိရင် ဟိုကတိရဉ္ဆာန်အကျိုးပေးမှာ။ အဲဒီဖြစ်ပေါ်နေတဲ့အမူအရာတွေ ဖျက်တောင်

www.burmeseclassic.com



လေးခုတ်တာက စပြီးတော့ ဒကာ၊ ဒကာမတွေ မရှုမှတ်ဘူးဆိုတော့ ဟိုက အဝိဇ္ဇာဝင်တာ။ အဝိဇ္ဇာ ဝင်တာနဲ့ တစ်ခါတည်း သူ့ရဲ့ တွဲဖော်တွဲဖက် အသိုင်းအဝန်းကလာပြီ။ ကိုယ့်ဟာလေးနဲ့ ကိုယ် အဆင်ပြေနေလို့ သဘောကျလို့ ပြုံးနေရင် တခြားလား။ လောဘလား။ (လောဘပါဘုရား)။ လောဘပြုံးပြုံးတာ။ သိလို့ ပြုံးတာလား၊ မသိပြုံးပြုံး နေတာလား။ (မသိပြုံးပြုံး နေတာပါဘုရား)။ ကိုယ့်ဘဝလေးနဲ့ ကိုယ့်ဟာလေးနဲ့ ကိုယ်အဆင်ပြေနေရင် ပြုံးနေတာ မသိပြုံးပြုံးတာတဲ့။ မသိတာက အဝိဇ္ဇာ။ ပြုံးနေတာက တဏှာလောဘ။ ဟော– အဝိဇ္ဇာနဲ့ တဏှာဝင်နေပြီ။

**ဘဝစက်ဝိုင်း**

အဲတော့ တဏှာ လောဘဆိုတာက ကြီးမားတဲ့ အကုသိုလ် မဟုတ်ပေမယ့်လည်း ရင်ထဲကနေ ဖြစ်ပေါ်လာခဲ့တဲ့ အကုသိုလ်တရားတွေ။ ပဋိစ္စသမုပ္ပါဒ် ခွင်ချကြည့်လိုက်တဲ့အခါကျတော့ လောဘ ဖြစ်တိုင်း ဖြစ်တိုင်း (ဝါ) တဏှာဖြစ်တိုင်း ဖြစ်တိုင်း တခြားသွားမှာလား၊ ပြိတ္တာပြည်သွားမှာလား။ (ပြိတ္တာပြည်သွားမှာပါ ဘုရား)။ ပုံသေနည်းလေးကို ကြည့်သိထားတဲ့အခါကျတော့ ကိုယ့်ဘဝလေးနဲ့ ကိုယ့်နေ့စဉ် နေ့တိုင်းလေး တစ်ချက် နှစ်ချက် သုံးချက် လေးချက် သတိလေးထား ထားပြီး နှစ်ခါ သုံးခါ လေးခါဆိုသလို နေ့စဉ်နေ့တိုင်း သွားရင်းလာရင်း စားရင်း သောက်ရင်း ချက်ရင်း ပြုတ်ရင်း ဟုတ်လား – သတိလေးထားနေရင် ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်မြင်တာပေါ့ ယောဂီတို့။ (မှန်လှပါ)။ အဲဒီလို မြင်ပြီဆိုရင် တစ်ချက် ကလေးမြင်တယ်ဆိုရင်ကိုပဲ ဒကာ၊ ဒကာမတွေ၊ ကိုယ့်အတွက် တစ်သက်စာအတွက်ကို အထောက်အပံ့မရဘူးလား။ (ရပါတယ်ဘုရား)။ ဘာကြောင့်လဲလို့ဆိုတော့ ဒီလို တစ်ချက်ကလေးသိလိုက်တာ တစ်ချက်ကလေးမြင်လိုက်တာ ဖြတ်တာခေါ်တယ်။ ဘာလုပ်တာလဲ။ (ဖြတ်တာပါဘုရား)။

ဒီလိုဖြင့်ရင် ဒီပဋိစ္စသမုပ္ပါဒ်ကို မဖြတ်ရင် တောက်လျှောက်မဆက်ဘူးလား။ (ဆက်ပါတယ် ဘုရား)။ ဝေဒနာပစ္စယာ (တဏှာပါဘုရား)။ နေ့တိုင်း နေ့တိုင်း မြင်တိုင်းဆက် ကြားတိုင်းဆက် စားတိုင်း ဆက်သွားတိုင်း ဆက်ဝတ်တိုင်းဆက် နေ့တိုင်းဆက် အလကား နေ့တိုင်း နေ့တိုင်း ဆက်နေတာ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝ၊ ကမ္မဘဝ ပစ္စယာ ဇာတိ။ ဘာဇာတိ။ (ငရဲဇာတိပါဘုရား)။ အဲဒါ အိမ်မှာနေသမျှ အအားနေသမျှ အလကားနေသမျှ အပါယ်ဇာတိပဲ ဖြစ်တယ်ဆိုတာ ဘုန်းကြီးခြောက်ဟောတဲ့စကားလုံး တစ်လုံးမှ မပါဘူး။ ယောဂီတို့ မျက်စိနဲ့ အမြင် ဟောဒီမှာ သာဓက စက်ဝိုင်းကြီးမရှိဘူးလား။ (ရှိပါတယ်)။ ဒီစက်ဝိုင်းကြီး ဟာ ကိုယ့်ဘဝရဲ့ စက်ဝိုင်းကြီးပါ ယောဂီတို့။ နေ့စဉ်နေ့တိုင်း ဒီတိုင်းဖြစ်နေတယ်ဆိုတာကို လွယ်လွယ်ကူကူ မျက်စိနဲ့မြင်တော့ ပိုပြီးတော့ မထင်ရှားဘူးလား။ (ထင်ရှားပါတယ်)။ စက်ဝိုင်း သာမရှိရင် ဘုန်းကြီးဟောချင်သလောက် ဟော။ အာပေါက်ပြီး လည်ချောင်းသာ ကွဲသွားမယ်၊ နားလည်မှာမဟုတ်ဘူး ဟော။ ဒီမှာ မျက်စိနဲ့ မြင်ရတယ်ဆိုတော့ ဒါပြီးရင် ဒါဖြစ်မယ်။ ဒါပြီးရင် ဒါဖြစ်မယ်။ ဒါမဖြစ်စေချင်ရင် ဒါမဖြစ်အောင်ဖြတ်။ ဟော တရားကမရှင်းဘူးလား။ (ရှင်းပါတယ် ဘုရား)။ အဲဒီတော့ တရားရှင်းသွားရင် ကိုယ့်ဟာနဲ့ကိုယ် အလုပ်လုပ်ဖို့ အရေးကြီးပါတယ်။ ရှင်း ပြီနော်။

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com





အဲဒီတော့ သတိပဋ္ဌာန်ဆိုတော့ ခုနက ကာယာနုပဿနာ၊ ဝေဒနာ၊ ဓမ္မ၊ စိတ္တာ အဲဒီလို အနုပဿနာ ၄–ပါးကို ကြံ့တဲ့ဟာကိုသာ ယောဂီတို့ အားထုတ်ပါ။ ကြံ့တဲ့ဟာ အားထုတ်မယ်ဆိုရင် ဒီတော့ နားက ကြားလည်း ကြားတာသိ၊ မျက်စိက မြင်လည်း မြင်တာသိ၊ နှာခေါင်းက မွှေးလည်း မွှေတာသိ၊ နံ့လည်း နံ့တာသိ၊ စားလည်း စားတာသိ၊ အမူအရာတိုင်း အမူအရာတိုင်း မသိရဘူးလား။ (သိရပါတယ်ဘုရား)။ ဒီလိုဖြင့်ရင် သိရုံတင်သိပေးတာ ဘာမှဝန်မလေးပါဘူး။ (မှန်လှပါ)။ ရေလေး တစ်ခွက် ခပ်လိုက်ရတာမှ အားစိုက်ရသေးတယ်။ ယောဂီတို့ သိပ်အရေးကြီးတယ်နော်။ ရေလေးတစ်ခွက် သောက်ချင်လို့ ဖန်ခွက်ကလေးကိုင်ပြီး ခပ်တာ အားမစိုက်ရဘူးလား။ (စိုက်ရပါတယ်ဘုရား)။ အားစိုက်ရတယ်။ ဒီမှာ–အင်အားထည့်ပြီး သုံးလိုက်ရပြီ။ ရေလေး တစ်ခွက် ခပ်ဖို့အတွက်ကို။ အခုယောဂီတို့က မြင်ရင်မြင်တာလေး သိနေတာဟာ ခွန်အားတွေ စိုက်ဖို့လိုသေးလား။ (မလိုပါဘူး)။

သို့သော် သတိအား ဉာဏ်အားလေးတော့ စိုက်ရတယ်။ ဘာမှဝန်မလေးဘူးနော်။ သို့သော် စကာစ အရှင်ဘုရား ဝန်မလေးဘူးလို့သာ ပြောတယ်။ ချွေးဒီးဒီးကျပါတယ်။ ဟော – ဒါကတော့ မှန်တယ် ဒကာ၊ ဒကာမတို့။ ချွေးဒီးဒီး ကျတယ် ဆိုတာ မှန်တယ်။ ဆိုကြစို့။ မိမိရဲ့ စီးပွားရေးကိစ္စ ဖြစ်ဖြစ်၊ လူမှုရေးကိစ္စ၊ အိမ်ထောင်ရေးကိစ္စ၊ ကိစ္စအဝဝ လူတိုင်း လူတိုင်း မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ တစ်နေကုန် သွားလာ လှုပ်ရှားနေတာ ဒကာ၊ ဒကာမတွေ အမလေး––ဒီနေ့ ငါမောလိုက်တာ ဆိုတာ ညည်းတဲ့သူ နည်းပါတယ်။ နည်းပါတယ်။ တစ်နာရီလေး စကြံလျှောက်ကြည့်စမ်း––ဟိုနားခို ဒီနားထိုင် ဟိုနားကပ် ဘယ်လိုတွေ ဖြစ်ကုန်တာလဲ။ တစ်နာရီ––တစ်နာရီနော်။ တစ်နေ ကုန် လှုပ်ရှားနေတုန်းကတော့ ညည်းရမှန်းမသိဘူး။

ဒကာ၊ ဒကာမတို့ တစ်နာရီပြီးအောင် လျှောက်ဆိုတော့ ညောင်းတယ် ဘုရားဟော ဖြစ်သွားပြီ။ ဒီလိုဖြင့်ရင် တပည့်တော်တို့ တစ်နေကုန် လှုပ်ရှားနေတုန်းတော့ ဘာမှ မဖြစ်ဘူး။ ခုမှ ဘာဖြစ်သွားတာလဲ ဟော။ ဒါလည်း ထူးခြားတဲ့အချက်ပဲ။ တစ်နေကုန် လှုပ်ရှားနေတာက အဝိဇ္ဇာတွေနဲ့ တဏှာတွေနဲ့ လှုပ်ရှားတာ။ အခု ယောဂီတို့ ရိပ်သာကို ရောက်ပြီးတော့ အမူအရာတိုင်း မျက်တောင်လေး ခပ်တာကစပြီးတော့ သွားတိုင်း၊ လာတိုင်း၊ နေတိုင်း၊ ထိုင်တိုင်း၊ စားတိုင်း၊ ရေချိုးတာက စပြီးတော့ ဝိဇ္ဇာဉာဏ်နဲ့။ အဲဒီတော့ ဟိုမှာ တစ်နေကုန် လှုပ်ရှားတာက အဝိဇ္ဇာနဲ့။ အဝိဇ္ဇာရှေ့သွားတော့ တဏှာနောက် မလိုက်ဘူးလား။ ဒီမှာကျတော့ ဝိဇ္ဇာရှေ့သွားတဲ့အခါကျတော့ နောက်က သဒ္ဓါ ပညာတွေ အတူတူလိုက်သွားတာပေါ့။ သိပ်ကွာတယ်နော်။ (မှန်လှပါ)။မြေပြင်နဲ့ ကောင်းကင်လို ကွာပါတယ်။

အဲဒီလောက်ကွာလိုက်တော့ ဝိဇ္ဇာနဲ့လည်း တွေ့လည်းတွေ့လိုက်ရော အကုန်လုံးကို ခန္ဓာကိုယ်ရဲ့ဒုက္ခတွေကို မြင်လာတာလား။ လျှောက်လည်းပဲ ဒကာ၊ ဒကာမတွေ ဒုက္ခမြင်လာတာပဲ။ ထိုင်နေလည်းပဲ ဒုက္ခမြင်လာတာပဲ။ သွားနေလည်းပဲ ဒုက္ခမြင်လာတာပဲ။ အဲဒီတော့ ကိုယ့်အဝိဇ္ဇာနဲ့ ကိုယ့်တဏှာနဲ့ ဆိုတော့ အဲဒီဒုက္ခတွေ မမြင်ဘူး။ ဘယ်မြင်မလဲ ဖုံးထားတာကိုး။ ဘာလုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ (ဖုံးထားတာပါဘုရား)။ လောဘက ဖုံးလိုက်၊ အဝိဇ္ဇာ မောဟက ဖုံးလိုက်၊ မာနက ဖုံးလိုက်၊ ဒိဋ္ဌိကဖုံးလိုက်၊ အမျိုးမျိုးမဖုံးဘူးလား။ အဲဒီလိုတွေ ဖုံးထားတော့ အမှန်ကိုမြင်ရဲ့လား။ (မမြင်ပါဘူး ဘုရား)။ အမှန်ကိုမမြင်တဲ့ ပုဂ္ဂိုလ်များ၏ သွားရာလမ်းစဉ်သည် တခြားသွားမှာလား၊ အပါယ်သွားမှာလား။ (အပါယ်သွားမှာပါဘုရား)။ ဒါ ဘုန်းကြီးက ခေါင်းစဉ်လေးခြုံ ပြောလိုက်တာ။

ဒီလိုဖြင့် အပါယ်သွားမယ်ဆိုတော့ အပါယ်က ဘယ်နှစ်ပါး။ (၄–ပါး)။ သူ့ဟာသူ သူ့လမ်းနဲ့သူ ခွဲပြီးသား ဒကာ၊ ဒကာမတို့။ ရောသွားလို့ မရဘူး။ လောဘဦးဆောင်တဲ့ ပုဂ္ဂိုလ်က ဘယ်ကို သွားမယ်။ (ပြိတ္တာပြည်)။ ပြိတ္တာဇာတိဖြစ်မှာ အဲဒီပုဂ္ဂိုလ် မကျွတ်တော့ဘူး။ သေ -- မကျွတ်တော့ ဘူး။ ဘုန်းကြီးတွေ အလုပ်ရှုပ်ဦးမယ်။ အဲဒါ ဘယ်သူတော့ သေသွားလို့ မကျွတ်လို့ဘုရား။ အရှင် ဘုရား ကမ္မဝါလေး ညှပ်ပြီးတော့ နှင်ပါဦး ဖြစ်လာတာပဲ။

အဲဒီတော့ ကိုယ့်ကိုယ်ကို သိပ်သတိရှိဖို့ကောင်းတယ်။ အသက်ထင်ရှား ရှိတုန်း၊ ကျန်းကျန်းမာမာရှိတုန်း၊ အခါကောင်းတုန်း၊ အရွယ်ကောင်းတုန်း၊ အချိန်ကောင်းတုန်းမှာလည်း သားရေး သမီးရေး လူမှုရေး စီးပွားရေး ဒီအိမ် ငါမရှိမဖြစ်ဘူး။ ဒီအလုပ် ငါမရှိမဖြစ်ဘူးဆိုပြီး လုပ်လိုက်ရတာ၊ သေတော့လည်း တစ်ခါ ဘုန်းကြီးပင့်ပြီးတော့ ကမ္မဝါညှပ်ပြီးတော့ အနှင်ခံရဦးမယ် ဆိုတော့ ဘယ် နှစ်ခါနာတာလဲ။ (၂–ခါနာတာပါဘုရား)။ အဲဒါ တခြားမသိလို့လား၊ သစ္စာမသိလို့လား။ (သစ္စာမသိ လို့ပါဘုရား)။

## ညွှန်သည်

အဲဒီတော့ ကိုယ့်မိတွေ ဖတွေ ဆွေတွေ မျိုးတွေ ဒါကျေးဇူးဆပ်တာနော်။ အဲဒီလို မလာရအောင်ပော့၊ ငါဘယ်သူပေါ်မှာ အားကိုးလို့မဖြစ်ဘူး။ ငါ့ကိုယ်ငါ အားကိုးရမယ်။ အဲဒီတော့ ကိုယ့်တရားကို အားကိုးရမယ်။ ငါ့ကိုယ်ငါဆိုတာက ဒီကိုယ်ကြီး အားကိုးလို့ ရပ့ါမလား။ (မရပါဘူးဘုရား)။ ဒီကိုယ်အားကိုးလို့မရတာ ဒီကိုယ်က တခြားကိုယ်မို့ လို့။ အသုဘကိုယ်မို့လို့။ အသုဘခန္ဓာ အားကိုးလို့မရဘူး။ တကယ်အားကိုးရမှာက ဒီခန္ဓာကိုမှီ၍ ယောဂီတို့ အမြတ်ထုတ်နေတာ။ ဒီခန္ဓာကိုယ်မှီပြီးတော့ အခု မဂ္ဂင်တွေ မရဘူးလား။ (ရပါတယ်ဘုရား)။ အခုမဂ္ဂင်တွေ ရတာသည် တခြားလား၊ အမြတ်ထုတ်တာလား။ (အမြတ်ထုတ်တာပါဘုရား)။ အဲဒီတော့ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာတွေ ရတာသည် တခြားလား၊ အရှုံးထွက်တာလား။ (အရှုံးထွက်တာပါဘုရား)။ လူ့ဘဝမှာ တစ်နေ့တာ အသက်ရှင်တဲ့အခါမှာ ရှုံးတာနဲ့ မြတ်တာ ဒီ ၂–ချက်ပဲ ရှိတယ်။

အဲဒီတော့ ဘုန်းကြီးတို့ အားလုံးသော ယောဂီများက တစ်နေ့တစ်နေ့ အရှုံးနဲ့ အချိန်ကုန်ရင်ဖြင့် သွားပြီ။ နောက် ဘယ်တော့မှ လူဖြစ်တော့မှာ မဟုတ်ဘူး။ ဒီတစ်ခါပဲ နောက်ဆုံးလူဖြစ်သလိုဖြစ်သွားမယ်။ ရှင်းပြီနော်။ အခု အင်မတန် အချိန်ကောင်း အခါကောင်း အခွင့်ကောင်း ဆရာကောင်းတွေနဲ့ ဆုံတဲ့အချိန်အခါမှာ တစ်ကွက်ကလေး တစ်ချက်ကလေး တစ်လှိမ့်ကလေးလှိမ့် လိုက်ရင်ကဲ--ဒကာ၊ ဒကာမတွေ ကိုယ့်အတွက် အာမခံချက်မရဘူးလား။ (ရပါတယ်ဘုရား)။ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မို့လို့ အာမခံချက်ရှိအောင် ဒီတရားကို မနာချင်လည်း ကြိုးစားပြီးတော့ နာ။ အားမထုတ်ချင်လည်း ကြိုးစားပြီးတော့ အားထုတ်ပါ။ ကိုယ့်အတွက် အာမခံချက်ရှိတဲ့ တရားမို့လို့၊ ယောဂီတို့ကို တိုက်တွန်းနေတာပေါ့နော်။ ဒါ ဘုန်းကြီးစကားတစ်လုံးမှ မပါဘူးယောဂီတို့။

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဒီအတိုင်း တိုက်ရိုက်မိန့်လို့ တစ်ဆင့်ပြန်ပြီးတော့ ကိုယ့်ဆွေတော် မျိုးတော် ဒကာ၊ ဒကာမတွေကို ကျေးဇူးဆပ်သောအားဖြင့် သတိပေးခြင်းဖြစ်ပါတယ်။ အဲဒီတော့ အခု လာပြီးအားထုတ်တာ တခြားအားထုတ်တာလား၊ ဝိပဿနာ အားထုတ်တာလား။ (ဝိပဿနာအားထုတ်တာပါဘုရား)။ ဝိပဿနာသည် ဘာကိုရှုမယ်။ (ခန္ဓာကို ရှုရပါမယ်ဘုရား)။ ဟောဒီ၊ ဒီခန္ဓာကို ရှုလို့ရပ့်မလား။ (မရပါဘူးဘုရား)။ ဒီခန္ဓာသည် တခြားခန္ဓာလား။ ကံမြင်ခန္ဓာလား။ (ကံမြင်ခန္ဓာပါဘုရား)။ အခု ယောဂီတို့ ဝိပဿနာရှုတာ ဘာကိုရှုရမယ်။ (ဉာဏ်မြင်ခန္ဓာကိုရှုရပါမယ်ဘုရား)။ လူဖြစ်လာ ပြီးတော့မှ ဉာဏ်မြင်ခန္ဓာက ဘာပါလိမ့်လဲလို့ မသိရင် အဲဒီပုဂ္ဂိုလ်က အောက်တန်းစားဖြစ်သွားတာ။ (မှန်လှပါ)။ ဘာဖြစ်သွားတာလဲ။ (အောက်တန်းစားပါဘုရား)။ ဒီတော့ အရေးကြီးဆုံးက ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်ဟာ ရှေးဦးစွာ ရုပ်နာမ်ခန္ဓာကို ပိုင်ပိုင်နိုင်နိုင် သိဖို့လိုပါတယ်။ အမှုအရာတိုင်း အမှုအရာတိုင်း ဖြစ်ပေါ်တဲ့ ရုပ်နာမ်ခန္ဓာကို ပိုင်ပိုင်သိဖို့ အရေးမကြီးဘူးလား။ (ကြီးပါတယ်ဘုရား)။

ဒီတော့ အင်မတန် ရှေးကနေပြီးတော့ ကုသိုလ်ကံတွေထူးလို့ လူဖြစ်လာပြီးတော့ ရုပ်နဲ့နာမ်ကိုမှ မရှုရင် ဘုန်းကြီးတို့ အထက်တန်းစား မဖြစ်နိုင်ပါဘူး။ ဒီတော့ အထက်တန်း ဗုဒ္ဓဘာသာဖြစ်နိုင်ဖို့အတွက်က အခြေခံသိရမှာက တခြားသိရမှာလား၊ ရုပ်နဲ့နာမ်ကို သိရမှာလား။ (ရုပ်နဲ့နာမ်ကို သိရမှာ ပါဘုရား)။ ရှင်းပြီနော်။ အဲဒါကြောင့်မို့လို့ အင်မတန်ကို ကံထူးလို့သာ ဒီလို ဖြစ်ရတယ်လို့ ယောဂီတို့သဘောပေါက်။ အဲဒီတော့ အရှုခံကို ယနေ့ စိတ္တာနုပဿနာကို သင်တဲ့အခါကျတော့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် အများနားလည်တဲ့ စကားလုံးကို ရွေးချယ်ပြီးတော့ သုံးတဲ့နေရာမှာတော့ မြန်မာပြည်မှာ ၂-ပါး မရှိဘူး။ မြန်မာပြည်လို့ပြောရင် ကမ္ဘာနဲ့ ချီပြောလို့ရတာပေါ့။ ဘာကြောင့်လဲလို့ ဆိုတော့ တခြားဆရာတော်တွေ ဆရာတော်တွေလည်း သူ့ဟာနဲ့သူ ပိဋကတ်သုံးပုံ မွှေနှောက်ပြီးတော့ ဟောသွားတာပဲ။ အင်မတန် တောက်တောက်ပြောင်ပြောင်ကို ဒကာ၊ ဒကာမတွေ၊ ဟောတတ်ပြောတတ်တာပဲ။ သို့သော် ယခုလို အရပ်စကားနဲ့ အရပ်သားတွေ နားလည်အောင် ဟောတဲ့နေရာမှာ မြန်မာပြည်မှာ နံပါတ်တစ်ပဲနော်။

ဒါကို မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးက ဘာမိန့်သွားလဲဆိုရင် ဩော် ဦးဝိမလများ ဘုရားရှိရင် တေဒဂ်ပေးမှာပဲတဲ့။ ဦးဝိမလဆိုတာ ဘုန်းကြီးတို့ ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဘွဲ့တော်။ သူတို့နဲ့ ဝါတော်တွေက မတိမ်းမယိမ်းတွေကိုး။ အဲဒီတော့ အခုဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ အင်မတန် နေလိုလလို တောက်သွားတဲ့ မင်းကွန်းဆရာတော်ဘုရားကြီး အခုတော့ ပျံလွန်တော်မူသွားပြီနော်။ ပထမဦးဆုံးသော တိပိဋကဓရဆရာတော်ဘုရားကြီး အဲဒီလို ချီးကျူးတယ်။ ဘုရားများရှိရင် ဦးဝိမလတော့ တေဒဂ်ပေးလောက်တယ်တဲ့။ ထိုးထိုးထွင်းထွင်း ပြောနိုင်လွန်းလို့နော်။ အခုလည်းပဲ စိတ္တာနုပဿနာရှုနည်းကို ဘုန်းကြီး စာတွေရွတ်သာသွားရင် ယောဂီတို့ တစ်လုံးမှ နားလည်မှာမဟုတ်ဘူး။ ဟော အဲဒါကို ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက မြန်မာပြန်နည်းအားဖြင့် ပြောသွားတယ်။

www.burmeseclassic.com



**မနစ်နာစေနဲ့**

အဲဒီစိတ်ကို ညှိသည်နဲ့ စကားပြောသွားတယ်။ ညှိသည်ဆိုတော့ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအားလုံး ညှိသည်ဆိုတာ နားလည်သွားပြီ။ ညှိသည်ဆိုတာဟာ ခေတ္တ ခဏလာတယ်။ ပြီးရင် ပြန်တယ်။ အိမ်ရှင်မဟုတ်ဘူး။ ဒီလောက်ထိ နားလည်သွားပြီပေါ့။ အဲဒီတော့ ညှိသည်မှာတောင်မှ ဆရာတော်ဘုရားကြီးက အပြင်ညှိသည်က တစ်မျိုးကွ၊ အတွင်း ညှိသည် က တစ်မျိုးကွဆိုပြီး ညှိသည်တောင် ၂-မျိုးခွဲထားတယ်။ ညှိသည်ဘယ်နှမျိုးခွဲထားလဲ။ (၂-မျိုးပါဘုရား)။ အဲဒီတော့ စိတ်ကို ညှိသည် ဥပမာပေးပြီး ဟောသွားတာ ပိုပြီးတော့ ထင်လွယ် မြင်လွယ်တာပေါ့။ ကောင်းပြီ။ ဒီတော့ အပြင်ညှိသည်က ဘယ်နှစိတ်လဲ။ (၅-စိတ်)။ အပြင်ညှိသည် ၅-စိတ်။ ဟောဒီစာရွက်ထဲမှာ ရှိထားပြီပေါ့နော်။ အဲဒီမှာ အခုဘုန်းကြီးတို့ ဒီနှစ်ပိုင်းကျတော့ အဲဒီသင်တန်းစာရွက်ထဲမှာ ပြင်ထားတယ်။ ဟိုးအရင်တုန်းကတော့ အပြင်ညှိသည် ၅-ယောက်၊ အတွင်းညှိသည် ၆-ယောက်။ အဲဒါလည်း ဆရာတော်ဘုရားကြီး ဩဝါဒအတိုင်းပဲ။ ယခုတော့ အဲဒါလေးတွေ ပြင်ထားတယ်။ အပြင်ညှိသည်စိတ် ၅-ခုနော်၊ အတွင်းညှိသည်စိတ် ၆-ခု။ ဒီလိုပြင်လိုက်တယ်။

အဲဒီတော့ ဘုန်းကြီးတို့ ဓမ္မသဘင် အစည်းအဝေးညီလာခံလုပ်တဲ့ အခါကျတော့ အချို့က ထောက်တယ်။ အရှင်ဘုရားတို့ ဒီလိုပြင်တာဟာ အရင်စာတွေက မှားနေလို့လားလို့ မေးစရာကိုဖြစ်လာတယ်။ မမှားပါဘူးတဲ့။ မှန်ပါတယ်။ အရင်ဟောထားတာ ဆရာတော်ဘုရားကြီးဟောထားတာ ဒေသနာစဉ်ကိုက် ဟောထားတာပဲ။ သို့သော် ယနေ့ခေတ်ဟာ ဒကာ၊ ဒကာမတွေ တိုးတက်တဲ့ ခေတ်ကြီးနော်။ ကမ္ဘာကြီးက အင်မတန်ကျဉ်းသွားပါပြီ။ ကျဉ်းသွားတော့ ယနေ့ ဒီတရားတွေကို အားထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ အရင်ကထက်စာရင် အခုပိုများလာပြီ။ ကမ္ဘာကလည်း ဒီကို စိတ်ဝင်စားစွာနဲ့ လေ့လာလာပြီပေါ့။ အခု ဘုန်းကြီးတို့ မိုးကုတ်အဖွဲ့အနေနဲ့ ဒီတရားတွေကို လေ့လာတဲ့အခါမှာ ရန်ကုန်မြို့မှာ ဘုန်းကြီးတို့ အောင်ဆန်းရိပ်သာက တစ်ခုပါတယ်နော်။ ဒါ နိုင်ငံတော်ကနေသတ်မှတ်ထားတာ။ နိုင်ငံခြားသူ နိုင်ငံခြားသားတွေ ဒီဗုဒ္ဓဘာသာနဲ့ ပဋိစ္စသမုပ္ပါဒ်ကို လေ့လာချင်ရင် ဒီအောင်ဆန်းရိပ်သာကို လေ့လာရမယ်လို့ နိုင်ငံတော်က သတ်မှတ်ထားတယ်။ ဘုန်းကြီးလည်း တာဝန်အင်မတန်ကြီးပါတယ်။ ယနေ့ ဒီတာဝန်လည်း တစ်ဖက်ကနေ ထမ်းရတာပေါ့နော်။ အဲဒီလို ကမ္ဘာအရပ်ရပ်ကနေ ဒီတရားတွေကို လေ့လာတဲ့အခါမှာ ထောက်ကွက်မရှိအောင်လည်း တစ်ကြောင်း၊ ဒေသနာစဉ်နဲ့ အကိုက်ဖြစ်အောင်လည်း တစ်ကြောင်းဆိုပြီးတော့ ခေတ်နဲ့စနစ်နှင့် လိုက်လျောညီထွေ တစ်ပြေးညီညီဖြစ်အောင်ဆိုပြီးတော့ ညှိသည် ၅-ယောက် ဆိုတဲ့စကားကို ၅-ခုဆိုပြီးတော့ ပြင်ထားတာ။ ဒါ--မိုးကုတ်ယောဂီတွေ ဗဟုသုတဖြစ် မှတ်ထားဖို့ပေါ့နော်။

ဒီတရားသည် ဒီလောက်ထိအောင် ကမ္ဘာအရပ်ရပ်က အလေးထားပြီး လာရောက်ပြီးတော့ သိန်းပေါင်းမြောက်မြားစွာ အကုန်ခံပြီးတော့ လေ့လာပါလျက် ကယ်နှင့် အားထုတ်ပါလျက်ကယ်နဲ့ မြန်မာနိုင်ငံမှာမွေး မြန်မာနိုင်ငံမှာကြီးလို့ ဒီတရားမရဘူးဆိုရင် ဒကာ၊ ဒကာမတွေအတွက် သိပ်နစ်နာပါတယ်။ (မှန်လှပါ)။ မနစ်နာဘူးလား။ (နစ်နာပါတယ်ဘုရား)။ အဲဒါကြောင့်မို့ ယခုလို ဒီတရားတွေကို ယခုလို နာတယ် အားထုတ်တယ်ဆိုကတည်းက ကိုယ့်မှာ အင်မတန် ဘုန်းထူးကံထူး ပါရမီထူးရှိလို့ဆိုတာ သဘောပေါက်ပါ။ (မှန်လှပါ)။

**ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း**

www.burmeseclassic.com



## ဝီရိယစိုက်အားထည့်လိုက်ပါ

ကဲ--ဒီတော့ အပြင်ညှော်သည် ဘယ်နှခု။ (၅-ခုပါဘုရား)။ ၅-ခု၊ ၅-ခုက လိုက်ဆိုလိုက်။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်။ ဟုတ်ပြီ။ ဒါကတော့ ဘုန်းကြီးတို့ စာအတိုင်း ရွတ်သွားတာ။ စာအတိုင်းရွတ်သွားတာ ကုသိုလ်မရဘူးလား။ (ရပါတယ်)။ ကုသိုလ် ရပါတယ်။ ရွတ်ထားရမယ်။ အလွတ်ကို ကျက်ထားရမယ်။ ဒါ--ပရိယတ်သာသနာကိုး။ မြင်စိတ်၊ ကြားစိတ်ရယ်၊ နံစိတ်ရယ်၊ စားစိတ်ရယ်၊ ယားနာကောင်းစိတ်။ အဲဒါကတော့ ဆရာတော် ဘုရားကြီးရဲ့ သင်တန်းစာအတိုင်းပေါ့။ ကောင်းပြီ။ မြင်စိတ်ဘယ်မှာ ပေါ်မလဲ။ (မျက်စိမှာ ပေါ်ပါတယ်ဘုရား)။ အဲဒီ မျက်စိမှာပေါ်တာကို ယောဂီတို့က ပေါ်တိုင်းပေါ်တိုင်း ဘာလုပ်ရမလဲ။ (ရှုရမှာပါဘုရား)။ ပေါ်တိုင်း ပေါ်တိုင်း ဘာလုပ်မယ်။ (ရှုရမှာပါဘုရား)။ ရှုရမယ်ဆိုတော့ တခြားနဲ့ ရှုမှာလား၊ မဂ္ဂင် ၅-ပါးနဲ့ ရှုရမှာလား။ (မဂ္ဂင် ၅-ပါးနဲ့ ရှုမှာပါဘုရား)။ အခုမနက် အလုပ်ခွင်ပြောပါမယ်နော်။ (မှန်လှပါ)။ မဂ္ဂင်ဘယ်နှပါးနဲ့ရှု။ (၅-ပါးနဲ့ ရှုရမှာပါဘုရား)။ မဂ္ဂင် ၅-ပါးက သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ ပညာမဂ္ဂင် ၂-ပါးနဲ့ သမာဓိမဂ္ဂင် ၃-ပါး ပေါင်း ဘယ်နှပါး။ (၅-ပါးပါဘုရား)။ ဒီလိုဖြင့်ရင် အဲဒီ မဂ္ဂင် ၅-ပါးသည် သဟဇာတ အနေနဲ့ပါတယ်နော်။

သဟဇာတဆိုတာ ဖြစ်အတူ ပျက်အတူ သွားအတူ လာအတူ နေအတူ ထိုင်အတူ အိပ်အတူ ဆိုတဲ့ အတူတူကိုပြောတာပေါ့။ စာလိုက ဘာတဲ့လဲ။ သဟဇာတ။ မြန်မာလိုကျတော့ သဟ- အတူတကွ၊ ဇာတ-ဖြစ်တာနော်။ ဘယ်လိုအတူတူလဲ။ မျက်စိမှာ ဘာစိတ်ပေါ်။ (မြင်စိတ်)။ မြင်စိတ်ပေါ်တာကို ယောဂီတို့ သတိထားမကြည့်ရင် သိပါ့မလား။ (မသိပါဘူး)။ ဥပမာ--စက်ဝိုင်း လေးကို ကြည့်လိုက်ရင် မြင်စိတ်မပေါ်ဘူးလား။ (ပေါ်ပါတယ်)။ မြင်စိတ်ဘယ်မှာ ပေါ်တာလဲ။ (မျက်စိမှာပါ)။ အဲဒီမြင်စိတ်ပေါ်တာကို သတိလေးထားကြည့်ရ မယ်နော်။ လောလောဆယ်ကတော့ ဝီရိယစိုက်ရမယ်ပေါ့။ အားထုတ်ကာစ ယောဂီတို့ မြင်ရင်မြင်တယ်လို့ သိရမယ်။ မြင်ရင်မြင်တယ်လို့ သိတာဟာ ဘာမှ မလုပ်တတ်စရာမရှိဘူး။ တရားဟာ နည်းမှန်လမ်းမှန်နဲ့ဆိုရင် အခက်အခဲ မရှိဘူး။ အားထုတ်လို့ ရတယ်နော်။ မြင်ရင် ဘယ်လိုရှုမလဲ။ (မြင်စိတ်လို့ ရှုရမှာပါဘုရား)။ မြင်တယ် လို့ မြင်စိတ်ကလေးတစ်ခု ပေါ်တယ်လို့ ရှုနေ။ ကောင်းပြီ။ အရှင်ဘုရား မြင်တယ်လို့ ရှုနေတာက တရားလား။ တချို့ကလည်း မေးလာပြီ။ မေးတာကို ဒီမေးခွန်းပြန်ဖြေမယ်ပေါ့။ မြင်တယ် မြင်တယ် မြင်တယ်လို့ ရှုနေတာဟာ ဝိပဿနာတရားတော့ မဟုတ်ဘူး။ သူသည် သတိပဋ္ဌာန်တရား ဖြစ်နေ တယ်။ ဘာဖြစ်နေလဲ။ (သတိပဋ္ဌာန်တရား)။ အဲဒီ သတိပဋ္ဌာန် တရားမှာလည်း မဂ္ဂင် ၅-ပါးပါပြီးသား။ မဂ္ဂင်ဘယ်နှစ်ပါးပါပြီးသားလဲ။ (၅-ပါးပါဘုရား)။ အဲဒီမဂ္ဂင် ၅-ပါးသည် အမှားကို မြင်တာလား၊ အမှန်ကို မြင်တာလား။ (အမှန်ကို မြင်တာပါဘုရား)။ အမှားမြင်ရင် မဂ္ဂင်မဟုတ်ဘူးနော်။ အမှန် ကို မြင်တာက ဘာခေါ်လဲ။ (မဂ္ဂင်)။

ဒီလိုဖြင့်ရင် မြင်ရင် မြင်တယ်လို့ သိနေတာကို သတိပဋ္ဌာန်လို့ ခေါ်ပါတယ်။ ဘယ်လိုခေါ် ပါလိမ့်။ (သတိပဋ္ဌာန်ပါဘုရား)။ သို့ဖြင့် စ အားထုတ်ကာစ ယောဂီက ဘာကို ဦးစားပေးရမလဲ။ (သတိပဋ္ဌာန်ကို ဦးစားပေးရပါမယ်။) သတိပဋ္ဌာန်ကို ဦးစားပေးတဲ့ အခါကျတော့ မျက်စိမှာမြင်ရင် ဘာကို ရှု။ (မြင်တာကို ရှုရပါမယ်)။ နားကကြားရင် (ကြားတာကို ရှုရပါမယ်)။ နှာခေါင်းက



www.burmeseclassic.com

www.burmeseclassic.com



မွေးရင် (မွေးတာကို ရှုရပါမယ်)။ နံ့ရင် (နံ့တာကို ရှုရပါမယ်)။ လျှာမှာစားရင် (စားတာကို ရှုရပါမယ်)။ ခန္ဓာကိုယ်မှာ ဟိုနေ့က ဝတ်တဲ့အကြောင်း ပြောခဲ့တယ်။ ဆိုဖာကုလားထိုင်ပေါ်ထိုင်လိုက်ရင် တွေ့ထိတာကို ရှုရမယ်။ အဝတ်အစားဝတ်လိုက်ရင် ဝတ်တာကိုရှုရမယ်။ မိမိရဲ့ ကုတင်ညောင်စောင်းမှာ အိပ်ရင် အိပ်တာကို မရှုရဘူးလား။ (ရှုရပါတယ်ဘုရား)။ စောင်ခြုံလိုက်ရင် စောင်နဲ့ အတွေ့အထိလေးတွေ မရှုရဘူးလား။ (ရှုရပါတယ်ဘုရား)။ အဲဒီလိုမျိုး ဒကာ၊ ဒကာမတွေရှုရမှာ။

ဒီတော့ ဒီလိုမျိုးမရှုဘူးဆိုရင် ဖြစ်ပေါ်တဲ့ ရုပ်နာမ်တွေကို သိပါ့မလား။ (မသိပါဘူး)။ ဒီလိုဖြင့် ရင် ယားနာကောင်းစိတ်ဆိုတော့ ခန္ဓာကိုယ်ပေါ်မှာ အဝတ်ကလေးတင်လိုက်ရင် တခြားပေါ်တာလား၊ ခန္ဓာပေါ်တာလား။ (ခန္ဓာပေါ်တာပါ ဘုရား)။ ဒီအတ္တဘောကြီးကို အဝတ်ကလေး တင်လိုက်ရင်၊ စောင်လေး တင်လိုက်ရင်နော်။ တစ်ခုခုနဲ့ တွေ့ထိလိုက်ရင်။ တခြားပေါ်တာလား၊ ခန္ဓာပေါ်တာလား။ (ခန္ဓာပေါ်တာပါဘုရား)။ အဲဒီ ခန္ဓာသည် ခွေးမဟောင်တဲ့ခန္ဓာနော်။ ဝိပဿနာ အရှုခံခန္ဓာနော်။ အဲဒီခန္ဓာပေါ်တာကို ယောဂီတို့က တခြားအာရုံတွေများလို့ သားရေး သမီးရေး လူမှုရေး ဟိုကိစ္စ ဒီကိစ္စတွေများလို့ရှိရင် ဒီခန္ဓာပေါ်တာ သိနိုင်ပါ့မလား။ (မသိနိုင်ပါဘူးဘုရား)။ မသိဘူးဆို တခြား ကိန်းတာလား။ အဝိဇ္ဇာကိန်းတာလား။ (အဝိဇ္ဇာကိန်းတာပါဘုရား)။ အဝိဇ္ဇာကိန်းရင် ဘယ်သွားမလဲ။ (တိရစ္ဆာန်)။ ဒါ ပုံသေနည်းထဲသာ ချကြည့်လိုက်နော်။

ကဲ ဒီလိုဖြင့်ရင် အဲဒီလိုနေတဲ့အခါကျတော့ အမလေး ဒီလိုလေးဝတ်ရတာ ဒီလိုလေးတွေ့ရတာ ဒါလေးကို သဘောကျတယ်ဆိုတော့ တခြားလား။ လောဘလား။ (လောဘပါ)။ လောဘနဲ့ သေတော့ (ပြိတ္တာပြည်)။ ကဲ--ဒကာ၊ ဒကာမတွေ စောင်လေးခြုံတာ အဝတ်ကလေးဝတ်တာတောင် မှပဲ မဝတ်တတ်ရင် ပြိတ္တာဆိုတော့ ပဋိစ္စသမုပ္ပါဒ်ထောက်ပြခဲ့ပြီးပြီ။ ရှင်းပြီနော်။ အဲဒီတော့ဟာ– ဒီဥစ္စာက ဘယ်လိုပဲကွာ။ ထိုင်တာ အိပ်တာက စသည်ဖြင့် သဘောမကျဘူး။ အလိုမကျဘူးဆိုရင် ဘာဖြစ်မလဲ။ (ဒေါသ)။ ဒေါသဆိုရင် တခြားလှမ်းကြည့်တာလား။ ဒယ်အိုးလှမ်းကြည့်တာလား။ (ဒယ်အိုးလှမ်းကြည့်တာပါဘုရား)။ ဟော ဒေါသနဲ့သေ ငရဲပြည် ရောက်လေကေန်သာဆိုတော့ ပဋိစ္စသမုပ္ပါဒ် ၃–မျိုး တစ်ခုမဟုတ် တစ်ခု ဒကာ၊ ဒကာမတွေ ရောက်သွားပြီ။ ရောက်တာက ရှုလို့ လား။ မရှုလို့လား။ (မရှုလို့ပါဘုရား)။ ဒီလိုဖြင့်ရင် ယောဂီတို့က ဒီနေရာမှာ ဝီရိယစိုက်ပြီး အားလေးထည့်ပေးလိုက်ပါ။ အားလေးထည့်ပေးလိုက်တဲ့အခါကျတော့ မျက်စိမှာ မြင်စိတ်ပေါ်တော့ ဘာကိုရှု။ (မြင်တာကို ရှုရပါတယ်ဘုရား)။ မြင်စိတ်ပေါ်လို့ မြင်တာကို မရှုရင် ပဋိစ္စသမုပ္ပါဒ် ဟိုမှာ ခုနစ်စဉ်မတန်းဘူးလား။ (တန်းပါတယ် ဘုရား)။

## နိုင်းတာလုပ်နေရတာ

ဆိုကြည့်ပါ---သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကမ္မဘဝ ဇာတိ။ အဲဒါက မျက်စိက မြင်စိတ်ပေါ်လို့ မြင်တာကို မရှုရင် ခုနစ်စဉ်တန်းတယ်။ ဘာဇာတိ။ (အပါယ်ဇာတိ)။ ကဲ--ဒီလိုဖြင့် နားမှာ ဘာစိတ်ပေါ်။ (ကြားစိတ်ပေါ်ပါတယ်)။ ကြားတာကို မရှုရင် ဘယ်နှစ်စဉ်တန်း မလဲ။ (ခုနစ်စဉ်တန်းပါတယ်ဘုရား)။ ဒီမှာ--နော် သဠာယတနကနေ ဇာတိအထိ ဘယ်နှစ်စဉ် တန်း



www.burmeseclassic.com

www.burmeseclassic.com



သွားတာလဲ။ (ခုနစ်စဉ်တန်းတာပါဘုရား)။ ခုနစ်စဉ်တန်းတယ်ဆိုတော့ တခြားအကျိုးပေးမှာလား။ အပါယ်အကျိုးပေးမှာလား။ (အပါယ်အကျိုးပေးတာပါဘုရား)။ အပါယ်အကျိုးပေးတာ ပဋိစ္စသမုပ္ပါဒ် ဒီမှာ မျက်စိနဲ့အမြင် ယောဂီတို့။ ဒီတော့ ကောင်းပြီ။ ကြားတယ်။ နှာခေါင်းမှာ မွှေးတယ် နံတယ်။ မွှေးရင်တော့ ဒကာ၊ဒကာမတွေ လူတွေက သဘောကျတယ်။ လူတိုင်း လူတိုင်း မွှေးတာ သဘော မကျဘူးလား။ (ကျပါတယ်ဘုရား)။ မွှေးတာသဘောကျလို့ပဲ မိမိတို့ရဲ့အသုံးအဆောင် အမွှေးအကြိုင် ပစ္စည်းတွေ အများကြီးသုံးကြရတာပဲပေါ့။ သဘောကျတယ်ဆိုတာ တခြားလား၊ လောဘလား။ (လောဘပါဘုရား)။ လောဘဖြစ်ပြီဆိုကတည်းက ဒကာ၊ ဒကာမတွေ တခြားဇာတိလား၊ အပါယ် ဇာတိလား။ (အပါယ်ဇာတိပါဘုရား)။

ဟော––ဒီလိုဖြင့်ရင် နံတာကျတော့ သဘောမကျတော့ဘူး။ သဘော မကျရင် တခြားလား။ ဒေါသလား။ (ဒေါသပါဘုရား)။ ဒီလိုဖြင့် သဘောမကျတာ က ဒေါသ၊ သဘောကျတာက လောဘ။ အဲဒီတော့ ဒေါသဖြစ်ရင်လည်း တခြားဇာတိလား၊ ငရဲဇာတိလား။ (ငရဲဇာတိပါဘုရား)။ သဘော ကျရင်လည်းပဲ တခြားဇာတိလား၊ ပြိတ္တာဇာတိလား။ (ပြိတ္တာဇာတိပါဘုရား)။ တစ်ချက်မှ မလွတ်ဘူး၊ ဒကာ၊ ဒကာမတွေ။ အဲဒီလို ပေါ်တဲ့နေရာမှာ မရှုဘူးဆိုရင်လည်း တခြားလား။ မောဟလား။ (မောဟပါဘုရား)။ မောဟဆိုတော့ ဘာဇာတိ။ (တိရစ္ဆာန်ဇာတိ)။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို နားမလည်လိုက်လို့ မရှုရင် အဲဒီ ၃–မျိုးက အမြဲတမ်း နှိပ်စက်နေတာ။

ဟာ အရှင်ဘုရား အပါယ်ဇာတိတွေ၊ ငရဲ ဇာတိတွေ၊ ပြိတ္တာဇာတိတွေ ပြောတာ အခု တပည့်တော်တို့ ဘာမှ မဖြစ်ပါလား–ဟော။ အခုတော့ ဘာမှမဖြစ်သေးဘူးလေ။ ဘာဖြစ်လို့ မဖြစ်သေးတာလဲဆိုတော့ ဒီမှာ ဝိပါကဝဋ်က ခံရဦးမယ်လေ။ ဝိပါကဝဋ်ကို ဝဋ်ကြွေးတွေ ဆပ်လို့ ခံပြီးရင် သူ့ကို လှည့်ခံပေးရမှာ။ လောဘနဲ့ ပတ်သက်တော့ ပြိတ္တာသွားခံ၊ ဒေါသနဲ့ပတ်သက်တော့ ငရဲသွားခံ၊ မောဟနဲ့ ပတ်သက်တော့ တိရစ္ဆာန်ပြည် (သို့) အသူရကာယ်ပြည်သွားခံ။ ဟိုက ဒကာ၊ ဒကာမတွေသွားဖို့အတွက်ကို သေချာအောင် ကြိုတင်လက်မှတ် ဖြတ်ထားတယ်။ ဟိုနေ့ကလည်း ပြောခဲ့ပြီးပြီ၊ ပဋိစ္စသမုပ္ပါဒ်ဆက်တာသည် တခြားလား၊ ကြိုတင်လက်မှတ်ဖြတ်တာလား။ (ကြိုတင် လက်မှတ်ဖြတ်တာပါဘုရား)။ အခုလောလောဆယ်က အတိတ်ကတုန်းက ကိလေသဝဋ် ကမ္မဝဋ်ကြောင့် ခြေချော်လက်ချော်ဖြစ်တော့ အခု ဒီဝိပါကဝဋ် ဒီခန္ဓာကြီးမရဘူးလား။ လူ့ခန္ဓာရတာ သည် တခြားလား၊ ဝိပါကဝဋ်လား။ (ဝိပါကဝဋ်ပါဘုရား)။ အဲဒီတော့ ဒီခန္ဓာနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ခံရမှာ။ အခု အိုတာကို ခံနေရပြီ၊ နာတာကို ခံနေရပြီ၊ သေတာ ကိုလည်းခံနေရပြီ။

အဲဒီတော့ ဒီခန္ဓာကြီး ရလာတာနဲ့ တစ်ပြိုင်တည်း ခန္ဓာကို နေ့တိုင်းပြုစုနေတာ။ တော်ကြာ စားဖို့လုပ်ရ၊ ဝတ်ဖို့ လုပ်ရ၊ နေမကောင်း ဆေးကုရ၊ တော်ကြာရေချိုးပေးရ၊ ရေတိုက်ရ၊ အမျိုး မျိုး ခန္ဓဝဋ်ကို မိုးလင်းမိုးချုပ် မလုပ်ရဘူးလား။ (လုပ်ရပါတယ်)။ ဒီလိုဖြင့်ရင် ခန္ဓာ ခိုင်းတာကို ပြုံးပြုံးရွှင်ရွှင်နဲ့ကို ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ လုပ်နေရတာ။ (မှန်လှပါ)။ ခန္ဓာခိုင်းတာကို လွန်ဆန်နိုင်တဲ့ ပုဂ္ဂိုလ်ရှိရဲ့လား။ (မရှိပါဘူးဘုရား)။ ဘယ်သူမှ မရှိဘူး။ ခန္ဓာက ကြမ်းကြမ်းနိုင်းရင်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြမ်းကို လုပ်ပေးရတယ်။ ချော့ခိုင်းရင် ချော့လုပ်ပေးရတယ်။ သို့ဖြင့် ဒါ ဘုန်းကြီးက ဒေသနာ စဉ်ပြောတာ။ လက်တွေ့ကျကျ ပြောကြပါဆိုရင် ခန္ဓာကနေ ပြီးတော့ ရေအေးအေးလေး သောက်ချင် ရင် ရေခဲရေတိုက်ရပြန်ပြီ။

စားပြီးတော့လည်း ဘာမှ မဟုတ်ပါဘူး။ အဲဒီတော့ ခန္ဓာက သူစားချင်တာ မှန်သမျှ အကုန်ကျွေးရတယ်။ သူဝတ်ချင်တာမှန်သမျှ အကုန်လုံး မဆင်ရဘူးလား။ (ဆင်ရပါတယ်ဘုရား)။ သူလုပ်ချင်တာမှန်သမျှ အကုန်လိုက်မလုပ်ပေးရဘူးလား။ (လုပ်ပေးရပါတယ်ဘုရား)။ လုပ်ပေးတော့ သူက ဒီတိုင်းနေတာမဟုတ်ဘူး။ သူလုပ်ချင်တာတွေ လုပ်ပြီးရင် တစ်ခါတလေ စိတ်တွေ ဘာတွေ ကောက်သွားတယ်။ လူလိုပြောတော့။ ဘာကောက်သွားသလဲဆိုတော့ ဥပမာဆိုကြပါစို့။ ငါ့- ကောင်းကောင်းကျွေးစမ်းကွာဆိုတော့ ကောင်းကောင်းကျွေးလိုက်ရော၊ ကောင်းကောင်းကျွေးတော့ အိပ်တော့-ဟော ညကျတော့ စိတ်ကဖောက်လာရော။ ပို့ဦး ငါမနေနိုင်ဘူး။ ဒါ-ခန္ဓာက ခိုင်းနေတာနော်။ (မှန်လှပါ)။ ဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ မင်းကွာ- ငါ အိပ်ကောင်းတုန်း မပို့ဘူး။ နေကြည့်လို့ ရပ့ါမလား။ (မရပါဘူး)။ အမလေး- မောင်မင်းကြီးသား။ မလုပ်ပါနဲ့။ မြန်မြန် ဆန်ဆန် ပို့ပါမယ်။ အဓိပ္ပာယ်နော်။ ဘယ်သူခိုင်းတာလဲ။ (ခန္ဓာက ခိုင်းတာပါဘုရား)။ ဒီလိုဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ စဉ်းစားနော်။ ကိုယ်ကတော့ ကိုယ့်ကိုယ်ကို အဟုတ်ကြီးထင်လိုက်တာ။ အော်-ငါတို့က တကယ့်ကျွန်အကြီးစားကြီးတွေပါလား။ ဘယ်သူ့ကျွန်လဲ။ (ခန္ဓာကျွန်)။ ဩော် လက်စသတ်-ဝိပဿနာဉာဏ်နဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်လည်း တင်လည်းတင်လိုက်ရော ဝိပါကဝဋ္ဋခန္ဓာခိုင်းသမျှ လုပ်နေရတာတို့ ခန္ဓာ့ကျွန်ပဲ။ ဝဋ္ဋခံနေရတယ်ခေါ်ပါတယ်။ ဘုန်းကြီးတို့ ဘာခံနေရတာလဲ။ (ဝဋ္ဋခံနေရတာပါ)။ ယောဂီတွေလည်း ဘာဖြစ်လဲ။ (ဝဋ္ဋခံနေရတာပါ)။

## အတွင်း/အပြင်ချည့်သည်

ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ဝဋ္ဋချင်းကတော့ မတူဘူးဗျ။ ဒကာတွေကလည်း ဒကာ၊ ဒကာမတွေရဲ့ ဝဋ္ဋ၊ ဘုန်းကြီးလည်း ဘုန်းကြီးဝဋ္ဋ၊ ဘုန်းကြီးလည်း အင်မတန် ဝဋ္ဋကြီးတယ်။ ဘာလို့လဲဆိုတော့ ဒကာ၊ ဒကာမတွေ တရားနာဖို့ အတွက်ကို အော်ရ ဟစ်ရ ပြောရ ဆိုရနဲ့။ ပလ္လင်ပေါ်က ဘုန်းကြီးက တရားနာတဲ့ ဒကာ၊ ဒကာမတွေထက် ပိုပြီးတော့ ဝဋ္ဋကြီးတယ်။ လက်ခံရဲ့လား။ (လက်ခံပါတယ်ဘုရား)။ မျက်စိနဲ့ အမြင်ပါ။ ပလ္လင်ပေါ်ထိုင်တာ လှုပ်မရဘူးဗျ။ ညောင်း လည်း ပေနေရတာပဲ။ ကျင်လည်း ပေပြီးဟောနေရတာပဲ။ ဒီတရား နားမလည် မချင်းနော်။ ပြီးတော့-ချွေးဒီးဒီးကျလည်း မတတ်နိုင်ဘူး။ မပြီးမချင်း ဟောနေရတာပဲ။ အဲဒီတော့---ဒကာ၊ ဒကာမတွေက ပြောင်းလို့ ရွှေ့လို့ရတယ်။ ဒီဘုန်းကြီး ပြောင်းလို့မရဘူး။ ပြောင်းပစ်လဲသွားမယ်။ ဟိုမှာ- ပလ္လင်က မဆန့်ဘူး။ အဲဒီတော့--သူများနဲ့ မတူဘူး။ အင်မတန်ထိန်းသိမ်းပြီးတော့ ဒီလို--နေရတာကိုက ဝဋ္ဋသေးလို့လား။ ဝဋ္ဋကြီးလို့လား။ (ဝဋ္ဋကြီးလို့ပါဘုရား)။

ဒါကြောင့် လောကမှာ ဓမ္မကထိကဟာ ဝဋ္ဋအကြီးဆုံးပုဂ္ဂိုလ်တွေ။ ဒါကြောင့် ဘုန်းကြီးတို့လည်း ဝဋ္ဋကျွတ်ချင်ပါတယ်နော်။ ဒီတော့ ယောဂီတို့လည်းပဲ ဝဋ္ဋမရှိဘူးလား။ (ရှိပါတယ်ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နေအကောင်းသား။ ဒီမှာ စားချင်တိုင်း မစားရ။ သွားချင်တိုင်း မသွားရ။ ဟိုက ကျင်တာက တစ်မျိုး၊ ဒီက ကျပ်တာက တစ်မျိုးနော်။ တော်ကြာစကားမပြောနဲ့လို့ ပြောတာကတစ်မျိုးနဲ့။ ဘာဖြစ်နေကြတာလဲ။ ဝဋ်ခံနေရတာ။ အင်း – ဝဋ်ကျွတ်ဖို့တော့ နီးလာပြီနဲ့တူပါတယ်။ ရိပ်သာမှာ နေရတဲ့ဝဋ်က ကျွတ်ဖို့နီးပေမယ့် ရိပ်သာကနေပြန်တော့ ဟိုမှာဝဋ်ကြီးထဲ ပြန်လည်မှာနော်။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ ဝဋ်ကျွတ်သွားတာက ဒီလို အရှုခံနဲ့ အရှုဉာဏ်နဲ့ တည့်မှ ဝဋ်ကျွတ်မှာဗျာ့နော်။ အဲဒီတော့ ဝဋ်ကျွတ်ချင်ရင် ဘာနဲ့ ဘာနဲ့တည့်ရမလဲ။ (အရှုခံနဲ့ အရှုဉာဏ်နဲ့ တည့်ရမှာပါဘုရား)။ ဒီတော့ အရှုခံက ဘာတဲ့လဲ။ (မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်)။ အဲဒီတော့ ဒီစိတ်တွေ ပေါ်တာ နားလည်ပြီ။ မရှင်းတော့ဘူးနော်။ အဲဒီစိတ်တွေ ပေါ်တိုင်း ပေါ်တိုင်းကို မဂ္ဂင် ဘယ်နှပါးနဲ့ကြည့်။ (၅–ပါးနဲ့ကြည့်တာပါဘုရား)။ မကြည့်ရင် အန္တရာယ်ရှိတယ်။ ခုန လောဘ ဒေါသ မောဟဆိုတာ ပဋိစ္စသမုပ္ပါဒ်ဆက်သွားရင် အန္တရာယ်မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒါက အပြင်ဉေ့သည် ဘယ်နှယောက်။ (၅–ယောက်ပါဘုရား)။ အဲဒီတော့ ဉေ့သည်ဆိုတာက ကိစ္စရှိရင် လာတယ်။ ပြီးပြန်တယ်ပေါ့။ အဲဒီတော့ အပြင်ဉေ့သည်ဆိုတာကတော့ တစ်နေ့တစ်ခေါက် လာချင် လာမယ်။ နှစ်ခေါက်လာချင်လာမယ်။ သို့သော် အကြာကြီးမနေဘူး။ တစ်ခါတစ်လေ တစ်ပတ် လောက်မှ တစ်ခေါက်လာချင်လာမယ်။ အဓိပ္ပာယ်မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒီလို အများ နားလည်တဲ့ စကားလုံးနဲ့ ဆရာတော်ဘုရားကြီး ရွေးပြီးတော့ ဒီသင်တန်းကို သင်ခဲ့တဲ့အတွက် ဘုန်းကြီးတို့ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်။ (မှန်လှပါ)။

ကဲ–ဒီတော့ အတွင်းဉေ့သည် ၆–စိတ်၊ အတွင်းဉေ့သည်စိတ် ဘယ်နှခုလဲ။ (၆–ခု)။ ၆–စိတ်၊ ၆–ခုလို့ပြော။ အတွင်းဉေ့သည်စိတ်ဘယ်နှခု။ (၆–ခုပါဘုရား)။ ၆–ခုနော်။ ၆–ခုက။ လောဘစိတ်။ ဘာတဲ့လဲ။ (လောဘစိတ်)။ ဒေါသစိတ်၊ မောဟစိတ်။ ဘယ်နှစိတ်။ (၃–စိတ်ပါဘုရား)။ ၃–စိတ်လာပြီနော်။ ပြန်ပြောပါ။ (လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်)။ လောဘစိတ်နဲ့သေရင် ဘယ်ရောက်မလဲ။ (ပြိတ္တာပြည်)။ ပြိတ္တာပြည်သွားတဲ့ စိတ်ကို လက်ခံထားရမှာလား။ ရှုရမှာလား။ (ရှုရမှာပါဘုရား)။ ဒါက ယောဂီတို့ ရှင်းနေပြီ။ လောဘဆိုတာ တခြားလား၊ လိုချင်တာလား။ (လိုချင်တာပါဘုရား)။ ကြည့်ချင်တယ်။ နားထောင် ချင်တယ်။ မွှေးချင်တယ်။ ဟာ––စားချင်တယ်။ ကောင်းကောင်းလေး ဝတ်ချင်တယ်ဆိုတာ အဲဒါ ဘာစိတ်တွေလဲ။ (လောဘစိတ်တွေပါဘုရား)။ ဒီတော့ လောဘစိတ်သည် အတွင်းဉေ့သည်ဆိုတော့ သူက တစ်အိမ်လုံးနဲ့လည်း ရင်းနှီး တယ်။ ဒီ––မြန်မာတွေရဲ့ အသုံးအနှုန်းစကားကို ဆရာတော် ဒီတရားထဲထည့်ထားတာနော်။ လောဘစိတ်က ဘာဉေ့သည်လဲ။ (အတွင်းဉေ့သည်)။ အတွင်းဉေ့သည်ဆိုတာ အိမ်တွင်းကို အကုန်လုံးရင်းနှီးတယ်။ အဖေနဲ့လည်း ရင်းနှီးတယ်။ သားသမီးတွေနဲ့လည်း ရင်းနှီးတယ်။ မြေးတွေ မြစ်တွေ အကုန်ရင်းနှီးတယ်ပေါ့။ အဲဒီ ဥပမာလိုပဲ––လောဘစိတ်သည် မြင်ရင်လည်းပဲ သူမပါ ဘူးလား။ (ပါပါတယ်ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



မြင်တာကို သဘောကျရင် ဘာစိတ် (လောဘစိတ်)။ မြင်စိတ်က မြင်ရုံလေးတစ်ခုပဲရှိတယ်။ လောဘစိတ်ဖြစ်ရဲ့လား။ (မဖြစ်ပါဘူး)။ အဲဒီတော့ မြင်စိတ်သည် သဘောကျတော့ ဘာစိတ်ဖြစ်သွားလဲ။ (လောဘစိတ်)။ အဲဒီတော့ လောဘစိတ်သည် မြင်စိတ်မှာလည်း သူမတွဲဘူးလား။ (တွဲပါတယ်ဘုရား)။ တွဲတာပဲ။ ရင်းနှီးတာပဲ။ ဒီလိုဖြင့် ကြားလို့ သဘောကျရင် ဘာဖြစ်လဲ။ (လောဘစိတ်)။ နားထောင်ချင်တယ်ဆိုရင် ဘာစိတ်လဲ။ (လောဘစိတ်)။ ဒီလိုဖြင့် မွှေးချင်တယ်၊ သဘောကျတယ်ဆိုရင် လောဘစိတ်။ ကောင်းကောင်းလေး စားတယ်ဆိုရင် လောဘစိတ်။ အရသာလည်း ခံနေတယ်ဆိုရင် လောဘစိတ်။ ဟော--ကောင်းကောင်းလေး ဝတ်တယ်၊ တွေ့ထိတယ်။ ကောင်းကောင်းလေး အိပ်တယ်ဆိုရင် လောဘစိတ်။ ဒီလိုဖြင့်ရင် လောဘစိတ်သည် ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား။ (အကုသိုလ်စိတ်ပါဘုရား)။ အဲဒီအကုသိုလ်ဆိုတာက တခြားကထွက်တာလား၊ မနောကထွက်တာလား။ (မနောကထွက်တာပါဘုရား)။ မနောပေါက်က ထွက်တဲ့ အကုသိုလ်စိတ်ဖြစ်သောကြောင့် သူသည် လောဘသည် အကုန်လုံးနဲ့ သင့်မြတ်တယ်ပေါ့။ အကုန်လုံးနဲ့ အဆက်အသွယ်ရှိတယ်ပေါ့။ ရင်းနှီးတယ်ပေါ့။ အဲဒါကြောင့် လောဘစိတ်သည် ဘာညှိသည်။ (အတွင်းညှိသည်)။ အဲဒီတော့ လောဘစိတ်ပေါ်ရင် ဘာကိုရှု။ (လောဘစိတ်ကိုရှု)။ လောဘ စိတ်ကိုရှု။

## အလောင်းမကျန်တဲ့ခန္ဓာ

နံပါတ်နှစ်က ဘာတဲ့လဲ။ ဒေါသစိတ်။ ဘာစိတ်ပါလိမ့်။ (ဒေါသစိတ်)။ ဒေါသစိတ်ဆိုတာလည်းပဲ ဒကာ၊ ဒကာမတွေ အကုန်လုံးနဲ့ ပတ်သက်တာပဲ။ ဥပမာ–မျက်စိနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ အမြင်မတည့်ဘူးဆိုရင် ဘာစိတ်ပေါက်တာလဲ။ (ဒေါသစိတ်)။ ဟာ–မြင်ရတာကွာ၊ ဒီကောင် ကြည့်ရတာကွာ၊ ဘာစိတ်ပေါ်တာလဲ။ (ဒေါသစိတ်)။ ဒင်းကြည့်ရတာ စိတ်ထဲ အခန့်မသင့်ဘူးဆိုတာ ဘာစိတ်ပေါ်တာလဲ။ (ဒေါသစိတ်)။ ကြားတယ်။ ကြားတဲ့အခါမှာ ဒီအသံကြောင့် ဒကာ၊ ဒကာမတွေ ဒေါသဖြစ်သွားတယ်။ မင်းအသံကြားရတာကို သူ့အသံကြားရတာကို စသဖြင့်ပေါ့နော်။ ကိုယ်မလိုလားအပ်တဲ့ မကြိုက်တဲ့အသံလေး ကြားလိုက်ရတာ စိတ်ထဲမှာကောင်းတာလား။ မကောင်းတာလား။ (မကောင်းပါဘူး)။ ဒီတော့ မကောင်းတာ တခြားမှာပေါ်တာလား။ နားမှာပေါ်တာလား။ (နားမှာ ပေါ်တာပါ ဘုရား)။ ကြားတဲ့အချိန်မှာ မကောင်းတာ ပေါ်တတ်တယ်။ အဲဒီမကောင်းတာဆိုတာ တခြားလား။ ဒေါသစိတ်လား။ (ဒေါသစိတ်ပါဘုရား)။ ဒီတော့ ဘုန်းကြီးက သဘောတရားသာ ပြောတယ်။ ယောဂီတို့က ကိုယ်ခန္ဓာထဲ အရောက်ပို့ပါ။ အော်--နားမှာလည်း–ဟုတ်လား။ ကြားတဲ့အခါမှာ ကိုယ့်စိတ်နဲ့ အခန့်မသင့်ရင် ဘာစိတ်ပေါ်တာလဲ။ (ဒေါသ စိတ်)။ ဒီလိုဖြင့်ရင် သူတစ်ပါးရဲ့ အသံကြောင့် ကိုယ့်နားမှာ ကြားလို့ နှလုံးမသွင်းတတ်ရင် နေရင်းထိုင်ရင်းနဲ့ ငရဲရောက်မှာပါ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ အဲဒီတော့ နားမထောင်တတ်လို့ရှိရင် အန္တရာယ်ကြီးပေါ့။ ဒေါသနဲ့ဆို ဘယ်ရောက်မလဲ။ (ငရဲ)။ နားထောင်တတ်တဲ့ အခါကျတော့ ဘာဝနာဖြစ်သွားတယ်။ နားထောင်တဲ့အခါကျတော့ ဘာပဲဖြစ်ဖြစ်၊ နားထဲမှာ အသံကြားရင် ကြားတယ်လို့ မမှတ်ရဘူးလား။ (မှတ်ရပါတယ်ဘုရား)။ ကြားတယ်လို့ မှတ်တာက တခြားလား။ သတိပဋ္ဌာန်လား။ (သတိပဋ္ဌာန်ပါဘုရား)။ ဟုတ်ပြီ– အဲဒါဆို မဂ္ဂင် ၅–ပါးပါပြီ။ ဒီလိုဖြင့် ကြားလိုက်တော့ ကြားတဲ့ ကြားစိတ်တစ်စိတ်ပေါ်တိုင်း ပေါ်တိုင်းသည် တခြားလား။ ခန္ဓာ ၅–ပါးလား။ (ခန္ဓာ ၅–ပါး ပါဘုရား)။ ဒီလိုဖြင့် အဲဒီခန္ဓာ ၅–ပါးက ကြားတယ်။ ရှိသေးလား။ (မရှိပါဘူး ဘုရား)။ ဓမ္မသဘောအရ သူ့ဖာသာသူ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားတယ်ပေါ့။ ပျောက်သွားတယ်ဆိုတာ တခြားလား။ ပျက်တဲ့သဘောလား။ (ပျက်တဲ့သဘောပါဘုရား)။ အဲဒီပျက်သွားပြီဆိုတာ တခြားလား။ သတိပဋ္ဌာန ဘာဝနာလား။ (သတိပဋ္ဌာန ဘာဝနာပါဘုရား)။ ဒီလိုဖြင့် သတိပဋ္ဌာန်က သမထ။ သတိပဋ္ဌာန ဘာဝနာကဝိပဿနာ။ ပြန်ရှင်းဦးမယ်နော်။ သိပ်ရှုပ်သွားလိမ့်မယ်--ဟုတ်လား။

ကြားတယ်၊ ကြားတယ်၊ ကြားတယ်၊ ကြားတာကို မှတ်နေပေါ့။ ကြားတာကို မှတ်နေတာ ဘာခေါ်လဲ။ (သတိပဋ္ဌာန်)။ တရားကိန်းလာပြီ။ သို့သော် မိမိရဲ့နှလုံးအိမ်မှာ မဂ္ဂင်ကိန်းသွားပြီ။ အရှုခံရယ်၊ အရှုဉာဏ်ရယ်။ ကြားတယ် ကြားတယ်ဆိုတဲ့ ကြားစိတ်သည် တခြားလား၊ အရှုခံလား။ (အရှုခံပါဘုရား)။ ကြားတာသည် ကြားတယ်လို့သာမှတ်နေ ဘာမှ မရှုတတ်စရာမရှိဘူး။ အခက်အခဲ မရှိဘူးနော်။ ကြားတယ်လို့ မှတ်နေတာ ဘာခေါ်လဲ။ (သတိပဋ္ဌာန်)။ ဒီလိုဖြစ်ရင် နည်းနည်းလေး ရှုရင်း ရှုရင်းက ဉာဏ်လေးတက်လိုက်တော့ ကြားတယ်- ဟာ- မရှိတော့ဘူး။ ရှိသေးလား။ (မရှိတော့ပါဘူး)။ ကဲ အခု ဘုန်းကြီးက ဗုဒ္ဓလို့ဆိုတော့ ရှိသေးလား။ (မရှိတော့ပါဘူး)။ ဘယ်ရောက်သွားလဲ။ (ပျက်သွားပါပြီ)။ ကြားစိတ်ကလေး ပျက်သွားပြီ။ ကြားစိတ်ပျက်တာသည် တစ်စိတ်ပေါ်လျှင် ခန္ဓာဘယ်နှစ်ပါး (၅-ပါး)။ အဲဒါ အရပ်ပြော ပြောရင် တစ်ယောက်သေသွားတာပဲ။ တစ်စိတ်ပေါ်ရင် ခန္ဓာဘယ်နှစ်ပါးလဲ။ (၅-ပါး)။ တစ်ယောက်သေသွားတယ်။ သို့သော် ဒီတစ်ယောက်က အလောင်းကျန်တာလား၊ အလောင်းမကျန်တာလား။ (အလောင်းမကျန်တာပါဘုရား)။ ခွေးမဟောင်တဲ့ ခန္ဓာသေတာ။ အလောင်းမကျန် တဲ့ ခန္ဓာသေတာ။ ဘုန်းကြီးတို့ အခု တရားဟောတဲ့ ခန္ဓာကြီးက အလောင်းကျန်မှာနော်။ အခုပြောတဲ့ခန္ဓာကအလောင်းကျန်ရဲ့လား။ (မကျန်ပါဘူးဘုရား)။ အလောင်းမကျန်တဲ့ ခန္ဓာကိုမြင်မှ ဒကာ၊ ဒကာမတွေ ဝိပဿနာဉာဏ်ရမယ်။ ရှင်းပြီနော်။

အဲတော့ ကြားတယ် ခန္ဓာဘယ်နှပါး။ (၅-ပါး)။ ရှိသေးလား။ (မရှိပါဘူး)။ ဘာဖြစ်သွားလဲ။ (ပျက်သွားပါတယ်ဘုရား)။ ပျက်သွားတယ်။ သေသွားတယ်။ အဲဒါကို သိလိုက်တာသည်တခြားလား။ သတိပဋ္ဌာနဘာဝနာလား။ (သတိပဋ္ဌာနဘာဝနာပါဘုရား)။ ဒီလိုဖြင့် ယောဂီတို့ အားထုတ်ရမှာက သတိပဋ္ဌာန်ရယ်၊ သတိပဋ္ဌာနဘာဝနာရယ်။ အဲဒီ ၂-မျိုး ယောဂီတို့အားထုတ်ရမှာ။ ဒီတော့ နောက်တစ်မျိုးက သတိပဋ္ဌာနဘာဝနာလမ်းဆုံးဆိုတာက တစ်မျိုးရှိသေးတယ်။ အဲဒါက ကိုယ့်ကိစ္စ မဟုတ်တော့ဘူး။ မဂ်ကိစ္စဖြစ်သွားပြီ။ အဲဒီတော့ ယောဂီတို့ ကိစ္စက သတိပဋ္ဌာန်ရယ် သတိပဋ္ဌာနဘာဝနာရယ် ဒီနှစ်မျိုးသာ ယောဂီတို့ကိစ္စနော်။

ကဲ-ဒီတော့ ဒါလေးမှတ်ပြီး တစ်ပိုင်းရပ်လိုက်။ ဆိုတော့-ကြားရင် ဘာစိတ်ကိုရှု။ (ကြားစိတ်ကို ရှုရပါမယ်ဘုရား)။ ကြားစိတ်ကို ရှုတဲ့အခါ အခန့်မသင့်တော့ ဘာစိတ်ပေါ်မလဲ။ (ဒေါသစိတ်ပေါ်ပါတယ်ဘုရား)။ ဒေါသစိတ်ပေါ်ရင် ဘာစိတ်ကိုရှု။ (ဒေါသစိတ်)။ အကယ်လို့ အဲဒီကြားတဲ့အပေါ်မှာ မရှုဘူးဆိုရင် ကြားစိတ်ပေါ်တာ သိရဲ့လား။ (မသိပါဘူး)။ မသိရင် ဘာစိတ်ပေါ်လဲ။ (မောဟစိတ်)။ ကဲ--အဲဒါကြောင့်မို့ နည်းနည်းလေးမှ အလွတ်မခံဘူးနော်။ မောဟစိတ် ပေါ်လာရင်လည်း ဘာကိုရှု။ (မောဟစိတ်ကို ရှုရပါတယ်ဘုရား)။ မောဟစိတ်ကို ရှုမယ်။ ဒါက နည်းလမ်း၊ စည်းကမ်းပဲပေါ့။ ဝိပဿနာ အရှုခံနဲ့ အရှုဉာဏ်မှာ ဒီနည်းလမ်း၊ စည်းကမ်းအတိုင်း လောဘစိတ်ပေါ်လာရင် လောဘစိတ်ကို ရှု။ ဒေါသစိတ်ပေါ်ရင် ဒေါသစိတ်ကို ရှု။ မောဟစိတ်ပေါ်ရင် မောဟ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ရှုဆိုတော့ ဒီ ၃-စိတ်က အကုသိုလ်စိတ်ဆိုတာ ရှင်းရှင်းလေးရယ်။ လက်ခံလို့ မရဘူးနော်။ အဲဒီ ၃-စိတ်သည် အကုန်လုံးနဲ့ သူ မသင့်မြတ်ဘူးလား။ သင့်မြတ်တယ်။ မွေးစိတ် နံစိတ်နဲ့လည်း သင့်မြတ်တယ်။ ပါးစပ်ထဲမှာ စားတဲ့စိတ်နဲ့လည်း သင့်မြတ်တယ်။ ခန္ဓာကိုယ်မှာ တွေ့ထိတဲ့ ယားနာကောင်း စိတ်နဲ့လည်း သင့်မြတ်တယ်။ အကုန်လုံး သင့်မြတ်နေတယ် ယောဂီတို့။ ဒီစိတ် ၃-စိတ်ကပေါ့။ အဲဒီတော့ ဘယ်စိတ်ပဲလာလာ ပေါ်တဲ့စိတ်ကို ဘာလုပ်ရမလဲ။ (ရှုရပါမယ်)။ ဒါက တော့ အလွယ်ရှင်းသွားတယ်ပေါ့။ ရှင်းပြီးသားကို ထပ်ပြီးတော့ ရှင်းတာနော်။

ကဲ ဒီတော့ နောက် ၃-စိတ်က အလောဘစိတ်။ ဘာစိတ်ပါလဲ။ (အလောဘစိတ်)။ စာထဲ အတိုင်းပေါ့နော်။ နောက်တစ်စိတ်က အဒေါသစိတ်။ ဘာစိတ်ပါလဲ။ (အဒေါသစိတ်)။ အလောဘ စိတ်ရယ်၊ အဒေါသစိတ်ရယ်၊ နောက်--စာထဲမှာ ဘာရေးထားလဲ။ (တွေးတောကြံစည်စိတ်)။ ဘာစိတ်လဲ။ (တွေးတော ကြံစည်စိတ်)။ အကယ်လို့ ပဋ္ဌာန်းဒေသနာမှာရှိတဲ့ ဟေတုပစ္စယောနဲ့ ပြောမယ်ဆိုရင် အမောဟစိတ်ပဲ ပြောမှာပဲနော်။ ပဋ္ဌာန်းဒေသနာမှာ ဟေတု ပစ္စယော၊ **"ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"**

လူတိုင်းပါးစပ်ဖျားရနေတာနော်။ အဲဒီ ဟေတုပစ္စယောက ဟိတ် ၆-ပါး ကို ပြောတာ။ လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်၊ ပဋ္ဌာန်းဒေသနာလောက်ကို ရွတ်ဖူးထားတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီ ၆-မျိုးပဲ တန်းပြောသွားမှာ။ အခု ဟိတ်ဘယ်နှပါးရှိ။ (၆-ပါး)။ ၆-ပါးက ဘာတွေလဲ။ (လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်)။ အဲဒါ ဟိုက ဟိတ်ပြောသွားတာ။ ယခု ယောဂီတို့ကို သင်နေတာက တခြားသင်တာလား။ အရှုခံသင်တာလား။ (အရှုခံသင်တာပါဘုရား)။ အရှုခံမှာ ဒီနေရာပြသနာလာလာဖြစ်တယ်။ အများအားဖြင့် အမောဟစိတ်လို့ ဒီလိုပဲ ပြောချလိုက်တာ။ သို့သော် ပဋ္ဌာန်းမှာ အမောဟဆိုတာ မပါဘူးလား။ (ပါ-ပါတယ် ဘုရား)။ ဒီနေရာမှာ ယောဂီတို့ အရှုခံဆိုတာ မောဟဆိုတာက အဝိဇ္ဇာ။ ဒါလေးသတိထားပါ။ မှားတတ်တယ်နော်။ ဒီတော့ မောဟသည် ဘာပါလိမ့်။ (အဝိဇ္ဇာ)။ အဝိဇ္ဇာဆိုတာ တခြားတရားလား။ ကိလေသာတရားလား။ (ကိလေသာတရားပါဘုရား)။

ဒီလိုဖြင့်ရင် အမောဟဆိုတာက ဝိဇ္ဇာ။ ဝိဇ္ဇာသည် သစ္စာဖွဲ့ရင် မဂ္ဂသစ္စာ။ ဝိဇ္ဇာကို သစ္စာဖွဲ့။ (မဂ္ဂသစ္စာ)။ အဲဒီတော့ မဂ္ဂသစ္စာဆိုတာ အခု မဂ္ဂင်ဘယ်နှပါးလဲ။ (၅-ပါး)။ အခု ယောဂီတို့ ရှုနေတာ မဂ္ဂင်ဘယ်နှပါး။ (၅-ပါး)။ ၈-ပါးက နောက်ပြည့်တော့ လာလိမ့်မယ်နော်။ အားလုံး တကယ်ရှိတာ မဂ္ဂင် ၈-ပါး။ ဓမ္မစကြာမှာဟောပြီးသား။ သို့သော် ၅-ပါးကို ဘာလို့ပြောလဲဆိုတော့ ၅-ပါးနဲ့ အလုပ်လုပ်နေလို့။ အခုယောဂီတို့ အလုပ်လုပ်တာ ဘယ်နှပါးလဲ။ (၅-ပါး)။ အဲဒီ ၅-ပါးသည် ဝိဇ္ဇာဉာဏ်။ သစ္စာနဲ့ပြောတော့ မဂ္ဂသစ္စာ။ အဲဒါကြောင့် ဆရာတော်ဘုရားကြီးက ဒီမှာကြည့် ဆရာတော်ဘုရားကြီးရဲ့ဉာဏ် ဘယ်လောက်ကြီးလဲဆိုရင် တွေးတောကြံစည်တယ်ဆိုပြီးတော့ ဒီမှာ နောက်ဆုံး စိတ်ပြုပြီပေါ့နော်။ အဲဒီတော့ - ခုန အလောဘစိတ်၊ အဒေါသစိတ်၊ တွေးတောကြံစည်စိတ်။ ကဲ - အတွင်းညွှဲသည် ၆-ယောက်ကို ပြန်ပြောပါ။



www.burmeseclassic.com

www.burmeseclassic.com



(၁) လောဘစိတ်
(၂) ဒေါသစိတ်
(၃) မောဟစိတ်
(၄) အလောဘစိတ်
(၅) အဒေါသစိတ်
(၆) တွေးတောကြံစည်စိတ်။

ကျန်တာတွေ ဘာမှ ရှင်းစရာမလိုဘူး။ ဒါပဲ ရှင်းရမယ်။ ယောဂီသစ်များအတွက် နည်းနည်း ဂရုစိုက်ရမှာက အလောဘစိတ်ဆိုတာ ဘာလဲလို့သိဖို့ လိုပြန်ရော။ ဒါက – အမိမြန်မာစကားတွေ မဟုတ်ဘူး။ စာစကားတွေနော်။ အလောဘစိတ်ဆိုတာက အရပ်စကားနဲ့ပြောတော့ လှူချင်တန်းချင်တဲ့စိတ်ပေါ့။ ဆွမ်းကျွေးချင်တယ်၊ ဘုရားတည်ချင်တယ်၊ ကျောင်းဆောက်ချင်တယ်၊ လမ်းခင်းချင်တယ်။ တံတားဆောက်ချင်တယ် စသဖြင့် အဲဒီလို အမျိုးမျိုးလှူချင် တန်းချင်၊ ပေးချင် ကမ်းချင်တဲ့စိတ်ကို ဘာစိတ်ခေါ်လဲ။ (အလောဘစိတ်)။ အလောဘစိတ် နော်။ သို့ဖြင့် အလောဘစိတ်လို့ပြောလိုက်ရင် ယောဂီတို့နားလည်သွားပြီ။ အလောဘစိတ်ကို ဒါနစိတ်လို့သာ လွယ်လွယ် ကူကူပြောလိုက်ပါ။ အလောဘစိတ်သည် ဘာစိတ်။ (ဒါနစိတ်)။

## နားကြီးကြီးထောင်

ကဲ – ဒီလိုဖြင့်ရင် ဗုဒ္ဓဘာသာမှာနော် ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ကို ဘုန်းကြီးတို့ သင်စဉ်က ကံနဲ့အကျိုးပေးကို မယုံရဘူးလား။ (ယုံရပါတယ်)။ ကောင်းတာလုပ်ရင် ကောင်းတာ ဖြစ်တယ်။ မကောင်းတာလုပ်ရင် မကောင်းတာ ဖြစ်မယ်။ အဲဒီပုံသေနည်းကိုင်ထားလိုက်။ ဒီလိုဖြင့် ရင် လှူချင်တန်းချင် ပေးချင် ကမ်းချင်တဲ့စိတ်ဟာ ကောင်းတဲ့စိတ်လား၊ မကောင်းတဲ့စိတ်လား။ (ကောင်းတဲ့ စိတ်ပါဘုရား)။ အဲဒါက မိရိုးဖလာဗုဒ္ဓဘာသာက ကံလောက်ကိုနားလည်ထားတဲ့ ဗုဒ္ဓဘာသာက အလှူတစ်ခုလှူပြီးရင် မလှူခင် တစ်ခါတည်းမှုကို စီမံပြီးတော့ကို စိတ်ထဲမှာ စွဲနေ တာက ပုဗ္ဗစေတနာလေ။ မကောင်းဘူးလား။ ကောင်းလား။ (ကောင်းပါတယ်)။ ကောင်းတယ်။ ဗုဒ္ဓဘာသာမှာ ပုဗ္ဗစေတနာက ဪ – မလှူခင်ကို လှူရတော့မယ်၊ လှူရတော့မယ်၊ လှူတော့မယ်၊ လှူတော့မယ်ဆိုကတည်းက ဒီကုသိုလ်ကောင်းမှုသည် သေချာပေါက် ဒကာ၊ ဒကာမတွေသုဂတိ ကတော့ သေချာနေပြီ။

မုဥ္စစေတနာ၊ ဟိုမှာ ဆွမ်းကပ်တာပဲဖြစ်ဖြစ်၊ ရှင်ပြုတာပဲဖြစ်ဖြစ်၊ ဘုရားတည်တာ၊ ကျောင်း ဆောက်တာ လှူချင်တဲ့ ကုသိုလ်ကောင်းမှုကိုလုပ်၊ အဲဒီလို အလှူအတန်းကြီး ကိုယ်တိုင်ကိုယ်ကျ များ ရေစက်ချနေတာ ဝမ်းသာစရာ မကောင်းဘူးလား။ (ကောင်းပါတယ် ဘုရား)။ မုဥ္စစေတနာ။ ဝမ်းသာလား။ အကျိုးပေးတော့မှာနော်။ အကျိုးပေးမှာလား၊ အကျိုးမပေးဘူးလား။ (အကျိုးပေးမှာ ပါဘုရား)။ တခြားအကျိုးပေးမှာလား၊ ကောင်းတာအကျိုးပေးမှာလား။ (ကောင်းတာ အကျိုးပေး မှာပါဘုရား)။ အပရစေတနာ၊ ဪ – ငါ ဘယ်နှစ်ခုကလှူဒါန်းလို့၊ ဟိုလွန်ခဲ့တဲ့ ၁၀–နှစ်က လှူခဲ့တယ်။ ၅–နှစ်က လှူခဲ့တယ်။ ပြီးခဲ့တဲ့လက လှူခဲ့တယ် စသည်ဖြင့် အလှူလေးများ ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရရင် ဝမ်းမသာဘူးလား။ (သာပါတယ်ဘုရား)။ အကျိုးပေးမှာ။ အကျိုးပေးမှာ။ ယနေ့တိုးတက်လာတဲ့ ခေတ်မှာ အမျိုးမျိုး ဗွီဒီယိုတွေ၊ ဗီစီဒီတွေ စသည်ဖြင့် ရိုက်ထားလိုက်လို့ ကိုယ့်အလှူလေးများ ပြန်ပြီးကြည့်ရင် ကြည့်ရတာ ဝမ်းသာနေတာ။ မကောင်းတဲ့စိတ်လား။ ကောင်းတဲ့စိတ်လား။ (ကောင်းတဲ့စိတ်ပါ ဘုရား)။ ဒါနစိတ်နဲ့ပတ်သက်ပြီးတော့ ဖြစ်လာတာတွေပေါ့နော်။ သို့သော် အဲဒီ စိတ်သည် ဘာစိတ်လဲ။ ကာံစိတ်တွေ။ နားကြီးကြီး နားထောင်နော်။ ဉာဏ်ကိုထည့်ရမယ်။ အဲဒီ စိတ်တွေ ဘာစိတ်လဲ။ (ကာံစိတ်ပါဘုရား)။ ယခုဘုန်းကြီးဟောနေတာ အရှုဉာဏ်ကို ဟောတာလား။ အရှုခံကို ဟောတာလား။ (အရှုခံကိုဟောတာပါ ဘုရား)။ ခုနက လောဘက အကုသိုလ်စိတ်ဖြစ်တဲ့အခါမှာ မဂ္ဂင် ၅–ပါးနဲ့ ရှုပစ်။ လက်မခံနဲ့၊ မဟောဘူးလား။ (ဟောပါတယ်)။ ဒါရှင်းရှင်းလေး ယောဂီတို့။ ထပ်ရှင်းစရာ မလိုတော့ဘူး။

ဒေါသစိတ်ပေါ်လာရင် ဒေါသစိတ်ကို မဂ္ဂင် ၅–ပါးနဲ့ ဘာလုပ်ရမလဲ။ (ရှုရမှာပါဘုရား)။ ရှုပစ်လိုက်။ ဒီတော့ မောဟစိတ် ပေါ်လာရင် မောဟစိတ်ကို မဂ္ဂင် ၅–ပါးနဲ့ ရှုပစ်၊ လက်ကိုမခံနဲ့၊ သူ့ကိုရှုပစ်၊ ရန်သူတွေမို့လို့၊ ရှင်းကောရှင်းရဲ့လား။ ဒီလိုဖြင့်ရင် ဘုန်းကြီးတို့ တစ်သက်လုံး၊ တစ်သံသရာလုံးက မိတ်ဆွေစစ်သည် ဒါန၊ သီလ၊ ဘာဝနာ။ ဆုံးမစာတွေထဲမှာ ရေးထားတယ်။ မတွေ့ဘူးလား။ (တွေ့ပါတယ်)။ နေရာတကာတိုင်းမှာ ရှိတယ်နော်။ ရန်သူအစစ်သည် လောဘ၊ ဒေါသ၊ မောဟ။ ဆရာတော်ဘုရားကြီးရဲ့ဆုံးမစာထဲမှာနော်။ မိတ်ဆွေစစ်က ဒါန၊ သီလ၊ ဘာဝနာ။ ဒါဆောင်ပုဒ်ကလေးတွေနဲ့ ရှိပြီးသား။ သို့သော် ယခု ဒီမှာက ဒါနသည် ရန်သူလား၊ မိတ်ဆွေလား။ (မိတ်ဆွေပါဘုရား)။ မိတ်ဆွေနော်။ ဘုန်းကြီးတို့ တစ်သက်လုံး လက်ခံထားတာ ဒါနကို ဘယ်လိုလက်ခံထားလဲ။ (မိတ်ဆွေ)။ မိတ်ဆွေ။ ရန်သူမဟုတ်ဘူး။ ကျေးဇူးရှင်နော်။ သို့သော် သူ့ကျေးဇူးရှင်ဆိုတဲ့ဥစ္စာကို ဒီမှာဘုန်းကြီးတို့က ဒီတိုင်း သူ့ကို နှလုံးသွင်းပြီးတော့ ပုဗ္ဗ မုဥ္စ အပရစေတနာနဲ့ ကြည်နူးနေရမှာလား။ ရှုပစ်ရမှာလား။ (ရှုပစ်ရမှာပါ ဘုရား)။ နားကြီးကြီး နားထောင်ပါ။ သိပ်အရေးကြီးတယ်နော် ဒီနေရာမှာ။ ဘုန်းကြီးတို့ ဒီနေရာမှာ ရှင်းလင်းချက်ကလေး တစ်ကွက်ကလေး အားနည်းသွားရင် မိုးကုတ်ကအမြိတမ်း အကဲ့ရဲ့ခံရတယ်။ လာပြီ – မိုးကုတ်က ဒါနပယ်တော့မယ်။ ဒီစကားက အမြဲတမ်းအပြောခံရတယ်။

## ကာံသာလျှင်အမိ

ဘုန်းကြီးစပြီးတော့ဟောတာ ဒီနေ့ ၉–ရက်ရှိပြီ ယောဂီတို့။ ဒါနပယ်တာပါလား။ (မပါပါဘူး)။ ဒကာ၊ ဒကာမတွေ လုပ်နေတာက သစ္စာမသိဘဲ လုပ်နေတဲ့ဒါနသည် နိဗ္ဗာန် မရလို့၊ ဒီထက်များများကြီးရအောင် ဒါနကို မြှင့်ပေးနေတာ။ ရှင်းပြီနော်။ အဲတော့ – ယခုပြောတာက ဒါန ခန်းနဲ့ပတ်သက်လာလို့ ဒီလောက်ကို အခြေခံနားလည်အောင် ပြောနေရတာ။ အခု ဒီမှာက ဒါနစိတ် ပေါ်လာရင် ဘာလုပ်ရမလဲ။ (ရှုရမှာပါ ဘုရား)။ ဒီလိုဖြင့် ဒါနစိတ်သည် မကောင်းတဲ့စိတ်လား၊ ကောင်းတဲ့စိတ်လား။ (ကောင်းတဲ့စိတ်ပါဘုရား)။ ဟာ – အရှင်ဘုရား၊ တပည့်တော်တို့ ဗုဒ္ဓဘာသာက တစ်သက်လုံး ဒီစိတ်တွေကို ဖက်လာခဲ့တာ အခုရှုရမယ်ဆိုတော့ ဘယ်နှယ့်လုပ်မလဲ။ အဲဒါ အကြီးကျယ်ဆုံး ပြဿနာပဲ။ တော်ရုံဘာသာရေးကိစ္စကို မကျွမ်းကျင်ရင် ဒီနေရာ ပြဿနာတက်

www.burmeseclassic.com



တာ ဒကာ၊ ဒကာမတွေ။ ရှင်းပြီနော်။ အဲဒီတော့ ပဋ္ဌာနသမုပ္ပါဒ် နားမလည်ရင် ဒီစကားပြောစရာ၊ ဖြေစရာ အဓိပ္ပာယ်မရှိတော့ဘူး။ စကားလုံး မရှိတော့ဘူး။ အခု ပဋ္ဌာနသမုပ္ပါဒ်ကို ထောက်ကြည့်တော့ နံပါတ်(၃) အကွက်မှာ ဒီမှာ ဘာထောက်ပြသလဲ။ (ကမ္မဘဝ)။ ကာယကံ၊ ဝစီကံ၊ မနောကံနော်။ အဲဒီ ကာယကံ၊ ဝစီကံ၊ မနောကံမှာ စကတည်းက ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် ဝိဇ္ဇာ၊ ပထမ နံပါတ်တစ် အဖုံးဖွင့်ကတည်းက ကံသာလျှင်အမိ၊ ကံသာလျှင်အဖ၊ ကံသာလျှင် ကိုးကွယ်ရာ မှီခိုရာ အားထားရာလို့ မပြောဘူးလား။ (ပြောပါတယ်)။ အဲဒီ ကောင်းတဲ့ကံသည် ဘာအကျိုးပေး။ (ကောင်းကျိုးပေးပါတယ် ဘုရား)။ ကောင်းတဲ့ဇာတိ ရမယ်ပေါ့။ မကောင်းတဲ့ကံသည် ဘာအကျိုးပေး။ (မကောင်းတဲ့ဇာတိရပါမယ် ဘုရား)။

## ကံနဲ့တင်းတိမ်နေလျှင်

အဲဒီတော့ ဘုန်းကြီးတို့ လူ့ဘဝရောက်တာသည် မကောင်းတဲ့ကံကြောင့်လား၊ ကောင်းတဲ့ကံကြောင့်လား။ (ကောင်းတဲ့ကံကြောင့်ပါ ဘုရား)။ ကောင်းတဲ့ဇာတိ။ ခု–ထား။ ကာလကို မကြည့်နဲ့တော့နော်။ အဲဒီတော့ ကောင်းတဲ့ကံတွေ လုပ်ခဲ့လို့ ကောင်းတဲ့ဇာတိရတာပေါ့။ ကံ – ယနေ့ ဘုရားတည်တယ်၊ ကျောင်းဆောက်တယ် စသဖြင့်နော်။ ကုသိုလ်ကောင်းမှုတွေလုပ်ရင် အပါယ်ကျမှာလား၊ သုဂတိရောက်မှာလား။ (သုဂတိရောက်မှာပါ ဘုရား)။ သေချာပေါက်ရမှာ။ အခု ကျောင်းဆောက်လှူခဲ့တဲ့ ဒကာ၊ ဒကာမတွေ သေချာပေါက် သုဂတိမရောက်ဘူးလား။ ရောက် ကိုရောက်မှာ မပူနဲ့။ ဘုန်းကြီးတို့ ဟိုမှာ ဘုရားလက်ထက်ကလည်း နန္ဒိယကျောင်းဒကာတို့ ရှိ တာပဲ။

နန္ဒိယကျောင်းဒကာကြီး လူ့ပြည်မှာကျောင်းဆောက်လှူနေတာ နတ်ပြည်မှာ ဘုံပေါက် နေရော ဟော၊ ဒီက သေတောင်မသေသေးဘူး။ ဒီတော့ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး တစ်ခါ တည်းမှကို နတ်ပြည်လည်းဆွမ်းခံ ကြွတော့ ဟာ၊ မနေ့က ဝါဒီဘုံမတွေ့ဘူးဟ။ ဒီနေ့ဘုံကြီး တောက်တောက်ပြောင်ပြောင်နဲ့ နတ်သမီးတွေကလည်း အများကြီးပဲ။ ဘာဖြစ်တာတုံးလို့ စူးစမ်း ကြည့်တဲ့အခါ ဟုတ်ပါတယ် ဘုရား၊ အရှင်ဘုရား မနေ့ကကြွတော့မရှိဘူးတဲ့၊ ဒီနေ့မှ ဘွားကနဲဆို ဒီပေါ်မှာ ပေါ်လာတယ်။ ဘွားကနဲပေါ်တယ်ဆိုတော့ ဘယ်ဒကာ၊ ဒကာမတွေ ပန်းရန်လက်သမားမှ လည်းသွားပြီးတော့ဆောက်တာ မဟုတ်ဘူး။ တခြားကပေါ်တာလား၊ ကံကဆောက်တာလား။ (ကံကဆောက်တာပါ ဘုရား)။ ဒါနားလည်ထားပေါ့။ တော်တော်ကြာ လက်သမားပန်းရံ ဘယ်က ရလဲ၊ လုပ်ချင်လုပ်ဦးမှာ။ နတ်မှာ လက်သမားပန်းရန်မရှိဘူး။ အင်ဂျင်နီယာမရှိဘူး။ ကံကနေ ဆောက်ပေးလိုက်တာလေ။ ဘွားကနဲဆို ဟိုမှာပေါ်တော့ လူ့ပြည်မှာ ကျောင်းဆောက်တဲ့ ကုသိုလ် ကောင်းမှုအကြောင်းသည် နတ်ပြည်မှာသွားပြီးတော့ ဘုံမပေါက်ဘူးလား။ ဘုံပေါက်နေတာ။ အဲဒီ ဘုံပေါက်တယ်ဆိုတာ တခြားအကျိုးပေးလား၊ ကံအကျိုးပေးလား။ (ကံအကျိုးပေးပါဘုရား)။ ဒီလို ဖြင့် နန္ဒိယကျောင်းဒကာသေရင် သေချာပေါက် နတ်ပြည်ရောက်မှာ။

အဲဒီလို နတ်ပြည်ရောက်မယ်ဆိုရင် ဟိုမှာကြိုပြီးတော့ နတ်သမီးတွေက စောင့်နေတာ။ အရှင်ဘုရားတဲ့။ လူ့ပြည်ပြန်ရင် နန္ဒိယကျောင်းဒကာကြီးများ စကားလေးလက်ဆောင်လေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လိုက်ပါရစေတဲ့။ နန္ဒိယတွေ့ရင် ပြောလိုက်ပါပေါ့။ ဒီမှာ အခြေအရံဖြစ်တဲ့ နတ်သမီးတွေက မျှော်နေပါတယ်။ လူ့ပြည်မှာရှိတဲ့ မြေအိုး မြေခွက်နဲ့တူတဲ့ခန္ဓာတွေစွန့်ပြီး မြန်မြန်ကြွပါတဲ့ အမယ်။ တော်တော် တရားတဲ့ နတ်သမီးတွေ။ သူ့ဘာသူဒီမှာအေးအေးဆေးဆေး ပျော်နေတာ မကြည့်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်။ အဲဒါတခြားက ဖန်တီးတာလား၊ ကံကဖန်တီး တာလား။ (ကံကဖန်တီးတာပါဘုရား)။ ဒီလိုဖြင့် အဲဒီ နန္ဒိယနတ်ပြည်ရောက်သွားတော့ နတ်သားဖြစ်ပြီ။ နတ်သားဖြစ်တဲ့အခါကျတော့ နတ်၏ ကာမဂုဏ်စည်းစိမ်တွေနဲ့ မခံစားရဘူးလား။ (ခံစားရပါတယ်)။ အဲဒီကနေ သေတော့ ငရဲပြန်မကျနိုင်ဘူးလား။ (ကျနိုင်ပါတယ်ဘုရား)။ ဒီလိုဖြင့် နတ်ပြည်ကို ပို့တာ တခြားက ပို့တာလား။ ကံကပို့တာလား။ (ကံကပို့တာပါ ဘုရား)။ နတ်ဇာတိ မရဘူးလား။ နတ်ဇာတိ ဘာသစ္စာ။ (ဒုက္ခသစ္စာ)။ နတ်ဇာတိရရင် နတ်ဇရာ မရဏ ဘာသစ္စာ။ (ဒုက္ခသစ္စာ)။ ဟာ - သိကြားမင်းလည်း ဒုက္ခမလွတ်သေးဘူး။ နတ်မိဖုရားကြီးလည်း ဒုက္ခမလွတ်သေးဘူး။ သူ့မှာ ဘာရှိသေးလဲ။ ဇာတိ ဇရာ ဗျာဓိ မရဏ ဒီဒုက္ခ မလွတ်သေးဘူး။ အခု ယောဂီတို့က ဒီဒုက္ခကို ပြန်လိုချင်တာလား။ မလိုချင်တာလား။ (မလိုချင်တာပါဘုရား)။

ဒီလိုဖြင့် ကံကိုတင်းတိမ်နေရင် ဘာရမယ်။ အသေဆိုးသေဦးမယ်။ ဒီတော့ ဆရာတော်ကြီးပြောတဲ့စကားကို တိုက်ရိုက်ပြောမယ်နော်။ ကံကို ကျေနပ် တင်းတိမ်နေရင် သေခြင်းဆိုးသေဦးမှာ။ ဒီမှာလေ - ကမ္မဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာမရဏ။ ဒီတော့ ဆရာတော်ကနေ နားလည်တဲ့ စကားနဲ့ ခပ်ကြမ်းကြမ်းပြောလိုက်တော့ "ဟေ့ - ကံအားကိုးနေရင် သေခြင်းဆိုးသေဦးမှာ" တဲ့၊ ဆိုတော့ ဒီမှာကြည့်။ ပဋိစ္စသမုပ္ပါဒ်ထောက်တော့ မရှင်းဘူးလား။ (ရှင်းပါတယ်ဘုရား)။ အဲဒီတော့ ယောဂီတို့က ကံကိုအားကိုးရင် ဘာဖြစ်မလဲ။ (သေခြင်းဆိုးသေမှာပါဘုရား)။ သေခြင်းဆိုး သေဦးမယ်။ အသေကောင်းလား။ အသေဆိုးလား။ (အသေဆိုးပါဘုရား)။ အဲဒီတော့ ခပ်ကြမ်းကြမ်းလေးပြောလိုက်။ သေခြင်းဆိုးသေဦးမယ်။ သေချင်လား၊ မသေချင်ဘူးလား။ (မသေချင်ပါဘူးဘုရား)။ မသေချင်ရင် တပည့်တော်တို့ ဘယ်လိုလုပ်မလဲ။ ကဲ - ကံကိုအားမကိုးနဲ့။ ဉာဏ်ကိုအားကိုး။ ကံကိုပယ်ခိုင်းနေတာ ပါရဲ့လား။ (မပါပါဘူး)။ နို့မို့ ဒီနေရာမှာ အရေးကြီးလွန်းလို့ ထပ်တလဲလဲပြောနေတာနော်။ ကံကို အားကိုးရမှာလား။ ဉာဏ်ကို အားကိုးရမှာလား။ (ဉာဏ်ကို အားကိုးရမှာပါဘုရား)။

ကံကပို့တာက ၃၁-ဘုံမှာ သုဂတိပို့တာ။ ဒုက္ခသစ္စာမလွတ်ဘူး။ ဉာဏ်က နေပို့တာက ဒုက္ခလွတ်တာ။ အဲဒီတော့ အခု ဒါနပြုချင်တဲ့စိတ်သည် တခြား စိတ်လား၊ ကံစိတ်လား။ (ကံစိတ်ပါဘုရား)။ ကံစိတ်ပေါ်တိုင်း ပေါ်တိုင်း မဂ္ဂင် ၅-ပါးက အုပ်လိုက်စမ်းပါ။ ရှုလိုက်စမ်းပါ။ ရှုလိုက်တော့ ဟိုမှာ အထဲမှာရှိတဲ့ ကံစိတ်တွေသည် ဒကာ၊ ဒကာမတွေ အပေါ်တက်လို့ရသေးလား။ (မရပါဘူး)။ မရဘူး။ ဒီကအုပ်လိုက်တော့ ချုပ်သွားရော၊ ချုပ်သွားတော့ ပါဠိတော်ရွတ်လိုက်တော့ ကမ္မ ဘဝ နိရောဓာ ဇာတိနိရောဓော။ ဇာတိနိရောဓော ဆိုတာ တခြားလား၊ နိဗ္ဗာန်လား။ (နိဗ္ဗာန် ပါဘုရား)။ ဟာ ယောဂီတို့မှာ လှူချင်တန်းချင်တဲ့စိတ်ကလေး ပေါ်တိုင်းပေါ်တိုင်း ရှုလိုက်ရင် တခြားပေါ်မှာလား၊ နိဗ္ဗာန်ပေါ်မှာလား။ (နိဗ္ဗာန်ပေါ်မှာပါ ဘုရား)။ အဲဒါ အရေးကြီးတယ် ယောဂီတို့။ ဒါကို ရှုရမယ်။

ပဋိစ္စသမုပ္ပါဒ်ပြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



ကဲ–ခုန အဒေါသဆိုတာ မေတ္တာပို့တဲ့စိတ်။ ဘာစိတ်ပါလိမ့် (မေတ္တာပို့တဲ့စိတ်ပါ ဘုရား)။ မေတ္တာဆိုတာ အင်မတန်ကောင်းတာပဲ။ ခုပဲ ဆွမ်းမစားခင် မေတ္တာပို့နေရတာလေ။ သို့သော် အဲဒါနဲ့ မတင်းတိမ်ပါနဲ့ဦး ဒကာ၊ ဒကာမ တွေ။ ဉာဏ် ၅–ပါးနဲ့ ရှုလိုက်စမ်းပါဦး။ အဲဒီတော့ ဈာန်ကို ဉာဏ်နဲ့ ရှုလိုက်တော့ ဈာန်မချုပ်ဘူးလား။ ဈာန်ချုပ်သွားလို့ရှိရင် တခြားချုပ်မှာလား။ ဇာတိချုပ်မှာလား။ (ဇာတိချုပ်မှာပါ ဘုရား)။ ဇာတိချုပ်သွားတာ တခြားလား၊ နိဗ္ဗာန်လား။ (နိဗ္ဗာန်ပါ ဘုရား)။ ကဲ–ဟိုကတော့ လွယ်တယ်။ တွေးတောကြံစည်တဲ့စိတ်ဆိုတော့ မဂ္ဂင် ၅–ပါး အုပ်လိုက်ပေါ့။ ရှင်ပြီးနော်။

ကဲ – ဒီနေရာ အရေးကြီးတာပြောမယ်။ အဲဒီစိတ်တွေ အဲဒီစိတ်တွေ ဌေ့သည်ဆိုတာက အမြဲနေတာလား၊ ပြန်တာလား။ (ပြန်တာပါဘုရား)။ ဒီလိုဖြင့် အမြဲနေတဲ့စိတ်သည် လေကို ထုတ်သောစိတ်၊ လေကိုသွင်းသောစိတ်။ ဘာစိတ်ပါလိမ့်။ (လေကိုထုတ်သောစိတ်၊ လေကိုသွင်းသောစိတ်)။ အိပ်သည့်စိတ်ကိုတော့ သက်စောင့်စိတ်လို့လည်း ခေါ်ပါတယ်။ လေကိုထုတ်သောစိတ်၊ လေကိုသွင်း သောစိတ်။ လေကိုထုတ်တဲ့အခါ ဒီလိုထုတ်လိုက်တယ်။ လေကိုသွင်းတယ်ဆိုတာ ရှိုက်ပြီးတော့ရှုပါ။ လေကိုထုတ်သောစိတ်၊ လေကိုသွင်းသောစိတ်။ မရောနဲ့နော်။ ဝင်လေသိ၊ ထွက် လေသိ "အဿာသ ပဿာသ" အာနာပါနကမ္မဋ္ဌာန်းရှုတာ ဝင်လေသိ ထွက်လေသိ မမှတ်ဘူးလား။ (မှတ်ပါတယ်)။ အခု ယောဂီတို့ကို ပြောတာ ဘာတွေလဲ။ လေကိုထုတ်သောစိတ်၊ လေကို သွင်း သောစိတ်။ "အဿာသ ပဿာသ" လေကိုရှုတာက ကာယာနုပဿနာသတိပဋ္ဌာန်။ ရုပ်ကိုရှုတာ။ ဘာကိုရှု။ (ရုပ်ကိုရှုတာ)။ ဝါယောဆိုတာက ရုပ်။ ဟောဒီ ဒီမှာ ကာယပဿာဒ အကြည်ဆိုတာက ရုပ်။ ဝင်လေသိ ထွက်လေသိ မှတ်နေတာက ဘာကိုရှု။ (ရုပ်ကိုရှုတာပါ ဘုရား)။ ရုပ်ကိုရှုနေတာ။

## ပေါ်တဲ့စိတ်ကိုရှု

အခုယောဂီတို့ကို အရှုခိုင်းတာက လေကိုထုတ်သောစိတ်၊ လေကိုသွင်းသောစိတ်၊ တစ်ခုနှင့် တစ်ခု ဒကာ၊ ဒကာမတွေ မရောနဲ့နော်။ စိတ်ကို အရှုခိုင်းနေပါတယ်။ ဘာကိုရှုခိုင်း။ (စိတ်ကို ရှုခိုင်းတာပါ)။ ကဲ––ဒီလိုဖြင့်ရင် စိတ်ကို ရှုတယ်ဆိုတော့ အရှင်ဘုရား စိတ်က မထင်ရှားဘူး။ ဒီလိုပြောချင်ပြောမယ်။ ကဲ ဒီတော့ ကောင်းပြီ။ ထင်ရှားလား၊ မထင်ရှားလားဆိုတာ ယောဂီတို့ လက်တွေ့စမ်းကြည့်မယ်နော်။ အားထုတ်ခိုင်းတာမဟုတ်ဘူး။ စမ်းသပ်ခိုင်းတာ ပေါ့။ ဒါ––ယောဂီ သစ်တွေအတွက်။ ယောဂီဟောင်းတွေကတော့ တစ်ခါပြော ရင်မှတ်မိပါတယ် ဟုတ်လား။ လေကို ထုတ်သောစိတ်ဆိုတာကတော့ ယောဂီတို့ ယခုနေ လေကိုရှိုက်ကြည့်လိုက်။ ရှိုက်ပြီးတော့ ခဏ လေးသည်းခံ။ ပြီး ငြိမ်ကြည့်ရင် ဘာစိတ်ပေါ်မလဲ။ (ထုတ်ချင်တဲ့စိတ် ပေါ်ပါတယ်ဘုရား)။ အခု လက်တွေ့စမ်း၊ အခုပေါ်တာပေါ့နော်။ ထုတ်ချင်တဲ့စိတ်ပေါ်လာပါလိမ့်မယ်။ ထုတ်ချင်တဲ့စိတ်က ဒီလိုကိုင်ပြလို့ရလား။ (မရပါဘူးဘုရား)။ ဟိုနားရှိသလား၊ ဒီနားရှိသလား လို့ကော ပြောလို့ရပဲ့မလား။ (မရပါဘူးဘုရား)။ သို့သော် ဟဒယဝတ္ထုကို မှီပြီးတော့ဖြစ်တယ်လို့ ဘုရားအဘိဓမ္မာမှာ ဟော ထားတာပေါ့နော်။ အဲဒီတော့ ဒီစိတ်ကိုထား၊ ဘယ်နေရာကပဲဖြစ်ဖြစ်၊ အဲဒီ စိတ်ရှိလား၊ မရှိလားလို့



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်တစ်မြင်ဖို့။ ထင်ရှားလား၊ မထင်ရှားဘူးလားကို မြင်နိုင်အောင် လေကို ရှိုက်ပြီးတော့ မထုတ်ဘဲ ထားကြည့်လိုက်စမ်းပါ။ ဘာစိတ်ပေါ်မလဲ။ (ထုတ်ချင်တဲ့စိတ် ပေါ်ပါတယ်ဘုရား)။ ထုတ်ချင်လာပြီ။ အဲဒီ ထုတ်ချင်တဲ့စိတ်ကို ဒကာ၊ဒကာမတွေ မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ မထင်ရှားဘူးလား။ (ထင်ရှားပါတယ်ဘုရား)။ ခဏလေးသည်းခံပြီး မထုတ်ဘဲထားရင် မထုတ်ဘဲကို မနေနိုင်လောက် အောင်ကို ယောဂီတို့ ထင်ရှားလာပါလိမ့်မယ်။

အဲ- ဟုတ်ပြီ။ ဒီစိတ်ကို တွေ့ပြီ။ အဲဒီစိတ်ကို ယောဂီတို့ရှုပါ။ ဘယ်လို ရှုမလဲ။ သတိပဋ္ဌာန်၊သတိပဋ္ဌာနဘာဝနာနဲ့ရှု။ ဘယ်လိုရှုမလဲ။ (သတိပဋ္ဌာန်၊ သတိပဋ္ဌာနဘာဝနာနဲ့ရှုရမှာပါဘုရား)။ အရှိန်ရလာရင် သတိပဋ္ဌာနဘာဝနာနဲ့ သာရှုတော့။ ဘယ်လိုရှုမလဲဆို လေကို ထုတ်ချင်တယ်၊ စိတ်တစ်စိတ်ပေါ်တိုင်း ခန္ဓာ ဘယ်နှစ်ပါး။ (၅-ပါး)။ လေကိုထုတ်ချင်တယ်၊ တစ်စိတ်ချုပ်ပြီး တစ်စိတ် အစားထိုးပြန်ပြီ။ လေကိုထုတ်ကိုထုတ်ချင်တယ်၊ တစ်စိတ်ချုပ်ပြီး တစ်စိတ် အစားထိုး ပြန်ပြီ။ လေကိုထုတ်ချင်တယ်။ လေကိုထုတ်ချင်တယ်။ လေကိုထုတ်ချင်တယ်။ လေကိုထုတ်ချင်တဲ့ စိတ် တစ်စိတ်ပေါ်တယ်၊ ပျက်တယ်၊ အစားထိုးတယ်။ ပျက်တယ်၊ ဖြစ်တယ်၊ ပျက်တယ်၊ လေကိုထုတ်တယ်။ ထုတ်တော့လည်း ထုတ်တဲ့စိတ်ပေါ့၊ ရှင်းပြီနော်။ ထုတ်ပစ်လိုက်၊ မရှိုက်နဲ့။ ခဏလေးသည်းခံလိုက်၊ ဘာစိတ်ပေါ်မလဲ။ (ရှိုက်ချင်တဲ့စိတ်ပေါ်ပါတယ်ဘုရား)။ ဘာစိတ်ပေါ်မယ်။ (ရှိုက်ချင်တဲ့စိတ်ပေါ်ပါတယ်ဘုရား)။

အဲဒီရှိုက်ချင်တဲ့စိတ်ဟာ ဒကာ၊ ဒကာမတွေ ခေါင်းကလား၊ ကိုယ်ကလား၊ ဘယ်ကလဲ စဉ်းစားမနေနဲ့။ ရှိုက်ချင်တဲ့စိတ်ဟာ ယခုယောဂီတို့ မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ သို့သော် ဒီစိတ်သည် ဟဒယဝတ္ထုပေါ်မှီ၍ ဖြစ်တယ်လို့ ဟောထားတယ်။ အဲဒီတော့ အရေးကြီးတာက ဒီစိတ်ရှိတယ် မရှိဘူးဆိုတာ မြင်ဖို့။ ထင်ရှားလား၊ မထင်ရှားဘူးလားဆိုတာကို မြင်ဖို့။ တခြားနဲ့ မြင်ရမှာလား၊ ဉာဏ်နဲ့မြင်ရမှာလား။ (ဉာဏ်နဲ့မြင်ရမှာပါ ဘုရား)။ အဲဒီတော့မှ လေကို မရှိုက်ဘဲ ထားလိုက်ရင် ရှိုက်ချင်တဲ့စိတ်မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။ အဲဒီ ရှိုက်ချင်တဲ့စိတ်ကို ယောဂီတို့ ကြည့်လိုက်စမ်းပါ။ ရှိုက်ချင်တယ်၊ ရှိုက်ချင်တယ်၊ ရှိုက်ချင်တယ်။ ရှိုက်ချင်တယ် ဆိုတာသည် သတိပဋ္ဌာန်။ အဲဒီ ရှိုက်ချင်တယ်ဆိုတာ ချုပ်သွားပြီးတော့ နောက်တစ်ခု အစားထိုးတာကို သိလိုက်တာက သတိပဋ္ဌာနဘာဝနာ။ အဲဒါ ဝိပဿနာဉာဏ်ပဲ။ အဲဒီဉာဏ်လေးနဲ့ အိမ်သည် ၂-စိတ်ကိုရှုနေရင် အချိန်မရွေး ရှုလို့မရဘူးလား။ (ရပါတယ် ဘုရား)။ ဟော- ယခု တရားနာရင်းနဲ့ လည်း ရှုလို့မရဘူးလား။ အဲဒါကြောင့်မို့လို့ အိပ်ပျော်နေတဲ့အချိန်ကလွဲ၍ နိုးလာတာနဲ့တစ်ပြိုင်နက် ဒီစိတ်ကို ရှုလို့ရတယ်။ အိမ်သည်စိတ် ၂-စိတ်သည် သက်စောင့်စိတ်လည်း ခေါ်ပါတယ်။ ရှင်းပြီနော်။

ဒီလိုဖြင့်ရင် အခု ယောဂီတို့ကို သင်လိုက်တာက စိတ် ၁၃-မျိုးကို သင်လိုက်တယ်။ ဘယ်နှမျိုး သင်လိုက်တာလဲ။ (၁၃-မျိုးပါဘုရား)။ ဒီတော့ အပြင်ညွှေ့သည် ဘယ်နှခု။ (၅-ခုပါဘုရား)။ အတွင်းညွှေ့သည် ဘယ်နှခု။ (၆-ခုပါဘုရား)။ အိမ်သည် ဘယ်နှခု။ (၂-ခုပါဘုရား)။ ပေါင်းလိုက်တော့ ၅-ရယ် ၆-ရယ်ဆိုတော့ ၁၁၊ ၂-ပေါင်းတော့ ၁၃။ အဲဒီတော့ အဲဒီစိတ် ၁၃-စိတ်သည်



www.burmeseclassic.com

www.burmeseclassic.com



ယောဂီတို့ အရှုခံတရား။ ဘာတရားလဲ။ (အရှုခံတရားပါဘုရား)။ အဲဒီ စိတ္တာနုပဿနာမှာ အရှုခံတရားကလွဲလို့ ဘာမှမရှိတော့ဘူး။ ဒါ ပိဋကတ် ၃-ပုံကို ခြုံလိုက်တဲ့အခါကျတော့ ဒီမှာလာပြီးတော့ မစုဘူးလား။ (စုပါတယ်ဘုရား)။ အဲဒီတော့ အခု အရှုခံတရားကို သင်လိုက်တာက စိတ်ဘယ်နှစိတ်။ (၁၃-စိတ်)။ အရှုဉာဏ်တရားက တခြားလား၊ မဂ္ဂင် ၅-ပါးလား။ (မဂ္ဂင် ၅-ပါးပါဘုရား)။ အဲဒီတော့ ၁၃-စိတ်ပြောတာက ဒကာ၊ ဒကာမတွေ သချ်ာနည်းတွေနဲ့ ပြောတော့များနေတယ်။ ထား။ များနေတယ်ဆိုရင် ပေါ်တဲ့စိတ်ကိုသာ ရှုလို့ပဲ လိုရင်းပြောလိုက်တော့ မယ်ပေါ့။ ဘယ်စိတ်ကိုရှုရမလဲ။ (ပေါ်တဲ့စိတ်ကို ရှုရမှာပါဘုရား)။ သချ်ာနည်းနဲ့ဆို တစ်ခုထဲဖြစ်သွားပြီ။ ပေါ်တဲ့စိတ်ကို ရှုပြီဆိုရင် ကိစ္စမပြီးဘူးလား။ (ပြီးပါတယ်ဘုရား)။ အဲဒီတော့ သူ့ကို အကျယ်ချဲ့လိုက်တော့ ဒီမှာ ဘယ်နှစ်စိတ် (၁၃-စိတ်ပါဘုရား)။ အပြင်ဉ္ဈေသည် ဘယ်နှစ်စိတ်။ (၅-စိတ်ပါ ဘုရား)။ အတွင်း (၆-စိတ်)။ အိမ် သည် (၂-စိတ်။) အဲဒီအတိုင်း ရှုသွားရင် ဒကာ၊ ဒကာမတွေလိုချင်တဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်သည် ဆုတောင်း ရမှာလား၊ သေချာပေါက် မျက်မှောက်ပြုရမှာလား။ (သေချာပေါက် မျက် မှောက် ပြုရမှာပါဘုရား)။

ကဲ--အဲဒီလိုဆက်ပြီးတော့ ရှုပါ။ ဟုတ်လား။ အနုပဿနာရှုနည်းလေး ဒီလောက်နဲ့ နိဂုံးချုပ်ပြီး တရားပွဲသိမ်းလိုက်ကြရအောင်။

( သာဓု -- သာဓု -- သာဓု )



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁–ရက် (၃.၉.၂၀၀၂) ညနေ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**မေ့မနေနဲ့**

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ ––

ဤမွေသဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက် ရှိပြီလဲ။ (၉–ရက်မြောက်ပါဘုရား)။ ယနေ့ ၁၀–ရက်စခန်းပွဲမှာ ၉–ရက်မြောက် ညနေသင်တန်း တရားပွဲကြီးပေါ့နော်။ (မှန်လှပါ ဘုရား)။

အေး – ယနေ့ညနေသင်တန်းတရားပွဲဆိုတော့ တရားက တဖြည်းဖြည်း တဖြည်းဖြည်း နိဂုံးချုပ်လိုက်ရတော့မှာပေါ့နော်။ မြတ်စွာဘုရားကိုယ်တော်မြတ် ကြီး ဟောဖော်ညွှန်ကြားတော်မူခဲ့တဲ့ ဒေသနာက –

"ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊
မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊
အယံ ဝေါ တုမှာကံ အနုသာသနီ" တဲ့။

ဒီဒေသနာကို မြတ်စွာဘုရားဟောထားတယ်။ ဒီဒေသနာစဉ်ရဲ့အဓိပ္ပါယ် က "ဈာယထ ဘိက္ခဝေ" ဆိုတဲ့စကား။ မြန်းကနဲဆိုတော့ ဒါဘုန်းကြီးလည်း စာအတိုင်းရွတ်သွားတာဆိုတော့ ယောဂီတို့လည်း ဘာမှ နားလည်မှာမဟုတ်ဘူး။ အဲဒီ သဘောသွားကို ဆရာတော်ဘုရားကြီး ပြန်ပြီးတော့ ရှင်းတာကို ဘုန်းကြီးတို့ မှတ်သားမိပါတယ်နော်။ "ဘိက္ခဝေ"ဆိုတဲ့ အဓိပ္ပါယ်က





www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတို့တဲ့။ ''သံသာရဘယံ ဣက္ခတီတိ ဘိက္ခု'' ဆိုတဲ့အတိုင်း သံသရာရေး မျှော်တွေးလေ ငြား ချစ်သားရဟန်းတို့။ တပည့်သာဝကများကို ရာဟုလာ ရင်ဝယ်သားနှင့်မခြား ကရုဏာ ထားတော်မူတယ်ဆိုတဲ့သဘောနဲ့ ရှေးဆရာတော်ကြီးတွေက ဘိက္ခဝေ – ချစ်သား၊ ချစ်သမီးလို့ ဒီလိုပဲ ဘာသာပြန်ကြပါတယ်။ ဒီတော့ ထပ်ဆင့်ပြီးတော့ ဆီလျော်တာနဲ့ ဒါကိုပြန်ရမယ်ဆိုရင် သံသရာ ဘေးကို ကြောက်ရွံ့ပြီး ဝဋ်ကျွတ်ရန်အတွက် ပွားများအားထုတ်နေသော ယောဂီတွေကို နှုတ်ခွန်း ဆက်တယ်။ မြတ်စွာဘုရားက ချစ်သား ချစ်သမီးတို့ ဆိုတဲ့အဓိပ္ပါယ်ပေါ့နော်။ ဘုရားစကား ကို နားထောင်တဲ့ ပုဂ္ဂိုလ်များက ချစ်သား၊ ချစ်သမီးတို့ ဆိုတဲ့အဓိပ္ပါယ်ထဲမှာ မပါဘူးလား။ (ပါ– ပါတယ်ဘုရား)။

ဒီလိုဖြင့် မြတ်စွာဘုရားရဲ့အလိုက ဒကာ၊ ဒကာမများ ကိလေသာတွေ ပွားဖို့လား၊ ကုန်ဖို့ လား။ (ကိလေသာတွေ ကုန်ဖို့ပါဘုရား)။ ကိလေသာတွေ ပွားဖို့မဟုတ်ဘူး။ ကုန်ဖို့နော်။ အဲဒီတော့ ကိလေသာဆိုတာ လောဘတွေ ဒေါသတွေ မောဟတွေ မာနတွေ ဒိဋ္ဌိတွေ အစရှိသည်ဖြင့် အဲဒီ ကိလေသာဆိုတဲ့ အကုသိုလ်တရားတွေနဲ့ ရောထွေးပြီးတော့ များနေတဲ့ ပုဂ္ဂိုလ်များက မြတ်စွာဘုရား ခေါ်တဲ့အထဲ မပါဘူး။ (မှန်လှပါ)။ ချစ်သား ချစ်သမီးတို့ထဲ ပါရဲ့လား။ (မပါပါဘူး)။ ကိလေသာတွေ ပါးလာအောင်၊ ကိလေသာတွေ နည်းလာအောင်၊ ကိလေသာတွေ ကုန်သွားအောင် အားထုတ်နေတာ (ဝါ) သံသရာဘေးကို ကြောက်ရွံ့ပြီးတော့ သံသရာဝဋ်က ကျွတ်လိုသော စေတနာဖြင့် အား ထုတ်နေသော ပုဂ္ဂိုလ်များကို ဘိက္ခဝေဆိုတဲ့ ဒီလိုနှုတ်ခွန်းဆက်လိုက်ခြင်းဖြစ်တယ်နော်။ အေး အဲဒီတော့ ''ဈာယထ'' ဆိုတာ သမထ ဝိပဿနာတရားကိုပွားများ အားထုတ်ကြတဲ့။ မြတ်စွာ ဘုရားဟောတော်မူခဲ့တဲ့ တိုက်တွန်းတော်မူခဲ့တဲ့ သမထဝိပဿနာကို ပွားများအားထုတ်တာ။ ချစ်သား ချစ်သမီးတို့ ဒါအဓိပ္ပါယ်က။ ''ဈာယထ ဘိက္ခဝေ'' ဆိုတော့ ဒီစကားရဲ့အဓိပ္ပာယ်က ချစ်သား ချစ်သမီးတို့ သမထဝိပဿနာ တရားကိုပွားများအားထုတ်ကြ ––တဲ့။ ဒီအဓိပ္ပာယ်ရှင်းသွားပြီနော်။ ကြီးပွားရေး စီးပွားရေး လူမှုရေး သားရေး သမီးရေး လောကအရေးတွေကို ဦးစားပေးတာလား၊ သမထ ဝိပဿနာ ကိုအားထုတ်ခိုင်းတာလား။ (သမထ ဝိပဿနာကို အားထုတ်ခိုင်းတာပါဘုရား)။ အရေးကြီးတယ်နော်။ (မှန်လှပါ)။

ဒါကြောင့် ''ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော''တဲ့ ''မာ ပမာ ဒတ္ထ''ဆိုတာ မေ့မနေနဲ့ပြောတာ။ ''မာ ပမာဒတ္ထ'' မြန်မာလို ပြန်လိုက်တော့ မေ့မနေနဲ့တဲ့။ မေ့ မနေနဲ့ဆိုတော့ လောကမှာ ဟာ–မေ့နေတယ် သတိမရတော့ဘူး။ သေကာနီးကာလကျတော့ သတိ မေ့နေတာမျိုးတွေ မရှိ ဘူးလား။ (ရှိပါတယ်)။ ဒါကိုပြောတာ မဟုတ်ဘူးနော်။ မေ့မနေနဲ့ဆို တာက တော့ မိမိတို့ကျင့်ကြံပွားများအားထုတ်ရမယ့် မဂ္ဂင်တရားတွေနော်။ ရုပ်တရား နာမ်တရား ၏ သင်္ခါရတရားတွေ၊ ဖြစ်ခြင်းပျက်ခြင်း မမြဲခြင်း သဘောတရားတွေ ဒါကို ရှုဖို့မေ့မနေနဲ့လို့ ပြောတာနော်။ (မှန်လှပါ)။





www.burmeseclassic.com

www.burmeseclassic.com



## ကံကောင်းဉာဏ်ကောင်းမည့်အလုပ်လုပ်

တကယ်လို့ ယောဂီတို့ဟာ နေ့စဉ် နေ့တိုင်း ဟောဒီ ကာယိကဒုက္ခ ဒိဝိပါကဝဋ် ဒီခန္ဓာကြီး ရလာတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း စားရေးမရှာလို့ ရပါ့မလား။ (မရပါဘူးဘုရား)။ ဝတ်ရေး မရှာလို့ ရပါ့မလား။ (မရပါဘူးဘုရား)။ နေရေး ကျန်းမာရေး မလုပ်လို့ ရပါ့မလား။ (မရပါဘူး)။ အားလုံးဟာ မဆောင်ရွက်လို့ မရပါဘူး။ လူဆိုတာဟာနော် -- ရဟန်းများလည်းပဲ စားရေး နေရေး ဝတ်ရေး ကျန်းမာရေးကို ဆောင်ရွက်ရသလို ဒကာ၊ ဒကာမ လူတွေလည်းပဲ မဆောင်ရွက် ရဘူးလား။ (ဆောင်ရွက်ရပါတယ်)။ ဘုရားကိုယ်တော်မြတ်ကြီးသည်ပင် ဒီခန္ဓာရလာတဲ့ အတွက် သပိတ်ဆွဲ ဆွမ်းခံပြီး တော့ ခန္ဓာဝန်ထမ်းရတာပါပဲ။ မထမ်းရဘူးလား။ (ထမ်းရပါတယ်ဘုရား)။ သို့သော် ထမ်းတာချင်းကတော့ အတူတူပဲ။ ဒါပေမဲ့ နှလုံးသွင်းတာခြင်းကတော့ မတူပါဘူး။ (မှန်လှပါ)။

ပုထုဇဉ်တွေ သူသူငါငါကတော့ ခန္ဓာ့ဝန်ထမ်းတာ ကိလေသာ တွေနဲ့ ထမ်းတာ။ ဟိုအရိယာ သူတော်စင်တွေကျတော့ ဉာဏ်နဲ့ထမ်းတာ။ ဘာနဲ့ ထမ်းတာလဲ။ (ဉာဏ်နဲ့ထမ်းတာပါဘုရား)။ အရိယာသူတော်စင်တွေက ဉာဏ်နဲ့ ထမ်းတာ။ ခန္ဓာကို အကြောင်းပြုပြီးတော့ အမြတ်ထုတ်သွား တာ။ ဘုန်းကြီးတို့ အားလုံး ပုထုဇဉ်တွေကျတော့ သြော် ခန္ဓာကို အကြောင်းပြုပြီးတော့ အရှုံးထွက် တာ။ ဟိုက အမြတ်ထွက်တယ်။ ဒီက အရှုံးထွက်တယ်။ အဲဒါ တခြားကြောင့်မဟုတ်ဘူး။ နှလုံးသွင်း မှန်တာနဲ့ မှားတာကွာလို့ပဲ။ ဒီတော့ ခုန ပြောတဲ့ စားရေး နေရေး ဝတ်ရေး ကျန်းမာရေး လောကရေး သားရေး သမီးရေး စီးပွားရေး လူမှုရေး ကိစ္စတွေက လောကမှာ ဘယ်တော့မှ မဆုံးနိုင်ဘူး။ (မှန်လှပါ)။ ယနေ့သေသွားတဲ့ ပုဂ္ဂိုလ်တွေကိုလိုက်မေးကြည့်။ ခင်ဗျားတို့ အဲဒါတွေ ကိစ္စဝိစ္စတွေပြီး လို့ သေတာလား။ တန်းလန်းကြီးသေတာလားဆိုရင် (တန်းလန်းကြီးသေတာပါဘုရား)။ ဘယ်သူမှ ပြီးလို့ပြတ်လို့သေတဲ့မသာ တစ်လောင်းမှမရှိဘူး။

ဒါကြောင့်မို့လို့ ယနေ့ သေသွားတဲ့ ပုဂ္ဂိုလ်တွေက အားလို့သေတဲ့ မသာ တစ်လောင်းမှ မရှိပါဘူး။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဒါကြောင့် ပြောရတယ် ဟုတ်လား။ အေး – တရား အားထုတ်ကြပါ။ တရားအားထုတ်ကြပါလို့ ဘုန်းကြီးတို့ တိုက်တွန်းတာလည်းပဲ ဒကာ၊ဒကာမတွေ ရဲ့ ကျေးဇူးကို ဒါပဲ ကျေးဇူးဆပ်နိုင်တာကိုး။ ရဟန်းသံဃာများရဲ့ တုန့်ပြန်ကျေးဇူးဆပ်နိုင်တာ ကတော့ ဒီတရား မသိ,သိအောင် တိုက်တွန်းပေးဖို့ပါပဲ။

ဒီတော့ တိုက်တွန်းတဲ့ အခါကျတော့ တစ်ခါတစ်လေ တပည့်တော်တို့ ဘုရား မအားသေးလို့ ဆိုတော့ အခွင့်အလမ်းကြုံတဲ့အခါ ရင်းနှီးတဲ့အနေနဲ့တော့ ဘုန်းကြီးတို့က ပြောပြရတယ်။ ကဲ– –ဒါဖြင့် ဒကာကြီး၊ ဒကာမကြီး ခင်ဗျားတို့ ဘယ်တော့အားမလဲ။ ခင်ဗျားတို့ အားမယ့်နေ့က ခေါင်းထဲ ဝင်တဲ့နေ့ပဲ။ ဟော ရင်းရင်းနှီးနှီး ဒီလိုပြောတာပေါ့။ သိပ်မရင်းနှီးတဲ့လူကျတော့ ဒီလိုမပြောရဲဘူး လေ။ တော်ကြာ ဒီကိုယ်တော် ဘာပြောမလဲ လာဦးမှာကိုး။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ် ဘုရား)။ ကဲ– ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အားတဲ့နေ့က ဘယ်နေ့လဲ။ (ခေါင်းထဲဝင်တဲ့နေ့ပါ ဘုရား)။ ခေါင်းထဲ ရောက်တဲ့နေ့။ အေး– အဲဒါ တပည့်တော်တို့ အားမှပဲဆိုရင်တော့ ခေါင်းထဲ ဝင် တော့မယ်လို့သာပြော။ စကားအမိပ္ပါယ် ဒီလိုမရောက်ဘူးလား။ (ရောက်ပါတယ် ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့်မို့လို့ ခုန စားရေး နေရေး ဝတ်ရေး ကျန်းမာရေး ဘယ်တော့မှ မဆုံးနိုင်ဘူး။ အဲဒီအရေးတွေကို ရှေ့တန်းတင်နေတဲ့အခါကျတော့ သမထအလုပ်လုပ်ဖို့ ဝိပဿနာအလုပ်လုပ်ဖို့ကို ဦးစားပေးနိုင်ပါ့မလား။ (မပေးနိုင်ပါဘူးဘုရား)။ အဲဒါ ''မာ ပမာဒတ္ထ'' ဆိုတာ ဒါပြောတာ မေ့မနေနဲ့တဲ့။ ခုန ပြောတဲ့ နေရေး ဝတ်ရေး ကျန်းမာရေး ဦးစားပေးရင် မေ့သွားရော။ ဒီတော့ မြတ်စွာဘုရားက မေ့ရမယ်ပြောတာလား၊ မမေ့နဲ့လို့ပြောတာလား။ (မမေ့နဲ့လို့ ပြောတာပါဘုရား)။ မမေ့နဲ့ဆိုတာက စီးပွားရှာဖို့ မမေ့တာလား၊ ရှုဖို့မမေ့တာလား။ (ရှုဖို့မမေ့တာပါဘုရား)။ ''ဈာယထ'' လေ။ သမထဝိပဿနာတရားကို ရှုဖို့ မမေ့နဲ့။ အရေးမကြီးလို့လား၊ အရေးကြီးလို့လား။ (အရေးကြီးလို့ပါဘုရား)။ ဘယ်လောက်အရေးကြီးလဲဆိုရင် ''မာ ပစ္ဆာ ဝိပ္ပဋိသာရိနော''တဲ့။ ဟော အဲဒီလိုများ မေ့နေမယ်ဆိုရင် စားရေး နေရေး ဝတ်ရေး သားရေး သမီးရေး စီးပွားရေး လူမှုရေး ဘာရေး ညာရေး အဲဒီအရေးတွေနဲ့နေလိုက်တော့ ရက်ကနေလ လကနေနှစ် ဟော အဲဒါနဲ့တစ်နှစ် အသက်ကြီးသွားပြန်ပြီ။ ဟော--အသက်လည်း ၄-၅-၆၀-၇၀ အဘိုးကြီး အဘွားကြီးတွေ ဖြစ်ကုန်ရော။ အဲဒီလိုလည်း ဖြစ်ကုန်ရော ဒကာ၊ ဒကာမတွေ တရားအားထုတ်နိုင်ပါဦးမလား။ (အားမထုတ်နိုင်ပါဘူးဘုရား)။

ဒီတော့ နီတိဆရာတွေက ဆိုထားတဲ့ စာပိုဒ်ကလေးက သူကတော့ ကံကိုယုံ၍ပြောတာပေါ့။ ''ပထမအရွယ်မှာ ပညာရှာလို့၊ ဒုတိယ အရွယ်မှာ ဥစ္စာရှာလို့၊ တတိယအရွယ်ကျတော့ အဲ စားပြီး သောက်ပြီးဖြစ်တဲ့ အတွက်မို့လို ကုသိုလ်ရှာ။ နီတိကျမ်းတွေက မလာဘူးလား။ (လာပါတယ် ဘုရား)။ အဲ အဲဒီ ကြားဖူးနားဝလေးကို ကိုင်ပြီးတော့ ငယ်ငယ်ရွယ်ရွယ် တရားအားထုတ်ရမယ် ဆိုတော့ ဟာ -- ဒီအရွယ်တရားအားထုတ်ရမယ့် အချိန် မဟုတ်ဘူး။ ကျုပ်က အသက်ကြီးသေးတာမှ မဟုတ်ပဲ၊ လာတာပေါ့။ သို့သော် ယနေ့ဒီအလုပ်သည် တခြားအလုပ်လား၊ ဉာဏ်အလုပ်လား။ (ဉာဏ်အလုပ်ပါဘုရား)။ ဉာဏ်အလုပ် ဆိုတော့ ဉာဏ်ကောင်းတုန်းမှ ရမှာပေါ့။ (မှန်လှပါ)။

ကံကောင်းတုန်းမှ ဉာဏ်ကောင်းတုန်းမှ ဒီအလုပ် လုပ်လို့ရမှာ။ အသက်အရွယ် ကြီးတဲ့ အခါကျတော့ ကံကလည်းမွဲ ဉာဏ်ကလည်းမွဲ လုပ်မယ့် အလုပ်ကလည်း ဉာဏ်အလုပ်ဆိုတော့ ဒကာ၊ ဒကာမတွေ တော်တော်နဲ့ရပါဦးမလား။ (မရပါဘူးဘုရား)။ ဘယ်လိုဖြစ်မှန်း မသိပါဘူးဘုရား။ ခုပြော ခုမေ့၊ ခုပြော ခုမေ့ ဟော။ ဘယ်လိုဖြစ်မှန်းမသိပါဘူးတဲ့။ အခုပြော အခုမေ့။ ကျောက်ပြား တရားနာသလိုဖြစ်တယ်။ အခုကြားလိုက် အခုပျောက်သွားလိုက် အခုပြောလိုက် အခုမေ့သွား လိုက်ဆိုတော့ မေ့မှာပေါ့၊ ကံမွဲ ဉာဏ်မွဲတဲ့။

အဲဒီတော့ ဆရာတော်ဘုရားကြီး ကရုဏာနဲ့ ဆုံးမတာနော်။ ဒကာ၊ ဒကာမတွေ ခင်ဗျားတို့ ကံမွဲ ဉာဏ်မွဲဖြစ်ပြီးတော့မှ ဘယ်နေရာမှာမှ အသုံး မတည့်တော့မှ ရိပ်သာရောက်လာတယ်ဆိုတော့ ဘုန်းကြီးမို့လို့ ပေဟောနေတာတဲ့ ကဲ။ ဆရာတော် ဆုံးမတာ။ အဲဒါ မေတ္တာမထားလို့လား။ မေတ္တာထားတာလား။ (မေတ္တာ ထားတာပါဘုရား)။ နည်းတဲ့ကရုဏာ မဟုတ်ဘူး။ ဘုန်းကြီးမို့လို့ပေ ဟောနေတာတဲ့ ကဲ။ အရပ်ထဲ အသုံးမတည့်တော့မှ ရိပ်သာရောက်လာတာကိုး။ ဆရာတော် အားမရဘူးနော်။ ဖြစ်စေချင်တာက ငယ်တုန်း ရွယ်တုန်း ကျန်းမာတုန်းကို ဒကာ၊ ဒကာမတွေ အားထုတ်ထားမှ။ အဲဒီတော့မှ ကံကလည်း ကောင်းတုန်း ဉာဏ်ကလည်း ကောင်းတုန်း မှတ်ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



အားတွေကောင်းတုန်း အချိန်မှာ ဒါလေးမှတ်မိသွားလို့ တစ်လိုမ့်လေး ကြိုးစားလိုက်မယ်ဆိုလို့ရှိရင် သေချာပေါက် ကိုယ့်ဘဝအတွက် အာမခံချက်မရဘူးလား။ (ရပါတယ်ဘုရား)။

အဲဒီလို အာမခံချက်လေး ရသွားရင် အပယ်တံခါးပိတ်ပြီပေါ့။ ဝိသာခါ ကျောင်းအမကြီးများ လိုပေါ့နော်။ ၇-နှစ် သမီးက သောတာပန်တည်တယ်။ ၁၆-နှစ်ကျတော့ အိမ်ထောင်ကျတယ်နော်။ သားတွေ သမီးတွေ မြေးတွေ မြစ်တွေနဲ့ ဒကာ ဒကာမတွေ လောကကြီးမှာပျော်နေတာလေ။ မပျော်ဘူးလား။ (ပျော်ပါတယ်ဘုရား)။ အဲဒီလို သူပျော်နေတဲ့ အပျော်ဟာ အပါယ်တံခါးပိတ်ပြီး ပျော်နေတာ။ ပျော်ကောင်းတယ်။ ဘုန်းကြီးတို့ ယောဂီတွေ ဒကာ၊ ဒကာမတွေ ဆွေတော်မျိုးတော်များက အပါယ်တံခါးမပိတ်ဘဲနဲ့ပျော်တော့ ပျော်ကောင်းရဲ့လား။ (မပျော်ကောင်းပါဘူး)။ မပျော်ကောင်းဘူး။ မပျော်ပါနဲ့။ အဲဒါကြောင့်မို့ ပျော်တာကို နောက်ထား၍ သစ္စာသိအောင် အရင်လုပ်။ ဟော- သစ္စာတရားကို သိပြီးရင် ဒကာ၊ဒကာမတွေ အိုးနဲ့ အိမ်နဲ့ ပုဆိုးနဲ့ ထမီနဲ့ အမျိုးနဲ့ စိန်နဲ့ ပျော်ချင်သလိုပျော်။ အပါယ်တံခါးပိတ်ပြီးသား။ ဝမ်းသာစရာမကောင်းဘူးလား။ (ကောင်းပါတယ်)။

အဲဒီတော့ ဝိသာခါ ကျောင်းအမကြီးများ အပါယ်တံခါးပိတ်သွားတော့ ဟော ဒီရုပ် ဒီနာမ် ဒီခန္ဓာနဲ့သေသွားတော့ နတ်ပြည်မှာ အေးအေးကြီးပဲ ဘုံစဉ်စံနေပြီ။ အနာထပိဏ် ကျောင်းဒကာကြီး ဟိုမှာ သောတာပန်ကြီးတွေ နတ်ပြည်မှာနော်။ အဲဒီပုဂ္ဂိုလ်တွေ အရင်ဆုံးကိုယ့်ကိုယ်ကို စိတ်ချရအောင် တခြားလုပ်တာလား၊ တရားလုပ်တာလား။ (တရားလုပ်တာပါဘုရား)။ အဲဒီ စိတ်ချပြီးတော့မှ ဒကာ၊ ဒကာမတွေ လူသားတွေ ဖြစ်သည့်အတွက်ကြောင့် ဒီလမ်းစဉ်လိုက်ရင် အကောင်းဆုံးပါပဲ။ ရှင်းပြီနော်။

**အိုးနဲ့ အိမ်နဲ့**
**ပုဆိုးနဲ့ ထမီနဲ့**
**အမျိုးနဲ့ စိန်နဲ့။**

ကဲ -- အဲဒီလို ပျော်ရအောင် တခြားအလုပ် လုပ်ရမှာလား၊ သစ္စာအလုပ် လုပ်ရမှာလား။ (သစ္စာအလုပ်လုပ်ရမှာပါဘုရား)။ အဲဒီ သစ္စာအလုပ်ကို လုပ်နိုင်ဖို့ အတွက်ကို ဘုန်းကြီးတို့ အခု ယောဂီတို့ကို တိုက်တွန်းနေရတာ။

## အသေသင်တန်းတက်နေတာ

အဲဒီလိုမှ သစ္စာအလုပ်နဲ့တကွ ဝိပဿနာနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်အားဖြင့် သေသေချာချာ မပိုင်ဘဲနဲ့ပျော်နေမယ်ဆိုရင် "မာ ပစ္ဆာ ဝိပ္ပဋိသာရိနော" တွေလာပြီ။ တစ်နေ့ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ စဉ်းစားကြည့်။ တခြား ရောက်မှာလား။ သေခြင်းနဲ့တွေ့ရမှာလား။ (သေခြင်းနဲ့ တွေ့ရ မှာပါဘုရား)။ ဇရာ မရဏ။ ဘယ်ရောက်မလဲ။ (ဇရာ မရဏ)။ ကဲ--အဲဒီလို သေခြင်းနဲ့ တွေ့ပြီဆိုရင် တဲ့ "ဝိပ္ပဋိသာရိနော" သေရာညောင်စောင်း ရောက်တဲ့အခါ နောင်တ,တဖန် စိုးရိမ်ပူပန်မှုတွေ ဖြစ်သည်တဲ့။ ဒါက ရှောင်လို့မရတဲ့လမ်း၊ ဒီလမ်းသွားရင် ဒီမှတ်တိုင် ဒကာ၊ ဒကာမတွေ ကျော်လို့ ရပါ့မလား။ (မရပါဘူးဘုရား)။ ဒီမှတ်တိုင်တွေ့ပြီးတော့မှကို သွားရမှာပေါ့နော်။

**ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း**

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ လောက ဥပမာလိုပဲ၊ ဘုန်းကြီးတို့ ယနေ့ တွေ့ရမယ့်လမ်းစဉ်သည် တခြားလား၊ အသေလား။ (အသေပါ ဘုရား)။ ဒီထဲမှာ မသေမယ့် ပုဂ္ဂိုလ်ပါရဲ့လား။ (မပါ,ပါဘူးဘုရား)။ အားလုံးဘာဖြစ်လဲ။ (သေမှာပါ ဘုရား)။

အဲဒီတော့ ဒကာ၊ ဒကာမတွေ တကယ်သေခြင်းကို စိတ်ကူးလေးနဲ့ ရင်ဆိုင်ကြည့်လိုက်။ စဉ်းစားကြည့်လိုက်။ ဘယ်လိုလုပ်သေခြင်းတရားကို ရင်ဆိုင် မလဲ။ ဟော--သေကာနီးကာလကျတော့ သက်သက်သာသာ ပျော်ပျော်ပါးပါး က,ခုန်သေတဲ့သူ ဘယ်နှစ်ယောက်ရှိလဲ။ (တစ်ယောက်မှမရှိပါဘူးဘုရား)။ တစ်ယောက်မှ မရှိဘူးနော်။ မချိမဆံ့ဖြစ်ပြီး သေကြတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီးတို့ ယောဂီတို့ ရရှိနေတဲ့ ခန္ဓာက စက္ကန့်နှင့်အမျှ တစ်ချက်ကလေးမှ မသက်သာဘူးနော်။ အခုပဲ တစ်နာရီလောက်လေး တရားထိုင်တာ ဟိုနာတစ်မျိုး ဒီနာတစ်မျိုး ဟာ ဖောက်ပြန်နေတာ။ ကဲ– မနည်းကို ကိုယ့်ကိုယ်ကို သတိထားပြီး ထိန်းပြီး ရှုနေလို့သာ၊ ကာယိန္ဒြေ မနည်းထိန်းရတာ။ ကာယိန္ဒြေနဲ့ အဲဒီလိုသာ မရှုလို့ရှိရင် ဟိုသွားကုတ်လိုက်ရ၊ ဒီဖွဲ့လိုက်ရ ဟာ တစ်ချက်မှကို အငြိမ် မနေဘူး ဒကာ၊ ဒကာမတွေ။ အဲဒါ ဘာဖြစ်နေတာလဲ။ ဖောက်ပြန်နေတာ။ အဲဒီလို ဖောက်ပြန်နေတာ တခြားလား။ ဓာတ် ၄–ပါးလား။ (ဓာတ် ၄–ပါးပါဘုရား)။ ဓာတ် ၄–ပါးက အမြဲတမ်း ဖောက်ပြန်နေတယ်။ အချိန်မရွေးကြည့်။ အချိန်မရွေး မဖောက်ပြန်ဘူးလား။ အဲဒီလောက် ဖောက်ပြန်နေတဲ့ ဓာတ် ၄–ပါးဟာ ယခုလည်း ဖောက်ပြန်သလို သေကာနီးကျတော့လည်း ဖောက်ပြန်တာပဲ။ အေး ယခု ဖောက်ပြန်တာက ဒကာ၊ ဒကာမတွေ နေနိုင်တယ်၊ ထိုင်နိုင်တယ်၊ ကျန်းကျန်းမာမာရှိတုန်း ဖောက်ပြန်တာ။ သေကာနီးကာလ ဖောက်ပြန်တာက မချိမဆံ့ဖြစ်ပြီး ဖောက်ပြန်တာ။ (မှန်လှပါ)။ ဘယ်လို ဖောက်ပြန်လဲ။ (မချိမဆံ့ဖြစ်ပြီး ဖောက်ပြန်တာပါဘုရား)။ မခံနိုင်လောက်အောင် ဖောက်ပြန်တာ။

မခံနိုင်လောက်အောင် ဖောက်ပြန်တယ်ဆိုတော့ ဥပမာ ပြောပြမယ်။ အနာထပိဏ် သူဌေးကြီးဟာ သေကာနီးကာလကျတော့ ရောဂါတွေ ဖောက်နေပြီ။ ရှင်သာရိပုတ္တရာက ''ကဲ–အာနန္ဒာရေ လာ တို့သွားပြီးတော့ လူမမာ မေးကြရအောင်'' လူမမာသွားမေး။ ''ကျောင်းဒကာကြီး– ဘယ်နှယ် နေသလဲ။ ဝေဒနာ တွေဟာတိုးသလား။ လျော့သလား'' မမေးဘူးလား။ ''အရှင်ဘုရားတဲ့– ဝေဒနာ မလျော့ဘူးတဲ့''။ သေကာနီးကာလဆိုတော့ မချိမဆံ့ဖြစ်လို့ အသက်ထွက်တာနော်။ အသက်ဆိုတာက ဒကာ၊ ဒကာမတွေ အတ္တပညတ်အနေနဲ့ပြောတာ၊ အသက်ရှိတာလား၊ မရှိတာလား။ (မရှိပါဘူးဘုရား)။ မရှိဘူး။ စိတ်ပဲ ရှိတယ်။ အသက်ဆိုတာက တခြားနဲ့ပြောတာလား၊ ပညတ်နဲ့ ပြောတာလား။ (ပညတ်နဲ့ပြောတာပါဘုရား)။ ပရမတ်နဲ့ကြည့်တော့ စိတ်တစ်စိတ်ချုပ်ပြီး တော့ စိတ်တစ်စိတ်အစားထိုးတာပဲ ရှိတယ်။ ဝိပဿနာအားထုတ်တဲ့ ယောဂီတွေ ဒါ သတိထားပါ။

အဲဒီတော့ သွားပြီး လူမမာမေးတော့မှ ''မလျော့ဘူး။ တိုးနေတယ်ဘုရား'' ဆိုတော့ သူ့ရဲ့ခံစားချက် ဘယ်လောက်ခံနေရသလဲဆိုတော့ ''တပည့်တော် ပြောဖို့စကားလုံး မရှိဘူး။ လျှောက်ထားဖို့ စကားလုံးမရှိဘူး''တဲ့။ ''ဥပမာလေးနဲ့ လျှောက်ပါရစေတဲ့။ အားကောင်း မောင်းသန် ယောက်ျားကြီး ၂–ယောက်ဟာ သူ့ရဲ့ခေါင်းကို ကြိုးနဲ့ချည်ပြီးတော့ ဟိုဘက် ဒီဘက်ဆွဲနေတယ်''ဆို တော့ သက်သာတယ်ပြောတာလား၊ မသက်သာဘူး ပြောတာလား။ (မသက်သာဘူး ပြောတာပါ



www.burmeseclassic.com

www.burmeseclassic.com



ဘုရား)။ ဘယ်လောက်ခံစားနေရမလဲ၊ ဒကာ၊ ဒကာမတွေ စဉ်းစားကြည့်စမ်း။ ခေါင်းကို အဲဒီလို ဆွဲထားတာ ဘယ်လောက်ခံစားနေရမလဲ။ ရှင်းပြီနော်။ ဒါက ခေါင်းတင် ဘယ်လောက် ကိုက်ခဲနေသလဲဆိုတာ။ ဓာတ် ၄-ပါး ဖောက်ပြန်နေတာနော်။ ရင်ထဲမှာ များလည်း ခံစားနေရတာဟာ ဥပမာနဲ့ဆောင် ပြောတယ်။ ''နွားကို ကျွမ်းကျွမ်းကျင်ကျင် ဖျက်တတ်တဲ့ ယောက်ျားကြီး တစ်ယောက်သည်တဲ့ နွားရဲ့ အရေပြားနဲ့ အသားလေးကို ဓားလေးနဲ့ လှပ်လှပ် လှပ်လှပ် လှပ်လှပ် လှီးနေသလို အဲဒီလောက် ခံစားနေရတယ်။ ဒီမှာ ရင်ထဲမှာ ဒကာ၊ ဒကာမတွေ ဝါယောတွေ ဖောက်ပြန်နေကြတာလေ။ တစ်ကိုယ်လုံး ဗလောင်ဆူနေပြီပေါ့။ အဲဒီလောက်ထိ ပူတာတွေ လောင်တာတွေ နာတာတွေ ကျင်တာတွေ ကိုက်တာတွေ ဘယ်လောက်ခံစားနေရသလဲဆိုတာ ခုန အသားနဲ့ အရေကို လှပ်လှပ် လှပ်လှပ် လှီးနေသလို ဒီလောက်နာကျင် ကိုက်ခဲနေတယ် ပြောတာ။

အဲဒီလို ခံစားနေရတာဟာ သူ့မှာ စကားလုံးမရှိဘူး။ ဘယ်လောက် ခံစားနေရတယ်ဆိုတော့ အဲဒီလိုမျိုး ကဲ- ယောဂီတို့ စိတ်ကူးကြည့်။ သေကာနီး ကာလကျတော့ ဒီလို ခံစားနေရမှာလား၊ မခံစားဘဲ သေမှာလား။ (ခံစားရမှာပါ ဘုရား)။ ဒါ- ဘုန်းကြီး ခြောက်ပြောနေတာ မဟုတ်ဘူးနော်။ အခု ယောဂီတို့ လက်တွေ့ပဲ။ အခု တစ်နာရီလောက်လေး မလှုပ်မယှက်ငြိမ်ပြီးတော့ ကိုယ့်ကိုယ်ကို စိုက်ကြည့်ရင် မဖောက်ပြန်တာ တွေ့တာလား၊ ဖောက်ပြန်တာ တွေ့တာလား။ (ဖောက်ပြန်တာ တွေ့တာပါဘုရား)။ ယခု တစ်နာရီလောက်လေး ငြိမ်ပြီးတော့ မလှုပ်မယှက်ဘဲနဲ့ ဖောက်ပြန်နေတဲ့ ဒုက္ခတရားတွေဟာ လူတစ်ယောက်ကို မသေစေနိုင်သေးဘူးနော်။ (မှန်လှပါ)။

အဲဒီတော့ လူတစ်ယောက်သည် သေသွားလောက်အောင် ဖောက်ပြန်တယ် ဆိုတာဟာ အခု တစ်နာရီမှာ တွေ့နေရတာထက် အဆပေါင်းမြောက်မြားစွာ မပြင်းထန်ဘူးလား။ (ပြင်းထန်ပါတယ်ဘုရား)။ ဒါ-ယောဂီတို့ ယှဉ်ကြည့်နော်။ တကယ်တွေ့ရမယ့်ကိစ္စ၊ အဲဒီတော့ ယခု တစ်နာရီမှာ ဒီလိုတွေ့နေတဲ့အချိန်ဟာ အသက်မသေသေးဘူး။ အရိုးလည်း ဘာမှမကွဲသေးဘူး။ အသားလေးလည်း ပွန်းမသွားသေးဘူးနော်။ သက်သက်သာသာလေးနဲ့ တစ်နာရီတောင် ဒီလောက် မချိမဆံ့ ချွေးဒီးဒီးကျအောင် ထပြေးချင်လောက်အောင် ခံစားရရင် တကယ်သေဖို့ အဲဒီလို ဖြစ်လာတဲ့အခါကျတော့ ဒကာ၊ ဒကာမတွေ စဉ်းစားကြည့်။ ဒီထက် အဆပေါင်းမြောက်မြားစွာခံရမှာ။ အဲဒီအချိန် သေကာနီးကာလကျတော့ ကိုယ်ခံအားတွေက နည်းသွားပြီ။ ခံနိုင်ရည် မရှိဘူး။ ဉာဏ်အားကလည်းပဲ အဆမတန် အားထုတ်မထားတော့ ဘယ်လိုလုပ်ရင်ဆိုင်ရမလဲ မသိဘူး။

ဒီတော့ အဲဒီအချိန်အခါမှာ အရပ်စကားပြောရင် ဒီပုဂ္ဂိုလ် ဖြောင်းဆန်နေပြီ။ ဘာဖြစ်တာလဲ။ (ဖြောင်းဆန်နေပါတယ်ဘုရား)။ ဩော်- ဒီတော့ တစ်ခါတည်းမှာကို တွန့်လိုက်လိမ်လိုက် တစ်ခါတည်း အချို့များ ထရုံဖက်တက် ဘာတက် ဒီလိုမျိုးကို ဖြစ်ကုန်တာ။ မခံနိုင်တော့ဘူးလေ။ အဲဒီလို မခံနိုင်တာ တခြားလား။ ဒေါသလား။ (ဒေါသပါဘုရား)။ ဟော- သေကာနီး ဒေါသတွေ ဖြစ်နေပြီ။ သူများကြောင့် ဖြစ်တာလား။ ကိုယ့်ခန္ဓာထဲကကိုယ် ဖြစ်တာလား။ (ကိုယ့်ခန္ဓာထဲက ဖြစ်တာပါဘုရား)။ ကိုယ့်ခန္ဓာထဲမှာ ဖြစ်ပေါ်နေတဲ့ဝေဒနာကို သည်းမခံနိုင်လို့။ ဘာဖြစ်လို့လဲ။ (သည်းမခံနိုင်လို့)။ ဒီလိုဖြင့် သည်းမခံနိုင်တာ တခြားလား၊ ဒေါသလား။ (ဒေါသပါဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



ယောဂီတို့- ပုံသေနည်းထဲ ပြန်ထည့်ကြည့်စမ်းပါ။ ဒေါသနဲ့သေတော့ ငရဲပြည် ဆိုတော့ အဲဒီ ပုဂ္ဂိုလ် ဘာလှမ်းကြည့်တာလဲ။ (ငရဲလှမ်းကြည့်တာပါဘုရား)။ ငရဲ၊ ဂတိနိမိတ်က ငရဲအိုးကို သွားတွေ့တာ။ ခွေးနက်ကြီးတွေက ဆွဲပြီ။ ငရဲမီးတွေက တောက်ပြီနေ>။ အဲဒီခွေးနက်ကြီးတွေ ဆွဲတယ်။ ငရဲမီးတွေတောက်တော့ ကိုယ့်ကိုယ်ကို ဟာ--ငါသွားမယ့်လမ်းက လက်စသတ် ဒါကိုး ဆိုတော့ သူသွားမယ့်လမ်းက နတ်ပြည်သွားမှာလား။ ငရဲပြည်သွားမှာလား။ (ငရဲပြည်သွားမှာပါ ဘုရား)။ သို့ဖြင့် သူငရဲပြည်ကို သွားတာက တခြားကြောင့် သွားတာလား၊ ဒေါသဖြစ်လို့ သွားတာ လား။ (ဒေါသဖြစ်လို့သွားတာပါဘုရား)။ အဲဒီဒေါသက ဖြစ်ပေါ်နေတဲ့ ဒုက္ခဝေဒနာတွေကို မရှုနိုင် လို့၊ ဘာဖြစ်လို့လဲ။ (မရှုနိုင်လို့ပါဘုရား)။ ဒီလိုဖြင့် မရှုနိုင်ဘူးဆိုတာက လေ့ကျင့်မထားလို့ပေါ့။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ အခု ယောဂီတို့ဟာ ဝိပဿနာရှုနေတာ အိုးပစ်အိမ်ပစ် အဆင်းရဲခံပြီး လာရှုတာ ဘာလုပ်တာလဲ။ လေ့ကျင့်နေတာ။ ဟိုနေ့က ဘောလုံးသမားတွေကို ဥပမာပေးပြီးပြီ။ ပွဲဝင်ကာနီး အတွက်ကို ပြိုင်ပွဲဝင်ကာနီးအတွက်ကို အခု ဘောလုံးသမားလို ဘာလုပ်နေကြတာလဲ။ (လေ့ကျင့် နေကြတာပါ)။ နေ့စဉ် နေ့တိုင်း တစ်ခါတည်းမှကို ချွေးထွက်ခံပြီးတော့ကို ထရိန်နင်ဆင်းနေရတာပေါ့ ဟုတ်လား။ အခု ယောဂီတို့လည်းပဲ သေခြင်းနဲ့ရင်ဆိုင်တဲ့အခါ ဒီဝေဒနာတွေ လာမှာလား၊ မလာဘူးလား။ (လာမှာပါ ဘုရား)။ မဖောက်ပြန်မှာလား။ ဖောက်ပြန်မှာလား။ (ဖောက်ပြန်မှာပါဘုရား)။ အဲဒီကဲ့သို့ ဖောက်ပြန်မယ်ဆိုရင် ဘယ်လို လုပ်ရင်ဆိုင်မလဲ။ ရင်ဆိုင်နိုင်စရာ အလေ့အကျင့် မရှိဘူး။

အဲဒီလို ရင်ဆိုင်နိုင်ဖို့အတွက် အခု တခြားလုပ်နေတာလား။ တရားအားထုတ်တာလား။ (တရားအားထုတ်တာပါဘုရား)။ အဲဒီတော့ ယခုတရားအားထုတ်တာက သေလို့ရှိရင် ဒီလို ရှုမယ် ဆိုတာ တကယ်တော့ တရားအားထုတ်တယ်ဆိုတာက ဒကာ၊ ဒကာမတွေ သိမ်သိမ်မွေ့မွေ့ပြော တာပါ။ အသေသင်နေတာပါ။ ဒီသင်တန်းတက်တာ တခြားသင်တန်းတက်နေတာလား။ အသေ သင်တန်း တက်နေတာလား။ (အသေသင်တန်း တက်နေတာပါဘုရား)။ ဒီတော့ ဒကာ၊ ဒကာမတွေ တစ်ချို့လူကပ်တွေက ပြောတယ်။ အရှင်ဘုရား- အသေများ သင်တန်းတက်နေရသလားတဲ့။ ပါးစပ်ဟလိုက် အသက်ထွက်သွားတာပဲ- ဟော။ အဲဒါက ခွေးသေ၊ ဝက်သေကိုးဗျ။ ဘာသေ, သေတာလဲ။ (ခွေးသေ၊ ဝက်သေပါဘုရား)။ သွားပြီ။ အဲဒါက အပါယ်သွားမယ့်အသေမျိုး။

## တစ်ယောက်တည်းသွားရမှာ

အခု ဘုန်းကြီးတို့ ယောဂီတို့ အသေနဲ့ရင်ဆိုင်ရမှာက အနည်းလေး သုဂတိ နိဗ္ဗာန်ကို မြင်တဲ့အသေမျိုးပေါ့။ ဖေဂ္ဂုန အရှင်တို့လို ဟုတ်လား။ သေကာနီး အနာဂါမ်ဖြစ်ပြီးတော့ကို ဒကာ၊ ဒကာမတွေ နိဗ္ဗာန်မမြင်ရဘူးလား။ (မြင်ရပါတယ်ဘုရား)။ အဲဒီလို ဖြစ်နိုင်ဖို့ကို တခြား လုပ်ရတာလား လေ့ကျင့်နေရတာလား။ (လေ့ကျင့်နေရတာပါဘုရား)။ အဲဒီ လေ့ကျင့်နေတာက သမထ ဝိပဿနာ။ အခုကတည်းကသာ လေ့ကျင့်မထားရင် ခုနကတည်းက ပြောသလို ''မာ ပဋ္ဌာ ဝိပ္ပဋိသာရိနော'' လို့ဆိုတဲ့ သေရာညောင်စောင်းရောက်တဲ့အခါမှာ နောင်တ တဖန် စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



ပူပန်မှုတွေ ဖြစ်လိမ့်မယ်တဲ့။ အဲဒါ ငါဘုရားရဲ့ အဆုံးအမပဲဆိုတာ မြတ်စွာဘုရားဆုံးမတာ။

ငရဲကို မြင်ပြီဆိုကတည်းက ကဲ–ကိုယ့်ကိုယ်ကို ပြန်သတိမရဘူးလား။ သတိရပြီ။ အဲဒီတော့ ကိုယ်သွားမယ့်လမ်းက ဘယ်လမ်းကိုမြင်လဲ။ (ငရဲလမ်းပါ ဘုရား)။ ငရဲလမ်းကိုလည်း မြင်လည်း မြင်လိုက်ရော ဒကာ၊ ဒကာမတွေ ဝမ်းသာမှာလား၊ ဝမ်းနည်းမှာလား။ (ဝမ်းနည်းမှာပါ)။ သောက– ပောာ စိုးရိမ်ပြီ။ ငါသွားတော့မှာပါလား။ ငါသွားတော့မှာပါလား။ အဲဒီလိုလည်း မြင်လည်းမြင်လိုက် ရော၊ နောင်တ မတ,ဘူးလား။ (တ,ပါတယ်ဘုရား)။ စိုးရိမ်သောက ဝင်သွားပြီနော်။ သောက၊ ပရိဒေဝဆိုတော့ ပူပြီလေ ရင်ထဲမှာ။ တကယ်ဒုက္ခရောက်မှာကို မြင်ရင် အိပ်ပျော်ပါ့ဦးမလား။ (မပျော်ပါဘူးဘုရား)။ ဒုက္ခ ကိုယ်ဆင်းရဲနေပြီ။ ဒေါမနဿ စိတ်ဆင်းရဲနေပြီ။ ဥပါယာသာ ပြင်းစွာ ရင်ထဲမှာ ပူပန်တော့ မျက်ရည်မကျဘူးလား။ (ကျပါတယ်)။ အဲဒီတော့ သေကာနီး အချို့ ဒကာ၊ ဒကာမတွေ ဝိညာဉ်ချုပ်သွားတဲ့ ရုပ်ကိုကြည့်။ အချို့မျက်ရည်လေး စို့စို့နဲ့နော်။ အဲဒါတခြား မဟုတ်ဘူး။ သူသွားမယ့်လမ်းကို ဝမ်းနည်းပြီး မျက်ရည်ကျတာ။ နှစ်ယောက်တွဲ သွားလို့ရတာလား၊ တစ်ယောက်တည်းလား။ (တစ်ယောက်တည်းပါဘုရား)။ လာတုန်းကလည်း တစ်ယောက်ထဲ။ ပြန် တော့လည်း တစ်ယောက်ထဲ။ အဲဒီတော့ လူ့ဘဝမှာ လောကွတ်တွေ သိပ်မချော်နဲ့။ ငါသွားရမှာ ဘယ်သူမှ ကိုယ့်နောက်မပါဘူးလို့ ဆုံးဖြတ်ချက်ချ။

မိဘသွားလို့ သားသမီးလိုက်နိုင်ရဲ့လား။ (မလိုက်နိုင်ပါဘူး)။ သားသမီးသွားလို့ မိဘလိုက်နိုင် ရဲ့လား။ (မလိုက်နိုင်ပါဘူး ဘုရား)။ ဇနီးသွားလို့ ခင်ပွန်းလိုက်ရဲ့လား။ (မလိုက်ပါဘူး ဘုရား)။ ခင်ပွန်းသွားလို့ ဇနီးလိုက်ရဲ့လား။ (မလိုက်ပါဘူးဘုရား)။ ဘယ်နှစ်ယောက်သွားမလဲ။ (တစ်ယောက် တည်းပါဘုရား)။ အေး– ခုကတည်းက တစ်ယောက်တည်း သွားနိုင်အောင် ဒကာ၊ ဒကာမတွေ ဒီကို လာပြီးတော့ အသေသင်နေတယ်လို့ယူပါ။

အဲဒီတော့ သင်တာကတော့ အသေကို သင်တာပါ။ သို့သော် အသေတတ်သွားရင် ဟော အနေပါမြတ်သွားရော။ နှစ်ကိုစွပြီးသွားရော။ မြန်မာ စကားရှိတယ် မဟုတ်လား။ တစ်ချက်ခုတ် နှစ်ချက်ပြတ်။ ဝိပဿနာရိပ်သာမှာလာပြီးတော့ အသေသင်နေတာကတော့ သေဖို့အတွက်ကို ကိုယ်ကနေ အားထုတ်တာ။ သို့သော် အသေသင်တဲ့အခါမှာ ကံတွေ ဈာန်တွေ ဉာဏ်တွေ မပါ ဘူးလား။ (ပါပါတယ်ဘုရား)။ ဒီလိုဖြင့် အဲဒီကံသည် မကောင်းကံလား၊ ကောင်းကံလား။ (ကောင်း ကံပါဘုရား)။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ အဲဒီကောင်းတာသည် သေမှဖြစ်မှာလား၊ ယခု ပစ္စုပ္ပန်ဖြစ်မှာလား။ (ပစ္စုပ္ပန်ဖြစ်မှာပါဘုရား)။ ဟော– အနေလည်းတတ်သွားပြီ။ အဲဒီပုဂ္ဂိုလ် အထွတ်အထိပ် ရောက်တော့မှာပါ။ ဒီတော့ ဈာန်ဆိုတာ မပါဘူးလား။ (ပါပါတယ် ဘုရား)။ ကံ– ကုသိုလ်ထက် ဈာန်ကုသိုလ်က ပိုပြီးတော့ အားမရှိဘူးလား။

ကဲ – ယနေ့ သမထလုပ်နေတာ ဝင်လေသိ ထွက်လေသိလုပ်နေတာဟာ တခြားလား၊ သမထလား။ (သမထပါဘုရား)။ အဲဒီ သမထက ဒကာ၊ ဒကာမတွေ မကောင်းကျိုးပေးမှာလား၊ ကောင်းကျိုးပေးမှာလား။ (ကောင်းကျိုးပေးမှာပါ ဘုရား)။ ယခုကို ကောင်းကျိုးပေးမှာ။ ဒီလိုဖြင့် ရုပ်နာမ်ခန္ဓာရဲ့ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပျက်ကိုရှုတာက တခြားနဲ့ရှုတာလား၊ ဉာဏ်နဲ့ရှုတာလား။ (ဉာဏ်နဲ့ရှုတာ ပါဘုရား)။ ဈာန်ကုသိုလ်ထက် ဉာဏ်ကုသိုလ်က ပိုပြီးတော့ အားမရှိဘူးလား။

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



(ရှိပါတယ်ဘုရား)။ ဒီလိုဖြင့် ၁၀-ရက်လုံးလုံး ဝိပဿနာအလုပ် လုပ်နေတာက ကုသိုလ် ဘယ်နှမျိုးရလဲ။ (၃-မျိုးရပါတယ်ဘုရား)။ ကံကုသိုလ်ရယ် စျာန် ကုသိုလ်ရယ် ဉာဏ်ကုသိုလ်ရယ်။ အဲဒီတော့ လုပ်တုန်းကတော့ အသေသင်တဲ့အလုပ်ကို လုပ်ပေမယ့် ကျန်တာတွေ အကုန်ပြီးပြီးသားပါ။ အသေသင်တော့ အသေတတ်သွားပြီ။ အသေတတ်တဲ့အခါကျတော့ အခုလောလောဆယ် ယနေ့ သည်ပင် အနေမမြတ်ဘူးလား။ (မြတ်ပါတယ်ဘုရား)။ အဲဒီတော့ အနေလည်းမြတ်၊ အသေလည်း တတ်။ ဒီသင်တန်းက မလုပ်လို့မရပါဘူး။ ရှင်းပြီနော်။ အကယ်၍ မိမိတို့က အခုလို အချိန်အခါမှာ လေ့ကျင့်ပြီးတော့ မထားဘဲနဲ့ ဟိုက ဂတိနိမိတ်တွေ လာပြီးတော့ မြင်လိုက်ပြီဆိုရင် နောင်တ တစ်ဖန် စိုးရိမ်တော့တာပေါ့။ ငါသည် ကျန်းမာတုန်း ချမ်းသာတုန်း အခါကောင်းတုန်း အရွယ်ကောင်းတုန်း ကံကောင်းတုန်း ဉာဏ်ကောင်းတုန်းမှာ ကိုယ့်အတွက် ဘာမျှမလုပ်ဘူးလေ။

ယနေ့ ဝိပဿနာရှုတာ သူများအတွက်လား။ ကိုယ့်အတွက်လား။ (ကိုယ့်အတွက်ပါဘုရား)။ စားရေး နေရေး ဝတ်ရေး ကျန်းမာရေးက တခြားကိစ္စမှန်သမျှသည် ကိုယ့်အတွက် ဟုတ်ရဲ့လား။ (မဟုတ်ပါဘူးဘုရား)။ ဒါကြောင့်မို့လို့ ကိုယ်ပိုင်အလုပ်ရယ် ဘုံဆိုင်အလုပ်ရယ်။ ဒီလိုဖြင့် ကိုယ်ပိုင်အလုပ်ဆိုတာ တခြားအလုပ်လား၊ မဂ္ဂင်အလုပ်လား။ (မဂ္ဂင်အလုပ်ပါဘုရား)။ မဂ္ဂင်အလုပ်မှ တစ်ပါး တခြားသော အလုပ်မှန်သမျှသည် ဘုံဆိုင်အလုပ်။ စားရေး၊ နေရေး၊ ဝတ်ရေး၊ ကျန်းမာရေး ဒါလည်း ကိုယ်နဲ့ ဘာမှမပတ်သက်ဘူး။ ဘုံဆိုင်အလုပ်ပဲ။ ခန္ဓာ့ဝန်ထမ်းနေရတာ။ ကိုယ်နဲ့ ပတ်သက်ရဲ့လား။ (မပတ်သက်ပါဘူး)။ မဂ္ဂင်အလုပ်သာလျှင် တခြားလား၊ ကိုယ်ပိုင် အလုပ်လား။ (ကိုယ်ပိုင်အလုပ်ပါ ဘုရား)။ ကိုယ်ပိုင်အလုပ်ကို များများလုပ်တဲ့ပုဂ္ဂိုလ်က သေကာနီးကာလကျတော့ ပြုံးနိုင်ပါတယ်။ ဘုံဆိုင်အလုပ်ကို များများအချိန်ပေးတဲ့ ပုဂ္ဂိုလ်များက သေကာနီးကာလ ကျတော့ မဲ့ပါလိမ့်မယ်။ အဲဒါကြောင့် ''မာ ပစ္ဆာ ဝိပ္ပဋိသာရိနော'' သေရာညောင်စောင်းရောက်တဲ့ အခါကျတော့ နောင်တတစ်ဖန်စိုးရိမ်ပူပန်မှုတွေ ဖြစ်မယ်ဆိုတော့ ကဲ- ငါသွားရမယ့်လမ်းက တစ်ယောက်တည်းဆိုတော့ အဖော်ပါရဲ့လား။ (မပါပါဘူးဘုရား)။

အဲဒီတော့ တစ်ယောက်တည်းလည်းဖြစ်ပြန်၊ သွားမယ့်လမ်းက လမ်းချောလား၊ ငရဲလမ်းလား။ (ငရဲလမ်းပါဘုရား)။ ငရဲသွားမယ်ဆိုတော့ စိတ်ချမ်းသာပါ့မလား။ အဲဒီတော့မှ နောင်တ နောင်တသည် နောင်မှတတယ်ဆိုတော့ နောင်တ,တပြီနော်။ စောစောကပြောသလို ငါကျန်းမာတုန်း၊ ချမ်းသာတုန်း အခါကောင်းတုန်း၊ အရွယ်ကောင်းတုန်းမှာတော့ ကိုယ့်အတွက် ကိုယ်မလုပ်၊ ဘုံဆိုင် အလုပ်တွေနဲ့ အချိန်ကုန်တယ်။ အခု ငါသွားရာလမ်းမှာ တစ်ယောက်တည်း ဆိုတော့ ကဲ- ဒကာ၊ ဒကာမတွေ နောင်တ မတဘူးလား။ (တပါတယ်ဘုရား)။ အေး- ဒီအလုပ် ငါမလုပ်မဖြစ်၊ ဒီအိမ်ငါမရှိလို့ မဖြစ်ဘူးဆိုတဲ့ အဲဒီလို အလုပ်တွေနဲ့, လုပ်လာတာ ဟော-အခုတော့ ငါခက်ပြီ၊ နောင်တ၊ နောင်မှတ,သော်လည်း အချိန်မမီတော့ဘူး။ အဲဒီအချိန်မှာ ဝိညာဉ်လည်း ချုပ်ပြီဆိုတော့ ဘယ်သူမှ မကယ်နိုင်တော့ဘူး။ ဒီတော့ တကယ့်အရေး တကယ့်ဘေး၊ ဘယ်သွေး ဘယ်သား မကယ်နိုင်တဲ့။ ဆရာတော်ဘုရားများ ဆုံးမတာ ထိရောက်သလဲနော်။ ကဲ- ဆိုကြည့်ပါ။

◆ တကယ့်အရေး တကယ့်ဘေး
ဘယ်သွေး ဘယ်သား မကယ်နိုင်။
အောင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ကိုယ့်ကိုယ်ကို (ဝါ) ကိုယ့်မဂ္ဂင်ကိုယ် အားကိုးရမှာ ''အတ္တာ ဟိ အတ္တနော နာထော'' ဆိုတော့ ဒီအချိန်ပေါ်လာပြီ ယောဂီတို့။ သူများအားကိုး ရမှာလား။ ကိုယ့်ကိုယ်ကို အားကိုးရမှာလား။ (ကိုယ့်ကိုယ်ကို အားကိုးရမှာပါဘုရား)။ အဲဒါကြောင့်မို့ ဒီအလုပ်ကို လုပ်တဲ့ ပုဂ္ဂိုလ်တိုင်း ကိုယ့်ကိုယ်ကို သနားလို့လုပ်ကြတာ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ တကယ်အရေးဖြစ်လာရင် ဘယ်သူ့ ဘယ်သူမှ မကယ်နိုင်ဘူးနော်။ အဲဒါကြောင့်မို့လို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ''မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော'' သေရာ ညောင်စောင်းရောက်တဲ့အခါမှာ နောင်တတစ်ဖန် စိုးရိမ်ပူပန်မှုတွေ ဖြစ်လိမ့်မယ်။ အဲဒါကြောင့် ချစ်သားတို့ ချစ်သမီးတို့ အခုအချိန်ကံကောင်းတုန်း၊ အခါကောင်းတုန်း၊ အရွယ်ကောင်းတုန်း၊ အချိန်ကောင်းတုန်းမှာ သမထ ဝိပဿနာတရားကို ပွားများအားထုတ်ကြ။ အဲဒါ ငါဘုရား၏ အဆုံးအမပဲတဲ့။ မြတ်စွာဘုရား မဟောဘူးလား။ (ဟောပါတယ် ဘုရား)။ အဲဒါကို ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီးက ထပ်ပြီးတော့ အရေးကြီးလွန်းလို့ သတိပေးတယ်နော်။

ဒကာ၊ ဒကာမတွေတဲ့။ မြတ်စွာဘုရား အဲဒီလို ဟောတာ။ ဘုရားဆိုတာ နှစ်ခွန်းမပြောဘူး။ တစ်ခွန်းနဲ့ အမှန်ကို ပြောနိုင်တယ်။ ဘုရားက အင်မတန် အလုပ်လုပ်တာနော်။ ကမ္ဘာပေါ်မှာ အလုပ်အကြီးမားဆုံးလုပ်တဲ့ ပုဂ္ဂိုလ်ကို လက်ညှိုးထိုးပါဆိုရင် ဘုရားကို လက်ညှိုးထိုးရမှာ၊ အလုပ်ကို အင်မတန် လုပ်တာနော်။ အိပ်ချိန်မရှိအောင် သတ္တဝါအကျိုးကို သယ်ပိုးသွားတာပါ။ အဲဒီလောက် အလုပ်များတဲ့ဘုရားဖြစ်သောကြောင့် စကားနှစ်ခွန်းမပြောနိုင်ဘူး။ တစ်ခွန်းပဲ ပြောနိုင်တယ်။ အဲဒီမြတ်စွာဘုရားသည် ယခုဒီဒေသနာစဉ်ကို ဟောတာ အကြိမ်ပေါင်း ၁၇၉၂-ကြိမ်။ ဘယ်လောက် ဟောတာလဲ။ (၁၇၉၂-ကြိမ်)။ နည်းနည်းနောနောလား။ ဒကာ၊ ဒကာမတို့။ ဒါကြောင့် မဟာကရုဏာရှင် ဖြစ်တာနော်။ ကိုယ်ချင်းစာကြည့်စမ်းပါ။ မိမိနဲ့ကိုယ်ချင်းစာကြည့်ကြစမ်းပါ။ ကိုယ်ချင်း စာကြည့်ပါဆိုကြပါစို့။ သားတွေ သမီးတွေ တပည့်တပန်းတွေ ဘာတွေညာတွေ လူတိုင်းလူတိုင်း မရှိကြဘူးလား။ (ရှိပါတယ်ဘုရား)။ ဆုံးမတယ်။ ၁-ကြိမ်ပြောတယ်။ မရဘူး။ ၃-ကြိမ်ပြောတယ်။ မရဘူး။ စိတ်ကတိုလာရော။ မင်း၊ ငါဆုံးမနေတာ ၃-ကြိမ်ရှိပြီကွ။ ၄-ကြိမ်ရှိပြီကွ။ နောက် ငါမပြောချင်တော့ဘူး။ လက်ပါလာတော့မယ်။ အမယ်-ဖြစ်လာရော။ စိတ်တိုသွားပြီ။

မြတ်စွာဘုရား အခု ဘယ်လောက်လဲ။ (၁၇၉၂-ကြိမ်ပါဘုရား)။ စိတ်မတိုဘူးနော်။ ဒါကြောင့် မဟာကရုဏာရှင်ကြီး ဒကာ၊ ဒကာမတွေ။ ရှင်းပြီနော်။ အဲဒီလောက်ထိအောင် မိမိအပေါ်မှာ သနားကရုဏာများသည့် အတွက်ကြောင့် မဟာကရုဏာရှင်ကြီး ဖြစ်သည့် အတွက်ကြောင့် တော်ရုံတန်ရုံ အားမထုတ်ချင်လို့ ပျင်းတဲ့စိတ်ကလေး ပေါ်လာရင် ဒီမျက်နှာတော်ကိုတော့ ပြန်ကြည့်ဖို့လိုပါတယ်။ ဩော်-ဒို့အတွက် ဒီလောက်ထိတောင် အနစ်နာခံပြီးတော့ ကယ်သွားတဲ့အတွက်ကြောင့် ပျင်းစိတ်ကလေးဝင်ရင် ဘုရားရှေ့မျက်မှာတော် ငဲ့ပြီးတော့ ဒကာ၊ ဒကာမတွေ မလုပ်ချင်လည်း ဘာလုပ်ရမလဲ။ (လုပ်ရမယ်)။ လုပ်ရမယ်။ ရှင်းပြီနော်။ နောက်ဆုံး အားနာပါးနာလေး အားထုတ်လိုက်ဦးတော့ သူများအတွက်လား။ ကိုယ့်အတွက်လား။ (ကိုယ့်အတွက်ပါဘုရား)။ ဒီလောက်ထိအောင် ဒကာ၊ ဒကာမတွေ လျှော့ချေးပေးပြီးတော့ ဟောသွားတာပါ။ ရှင်းပြီနော်။

## ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



**အပြုံးနဲ့အမဲ့**

ကဲ−−ယခု ဘာတရားအားထုတ်ရမလဲ။ (သမထဝိပဿနာ)။ အဲဒီတော့ သမထရယ်၊ ဝိပဿနာရယ် ၂−မျိုးရှိပါတယ်။ ဘယ်နှမျိုးပါလဲ။ (၂−မျိုးပါ ဘုရား)။ ဒါက သမထလို့ နားလည်ပါ။ ဒါက ဝိပဿနာလို့ နားလည်ပါ။ ဘာလို့လဲ ဆိုတော့ ယနေ့အားထုတ်တာ ၉−ရက်ရှိပြီဆိုတော့ ကိုယ့်အားထုတ် နေတာ သမထပဲဖြစ်နေသလား၊ ဝိပဿနာပဲဖြစ်နေသလား။ သမထက ဘယ်လောက် အတိုင်းအတာရှိတယ်၊ ဝိပဿနာက ဘယ်လောက်အတိုင်းအတာ ရှိတယ် ဆိုတာကို ဘုန်းကြီးတို့ ယောဂီတွေသိထားဖို့ အရေးကြီးတယ်။ အဲဒီတော့ ဒီ ယောဂီတွေ ဒီလောက်များနေတော့ ဘုန်းကြီး တို့ တရားစစ်ဖို့ကိုလည်း တစ်ယောက်ချင်း မစစ်နိုင်ပါဘူး။ ဒီတရားဟာ ယောဂီတို့များနေရင် ပြန်ပြီး ရှုကွက်ပြင်တဲ့ တရားပဲလို့လဲ အလေးဂရုပြုပြီးလို့ နာကြပါနော်။ ဒါကြောင့် အမြဲတမ်း ဝိပဿနာ ယောဂီတွေ ဒုက္ခရောက်တဲ့နေရာက ဒီနေရာမှာ ပေါ်လာလိမ့်မယ်။ အချို့ ဉာဏ်မတက်တော့ဘူး၊ ဘယ်နှယ့်ဉာဏ်မတက်ပါလိမ့်လဲဆိုတော့ ရှုကွက်တွေ မှား,မှားနေလို့ပေါ့။ အဲတော့ တစ်ယောက်ချင်းရှုကွက်ကို မပြင်နိုင်ပါဘူး ယောဂီတို့။ သို့သော် ဒီတရားမှာ ဒေသနာစဉ်တိုင်းသာ ဘုန်းကြီးတို့က ကျေးဇူးပြုတယ်။ ကိုယ်နဲ့တိုက်ဆိုင်တာလေးကို ပြန်ပြီးတော့ယူလိုက်ပါ။ ရှင်းပြီနော်။

အဲဒီတော့ သမထရယ်၊ ဝိပဿနာရယ်။ ဒီတော့ (၁) သမထဆိုတဲ့ သဘောတရားက ဈာန်ရဖို့ အားထုတ်တာ။ သမထက (ဈာန်ရဖို့)။ ဝိပဿနာက ဉာဏ်ရဖို့။ သမထက ဈာန်ရဖို့။ ဝိပဿနာက ဉာဏ်ရဖို့။ သို့ဖြင့် သမထကို အားထုတ်လို့ ရူပဈာန်၊ အရူပဈာန်ဆိုတာတွေ့ရတော့ သဠီရနဲ့ပြောရင် ဘာသဠီရ။ (အာနေဉ္ဇာဘိသင်္ခါရ)။ သို့ဖြင့် အဲဒီ အာနေဉ္ဇာဘိသင်္ခါရဟာ ဒကာ၊ ဒကာမတွေ ကျေနပ်လို့ ရပ့်မလား။ (မရပါဘူးဘုရား)။ သူ့ကိုပယ်လို့ကော ဖြစ်ပ့်မလား။ (မဖြစ်ပါဘူး)။ သူကို ပယ်လို့လည်း မရဘူး။ သူနဲ့ကျေနပ်နေလို့လည်း မဖြစ်ဘူး။ သူနဲ့ကျေနပ်နေရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ''ပစ္စန္တရစ်''ကို ရောက်သွားလိမ့်မယ်။ ဘုရားမပွင့်တဲ့ နေရာပေ့ါ။ ဘုရားသာသနာ မရောက်တဲ့ နေရာပေ့ါ။ ဟုတ်လား။ ဒီတော့ ရပ်ပြစ်ရှစ်ပါးထဲ ရောက်သွားနိုင်တယ်။ ဘာကြောင့် လဲလို့ဆိုရင် ဒီမြတ်စွာဘုရားပွင့်ထွန်းပေါ်ပေါက် ကာစက ''ဒေဝိဋ္ဌ'' ရသေ့ကြီး ဆိုတာရှိပါတယ်။ အလောင်းတော်မွေးတုန်းက ''ဒေဝိဋ္ဌ'' ရသေ့ကြီး မရှိဘူးလား။ နန်းဦးမှာ ကိုးကွယ်ထားတဲ့ ရသေ့ကြီး။ မြေလှိုူးမိုးပျံနေတဲ့ ရသေ့ကြီး ဘယ်လောက်ထိ အမြင်အကြားပေါက် သလဲဆို ရှေ့ကမ္ဘာလေးဆယ်၊ နောက်ကမ္ဘာ လေးဆယ် မြင်တဲ့ ရသေ့ကြီး။ ဒီတော့သမထမှာ အထွတ်အထိပ်ရောက်နေတယ်လို့ ပြောပါတော့။ အဲဒီရသေ့ကြီးကို အလောင်းတော်လေး မွေးတဲ့အခါကျတော့ ''သုဒ္ဓေါဒန'' မင်းကြီးက သူ့ဆရာ ရသေ့ကို သားတော်လေးကို ပြတာပေ့ါ။

ဉာဏ်ကိန်းတဲ့ ခန္ဓာဘယ်လောက်မြတ်နေသလဲဆိုတာနော်။ လူတကာက ကိုးကွယ်နေတဲ့ ရသေ့ကြီးခေါင်းပေါ် တက်မရပ်ဘူးလား။ (ရပ်ပါတယ်ဘုရား)။ ဒီတော့မှ ဖအေကိုယ်တိုင် ဒကာ၊ ဒကာမတွေ သားကို လက်အုပ်ချီ ရှိခိုးရတယ်။ အဲဒီတော့မှ ရသေ့ကြီးကနေပြီး ဩော်− ခေါင်းပေါ်မှာ အလောင်းတော်ရပ်နေပြီ။ ဝမ်းသာလွန်းလို့ရသေ့ကြီးပြုံးရှာတယ်ပေ့ါ။ ဩော်−သတ္တဝါတွေတော့ ကျွတ်တော့မယ်။ ဘုရားပွင့်တော့မယ် သူမသိဘူးလား။ (သိပါတယ်ဘုရား)။ သူသိတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့မပြုံးဘူးလား။ (ပြုံးပါတယ်ဘုရား)။ အဲဒီ အချိန်နောက် ဟော



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလို့မှ ဒကာ၊ ဒကာမတွေ လက်စမသတ်ဘူး။ တစ်ခါတည်းမှကို ရသေ့ကြီး မျက်ရည်တွေ ကျတော့တာပါပဲ။ မဲ့လာတာပေါ့။ ဒီတော့ ဘာဖြစ်သွားတာလဲလို့ဆိုတော့ ဘုရားပွင့်တဲ့အချိန် သူမရှိတော့ဘူး။ အဲဒီအချိန်မှာ သူသေတော့မှာပေါ့။ သေတဲ့အခါ ဘုရားပွင့်တဲ့အချိန်မှာ သတ္တဝါတွေ ကျွတ်မှာဆိုတော့ သူကျွတ်တမ်းဝင်တဲ့အထဲပါသေးရဲ့လား။ (မပါတော့ပါဘူး)။ မပါတော့ဘူးလို့သိရင် သူ့ရဲ့အကျင့်သည် အဆုံးထိ မရောက်သေးဘူးဆိုတာ သူ သဘောမပေါက်ဘူးလား။ (သဘောပေါက်ပါတယ်ဘုရား)။ သို့သော်လည်း သူ့အကျင့်ကို သူစွန့်လို့ ရရဲ့လား။ (မရပါဘူးဘုရား)။ စွန့်လို့လည်း မရတာလည်း တစ်ကြောင်းနော်။ ဒါကြောင့်မို့လို့ အကျင့်တစ်ခုဟာ စူးဝင်သွားရင် မြားဝင်သလိုပဲ နုတ်ဖို့ခက်တယ် ယောဂီတို့။

သူက သမထကို အဆုံးတိုင်အောင် အားထုတ်ထားတဲ့ပုဂ္ဂိုလ်ဆိုတော့ ဒီမြား သူ့မဝင်ဘူးလား။ အားမထုတ်ပါနဲ့ဆိုလို့မရတော့ဘူး။ သမထရဲ့ အရသာကို သူခံစားတယ်။ ဈာန်ရဲ့ အရသာကို သူခံစားတယ်။ ဘာနဲ့မှ မလဲနိုင်တော့ဘူး။ ရှင်းကောရှင်းရဲ့လား။ အဲဒီတော့မှ ဈာန်ပေါ်မှာ ဖက်တွယ်လာတာလည်း တစ်ကြောင်းပေါ့နော်။ ဈာန်ကိုလည်းပဲ တွယ်တာတာလည်းတစ်ကြောင်း၊ အဲဒီချိန်မှာ သူ့ကို လမ်းပြောင်းပေးမယ့်ဆရာရှိရဲ့လား။ (မရှိပါဘူး)။ မရှိဘူး။ အခု ဘယ်လောက် ယောဂီတို့ ဝမ်းသာစရာကောင်းလဲ။ သမထအလုပ်နဲ့ ရတဲ့ဈာန်သည် ဖြတ်ဗ္ဗာဝိညာဏ် ဒုက္ခမလွတ်သေးဘူး။ တခြားရလို့လား၊ အသေရလို့လား။ (အသေရလို့ပါဘုရား)။ ကဲ--အဲဒီစကားလုံးလေး တစ်လုံးတောင်မှပဲ သိဖို့လွယ်ပါ့မလား။ (မလွယ်ပါဘူးဘုရား)။ ဟိုမှာ ''ဒေဝီဋ္ဌ''ရသေ့ကြီး မြေလျှိုးမိုးပျံနေတယ်။ အဲဒါ မသိဘူး။ မသိတဲ့အတွက်ကြောင့်မို့ သူကျွတ်တမ်း ဝင်တဲ့ထဲ မပါဘူးဆိုတော့ ဝမ်းမနည်းဘူးလား။ (နည်းပါတယ်ဘုရား)။ မျက်ရည်ကျတာပဲ။ မဲ့သွားတယ်။ ရှင်းပြီနော်။

**ဝိပဿနာအကျိုး**

အဲဒါနဲ့ပဲ ဆိုကြပါစို့၊ ဒီရသေ့ကြီးလည်း သေသွားတဲ့အခါကျတော့ ဗြဟ္မာပြည် မရောက်ဘူးလား။ (ရောက်ပါတယ်)။ ဗြဟ္မာပြည်ရောက်တဲ့အခါကျတော့ ဩော်– ဘုရားလည်း ပွင့်လည်းပွင့်လိုက်ရော ကြည့်လိုက်တဲ့အခါကျတော့ သေသွားပြီ။ ရသေ့ကြီး ဘုရားနဲ့မဆုံတော့ဘူး။ အကယ်လို့သာ ငါနဲ့ တွေ့လိုက်ရင် တစ်မဂ်တစ်ဖိုလ် ရကောင်းတယ်။ တစ်လိုမ့်လေးကိုး။ အခု ဘုရားနဲ့ မတွေ့တဲ့အခါကျတော့ သူအပါယ်ဘေးလွတ်ပါ့မလား။ (မလွတ်ပါဘူးဘုရား)။ အို–တစ်ခါတည်းမှကို ကပ်ကမ္ဘာ ပေါင်းမြောက်များစွာ သက်တမ်းကြီးကို ကိုယ့်အသက်ကို ကိုယ်မမှတ်မိလောက်အောင် အရှည်ကြီး ဖြစ်နေပြီ။ အဲဒီကနေကို ''ခန္ဓာပြိုကွဲ ကုသိုလ်စိက ဖောက်လွှဲပါယ်ရွာ ရောက်မြဲသာတည်း'' ဆိုတော့ အပါယ် ပြန်မကျနိုင်ဘူးလား။ (ကျနိုင်ပါတယ်ဘုရား)။ ဒါကို ''မဃဒေဝ လင်္ကာသစ်'' ဆရာကနော်--။

- သစ္စာမသိ၊ ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင်စကြာ၊ နတ်မှာ သိကြား၊ မိုးဖျား ဗြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စိက၊ ဖောက်လွှဲပါယ်ရွာ၊ ရောက်မြဲသာ တည်း။

မဃဒေဝ ဆရာတော်ဘုရားကြီးက ဒီတိုင်းဆိုထားတာ။ ဗြဟ္မာကြီး ဖြစ်သွားတော့ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တခြားပါသွားတာလား။ ဒိဋ္ဌိပါသွားတာလား။ (ဒိဋ္ဌိပါသွားတာပါဘုရား)။ အခု ယောဂီတို့ နေ့စဉ်နေ့တိုင်း တခြားဖြုတ်နေတာလား၊ ဒိဋ္ဌိဖြုတ်နေတာလား။ (ဒိဋ္ဌိဖြုတ်နေတာပါဘုရား)။ ဟို မြေလှိုးမိုးပုံနေတဲ့ ရသေ့ကြီး ရင်ထဲမှာ ဘာပါသွားတာလဲ။ (ဒိဋ္ဌိပါသွားတာပါဘုရား)။ ဩော်– လောကအနေနဲ့ကြည့်ရင် မြေလှိုးမိုးပုံနေတာ။ သို့သော် ရင်ထဲမှာဘာရှိတာလဲ။ (ဒိဋ္ဌိရှိတာ ပါဘုရား)။ ဒိဋ္ဌိဖြုတ်တော့ တခြားပယ်တာလား၊ ငရဲမျိုးစေ့ပယ်တာလား။ (ငရဲမျိုးစေ့ ပယ်တာပါဘုရား)။ ဟိုမှာ ရသေ့ကြီး ဗြဟ္မာပြည်ရောက်တော့ ရင်ထဲမှာဘာပါသွားတာလဲ။ (ငရဲမျိုးစေ့ပါသွားတာပါဘုရား)။ ငရဲမျိုးစေ့ ပါလာရင် ခန္ဓာပြိုကွဲ ကုသိုလ်စံက ဖောက်လွှဲပါယ်ရွာ ရောက်မြဲသာတည်း။ အပါယ်ဘေး မလွတ်ဘူးဗျ။ ဟောဒီဒိဋ္ဌိကိုဖြုတ်ပြီး သေရင် သေချာပေါက် နတ်ပြည်မရောက်ဘူးလား။ (ရောက်ပါတယ် ဘုရား)။ နတ်ပြည်ရောက်တဲ့အခါကျတော့ နတ်သဘင် အစည်းအဝေးမှာ တရားနာလိုက်မယ်ဆိုရင် နတ်သောတာပန်ဖြစ်နိုင်တယ်။ "သောတာနုဂတ" သုတ်မှာ အာမခံချက်နဲ့ ဘုရားဟောထားပြီးသား။ ဘုန်းကြီး အချိန်မရလို့ ဒီမှာ မပြောတော့တာနော်။ နောင် အလျဉ်းသင့်သလို ဒီတရားလည်း ဟောပေးပါမယ်နော်။ "သောတာနုဂတ"သုတ်မှာ သေသေချာချာ နတ်ပြည်ရောက်ပြီးရင် နတ်သမီး ရင်ခွင်ထဲမှာကို သောတာပန်ဖြစ်နိုင်တယ်တဲ့။ ဟောဒီ ဒိဋ္ဌိဖြုတ်တဲ့ တရားကိုသာနာထား။ ဒိဋ္ဌိဖြုတ်တဲ့ အလုပ်ကိုသာလုပ်ထား။ သောတာပန် မဖြစ်နဲ့ဦးနော်။ ဒုတိယ ဘဝနတ်သမီး ရင်ခွင်ထဲမှာ ဘွားကနဲ သောတာပန်မဖြစ်နိုင်ဘူးလား။ (ဖြစ်နိုင်ပါတယ်ဘုရား)။ ဖြစ်နိုင်တာပဲ။ နောက်ဆုံး အဲဒီနတ်သမီးရင်ခွင်ထဲမှာ သောတာပန်မဖြစ်တောင်မှပဲ နတ်မွေ့ကထိ ကအနေနဲ့ နတ်တရားပွဲမှာ ဒကာ၊ ဒကာမတွေ သောတာပန်ဖြစ်နိုင်တယ်။ လေးချက်ဟောထား တယ်ထားတော့။ အဲဒါသည် သမထ နဲ့ တင်းတိမ်နေရင် ဒကာ၊ ဒကာမတွေ မဖြစ်ဘူးလို့ ပြောတာပေါ့။

အဲဒီတော့ သမထက တခြားလား၊ ဈာန်ရဖို့လား။ (ဈာန်ရဖို့ပါဘုရား)။ ဝိပဿနာက (ဉာဏ်ရဖို့)။ အဲဒီတော့ ဝိပဿနာအလုပ်ကိုလုပ်ရင် ဝိပဿနာ အကျိုးတရားက ပိုရမယ်။ ဝိပဿနာအကျိုးတရားကနော်---

- ညဉ်းညူမရှိ၊ မြဲဂတိနှင့်
  သတိမမေ့၊ ချိန်နေ့သိပြန်
  မျက်လှန်ကြောဆွဲ၊ မရှိဘဲလျှင်
  သေလည်း မတောင့်တင်း၊ ပုပ်နံ့ကင်းသည်
  ကျိုးရင်း ဝိပဿနာ တန်ခိုးတည်း။

ဒီလင်္ကာလေးတွေတော့ ရအောင်ကျက်ထားနော်။ ဩော်– ငါတို့ ဝိပဿနာအားထုတ်လို့ ဒီအကျိုးတရားတွေရမယ်ဆိုတော့ ယောဂီတို့ သဒ္ဓါတရားတွေ အားမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အင်မတန် သဒ္ဓါတရားတွေ ထက်လာတယ်။ ကြိုးစားချင်တဲ့စိတ် ပေါက်တာပေါ့နော်။ ဒါ ဝိပဿနာရဲ့ အကျိုးတရား။ ထားလိုက်တော့နော်။ သိပ်ကျယ်သွားမယ်––ဟုတ်လား။ အဲဒီတော့ သမထရယ် ဝိပဿနာရယ်။



www.burmeseclassic.com

www.burmeseclassic.com



**အလုပ်စခန်းဝင်ကြစို့**

**(၁) သမထက ဈာန်ရဖို့၊ ဝိပဿနာက ဉာဏ်ရဖို့။**

အဲဒီတော့ ဒါမတူညီတဲ့ အချက်ကလေး မြန်မြန်သွားလိုက်ရအောင်။ တကယ်အလုပ်လုပ်ရင် အချိန်ကမလောက်ဘူး ယောဂီတို့။ ဒါကြောင့်မို့လို့ ရရှိတဲ့စက္ကန့်နဲ့အချိန်ဟာ အင်မတန် တန်ဖိုး ရှိပါတယ်နော်။

**(၂) သမထဆိုသည် ပညတ်ကိုရှုပါတယ်။ ဝိပဿနာက ပရမတ်ကိုရှုပါတယ်။**

ဒီလိုဖြင့်ရင် အခုယောဂီတို့ ဒီတရားကို အခုမှ ဟောတာနော်။ စောစော ပိုင်းက ပညတ်ဆိုတာ ဘာခေါ်တယ်။ ပရမတ်ဆိုတာ ဘာခေါ်တယ်။ အကြမ်းဖျင်း သင်ပြီးပြီပေါ့။ အကယ်လို့ ပညတ် ပရမတ်ကိုသာ သင်မထားရင် သမထပညတ် ရှုတယ်။ ဝိပဿနာ ပရမတ်ရှုတယ်ဆိုတာ ဘာ ပြောမှန်းမသိဖြစ်သွားပြီ။ ဒါကြောင့် **''ဝိပဿနာဆိုတာ အကျင့်မခက်၊ အသိခက်၏''** တဲ့။ ပညတ်အကြောင်းကို ဒီနေရာမှာ ရှင်းဖို့ အချိန်မရတော့ဘူးနော်။

**(၃) သမထသည် တစ်ခုသော အာရုံကို စူးစိုက်ရှုပါတယ်။**

**ဝိပဿနာသည် ထင်ရှားတာကို ရှုပါတယ်။**

ဒါလေး နည်းနည်းထပ်ရှင်းပါမယ်။ သမထသည် တစ်ခုသော အာရုံကိုစူးစိုက်ရှုတယ်ဆိုတော့ အာရုံတစ်ခုတည်းကို ရှုနေတာနော်။ နှစ်ခုရှုတာလား၊ တစ်ခုရှုတာလား။ (တစ်ခု ရှုတာပါဘုရား)။ ဒီလိုဖြင့် အဓိက ယောဂီတို့ အားထုတ်တာ ''အဿာသ ပဿာသ အာနာပါနကမ္မဋ္ဌာန်း'' မရှုဘူး လား။ (ရှုပါတယ်)။ ဝင်လေသိ ထွက်လေသိ တစ်ခုတည်းနော်။ တစ်ခုတည်း။ အာရုံတစ်ခုတည်းကို စူးစိုက်ပြီးတော့ ရှုနေတာ။ ဝင်လေသိ ထွက်လေသိ ရှုနေတာ ဘာပါလိမ့်။ (သမထ)။ ဒီလိုဖြင့်ရင် သမထမှာ ကမ္မဋ္ဌာန်းတရား ၄၀ ပေါ့။ နောက် ဒါလေးအသေးစိတ် လေ့လာထားပါ။ စာဖတ်ထား ကြပါဦးနော်။ ဘုန်းကြီး ဒီမှာ သင်ချိန်မရဘူး။

သမထကမ္မဋ္ဌာန်း ၄၀– ဆိုတော့ ယနေ့ အများသုံးနေတဲ့ ခေတ်စားနေတဲ့ ပုတီးမစိပ်ကြဘူးလား။ (စိပ်ကြပါတယ်ဘုရား)။ စိပ်စမ်းပါ။ ဒကာ၊ ဒကာမတွေ ကိုတိုက်တွန်းတယ်။ ဗုဒ္ဓါနုဿတိကိုး။ သမထအလုပ်လုပ်တာ မကောင်းတာလား၊ ကောင်းတာလား။ (ကောင်းပါတယ်)။ ကောင်းတယ်။ လုပ်ကြစမ်းပါ။ ဒါပေမဲ့ သူက လိုရင်းသာ မရောက်သေးတာကိုး။ သူက အထောက်အပံ့ ရမယ်ပေါ့လေ နော်။ အဲဒီတော့ ပုတီးစိပ်တယ်ဆိုတော့ ''အရဟံ အရဟံ အရဟံ'' ဂုဏ်တော်ကို အာရုံပြုရင် ဗုဒ္ဓါနုဿတိပေါ့။ ဒီလိုဖြင့် တရားတော်ကို အာရုံပြုရင် ဓမ္မာနုဿတိ ပေါ့။ သံဃာ့ဂုဏ် အာရုံပြုရင် သံဃာနုဿတိပေါ့။ ဟာ– ဟေတုပစ္စယော အာရမ္မဏပစ္စယော အစရှိသဖြင့်ပေါ့၊ ဓမ္မာနုဿတိတွေ ပေါ့။ အသုဘကမ္မဋ္ဌာန်း။ အသုဘရှုတာတွေ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ သေခြင်းတရား တွေကို ဆင်ခြင်တာတွေ မရှိဘူးလား။ (ရှိပါတယ်)။ သမထကမ္မဋ္ဌာန်းတရား–၄၀။ ရှုချင်တာရှု၊ တခြားလား၊ သမထလား။ (သမထပါဘုရား)။ အာရုံတစ်ခုကို စူးစိုက်ရှုတာ။ တစ်ချို့ ကသိဏ်းဝန်း ကို ဝါသနာပါတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ ကသိဏ်းကြည့်ကြတာပေါ့။ အချို့လည်းပဲ ဒကာ၊ ဒကာမတွေ မီးကြည့်တွေ ရှိတယ်။ ရေကြည့်တာတွေရှိတယ်။ ရေရှုတယ်ပေါ့။ မီးရှုတယ်ပေါ့။ ကသိဏ်းတွေ ရှိတာပေါ့နော်။ အချို့ကျတော့ ဒကာ၊ ဒကာမတွေ နေကြည့်တယ်ဗျ။ နေကြည့်တာကော မရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



လား။ လုပ်ပါ။ ဝါသနာပါတဲ့အလုပ်ကို လုပ်သာလုပ်လို့ ဘုန်းကြီးတို့ တိုက်တွန်းတယ်။ သို့သော် အဲဒါက နိဗ္ဗာန်ကို တိုက်ရိုက်ရောက်နိုင်တဲ့ အလုပ်မဟုတ်ဘူးလို့တော့ သိထားပါ။ အကုသိုလ်ဖြစ်တဲ့ အလုပ်မဟုတ်ဘူးနော်။

အဲဒီတော့– အဲဒီလို အာရုံတစ်ခုကို စူးစိုက်ပြီးတော့ ရှုတာဘာခေါ်လဲ။ (သမထ)။ အာရုံတစ်ခုကို စူးစိုက်ရှုနေတာ သမထ။ ဒီလိုဖြင့်ရင် တစ်နာရီလုံးလုံး ဝင်လေသိ ထွက်လေသိ မှတ်နေတာဟာ ဘာနဲ့ အချိန်ကုန်တာလဲ။ (သမထနဲ့ အချိန်ကုန်တာပါဘုရား)။ ရှင်းပြီနော်။ အဲဒီလိုဆိုရင် ယောဂီတို့ တစ်နာရီလုံးလုံး ဝင်လေသိ၊ ထွက်လေသိကို မှတ်နေလို့ ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား)။ ဒီတော့ ဝင်လေသိ၊ ထွက်လေသိကို မှတ်နေတဲ့အခါကျတော့ အာရုံက ဒီမှာ စူးစိုက် နေတဲ့အခါကျတော့ သိပ်ပြီးတော့ ဒီက နာတာ ကျင်တာ ကိုက်တာ ခဲတာတွေက မရှိဘူးပေါ့။ နာရီဝက်လောက် ရှုလာရင် ခန္ဓာက ဒကာ၊ ဒကာမတွေ ဒီတိုင်းမနေတော့ဘူး။ ပြလာပြီ။ ပြောလာပြီ။ သူက နာပြလာမယ်။ ငါ နာနေတယ်ကွ။ ငါမခံနိုင်တော့ဘူး။ ဘယ်သူက ပြောတာလဲ။ (ခန္ဓာကပြောတာပါဘုရား)။

အဲဒီတော့ ဒိဋ္ဌိမဖြုတ်တတ်သေးတဲ့ ပုဂ္ဂိုလ် မဖြုတ်ရသေးတဲ့ ပုဂ္ဂိုလ် မဖြုတ်သောပုဂ္ဂိုလ်များတွင် သူ့မှာ ဒိဋ္ဌိမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒီတော့ နာတာက သူများနာတာလား၊ ငါနာတာလား။ (ငါနာတာပါဘုရား)။ ငါနာနေတယ်၊ ငါမခံနိုင်ဘူး၊ ငါ့ရွှေ့ပေးစမ်း၊ ဒိဋ္ဌိက ခိုင်းတာ။ ဘယ်သူက ခိုင်းတာလဲ။ (ဒိဋ္ဌိက ခိုင်းတာပါဘုရား)။ အဲဒီတော့ ဒိဋ္ဌိဆိုတာ ဘာမှန်းလဲမသိနော်ဆိုတော့ သက္ကာယဒိဋ္ဌိဆိုတာ ဘာမှန်းမသိ။ သဿတ ဥစ္ဆေဒ ဘာမှန်းမသိ။ သင်မထားရင် သိပါ့မလား။ (မသိပါဘူး)။ ဟော–သင်ထားတဲ့အခါကျတော့ ယောဂီတို့ ဒီနေရာမှာ ဒိဋ္ဌိဖြုတ်တဲ့ အသိကဝင်လာပြီ။ ဟာ– နာတာ ငါနဲ့လည်း မဆိုင်ပါလား။ နာတာ တခြားတရားလား။ ရုပ်တရားလား။ (ရုပ်တရားပါဘုရား)။ ရုပ်တရားနဲ့ မိမိနဲ့ ဘာဆိုင်လဲ။ (မဆိုင်ပါဘူးဘုရား)။ မဆိုင်ဘူးနော်။ သို့သော် ဩော်– ရုပ်တရားက သူ့သဘော သူဆောင်နေတာ။ ဒီအထဲမှာ ငါမပါဘူး။ ငါပါရဲ့လား။ (ငါ မပါပါဘူးဘုရား)။

အဲဒီတော့ ငါ မပါဘူးဆိုတော့ ပထမတော့ အသိလေးနဲ့ သိလိုက်တာပေါ့။ ငါ မပါဘူးလို့ သိလိုက်ပြီဆိုကတည်းက နည်းနည်းတော့ သက်သာသွားတယ်။ မသက်သာဘူးလား။ အဲဒါ အသိလေးနဲ့ သက်သာတာနော်။ အဲဒီတော့မှ တကယ်သည်းခံပြီးတော့ ရှုတဲ့အခါကျတော့ ဟောဒီခန္ဓာကိုယ်ကြီးသည် နာတာ ကျင်တာ ကိုက်တာ ခဲတာ မချိမဆံ့ဖြစ်ပြီး ဖောက်ပြန်နေပြီဆိုတော့ ဟော––သူ့သဘောသူမဆောင်ဘူးလား။ အဲဒီတော့ နာရင် ဒကာ၊ ဒကာမတွေက နာတယ်လို့ သိနေ။ နာရင် နာတယ်လို့ သိတာ နှစ်စိတ်လား၊ တစ်စိတ်လား။ (တစ်စိတ်ပါဘုရား)။ သမထ။ အာရုံတစ်ခုကို စူးစိုက်ရှုတာ ဘာခေါ်ပါလိမ့်။ (သမထ)။ နာရင်နာတယ်လို့ သိ၊ သိနေတာ ဘာပါလိမ့်။ (သမထ)။ သို့ဖြစ်ရင် ဝင်လေသိ၊ ထွက်လေသိ မှတ်နေတာသည် ဘာခေါ်မလဲ။ (သမထ)။ အဲဒီလို သမထကနေပြီးတော့ မိနစ် ၃၀–လောက်၊ နာရီဝက်၊ မိနစ် ၄၀–လောက်ဆိုရင် ခန္ဓာကိုယ်ဖောက်ပြန်လာပြီ။ ဖောက်ပြန်လာပြီဆိုရင် ဝိပဿနာသည် ထင်ရှားတာ ကို ရှုရမယ်။ ဝိပဿနာသည် (ထင်ရှားတာကို ရှုရမှာပါဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်–၃ အင်္ဂါက ဝိပဿနာသည် ဘာကိုရှု။ (ထင်ရှားတာကို ရှုရ ပါတယ်ဘုရား)။ ဒီလိုဖြင့်ရင် သမထက အာရုံတစ်ခုကို စူးစိုက်ရှုတယ်။ ဝိပဿနာက ထင်ရှားတာကို ရှုတယ်။ ဝင်လေသိ ထွက်လေသိ မှတ်နေရာကနေ ဖြုတ်ပစ်လိုက်တော့ ယောဂီတို့။ ထင်ရှားတာကို ရှုရမယ် နော်။ အဲဒီအချိန်အခါမှာ ဝင်လေသိ ထွက်လေသိသည် မထင်ရှားတော့ဘူး။ စကတည်းက အာရုံကို ဒီမှာ မနည်း စိတ်ကိုတင်းပြီးတော့ ရှုနေမှ ထင်ထင်ရှားရှားမြင်တာ။ အဲဒီတော့ တစ်ဖက်က နေ နာတာ ကျင်တာ ကိုက်တာ ခဲတာတွေ ဒုက္ခဝေဒနာတွေ အကြမ်းစားတွေ ပေါ်တဲ့အခါကျတော့ ဝင်လေသိ ထွက်လေသိပေါ်မှာ စိတ်က ရောက်သေးလား။ (မရောက်ပါဘူး)။ မရောက်ဘူး။ အဲဒီ တော့ ဝိပဿနာဆိုတာ တခြားရှုရမှာလား၊ ထင်ရှားတာကို ရှုရမှာလား။ (ထင်ရှားတာကို ရှုရ မှာပါဘုရား)။ အဲဒီတော့ ထင်ရှားတော့ နာရင်ဘာကိုရှု။ (နာတာကိုရှု)။ နာတယ်လို့ရှု။ ဒီလိုဖြင့် နာတယ်လို့ ရှုတော့ နာတယ်လို့သိရင် ဘာလဲ။ သမထ။ ဒီလိုဖြင့်ရင် တစ်နာနဲ့ တစ်နာ တူရဲ့ လား။ (မတူပါဘူး)။ ဒီလိုဖြင့်ရင် နာတယ်။ ဟော မရှိတော့ဘူး။ နာတယ်လို့ စိတ်တစ်စိတ်ပေါ်ရင် ခန္ဓာဘယ်နှပါး။ (၅–ပါး)။ ခံစားတာတွေ စိတ်တွေ ဝေါဟာရအနေနဲ့သာ ပြောသော်လည်းပဲ ခန္ဓာ၅–ပါးပေါ်ပြီးတော့ ပျက်တာ ယောဂီတို့မြင်အောင် ရှုရပါလိမ့်မယ်။ ဒီတော့ ထင်ရှားတာကို ရှုရမယ်ပေါ့။

အဲဒီတော့ ဒီလို နာနေရင်းကနေပြီးတော့ ကြာတော့ ကြပ်ကြပ်နာတဲ့ အခါကျတော့ မခံနိုင်ဘူး။ အစပိုင်းကတော့ ဒီတိုင်းပဲ တွေးမှာပဲ။ မခံနိုင်တဲ့ အခါကျတော့ ကိုယ်ကလည်း ဒီမှာက ဥပဒေသက တတ်နိုင်သလောက် ကြိုးစားပြီးတော့ရှု၊ မပြင်တာ အကောင်းဆုံး၊ ဒါကြောင့် စစချင်းတရား အားထုတ်တဲ့နေ့က ဘုန်းကြီး ယောဂီတို့ကို သတိပေးတယ်နော်။ ယောဂီတို့ တရားထိုင်တဲ့အခါ မပြင်ဘဲနေရင်တော့ကောင်းတယ်။ သို့သော်လည်း ပြင်စရာရှိတာ ပြင်လို့ မပြောဘူးလား (ပြောပါ တယ်ဘုရား)။ တခြားအန္တရာယ်တွေ ဝင်မှာစိုးလို့ ပြင်ခိုင်းထားတာ။ တကယ့် ဥပဒေသကတော့ မပြင်နဲ့တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ယောဂီ ခန္ဓာရဲ့ ဒုက္ခလက္ခဏာတွေကို ဣရိယာပုတ်က ဖုံးထား တာပေါ့။ ဟိုဘက်ပြောင်းလိုက် ဒီဘက်ပြင်လိုက် ဆိုတော့ ဒီဒုက္ခလက္ခဏာတွေကို မြင်ပါဦးမလား။ (မမြင်ပါဘူးဘုရား)။ ဒီတော့ ဒီဒုက္ခလက္ခဏာတွေကိုမြင်မှ ဝိဇ္ဇာဉာဏ်ရမယ်။ ဒုက္ခလက္ခဏာတွေကို မမြင်ရင် အဝိဇ္ဇာပဲဖြစ်နေမယ်။ ဒီတော့ ယောဂီတို့ ဝိဇ္ဇာဉာဏ်သွားချင်တာ ဆိုတော့ သည်းခံပြီးတော့ သာ ကြည့်ရမယ်။ သည်းခံရင် နိဗ္ဗာန်ရောက်တယ်ဆိုတာ ဒီနေရာကို ပြောတာ။ (မှန်လှပါ)။

အဲဒီတော့မှ ထင်ရှားတဲ့နေရာ ကြည့်လိုက်တဲ့အခါကျတော့မှ တဖြည်းဖြည်း သည်းတော့ သည်းခံကြည့်သေးတာပဲ။ စ,စချင်း ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး။ အဲဒီတော့ ကိုယ်ကလည်း လှုပ်လှုပ် လှုပ်လှုပ် ပြောင်းရွှေ့ရမှာလည်း ခက်လာပြီ။ အများအားထုတ်နေတယ် ငါအားမထုတ် နိုင်ဘူးဆိုတော့ စိတ်ကလည်း မခံချင်ဘူးလား။ လောက အနေအထားအားဖြင့် ပေပြီးတော့ ဒီလိုရှုနေတာပဲ။ ဘယ်လိုမှ မရှုနိုင်တဲ့အခါကျတော့ တစ်ခါတည်း အာရုံကိုပြောင်းပစ်လိုက်တယ်။ ဘာလုပ်လုက်တာလဲ။ (အာရုံကိုပြောင်းလိုက်တာပါဘုရား);။ ဝင်လေသိ ထွက်လေ သိကို တချို့ ခပ်ပြင်းပြင်းလေး ရှုလိုက်တယ်။ အာရုံစိတ်ကို ဒီလိုပြောင်းပစ်တာ။ဟိုကနေ ဒီလိုရွှေ့တာ။ ရှင်းပြီနော်။ အဲဒီလို မပြောင်းချင်တဲ့အခါကျတော့ အချို့များ တစ်နေရာလေးကို ဆိတ်ဆွဲလိုက်တယ်။ ဟော–



www.burmeseclassic.com

www.burmeseclassic.com



များများကြီးနာအောင် ဆိတ်ဆွဲ လိုက်တော့ စိတ်က နာတဲ့ဖက် ရောက်သွားရော။ ဟော– ဟိုနေရာကနေ ဒီကိုရွေ့လိုက်တယ်၊ ရွေ့တာ၊ ရွေ့တာနော်။ အချို့နာတာကိုများ နားရွက်ကို လိမ်လိုလိမ်၊ ဟော နာတာကိုပြောင်းသွားတာ။ ဒီလိုဖြင့်ရင် မြတ်စွာဘုရား ဟောတာက အတ္တ ဟောတာလား။ အနတ္တဟောတာလား။ (အနတ္တ ဟောတာ ပါဘုရား) သူ့သဘောသူဆောင်တာ ကိုယ်က မြင်အောင်ရှုရမှာ။ အဲဒီတော့ အခုဟာက အနတ္တကို မရှုဘဲနဲ့ မင်း ဝေဒနာ ဒီမှာမနေနဲ့ သွား နှာသီးဖျားကိုသွား။ ဒါ ခိုင်းနေတာ ခိုင်းနေတာ။ အဲဒီတော့ နားရွက်လိမ်တယ်ကွာ။ နားရွက်ကို ပြောင်းလိုက် ဟိုပြောင်းလိုက် ဒီပြောင်းလိုက်ဆိုတော့ အမယ်ဟိုမှာ လျော့သွား သလိုလိုပဲ။ တကယ်တော့ လျော့တာ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ အသိသာ ပြောင်းနေတာပေါ့။ အဲဒီတော့ ဒီနေရာမှာ အနတ္တဖြစ်ရမယ့်အစား ဘာဖြစ်သွားလဲ။ (အတ္တ)။ အတ္တ ဖြစ်သွားပြီ။ အနတ္တအစား ဘာဖြစ်တာလဲ။ (အတ္တဖြစ်တာပါဘုရား)။ အဲဒါကြောင့်မို့လို့ ဒီနေရာမှာ အနတ္တကိုမြင် အောင်ရှု ရမယ်ဆိုတော့ သည်းခံပြီးတော့ ရှုရင် နာတဲ့ဝေဒနာသည် နာတယ် နာတယ် နာတယ် ဆိုတော့ တစ်နာနဲ့တစ်နာ တူရဲ့လား။ (မတူပါဘူး)။ မတူဘူးဆိုတော့ ပထမတစ်နာသည် တခြားလား၊ ခန္ဓာ ၅–ပါးလား။ (ခန္ဓာ ၅–ပါးပါ ဘုရား)။ အဲဒီခန္ဓာ ၅–ပါးသည် နာပြီးပျောက်၊ ဟော အဲဒါ ဝိပဿနာ ဉာဏ်ပေါ့။ ရှင်းပြီနော်။

ဒီတော့ ဝိပဿနာသည် တစ်နေရာတည်းရှုတာလား။ ထင်ရှားတာကို ရှုတာလား။ (ထင်ရှားတာကို ရှုတာပါဘုရား)။ ကဲ– နောက်တစ်ချက် သွားကြရအောင်၊ အချိန်လုရမယ်ဟုတ်လား။

**(၄) သမထသည် စိတ်ပျံ့လွင့်ရင် ပြန်တင်တယ်။**
**ဝိပဿနာက စောင့်ရှုတယ်။**

သမထက စိတ်ပျံ့လွင့်ရင် ပြန်တင်တယ်။ ဝိပဿနာက စောင့်ရှုတယ်ဆိုတော့ စိတ်ပျံ့လွင့် ရင် ပြန်တင်တယ်ဆိုတော့ ဥပမာ–ဝင်လေသိ ထွက်လေသိ မမှတ်ဘူးလား။ (မှတ်ပါတယ်) အခုယောဂီတို့ တရားထိုင်တဲ့အခါမှာ ဒီကနေပြီးတော့ ဆရာတော်ဘုရားကြီးတွေ ပြောပေးနေတယ် နော်။ ဝင်လေသိ ထွက်လေသိ မှတ်။ စိတ်တွေ ထွက်သွားလိမ့်မယ်။ ဟိုမှာ အဋ္ဌကထာဆရာပြ ထားတာ နွားကလေးလိုပဲတဲ့။ စိတ်ဟာနော်။ နွားကလေးသည် အပြင်ထွက်သွားတယ်။ ပြီးတော့ ပြေးနေတယ်။ စိတ်သည် နွားကလေးနဲ့ မတူဘူးလား။ (တူပါတယ်) အပြင်ပြေးနေတဲ့ နွားကလေးကို ဖမ်းပြီးတော့ နှာသီးဖျား ချည်တိုင်ကို ချည်ရမယ်တဲ့။ သတိတည်းဟူသော ကြိုးနဲ့ နှာသီးဖျားဟူ သော ချည်တိုင်မှာချည်ပါတဲ့။ ဒီတော့ စိတ်ကထွက်သွားလိုက်၊ ပြန်တင်လိုက်၊ အဲဒီတော့မှ အစ ပိုင်းက ဒီတိုင်းပဲ လုပ်ရမယ်ပေါ့။ ထွက်သွားရင် ဘာလုပ်ရမလဲ။ ပြန်တင်ရမယ်။ စိတ်ပျံ့ လွင့်ရင် ပြန်တင်လိုက်။ အပြင်ရောက်သွားလည်း ပြန်တင်လိုက် စသည်ဖြင့်နော်။

အဲဒီတော့ တရားထိုင်တဲ့အခါ ဝင်လေသိ ထွက်လေသိ မှတ်နေရင်းနဲ့ တစ်နာရီလုံး ယောဂီ တို့ အားမထုတ်နိုင်ဘူး။ ဟိုထွက် ဒီထွက် မထွက်ဘူးလား။ (ထွက်ပါတယ်ဘုရား)။ အဲဒီလိုထွက်တဲ့ စိတ်များ ဝိတက်ဝိစာရတွေ ဘယ်လောက်ထိ မြန်သလဲဆိုရင်နော် မချက်ခင်က ထမင်းကိုနော် မကျက်ခင်က စားပြီးပြီတဲ့ ဟော။ ဒါ အဘိဓမ္မာစကားနော်။ ''မချက်ခင်က ထမင်းကို မကျက်ခင်က စားပြီးပြီ'' ဆိုတာ မြန်တာကိုပြောတာ။ အဲဒီတော့ အခု ယောဂီတို့ လက်တွေ့ပဲ။ တရားထိုင်တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ ဥပမာ စိတ်က အိမ်ရောက်သွားမယ်၊ ရုံးရောက်သွားမယ် စသည်ဖြင့် မရောက်ဘူးလား။ (ရောက်ပါတယ်)။ အိမ်ရောက်သွားရင် နေ့စဉ်နေ့တိုင်း ကိုယ်ပြုလုပ်ဆောင်ရွက်နေတဲ့ ကျက်စားတဲ့ အလုပ်တွေကို ဒီမှာသာတရားအားထုတ်နေတာ၊ စိတ်က ဟိုမှာ အကုန်လုံး လုပ်နေတာ။ အိမ်ရောက်သွားတဲ့အခါကျတော့ အိမ်မှာ စီမံစရာရှိတာ စီမံမယ်။ ပြောစရာ ရှိတာပြော၊ အိပ်စရာရှိတာ အိပ်၊ ချက်စရာရှိတာချက်။ အဲဒီလို လုပ်လိုက်တာပဲ။ သို့သော် လူကတော့ ဒီမှာတရားထိုင်နေတာ။ စိတ်က ဟိုမှာလုပ်နေတာ။ မြန်တာ၊ မြန်တာ။ ရှင်းပြီနော်။

အဲဒီလို စိတ်က အပြင်ထွက်နေတဲ့အခါကျတော့ သတိက အပြင်ရောက်နေရော။ သတိရတဲ့အခါကျတော့ ပြန်လည်းကြည့်ရော ကိုယ့်ကိုယ်ကိုတောင်မှ ဟာ– ဒုက္ခပဲ။ ငါက ဒီမှာ တရားထိုင်နေတာ စိတ်ကအိမ်ရောက်နေပြီ။ ဘေးလူကတော့ မသိဘူး၊ ကိုယ့်ကိုယ်ကိုတော့ ဘယ်လောက်ရှက်ဖို့ကောင်းလဲ။ အဲဒီလိုဖြစ်သွားတဲ့အခါကျတော့ ဟော– ဒီကိုပြန်မတင်ဘူးလား။ (တင်ပါတယ်)။ အဲဒီကို ပြန်တင်တာကတခြား ဖြစ်တာလား။ သမထဖြစ်တာလား။ (သမထ ဖြစ်တာပါဘုရား)။ ဝိပဿနာက ဒီလိုမဟုတ်ဘူး၊ စောင့်ရှု။ ဘာပါလိမ့်။ (စောင့်ရှုပါဘုရား)။ စိတ်အိမ်ထွက်သွားရင် ထွက်တဲ့စိတ်ကို ဘာလုပ်ရမလဲ။ (ရှုရမှာပါဘုရား)။ ရှုနော်။ အဲဒီတော့ ဥပမာ ဆိုကြပါစို့၊ ကြံရင် ဘာကိုရှု။ (ကြံတာကိုရှုရပါမယ်)။ ဒီလိုဖြင့်ရင် အလွတ်မပေးနဲ့နော်။ ရင်ထဲကဆာလာရင် ဘာကိုရှု။ (ဆာလာတာကို ရှုရမှာပါဘုရား)။ နားက ဒိုင်းဆိုကြားရင်ဘာကိုရှု။ (ကြားတာကိုရှုရမှာပါဘုရား)။ စိတ်က ဟိုကြံ ဒီကြံ ဘာကိုရှု၊ (ကြံတာကိုရှုရမှာပါဘုရား)။ ဒါကြောင့်မို့လို့ အရှုခံ ဒကာ၊ ဒကာမတွေ သင်ထားပြီးပြီနော်။ အဲဒီလို သင်တဲ့အခါကျတော့ ဒါတွေကို ရှုရင်း ရှုရင်း ရှုရင်းနဲ့ တစ်ခါတစ်လေ ရှုကွက်တွေ ပျောက်သွားရော။ ဘာဖြစ်သွားတာလဲ။ (ရှုကွက်တွေ ပျောက်သွားတာပါဘုရား)။ ရှုကွက်ပျောက်လည်း ပျောက်တတ်တယ်။ ပျောက်လည်းပျောက်ကြပါတယ်။ အဲဒီလိုလည်း ပျောက်လည်း ပျောက်သွားရော ခဏတဖြုတ်လေး လစ်သွားတာက အချို့ သမာဓိအားကောင်းတဲ့ ပုဂ္ဂိုလ်တွေက သမာဓိများအားကြီးလို့ ခဏလစ်သွားတာလည်း ရှိတယ်။ အချို့ကျတော့ ထိနမိဒ္ဓ ဝင်လို့ လစ်တယ်။ ဝီရိယတွေအားကောင်းတဲ့ ပုဂ္ဂိုလ်များကျတော့ ဥဒ္ဓစ္စဖြစ်ပြီး ပျံ့လွင့်သွားတာပေါ့။ ဒါကြောင့် ဒီနေရာမှာ ဣန္ဒြေကို တော်တော်ညှိရပါတယ်ယောဂီတို့။

အဲတော့ အခုချိန်ကတော့ ဘုန်းကြီးတို့ဣန္ဒြေကို တအားညှိစရာမလိုဘူး။ ရသမျှကို ကြိုးစားအားထုတ်ရမယ့်အချိန်ပဲဖြစ်ပါတယ်။ နောက်ပိုင်း ဉာဏ်တက်သွားရင်လည်း ဣန္ဒြေကို တော်တော်ညှိရပါတယ်။ ဟော– ဝီရိယတွေ သိပ်များရင်လည်း ပျံ့လွင့်သွားပြန်ရော။ သမာဓိတွေ သိပ်များရင်လည်း ငိုက်သွားပြန်ရော။ ဟိုက အဝိဇ္ဇာဝင်ရင် မောဟဝင်ရင် ငိုက်သွားပြန်ရော။ အဲဒီလို အချိန်အခါမျိုး မလစ်ဘူးလား။ လစ်သွားပြီ။ ဥပမာ ၁–မိနစ်၊ ၂–မိနစ် စသဖြင့် အဲဒီလိုလစ်သွားတယ်။ လစ်သွားတော့ သတိပြန်ရတဲ့အချိန်မှာ ဘာရှုကွက်မှ မရှိတော့ဘူး။ ရှုကွက်မရှိတဲ့အချိန်မှာ ယောဂီတို့ရဲ့ပင်တိုင် ဝင်လေသိ ထွက်လေသိ ပြန်မှတ်တော့တာပဲ။ ဘာပြန်မှတ်တာလဲ။ (ဝင်လေသိ ထွက်လေသိပါဘုရား)။ အဲဒီလိုပြန်မှတ်တော့ အခု သမထနဲ့ဝိပဿနာ ခွဲထားပြီးပြီ။ စောစောတုန်းက ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်တွေနဲ့ မတူညီတဲ့ သဘောတွေကို ရှုနေတာက တခြားလား၊ ဝိပဿနာလား။ (ဝိပဿနာပါဘုရား)။ ရှုကွက်တွေ ပျောက်ပြီးတော့ ဒီကို ဝင်လေသိ ထွက်လေသိ



www.burmeseclassic.com

www.burmeseclassic.com



လန့်ဖျပ်ပြီး ပြန်မှတ်လိုက်တော့ ဘာဖြစ်လဲ။ (သမထဖြစ်တာပါ)။ ဘာဖြစ်သွားတာလဲ။ (သမထဖြစ်သွားတာပါဘုရား)။ အဲဒီလို သမထဖြစ်သွားတော့ ဝိပဿနာကနေ ဘာပြန်ကျသလဲ။ (သမထ ပြန်ကျပါတယ်)။ ရှေ့တက်မယ့်အစား နောက်ပြန်မကျဘူးလား။ အဲဒါ ရှုကွက်မှားနေလို့ပါ။ ဘာမှားနေလို့လဲ။ (ရှုကွက်မှားနေလို့ပါဘုရား)။ ဒီတော့မှ လိုရင်းလေးကို ပြောမယ်။ နောက်မှလိုတာထပ်ဖြည့်မယ်နော်။

## ငါ ဘာလိုသေးလဲ

လိုရင်းလေးကို ပြောရမယ်ဆိုတော့ ဒီနေရာမှာ ယောဂီတို့ ဝင်လေသိ ထွက်လေသိကို ဘယ်တော့မှ ပြန်မမှတ်နဲ့တော့။ ဆရာတော်ဘုရားကြီးရဲ့ ဥပဒေသနော်။ မမှတ်နဲ့ဆိုတော့ ဒီလိုဖြင့် ဘာကိုမှတ်မလဲဘုရား ဆိုတော့ အိမ်သည် စိတ်ကိုမှတ်။ ဘာကိုမှတ်မလဲ။ (အိမ်သည်စိတ်ကိုမှတ်ရပါမယ်ဘုရား)။ လေကိုထုတ်ချင်တဲ့စိတ်၊ လေကိုသွင်းချင်တဲ့စိတ်။ အရင်ကသင်ပြီးပြီနော်။ ဒါကြောင့် မို့လို့ ဒီတရားက ကွင်းဆက်တစ်တွဲတည်းသွားတာ ဟုတ်လား။ ဘယ်စိတ်ကို ပြန်မှတ်မလဲ။ (လေကိုထုတ်ချင်တဲ့စိတ်၊ လေကိုသွင်းချင်တဲ့စိတ်)။ အဲဒီစိတ်က ယခုကော မရှိဘူးလား။ (ရှိပါတယ်)။ အချိန်မရွေးရှိပါတယ်။ အဲဒီစိတ်ကို မှတ်လိုက်တဲ့အခါကျတော့ ဩော် လေကိုထုတ်ချင်တဲ့စိတ်ကလေးကို မြင်လိုက်ရင် စိတ်တစ်စိတ်ကို ဒကာ၊ ဒကာမတွေ မနက်က ပြောပြီးပြီ။ စမ်းသပ် ကြည့်လိုက်တာ လေ့လာကြည့်လိုက်တာ မထင်ရှားဘူးလား။ (ထင်ရှားပါတယ်)။ အဲဒီတော့ စိတ္တာနုပဿနာသည် ထင်ရှားတယ်။ ဒါကြောင့် ကျေးဇူးရှင် ဆရာတော် ဘုရားကြီးက သတိပဋ္ဌာန်တရား ၄–ပါးရှိသော်လည်းပဲ ရွေးချယ်ပြီး တော့ စိတ္တာနုပဿနာကို ရှုခိုင်းတာ။ ကျန်တဲ့ အနုပဿနာတွေကို မရှုနဲ့လို့ မပြောဘူးနော်။ ဘယ်သူ့ကိုဦးစားပေးထားတာလဲ။ (စိတ္တာနုပဿနာကို ဦးစား ပေးတာပါဘုရား)။ အခု ကြည့် ရှုကွက်ပျောက်သွားတဲ့အခါကျတော့ ဘယ်စိတ် ကိုရှု။ (အိမ်သည်စိတ်ကိုရှု)။ အိမ်သည်စိတ် ၂–စိတ်မရှိဘူးလား။ လေကို ထုတ်ချင်တဲ့စိတ်၊ လေကိုသွင်းချင်တဲ့စိတ်။ အဲဒီ အိမ်သည်စိတ် ၂–စိတ်ကို ရှုလိုက်တော့ ဘာဖြစ်လဲ။ ဒီစိတ်ကို ဦးစားပေးပြီး ဘာလို့ရှုတာလဲဆိုတော့ ယောဂီတို့ ယနေ့အားထုတ်နေတာ တခြားလုပ်တာလား၊ ဒိဋ္ဌိသတ်နေတာလား။ (ဒိဋ္ဌိသတ် နေတာပါဘုရား)။ ဒိဋ္ဌိသည် တခြားမှာကပ်တာလား၊ စိတ်မှာကပ်တာလား။ (စိတ်မှာကပ်တာပါဘုရား)။ ဟုတ်ပြီ။ ဒါက– ကျမ်းဂန်အတိုင်းဆရာတော် ဘုရားကြီး ဟောသွားတာနော်။

ဒိဋ္ဌိသည် စိတ်မှာ အကပ်များတယ်ဆိုတော့ စိတ္တာနုပဿနာကိုရှုရင် ဒိဋ္ဌိပြုတ်တာ လွယ်တာပေါ့။ ရှင်းပြီနော်။ အဲဒီတော့ လေကို ထုတ်ချင်တဲ့စိတ်၊ လေကိုသွင်းချင်တဲ့စိတ်။ အဲဒီစိတ်ကို ယောဂီတို့ ဆက်ရှုဖို့အရေးမကြီးဘူးလား။ (ကြီးပါတယ်)။ အဲဒီတော့ မနက်ကတုန်းက စမ်းသပ်ခိုင်းပြီးပြီနော်။ လေကို ထုတ်ချင်တယ်။ တစ်စိတ်ပေါ်ပြီး တစ်စိတ်ဘာဖြစ်လဲ။ ပျက်။ နောက်တစ်ခါ လေကို ထုတ်ချင်တယ်။ တစ်စိတ်ပေါ်ပြီး တစ်စိတ်ပျက်။ အဲဒါကို ဆရာတော် ဘုရားကြီးက ဖြစ်ပျက်။ ဘာပါလိမ့်။ (ဖြစ်ပျက်)။ ဒီလိုဖြင့် လေကိုထုတ်ချင်တဲ့ စိတ်လည်း ဖြစ်ပျက်။ လေကိုသွင်းချင်တဲ့စိတ်လည်း ဖြစ်ပျက်။ အဲဒီစိတ်သည် အိပ်ပျော်နေတဲ့ အချိန်ကလွဲ၍ အချိန်ပြည့်မရှိဘူးလား၊ (ရှိပါတယ်)။ သို့ဖြင့် ယောဂီတို့ ပင်တိုင်ရှုရမယ့် အရှုခံသည် အိမ်သည်စိတ် ၂–စိတ်ပါပဲ။ ဘယ်စိတ် ၂–စိတ်။ (အိမ်သည်စိတ် ၂–စိတ်)။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ သမထနဲ့ ဝိပဿနာကို အားထုတ်တဲ့အခါမှာ အကယ်လို့ ဝိပဿနာကနေ သမထပြန်ကူးသွားရင် ဉာဏ်တက်မယ်ကြံလိုက် ကျသွားလိုက်၊ တက်မယ်ကြံလိုက် ကျသွားလိုက်။ အဲဒီတော့ ဆယ်နှစ်အားထုတ်လည်း ဘာမှ မတက်တော့ဘူး။ အနှစ် နှစ်ဆယ်အားထုတ်လည်း ဘာမှ မတက်တော့ဘူး။ နှစ်တွေသာ ဒကာ၊ ဒကာမတွေ များသွားတယ်။ သမာဓိတွေသာ တိုးတက်ချင် တိုးတက်လာမယ်။ ပညာပိုင်း မဝင်တော့ဘူး။ ဒီတော့ ဝိပဿနာဆိုတာ တခြားလား၊ ဉာဏ်အလုပ်လား။ (ဉာဏ်အလုပ်ပါဘုရား)။ ပညာအလုပ်၊ ဉာဏ်အလုပ်။ ဒီတော့ နိဗ္ဗာန်ကို မြင်ရမှာက တခြားနဲ့မြင်ရမှာလား။ ဉာဏ်နဲ့မြင်ရမှာလား။ (ဉာဏ်နဲ့မြင်ရမှာပါဘုရား)။ အဲဒီတော့မှ ဒီမှာ လေကိုထုတ်ချင်တဲ့စိတ် လေကို သွင်းချင်တဲ့စိတ်ကို ယောဂီတို့ ရှုနေတဲ့အခါကျတော့ ဝိပဿနာဉာဏ်တွေ တဖြည်းဖြည်း မတက်ဘူးလား။ (တက်ပါတယ်ဘုရား)။ အဲဒီတော့ လိုရင်းပြောရရင် အဲဒီလို ဝိပဿနာဉာဏ်ကို ပထမဦးဆုံး အကြံမြင်မယ်ပေါ့။ နောက် တဖြည်းဖြည်း အနုစိတ်မြင်လာလိမ့်မယ်။ နှမ်းအိုးထဲမှာ နှမ်းတွေထည့်တဲ့အခါမှာ အောက်က အပူပေးရင် ဖြောက်ဖြောက် ဖြောက်ဖြောက် ဖြောက်ဖြောက် မတွေ့ရဘူးလား။

အဲဒီဥပမာလို ယောဂီတို့မျက်စိလေးမှိတ်ပြီး ဆံဖျားကနေ ခြေဖျား ဘာကိုပဲ ကြည့်လိုက် ကြည့်လိုက် ရုပ်နာမ်ခန္ဓာတွေဟာ ဒီလိုကိုမြင်လာရလိမ့်မယ်။ အဲဒီလောက်ထိ အောင်မြင်တဲ့ အကြောင်းကို မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ဟောထားတာပဲ။ ဒါ– သက်သေခံ အထောက်အထားလေ၊ အာဂမယုတ္တိနဲ့။ ဒီလို လက်တွေ့လုပ်ကြည့်တဲ့အခါမှာ နာမ်ကုဋေတစ်သိန်း ချုပ်ပျောက်တယ်တဲ့။ မြန်တာလား။ (မြန်တာပါဘုရား)။ ရုပ်ကုဋေ တစ်သိန်းငါးထောင် ဖြစ်ပျက်တယ်။ ချုပ်ပျောက်တယ်ဆိုတော့ နှမ်းအိုးကင်းထဲမှာ နှမ်းတွေထည့်ပြီး အပူပေးတာနဲ့ မတူဘူးလား။ (တူပါတယ်)။ အဲဒီလောက်ထိအောင် မြန်ဆန်တာကို မြတ်စွာဘုရားက မြင်တော်မူတာ။

သို့သော် ဘုန်းကြီးတို့ ဒကာမတွေက ဒါက ဒေသနာစဉ်ဟောပြတာ။ ဗဟုသုတ။ အဲဒီလို မြင်ဖို့လိုလား။ (မလိုပါဘူး)။ အဲဒီလောက်ထိလည်း မမြင်နိုင်ဘူး။ ဟိုက သဗ္ဗညုတဉာဏ်အရာကိုး။ အခု ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက ကိုယ့်အတိုင်းအတာနဲ့ကိုယ်ဆိုတော့ တစ်ကွက်မြင်၊ တစ်ကွက်မြင်နော်။ တဖြည်းဖြည်း ပထမတော့ အကြံမြင်ပေါ့။ နောက်တဖြည်းဖြည်း အနုစိတ် မမြင်ဘူးလား။ (မြင်ပါတယ်)။ ဉာဏ်တွေရင့်လာတဲ့အခါကျတော့ တစ်ခါတည်း ဆံဖျားကနေ ခြေဖျားကြည့်လိုက် ခုန နှမ်းအိုးကင်းမှာ တဖြောက်ဖြောက်ဖြောက် မြည်သလို ရုပ်နာမ်တွေဖြစ်လိုက်၊ ပျက်လိုက်လို့ ဆိုတာမျိုးကိုပေါ့နော်။ အဲဒီလို မြင်လာပြီဆိုရင် မုန်းဉာဏ်ဝင်လာတာပေါ့။ ဘာဉာဏ်ဝင်လာလဲ။ (မုန်းဉာဏ်ပါ ဘုရား)။ ဟော–– မုန်းဉာဏ်ဝင်လာတယ်ဆိုတော့ အဲဒီရှုနေရတာကို မရှုချင်တော့ဘူး။ သို့သော် မရှုချင်လို့လည်း မဖြစ်ဘူး။ ဆက်ရှု။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်)။ လမ်းဆုံးမရောက်သေးဘူးလေ။ အဲဒီတော့ –––

**လမ်းဆုံးမရောက်၊ လက်မမြှောက်၊ တောက်လျှောက်ပွားရမည်။**

အဲဒီတော့ နားရမှာလား။ မရမချင်းပွားရမှာလား။ (မရမချင်းပွားရမှာ ပါဘုရား)။ အဲဒီတော့ မြင်နေရင်လည်း ဆက်ရှု၊ မုန်းနေလည်းဆက်ရှု။ အဲဒီလို ရှုတဲ့ အခါကျတော့ ဥပမာဆိုကြပါစို့။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို ချစ်ရင် ဒီမျက်နှာကို နေ့တိုင်းကြည့်မှာပေါ့။ မုန်းနေရင် ကြည့်ပါ့မလား။ (မကြည့်ပါဘူး)။ ဒါက ဥပမာဆောင်ပြောတာပါ။ အဲဒီတော့ ယခုလည်းပဲ ဖြစ်ပျက်ပေါ်မှာ ရှုရင်း ရှုရင်းနဲ့ ဒကာ၊ ဒကာမတွေ မုန်းဉာဏ်ဝင်လာရော။ မုန်းဉာဏ်လည်းဝင်လည်း ဝင်လာရော ဖြစ်ပျက်ကို ကြည့်ကို မကြည့်တော့ဘူး။ အဲဒီတော့မှ ဖြစ်ပျက်ဆိုတဲ့ ဒုက္ခကို မကြည့်ချင်တဲ့အခါကျတော့ မဖြစ် မပျက်တာကို မမြင်ရဘူးလား။ (မြင်ရပါတယ်)။ အဲဒီတော့ မဖြစ်မပျက်တာသည် တခြားလား။ နိဗ္ဗာန်လား။ (နိဗ္ဗာန်ပါဘုရား)။ ဖြစ်ပျက်တွေကို မြင်နေတာက ရုပ်နာမ် ဖြစ်ပျက်ကို မြင်နေတာက ရုပ်နာမ်။ မဖြစ်မပျက်တာက နိဗ္ဗာန်ဆိုတော့ နိဗ္ဗာန်ကို တစ်ချက်မြင်ပြီဆိုရင် ပောဒီ ဝိပဿနာ အလုပ်သည် ကိလေသာငြိမ်းသွားတဲ့ အလုပ်ဖြစ်သွားပြီ။

**(၅) သမထဆိုတာ ငြိမ်ရုံပဲငြိမ်တယ်။ ဝိပဿနာက ငြိမ်းပါတယ်။**

အဲဒီတော့ ယောဂီတို့ ဝိပဿနာက ရုပ်နာမ်ကိုရှုပြီဆိုကတည်းက ပောဒီတရားခွင်က ထသွားကတည်းက ငြိမ်းနေတာပဲနော်။ ငြိမ်းအောင် အားမထုတ်ရဘူးလား။ ငြိမ်းသွားပြီနော်။ အဲဒီတော့ ဝိပဿနာဆိုတဲ့ ကမ္မဋ္ဌာန်းသည် တခြားလား၊ ကိလေသာငြိမ်းတာလား။ (ကိလေသာ ငြိမ်းတာပါဘုရား)။ သမထကမ္မဋ္ဌာန်းက တခြားလား၊ ကိလေသာ ငြိမ်တာလား။ (ကိလေသာ ငြိမ်တာပါဘုရား)။ ဒီလိုဖြင့် သမထက ငြိမ်ရုံတင် ငြိမ်တယ်။ ဝိပဿနာကငြိမ်းတယ်။

ဒီတော့ ဘုန်းကြီး ဒီနေရာမှာ သမထဝိပဿနာ ပြောတဲ့အခါမှာ စုံစုံစေ့စေ့လေး ပြောချင်တယ်။ ဒီနေ့တော့ အချိန်မရဘူးနော်။ နောက်နေ့ကျမှသာလျှင် အဆင်ပြေသလို ယောဂီတို့ကို ဆက်ပြီးတော့ ပြောပေးဦးမယ်နော်။ ခုတော့ လောလောဆယ် ဒီလောက်နဲ့ပဲ ရပ်ပြီးတော့ သမထနဲ့ ဝိပဿနာ မတူညီတဲ့ အင်္ဂါရပ်လေးကို မိမိရဲ့ခန္ဓာနဲ့ တိုက်ကြည့်လိုက်လို့ရှိရင် ငါဘာလိုသေးလဲဆိုတာ ယောဂီတို့ ပေါ်လာလိမ့်မယ်။ (မှန်လှပါ)။ အဲဒီလိုပေါ်လာရင် ဒီတိုင်း မပြောင်းရဘူးလား။ (ပြောင်းရပါတယ်)။ အဲဒီအတိုင်း ပြောင်းရင် တစ်ခဏလေး ဒိုင်း ဒိုင်း ဒိုင်းနဲ့ ယောဂီတို့ တက်သွားပါလိမ့်မယ်။ ရှင်းပြီနော်။

ကဲ အားလုံး ဆုတောင်းမေတ္တာပို့ပြီး နားလိုက်ကြရအောင်။

( သာဓု -- သာဓု -- သာဓု )



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂-ရက် (၄.၉.၂၀၀၂) နံနက်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

### ကျေးဇူးဆပ်ခြင်း

အားလုံးသော ယောဂီအပေါင်းသူတော်ကောင်းတို့ --

ဤမေမြို့သာဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက် ရှိပြီလဲ။ (၁၀-ရက်မြောက်ပါဘုရား)။ စခန်းပွဲ၏ ဒီနေ့ဟာ နောက်ဆုံးနေ့ပါပဲ ဟုတ်လား။ (မှန်လှပါ) နောက်ဆုံးနေ့ နံနက်တရားပွဲပေါ့နော်။

နံနက်တရားပွဲဆိုတော့ ဘုန်းကြီးတို့ ကြေညာထားသည့်အတိုင်း သင်တန်းပွဲပေါ့နော်။ (မှန်လှပါ) သင်တန်းပွဲဆိုတော့ ယောဂီများကို ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် အစရှိတဲ့ ဝိပဿနာ အကျင့်မြတ်များကို ကျင့်ကြံပွားများ အားထုတ်တဲ့အခါမှာ သိသင့်သိထိုက် သိအပ်တဲ့တရားတွေကို ရွေးချယ်ပြီးတော့ ဆရာတော်ဘုရားကြီး ညွှန်ကြားတော်မူတဲ့အတိုင်း မှတ်သားမိသမျှ သင်ပေးရတဲ့ ဟောပေးရတဲ့ တရားပွဲဖြစ်ပါတယ်နော်။ (မှန်လှပါ)။

အဲဒီတော့ ယနေ့ နောက်ဆုံးနေ့ဖြစ်တော့ အမြဲတမ်းပဲ ဒီ ၁၀-ရက် စခန်းပွဲဆိုရင် ဘုန်းကြီး ဂရုစိုက်ပြီးတော့ ကျေးဇူးပြုတဲ့ တရားတစ်ပုဒ်ရှိပါတယ်။ အဲဒီတရားကတော့ ယောဂီတို့၏ မှတ်တိုင်တရားပါပဲနော်။ ဒါကို ဝိသုဒ္ဓိတရားလို့လည်းခေါ်ပါတယ်။ မှတ်တိုင်တရားလို့လည်းခေါ်ပါတယ်။ အဲဒီတော့ လူတိုင်းလူတိုင်းဟာ မိမိရဲ့အတိုင်းအတာ ဘယ်လောက်ရှိနေပြီ၊ ယနေ့ အားထုတ်တဲ့ အတိုင်းအတာ ငါဘယ်လောက်ရောက်နေပြီ၊ ဘယ်လောက်လိုသေးတယ်။ လူ တစ်ယောက်ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါကျတော့ မိမိရဲ့ ယနေ့ဓမ္မလမ်းကြောင်းဟာ ဘယ်ရောက်နေပြီ၊ ဘယ်လောက်လိုသေးတယ်ဆိုတာလေးတွေကို သိအောင် ဘယ်မှတ်တိုင်ရောက်နေပြီ၊ ဘယ်မှတ်တိုင် ဘယ်လောက် လိုသေးတယ်ဆိုတဲ့ လမ်းစဉ်အတိုင်းကို ဟောဖော်ညွှန်ကြားတဲ့ တရားတော် ဖြစ်ပါတယ်နော်။(မှန်လှပါဘုရား)။ အဲဒါကို ဝိသုဒ္ဓိတရားလို့လည်းပဲ ခေါ်ပါတယ်။ ရထဝိနီတသုတ္တန်လို့လည်းပဲ ခေါ်ပါတယ်။

ရထဝိနီတသုတ္တန်ဆိုတာ ပါဠိလို ပြောတာပါ။ မြန်မာလိုပြန်တော့ ရထဆိုတာ ရထားလို့ပြောတာပေါ့-- ဟုတ်လား။ မြန်မာလိုဆိုတော့ ဘာတဲ့လဲ။ (ရထား)။ ဒါ ယောဂီဟောင်းတွေကတော့ တရားပွဲပြီးတိုင်းပြီးတိုင်း ဘုန်းကြီး ၁၀-ရက်စခန်းပွဲဆိုရင် ဒီ ရထားတရား ဟောပေးလေ့ပေးထရှိတယ်။ ၇-ရက်ဆိုရင်တော့ ဒီရထားတရားဟောဖို့ အချိန်မရလို့ကို မဟောရဘူး။ နောက်ပြီးတော့လည်း ၇-ရက်တရားစခန်းဆိုတော့ ဘုန်းကြီးတို့ လိပ်ပတ်မလည်တာလည်းပါတော့ ရထားတရား မဟောမိတာများပါတယ်။

၁၀-ရက်စခန်း စခန်းပွဲတိုင်းမှာဆိုရင် ဝါတွင်း ၃-စခန်းဆိုလည်း ၃-စခန်း ရထဝိနီတသုတ်ကို ဟောဖြစ်အောင် ဟောတယ်။ နောက် ဆောင်းတွင်းစခန်းတွေဆိုလည်း ဟောဖြစ်အောင်ဟောတယ်။ ဟိုဘက် သင်္ကြန်စခန်းတွေကျတော့ ဘုန်းကြီးတို့ ယောဂီများတဲ့အခါကျတော့ နှစ်သုတ်ခွဲပစ်ရတယ်။ ၁၅-ရက်ကို ရှေ့ ၇-ရက်၊ အဲဒီလိုခွဲလိုက်တဲ့အခါကျတော့ ယောဂီက အဲဒါတောင်မှပဲ တစ်ထောင့် လေးငါးရာလောက်ဖြစ်နေတယ်။ ပြီးခဲ့တဲ့ သင်္ကြန်စခန်းဆို သင်္ကြန်မကျခင် တစ်စခန်းဆို ယောဂီ ၇၀၀-နီးပါးလောက်ရှိတယ်။ နောက် စခန်းဆို၁၂၀၀-ကိုမကျော်ဘူး။ ၁၁၀၀-နီးပါးလောက်ရှိတယ်။ အဲဒီလောက်တောင် ယောဂီတွေများတော့ နည်းနည်းတော့ ကသီပါတယ်။ သို့သော်လည်းပဲ မြင်ဖူးကြားဖူးလေး ဖြစ်သွားအောင်ဆိုတဲ့ အတိုင်းအတာနဲ့ ဘုန်းကြီးတို့လည်း သည်းခံပြီးတော့ အဆင်းရဲအပင်ပန်းခံပြီးတော့ ဒီလိုဆောင်ရွက်ပေးတာပါ။ ဒကာ၊ ဒကာမတွေရဲ့ အကျိုးကို ကြည့်ပြီး ဆောင်ရွက်ရပါတယ်။ သို့သော် ဘာဖြစ်လို့လုပ်နေရတာလဲဆိုတော့ အားလုံး ဒကာ၊ ဒကာမတွေပေါ်မှာ ဒါ- ကျေးဇူးဆပ်နေတာပါ။ (မှန်လှပါ)။

ဘာဖြစ်လို့ ဘုန်းကြီး ဒီစကားပြောရတာလဲဆိုတော့ ဒီနေ့ ရဟန်းသံဃာတွေ သာသနာမှာ ရပ်တည်နေတာ ဝန်ထမ်းဘဝလည်းမဟုတ်ဘူးနော်။ ကုန်သွယ်လယ်လုပ်လည်း မရှိပါဘူး။ လောကအနေနဲ့ပြောရင် ဘာမှ စီးပွားရေး၊ ကြီးပွားရေး မရှိတဲ့ဘဝနဲ့ နေကြရတာပါ။ သို့သော် အဲဒီလိုနေတော့ စားရေး၊ နေရေး၊ ဝတ်ရေး မရှိလို့မဖြစ်ဘူး။ အဲဒီစားရေး၊ နေရေး၊ ဝတ်ရေးတွေ ဒီဒကာ၊ ဒကာမတွေကပဲ ဒီဒကာ၊ဒကာမတွေလှူတဲ့ဆွမ်းကိုစား၊ ဒကာ၊ ဒကာမတွေ လှူတဲ့သင်္ကန်းဝတ်၊ ဒီဒကာ၊ ဒကာမတွေ လှူဒါန်းတဲ့ဆေးကိုသုံးပြီး တော့ ဘုန်းကြီး ယနေ့အသက်ရှင်နေတာပါ။ ဒါ သစ္စာစကားပြောတာနော်။ (မှန်လှပါ)။

အဲဒီတော့ အဲဒီလို ဆွမ်းရှင်တွေ၊ ပစ္စည်းလေးပါး စေတနာရှင်တွေရဲ့ ကျေးဇူးတရားတွေဟာ ဘုန်းကြီးတို့မှာ အများကြီးရှိတယ်။ အဲဒီ ကျေးဇူးတရားတွေကို တုန့်ပြန်ဖို့ဆိုတော့ ဘာမှလည်း လုပ်ပေးလို့မရဘူး။ လုပ်ပေးစရာလည်း မရှိဘူးပေါ့နော်။ အဲဒီတော့ - ဒကာ၊ ဒကာမတွေကို ဘုန်းကြီးများ ကျေးဇူးဆပ်နိုင်တာက မေတ္တာကိုအရင်းခံပြီးတော့ သစ္စာသိအောင်လုပ်ပေးတာပါပဲ။ (မှန်လှပါ)။ ဒါကြောင့် ဘုန်းကြီးတို့သစ္စာတရားတွေကို ကြိုးစားပြီးတော့ ဟောပေးတယ်။ တရားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို အားထုတ်အောင် တိုက်တွန်းတယ်။ နာအောင် တိုက်တွန်းတယ်။ ဒါ – ဘုန်းကြီးတို့က ကျေးဇူးဆပ်နေတာပါ။ တခြားဘာမှ လုပ်မပေးနိုင်ဘူးနော်။

အေး – အခုလို စခန်းပွဲတွေအားတဲ့အခါမှာ မြတ်စွာဘုရား လေးသချေ်နဲ့ ကမ္ဘာတစ်သိန်း ကျင့်ကြံပွားများအားထုတ်ပြီး သဗ္ဗညုတဉာဏ်နဲ့ဟောတဲ့ လောကီကိစ္စလည်းဖြစ်၊ လောကုတ္တရာလည်း ဦးတည်တဲ့ပရိတ် ရွတ်တာပေါ့လေနော်။ ဘုန်းကြီးတို့ကျောင်းတိုက်ရှိ သံဃာတော်တွေကတော့ ပရိတ်ကတော့ နားရတဲ့ရက်လို့ကို မရှိပါဘူး။ မနက်ရယ်၊ နေ့ခင်းရယ်၊ ညရယ်။ တစ်ခါတစ်လေ တစ်နေ့ ၄–ပွဲ၊ ၅–ပွဲ အဲဒီလို လျှောက်ပြီးတော့ကို ရွတ်ရတာပဲ၊ ရန်ကုန်မြို့တင် မဟုတ်ဘူး။ တစ်ပြည်လုံး အဲဒီလိုကို လိုက်ပြီး ရွတ်နေရတာရှိတယ်။ အဲဒါကတော့ ကုသိုလ်တော့ရပါတယ်။ ပစ္စုပ္ပန်အနေနဲ့တော့ အန္တရာယ်ကင်းပေါ့နော်။ သို့သော် နိဗ္ဗာန်ရောက်တဲ့တရားတော့ မဟုတ်ဘူး။ အထောက်အပံ့ရပါတယ်။

အဲဒီလို သံဃာတော်များက မေတ္တာတရားနဲ့ လောကီမှာလည်းပဲ အကျိုးစီးပွားဖြစ်အောင် လောကုတ္တရာမှာလည်းပဲ နောက်ဆုံး မဂ်ဉာဏ်ဖိုလ်ဉာဏ် တက်လှမ်းနိုင်အောင်လို့ လေ့ခါးထစ် အနေနဲ့ ဘုန်းကြီးများလည်းပဲ မေတ္တာကိုရှေ့ရှုပြီးတော့ ပရိတ်တရားတွေကို ရွတ်လို့။ ဟော – ယခုလို စခန်းရက်မျိုးတွေမှာ ဒကာ၊ ဒကာမတွေရဲ့ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကိုဝင်နိုင်တဲ့ ဒီတရားတွေကို မတိုက်တွန်းရဘူးလား။ (တိုက်တွန်းရပါတယ်ဘုရား)။ ဘုန်းကြီးတို့လည်း ကြိုးစားပြီးတော့ ကိုယ်တိုင်လည်းပဲနာတယ်။ ကိုယ်တိုင်လည်းပဲ အားထုတ်ပါတယ်။ နှစ်ပေါင်းမြောက်မြားစွာ အားထုတ်လာ ခဲ့တာ အခုလည်းပဲ အားထုတ်လျက်ပေါ့။ အဲဒီလို အားထုတ်လျက်တန်းလန်းနဲ့ပဲ သြော် – ခုန ကပြောခဲ့သလို ဒကာ၊ ဒကာမ တွေရဲ့ကျေးဇူးတရားတွေကို တုန့်ပြန်ဖို့ဆိုတော့ ဒီတရားအလုပ်က လွဲလို့ တခြားမရှိပါဘူး။ (မှန်လှပါ)။ အဲဒါကလည်း မြတ်စွာဘုရား အာနန္ဒာကို မိန့်တော်မူတဲ့ သြဝါဒဒေသနာတော်အတိုင်း ဖြစ်ပါတယ်–ဟုတ်လား။

''ကိုယ့်ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်တွေကို ကျေးဇူးဆပ်ချင်ရင် အာနန္ဒာ၊ ဘာမှ လုပ်ပေးမနေနဲ့ကွာ။ သစ္စာသိအောင်သာလုပ်ပေး'' ဒီလိုမဟုတ်လား။ အဲဒီတော့ ကိုယ်ကိုယ်တိုင် သစ္စာမဟောနိုင်ရင် ဟောတတ်တဲ့ဆရာဆီ ရောက်အောင်ပို့ပေး။ အားထုတ်တဲ့နေရာ ရောက်အောင်ပို့ပေး။ အဲဒါဟာ အကြီးမားဆုံး ကျေးဇူးဆပ်ခြင်းပဲလို့ မြတ်စွာဘုရားက ရှင်အာနန္ဒာကို မိန့်တော်မူခဲ့တဲ့ဒေသနာစဉ် အထောက်အထားရှိပါတယ်နော်။ (မှန်လှပါဘုရား)။

အဲဒီရဲ့ ထုံးနည်းကိုယူ၍ ယနေ့ အားလုံးသော ယောဂီများကို ဘုန်းကြီး သံဃာတော်များက ကျေးဇူးဆပ်သောအားဖြင့် ဒီစခန်းပွဲကြီးတွေကို ယခုလို အပင်ပန်းခံပြီးတော့ ဆောင်ရွက်တာပေါ့နော်။ အဲဒီတော့ စခန်းပွဲတစ်ပွဲ တစ်ပွဲ ဖြစ်ဖို့ဆိုတာက လွယ်ပါ့မလား။ (မလွယ်ပါဘူးဘုရား)။ ဒီကျောင်းတိုက်ရှိ သံဃာတွေဟာ စခန်းပွဲပြီးရင် ယောဂီတို့အမြင်အတွေ့ပါပဲ။ ဆေးကိုထိုးယူရတယ်။ အဲဒီလောက်ထိအောင် ကာယအား၊ ဉာဏအားကို ဒီလိုစိုက်ရခြင်း ဖြစ်ပါတယ်နော်။ အဲဒါကလည်းပဲ ဘာဖြစ်လို့ ဒီလို ကိုယ်တော်တွေ ဒီလောက် စုစုဝေးဝေးညီညီညာညာ တက်တက်ကြွကြွနဲ့ ဒကာ၊ ဒကာမတွေကို ဆောင်ရွက်ပေးနေတာ ခုန ပြောသလို ကျေးဇူးဆပ်တဲ့သဘောပါပဲ။ (မှန်လှပါ)။ အဲဒါ ဘုန်းကြီး တစ်ဦးတစ်ယောက် တစ်ပါးကောင်းနဲ့ မဖြစ်ဘူးနော်။ အားလုံး စုပေါင်းပြီးတော့

www.burmeseclassic.com



ကျောင်းရှိတဲ့ သံဃာတွေ၊ သီလရှင်တွေ၊ ဒီကြားထဲ ဝေယျာဝစ္စတွေဆိုတာလည်း တစ်ဦးတည်း မတတ်နိုင်ဘူး။ အလဲအလှယ်နဲ့ လုပ်ရတာပဲနော်။

အဓိကအားဖြင့် ဒကာ၊ ဒကာမတွေ ယနေ့ ဒီတရားပွဲကြီးကို ဆင်ယင်ကျင်းပနိုင်တာလည်း ဆွမ်းဒကာ၊ ဆွမ်းဒကာမတွေကို ဘုန်းကြီးတို့အများကြီး ကျေးဇူးတင်တယ်။ ဘာကြောင့်လဲဆိုရင် ယနေ့ခေတ်ကာလအချိန်အခါနဲ့ ယခု ဆွမ်းတစ်ရက်စာဆိုတာမှ အနည်းလေး တစ်သိန်းခွဲကို မသုံးဘဲနဲ့ ဆွမ်းတစ်ရက် ဒီမှာကျွေးလို့မရဘူးနော်။ အဲဒီလောက်ကို နေ့စဉ်နေ့တိုင်း ဒကာ၊ ဒကာမတွေရဲ့ သဒ္ဓါတရားနဲ့ အရုဏ်ဆွမ်းကပ်၊ နေ့ဆွမ်းကပ်နဲ့ အားမရနိုင်လို့ ဒီကြားထဲ အချိုပွဲကတစ်မျိုး၊ ညနေအအေးကတစ်မျိုးနဲ့ ဒကာ၊ ဒကာမတွေရဲ့စေတနာသဒ္ဓါတရားတွေကို ဘုန်းကြီးတို့ကြည့်ပြီးတော့ကို ပီတိတွေဖြစ်လို့မဆုံးဘူးပေါ့နော်။ (မှန်လှပါ)။ ဩော်–သာသနာကို ကြည်ညိုကြတဲ့ ဒကာ၊ ဒကာမတွေ။ အဲဒီတော့ သူတို့အတွက် ကိုယ်က ရှေ့တန်းကနေ အဓိကထားဆောင်ရွက်ပေးဖို့က နည်းမှန် လမ်းမှန် အယူမှန်ဖို့ အရေးကြီးတာ။ (မှန်လှပါဘုရား)။ ငွေကုန်ပြီးတော့ လူပန်း အပင်ပန်းခံပြီးတော့ တကယ်ဆောင်ရွက်ပေးတော့ နည်းမှား လမ်းမှားနဲ့ဆို ဖြစ်ပါ့မလား။ (မဖြစ်ပါဘူး ဘုရား)။ အေး – အဲဒါ ဘုန်းကြီးတို့က တာဝန်ရှိပါတယ်။

## အသိတစ်ချက် တစ်သက်စာ

တာဝန်ရှိသည့်အားလျော်စွာ ဘုန်းကြီး ဉာဏ်မီသလောက် ဒကာ၊ ဒကာမတွေကို ကျေးဇူးပြုတယ်နော်။ အဲဒီတော့ အခု နိယတမိစ္ဆာဒိဋ္ဌိဖြုတ်ခန်းတွေကိုလည်း ကြိုးစားပြီးတော့ ဘုန်းကြီးတို့ဟောပေးတယ်။ ဒါတွေကလည်းပဲ မျက်စိနဲ့အမြင် နားနဲ့အကြား ကိုယ်တွေ့ဆိုသလို မြင်တွေ့နေတော့လည်း ဩော် – အားလုံးသော ဗုဒ္ဓဘာသာဝင်အမည်ခံနေတဲ့ ပုဂ္ဂိုလ်တွေ ဒါ မသိလို့ ဖြစ်နေကြတာ။ ယခုလိုကြုံတဲ့အခါမှာ သင်တန်းနဲ့တကွ ဘုန်းကြီးတို့ ကြိုးစားပြီးဟော ပေးလို့ရသွားတာပေါ့။ သာမန်အရပ်ထဲမှာဆိုရင် ဘုန်းကြီးတို့ ဒီစကားမတိုးဘူး။ အခုတော့ သင်တန်းကျတော့ စနစ်တကျလေး ဘုန်းကြီးတို့လည်း ပြောခွင့်ရတဲ့အတွက် ဝမ်းသာလို့မဆုံးပါဘူး။

အဲဒီတော့ ဒီအသိလေးတစ်သိကို သိသွားရင် တစ်သက်စာအတွက် ဖူလုံတာပါယောဂီတို့။ အဲဒီတော့ သိပြီးရင် တခြားလုပ်ရမှာလား၊ ကျင့်ရမှာလား။ (ကျင့်ရမှာပါ ဘုရား)။ အဲဒီတော့ သိတာရယ်၊ ကျင့်တာရယ်ပေါ့နော်။ သိတာကတော့ သိအောင် ပြောပေးဖို့ကတော့ သံဃာတော်များ၊ ဆရာသမားတွေရဲ့ တာဝန် သိပြီးတဲ့အသိကို ဒကာ၊ ဒကာမတွေက ကျင့်ဖို့ အရေးမကြီးဘူးလား။ (ကြီးပါတယ်)။ အဲဒါကြောင့်မို့လို့ ဘုန်းကြီးတို့ –

"ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ"
"ဓမ္မော မေ သရဏံ အညံ နတ္ထိ"
"သံဃော မေ သရဏံ အညံ နတ္ထိ"

ဆိုတဲ့ ရတနာ ၃–ပါးကလွဲပြီးရင် အားကိုးစရာ ရှိရဲ့လား။ (မရှိပါဘူး ဘုရား)။ ဒါလေးကို လက်ကိုင်ထားပါ။ အခုဘုန်းကြီးတို့ ရွတ်နေတာသည်ပင် ကုသိုလ်မရဘူးလား။ (ရပါတယ်ဘုရား)။ အဲဒါလေးရွတ်နေ။ လမ်းသွားလို့ရွတ်နေ အန္တရာယ်ကင်းတယ်။ သို့သော် နိဗ္ဗာန်တော့ မရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ရွတ်နေတာဟာ လိမ်းဆေးကိုးဗျ။ ဘုန်းကြီးတို့ ဆရာတော်ဘုရားကြီး မိန့်သွားတယ်။ အင်း – ဒကာ၊ ဒကာမတွေ ခင်ဗျားတို့က ရွတ်ရွတ်နေတာ၊ အရွတ်ကို တော်တော်အားသန်တယ်တဲ့။ လောကဥပမာနဲ့ပြောရင် အသားနဲ့အရွတ်ရယ်လို့ မရှိဘူးလား။ (ရှိပါတယ် ဘုရား)။ အရွတ်စားလို့ ဘယ်တော့မှ မဝ,ဘူးတဲ့။ ဝ,ချင်ရင် ဘာစားရမလဲ။ (အသားစားရပါမယ်)။ အသားစားပါတဲ့။ အဲဒါက ရွတ်တာနဲ့အချိန်ကုန်တဲ့ပုဂ္ဂိုလ်တွေက အရွတ်ပဲစားတယ်။ မဝ,ဘူး။ ယနေ့ ယောဂီတို့က ရွတ်ရုံတင်မဟုတ်ဘူး။ တစ်ကယ်လည်း အားမထုတ်ဘူးလား။ တစ်ခါတည်းကို ချွေးနဲ့သံနဲ့ဆိုသလို ဟုတ်လား။ တစ်ခါတည်းမှကို သေလုမြောပါး မချိမဆံ့ကို ခန္ဓာကိုယ် အရင်းစိုက်ပြီး သေသေကျေကျေ ဆိုတဲ့စိတ်နဲ့ ဒီလိုထားပြီ လုံ့လဝီရိယ ကို တင်ပြီး အားထုတ်တာဟာ၊ ဒါ – အသားစားတာလို့ ခေါ်ပါတယ်။ ရှင်းပြီနော်။

စကားလုံးလေးတစ်လုံး သတိရလို့ ပြောပါရစေဦး။ နည်းနည်းနားကြီးကြီး နားထောင်ပါ။ ရွတ်တာကို ဘုန်းကြီးတို့ မကန့်ကွက်ဘူးနော်။ ဘုန်းကြီးတို့ ကိုယ်တိုင် ယခု ဒီတရားစခန်းပွဲပြီးရင် ညနေကစပြီး ဘုန်းကြီးမအားတော့ဘူး။ မနက်ဖြန်ဆိုရင် ၂–ချက်တီးကစပြီး ဘုန်းကြီးမအားတော့ဘူး။ ၂–ချက်တီးကို တစ်ပွဲရှိတယ်။ ညနေ တစ်ပွဲရှိတယ်။ ဒါ – အပြင်ထွက်ရပြီ။ အဲဒီတော့ တောက်လျှောက် နေ့စဉ်မအားတော့ဘူး။ ပရိတ်ရွတ်ဖတ်ပေးတဲ့ပွဲတွေပေါ့နော်။ အရွတ်ကို ဘုန်းကြီးတို့က ဒကာ၊ ဒကာမတွေကို ခုန နိဗ္ဗာန်ကိုရောက်ဖို့အတွက် လှေခါးထစ်ပါလို့ မပြောဘူးလား။ (ပြောပါတယ် ဘုရား)။ နိဗ္ဗာန်ကို တိုက်ရိုက် ရောက်နိုင်တဲ့တရား ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး ဘုရား)။ ရွတ်တာ ဖတ်တာဟာ ဓမ္မာနုဿတိ ပေါ့နော် – ဟုတ်လား။ ဓမ္မာနုဿတိဟာ သမထ။ ဘာတဲ့လဲ။ (သမထပါဘုရား)။ မေတ္တာပို့နေတာလည်း သမထ၊ ပရိတ်ရွတ်နေတာလည်းပဲ သမထ၊ ပဋ္ဌာန်းတွေရွတ်နေတာလည်း သမထ။ သို့သော် သမထဆိုတာ ဈာန် ကုသိုလ်ရဖို့နော်။ ဘာကုသိုလ်ပါလိမ့်။ (ဈာန်ကုသိုလ်ပါဘုရား)။ အဲဒီ ဈာန်ကုသိုလ်သည် ကာကုသိုလ်ထက် ပိုပြီးတော့ အားမရှိဘူးလား။ (ရှိပါတယ် ဘုရား)။ ဒါန သီလက ကာကုသိုလ်နော်။ ခုန ရွတ်တာ ဖတ်တာတွေ ယခုအားထုတ်တာတွေက ဈာန်ကုသိုလ်ရဖို့။ ယခု ယောဂီတို့က မျက်စိလေးမှိတ်ပြီးတော့ မျက်စိပဲမှိတ်မှိတ်၊ မျက်စိပဲဖွင့်ဖွင့် အမှုအရာတိုင်း၊ အမှုအရာတိုင်းကိုကြည့်ရင် ခန္ဓာပေါ်တာတွေ သင်ပြီးပြီ။ ပစ္စုပ္ပန်တည့်တည့် ဝိပဿနာ အရှုခံခန္ဓာတွေပေါ်တာ သင်ပြီးပါပြီ။ (မှန်လှပါ)။ သို့သော် မပြည့်စုံဘူးနော်။ သင်ပြီးပြီသာပြောတာ မပြည့်စုံပါဘူး။

မြင်တိုင်း မြင်တိုင်း တခြားပေါ်တာလား၊ ခန္ဓာပေါ်တာလား။ (ခန္ဓာပေါ်တာပါ ဘုရား)။ အဲဒီ ခန္ဓာပေါ်တာလေးကို ဉာဏ်လေးနဲ့သည်းခံပြီး စောင့်ကြည့် လိုက်တဲ့အခါကျတော့ ပေါ်တဲ့ခန္ဓာက ပေါ်တဲ့နေရာမှာ ဒကာ၊ ဒကာမတွေ မချုပ်ပျောက်ဘူးလား။ (ချုပ်ပျောက်ပါတယ် ဘုရား)။ အဲဒီတော့ ဒီနေရာတင်ပေါ်၊ ဒီနေရာကင်ပျောက်တာပဲ။ ကောင်းကင်မှာ မိုးမျှားခြိမ်းသလိုပေါ့။ ဒိုင်းဆို ခြိမ်းလိုက်တဲ့ လျှပ်တပြက်သည် ဒီနေရာတင်ပေါ်ပြီးတော့ ဘာဖြစ်လဲ။ (ပျောက်သွားပါတယ်ဘုရား)။ ဒီနေရာတင်ပေါ်ပြီးတော့ ဒီနေရာတင်ပျောက်သွားသလို၊ ဟော – ဒီကနေ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ အာရုံနဲ့ ဒွါရ ဟောဒီ ၆–မျိုးကနေ ပေါ်သမျှသည် ပုဂ္ဂိုလ်သတ္တဝါတွေပေါ်နေတာလား။ ခန္ဓာတွေပေါ်နေတာလား။ (ခန္ဓာတွေပေါ်နေတာပါ



www.burmeseclassic.com

www.burmeseclassic.com



ဘုရား)။ အဲဒီခန္ဓာတွေ ပေါ်တာသည် ဒီနေရာမှာပေါ် ဒီနေရာမှာပျက်သွားတာ အဲဒါလေးကို စောင့်ပြီးတော့ကြည့်လိုက်ရင် တခြားနဲ့ကြည့်တာလား။ ဉာဏ်နဲ့ကြည့်တာလား။ ဒီလိုဖြင့် ဒီယောဂီ ဉာဏ်ကုသိုလ်ရသွားပြီ။ (မှန်လှပါ)။ အဲဒီလို ဉာဏ်ကုသိုလ်လေး တစ်ချက်ကလေးရသွားတာ ဘယ်လောက်ထိ ကျေးဇူးများသလဲဆိုရင် –

**ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။**

**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။**

(ဓမ္မပဒဂါထာ – ၁၁၃)

အဖြစ်အပျက်ကိုမရှုမမြင်ဘဲ အနှစ်တစ်ရာ ကာလပတ်လုံး အသက်ရှည်ကာနေရခြင်းထက် အဖြစ်အပျက်ကို ရှုမြင်တဲ့ပုဂ္ဂိုလ် တစ်ရက်တာမျှ အသက်ရှင်ရခြင်းက သာ၍မြတ်ပါတယ်လို့ ဓမ္မပဒမှာ ဘုရားရှင် တိုက်ရိုက်ဟောတာပါ။ (မှန်လှပါ)။

အဲဒီတော့ ယနေ့ ယောဂီတို့က သည်းခံပြီးတော့ ဉာဏ်နဲ့စောင့်ကြည့်လိုက်တဲ့အခါမှာ မြင်တဲ့ရုပ်နာမ်၊ ကြားတဲ့ရုပ်နာမ်၊ စားတဲ့ရုပ်နာမ်၊ ဝတ်တဲ့ရုပ်နာမ်၊ ကြံစည်တဲ့ရုပ်နာမ်၊ အို မျက်တောင်ကလေး တစ်ခါ တစ်ခါ ခတ်နေတဲ့ရုပ်နာမ်၊ အဲဒီ ခွဲမပေါင်တဲ့ ရုပ်နာမ်လေးသည် ပေါ်ပြီးတော့ ချုပ်သွားတာပဲလို့ သေသေချာချာ စောင့်ကြည့်မမြင်ရဘူးလား။ (မြင်ရပါတယ်ဘုရား)။ ဒီတော့ သူများပါးစပ် ဖျား လမ်းမဆုံးပါနဲ့နော်။ ကိုယ်တိုင်ကိုယ်ကျ စောင့်ကြည့်ရင် ကိုယ်တိုင်ကိုယ်ကျ မမြင်နိုင်ဘူးလား။ (မြင်နိုင်ပါတယ်ဘုရား)။ အဲဒီလို တစ်ကွက်ကလေး၊ တစ်ချက်ကလေး မြင်လိုက်တဲ့ ကုသိုလ်သည် ဝိပဿနာကုသိုလ်လို့ ခေါ်ပါတယ်။ ဒီတော့ ကံကုသိုလ်၊ ဈာန်ကုသိုလ်ထက် ဝိပဿနာဆိုတဲ့ ဉာဏ်ကုသိုလ်သည် အမြင့်ဆုံး အမြတ်ဆုံး ဖြစ်ပါတယ်။

## ပါးစပ်ထဲမသာရဲတာ မြင်အောင်ကြည့်

အဲဒီတော့ ဘုန်းကြီးတို့ ယောဂီတို့ကို သင်တန်းစပြီးတော့ သင်ကတည်းက ဉာဏ်ဘယ်နှစ်မျိုး သင်လာတာလဲ။ (၅–မျိုးပါ ဘုရား)။ ဉာဏ် ၅–မျိုးနော်။ ဉာဏ် ၅–မျိုးက ဘာတွေလဲ။ နိဂုံးချုပ်ရအောင်

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်

(၂) နာမရူပပရိစ္ဆေဒဉာဏ်

(၃) ပစ္စယပရိဂ္ဂဟဉာဏ်

(၄) လက္ခဏာဉာဏ်

(၅) မဂ်ဉာဏ်

ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်က ဒါနကိုပြုတတ်အောင်၊ သီလဆောက်တည်တတ်အောင် ဒကာ၊ ဒကာမတွေကို သင်ပေးနေတာ။ ဒီလိုဖြင့်ရင် ဒါနပြုလို့ရှိရင် ဒီလိုအကျိုးကျေးဇူးများတယ် ဆိုတော့ ဒီဒါနကို ကြိုးစားပြီးပြုပါ။ မြတ်စွာဘုရားအလောင်း သိဝိမင်းကြီးဖြစ်တဲ့အခါကျတော့ လှူချင်လွန်းလို့ အလှူခံပုဂ္ဂိုလ် မျှော်ရတာ။ နောက်ဆုံးတော့ ဟိုကနေ အလှူခံပုဂ္ဂိုလ်လည်း လာလည်းလာရော၊ ငါဒီနေ့ မျက်လုံးလှူချင်တယ်ဆိုတော့ မျက်လုံးလာအလှူခံတော့ မျက်လုံးကို





www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကိုဖောက်ပြီးတော့ လျှုလိုက်တာ။ ဒီလိုဖြင့် ဒါနအကျိုးကို မသိလို့လား၊ သိလို့လျှုတာလား။ (သိလို့ လျှုတာပါဘုရား)။

ဒါကြောင့် ငါဘုရားသည် အလောင်းတော်ဘဝကနေပြီးတော့ လျှုခဲ့တဲ့ဥစ္စာကို ကျန်ခဲ့တဲ့ ပစ္စည်းပစ္စယ လျှုတာအသာထား။ မျက်လုံးလျှုတာတောင် ကောင်းကင်ကကြယ်တွေထက်များ တယ်တဲ့။ ဒီလောက်ထိ ဒါနနဲ့ပတ်သက်ပြီးတော့ပေါ့နော်။ အဲဒီတော့ ဆိုလိုတာက ဘုရားကိုယ် တော်မြတ်ကြီး အလောင်းတော်ဘဝကတည်းကကို ဒါနကို အားမပေးဘူးလား။ (အားပေးပါတယ် ဘုရား)။ ဒါနကြောင့် ပလ္လင်အောင်ခန်း အောင်လာတာကိုး။ အောင်ခြင်း ၈–ပါးပါနော်။ မာရ်နတ် အောင်ခန်းမှာ ဒါနနဲ့အောင်တယ်လို့ စာပေမှာ ဒီလိုလာပါတယ်။ အဲဒါကြောင့် အဲဒီလို ဒါနအကြောင်း သီလအကြောင်း တွေကို အားကိုးဖို့အတွက် ပြောနေတာပေါ့နော်။

ဒါနကို သီလကို အားမကိုးလို့ရှိရင် ခုနပြောသလို နတ်အားကိုးလို အားကိုး၊ ဒီနေ့ခေတ်စား နေတဲ့ ဘိုးတော် မယ်တော် အားကိုးလိုအားကိုး။ မဟုတ်ကဟုတ်က အားကိုးတော့ နိယတမိစ္ဆာဒိဋ္ဌိ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်)။ နိယတမိစ္ဆာဒိဋ္ဌိဖြစ်ရင် အပါယ်ကိုကျမှာ။ ဘာဖြစ်လဲ။ (အပါယ်ကိုကျ မှာပါဘုရား)။ ဒီဘဝမှာလည်း မင်္ဂတား ဖိုလ်တားဖြစ်၊ သေတော့လည်း အပါယ်ကျ။ အပါယ်ကျတော့ နာလိုက်တဲ့ဖြစ်ခြင်း၊ ဒကာ၊ ဒကာမတွေ။ အဲဒီလိုမဖြစ်အောင် ယနေ့ နံပါတ်တစ် ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ကို မသင်ရဘူးလား။ (သင်ရပါတယ်)။ သို့သော် ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ကို နားလည်တဲ့အခါကျတော့ ဒါနပြုတတ်သွားတယ်၊ သီလဆောက်တည်တတ်သွားတယ်။ သို့သော် နိဗ္ဗာန်တော့ ဝေးပါသေးတယ်။ အဲဒီတော့ နိဗ္ဗာန်ကိုနီးအောင် တစ်ဆင့် တစ်ခါ တက်ရမယ် ပေါ့နော် ဟုတ်လား။

တစ်ဆင့်တက်တဲ့အခါကျတော့ ဝိပါကဝဋ် ရုပ်နာမ်ကိုသိအောင် ပဋိစ္စသမုပ္ပါဒ် မသင်ရဘူး လား။ (သင်ရပါတယ်ဘုရား)။ ပဋိစ္စသမုပ္ပါဒ် ရုပ်နာမ်ကို ဓာတ် ၁၈–ပါး မသင်ရဘူးလား။ (သင်ရ ပါတယ်)။ မျက်စိမှာ အာရုံနဲ့ဒွါရ တိုက်တဲ့အခါ မြင်စိတ်ပေါ်တယ်။ မြင်စိတ် တစ်စိတ်ပေါ်တိုင်း ပေါ်တိုင်း ခန္ဓာ ၅–ပါး၊ ခန္ဓာ ၅–ပါး ဆိုတာကို ဉာဏ်ထဲမှာ မြင်အောင်ဒီမှာသင်ပေးရတာ။ အဲဒီ တော့မှ အနုဗောဓဉာဏ်ဆိုတဲ့ ဆရာ့ဉာဏ်ကိုမှီပြီးတော့ သိလည်းသိလိုက်ရော ပဋိဝေဓဉာဏ်နဲ့ ကိုယ်တိုင်မြင်အောင် အားထုတ်ရတာ။ ဩော်– ဟုတ်တာပေါ့၊ မြင်တာလည်း မြင်တဲ့ခန္ဓာ ၅–ပါး က မြင်ပြီးတော့ ဘာဖြစ်လဲ။ (ပျက်သွားတာ ပါဘုရား)။ ပျက်သွားတာပဲ။ ခန္ဓာ ၅–ပါးလို့ မြင် လိုက်ပြီဆိုကတည်းက ဒုတိယ အဝိဇ္ဇာတစ်ဖုံးကွာသွားတာပေါ့။ နာမရူပပရိစ္ဆေဒဉာဏ်လေ။ (မှန်လှပါ)။

ခန္ဓာ ၅–ပါးလို့ ပြောသော်လည်းပဲ တခြားလား၊ ရုပ်နဲ့နာမ်လား။ (ရုပ်နဲ့နာမ်ပါဘုရား)။ ရုပ်နဲ့နာမ်ကိုသိလိုက်ပြီဆိုရင်ပဲ ဒုတိယ အဝိဇ္ဇာအဖုံး မကွာဘူးလား။ (ကွာပါတယ်ဘုရား)။ နာမရူပ ပရိစ္ဆေဒဉာဏ်ပေါ့နော်၊ ဟုတ်လား။ ဒီလိုဖြင့်ရင် မြင်ရင်ဘာပေါ်မလဲ။ (ရုပ်နာမ်)။ ကြားရင် ဘာပေါ် မလဲ။ (ရုပ်နာမ်)။ ကြားတဲ့ရုပ်နာမ်၊ မြင်တဲ့ ရုပ်နာမ်။ စားတော့လည်း စားတဲ့ရုပ်နာမ်။ အခု ယောဂီတို့ ပါးစပ်ထဲကို ဆွမ်းလုပ်ကလေး ထည့်လိုက်ရင် မဝါးဘူးလား။ (ဝါးပါတယ်ဘုရား)။ တစ်ချက်ဝါးရင် ခန္ဓာဘယ်နှပါး။ (၅–ပါး)။ နောက်တစ်ချက်ဝါးတော့ ခန္ဓာဘယ်နှပါး။ (၅–ပါး)။

## ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ခန္ဓာ ၅–ပါးက ခွေးမဟောင်တဲ့ ခန္ဓာ ၅–ပါး နော်။ ဒီလိုဖြင့်ရင် သမုတိအနေနဲ့ပြောရင် ဘုန်းကြီး အခု တရားဟောနေတာ ခန္ဓာဘယ်နှပါးနဲ့ဟော။ (၅–ပါးနဲ့ပါဘုရား)။ ဒီ ခန္ဓာ၅–ပါးက သေရင် ခေါင်းထဲသွင်းရင် တစ်လောင်းကျတယ်ပေါ့။ (မှန်လှပါ)။

အခု ယောဂီတို့ တစ်ချက်ကလေး ဝါးလိုက်တော့ ခန္ဓာဘယ်နှစ်ပါးလဲ။ (၅–ပါး)။ ဒါလဲ တစ်လောင်းကျသွားတာပဲ။ သို့သော် အလောင်းတောင် မကျန်လို့၊ ရှင်းပြီနော်။ အဲဒီတော့ ဘုန်းကြီး တို့ သင်တန်းဆရာများက ဘာမိန့်သလဲလို့ဆိုရင် တကယ်တော့ **"ပါးစပ်ထဲ မသာချတာမြင်အောင် ကြည့်"** တဲ့။ သိပ်လေးနက်တယ်နော်။ ပါးစပ်ထဲမသာချတာ မြင်အောင်ကြည့်ဆိုတော့ တကယ် တော့ ဖြစ်ပျက်ကိုပြောတာပါ။ ဘာကိုပြောတာလဲ။ (ဖြစ်ပျက်ကို ပြောတာပါဘုရား)။ အဲဒီတော့ တစ်ချက် ဝါးလိုက်လို့သိရင် ခန္ဓာဘယ်နှပါး။ (၅–ပါးပါဘုရား)။ တစ်လောင်းကျသွားတာပေါ့။ နောက်တစ်ချက်ဝါးလိုက်တာက ခန္ဓာဘယ်နှပါး။ (၅–ပါး)။ နောက်တစ်လောင်းကျသွားတာပေါ့။ နောက်တစ်ချက် ဝါးလိုက်တော့ ခန္ဓာဘယ်နှပါး (၅–ပါး)။ အဲဒီဘုရားအစရှိတဲ့ အရိယာသူတော် ကောင်း ကြီးတွေက ဒါကိုမြင်ပြီးတော့ ဘုဉ်းပေးသုံးဆောင်တာ။

အဲဒီတော့ သုံးဆောင်နေရင်းကို တခြားကိုကျေးဇူးပြုတာလား၊ နိဗ္ဗာန်ကို ကျေးဇူးပြုတာလား။ (နိဗ္ဗာန်ကိုကျေးဇူးပြုတာပါဘုရား)။ မဂ်ဉာဏ်သည် နိဗ္ဗာန်ကိုကျေးဇူးပြုမှာကိုး။ အဲဒီတော့ မဂ်ဉာဏ် သည် နိဗ္ဗာန်ကိုကျေးဇူးပြုတော့ ဒီပုဂ္ဂိုလ်ဝါးနေတာ မဂ်နဲ့ဝါးနေတာ။ မဂ္ဂင် ၅–ပါးနဲ့ဝါးနေတာ။ ဘာနဲ့ဝါးနေတာလဲ။ (မဂ္ဂင် ၅–ပါးနဲ့ဝါးနေတာပါဘုရား)။ အဲဒီလို မရှုမှတ်တဲ့ပုဂ္ဂိုလ်က ကိလေသာ နဲ့ ဝါးတာ။ ကိလေသာနဲ့ ဝါးတာက အပါယ်သွားဖို့။ မဂ္ဂင်နဲ့ဝါးတာက နိဗ္ဗာန်သွားဖို့။ အဲဒီတော့ ဒကာ၊ ဒကာမတွေ စားတဲ့အခါမှာလည်း စားတတ်လို့ရှိရင် နိဗ္ဗာန်ထိအောင်ရတယ်။ မစားတတ်၊ မဝါးတတ်လို့ရှိရင် ဘယ်ရောက်မလဲ။ (အပါယ်ရောက်မှာပါဘုရား)။ အဲဒါကြောင့် ယနေ့ ပဋ္ဌိစ္စ သမုပ္ပါဒ်သင်တန်းသည် နေတတ် စားတတ်အောင် သင်ရခြင်းဖြစ်တယ်။ ဒါလေးသိတဲ့အခါကျ တော့ အင်း–ဟုတ်ပြီ တို့တစ်သက်လုံးက ဒကာ၊ ဒကာမတွေ စားနေတာ တစ်ခါမှလည်း မမှတ် ဘူး။ အခု ယောဂီတို့ ရိပ်သာဝင်တဲ့အခါ စားတဲ့အခါ မှတ်ကောမှတ်ရဲ့လား။ (မှတ်ပါတယ်ဘုရား)။ အေးလေ – မမှတ်လည်းမဖြစ်ဘူး။ ဘုန်းကြီးက တတွတ်တွတ် ပြောနေတာကိုး၊ဗျ။ စားနေရင်း တတွတ်တွတ်ပြောနေတာ။ အဲဒီလို အပြောကောင်းလို့ တစ်ခါ ယောဂီ တစ်ယောက်ကနေပြီး ပြောဖူးတယ်။ ယောဂီ တက္ကသိုလ်ကျောင်းသူတစ်ယောက်က ဘုန်းကြီးက သူ့ကျောင်းလာတာ ကောင်းကောင်းမကျွေးဘူးတဲ့ – ဟော။ လုပ်ပုံက။ ဒါနဲ့ မဟုတ်သေးဘူး။ တရားပွဲပြီးမှ အိမ်ပင့် ဆွမ်းကပ်လိုက်ဦးမယ်တဲ့။ ဒီမှာတော့ မရှုမှတ်ဘဲစားရင် အဝိဇ္ဇာနဲ့စားရင်ဘာဖြစ်မယ်။ တိရစ္ဆာန် ဖြစ်မှာ။ ဒါ– ဘုန်းကြီးဟောတာလား၊ ဘုရားဟောတာလား။ (ဘုရားဟောတာပါဘုရား)။ ဘုန်းကြီး စကားလုံး တစ်လုံးမှမပါဘူးနော်။

လောဘနဲ့စားရင် ဘာဖြစ်မလဲ။ (ပြိတ္တာ)။ ဒီကနေ့ စားကောင်းလိုက်တာကွာဆိုရင် ပြိတ္တာဖြစ် မှာပဲ။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်)။ စားကောင်းတယ်ဆိုရင် ဘာစားစားတယ်ခေါ်မလဲ။ (ပြိတ္တာစား စားပါတယ်ဘုရား)။ ပြိတ္တာစား စားတယ်ဆိုတော့ ပြိတ္တာဖြစ်တော့မှာ။ မရှုဘဲနဲ့ စား တာကိုး။ ဟာ–ဒီနေ့ဖြင့် စားမကောင်းဘူး။ ဘယ်လိုချက်ထားမှန်းမသိဘူး။ ဒီအသံ အလိုမကျ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အသံ။ အလိုမကျဘဲနဲ့စားတော့ ဘာစားစားတာလဲ။ ဒေါသနဲ့ ဒယ်အိုးကြည့်စားတာ၊ ဟင်းကြည့်တာ မဟုတ်ဘူး။ ဟိုမှာ ငရဲကျမယ်ပြောတာ။ ရှင်းပြီနော်။ အဲဒါက ဘုန်းကြီးဟောတဲ့တရား မဟုတ်ဘူး။ ဘုရားဟောတာ။ ဒီအတိုင်းစားရင် ဒီအတိုင်းဖြစ်မယ်ပြောတာ။ အဲဒါကို ဟိုမှာ အယူအဆက ဘုန်းကြီးက ကောင်းကောင်းမကျွေးဘူးဆိုတာ။ ဒီစကားလုံး သူပြောသွားတာ။ အခု ယောဂီတို့ကို ကောင်းကောင်းကိုကျွေးလို့ မနည်းကို လျှော့နေရတယ်နော်။ ဒီမှာရှိတဲ့ အလှူရှင်တွေကလည်း နင်လား၊ ငါလား မကျွေးဘူးလားဗျာ။ (ကျွေးပါတယ်)။ ဝေယျာဝစ္စ ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေကလည်း ဒီတစ်ပတ် ယောဂီတွေကို တရားစခန်းစကာစ ရင်းနှီးတဲ့ ယောဂီတွေမို့ ပြောရတယ်။ ခင်ဗျားတို့ ပေါင်ချိန်ချိန်ထားမှနော်။ ရိပ်သာဝင်တဲ့အချိန်နဲ့ ပြန်မယ့်အချိန်နဲ့ ပေါင်ချိန်တော့ လျော့ဖို့တော့မရှိဘူး။ တိုးဖို့ပဲ ရှိတယ်လို့။ ဒီလောက် အဟာရကလည်း ပြည့်ပြည့်စုံစုံ ရှိတာပေါ့ ဟုတ်လား။

အဲဒီတော့ ဆိုလိုတာက တစ်ချက်ဝါးတိုင်း ဝါးတိုင်းမှာ ခန္ဓာက ဘယ်နှစ်ပါးလဲ။ (၅-ပါး)။ အဲဒီလို ၅-ပါးပေးတာကို ရှုပြီးတော့ ဒီလို သုံးဆောင်ရတယ်။ အဲတော့ ဒီသင်တန်းကို ယောဂီတို့ ဒါက ကြားပြီး ပျောက်သွားရမှာလား။ အားထုတ်ရမှာလား။ (အားထုတ်ရမှာပါ ဘုရား)။ ဒီတော့ ဘုန်းကြီးရဲ့ သက်တော်ရှည် ဆရာတော်ဘုရားကြီး ဒီမှာတရားလာနာတော့ ဘုန်းကြီး ဒီလို တရားလေးတွေ ပြောပြတဲ့အခါကျတော့ ဘာသတိပေးလဲဆိုတော့ "**မောင်ပဥ္စင်းတဲ့ ယောဂီတွေကို သတိပေးပါကွာ။ ဒီစားနည်းကားနဲ့ ပတ်သက်ပြီးတော့ပေါ့နော်။ တော်တော်ကြာတော့ ဒီ ဥစ္စာက ဒီသင်တန်းမှာတင် စားရတယ်။ အိမ်ရောက်တော့ ဒီလိုမလိုဘူးလို့ ထင်နေမယ်**"တဲ့။ နည်းတဲ့ကရုဏာမဟုတ်ဘူးနော်။ သက်တော်ရှည်ဆရာတော်ဘုရားကြီး မိန့်သွားတာ။ ကျေးဇူးတင်ပါတယ် ဆရာတော်ဘုရား၊ သတိပေးပါမယ်လို့နော်။ အဲဒီတော့ ရိပ်သာမှာကျတော့ အလှူရှင်တွေကကျွေးလို့ ဒီမှာ မရှုမှတ်ဘဲစားရင် ဘာဖြစ်မလဲ။ (ကြွေးတင်မယ်)။ မရှုမှတ်ဘဲ စားရင်။ (ကြွေးတင်မှာပါဘုရား)။ အိမ်ကျတော့ ကိုယ့်ဟာနဲ့ကိုယ် စားတော့ ကြွေးမတင်ဘူးလို့ မထင်နဲ့။ ပိုတင်တာ ဒကာ၊ ဒကာမတွေ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်)။

အဲဒီတော့ သူများလှူလို့ပဲစားစား၊ ကိုယ့်ဖာသာပဲ ဝယ်စားစား၊ ပဋိစ္စသမုပ္ပါဒ် ဆက်သမျှကာလပတ်လုံး ကမ္မဘဝပစ္စယာ ဇာတိ၊ အပါယ်ဇာတိပဲ။ အဲဒါ သတိထားပါ။ ကိုယ့်ဘာသာတတ်နိုင်လို့ နေ့တိုင်းပဲ ဟော်တယ်ပဲ တက်စားနေနေ၊ ချက်ပဲစားနေနေ၊ စားချင်သလိုစား၊ မရှုမှတ်သမျှကာလပတ်လုံး တခြားဇာတိလား၊ အပါယ်ဇာတိလား။ (အပါယ်ဇာတိပါ ဘုရား)။ အဲဒီတော့ အိမ်မှာလည်းပဲ ဒီလိုစားဖို့ကို သတိပေးပါတဲ့၊ ဘုန်းကြီးကို မေတ္တာရပ်ခံတယ်ပေါ့နော်။ အခုလည်းပဲ တရားပွဲက နောက်ဆုံးနေ့ဆိုတော့ ယောဂီတို့အတွက် အိမ်ကိုပါဖို့အတွက်ကို ဘုန်းကြီး တရားကို နိဂုံးချုပ်နေတာပါ။ (မှန်လှပါဘုရား)။

## အိမ်ပြန်ရောက်ရင်သတိထား

ခုနပြောခဲ့တဲ့ တစ်ချက်ဝါးလို့တစ်ချက် ရုပ်နာမ်ဆိုတာဟာ မိုးပေါ်ကကျတဲ့ ရုပ်နာမ်လား။ (မဟုတ်ပါဘူး)။ ဘုရားအလိုတော်ကျ ရုပ်နာမ်လား။ (မဟုတ်ပါဘူး)။ အလိုလိုဖြစ်တဲ့ ရုပ်နာမ်လား။



45A

www.burmeseclassic.com

www.burmeseclassic.com



(မဟုတ်ပါဘူး)။ ဒီလိုဖြင့်ရင် အဲဒီရုပ်နာမ်သည် အကြောင်းကြောင့်ဖြစ်သော အကျိုး ရုပ်နာမ်။ အကြောင်းကြောင့်ဖြစ်သော အကျိုးရုပ်နာမ်လို့ ယောဂီတို့ အခုသိသွားပြီ။ အဲဒီလို သိလိုက်ပြီ ဆိုကတည်းက ဉာဏ်စဉ်တစ်ချက်တက်သွားပြီ။ ပစ္စယပရိဂ္ဂဟဉာဏ် ရသွားပြီ။ အဝိဇ္ဇာအဖုံးတွေ ကွာနေပြီနော်။ ရုပ်နာမ်လို့သိလိုက်တဲ့အခါကျတော့ နံပါတ်နှစ် နာမရူပ ပရိစ္ဆေဒဉာဏ် မရဘူး လား။ (ရပါတယ်)။ အဲဒီ ရုပ်နာမ်သည် မိုးပေါ်ကကျတဲ့ ရုပ်နာမ် မဟုတ်ဘူး။ အကြောင်းကြောင့် ဖြစ်သောအကျိုးရုပ်နာမ်။ အကြောင်းကိုလည်း သိမ်းဆည်းမသိရဘူးလား။ (သိရပါတယ်)။ အကျိုး ကိုလည်း သိမ်းဆည်းမသိရဘူးလား။ (သိပါတယ်)။ အဲဒီလို အကြောင်းနဲ့အကျိုးကို သိမ်းဆည်း သိတာကို ပဋိစ္စသမုပ္ပါဒ် နားလည်တယ်လို့ ခေါ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်တဲ့ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်။ တရားနိဂုံးချုပ်လာပြီနော်။ သို့ဖြင့်ရင် အဲဒီဉာဏ်တွေထဲမှာကို ကံကပါပြီး သား။ ကဲ – ဒီတော့ ရှေ့တစ်ဉာဏ် ဆက်လိုက်၊ လက္ခဏာဉာဏ် နော်။

လက္ခဏာဉာဏ် ဆိုတော့ ခုန စားတာလေး ဥပမာပြောပြီးပြီ။ တစ်ချက်ဝါးတော့ ခန္ဓာ ဘယ် နှပါး။ (၅–ပါးပါ ဘုရား)။ နှစ်ချက်ဝါးတော့ ခန္ဓာဘယ်နှပါး။ (၅–ပါးပါ ဘုရား)။ နောက် ၅–ပါးပဲ။ ဒီလိုဖြင့်ရင် ဆွမ်းတစ်လုတ် ယောဂီတို့ ဝမ်းထဲကို မျိုချနိုင်တဲ့အဆင့်ထိအောင် ဘယ်နှစ်ချက် ဝါးလဲ။ ကဲ ဘုန်းကြီး တစ်ယောက်ချင်းတော့ မမေးတော့ပါဘူး။ မေးနေရင် အကုန်ပေါ်တော့မယ်။ ကိုယ့်ဟာလေးကိုယ် ပြီးတော့မှ မှတ်ထား၊ ဟုတ်လား။ ၅–ချက်နဲ့တော့ မျိုလို့မရလောက်ဘူး ထင်တယ်။ ထား – တစ်ယောက်နဲ့တစ်ယောက်ကတော့ မတူဘူး။ အချို့က အလေ့အကျင့် စကားပြောတယ်။ ပါးစပ်ထဲထည့်ပြီး တအားမျိုချတတ်တဲ့သူက ဘယ် ၅–ချက် ဝါးတော့မလဲ။ လုံးထွေးမျိုချတဲ့လူကျတော့လေ။ တစ်ချို့ စိမ်ပြေနပြေဝါးတဲ့သူကျတော့လည်း ၁၅–ချက်လောက် ကို ဝါးရင်ဝါးတာ။ ဒါ တစ်ဦးနဲ့တစ်ဦး မတူဘူး။ ကဲ – အဲဒီတော့ထား။ အတိုင်းအတာမရှိဘူး။ ကိုယ့်ဟာလေးနဲ့ကိုယ် ဘယ်လောက်ဝါးလဲဆိုတာကို ဒကာ၊ ဒကာမတွေ လေ့ကျင့်ထားပါ။ (မှန်လှပါ)။

အဲဒီလို ကျောင်းမှာပဲစားစား၊ အိမ်မှာပဲစားစား၊ အဲဒီလိုလေ့ကျင့်ပြီး စားရင်၊ စားနေရင်း စားနေရင်းနဲ့ မဂ္ဂင်မရဘူးလား။ (ရပါတယ်ဘုရား)။ အဲဒါကြောင့် ဝိပဿနာဆိုတာက အကျင့်မခက်၊ အသိခက်၏တဲ့။ ကဲ – အခုကြည့်၊ စားရင်းနဲ့ ကျင့်လို့ရနေတာ။ ကျေးဇူးများလိုက်တာ ယောဂီတို့ နော်။ အဲဒီတော့ စားရင်းနဲ့ကျင့်လို့ရတယ်ဆိုတော့ အခု ယောဂီတို့ ဒီမှာစားတာ အနည်းနဲ့အများ ကတော့ စားရင်းနဲ့ကို ရှုကြတာများပါတယ်။ အဲဒီလို ရှုနေတဲ့အချိန်မှာ ခုန တစ်ချက်ကလေးရှုလို့ မဂ္ဂင်ဘယ်နှစ်ပါး။ (၅–ပါး)။ မဂ္ဂင်ဝင်နေတဲ့အချိန်မှာ လောဘ ဒေါသ မောဟ ငြိမ်နေတယ်နော်။ ကျန်တဲ့အချိန်မှာ သူဝင်ချင်ဝင်မှာ။ လောဘ ဒေါသ မောဟဆိုတဲ့တရားဟာ တခြားတရားလား။ ကိလေသာလား (ကိလေသာပါ ဘုရား)။ ကိလေသာက အင်မတန် ကလီကမာများတယ်။ အင်မ တန် ပရိယာယ်များတယ် ယောဂီတို့။

မဂ္ဂင်ဝင်တဲ့အချိန်မှာ သူဝင်လို့မရတဲ့အခါကျတော့ ဘေးကနေ ရပ်ကြည့်နေတယ်။ ဒါပေမဲ့ မကျေနပ်ဘူးနော်။ ကိလေသာက အမြဲတမ်းမကျေနပ်ဘူး။ ယောဂီတို့ကို ရိပ်သာကို ရောက်လာ တဲ့အခါကျတော့ ကိလေသာက ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့မရတဲ့အခါကျတော့



www.burmeseclassic.com

www.burmeseclassic.com



အငြိုးရှိတယ်နော်။ အိမ်ပြန်ရောက်ရင်တော့ သတိထား။ နှစ်ထပ်တိုးနဲ့ နှိပ်လိမ့်မယ် နော်။ ဘာကြောင့်လဲဆိုတော့ ဒီမှာ လောဘလည်း သိပ်ဖြစ်ချိန်မရဘူး။ တရားနာလိုက် အားထုတ်လိုက် ဆိုတော့နော်။ ဒေါသကလည်း ဖြစ်ချိန်မရဘူးပေ့ါနော်။ အမြဲတမ်း ဒီမှာ တရားမှတ်နေတော့ မောဟကလည်း ဖြစ်ချိန်မရဘူး။ ဒီနေ့မှာ ငါမရှိတဲ့ အကြောင်း၊ ရုပ်နာမ်အကြောင်းချည်းပဲ ဟောနေတော့ ဒိဋ္ဌိကလည်း ဖြစ်ချိန်မရဘူး။ အဲဒီတော့ အဲဒီတရားတွေသည် တခြားတရားလား၊ ကိလေသာ တရားလား။ (ကိလေသာ တရားပါဘုရား)။ ကိလေသာက ယောဂီတို့ကို ညှိုးနေပြီ။ မှတ်ဦးတဲ့။ သတိထားဦးပေ့ါ။ စောင့်ကြည့်နေတာ။ အခုဒီမှာရှုနေတာ မဝင်နိုင်ဘူးလေ။ အဲ – ဒီကနေပြီးတော့ ရိပ်သာကလည်း လုပ်ငန်းခွင်ကလည်းထွက်လိုက်ရော အိမ်လည်းပြန်ရောက်ရော သူ နှိပ်စက်တော့မှာ။ အဲဒီလို နှိပ်စက်တော့ နှိပ်စက်လည်း ခံလိုက်ရရင် ဒကာ၊ ဒကာမတွေ မသက်သာဘူး။

အဲဒီတော့ သူ့ကို အနှိပ်စက်မခံရအောင် စားရင်လည်း ဘာနဲ့စားမလဲ။ (သတိနဲ့)။ စားတာလေး သတိကပ်ပေးလိုက်စမ်းပါ။ အခု အလေ့အကျင့် ရနေပြီနော်။ အဲဒီလို သတိလေး ကပ်ပြီး စားလိုက်ပြီဆိုကတည်းက ကဲ–ဒကာ၊ ဒကာမတွေ စားတဲ့ခန္ဓာ၅–ပါးသည်ပေါ်ပြီး ဘာဖြစ်မလဲ။ (ပျက်ပါတယ်)။ ပေါ်ပြီး ပျက်တယ်ဆိုတာ တခြားကမြင်တာလား။ မဂ္ဂင်ကမြင်တာလား။ (မဂ္ဂင်ကမြင်တာပါဘုရား)။ ဉာဏ်နဲ့မြင်တာကို ဦးစားပေးနော်။ ဘာနဲ့မြင်ရမှာလဲ။ (ဉာဏ်နဲ့မြင်ရမှာပါဘုရား)။ ကံနဲ့မြင်တာ မဟုတ်ဘူး။ စားနေတာတော့ စားနေတာပဲ။ တစ်လုတ်ပြီး တစ်လုတ် စားနေတာပဲ။ သို့သော် ဉာဏ်ကနေပြီး ဩော် – တစ်လုတ်နဲ့တစ်လုတ် မတူဘူးဟ။ နောက်တစ်လုပ်နဲ့ တစ်လုတ် တူပါ့မလား။ (မတူပါဘူး)။ တစ်ချက်ဝါးတယ်။ နောက်တစ်ချက်ဝါးတယ်။ တစ်ချက်နဲ့ တစ်ချက်တူရဲ့လား။ (မတူပါဘူး)။ တစ်ချက် ဝါးတယ်။ တစ်။ နောက်တစ်ချက်ဝါး။ တစ် နှစ်။ နောက်တစ်ချက်ဝါးတယ် သုံးဆိုတော့။ တစ်နဲ့ နှစ်နဲ့ တူရဲ့လား။ (မတူပါဘူး)။ ဒီလိုဖြင့်ရင် တစ်လည်း ခန္ဓာဘယ်နှစ်ပါး။ (၅–ပါး)။ အဲဒီ ၅–ပါးသည် ပေါ်ပြီးတော့ပျက် ဒီနေရာမှာပေါ်၊ ဒီနေရာမှာ ပျောက်သွားတယ်ဆိုတဲ့ သူ့သဘောလေးကို ဉာဏ်နဲ့မြင်လိုက်တော့ လက္ခဏာဉာဏ်ရတာပေ့ါ။ ဘာဉာဏ်လဲ။ (လက္ခဏာဉာဏ်) လက္ခဏာဉာဏ်ဆိုတော့ ဝိပဿနာဉာဏ်ရသွားပြီ။ အဲဒီဉာဏ်တွေ ရလိုက်တာနဲ့တစ်ပြိုင်တည်း ဒကာ၊ ဒကာမတွေ လူဖြစ်ရကျိုး နပ်သွားပြီ။ (မှန်လှပါ)။ အဲဒီဉာဏ်နဲ့ သေချင်တဲ့အချိန်သေ။ သေချာပေါက် ဒီဘဝနောက်ဆုံး သောတာပန် မဖြစ်နဲ့ဦးနော်။ ဒုတိယဘဝမှာ သေချာပေါက် သောတာပန်ဖြစ်ပါတယ်။ ကဲ – ဒုတိယဘဝ မဖြစ်ဘူးလား။

## သစ္စာသိအောင်အရင်လုပ်

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေဟာ ငါဒုတိယဘဝတွေ ဘာတွေ မမျှော်နဲ့တော့။ မမျှော်နဲ့တော့။ ဒုတိယဘဝ နတ်ပြည်ရောက်သွားလို့ မေ့သွားရင်ခက်ဦးမယ်။ မေ့တောထဲ ရောက်သွားတတ်တယ်။ နတ်ပြည်ဆိုတာ လူ့ပြည်လို မဟုတ်ဘူး။ အင်မတန် ပျော်စရာတွေချည်းပဲ။ သွားလည်း စိတ်ကရောက်မနေနဲ့ဦး။ ရောက်မှာစိုးလို့ သတိပေးနေတာနော်။ ဘာပဲဖြစ်ဖြစ် ကြည့်စရာ ရှုစရာနဲ့ အလုပ်မှမလုပ်ရဘဲ။ နတ်ပြည်မှာက ကံသက်သက်လေ။ လူ့ပြည်မှာတော့ စားဖို့၊ နေဖို့၊ ဝတ်ဖို့ မရှာရဘူးလား။ (ရှာရပါတယ်)။ လူ့ပြည်မှာက ကံရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ် ပါတယ်။ နတ်ပြည်ကတော့ ကံသက်သက်။ ဘာမှ ပူစရာမရှိဘူးဆိုတော့ အေးအေးဆေးဆေး

www.burmeseclassic.com



ဖိမ်နဲ့နေရုံပဲ။ အဲဒီအခါကျတော့ ဘုရားမေ့၊ တရားမေ့ မေ့သွားရော။ မေ့သွားတော့ နတ်ပြည်နဲ့ ငရဲပြည်က တိုက်ရိုက်လမ်းပေါက်တယ်။ ဟော -- ဖြတ်လမ်းရှိတယ်။ အဲဒါကြောင့်မို့လို့လည်း နတ်ပြည်ကိုရောက်သွားရင် မေ့တောထဲရောက်သွားသလို ကိုယ့်အားထုတ်ထားတဲ့ တရားတွေ ပျောက်သွားမှာစိုးရတယ်။ ဒီက တရားမျိုးစေ့တွေ ပြုတ်သွားမှာ စိုးရတယ်။ အဲဒါကြောင့်မို့လို့ ဒုတိယဘဝကို ဒကာ၊ ဒကာမတွေ မစဉ်းစားနဲ့၊ ဒီဘဝမှာသာလျှင် ဒီရုပ် ဒီနာမ် ဒီခန္ဓာနဲ့ ဒီဘဝ မှာ သေချာပေါက် ကျွတ်တမ်းဝင်နိုင်တဲ့ အခြေအနေမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒါသာ မြန်မြန်ဆန်ဆန် အားထုတ်လိုက်စမ်းပါ။ ဝိသာခါ ကျောင်းအမကြီးများ၊ အနာထပိဏ်သူဌေးကြီး များလို ဟုတ်လား။ သောတာပတ္တိမဂ် တစ်ကြိမ်ရသွားရင် ဒကာ၊ ဒကာမတွေ ပျော်ချင်တိုင်း ပျော်လို့မရဘူးလား။ (ရပါတယ်ဘုရား)။

ဒါကြောင့် မနေ့ကပြောသလိုပဲ အိုးနဲ့အိမ်နဲ့၊ ပုဆိုးနဲ့ထမီနဲ့၊ အမျိုးနဲ့စိန်နဲ့ ပျော်ချင်သလို ပျော် အပါယ်တံခါးပိတ်ပြီးတော့ နိဗ္ဗာန်ကိုမြင်ရရင် ဒကာ၊ ဒကာမတို့ ဘုန်းကြီးတို့ လူဖြစ်ကျိုး မနပ်ဘူးလား။ (နပ်ပါတယ်ဘုရား)။ အဲဒီလို ဖြစ်အောင်ဘာလုပ်ရမလဲ။ ကြိုးစားရမယ်။ ဒီလို ကြိုးစားနိုင်ဖို့က စားတိုင်း စားတိုင်း အမူအရာတိုင်း အမူအရာတိုင်းမှာ စောင့်ပြီးကြည့်လိုက်ရင် မမြဲတဲ့ သဘောကိုမြင်ရင် ဒါလက္ခဏာဉာဏ်ဆိုတာ ဝိပဿနာဉာဏ်ပေါ့။

အဲဒါ ဘုန်းကြီးသင်တန်းစကတည်းက ဒီဉာဏ် ၅-မျိုးနဲ့ စခဲ့တာ။ ဒါ - ဒီနေ့ နိဂုံးချုပ် တာပေါ့နော်။ အဲဒီလို နိဂုံးချုပ်တဲ့အခါကျတော့ မိမိ ဘယ်အတိုင်းအတာအထိ ရောက်ပြီဆိုတာကို ယောဂီတို့ကို ပြောနိုင်ဖို့အတွက်ကို ခုန ကြေညာထားတဲ့ ရထဝိနီတသုတ္တန်ပေါ့နော်။ အဲဒီတော့ အဲဒီ ရထဝိနီတသုတ္တန်က ဓမ္မာဒါသ တရားနဲ့တွဲရပါတယ်။ ဓမ္မ အာဒါသပေါ့။ တရားကြေးမုံလို့ ခေါ်ပါတယ်။ ယောဂီတို့။ ဒီတော့ မနေ့ကလည်းပဲ သမထ ဝိပဿနာအကြောင်း ဟောတဲ့အခါမှာ မစုံဘူးနော်။ မစုံပေမယ့် အချိန်မရှိလို့ ဒီလောက်ပဲရပ်လိုက်တာ။

**"ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊**

**မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊**

**အယံ ဝေါ တုမှာကံ အနုသာသနီ"** ဆိုတဲ့ ဒေသနာလေး ဘုန်းကြီး မနေ့က ရွတ်ပြ သွားပါတယ်။ အဲဒီ ဒေသနာအစဉ်လေးက ချစ်သား၊ ချစ်သမီးတို့ သမထဝိပဿနာ တရားပွားများ အားထုတ်ကြပေတော့။ အဲဒီလိုပွားများ အားမထုတ်ဘဲနဲ့ ခုနပြောတဲ့ ဘုံဆိုင်အလုပ်တွေနော်။ ဘုံဆိုင် အလုပ်တွေက များလို့များ တစ်နေ့ တစ်နေ့ မအားလို့ အားမထုတ်နိုင်လို့ ဘာဖြစ်လို့ ညာဖြစ်လို့ အမျိုးမျိုး အကြောင်းပြချက်တွေနဲ့များပြီး အားမထုတ်နိုင်လို့ မေ့လျော့နေမယ်ဆိုရင် ရက်ကနေ လ၊ လကနေနှစ် နောက်ဆုံးတော့ ဒကာ၊ ဒကာမတို့ ဘုန်းကြီးတို့ သွားရမယ့်လမ်းက တခြားလား၊ သေခြင်းတရားလား။ (သေခြင်းတရားပါဘုရား)။ အဲဒီလို သေရာညောင်စောင်း ရောက်တဲ့အခါကျတော့ နောင်တ နောင်တ နောင်မှ တလိမ့်မယ်တဲ့။ မြတ်စွာဘုရား ကြိုပြီးမြင်ထားလို့ ဒီဒေသနာစဉ်ကို ဆုံးမတာ။ အဲဒီတော့ သေရာညောင်စောင်းရောက်တဲ့အခါ ဘာဖြစ်မလဲ။ နောင်တ, တမယ်။ ဘာ ဖြစ်တာလဲ။ (နောင်တ, တပါမယ်)။ နောင်တ, တတယ် ဆိုတာ သေတဲ့အခါကျတော့ ဘုန်းကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



ဒကာ၊ ဒကာမတွေ ခုချိန်မှာ အင်အားရှိတုန်းကတော့ ဘာမဆို ခံနိုင်တယ်လေ။ အင်အား မရှိတဲ့ အခါကျတော့ ထမင်းတောင်မှပဲ ကိုယ့်ဟာကိုယ် စားလို့ရပါ့မလား။ (မရပါဘူး)။ သူများက ပါးစပ် ထဲ ထည့်ပေးရတယ်။ အားမရှိတော့ဘူး။ အဲဒီလောက်ထိတောင် အားပြတ်သွားမယ်ပေါ့။ အဲဒီလို အားပြတ်သွားတဲ့အချိန်ကျတော့ မိမိမှာရှိနေတဲ့ ဓာတ် ၄-ပါးက ပိုပြီးတော့ မဖောက်ပြန်ဘူးလား။ (ဖောက်ပြန်ပါတယ်ဘုရား)။

အခုအချိန်မှာ ဣရိယာပုတ်တွေနဲ့ တစ်ခါတည်းနေတဲ့အခါကျတော့ သူတို့က သိပ်မဖောက် ပြန်ဘူး။ ငြိမ်နေတာပေါ့။ ရောဂါတွေက ငြိမ်နေတယ်။ အဲဒီလို အင်အားတွေလည်း ကျသွားရော သူတို့ထပြီးတော့ မဖောက်ပြန်ဘူးလား။ (ဖောက်ပြန်ပါတယ်ဘုရား)။ ထပြီးဖောက်ပြန်ရင် ယခုထက် အဆပေါင်း မြောက်မြားစွာခံရရင် ဒကာ၊ ဒကာမတွေ စဉ်းစားကြည့် သည်းခံနိုင်ပါ့မလား။ ဘယ် လိုနည်းနဲ့မှ သည်းမခံနိုင်ဘူး။ သည်းမခံနိုင်ရင် ဘာဖြစ်မလဲ။ ဒေါသ။ သည်းမခံနိုင်ရင် (ဒေါသ)။ အဲဒီလို ဒေါသတွေ မဖြစ်ရအောင် ဒေါသတွေဖြစ်ပြီဆိုလို့ရှိရင် ဟိုက ဂတိနိမိတ်က တခြားနိမိတ် ပေါ်တာလား။ ငရဲနိမိတ်ပေါ်တာလား။ (ငရဲနိမိတ် ပေါ်တာပါဘုရား)။ အဲဒီလမ်းစဉ်က ရှောင်လို့ကို မရတဲ့လမ်းစဉ်။ သူကိုယ်တိုင် ဒါကိုမြင်ပြီး ဟောတာနော်။

ယောက်ျားတစ်ယောက်ဟာ အိမ် ၂-အိမ်ကြားမှာရပ်နေတယ်။ အိမ်၂-အိမ်ကြားမှာရပ်နေတဲ့ ယောက်ျားတစ်ယောက်သည် ဟိုဘက်အိမ်မှာ ဘယ်သူ ဝင်တယ် ထွက်တယ်ဆိုတာ သူ မမြင်ဘူး လား။ (မြင်ပါတယ်)။ ဒီဘက်အိမ်မှာ ဘယ်သူဝင်တယ် ထွက်တယ်ဆိုတာ မမြင်ဘူးလား။ (မြင်ပါ တယ်)။ ဒီလိုဖြင့် အဲဒီယောက်ျားဟာ သူများပြောလို့ သူထင်နေတာလား။ သူကိုယ်တိုင်မြင်တာ လား။ (သူကိုယ်တိုင်မြင်တာပါဘုရား)။ မြတ်စွာဘုရားပေးတဲ့ဥပမာနော်။

အဲဒီလိုပဲတဲ့ ချစ်သားတို့ ငါဘုရားကိုယ်တော်မြတ်ကြီး ဟောနေတဲ့ တရားတွေဟာ အဲဒီလို အိမ် ၂-အိမ်ကြား ယောကျ်ားတစ်ယောက်က ကိုယ်တိုင် ကိုယ်ကျမြင်ပြီးဟောသလို မင်းတို့ကို ငါဟောနေတာ ချစ်သား ချစ်သမီးတို့။ မြတ်စွာဘုရားက ဒီအတိုင်းဟောထားပါတယ်နော်။

အဲဒီတော့ ခုလည်းပဲ သေကာနီးကာလ ဒီလိုနောင်တရမယ်ဆိုတာ ဘုရားက သဗ္ဗညုတဉာဏ် နဲ့ မြင်နေတာ။ မင်းတို့ဖြစ်လိမ့်မယ်။ အဲဒီလို ဖြစ်မှာ စိုးလွန်းလို့ မြန်မြန်ဆန်ဆန် သမထ ဝိပဿ နာတရားကို အားထုတ်ကြ။ ဒိဋ္ဌိကို မြန်မြန်ဖြုတ်ကြ။ ရင်ဝလှံစူး၊ ဆံဦးမီးလောင် ဒိဋ္ဌိအမြန်ရှောင် ဆိုတဲ့စကား မရှိဘူးလား။ (ရှိပါတယ်) မြန်မြန်ဆန်ဆန်ကြီးကို ဒိဋ္ဌိကိုဖြုတ်၊ မဖြုတ်ရင် အပါယ်ကျမှာ စိုးလို့။ မဟာကရုဏာနော်။ အဲဒါကြောင့်မို့ အဲဒီလို နောင်တမရရအောင် ဒကာ၊ ဒကာမတို့ ဘုန်း ကြီးတို့ ယနေ့ ဘာတရားအားထုတ်ကြမလဲ။ (သမထ ဝိပဿနာတရားအားထုတ်ကြရမှာပါဘုရား)။

ဒါကြောင့် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက သားရေး၊ သမီးရေး စီးပွားရေး နောက်ထား၊ သစ္စာသိအောင် အရင်လုပ်တဲ့။

**အရှုတ်နဲ့မကျေနပ်နဲ့၊ အသားစားပါ**

ကဲ - မမှန်ဘူးလား။ ဒီတော့ ဆရာတော်ဘုရားကြီးက ထပ်ပြီးတော့ ဆုံးမလိုက်သေးတယ်။ သားရေး သမီးရေး စီးပွားရေးကိုမလုပ်ရင် လူ့ဘဝမှာ မျက်နှာငယ်မှာပေါ့။ တကယ်လည်း မျက်



www.burmeseclassic.com

www.burmeseclassic.com



နာသယ်မှာပါ။ စီးပွားမရှာရင် သူများသုံးသလို မသုံးနိုင် သူများဖြုန်းသလို မဖြုန်းနိုင်သူများလုပ်သလို မလုပ်နိုင်ရင် မျက်နှာမငယ်ရဘူးလား။ (ငယ်ရပါတယ်ဘုရား)။ သို့သော် အပါယ်မကျဘူး။ သစ္စာမသိရင် ဘာဖြစ်မလဲ။ (အပါယ်ကျပါတယ်)။ ယနေ့ သူဌေးကြီးဖြစ်ပြီး နောက်နေ့ဘာဖြစ်မလဲ။ (ခွေးကြီးဖြစ်ပါတယ်)။ တောဒေယျ အကြောင်းလည်း ပြောပြီးပါပြီ။ အဲဒီလိုဖြစ်မှာစိုးလို့ မြတ်စွာဘုရားက အိမ်(၂)အိမ်ကြားထဲမှာရပ်တဲ့ ယောကျ်ားလို ငါသည် ဒီတရားတွေကိုသိပြီး မြင်ပြီးတော့ ဟောနေတာတဲ့။ ကဲ -- ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘာမှသံသယဖြစ်စရာမရှိဘူး။ နောက်မြတ်စွာဘုရားက ငါ့အပြောအတိုင်း မိမိတို့ လက်မခံနဲ့ဦးတဲ့။ လက်တွေ့လုပ်ကြည့်ပါဦးတဲ့။ ''ကေသမုတ္တိ'' သုတ္တန်မှာထပ်ပြောပြန်တယ်။ သူများပြောစကား နားထောင်ရမှာလား၊ လက်တွေ့ လုပ်ကြည့်ရမှာလား။ (လက်တွေ့လုပ်ကြည့် ရမှာပါဘုရား)။ အဲဒီလို လက်တွေ့လုပ်မှ လက်ခံကျင့်သုံးပါလို့ ဒီလို မိန့်တော်မူတယ်ပေါ့နော်။

အဲဒီတော့ အဲဒီလို မိန့်တော်မူတော့ ယောဂီတို့ ဘုန်းကြီးတို့ အားကိုးရမှာ တခြားလား။ တရားလား။ (တရားပါဘုရား)။ ''ဓမ္မော မေ သရဏံ အညံ နတ္ထိ''နော်။ တရားကို အားကိုးတဲ့နေရာမှာ အဆင့်လိုက် အားကိုးရမှာနော်။ ဗုဒ္ဓဘာသာဝင် စတဲ့ ပုဂ္ဂိုလ်တွေက ဒါနအားကိုးရမယ်၊ သီလအားကိုးရမယ်။ နည်းနည်းလေး အဆင့်မြင့်လာတဲ့ ဗုဒ္ဓဘာသာတွေကျတော့ တရားလေး ဘာလေးထိုင်တာတို့ ပုတီးစိပ်တာတို့ ဘုရားရှိခိုးတာတို့ ပရိတ်ရွတ်တာတို့ ပဋ္ဌာန်းရွတ်တာတို့ အားမကိုးရဘူးလား။ (အားကိုးရပါတယ်ဘုရား)။ အဲဒါက ဒုတိယအဆင့် တက်သွားပြီနော်။ ဈာန်လိုင်းကိုရောက်သွားတဲ့အခါကျတော့ ဒါလည်း အားကိုးရမယ်ပေါ့။ သို့သော် အဲဒီလိုင်းတွေသည် ကံတို့ ဈာန်တို့ဟာ နိဗ္ဗာန်ရနိုင်ရဲ့လား။ (မရနိုင်ပါဘူးဘုရား)။ အထောက်အပံ့ ပေးနေပြီ။ လှေခါးထစ်တွေတက်လာပြီ။ အပေါ်မရောက်သေးဘူး။ အပေါ်ဆုံးလှေခါးထစ်ကို တက်နိုင်ဖို့အတွက် တခြား ကူရမှာလား၊ ဉာဏ်ကို ကူရမှာလား။ (ဉာဏ်ကိုကူရမှာပါဘုရား)။

ဒီလိုဖြင့် ကံတရားကို နံပါတ်တစ်အားကိုး။ ဒုတိယဈာန်တရားကို အားကိုး၊ တတိယက ဉာဏ်တရားကိုအားကိုး။ ဘုရားဦးချတောင်မှပဲ ယောဂီတို့ စနစ်တကျလုပ်ပါ။ ဘုန်းကြီး တာဝန်ကျေပါတယ်နော်။ သေသေချာချာသင်ထား ပြီးပြီနော်။ အချို့ ယောဂီတွေဆို ပုံမကျဘူး၊ ဦးချတာက ၁၀-ရက်လုံးလုံး အားထုတ်ပြီးတော့မှ ဦးချတာတွေဟာ တည်ခြင်းကြီး ၅-ပါးနဲ့ မညီဘူးဆိုရင် ကိုယ့်အတွက် က ကောင်းပါ့မလား။ (မကောင်းပါဘူးဘုရား)။ ဒါကျေးဇူးဆပ်တာပါ ယောဂီတို့။

ဒါလေးကို သတိလွတ်တဲ့အခါ ဘုန်းကြီးတို့ကိုယ်တိုင် ကြုံခဲ့ဖူးလို့ ပြင်းပြင်းထန်ထန် အဆုံးအမခံခဲ့ဖူးလို့ ဘုန်းကြီးတို့ သတိရှိလွန်းလို့ သြော် ယောဂီတို့ကို ထပ်တလဲလဲ ထပ်တလဲလဲ သတိပေးခြင်း ဖြစ်တာပေါ့နော်။

တရားကိုစောင့်ရင် တရားကပြန်စောင့်မယ်။ အဲဒါကြောင့်မို့ တရားမှတစ်ပါး ဘာမှ ကိုးကွယ်စရာရှိရဲ့လား။ (မရှိပါဘူး)။ မရှိဘူး။ ဒါကြောင့် တရားကို တကယ် ကိုးကွယ်ရမယ်။ အားထားရမယ်။ အဲဒီတရားတွေ ဘယ်သူဟောတာလဲ။ (ဘုရား)။ ဒီလမ်းကို ဘယ်သူရှာဖွေတာလဲ။ (ဘုရား)။ အဲဒါကြောင့်မို့ ဒကာ၊ ဒကာမတွေ ဘုရားကိုကိုးကွယ်မှ အပါယ်ပိတ်တာ။ တရားကိုအားကိုးမှ အပါယ် ပိတ်မှာ။ ဒါကြောင့် ဘုရားသည် ဒုက္ခပင်လယ်သိမ်း ကင်းငြိမ်းတဲ့လမ်းကြီးကို နိဗ္ဗာန်လမ်းကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေလာတဲ့အတွက် ဘုရားမကိုးကွယ်ရဘူးလား။ (ကိုးကွယ်ရပါတယ်)။ ဒီတရားကို လက်တွေ့လုပ်ရင် လက်တွေ့ချမ်းသာတဲ့အတွက် တရားမကိုးကွယ်ရဘူးလား။ (ကိုးကွယ်ရပါတယ်)။ ဘုရားတရားတွေကို ဆောင်နေတဲ့ သံဃာတွေကို မကိုးကွယ်ရဘူးလား။ (ကိုးကွယ်ရပါတယ်)။

ကိုယ်ကိုယ်တိုင်လည်းပဲ ကိလေသာ ငြိမ်းရာငြိမ်းကြောင်း အားထုတ်နေတဲ့အတွက် ဒီ ကိုးကွယ်တဲ့အထဲမှာ ကိုယ်ရောမပါဘူးလား။ (ပါ,ပါတယ် ဘုရား)။ အဲဒါကြောင့်မို့လို့ ကိုးကွယ်ရာအစစ်အမှန် ဘယ်နှစ်ချက်။ (၃–ချက်ပါဘုရား)။ အဲဒီ ဘုရား တရား သံဃာ ရတနာ ၃–ပါးကိုယုံယုံကြည်ကြည်နဲ့ ကိုးကွယ်လို့ ဒီလမ်းစဉ်အတိုင်း တကယ် ဒကာ၊ ဒကာမတွေ ဘုန်းကြီးတို့အားထုတ်မယ် ဆိုရင် ဘယ်တော့မှ မဆင်းရဲပါဘူး။ ဒီဘဝတင် မဟုတ်ဘူး။ ဘယ်ဘဝမှ မျက်နှာမငယ်ပါဘူး။ အဲဒီတော့ ယနေ့ နောက်ဆုံးနေ့ သတိပေးချင်တာက အရွှတ်နဲ့ မကျေနပ်နဲ့၊ အသားစားပါ။ ဘယ်လို တိုက်တွန်းတာလဲ။ (အရွှတ်နဲ့မကျေနပ်နဲ့၊ အသားစား)။ အဲဒီတော့ ရွှတ်လည်းရွှတ်ပါ။ စားလည်းစားပါ။ အရွှတ်လည်း စားပါ၊ အသားလည်းစားပါလို့ တိုက်တွန်းမယ်ပေါ့နော်။ အဲဒီတော့ အသားစားရင် အလိုလိုဝပြီးသားပါပဲ။ သို့သော် မိမိတို့၏ စေတနာ ဝါသနာအလျောက် သမုတိ လောကအနေနဲ့ ရွှတ်စရာရှိလည်းရွှတ်ပါ။ ဉာဏ်ကတော့ ဒကာ၊ ဒကာမတွေအသားစားတာကို နှလုံးသွင်းထားနော် (မှန်လှပါ)။ ဒါ သိပ်အရေးကြီးပါတယ်။

## ပဋ္ဌာန်းနဲ့ ခြစည်းရိုးခတ်နေတယ်

အဲဒီတော့ အချို့မှာ ဘယ်လောက်ထိ အစွဲကြီးလဲဆိုရင် ၂၄–ပစ္စည်း ဆိုတာ ဘုန်းကြီးတို့ပဋ္ဌာန်းဒေသနာမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒါလေးကို ဟိုတစ်နေ့ကလည်း ပြောခဲ့တယ်။ တစ်–ပစ္စည်းလေးရွှတ်နေရင် အန္တရာယ်ကင်းတယ်။ အဲဒီတော့ တစ်ချို့က မိရိုးဖလာက ကံကိုသင်ထားတယ်ပေါ့။ ဘယ်လို သင်ထားလဲဆိုတော့ အဲဒီ ၂၄–ပစ္စည်းကို စည်းချကြတယ်။ ဒကာ၊ ဒကာမတွေ။ ဘာလုပ်တာလဲ။ (စည်းချကြတယ်)။ နားကြီးကြီးနားထောင်ပါ။ အဲဒီတော့ ဟေတုပစ္စယောက တနင်္ဂနွေထောင့်ကစောင့်၊ အာရမ္မဏပစ္စယော တနင်္လာ ထောင့်ကစောင့်နော်။ အဲဒီလို ၂၄–ပစ္စည်းကို အထပ်ထပ်စည်းချပြီးတော့ အိပ်လိုက်တော့ တကယ်တော့ ကောင်းပါတယ်။ မကောင်းဘူးပြောတာ မဟုတ်ဘူး။ ကောင်းသလား၊ မကောင်းဘူးလား။ (ကောင်းပါတယ်)။ ကောင်းတယ် အဲဒါ အရွှတ်နဲ့တင် ပြီးပြီးသွားတာ။ အဲဒါ ဆရာတော်ဘုရားကြီးက တစ်ဆင့်မြင့် အောင်ဘယ်လိုဆုံးမလိုက်သလဲလို့ဆိုရင် ဒကာ၊ ဒကာမတွေ ခင်ဗျားတို့ တော်တော် ဝွကျတဲ့သူ တွေပဲ။ တိုက်ရိုက်ဆုံးမတာ။ ခင်ဗျားတို့က ပဋ္ဌာန်းများ ခြံစည်းရိုးခတ်နေတယ်၊ ဟော။ ဘာတဲ့လဲ။ (ပဋ္ဌာန်းများ ခြံစည်းရိုးခတ်နေတယ်)။ ခြံစည်းရိုးခတ်တယ်ဆိုတာ နောက်တစ်လုံး သုံးလိုက်သေး တယ်။ ခင်ဗျားတို့က ပဋ္ဌာန်းကို ဒရဝမ်အလုပ်ခိုင်းတာကိုးတဲ့။ ဟော– သိပ်လေးနက်တယ်နော်။ သို့သော် ဒီစကား ယောဂီတို့ ဒီနေရာမှာပဲထားပါ။ အရပ်ထဲ မသုံးပါနဲ့နော်။ ဘာဖြစ်လို့လဲဆိုတော့ ပရမတ္ထဉာဏ်မမြင်ရင် ဒီစကားက အန္တရာယ်ရှိသွားတယ်။ အခုဟာကစခန်းပွဲလည်း ၁၀– ရက်မြောက်နေ့မို့ ဘုန်းကြီးလည်းပဲ ရဲရဲတင်းတင်း ပြောရတာ။ (မှန်လှပါ)။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဆိုကြပါစို့။ အိမ်တစ်အိမ်မှာ ဘုရားတွေလှည့်ပြီးတော့ ခြစည်းရိုး ကာထားရင် ကောင်းပါ့မလား။ (မကောင်းပါဘူး)။ ဟာ ဒီလူ ဗုဒ္ဓဘာသာ သာပြောတယ်။ ဘုရား ခြံစည်းရိုး ကာထားတယ်ဆိုတော့ ကောင်းပါ့မလား။ (မကောင်းပါဘူး)။ ဒီလိုဖြင့်ရင် ပဋ္ဌာန်းကို စည်းချတာ ဘာခြံစည်းရိုးကာတာလဲ။ (ဘုရား ခြံစည်းရိုးကာတာပါဘုရား)။ ကဲ –– ရှင်းသွားပြီနော်။ အဲဒီတော့ ဆရာတော်က ဒါလောက်ကလေးနဲ့တင် မကျေနပ်စေချင်ဘူး။ အဲဒီ ရွတ်နေတဲ့ တရားတော်တွေကို ရင်ထဲကိုအရောက်ပို့ ခန္ဓာထဲကိုအရောက်ပို့၊ အရောက်ပို့လိုက်ရင် ဒကာ၊ ဒကာမတွေ တခြားရ မှာလား၊ ဉာဏ်ရမှာလား။ (ဉာဏ်ရမှာပါဘုရား)။ အဲဒီ ဉာဏ်ကုသိုလ်သည် ကိစ္စအကုန် မပြီးဘူး လား။ (ပြီးပါတယ်ဘုရား)။ ဒါကြောင့် တရားကိုစောင့်ရင် သူတော်ကောင်းများအတွက် မြေကြီးက ရွှေသီးပေလိမ့်မယ်ဆိုတဲ့ ဒီစကားလုံးလေးကိုသာ ယုံကြည်စမ်းပါ။ ယောဂီတို့။ ဒါ––သတိပေး လိုက်တာနော်။ (မှန်လှပါ)။

## ဓမ္မာဒါသ–တရားကြေးမုံ

ကဲ– ဒီတော့ ယနေ့ပြောရမယ့်တရားက ဘုန်းကြီးတို့မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံလွန်တော်မူခါနီး နာတိကရွာမှာ သီတင်းသုံး တော်မူစဉ် အရှင်အာနန္ဒာကို ဟောတော် မူတဲ့ ''ဓမ္မာဒါသ'' ဆိုတဲ့ ဓမ္မကြေးမုံ၊ တရားမှန်ချပ်ကြီးကို ကျေးဇူးပြုပါမယ်။ သုတ်မဟာပါဠိတော် မဟာပရိနိဗ္ဗာနသုတ် မှာ ပါ,ပါတယ်။

တစ်နေ့တော့ ရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးက နာတိကရွာက ဘယ်သူ ဘယ်သူတွေ တော့ သေဆုံးသွားတယ်ဘုရား။ အဲဒါသူတို့ ဘယ်ဘုံ ဘယ်ဘဝကို ရောက်သွားပါသလဲ သာနဆိုတဲ့ ရဟန်း၊ နန္ဒာဆိုတဲ့ ရဟန်းမ၊ သုစိတ္တဆိုတဲ့ ဥပါသကာ စသည်ဖြင့်ပေါ့လေ။ နာမည်တွေဖော်ပြီး မေးလိုက်တာ။ သူတို့သူတို့တွေ ဘယ်ဘုံ ဘယ်ဘဝဘယ်ဌာနတွေများ ရောက်ကြပါသလဲဘုရားပေါ့။

အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အရှင်အာနန္ဒာ မေးလျှောက်တဲ့ ပုဂ္ဂိုလ်တွေဟာ တစ်ချို့ ရဟန္တာဖြစ် ပရိနိဗ္ဗာန်စံကြတာကွ။ တစ်ချို့ အနာဂါမ်ဖြစ်လို့ ဒီလူ့ဘုံကို ပြန်မလာတော့ဘူး။ တစ်ချို့က သကဒါဂါမ်ဖြစ်လို့ တစ်ကြိမ်တစ်ခါသာ လူ့ဘုံလာကြတော့တယ်။ တစ်ချို့ သောတာပန် အဖြစ်နဲ့ အပါယ်မကျတော့ဘဲ ဂတိမြဲကြတယ်ကွ၊ ဒါ ဘုရားသခင် အဖြေပေးလိုက်တယ်။ နာတိက ရွာသား ဥပါသကာ ငါးဆယ်ကျော်က အနာဂါမ်၊ ကိုးဆယ်ကျော်က သကဒါဂါမ်၊ ငါးရာကျော်က သောတာပန် ဤသို့ စသည် စသည်ဖြင့် ဖြစ်ကုန်ကြတယ်။

အဲဒီတော့ လူတွေလူတွေနောက်ဆုံးခရီးသည် တခြားလား၊ သေတာလား။ (သေတာပါ ဘုရား)။ သေသွားတဲ့အခါကျတော့ သူ့ရဲ့ဂတိအလျောက်ပေါ့နော်။ လောဘနဲ့သေတော့ ပြိတ္တာ သွားတယ်။ ဒေါသနဲ့သေတော့ ငရဲသွားတယ်။ မောဟနဲ့သေတော့ တိရစ္ဆာန်ဖြစ်တယ်၊ အသူရကာယ် ဖြစ်တယ်။ ဒါနနဲ့သေတော့ နတ်ပြည်ရောက်တယ်။ သီလနဲ့သေတော့ နတ်ပြည်ရောက်တယ်၊ သမထတွေ ဈာန်တွေနဲ့သေတော့ ဗြဟ္မာပြည်ရောက်တယ်။ ခုန ဝိပဿနာတွေ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တွေနဲ့ဆိုတော့ နိဗ္ဗာန်ဝင်တယ်။ သူ့ဂတိနဲ့ သူမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဒါ တွေ သူ့လမ်းစဉ်နဲ့သူ ရှင်းရှင်းလေးပါ ယောဂီတို့။

အောင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ – ဒီတရားတွေကို မသိတဲ့အခါကျတော့ အလုပ် အင်မတန်များတဲ့ မြတ်စွာဘုရားကို အာနန္ဒာက လူတစ်ယောက်သေသွားတိုင်း သွားမေးတယ်။ အရှင်ဘုရား အဲဒီပုဂ္ဂိုလ် ဘယ်ရောက်သွားလဲ။ အေး – သူကတော့ ဒါနနဲ့သေလို့ နတ်ပြည်ရောက်တယ်ကွ။ သူကတော့ သောတာပန်ဖြစ်ပြီးသေလို့ နတ်ပြည်ရောက်တယ်။ ဟာ – သူကတော့ ရဟန္တာ ဖြစ်သွားတယ် စသည်ဖြင့် မြတ်စွာဘုရားကဟောရပါတယ်၊ ယောဂီတို့နော်။ လူတွေကလည်း တစ်နေ့ တစ်နေ့ သေတဲ့လူတွေကလည်း မြောက်မြားစွာမရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒီမြောက်မြားစွာကို ရှင်အာနန္ဒာက သိချင်တဲ့အနေနဲ့ အမြဲတမ်းမေးတော့ ဘုရားကလည်း ဖြေရတော့တာပေါ့။ ဘုရားဆိုတာ အင်မတန်အလုပ်များပါတယ် ယောဂီတို့။ ဒီတော့ အာနန္ဒာမင်း လူသေတိုင်း ငါ့ဆီလာမေးနေရင် ငါပင်ပန်းသကွ။ အဲဒီတော့ ငါတရားဟောမယ်။ အဲဒီပေတံနဲ့သာ တိုင်းတော့ပေ့ါ။ တစ်နည်းအားဖြင့် ငါမင်းကို မှန်ပေးလိုက်မယ်။ အဲဒီပုဂ္ဂိုလ်ရဲ့အကြောင်းကိုသိချင်ရင်။ ဘုန်းကြီးတို့လည်း ကိုယ့်မျက်နှာကိုကြည့်ချင်ရင် ဘာလုပ်ရမလဲ။ (မှန်ကြည့်ရပါမယ် ဘုရား)။ မှန်ကြည့်ပေ့ါ။ ဆံဖျားကနေ ခြေဖျား ကိုယ့်တစ်ကိုယ်လုံး တစ်ထည်လုံး ဝတ်တာ၊ စီးတာ ဘာသာ အဆင်ပြေတယ်၊ မပြေဘူးဆိုတာ ဘာနဲ့ကြည့်မလဲ။ (မှန်နဲ့ကြည့်ရပါတယ် ဘုရား)။ ကိုယ့်ကိုယ်ကိုတော့ မမြင်ဘူး။ မှန်ထဲကြည့် မမြင်နိုင်ဘူးလား။ (မြင်နိုင်ပါတယ် ဘုရား)။ အဲဒီလိုမြင်နိုင်အောင် ကိုယ့်ကိုယ်ကို အဆင်ပြေ၏၊ မပြေ၏ဆိုတဲ့ အနေအထားကိုကြည့်ရအောင် အိမ်တိုင်း အိမ်တိုင်း မှန်ဆောင်ရတယ်။

အဲဒီ အိမ်တိုင်း အိမ်တိုင်း မှန်ဆောင်သလို မိမိတို့၏ဂတိတွေကို သွားတဲ့အခါ သိနိုင်အောင် တခြားဆောင်ရမှာလား၊ မှန်ဆောင်ရမှာလား။ (မှန်ဆောင်ရ မှာပါ ဘုရား)။ တရားမှန်ဆောင်ရမယ်။ ဘာဆောင်ရမလဲ။ (တရားမှန်ဆောင် ရမယ်)။ အဲဒီတရားမှန်ဆိုတာ –

"ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ
ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ
သံဃေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ
အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ"

ဆိုပြီး စာကဒီအတိုင်း ပြထားတယ်။ ၄–ချက် ပြတယ်ပေ့ါ။ အဲဒီထဲမှာပါသွားပြီနော်။

**မြတ်စွာဘုရားကိုဉာဏ်ဖြင့် သက်ဝင်သိမြင်ယုံကြည်တဲ့ သဒ္ဓါတရားရှိခြင်းသည် မှန်တစ်ချပ်။**

**တရားကို ဉာဏ်ဖြင့်သက်ဝင် သိမြင်ယုံကြည်တဲ့ သဒ္ဓါတရား ရှိခြင်းသည် မှန်တစ်ချပ်။**

**သံဃာကို ဉာဏ်ဖြင့်သက်ဝင် သိမြင်ယုံကြည်တဲ့ သဒ္ဓါတရား ရှိခြင်းသည် မှန်တစ်ချပ်။**

**အရိယာတို့မြတ်နိုးအပ်တဲ့ ငါးပါးသီလကိုမြဲခြင်းသည် မှန်တစ်ချပ်။**

မှန်ဘယ်နှစ်ချပ်လဲ။ (၄–ချပ်ပါ ဘုရား)။ အဲဒီ ၄ ချပ်ထဲကိုကြည့်လိုက်ရင် ဘယ်သတ္တဝါပဲဖြစ်ဖြစ် ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ဒကာ၊ ဒကာမတွေ ဘယ်သွားပြီဆိုတာက သေချာသွားပြီ သိသွားပြီ။ အဲဒီတော့ အဲဒီမှန် ကိုယ်ပိုင်ရှိဖို့ အရေးကြီးတယ်။ အိမ်တိုင်းမှာ မှန်ရှိသလို ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ကိုယ်ပိုင်မှန် ၄–ချပ် ရှိဖို့ အရေးမကြီးဘူးလား။ (ကြီးပါတယ်)။ အဲဒီ ၄–ချပ်က ခုနပြောခဲ့တဲ့ ဘုရား ကိုးကွယ်တာရယ်၊ တရားကိုးကွယ်တာရယ်၊ သံဃာကိုးကွယ်တာရယ်၊ သီလ



www.burmeseclassic.com

www.burmeseclassic.com



မြဲတာရယ်။ ဘယ်နှချက်လဲ။ (၄–ချက်ပါ ဘုရား)။ အဲဒါကို ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးက လင်္ကာသွားလေးနဲ့ မှတ်သားထားတယ်။ လိုက်ဆိုကြည့်ပါ။

၁။ ဗုဒ္ဓစွမ်းရည် တွေ့မြင်ပြီ ယုံကြည်မြဲလှစွာ။

၂။ ဓမ္မစွမ်းရည် တွေ့ကြုံပြီ ယုံကြည်မြဲလှစွာ။

၃။ သံဃာ့စွမ်းရည် တွေ့ကြုံပြီ ယုံကြည်မြဲလှစွာ။

၄။ အရိယကန္တ ငါးသီလ လုံးဝပြည့်စုံရာ။

၅။ မြတ်သောတာပန် တရားမှန် ဝေဖန်စုံလင်ရာ။

၆။ ကိုယ့်ဉာဏ်အဆင့် ကိုယ်တိုင်ချင့် အသင့်ဆုံးဖြတ်ရာ – တဲ့။

အဲဒီ ၄–ချက် မှန်ကြီး ချစ်သား မင်းကိုင်ထား။ နောက် ငါ့မမေးနဲ့တော့။ ရှင်းပြီးနော်။

အဲဒီတော့ ယောဂီတို့က ပဋိစ္စသမုပ္ပါဒ်ကို နားလည်တဲ့အခါကျတော့ ငါသေရင် ဘယ်သွားမယ် ဆိုတာ ကိုယ့်ကိုယ်ကိုသိသွားပြီ။ လောဘနဲ့သေတော့ ပြိတ္တာ။ ဒါနနဲ့သေတော့ သုဂတိ။ ဝိပဿနာ ဉာဏ်နဲ့သေတော့ သောတာပန်ဖြစ်။ သေရင်တောင်မှပဲ တခြားရောက်မှာလား။ သုဂတိရောက်မှာ လား။ (သုဂတိရောက်မှာပါ ဘုရား)။ အဲဒါ ကိုယ့်ကိုယ်ကို သိနိုင်ဖို့။ အဲဒီတရား မှန်ထဲထည့်ကြည့်ရ မယ်။ အဲဒီမှန်ကို ဒကာ၊ ဒကာမတွေ မြတ်စွာဘုရားဟောတော်မူပါတယ်။

## ဘုရားသာစုခေါ်

အဲဒါနဲ့ တစ်ဆက်တည်းပဲ မူလပဏ္ဏာသပါဠိတော်မှာလာတဲ့ ''ရထဝိနီတ'' သုတ်ကို ကျေးဇူး ပြုပါမည်။ ရထဝိနီတသုတ္တန်ဖြစ်ပေါ်လာတဲ့အကြောင်းက မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတရားတွေ တောင်းပြီးတဲ့အခါကျတော့ ရဟန်းတော် အရှင်မြတ် တွေ သူ့ဆိုင်ရာဆိုင်ရာတွေမှာ သွားပြီးတော့ အားထုတ်နေကြတယ်။ ဥပမာ – ရှင်သာရိပုတ္တရာဆိုရင်လည်း ရှင်သာရိပုတ္တရာ တပည့်တွေနဲ့။ အရှင်မောဂ္ဂလာန် ကလည်း အရှင်မောဂ္ဂလာန်တပည့်တွေနဲ့။ အရှင်ပုဏ္ဏဆိုတဲ့ ရဟန်းတော်ကလည်း သူ့တပည့်တွေနဲ့။ အဲဒီတော့ အဲဒီ အရှင်ပုဏ္ဏဆိုတဲ့ ရဟန္တာဟာ တပည့်တွေအများဆုံး ပုဂ္ဂိုလ်ကြီး လည်းဖြစ်တယ်။ ဒီတော့ သူ့တပည့်တွေကနေပြီးတော့ သီတင်းဝါလကျွတ်တဲ့အခါကျတော့ ဘုရားဖူး လာကြတယ်။ မြတ်စွာဘုရားကို လာပြီးတော့ ဖူးကြတယ်။ ဒီတော့မှ မြတ်စွာဘုရားက ချစ်သားတို့ မင်းတို့ သပ္ပါယမျှတရဲ့လား။ သပ္ပါယမျှတယ်ဆိုတာ နေလို့ထိုင်လို့ကောင်းရဲ့လား။ ဘောဇနသပ္ပါယ၊ ဥတုသပ္ပါယ၊ အာဝါသသပ္ပါယ၊ ပုဂ္ဂလသပ္ပါယဆိုတာ တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေကြ ရဲ့လား။ အဲဒါတွေ အဆင်ပြေကြရဲ့လားလို့ မေးတာပေါ့။

ဒီတော့ ပုထုဇဉ်တွေဟာ ပုဂ္ဂလသပ္ပါယမရှိရင် ဘာမှလုပ်လို့မရဘူး။ လူနှစ်ယောက် အတူနေ ပြီး မတည့်ရင် အဲဒီပုဂ္ဂိုလ်နှစ်ယောက်က နေလို့မဖြစ်တော့ဘူး။ သူဟာလေးနဲ့သူ ခြေထောက်ကလေး နဲ့ နင်းတာ ပြင်းသွားတောင်မှ ဒီကောင် ငါ့စောင်းသလားဆိုတာ ဖြစ်တော့မယ်။ ပုထုဇဉ်နော်။ သိပ်ကြောက်စရာကောင်းတယ်နော်။ အဲဒါကြောင့် အများနဲ့နေတဲ့အခါမှာ ပုဂ္ဂလသပ္ပါယမျှဖို့ အရေး မကြီးဘူးလား။ (ကြီးပါတယ် ဘုရား)။ ဒါလည်းပဲ တရားရတဲ့အင်္ဂါထဲမှာ တစ်ခုပါတယ်နော်။ ဘောဇနသပ္ပါယဆိုတာ အဟာရမျှတဖို့ အရေးကြီးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် စောစောက ဘုန်းကြီး ယောဂီတွေကိုပြောပါတယ် ဟုတ်လား။ ဒကာမကြီးတွေတော့ ပေါင်ချိန်ထားဆိုတာ။ ဒီမှာက အပဟာရသပ္ပါယ မျှတပါတယ်။ မမျှရင်လည်းပဲ တရားမရနိုင်ဘူးနော်။ အာဝါသသပ္ပါယဆိုတာ အရိပ်အာဝါသ၊ ဥတုသပ္ပါယဆိုတာ အပူ အအေးပေါ့နော် ဟုတ်လား။ အဲဒါလေးမျှမှ။ ပူလွန်းရင်လည်း တရားမရဘူး။ အေးလွန်းရင်လဲ တရားမရဘူး။ ရာသီဥတု မျှမျှ တတနေရာမှ တရားရနိုင်တယ်လို့ ဒီလိုဆိုလိုတာ။

အဲဒါကြောင့် ဘုန်းကြီးတို့ ယနေ့ မြန်မာနိုင်ငံမှာ အကုန်လုံးပြည့်စုံတယ်။ တအားကြီးလည်း မပူဘူး၊ တအားကြီးလည်း မအေးဘူးဆိုတော့ မျှတတဲ့ဥတု မရှိဘူးလား။ (ရှိပါတယ်)။ သစ်ပင်နဲ့ ဘာနဲ့ ညာနဲ့ အရိပ်အာဝါသနဲ့ မပူလွန်း မအေးလွန်းဖြစ်သည့်အတွက်ကြောင့် တရားရနိုင်တဲ့အင်္ဂါနဲ့ ညီပါတယ်။

ဘုရားပွင့်တဲ့ခေတ်လို ဖြစ်နေလို့ မြန်မာနိုင်ငံမှာ အခု ဒီဘုရားဟောတဲ့တရားတွေ ပြန့်ပြီးတော့ နာနေရတာ၊ အားထုတ်နေရတာနော်။ အဲဒီအချိန်အခါမှာ ကိုယ်က မေ့လျော့ပြီးတော့အိပ်ပျော်နေရင် ဘယ်တော့မှ ဒီဘဝပြန်အစားရမှာ မဟုတ်တော့ဘူး။ ဒါလည်း သိပ်အရေးကြီးတယ်ပေါ့နော်။

အဲဒါကြောင့်မို့လို့ ချစ်သားတို့ သပ္ပါယမျှတရဲ့လား။ မျှပါတယ်ဘုရား။

ကဲ-အသင်ချစ်သားတို့၊ မင်းတို့က ဘယ်သူ့တပည့်တွေလဲလို့ မေးပြီ။ ဘယ်လိုမေးလဲ။ (ဘယ်သူ့တပည့်တွေလဲ)။ ဘယ်သူ့တပည့်တွေလဲဆိုတော့ တပည့်တော်တို့ဘုရား၊ အရှင်ပုဏ္ဏရဲ့တပည့်တွေပါတဲ့။ ဘယ်သူ့တပည့်တွေလဲ။ (အရှင် ပုဏ္ဏရဲ့တပည့်တွေပါဘုရား)။ ဆရာကိုမေးတာနော်။ ဒါကြောင့်မို့ ဘုန်းကြီးတို့ ယောဂီများလည်းပဲ ဟာ – ဒကာ၊ ဒကာမတွေ ခင်ဗျားတို့ယောဂီတွေ ဘယ်သူ့တပည့်တွေလဲ။ ဟာ – မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့တပည့်တွေ ဟာ – မဟာစည်ဆရာတော်ဘုရားကြီးတပည့်တွေ စသည်ဖြင့်၊ စွန်းလွန်းဆရာတော်ဘုရားကြီးရဲ့တပည့်တွေ မပြောရဘူးလား။ (ပြောရပါတယ် ဘုရား)။ ကိုယ့်ဆရာနဲ့ ကိုယ့်တပည့် ဒီလိုပြောရမှာပဲ။ တစ်လုံးတစ်ပါဒ တစ်ဂါထာ သင်ပေးလိုက်ရင် ဒါဆရာပဲပေါ့နော်။ ဆရာရဲ့ဂုဏ်ကျေးဇူးတွေဆိုတာကတော့ အနန္တော အနန္တ ၅–ပါးထဲမှာ ပါပြီးသားမို့ထား ဟုတ်လား။

အဲဒီတော့ မြတ်စွာဘုရားကလည်း ဆရာကို မေးတာ။ ဒကာ၊ဒကာမတွေ ဆရာ သိပ်အရေးကြီးတယ်။ တပည့်တော်တို့ဆရာက အရှင်ပုဏ္ဏပါ ဘုရား။ အေး– ကောင်းပြီကွာ။ မင်းတို့ဆရာက ဘယ်လိုများ ဆုံးမထားသလဲတဲ့။ သိပ်အရေးကြီးလာပြီ ဒကာ၊ ဒကာမတွေ။ ဆရာအရေးကြီးသလား၊ အရေးမကြီးဘူးလား။ (အရေးကြီးပါတယ် ဘုရား)။ မြတ်စွာဘုရားကိုယ်တော်တိုင်ကနေ ဆရာရဲ့အဆုံးအမကို မေးပြီ။ အသင်ချစ်သားတို့ရဲ့ဆရာက သင်ချစ်သားတို့ကို ဘယ်လိုများ ဆုံးမလေ့ဆုံးမထ ရှိသလဲလို့ မေးပြီနော်။ ဒီတော့ ဆရာရဲ့အဆုံးအမကို ဒကာ၊ ဒကာမတွေ ဉာဏ်ချိန်ခွင်ပေးနေတာနော်။ ဉာဏ်ချိန်ခွင်ယူပါ။ မိမိတို့ ကိုးကွယ်ဆည်းကပ်တဲ့ဆရာက ဘာဆုံးမနေသလဲ။ လောကီတစ်ဘဝ၊ တစ်နပ်စာ ဆုံးမသလား။ တစ်သံသရာလုံးစာ ဆုံးမသလား။ ဟုတ်လား။ ဒါ – ဉာဏ်ချိန်ခွင်ပဲ။ မကောင်းတာတွေ ဆုံးမနေသလား။ ကောင်းတာတွေ ဆုံးမနေသလား။ ဒါ–ဉာဏ်ချိန်ခွင်ပဲ။ အဲဒါမိမိတို့က ဉာဏ်ချိန်ခွင်ရရင် ဘယ်ဆရာကိုပဲဆည်းကပ်၊ ဆည်းကပ်၊ ကိုးကွယ် ကိုးကွယ် မမှားတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ချိန်ခွင်မရလို့ ဒကာ၊ ဒကာမတွေ ဆရာညွှန်ကြားမှုနဲ့ တစ်ချက်ကလေးတိမ်းသွားရင် သိပ်ကြောက်စရာကောင်းပါတယ်။ မင်းတို့ဆရာက ဘယ်လိုဆုံးမသလဲဆိုတော့ တပည့်တော်တို့ ဆရာက ဘုရားတဲ့၊ တဏှာကုန်ဖို့၊ တဏှာချုပ်ဖို့၊ ဥပါဒါန်ချုပ်ဖို့ ဆုံးမပါတယ်တဲ့။ ဘယ်လိုဆုံးမသလဲ။ (တဏှာကုန်ဖို့၊ တဏှာချုပ်ဖို့၊ ဥပါဒါန်ချုပ်ဖို့ ဆုံးမပါတယ် ဘုရား)။ မြန်းခနဲ ဒီစကားတွေက ပဋိစ္စသမုပ္ပါဒ် နာထားလို့ နည်းနည်းလေး ရိပ်မိတာ။ ပဋိစ္စသမုပ္ပါဒ် မသိရင် အဲဒီစကားပြောဘာမှနားလည်မှာ မဟုတ်ဘူး။ ပဋိစ္စသမုပ္ပါဒ် နားလည်တော့ နံပါတ်-၃ အကွက်မှာ ဘာရှိလဲ။ တဏှာ၊ တဏှာပြီးတော့ ဥပါဒါန်၊ ဥပါဒါန်ပြီးတော့ ကမ္မဘဝ၊ ဒီ ၃-မျိုး ဟိုမှာရှိတယ်နော်။ နံပါတ် ၃-အကွက်မှာ။ အဲဒီတော့ တဏှာ၊ ဥပါဒါန်၊ ကံဆိုတော့ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝ၊ ကမ္မဘဝပစ္စယာ ဇာတိ၊ ပဋိစ္စသမုပ္ပါဒ်ဆက်သွားရင် တခြားရမှာလား။ ဒုက္ခရမှာလား။ (ဒုက္ခရမှာပါ ဘုရား)။ ဒါကို ဆရာတော်ဘုရားကြီးက တဏှာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ဟိုဘက်ဆက်သွားရင် သေခြင်းဆိုးသေမယ် ပြောတာ။ ဒါက ပဋိစ္စသမုပ္ပါဒ်ဆက်တဲ့ ဆုံးမနည်း ။

ပဋိစ္စသမုပ္ပါဒ် ခုနက တဏှာချုပ်ဖို့ ဥပါဒါန်ချုပ်ဖို့ ဆုံးမပါတယ် ဆိုတော့ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ကမ္မဘဝနိရောဓော၊ ကမ္မဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာဆိုတာ တခြားလား၊ ဇရာ မရဏနိရောဓောလား။ (ဇရာမရဏနိရောဓောပါ ဘုရား)။ ဇရာမရဏ နိရောဓော ဆိုတာ တခြားလား၊ နိဗ္ဗာန်လား။ (နိဗ္ဗာန်ပါ ဘုရား)။ နိဗ္ဗာန်ကို ဆုံးမတဲ့အတွက် မြတ်စွာဘုရား သာဓု ၃-ကြိမ်ခေါ်တယ် ယောဂီတို့။ ဘုရား ဘာခေါ်လဲ။ (သာဓု ၃-ကြိမ်ခေါ်ပါတယ်ဘုရား)။ သာဓု ၃-ကြိမ်ခေါ်တာ၊ ဘုရားကိုယ်တော်မြတ်နော်။

အဲဒီတော့ သာဓု ၃-ကြိမ်ခေါ်တော့ ဘုရားသာဓုခေါ်တာ တော်ရုံလူ ခေါ်ပါ့မလား။ (မခေါ်ပါဘူး)။ အင်မတန် အဆုံးအမတော်တဲ့ပုဂ္ဂိုလ်မို့လို့ သာဓု ၃-ကြိမ်ခေါ်တာ။ အခု ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ကိုးကွယ်အားထားနေတဲ့ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးဟာ တဏှာပွားဖို့ ဆုံးမတာ တစ်လုံးမှမပါဘူး။ စီးပွားဖြစ်ဖို့ တစ်လုံးမှမပါဘူး။ ရာထူးတက်ဖို့ တစ်လုံးမှ မပါဘူး။ သားတွေ၊ သမီးတွေနဲ့ ပျော်ပျော်ပါးပါးနေဖို့ တစ်လုံးမှမပါဘူး။ တဏှာချုပ်ဖို့၊ ဥပါဒါန်ချုပ်ဖို့ပဲ ဆရာတော်ကြီး ဟောတဲ့ထဲ မပါဘူးလား။ (ပါ-ပါတယ် ဘုရား)။ သားရေး၊ သမီးရေး၊ စီးပွားရေး နောက်ထား၊ သစ္စာသိတောင်အရင်လုပ်။ ဒိဋ္ဌိတွေပြုတ်ဖို့၊ တဏှာတွေချုပ်ဖို့ ဒါပဲ ဒကာ၊ ဒကာမတွေကို ဟောနေတာ။ အဲဒီလိုဟောနေတော့ ဒီဆရာသည် ဘုရား သာဓုခေါ်တဲ့ဆရာထဲ မပါနိုင်ဘူးလား။ (ပါနိုင်ပါတယ် ဘုရား)။ ဘယ်လောက်ဝမ်းသာစရာကောင်းလဲ။ ဆရာကောင်းနဲ့တွေ့တာ ကံကောင်း လို့နော်။ (မှန်လှပါ)။ ရှင်းပြီနော်။ အဲဒီတော့ မြတ်စွာဘုရား သာဓုခေါ်လိုက်တော့ အဲဒီအသံ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကကြားတယ်။ ဘယ်သူက ကြားတာလဲ။ (ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က ကြားတာပါဘုရား)။

ဒီတော့ ဟော့ - ဘုရား သာဓုခေါ်တယ်ကွ။ ဘယ်သူ့ခေါ်တာပါလိမ့်လို့ တပည့်တွေကို သူမေးတယ်။ အရှင်ဘုရားတဲ့၊ အရှင်ပုဏ္ဏကို ခေါ်တာပါ။ ဘယ်သူ့ ကိုခေါ်တာလဲ။ (အရှင်ပုဏ္ဏ)။ အရှင်ပုဏ္ဏက ရဟန္တာနော်။ သို့သော်လည်းပဲ အရှင်သာရိပုတ္တရာက အရှင်ပုဏ္ဏကို မသိဘူး။ ဒီလောက်များနေတာ ဘယ်သိမှာလဲ။ အို-ဘုရားလက်ထက်ကတည်းက ရဟန္တာတွေ အများကြီးကိုး

www.burmeseclassic.com



နော်။ သိနိုင်ပါ့မလား။ (မသိနိုင်ပါဘူး ဘုရား)။ နီးစပ်တဲ့ပုဂ္ဂိုလ်သာ သိနိုင်တာ။ မသိနိုင်ဘူးလား။ ဟာ – အဲဒီလို ဘုရား သာဓုခေါ်တဲ့ပုဂ္ဂိုလ် ငါတွေ့လိုက်ချင်စမ်းတယ်တဲ့။ ဟော – ရှင်သာရိပုတ္တရာက ဘယ်လိုမိန့်တာလဲ။ ငါတွေ့ချင်တယ်တဲ့။ ဒီလိုဖြင့်ရင် သူတွေ့ချင်တယ်ဆိုတော့ သိပ်ပြီးတော့ ချီးကျူးနေတာပေါ့နော်။ အရပ်ပြောပြောတော့ ဘာဖြစ်နေလဲ။ (ချီးကျူးနေတာပါ ဘုရား)။ ဒီမှာ ရဟန္တာကြီးများရဲ့စိတ် ဘယ်လောက်ကြည်ညိုဖို့ ကောင်းလဲနော်။ ဒီနေ့ အရပ်ပြောပြောရင် ရာထူးနဲ့ ယှဉ်ရင် ဘုရားရဲ့သာသနာမှာ ရှင်သာရိပုတ္တရာထက်ကြီးတဲ့ သူမရှိဘူး။ ရာထူးအမြင့်ဆုံးရထားတာ။ သို့သော် အမြင့်ဆုံးရထားတော့ ကျန်တဲ့ပုဂ္ဂိုလ်တွေဟာ သူ့ထက်ငယ်တဲ့ ပုဂ္ဂိုလ်မရှိဘူးလား။ (ရှိပါတယ် ဘုရား)။ အဲဒီတော့ အမြင့်ဆုံးပုဂ္ဂိုလ်က ငယ်တဲ့ပုဂ္ဂိုလ်ကို အလေးဂရုပြုပြီးတော့ ငါတွေ့ချင်စမ်းလှတယ် ဆိုတာက သူ့မှာက မာန်ရှိလို့လား၊ မာန်မရှိလို့လား။ (မာန်မရှိလို့ပါ ဘုရား)။ ရဟန္တာများက မြေကြီးအထုနဲ့အမျှ မာန်မရှိဘူး။ မြေကြီးသည် ဘယ်သူပဲ တံတွေး ထွေးချ,ချ မပြောဘူး။ ရှင်းကောရှင်းလား။ ကျင်ကြီးကျင်ငယ် စွန့်လည်း မပြောဘူး။

မြေကြီးအထုနဲ့အမျှ သည်းခံနိုင်စွမ်းရှိတဲ့ မာန်မာနမရှိတဲ့ ရဟန္တာကြီးတွေ ဘယ်လောက် ကြည်ညိုစရာကောင်းလဲနော်။ အဲဒီလို ရှင်သာရိပုတ္တရာကြီးကလည်း ကြည်ညိုစရာကောင်းသလို အရှင်ပုဏ္ဏကလည်း အင်မတန် ကြည်ညိုစရာကောင်းတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ တပည့်တွေ သောင်းနဲ့ချီပြီးတော့ မွေးလာတာ။ တပည့်တွေ သောင်းနဲ့ချီပြီး မွေးလာတာမှလေ တစ်ခါတည်းမှကို တစ်ညီတည်း။ ခေါင်းရိတ်ရင်လည်း တစ်ညီတည်း။ သင်္ကန်းတွေဝတ်ရင်လည်း အရောင် တစ်ညီတည်း၊ ဒီလိုဝတ်တာ။ အဲဒီလိုသူ့ရဲ့ တပည့်တွေ သောင်းနဲ့ချီတဲ့ တပည့်တွေက ထိုင်ပြီးတော့ နေလိုက်ရင် တစ်ပုံစံတည်းဆိုတော့ ကြည်ညိုစရာ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။ တစ်ခါတည်းမှကို ကြည်ညိုစရာ ကြီးတွေဖြစ်နေတယ်။ ခု–ဘုန်းကြီးတို့ပြောလိုက်တာ နားနဲ့ကြားရုံနဲ့ ကြည်ညိုစရာ မြင်ကွင်းကို မြင်နေပြီပေါ့။ ဉာဏ်နဲ့မြင်ပြီပေါ့ ဟုတ်လား။

အဲဒီလောက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆရာတပည့်တွေနေတော့ အင်မတန် ဘယ်လောက် သာယာစရာကောင်းလဲနော်။ အခု ယောဂီတို့ကြားရင်ကို ဝမ်းသာစရာ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။ ဝမ်းသာနေပြီ ကြည်နူးနေပြီ။ ဒါ – သူတော်ကောင်းတွေကိုး။ ဒီတော့ ဝမ်းသာတယ်ဆိုတာက မုဒိတာနော်။ ဝမ်းသာတယ်ဆိုတာ (မုဒိတာ)။ မနာလိုဝန်တိုတာက ဣဿာ မစ္ဆရိယ။ အဲဒီနေရာမှာ ပုထုဇဉ်များ စိတ်မချရဘူး။ ပုထုဇဉ်ဘယ်သူမှ စိတ်မချရဘူး၊ ဒကာ၊ ဒကာမတွေ။ လူလည်း စိတ်မချ ရဟန်းလည်း စိတ်မချနော်။ အဲဒါကြောင့်မို့ ပုထုဇဉ်ဘဝနဲ့ မသေရအောင် တစ်မဂ်၊ တစ်ဖိုလ် အရိယာဘဝနဲ့ သေရအောင် အခု ဘုန်းကြီးတို့ ကြိုးစားအားထုတ်တယ် မဟုတ်ဘူးလား။

ဒါကြောင့် ဘဝပါရမီဆက် ပဋ္ဌာန်းဆက်ရှိလို့ လာပြီးတော့ တွေ့ကြ ကြုံကြ ဆုံကြတာဟာ ဒကာ၊ ဒကာမတွေ သူစိမ်းတွေ မဟုတ်ဘူး။ ဆွေမျိုးတွေချည်းပါပဲ။ (မှန်လှပါ)။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ အဲဒီလို လာလာပြီးတော့ ဆုံခဲ့တဲ့ ပဋ္ဌာန်းဆက်ရှိခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒီဆရာပြောတဲ့အတိုင်း တသွေမတိမ်းလိုက်နာတာကွ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ အဲဒါကြောင့်မို့လို့ ဘုန်းကြီးတို့ သူ့ဆရာနဲ့သူ့ဒကာ အရေးကြီးတယ်။ ကျွတ်တမ်းဝင်နိုင်ဖို့အတွက်က ဘာနဲ့ဘာ အရေးကြီးတာလဲ။ (သူ့ဆရာနဲ့ သူ့ဒကာ အရေးကြီးတာပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြင့် အရှင်ပုဏ္ဏရဲ့တပည့်တစ်သောင်းကို အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး တရားဟောလို့ ကျွတ်ပါ့မလား။ (မကျွတ်ပါဘူးဘုရား)။ မကျွတ်နိုင်ဘူး။ အရှင်ပုဏ္ဏ ကဟောမှ ကျွတ်တာ။ သူ့ဆရာနဲ့ သူ့ဒကာနဲ့ ဆုံမှသာလျှင် တရားရနိုင်တယ်လို့ ဒါလေးမှတ်ပါနော်။ ကဲ ဒီတော့ ၄-ချက်ကလေးကို လိုရင်းလေးပြောလိုက်ရအောင်။

(၁) ဆရာရယ်

(၂) ဒကာရယ်

(၃) နေရာရယ်

(၄) တရားရယ်

အဲဒီ ၄-ချက် သူ့အကြောင်းအကျိုးဆက် ''ပုဗ္ဗေစ ကတပုညတာ'' စက်လို့ခေါ်တယ်နော်။ ရှေးက ကုသိုလ်ကောင်းမှု အတူတူပြုခဲ့ဖူးတဲ့ ဆရာဒကာ နေရာ တရား ၄-ချက်သာညီရင် သေချာပေါက် မြန်မြန်ဆန်ဆန် တရားရနိုင်တယ် ယောဂီတို့။ (မှန်လှပါ)။ ဘယ်နှချက် (၄-ချက်ပါဘုရား)။ ပြန်ပြောပါ။ (ဆရာရယ်၊ ဒကာရယ်၊ နေရာရယ်၊ တရားရယ်ပါဘုရား)။

တရားကတော့ ဆက်ဟောချင်တယ်။ ဆွမ်းချိန်နီးနေလို့ တော်ဦးမှ။ ညနေမှ ဆက်ဟောမယ် နော်။ ညနေတော့ ပြီးအောင်ကို အေးအေးဆေးဆေး ဟောမယ်။ ဟုတ်လား။ နာရီကြည့်ကြည့်နေ ရတာ။ ကဲ၊ အားလုံး ခဏနားလိုက်ကြရအောင်။ ဆုတောင်း မေတ္တာပို့မယ်။

( သာဓု --- သာဓု --- သာဓု )



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၆၄–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂–ရက် (၄.၉.၂၀၀၂) ညနေ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့ -----

ဤမွေ့သဘင် ဆင်ယင်ဆောင်ရွက်လာခဲ့ကြတာ ယောဂီများ ဒီနေ့ ဘယ်နှရက် ရှိပြီလဲ။ (၁၀–ရက်မြောက်ပါဘုရား)။ ယနေ့ ၁၀–ရက်မြောက်၏ နောက်ဆုံးနေ့ နောက်ဆုံးတရားပွဲပေါ့နော်။ (မှန်လှပါ)။ ဒီတရားစခန်းပွဲကြီး၏ နောက်ဆုံး သင်တန်းတရားပွဲ ဖြစ်ပါတယ်။

အဲဒီတော့ မနက်ကတရားကို ပြန်ပြီးတော့ စကြရအောင်နော်။ မနက်တုန်းက ကြေညာထားတဲ့အတိုင်း ရထဝိနီတသုတ္တန် ''မူလပဏ္ဏာသပါဠိတော်'' ရထဝိနီတသုတ္တန်ကို အခြေပြု၍ ဘုန်းကြီး စခဲ့ပြီနော်။ ဒီသုတ္တန်ဒေသနာကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့တဲ့ ဝိသုဒ္ဓိတရားဆိုပြီးတော့ သစ္စာ ၄–ပါး စာအုပ်ကြီး (၁၉)နဲ့ (၂၀)မှာ ဒီတရားတွေပါပါတယ်။ အခုအဖွဲ့ချုပ်ကနေပြီးတော့ စာအုပ်အသေးလေးတွေပေါ့။ တစ်နာရီဟောတဲ့ ဝိသုဒ္ဓိ ၇–ပါး ဆိုတဲ့ တရားစာအုပ်တွေ ထုတ်ထားတာရှိပါတယ်။ အဲဒီ ဆရာတော်ဘုရားကြီး ဟောတော်မူခဲ့တဲ့ ဒေသနာကိုအခြေပြု၍ ဘုန်းကြီးတို့ လေ့လာမှတ်သားမိသမျှအားဖြင့် ကျေးဇူးဆပ်မှာ ဖြစ်ပါတယ်။

အဲဒီတော့ ရထဝိနီတသုတ္တန်ရဲ့ ဖြစ်ပေါ်လာရတဲ့အကြောင်းမှာ မနက်ကလည်း စခဲ့ပြီးပေါ့နော်။ အရှင်ပုဏ္ဏ ရဟန္တာကြီးအကြောင်းကို ပြောထားပြီနော် ယောဂီတို့။ ဘယ်သူပါလိမ့်။ (အရှင်ပုဏ္ဏ



www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာကြီးပါ ဘုရား)။ အရှင်ပုဏ္ဏအကြောင်း မနက်က စခဲ့တယ်။ အဲဒီမှာလည်း သူ့ဆရာနဲ့ သူ့ဒကာနဲ့ သူ့နေရာနဲ့သူ့တရားနဲ့ လေးဦးလေးဖလှယ်တွေ့လို့စုံရင် တရားရနိုင်တယ်ဆိုတာ မနက်က ဒါလေးစခဲ့တာပေါ့နော်။ (မှန်လှပါဘုရား)။ အဲဒါကြောင့်မို့ ဆရာရယ်၊ ဒကာရယ်၊ နေရာရယ်၊ တရားရယ်တဲ့ ဒါအရေးကြီးပါတယ်။

ဒီတော့ နေရာမှာ ဟာ – အရှင်ဘုရား၊ တရားပဲ ဘယ်အားထုတ် အားထုတ် မရဘူးလား ဆိုတော့ ရပါတယ်။ ရိပ်သာမှာ အားထုတ်လို့ရတယ်။ အိမ်လည်း အားထုတ်လို့ရတယ်၊ တောထဲသွား အားထုတ်လို့ရတာပဲ၊ တရား ဘယ်မှာဖြစ်ဖြစ် အားထုတ်လို့ မရဘူးလား။ (ရပါတယ်ဘုရား)။ အားထုတ်လို့ရတယ်ပြောတာနော်။ တရားကို ပေါက်ရောက်အောင်မြင်တယ်လို့ မပါဘူး။ (မှန်လှပါ)။ အားထုတ်လို့မရဘူးလား။ (ရပါတယ်)။ ဒီလိုဖြင့်ရင် တရားသည် နေရာတကာတိုင်း အားထုတ်လို့ ရပင်ရငြားသော်လည်းပဲ ပေါက်ရောက်အောင်မြင်ဖို့ကျတော့ မြန်တာနဲ့နှေးတာ ကွာလိမ့်မယ်။ (မှန်လှပါ)။

ဒီတော့မှ ဘုန်းကြီးတို့ ''ပုဗ္ဗေစ ကတပုညတာ'' စက်ဆိုတာ ရှေးက ကုသိုလ်ကောင်းမှု ပြုခဲ့ဖူးတဲ့နေရာနော်။ သိပ်အရေးကြီးပါတယ် ယောဂီတို့။ အဲဒါနဲ့ပတ်သက်ပြီးတော့ မေတ္တသုတ်ဒေသနာမှာ ဘုန်းကြီးတို့ ပြန်ပြီး ပရိတ်ကြီး လေ့လာရင် ရဟန်းတော် (၅၀၀) ဘုရားထံ ကမ္မဋ္ဌာန်း တရားတောင်းပြီး တောထဲမှာ တရားအားထုတ်။ အဲဒီလို အားထုတ်တဲ့အခါကျတော့ ဟိုကနတ်တွေ ကနေပြီးတော့ အမျိုးမျိုးနှောင့်ယှက်တော့ ဘုရားထံ သွားလျှောက်တယ်။ အရှင်ဘုရား တရားအားထုတ်လို့မဖြစ်ဘူး။ တပည့်တော်တို့တွေဟာ ကျန်းမာရေးတွေလည်း မကောင်းဘူး။ အမျိုးမျိုး နှောင့်ယှက်ခံရတာ။ အင်မတန် ကြောက်မက်ဖွယ်ကောင်းတဲ့ အဆင်းတွေကိုပြ အသံကြီးပေးတော့ အဲဒါနဲ့တင် သမာဓိတွေမရဘူး။ တဖြည်းဖြည်း မကျန်းမမာဖြစ်လာပြီ။ အဲဒီတော့ တရားအားမထုတ်နိုင်တော့ဘူး လို့ မြတ်စွာဘုရားထံလျှောက်တော့ မြတ်စွာဘုရားက ချစ်သားတို့၊ အဲဒီအရပ်ကိုပဲ သင်တို့ပြန်ကြတဲ့။ မေတ္တသုတ် ဟောလိုက်တယ်။ အဲဒီအရပ်က ''ပုဗ္ဗေစ ကတပုညတာ'' စက်ရှိတဲ့အတွက် သင်တို့ အဲဒီနေရာမှာ ရဟန်းကိစ္စ ပြီးလိမ့်မယ်တဲ့။ ဒီစကားလုံးလေးတစ်လုံးကို ဘုန်းကြီးတို့သတိထားရမယ်နော်။ (မှန်လှပါ)။ အေးကွာ အဲဒီမှာ မင်းတို့ အနှောင့်အယှက်ရှိတယ်။ တခြားနေရာသွားကြလို့ တစ်ခွန်းမပြောဘူးနော်။ အဲဒီနေရာကိုပဲ ပြန်ပြီးတော့သွားကြတဲ့။ ''ပုဗ္ဗေစ ကတပုညတာ'' စက်ဆိုတာ ရှေးက ဒီနေရာမှာ ကုသိုလ်ကောင်းမှုပြုခဲ့ဖူးတဲ့နေရာကိုး။

အခုလည်းပဲ ယောဂီတို့ ဘုန်းကြီးတို့ ဒီနေရာရောက်လာတာ – ဟုတ်လား။ ဘုန်းကြီးတို့လည်း တစ်သက်နဲ့တစ်ကိုယ် ဒီနေရာကြားလည်း မကြားဖူးဘူး။ သိလည်း မသိဖူးဘူး။ သို့သော် ဒီနေရာမှာ လာပြီးတော့ အခုဒီယောဂီတွေနဲ့တွဲပြီးတော့ သာသနာပြုနေရတာ။ ဘဝသံသရာမှာ ကိုယ့်အလောင်းတွေ ဒီနေရာမှာ ဘယ်လောက်မြုပ်ခဲ့တယ်ဆိုတာ ပြောလို့ရပါ့မလား။ (မရပါဘူး)။ ကိုယ်ဒီနေရာမှာ ဘယ်လောက်ထိနေခဲ့တယ်။ ဘယ်လောက်ထိ သေခဲ့တယ်။ ကိုယ့်အရိုးတွေ ဒီမြေကြီးအောက်မှာ ဘယ်လောက်ရှိခဲ့တယ်ဆိုတာ ပြောလို့မရဘူး။ အဲဒီလိုပဲ အခု တရားနာနေကြတဲ့ ဒကာ၊ ဒကာမတွေကလည်း ဟောဒီနေရာတည့်တည့်မှာ မိမိတို့အလောင်းတွေ ဘဝသံသရာက ကောင်းမှုကုသိုလ်တွေ ဘာတွေလုပ်ခဲ့တယ်ဆိုတာ ပြောလို့ရပါ့မလား။(မရပါဘူး)။ ပြောလို့မရဘူး။ သို့သော် ပဋိရူပ



www.burmeseclassic.com

www.burmeseclassic.com



သမုပ္ပါဒ်ဒေသနာကနေ ကြည့်လိုက်ရင် အကြောင်းရှိရင် အကျိုးရှိတယ်။ အကြောင်းမရှိရင် အကျိုးမရှိဘူး။ ဒါကြောင့် ဒီကိုရောက်လာတာကိုက အကြောင်းမဲ့မဟုတ်ဘူး။ အကြောင်းမဲ့ဆို အဟေတုကဝါဒ ဖြစ်သွားမှာပေါ့။ ဒီတော့ အကြောင်းရှိလို့ ဒီကို မရောက်ဘူးလား။ (ရောက်ပါတယ်)။ အဲဒီတော့ အနီးအကြောင်း၊ အဝေးအကြောင်း ဒီနှစ်ကြောင်းလည်း ပါတယ်။

အနီးအကြောင်းအနေနဲ့ကြည့်လိုက်ရင် ဟာ – ဘယ်သူနဲ့ ဘယ်မိတ်ဆွေနဲ့ ဘယ်သူနဲ့ အကြောင်းအကျိုးဆက်လို့ ရောက်လာတာ အနီးအကြောင်းကိုး။ အဝေးအကြောင်း ကြည့်တဲ့အခါကျတော့ တစ်သံသရာလုံးက ဒကာ၊ ဒကာမတို့ ဘုန်းကြီးတို့ဟာ ကောင်းမှုကုသိုလ်တွေ ပြုတာလား၊ မပြုဘူးလား။ (ပြုတာပါ ဘုရား)။ ပြုတယ်ဆိုတဲ့အကြောင်းကို ရဲရဲတင်းတင်းပြောရဲတာက ဒီမှာကြည့်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ။ ဒီအကြောင်းရှိရင် ဒီအကျိုး မရှိဘူးလား။ (ရှိပါတယ် ဘုရား)။ အဲဒီအကြောင်းရှိလို့ ဒီနေရာမှာ အကျိုးလာဖြစ်တယ်ဆိုတာ ထင်ရှားသွားတာပေါ့။ ဒါကတော့ ပဋိစ္စသမုပ္ပါဒ်ရဲ့ဒေသနာအရ ပေါ့နော်။ (မှန်လှပါ)။

အခုလည်းပဲ အရှင်ပုဏ္ဏနဲ့ သူ့ရဲ့ သောင်းချီတဲ့တပည့်တွေဟာ ဒီပုံစံအတိုင်းပဲ။ ဒါကြောင့် အကြောင်းနဲ့အကျိုးနဲ့ မေတ္တာသုတ်မှာ လာတဲ့အတိုင်း ဒီနေရာကို ပြန်သွားဆိုတော့ အဲဒီနေရာက သူတို့ရဲ့ "ပုဗ္ဗေစ ကတပုညတာ" စက်ရှိတဲ့နေရာကျတော့ ဒီနေရာလည်း ရောက်ရော၊ အရင်အားထုတ်တဲ့တရားပဲ ပြန်အားထုတ်လိုက်တာပေါ့လေ။ ဝိသေသ အထူးပြုတာကတော့ မေတ္တာပို့တာပါပဲ။ ဒါကြောင့် ယောဂီတို့ တရားထိုင်တဲ့အခါမှာ မေတ္တာပို့ရတယ်နော်။ ဒီတော့ မေတ္တာပို့မှလည်းပဲ ရှိသမျှ သမ္မာဒေဝနတ်တွေ ဘာတွေ၊ ရှိသမျှ ကိုယ်စောင့်နတ်တွေ အိမ်စောင့်နတ်တွေ၊ ဓမ္မာရုံစောင့်နတ်တွေ၊ ပတ်ဝန်းကျင် တောစောင့်နတ် တောင်စောင့်နတ်ဆိုတာတွေ မရှိဘူးလား။ (ရှိပါတယ် ဘုရား)။ အဲဒါတွေက ဒီသူတော်ကောင်းတို့ရဲ့မေတ္တာကို မရရင် သူတို့မှာ အင်မတန် ပူလောင်တယ်။ အဲဒါကြောင့်မို့လို့ ဘုန်းကြီးတို့ အမြဲတမ်း မေတ္တာတရားကို ဖြန့်ကျက်နေရတယ်။

ဒီတော့ မိဘရဲ့မေတ္တာရိပ်အောက်မှာနေရတဲ့ သားသမီး မအေးချမ်းဘူးလား။ (အေးချမ်းပါတယ်)။ ဆရာသမားရဲ့ မေတ္တာရိပ်အောက်မှာရောက်နေတဲ့ တပည့်သည် မငြိမ်းချမ်းဘူးလား။ (ငြိမ်းချမ်းပါတယ်)။ အဲဒီတော့ အဲဒီလို မေတ္တာရဲ့အရိပ်သည် အင်မတန်အေးချမ်းပါတယ်။ အဲဒီလိုအေးချမ်းတဲ့ မေတ္တာတွေကို ဖြန့်ရတယ် ပို့ရတယ် အမျှဝေရတယ်ပေါ့နော်။ အဲဒါက ဘုန်းကြီးတို့ ယောဂီတို့က လုပ်ရမယ့်အလုပ်။ ဒီတော့ သမ္မာဒေဝ နတ်တွေပေါ်မှာ ဘာလုပ်ရမလဲ။ မေတ္တာပို့ အမျှဝေ ဒါနပြု။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ ကိုးကွယ်တဲ့အထဲ ပါရဲ့လား။ (မပါပါဘူးဘုရား)။ အဲဒါ သိပ်အရေးကြီးလို့ ထပ်တလဲလဲ နိဂုံးချုပ် ကျေးဇူးပြုနေတာပါ။

## လ–နေနှစ်စင်းထွက်သလို

ဒီတော့မှ အဲဒီလို နေရာနဲ့ သူ့ဆရာနဲ့ ဒီတော့ ကိုယ့်ရဲ့ပွားများ အားထုတ်လာတဲ့တရားဆိုတာရှိတယ်။ ဒီတော့ ကိုယ်နဲ့လိုက်လျောညီထွေဖြစ်တဲ့ တရားနဲ့ သွားပြီးဆုံရင် ဒီပုဂ္ဂိုလ်သည် သေချာပေါက် အရိယာဖြစ်သွားပြီ။ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်သွားပြီ။ ဖြစ်နိုင်တယ်။ လွယ်လွယ်ကူကူပေါ့။ ရှင်းတယ်နော်။ အဲဒီတော့ တရားရဖို့နေရာမှာ အခြေခံ ဘယ်

www.burmeseclassic.com



နှစ်ချက်လဲ။ (၄–ချက်ပါဘုရား)။

(၁) ဆရာရယ်

(၂) ဒကာရယ်

(၃) နေရာရယ်

(၄) တရားရယ်

အဲဒါကြောင့် တရားဆိုတာ ဘယ်မှာအားထုတ် အားထုတ် ရတယ်လို့ ပြောတာက လွယ်လွယ်ပြောတာ။ တကယ့်တကယ်ကျတော့ နည်းမှန်လမ်းမှန် ဒိဋ္ဌိဖြုတ် တဏှာချုပ်ဖို့ကို ဟောနိုင် ပြောနိုင်တဲ့ဆရာ၊ ကိုယ့်ရဲ့ကုသိုလ်ကောင်းမှု ''ပဋိရူပ'' ''ပုဗ္ဗေစ ကတပုညတာ''စက်ရှိတဲ့နေရာ အဲဒီလိုပေါင်းဆုံသွားရင် ဒကာ၊ ဒကာမတွေ ဟော သူ့ဟာလေးနဲ့သူက အဆင်မပြေဘူးလား။ အဲဒီလိုအဆင်ပြေနိုင်တယ်ပေါ့နော်။ အေး – အဲဒီလို အတိုင်းအတာရှိတဲ့အတွက် အရှင်ပုဏ္ဏကလည်းပဲ ဘယ်လောက်များ တရားဟောကောင်းလိုက်သလဲလို့ဆိုရင် ခုလို တရားတစ်ပွဲလာတာ ရဟန်း ၅၀၀–သောတာပန်တည်အောင် ဟောနိုင်တယ်တဲ့ –– ကဲ။ နည်းနည်းနောနော ဓမ္မကထိကလား။ ဓမ္မကထိကတစ်ပါး ပေါ်ပေါက်လာတာက သတ္တဝါတွေချမ်းသာဖို့ဖြစ်လာတာ။ ခုပဲ အရှင်ပုဏ္ဏ က တရားဟော ကောင်းလွန်းတဲ့အခါကျတော့ ဥပမာနဲ့ ဥပမေယျနဲ့ အကြောင်းအကျိုးတွေ ညီအောင်ဟောတတ်တဲ့အခါကျတော့ တစ်ခါတည်း တရားတစ်ပွဲလုံး ဟောလိုက်တာနဲ့ ရဟန်း ၅၀၀–သောတာပန်တည်တာ။ ရှင်အာနန္ဒာ ကိုယ်တော် သောတာပန်တည်တာက အရှင်ပုဏ္ဏထံ တရားနာပြီးတော့ တည်တယ်လို့ ဘုန်းကြီးတို့ စာထဲမှာ တွေ့တယ်။ ရှင်းပြီနော်။

အဲဒီလောက် တရားဟောကောင်းတဲ့ပုဂ္ဂိုလ် ဖြစ်တဲ့အတွက် မြတ်စွာဘုရားက ဓမ္မကထိကအရာမှာ ဧတဒဂ်ထားတော်မူတယ်တဲ့။ တရားဟောတဲ့နေရာမှာ အမြင့်ဆုံး အမြတ်ဆုံး အတော်ဆုံးပေါ့။ ဘုရား ဧတဒဂ်ထားတဲ့ပုဂ္ဂိုလ်ကြီးပေါ့နော်။ အေး အဲဒါနဲ့ပဲ – ဒီတော့ ဇာတ်လမ်းလေးဆက်ရအောင်။

သီတင်းဝါလကျွတ်တဲ့အခါကျတော့ အရှင်ပုဏ္ဏ ရဟန္တာကိုယ်တော်မြတ်ကြီး မြတ်စွာဘုရားထံလာပြီး အဖူးမြော်အကြွ၊ အဲဒီလို အဖူးမြော်ကြွလည်းလာတဲ့အခါကျတော့ မြတ်စွာဘုရားနဲ့ အာလာပသလ္လာပ ,လျှောက်ထား ဘုရားဖူးမြော်လည်းပြီးရော ပြန်ကြွသွားပြီပေါ့နော်။ အဲဒီလို ပြန်ကြွသွားတဲ့အခါကျတော့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့တပည့်တွေက အရှင်ဘုရား၊ အရှင်ဘုရားသိချင်ပါတယ်ဆိုတဲ့ အရှင်ပုဏ္ဏကိုယ်တော်ကြီးဟာ ကြွလာပြီဘုရား။ အေး – အေး ဘယ်မှာလဲဟေ့ငါတွေ့မယ်ကွ။ ဒါပေမဲ့ ဒကာ၊ ဒကာမတွေ ရှိသေးရဲ့လား။ (မရှိတော့ပါဘူး ဘုရား)။ မရှိတော့ဘူးဘုရားတဲ့။ ပြန်ကြွသွားပြီ။ ''အန္ဓဝန'' တောကို ပြန်ကြွသွားတယ်တဲ့။ ဘယ်တောပါလိမ့်။ (အန္ဓဝနတောပါ ဘုရား)။ အဲဒီတောကြီးထဲကို ကြွသွားတော့ အရှင်သာရိပုတ္တရာကိုယ်တော်ကြီးကအေး – အဲဒီလိုဆိုလည်း ငါလိုက်ဦးမယ်ဆိုပြီးတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကနောက်ကကြွ၊ အရှင်ပုဏ္ဏဆိုတဲ့ ရဟန္တာကိုယ်တော်မြတ်ကြီးက ရှေ့ကကြွ။ ရဟန္တာကြီး ၂–ပါးဒကာ၊ ဒကာမတွေ ရှေ့ဆင့်နောက်ဆင့် ကြွနေပြီပေါ့နော်။ တော်တော်ကြာတော့ တောလေးကကွယ်သွားလိုက်၊ ပျောက်သွားလိုက် မြေပြင်က လျှောက်နေတာနော်။ ကောင်းကင်က ပျံနိုင်သော်လည်းပဲ ရဟန္တာကြီးတွေ မြေပြင်ကမလျှောက်ဘူးလား။ (လျှောက်ပါတယ်)။ အဲဒီလို လျှောက်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာကြီး ၂-ပါး သွားနေတာ တောစပ်ကလေးထဲဝင်သွားလိုက်၊ ချုံပုတ်ကလေးထဲ ပျောက်သွားလိုက်၊ တော်ကြာတော့ ခေါင်းလေးက ပေါ်လာလိုက်နဲ့ အဲဒီလို ရဟန္တာကြီး ၂-ပါး ကြွနေတာ။ တောတစ်နေရာလည်းရောက်တော့ အော် – အရှင်ပုဏ္ဏ ရဟန္တာကိုယ်တော်မြတ်ကြီးက ဒီတော ဒီနေရာ အင်မတန် အေးချမ်းတယ်။ ဆိတ်ငြိမ်တဲ့နေရာရောက်ပြီလို့ ပါလာတဲ့အခင်းလေးခင်းပြီး ဖလသမာပတ်ဝင်စားနေတာပါပဲ။ ဘာပါလဲ။ (ဖလသမာပတ်ဝင်စားတာပါဘုရား)။

ဖလသမာပတ်ဝင်စားနေတယ်ဆိုတာက ဒီရုပ် ဒီနာမ် ဒီခန္ဓာရှိလျက်နဲ့ နိဗ္ဗာန်ချမ်းသာကို အာရုံပြုနေတာလို့ နားလည်ပါ။ ဒါဖလသမာပတ်ဝင်စား တယ်လို့ ခေါ်တယ်ပေါ့နော်။ ဒီနေရာမှာ ဘုန်းကြီးတို့ နိရောဓသမာပတ်တို့ ဖလသမာပတ်တို့ ဆိုတာ ရှိတယ်။ နိရောဓသမာပတ်ဆိုတာ ၇-ရက် ပြည့်အောင် ဝင်စားရတယ်။ ၇-ရက် ပြည့်တော့မှ ထ,တယ်။ ဖလသမာပတ်ကတော့ ယခု ဝင်စားတယ်၊ ယခုဖြုတ်လို့ရတယ်။ နိရောဓသမာပတ်ဝင်စားနေတဲ့အချိန်ဆို ဒီရဟန္တာကြီးတွေ အသက်တောင်မရှူဘူး။ အဲဒီနေရာမှာ မီးရှို့လို့လည်း မသေဘူး။ ဘာနဲ့ပဲဖြစ်ဖြစ် မသေဘူးနော်။ ဗဟုသုတတစ်ခုပြောရရင် ဘုန်းကြီးတို့ စာထဲမှာ တွေ့တာပေါ့နော်။ နိရောဓသမာပတ်ရဲ့အင်အား ကောင်းပုံ – ဟုတ်လား။ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက နိရောဓသမာပတ် ဝင်စားနေတယ် ဆိုတော့ ဒီလွင်တီးခေါင်မှာပေါ့လေ။ လွင်တီးခေါင်မှာ နိရောဓသမာပတ် ဝင်စားနေတုန်းမှာ ဘီလူးတစ်ကောင်ဟာ အနားရောက်လာတယ်။ အဲဒီတော့ အဲဒီဘီလူးက ဒီမှာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး နိရောဓသမာပတ် ဝင်စားနေတာ မြင်တဲ့အခါကျတော့ ဘာမဆိုင် ညာမဆိုင် တင်းပုတ်နဲ့ထုတယ်။ စာထဲမှာ အတိအကျနော်။ ဟို-နိရောဓ သမာပတ်ဝင်စားတဲ့သတ္တိကို ဗဟုသုတ အနေနဲ့ပြောတာပါ။ ဒါပေမဲ့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး မသိဘူး ယောဂီတို့။ ဘီလူး၏ တင်းပုတ်နဲ့ ထုတဲ့အားကိုသိရဲ့လား။ (မသိပါဘူး ဘုရား)။ အဲဒီအချိန်အခါမှာ မီးရှို့လည်း မလောင်ဘူး။ တင်းပုတ်နဲ့ ထုလည်း မသိဘူး။ ဒီလောက်ထိအောင် သတ္တိရှိတယ်။ နိရောဓသမာပတ်က ၇-ရက်ပြည့်အောင် ဝင်စားရတယ်။ ဒီတော့ အရပ်စကားရှိတယ်နော်။ ထမင်း အသက် ၇-ရက် ဆိုတာ မရှိဘူးလား။ အဲဒီလို ၇-ရက်ဝင်စားတဲ့ နိရောဓသမာပတ်က ထပြီးတော့ အဲဒီအချိန်အခါမှာ အဦးဆုံး ဆွမ်းလောင်းရတဲ့ပုဂ္ဂိုလ်က ချက်ချင်းချမ်းသာတယ်။ ချက်ချင်းချမ်းသာတာ။

ဒီတော့ – အရှင်မဟာကဿပကိုယ်တော်မြတ်ကြီးများလည်း နိရောဓသမာပတ် မကြာမကြာ ဝင်စားတယ်။ အဲဒီလို ဝင်စားပြီး ထပြီး ငါဒီနေ့ ဘယ်သူ့ ချီးမြှောက်ရမလဲလို့ သူက ဉာဏ်နဲ့ကြည့်လိုက်တာပေါ့။ အဘိညာဉ်နဲ့ ကြည့်လိုက်တာလေ။ ဒီနေ့တော့ ငါဘယ်သူ့တော့ ချီးမြှောက်ဦးမှပေါ့ ဆိုပြီး အဲဒီမှာ သွားဆွမ်းခံတာပဲ။ ဒီလိုဖြင့် ရဟန္တာကြီးတွေ လာပြီးဆွမ်းခံတာ ဘာလုပ်တာလဲ။ ချီးမြှောက်တာနော်။ ဒါ – အရှင်မဟာကဿပကြီးရဲ့အကြောင်း ဒကာ ဒကာမတွေလည်း ကြားဖူးသားပဲ – ဟုတ်လား။ နိရောဓသမာပတ်ကလည်း ထလည်းထရော ငါဒီနေ့ ဘယ်သူ့ချီးမြှောက်ရမလဲဆိုတော့ ဟိုမှာ လယ်သူမလေး သွားတွေ့တယ်။ လယ်သူမလေး ချီးမြှောက်ဖို့ ဉာဏ်ထဲမှာ မြင်သော်လည်းပဲ သဒ္ဓါရှိမှ ချီးမြှောက်လို့ရတာ။ သဒ္ဓါတရားမရှိရင် ချီးမြှောက်ဖို့ သွားအလှူခံတယ်။ ကန်တော့ဆွမ်းလောင်းလိုက်ရင် ခက်ပြီ။ ဘယ်လိုလုပ် ကြီးပွားမလဲနော်။ ဒါကြောင့်မို့ ယောဂီတို့ ကိုယ့်ရှေ့များ လာအလှူခံလို့ ကန်တော့ဆွမ်း ဘယ်တော့မှ မလောင်းပါနဲ့ ဆိုတာ အဏုမြူ

www.burmeseclassic.com



လက်နက်ထက် ကြောက်စရာကောင်းတဲ့ ကန်တော့ဆွမ်း လက်နက်၊ ရှင်းပြီနော်။ အဲဒီတော့ လယ်သူမလေးဆီကို သွားပြီးတော့ ဆွမ်းခံတော့ ဟိုက သဒ္ဓါတရားရှိတော့ ရှိတဲ့မုန့်လေးတွေ လှူလိုက်တာပဲ။ ဒီတော့ တန်ဖိုးရှိလား၊ ဘာမှတန်ဖိုးမရှိဘူး။ ဟော–လှူလိုက်တော့ ဒါနဖြစ်သွားပြီ။ ဒါန ဖြစ်သွားတာ။ အဲဒီကလေးမလေး ဒါနဖြစ်သွားတာ။

ရဟန္တာကြီးလည်း ပြန်ကြွသွားပြီး သိပ်မကြာဘူး၊ အဲဒီကလေးမလေးလည်း လယ်ကန်သင်းပေါ် လျှောက်ရင်းနဲ့ တစ်နေရာလည်းရောက်ရော မြွေပေါက်လိုက်တာ သေရော – နော်။ သေတော့ ရဟန္တာကြီးကို လှူတဲ့ကုသိုလ် မရဘူးလား။ (ရပါတယ်)။ အဲဒီကုသိုလ်နဲ့ ဒိုင်းဆို နတ်ပြည်မှာ ဒကာ၊ ဒကာမတွေ နတ်သမီး ဖြစ်တာ။ လာဇာနတ်သမီးရယ်လို့ ဓမ္မပဒမှာ သေသေချာချာ လာတယ်။ အဲဒီတော့ ချက်ချင်း အကျိုးပေးတာပေါ့နော်။ အဲဒီအချိန်အခါမှာ ၇–ရက်အတွင်း (ဝါ) ၇–လ အတွင်းရွှေမိုးငွေမိုးရွာတဲ့အကျိုးပေးတာ။ အဲဒါ ရဟန္တာကြီးတွေက ကိုယ်က ချိုးမြှောက်ထိုက်တဲ့ ပုဂ္ဂိုလ်ကို သွားပြီးချိုးမြှောက်တဲ့သဘော။ နိရောဓသမာပတ်နဲ့ပတ်သက်ပြီးတော့ ဗဟုသုတပေါ့ – ဟုတ်လား။

အခု – ရဟန္တာကြီးတွေက အရှင်ပုဏ္ဏတို့က ဖလသမာပတ်ဝင်စားတယ်ပေါ့။ ဖလသမာပတ် ဝင်စားတော့ ထချင်တဲ့အချိန် ထလို့ရတယ်။ ဖြုတ်ချင်တဲ့ အချိန်ဖြုတ်လို့ရတယ်။ အဲဒီတော့မှ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကလည်းပဲ တစ်ခါတည်း တောထဲမှာသွားပြီးတော့ သူလည်း ဖလသမာပတ်ဝင်စားရင် ငါလည်း ဖလသမာပတ်ဝင်စားဦးမယ်ဆိုတော့ ရဟန္တာကြီး ၂–ပါး တောထဲမှာ တစ်ခါတည်းမှကို နေကြီး ၂–စင်းထွက်သလို လကြီး ၂–စင်းထွက်သလိုပဲတဲ့။ တင့်တယ်လိုက်တာပေါ့နော်။ ဖလသမာပတ် ဈာန်ဝင်စားမှုမရှိဘူးဆိုရင် သူလို ကိုယ်လို သာမန်ရဟန်းတစ်ပါး ပါပဲ။

အဲဒီတော့ ဈာန်ဝင်စားတဲ့အခါကျတော့ ကိလေသာတွေက ငြိမ်းချုပ်ပြီးတော့ အင်မတန် စင်ကြယ်နေတာပေါ့။ ဒီတော့ မေးစရာရှိတယ်။ ရဟန္တာတွေက နိရောဓသမာပတ်ထမှ ဖလသမာပတ် ထမှ စင်ကြယ်သလားလို့ မေးစရာရှိတယ်ပေါ့။ ဒီတော့ ဥပမာလေးနဲ့ပြောမှ ရှင်းတယ်။ ရွှေဆိုတာဟာ ဒကာ၊ ဒကာမတွေ ဘယ်တော့မှ မပျက်မစီးဘူးပေါ့နော်။ သို့သော်လည်းပဲ အဲဒီရွှေကို ထပ်ပြီးတော့ ပွတ်လိုက် တိုက်လိုက်ရင် မပြောင်ဘူးလား။ (ပြောင်ပါတယ် ဘုရား)။ ရွှေတော့ ရွှေပဲပေါ့။ ပွတ်လိုက် တိုက်လိုက်တဲ့အခါမှာ ပိုပြီးပြောင်တာပေါ့နော် – ဟုတ်လား။ အဲဒီတော့ ရဟန္တာကြီးများ ကိလေသာ နဂိုထဲကစင်ပြီးသားဖြစ်တဲ့အတွက် ရွှေလို ပြောင်ပြီးသားပါ။ သို့သော် အဲဒီရွှေကို ထပ်ပြီးတော့ ပွတ်လိုက်တော့ ပိုပြီးတော့ မပြောင်ဘူးလား။ (ပြောင်ပါတယ် ဘုရား)။ ခုန နိရောဓ သမာပတ်၊ ဖလသမာပတ်ဆိုတာလည်း ဒီသဘောမျိုးပါပဲလို့ ဘုန်းကြီးတို့ ကြားဖူးနားဝရှိပါတယ်။

## မိုးတွေရွာနေတယ်

အေး – အဲဒီတော့မှ ရဟန္တာကြီး ၂–ပါး ဖလသမာပတ်ဝင်စားလည်းပြီးရော ဖလသမာပတ် ကနေ ထကြတာပေါ့။ အရှင်သာရိပုတ္တရာက အခု ငါ့ရှင်ကို တွေ့ချင်လွန်းလို့ ငါလိုက်လာတာတဲ့။ ရှင်သာရိပုတ္တရာက အကြီးအကဲ၊ မာန်မာန မရှိဘူး။ ငါ့ရှင်ကိုတွေ့ချင်လွန်းလို့ လိုက်လာတာတဲ့။

www.burmeseclassic.com



ကဲ – ဒို့ရဟန္တာကြီး ၂–ပါး အမေးအဖြေ လုပ်ကြရအောင်တဲ့။ ဘာတဲ့လဲ။ (အမေးအဖြေပါ ဘုရား)။ ဒီနေရာမှာ မေးစရာရှိတယ်။ အင်း – ရဟန္တာကြီး ၂–ပါး အမေးအဖြေ ပြုလုပ်တာက သူတို့ ဘာတွေများ သံသယရှိနေလို့လဲ။ ဘာတွေများ မသိတာရှိနေလို့လဲ စသည်ဖြင့် ဖြန်းကနဲ ထင်ချင်စရာပေါ့။ ဘာမှမရှိဘူး ဒကာ၊ ဒကာမတွေ။ ရဟန္တာမှာ ဝိစိကိစ္ဆာဆိုတဲ့ သံသယစိတ်ရှိသေးလား။ (မရှိပါဘူး ဘုရား)။ ဘာမှ မရှိဘူး။ ကိလေသာ အကုန်စင်ပြီးသား။ သူတို့ကိစ္စအတွက် အကုန် ပြီးပြီးသား။ အဲဒီတော့ ရဟန္တာကြီးတွေ သူတို့ကိစ္စအကုန်ပြီးပေမယ့် နောင်လာနောက်သားများအတွက်။ ဘယ်သူ့အတွက်လဲ။ (နောင်လာနောက်သားများအတွက်ပါဘုရား)။ ဒို့ရဟန္တာ ၂–ပါး အမေးအဖြေ လုပ်ကြရအောင်ကွာတဲ့။ နောင်လာ နောက်သားများအတွက် ဆိုတာ ဝိမုတ္တိယုဂခေတ် တစ်ပတ်ပြန်ပေါ့နော်။

**ဝိမုတ္တိယုဂခေတ် တစ်ပတ်ပြန်**

**ပရမတ်သံ ကြားရချည့်သေး။**

ဒီဆောင်ပုဒ်ကလေးတွေ ရှိတယ်နော်။ ဘုန်းကြီးတို့ "တစ်ဘဝသာသနာ" ဆရာတော်ဘုရားကြီးအတ္တုပ္ပတ္တိ – စာအုပ်ထဲမှာရှိတဲ့ ဆရာတော် ဦးဃောသိတ ဒါလေးတွေ ရေးပြထားတယ်။ အဲဒီတော့ "ဝိမုတ္တိယုဂခေတ်တစ်ပတ်ပြန်၊ ပရမတ်သံကြားရချည့်သေး" ဆိုတဲ့ တဘောင် ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ရှိတယ်ပေါ့။

**အင်းကန်းတော့ ငှက်ကျ**

**ငှက်ကျတော့ လယ်တီ**

**လယ်တီတော့ ထွန်ဆင်း**

**ထွန်ဆင်းတော့ မိုးရွာ**

**ဒီတစ်ခါ ရွာတဲ့မိုး ချိုးဖြစ်အောင် ချိုး။**

နောက်တစ်ခုက ဆက်လိုက်တယ်။ "မချိုးတော့ ဒယ်အိုး"

ဒါ – တဘောင်က ဒီတိုင်းလာတယ်နော်။ အင်းကန်းဆရာတော်ဆိုတာ ကမ္မာကျော်အောင် ဝိပဿနာတွေ ဟောခဲ့တာကို ဆိုလိုတာ။ ငှက်ကျဆိုတာ ငှက်တွင်းဆရာတော်။ ငှက်တွင်းဆရာတော်ကလည်း ဝိပဿနာတွေ ဟောလာခဲ့တာနော်။ လယ်တီကတော့ ဘုန်းကြီးတို့မြန်မာပြည်မှာ မသိတဲ့သူ မရှိဘူး။ လယ်တီဆရာတော်ဘုရားကြီးကို အနုပညာသမားတွေလည်း သိတာပဲ။ စာရေးဆရာတွေလည်း သိတာပဲ။ ဒါရိုက်တာတွေလည်း သိတာပဲ။ အကုန်လုံးသိတာပဲ။ ဝိပဿနာသမားတွေကလည်း သိကြတာပဲ။ ဓမ္မကထိကတွေလည်း သိကြတယ်။ စွယ်စုံဆရာတော်ကြီးမို့လို့နော်။ အင်္ဂလိပ်တွေ မြန်မာပြည်အုပ်ချုပ်တဲ့အခါမှာ ဆရာတော်ကြီးကို ဘွဲ့တံဆိပ်တွေ ဆက်ကပ်ခဲ့တယ်ပေါ့ – ဟုတ်လား။ ပထမဦး ဆုံး စာပေပါရဂူ (D.Lit) ဘွဲ့တံဆိပ် ဆက်ကပ်ခံရတဲ့ဆရာတော်ဘုရားကြီး။ စွယ်စုံဆရာတော်ဘုရားကြီးက လယ်တီဆရာတော်ပေါ့။ ပဋ္ဌာနသမုပ္ပါဒ်ကို ခရီးသွားရင်းနဲ့ ရထားပေါ်မှာ ရေးသွားတဲ့ ဆရာတော်၊ ဘယ်လောက်တော်လဲဆိုတာ နော်။

အင်းကန်းတော့ ငှက်ကျ၊ ငှက်ကျတော့ လယ်တီ၊ လယ်တီတော့ထွန်ဆင်း ဆိုတော့ စွန်းလွန်းဆရာတော်ပေါ့နော်။ ထွန်ထောင်ဆရာတော်နှင့် ဒါသူက တဘောင်အရ လာတာနော်။ လယ်တီတော့



www.burmeseclassic.com

www.burmeseclassic.com



ထွန်ဆင်း။ ထွန်ဆင်းတော့ မိုးရွာ ဆိုတော့ ခုတစ်ပြည်လုံး မိုးတွေမရွာဘူးလား။

မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရားတော်တွေလေ။ (မှန်လှပါ)။ မြို့နယ်တိုင်း မြို့နယ်တိုင်းမှာ ရှိတယ်။ ကျေးရွာတိုင်း ကျေးရွာတိုင်းမှာ ရှိတယ်။ ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းမှာ မရှိဘူးလား။ (ရှိပါတယ် ဘုရား)။

မြန်မာပြည်တစ်ပြည်လုံးမှာ ဘုန်းကြီးတို့ အဖွဲ့ပေါင်း ၃၆၀–ရှိသွားပြီ။ ဒီလိုအဖွဲ့ခွဲပေါင်း၊ အဖွဲ့စိတ်တွေအနေနဲ့ဆိုရင် အားလုံးမြန်မာပြည်မှာ မိုးကုတ်အဖွဲ့ပေါင်း ၁၀၀၀–အထက်မှာရှိတယ်။ လျော့စရာမရှိဘူး။ အဲဒီတော့ မြန်မာနိုင်ငံမှာ မိုးကုတ်ယောဂီတွေက နေရာအနှံ့မှာ ရှိတယ်လို့ ယောဂီတို့ကို ဒါပြောချင်ပါတယ်။ အဲဒါ တခြားဖြစ်တာလား၊ မိုးရွာနေတာလား။ (မိုးရွာနေတာပါ ဘုရား)။ အဲဒီလို ဖြင့်ရင် တခြားမိုးလား၊ မဂ္ဂင်မိုးလား။ (မဂ္ဂင်မိုးပါ ဘုရား)။ အဲဒီလို မိုးရွာနေတဲ့ အချိန်မှာ ယောဂီတို့က ဒီမိုးကိုလာချိုးကြတယ်ပေါ့။ (မှန်လှပါ)။ မချိုးရင် တခြားလား၊ ဒယ်အိုးလား။ (ဒယ်အိုးပါ ဘုရား)။ ကဲ – ဒီတော့ လိုက်ဆို။

အင်းကန်းတော့ ငှက်ကျ
ငှက်ကျတော့ လယ်တီ
လယ်တီတော့ ထွန်ဆင်း
ထွန်ဆင်းတော့ မိုးရွာ
ဒီတစ်ခါရွာတဲ့မိုး
ချိုးဖြစ်အောင် ချိုး။
မချိုးက ဒယ်အိုး။

ဒါလေး ဆိုလိုက်တော့ဘုန်းကြီးက ဘာ သွားသတိရသလဲဆိုတော့ ငယ်ငယ်တုန်းက ခမုံ ဆရာတော်ဟောတဲ့ ကဗျာလေးကိုပေါ့။ ခမုံဆရာတော် ဘာဟောသွားလဲ ဆိုတော့ – အင်း၊

မင်းကွန်း မိုးညှင်း ဉာဏစာရီ
အချိန်ကောင်းတဲ့ ပိန်ဖောင်းမဟာစည်
အမြဲလင်း ဖွဲတင်း သဲအင်းလာပြီ
အကျိုးမယုတ် မိုးကုတ် မဟာထေရ်။

ခမုံဆရာတော်က အင်မတန် တရားဟောကောင်းတဲ့ ဓမ္မကထိက။ အဲဒီမှာ ဒီတရားလေးတွေ ရှေ့ပြေးဟောတဲ့အခါကျတော့ ဘုန်းကြီးတို့က ဆိုကောင်းလို့သာ ဆိုပြီးတော့မှတ်လိုက်တာ။ ဘာမှ နားမလည်ခဲ့ဘူး။ ဟော – ယနေ့ ဒီတရားတွေ တကယ်လုပ်လာတဲ့အခါကျတော့ ဟာ – မမှန် ဘူးလား။ မင်းကွန်း၊ မိုးညှင်း၊ ဉာဏစာရီ၊ အချိန်ကောင်းတဲ့ ပိန်ဖောင်းမဟာစည်၊ အမြဲလင်း ဖွဲတင်း သဲအင်းလာပြီ၊ အကျိုးမယုတ် မိုးကုတ်မဟာထေရ်။ ဒါ – ခမုံဆရာ ဟောသွားတဲ့ စာသားလေးတွေ။ ကဲ ထားတော့။

**ဘာကြောင့်သာသနာတော်ထဲဝင်လာသလဲ**

အေး – အဲဒါကြောင့်မို့လို့ တို့ရဟန္တာကြီး ၂–ပါး အမေးအဖြေလုပ်ကြမယ်။ ကဲ–ငါ့ရှင်ရေ

အောင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ စပြီ။ မေးပြီနော်။ ခုမှပဲ စမေးဖြစ်တော့တယ်။ ပြောလိုက်ရတာ တစ်မနက်လုံး။ အင်း–အင်း၊ ရဟန္တာကြီး ၂–ပါး ဒီမှာ အမေးအဖြေလုပ်တာကို တန်ဆာဆင်နေရတာနဲ့။

ငါ့အရှင်တဲ့–ငါ့အရှင် သာသနာဝင်လာတာ ဘာကြောင့်ဝင်လာတာလဲတဲ့။ ဒီလိုမေးတယ်ပေါ့။

ဒီတော့ ငါ့အရှင်တဲ့၊ ယခုသာသနာကို ဝင်လာတာဟာ နံပါတ်တစ်က သီလမြဲဖို့ ဝင်လာတာလားတဲ့။ ဒီလိုမေးပြီ ယောဂီတို့။ သိပ်အရေးကြီးတယ်နော်။ နံပါတ်တစ် ဘာမြဲဖို့ဝင်လာတာလဲ။ (သီလမြဲဖို့ဝင်လာတာပါဘုရား)။ ငါ့ရှင် သာသနာ ဝင်လာတာ သီလမြဲဖို့ဝင်လာတာလားဆိုတော့ စာလိုဆိုတော့ "နော ဟေဒံ ဘန္တေ"တဲ့။ မြန်မာလို မဟုတ်ပါဘူးဘုရားတဲ့။ သီလမြဲဖို့အတွက် ဝင်လာတာ မဟုတ်ဘူးဆိုတော့ သီလကိုပယ်သလို မဖြစ်ဘူးလား။ ဆိုလိုတာက သီလပယ်တာ မဟုတ်ဘူးနော်။ သာသနာကို ဝင်လာတာ သီလဆောက်တည်ရုံ ဝင်လာတာ မဟုတ်သေးဘူး။ သီလဆောက်တည်ရုံတင် မဟုတ်သေးဘူးတဲ့။ နောက်တစ်ဆင့် ကျန်သေးတယ်။ အဓိပ္ပာယ်ကနော်။

ဒီလိုဖြင့် ဒီမေးခွန်းကို အရှင်ပုဏ္ဏက ပယ်လိုက်တယ်။ ဘာလုပ်တာလဲ။ (ပယ်လိုက်တာပါဘုရား)။

ဘာဖြစ်လို့ ပယ်သလဲဆိုတာ ယောဂီတို့ကို အခု ပဋ္ဌိစ္စသမုပ္ပါဒ်ကိုသင်ထားတော့ သိသွားပြီ။ သီလ ဘာသင်္ခါရလဲ။ (ပုညာဘိသင်္ခါရ)။ ဟော – တန်းပြောလို့ရပြီ။ အခု ၁၀–ရက်ရှိသွားပြီ။ သီလ ဘာသင်္ခါရ၊ (ပုညာဘိသင်္ခါရ)။ ပုညာဘိသင်္ခါရမှာ သစ္စာဖွဲ့ရင် ဘာသစ္စာလဲ။ (သမုဒယသစ္စာပါဘုရား)။ ဒါဖြင့် ရိုးရိုးဆောက်တည်တဲ့သီလ ယောဂီတို့၊ သမုဒယသစ္စာပဲ ရှိသေးတယ်နော်။ သမုဒယသစ္စာငြိနေသမျှကာလပတ်လုံး ဘာသစ္စာရမလဲ။ (ဒုက္ခသစ္စာရမှာပါ ဘုရား)။ ကြည့်စမ်း စက်ဝိုင်းကြီးဘယ်လောက် အထောက်အပံ့ပေးလိုက်သလဲ ယောဂီတို့။ (မှန်လှပါဘုရား)။ ကိုယ့်ဘဝ စက်ဝန်းကြီးဟာနော်။ အဲဒီတော့ ရိုးရိုးဆောက်တည်တဲ့ သီလလေးနဲ့ ထိန်းနေတယ်ဆိုတာ ဘုန်းကြီး ခုနပြောခဲ့တဲ့ ဒကာကြီးတွေ က ၅–ပါးသီလလောက်ထိန်း။ အင်း – အဲဒါလေးနဲ့ ကိုယ့်ကိုယ်ကို ကျေနပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ၅–ပါးသီလသည် သစ္စာနဲ့ဖွဲ့တော့ ဘာဖြစ်မလဲ။ (သမုဒယသစ္စာ)။ ရဟန်းတော်များလည်း ရဟန်းတို့၏သီလသည် သစ္စာဖွဲ့။ (သမုဒယသစ္စာပါဘုရား)။ သင်္ခါရနဲ့ပြောတော့ ဘာသင်္ခါရထဲဝင်သွားလဲ။ (ပုညာဘိသင်္ခါရပါဘုရား)။ သို့သော် သူတခြားကြောင့် ဖြစ်တာလား၊ သစ္စာမသိသေးလို့လား။ (သစ္စာမသိသေးလို့ပါဘုရား)။ သစ္စာမသိတာက (အဝိဇ္ဇာ)။ သီလထိန်းတာက (သင်္ခါရ)။ ပုညာဘိသင်္ခါရ။ အဲဒါကို သစ္စာဖွဲ့လိုက်တော့ သမုဒယသစ္စာ။ ဟော သူ့ဟာနဲ့သူ အကြောင်းအကျိုးပြန်ဆက်သွားပြီနော်။ အဲဒီတော့–သမုဒယသစ္စာသည် အကြောင်းလား၊ အကျိုးလား။ (အကြောင်းပါဘုရား)။ အကြောင်းသမုဒယဆိုရင် သူ့ရဲ့အကျိုး။ (ဒုက္ခသစ္စာပါဘုရား)။ ဒီလိုဖြင့် သီလထိန်းနေရုံနဲ့ ဒကာ၊ ဒကာမတွေ နိဗ္ဗာန်မြင်မလား။ (မမြင်ပါဘူးဘုရား)။ သို့သော် သီလပယ်လိုက်လို့ကော နိဗ္ဗာန်ကို မြင်နိုင်ပါ့မလား။ (မမြင်နိုင်ပါဘူး ဘုရား)။ သိပ်အရေးကြီးတယ်နော်။ ဒီနေရာမှာ အယူအဆမတတ်ရင် ဒါနပယ်၊ သီလပယ်ဆိုတာတွေက လာတတ်တယ်။ အခု ဒါန၊ သီလပယ်တာ ပါရဲ့လား။ (မပါ–ပါဘူး ဘုရား)။ သူတို့မပါလို့ မဖြစ်ဘူး။ ရှင်းကော ရှင်းရဲ့ လား။ သို့သော် ဒီသီလဆိုတာ လှေခါးထစ်ပေါ်မှာရပ်နေရုံနဲ့ လိုချင်တဲ့နေရာကို ရပ့်မလား။ (မရပါဘူး)။ ဒီတော့ ဥပမာပြောကြပါစို့။ ဗမာ့ရုံပေါ်တက်ဖို့အတွက် ဟိုမှာ လှေ



www.burmeseclassic.com

www.burmeseclassic.com



ခါးထစ်တွေ ၇–ထစ် ဖြင့် ၇–ထစ် မတက်ရဘူးလား။ (တက်ရပါတယ်)။ အဲဒီတော့–လှေခါးထစ်ကို တစ်ထစ်စီ တစ်ထစ်စီ ကျော်နင်းပြီးတော့မှ ဒီကိုရောက်လာတာ။ ဟောဒီသီလသည် တခြားနဲ့ တူတာလား။ လှေခါးထစ်နဲ့ တူတာလား။ (လှေခါးထစ်နဲ့ တူတာပါဘုရား)။ ဒီလှေခါးထစ်ကနေ ရပ်နေလို့ကော ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား)။ လှေခါးထစ်ကိုမနင်းဘဲနဲ့ အပေါ်ရောက်ပါ့မလား။ (မရောက်ပါဘူးဘုရား)။ ဒီလိုဖြင့်ရင် သီလသည် တခြားနဲ့တူတာလား။ လှေခါးထစ်နဲ့ တူတာလား။ (လှေခါးထစ်နဲ့ တူ တာပါဘုရား)။ လှေခါးထစ်နဲ့တူတဲ့အကြောင်းကို အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ။ အေး–အဲဒါကြောင့်မို့ ရိုးရိုးသီလသည် ပုညာဘိသင်္ခါရဖြစ်တဲ့အတွက် ဟောဒီမှာ အသေမလွတ်သေးသောကြောင့် သီလနဲ့တင်းတိမ်နေတာမဟုတ်ဘူးလို့၊ ဒီလို ပယ် လိုက်ပါတယ် ယောဂီတို့။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ် ဘုရား)။

အဲဒီလိုဆိုရင် ငါ့ရှင်၊ သီလဝိသုဒ္ဓိ သီလစင်ကြယ်ခြင်းအလို့ငှာ သာသနာဝင်လာတာလားဆို တော့ သီလဝိသုဒ္ဓိကို ပြောတာ။ ဘာ ဝိသုဒ္ဓိကို ပြောတာလဲ။ (သီလဝိသုဒ္ဓိပါ ဘုရား)။

ဒီလိုဖြင့် ငါ့ရှင်က သီလဝိသုဒ္ဓိအလို့ငှာ သာသနာဝင်လာတာ မဟုတ်ဘူးဆိုလို့ရှိရင် နောက်တစ် ခု မေးဦးမယ်။ (၂) စိတ္တဝိသုဒ္ဓိကို မေးတယ်။

စိတ္တဝိသုဒ္ဓိဆိုတာက သမာဓိကိုမေးတာ၊ "ဥပစာရသမာဓိ အပ္ပနာသမာဓိ စေတိ ဒုဝိဓောပိ **သမာဓိ စိတ္တဝိသုဒ္ဓိ နာမ**"ကိုး။ ဥပစာ သမာဓိနဲ့ အပ္ပနာသမာဓိ ၂–မျိုးကို စိတ္တဝိသုဒ္ဓိလို့ခေါ်တယ်တဲ့၊ သဂြိုဟ်ဆရာက။ စိတ္တ ဆိုတာကတော့ စိတ်။ ဝိသုဒ္ဓိဆိုတာက စင်ကြယ်တာ။ စိတ္တဝိသုဒ္ဓိဆိုတာက စိတ်စင်ကြယ်ခြင်းအလို့ငှာ။ ဘယ်လိုမိန့်တာလဲ။ (စိတ္တဝိသုဒ္ဓိ။ စိတ်စင်ကြယ်ခြင်းအလို့ငှာ)။ စိတ် စင်ကြယ်တယ်ဆိုတော့ စိတ်မှာ လောဘတွေကပ်နေရင် ဒီစိတ် စင်ကြယ်ပါ့မလား။ (မစင်ကြယ်ပါဘူး ဘုရား)။ ဒေါသတွေကပ်နေရင် ဒီစိတ် စင်ကြယ်ပါ့မလား။ (မစင်ကြယ်ပါဘူး ဘုရား)။ ကျန်တဲ့ ကိလေသာတွေကပ်နေရင် မစင်ကြယ်ဘူး။ အဲဒီ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာတွေ စင်ကြယ်အောင် လုပ်ဖို့ဟုတ်လား။ ဝင်လေသိ၊ ထွက်လေသိ မှတ်ရတာ။ ဘယ်လှမ်းတယ်၊ ညာ လှမ်းတယ် မှတ်ရတာ။ အဲဒီလို မှတ်တဲ့အခါကျတော့ ခနတုန်းက လောဘ၊ ဒေါသ၊ မောဟတွေ ခဏငြိမ်မသွားဘူးလား။ (ငြိမ်သွားပါတယ်ဘုရား)။ ဒီမှာ မဂ္ဂင် အစားဝင်တဲ့အခါကျတော့–ငြိမ်သွားပြီ။ အဲဒီ ငြိမ်နေတဲ့အခါမှာ သမာဓိ တည်တယ်လို့ ခေါ်တယ်။ သမာဓိတည်တဲ့စိတ်သည် မစင်ကြယ်တဲ့ စိတ်လား၊ စင်ကြယ်တဲ့စိတ်လား။ (စင်ကြယ်တဲ့စိတ်ပါဘုရား)။

ဒီလိုဖြင့်ရင် ယောဂီတို့ တရားအားထုတ်နေတဲ့အခါမှာ စိတ်တွေ မစင်ကြယ်ဘူးလား။ (စင် ကြယ်ပါတယ်)။ တရားအားမထုတ်တဲ့အချိန်မရှုတဲ့အချိန် စိတ်မစင်ကြယ်ဘူး။ (မှန်လှပါ)။ ဘာလို့ဆို စိတ်သည် နှစ်စိတ် မဖြစ်ကောင်းဘူးလေ။ တစ်စိတ်ပဲ ဖြစ်ကောင်းတယ်ဆိုတော့ ယောဂီတို့ရဲ့ စိတ်မှာ မဂ္ဂင်ဆိုတဲ့ စိတ်သည် စင်ကြယ်တဲ့စိတ်။ လောဘ ဒေါသ မောဟ မာနသည် မစင်ကြယ်တဲ့စိတ်။ အဲဒီတော့ ဝိပဿနာပဲဖြစ်ဖြစ်၊ သမထပဲဖြစ်ဖြစ် ရှုနေပြီဆိုရင် မိမိရဲ့စိတ်သည် ဘာစိတ်ခေါ် မလဲ။ (စင်ကြယ်တဲ့စိတ်)။ စင်ကြယ်နေပြီ။ ဘာတွေ စင်ကြယ်လဲဆိုတော့ ကိလေသာတွေပေါ့။ အညစ်အကြေးတွေ စင်ကြယ်နေပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိလေသာအညစ်အကြေးတွေ စင်ကြယ်တဲ့စိတ်သည် မဖြူစင်ဘူးလား။ (ဖြူစင်ပါတယ်ဘုရား)။ အဲဒီအချိန် မနောတွေ ကြည်ပြီးတော့နော်၊ ဆရာတော်ဘုရားကြီး မှန်ထောင်တရား ဟောပြီးပြီ။ (မှန်လှပါ)။ မနောဆိုတာ တခြားနဲ့ တူတာလား၊ မှန်နဲ့တူတာလား။ (မှန်နဲ့တူတာပါဘုရား)။ မိမိမှာရှိတဲ့မနောတွေကြည်ရင် အရာမှန်သမျှ အကုန်လုံးလာဟပ်တာပဲ။ အခု တရားတွေ အားထုတ်လာလို့များ ရက်–၂၀၊ တစ်လလောက်များ ဖြစ်လာလို့ တဖြည်းဖြည်း ကိလေသာတွေက သိပ်ပြီး မဝင်တော့ဘဲနဲ့–ဟုတ်လား၊ တဖြည်းဖြည်းခွာခွာ ခွာခွာလိုက်ရင် မနောမှန်သည် မကြည်ဘူးလား။ (ကြည်ပါတယ်)။

အဲဒီလို ကြည်တယ်ဆိုရင် အရာမှန်သမျှသည် ဒီမှာ လာ,လာပေါ်တယ်။ ဥပမာ ဆိုကြပါစို့နော်။ တကယ်အားထုတ်နေတဲ့အခါကျတော့ အင်း–ဒီနေ့ ဘယ်သူတော့လာလိမ့်မယ်။ စိတ်ထဲမှာ ထင်လိုက် ဟော–သိပ်မကြာဘူး။ ရောက်လာတာပဲ။ အဲဒီလို ကြာကြာကြီး ဒီတရားတွေ အားထုတ်တဲ့အခါကျတော့ ပြုန်းခနဲ ကိုယ့်ကိုယ်ကို ဘဝင်တောင် မြင့်ချင်သလို ဖြစ်လာတယ်။ အမြင်ပေါက်သလိုလို အကြားပေါက်သလိုလို။ (ရှင်းပါတယ်)။ အဲဒါ တခြားသတ္တိလား၊ သမထသတ္တိလား။ (သမထသတ္တိပါဘုရား)။ ဖြစ်တာပဲ။ မယုံရင် ယောဂီတို့ကျင့်လေ။ ယခု ဒီလိုမျိုးတွေ့တဲ့သူတွေတောင် တွေ့ချင်တွေ့နေမှာ။ သို့သော် အဲဒီလို တွေ့နေလို့ လိုရင်းရောက်မလား။ (မရောက်ပါဘူးဘုရား)။ မတွေ့လို့လည်း မဖြစ်ဘူး။ တွေ့လည်းတွေ့မှာပါ။ စင်ကြယ်ရင် ဒကာ၊ ဒကာမတွေ သူ့ဟာနဲ့သူ လာမပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။ ပေါ်နေတာပါ။ ဒါ ယောဂီတို့ကျင့်နေတဲ့ ကျင့်စဉ်မှာ ဒါတွေ တွေ့ရမယ်နော်။

အဲဒီတော့ အဲဒီလို စိတ်စင်ကြယ်နေခြင်းအလို့ငှာ ငါ့ရှင် သာသနာ ဝင်လာတာလားဆိုတော့ ''နော ဣဒံ ဘန္တေ'' မဟုတ်ပါဘုရား။ ဘယ်လို ဒကာ၊ ဒကာမတွေ သူက ဖြေလိုက်သလဲ။ (နော ဣဒံဘန္တေပါဘုရား)။ မဟုတ်ဘူးလို့ ဖြေတာ ဘာကြောင့်ဖြေတာလဲလို့ဆိုတာ ဘုန်းကြီးတို့ ယောဂီများ သိထားဖို့လိုတယ်။

ကဲ – ဒီတော့ ပဋိပ္ပဿမ္ဘိဒါ မသင်ရင် မသိဘူး။ သင်တဲ့အခါကျတော့ ဟောဒီ သမထသမာဓိသည် ဘာသင်္ခါရ။ (အာနေဉ္ဇာဘိသင်္ခါရ)။ အာနေဉ္ဇာဘိသင်္ခါရပစ္စယာ ဝိညာဏံ။ စက်ဝိုင်းထောက်လိုက်တော့ (သမုဒယသစ္စာပါဘုရား)။ သမုဒယသစ္စာသည် ဘာရမလဲ။ (ဒုက္ခသစ္စာ)။ ရှင်းပြီ။ ရှင်းသွားပြီ။ ဟော ဒါကြောင့်မို့လို့ ပယ်လိုက်တာပဲဆိုတာ ယောဂီတို့ သိသွားပြီ။ နို့မို့လို့ ရှိရင် ပဋိစ္စသမုပ္ပါဒ်မသိရင် ဘာဖြစ်လို့ ပယ်ပစ်တာတုန်း။ ဒီ သမာဓိ စိတ်စင်ကြယ်တဲ့ အလုပ်ဟာ အင်မတန် ကောင်းတဲ့အလုပ်ပဲ။ ဒီသမာဓိလေးရအောင် မနည်း မချိမဆံ့ လုပ်ရတာ။ ဘာဖြစ်လို့ ဒါကို လက်မခံသေးတာလဲဆိုတာ လိုရင်းမရောက်သေးလို့။ မလုပ်နဲ့လို့ ပြောတာလား၊ လိုရင်း မရောက်သေးတာလား။ (လိုရင်း မရောက်သေးတာပါဘုရား)။ သူသာသနာကို ဝင်လာတာက ဒီလောက်ကလေးနဲ့ ဝင်လာတာ မဟုတ်ဘူးဆိုပြီး ပယ်လိုက်တာ။ ရှင်းပြီနော်။ နံပါတ်နှစ် ဘာကို ပယ်တာ။ (စိတ္တဝိသုဒ္ဓိ)။

အဲလိုဆိုရင် ငါ့ရှင်–နံပါတ်သုံးမေးခွန်း ငါမေးဦးမယ်။ ဘယ်မေးခွန်းလဲ။ (နံပါတ်သုံး မေးခွန်းပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



(၃) နံပါတ် သုံးမေးခွန်းက ဒိဋ္ဌိဝိသုဒ္ဓိကို မေးပါတယ်။ ဘာဝိသုဒ္ဓိ (ဒိဋ္ဌိ ဝိသုဒ္ဓိပါဘုရား)။ ဒိဋ္ဌိဆိုတာက အယူပေါ့။ အယူမှားတာ။ ဒိဋ္ဌိဆိုတာ ဘာပါလိမ့်။ (အယူပါဘုရား)။ ဒိဋ္ဌိက အယူ။ ဝိသုဒ္ဓိက စင်ကြယ်တာ။ ဒီလိုဖြင့်ရင် အယူစင်ကြယ်စေခြင်း အလို့ငှာ၊ ငါ့ရှင် သာသနာ ဝင်လာတာလား ဆိုတော့ ''နော ဟေဒံ ဘန္တေ'' မဟုတ်ပါဘုရား။ မြန်မာလို ပြန်တော့ မဟုတ်သေးဘူးတဲ့။

ဒီလိုဖြင့်ရင် ဘာဖြစ်လို့ မဟုတ်သေးဘူးလဲဆိုတာ ယောဂီတို့က ကိုယ့်ကိုယ်ကို ပြန်စစ်ရမယ်ပေါ့။ ယနေ့ အခုယောဂီတို့ကို ခန္ဓာ ၅–ပါး အကြောင်း မသင်ဘူးလား။ (သင်ပါတယ်ဘုရား)။ ရုပ်နာမ် ၂–ပါးအကြောင်း မသင်ဘူးလား။ (သင်ပါတယ်)။ ဒီလိုဖြင့်ရင် ခန္ဓာ ၅–ပါးလို့သိရင် ဘာဒိဋ္ဌိပြုတ်။ (သက္ကာယ ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။ ဟုတ်ပြီ သက္ကာယဒိဋ္ဌိပြုတ်ပြီ။ အဲဒီ ခန္ဓာ ၅–ပါးကို ကြည့်ရင် မြဲတာတွေ့လား။ မမြဲတာတွေ့လား၊ (မမြဲတာတွေ့ပါတယ်ဘုရား)။ မမြဲဘူးလို့ သိလိုက်ရင် ဘာဒိဋ္ဌိပြုတ်။ (သဿတဒိဋ္ဌိပြုတ်ပါတယ်)။ တရားနိဂုံး ချုပ်နေပြီနော်။ မမြဲတာက လုံးဝပျက်သွားပြီးတော့ အစားမထိုးတာလား၊ အစားပြန်ထိုးသေးတာလား။ (အစားပြန်ထိုးပါတယ်ဘုရား)။ အစားထိုးတာကိုသိလိုက်တော့ ဘာဒိဋ္ဌိပြုတ်။ (ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။ အဲဒီတော့

အပျက်ကို မြင်ရင် သဿတဒိဋ္ဌိပြုတ်
အဖြစ်ကို မြင်ရင် ဥစ္ဆေဒဒိဋ္ဌိပြုတ်
ခန္ဓာကို မြင်ရင် သက္ကာယဒိဋ္ဌိပြုတ်

အဲဒီတော့ ယောဂီတို့ ၉–ရက်လုံးလုံး ယနေ့အပါအဝင် ၁၀–ရက် လုံးလုံး ဒိဋ္ဌိဖြုတ်ခန်းပဲ သင်နေရတာ။ ဘာဖြစ်လို့လဲဆိုတော့ သောတာပန်ဖြစ်ချင်ရင် ဘာကိုပယ်ရမလဲ။ (ဒိဋ္ဌိကိုပယ်ရပါတယ်ဘုရား)။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ။ ဒိဋ္ဌိပယ်ရင် ဝိစိကိစ္ဆာ ပယ်ပါတယ်၊ ဟုတ်လား။ အဲဒီတော့ အဲဒီဥစ္စာကို ၁၀–ရက်လုံးလုံး ယောဂီတို့ကို သင်ထားတာ၊ ဟုတ်လား။ အခု အသိနဲ့ မဖြုတ်ဘူးလား။ အသိနဲ့ ဖြုတ်နေတယ်ဆိုတော့၊ အသိနဲ့ပြုတ်ရုံဆိုတော့ တခြားလား။ စူဠသောတာပန်လား။ (စူဠသောတာပန်ပါဘုရား)။

အဲဒီတော့ အခုယောဂီတို့ ဒိဋ္ဌိကို နေ့တိုင်း အသိနဲ့အပွားနဲ့ မဖြုတ်ဘူးလား။ (ဖြုတ်ပါတယ်ဘုရား)။ အသိနဲ့ဖြုတ်နေတယ်။ အပွားနဲ့ဖြုတ်နေတယ်။

အပယ်နဲ့တော့ မဖြုတ်နိုင်သေးဘူး။ အဲဒီတော့ အဲဒီလို ဒိဋ္ဌိကို အသိလေးနဲ့ ဖြုတ်နိုင်ရုံ အပွားနဲ့ဖြုတ်နိုင်ရုံအတွက် ဒကာ၊ဒကာမတွေ သာသနာဝင်လာတာ လားဆိုရင် မဟုတ်ပါဘုရား။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်)။

(၄) ကဲဒီလိုဖြင့်ရင် ငါ့ရှင် နံပါတ်လေးမေးခွန်းမေးမယ်။ ဘာမေးခွန်း။ (နံပါတ်လေး မေးခွန်းပါဘုရား)။

နံပါတ် လေးမေးခွန်းက ကင်္ခါဝိတရဏဝိသုဒ္ဓိကိုမေးပါတယ်။ လိုက်ဆို။ (ကင်္ခါဝိတရဏဝိသုဒ္ဓိ)။ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဆိုတာ ကင်္ခါဆိုတာ ယုံမှားခြင်း။ ဘာပါလိမ့်။ (ယုံမှားခြင်း)။ ဝိတရဏဆိုတာ လွန်မြောက်တာ။ ဝိသုဒ္ဓိက စင်ကြယ်တာ။ ယုံမှားခြင်းမှလွန်မြောက်စင်ကြယ်ခြင်း။ ကင်္ခါဝိတရဏဝိသုဒ္ဓိကိုမြန်မာလို အနက်ပြန်လိုက်တော့ ဘယ်လိုပြန်မလဲ။ ယုံမှားခြင်းမှ လွန်မြောက်စင်ကြယ်သွားပြီ၊ အဲဒါ ပါဠိလိုက ကင်္ခါဝိတရဏဝိသုဒ္ဓိ။ အနက်ပြန်လိုက်တော့ ယုံမှားခြင်းမှ လွန်မြောက်စင်ကြယ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။ အဲဒါမြန်မာစကား မြန်မာနားမလည်ဘူး။ နားမလည်ဘူး။

ယုံမှားခြင်းမှ လွန်မြောက်စင်ကြယ်သွားတယ်ဆိုတာ ဘာအဓိပ္ပါယ် ယူပြီးတော့ ဘာကြည့်ရမှန်း မသိရဘူးနော်။ ယုံမှားခြင်းမှ လွန်မြောက်စင်ကြယ်သွားတယ်ဆိုတော့ အခု ယောဂီတို့ ယုံမှားတယ်ဆိုတာက၊ အင်း– ဟုတ်မှ ဟုတ်ပါ့မလား။ မှန်မှ မှန်ပါ့မလား။ အဲဒါ ဘာဖြစ်တာလဲ။ (ယုံမှားတယ်)။ ယုံမှားတာ၊ သံသယဖြစ်တာ။ ဘာဖြစ်တာလဲ။ (သံသယဖြစ်တာပါဘုရား)။ သံသယဖြစ်တာ ယုံမှားတာ အဓိပ္ပါယ် အတူတူပဲနော်။

အဲဒီတော့ သံသယ ဖြစ်တယ် ယုံမှားတယ်ဆိုတာကလည်း ဝိစိကိစ္ဆာပါပဲ။ ဒီလိုဖြင့် ဝိစိကိစ္ဆာ ဘာကြောင့်ဖြစ်တာလဲ လာတော့မယ်။ ဝိစိကိစ္ဆာ ဘာကြောင့်ဖြစ်တာလဲဆိုတာ ယောဂီတို့ကို ပဋိစ္စသမုပ္ပါဒ်တွေ သင်ခဲ့ပြီနော်။ (မှန်လှပါ)။ ပဋိစ္စသမုပ္ပါဒ် သင်ခဲ့တဲ့ အခါကျတော့ လူဘာကြောင့်ဖြစ်သလဲ –– ဟော။ လူသည် အဖေ အမေကြောင့် ဖြစ်သလိုလို အဓိပ္ပါယ်။ သို့သော် မပြည့်စုံဘူး။ ဟာ–ဘုရားသခင်က ဖန်ဆင်းသလိုလို၊ သိကြားကပဲ ဖန်ဆင်းသလိုလို။ ဗြဟ္မာကပဲ မွေးထုတ်သလိုလို၊ သလိုလို သလိုလိုတွေ မရှိဘူးလား။ (ရှိပါတယ်)။ တိကျတဲ့ စကားလား၊ မတိကျတဲ့စကားလား။ (မတိကျတဲ့စကားပါဘုရား)။ မတိကျတာသည် တခြားလား၊ သံသယလား။ (သံသယပါဘုရား)။ အင်း ဟိုလိုလား၊ ဒီလိုလား ဆိုတဲ့ နှစ်ခွစိတ်သည် သံသယ။ အဲဒီသံသယကိုဘာတဲ့။ (ဝိစိကိစ္ဆာ)။ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ဒေသနာကို သင်လိုက်တဲ့အခါကျတော့ ဒကာ၊ ဒကာမတို့ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ ဘယ်သူကမှ ဖန်ဆင်းလို့ ဖြစ်လာတာမဟုတ်ဘူး။ မိမိပြုခဲ့တဲ့အကြောင်းတရားကြောင့် ဖြစ်ပေါ်သော အကျိုးတရား။ သို့ဖြင့် အကြောင်းတရား ကိုကြည့်တဲ့အခါကျတော့ ဟောဟိုးလွန်ခဲ့တဲ့ အတိတ်ကာလတုန်းက အကြောင်းတရား ဘယ်နှပါးလုပ်လဲ။ (၅–ပါး)။ ခြင်းရာ နှစ်ဆယ်နဲ့ကြည့်ရင် အကြောင်းတရား ဘယ်နှပါးလုပ်။ (၅–ပါး)

၅–ပါး ကြည့်စမ်းပါ။ ဘာတွေလဲ။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဘယ်နှပါး။ (၅–ပါး)။ ဟုတ်ပြီ။ ဒါသင်ခဲ့ပြီးပြီ။ အစနေ့ကတည်းက သင်ခဲ့ပြီးပြီ။ အဲဒီ အကြောင်းတရား ၅–ပါး လုပ်တော့ အကျိုးတရား ဘယ်နှပါးရလဲ။ (၅–ပါး)။ ၅–ပါးက ဘာတွေလဲ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ သို့ဖြင့် ဟို၅–ပါးက ဘယ်တုန်းကလုပ်ခဲ့တာလဲ။ (လွန်လေပြီးသော အတိတ်ကာလ)။ အကြောင်းလား၊ အကျိုးလား။ (အကြောင်း)။ သစ္စာဖွဲ့ (သမုဒယသစ္စာ)။ အကြောင်း သမုဒယသစ္စာ၊ ဟိုးအတိတ်ကာလက ဒီ ၅–ပါး လုပ်ခဲ့လို့ အကျိုးဒုက္ခသစ္စာ၊ ခန္ဓာ ၅–ပါးရတယ်။ ဒီတော့ အဲဒီ ခန္ဓာ ၅–ပါးသည် ယောက်ျားလည်း ခန္ဓာ ဘယ်နှပါး။ (၅–ပါး)။ မိန်းမလည်း ခန္ဓာဘယ်နှပါး။ (၅–ပါး)။ နတ်လည်း ခန္ဓာဘယ်နှပါး။ (၅–ပါး)။ ရှိသမျှ သတ္တဝါတွေ ခန္ဓာ ဘယ်နှစ်ပါး (၅–ပါး)။ ဟိုဘက် ဗြဟ္မာတွေသာ ဧကဝေါကာရ စတုဝေါကာရ ပဉ္စဝေါကာရ ရှိတာကိုး။ ခန္ဓာတစ်ပါးတည်းရှိတဲ့ ဗြဟ္မာလည်းရှိတယ်။ ခန္ဓာ ၄–ပါးရှိတာရှိတယ်။ ခန္ဓာ ၅–ပါးဆိုတာ ရှိတယ်နော်။ အဲဒီတော့ လူမှန်သမျှ တိရစ္ဆာန်မှန်သမျှ နတ်မှန်သမျှ ခန္ဓာ ဘယ်နှပါး။ (၅–ပါး)။ ၅–ပါးချည်းပဲ။ ဟိုက ဗြဟ္မာကိစ္စ ထားလိုက်နော်။ အဲဒီတော့ အဲဒီလို ခန္ဓာ ၅–ပါးဟာ မိုးပေါ်က ကျလာတာလား၊ အကျိုးတရားလား။ (အကျိုးတရားပါဘုရား)။ ဘုရားသခင် အလိုတော်ကျလား၊ အကျိုးတရားလား။ (အကျိုးတရားပါ ဘုရား)။ ဒီလိုဖြင့်ရင် အဲဒီ အကျိုးတရား

www.burmeseclassic.com



သည် ဘာရှိလို့ အကျိုးတရားဖြစ်တာလဲ။ (အကြောင်းတရားရှိလို့ပါ ဘုရား)။

အကြောင်းတရားရှိလို့ အကျိုးတရားဖြစ်တယ်။ ဟော -- ဒီလိုဖြင့်ရင် ဒီသစ္စာဒီခန္ဓာ ၅-ပါးဆိုတဲ့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါလို့ခေါ်နေတဲ့ ခန္ဓာ ၅-ပါးကြီးဟာ ဒီအကြောင်းတရားကြောင့် ဒီအကျိုးရတာပဲဆိုတော့ ဘာကြောင့် ပါလိမ့်လဲပဲဆိုတဲ့ ယောဂီတို့ သံသယရှိသေးလား။ (မရှိတော့ပါဘူးဘုရား)။ ဟော ဒီလိုဖြင့် သံသယ မရှိဘူးဆိုလို့ရှိရင် တခြားသေတာလား၊ ဝိစိကိစ္ဆာ သေတာလား။ (ဝိစိကိစ္ဆာ သေတာပါဘုရား)။ ကဲဘယ်လောက် ဝမ်းသာစရာ ကောင်းလိုက်သလဲ။ ပဋိစ္စသမုပ္ပါဒ်အကြောင်းကို သိရုံနဲ့ ဝိစိကိစ္ဆာသေသွားပြီ။ ဝိစိကိစ္ဆာသည် မဂ်တား၊ ဖိုလ်တား အပါယ်ကိုကျမယ့်တရား။ (မှန်လှပါ)။ အဲဒီ တရားကြီးသည် တစ်သက်လုံး က ဒကာ၊ ဒကာမတွေ ရှင်းပေးမယ့် လင်းပေးမယ့် ဆရာသမားနဲ့ မဆုံတဲ့အခါကျတော့ အမြဲတမ်း သံသယဖြစ်နေတာ။ ဘာကြောင့်ပါလိမ့်မလဲဆိုတာ မလာဘူးလား။ (လာပါတယ်ဘုရား)။ အဲဒီ သံသယသည် ကံအပေါ်မှာ သံသယဖြစ်လို့လည်းပဲ နိယတမိစ္ဆာဒိဋ္ဌိဖြစ်တာပေါ့။ ကိုယ့်ဟာကိုယ် ကြီးပွားတာ တိုးတက်တာ ဆိုတာ ကိုယ် ကြိုးစားပြုလုပ်တဲ့ ဝီရိယတွေ သဒ္ဓါတွေ ကိုယ်ပြုခဲ့တဲ့ ဒါနတွေ၊ သီလတွေကို ဘေး ချိတ်ပြီးတော့မှ ဟိုဟာကြောင့် ဒီဟာကြောင့်ဆိုတာ အကြောင်းပယ်ရာမရောက်ဘူးလား။ (ရောက်ပါတယ်ဘုရား)။ အဓိကအကြောင်း ပယ်သွားတယ် ဆိုတာက သံသယဝင်တာလေ။ (မှန်လှပါ)။ အဲဒါတခြားလား၊ ဝိစိကိစ္ဆာလား။ (ဝိစိကိစ္ဆာ ပါဘုရား)။

အခုတော့ လူရယ်လို့ စဖြစ်ပြီဆိုကတည်းက ဒီအကြောင်းကြောင့် အကျိုးဖြစ်တာပဲ သိလိုက်တော့ အကြောင်းပေါ်မှာ ဉာဏ်ရှင်းသွားရင် တခြားသေတာလား၊ ဝိစိကိစ္ဆာ သေတာလား။ (ဝိစိကိစ္ဆာ သေတာပါဘုရား)။ ဒီလိုဖြင့်ရင် အကြောင်းကြောင့်ဖြစ်သော အကျိုး။ အကျိုးဆိုတော့ အကျိုးပေါ်မှာ ဉာဏ်ရှင်းတော့ ဒိဋ္ဌိမပြုတ်ဘူးလား။ (ပြုတ်ပါတယ်)။ ဒါ အစကတည်းက ဘုန်းကြီးတို့ သင်ခဲ့ပြီနော်။ ဆရာတော်ဘုရားကြီး ဒီအတိုင်းမိန့်သွားပြီ၊ ဟုတ်လား။ အဲဒီတော့ အကြောင်းသည် တခြားလား၊ ပဋိစ္စလား။ (ပဋိစ္စပါဘုရား)။ အကျိုးသည် တခြားလား၊ သမုပ္ပါဒ်လား။ (သမုပ္ပါဒ်ပါဘုရား)။ ဒီလိုဖြင့် အကြောင်းနဲ့အကျိုးဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကိုသိရင် ကဲ ဒကာ၊ ဒကာမတွေ ဘာများ သံသယရှိသေးသလဲ။ (မရှိတော့ပါဘူးဘုရား)။

ယောဂီတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို သံသယလွတ်သွားပြီဆို ငြိမ်းသွားပြီ။ ချက်ချင်း ငြိမ်းသွားတာ။ နို့မို့ရင် ကိုယ်အားထုတ်နေတဲ့ အလုပ်ပေါ်မှာ သံသယဝင်တယ်။ ကိုယ်ပြုနေတဲ့ ဒါနအပေါ်မှာ သံသယဝင်တယ်။ ဘယ်လောက်ထိ ကြောက်စရာကောင်းသလဲဆိုရင် ဒါနသည် မကောင်းကျိုးပေးမှာလား။ ကောင်းကျိုးပေးမှာလား။ (ကောင်းကျိုးပေးမှာပါဘုရား)။ ကောင်းကျိုး ပေးမယ်ဆိုတော့ ဘုရားလည်းဟောတယ်။ လက်တွေ့လုပ်ရင်လည်း သိတယ်။ သို့သော် တစ်ခါတစ် လေကျတော့ ကြောက်စရာသိပ်ကောင်းတယ်။ ဒကာ၊ ဒကာမတွေ ဒီဝိစိကိစ္ဆာများနော်။ ငါ ဒီ လောက်လှူတန်းပြီးတော့ ကောင်းကောင်းလည်းနေ ကောင်းကောင်းလည်းလုပ်နေပါလျက် ငါ့ အကျိုးပေးကလည်း မကောင်းလိုက်တာ ဟော။ ဒါတွေ လုပ်နေလို့များ ဖြစ်ရောလားဆိုတော့။ ကဲ ဒကာ၊ ဒကာမတွေ မနာဘူးလား။ (နာပါတယ်ဘုရား)။ သိပ်ကြောက်စရာ ကောင်းတယ်နော်။ ဝိစိကိစ္ဆာနော်။ (မှန်လှပါ)။



www.burmeseclassic.com

www.burmeseclassic.com



အချို့များဒီလောက် လှူတန်းပေးကမ်းနေရက်ကြားထဲကနေ ဟာ ဟိုကိစ္စ ဒီကိစ္စ အဆင်မပြေဘူးဆိုတော့ ဒါတွေပဲလှူဒါန်းနေလို့ ဒီကောင်းမှုတွေပဲလုပ်နေလို့ ဒီလိုတရားတွေပဲ အားထုတ်နေလို့ ဖြစ်ရောလားဆိုတဲ့ သံသယတောင်ဝင်နိုင်တာ။ ဒီလိုဖြင့်ရင် ယနေ့ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုသည် မကောင်းကျိုးပေးမှာလား၊ ကောင်းကျိုးပေးမှာလား။ (ကောင်းကျိုးပေးမှာပါဘုရား)။ ဒါကြောင့် ဒီပုံသေနည်းကို အသေကိုင်ထားရပါတယ် ယောဂီတို့။

ဒီလိုဖြင့် မေးစရာရှိတယ်။ အရှင်ဘုရား အဲဒီလို ကုသိုလ်ကောင်းမှု လုပ်နေတယ်၊ တစ်ခါတလေ အစစအရာရာ အဆင်မပြေဘူး။ စိတ်ဆင်းရဲ စရာတွေရှိတယ်။ ဒါတွေက မကြာမကြာ မဖြစ်တတ် ဘူးလား။ (ဖြစ်တတ်ပါတယ်ဘုရား)။ ဖြစ်တတ်တာက ဒကာ၊ဒကာမတွေ ကိုယ်ပြုတဲ့ ပစ္စုပ္ပန်ကုသိုလ်ကောင်းမှုတွေနဲ့ ဘာမှ မပတ်သက်ဘူး။ အတိတ်အကုသိုလ်ရဲ့အနှောင့်အယှက်တွေ

အဲဒီအခါကျတော့ ဘုန်းကြီးတို့ ယောဂီများက ဇောရ-ကြိမ်ကို နားလည် ရတယ်။ ဒီတရားကို ဟိုနေ့ကလည်း တစ်ခါပြောပြီးပြီ။ ထပ်ပြီးတော့ သတိပေးပါဦးမယ်နော်။ ဇော ရ-ကြိမ်မှာ ပထမဇော ဒိဋ္ဌဓမ္မဝေဒနီယကံသည် ၇-ရက်၊ ၇-လ၊ ၇-နှစ်အတွင်း အကျိုးမပေးဘူးလား။ (ပေးပါတယ်)။ မကောင်းမှု လုပ်ရင်လည်း ၇-ရက်၊ ၇-လ၊ ၇-နှစ် အတွင်းအကျိုးပေးတာ၊ ကောင်းမှုလုပ်ရင်လည်း ၇-ရက်၊ ၇-လ၊ ၇-နှစ် အတွင်း အကျိုးပေးတာ၊ ၇-ကြိမ်မြောက် သတ္တမဇောတိက ဒုတိယဘဝမှာ အကျိုးပေးတယ်။ အလယ်ဇော ၅-ချက်က တတိယဘဝကစပြီး နိဗ္ဗာန်မရမချင်း အကျိုးပေးနိုင်တယ်။ ဘုရားကိုယ်တော်မြတ်ကြီးတောင်မှပဲ ဒကာ၊ ဒကာမတွေ ဝဋ်ခံရတာပါပဲ၊ ဟုတ်လား။ အဲဒီတော့ အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီး သူခိုးရိုက်ခံရတာ ဒါ--ဝဋ်လိုက်တယ်လို့ ခေါ်ပါတယ်။ ဒါတွေဟာ ဒုတိယစတဲ့ ဇောတွေရဲ့သတ္တိတွေပေါ့။ အဲဒီတော့ သူ့ဇောနဲ့သူ အကျိုးပေးတာလေးကို နားလည်ထားရင် ယောဂီတို့ ဘယ်နေရာမှာမှ သံသယမရှိတော့ဘူး။ အခုဟာက ဒီသံသယ ဝိစိကိစ္ဆာက ဝင်တတ်လွန်းလို့ သတိပေးနေတာနော်။ (မှန်လှပါ)။ ငါဘယ်လောက်ပဲ ကောင်းတာလုပ်နေနေ ဘာတစ်ခုမှ အဆင်မပြေဘူးဆိုရင် ကောင်းတဲ့အလုပ်တွေကိုပဲ လွှင့်ပစ်လိုက်ရတော့မလိုလို။ အဲဒီလို သံသယလည်း ဝင်တတ်ပါတယ်။ ဒါက-ဒါန သီလနဲ့ပတ်သက်တဲ့ သံသယ။

တရားအားထုတ်တာနဲ့ ပတ်သက်တဲ့အခါကျတော့ ဒီတရားကို သေသေချာချာ အားထုတ်နေပါတယ်။ ဆရာသမားက ဒီလိုအားထုတ်ဆိုတော့ အားသာအားထုတ်နေတယ် ဘာမှလည်း မတွေ့ဘူးဆိုတော့ ဒီတရားဟုတ်မှ ဟုတ်ပါ့မလား ဖြစ်လာရော ဟော။ သံသယ ဖြစ်လာတာပေါ့နော်။

အဲဒီလို ဖြစ်မှာစိုးလို့ ဒကာ၊ ဒကာမတို့ -

**လမ်းဆုံးမရောက် လက်မမြှောက် တောက်လျှောက်ပွားရမည်။**

ဆိုတဲ့ ဆောင်ပုဒ်ကလေး မရှိဘူးလား။ (ရှိပါတယ်)။ မရမချင်း အားထုတ် ခင်ဗျားတို့ လမ်းပေါ်ကို တည့်ထားပြီးပြီ။ ကိုယ့်ဆွေတော်မျိုးတော်တွေ၊ ဒကာ၊ ဒကာမတွေ စသည်ဖြင့်ပေါ့နော်။ အဲဒီတော့ လမ်းကိုတည့်ထားပြီးပြီဆိုတော့ ဒီလမ်းကို သေသေချာချာ သံသယကင်းအောင် ဆရာသမားက ထပ်တလဲလဲ ထပ်တလဲလဲ မရှင်းဘူးလား။ (ရှင်းပါတယ်)။ ဒီတော့ ဟောဒီမှာကြည့် ပဋိစ္စသမုပ္ပါဒ်။ ဒါကြောင့် ဒါဖြစ်တယ်။ ဒီတော့ ဒီလိုဖြတ်လို့ရှိရင် ဒါပြတ်သွားမယ်လို့ တစ်ခါတည်းကို သာကေနဲ့

**ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း**

www.burmeseclassic.com

www.burmeseclassic.com



သဘာဝ မရှင်းဘူးလား။ (ရှင်းပါတယ်ဘုရား)။ အဲဒီလိုရှင်းထားတဲ့အခါကျတော့ သံသယ မရှိတော့ဘူးပေါ့နော်။ အဲဒါကြောင့် ခုနပြောသလို သံသယဆိုတာ တခြားလား။ ဝိစိကိစ္ဆာလား။ (ဝိစိကိစ္ဆာပါဘုရား)။ ယုံမှားခြင်းလို့ ခေါ်တာပေါ့။ အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို နားမလည်ရင် ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်သွားပြီ။ ယုံမှားခြင်းမှ လွန်မြောက်သွားပြီကို ပြောတာ။ အဲဒီတော့ ကင်္ခါဝိတရဏဝိသုဒ္ဓိဆိုတာ ပဋိစ္စသမုပ္ပါဒ် နားလည်တယ်လို့ ဒါလေးမှတ်ထားလိုက်။ နို့မို့ မြန်မာစကား မြန်မာနားမလည်ဘူးဖြစ်နေမယ်နော်။

ကင်္ခါဝိတရဏဝိသုဒ္ဓိသည် ဘာကို နားလည်ရမလဲ။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမှာပါဘုရား။ အဲဒီလို ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရင် ဒကာ၊ ဒကာမတွေ မစင်ကြယ်ဘူးလား။ (စင်ကြယ်ပါတယ်ဘုရား)။ ဒီလိုဖြင့်ရင် ပဋိစ္စသမုပ္ပါဒ် နားလည်ဖို့ဆိုတော့ အခု ဘုန်းကြီးတို့ ဝိသုဒ္ဓိ ၄-ပါးရလာပြီနော်။ (မှန်လှပါ)။

(၁) နံပါတ် သီလဝိသုဒ္ဓိ။

(၂) နံပါတ် စိတ္တဝိသုဒ္ဓိ။

(၃) နံပါတ် ဒိဋ္ဌိဝိသုဒ္ဓိ။

(၄) နံပါတ် ကင်္ခါဝိတရဏဝိသုဒ္ဓိ။

ဟော - ဒကာ၊ ဒကာမတွေ အဲဒါက ပဋိစ္စသမုပ္ပါဒ်သင်နေပြီ။ ဒီတော့မှ ဒီကင်္ခါဝိတရဏဝိသုဒ္ဓိအလို့ငှာ ငါ့ရှင် သာသနာဝင်လာတာလား ဆိုတော့ "နော ဟိဒံ ဘန္တေ" မဟုတ်သေးဘူးလို့ ပြောလိုက်တာ။ ဒီလောက်နဲ့ ဝင်လာတာ မဟုတ်သေးဘူးတဲ့။

ဒီလိုဖြင့်ရင် ငါ့ရှင်ကို နောက်တစ်ခုမေးဦးမယ်တဲ့။ ဒကာ၊ ဒကာမတွေ ဘာကိုမေးတာလဲ (နံပါတ် ၅-ပါဘုရား)။

(၅) နံပါတ် ငါးက ဘာမေးတာလဲဆိုတော့ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ။ ဟုတ်ပြီ။ အဲဒါက ဘုန်းကြီးတို့ ပါဠိတော် အတိုင်းရွတ်သွားတာပေါ့နော်။

မဂ္ဂါမဂ္ဂဆိုတာက မဂ္ဂ အမဂ္ဂ။ နှစ်လုံးနော်။ မဂ္ဂါမဂ္ဂက သဒ္ဒါနည်းနဲ့ တစ်ခုချင်းခွဲလိုက်တော့ မဂ္ဂ အမဂ္ဂနော်။ (အ)က (မ)နော်။ မဂ္ဂဆိုတာက လမ်း။ ဒါ မဂ္ဂါမဂ္ဂဆိုတာ အဓိပ္ပါယ်ရှင်းသွားပြီ။ လမ်းမှန် လမ်းမှား။ ဉာဏက ဉာဏ်။ ဒဿနက အမြင်။ ဝိသုဒ္ဓိကစင်ကြယ်တာ။ ဘယ်နှစ်လုံးလဲ။ (၅-လုံး)။ အဲဒီတော့ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ ဆိုတော့ လမ်းမှန်နဲ့ လမ်းမှားကို သိတဲ့ဉာဏ် အမြင် စင်ကြယ်သွားပြီ။ ဒီပါဠိကို အနက်ပြန်လိုက်တာ ဒီလိုပြန်ပါတယ်။ ကဲ--လိုက်ဆို။ လမ်းမှန်နှင့် လမ်းမှားကို သိတဲ့ဉာဏ် အမြင်စင်ကြယ်သွားပြီ။ တစ်နည်းအားဖြင့် သိမှုစင်ကြယ်သွားပြီနော်။ အဲဒီတော့ အမြင်ကြီးလို့ အရပ်စကားလုံးနဲ့ အရပ်နား နဲ့ဆို ဘာမှ နားမလည်ဘူး။ အဓိပ္ပါယ်ကိုယူလို့ မတတ်ဘူးပေါ့နော်။

**စကားမှန်၏။ ဉာဏ်မမီ ထိအောင်သူမသိတဲ့။**

ဒီစာ မမှန်ဘူးလား။ (မှန်ပါတယ်)။ မှန်လိုက်တာမှ ဒကာ၊ ဒကာမတွေ သေသေ ချာချာကို မှန်တဲ့တရား။ သို့သော် ကိုယ်က မယူတတ်ဘူးနော်။ မယူတတ်တဲ့ အခါကျတော့ သဘောကို မမီတော့ဘူး။ သဘောဟုတ်မှ လောကုတ်ဆိုတော့။ သဘောမေ့ရင် ဘယ်လိုနည်းနဲ့မှ မင်ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဉာဏ် မရနိုင်ဘူး။ ဒီတော့ သဘောတရားကို နားလည်ဖို့ဟောတဲ့ ဆရာ သိပ်အရေးကြီးတယ်။ (မှန်လှပါ)။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

## အရှိဖြစ်ပျက်၊ အသိမင်္ဂ

ဒီတော့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဆိုတာဟာ တခြားပြောတာ မဟုတ်ဘူး။ လမ်းမှန်နဲ့ လမ်းမှားကို ခွဲခြားပြီးတော့ သိတဲ့ဉာဏ် အမြင်စင်ကြယ်သွားတယ် ဆိုတော့ လမ်းမှန်ရယ် လမ်းမှားရယ်။ ဒီပေါ်မှာ ကိုယ်ကိုယ်တိုင် အမြင်စင်ကြယ်ရမယ်။ ဘာလုပ်ရမလဲ။ (ကိုယ်တိုင်အမြင်စင်ကြယ်ရပါမယ်ဘုရား)။ အမြင်စင်ကြယ်ရမယ်ဆိုတော့ အခု ယောဂီတို့ရှုနေတာဟာ တစ်လောကလုံးကို အရှုခိုင်းတာလား။ ကိုယ့်ခန္ဓာထဲကိုယ် အရှုခိုင်းတာလား။ သူများဆီက မဂ္ဂင်ငှားရှုတာလား။ (ကိုယ်ပိုင်မဂ္ဂင် နဲ့ရှုတာပါဘုရား)။

ဒီလိုဖြင့်ရင် ကိုယ်ပိုင်မဂ္ဂင်နဲ့ ရှုတယ်ဆိုတာက ဒီအတ္တဘောကြီးရှုနေတာလား။ ခန္ဓာရှုနေတာလား။ (ခန္ဓာရှုနေတာပါဘုရား)။ ဘယ်ခန္ဓာလဲ။ (ပဋိစ္စသမုပ္ပါဒ် ခန္ဓာ)။ ဘုန်းကြီးတို့အရပ်ပြောပြော၊ ခွေးမဟောင်တဲ့ ခန္ဓာပေါ့။ ဘာခန္ဓာလဲ။ (ခွေးမဟောင်တဲ့ ခန္ဓာပါဘုရား)။ ဒီလိုဖြင့်ရင် ဗုဒ္ဓဘာသာ တစ်ယောက်ဖြစ်ပြီး အဲဒီခန္ဓာကို မမြင်ရင် အဲဒီပုဂ္ဂိုလ်က အောက်တန်းစားပဲ။ ဒါလည်း ပြောခဲ့ပြီးပြီ ပေါ့နော်။ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို သင်တဲ့အခါကျတော့ ဩော် ပဋိစ္စသမုပ္ပါဒ် ခန္ဓာက ဒီလိုပေါ်တယ်။ မြင်တိုင်း ပဋိစ္စသမုပ္ပါဒ်ခန္ဓာ။ ကြားတိုင်း နံတိုင်း မွှေးတိုင်း စားတိုင်း ဝတ်တိုင်း ကြံစည်တိုင်း ခန္ဓာ ဘယ်နှပါးပေါ်လဲ။ (၅–ပါး)။ ဩော် ခန္ဓာ ၅–ပါး၊ ခန္ဓာ ၅–ပါးဆိုတာ သည်းခံပြီးတော့ ဖြည်း ဖြည်းချင်း မြင်အောင် ကြည့်ရတာကိုး။ အဲဒီတော့မှ အဲဒီ ခန္ဓာ ၅–ပါးက သူများပြောလို့မြင်ရမှာလား။ ကိုယ်တိုင်မြင်ရမှာလား။ (ကိုယ်တိုင်မြင်ရမှာပါဘုရား)။ ''သန္ဒိဋ္ဌိကော''နော်။ ကိုယ်တိုင်ကိုယ်ကျ မြင်ရမယ်။

အဲဒီခန္ဓာ ၅–ပါးကို ဘယ်အချိန်ဖြစ်ဖြစ် ကြည့်ကြည့်၊ ကြည့်ရင် မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ အချိန်မရွေးကြည့်လို့ရတယ်နော်။ ကဲ ယောဂီတို့ တရားထိုင်တာသည် ယောကျ်ား မိန်းမ မြင်အောင် ရှု တာလား။ ခန္ဓာမြင်အောင်ရှုတာလား။ (ခန္ဓာမြင်အောင် ရှုတာပါဘုရား)။ နာတာ ဘာပါလိမ့်။ (ခန္ဓာတွေ့တာပါဘုရား)။ ဒီလိုဖြင့် နာတာကို တွေ့နေလို့မဖြစ်သေးဘူး။ ရှင်းကောရှင်းရဲ့ လား။ (ရှင်းပါတယ်)။ နာတယ်ဆိုတာက တခြားလား၊ ဝေဒနာလား။ (ဝေဒနာပါဘုရား)။ ဝေဒနာကို ခွာရတော့မယ်။ ဝေဒနာကို ခွာရတော့မယ်ဆိုတော့ ဝေဒနာသည် တခြားပြောတာလား၊ နာမည် ပြောတာလား။ (နာမည်ပြောတာပါဘုရား)။ နာမည်မှည့်ထားတာနော်။ အဲဒီဝေဒနာကို ခွာ၍ ဖြစ်ပျက်ရှုပါ ဆိုတဲ့ စကားလုံး ဆရာတော်ကြီးဆုံးမထားတယ်။

ဝိပဿနာတရားအားထုတ်လို့ အရှိန်ရ အဝါး၀, လာတဲ့အခါ ဩဘာသ–ပီတိ စတဲ့ အရောင် အလင်းတွေ၊ နှစ်သက်ကျေနပ်မှုတွေ ဖြစ်လာတတ်တယ်။ ဒါတွေက ဝိပဿနာညစ်ညူးကြောင်း တွေပဲ။ အလင်းရောင် စတဲ့ အထွေအထူးတွေကို စဉ်းစားအားရ သဘောကျနေတာက လမ်းမှားပဲ။ မပြတ်မှတ်နေမှ ဉာဏ်တက်မည်ဟု လမ်းမှန်လမ်းမှားကို ပိုင်းခြားဝေဖန်ကာ ဉာဏ်အမြင် စင်ကြယ် တာက မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

**ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း**

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ အဲဒီကဲ့သို့ မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ခန္ဓာကို ကြည့်လိုက်တဲ့ အခါကျတော့ ခန္ဓာရဲ့လမ်းစဉ်ကို ယောဂီတို့ မြင်နေပြီ။ ဘာလမ်းစဉ်လဲ။ (ခန္ဓာရဲ့ လမ်းစဉ်ပါဘုရား)။ ခန္ဓာရဲ့လမ်းစဉ်ကို မြင်တော့ ခန္ဓာရဲ့လမ်းစဉ်က ဖြစ်ပြီးတော့ပျက်တယ်။ မွေးပြီးတော့ သေတယ်။ ဒီလိုဖြင့်ရင် ခန္ဓာရဲ့ လမ်းစဉ်နဲ့ ခန္ဓာမှာ တကယ်ရှိနေတာ ဘာတွေရှိနေသလဲလို့ မေးတဲ့အခါကျတော့ ဖြစ်ပြီးပျက်တာက လွဲလို့ဘာရှိသလဲ။ (ဘာမှမရှိပါဘူးဘုရား)။ ယောဂီတို့ ဉာဏ်စခန်း ရောက်လာပြီနော်။ ဒီဉာဏ် သိပ်အရေးကြီးတယ်။ နံပါတ် (၅) ဉာဏ်နော်။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ အရေးကြီးပါတယ်နော်။

အဲဒီတော့ ခန္ဓာကို တကယ်ကြည့်တဲ့အခါကျတော့ အဲဒီခန္ဓာသည် မြဲတာတွေ့လား၊ မမြဲတာ တွေ့လား။ (မမြဲတာတွေ့ပါတယ်ဘုရား)။ သူများ ပါစပ်ဖျားလမ်းမဆုံးပါနဲ့။ ကိုယ်တိုင်ကိုယ်ကျ ရှုရမှာ ''သန္တိဋ္ဌိကော''၊ အချိန်အခါမရွေးရှု ''အကာလိကော''နော်။ ခန္ဓာက သူ့ကိုကြည့်သူနာ တယ်။ သူ့ကိုကြည့် သူညောင်းတယ်။ သူ့ကိုကြည့် အဲဒီတော့ ညောင်းတယ်။ အမလေး မခံနိုင်ဘူး ဆိုရင် အဝိဇ္ဇာ။ တကယ်အမှန်ဆိုတာကိုမြင်ရင် တခြားလား ဝိဇ္ဇာလား။ (ဝိဇ္ဇာပါဘုရား)။ သို့ဖြင့် ရင် ယောဂီတို့ သည်းခံရင် နိဗ္ဗာန်ရောက်မယ်ဆိုတာ ဒီနေရာ မှန်သွားပြီ။ စပြီးတရားထိုင်တာ ဘယ်မှာသက်သာမလဲ။ ညောင်းတာတွေ ကျင်တာတွေ ကိုက်တာတွေ ခဲတာတွေ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အဲဒါတွေကို သည်းခံပြီးတော့ ရှုတော့ ယောကျ်ား မိန်းမပုဂ္ဂိုလ် သတ္တဝါတွေ တွေ့နေတာလား၊ ခန္ဓာတွေပဲ တွေ့နေတာလား။ (ခန္ဓာတွေပဲ တွေ့နေတာပါ ဘုရား)။

ဒီလိုဖြင့်ရင် ဝေဒနာလည်း တခြားလား၊ ခန္ဓာလား။ (ခန္ဓာပါဘုရား)။ စိတ်လည်း တခြားလား၊ ခန္ဓာလား။ (ခန္ဓာပါဘုရား)။ ရုပ်လည်း တခြားလား၊ ခန္ဓာလား။ (ခန္ဓာပါဘုရား)။ အဲဒီခန္ဓာတွေကို ကြည့်ရင်း ကြည့်ရင်းနဲ့ ဟော ခန္ဓာကိုတွေ့တာလား၊ မရှိတာကိုတွေ့တာလား။ (မရှိတာကို တွေ့တာပါ ဘုရား)။ ဝေဒနာကို ခွာလိုက်ပြီနော်။ အဲဒီ ခန္ဓာကို မရှိဘူးဆိုတော့ တခြားဉာဏ်ရတာလား၊ ဝိပဿနာ ဉာဏ်ရတာလား၊ (ဝိပဿနာဉာဏ်ရတာပါ ဘုရား)။ ဝိပဿနာဉာဏ် ရပြီဆိုတော့ ခန္ဓာမှာ တကယ်ရှိနေတာသည် လုံးရပ်သဏ္ဌာန် ပုံဟန်နိမိတ်ရှိတာလား၊ ဖြစ်ပျက်ပဲရှိတာလား။ (ဖြစ်ပျက်ပဲ ရှိတာပါဘုရား)။ အဲဒီတော့ ခန္ဓာအရှိက ဖြစ်ပျက်။ ဖြစ်ပျက်ကိုကြည့်တာ ဘယ်သူကြည့် တာလဲ။ (မဂ်)။ ငါတွေ သူတွေ ယောကျ်ား မိန်းမ ကြည့်တာလား၊ မဂ္ဂင်က ကြည့်တာလား။ (မဂ္ဂင် ကကြည့်တာပါဘုရား)။ သို့ဖြင့် အရှုခံခန္ဓာ ၅–ပါးက ဖြစ်ပျက်။ ရှုတဲ့ မဂ္ဂင်၅–ပါးက မဂ်။ အရှု ဉာဏ် ၅–ပါးက မဂ်။ ဒီလိုဖြင့် ဖြစ်ပျက်မဂ်။ ဖြစ်ပျက် မဂ်။ သို့ဖြင့် ခန္ဓာမှာရှိနေတာက အရှိ ဖြစ်ပျက်။ ခန္ဓာမှာရှိနေတာက (အရှိဖြစ်ပျက်)။ ဒီလိုဖြင့်ရင် ယောဂီတို့ရဲ့ ကိုယ်ပိုင်အလုပ်က အရှိ ဖြစ်ပျက် အသိမဂ်။ ကိုယ်ပိုင်အလုပ်သည် ဘာလဲ။ (အရှိဖြစ်ပျက် အသိမဂ်)။ အဲဒီအလုပ်သည် ယောဂီတို့ရဲ့ ကိုယ်ပိုင်အလုပ်။ ရှင်းပြီနော်။ (ရှင်းပါပြီဘုရား)။

ဒီလိုဖြင့်ရင် ခန္ဓာဝန်ရလာတဲ့အခါ စားရေး နေရေး ဝတ်ရေး ကျန်းမာရေး မလုပ်ရဘူးလား။ (လုပ်ရပါတယ်ဘုရား)။ အဲဒါကိုယ်ပိုင်အလုပ်မှ မဟုတ်ဘဲ၊ ခန္ဓာဝန်ရလာလို့ ထမ်းရတာလေ။ ရှင်းကောရှင်းရဲ့လား။ ဆရာတော်ဘုရားကြီး ပြောတာလေးတော့ ဒကာ၊ ဒကာမတွေ ခွင့်ပြုနော်။ စားရေး နေရေး ဝတ်ရေး ကျန်းမာရေး ဒါတွေ ရှေ့တန်းတင်မပြောနဲ့ဗျ။ ခွေးဖြစ်တဲ့ဘဝတောင် ရှာစားရတယ်ပြောတာ။ မမှန်ဘူးလား။ (မှန်ပါတယ်ဘုရား)။

**အောင်ဆန်းဆရာတော်**

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ အဲဒီလို စားရေး နေရေး ဝတ်ရေး ကျန်းမာရေး ကျန်တဲ့ကိစ္စတွေ အသာထားလိုက်ဦးနော်။ အဲဒီ ခန္ဓာဝန်ထမ်းနေရတာဟာ ကိုယ်ပိုင်အလုပ် ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး)။ သို့ဖြင့် ယောဂီတို့ရဲ့ ကိုယ်ပိုင်အလုပ်က အရှိဖြစ်ပျက် အသိမင်။ အဲဒီ အရှိဖြစ်ပျက် အသိမင်နဲ့ ကိုယ်ပိုင်အလုပ်ကိုလုပ်တဲ့ ပုဂ္ဂိုလ်တွေက သုဂတိနိဗ္ဗာန်က သေချာသွားပြီ။ ဘုံဆိုင်အလုပ်နဲ့ ပျော်နေတဲ့ ပုဂ္ဂိုလ်တွေကတခြားသွားမှာလား၊ အပါယ်သွားမှာလား။ (အပါယ်သွားမှာပါဘုရား)။ ဒါကအခု ၁၀–ရက်လုံးလုံး ပဋိစ္စသမုပ္ပါဒ်သင်လာတဲ့အခါ သူ့လမ်းနဲ့သူ လျှောက်သွားပြီပေါ့နော်။ အဲဒီတော့ အရှိဖြစ်ပျက် အသိမင် ဆိုတာက မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ။ အဲဒါက လမ်းမှန်နဲ့ လမ်းမှားကို ခွဲခြားသွားပြီ။ ဒီလိုဖြင့်ရင် လမ်းမှန်သည်အရှိဖြစ်ပျက် အသိမင်။ လမ်းမှားက ဒီခန္ဓာ မြဲတယ်ထင်တာ။

အဲဒီတော့ ဒီလို အရှိဖြစ်ပျက် အသိမင်နဲ့ (ဝါ)ဖြစ်ပျက်ကိုမြင်တော့ အမှန်အတိုင်း မမြင်ရဘူးလား။ (မြင်ရပါတယ်ဘုရား)။ အဲဒါသည် တခြားနဲ့ မြင်တာလား၊ မဂ္ဂင်နဲ့မြင်တာလား။ (မဂ္ဂင်နဲ့မြင်တာပါဘုရား)။ အကယ်လို့သာ အဲဒီလို ဖြစ်ပျက်ကို မရှုရင် ဒီခန္ဓာကြီးက နာနေတယ်ဆိုရင် အမလေး ငါနာတယ် မဖြစ်ဘူးလား။ (ဖြစ်ပါတယ်)။ ကြဲစည်တော့လည်း ငါကြဲစည်တယ် မဖြစ်ဘူးလား။ (ဖြစ်ပါတယ်)။ အဲဒီတော့ ဝမ်းနည်းတော့လည်း ငါဝမ်းနည်းတယ် မဖြစ်ဘူးလား။ (ဖြစ်ပါတယ်)။ ဝမ်းသာတော့လည်း ငါဝမ်းသာတယ် ဆိုတော့ ငါတွေ သူတွေ ဆိုတာက တခြားလား၊ ဒိဋ္ဌိတွေလား။ (ဒိဋ္ဌိတွေပါဘုရား)။ အဲဒီလို ဒိဋ္ဌိတွေ ဖြစ်နေတာဟာ တခြားမမြင်လို့လား၊ ခန္ဓာမမြင်လို့လား။ (ခန္ဓာမမြင်လို့ပါဘုရား)။

ဒီလိုဖြင့်ရင် ဒီခန္ဓာကြီးသည် မနက်ဖြန် မြဲတော့မလိုလို သဘက်ခါ မြဲတော့မလိုလို နောက်တစ်နေ့ နေရတော့မလိုလို ဆိုတဲ့ သဿတဒိဋ္ဌိတွေက တခြားမဟုတ်ဘူး။ ခန္ဓာရဲ့အပျက်ကို မမြင်လို့။ ဒီလိုဖြင့် ဘုန်းကြီးတို့ ယောဂီတို့ရဲ့ ခန္ဓာရဲ့သက်တမ်းသည် တစ်၊နှစ်။ ပြောစမ်းပါ (တစ်၊နှစ်)။ အဲဒါဘုန်းကြီးတို့ရဲ့ သက်တမ်းပဲ။ အသက်ဘယ်လောက်ရှည်လဲလို့ပြောရင် ဉာဏ်နဲ့ပြောရင် ဘယ်လို ပြောမလဲ (တစ်၊နှစ်)။ တစ်စိတ်ချုပ်ပြီး နှစ်စိတ်အစားထိုးတယ်ပေါ့။ အဲဒီတစ်ချိန်လေး ဘုန်းကြီးတို့ အသက်ရှည်တာ။ မနက်ဖြန် သဘက်ဆိုတာက သမုတိ အနေနဲ့ ပညတ်အနေနဲ့သာ ပြောသော်လည်းပဲ တကယ့်တကယ်တော့ ရှည်နိုင်ပါ့မလား။ သို့သော် သမုတိ အနေနဲ့တော့ မပြောရဘူးလား။ အဲဒီလို အမှန်ကို မြင်လိုက်တဲ့အခါကျတော့ ဖြစ်ပျက်ဆိုတော့ ပျက်တယ်ဆိုတာသည် ဒီခန္ဓာသည် မြဲတာလား၊ မမြဲတာလား။ (မမြဲတာပါဘုရား)။ သို့ဖြင့် တခြားခန္ဓာပြောတာလား၊ ချွေးမဟောင်တဲ့ခန္ဓာပြောတာလား။ (ချွေးမဟောင်တဲ့ခန္ဓာ ပြောတာပါဘုရား)။ ခွဲခြားသိနော်။

ကြားတယ်၊ မရှိတော့ဘူး။ မရှိတာသည် ဘာကြောင့်မရှိတာလဲ။ မမြဲလို့။ ဘာဖြစ်လို့။ (မမြဲလို့)။ မမြဲတာသည် တခြားကြောင့်လား၊ မခိုင်လို့လား။ (မခိုင်လို့ပါဘုရား၊ မခိုင်ဘူးလို့ သိလိုက်တာသည် တခြားသေတာလား၊ သဿတ ဒိဋ္ဌိသေတာလား။ (သဿတဒိဋ္ဌိ သေတာပါဘုရား)။ ကြားတယ် နောက်တစ်ခါကြားတာ အစားမထိုးဘူးလား။ (အစားထိုးပါတယ်)။ အစားထိုးလိုက်ပြီ ဆိုကတည်းက ဒကာ၊ ဒကာမတွေ ဖြစ်လာတာပေါ့။ ဒီလိုဖြင့်ရင် ခန္ဓာလို့ ပြောငြားသော်လည်းပဲ သြော်ဖြစ်ပြီးတော့ ပျက်တာပဲဆိုတာ ဒါဉာဏ်ထဲမှာ မြင်နေပြီ။ ဖြစ်ပျက်ကို မြင်နေပြီ။ မြင်အောင် ကြိုးစားအားထုတ်ရမယ်။ မမြင်သေးရင် မြင်အောင် ကြိုးစားအားထုတ်ရမယ်။ အဲဒီလို မြင်နေပြီဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှန် မရောက်ဘူးလား။ (ရောက်ပါတယ်ဘုရား)။ မမြင်ရင် လမ်းမှားရောက်သွားမယ်။ သဿတဒိဋ္ဌိ မြဲတယ်လို့ယူမယ်နော်။ ဥစ္ဆေဒဒိဋ္ဌိပြတ်တယ်လို့ ယူမယ်။ အဲဒီပေါ်မှာကို ငါတွေ့လို့ ယူမယ်ဆိုတော့ အဲဒါသည် တခြားလား၊ အမှားလား။ (အမှားပါဘုရား)။

ဒီလိုဖြင့်ရင် အမှားဆိုတာသည် တခြားလား၊ ဒိဋ္ဌိလား။ (ဒိဋ္ဌိပါဘုရား)။ ဒိဋ္ဌိအမှား ၆၂-ပါး ရှိတယ်။ ဘယ်နှပါးရှိ။ (၆၂-ပါးရှိပါတယ်)။ အဲဒီ ဒိဋ္ဌိ ၆၂-ပါးကို ဟောဒီမှာကြည့် ယောဂီတို့ဖြစ်ပျက်တစ်လုံးမြင်လိုက်တာနဲ့ အကုန်မသေဘူးလား။ ဒီလိုဖြင့်ရင် ဖြစ်ပျက်တစ်လုံးမြင်လိုက်တာနဲ့ ဘာဖြစ်တာလဲ။ အကုန်သေတယ်။ ဘယ်လိုဖြစ်လို့ အကုန်သေတာလဲဆိုတော့ ခန္ဓာကိုမြင်တုန်းကဘာဒိဋ္ဌိသေ။ (သက္ကာယဒိဋ္ဌိ)။ တရားနိဂုံးချုပ်လာပြီနော်။ အပျက်ကိုမြင်တော့၊ (သဿတဒိဋ္ဌိ)။ အဖြစ်ကိုမြင်တော့ (ဥစ္ဆေဒဒိဋ္ဌိ သေပါတယ်ဘုရား)။ ဒိဋ္ဌိ ၃-မျိုး မသေဘူးလား။ (သေပါတယ်)။ အဲဒီ ဒိဋ္ဌိ ၃-မျိုးက ဥပမာနဲ့ပြောရင် မီးရထားတွဲကြီးကို ခေါင်းတွဲဆွဲသလိုပဲ။ ခေါင်းတွဲဆွဲတာ နောက်ကတွဲ ၁၀၀-ရှိပါစေ ဒကာ၊ ဒကာမတွေ မပါဘူးလား။ (ပါ-ပါတယ်ဘုရား)။

အဲဒီတော့ ကျန်တဲ့ ဒိဋ္ဌိမှန်သမျှ ၆၂-ပါးကို ဒီ ၃-ပါးထဲ ယောဂီတို့က ဆွဲသွား။ ကျန်တာတွေ အကုန်မသေဘူးလား။ ဟိုမှာ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဉာဏ်မှာ နိယတတွေ ရှင်းထားပြီးပြီ။ အဲဒီတော့ ဒီဉာဏ်ကိုရရင် ရှိသမျှဒိဋ္ဌိ အကုန်ရောပြီးတော့ မသေဘူးလား။ (သေပါတယ်ဘုရား)။ အနုဗောဓဉာဏ် ဆရာသမားကိုမှီပြီး သိလိုက်တဲ့အခါကျတော့ အနုဗောဓဉာဏ်ရတယ်။ အဲဒီ ဉာဏ်လေးရပြီးရင် ကိုယ်တိုင်ကိုယ်ကျ အားထုတ်တဲ့ဉာဏ်သည် တခြားဉာဏ်လား၊ ဝိပဿနာဉာဏ်လား။ ဝိပဿနာဉာဏ်ရရုံနဲ့ နိဗ္ဗာန်မြင်နိုင်ပြီလား။ (မမြင်နိုင်သေး ပါဘူးဘုရား။) ဘာဖြစ်လို့လည်းဆိုတော့ ဝိပဿနာဉာဏ်က ဒိဋ္ဌိကို အပြီးသတ် မပယ်နိုင်သေးဘူး။ ခဏပဲ ပယ်နိုင်တာကိုး။

## အာရုံလာသမျှရှု

ဘာဖြစ်လို့လဲဆိုတော့ ငါဝိပဿနာ အားထုတ်တယ်ဆိုတာတောင်မှ ဒိဋ္ဌိက လာနိုင်သေးတာကိုး။ ဒီတော့ ဘယ်လောက်ထိအောင် သူလာသလဲလို့ ဆိုရင် ဉာဏ်အားဖြင့် ဂေါတြဘူတဲ့။ ဘုံအားဖြင့် ဘဝဂ်၊ အဲဒါဒိဋ္ဌိက သူ့နယ် ဆိုတော့ ဘုန်းကြီးတို့ ယောဂီတွေက ခုမှဖြစ်ပျက်ကလေး မြင်ရုံ ရှိသေးဆိုတော့ ဒိဋ္ဌိကို သူကနိုင်ပါလား။ (မနိုင်သေးပါဘူး ဘုရား)။ မနိုင်သေးဘူး။ ဒီလိုဖြင့် ဒိဋ္ဌိရဲ့ အုပ်ချုပ်မှုကို ခံနေရသေးတယ်။ ငါ ဝိပဿနာ အားထုတ်နေသေးတယ် စသည်ဖြင့် ဒိဋ္ဌိရှိရင် မာနတွေကော မလာဘူးလား။ (လာပါတယ်ဘုရား)။ ငါက ဝိပဿနာ အားထုတ်တာ၊ ငါက သူများနဲ့ အဆင့်အတန်းတူတာ မဟုတ်ဘူးဆိုတော့ -- ဟော ဒိဋ္ဌိရယ် မာနရယ်။ ရှင်းကောရှင်းရဲ့လား။ အဲဒီတော့ သူတို့နဲ့ တွဲဖက်တဲ့ ကိုယ့်အလုပ်ကလေးကိုယ် သဘောကျနေတယ်ဆိုတော့ တခြားလား၊ တဏှာလား။ (တဏှာပါဘုရား)။ အမလေး နိကန္တိ တဏှာ အနုစိတ်လေးဝင်လာတယ်၊ ယောဂီတို့။ တရားလေး အားထုတ်ကောင်းနေတယ် ဆိုရင်ပဲ အဲဒါ တဏှာပဲ။ သိပ်အနုစိတ်လာပြီနော်။ အဲဒီ တဏှာက လာတော့မယ့်မဂ္ဂင်ကို အသာလေး မသိမသာလေး ပိတ်ပိတ်ထားတာမျိုး၊ ဒီဉာဏ်တွေ အထက်ရောက်လာလေ ဒကာ၊ ဒကာမတွေ ပိုပြီးတော့ ဂရုစိုက်ရလေပေါ့။ ကဲ အခု ဘာဝိသုဒ္ဓိလဲ။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။ အနိမ့်စား အလတ်စား အမြင့်စား။ သူက ၃-ဆင့်တက်မယ်။ ဘယ်နှ



www.burmeseclassic.com

www.burmeseclassic.com



ဆင့် (၃–ဆင့်ပါဘုရား)။

ဒီတော့ ၃–ဆင့်ကို ဆရာတော်ဘုရားကြီးက –

(၁) ဖြစ်ပျက် မြင်

(၂) ဖြစ်ပျက် မုန်း

(၃) ဖြစ်ပျက် ဆုံး

ဒီလို ၃–ဆင့်ရှိတာကိုး။ အခု ယောဂီတို့ ဖြစ်ပျက်က မြင်လာပြီ။ မြင်လာတဲ့ အခါကျတော့ ဖြစ်ပျက်ကို မြင်နေတဲ့အချိန်မှာ ဒီဉာဏ်က သိပ်အရေးကြီးလာပြီပေါ့။ မြင်တဲ့အခါကျတော့ တဖြည်းဖြည်းလေး ရင့်ရင့် ရင့်ရင့်လာရော။ တဖြည်းဖြည်းရင့်လာတဲ့အချိန်အခါမှာ ဟောဒီ ဖြစ်ပျက်ကို မြင်ကာနီးလေးမှာပင် ခုန စာလိုဆိုရင် သမ္မသနဉာဏ်ဆိုတာ ရှိတယ်။ ဘာဉာဏ်လဲ။ (သမ္မသနဉာဏ်)။ သုံးသပ်တဲ့ဉာဏ်ပေါ့။ အဲဒီလို ဖြစ်ပျက်ကိုမြင်တဲ့အခါမှာ မြင်တဲ့အခါရှိလိုက် မမြင်တဲ့အခါ ရှိလိုက်၊ အမြဲတမ်းလည်း မမြင်သေးဘူးလေ။ ဒိဋ္ဌိဆိုတာ ကပ်ခွာကိုး။ သူ့ဟာနဲ့သူ အရှုခံနဲ့ အရှုဉာဏ်နဲ့ တည့်နေရင် ဒိဋ္ဌိက ခွာနေတယ်။ အရှုခံနဲ့ အရှုဉာဏ်နဲ့ မတည့်ရင် တစ်ခါတည်း ပြန်ဝင်တယ်။ အဲဒီတော့ ဝိပဿနာ စ,ရှုတဲ့ ယောဂီသည် ဒိဋ္ဌိ ကပ်ခွာလို့ခေါ်တယ်။ ဘာတဲ့။ (ကပ်ခွာ)တော်ကြာ ပြန်ကပ်လိုက်၊ အရှုဉာဏ်လေး တည့်လိုက်တော့ ခွာလိုက်၊ အရှုဉာဏ်လေး မတည့်တော့ ကပ်လိုက်၊ အရှုဉာဏ်လေး တည့်သွားလိုက် ခွာလိုက်၊ ဒါကြောင့် စ,ရှုကာစမှာ ယောဂီတို့ရဲ့ ဒိဋ္ဌိသည် ကပ်လိုက် ခွာလိုက်၊ ကပ်လိုက် ခွာလိုက် ဖြစ်တယ်။ နောက်ဆုံးတော့ ဘယ်လိုမှ ကပ်လို့မရအောင် တောက်လျှောက် ခွာသွားအောင် တရစပ် အားထုတ်ရတာ။

**မနားမရပ် ကြားမပြတ် ရှုမှတ်မြဲရမည်။**

ဆိုတော့ တစ်ခါတည်းမှကို နားလို့မရဘူး။ တကယ် ဉာဏ်ရင့်လာရင် လုံးဝ စကားမပြောဘဲနဲ့ကို ဒကာ၊ ဒကာမတွေ မနားရတာ။ အချိန်ပြည့်နော်။ အဲဒီလိုမျိုး အားထုတ်လိုက်ရင် မနက်အားထုတ်ရင် ညနေရတယ်။ ညနေအားထုတ်ရင် မနက်ရတယ်။ ကိလေသာက လုံးဝ ဝင်လို့မရတော့ဘူးဆိုမှ တစ်ခါတည်း လက်မှိုင်ချပြီးတော့ ပြေးရောပေါ့ဗျာ။ တစ်ခါတည်းကို သေသွားတာပေါ့။

အဲဒီလို သေသွားပြီဆိုရင် တခြားဝင်ရမှာလား၊ မဂ္ဂင်ဝင်ရမှာလား။ (မဂ္ဂင်ဝင်ရမှာပါ ဘုရား)။ ကဲ––ထား။ အဲဒါက ဝိပဿနာရဲ့ အခြေခံပေါ့နော်။ အဲဒီလို မြင်လိုက်တဲ့အခါကျတော့ တချို့တွေ့ဖူးတာတွေရှိတယ်။ တကယ့်ကို ဖြစ်ပျက်ကိုမရှုဘဲနဲ့ သမထအာရုံလေးနဲ့ဖြစ်ပျက်ကို မြင်လိုက်၊ သမထအာရုံလေးနဲ့ နေလိုက်။ အဲဒီလို အချိန်အခါမျိုးကျတော့ ဒီ သမ္မသနဉာဏ်လိုဟာမျိုးမှာ အတွေ့ထူးတွေ ဆန့်ကျင်ဘက်အာရုံတွေ တွေ့တတ်တယ်။ ဒါလည်း သတိထားရမယ့်ကိစ္စနော်။ ဒါကြောင့် ပေါ်သမျှကို မလွတ်တမ်းရှုပါလို့ ယောဂီတို့ကို တိုက်တွန်းတယ်။ မလွတ်တမ်းမရှုလို့၊ ဆရာသမားက သတိမပေးရင် ဆန့်ကျင်ဘက်အာရုံ တွေ့တဲ့အခါကျတော့ သဘောကျစရာ မြင်တဲ့ အခါကျတော့ တစ်ခါတည်းမှကို အဲဒီမှာ ကျေနပ်နေရော။

ဥပမာ ဆိုကြပါစို့။ ဆန့်ကျင်ဘက် အာရုံဆိုတော့ လှလှပပ တင့်တင့်တယ်တယ်အရာလေးကို ဉာဏ်ထဲမှာ မြင်နေရင် တကယ်တွေ့နေရသလို သဘော မကျဘူးလား။ ဥပမာ–တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဒကာကြီးတွေ နတ်သမီးလေး တစ်ယောက်မြင်နေရင် သဘောကျမှာလား၊ မကျမှာလား။



www.burmeseclassic.com

www.burmeseclassic.com



(ကျမှာပါဘုရား)။ မျက်စိထဲပျောက်မှာစိုးလို့ ငြိမ်ပြီးတော့ကို ကြည့်နေတာ။ ဒီလောက်ချော ဒီလောက်လှတာ တစ်ခါမှ မမြင်ဖူးဘူးလေ။ ဖြစ်တတ်တဲ့သဘာဝ ရှင်းကောရှင်းလား။ အဲဒီလို ဆန့်ကျင်ဘက်အာရုံသဘောကျ စရာလေးတွေ မြင်ပြီးရှုနေတယ်။ ဟော–သိပ်မကြာဘူး။ ကြောက်စရာ၊ လန့်စရာဘွားခနဲဖော်လိုက်တဲ့အခါ ကျတော့ တစ်ခါတည်း စိတ်ကဖောက်သွားရော။ ဖြစ်တတ်တဲ့ သဘာဝရှိတယ်။

အဲဒီတော့ ဆိုလိုတာက ယောဂီတို့ကို ဝိပဿနာရှုခိုင်းတာက တခြားရှုခိုင်းတာလား။ ဖြစ်ပျက်ရှုခိုင်းတာလား။ (ဖြစ်ပျက်ရှုခိုင်းတာပါဘုရား)။ အဲဒီလို သဘောကျစရာ အာရုံလာရင်လည်း ဘာလုပ်ရမလဲ။ ရှု၊ လက်ခံမထားနဲ့။ စောင့်ကြည့်မနေနဲ့။ သဘောကျမနေနဲ့။ ကြောက်စရာအာရုံတွေ့လည်း ဘာလုပ်ရမလဲ။ (ရှုရမှာပါ ဘုရား)။ ဒီတော့ ဘယ်အာရုံပဲဖြစ်ဖြစ်၊ နာမ်ဓမ္မာရုံကလွဲရင်အာရုံမှန်သမျှ တခြားတရားလား။ ရုပ်တရားတွေလား။ (ရုပ်တရားတွေပါဘုရား)။ အဲဒီ ရုပ်တရားမှန်သမျှသည် တခြားလား။ ပျက်သွားတဲ့သဘောလား။ (ပျက်သွားတဲ့သဘောပါ ဘုရား)။ ဖြစ်ပြီးတော့ပျက်ပါတယ်။ အဲဒီလို ယောဂီတို့ ရှုနေရင် မိမိမှာ သက်သာတယ်။ ဒီလိုမှ မဟုတ်ဘဲနဲ့ ဒါကို မရှုမိတဲ့အခါကျတော့ အမလေး သဘောကျစရာ မြင်တဲ့အခါကျတော့ ကြည့်နေရော။ လန့်စရာကြောက်စရာလည်း မြင်လည်း မြင်လိုက်ရော ဟာ တစ်ခါတည်း တစ်မျိုးတွေဖြစ်သွားရော။ ဟော –– ဟိုယောဂီ တရားအားထုတ်နေတယ်။ ဘာဖြစ်သွားမှန်းမသိဘူးဆိုတာ တကယ်တော့ ဖြစ်တတ်တဲ့ သဘာဝရှိတယ်။

## ဝိပဿနာညစ်ညူးကြောင်းတွေ

အဲဒီတော့ အခုယောဂီတို့ ပေါ်သမျှကိုသာ ဖြစ်ပျက်ရှုနေရင် ဘာမှ မလာတော့ဘူး။ နည်းမှန် လမ်းမှန် အရေးမကြီးဘူးလား။ အဲဒါကြောင့်မို့လို့ ဟောဒီ ဉာဏ်အကူးအဆက်မှာလည်း သတိထားရမယ့်ကိစ္စ။ ဘာလေး ပေါ်ပေါ် လက်မခံနဲ့နော်။ (မှန်လှပါ)။ အဲဒီတော့ ဒီနေရာမှာ ဝိပဿနာဉာဏ်မြင်တဲ့အခါ သမာဓိလေးငြိမ်လာတဲ့ အခါကျတော့ တစ်ခါတစ်လေ အလင်းရောင်တွေ၊ အဆင်းရောင်တွေလည်း မိမိထိုင်နေတဲ့ အောက်ကနေပြီးတော့ အလင်းရောင်ကြီးတွေ ထွက်လာတာကြီးတွေ မြင်ချင်လည်းမြင်နေတာပဲ။ ဩော် – တစ်ခါတစ်လေ ခေါင်းကနေ ထွက်နေတာ မြင်ချင်မြင်မယ်။ မီးမောင်းကြီး အကြီးအကျယ် ထွန်းသလိုလင်းနေတာလည်း မြင်တာပေါ့။ ငြိမ်ပြီးတော့ ခုန ပီတိ ၅–မျိုး ဝင်တတ်တယ်နော်။

ပီတိ ၅–မျိုးဝင်တတ်တယ်ဆိုတာ တစ်ကိုယ်လုံး ဖြန်းဖြန်း ဖြန်းဖြန်း ခြေဖျားကနေ ဆံဖျား။ ဆံဖျားကနေ ခြေဖျား။ အဲဒီလို ငြိမ်ပြီးတော့ အရသာ ခံစားနေရတာတွေပေါ့။ သို့သော် ဒီလို အရသာ မိမိဘဝမှာ တစ်ခါမှ မကြုံဖူးဘူး။ ဒါကြောင့် ယောဂီတို့ စာထဲပေထဲမှာ ရေးထားတာရှိတယ်။ တရား၏အရသာသည် ဘယ်အရသာနဲ့မှမတူသော အကောင်းဆုံး အရသာရှိတယ်ဆိုတာ မရှိဘူးလား။ အဲဒါက ဘုန်းကြီးတို့ စာပဲ ဖတ်ဖူးတာပေါ့။ တကယ်အားမထုတ်ရင် ဒီအရသာကို တွေ့ပါ့မလား။ (မတွေ့ပါဘူး)။ ဟော––ယောဂီတို့ တကယ်အားထုတ်လာတဲ့အခါကျတော့ ဒီအရသာမျိုး တွေ့ကို တွေ့လိမ့်မယ်။ အဲဒါ ဘယ်နတ်စည်းစိမ်နဲ့မျှ မလဲနိုင်တဲ့အရသာ။ ဒါကြောင့် တောထဲ တောင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ ရဟန်းတွေ ဟုတ်လား။ တစ်ပါးတည်း ငြိမ်းချမ်းနေတယ်ဆိုတာက ဒီလို တရားအရသာနဲ့ နေတာကိုး။ အဲဒါက ရှာန်ချမ်းသာရှိတာပေါ့။ ဒီလို ရှာန်ချမ်းသာတွေနဲ့နေတာလည်း မငြိမ်းချမ်းဘူးလား။ (ငြိမ်းချမ်းပါတယ်)။ သို့သော် ရှာန်ချမ်းသာဆိုတာကတော့ ယောဂီတို့ မခိုင်မြဲသေးဘူး။ အဲဒီ အခါမှာ အဲဒီလို ငြိမ်းချမ်းနေပြီဆိုလို့ရှိရင် ဒါကိုလက်ခံလို့ ဖြစ်ပါ့မလား။ လက်မခံနဲ့။ တခြား လုပ်ရမှာလား။ ရှုပစ်ရမှာလား။ (ရှုပစ်ရမှာပါဘုရား)။ ရှုပစ်ရမယ်။

ဟိုနေ့ကတော့ စိတ္တာနုပဿနာ ရှုနည်းကို အားထုတ်တဲ့အခါမှာ အဲဒီ ဖြစ်ပျက်တွေ မြင်နေတဲ့အခါကျတော့ သူပေါ်ချင်တဲ့ အာရုံတွေ မပေါ်ဘူးလား။ (ပေါ်ပါတယ်)။ ဒီကြားထဲ တစ်ခါတည်း သဒ္ဓါတရားတွေ တက်ပြီးတော့မှ အင်း ငါ ဒီလိုတရားအားထုတ်နိုင်တာ ဘယ်သူကနေ ငါ့ကိုပို့ပေးလို့ ကျေးဇူးတင်လိုက်တာ။ အဲဒီလိုတရားတွေကိုမြင်တဲ့အခါမှာ ဒီဆရာသမား တွေဟောတာဆိုတော့ ဆရာသမားတွေကိုမေတ္တာတွေပို့ စသည်ဖြင့် မလာဘူးလား။ ကျေးဇူးတင်လွန်းလို့ မေတ္တာတွေ ပို့တာ မကောင်းတဲ့အလုပ်လား။ ကောင်းတဲ့အလုပ်လား။ (ကောင်းတဲ့အလုပ်ပါဘုရား)။ သို့သော် ဒီနေရာမှာက မေတ္တာပို့မနေနဲ့။ လက်ခံမထားနဲ့။ အခြားလုပ်ရမှာလား။ ရှုရမှာလား။ (ရှုရမှာပါဘုရား)။ အဲဒီတော့ မေတ္တာပို့ချင်တဲ့စိတ် ပေါ်နေလည်း ဒီနေရာမှာ ဘာလုပ်ရမလဲ။ မေတ္တာပို့ချင်တဲ့ စိတ်ကို ရှုရမယ်နော်။ သိပ်အရေးကြီးတယ်နော်။ ဟော- လှူချင် တန်းချင် ပေးချင် ကမ်းချင်တဲ့ စိတ် ပေါ်လည်း ဘာလုပ်ရမလဲ။ (ရှုပစ်ရမှာပါ ဘုရား)။ ဘာကြောင့်လဲဆိုတော့ ဟိုက ရှာန်စိတ်တွေ ကံစိတ်တွေဖြစ်နေလို့။ ဘာစိတ်တွေလဲ။ (ရှာန်စိတ်တွေ ကံစိတ်တွေပါဘုရား)။

အကယ်လို့သာ ရှုတဲ့ အလေ့အကျင့် မရှိရင် စောစောကပြောသလို အာရုံဆိုတာက ကောင်းတဲ့အာရုံနဲ့ မကောင်းတဲ့အာရုံ အမြဲတမ်း မလာဘူးလား။ (လာပါတယ်)။ ကောင်းတဲ့ အာရုံလေးလာတော့ သဘောကျတယ်။ မကောင်းတဲ့ အာရုံလာတော့ လန့်ဖျပ်ပြီးတော့ လူတစ်မျိုး ဖြစ်သွားတတ်တယ်။ အဲဒါကြောင့်မို့ ဘယ်အာရုံမှ ယောဂီတို့ လက်မခံဘဲ ရှုပါ။ ရှင်းပြီနော်။ အဲဒီလို ရှုတဲ့အခါမှာ ပီတိခန်းတွေ ဝင်လာရင်လည်းပဲ ယောဂီတို့ ပီတိခန်းတွေကို ဒီနေရာမှာ မရှုရဘူးလား။ (ရှုရပါတယ်ဘုရား)။ အဲဒါနဲ့ပဲ ဝိပဿနာဉာဏ်ဟာ တဖြည်းဖြည်း အားထုတ်ရင်း အားထုတ်ရင်းနဲ့ ဉာဏ်က တဖြည်းဖြည်းလေး အားကောင်းလာတယ်။ အဲဒီလို အားကောင်းတဲ့ အခါကျတော့ ခုနပီတိခန်းတွေ ဝင်တာတို့ ဘာတို့ဆိုတော့ ဒီအချိန်အခါမှာ ယောဂီသည် မည်သည့် အရသာနဲ့မှ မတူသော အရသာကို မိမိကိုယ်တိုင် ခံစားနေရပြီ။

အဲဒီ ယောဂီသည် တစ်နာရီလည်း ထိုင်လို့ရတယ်။ နှစ်နာရီလည်း ထိုင်လို့ရတယ်။ ငါးနာရီ ခြောက်နာရီလည်း ထိုင်လို့ရတယ်။ ဘုန်းကြီးတို့ အခု ပျံလွန်တော်မူသွားတဲ့ ဆရာတော် ဘုရားဆိုရင် နေ့လည် ၁၂-နာရီကနေ ထိုင်လိုက်တာ ည ၁၀-နာရီလောက်ထိ ထိုင်နိုင်တာ။ အဲဒီလောက်ထိ ထိုင်နိုင်တယ်။ သို့သော် တရားထိုင်တာသည် ဆင်းရဲလို့ထိုင်နိုင်တာလား။ ချမ်းသာလို့ ထိုင်နိုင်တာလား။ (ချမ်းသာလို့ ထိုင်နိုင်တာပါဘုရား)။ ငြိမ်းချမ်းနေတာပေါ့ဗျာ။ ရှင်းပြီနော်။ အဲဒီတော့ တရားအရသာနဲ့ ဒကာ၊ ဒကာမတွေ ငြိမ်းချမ်းနေရင် ဝမ်းသာစရာကောင်းတယ်။ ဒီ နေရာမှာ ဘာဖြစ်တတ်သလဲဆိုရင် အဲဒီနေရာမှာ ဖြစ်ပျက်ကိုမြင်တော့ ဝိပဿနာဉာဏ်လေးကလည်း နည်းနည်းလေး အားလေးကောင်းလာတဲ့အခါကျတော့ ခုနပြောတဲ့ ပီတိခန်းတွေ ဝင်တာတို့၊



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓမ္မ ပဋိရူပက ဆိုတဲ့ မဂ်အတုတွေ မလာဘူးလား။ ဒီအန္တရာယ်မလာရင်လည်း မမှန်ဘူး။ အဲဒီ အန္တရာယ်ကို ကျေနပ်နေရင် ဒီဘဝမဂ်ဉာဏ် ဖိုလ်ဉာဏ် မရတော့ဘူး။ ဒါ သိပ်အရေးကြီးတယ်။ အဲဒီတော့မှ ဒီဉာဏ်မျိုးဟာ ယောဂီတို့ ကိုယ့်ကိုယ်ကို အထင်ကြီးမှု၊ ကိုယ့်ဆရာသမားတွေ အထင်သေးမှုတွေ ပေါ်လာတတ်တယ်။ ဒီအချိန်အခါမှာ ယောဂီဟာ အမြဲတမ်း အဲဒီဉာဏ်ရတဲ့နေ့မှာ ရွှင်လန်းပြီးတော့ ကြည်လင်နေတာပဲ။ သူ့ကို ဘယ်တုန်းကမှ မခံစားရတဲ့ တရားအရသာကို ခံစားနေရတာပေါ့။ ဒီလို စာပေကျမ်းဂန်များမှာလာပါတယ်။ ဘုန်းကြီးတို့ ဆရာသမားတွေ ဒီလိုဆုံးမပါတယ်။ ရှင်းပြီနော်။ ဆရာသမားများ ဟောထားတာကို ကျေးဇူးပြန်ပြီးတော့ ပြုတယ်လို့ ယူပါနော်။ အဲဒီတော့မှ အဲဒီ ဉာဏ်မျိုးကိုရတဲ့ အချိန်အခါမှာ ယောဂီဟာ ဒီဉာဏ်ကို ကျေနပ်ပြီး တော့ ဟာ–ငါတော့ ဒါတော့ ဟုတ်ပြီ။ တစ်သက်နဲ့တစ်ခါ အဲဒီ အရသာမျိုး မခံစားရဖူးဘူး ဆိုတော့ ကောင်းတဲ့ အရသာဆိုတာ ဘယ်သူမှ မလိုချင်တဲ့သူမရှိဘူး။ ဘယ်သူမှ မခံစားချင်တဲ့သူ မရှိဘူး။ ပုထုဇဉ်တွေကိုး။

အဲဒီတော့ ဒီအရသာပေါ်မှာ ကျေနပ်သွားပြီ။ ကျေနပ်သွားတဲ့အခါကျတော့ ကိုယ့်ဆရာသမား တွေနဲ့ လက်ထပ်သင်လိုက်တော့ ဒီလိုတရားမျိုး တွေ့တဲ့အခါကျတော့ ဆရာသမားကို လျှောက်ရ တယ်နော်။ အဲဒီတော့မှ ဆရာသမားက ပြင်ပေးတယ်ပေါ့နော်။ ပြင်ပေးတဲ့အခါမှာ ဒီအချိန်အခါမှာ ဆရာကို အထင်သေးတတ်တယ်။ ဒါ ယောဂီတို့ သတိထားရမယ့် ကိစ္စနော်။ အထင်သေးတဲ့အခါ ဆရာသမားက ဟာ––ယောဂီ ဒီလို မရှုနဲ့တော့။ အမှတ်တိုးစမ်း။ ညလည်းပဲ မအိပ်မနေ ရှုခိုင်း ရတယ်။ တစ်ခါတစ်လေ ဟုတ်လား၊ ၁၂–နာရီလောက် ထိအောင် ၁–ချက်တီးလောက်ထိအောင်။ မနက်ဆိုလည်း ၃–နာရီလောက် ထိအောင် ထ၊ ပြန်ရှု တစ်ခါတည်းတရစပ် နင်လား ငါလား အမှတ်ကို စိပ်နေအောင် ပြန်ရှုခိုင်းရတယ်။ ပြင်းပြင်းထန်ထန်ကို ရှုခိုင်းရတာ။ အဲဒီလို အချိန်အခါ ကျတော့ ဒီလို ရှုမှတ်နဲ့ဒါကို မလွှတ်ချင်ဘူး။ ဒီအရသာကို မလွှတ်ချင်ဘူးပေါ့။ အဲဒီလို မလွှတ်ချင်တဲ့ အခါကျတော့ ဆရာသမားက ဒကာ၊ ဒကာမတွေ ဆရာသမားရဲ့ ဩဇာဟာ ယောဂီအပေါ်မှာ ဩဇာညောင်းမှ ယောဂီသည် ကိုယ့်ဆရာသမားကို အရပ်ပြော,ပြောရင် ကြောက်ရမှာပေါ့။ ဆရာ က ထိုင်ဆိုထိုင်၊ ထဆိုထ၊ သွားဆိုသွား ဒီလိုရှုဆိုရှု။ ဆရာစကားကို နားထောင်မှ ဒီဉာဏ်ကနေ ကျော်သွားမှာ။ နို့မို့လို့ရှိရင် မကျော်ဘူး။ အဲဒီတော့ ဒါက ဘုန်းကြီး ဒီတိုင်းပြောနေလို့ ယောဂီတို့ မမှတ်မိဘူး။ အမြဲတမ်းလည်း ဥပမာပေးတာလေးကို ထည့်ပြီး ပြောပါဦးမယ်။ ဆရာရဲ့စကားကို နားထောင်တာနဲ့ နားမထောင်တာပေါ့။

## ဆရာတပည့် တပည့်ဆရာ

ဘုန်းကြီးတို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး လက်ထက်မှာတုန်းက ပေါဋ္ဌိလဆိုတဲ့ ဆရာ တော်ကြီးတစ်ပါး ရှိတယ်။ ဘယ်သူလဲ။ (ပေါဋ္ဌိလ ပါဘုရား)။ ဒါ အမြဲတမ်းလည်း ဘုန်းကြီးပြောပါတယ်။ ဒီ သာဓကဟာ အင်မတန် ကျေးဇူးများလွန်းလို့။ ပိဋကတ်သုံးပုံကို ထုံးလိုချေ ရေလိုနှောက်နိုင်တဲ့ ပိဋကတ်အကျော် ဆရာတော်ကြီး တပည့်တွေက စာတတ်တွေပဲ။ အဲ– အချို့တော်တော်များများ သောင်းနဲ့ချီတဲ့ တပည့်တွေကို မွေးထုတ်ထားတာ။ အချို့ ပုဂ္ဂိုလ်တွေကတော့ အဲဒီ စာဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပရိယတ်ကနေပြီးတော့ ပဋိပတ် လက်တွေ့လည်း အားထုတ်ရော အချို့ ရဟန္တာတွေဖြစ်ကုန်ကြ တယ်။ တော်တော်များများတွေ တော်တော်များများ ရဟန္တာဖြစ်တော့ ဩော် တို့--ဆရာရဲ့ ကျေးဇူးကြောင့် တို့ရဟန္တာတွေဖြစ်ကုန်ကြပြီ။ တို့ဆရာတော်ကြီးများ ဘယ်လိုများနေသလဲ။ ဆရာတော် ကို အဘိညာဉ်နဲ့ ကြည့်ကြတယ်။ အချို့ အဘိညာဉ်နဲ့တကွ ရဟန္တာဖြစ်တာကိုး။

အဘိညာဉ်နဲ့ ကြည့်လိုက်တဲ့အခါ သူတို့ဆရာတော်ဘုရားကြီးက ပုထုဇဉ်ပဲ ရှိသေးတယ်။ ကဲ သူသင်ပေးတဲ့ တပည့်တွေက ရဟန္တာဖြစ်တယ်။ ဆရာက ဘာဖြစ်သလဲ။ (ပုထုဇဉ်ပါဘုရား)။ ပုထုဇဉ်ပဲ ရှိသေးတယ်၊ ဒကာ၊ ဒကာမတွေ နော်။ ပုထုဇဉ်ဆိုပေမယ့် အင်မတန် ဘုန်းကြီးတဲ့ ဆရာတော်ကြီး။ သို့သော် တန်ခိုးကြီးတာ ငယ်တာနဲ့ ပုထုဇဉ်နဲ့ ဘာမှ မဆိုင်ဘူးနော်။ ပုထုဇဉ်ဟာ ပုထုဇဉ်ပဲ ဆိုတော့ ဂတိမြဲသလား။ (မမြဲပါဘူး ဘုရား)။ ဂတိမမြဲဘူး။ လူပဲ ဖြစ်ဖြစ် ရဟန်းပဲဖြစ်ဖြစ် ဒကာ၊ ဒကာမတွေ ဂတိမမြဲဘူးနော်။ အဲဒီတော့ – ဟာ – ခက်ပြီ။ တို့ဆရာတော်ကြီးက ရဟန္တာ မဖြစ်သေးဘူး။ ပုထုဇဉ်ပဲရှိသေးတယ် ဆိုတော့ တပည့်လုပ်တဲ့ပုဂ္ဂိုလ်က ဩော် ဆရာ့ကျေးဇူးတော့ တို့ဆပ်မှပဲ ဆိုတော့ တပည့်က ဆရာကို ပြန်ကျေးဇူးဆပ်ဖို့ဆိုတော့ တကယ်တော့ ဒီတရား အား ထုတ်ခိုင်းမလို့ပါ။ ရှင်းကော ရှင်းရဲ့လား။

အဲဒီတော့ တပည့်က ဆရာကို တရားအားထုတ်ခိုင်းဖို့ဆိုတော့ ပြောစရာ လျှောက်စရာ စကားလုံးမရှိဘူး။ စကားလုံးမရှိဘူး။ အဲဒီလောက် အလေးထားရတာကိုး။ မှန်တိုင်းပြောလို့ ဖြစ်ပါ့မလား။ အဲဒီမှာ အခွင့်အလမ်းလေး ချောင်းနေတာ။ တပည့်က ရဟန္တာနော်။ အခွင့်အလမ်းလေးချောင်းပြီးတော့မှ ဆရာတော်ကြီးကို သွားပြီးတော့ ကန်တော့ပြုပြီး ဝတ်ပါဖြည့်။ ''အရှင်ဘုရား အရှင်ဘုရားဆီ လာတာလည်း တပည့်တော် အရှင်ဘုရားဆီမှာ ဒီပရိယတ်တွေ သင်ကြားတာ အခု နည်းနည်းလေး လိုနေလို့ဘုရား''တဲ့။ အရှင်ဘုရားကို ပရိယတ်ကလေး စာလေးတစ်ဝါလောက် ချပေးဖို့။ ဟာ မင်းတို့ကို ငါ စာချပြီးသားကွ။ ဒီမှာရှိနေတဲ့ သံဃာတွေကို ငါ စာချရမယ်။ မင်းတို့ကို ငါ စာမချ နိုင်ဘူး။ မဟုတ်ပါဘူးဘုရား။ အရှင်ဘုရားအားတဲ့ အချိန်လေးပါ။ ဟာ မအားဘူးကွတဲ့။ အရှင်ဘုရား ဒီလိုဖြင့် မနက်အိပ်ရာထ မျက်နှာသစ်တဲ့ အချိန်လေး။ ဒီအချိန်လေးတောင် မအားဘူးလား။ ဟာ--အဲဒီ အချိန်လေးမှာလည်း ငါ့ စာမေးမယ့်သူ လျှောက်တဲ့သူရှိတယ်။ ဆွမ်းစားပြီးချိန်ကော။ ဆွမ်းစားပြီးတဲ့ အချိန်လည်း ငါမအိပ်ရဘူး။ ဒီမှာစာချပေးနေရတယ်။ ဆိုတော့ တစ်နေကုန် သူ့မှာအားလပ်ချိန် မပေးနိုင်ဘူးပေါ့။ အဲဒါနဲ့ တပည့်လုပ်တဲ့ ရဟန္တာက လက်လျှော့ရတာပေါ့နော်။ ဒုက္ခပဲ ငါ့ဆရာလည်း ဘယ်လိုမှ ငါလျှောက်လို့ မရတော့ဘူး။ အဲဒီတော့မှ ဒီလိုဖြင့်ရင် ဘုရားတဲ့ လက်အုပ်ချီ သေသေချာချာကန်တော့ပြီးတော့ အရှင်ဘုရားကို ဒီလို အချိန်တောင်းလို့ မရရင်လည်း ပဲ ကဲ တပည့်တော်ကို ခွင့်ပြုပါဘုရား။ တပည့်တော်ပဲ ပြန်ပါတော့မယ်ဘုရား ဆိုပြီးတော့ ကောင်းကင်ကနေ ဈာန်နဲ့ကြွသွားရော။ သူ့ရှေ့တင်ပျောက်သွားပြီ။ ဒီတော့မှ ဆရာတော်ကြီးက ဟာ လက်စသတ်တော့ ငါ့တပည့်က ငါ့ဆီ စာတက်ချင်လို့မှမဟုတ်ပဲ။ ငါ့ ပညာလာပေးတာပဲဆိုပြီး ပညာရှိသူတော်ကောင်း ချက်ချင်း သိသွားတယ်။

သူ့ချလက်စ စာဝါတွေ တစ်ခါတည်းရပ်ပြီးတော့ ဒကာ၊ ဒကာမတွေ တောထွက်သွားတာပဲ။ ဘာလုပ်တာလဲ။ (တောထွက်သွားတာပါဘုရား)။ မီးခဲ ပြာဖုံး၊ မီးခဲပြာဖုံး ဟုတ်လား။ အဲဒီလို

www.burmeseclassic.com



မထွက်လို့ ဝိပဿနာတရားတွေ အလုပ်မလုပ်လို့ မြတ်စွာဘုရားက "တုစ္ဆ ပေါဋ္ဌိလ" လို့ပြောတာ။ အချည်းနှီး ပေါဋ္ဌိလကြီးတဲ့။ စာတွေနဲ့ပျော်နေလို့။ ရှင်းကောရှင်းရဲ့လား။ သို့သော် စာချနေတာ မကောင်းဘူး ပြောတာလား။ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးလို့လား။ (မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးလို့ပါ)။ စာနဲ့ပျော်နေလို့ရှိရင် သုဂတိပဲ ရောက်မှာကိုး။ ရှင်းပြီနော်။ နိဗ္ဗာန်မရနိုင်ဘူး။ ဒီဘဝမှာ ဒကာ၊ ဒကာမတွေ နိဗ္ဗာန်မရရင် ဒုတိယဘဝဆိုတာက အာမခံလို့မရဘူး။ မနက်က ယောဂီတို့ကို ပြောသလို ဒုတိယဘဝမှာ ပရိယတ်တွေနဲ့ ပျော်နေတဲ့ ပုဂ္ဂိုလ်ဟာ သေရင် ဘာပဲ ဖြစ်ဖြစ် နတ်ပြည်ကရော မရောက်ဘူးလား။ ဒီကြားထဲမှာ တစ်ခုခုများ တိမ်းချော်သွားရင် သာတာဂီရိ တို့လို ဘီလူးကြီးတွေ သွားဖြစ်နိုင်တယ်။ ဟေမဝတတို့ သာတာဂီရိတို့။ ဒါ ရိုးရိုးလူက ဖြစ်တဲ့ ဘီလူးမဟုတ်ဘူး။ နတ်ဘီလူးကြီးတွေ၊ စာတော်ကြီးတွေက ဖြစ်တဲ့ နတ်ဘီလူးကြီးတွေ။ ဒါ ဓမ္မ စကြာနိဒါန်းမှာ ယောဂီတို့ပါပြီးသား။

အဲဒီတော့ ပုထုဇဉ်ဆိုတာ ဂတိမမြဲဘူးပေါ့။ အဲဒီလို ဂတိမမြဲတော့ ဒီ ပရိယတ်လောက်ကလေး နဲ့ သေသွားရင် မခက်ဘူးလား။ အဲဒီလိုခက်တဲ့အတွက် မြတ်စွာဘုရားက "တုစ္ဆပေါဋ္ဌိလ" အချည်းနှီး ပေါဋ္ဌိလ မင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးဘူးလို့ ဒီလိုပြောတာ။ အဲဒီတော့မှ တပည့်ကလည်း လာပြီးတော့ ဈာန်နဲ့ပြည့်ပြီးတော့ ပညာလည်း ပြည့်သွားတော့ ချက်ချင်း သူတော်ကောင်း ဆိုတာ သတိလည်းဖြစ်သွားတော့ စာမချတော့ဘဲနဲ့ တောထွက်သွားရော။ ပိဋကတ် ၃-ပုံဆောင်ကြီး တောထွက်သွားပြီနော်။ တောထွက်သွားတာ ဘာလုပ်ဖို့လဲ။ တရားအားထုတ်ဖို့။ သူသင်ပေးတဲ့ တရားတွေနဲ့ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေက ရဟန္တာဖြစ်သွားပြီ။ အခု သူအားထုတ်မယ်လည်း ကြံ လည်း ကြံလိုက်ရော ဘယ်က စရမှန်းမသိတော့ဘူး။ ဗုဒ္ဓါနုဿတိပဲ အားထုတ်ရတော့မလား။ အသုဘပဲ ရှုရတော့မလား။ အာနာပါနပဲ ရှုရတော့မလား။ တစ်ခါတည်း ကမ္မဋ္ဌာန်း ၄၀။ သူနားလည် နေတာ ဘယ်ကစရှုရမှန်း မသိဘူး။ အဲဒါ ပျာယာခတ်သွားတာ။ ဗျာများသွားတာ။ ရှင်းကောရှင်း ရဲ့လား။ (ရှင်းပါတယ်ဘုရား)။

ဒါကြောင့် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တွေ လောမကြီးနဲ့၊ ဗျာမများနဲ့၊ ပျာယာမခတ်နဲ့တဲ့။ ဆိုစမ်းပါ။

**လောမကြီးနဲ့ ဗျာမများနဲ့ ပျာယာမခတ်နဲ့**

အဲဒီတော့ ရှုနေတဲ့ အချိန်အခါမှာ ယောဂီတို့နော် ဟာ- ဟိုကပေါ်၊ ဒီကပေါ်၊ ကြားတာကပေါ် ဟိုရှုရတော့မလိုလို ဒီရှုရတော့မလိုလိုနဲ့ အဲဒါက ဘာဖြစ်သွားတာလဲ။ (ပျာယာခတ်သွားတာ)။ ပျာယာခတ်သွားတာ။ အဲဒီတော့ ဝိပဿနာယောဂီသည် တွေ့ တွေ့တာသာ မှတ်ရှုထား။ မလွတ်စေနဲ့နော်။ ဟိုလား ဒီလားဆိုရင် အဲဒါတခြားလား။ ပျာယာခတ်သွားတာလား။ (ပျာယာခတ် သွားတာပါဘုရား)။ ပျာယာခတ်သွားရင် ယောဂီတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်က လွတ်သွားဦးမယ်နော်။ အဲဒီတော့မှ ခုန တိ-ပိဋက ဆရာတော်ဘုရားကြီး အရှင်ပေါဋ္ဌိလကြီး ကမ္မဋ္ဌာန်း ဘယ်က စ,ရမှန်း မသိတော့မှ အဲဒီမှာ ရဟန္တာတွေဆီ သွားပြီးတော့ အရှင်ဘုရားတို့ ကမ္မဋ္ဌာန်းလေးပေးပါ သွား တောင်းရတာ။ ကမ္မဋ္ဌာန်းလေး ပေးတယ်ဆိုတာလည်း လွယ်ပါ့မလား။ (မလွယ်ပါဘုရား)။

အဲဒီတော့မှ ရဟန္တာတွေက သိတယ်။ အင်း - ဒီဆရာတော်ကြီးက အင်မတန် တန်ခိုးကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး။ တန်ခိုးကြီးပြီဆိုကတည်းက သူက မာန်မာနတွေမရှိဘူးလား။ ဒါကတော့ ဒကာ၊ ဒကာမတွေ သိပ်ကြောက်စရာ ကောင်းတယ်ဗျ––နော်။ တန်ခိုးကြောင့်လည်း မာန်၊ မာန မတက်ဘူးလား။ (တက်ပါတယ်)။ အမျိုးဂုဏ်ကြောင့်လည်း မာန်၊ မာန မတက်ဘူးလား။ (တက်ပါတယ်)။ ပညာကြောင့်လည်း မာန်မာနမတက်ဘူးလား။ (တက်ပါတယ်)။ နေကြောင့် အလှကြောင့် ဘဝကြောင့် အမျိုးမျိုး မာန်မာနတွေဆိုတာ ကြိဖန်တက်နေတာ။ အဲဒီတော့ ဒီမာန်ရှိလို့ရှိရင် ဝိပဿနာ ရှုလို့ ရပ့်မလား။ (မရပါဘူး)။ အဲဒီတော့ ဒီဆရာတော်ကြီးကို မာန်လည်းပဲ ပယ်သွားပြီးသား ဖြစ်သွားအောင် ဆိုပြီးတော့၊ ကဲ ဆရာတော်ကြီး ကမ္မဋ္ဌာန်းပေးတာ ကတော့ ဟုတ်ပါတယ်တဲ့။ ကိုရင်လေးဆီမှာ သွားတောင်းပါဆိုတော့ ကိုရင်လေးရှိတဲ့နေရာ လက်ညှိုးထိုးပြလိုက်တယ်။ ဘယ်ကို လက်ညှိုးထိုး ပြလဲ။ (ကိုရင်လေးရှိတဲ့ နေရာကိုပါဘုရား)။ အဲဒီတော့ အဲဒီကိုရင်လေးက ပုထုဇဉ်မဟုတ်ဘူး။ ရဟန္တာနော်။ ၇–နှစ်သားကိုရင်လေးတဲ့ ဒကာ၊ ဒကာမတွေ။ ဘယ်နှစ်နှစ်။ (၇–နှစ်)။ ၇–နှစ်သား ကိုရင်ရဟန္တာဖြစ်တာ ဘယ်သူသိမတုန်း။

ဒါကြောင့် မြတ်စွာဘုရား လက်ထက် ၇–နှစ်သားအရွယ်နဲ့ ရဟန္တာဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေ ရှိတာ။ အဲဒီတော့ အချို့ပုထုဇဉ် ရဟန်းတွေက ကလေးဆိုပြီး သွားပြောပြီးတော့ မထိမဲ့မြင်လုပ်မှာ စိုးလို့နော်။ အချို့ခေါင်းသွားခေါက်လိုက်၊ ဘာလုပ်လိုက် ညာလုပ်လိုက် ဒါမျိုးတွေရှိတယ်။ အဲဒီ လိုလုပ်မိရင် ဒီပုထုဇဉ် မင်္ဂတား ဖိုလ်တားဖြစ်သွားရော။ သိပ်ကြောက်စရာကောင်းတယ်။ အဲဒီတော့ ရဟန္တာတွေကလည်း သူ ရဟန္တာပါဆိုတာ ဘယ်တော့မှမပြော။ ပြောရဲ့လား။ (မပြောပါဘူး)။ မပြောဘူးဆိုတော့ ပုထုဇဉ် ဘယ်သိမှာတုန်း။

အဲဒီတော့ ၇–နှစ်အရွယ် သာမဏေရဟန္တာဆီသွားပြီးတော့ ကမ္မဋ္ဌာန်းတောင်းပါဆိုတော့ သာမဏေက အဲဒီအချိန်ခါမှာ တရားရှုနေတာ မဟုတ်ဘူး။ ကစားနေတာ ဒကာ၊ ဒကာမတို့။ ဘာလုပ်နေတာလဲ။ (ကစားနေတာပါဘုရား)။ ဒီတော့ အရှင်ဘုရား ဟာ–– ရဟန္တာ ကစားလား ဆိုတော့ ရဟန္တာက ရဟန္တာ၊ ကလေးက ကလေးပဲ။ သူ့ဟာသူ ကိလေသာစင်တာပဲ။ ကလေးရဲ့ စရိုက် ဝါသနာက ကစားမယ်၊ ဆော့မယ်ပေါ့။ ကိုရင်ဖြစ်သော်လည်းပဲ သူ့ဝါသနာ စွန့်လို့ရသ လား။ ဝါသနာစွန့်နိုင်တာ ဘုရားတစ်ပါးတည်းရှိတယ်နော်။ ရှင်သာရိပုတ္တရာတို့လို ရဟန္တာကြီး တွေလည်း ဝါသနာမစွန့်နိုင်ဘူး။ ရှင်မောဂ္ဂလာန်တို့လည်း ရဟန္တာတွေပဲ။ ဝါသနာမစွန့်နိုင်ဘူး။

အချို့ ရဟန္တာကြီးတွေက တိုင်းတဲ့ ဆဲတဲ့ ဝါသနာပါတာ။ အမြဲတမ်း လူတွေ့ သူတွေ့ သူယုတ် သူယုတ်ဆိုတဲ့ စကားလုံးမျိုး အင်မတန် သုံးလေ့သုံးထရှိတဲ့ မထေရ်ကြီးတစ်ပါးတောင်ရှိ တယ်။ အမှန်တော့ ဘုန်းကြီးတို့ ဒါ အရပ်ပြော ပြောတော့ ဆဲတာပေါ့ ဟုတ်လား။ အဲဒါ ရဟန္တာ ဖြစ်သွားပေမယ့် ဒီစရိုက်ဝါသနာ မပယ်နိုင်လို့ ပြောတာတွေရှိတာကိုး။ အဲဒီတော့ ကလေးရဲ့ သဘာဝသည် အမြဲတမ်း မဆော့ဘူးလား။ (ဆော့ပါတယ်ဘုရား)။ ဩော် – သူ့ဟာသူ ဖုန်ထဲ ဆော့ကစားနေတာပဲ။ သွားအထင်သေးလို့ မရဘူး၊ ရဟန္တာကို။

အဲဒီတော့ ရဟန္တာဆိုတာ ငယ်ပင်ငယ်သော်ငြားလည်း သူ့အနေနဲ့ ကိလေသာစင်သွားတယ်။ စရိုက်ဝါသနာကို မပယ်နိုင်သောကြောင့် သူ့ကို မဆော့နဲ့လို့ ပြောလို့ရပ့်မလား။ (မရပါဘူး)။ အဲဒါကြောင့် ဘုန်းကြီးတို့ ယောဂီများက ဒီတရားနာပြီးရင် သတိထားရမှာက သာမဏေ အငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ဟုတ်လား။ ၁၄-၅-၆ နှစ် အရွယ်တွေဆိုတော့ ကလေးပဲ။ တစ်နေ့ ဒီပုဂ္ဂိုလ်တွေသည် သာသနာကို ပခုံးပြောင်း တာဝန်ထမ်းဆောင်မယ့်ပုဂ္ဂိုလ်တွေ။ အဲဒီ ပုဂ္ဂိုလ်တွေ တစ်ခါတစ်လေ ဆော့ချင်ဆော့နေမှာပဲ။ အဲဒါ ကိုယ့်အလုပ်မဟုတ်ဘူးနော်၊ ဟုတ်လား။ ဝါသနာဆိုတာ ပယ်လို့ရပါ့မလား။ (မရပါဘူး)။ ပယ်လို့ မရပေမယ့် အဲ-သူ့ အလုပ်သူလုပ်နေတာပဲ၊ ကိုယ့်ဟာကိုယ်သာ ဒကာ၊ ဒကာမတွေ ကြည်ညို လိုက်။ အဓိပ္ပာယ်ပေါ့နော်။

ဩော်-- တစ်ချိန်မှာ မြတ်စွာဘုရားရဲ့ သာသနာတော်ကို ပခုံးပြောင်းထမ်းမယ့် တကယ့် ပုဂ္ဂိုလ်ကြီးတွေပါလားလို့ စိတ်ထဲမှာ ကြည်ညိုပါ။ (မှန်လှပါ)။ ဒီတော့ ဒီလိုကလေးတွေ မပြောနဲ့၊ ရဟန္တာကြီးတောင်မှပဲ စရိုက်မပယ်နိုင်တာ။ မပယ်နိုင်တဲ့အကြောင်းကို ''သူယုတ်၊ သူယုတ်'' လို့ ပြောလေ့ပြောထရှိတဲ့ မထေရ်ကြီးတစ်ပါး။

အရှင်ပိလိန္ဒဝစ္ဆမထေရ်ဆိုတာရှိတယ်။ ရဟန္တာကိုယ်တော်မြတ်ကြီးပေါ့။ ဓမ္မပဒမှာလာ တယ်။ ဒီရဟန္တာကိုယ်တော်မြတ်ကြီးက နှုတ်ကြမ်းလျှာကြမ်း ပုဂ္ဂိုလ်ကြီးထင်ပါတယ်။ လူတွေ့လို့ နှုတ်ဆက်တဲ့အခါ သူက ''ဝသလ-လူယုတ်မာ''လို့ နှုတ်ဆက်တယ်။ သူ့ဝသီပေါ့လေ။ ဒါ ဘုန်းကြီးတို့ သတိထားရမယ်။ မိတ္တဗလဋီကာထဲမှာ ထင်ပါတယ်။ ဘာပြောလဲဆိုတော့ ''လူကိုတွေ့ရင် နာမည်ခေါ်ပြီး နှုတ်ဆက်ပါ''တဲ့။ ဘုန်းကြီးတို့ကတော့ မိတ္တဗလဋီကာနဲ့တော့ ကွာတယ်။ တစ်ခါတလေ လူကိုသိတယ်၊ နာမည်က ဖော်မရဘူး။ တစ်ခါတလေကျ နဂိုကတည်းက သိကိုမသိတာ။ ကိုယ့် ယောဂီတွေကများတော့. . .။

တစ်ခါတလေ ''တပည့်တော်တို့က ကျောင်းမှာ စခန်းဘယ်နှကြိမ် ဝင်ပြီးပြီ ဘာညာ'' ပေါ့လေ။ ဒီအခါ ကိုယ်ကဇဝေဇဝါပဲ။ တချို့ကတော့ ရှိမယ်။ ဒီဘုန်းကြီး မာနကြီးသလားပေါ့ လေ။ ဒီဘုန်းကြီး ယောဂီတွေအတွက်ဆိုရင် ဟို- စားဖို့ ချောင်ကစပြီး ဒီတရားထိုင် တရားအားထုတ်တဲ့အထိ- ''ဩော်-ကိုယ့်ဒကာ ဒကာမတွေ ကျေးဇူးဆပ်နေတာပဲ''ဆိုပြီး ဘုန်းကြီးစွမ်းနိုင်သလောက် ဓမ္မနဲ့ကျေးဇူးပြု၊ ဝေယျာဝစ္စနဲ့ ကျေးဇူး ပြု--ဒါ မာနမကြီးလို့ပေါ့နော်။ ဘုန်းကြီး ဝါသနာပဲလေ။ ကဲ- တို့ ဒကာ ဒကာမတွေ မတော် တဆများ၊ ဒီဘုန်းကြီး တရားကျင့်လို့ တစ်မဂ်တစ်ဖိုလ် ရသွားလည်း ဒီဝါသနာက မပျောက်ဘူး၊ စိတ်ချ။ ကိုယ့် ဒကာ ဒကာမတွေကို ကိုယ်သိတဲ့တရား၊ ကိုယ်ရတဲ့ တရား ရပါစေဆိုပြီး ပိုပြီးတောင် ကျေးဇူးပြုဦးမယ်။ ဝါသနာဆိုတာ ရဟန္တာတောင် မပယ်နိုင်ဘူးဆိုတဲ့ အကြောင်းပြောနေတာနော်။

အဲ-ခုန ပိလိန္ဒဝစ္ဆမထေရ်ကြီး ဒကာ ဒကာမတွေနဲ့ တွေ့တဲ့အခါ ''ဒကာကြီး ဒကာမကြီး''ဘယ်တော့မှ မလုပ်ဘူး။ တစ်ခါတော့ ကိုယ်တော်ကြီးက ဆွမ်းခံက ပြန်ကြွလာ။ လမ်းမှာဘာနဲ့ တွေ့သလဲဆိုတော့ ပိတ်ချင်းသီးတွေ တင်လာတဲ့ လှည်း တစ်စီးနဲ့တွေ့တယ်။ တွေ့တော့ ကိုယ်တော်ကြီးကတော့ အာလာပသလ္လာပ နှုတ်ဆက်လိုက်တာ ရှိမှာပေါ့-

''ဟဲ့- လူယုတ်မာ၊ ဘာတွေလဲ ဟဲ့''တဲ့။

ကဲ- ကိုယ်တော်ကြီး နှုတ်ဆက်လိုက်တာက နားဝင်ပီယံ ဘယ်လိုမှမဖြစ်ဘူး။ ယောဂီတို့ပဲ စဉ်းစားကြည့်လေ။ ကိုယ့်ကို လူယုတ်မာခေါ် နှုတ်ဆက်လိုက်တော့ ဟော-ဟိုဒကာ လှည်းမောင်း လာတဲ့ ဒကာစိတ်ထဲမှာ ထောင်းကနဲ့ပေါ့။ သူစိတ်ထဲ ထောင်းခနဲဖြစ်တာ ကိုယ်တော်ကြီးကတော့



www.burmeseclassic.com

www.burmeseclassic.com



အာရုံစိုက်မနေဘူး။ ဒါပေမယ့် ဒကာက စိတ်ပေါက်ပေါက်နဲ့ သူ့ကို လူယုတ်မာလို့ ပြောရပါမလားဆိုပြီး– ''ကြွက်ချေးတွေ ကိုယ်တော်''တဲ့။ သူပြောလိုက်တဲ့ ပုဂ္ဂိုလ်က ရဟန္တာကြီး မှန်း မသိဘူး။

ဒီလိုနဲ့ အရှင်ပိလိန္ဒဝစ္ဆမထေရ်ကြီးလည်း ''အော်–အင်း–အင်း''ပေါ့။ ဒီလိုနဲ့ ဒါယကာလည်း အိမ်ပြန်၊ ပိတ်ချင်းသီးတွေလည်း လှည်းပေါ်က ချမယ်လုပ်ရော။ ကြွက်ချေးတွေ ဖြစ်နေပါရော။ ဆရာတော့်ကို ပြစ်မှားမိလို့ လာတောင်းပန်တာ''ပေါ့။ ဆရာတော်ကြီးကတော့ ဘာမှမသိဘူး။ အမှတ်တမဲ့ပဲ။ အရှင်ပိလိန္ဒဝစ္ဆမထေရ်ကြီးက–''အေး–ဒကာက ပိတ်ချင်းသီးဆိုလည်း ပိတ်ချင်းသီးပေါ့ကွယ်'' ဒကာ ဆရာတော်ကို ဦးချပြန်သွား၊ အိမ်ရောက်ကြည့်လိုက်တော့ တကယ့်ပကတိအတိုင်း ပိတ်ချင်းသီးတွေပဲ ဖြစ်နေပါသတဲ့ဗျာ။

ဒါ ပိလိန္ဒဝစ္ဆမထေရ်ကြီးရဲ့ စရိုက်ဝါသနာက ဒီမှာ ရဟန္တာဖြစ်တာတောင် စရိုက်မပယ်နိုင်လို့ ဒါဖြစ်တယ် ဆိုတာ ယောဂီတို့သိဖို့ပေါ့။ ရှင်းရောရှင်းရဲ့လား။ ''ရှင်းပါတယ်ဘုရား''

## ဖွတ်ဖမ်းသလိုဖမ်း

ဒီတော့မှ ကမ္မဋ္ဌာန်းပေးမယ့် ဆရာက ဖုန်ထဲကနေ ကမန်းကတန်း ခါက်ထရတာ။ အမလေး။ ပလ္လင်ပေါ်က ပေးတာမဟုတ်ဘူး။ ဖုန်ထဲကနေ ခါက်ထနေပြီးတော့မှ ကဲ–ကဲ ဒီလို ဖြင့်ရင် ဆရာတော်ကြီး ကမ္မဋ္ဌာန်းပေးဆိုလည်း ပေးတာပေါ့။ ဒီလိုကိုး။ ကဲ– ကဲ အဲလိုဆိုရင် ကောင်းပြီ၊ ကမ္မဋ္ဌာန်းပေးမယ်ဆိုတော့ သူဆော့ကစားနေတဲ့ နေရာလေးက ကမ်းစပ်ကလေး ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ ရေကန်စပ်ထဲမှာ ဆော့ကစားနေတာဆိုတော့ ကောင်းပြီဘုရားတဲ့။ ကဲ–အရှင်ဘုရား ကမ္မဋ္ဌာန်းလိုချင်တယ်ဆိုရင် ဟောဒီ ရေထဲကိုဆင်းပါတဲ့။ အရှင်ပေါဋ္ဌိလကြီး ပြန်မပြောဘူး။ ဆင်းသွားတယ်။ သူ ကမ္မဋ္ဌာန်းတရား ၄၀– သူနားလည်တာပဲ။ ရေထဲဆင်းတဲ့ ကမ္မဋ္ဌာန်းမရှိဘူးဆိုတာ သိပြီးသား။ ဟာ အရှင်ဘုရား စာထဲမှာ ဒါမလာဘူးဆိုပြီး ကော်တာ ကပ်တာ ငြင်းတာတွေ မလာဘူးနော်။ ဘာမှ ပြန်မပြောဘူး။ ဆရာ့စကားနားထောင်တယ်။ ဆင်းသွားတာပဲ။ ကိုရင်လေးက ပေးတဲ့ကမ္မဋ္ဌာန်း။ ဆင်းသွားတယ်။ ကိုရင်လေးက ရေထဲက ပြန်တက်ခိုင်းတော့မှ အရှင်ပေါဋ္ဌိလကြီးပြန်တက်လာတယ်။

ရှင်းပြီနော်။ အဲဒီတော့မှ လက်အုပ်လေးချီပြီးတော့ အရှင်ဘုရားတဲ့၊ အပေါက် ၆–ပေါက်ရှိတဲ့ တောင်ပို့ကြီးထဲမှာ ဖွတ်တစ်ကောင် ဝင်သွားတယ်တဲ့။ ကဲ အရှင်ဘယ်လိုလုပ်ဖမ်းမလဲတဲ့။ ပညာပေးပြီ။ ကမ္မဋ္ဌာန်းပေးလိုက်တာဟာ။ ဟာ–သိပြီ။ ကိုရင် သိပြီတဲ့ဆိုတော့ ၅–ပေါက်ပိတ်ပြီး ၁–ပေါက် ဖွင့်ဖမ်းရင် ဒကာ၊ ဒကာမတွေ မရဘူးလား။ (ရပါတယ်)။

အဲဒါနဲ့ ဒကာ၊ ဒကာမတွေ မနောပေါက်ဖွင့်ပြီးတော့ စောင့်ပြီးတော့ ရှုလိုက်တာ ရဟန္တာ ဖြစ်သွားတာပေါ့။ အရှင် ပေါဋ္ဌိလကြီး ဘာဖြစ်သွားလဲ။ (ရဟန္တာဖြစ်သွားတယ်)။ ဒီတော့ ယောဂီတို့ကို ဒီနေရာမှာ ဒီအကြောင်းကို ပြောတာ ဆိုလိုချင်တာက ဆရာရဲ့စကားကို နားထောင်ပါလို့ ဒါကို လိုရင်းအချက်ပြောချင်တာပါ။ (မှန်လှပါဘုရား)။ နားမထောင်လို့ ဝိပဿနာဉာဏ် ခုန အန္တရာယ်တွေနဲ့တွေ့လာရင် မဂ်တား၊ ဖိုလ်တားဖြစ်မှာစိုးလို့။ ရှင်းကောရှင်းရဲ့လား။ အဲဒီတော့ ဟောဒီဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတဲ့။ အဲဒီဉာဏ်ကနေ ဆရာက သင်လိုက်တဲ့အခါကျတော့ အထက်ဉာဏ်တက်သွားပြီ ယောဂီတို့။ ဘယ်ဉာဏ်တက်။ (အထက်ဉာဏ်တက်တာပါဘုရား)။

(၆) အဲဒီ အထက်ဉာဏ်ဆိုတာ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိကို ခေါ် ပါတယ်။ ရဟန္တာကြီး ၂–ပါး အမေးအဖြေလုပ်တယ်နော်။

ကဲဒီလိုဖြင့် ငါ့ရှင်ရေ၊ ငါ့ရှင် သာသနာဝင်လာတာ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အလို့ငှာ သာသနာဝင်လာတာလားလို့မေးပြီ။

ပဋိပဒါဆိုတာ ကျင့်စဉ်၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်တဲ့ ကျင့်စဉ်။ ဉာဏဆိုတာ တေဘူမက သင်္ခါရတရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ သိတတ်တဲ့ ဉာဏ်၊ ဒဿနဆိုတာ သာမန်အသိမျိုး မဟုတ်၊ မျက်စိနဲ့မြင်ရသလို သိမြင် တတ်တဲ့အမြင်၊ ဝိသုဒ္ဓိဆိုတာ စင်ကြယ်တာ။ ငါ့ရှင်ရဲ့ ကျင့်စဉ် စင်ကြယ်ဖို့ အလို့ငှာ သာသနာဝင်လာတာလားလို့ ဆိုတော့ ယောဂီတို့ ဘာမှ နားမလည်သေးဘူး။ အခုနံပါတ် ၆–ဉာဏ်ရောက်သွားပြီ။ ဘယ်ဝိသုဒ္ဓိ ရောက်သွားတာလဲ။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။ ဟုတ်ပြီ။ အရှုဉာဏ် တိုးတက်သွားပြီပေါ့။ အဲဒါကို ဘုန်းကြီးတို့ ဉာဏ်စဉ်နဲ့ပြောတော့ ဘင် ဘယ အာဒီနဝ နိဗ္ဗိဒါ မုဉ္စိတုကမျတာ ပဋိသင်္ခါ သင်္ခါရုပေက္ခာ အနုလောမထိအောင် တက်သွားတာ။ ရှင်းပြီနော်။ အဲဒါက ဘုန်းကြီးက စာအတိုင်းရွတ်ပြသွားတာပေါ့။ တကယ် လက်တွေ့ အားထုတ်တဲ့ အခါကျတော့ အမလေး တရားအားထုတ်လို့ ကောင်းလိုက်တာ၊ ဒီလိုဖြစ်နေတာပေါ့နော်။

အဲဒီကနေ ဆရာကလည်း ပြောင်းလည်းပေးလိုက်ရော ဟာ-- ခန္ဓာကိုယ်ကြီး ပျောက်သွားရော။ ခေါင်းတွေမရှိ လက်တွေမရှိ တစ်ခါတစ်လေမရှိတဲ့ အပြင်မှာ ကောင်းကင်ကို ဖောက်ထွက်သွားသလို ဗုံးမှာရုံကြီး ဖောက်ထွက်သွားသလို ဒီလိုမျိုးမြင်ရတာ။ အဲဒီတော့ ဒီရုပ်ခန္ဓာကြီးလည်း မရှိတော့ဘူးနော်။ လက်မရှိ ခြေမရှိတဲ့အခါကျတော့ ပြုန်းခနဲ တစ်ခါတစ်လေ လန့်သွားတာမျိုး ဖြစ်တတ်တယ်။ ယောဂီတို့ မလန့်နဲ့။ ဘာမှ မဖြစ်ဘူး။ အဲဒါသည် ဘင်ဉာဏ်ပေါ့။ ဘယဉာဏ်ပေါ့။

## အမုန်းဉာဏ်စသည်ဝင်လာ

အဲဒီတော့မှ ကိုယ့်ကိုယ်ကို ကြောက်လာတယ်။ အမလေး ဒီရုပ် ဒီနာမ်ဒီခန္ဓာကြီးကို အသက်ရှင်ရမှာ ကြောက်လိုက်တာ။ ဒီတော့မှ အာဒီနဝတွေ မုဉ္စိတုကမျတာတွေ ဆိုတဲ့ စာလိုပြောတော့ ဒီဉာဏ်တွေပေါ့။ အမုန်က ဆရာတော်ဘုရားကြီး ပြောသလိုဆိုရင် မုန်းဉာဏ်တွေ ဝင်လာတာ။ အဲဒီဉာဏ်တွေလည်း ဝင်လည်းဝင်လာရော ဘာဖြစ်လို့ မုန်းတာလဲ။ ဒီခန္ဓာကြီး သည် "တော–၄၀" လာတာကိုးဗျ။ "တော–၄၀"ဆိုတာ ဘယတော၊ သလ္လတော၊ ဆိုတဲ့ "တော–၄၀" မရှိဘူးလား။ အဲဒီ "တော–၄၀" ဆိုတာ ဤပဉ္စကန္ဓာ ၅–ပါးဆိုတဲ့ ရုပ်နာမ်တရားတို့သည် ရောဂါတုံးကြီးပဲတဲ့။ ဘာတဲ့လဲ။ (ရောဂါတုံးကြီး)။

အဲဒီတော့ ရောဂါတုံးကြီးဆိုတာက ရုပ်တရားရလာပြီဆိုကတည်းက ရောဂါတုံးမရဘူးလား။ (ရပါတယ်)။ အဲဒါက စာထဲမှာသာရှိတာ မမြင်ရဘူး။ အခုလက်တွေ့လည်း ဒီလိုဉာဏ်လည်း တက်ပြီး အားလည်းအားထုတ်လိုက်ရော ဟာ–တစ်ကိုယ်လုံး ရောဂါတွေဖြစ်လိုက်တာ။ သွားကိုက်



www.burmeseclassic.com

www.burmeseclassic.com



တာတွေဖြစ်လိုဖြစ်၊ နားကိုက်တာတွေ ဖြစ်လိုဖြစ်၊ အဖျားတွေတက်လိုတက် အမျိုးမျိုးဖြစ်လာတာပဲ။ သို့သော် ဒကာ၊ ဒကာမတွေ သေလောက်အောင်ဖြစ်တာ မဟုတ်ပါဘူး။ သေလောက်အောင် ဖြစ်တာ မဟုတ်ဘူး။ ဉာဏ်ကြောင့်ဖြစ်နေတာနော်။

အဲဒီတော့မှ အဲဒီ အဖျားတက်တဲ့အချိန်မှာ ဒီဂရီတိုင်းရင် သေလုမျောပါး ဒီဂရီမျိုးတွေ့ရ လိမ့်မယ်။ သို့သော် ဘာမှမဖြစ်ပါဘူး။ ဘာကြောင့်ဖြစ်တာလဲ ဆိုတော့ ဒီနေရာမှာ "တော ၄၀" ဝင်တဲ့သဘော။ ဉာဏ်နဲ့သာလျှင် မြင်ရတာပေါ့နော်။ အဲဒီတော့ အဲဒီလိုမျိုးမြင်တဲ့အခါကျတော့ ဖိုရှ ယောဂီတို့။ ဒီနေရာမှာ နောက်မဆုတ်နဲ့နော်။ မဆုတ်ဘဲနဲ့ ဘာလုပ်ရမလဲ။ ဖိုရှ။ ဒီတော့

**ကိုယ်နဲ့ အသက် မငဲ့ကွက် ရက်စက်နိုင်ရမည်။**

ဒီဆောင်ပုဒ်ကို အလွတ်ကျက်ထားပါ။ အဲဒီလောက် မချိမဆံ့ ခံနေရတဲ့ အချိန်အခါမှာပဲ ဒါကိုရှုရမယ်။ မလျှော့ရဘူးနော်။ အဲဒီအချိန်အခါမှာ ခန္ဓာကိုယ်ကြီးက လိမ်တာတွေ၊ တွန့်တာတွေ၊ ယိုင်တာတွေလည်း ဖြစ်တတ်တာပဲ။ အချို့ကျတော့ တစ်ယောက်နဲ့တစ်ယောက် မတူဘူးနော်။ ပထဝီလွန်ကဲတဲ့ ပုဂ္ဂိုလ်ရှိတယ်။ အာပေါလွန်ကဲတဲ့ ပုဂ္ဂိုလ်ရှိတယ်။ ဝါယောလွန်ကဲတဲ့ ပုဂ္ဂိုလ်များ တွန့်လိမ်သွားတာပဲ။ အချို့ အာပေါလွန်ကဲတဲ့ ပုဂ္ဂိုလ်တွေများ မချိမဆံ့ တစ်ခါတည်း ချွေးဒီးဒီး ဒီးဒီးကျပြီး ဖောချွေးတွေ ပြန်တာမျိုးလိုနော်။ ပထဝီလွန်ကဲတဲ့ ပုဂ္ဂိုလ်တွေများကျတော့ တောင့်တင်း ပြီး ကိုယ့်ကိုယ်ကို သေပြီလို့ အဲဒီလိုကို ဖြစ်တာ။ တစ်ယောက်နဲ့တစ်ယောက် ဓာတ်ချင်းတူရဲ့လား။ (မတူပါဘူးဘုရား)။ သို့သော် အဲဒီလို ရှုနေတဲ့အချိန်အခါမှာ ယောဂီတို့ အရေးအကြီးဆုံး စကားလုံး တစ်လုံး ပြောမယ်နော်။

အဲဒီလိုရှုနေတဲ့အခါမှာ ဓာတ်တစ်ခုခုသည် ထင်ရှားတာကိုတွေ့လိမ့်မယ်။ ဝိပဿနာသည် ထင်ရှားတာကို ရှုပါလို့ မပြောဘူးလား။ (ပြောပါတယ်)။ အဲဒီလို ရှုနေတဲ့အခါ ဓာတ်တစ်ခုက ထင်ရှားမယ်။ ပထဝီက ထင်ရှားမလား၊ အာပေါက ထင်ရှားမလား၊ တေဇောက ထင်ရှားမလား၊ ဝါယောက ထင်ရှားမလား။ တစ်ယောက်နဲ့တစ်ယောက် မတူဘူး။ အဲဒီ ထင်ရှားတဲ့ဓာတ်ကို မလွှတ်တမ်း ဖမ်းရှုတော့။ ဘာဖြစ်လို့ ရှုခိုင်းလဲဆိုတော့ အဲဒီဓာတ်သည် ဌါကိုသတ်မှာ သူပဲ။ ကိုယ့်သေမင်းနဲ့ တွေ့ပြီ။ ကိုယ့်ကိုသတ်မယ့်လက်သည်တရားခံ သူပဲ။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ အဲဒီလိုမျိုး ရှုနေတဲ့အချိန်မှာ အချို့က တောင့်တင်းတာတွေ လွန်ကဲတာရှိတယ်။ အချို့က ယိုစီးတာ လွန်ကဲတာရှိတယ်။ အချို့က တစ်ကိုယ်လုံးမှာ တစ်ခါတည်း မီးပုံထဲ ထိုင်ရသလို ပူတာတွေ လွန်ကဲတာရှိတယ်။ အချို့က မချိမဆံ့နဲ့ ဂိုးဂိုးဂတ်ဂတ်နဲ့ အေးလာတာတွေ ရှိတယ်ပေါ့။ ဘာပဲဖြစ်နေနေ ဒီအချိန်အခါမှာ တကယ်ဖြစ်နေတာ မဟုတ်ဘူး။ ဉာဏ်ကြောင့် ဖြစ်နေတာ။ ဉာဏ်တက်လာလို့ဖြစ်နေတာ။ ရှင်းပြီနော်။ အဲဒီလိုဖြစ်လာရင် ယောဂီတို့ ဒီအတိုင်းနေရမှာလား၊ ရှုရမှာလား။ (ရှုရမှာပါဘုရား)။ ရှုစမ်းပါ။ ရှုစမ်းပါ။ ကြိုးစားပြီးတော့ ရှုစမ်းပါပေါ့နော်။ အဲဒီလို ရှုရင် အဲဒီအချိန်အခါမှာ ပေါ်သမျှသော ခုနပြောခဲ့တဲ့ ဓာတ် ၄-ပါးသည် နာမ်တရားလား၊ ရုပ် တရားလား။ (ရုပ်တရားပါဘုရား)။ အဲဒီ ရုပ်တရားသည် နိစ္စလား၊ အနိစ္စလား။ (အနိစ္စပါဘုရား)။ အနိစ္စပဲ မြင်ရမှာပဲ။ ဘယ်လိုမြင်မလဲ။ (အနိစ္စ)။ အနိစ္စ၊ အနိစ္စ၊ အနိစ္စလို့ပဲ ဒီလိုပဲ မြင်နေမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမြင်ရင်လည်း ဘာလုပ်ရမလဲ။ ဆက်ရှုနော်။

အဲဒီလို ရှုတဲ့အခါကျတော့ တဖြည်းဖြည်း ဉာဏ်ကရင့်ရင့် ရင့်ရင့် လာပြီပေါ့။ ရင့်တဲ့အခါကျတော့ ခုန မချိမဆံ့ နာတာ ကျင်တာ ကိုက်တာ ခဲတာတွေ လှုပ်တာတွေ ယိုင်တာတွေ ဘာတွေ တစ်ခါတစ်လေ ခန္ဓာကိုယ်ကြီး ယိုင်ပြီးတော့ ကြမ်းပြင်နဲ့နဖူးနဲ့ ထိလောက်အောင် ဖြစ်တာတွေပေါ့။ ဘာမှ အနှောင့်အယှက် မဟုတ်ဘူးနော်။ ခုတ် ၄-ပါးရဲ့ ဖောက်ပြန်နေတာတွေ ထင်ရှားတာ။ ရှင်းကောရှင်းရဲ့လား။ အဲဒီတော့ တစ်ချို့ ဒီနေရာမှာ ငိုချင် ထ,ငိုတာမျိုးတွေရှိတယ်နော်။ ဖြစ်ချင်တာဖြစ် ကိုယ့်ကိစ္စ တစ်ခုမှမပါဘူး။ အဲဒါ တခြားတရားလား၊ အနတ္တတရားတွေလား။ (အနတ္တတရားတွေပါဘုရား)။ သူ့သဘော သူဆောင်နေတာ။ အဲဒီတော့မှ ဒီအချိန်အခါမှာ ဉာဏ်ကလည်း ရင့်တဲ့အခါကျတော့ သွားတဲ့အခါမှာ၊ စားတဲ့အခါမှာ၊ ဝတ်တဲ့အခါမှာ အသိက မလွတ်တော့ဘူး။ အသိက တော်တော်လေး မြဲနေပြီနော်။

အဲဒီလို မြဲတဲ့အခါမှာ စားတဲ့အခါမှာလည်းပဲ ယောဂီတို့ သတိကပ်ပြီးတော့ စားတဲ့အခါမှာလည်း သတိနဲ့ဝါး၊ မျိုတဲ့အခါမှာလည်း သတိတွေနဲ့ အဲဒီလို ဖြစ်ပျက်တွေ မြင်ပြီးတော့ စားတဲ့အခါကျတော့ ဆွမ်းတစ်လုတ်ကို မျိုလို့မရတော့ဘူး။ ဒီအချိန်အခါမှာ မျိုလို့ကိုမရတော့ဘူး။ အဲဒီတော့ ဒီအာဟာရဟာ မဖြစ်ရင် ခန္ဓာကိုယ်ကြီး တရားအားမထုတ်နိုင်မှာစိုးလို့ သေမှာစိုးလို့သာ စားရတာ။ ဒီအာဟာရပေါ်မှာ တွယ်တာတဲ့ တဏှာတွေ၊ လောဘတွေ မလာတော့ဘူး။ မလာတော့ဘဲနဲ့ ဒီခန္ဓာ ကိုယ်အတွက်ကို တရားအားထုတ်နိုင်ဖို့အလို့ငှာ စားနေပြီဆိုတဲ့အခါ လိုချင်တပ်မက်တဲ့ တဏှာအကြမ်းတွေ လာသေးလား။ (မလာပါဘူး)။ ဒီခန္ဓာကိုယ်ကြီးအတွက်သာလျှင် စားနေတယ်ဆိုတော့ ငါစားနေတာ မဟုတ်တော့ဘူး။ ဒိဋ္ဌိတွေလည်း ဒီမှာအပွားနဲ့ မပြုတ်ဘူးလား။ (ပြုတ်ပါတယ်ဘုရား)။

အဲဒီလိုမျိုး ရှုမှတ်ပြီးတော့ စားတဲ့အခါကျတော့ နောက်ဆုံးတော့ သြော် ဒီခန္ဓာကြီးရှိနေလို့ စားတာတွေ လုပ်နေရတယ်၊ ဝတ်တာတွေ လုပ်နေရတယ်၊ ရေချိုးတာတွေ လုပ်နေရတယ်၊ သွားတာတွေ လုပ်နေရတယ်၊ အိပ်တာတွေ လုပ်နေရတယ်ဆိုပြီးတော့ ခန္ဓာရဲ့ သင်္ခါရဒုက္ခတွေကို တစ်ခါတည်း ဒီလိုမြင်တော့တာ။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ်။

အဲဒီတော့ အဲဒီဖြစ်ပျက်နေတာက တခြားမှာဖြစ်ပျက်နေတာလား၊ ခန္ဓာမှာဖြစ်ပျက်နေတာလား။ (ခန္ဓာမှာ ဖြစ်ပျက်နေတာပါဘုရား)။ ဟာ- ဒီခန္ဓာ ကြီးရှိနေလို့ ဒီလိုဖြစ်ပျက်နေတယ်။ ဒီအတ္တဘောခန္ဓာကြီးရှိတဲ့အတွက် ဟောဒီမှာ ခဏိကခန္ဓာတွေ ဖြစ်ပျက်နေတယ်။ ခုန ဉာဏ်မြင်ခန္ဓာတွေပေါ်နေတယ်။ ဒါတွေကို အမျိုးမျိုးမြင်တဲ့အခါကျတော့ ဒီခန္ဓာကို မနက်ဖြန်ထိ အသက်မရှင်ချင်တော့ဘူး။

အဲဒါကြောင့် ရဟန္တာဖြစ်သွားတဲ့နေ့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည် ခန္ဓာစွန့်လို့ ရရင် ငါစွန့်ချင်တယ်လို့ ငြီးရှာတယ် ဒကာ၊ ဒကာမတွေ။ ခန္ဓဝန်ကြီးထမ်းထားတာ မြင့်မိုရ်တောင်ကြီး ရွက်ထားသလိုပဲလို့၊ ဒီလိုမြင်တာ။ ယနေ့ဘုန်းကြီးတို့တတွေ အားလုံးသော ယောဂီ ဒကာ၊ ဒကာမတွေဟာ ခန္ဓာဝန်ထမ်းတာကို ဒီလောက် ဝန်ကြီးတယ်လို့ မမြင်သေးဘူး။ အဲဒီ ခန္ဓာဝန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းနေတာ ကိုကိုယ့်ကိုယ်ကို အဟုတ်ကြီးထင်သေးတာ။ အဲဒါက တခြားလား။ ကိလေသာလား။ (ကိလေသာပါဘုရား)။ ဟိုက မဂ်ဉာဏ်နဲ့ဝင်လိုက်တဲ့အခါကျတော့ ခန္ဓဝန်ထမ်းရတာ မနက်ဖြန်ကို အသက်မရှင်ချင်တော့ဘူး။ အဲဒီလောက်ထိအောင် ဒကာ၊ ဒကာမတွေ ဒီခန္ဓာကြီးပေါ်မှာ ရှိတာတွေ၊ မုန်းတာတွေ၊ ငြီးငွေ့တာတွေ ခန္ဓာကိုမကြည့်ချင်တာတွေမကြားချင်တာတွေဖြစ်လာပြီ။ အဲဒီလို မမြင်ချင်ဘူး ဆိုတာဟာ တခြားဉာဏ်လား၊ ဝိပဿနာဉာဏ်လား။ (ဝိပဿနာဉာဏ်ပါဘုရား)။ ဝိပဿနာဉာဏ်တွေဝင်လာပြီပေါ့နော်။

**ခွေးသေကောင်ပုပ်ပမာ**

သို့သော် ဘယ်လိုပဲဝင်ဝင် ဝိပါကဝဋ်ခန္ဓာကြီး ချောင်ထိုးထားလို့ မရပါဘူး ယောဂီတို့။ ကိုယ့်ဟာကိုယ် သတ်ပစ်လို့ကော ရပ့်မလား။ အဲဒီတော့ ခန္ဓာ ဝိပါကဝဋ်ကို မလုပ်ချင်လည်းလုပ်၊ လုပ်ချင်လည်းလုပ်။ အဲဒီတော့ ဒီခန္ဓာရဲ့ဒုက္ခကြီးကိုခံပြီးတော့မှ ကြောက်ကြောက်ရွံ့ရွံ့နဲ့ ဒီလိုနေရတာ။

အဲဒီတော့ ဥပမာနဲ့ ပြောရမယ်ဆိုရင် ဟိုဖက်ကမ်းဟု ခေါ်တဲ့ နိဗ္ဗာန်ကို ကူးတဲ့အခါမှာ ဒီမြစ်ကိုတော့ မဖြတ်ရဘူးလား။ (ဖြတ်ရပါတယ်)။ အဲဒီတော့ မြစ်ကိုဖြတ်တဲ့အခါ မြစ်ကို လက်ပစ်ကူးဖြတ်တော့ အလယ်ကောင်ရောက်တော့ မိမိကနေ မောလာနေပြီဆိုကြပါစို့။ မောလို့ရှိရင် လည်ပင်းလောက်ထိ ရေရောက်မှာပဲ။ ကိုယ်က မကူးနိုင်တော့ဘူး။ ခြေပန်း လက်ပန်းကျနေပြီ။ ခဏကြာရင် နှာခေါင်းမြုပ်ရင် သေတော့မယ်။ ကိုယ့်ကိုယ်ကိုလည်း သိတယ်။ သေတော့မယ် ဆိုတာ။ အဲဒီအချိန်အခါမှာ အင်မတန် နံစော်နေတဲ့ ခွေးသေကောင်ပုပ်ကြီး အနားမျောလာတယ် ပေါ့။ အခုနေ ခွေးသေကောင်ပုပ် ယောဂီတို့ အနားမှာရှိရင် ဒီအတိုင်းထားမှာလား။ လွှင့်ပစ်မှာလား။ (လွှင့်ပစ်မှာပါဘုရား)။ အဲဒီလို သေကာနီး ရေထဲမှာ ခြေပန်းလက်ပန်းကျနေတုန်း ခွေးသေကောင်ပုပ်လာရင် လွှင့်ပစ်မှာလား။ ဆွဲတော့မှာလား။ (ဆွဲတော့မှာပါဘုရား)။ အားကိုးတော့မှာ။ သို့သော် အားကိုးလို့ ဆွဲတာ ဆွဲတယ်။ အနံ့က သက်သာရဲ့လား။ (မသက်သာပါဘူးဘုရား)။

အမလေး ဒုက္ခရောက်လိုက်တာ။ သေမှာစိုးလို့သာ ဒီခွေးသေကောင်ပုပ်ကြီးကို ဆွဲရတာ။ အဲဒီတော့မှ ခွေးသေကောင်ပုပ်ရတဲ့ ပုဂ္ဂိုလ်သည် ဝမ်းသာမှာလား။ မချိမဆံ့ ဖြစ်နေမှာလား။ (မချိမဆံ့ ဖြစ်နေမှာပါဘုရား)။ ဘယ်လိုနည်းနဲ့မှ ဝမ်းမသာနိုင်ဘူးလား။ သေမှာစိုးလို့သာ ဒါ ကို ဆွဲထားရတာပေါ့။ အဲဒီတော့မှ သူ့ကို မချစ်သော်လည်း အောင့်ကာနမ်းဆိုတဲ့ စကားလို ခွေးသေကောင်ပုပ်ကို တွယ်ပြီးတော့ ဖြည်းဖြည်း ဖြည်းဖြည်းကူးလိုက်တာ ဟိုဘက်ကမ်း ရောက်သွားရော။ ဟိုဘက်ကမ်းရောက်သွားတော့ ခွေးသေကောင်ပုပ် ကျေးဇူးကြောင့် သူ့ခမျာ ဟိုဘက်ကမ်း ရောက်သွားတာ။ အသက်ဘေးချမ်းသာ သွားတာပေါ့။ အဲဒီတော့ ခွေးသေကောင်ပုပ်သည် ကျေးဇူး မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဒီလိုဖြင့်ရင် ကျေးဇူးရှိပင်ရှိငြားသော်လည်း ခွေးသေကောင်ပုပ်ကြီး ထမ်းပြီး ပခုံးထမ်းတက်မှာလား။ ထားခဲ့ရမှာလား။ (ထားခဲ့ရမှာပါဘုရား)။ ကျေးဇူးရှင် ဖြစ်သော်လည်းပဲ ဒကာ၊ ဒကာမတွေ သူ့ကိုထားခဲ့ရမှာ။ စွန့်ရတော့မှာဗျ။ အဲဒီလို စွန့်တာက ခင်ခင်မင်မင် စွန့်တာလား။ မုန်းလို့စွန့်တာလား။ (မုန်းလို့ စွန့်ရတာပါဘုရား)။ ကျေးဇူးရှိသော်လည်းပဲ သူသည်



www.burmeseclassic.com

www.burmeseclassic.com



ရွံစရာ မုန်းစရာ မကောင်းဘူးလား။ အမယ်လေး နှာခေါင်းနဲ့ မတန်လောက်အောင် ရွံစရာ မုန်းစရာကောင်းလို့ သူ့ကို စွန့်ရသလို၊ ယနေ့ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ခန္ဓာကိုယ်ဟာ လည်း ခွေးသေကောင်ပုပ်နဲ့ ဘာထူးလို့တုန်း။ အသုဘ ခန္ဓာလေ။

အဲဒီတော့ ဒီခန္ဓာကိုယ်ကြီးရဲ့ကျေးဇူးကြောင့် ဝိပဿနာတရားကို မရှုရဘူးလား။ အဲဒီတော့ နိဗ္ဗာန်ကိုဝင်တဲ့အခါကျတော့ ဒီခွေးသေကောင်ပုပ်ကို ဟိုဖက်ကမ်းထိအောင် ထမ်းတင်ရမှာလား၊ ထားခဲ့ရမှာလား။ (ထားခဲ့ရမှာပါ ဘုရား)။ ဒါ ဉာဏ်စခန်းတွေ သိပ်အရေးကြီးပါတယ်။ အဲဒီကဲ့သို့ပဲ ဒီခန္ဓာကြီးရဲ့ ဒုက္ခကို ရှုတာတွေ ကြောက်တာတွေ ငြီးငွေ့တာတွေ အော့နှလုံးနာတာတွေ အသုဘကို မြင်တာတွေ အနိစ္စ ဒုက္ခ အနတ္တကို မြင်တာတွေကို အော်–ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခပဲဆိုတော့ အဲဒီဒုက္ခကိုမကြည့်ချင်လည်း မြင်နေတာ၊ ကြည့်ချင်လည်း မြင်နေတာ။ မြင်နေတဲ့ အခါကျတော့ ချစ်တာလား၊ မုန်းတာလား။ (မုန်းတာပါဘုရား)။ အဲဒီလို မုန်းလာပြီဆိုရင်တော့ ခွေးသေကောင်ပုပ် ကြီး ဒကာ၊ ဒကာမတွေ ထားရတော့မှာ။ အဲဒီတော့ ခွေးသေကောင်ပုပ်ကြီးကို ပြန်ပြီး သံယောဇဉ်ရှိ သလို ကြည့်ဦးမှာလား။ (မကြည့်ပါဘူး)။ အမလေး အနံ့ဝေးတဲ့ နေရာကိုပြေးရမှာ၊ ကျေးဇူးရှိတာ မှန်သော်လည်းပဲ သူ့ကိုမထားခဲ့ရဖူးလား။ (ထားခဲ့ရပါတယ်)။

အဲဒီတော့ နောက်တစ်ခါ ဥပမာနဲ့ ဘာပြောလိုက်သလဲဆိုတော့ ဒီ ခွေးသေကောင်ပုပ်ကြီးကို ထားသလို တံငါသည် ဥပမာဆောင်ပြီး ဟောပြန်တယ်နော်။ မုဉ္စိတုကမျတာ ပဋိသင်္ခါ ဉာဏ်တွေမှာ ဆိုရင် တံငါသည်,သည် ငါးကို မြုံးထောင်တဲ့အခါမှာ ငါးမိတော့ ဆွဲပြီးဖော်လိုက်တယ်။ ငါးရတော့ ဝမ်းမြောက်ဝမ်းသာနဲ့ ပလိုင်းထဲ ထည့်လိုက်ပေါ့။ အဲဒီလို ထည့်လိုက်တော့ ပလိုင်းထဲ ငါးတွေက တော်တော်များလာပြီ။ နောက်တစ်ခါ ငါးဝင်တယ်ဆိုပြီး ထည့်လည်း ထည့်လိုက်ရော ဟော– မြွေပွေးဖြစ်နေရော။ လည်ပင်းကို ကိုင်မိလျက်သား ဖြစ်နေပြီ။ မြွေပွေးကို မြွေပွေးမှန်းသိရင် ငါး ရသလို ဝမ်းသာပါ့မလား။ (ဝမ်းမသာပါဘူးဘုရား)။ ကြောက်နေပြီ။ ဘာဖြစ်နေတာလဲ။ (ကြောက်နေ တာပါ)။ ကြောက်နေတာ။ ကြောက်စိတ်ဝင်နေသော်လည်းပဲ လွှတ်လို့မရဘူး။ လွှတ်ရင်ကိုက်မှာပဲကိုး။ အမိပ္ပာယ်– အမိပ္ပာယ်။ အဲဒီ ဥပမာလိုပဲ။ ဒကာ၊ဒကာမတွေ ခန္ဓာရလာတာ မြွေပွေးရလာတာနဲ့ ဘာထူးလဲ။ (မထူးပါဘူး ဘုရား)။

အဲဒီတော့ ဒီဉာဏ် ဝင်တဲ့အခါကျတော့ ဒီခန္ဓာကို လိုချင်သေးသလား။ မလိုချင်ဘူးလား။ (မလိုချင်ပါဘူးဘုရား)။ မြွေပွေးကိုင်ထားရသလိုပဲ။ အမလေး–ကြောက်နေပြီ ယောဂီတို့။ ကြောက်ပေ မယ့် မတတ်နိုင်ဘူး။ ဝဋ်ဆက်ခံဦးတော့။ အိုတာတွေနဲ့ နာတာတွေနဲ့ မချိမဆံ့ ဒုက္ခဖြစ်တာတွေနဲ့ သေတာတွေနဲ့ ရင်ဆိုင် ရဦးမယ်လေ။

အခုလည်းပဲ ခဏိကဒုက္ခတွေ မခံရဘူးလား။ (ခံရပါတယ်)။ အဲဒီ ဒုက္ခကို မြွေပွေးကိုင်ထားရ သလို ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နေပြီ။ ရှင်းပြီနော်။ အဲဒီ ကြောက်ရွံ့နေတာက ဒါ အလယ်ဉာဏ်မှာ ဖြစ်နေတာ၊ အထက်ဉာဏ်မှာ ဖြစ်နေတာ။ အဲဒီကနေ ရှုရင်း ရှုရင်း ရှုရင်း ရှုရင်းနဲ့ တဖြည်းဖြည်း ဉာဏ်ကနည်းနည်းလေး သမာဓိတွေ ဝိပဿနာ သမာဓိ အားကောင်းလာပြီ။ အားလည်း အားကောင်း ရော၊ အဲဒါတွေ လွတ်ပြီးငြိမ်ပြီးတော့မှ ငြိမ့်ငြိမ့်သိမ့်သိမ့်လေး လှိုင်းစီးနေရသလိုပေါ့နော်။ အဲဒီလို ငြိမ့်ငြိမ့်သိမ့်သိမ့်လေး ဖြစ်လာပြီလည်းဆိုလည်း ဆိုရော ဟော––ဝိပဿနာက သိပ်ဟုတ်သွားပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဟောဒီဉာဏ်တုန်းက တစ်ခါဖြစ်သလို၊ အခုလည်းပဲ တစ်ခါမဖြစ်ဘူးလား။ နံပါတ် ၅– ဉာဏ်မှာတုန်းကတစ်ခါဖြစ်တယ်။ အခုလည်း ထပ်မဖြစ်ဘူးလား။ အဲဒီလိုလည်းဖြစ်လည်းဖြစ်ရော တစ်ခါတည်းမှုကို သဘောတွေလည်း ကျလည်းကျရော။ သဘောကျတာက လောဘ၊ နန္ဒီရာဂနော်။ စာလို နန္ဒီရာဂ ဓမ္မစကြာမှာ မလာဘူးလား။ အဲဒါလည်း သဘောကျလိုက်ရော။ နန္ဒီရာဂ တဏှာထဲဝင်တော့ ဟော ဉာဏ်ကအောက်ကျသွားပြီ။ တကယ်တော့ နိဗ္ဗာန်ကို ဝင်ရမှာ။ အောက်ပြန်ကျသွားပြန်ရော။ ဒီတော့မှ ပြန်ပြီးတော့ ဖြစ်ပျက်ကနေ ရှုလိုက်တော့ တက် တက် တက် တက် လာပြန်ရောပေါ့နော်။ ဟောဒီရောက်တဲ့အခါကျတော့ သဘောတွေကျပြီးတော့ ငြိမ့်ငြိမ့်သိမ့်သိမ့်လေးတွေ တွေ့ပြန်တော့ ဟိုက သင်္ခါရုပေက္ခာဉာဏ်ဆိုတာ ငြိမ့်သိမ့်နေတာကိုး။ အဲဒီလို ဉာဏ်မျိုးတွေ ပြန်ပြီး သဘောကျတော့ ပြန်ပြီးတော့ ကျသွားပြန်ရော။ တက်လိုက် ကျလိုက် တက်လိုက် ကျလိုက် ဒီလိုဖြစ်တတ်တယ်။

အဲဒီတော့ ဒီနေရာမှာ ဒကာ၊ ဒကာမတွေ ဘာမှခင်မင်စရာ၊ တွယ်တာစရာ၊ သဘောကျစရာ လက်မခံနဲ့။ ဆက်သာရှု။ အဲဒီလိုလည်း ရှုလည်း ရှုလိုက်ရော၊ ရှုရင်း ရှုရင်း ရှုရင်းနဲ့ နောက်ဆုံးတော့ အနုစိတ်ဆိုတဲ့ ဖြစ်ပျက် ဒုက္ခသစ္စာတွေကို လုံးဝစွန့်ချင်သော်လည်းပဲ စွန့်လို့မရသေးဘူး။ အားမရှိသေးဘူးကိုး။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်)။ အဲဒါကို ဥပမာနဲ့ပြောရင် ဟိုဘက်ကမ်းကို ခုန်တဲ့အခါမှာ ချက်ချင်းမခုန်နိုင်ဘူး။ အားမရှိဘူး။ အရှိန်လေး ယူပြီးတော့မှ ဒီလိုခုန်ရတာ မဟုတ်လား။ လွှားခနဲ ခုန်လိုက်တော့ ဟိုဘက်ကမ်း ရောက်သွားတာ။

အဲဒီလိုပဲ ပထမတော့ ဒီမှာက ဖြစ်ပျက်တွေချည်းပဲ ဒုက္ခတွေကို မြင်တော့ ရွံမုန်းနေတာပေါ့နော်။ သို့သော် မဖြစ်မပျက်တာကို သူမဖော်နိုင်သေးဘူး။ အဲဒီတော့မှ မဖြစ်မပျက်တာကို ဆန္ဒလေးတွေကနေပြီးတော့ ခုန်ချင်တယ်၊ မြင်ချင်တယ်၊ ကြည့်ချင်တယ်ဆိုတော့ မဖြစ်မပျက်တဲ့ နေရာကိုလည်းပဲ လှမ်းပြီးတော့ အာရုံပြုလည်းပြုလိုက်ရော ဟော -- ဖြစ်ပျက်တွေက ချုပ်မသွားဘူးလား။ (ချုပ်သွားပါတယ်ဘုရား)။ အဲဒီတော့ ဖြစ်ပျက်တွေချုပ်တော့ ဟိုဘက် ကမ်းရောက်တဲ့အခါ မဖြစ်မပျက်တာကို သွားတွေ့တာပေါ့။ အဲဒီတော့ မဖြစ်မပျက်တာသည် တခြားလား၊ နိဗ္ဗာန်လား။ (နိဗ္ဗာန်ပါဘုရား)။ အဲဒီလို နိဗ္ဗာန်ကို မြင်တာသည် တခြားလား၊ မဂ်ဉာဏ်လား။ (မဂ်ဉာဏ်ပါဘုရား)။ ဒီလိုဖြင့် အဲဒါကို (၇) ဉာဏဒဿနဝိသုဒ္ဓိ။ ဘာ ဝိသုဒ္ဓိ။ (ဉာဏဒဿနဝိသုဒ္ဓိ)။

သို့ဖြင့် ယောဂီတို့ကို ဝိသုဒ္ဓိ ၇–ပါးပြည့်သွားပြီ။ နိဗ္ဗာန်ကို မြင်သွားပြီ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်)။ ဒါ ရဟန္တာကြီး၊ ၂–ပါး အမေးအဖြေ လုပ်နေတာပေါ့။

## ရထားကြီးစီးကြစို့

အဲဒီတော့ ငါ့ရှင်တဲ့– ဟိုက ဓမ္မကထိက တေဒဂ်ရ အင်မတန် အဟောအပြောကောင်းတဲ့ ရဟန္တာကြီး။ ငါ့ရှင်ကို ဥပမာပေးမယ်။ ဟောဒါက သာဝတ္ထိ။ ဘာပါလိမ့်။ (သာဝတ္ထိပါဘုရား)။ သာဝတ္ထိကနေ ဟောဒါက သာကေတ။ ဘယ်ကိုသွားတာလဲ။ (သာကေတ)။ ကောသလရှင်ဘုရင်ကြီးသည် သာဝတ္ထိကနေ သာကေတကို သွားတယ်တဲ့။ အဲဒီလိုသွားတဲ့အခါမှာတဲ့ ရှေးက အခုလို စက်ရထားတွေမရှိတော့ မြင်းရထားနဲ့သွားတာ။ မြင်းဆိုတော ယူဇနာတစ်ရာသာသွားနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သာဝတ္ထိနဲ့ သာကေတက ယူဇနာ ခုနစ်ရာဝေးတယ်။ အဲဒီတော့ မြင်းလှည်း ဒီမှာ ဘယ်နှစီးထားရမလဲ။ (ခုနစ်စီးထားရမယ်)။ မြင်းရထား ခုနစ်စီး ထားရမယ်။ အဲဒီတော့ ရှင်ဘုရင်ကြီးသည် ဒီမြင်းရထားကိုစီးတော့ ပထမဆုံး နံပါတ်တစ်ရထား မစီးဘူးလား။ (စီးပါတယ်)။

နံပါတ်တစ်ရထားစီးပြီးတော့မှ နှစ်,တက်ရတယ်ပေါ့။ နှစ်စီးပြီးတော့ ဘယ်တက်။ သုံး,တက်။ သုံးစီးပြီးတော့ လေး,တက်။ လေးစီးပြီးတော့ ငါး,တက်။ ငါးစီးပြီးတော့ ခြောက်,တက်။ ခြောက်စီးပြီးတော့ ခုနစ်,တက်။ ခုနစ်စီးလို့ ယူဇနာတစ်ရာလည်း ရောက်ရော။ ဟော သာကေတ ရောက်သွားတယ်။

အဲဒီဥပမာလို ယောဂီတို့ ကောသလရှင်ဘုရင်ကြီး မြင်းရထားစီးသလိုပဲ။ ယနေ့ ယောဂီတို့က ကောသလရှင်ဘုရင်ကြီးနဲ့ တူတယ်။ ဘာနဲ့တူတာလဲ။ (ကောသလရှင်ဘုရင်ကြီးနဲ့ တူတာပါဘုရား)။ အဲဒီတော့ ရထားဆိုတာ ယောဂီတို့ ပွားများအားထုတ်တဲ့ ဉာဏ်နဲ့တူတယ်။ ရှင်းကောရှင်းရဲ့လား။

ကဲ--ဒီတော့ ကောင်းပြီ။ အဲဒီလို ရထားနဲ့ ဥပမာပေးဟောလို့ ရထားတရားလို့ နာမည်မှည့်တာ။ အဲဒီတော့ ခေါင်းစဉ်တပ်တဲ့ ရထဝိနီတသုတ်က အခုမှ စမှာ၊ နောက်ဆက်ဟောရင်တော့ တစ်နာရီလောက် ဟောရဦးမယ်နဲ့ တူတယ်။ ဒါပေမယ့် မပူပါနဲ့။ နိဂုံးချုပ်တော့မှာနော်။ ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ အခု ဘာတရားဟောပြီလဲ။ (ရထားတရား)။ ခေါင်းစဉ်ထပ်ထားတာ အခုမှပဲ ရထားတရားပေါ်တော့တယ်နော်။ အဲဒီတော့မှ ရှင်ဘုရင်ကြီးသည် ပထမဦးဆုံး နံပါတ်တစ် ရထား မစီးဘူးလား။ (စီးပါတယ်ဘုရား)။ နံပါတ်တစ် ရထားသည် ဘာဝိသုဒ္ဓိ။ သီလဝိသုဒ္ဓိ။

သီလဝိသုဒ္ဓိ ဆိုတဲ့ ရထားကိုစီးပြီးတဲ့အခါကျတော့ ဒုတိယရထားကို မစီးဘူးလား။ (စီးပါတယ်)။

ဒုတိယ ရထားက ဘာဝိသုဒ္ဓိ။ (စိတ္တဝိသုဒ္ဓိ)။

ဒုတိယ ရထားပြီးတော့ တတိယရထားမစီးဘူးလား။ (စီးပါတယ်)။

တတိယ ရထားက ဘာဝိသုဒ္ဓိ။ (ဒိဋ္ဌိဝိသုဒ္ဓိ)။

ကဲ တတိယရထားက ဆင်းပြီးတော့ စတုတ္ထရထား မစီးဘူးလား။ (စီးပါတယ်)။ စတုတ္ထရထားက ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။

အဲဒီ စတုတ္ထရထားဆင်းပြီးတော့ ပဉ္စမရထား မစီးဘူးလား။ (စီးပါတယ် ဘုရား)။ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ။

အဲဒီ ပဉ္စမရထားဆင်းပြီးတော့ ဆဋ္ဌရထား မစီးဘူးလား။ (စီးပါတယ် ဘုရား)။ အဲဒီတော့ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။

အဲ နောက်ဆုံးတော့ ခုနစ်ရထားမစီးဘူးလား။ (စီးပါတယ်) ခုနစ်ရထား စီးလိုက်တာသည် တခြားလား၊ ဉာဏဒဿနဝိသုဒ္ဓိလား။ (ဉာဏဒဿနဝိသုဒ္ဓိပါဘုရား)။

လောကုတ္တရာ မဂ်ဉာဏ်ရသွားတာ တခြားမြင်တာလား၊ နိဗ္ဗာန် မြင်တာလား။ (နိဗ္ဗာန်မြင်တာပါဘုရား)။

အဲဒီကဲ့သို့ ရထားခုနစ်စင်း ရှင်ဘုရင်ကြီးစီးသလို ယောဂီတို့လည်း ဝိသုဒ္ဓိ အခုဘယ်နှပါးလဲ။ (ခုနစ်ပါးပါဘုရား)။

အောင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သီလပြည့်စုံရင် ဘယ်ရထားစီး။ (ပထမရထားစီးပါတယ်ဘုရား)။
သမာဓိတွေ ပြည့်စုံရင် (ဒုတိယရထားပါဘုရား)။
ဒိဋ္ဌိတွေကွာရင် (တတိယရထားပါဘုရား)။
ပဋိစ္စသမုပ္ပါဒ်နားလည်ရင် (စတုတ္ထရထားပါဘုရား)။
ဖြစ်ပျက်မြင်ရင် (ပဉ္စမရထားပါဘုရား)။
ဖြစ်ပျက်မုန်းရင် (ဆဋ္ဌရထားပါဘုရား)။
ဖြစ်ပျက်ဆုံးရင် (သတ္တမရထားပါဘုရား)။

ကဲ--အဲဒီတော့ ဒါက ဓမ္မာဒါသတရားနော်။ ဒီဓမ္မမှန်နဲ့ ယောဂီတို့ကို ပေးလိုက်တာ။ အဲဒီ ရထားခုနစ်စင်းဆိုတဲ့တရားကို နာပြီးလို့ရှိရင် ဩော် ငါတို့တော့ ဘယ်ရထားစီးနေပြီ။ ဘယ်ရထား မစီးရသေးဘူးဆိုတာ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ချက်ချဖို့ အရေးမကြီးဘူးလား။ (အရေးကြီးပါတယ် ဘုရား)။

အဲဒီတော့ ၁၀-ရက်လောက်ဆိုရင်တော့ ယောဂီတို့ ရထားတွေ တော်တော်များများ စီးလောက် ရောပေါ့။ အဲဒါ ငါ ဘယ်နှစ်စင်းစီးလဲဆိုတာ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ချက်ချပါ။ မမေးတော့ ပါဘူးလေ။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။ ခုနစ်စင်းလုံးများ စီးနေလား မသိပါဘူး။ ခုနစ်စင်းစီးတယ် ဆိုရင်တော့ ဘုန်းကြီး အမောပြေပါတယ်ယောဂီတို့။ ရှင်းပြီနော်။

## နိဗ္ဗာန်ရချင်လို့သာသနာ့ဘောင်ဝင်

အဲဒီတော့မှ အရှင်ပုဏ္ဏကနေပြီးတော့ ငါ့ရှင်တဲ့ အဲဒီဥပမာလိုပဲတဲ့။ ငါ့ရှင် သာသနာဝင်လာတာ တခြားအလို့ငှာလား။ နိဗ္ဗာန်အလို့ငှာလား။ (နိဗ္ဗာန်အလို့ငှာပါဘုရား)။ အဲဒီတော့ ရထားဥပမာပေးပြီး ဟောလိုက်တဲ့အခါကျတော့ ဒါက ယောဂီတို့ ရထားတရား ဒါအဆုံးသတ်တာပေါ့နော်။ အဲဒီလို အဆုံးသတ်သွားတယ်ဆိုတာက ဝိသုဒ္ဓိ ၇-ပါးပြည့်ရင် တခြားဖြစ်တာလား၊ သောတာပန်ဖြစ်တာလား။ (သောတာပန်ဖြစ်တာပါဘုရား)။ သောတာပန်ဖြစ်သွားပြီဆိုရင် ကိလေသာ ၅-ပါးပယ်တာပေါ့။

ဒိဋ္ဌိရယ်၊ ဝိစိကိစ္ဆာရယ်၊ သီလဗ္ဗတပရာမာသ၊ ဣဿာ မစ္ဆရိယ။ ဘယ်နှပါး။ (၅-ပါးပါ ဘုရား)။ အဲဒီ ၅-ပါးတွေဆိုတော့ ဓမ္မဆိုတဲ့ကြေးမုံပြင် ယောဂီတို့ မှန်တစ်ချပ်ရသွားတာပေါ့။ အဲဒီတော့မှ တရားမြင်တော့ ဘုရားမြင်တယ်။ ဘုရားကို ဉာဏ်နဲ့ဖူးရတာပေါ့။ ရှင်းကောရှင်းရဲ့လား။ (ရှင်းပါတယ်)။ တရားမြင်တော့ ဘုရားမြင်တယ်။

**ယော မံ ပဿတိ သော ဓမ္မံ ပဿတိ**

ဝက္ကလိ သံယုတ်မှာလာတဲ့အတိုင်း ငါ့ကိုမြင်ချင်ရင် တရားမြင်အောင်လုပ်။ တရားကိုမြင်ရင် ဘုရားကိုမြင်ထယ်။ တရားကိုမြင်ရင် သံဃာကိုမြင်တယ်။ အဲဒီလို ဒကာ၊ ဒကာမတွေ ရတနာ ၃-ပါးကို နှလုံးအိမ်မှာ ဉာဏ်နဲ့မြင်နိုင်အောင်ကတော့ တခြားမြင်အောင်လုပ်ရမှာလား၊ ဝိပဿနာ အားထုတ်ရမှာလား။ (ဝိပဿနာအားထုတ်ရမှာပါဘုရား)။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် အားထုတ် ရမယ်ပေါ့။ အဲဒီလို တစ်ချက်ရရင် ကိလေသာ ဘယ်နှပါးငြိမ်း။ (၅-ပါး ငြိမ်းပါတယ်ဘုရား)။ ကဲ-



www.burmeseclassic.com

www.burmeseclassic.com



**ရုပ်နာမ်အစု ငါကောင်ဟု ထင်မှုမရှိပါ။**

အဲဒီတော့ ရုပ်နာမ်ကို ဘယ်တော့မှ ငါလို့ မထင်တော့ဘူးနော်။ ဒါက ဒိဋ္ဌိကွာသွားပြီနော်။ ကဲ - ဝိစိကိစ္ဆာ ခွာရအောင်။

**ဘုရားတရား သံဃာအား ယုံမှားမရှိပါ။**

ဩော် ရတနာ ၃-ပါးကလွဲလို့ အားကိုးစရာမရှိဘူးဆိုတော့ ကျန်တဲ့အယူတွေ အကုန်ရှင်းသွားပြီပေါ့နော်။ ဝိစိကိစ္ဆာပယ်သွားပြီပေါ့နော်။ သီလဗ္ဗတ ပရာမာသ ပယ်ရအောင် - ဟုတ်လား။

**သစ္စာမမြင် မဂ္ဂင်မပါ လေ့ကျင့်ကာဖြင့် ချမ်းသာမြဲမည် မယုံကြည်**

**ကုန်မည် သီလဗ္ဗတာ။**

ဆိုလိုတာက သစ္စာတရား ပဋိစ္စသမုပ္ပါဒ်တရားကလွဲ၍ ကျန်တာ လူ့ဘဝမှာ ချမ်းသာတယ်ဆိုတာ မမြင်တော့ဘူးပေါ့။ အဲဒီတော့ ဒါက ခုန ခွေးကျင့် နွားကျင့် ကျင့်လို့ ချမ်းသာတာမျိုးဆိုလိုတာပေါ့နော်။ ဒါ သီလဗ္ဗတပရာမာသ။ ကဲ - ဆိုလိုက်ဦး။

**ဣဿာခေါ်ဆို မနာလို ဖြစ်ကို မဖြစ်လာ။**

**သူများကိုယ့်လို ကောင်းမည်ကို ဝန်တိုမရှိပါ။**

မစ္ဆရိယလည်း မရှိတော့ဘူးနော်။ အဲဒီတော့ အဲဒီအချိန်အခါမှာ ဟုတ်လား အရိယာ၊ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဆိုတဲ့အတိုင်း အရိယာတို့ မြတ်နိုးအပ်တဲ့ ငါးပါးသီလကလည်းလုံသွားပါပြီ။ အဲဒီတရားကို ဒကာ၊ ဒကာမတွေရအောင် ဒီအတိုင်း နေရမှာလား။ အားထုတ်ရမှာလား။ (အားထုတ်ရမှာပါဘုရား)။

ကဲ-ကြိုးစားပါလို့ တိုက်တွန်းရင်းနဲ့ ခြောက်နာရီလည်း ထိုးပြီနော်။ ခြောက်နာရီထိုးပြီဆိုတော့ တရားတောင်မထိုင်ရတော့ဘူး။ ယောဂီတွေ စိတ်မကောင်းများဖြစ်နေလားမသိပါဘူး။ တစ်ချိန်လွတ်သွားပြီ။ ဟုတ်လား။

အင်း- အင်း ၆-နာရီက ၇-နာရီ တရားထိုင်ချိန်၊ အခုထိုင်လို့မရဘူး။ စိတ်ထဲတော့ မကောင်းမဖြစ်ပါနဲ့ဗျာ။

ကဲ - ကဲ ဆုတောင်းမေတ္တာပို့လိုက်ကြရအောင်နော်။

ဆုတောင်းမေတ္တာ

* သတ္တလောကဓာတ် လူနတ်ပြဟ္မာတွေ၊
မြတ်ဘုရား၏ တရားစစ်တွေ၊
ရှိသေလေးစား ကျင့်အားပိုစေ၊
နိဗ္ဗာန်နန်း စံမြန်းနိုင်ပါစေ။

* လောဘ ဒေါသ မောဟ ထိန်ဝေ၊
ဤမီးသုံးပါး ကြီးမားပလေ၊
နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတွေ၊
ကမ္ဘာတည်သမျှ ထွန်းပနိုင်ပါစေ။

အောင်ဆန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

အားလုံးသော ယောဂီသူတော်စင်အပေါင်းတို့အား ဤကဲ့သို့ ဓမ္မဒေသနာစဉ်အားဖြင့် ဟောဖော်ညွှန်ကြားရတဲ့ ဓမ္မဒါန ကောင်းမှုကုသိုလ်ကံ စေတနာနှင့်တကွ ထိုတရားဒေသနာတော်များကို ရိုသေစွာဖြင့် နာခံမှတ်သားရတဲ့ကောင်းမှုအပေါင်းစုတို့ကြောင့် တရားဟော တရားနာ အားလုံးသော သူတော်ကောင်း အပေါင်းတို့နှင့်တကွ အားလုံးသော ဘုရားဒကာ ဘုရားအမတွေ၊ ကျောင်းဒကာ ကျောင်းအမ၊ ရဟန်းဒကာ ရဟန်းအမ၊ ဆွမ်းဒကာ ဆွမ်းအမ၊ ရေဒကာ၊ ရေအမ မီးဒကာ မီးအမ၊ ယာဉ်ဒကာ ယာဉ်အမ၊ ဆေးဒကာ ဆေးအမ ဝေယျာဝစ္စ ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်မကျန် ဆက်စပ်သမ္ဗန္ဓကုန်သော ခုနစ်ရက် သားသမီးအပေါင်းတို့မှာ ဒုဗ္ဘိက္ခန္တရကပ် ရောဂန္တရကပ် သတ္ထန္တရကပ်ဆိုတဲ့ ကပ်ဆိုး ဘေးဆိုး ရန်အမျိုးမျိုးတို့မှ ကင်းစင်ပပျောက် လွတ်မြောက်ကြပြီး၍ စိတ်ချမ်းသာ ကိုယ်ချမ်းသာစွာနဲ့ သာသနာ့အကျိုး ဘာသာအကျိုး သတ္တဝါအကျိုး တိုင်းကျိုး ပြည်ကျိုး ဆထက်ထမ်းပိုး ထမ်းရွက်နိုင်တဲ့ သာသနာပြု ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ ဟူသော ပတ္ထနာဆုပြု၍ ဝမ်းမြောက်နှမော် သာဓုသာ မြိုင်မြိုင်ခေါ်လိုက်ကြပေတော့ ---- ။

( သာဓု --- သာဓု --- သာဓု )

**ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်း ပြီး၏ ။**

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀) ရက်၊ ကြာသပတေးနေ့။
(၁၃.၅.၂၀၀၄)

www.burmeseclassic.com

www.burmeseclassic.com

# ပြင်ဆင်ဖတ်ရှုပါရန်

| စဉ် | စာမျက်နှာ | မှား | မှန် | ကျမ်းကိုး |
|---|---|---|---|---|
| ၁။ | ၂၁ | အာဟာတေသ္တ ဥ္စ နိရောဓော | အာဟာ တေသဉ္စ ယော နိရောဓော | ဝိ၊ ၃၊ ၅၇ |
| ၂။ | ၂၉ | ကစ္စာယန ဂေါတ္တ | ကစ္စာနဂေါတ္တ | သံ၊ ၂၊ ၁၁၀ |
| ၃။ | ၇၂ | အာဟာံ တေသဉ္စ နိရောဓော | အာဟာ တေသဉ္စ ယော နိရောဓော | ဝိ၊ ၃၊ ၅၇ |
| ၄။ | ၁၃၁ | ကိုယ်ပြုပြြား ကံမှု့ သူတို့ပါ | ကိုယ်ပြုပြြား ကံများ သူတို့ပါ | |
| ၅။ | ၂၀၈ | စက္ခုမေဝ စက္ခာယတနံ | စက္ခုမေဝ အာယတနံ စက္ခာယတနံ | |
| ၆။ | ၂၂၀ | သောတဉ္စ ပဋိစ္စ သဒ္ဒဉ္စ | သောတဉ္စ ပဋိစ္စ သဒ္ဒေ စ | မ၊ ၁၊ ၃၂၆ |
| ၇။ | ၂၂၀ | ဃာနဉ္စ ပဋိစ္စ ဂန္ဓဉ္စ | ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ | သံ၊ ၁၊ ၃၀၁ |
| ၈။ | ၂၂၀ | ဇိဝှံဉ္စ ပဋိစ္စ ရသဉ္စ | ဇိဝှဉ္စ ပဋိစ္စ ရသေ စ | မ၊ ၃၊ ၃၃၃ |
| ၉။ | ၂၂၁ | ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗဉ္စ | ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ | |
| ၁၀။ | ၂၂၇ | ဓမ္မဂုဏာ အစိန္တိယာ ဝေံ | (ဗုဒ္ဓဓမ္မာ) ဓမ္မဂုဏာ အစိန္တိယာ | အပဒါန၊ ၇ |
| ၁၁။ | | အစိန္တိယာ | အစိန္တိယာ | အပဒါန၊ ၁၊ ၇ |
| ၁၂။ | ၂၃၅ | အာသတိဗလိ | အတိထိဗလိ | အံ၊ ၁၊ ၃၇၉ |
| ၁၃။ | ၂၃၅ | ရာဇာဗလိ | ရာဇဗလိ | အံ၊ ၁၊ ၃၇၉ |
| ၁၄။ | ၂၃၉ | စက္ခုံစ ပဋိစ္စ ရူပဉ္စ | စက္ခုံစ ပဋိစ္စ ရူပေ စ | မ၊ ၁၊ ၂၃၆ |
| ၁၅။ | ၂၄၈ | ဖောဋ္ဌဗ္ဗဉ္စ ဥပ္ပဇ္ဇတိ | ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ | သံ၊ ပ၊ ၃၀၁ |
| ၁၆။ | ၂၅၆ | ဖောဋ္ဌဗ္ဗဉ္စ ဥပ္ပဇ္ဇတိ | ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ | သံ၊ ပ၊ ၃၀၁ |
| ၁၇။ | ၂၆၃ | ဓမ္မာစာရီ | ဓမ္မစာရီ | ထေ၊ ၇၊ ၂၇၂ |
| ၁၈။ | ၂၉၉ | မာ ပဏ္ဍာ ဝိပ္ပရိသာရိနော | မာ ပဏ္ဍာ ဝိပ္ပဋိသာရိနော | အံ၊ ၂၊ ၅၀၄ |
| ၁၉။ | ၃၀၀ | မာ ပဏ္ဍာ ဝိပ္ပရိသာရိနော | မာ ပဏ္ဍာ ဝိပ္ပဋိသာရိနော | သံ၊ ၂၊ ၃၄၇ |
| ၂၀။ | ၃၀၃ | မာ ပဏ္ဍာ ဝိပ္ပရိသာရိနော | မာ ပဏ္ဍာ ဝိပ္ပဋိသာရိနော | |
| ၂၁။ | ၃၀၆ | မာ ပဏ္ဍာ ဝိပ္ပရိသာရိနော | မာ ပဏ္ဍာ ဝိပ္ပဋိသာရိနော | |
| ၂၂။ | ၃၀၉ | မာ ပဏ္ဍာ ဝိပ္ပရိသာရိနော | မာ ပဏ္ဍာ ဝိပ္ပဋိသာရိနော | |
| ၂၃။ | ၃၃၂ | အယံ ဝေါ တုမှာကံ အနုသာသနီ | အယံ ဝေါ အမှာကံ အနုသာသနီ | |
| ၂၄။ | ၃၅၁ | နော ဣဒံ ဘန္တေ | နော ဟိဒံ အာဝုသော | မ၊ ၁၊ ၂၀၁ |
| ၂၅။ | ၃၅၃ | နော ဣဒံ ဘန္တေ | နော ဟိဒံ အာဝုသော | |
| ၂၆။ | ၃၅၄ | နော ဣဒံ ဘန္တေ | နော ဟိဒံ အာဝုသော | |

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com